ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့မင်္ဂလာတိုက်၌

ဟောကြားတော်မူသော

ဝိပဿနာ

တရားတော်

အမှတ်စဉ်-၁၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာဝပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်တစ်ခွင်

ဆရာဗုဒ္ဓဂုဏ်၊ မဟိလာတိုက်ဟောင်း၊ ဒိုးကုတ်ဆရာတော် ဦးဝိမလဓံ
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊



ဆိုခဲ့ပြီးသောနှင့်၊ ထက်ဘဝရင်းခံ၊ ဥပါဒါနိ၊ ကံကြောင့်-ရုပ်နာမ်ပေါင်း အပင်ပေါ်။ မျိုးပေအပင်၊ အမျှင်မပြတ်၊ ဆက်စပ်လည်ပတ်နေ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ ဆက်ဆက်နေ၊ ဖြစ်ဖြစ်နေသည်အလျောက်၊ ဖြဟ္မာ-သိကြား၊ ဝသည်များက၊ ထင်ရှားမြင်ပြင်၊ စိုရင်အနှံ ဆင်း၊ ဆကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သစ္စာဝါဒီ၊ ဖြစ်လာရှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုမြဲမြော်။
(လက်ာစဆောင်ပုဒ်) မူလနှစ်ပြား၊ ဆန္ဒာနှစ်ခု၊ လေးစုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး။ တရားကိုယ်များနှင့်၊ သုံးပါးအစဝ်းနှစ်ရပ်မူလ၊ ဝဋ်သုံးဝန်း၊ ကာလသုံးပြာ၊ ခြင်းစုနှစ်ဆယ်၊ ဤရွစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေဆောင်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အာမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ဧကျုံဇုံးဧတဝ်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အာမရပူရမြို့ ဓမ္မာရုံဥ်

ဟောကြား-ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

ပြု အလုပ်ဧပေး တာရှုံးဧတော်

(အမှတ်စဉ် - ၁၀)

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား - ထုတ်ဝေဖြန့်ချိသူ

ဦးအောင်သောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (ဝ၅၅၀
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

[illegible]

ယောဂီဦးဥတ္တမာဘိဝံသ၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစွလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒုတိယ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၂၅၀၀
၁၅-၇-၆၇

မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁။ ကိုလေသာအစေး မပယ်သေးလျှင် ချမ်း
သာဟူ၍ မရှိနိုင်ပုံ ညအလုပ်ပေးတရားတော် ၁
၂။ ဆပွါဏကောပမသုတ် ။ ၁၇
၃။ စဏ်းခြောက်ခွန်း လှုံ့ဆွဲထွန်း နှစ်ခွန်း ။
ကိုဆောင်- လေးခွန်းရှောင်- ပပဉ္စနှင့်
နိပ္ပပဉ္စ ဖြစ်ပုံပြ။ ။ ၁၀၂
၄။ ဓမ္မ စီမံတဲ့အတိုင်း ဖြစ်ပေါ်နေကြပုံ ။ ၁၅၀
၅။ ဒုက္ခ ခဲ့ပြုတတ်ပုံ ဒုက္ခ သိမ်းတတ်ပုံ ။ ၂၀၅
၆။ ဝိဇ္ဇာနဲ့ စရဏဒေသနာ ညအလုပ်ပေး ။ ၂၄၂
၇။ လူ့ဘဝရခိုက်ဝင်္ဂသုံးပါးမှလွတ်အောင် ။ ၂၇၉
၈။ ဇာတိ ဇရာ မရဏ ဒုက္ခမြင်အောင်ရှုပုံ ။ ၃၂၇
၉။ တဏှာကို ပယ်ခြင်းသည် ဘုရား၏ဝါဒ ။ ၃၇၄
၁၀။ ဉာဏ်မှ နိပ္ပဉ်နိုင်ပုံ နိုင်သည်..... ။ ၄၂၃
၁၁။ သာသနာနဲ့ ဆရာတောင်းတွေခိုက် လုံ့လစိုက်
ညအလုပ်ပေးတရားတော် ။ ၄၇၁
၁၂။ သစ္စံလေးပါး ညအလုပ်ပေး ။ ၅၁၈
၁၃ ဗာသပဏ္ဍိတသုတ်-ညအလုပ်ဒေး(၁) ။ ၅၆၉
၁၄။ ဂင်း (၂) ။ ၆၁၃
၁၅။ ခန္ဓာရှိယင် အို,နာ,သေ မလွတ်နိုင် ။ ၆၆၂

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓါမ်

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒီဋ္ဌိပြုတ်မှုကို သစ္စာ, ပဋိစ္စသမုပ္ပါဒ်-စသော ဒေသနာများနှင့် ဟပ်၍ အလွန် အမင်း အဓိကထားပြီး ဟောကြားတော်မူခဲ့ပါသည်၊ ဤသို့ ဒီဋ္ဌိပြုတ်မှုကို အဓိကထားတော်မူသည်မှာလည်း တပည့် တကာတကာမတို့အား မေတ္တာ ကရုဏာ ဥဒိုးစိုးတော်မူ၍ သနား တော်မူလှသဖြင့် ထပ်ခါတလဲလဲ ဤဒီဋ္ဌိပြုတ်မှုကိုပင် အမြဲတစေ အရေးတကြီး အဓိကထားပြီး ဆုံးမခြင်း-ဟောကြားခြင်းဖြစ်ရာ ဤသို့ အရေးတကြီးထား၍ ဟောတော်မူခြင်းအားဖြင့် အပါယ် ဒုဂ္ဂတိဘေးမှလွတ်ရေး-ကျတ်ရေးကိုဤမျှဟုတ်ဟုတ်ငြားငြားကြီး ကယ်တင်တော်မူခဲ့ခြင်း ဖြစ်သည်ဟု တထစ်ချ ယူမှတ်ကြရန် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် အဘယ်ကြောင့် ဤမျှ ဒီဋ္ဌိပြုတ်မှုကို အရေးတကြီး အမြဲတစေ အဓိကထား၍ ဟောကြား ဆုံးမ၍ ကယ်တင်တော်မူခဲ့ပါသလဲ... ဟု စိစစ်ပါမူ ဘုရားဟော ပါဠိတော်၌....

"မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမ္မဒ္ဒနာဂတာ သတ္တာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ• ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ"
(အင်္ဂုတ္တိုရ်)။

ဆိုလိုသည်မှာ ဒိဋ္ဌိရှိသည့် ပုဂ္ဂိုလ်များ ခန္ဓာပျက်ကြွေ သေလွန်ကြသည့်အခါ၌ မဒကာင်းသဖြင့်လားရာ ကျရောက်ရာ ဖြစ်သော အပါယ်ငရဲ ဒုဂ္ဂတိဘဝတို့၌သာ ကျရောက်ကြရသည်၊ နစ်မြုပ်ကြရသည်ဟု ဆိုပါသည်။

ဂုဏ်ပြုစံ အဋ္ဌကထာကြီးများ၌ "အန္ဓမသော ဝိသတိ ဝတ္ထုကံ သက္ကာယဒိဋ္ဌိ ဥဒါဟိယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ၊ သောန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ"

ဆိုလိုသည်မှာ အယုတ်သဖြင့် သက္ကာယဒိဋ္ဌိမှ အစပြုသော (၂၀)ဖြာ ဒိဋ္ဌိတို့မည်သည် နတ်ပြည်သုဂတိသို့ ပို့ဆောင်နိုင်စွမ်းမရှိ၊ ကောံအားဖြင့် အပါယ်ငရဲ၌သာ နစ်မြုပ်ရသည်ဟု.... ဆိုလိုပါသည်။

ထိုမှတပါး ၆၂-ပါးသော ဒိဋ္ဌိအပေါင်းသည် သက္ကာယဒိဋ္ဌိက အစပြုသည်ဟု "သက္ကာယဒိဋ္ဌိ ပမုခါနိ ဒ္ဝါသဋ္ဌိ ဒိဋ္ဌိဂတာနိ" ဒိဋ္ဌိအပေါင်းတို့သည် သက္ကာယဒိဋ္ဌိက ပေါက်ဘ၀းသည် ဟူ၍ ဂုဏ်း၊ "ဒ္ဝါသဋ္ဌိနော ဥပဇ္ဈမာနံ သက္ကာယဒိဋ္ဌိ ပမုခနေဝ ဥပဇ္ဈန္တိ" ဟူ၍ဂုဏ်း သက္ကာယဒိဋ္ဌိကချည်း ၆၂-ပါးသော ဒိဋ္ဌိများကို ဦးဆောင်ခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။

ဂုဏ်ပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း ဒိဋ္ဌိတည်းဟူသော အနုသောင်အဖွဲ့ခြောင့် တက္ကာရေယျဉ်၌မျောပါးပြီး ဒုက္ခတည်းဟူသော ဆင်းရဲအပေါင်းမှ မလွတ်နိုင်ဟု -

"ဒိဋ္ဌိဗန္ဓန ဗန္ဓန္တာ၊ တက္ကာသောတေန ဝုယ္ဟရ၊ တက္ကာသောတေန ဝုယ္ဟန္တာ၊ နတေဒုက္ခာ ပမုစ္စရေ" ဟု ဆိုပါသည်။

ထို့ပြင်လည်း ဘုရားဟောသော ပါဠိတော်မျာ်းဌ်ဂင်း၊ အဌ ကထာမျာ်းဌ်ဂင်း ကိုးကာ်းစရာ မျာ်းစွာရှိပါသည်။

အတိုချုံး၍ ပြောရပါလျှင် ဒီဌိတည်းဟူသော အနှောင် အဖွဲ့ကြောင့် ပဋိစ္စသမုပ္ပါဒ် သံသရာဆက်သည်။ သံသရာရှည် သည်၊ အပါယ်ဆောက်ကြောင်း ၎င်းဒီဌိသည်သာ တရား၌ တကယ် အစစ် ဧကန်ဖြစ်သည်ဟု တထစ်ချ မြင်တော်မူသဖြင့် ထိုကဲ့သို့ အမျိုးမျိုးသော ဘေးမှ လွတ်မြောက်အောင် ဤမျှ ဟောကြားဆုံးမတော်မူခြင်း ဖြစ်သည်ဟူ၍ စာဘတ်ပရိသတ် မျာ်း နာ်းလည်ကြစေသို့ပါသည်။

ဤစာအုပ်နိဒါန်းဌ် ဆရာတော်ဘုရားကြီး၏ နောက်ကြောင်း ကို အနည်းငယ် အကျဉ်းအာ်းဖြင့် အကြောင်းတိုက်ဆိုင်သည့် အာ်းလျော်စွာ ပြပါဦ်းအုံ်း

တနေ့သဌ် ဆရာတော်သည် စာရေးသူအာ်း ဤသို့ စိတ်ကူး မိကြောင်း အမိန့်ရှိဘူ်းပါသည်၊ ငါဟာ ဦ်းပဉ္စင်းကလေးဘဝက စပြီး အမရပူရမြို့ မဂ်လာတိုက်ဟောင်ဌ် ည-ဝါပို့ချလာရာ နှစ်ပေါင်း သုံ်းဆယ်ကျော်မျှ ရှိနေပေပြီ၊ နှာ်းကျောင််းသာ်းဟာ နှာ်းနို့အရသာမသိသလို့- ငါသည်လည်း နှာ်းနို့အရသာတော့ မခံစာ်းရသေ်းဘူ်း။

နှာ်းနို့အရသာ မခံစာ်းဘူ်းသေ်းယင် သာမုဏေ အဖြစ်နှင့် သက်ဌ်န််းတောင််းစဉ်က "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" ဆိုသည့်အတိုင််း မဖြစ်သေ်းဘူ်း၊ ဤသို့ မဖြစ်သေ်းယင် ဤသာ သနာဌ် အကျိုးမမျာ်းသေ်းဘူ်းဟု စဉ််းစာ်းမိသည်။

ဤသို့ စဉ်းစားပြီးနောက် ဆရာတော်သည် **မန္တလေး** အနောက်ဘက်ခြမ်း မင်းကွန်းချောင်ဘက်သို့ တပါးတည်း ထွက်သွားတော်မူကြောင်း၊ ၎င်းနောက် မိုးကုတ်ချောင်၌ ခေတ္တသီတင်းသုံးတော်မူ၍ ပဋိပတ်အလုပ်ကို အားထုတ်တော်မူလေသည်။

ဤသည်ကား.... သာမဏေဘဝနှင့်၎င်း၊ ရဟန်းဘဝနှင့်၎င်း၊ နှစ်ပေါင်းများစွာ ဂန္ဆဓုရ-ဟု ဆိုအပ်သော ပရိယတ်အလုပ်ကို ပေးမဦးစွာ စွန့်လွှတ်တော်မူခြင်းဖြစ်သည်။

ဆရာတော်သည် ငယ်စဉ် သာမဏေဘဝတွင် ညွှ-ဝါဘက်၌ မြန်မာဘုရင် နှစ်ဆက်၊ ၎င်းနောက် အင်္ဂလိပ်လက်ထက်တိုင် ထင်ရှား ကျော်စောခဲ့သော ဆရာကြီး ဦးအုန်း၏ ပညာရင်နှီးကို သောက်သုံးခဲ့ရသဖြင့် ဤမျှအဘိဓမ္မာ ညွှ-ဝါဘက်၌ ပဉ္စင်းငယ်ဘဝက စ၍ ကျွမ်းကျင်ပြီးလျှင် ရဟန်းလောကတွင် အင်မတန် ထင်ရှားကျော်စောတော်မူခဲ့ခြင်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ပရိယတ်လုပ်ငန်းကို စွန့်လွှတ်တော်မူခဲ့ပြီး မင်းကွန်းဘက်၌ သီတင်းသုံးနေတော်မူစဉ် မိုးကုတ်ချောင်တွင် မိုးကုတ်သူ ဒေါ်လသီ-ဆိုသော သီလရှင်ကြီး တပါးနှင့် တွေ့ခွင့်ခြင်းသည် ဆရာတော်၏ မိုးကုတ်မြို့နှင့် ဆက်သွယ်၍ မိုးကုတ်မြို့သို့ ရောက်ရှိရန်အဆက်အသွယ်ဖြစ်စေသော အကြောင်းရင်းဖြစ်ခဲ့သေသည်။

ထို မင်းကွန်းဘက် မိုးကုတ်ချောင်သို့လည်း မိုးကုတ်မြို့မှ ကျောက်ပွဲစား, ကျောက်ကုန်သည် အစရှိသော ညွှ်သည်များ

သည်လည်း နှစ်စဉ် နှစ်တိုင်း လူရင်း တန်းရင်း· ဘုရားဖူးရင်းဆို သလိုရောက်ကြပြီးလျှင် ဆရာဘော်နှင့် တွေ့ကြုံရပြီး ဆရာတော် ဟောကြားသော တရားဒေသနာများကို နာကြားကြရ၍ နှစ် သက်ကြည်ညိုပြီး မိုးကုတ်မြို့သို့ ကြွရောက်ပါရန် ပင့်ဆောင်ကြ လေသည်။ထိုနောက် မိုးကုတ်မြို့၌တလှည့်၊ အမရပူရမြို့၌တလှည့် ဆိုသလို သီတင်းသုံးနေထိုင်တော်မူသည်။

ဤစာအုပ်၌ပါသော တရားများသည် မိုးကုတ်မြို့၌ ဟော တော်မူသော တရားဒေသနာများဖြစ်၍ အလျင်းသင့်ပါ သဖြင့် မိုးကုတ် မြို့သူ မြို့သားများ၏ ကြီးမားလှသော သဒ္ဓါတရားကို ဤနေရာ၌ ဖော်ပြလျှင် သင့်တော်မည်ဟု အောက်မေ့ပါသော ကြောင့် အကျဉ်းအားဖြင့် အနည်းငယ်ဖေါ်ပြပါဦးမည်။

မိုးကုတ်သူ မိုးကုတ်သားများသည် သဒ္ဓါတရားအထူ၌ မြန် မာပြည် တပြည်လုံးတွင် မည်သည့်မြို့ရွာဒေသနှင့်မျှ မတူအောင် လူထု တန်းထူ၌ ဆထူးသဖြင့် ရက်ရက်ရောရောကြီး ပေးကမ်း လူ ဒါန်းတတ်ကြကြောင်း၊ မိမိတို့အဘို့မှာ သင့်တင့်ရုံမျှ နေထိုင် စားသောက်ပြီးသာသနာတော်၌ အမှန်အမြတ်ဆုံးအကောင်းဆုံး အသုံးအဆောင် စားဘွယ် သောက်ဘွယ် လူဒါန်းဘွယ်များကို သာ ရှာဖွေဝယ်ချမ်း၍ အကောင်းဆုံး အများဆုံး ဆိုသလို လူလေ. တန်းလေ.ရှိကြသေသည်။

မိုးကုတ်မြို့မှာ ခပ်ငယ်ငယ်သာဖြစ်ပြီးလျှင် လူဦးရေ မများ ပြားလှသော်လည်း၊ ကျောင်းကန်· စေတီ· ပုထိုး· ရေတွင်း· ရေ ကန် စသည်တို့မှာ မြို့နှင့်စာသော် မနည်းလှပေ၊များသည်ဟုပင် ဆိုရပေမည်။

ၵင်းတို့သည် တန္ခစ်ပေါက် လွမယ်-တန်းမယ်· သီလဆောက် တည်မယ်· သိမ်သမုတ်- ကျောင်းရေစက်ချ· ဘုရားထီးတင်- ရဟန်းခံ-ရှင်ပြု· ပဝါခူကာ· ကထိန်· ဝါဝင်ဝါထွက်ဆုမ်းကျေး ပရိတ်နာ စသဖြင့် အလှူဒါန ပြုမှုများ ပြတ်သည်ဟူ၍ မရှိသ လောက်ပင်းတ့ါအဘး...မိုးကုတ် မြို့သူ မြို့သဘး နယ်သူ နယ်သား တို့၏ ယဒ့ါစရိုက်ကြိုးပေါးပုံအကျဉ်းပေတည်း။

ဆရာတော်ဘုရားသည် ကျိုက်သို့မော်သာ ကမ္မဿကတာ သမ္မာ ဒိဋ္ဌိအနေမျှနှင့် ကိုယ်လုပ်ကိုယ်ရဆိုသော လူတိုင်းသိနေတဲ့ သာသ နာပ အသိဉာဏ်အစေးမလောက်နှင့် ဟကာတကာမ အရင်းအ ချာတွေပေါ်၌ အားရေးတာ်မူသည့် လက္ခကာမရှိဓပါ ထိုထက် ပိုမို၍ ဝိပဿနာ သမ္မာဒိဋ္ဌိ· မဂ်သမ္မာဒိဋ္ဌိရောက်အောင်ပို့ဆောင် တော်မူလိုသည့် ဆန္ဒစတာ်ပြင်းပြတော်မူသည်ဟု ဆိုရပေမည်။ ထိုကြောင့် ဒါနလေး, သီလလေး, သမထလေးလောက်နှင့် အားမကိုးလောက်သေးကြောင်း...

ဉာဏ်တော် ပညာကောင်းနဲ့၊
လောင်း ရွှေ ရတ်ံ ဂတား၊
ဘဝဂတမ်ံ သမ္မတ္တာ၊
ပုနာဂစ္ဆန္တိ ဒုဂ္ဂတိ်ံ ။

အထက်ပစ်လိုက်တဲ့ ခဲလုံး ဥပမာလို အရှိန်ကုန်တော့ ပြန် ကျရတာပါဘဲကွာ... ဟူ၍ၵင်း၊ ဒိဋ္ဌိတန်းလန်းနှင့် သစ္စာမသိဘဲ ဘာလွှဲလွှဲ ဘာတန်းတန်း အို့ နာ, သေနဲ့ဘဲ အဖေါ်လုပ်ရမှာ ဘဲ့ဟူ၍ၵင်း၊ နတ်ပြည်,ဗြဟ္မာပြည် တက်သော်လည်း ပြန်ကျရဦး

မှာပါဘဲဟူ၍၎င်း၊ ဒါနမှု,သီလမှု,ပြုတိုင်း ပြုတိုင်း ဤခန္ဓာဒုက္ခသစ္စာကြီးအား ကြောက်ခြင်း၊ ရှဲ့ခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ နောက်တဖန် မရချင် မလိုချင်၍ လှူပါ၏-တန်းပါ၏- ပေးပါ၏ ကြိမ်းပါ၏ဟူ၍ ဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာ ခန္ဓာကြီးကို တွေ့လာအောင်- မြင်လာအောင် ခန္ဓာကပြတဲ့ ဖေါက်ပြန် ပျက်စီးနေတဲ့ ဒုက္ခသစ္စာကို အကြမ်းဖျင်းအားဖြင့် ဖေါက်ပြန် ပျက်စီးနေတဲ့ ရုပ်ကလေးတွေ၊ ဝေဒနာကလေးတွေ၊ စိတ်ကလေးတွေကို မြင်တန်သလောက် ထင်မြင် သဘောပေါက်စေပြီးမှ လှူကြ- တန်းကြ- ပေးကြ- ကမ်းကြပါ ဟူ၍၎င်း သစ္စာမသိဘဲ လုပ်တဲ့ကုသိုလ်တွေ၊ အို သေ ဒုက္ခသစ္စာကြီးသာ ပြန်ရ မှာဘဲဟူ၍၎င်း၊ ယောနိသော မနသိကာရရှိပြီး လှူရမယ်ဟူ၍၎င်း၊ ဆုတောင်းနဲ့ တော့ မဂ်ဖိုလ် နိဗ္ဗာန်မရနိုင် သောနသော မနသိကာရရှိတဲ့ပုဂ္ဂိုလ်ဖြစ်လျှင်ဆုတောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ နှလုံးသွင်းမှုန်လျှင် မဂ်-ဖိုလ်-နိဗ္ဗာန် ရနိုင်သည်ဟု ရှင်ဘုရားမိဇနှင့် ဇယသေနမင်းသားဝတ္ထုကို ဆောင်၍လှူတတ်-တန်းတတ်အောင် အလွန် တန်ဘိုးရှိလှသော အသိဉာဏ်ကို ပေးတော်မူခဲ့ပါတည်း။

ဂုဏ်ပြင် ဆရာတော်ဘုရားကြီးသည် အပါယ် စိတ်ချရသော အလုပ်ကိုအရင်လုပ်ကြဦး၊ အသေမဦးခင်ဉာဏ်ကအယင်ဦးအောင် အားထုတ်ကြဦးဟူ၍ (၁) က မိမိအရေး၊ (၂) က သားရေး သမီးရေး စီးပွားရေး ဒီနှစ်ခုကို ရှေ့နှင့်နောက် ခွဲတတ်ကြပါစေဟု အထူးသဖြင့် ဉာဏ်ပြောင်း၍ ပေးတော်မူသည်၊ တိုက်တွန်းတော်မူသည်၊ ခန္ဓာဉာဏ်ရောက်အောင်ဟောကြား သွန်သင်တော်မူသည်၊ သစ္စာကို နားလည်အောင် သင်ကြား ပေါ်ပြတော်မူ

သည်၊ မည်သူ့တရားနာနာ နာတတ်အောင် ဉာဏ်ချိန်ခွင်ပေးတော်မူသည်။

အတိုချုပ်ပြောရသော် ဆရာတော်ဘုရားကြီးသည်ဘုန်းကြီးတို့ ပင်ပန်းသလောက် တကာတကာမတို့ဉာဏ်အိတ်ထဲရောက်ကြပါစေဟု အထူးအပင်ပန်းခံကာ တကာတကာမတွေအား တဦးချင်းအနေနှင့်၎င်း၊ ပရိသတ်အနေနှင့်၎င်း၊ မမောနိုင် မပန်းနိုင်ဘဲ ကယ်တင်တော်မူခဲ့ရှာပါသည်။

ဟောတော်မူတိုင်းလည်း အထက်တန်း ဝိပဿနာ တရားများသာ ဖြစ်သောကြောင့် မကြာမကြာ "ဉာဏ်နားကြီးကြီး" နဲ့ထောင်မှ ရမယ်နော်_ ဟု သတိပေးတော်မူလေ့ ရှိပါသည်။

အမှန်အားဖြင့် ဆိုရသော် တရားကကြီးပြီး၊ နားက ငယ်နေသော်ငင်း၊ တရားကမြင့်ပြီး နားက နိမ့်နေသော်ငင်း၊ သစ္စာဉာဏ်ရောက်မှု နှောင့်နှေးမည်ဖြစ်ပါသည်။

ဆရာတော် ဘုရားကြီးသည် အသေလွတ်တရားဆိုပြီး၊ တဘဝနှင့် ကိုဋ်ပြီးအောင် မိမိဘက်ကဖြင့် လိုလေသေးမရှိ သယ်ယူပို့ဆောင်တော်မူရှာပါသည်၊ လောကကြီးထဲ၌ အပြိုင် အဆိုင် ရှာဖွေနေကြတာသည်၊ ယခုပစ္စက္ခ၌ ရှာဖွေ၍ ဥစ္စာပစ္စည်း- တိုက်ကုလား- ဟာကလေး- စိန်ကလေး- ရွှေကလေး- ကားကလေး အစရှိသဖြင့် ထိုက်တန်သလောက် ရရှိကြတာ ဘုန်းကြီးတို့က ဝမ်းမသာလို့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒါတွေဟာ ဘာမှ မဟုတ်သေးဘူး၊ အို-သေက တန်းလန်း၊ ငရဲမျိုးစေ့က တန်း

လန်း၊ မိမိကိုယ်ကို အသေစိတ်ချရအောင် အပါယ်ဘေး စိတ်ချရ အောင် အရင်လုပ်ကြပါဦးဟု မကြာခဏ သတိပေးတော်မူသည်။

ထင်းပြင်အရေးကြီးတာက၊ အသေလွတ်တရားလက်ကိုင်ထားပြီး၊ အသေလွတ်တရားကို ချည်တိုင်စိုက်ပြီး ငုတ်ရိုက်ရမယ်၊ ချည် တိုင်စိုက်ရမယ်၊ ငုတ်ရိုက်ရမယ်ဆိုတာ တခြားမဟုတ်၊ သတိ ပဋ္ဌာန်လေးပါးအနက် တပါးပါးကို လက်ကိုင်ထားပြီး ဖြစ်ပျက် မြင်လာအောင်၊ ဖြစ်ပျက်မှန်းလာအောင်၊ နောက် ဖြစ်ပျက်အဆုံး မြင်တဲ့ဉာဏ်အထိ အားထုတ်ကြဘို့ကို တရားပဲ့ နောက်ပိုင်းမျှား၌ အမြဲတစေ အလုပ်ပေးဟူ၍ ထည့်သွင်းဟောကြားတော်မူသည်။

တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားသုံးပါး ချုပ် ဆုံးမှသာလျှင် နိပ္ပပဉ္စဖြစ်နိုင်မည်၊ နိပ္ပပဉ္စဆိုသည်မှာလည်း တဏှာ ချုပ်ဆုံးခြင်း၊ မာနချုပ်ဆုံးခြင်း၊ ဒိဋ္ဌိချုပ်ဆုံးခြင်း၊ (၀၊)နိဗ္ဗာန် ဟု ဆိုလိုပါသည်၊ (ဤနေရာ၌ ဒိဋ္ဌိကိုနောက်ဆုံးမှာ ထားသော်လည်း သူ့ကို အရင်ဖြုတ်ပြီးမှ ကျန်တဲ့ပပဉ္စနှစ်ပါးကို နောက်မှ ဖြုတ်ရမည် ဖြစ်ပါသည်)။

ဤပပဉ္စချုပ်ဆုံးရန် နည်းလမ်းမှာ သတိပဋ္ဌာန် ငုတ်ရိုက်ရ မည်ဖြစ်ရာ၊ နာမ်ကမ္မဋ္ဌာန်းနှင့် ပိုမို၍ လျော်ကန် လျောက်လတ် ပါသည်၊ နာမ်ကမ္မဋ္ဌာန်းမှာလည်း၊ ဝေဒနာနှင့် စိတ္တာကြိုက်ရာ ရွေးယူရမည်ဖြစ်သည်၊ သို့ရာတွင် ဒိဋ္ဌိပြုတ်မှု ရှေးရှုရမည်ဖြစ်သည့် အတိုင်း၊ ဒိဋ္ဌိပြုတ်မှုကို အရှက်ဆောင်နိုင်ဆုံးဖြစ်သော စိတ္တာ နုပဿနာကို ပိုမို၍ အလုပ်ပေးတရား၌ ထည့်သွင်းဟောကြား တော်မူပါသည်။

ပဌမ မဂ်တည်းသော သောတာပန် အဖြစ်သို့ တက်လှမ်း အောင်မြင်ရေးမှာလည်း သပ္ပုရိသသံသေဝ, သဒ္ဓမ္မသဝနံ, ယောနိသောမနသိကာရ- ဓမ္မာနုဓမ္မပဋိပတ္တိဟူ၍ (၁) ကလျာ ဏမိတ္တတည်းဟူသော လမ်းညွှန်ကောင်း၊ (၂) သစ္စာတရားကို နာကြားရခြင်း၊ (၃)အတွင်းမိမိသန္တာန်၌ သစ္စာနှလုံးသွင်းခြင်း၊ (၄)ဖြစ်ပျက်တည်းဟူသော ဝိပဿနာအလုပ်ကို အားထုတ်ခြင်း ဟူ၍ အင်္ဂါလေးပါးရှိရာ၊ ပဌမအဆင့်ဖြစ်သော သောတာပန်မှာ သူတပါး အကူအညီမရဘဲ မဖြစ်နိုင်ကြောင်း ဤအချက်မျှားကို ထောက်၍ သိရှိနိုင်ပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် တရားနာမှုကင်း၍လည်း သောတာပန် သကဒါဂါမ်စသည် မဖြစ်နိုင်၊ တရားအားထုတ်မှု ကင်း၍လည်း သောတာပန် သကဒါဂါမ်စသည် မဖြစ်နိုင်ဟု အလျင်းသင့်သည့်အခါတိုင်း ထုတ်ဖေါ်ဟောကြားတော်မူပြီးလျှင်၊ တရားနာ တရက်ပျက်သွားလျှင် အနာကြီးနာကြလိမ့်မည်ဖြစ်ကြောင်း၊ မအားလပ်၍ တရားမနာနိုင်ကြောင်း၊ အကြောင်းပြ ဆင်ခြေပေးသူများအား မအားတာလောက် အပြစ်ကြီးတာ မရှိဘူးဟော....၊ မအားတဲ့အပြစ် အကြီးဆုံးကွဟု ဆုံးမ တော်မူခဲ့ရှိသည်။

ယခုအခါ ဆရာတော်ဘုရားကြီးကလည်း ခန္ဓာဝန်ချသွား တော်မူပြီးဖြစ်ရာ၊ နာကြားသိရှိနိုင်သည့် အခွင့်အရေးကဖြင့် အသံသွင်းတရား နာကြားခြင်းနှင့် တရားစာအုပ်များ ဘတ်ကြားခြင်းသာ ရှိရာ ဤ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် အလုပ်စဉ် ပြန့်ပွားရေးအဖွဲ့ကြီးကလည်း ဆရာတော် ဘုရားကြီး၏ တရားတော်များကို စာအုပ်အဖြစ် တတဲ့ပြီး, တတဲ့ ရိုက်နှိပ်

ထုတ်ဝေလျက်ရှိပြီး နောင်ကိုလည်း ဆက်လက်၍ ထုတ်ဝေသွား မည် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား မရှိ၍ ကိုယ်တော် တိုင် ဟောကြားသော တရားတော်များကို မနာကြားရငြား သော်လည်း၊ အသံသွင်းထားသော တရားတော်များကို အဖဲ့ ကြီးက ရန်ကုန်မြို့၌ဌင်း၊ အရန်မြို့များ၌ဌင်း၊ အင်မတန်မှ နာ ကြားလိုကြသူ ဓမ္မမိတ်ဆွေ ယောဂီများအကျိုးငှါ ဆရာတော် ဘုရားကြီး၏ အသံသွင်းတရားများကို နာကြားနိုင်ကြရလောက် အောင် အပတ်စဉ် အနှံ့အပြား၊ ဌာနအမြောက်အများ ဖွင့် လှစ် ဟောကြားလျက် ရှိပါသည်၊ မိမိတို့နိုးစပ်ရာ ရပ်ကွက်ရှိ ဓမ္မဘရုံများ၌ ကြိုးစား၍ နာကြားတော်မူကြပါကုန်။

"သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" ဟူ၍ မြတ်စွာဘုရား ဟော ကြားတော်မူသော ဒုလ္လဘတရား ငါးပါး၌ သစ္စာတရား နာ ကြားရန် အလွန်ရခဲသည် ဆိုသည့်အတိုင်း၊ သစ္စာ,ပဋိစ္စသမုပ္ပါဒ် တရားများကိုသာ ဟောလေ့ရှိတော်မူသော ဆရာတော်ဘုရား ကြီး၏ တရားများကို နာလည်း နာကြပါ၊ မနာကြားနိုင် သူ များကလည်း ဘတ်ရှုတော်မူကြပါ၊ နားလည်အောင်လည်း ဆက်ခါဆက်ခါ နာယူဘတ်ကြားကြပါ၊ နားလည်သည့်အတိုင်း လည်း ကျင့်ကြံအားထုတ်တော်မူကြပါဟုတိုက်တွန်းပါခြင်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။

ရန်ကုန်မြို့။

(၈-၄-၆၅)

စီတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ဖြစ်သည့် ၅ ယောက်

၆။ လောဘစိတ်
၇။ ဒေါသစိတ်
၈။ မောဟစိတ်
၉။ အလောဘစိတ်
၁၀။ အဒေါသစိတ်
၁၁။ တွေးစိတ် တောစိတ်

အတွင်းဖြစ်သည့် ၆ ယောက်

၁၂။ လေကိုထုတ်သောစိတ်
၁၃။ လေကိုသွင်းသောစိတ်

အိမသည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဂုဏ်း (၅) ခုသည် ရှေ့တော်သော ဟရုးမျှားဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲတားလျှ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မဖေါ်ပါက အပြင်ဖြစ်သည်ဖေါ်လျှင်အပြင်ဖြစ်သည်၊
အတွင်းဖြစ်သည်ပေါ်လျှင် အဟုတ်ဖြစ်သည် ဖေါ်ရာကို ရှုပါ၊
ဖြစ်သည်မရှိပါက အိမ်သည်ကို အမြဲထားလျှ ရှုပါ။

နေမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျေးဇူးတော်ရှင် - ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မဂ်လာဘိုက်၌ ဟောကြားတော်မူသော

ကိုလေသာအစေး မပယ်သေးလျှင် ချမ်းသာဟူ၍

မရှိနိုင်ပုံ

သဋ္ဌာယတနဝဂ္ဂသံယုတ်

ဒီရရွက္ခောပမသုတ်တရားတော်

(၂၉ - ၅ - ၆၂)

ကိုလေသာအစေးတွေ ရှိနေတယ်လို့ သေသေချာချာ မှတ်ပါ။ အဲဒီ ကိုလေသာ အစေးတွေ ရှိနေတော့ ညောင်ပင် ဓားနဲ့ ခုတ်လိုက်တဲ့အခါကျတော့ အဲဒါတွေ ဘာဘွဲ့ဘုံးလို မေးတဲ့ အခါကျမှ ဩော်....ဒါတွေဟာ ဝမ်းထဲမှာရှိတဲ့ အနုသယကိန်း နေတဲ့ အစေးတွေ ထွက်သလို ဟိုကသားတည်းဟူသော အဆင်း နဲ့၊ မျက်နှာကလေးညှိုလာတဲ့ သားအဆင်းနဲ့ အခမနဲ့ သွားတိုက်လိုက်တယ်၊ အမေ့မျက်လုံးနဲ့ သွားတိုက်လိုက်ဘယ်၊ ထိဘ်ကနဲဆိုပြီး ကိုလေသာဟာ ဒေါသကိလေသာ ထ,လာတယ်... (မှန်ပါ့)။

ဒါဖြင့် အာရုံသည် ဓားမနဲ့ တူတယ်နော်.... (မှန်ပါ့) ဒီကာထိတ်ကနဲဆိုလို့ ရှိယင် ရင်ထဲမှာ ဟိုက်ကနဲ-ဖိုက်နဲ့ သွားတာကာအစေးထွက်တာနဲ့တူတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား .. (ရှင်းပါပြီ)။

ဒါ နဂိုရှိက ရှိနှင့်သလား....၊ ဟိုက ခုတ်မှ ထွက်သလားလို့ မေးကြည့်ကြစမ်းပါ.... (ခုတ်မှထွက်ပါတယ်ဘုရား)ခုတ်မှ ထွက်တယ်လို့ မှတ်ထားလိုက်တော့ ရှင်းတယ်နော်.... (မှန်ပါ့)။

ဩော်....ဒီအစေးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ညောင်ပင်မှာရှိတဲ့ အစေး-မခုတ်ခင်က သူ့အလိုလို ထွက်နေတယ်ဆိုတာကော ရှာမှ ရှားပါလိမ့်မယ်....(မှန်ပါ့)။

ခုတ်လိုက်တဲ့အခါကျတော့....(ထွက်ပါတယ်ဘုရား)။

ထွက်လာတယ်တဲ့၊ ဒီမှာလဲ တကာ တကာမတွေ့မှာ ဘယ်လို မှတ်ရမတုံးလို့ မေးတဲ့အခါကျတော့ မျက်လုံးပေါက်စာကောင်းတဲ့ အာရုံနဲ့ တွေ့လဲ ဖျတ်ကနဲဆို ဝမ်းသာတဲ့ လောဘတွေ့ အစေးထွက်လာတယ်....(မှန်ပါ့)။

မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ မကောင်းတာ မြင်ရပြန်လဲ ဖျတ်ကနဲဆို စိုးရိမ်သောက ဗျာပါဒဖြစ်လာတဲ့ ဒေါသအစေးဇော့ထွက်လာတယ်....(မှန်ပါ့ဘုရား) မထွက်ဘူးလား .... (ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ အစေးထွက်တဲ့ အစေးအောင်းနေတဲ့ ညောင်ပင်နဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

ဒီခုတ်ခင်က ထွက်သလား၊ ခုတ်မှ ထွက်သလားလို့ မေးယင်(ခုတ်မှ ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ငမ်းထဲမှာရှိတဲ့ လောဘ, ဒေါသ, မောဟဟာ **မ**ရှိဘူးလို့ ဆိုကြမလား....၊ မခုတ်သေးလို့ မထွက်တာလို့ ဆိုကြမလား....(မခုတ်သေးလို့ မထွက်တာပါဘုရား)။

မခုတ်သေးလို့ မထွက်တာ၊ အဲဒါကြောင့် တကာတကာမတွေ့က သြော်... ဒို့သည်ကားလို့ဆိုယင်ဖြင့် တော်တယ်·တော်တယ်လို့ ချီးမွမ်းမနေနဲ့၊ ဒီအစေး မခန်းသ၍ ကာလပတ်လုံးခုတ်မည့်သူရှိယင် ထွက်နေမှာဘဲ....(မှန်ပါ့)။

ခုတ်မည့်သူရှိယင်.... (ထွက်နေမှာပါဘုရား) ထွက်နေတာဘဲဆိုတာ သေသေချာချာမှတ်ပါ။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာ သေသေချာချာ စဉ်းစားကြည့်ပါ၊ မျက်လုံးပေါက်က-နေပြီး ကောင်းတာနဲ့ တွေ့လဲ အစေးထွက်လာတာဘဲ၊ ဝမ်းသာတဲ့အစေးတွေ ထွက်မလာဘူးလား... (ထွက်လာပါတယ်ဘုရား) မျက်လုံးပေါက်က-နေပြီး မကောင်းတဲ့အာရုံတွေနဲ့ တွေ့ပြန်ကော (ထွက်ပါတယ်) ဝမ်းနည်းတဲ့ အစေးတွေ.... (ထွက်ပါတယ်ဘုရား) ထွက်လာတာဘဲဆိုတာ သဘောကျကြပလား (ကျပါပြီဘုရား)။

ဒါဖြင့် နားပေါက်က·နေပြီးသကာလ အင်း.... စစ်သံတဲ့ဆိုယင် ထိတ်ကနဲ လန့်ကနဲ မလန့်ဘူးလား .. (လန့်ပါတယ်) ဒါ.... ဘာဖြစ်တာတုံး....(အစေးထွက်တာပါဘုရား) အစေးထွက်တာနော်....(မှန်ပါ့)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ အစေးထွက်တဲ့ ညောင်ပင်ညောင်ကြပ်တို့ ညောင်ဗုဒ္ဓဟောတို့နဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

ဒါဖြင့် ဒီအစေး မခန်းခြောက်သ၍ ကာလ၁တ်လုံး ဒီဓါး တွေနဲ့လဲ ရူပါရုံဓါး, သဒ္ဒါရုံဒါး, ဂန္ဓာရုံခါး, ရသာရုံဓါး, ဖေါဋ္ဌဗ္ဗါရုံဓါး, ဓမ္မာရုံဓါးတွေနဲ့ ခုတ်နေသ၍ ကာလပတ်လုံး ဦးညောင်ပင်နဲ့တူတဲ့ ဒီခန္ဓာကြီးဟာ ဘယ်နည်းနဲ့မှ အစေးတွေ ခြောက်ခန်းသွားလိမ့်မယ်လို့ ဆိုလို့ရပါ့မလား ... (မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဝမ်းသာတာလဲ အစေးထွက်တာလို့ မှတ်လိုက်....(မှန်ပါ့)ဝမ်းနည်းလဲ....(အစေးထွက်တာပါဘုရား)။

အစေးထွက်တာဘဲတဲ့၊ တွေ့ဝေသွားတယ် .... (အစေးထွက်တာဘဲ)ကျုပ်ဖြင့် မိုက်ကနဲ သွားတာဘဲ မူးကနဲ သွားတာဘဲ၊ ကြားလိုက်ရတာနဲ့ကို စိတ်ထဲမှာ၊ ဒါလဲ အစေးထွက်တာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တယောက်သော ပုဂ္ဂိုလ်က ချမ်းသာတာ မြင်လိုက်ပြန်လို့ ရှိယင်လဲ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်က ချမ်းသာတာ မြင်လိုက်ပြန်လို့ ရှိယင်လဲ ဖျတ်ဆို ငြူစူတဲ့ ဣဿာအစေး ထွက်လာတယ် (မှန်ပါ့)။

ဘယ်က ထွက်လာသလဲ.... (ခန္ဓာက ထွက်ဘာပါဘုရား) ခန္ဓာက ထွက်လာဘယ်။

ဒါဖြင့် ပင်ကိုယ် ရှိ,မရှိ အကဲခတ်.... (ရှိပါတယ်ဘုရား) ပင်ကိုယ်ရှိတယ်ဆိုတာသေချာကြပလား....(သေချာပါပြီ)။

တယောက်သောပုဂ္ဂိုလ်က အင်း ...ဝမ်းသာပြီး သကာလနေတယ် ကိုယ့်အထဲကနေပြီးကျောက်ကြီး,ကျောက်ကောင်းရတယ်

ဆိုယင်ဘဲ ကိုယ်က ကြားကနေ ဝမ်းသာတဲ့ တဏှာစေးတွေကော မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ဟာ ကြားပြန်လဲ အစေးထွက်တယ်- (မှန်ပါ့) မကြားဘဲ နေပြန်တော့လဲ အစေးထွက်ပြန်တယ်.... (မှန်ပါ့)။

မကြားဘဲနေတော့ ဘယ်နှယ်မျှား နေပါလိမ့်မတုံး... ဆိုပြီး ဟို... ဓမ္မာရုံကနေ တိုက်လိုက်တယ်.... (မှန်ပါ့) ဓမ္မာရုံတည်းဟူသော အာရုံကနေ တိုက်လိုက်တဲ့အခါကျတော့ ဒီကနေ တွေးလုံးဆွေးလုံးတွေဆိုတဲ့ အစေးတွေ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့်.... တကာတကာမတို့ ခန္ဓာကိုယ်မှာ တနေ့ အစေးဘယ်နှစ်ကြိမ် ထွက်သတုံးမေးယင် ဘယ်နှယ်ဖြေမလဲ.... (မရေတွက်နိုင်ပါဘုရား)။

ခက်ပြီကော... (မှန်ပါ့) တကာတကာမတို့ ဒါ....ဘာစေးတွေလို့ ဆိုကြမလဲလို့ မေးလို့ရှိယင်ဖြင့် မှတ်ထားလိုက်စမ်းပါ၊ ကိလေသာ အစေးတွေလို့ သေသေချာချာ မှတ်ထားပါ... (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်.... (ကိလေသာ အစေးတွေပါ ဘုရား) ကိလေသာ အစေးတွေလို့ သေသေချာချာ မှတ်ထားတော့မှ သြော်... ဒါဖြင့် ဒီတကာတကာမတွေမှာ ဒီအစေးမခန်းသရွဲ့နေရာမကျသေးဘူးဆိုတာ စောစောစီးစီး မှတ်ထားစမ်းပါ.... (မှန်ပါ့)။

မောင်မြင့်တို့ ဘယ်လိုမှတ်မလဲ....(ကိုလေသာ အစေး မခန်း သ၍) အစေးမခန်းသ၍ နေရာမကျသေးဘူး....(မှန်ပါ့)။

ဘုရား... ရဟန္တာများကျတော့ ကြောက်စရာနဲ့ တွေ့လဲ ကြောက်စိတ် လာသေးရဲ့လား.... (မလာပါဘုရား) ဟုံက အစေးမရှိတဲ့သစ်ပင်နဲ့ တူတယ်....(မှန်ပါ့)။

ဝမ်းမြောက်စရာနဲ့ တွေ့လဲ ဝမ်းမြောက်တဲ့ တဏှာအစေးတွေ ဘာတွေကော ... (မလာပါဘုရား) ဘယ်နှယ်ကြောင့်တုံး.... (အစေးခန်းခြောက်ပါတယ်) အစေးခန်းခြောက်တဲ့သစ်ပင်နဲ့ တူတယ်၊ မတူဘူးလား....(တူပါတယ်ဘုရား)။

အဲဒါ....သူတို့ ဘယ်နှယ်ကြောင့် အစေးတွေ ခန်းခြောက်ပါလိမ့်မတုံးဆိုတော့ ထိတ်စရာအာရုံနဲ့ တွေ့လဲ ထိတ်တဲ့အစေး မထွက်ဘူး.... (မှန်ပါ့) လန့်စရာအာရုံနဲ့ တွေ့လဲ လန့်တဲ့အစေး ထွက်သေးရဲ့လား (မထွက်ပါဘုရား) ပျင်းစရာအာရုံနဲ့တွေ့တော့ကော ပျင်းတဲ့ ဒုက္ခသင်္ခ ဒေါသအစေးတွေကော ထွက်သေးရဲ့လား... (မထွက်ပါဘုရား) မုန်းစရာအာရုံနဲ့ကြွေတဲ့အခါ မုန်းတဲ့ အစေးတွေကော (မထွက်ပါဘုရား)။

အခုတော့ တကာတကာမတွေကဖြင့် အစေးမျိုးစုံက ရှိနေတော့ ခုတ်လိုက်တိုင်း ထွက်တယ်....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြပါ့မယ်.... (ခုတ်လိုက်တိုင်း အစေးထွက်ပါတယ်ဘုရား)။

ရူပါရုံက ခုတ်လိုက်လဲ.... (ထွက်ပါတယ်) သဒ္ဒါရုံက ခုတ်လိုက်လဲ....(ထွက်ပါတယ်ဘုရား)။

သဒ္ဒါရုံက ခဲလေးက·နေပြီးသကာလ ငိုလိုက်ဘယ်၊ အော်လိုက်တယ်၊ အဓမမိဘလုပ်ဘဲ့ ပုဂ္ဂိုလ်က ဟင်....ဘယ်နှယ်ပါလိမ့်မတုံး၊ ထိဘ်ကနဲ့,ပျာကနဲ့ သွားတယ်ဆိုတာ ဘာဖြစ်ဘာလို့ ထင်သတုံး ...(ကိလေသာ အစေးသွက်တာပါဘုရား)။

ကိလေသာ အစေးထွက်တယ်၊ ဒေါသကိလေသာ ထွက်လာတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမဘို့ သူတော်ကောင်းစစ်ကဖြင့် မဂ်ရမှ အေးတော့မယ်...(မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဒီအစေးထွက်နေယင်လဲ အားမှာမဟုတ်ဘူး....(မှန်ပါ့) အားပါ့မလား....(မအားပါဘုရား)။

ညများ ဟိုက အဝေးမှာရှိတဲ့ အာရုံတွေနဲ့ဖြစ်စေ, အိပ်နေတဲ့သားသမီးတွေနဲ့ဖြစ်စေ တွေးပြီး သူတို့အတွက် ခက်သေးတယ်၊ သူတို့အတွက် လူလားမြောက်ဘို့ အတော်ကလေး ကြိုးစားရဦးမယ်ဆိုတဲ့ အစေးတွေများ အိပ်ရာထဲများ ထွက်နေတယ်....(မှန်ပါ့) မဆွက်ဘူးလား... (ထွက်ပါတယ်ဘုရား) ဒါ·ဓမ္မာရုံနဲ့ ခုတ်လိုက်တာ....(မှန်ပါ့)။

မြင်ရတာမဟုတ်ဘူး၊ ဟို....တွေးကြည့်လို့ မြင်တဲ့ဓမ္မာရုံနဲ့ သားမျက်နှာ, သမီးမျက်နှာ,မြေးမျက်နှာဆိုတာကလေးတွေကပေါ်လာပြီးသကာလ ဒါကလေးဘွားက ခုတ်လိုက်တာ တခါတည်း အမေ·အဖေ အဖွားတွေဘာဘွေဖြစ်လာသလဲ.... (အစေးတွေထွက်ပါတယ်ဘုရား)။

လောဘ,ဒေါသ,မောဟ,သောက,ပရိဒေဝဆိုတဲ့ အစေးတွေဟာ ဘယ်နှယ်တုံး....(ထွက်ပါတယ်ဘုရား)။

အို....ဒါဖြင့် ဒီ....တကာတကာမတွေ့ ဒီအစေးတွေထုတ်သလို့ ဟာဖြင့် ဒီ... အစေးက သူများကို နှိပ်စက်တဲ့အစေးလား....တဲ့ ဒီအပင်ကြီးကိုဘဲ ပျက်စီးအောင်လုပ်တဲ့ အစေးလား ဆိုတာလဲ စဉ်းစားကြည့်ပါ.... (ဒီအပင်ကြီးကိုဘဲ ပျက်စီးအောင်လုပ်တဲ့ အစေးပါဘုရား)။

ဒီအပင်ကြီးကို ပျက်စီးအောင်လုပ်တဲ့ အစေးဆိုတာ သေသေချာခဲ့ာ မှတ်ထားတော့ ဒီအစေးခန်းမှ နေရာကျမှာဘဲဆိုတာ ယနေ့တရားမှာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

မြတ်စွာဘုရား သုံယုတ်ပါဋ္ဌိတော်မှာ ဟောပါတယ် တကာတကာမတို့၊ ခ ရရကွောငမသုတ်... တဲ့၊ အစေးကို ဥပမာထား ဟောတဲ့သုတ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဘာတဲ့ တုံး....(အစေးဥပမာထားဟောတဲ့သုတ်ပါဘုရား)။

အဲဒီတော့ ဒီအစေးဟာ အဝေးကြီးကနေ ဒုတ်လဲ ထွက်တယ်.... (မှန်ပါ့ဘုရား) အနီးအနားကနေ ခုတ်ကော....(ထွက်ပါတယ်ဘုရား)။

သြော်.ဒါဖြင့် ဒီတကာတကာမတွေ့မှာ ညောင်ပင်က တော်သေးတယ်... (မှန်ပါ့)မောင်အောင်ချို... ညောင်ပင်ကတော်သေးတယ်(မှန်ပါ့)ညောင်ပင်က ထိအောင်ခုတ်မှ အစေးထွက်တယ်၊ သဖန်းပင်က... (ထိအောင်ခုတ်မှ အစေးထွက်ပါတယ်ဘုရား)။

မင်းတို့က တကယ့်ကိုဘဲ.. တဲ့၊ အဝေးကြီးကနေ ခုတ်တာတောင် ထိတယ်.... (မှန်ပါ့) ရန်ကုန်ကနေ ခုတ်လိုက်ယင်.... (ထိပါတယ်) ပဲခူးကနေ ခုတ်လိုက်ယင်.... (ထိပါတယ်ဘုရား)။

ဘာဖြစ်လို့ ထိသလဲ... ဓါးချက်ပြင်းလို့ပေါ့.... (မှန်ပါ့) ဒုတ်ချက်ပြင်းလို့ပေါ့ကွာ....(မှန်ပါ့) ရိပ်မိကြပလား .... (ရိပ်မိပါပြီဘုရား)။

အဲဒါတကာတကာမတွေက အိပ်မပျော်ဘူး၊ စားမဝင်ဘူးဆိုတာ မောင်ဝင်း ဘာထင်သတုံးကွ .... အစေးထွက်နေတာ.... (မှန်ပါ့ အစေးထွက်နေတာပါ ဘုရား) နောက်က တကာ့တကာမတွေ ဘာထင်ကြသကုံး... (အစေး ထွက်နေတာပါ ဘုရား)။

အစေးထွက်ဘာ မအားလို့.... (မှန်ပါ့) အစေးတွေထွက်ပြီးသကာလ ညောင်ပင်ဟာ ညောင်ပင်လိုဘဲ အေးအေးချမ်းချမ်း ရှိသေးရဲ့လား... တဲ့၊ အစေးထွက်တဲ့အပင် ဖြစ်မနေရဘူးလား....(အစေးထွက်တဲ့အပင် ဖြစ်နေရပါတယ်ဘုရား)။

ဒါဖြင့် ဒီ..တကာ တကာမတွေမှာတဲ့ ဒီအစေးမခန်းသ၍ မအေးချမ်းသေးဘူးလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့ဘုရား) ဒီအစေး မခန်းသ၍ မအေးချမ်းသေးပါဘူး။

မအေးချမ်းသေးဘူး.... ဆိုတော့ ဒီအစေးက ဒါ့ကြောင့် မောင်နိုင် ဘုရားဟောတော်မူတာ ယုံတော့ကွာ၊ တယောက်နဲ့ တယောက် မျက်ရည်ဆိုတဲ့အစေးတွေ ကျတဲ့ဥစ္စာကွာ... သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်....(ယုံပါတယ်ဘုရား)။

မျက်လုံးပေါက်က ထုတ်လိုက်လဲ ဝမ်းနည်းစရာထုတ်လိုက်လဲ မျက်လုံးပေါက်ကဘဲ မြင်ပြီး သကာလ မျက်ရည်ကျတယ်.... (မှန်ပါ့)မကျဘူးလား....(ကျပါတယ်ဘုရား)။

နားပေါက်က ဘယ်သူ ဘာဖြစ်သတဲ့ ကြားလိုက်ပြန်လဲ မျက်ရည်ထွက်လာတယ်....(မှန်ပါ့)။

နှာခေါင်းပေါက်က နေပြီးသကာလ အနံ့တွေ ဘာတွေ ရှူလိုက် ရှိုက်လိုက်ပြန်လဲ မျက်ရည်တွေ ဘာတွေထွက်လာတယ် မလာပေဘူးလား....(လာပါတယ်ဘုရား)။

လျှာပေါက်က ငြုတ်သီးကိုဘာတို့ စားလိုက်၊ ဒေါသတွေ ဘာတွေဖြစ်တဲ့အခါလဲ မျက်ရည်တွေ ထွက်လာတယ်.... (ထွက်ပါတယ်ဘုရား)။

ကိုယ်ပေါက်က နေပြီးသကာလ နာတယ် ကျဉ်တယ် ဆိုလို့ ရှိယင် မျက်ရည်များး ထွက်လာတယ်....(မှန်ပါ့)။

မနောပေါက်ကလဲ တွေးလို့ ဆွေးလိုက်တဲ့ အခါကျလို့ ရှိယင် အို.... မျက်ရည်က ခေါင်းအုံးပေါ် စိုးကျလာတယ်.... (မှန်ပါ့)။

မောင်မြင့်ရေ.... ဒါ.... ဘာတွေခုတ်တာတုံးက .... (ညောင်ပင် ခုတ်တာပါဘုရား) ဓါးနဲ့ခုတ်တာလားက.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)အာရုံဓါးတွေက ခုတ်တာ....(မှန်ပါ့)။

မောင်အောင်ချို ဘယ်သူက ခုတ်သလဲ....(အာရုံဓါးတွေက ခုတ်ပါတယ်ဘုရား)။

အာရုံဓါးတွေက ခုတ်လိုက်တော့ ဒီအပင် အသက်ရှည်ဘို့ကို ထင်းလိုက်စမ်းဗျာ....(မရှိပါဘုရား)။

ဒါကြောင့် တချို့ တကာတကာမတွေမှာ အရွယ်နဲ့မလိုက် ဘူး၊အိုခြင်းဆိုး,သေခြင်းဆိုးဖြစ်သွားတယ် .... (မှန်ပါ့ဘုရား)။

မောင်နိုင် ဒါ....ဘယ်နှယ်ကြောင့်ထင်သတုံး .... (အစေး ဆွတ်ရတာ မျှားလို့ပါဘုရား)။

အစေးထွက်ရတာ မျှားလွန်းတော့ ဒီအပင်ဟာ သန်ခြင်း ထွားခြင်းရှိသလား၊သေးသိမ် မွေးမြိန်သွားမလားဆိုတာ အကဲ စတ်ကြစမ်း ... (သေးသိမ် မွေးမြိန်သွားပါတယ်ဘုရား)။

ဒါဖြင့် ဓါးချက်မျှားလွန်းလို့ပေါ့....(မှန်ပါ့)။

မောင်မြင့် ဘယ်နှယ်ဆိုမလဲ.... (ဓါးချက် မျှားလွန်းလို့ပါဘုရား)။

ဓါးချက် မျှားလွန်းလို့ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဓါးက ဘယ်နှစ်ချက်ရှိသတုံးလို့ မေးတဲ့အခါကျတော့ အဆင်းဟာလဲ ဓါးဘဲ....,(မှန်ပါ့) အသံကကော.... (ဓါးပါဘဲဘုရား) အနံ့က.... (ဓါးပါဘဲဘုရား) အရသာတွေကကော.... (ဓါးပါဘဲဘုရား) ကြမ်းကြမ်းနုနုံ အာရုံတွေကကော.... (ဓါးပါဘဲဘုရား) တွေးစရာ အာရုံတွေကကော.... (ဓါးပါဘဲဘုရား)။

ဓါးသည် ဒါဖြင့်ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖေါဋ္ဌဗ္ဗါရုံ၊ ဓမ္မာရုံဆိုတာ ဓါးခြောက်စင်းလို့မှတ်လိုက်.... (မှန်ပါ့ဘုရား)။

မှတ်မိကြပလား.... (မှတ်မိပါပြီ) ဘာတဲ့တုံး ... (ဓါးခြောက်စင်းပါဘုရား)။

ရူပါရုံ (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗါရုံ ဓမ္မာရုံပါဘုရား)။

ကိုင်း.... အခုတ်ခံရတာ ဘယ်နှစ်ပင်တုံး ဖေးလိုက်တယ်... (တပင်တည်းပါဘုရား)။

အခုတ်ခံရတာက တပင်တည်း၊ ဒါကြောင့် တကာတကာမ ကတော့ ခင်ဗျားတို့ ဒီလိုချည်းလာတာ ဘဝများစွာက ဘာများ ဖြစ်ခဲ့လေသတုံးဆိုတော့ အခုတ်ခံပြီး အစေးထွက်နေတာနဲ့ အချိန်ကုန်တယ်....(မှန်ပါဘုရား)။

မောင်မြင့် ဘယ့်နှယ်ဆိုမလဲ.... (အခုတ်ခံပြီး အစေးထွက်နေတာနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ဒီအစေးထွက်ပြီးသကာလ ဒီအစေးသတ်တာနဲ့ ဒီအပင်သေတာဘဲ....(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒီအစေးသတ်တာနဲ့....(ဒီအပင်သေတာပါဘဲဘုရား) ဒီအပင်သေတာဘဲ ဆိုတာကော ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့်မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဒီရရှုကွေ့ပမ သုတ်ဟောတဲ့ဥစ္စာ မောင်နိုင် ကျေနပ်ဘို့ ကောင်းပါတယ်.... (ကျေနပ်ပါတယ်ဘုရား)။

ဒါက တကာတကာမတွေ့ အပြစ်ပြတုန်းဘဲ ရှိသေးတယ်.... (မှန်ပါ)အစေးသိမ်းနည်းမလာရသေးပါဘူး .... (မှန်ပါ့)။

သို့သော် ဒီဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာနဲ့ ကိုယ့်ခန္ဓာပေါ်မှာ ဖြစ်နေတဲ့ဖြစ်စဉ် ကိုက်ကြပလား.... (ကိုက်ပါတယ်ဘုရား)။

တကာ တကာမတော့က တချို့ကလဲ ဟိုက မခုတ်တာ့ တောင်မှ ခုတ်ဖြစ်အောင် ခုတ်ပါလို့ အစေးထွက်ချင်လို့ တောင်း ပန်တဲ့လူ ရှိသေးတယ်...(မှန်ပါ့) ယုံကြရဲ့လား... (ယုံပါတယ် ဘုရား)။

ပူစရာရှိလဲ ပူရအောင် ပြောစမ်းပါ၊ ဘာဖြစ်ချင်တာတုံး... (အခုတ်ခံချင်လို့ပါဘုရား)။

အခုတ်ခံချင်လို့၊ အခုတ်ခံပြီး သူက ဘာဖြစ်ချင်တာတုံး.... (အစေးထွက်ချင်တာပါဘုရား)။

အစေးထွက်ချင်တာ၊ ပူစရာရှိလဲ မြုံမထားနဲ့၊ ပြော- ပြော သာပြော... တဲ့၊အောင်မာ....လင်နဲ့မယားများ မင်းတို့ တိုင်ပင် နေလိုက်ကြတာ၊ မုလာဘူးလား- လာသလား.... (လာပါတယ် ဘုရား)။

အဲဒါ ဘာဖြစ်တာတုံး၊ အမေမိဘကလဲ မင်းဘာအလိုရှိ သတုံး....၊ဘယ့်နှယ်ကြောင့် ဒီလိုနေရတာတုံး၊ ဟဲ့ .... ရနိုင်တဲ့ ပစ္စည်းဖြင့်လဲ ရအောင်လုပ်ပေးမှာပေါ့၊ လျှို့ဝှက်မနေနဲ့၊ ပြော စရာရှိ ပြောလိုက်တာပေါ့၊ ဘွင်းဘွင်းပေါ့၊ အေးအာတူ ပူအမျှ ပေါ့၊ဘာဖြစ်လို့ ဒါလောက်တောင်လောကွတ် များနေတာတုံး မေးလို့ရှိယင် မောင်နှိုင်တို့ ဖြစမ်းပါ.... (အခုတ်ခံချင်လို့ပါ ဘုရား) အခုတ်ခံချင်လို့- အစေးထွက်ချင်လို့.... (မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး .... (အခုတ်ခံချင်လို့- အစေးထွက်ချင်လို့ပါ ဘုရား)။

ခင်ဗျားတို့လောက္ခတ်ကလဲဗျာ အစေးထုတ်လောက်အောင် ခန္ဓာကိုယ်ကြီးထဲက တခါတည်း သောက,ပရိဒေဝ, ဒုက္ခ,ဒေါ မနဿဆိုတဲ့ ကိလေသာ အစေးတွေယိုအောင်ကိုဘဲ တောင်းပန် နေတယ်....(မှန်ပါ့)။

တော်တော်အရုပ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

မောင်အောင်သိန်း ဘယ့်နှယ်တုံး .... (အတော်အရုပ်ဆိုးပါ တယ်ဘုရား) အတော်အရုပ်ဆိုးတယ်ဆိုတာ ပေါ်ကြပလား..... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ နေ့တိုင်း တရားဟောနေတာ ဘယ် နှယ်ကြောင့်ပါလိမ့်မလဲလို့ မေးတော့ အစေးခန်းအောင်လို့ ဟောနေတာ... (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး .... (အစေးခန်းအောင်လို့ ဟောနေတာပါ ဘုရား)အစေးခန်းအောင်လို့ ဟောနေတယ်ဆိုတာ ခင်ဗျားတို့ ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအစေးက ဘယ်သူ့ နှိပ်စက်မှာတုံးလို့ မေးတော့ ဒီအပင်နှိပ်စက်တယ်....(မှန်ပါ့)။

မယုံယင် စဉ်းစားကြည့်တော့၊ခင်ဗျားတို့မျက်နှာကြည့်ရတာ ညှီးပိန်လို့၊ မျက်စိမျက်နှာ ကြည့်ရတာလဲ မျက်ရည်ထုတ်တဲ့ မျက်နှာတွေကြည့်ရတော့ မကောင်းဘူး ပြောချင်သပေါ့ကွာ.... (မှန်ပါ့)။

မသိဘူးလား၊ဘယ်သူက ဘာလုပ်သွားလို့၊ ဘယ်သူကလေး ပျက်စီးသွားလို့၊ ဘယ်သူကနေပြီး ခဲခဲခဲပြီး ထုတ်သွားလို့၊ မပြောဘူးလား... (ပြောပါတယ်) ဒီအပူသူ့မှာ အစေးထုတ်ရ

လွန်းလို့ ပိန်တယ်ပြောတာ .... (မှန်ပါ့) သေမျှားသေချင်တယ် တောင် လာသေးတယ်....(မှန်ပါ့) မလာဘူးလား၊ လာသလား၊ (လာပါတယ်ဘုရား)။

ဒါဘယ်နှယ်ကြောင့်ပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင် ဖြင့်....တဲ့၊ အစေးရှိတဲ့ သစ်ပင်ဖြစ်သောကြောင့် အစေးလောင်းပြီး သေမည့်ရုပ်ပြတာ....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး... (အစေးလောင်းပြီး သေမည့်ရုပ်ပါဘုရား)။

အပင်က-သူက နဂိုရိုက ခန်းအောင်မှ လုပ်မထားဘဲကိုး ... (မှန်ပါ့) ခန်းအောင်လုပ်မထားတော့ အစေးရှိဘဲ့ သစ်ပင်က ဖြစ်နေတော့ အစေးခန်းနည်း နိဿယညွှန်းကလဲ မောင်းမြင့်တို့ မောင်အောင်ချိတို့ မရဘူး....(မှန်ပါ့)။

မရတော့ ၊အစေးချည့် နေ့တိုင်းထွက်နေတယ်၊ မထွက်ပေဘူးလား .. (ထွက်ပါတယ်ဘုရား)။

အင်း.. ဒေါသဖြစ်တဲ့ အချိန်ကလေးဟာ အစေးထွက်တာဘဲ....(မှန်ပါ့)လောဘဖြစ်တဲ့အချိန် ဒေါသဖြစ်တဲ့အချိန်,မောဟဖြစ်တဲ့အချိန်၊ (အစေးထွက်တာပါဘုရား)ဣဿာမစ္ဆရိယဖြစ်တဲ့ အချိန်ကော ... (အစေးထွက်တာပါဘုရား)။

ဒါတွေဟာ အစေးချည်းဘဲလို့ သေသေချာချာ မှတ်ပါ၊ ခုတ်လို့ထွင်းတာ၊ ဟိုကအားရုံတခုခုနဲ့ မခုတ်ယင်ဖြင့် ဒီအစေးတွေထွက်ပါ့မလား (မထွက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ....တဲ့၊ ဒီအစေးထွက်ခဲတော့ ဒီအစေးက သူမျှားနှိပ်စက်သလား၊ ဒီအပင်နှိပ်စက်သလား ... (ဒီအပင်နှိပ်စက်ပါတယ်ဘုရား)။

ကြည့်စမ်းပါလား၊ သရက်ပင်အစေးလောင်ပြီး သရက်သီးတွေ အကုန်ပြုတ်ကျတယ်... (မှန်ပါ့) မကျဘူးလား .... (ကျပါတယ်ဘုရား)။

ဒီအပင်ဟာ တော်တော်ကြာကျတော့ သူ့အစေးနဲ့သူ လောင်ပြီးသေတာတွေကော....(ရှိပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ဟာ အစေးဇာတ် မသိမ်းသ၍ ကာလပတ်လုံးတော့ဖြင့်... တဲ့၊ ဘယ်နည်းနဲ့မှ ချမ်းသာဆိုတာ မတွေ့ပါဘူး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား .... (ပေါ်ပါပြီ)။

ပေါ်ပြီနော်....၊ကဲ....မောင်နှိုင်ရေ ခန္ဓာကသစ်ပင်နဲ့တူတယ် အစေးရှိတဲ့သစ်ပင်နဲ့ တူတယ်(မှန်ပါ့)အာရုံခြောက်ပါးက ခုတ်ခါးနဲ့ တူတယ်... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာက....(သစ်ပင်ကြီးနဲ့ တူပါတယ်)အစေးရှိတဲ့ သစ်ပင်နဲ့တူတယ်၊ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အာရုံခြောက်ပါးက... (ခုတ်တဲ့ခါးနဲ့တူပါတယ်) ဓမ္မာရုံပါထည့်၊ အာရုံခြောက်ပါးက ခုတ်တဲ့ခါးနဲ့တူတယ်.... (မှန်ပါ့)။

အဲဒီကဲ့သို့ခုတ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်အစေးတွေထွက်လာတာက တကာတကာမတို့ ကိုလေသာ ထကြွလာတာဘဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥပမာပေးတာ အင်မတန် ကောင်းပါကလား၊ဆိုတာ ဟိုဘက်က မပုတ်ိုသဘော ကျရဲ့လား....(ကျပါတယ်ဘုရား) ကြားကော ကြားကြရတယ်နော်....(မှန်ပါ့ဘုရား)။

အေး.... ဒါကြောင့် ပြန်ပြောပါဦးမယ် တခေါက်၊ အခု တကာတကာမတွေ့ ခန္ဓာကိုယ်ဟာ အစေးရှိတဲ့ သစ်ပင်နဲ့တူတယ် (မှန်ပါ့)အာရုံခြောက်ပါးက....(ဓါးနဲ့တူပါတယ်) ခုတ်တဲ့ဓါးနဲ့ တူတယ်၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ခုတ်တိုင်း ခုတ်တိုင်း လောဘထွက်၊ ဒေါသထွက်၊ မောဟ ထွက်၊ကျွဿာထွက်၊မစ္ဆရိယထွက်၊မာနထွက်၊အဲ့ဒါတွေက ဘာနဲ့တူသလဲ....(အစေးတွေနဲ့တူပါတယ်ဘုရား)။

အစေးတွေနဲ့တူတယ်....၊ ကိလေသာအစေးတွေနဲ့ တူတယ်လို့ မောင်အောင်သိန်း မှတ်လိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

ဒီအစေးသည် ခုတ်တဲ့ ဓါးကို နှိပ်စက်သလား၊ အပင်ကို သေစေသလား.... (အပင်ကိုသေစေပါတယ်ဘုရား)။

အပင်ကို သေစေတယ်....၊ကြောက်စရာ သိပ်ကောင်းတယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ကိုယ့်အဖြစ်ဟာ ဘယ်သူသတ်လို့မှ သေမှာမဟုတ်ဘူး၊ အစေးလောင်းပြီး သေရမှာ .... (မှန်ပါ့ဘုရား)။

ဘယ်သူသတ်လို့မှ.... (မသေပါဘုရား) အစေးလောင်းပြီးတော့....(သေရမှာပါဘုရား)။

ဒါဖြင့် ဒီအစေးဟာ နဂိုရိုက မြင်ရသလားလို့ မေးတော့ ဘယ်နှယ်ဖြေကြမလဲ....(မမြင်ရပါဘုရား)။

ဘယ်အချိန်မှ ထွက်ထွက်လာသလဲ.... (ခုတ်တဲ့အချိန်မှ ထွက်ထွက်လာပါတယ်ဘုရား)။

ဒါဖြင့် အဲဒါ မှတ်ထားလိုက်စမ်းပါ အနုသယ ကိုလေသာ ဆိုတာ ဒါဘဲ (မှန်ပါဘုရား)ဘုရားဟောတော်မူတဲ့ အနုသယ အနုသယဆိုတာ ဒါဘဲ... (မှန်ပါ)။

တကာတကာမတွေ အနုသယ ဒီနေ့ သဘောကျပလား.... (ကျေပါပြီဘုရား)။

သူက ကိန်းသာနေတာတဲ့၊မမြင်ရဘူးတဲ့....(မှန်ပါ)"

တကာတကာမတို့ ကိန်းအောင်းသာနေတာတဲ့၊ဘာတဲ့တုံး.... (မမြင်ရပါဘုရား)။

ဒါကြောင့် မင်းတို့က မောင်နှိုင်တို့က ဘယ်သူ့မှလဲသွားပြီး မချီးမွမ်းနဲ့ အုံးက္၊ ခုတ်ကြည့်အုံး....(မှန်ပါ) ခုတ်ကြည့်လို့ အစေးမထွက်မှ ဘာတဲ့တုံး... (ချီးမွမ်းရပါမယ်ဘုရား) ချီးမွမ်း ရမယ်ဆိုတာ သဘောကျပလား....(ကျေပါပြီဘုရား)။

အေး... ဒါကြောင့် အားလုံးတကာတကာမတွေ ယနေ့တရား ပဲမှာ ဒီအစေးမသိမ်းသရွေ့ ကာလပတ်လုံးဖြင့် ဒီအစေးက ခဏ ခဏထွက်ပြီး ဒီအစေးလောင်ပြီး ဒီခန္ဓာပင်ဟာ သေမှာဘဲ.... (မှန်ပါ)မသေဘူးလား....(သေပါတယ်ဘုရား)။

အို...တခါတည်း အရှေ့ရှိတဲ့သားလဲ စိတ်မချလို့ ပူပန်တဲ့ အစေးထွက်ပြီ.... (မှန်ပါ) အနောက်ရှိတဲ့သမီးလဲ စိတ်မချလို့ (ပူပန်တဲ့အစေးထွက်ပါတယ်ဘုရား) ပူပန်တဲ့အစေးတွေထွက်နေ တော့ ခင်ဗျားတို့ဟာ အစေးထွက်တယ်ဆိုတော့ ဒီအစေးက လဲ လောင်တတ်တဲ့ အစေးဖြစ်နေတယ်....(မှန်ပါဘုရား)။

လောင်တတ်တဲ့အစေး ဖြစ်ပြီးသကာလနေတော့ ခင်ဗျားတို့ ကလဲ အခုတ်ခံချင်ချင်၊ အစေးကလဲ မခုတ်လေနဲ့၊ ခုတ်ယင်

ထွက်မယ်....(မှန်ပါ့) ထွက်ရလို့ရှိယင်လဲ အလကားတော့မရှိဘူး၊ ဒီအပင်လောင်မယ်-(မှန်ပါ့) ရှင်းကြပလား(ရှင်းပါပြီဘုရား)။

အဲဒါကို ခင်ဗျားတို့ လူ့ဘဝဆိုတာ ဒီလိုနေရတာဘဲဘုရား၊ အေးတာလှည့်၊ ပူတာလှည့်၊ ဆွေးတာလှည့်၊ ဒီလိုနေရတာဘဲ....လို့ ခင်ဗျားတို့ကပြောနေတော့၊ သြော်....လူ့ထုံးစံ ဒီလိုဘဲလို့ အောက်မေ့မနေနဲ့၊ မဟုတ်ပါဘူး၊ အစေးခန်းတဲ့ လူတမျိုး၊ အစေးမခန်းတဲ့ လူတမျိုး၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

အရိယာတွေကျတော့ မောင်နိုင်က ဘယ်နှယ်ဖြေမလဲ.... (အစေးခန်းသွားပါတယ်) ဘယ်အာရုံနဲ့တွေ့တဲ့ အစေးထွက်သေးရဲ့လား.... (မထွက်ပါဘုရား) ပုထုဇန်တွေ့ မှန်သ၍တော့ (အစေးထွက်ပါတယ်ဘုရား)။

အစေးထွက်တော့ကို-တဲ့၊ ဘယ်သူ သူတော်ကောင်းပါတယ်၊ မကောင်းဘူးဆိုတာ အစေးဆွက် မထွက်ကို အကဲခတ်- (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ သူတော်ကောင်းပါတယ်....၊ မကောင်းဘူးဆိုတာ အစေးထွက်,မဆွက် အကဲခတ်ပါ.. (မှန်ပါ့)။

အစေးထွက်,မထွက်ကို အကဲခတ်ကြည့်တော့မှ ကိုပေါ်ရဲ့ ရှင်းရှင်းလင်းလင်းပေါ်တယ်....(မှန်ပါ့) သဘောပါကြလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဒီအစေးဟာ နဂိုရှိအပင်ထဲမှာ မြင်ရသလားလို့ မေးယင် မောင်နိုင်ဘယ်နှယ်ဖြေမလဲ....(မမြင်ရပါဘုရား) အောင်းနေသလား၊ မအောင်းနေဘူးလားလို့ မေးလို့ရှိယင်ကော.... (အောင်းနေပါတယ်) အောင်းတယ်နော်....(မှန်ပါ့)။

အောင်းနေတာကို ရှိမှန်းသိအောင် ဘယ်လိုလုပ်မှရှိတဲ့ သတ္တိပေါ်လာသလဲ....(အစေးထွက်အောင်လုပ်မှ ပေါ်ပါတယ်)။

အဲ....ခင်ဗျားတို့ ကိလေသာတွေက နဂိုရိုက် ပုတီးကလေးစိပ်တာရုံးကလေးအားထုတ်ပြီးသကာလ မဂ်ဉာဏ်,ဖိုလ်ဉာဏ်မဆိုက်သေးလို့ ရှိယင် အောင်းနေတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဆိုက်လို့ ရှိယင်ဖြင့် တကာတကာမတို့ အစေးခန်းတယ်....(မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ဒီအစေးကိုပြောကြပါစို့....တဲ့၊ ကဲ....ဒီအစေးဟာ ဒီအပင်နှိပ်စက်တယ်ဆိုတာ ရှင်းအောင်ပြောကြပါစို့....။

မောင်နှိုင်ဒီအစေးဟာဒီအပင်ကိုနှိပ်စက်တယ်နော်....(မှန်ပါ့) ဒီအပင်ကထွက်တာသူမျှားအပင်ကူးပြီး နှိပ်စက်သေးသလားဗျာ (မနှိပ်စက်ပါဘုရား)။

ဒီအစေးဟာ ဒီအပင်ပေါ်တွင် စီးကျပြီးသကာလ ဒီအမြစ်တွေပူပြီးသကာလ ဒီရေသောက်မြစ်တွေလောင်တော့ ဒီအပင်ဘဲသေတာဘဲဆိုတာကော မမှန်သေးဘူးလား .... (မှန်ပါ့တယ်ဘုရား)။

အဲဒါ့ကြောင့်အခု သားနဲ့,မယားနဲ့,ဆွေနဲ့မျိုးနဲ့နေကြတဲ့ ပုဂ္ဂိုလ်မျှားမှာဖြင့် ဟိုဘက်လှည့်လဲ အစေးထွက်တာဘဲ (မှန်ပါ့) ဒီဘက်လှည့်လဲ....(အစေးထွက်ပါတယ်ဘုရား)မုန်းတဲ့ဘက်လှည့်လိုက်လဲ.... (အစေးထွက်သွားပါတယ်ဘုရား) ခင်တဲ့ဘက်လှည့်လိုက်လဲ.... (အစေးထွက်သွားပါတယ်ဘုရား) အလတ်စားဘက်

လှည့်လိုက်.... (အစေးထုတ်သွားပါတယ်ဘုရား) ထုတ်လို့ကို မအားတော့ဘူး....(မှန်ပါ့)။

မောင်အောင်ချို အားသေးရဲ့လား....(မအားပါဘုရား)။
ဒါဖြင့် ဒီအပင်ဟာ သေလွယ်မှ သေလွယ်ပါ့မလား....(သေလွယ်ပါတယ်ဘုရား)။

တကာတကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသိပ်မြင်စေယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

သဋ္ဌာယတန ဝဂ္ဂသံယုတ်ပါဋိတော်....တဲ့၊ ဒါဟာ အင်မတန်အရေးကြီးပါတယ်။

ခင်ဗျားတို့ကလဲ အခုတ်ခံချင်တဲ့ သဘောကလဲ တော်တော်များတယ်....(များပါတယ်ဘုရား)။

အခုတ်ခံချင်တဲ့သဘောကများတော့ကို ခင်ဗျားတို့ကို အာရုံတွေက ခုတ်လိုက်တယ်၊ ထစ်လိုက်တယ်နော်....(မှန်ပါ့) အဲဒီမှာ ခင်ဗျားတို့ကလဲ ခုတ်လိုက်တယ်၊ ထစ်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် တခါတည်း မျက်ရည်ကြီးငယ်ကျ၊ သောက,ပရိဒေဝတွေကော (လာပါတယ်ဘုရား) လောဘ, ဒေါသ, မောဟတွေကော.... (လာပါတယ်) ဣဿာ,မစ္ဆရိယ-တွေကော... (လာပါတယ်) တခါတည်း အစေးမျိုးစုံ မောင်မြင့် ဘာဖြစ်သလဲ.... (ထုတ်ပါတယ်ဘုရား) ထုတ်မလာဘူးလား.... (ထုတ်လာပါတယ်ဘုရား)

ဒါဖြင့် ဒီအစေးမျိုးစုံသည် ဒီအပင်ကို နှိပ်စက်မည့် အစေးလို့မှတ်လိုက်....(မှန်ပါ့)။

ဒီအစေးမျိုးစုံသည်.... (ဒီအပင်နှိပ်စက်မည့် အစေးပါဘုရား) ဒီအပင်ကိုနှိပ်စက်မည့် အစေးဆိုတာကို တကာတကာမတွေ့ကရှင်းထားတော့မှ သြော်....ကိုင်း....ဒါဖြင့် ဒီနှိပ်စက်တဲ့အစေးဟာ နှိပ်စက်တယ်-မနှိပ်စက်တယ် မောင်နိုင် ရှင်းကြစမ်း ဆိုတော့... ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောလိုက်သို့ရှိယင် မောင်မြင့်တို့ - မောင်အောင်ချိတို့ ရှင်းသွားမယ်... (မှန်ပါ့)။

ကိုင်း .. ဒါဖြင့် ကျောက်ကလေးတပုံ့ ကိုပေါ်ရေ- တွဲပြီ- (မှန်ပါ့) လိုချင်တဲ့အစေး ထွက်လာတယ်၊ မထွက်ဘူးလား... (ထွက်ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီလိုချင်တဲ့အစေး ထွက်လာပါလိမ့်မတုံး၊ ကျောက်တည်းဟူသောအာရုံက ခုတ်လိုက်လို့ ... (မှန်ပါ့)။

ကျောက်တည်းဟူသော အာရုံက ခုတ်လိုက်တော့ လောဘ အစေး ထွက်မလာဘူးလား.... (ထွက်လာပါတယ်ဘုရား)။

လောဘအစေး ထွက် ပလာတော့ ဒီအပင်ကထွက်တာနော်... (မှန်ပါ့) မခုတ်ခင်တုန်းက ထွက်သလား- ခုတ်မှထွက်သလား.... (ခုတ်မှထွက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာလာရော-နော်....(မှန်ပါ့) ဒီတဏှာသည်ကား လို့ ဆိုလို့ရှိယင် တဏှာပစ္စယာ ဥပါဒါန် ပွားတော့မယ်... (မှန်ပါ့) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါ) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဇာတိပစ္စယာ....(ဇရာ,မရဏပါဘုရား)။

သေမည်သာပြင်ပေတော့....(မှန်ပါ့) မသေသေးဘူးလား... ဒီဥစ္စာ....(သေပါတယ်ဘုရား)။

ကဲ· ဘယ်သူကသတ်တာတုံး ...(အစေးကသတ်တာပါဘုရား) အစေးကသတ်ဘာ မောင်နိုင်၊ သေချာကြပလား ... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒီအစေးဟာ ခင်ဗျားတို့ကို သတ်ပါလိမ့်မယ်၊ ခင်ဗျားတို့က ထုတ်တဲ့အစေး၊ ခင်ဗျားတို့ကို သေကြောင်းကျိုးပါလိမ့်မယ် .. (မှန်ပါ့) လဲ့ပါ့မလား .. (မလဲ့ပါဘုရား)။

ခင်ဗျားတို့က ထုတ်တဲ့အစေးနော် ...(မှန်ပါ့) ခင်ဗျားတို့ကို ဘဲ သေရာသေကြောင်း လုပ်ပါလိမ့်မယ်....(မှန်ပါ့)။

မောင်မြင့် ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာ ပြပြီကော.... (မှန်ပါ့) ဟိတ်စ္စသမုပ္ပါဒဲနဲ့ သေခသချာချာပြတော့ ဒါက ဘယ်သူမှ ငြင်းလို့ကို မရတော့ဘူး .. (မှန်ပါ့)။

ဖျတ်ဆို တကာတကာမတွေက ကြမ်းတဲ့အာရုံကလေးတွေ့ဘဲ့ အခါကျတော့ ထိတ်ကနဲ·လန့်ကနဲ မသွားဘူးလား ... (သွားပါတယ်ဘုရား) ထိတ်ကနဲသွားပါတယ်၊ ဟိုကအာရုံက ခုတ်လိုက်တယ်....(မှန်ပါ့) ထိတ်တဲ့ ဒေါသကလေး မလာဘူးလား.... (လာပါတယ်ဘုရား)။

အင်း... ဒေါသလာလို့ ရှိယင်ဖြင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, အဝိဇ္ဇာ, သခ်ၤါရ-မလာဘူးလား .. (လာပါတယ်ဘုရား)။

သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ-ဆိုတဲ့ ဥစ္စာသည် တကာတကာမတို့ လာပြီးပြီဆိုမှဖြင့် အဝိဇ္ဇာ သခ်ၤါရဝိညာဏ် နာမ်ရုပ်

တွေ့ဘက် မလှည့်ဘူးလား.... (လှည့်ပါတယ်ဘုရား) ဒါဖြင့် ဒီဘက် အသေ ပါမသွားသေးဘူးလား _ (ပါ-ပါတယ်ဘုရား)။

မောင်မြင့် ပါပလား....(ပါ-ပါတယ်ဘုရား) ဒါဖြင့် မင်းတို့ ထိတ်ကနဲသွားတဲ့ အလုပ်ဟာလဲ အဆိုးဘဲ (မှန်ပါ့) လန့်ကနဲသွားတဲ့ အလုပ်ဟာကော....(အဆိုးပါဘဲ) အဆိုးဘဲဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ· တခါတလေကျတဲ့ အခါကျလို့ ရှိယင် စိတ်ကို ဝေထွက်သွားတာဘဲဟေ့ မြင်လိုက်ရဟာ၊ မပြောကြဘူးလား· (ပြောပါတယ်ဘုရား)။

စိတ်ကိုဘာတဲ့ ... (ဝေထွက်သွားပါတယ်) အဝိဇ္ဇာဖြစ်တာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ) သင်္ခါရပစ္စယာ....(ဝိညာဏံ ပါဘုရား) ဟိုဘက် ဇာတိ ဇရာ မရဏကျအောင် ဒီအစေး သွား·မသွား....(သွားပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် တကာတကာမတွေ့ ခင်ဗျားတို့ နှိပ်ဗွာန် မရတာ ခင်ဗျားတို့ အစေးက ခင်ဗျားတို့ကို ဘဝ ဆက်ဆက် ပေးနေတယ်... (မှန်ပါ့ဘုရား) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့က ထွက်တဲ့ အစေးသည်.... (ဘဝဆက်ဆက် ပေးနေပါဘယ်ဘုရား)။

ဘဝသေ၊ သေပြီးတော့ဆက်၊ သေပြီးတော့.... (ဆက်ပါတယ်ဘုရား)ဆက်ဆိုတော့ မောင်အောင်ချိုတို့ အားစရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် ဒီအပင် အစေးသိမ်းလို့ရှိယင်ဖြင့် ခင်ဗျားတို့ လွှတ်ငြိမ်းတော့မယ်....(မှန်ပါ့)။

ဒီအပင် အစေးသိမ်းယင်... (လွှတ်ငြိမ်းပါတော့မယ်)။

အေး... ဒေါ်အုန်းမေကြီး-ကောင်းကောင်း သဘော ကျရဲ့နော်....(မှန်ပါ့ဘုရား)။

ဘာလုပ်ရမှာတုံး....ဒါဖြင့် ဒီနေ့တရားမှာ.... (အစေးသိမ်းရပါမယ်ဘုရား) အစေးသိမ်းရမယ်။

အစေးသိမ်းရတော့မယ်ဆိုလို့ရှိယင် တကာ တကာမတွေ့ကမသိသေးတဲ့ပုဂ္ဂိုလ်ကဲ့ ကိလေသာ အစေးတွေ သိမ်းရတော့မယ်လို့ ဆိုလို့ရှိယင်ဖြင့် ဖြေးဖြေးမှ သိမ်းပါရစေ၊ လာချင်လာနေမှာ....(မှန်ပါ့)။

ဘယ့်နှယ်လာမလဲ.... (ဖြေးဖြေးမှ သိမ်းပါရစေလို့ လာပါတယ်ဘုရား)။

အခုဟာက အလုပ်ကလေးက မပြတ်သေးလို့ ဆိုတော့ အစေးထွက်ပါရစေ... (မှန်ပါ့)ဘယ့်နှယ်ဆိုကြသလဲ.... (အစေးထွက်ပါရစေ....တဲ့)။

အစေး ထွက်ပါရစေဦးဆိုတာ အလုပ်ကလေး မပြတ်သေးလို့ဆိုတာ ဘာပါလိမ့်....(အစေးထွက်ပါရစေဘုရား)။

ဩော်....အစေးလောင်ပြီး သေချင်တာက များပါကလား (များပါတယ်ဘုရား)။

တကာ တကာမတို့ ဒီဥစ္စာ ကောင်းကောင်း သဘောကျရဲ့ နော်—(ကျပါတယ်ဘုရား)။

သေသေချာချာ ရှင်းပါ၊ သေသေချာချာ ရှင်းပါ တကာ တကာမတို့ ကိုယ့်ခန္ဓာကိုယ် ရောက်-မရောက်လဲ အကဲခတ်ပါ အုံး....(ရောက်ပါတယ်ဘုရား)။

ကိုင်း....ခင်ဗျားတို့ ဒီအစေးသိမ်းတဲ့အလုပ်ကို လုပ်ပါတော့ ဆိုတော့ အခုတ်ခံတဲ့အထဲ များများနေတယ်....(မှန်ပါ့) အစေး သိမ်းတဲ့အလုပ်ကျယင်... (နည်းနည်းနေပါတယ်) ဘာပြုလို့တုံး ဆိုတော့ ဆက်ပြီး မသေရမှာစိုးလို့....(မှန်ပါ့) ဒီအစေးလောင် ပြီး ဆက်ပြီး မသေရမှာစိုးတာနဲ့....(မှန်ပါ့)။

ဒါ ဘောက်ပြောနေတာလား၊ ခင်ဗျားတို့ ဖြစ်စဉ်အကိုက် ပြောနေတာလားဆိုတာ အကဲခတ်ပါအုံး.... (ဖြစ်စဉ်အကိုက် ပြောနေတာပါဘုရား)။

ဖြစ်စဉ်အကိုက် ပြောနေတာဆိုတာ မောင်အောင်သိန်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အစေးထုတ်တဲ့ဆီကျတော့ မင်းတို့ အချိန်များများ မယူကြ ဘူးလား....(ယူပါတယ်ဘုရား) အစေးသိမ်းတဲ့ အလုပ်ကျတော့ အချိန်များများယူလို့ရရဲ့လား.... (မရပါဘုရား)။

ဟာ....အာ....ကိုပေါ် ကိုယ်လိမ်မာတာလား....၊ ကိုယ်မိုက် တာလား....(ကိုယ်မိုက်တာပါဘုရား)။

ကိုယ် အစေးနဲ့ ကိုယ်ထွက်ပြီးသကာလ သေပြီးရင်း အစေး ထွက်တဲ့အပင် ဖြစ်ချင်ရင်း....(မှန်ပါ့) သေပြီးရင်း.... (အစေး ထွက်တဲ့အပင် ဖြစ်ချင်ရင်းပါဘုရား)။

ဒါဖြင့် အစေးကြောင့် သေတဲ့ သစ်ပင်လဲ ဖြစ်လိုက်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) နောက်တခါ သစ် ပင်သစ်ကိုလဲ ဖြစ်ဘို့ရာ သူကြိုးစားလိုက်ဆိုတော့ ဒီအစေး သတ် တာလဲ သူ သံဝေဂမရဘူး...(မှန်ပါ့)နောက် အစေးပါလာလို့ သေအုံးမှာကော....(သံဝေဂမရပါဘုရား)။

သံဝေဂ မရဘူးဆိုတော့ မောင်မြင့် မိုက်ချက်သန်တယ်... (မှန်ပါ့) တကာ တကာမတို့ ဆိုထိုက်-မဆိုထိုက် .... (ဆိုထိုက် ပါတယ်ဘုရား)။

မိုက်ချက် သိပ်ပြင်းထန်တယ်... (မှန်ပါ့) သေသေချာချာ ဒီနေ့တရားမှာ ပေါ်လာပြီ၊မောင်မြင့် မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။

ပေါ်ပြီ နောက်က တကာ တကာမတွေနော် .... (မှန်ပါ့) အိမ် စိတ်မချရဘူးဆိုတဲ့ဥစ္စာ မောင်နိုင် စဉ်းစားကြည့်နော်.... (မှန်ပါ့) အိမ်စိတ်မချရဘူးလို့ ဆိုတဲ့ဥစ္စာ ဒီမှာ အစေးထွက် တယ်....(မှန်ပါ့)မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား)။

အိမ်ပေါ်တွင်နေတော့ကော....တဲ့၊အိမ်ပူစရာ, အိမ်ဆွေးစရာ တွေ အိမ်နဲ့တွေးပြီးသကာလ ကြုံစရာတွေ,စိုးရိမ်စရာတွေ မလာ ဘူးလား....(လာပါတယ်ဘုရား)။

နို့.... အိမ်ပေါ်နေလဲ အစေးထွက်နေတာဘဲ .... (မှန်ပါ့) အိမ့်ပြင်ဘက်နေလဲ....(အစေးထွက်နေတာပါဘဲဘုရား)။

အစေးထွက်နေတော့ကို သောကစေး, ဒေါသစေး, မောဟစေး, ဣဿာ,မစ္ဆရိယ,မာနအစေးတွေဟာ တမျိုးပြီးတမျိုးလာတယ်... (မှန်ပါ့) လာသ၍လဲ ဒီအပင်သတ်ဘို့ချည်းဘဲ... (မှန်ပါ့) ဒီအပင်သတ်ဘို့ နောက်အပင်ဖြစ်ဘို့... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီအပင်ကော.... (သတ်ဘို့ပါ) ဒီခန္ဓာကြီးကိုလဲ သတ်ဘို့ဘဲ (မှန်ပါ့) နောက်အပင်ကော....(ဖြစ်ဘို့ပါဘုရား)။

နောက်အပင်ကလဲ ဒီအစေးလောင်လို့ သေရတဲ့ အပင်မှန်း သ၍ဟာ အပါယ်ပင်ချည်းပေါက်တယ်... (မှန်ပါ့)။

ဒီအစေးလောင်လို့ သေတဲ့အပင်ဟူသ၍ဟာ.... (အပါယ်ပင်ချည်း ပေါက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် နဂိုရိုကမှ အစေးလောင်သေတော့ သေခြင်းဆိုးကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နောက် အပင် ပေါက်တဲ့အခါ ကျတော့ အပါယ်ပင်ဘဲ ပေါက်နိုင်မယ်.... သေခြင်းဆိုး သေတာကိုး... (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

သေခြင်းဆိုးသေသောကြောင့် ဘာပင်ပေါက်မလဲ (အပါယ်ပင်ပေါက်ပါမယ်ဘုရား)။

ဩော်... တကာတကာမတော့ဒါဘဲကြိုးစားနေကြသလားလို့ မေးလို့ရှိယင်မှသားမပါဘဲနဲ့ ပြောလို့ရှိယင်တပည့်တော်တို့နေပုံ

ထိုင်ပုံဟာ ဒါကြိုးစားနေတယ်....(မှန်ပါ) အတော် မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပါ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်ကြည့်မှ မောင်မြင့်တို့ ရှင်းတယ်....(မှန်ပါ) မောင်အောင်ချီတို့ ဘယ်နှယ်ဘုံး....(ရှင်းပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်ကြည့်လိုက်တော့ (ရှင်းသွားပါတယ်) ဒီအပင် သေအောင်လုပ်တာလဲ ဒီအစေးတွေ လောင်တာဘဲ... (မှန်ပါ)။

တချို့လောဘနဲ့ သေသွားတယ်၊ မောင်မြင့် မရှိဘူးလား... (ရှိပါတယ်)အစေးလောင်သေတာ။

တချို့သူ့ဒေါသနဲ့ သူသေသွားတာကော ... (ရှိပါတယ် ဘုရား)တချို့လဲ မသိလိုက် မသိဖါသာ မောဟနဲ့ သေသွားတာကော...(ရှိပါတယ်ဘုရား)။

ဒါ....ဘာလောင်သေတာလဲ.... (အစေးလောင် သေတာပါဘုရား)။

အစေးလောင်ပြီး သေပြီးသကာလ ပဋိစ္စသမုပ္ပါဒ်က နောက်အပင် ပြန်ပေါက်ပြန့်တယ်.... (မှန်ပါ) မပေါက်ဘူးလား... (ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် သတ်တာလဲ ဒီအစေးဘဲ၊ နောက်အပင် ပြန်ပေါက်တာလဲ....(ဒီအစေးပါဘဲဘုရား)။

ဒီအစေးဘဲဆိုသဖြင့် ဒီအစေး မခန်းသ၍ ကာလပတ်လုံး

ဒီအပင်ဟာ ဧီလိုချည်း ပေါက်ပေါက်နေမှာဘဲ .... (မှန်ပါ့)
ဒီလိုသေပြီးသကာလ ဒီအပင်မျိုးချည်းပေါက်နေမယ်....(မှန်ပါ့)
ရှင်းကြပလား_ (ရှင်းပါပြီဘုရား)။

ဘယ်လောက် အရေးကြီးသတုံး.... (ကြီးပါတယ်ဘုရား)
အင်မတန် အရေးကြီးတယ်ဆိုတာ တကာတကာမတွေ့ ယနေ့ တရားမှတ်ပါ။ ခဗျာရရကျောပမသုတ်တဲ့နော်... (မှန်ပါ့) အစေး ထွက်တဲ့အပင်ကို ငါဥပမာ ပြောမယ်ဆိုတော့ ရိပ်မိကြပလား (ရိပ်မိပါ့ပြီဘုရား)။

တကာတကာမတွေ့ အစေးမထွက်တဲ့နေရာနဲ့ အစေးထွက်တဲ့ နေရာ ဘယ်နေရာမှာ ခင်ဗျားတို့ စိတ်ကူးကြသတုံးလို့ မေးလို့ ရှိယင် မောင်နှိုင် မင်းတယောက်တည်း ရှင်းရှင်းပြောစမ်းပါ.... (အစေးထွက်တဲ့နေရာ နေဘို့စိတ်ကူးပါတယ်ဘုရား)။

ဒါဘဲ.... (မှန်ပါ့) နောက်က တကာတကာမတွေ့ ဟုတ်ပြီ လား....(မှန်ပါ့)။

အစေးထွက်တဲ့ နေရာဘဲ နေဘို့ရာ စိတ်ကူးနေတယ်ဆိုတော့ အင်း... ဒါတွေ့ဟာ ဒီအစေးက ဒီအပင်ကို သတ်မယ်ဆိုတာလဲ သူသိရဲ့လား... (မသိပါဘုရား)။

မသိဘူး၊ နောက်အပင်ဟာ အပါယ်ပင်တွေ့ ပေါက်မည့် အစေးတွေ့ဘဲဆိုတာကော....(မသိပါဘုရား)။

ကျုပ်တော့ဖြင့် ကျကာမှကျ၊ခံရုံဘဲ၊ဒါကလေးနဲ့ မခဲနိုင်ဘူး၊ ခံရုံဘဲတဲ့.... (မှန်ပါ့ဘုရား) ပေလိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ့ဘုရား) မခပဘူးလား-ပေသလား....(ပေပါတယ်ဘုရား)။

သေသေချာချာ စဉ်း စား ကြည့် ပါ.... ၊ ဘုန်းကြီးက ကျောင်းကနေ ပြောနေတာလား... ၊ ခင်ဗျားတို့ ဖြစ်စဉ်နဲ့ ကျောင်းကနေ ပြောပေမဲ့ ခင်ဗျားတို့ဖြစ်စဉ်နဲ့ ကိုက်နေတာဘဲ လား ဆိုတာလဲ အကဲခတ်ပါအုံး....(ကိုက်ပါတယ်ဘုရား)။

ကိုက်နေတာဘဲဆိုတော့ ဒီတရားက မြတ်စွာဘုရားသခင်ကိုယ် တော်မြတ်ကြီး သင်္ဃာယတနဝဂ္ဂသံယုတ်ပါဠိတော်မှာ သေသေချာ ချာ ဟောတဲ့ဥစ္စာ၊သြော်.... တော်တော့ကိုတော့်းလုံးသန်တဲ့ပုဂ္ဂိုလ် မှသာလျှင် ငါဟာ အနေဆိုးနေတဲ့အထဲ ငါပါနေတယ်ဆိုဘာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

အစေးများများထွက်တဲ့နေရာမှာ.... (နေတဲ့အထဲပါ·ပါတယ် ဘုရား)ပါနေတယ်နော်....။

ဥပမာ ဒီလာပြီး တရားအားထုတ်နေတဲ့ တကာတကာမတွေ့ ဘဲထားပါတော့၊ ရက်တိုတိုနဲ့ ပေါက်ချင်တယ်ဆိုတဲ့ ရည်ရွယ် ချက်ဟာ လူတိုင်းရှိတယ်....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ရက်တိုတိုနဲ့ ပေါက်ချင်တာတုံး မေးတော့မှ၊ သြော်....အစေးထွက်စရာက ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

အင်း .... အစေးထွက်ဘို့ရာက မြန်မြန် ထွက်ချင်သေးတဲ့ သဘောက မရှိဘူးလား....ရှိသလား...(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီအစေးဟာ လောင်တတ်တဲ့ အစေးလို့လဲမသိဘူး

နောက်ထပ် အပင်ဆိုးတွေပေါက်မယ်ဆိုတာကော .... (မသိပါဘုရား)။

မသိတော့ကိုတဲ့ မောင်နှိုင်ရေ တရားဟောရတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားမဟောချင်ဘူး၊ ငါ့တရားကသိပ်နက်တယ်၊ သူတို့အကြိုက်နဲ့ မကိုက်ဘူး....(မှန်ပါ့ဘုရား)တခါတည်း ညည်းမလာဘူးလား....(ညည်းပါတယ်ဘုရား)။

အဲဒီမှာ ဗြဟ္မာကြီးကတောင်းပန်လို့ အရှင်ဘုရားမကြိုက်တဲ့လူလဲရှိပါတယ်၊ ကြိုက်တဲ့လူလဲ ပါ·ပါသေးတယ်၊ အဲဒီကြိုက်တဲ့လူအတွက်ဧ့ပြီး ဟောတော်မူပါအုံး .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီထဲကော ဘယ်လိုလူတွေ၄့်ဟောနေတယ် ဆိုတာကောရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မကြိုက်တဲ့လူလဲ ပါရမ္မာဘဲ.... (မှန်ပါ့) ကြိုက်တဲ့လူကော.... (ပါရမ္မာပါဘုရား)။

ဘယ်သူ၄့်ဟောနေရတာလဲ .... (ကြိုက်တဲ့လူ ၄့်ဟောနေရတာပါဘုရား)။

ကြိုက်တဲ့လူအတွက် ငဲ့ဟောနေရတာ ဆိုတော့ မင်းတို့က မောင်နှိုင်တို့က တခါတခါကျတော့၊ အို....ဘုန်းကြီးများလို့ မလွယ်ဘူး၊တပည့်တော်တို့က....လာပြီမောင်နှိုင်လာပြီ၊ ဒီအတိုင်းဘဲ-(မှန်ပါ့)မလွယ်ဘူးဘုရာ့၊သားနဲ့ သမီးနဲ့ဆွေနဲ့မျိုးနဲ့နေရတယ်ဆိုတဲ့ဥစ္စာက အားတယ်မရှိဘူး၊ပူရ,ဆွေးရ,နေရတာကို သူ့နေရာ

အာလေးနဲ့ သူနေမှာဘဲ တော်တယ်ဆိုတော့ အစေးထုတ်တဲ့ နေရာမှာ သူပျော်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်နေရာ ပျော်ကြသလဲ....(အစေးထုတ်တဲ့နေရာ ပျော်ပါတယ်ဘုရား)။

ကိုလေသာစေးများ များများမထုတ်ရလို့ ရှိယင်ဖြင့် သားတွေ့, သမီးတွေ့,မြေးတွေ့,မြစ်တွေက ဆွဲကုန်လို့ ရှိယင် လိုက်အုံးမယ်....(မှန်ပါ့) ဘာဖြစ်လို့ တုံး ... (အစေးများများ မထုတ်ရလို့ပါ) ခပ်ခြောက်ခြောက် ဖြစ်နေလို့....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အင်း....လိုက်အုံးမယ်ဆိုတော့ ဟိုမှာ အစေးထုတ်ရတာ သူကျေနပ်နေတယ်၊ ဒီအစေးက ဒီအပင်ပေါက်မယ်ဆိုတာကော (မသိပါဘုရား) သေချာတော့ သေချာတယ်.... (သေချာပါတယ်ဘုရား)။

သတ်မှာကတော့....(သေချာပါတယ်) သတ်မှာကတော့ သေချာပါတယ်၊နောက် မကောင်းပင်ပေါက်မယ်ဆိုတာကော.... (သေချာပါတယ်ဘုရား)။

သေချာဘာကို ဒီ-နှစ်ခုကို ယနေ့ည ရှင်းရှင်းမှတ်ပါ.... (မှန်ပါ့) နောက်တော့ ဝိပဿနာနဲ့ သိမ်းပေးမပေါ့ (မှန်ပါ့)။

ကဲ....မင်းတို့ ဖြစ်စဉ်တွေ့ ဘယ့်နှယ်တုံးဟေ့ ကိုက်ကြရဲ့လား....(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအစေး မခြောက်သ၍ နိဗ္ဗာန်မရောက်ဆိုဘာ.... (မှန်ပါတယ်ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ် ဒီအပင်က စပြီး အစေးထွက်တော့ ဒီကပဋ္ဌိစ္စသမုပ္ပါဒ် စ·တာကိုး... (မှန်ပါ့ဘုရား) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်သည် အစေး ထွက်-ထွက်ခြင်း စ,တာဘဲ.... (မှန်ပါ့)။

ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်....(အစေးထွက်-ထွက်ခြင်း စ,တာပါဘုရား)။

အစေးထွက်- ထွက်ခြင်း ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်ကယင်လဲ ထွက်ချင်ထွက်လာတယ်... (မှန်ပါ့) အဆုံးက စ,ပြီးတော့-(ထွက်ချင်လဲ ထွက်ပါတယ်) အစတာ စ,ပြီးတော့.... (ထွက်ချင်ထွက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်အစ ခန္ဓာပင်က ထွက်တာ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်အစ.... (ခန္ဓာပင်က ထွက်တာပါ) ခန္ဓာပင်က ထွက်တဲ့အစေး....(မှန်ပါ့)။

ခန္ဓာပင်က ထွက်တဲ့ အစေးဆိုတော့ ဒါ့ကြောင့် မောင်နှိုင်လူငယ်နဲ့ လူကြီး ဘယ်သူ ပိုမိုက်သတုံးလို့ မေးတဲ့အခါကျတော့ မင်းတို့က အို....လူကြီးက ဗဟုသုတများတာပေါ့ဘုရား။

သူ့ဗဟုသုတက သံယောဇဉ်ဘက်ကဟာတွေ များနေတာကိုး....(မှန်ပါ့ဘုရား)။

ဘာတွေ များနေတာတုံး... (သံယောဇဉ်တွေ များနေတာပါဘုရား)။

ငယ်ငယ်တုန်းက ဒါလောက် သံယောဇဉ် မရှိဘူး-(မှန်ပါ့)။ ခုတော့ သားတွေ,သမီးတွေက လည်ပတ်နေတယ်၊ ကျုပ်တို့ စိတ်ချတော့ ဆိုပေမဲ့လဲ ဘယ်သူ့ဗဟုသုတက ကြီးလာတော့ အို.... ဘယ်သူ့သား ဘာဖြစ်သတဲ့၊ ဘယ်သူ့သမီး ဘာဖြစ်သတဲ့၊ အဲဒီ ဗဟုသုတတွေက စုံနေတာကိုး.... (မှန်ပါ့) ရိပ်မိပလား.. (ရိပ်မိပါပြီဘုရား)။

ရိပ်မိတော့ သူတို့မှာ အစေးက နဂိုရင်က မထွက်တတ်တာတွေ့တောင်.... (ထွက်ပါတယ်) ထွက်လာတယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ.... ဗဟုသုတ များနေတာဘဲ၊ အစေးထွက် ဗဟုသုတ များနေတာဘဲ.... (မှန်ပါ့) အစေးသိမ်းက မပါဘူး.... (မပါ-ပါဘုရား) ပါရဲ့လား.... (မပါပါဘုရား)။

ဒါ-လူကြီးတွေ စောင်းဟောနေတယ်လို့ များ အောက်မေ့မနေနဲ့နော်.... (မှန်ပါ့) ဖြစ်စဉ်က ဒီအတိုင်းဖြစ်နေလို့၊ နဂိုရင်က အစေးမထွက်ရလို့ ရှိယင် မောင်မြင့် ကျေနပ်တဲ့ သဒ္ဓာမျိုး ရှိပါရဲ့လား... (မရှိပါဘုရား)။

သူများက ဒီလို အစေးမထွက်လို့ ရှိတာတောင် နောက်က တကာတကာမတွေ တချို့က ကဲ့ရဲ့သေးတယ်၊ နေနိုင်လိုက်တာ သူတို့တဲ့... (မှန်ပါ့) ဘယ်သူ့ကဲ့ရဲ့တာလဲ....(အစေးမထွက်တဲ့လူကဲ့ရဲ့တာပါဘုရား)။

အစေးမထွက်တဲ့ပုဂ္ဂိုလ်ကို ကဲ့ရဲ့တာ၊ဟိုက သူတော်ကောင်း၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီပုဂ္ဂိုလ် ဘာခံရသလဲ....(ကဲ့ရဲ့ခံရပါတာယ်ဘုရား)။
အံမာလေး....အစေးထွက်တဲ့ ပုဂ္ဂိုလ်က အစေးငြိမ်းတဲ့ပုဂ္ဂိုလ်
ကို တခါတည်း ကဲ့ရဲ့ပြီးသကာလမျှား နေလိုက်သေးတယ် ဆို
တော့ ဘုရားကို ပုတ်ခတ်တာနဲ့ အတူတူကျနေတယ်.... (မှန်ပါ့)
မကျဘူးလား.. (ကျူပါတယ်ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါ
ပြီဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဟာ အလွဲ
စာတ်ထားတာကိုး....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(အလွဲတတ်ထားပါတယ်ဘုရား)။

အလွဲတတ်ထားတာ၊ အစေးထွက်တဲ့ အလုပ်ဆိုယင် အကုန်
တတ်တယ်.... (မှန်ပါ့) အစေးသိမ်းတဲ့ အလုပ်ဆိုယင် တစက်မှ
မပါဘူး....(မှန်ပါ့)ပါရဲ့လား....(မပါပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါကလား တကာတကာမတို့
ဘယ်ကမျှား ခင်ဗျားတို့ ရ,ထားပါလိမ့် အစေးထွက်တဲ့နည်း
တွေ သဘောကျပလား....(ကျပါပြီဘုရား)။

ရပ်ရွာထဲမှာ ပတ်ဝန်းကျင်က သင်တာ....(မှန်ပါ့) ပြီးတော့
ကို မသိတဲ့ ရွေးလူကြီးတွေက သင်ထားတယ်....(မှန်ပါ့)။

ခလေး ဒီလို မေ့းရတယ်၊ ဒီလိုစိုးရိမ်ရတယ်၊ ဒီလိုကြောင့်ကြ
ရတယ်၊ဒီလို ပစ်မထားရဘူး၊ ဟော-မလာဘူးလား- လာသလား
(လာပါတယ်ဘုရား)။

အဲဒါနဲ့ဘဲ ဒီအစေးထွက်တဲ့ နည်းတွေ ဘယ့်နှယ်တုံး ....
(တတ်ပါတယ်ဘုရား)တတ်ကုန်တာဘဲ၊ တတ်ကုန်တော့ ဒီအပင်

ဘဲ့ မသေဘူးလား....(သေပါတယ်ဘုရား) နောက်အပင်ကော....
(ပေါက်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့်ပေါက်တာတုံး- (အစေးကြောင့်ပါ)အစေး ကြောင့် ပေါက်တာ၊ အစေးဘယ်က ထွက်သတုံး.... (အပင်က ထွက်ပါတယ်ဘုရား) အပင်ကထွက်တယ်။

ထွက်အောင် ဘယ်သူက လုပ်သတုံးဆိုတော့ သူကိုယ်တိုင်က ခေးထဲတိုးတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။
သူကိုယ်တိုင်က....(ခေးထဲတိုးပါတယ်) အင်း.... ခေးမလာ လို့ရှိယင် ခုတ်စမ်းပါထဲက....(မှန်ပါ့)ရိပ်မိကြပလား.... (ရိပ်မိ ပါပြီဘုရား)။

အဲဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မောင်မြင့်တို့ မောင်အောင်ချိတို့ တရားမဟောချင်ဘူးဆိုတာမင်းတို့က အစေး မထွက်ရတဲ့နေ့မှာ မကျေနပ်ဘူး....(မှန်ပါ့) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

ဘယ်လိုတုံး .... (အစေး မထွက်ရတဲ့ နေ့မှာ မကျေနပ်ပါ ဘုရား)။

ဒီနေ့- နေရတာ သားကလဲ မရှိ၊သမီးတွေကလဲမရှိ၊ အကုန် ကျောင်းတွေ,ဘာတွေ သွားလာကုန်ကြတော့ အိမ်နေရတာ ယောင်ခြောက်ဆယ်ကြီး၊ ဟာ-အစေးမထွက်ရလို့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး....(အစေးမထွက်ရလို့ပါ) ဘယ်သူ့မှလဲ ဒေါသ နဲ့ မအော်ရဘူး၊ ဘယ်သူ့အတွက်မှလဲ ပြုံးစရာကလဲမရှိဘူး၊

ပြုံးတာလဲ အစေးထွက်တာကိုး .... (မှန်ပါ့) မဲ့တာကော.... (အစေးထွက်တာပါဘုရား)။

အဲဒီတော့ အစေးမထွက်ရယင် ဘာတဲ့တုံး.... (မကျေနပ်ပါဘုရား)။

ပျင်းခြောက်ကြီး ဖြစ်နေတယ်ဆိုတော့ ကဲ....ဒါဖြင့် သံသရာမဆက်ရယင် ဘာတဲ့တုံး.... (မကျေနပ်ပါဘုရား) ပျင်းခြောက်ကြီးဖြစ်နေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒေါအုန်းမေကြီးတို့ သဘောပါရဲ့လား.... (ပါ-ပါတယ် ဘုရား)။

ဘယ့်နှယ်တုံး အစေးများထွက်ချင်သေးသလား.... (မထွက်ချင်ပါဘုရား)။

မထွက်ချင်တော့ဘူး၊ နေရာကျပါပြီတဲ့၊ ဒါဟာ အင်မတန်မှန်တဲ့တရားမို့ မောင်နှိုင် ဒီလောက်ပြောနေတာ .... (မှန်ပါ့)။

ဒီရရှုကွောပမသုတ်ဆိုတဲ့ဥစ္စာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး အလွန်အရေးကြီးပြီးသကာလ ဟောပါတယ်-တဲ့ ဒီအစေးမခန်းသ၍ ဒီအပင်ဟာဖြင့် သေပွဲဇာတ် မသိမ်းသေးပါဘူး....(မှန်ပါ့)။

ဒီ အစေးမခန်းယင်....(ဒီအပင်အသေဇာတ်မသိမ်းပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီအစေးမခန်းသ၍ တကာ တကာမတို့.... (ဒီအပင် အသေဇာတ် မသိမ်းပါဘုရား)။

ကဲ....ဒါဖြင့်ခင်ဗျားတို့ ဒါန,လောက်နဲ့ ဝေးပါသေးတယ်၊ နိဗ္ဗာန်ရောက်ဘို့....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမယ်....(ဝေးပါတယ်ဘုရား)။

ဒီအစေးတွေက ဒီအပင်ကိုလဲသတ်မယ်၊ နောက်အပင်လဲ ပေါက်မယ်ဆိုတော့ ဒါန, သီလ လောက်နဲ့ အားကိုးလို့ရပါ့မလား....(မရပါဘုရား)။

ကဲ....ခင်ဗျားတို့က နဂိုရှိတုန်းကတော့ ကိုယ် နာထားတဲ့ တရားကလေးက သာမည အောက်တန်း တရားကလေး ဖြစ်နေတော့ မောင်နှိုင် ကိုယ့်ဟာကိုယ် အတော်ကလေးအားကိုးတယ် (မှန်ပါ့ဘုရား)။

အခု သေသေချာချာ ခန္ဓာက အစေးထွက်တာကို ဟော လိုက်တဲ့ အခါကျတော့ ဟိုဒါနကလဲ မကယ်နိုင်တော့ဘူး.... (မှန်ပါ့) ကယ်နိုင်သေးရဲ့လား....(မကယ်နိုင်ပါဘုရား) သီလက ကော....(မကယ်နိုင်ပါဘုရား)။

မကယ်နိုင်ဘူး၊ ကိုယ့်အစေးနဲ့ ကိုယ်သေ... (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)ကိုယ့်အစေးနဲ့ ကိုယ်ဘဲ နောက်အပင်ပေါက်ဆိုတော့ မောင်အောင်ချိတို့,မောင်မြင့်တို့ ဒါန,သီလနဲ့ ဘာဆိုင်သတုံးကွ....(မဆိုင်ပါဘုဆုံး)။

သေသေချာချာ ဥာဏ်ထဲရောက်ကဲ့သား (ရောက်ပါတယ်) ဒါဘယ်ကထွက်တဲ့ အစေးပါလိမ့်....(ခန္ဓာပင်ကပါဘုရား)။

ခန္ဓာကထွက်တဲ့ အစေးကွ၊ဒီအစေးက ဘယ်သူ့ သဘ်သတုံး (ခန္ဓာကိုယ် ပြိန်သတ်ပါတယ်ဘုရား)။

ခန္ဓာသတ်တယ်၊ နောက်အပင် ပေါက် ပြန် တော့ ကော.....
(ခန္ဓာဘဲပေါက်ပါတယ်) ဒီအစေးကြောင့်ဘဲ ပြန်ပေါက်တာဘဲ
(မှန်ပါ့)ဒီအစေးက ပဋိစ္စသမုပ္ပါဒ်ဖြစ်ပြီး ပေါက်တယ်... (မှန်
ပါ့)ရိုပ်မိကြပလား....(ရိုပ်မိပါပြီဘုရား)။

ဇာတိ, ဇာတိ, ဇာတိဆိုပြီး လာပြန်တာဘဲ....(မှန်ပါ့)မလာ
ပေဘူးလား....(လာပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ခင်ဗျားတို့ အားကိုးနေတာကလေးဟာ
အစေးခန်းအောင် လုပ်တာမှ အားကိုးအစစ်.... (မှန်ပါ့ဘုရား)
ရှင်းပလား... (ရှင်းပါပြီဘုရား)။

အစေးခန်းအောင် လုပ်တဲ့ အလုပ်မှ .... (အားကိုးအစစ်ပါ
ဘုရား)။

အားကိုးရာ အစစ်....တဲ့၊ အစေးမခန်းတဲ့ အလုပ်ဟူသျှဖြာ
ဖြင့် တကာ တကာမတို့ အဇေးထွက်ပြီးသကာလ ဒီအပင်သေမှ
ဘဲ... (မှန်ပါ့) နောက်အပင်ပေါက်မှဘဲ.... (မှန်ပါ့) မလာဘူး
လား....(လာပါတယ်ဘုရား)။

ဒီအပင် သေမှဆိုတာလဲ ဒုက္ခသစ္စာ.... (မှန်ပါ့) နောက်
အပင်စ, ပေါက်မှဆိုတာကော....(ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဒီဒုက္ခသစ္စာနှစ်ခု ဘယ်ကလာသတုံးလို့ မောင်
အောင်ချိတို့၊မောင်မြင့်တို့တွေးစမ်း(ခန္ဓာကလားပါတယ်)မလာနဲ့
အစေးကလာတယ်....(မှန်ပါ့ဘုရား)။

အစေးကလာတယ်၊ အစေးဘယ်က လာသတုံး ဆိုမှ....
(ခန္ဓာကလာပါတယ်)ခန္ဓာကလာတယ်။

ခန္ဓာက ခန္ဓာတိုင်းက လာသလား၊ အစေးခြောက်နေတဲ့ အပင်ကလာသလား၊ အစေးစိုနေတဲ့ အပင်ကလာသလား ... (အစေးစိုနေတဲ့အပင်က လာပါတယ်) ဘုရား ရဟန္တာ ခန္ဓာကျတော့မလာဘူး....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဩော် ....ဒါဖြင့် အိမ်ပြန်လို့ရှိယင် ဘယ်အစေးက စ,ထွက်သတုံးဆိုတာ ခင်ဗျားတို့သေသေချာချာတွေး.... (မှန်ပါ့ဘုရား)။

တွေးလိုက်လို့ပေါ်၊ ပေါ်ရာက သတ်လိမ့်မယ်....(မှန်ပါ့) သတ်ပြီးနောက် အပင်ပေါက်လိမ့်မဟေ့ ဆိုတာကော ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မျက်လုံးကလေးဖွင့်လိုက်မှာ သိပ်ကြောက်တယ် ဘုရားက.... (မှန်ပါ့) မကြောက်ပေဘူးလား .... (ကြောက်ပါတယ်ဘုရား)။

မျက်လုံးဖွင့်ယင် တခုခုနဲ့ တိုက်တော့မယ်....(မှန်ပါ့)မတိုက်ပေဘူးလား—(တိုက်ပါတယ်ဘုရား)။

ဘယ်သူမရှိဘူးလား....၊ဒီအခြိန်တောင် မပြန်သေးဘူးလား၊ ဟ....အစေးထွက်ပြီ၊မထွက်သေးဘူးလား-ထွက်သလား— (ထွက်ပါတယ်ဘုရား)။

အေး....လာတော့ လာမှာဘဲ၊ လာပေမဲ့လဲ ကိုယ်ကစိုးရိမ်တတ်တယ်ဆိုတော့ အစေးထွက်ပလား- မထွက်သေးဘူးလား.... (ထွက်ပါပြီဘုရား)။

ကိုင်းဒါဖြင့် မျက်လုံးဖွင့်လိုက်ယင် အစေးထွက်ပြီ....(မှန်ပါ့) နားက နားထောင်လိုက်ယင်ကော.... (အစေးထွက်ပါပြီဘုရား)

နှာခေါင်း ဖုံ့လိုက်ယင်ကော.... (အစေးထုတ်ပါပြီ) လျှာနဲ့ စားလိုက်ယင်ကော.... (အစေးထုတ်ပါပြီ)ကိုယ်ပေါ်ခြုံလိုက် ရုံလိုက်ယင်ကော.... (အစေးထုတ်ပါပြီ)နဖူးပေါ် လက်တင်ပြီး ဝမ်းထဲကြုံလိုက်-စည်လိုက်ယင်ကော....(အစေးထုတ်ပါပြီ)။

အံမာလေး....ထုတ်လို့ မပြီးနိုင်ဘူး....(မှန်ပါ့)ပြီးနိုင်စရာရှိ သေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးဟာ မောင်နိုင် တယ်မြင်ပါကလား‌ဆိုတာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

မင်းတို့ ဒီတရားကို မနာဘူးသေးပါဘူး....(မနာဘူးသေးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တယောက်နဲ့ တယောက်ခင်တယ်ဆိုတာ အစေးချင်းလိမ်နေတာ....(မှန်ပါ့ဘုရား)။

တယောက်နဲ့ တယောက်ခင်တယ်ဆိုတာ.... (အစေးချင်းလိမ်နေတာပါဘုရား)။

သူ့အပင်ကိုယ်ကသတ်....(မှန်ပါ့)ကိုယ့်အပင်.... (သူကသတ်ပါဘုရား)။

သူကသတ်ဆိုတော့ တကာတကာမတို့ ဒါလဲ တမျိုးအရှုပ်ဆိုးတာဘဲဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီ)မပေါ်သေးဘူးလား(ပေါ်ပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ဒီအစေးဟာ ဘာအစေးတုံး မေးတော့မှ

ယနေ့ ထူးထူးခြားခြား ပဋိစ္စသမုပ္ပါဒ်အစ အစေး .... (မှန်ပါ! ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာအစေးပါလိမ့်.... (ပဋိစ္စသမုပ္ပါဒ်အစ အစေးပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်အစ, အစေးဖြစ်ခဲ့လို့ ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အဆုံးကို မောင်နိုင်က ရွတ်ကြည့်....(မှန်ပါ!)ဒုက္ခကွန္ဓသမုဒယော ဟောတီ....(မှန်ပါဘုရား)။

ရွတ်စမ်း-(ဒုက္ခကွန္ဓသမုဒယောဟောတီ)ဒါအဆုံးမဟုတ်လား-အစကတော့ဖြင့် ခန္ဓာထဲမှာ ခုတ်မိတဲ့နေရာ အစေးဟာအစ (မှန်ပါ!)ဒီအစက "ဒုက္ခသမုဒယောဟောတီ" မဟုတ်ဘူးလား (မှန်ပါ!)သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် ဒီအစက ဒုက္ခသမုဒယဖြစ်တော့ ဒုက္ခသမုဒယဆိုတာ ဒုက္ခအကြောင်း.... (မှန်ပါ!) ဟိုဘက်မှာ အစုကြီး ဒုက္ခကြီးက ဒုက္ခကွန္ဓသဆိုတဲ့ အစုကြီး မလာဘူးလား .... (လာပါတယ်ဘုရား)။

အဲ"ဒုက္ခကွန္ဓသ သမုဒယော ဟောတီ" ဆိုတော့ ဒီဘက် ဒုက္ခကွန္ဓသက အသေးကလေးရှိသေးတယ်.... (မှန်ပါ!) ဟိုမှာ သွားပြီးဖြစ်ရမည့် အစုကြီးကတော့ နည်းသလား.... (မနည်းပါဘုရား)။

ဒါဖြင့် ဒီဘက်က အစေးက ဒုက္ခကွန္ဓသအစ .... (မှန်ပါ!) နောက်အကျိုးပေးမှာကြီးက...(ဒုက္ခကွန္ဓသအဆုံး) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခက=ဒုက္ခ၊ခန္ဓာက=အစု၊သဘောပါကြလား... (ပါ-ပါပြီ ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာ ခင်ဗျားတို့ စ,လဲ စ,တတ် ပါပေတယ်၊ အများကြီးကလဲရချင်သေးလို့ဘဲ....(မှန်ပါ့)ဆိုနိုင် မဆိုနိုင်...(ဆိုနိုင်ပါတယ်ဘုရား)။

ဒီသမုဒယသစ္စာဆိုတဲ့ ခန္ဓာကြီး မာနစေးကလေး စ,လိုက် စ,လိုက်၊ ဒေါသစေးကလေး စလိုက်-စလိုက်၊ လောဘစေးက လေး စ,လိုက်-စ,လိုက်၊မောင်မြင့် ဒါပဋိစ္စသမုပ္ပါဒ် စ,တာဘဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....မောင်အောင်ချိုတို့ သတောကျရဲ့လား.... (ကျပါတယ် ဘုရား)။

ကျွလို့ရှိယင် နောက်ဆုံးပိတ် အဆုံးပြောလိုက်ဉာ၊ ဘာတဲ့ တုံး....(ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိပါ့ဘုရား)။

ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ၊ ဟုတ်လား-ဒုက္ခအစုကြီး ဖြစ်၏....(မှန်ပါ့ဘုရား)။

ဒီကအစေးထုတ်လာလို့ရှိယင် ဒုက္ခသမုဒယောဟောတိ၊ ဒုက္ခ ဖြစ်ကြောင်းပေါ်ပြီ(မှန်ပါ့)။

အစေးထုတ်လာယင် .... (ဒုက္ခဖြစ်ကြောင်းပေါ်ပါပြီ) ဒုက္ခ သမုဒယောဟုတ်လား.... (မှန်ပါ့)အစေးကို ခင်ဗျားတို့ မရပ် စဲနိုင်လို့ရှိယင် ဒုက္ခက္ခန္ဓသာ၊ သဘောကျပလား .... (ကျပါပြီ)။

အစေးထုတ်လာယင်.... (ဒုက္ခသမုဒယောပါ) ဒုက္ခ သမုဒ ယော... ။

သွားလိုက်လို့ သူဟာ ဒီအတိုင်းရပ်လို့ ရသေးရဲ့လား... (မရပါဘုရား)။

မရတော့ သူ့ဘယ်ကျမှ ရပ်စဲမယ်ထင်သတုံး....မေးတော့... (ဒုက္ခကွန္ဒဿပါဘုရား)။

ဒုက္ခကွန္ဒဿက ဒုက္ခအစုကြီး ဒုက္ခအကြီးကြီးဖြစ်မှ အကြီးကြီးကျအောင် သူအကျိုးပေးမယ်.... (မှန်ပါ!) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသမုဒယော မငြိမ်းသ၍ ဒုက္ခကွန္ဒဿ ဇာတ်မသိမ်းဘူး....(မှန်ပါ!)။

ဒုက္ခသမုဒယော မငြိမ်းသ၍....(ဒုက္ခကွန္ဒဿ ဇာတ်မသိမ်းပါဘုရား)။

ဒါ.... အင်မတန် စကားကြီးတယ်လို့ မောင်မြင့် မှတ်လိုက်စမ်းပါ....(မှန်ပါ!)။

အစေးထုတ်လာတာ ဒုက္ခသမုဒယော.... (မှန်ပါ!) ဒုက္ခက ဒုက္ခ၊ သမုဒယောက ဖြစ်ကြောင်း....(မှန်ပါ!)။

အစေး ထုတ်လာယင်....(ဒုက္ခသမုဒယောပါဘုရား)။

ဘယ်ကျအောင် သွားမယ် ထင်သလဲ.... (ဒုက္ခကွန္ဒဿ ကျအောင်ပါ) ဒုက္ခကွန္ဒဿကျအောင်သွားမယ်.... (မှန်ပါ!) ဒုက္ခအစုကြီးကျအောင်သွားမယ်။

အစေးထုတ်လာယင် ဘာပါလိမ့်.... (ဒုက္ခသမုဒယောပါဘုရား)။

ဒုက္ခသမုဒယော = ဒုက္ခက = ဒုက္ခ၊ သမုဒယောဂက = ဖြစ်ကြောင်း။

အစေးထွက်လာယင်....(ဒုက္ခသမုဒယောပါဘုရား)။

နောက် ဘာတွေ့,အမြတ်တွေ့ ထွက်မတုံး....(ဒုက္ခကွန္ခသပါ) ဒုက္ခကွန္ခဿ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ...မောင်မြင့်တို့ မောင်အောင်ချိုတို့ မင်းတို့ ငယ်လဲငယ်သေးတယ်၊ ဒီအစေးဟာ ထွက်လာကတည်းက မျိုးစေ့ကောင်းမကောင်း....(မကောင်းပါဘုရား)။

သူပေါက်လာမည့် ဒုက္ခအစုကြီးဟာကော.... (မကောင်းပါဘုရား)။

မကောင်းတော့ ဒီအစေးဘယ်ကထွက်၊ ဒီအပင်ကထွက်၊ ဒီအပင်ကထွက်ချင်လို့ ထွက်ရတာလားဆိုတော့ ခုတ်လို့ ထွက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီအပင်က ထွက်ချင်လို့ထွက်ရတာလား.... (ခုတ်လို့ထွက်ရတာပါဘုရား)။

ခုတ်အောင် ဒီတောထဲ ဘယ်သူတို့သတုံးဆိုတော့ ဒီအပင်ကတိုးတယ်... (မှန်ပါ့) ဒီအပင်ကမတိုးဘူးလား.... (တိုးပါတယ်ဘုရား)။

ဟ....ဒီနေရာ နေစမ်းပါ လွတ်လွတ်ကင်းကင်း၊ နင့်ကိုခုတ်မည့်သူမရှိပါဘူးဆိုလို့ရှိယင် ပြေးချင်တာဘဲ ခုတ်မည့်သူဆီကို၊ (မှန်ပါ့)။

ဘယ်နှယ်တုံး.... (ခုတ်မည့်သူဆီပြေးချင်တာပါဘဲဘုရား)။

သူခြေလျင်သွားရတာတောင် အခုတ်ခံရမှာ နှေးမှာစိုးလို့ မော်တော်ကားတောင်မှ နှေးတယ်ထင်သေးတယ်.... (မှန်ပါ့) ကိုယ်အခုတ်ခံချင်တာက စောနေတယ်.... (မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်ဘုရား) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့၏ အဖြစ်ကဖြင့် သြော်....မသိဆိုးဝါးလိုက်တာ...(မှန်ပါ့)။

မောင်နိုင်.... ဆိုထိုက်.... မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

မသိဆိုးဝါးလိုက်တာ ဆိုတဲ့စကား ငြင်းဘို့များ လိုသေးသလား....(မလိုပါဘုရား)။

ကိုင်း... ဒါဖြင့် ဒီအစေးနှံမထုတ်အောင် ဘယ်နှယ်လုပ်ပါ့မတုံးလို့ မေးတဲ့အခါကျတော့ကိုတဲ့ တကာတကာမတို့ ဒီအပင်ထဲမှာကို အစေးမရှိအောင် လုပ်တတ်တဲ့နည်း အရေးကြီးတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီအပင်ဟာ နဂိုရိုက်တော့ အစေးတော့ရှိတာဘဲ၊ အစေးမရှိအောင်လုပ်ဘို့နည်းကို မရသ၍ကာလပတ်လုံး ခုတ်တိုင်းထွက်နေမှာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာနည်းလိုသလဲ... (အစေးမထွက်တဲ့နည်းပါ)အစေးမထွက်တဲ့နည်းလိုတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အစေးမထုတ်တဲ့နည်း လိုတယ်ဆိုတော့ ဒီအထဲတွင် ကိလေသာပြုံပြီး ငြိမ်းရမယ်...(မှန်ပါ့)။

ကိလေသာစေး ခန္ဓာထဲတွင် ငြိမ်းရမယ်.... (မှန်ပါ့) အပြင် မထုတ်ရဘူး။

ခုတ်လိုက်လဲ မထုတ်နိုင်တော့ဘူး.... (မှန်ပါ့) ဒီအထဲတွင် ငြိမ်းအောင်လုပ်ယင်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မောင်မြင့်တို့ ဒီခန္ဓာထဲတွင် ဒီအစေးဟာ နဂိုရှိကအောင်းနေတယ်....(မှန်ပါ့) ဒီခန္ဓာထဲတွင် ငြိမ်းသွားယင် ဘယ်လိုခုတ်ခုတ်... (မထုတ်တော့ပါဘုရား)။

ဘုရားရဟန္တာမျှားလဲသူသေနဲ့လဲကွေတာဘဲ၊ ခါးပြန့်လဲတွေ့တာဘဲ၊ မတွေ့ဘူးလား-(တွေ့ပါတယ်ဘုရား)ဟို-ကျောက်မောင်းဆင်ချတာနဲ့လဲ တွေ့တာဘဲ....(တွေ့ပါတယ်ဘုရား)။

သို့သော်....သူတို့မှာ ဒီအတွက်နဲ့ပတ်သက်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ် စ,သေးရဲ့လား.... (မစ,ပါဘုရား) ဒုက္ခသမုဒယော လာသေးရဲ့လား.... (မလာပါဘုရား) မလာတော့ ဒုက္ခကွန္ခသာလာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

သြော်....ဒါ-ဘာ့ကြောင့်--အစေးခန်းတဲ့သစ်ပင် ဖြစ်သွားလို့ (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး.... (အစေးခန်းတဲ့သစ်ပင်ဖြစ်သွားလို့ပါဘုရား)။

ဒါဖြင့် ဒီနေ့ညတရား ဘာအရေးကြီးပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အစေးတော့ တပည့်တော်တို့က အံ့ခနေပြီဘုရာ့

ထွက်တတ်တာ_ (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား) အစေးသိမ်းတဲ့နည်းလိုနေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာသိမ်းတဲ့နည်းပါလိမ့်.... (အစေးသိမ်းတဲ့နည်းပါဘုရား)။

အဲ....အစေးသိမ်းတဲ့နည်းရအောင်ဆိုတော့ လုယ်ပါတယ်-တဲ့ အစေးသိမ်းတဲ့ နည်းဆိုတာ တခြားမဟုတ်ဘူး_ တဲ့၊ ခန္ဓာထဲမှာ အောင်းနေတဲ့ အစေးတွေ အနုသယသဘောနဲ့တော့ ၁၅၀၀ ကီလေသာအစေးတွေရှိတယ် .. (မှန်ပါ့)။

ဘယ်လောက်ရှိသလဲ.... (၁၅၀၀-ကိုလေသာအစေးတွေ ရှိပါတယ်ဘုရား) နည်းတဲ့အစေးတွေလား အောင်းနေတာ.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ နည်းကြသလား.... (မနည်းပါဘုရား)။

မနည်းပါဘူးတဲ့၊ ၁၅၀၀·တောင်အစေးတွေအောင်းနေတာ၊ အပင်နဲ့စာလို့ရှိယင် သူကများနေတယ်....(မှန်ပါ့) မများဘူးလား....(များပါတယ်ဘုရား)။

အပင်နဲ့အစေးနဲ့ဘယ်သူကများနေသလဲ.... (အစေးကများပါတယ်ဘုရား)။

အံ့မာလေး.... ကြောက်စရာကြီးပါကလား.... ဒီအစေးခန်းအောင်မနည်းလုပ်ရဦးမှာပါကလား....ဟင်_ (မှန်ပါ့)။

ကဲ _ ဒီလိုလုပ်ကြပါစို့....၊ သို့သော်လဲ_ တဲ့၊ ဒီထင်းပုံကြီးလှည်းအစီးတရာလောက်တိုက်ဘယ်နော်....(မှန်ပါ့)။

လှည်းအစီးတရာလောက်တိုက်ပြီး ပုံထား၊ ဒီ.ပြင် ပက်ထရိမီးတွေ, အိုလက်ထရစ်မီးတွေ ဒါတွေနဲ.ရှိ.လို.တော့ဖြင့် ကြာအုံးမှာဘဲ... (မှန်ပါ့) ငရဲမီးကလေး ပိုးစုန်းကြူးလောက်ချလိုက်အကုန်ပြာကျတယ်... (မှန်ပါ့) ချလိုက်သည်နဲ. တပြိုင်နက်တည်း ပြာကျတယ်....(မှန်ပါ့)ငရဲမီးဟာ ဒီလောက်ပြင်းတယ် (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီမှာလဲ မဂ်မီးနဲ.ချလိုက်ယင် ၁၅၀၀-ကိုလေသာဟာ သူးစာဘဲ.... (မှန်ပါ့)။

မဂ်မီးနဲ့ချလိုက်ယင်(၁၅၀၀-ကိလေသာသူးပါတယ်ဘုရား)။

ဒီခန္ဓာထဲမှာ မဂ်မီးသာ ထည့်ပေး... (မှန်ပါ့)။

မောင်မြင့် ဘယ်.နှယ်ဆိုကြမလဲ.... (မဂ်မီးနဲ.သာ ထည့်ပေးရပါမယ်ဘုရား)။

ထည့်ပေးတော့ ဒီအထဲမှာ ၁၅၀၀-ကိလေသာအစေးတွေဟာ ဘယ်.နှယ်နေပါ့မလဲ.... (ခန်းခြောက်သွားပါတယ်ဘုရား)။

တခါတည်းခန်းခြောက်သွားမယ်ဆိုတော့ ခင်ဗျားတို့ကို အခု ဒါ....နည်းပေးတာဘဲ....(မှန်ပါ့)။

မင်းတို့လုပ်နေတဲ့ဖြစ်ပျက်သိတဲ့မဂ်သည် ဒီအစေးခန်းအောင်လုပ်တယ်....(မှန်ပါ့) အစေးမီးရှို.တယ်... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ရှုတဲ့မဂ်သည်.... (အစေးခန်းအောင် လုပ်ပါတယ် ဘုရား)။

နောက်တော့ ဖြစ်ပျက်အဆုံးမြင်တဲ့ မဂ်ဆိုလို့ရှိယင် တခါတည်း ၄-ပုံတပုံခန်းတာနဲ့ အကုန်ခန်းတာနဲ့ မလာဘူးလား... (လာပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့ မင်းတို့သည် မဂ်မှတပါး အစေးခန်းအောင် လုပ်တဲ့နည်းမရှိဘူး....(မှန်ပါ့)။

တကာတကာမတို့....(မဂ်မှတပါး အစေးခန်းအောင် လုပ်တဲ့နည်း မရှိပါဘုရား) အစေးခန်းအောင်လုပ်တဲ့နည်းမရှိဘူးနော်.... (မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့မဂ်သည် အားကိုးစရာဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘာအားကိုးကြမယ်....(မဂ်အားကိုးရပါမယ်ဘုရား)။

မဂ်ကတော့ကိုတဲ့"ကိလေသေမာဓရန္တော"လို့ ဆိုထားတယ် ကိလေသာသတ်တယ်။

မဂ်ဆိုတာ ဘာ့ကြောင့်မင်းတုံး....(ကိလေသာသတ်တတ်သောကြောင့်ပါဘုရား)။

ကိလေသာသတ်တတ်သောကြောင့် မဂ်ဆိုတော့ ကိလေသာဖျောက်ဖျက်တတ်သောကြောင့် ဘယ်နှယ်တုံး .. (မဂ်ပါဘုရား)။

ဒါဖြင့် ဒီပြင်ဒါနဲ့သွားပြီး သူ့ကိုလုပ်လို့လဲ မရဘူး.... (မှန်ပါ့) ကိလေသာကျတော့ သူက မနိုင်ဘူး....(မှန်ပါ့) မနိုင်တဲ့အပြင် သူက ဟိုဘဝ,ဒီဘဝကောင်းတယ်(မှန်ပါ့) ကိလေသာက တောင်မှ စွဲသွားလိုက်သေးတယ်.... (မှန်ပါ့) မစွဲဘူးလား.... (စွဲပါဘယ်ဘုရား)။

အင်း....ကျွန်ုပ်ကဲ့သို့ လှလှလှူရတဲ့အတွက် နောက်ဘဝ လှလှဖြစ်ရပါလို့၏ဆိုတော့ ဒါနထဲ သူကနေ ခေါင်းဆောင်သွားလို့က်သေးတယ်....(မှန်ပါ့)။

ကိုလေသာက မဒေါ်ဆောင်ဘူးလား, ဆောင်သလား....(ဆောင်ပါတယ်ဘုရား)။

ကဲ....ဘယ်လောက်ဆိုးဝါးသလဲ....(ဆိုးဝါးပါတယ်ဘုရား)။

သူတို့လောက်တော့ မကြောက်ဘူးကွ.(မှန်ပါ့)ကိုလေသာက မောင်နှိုင် ဒါနလောက်မျှားတော့ မကြောက်ဘူး... (မှန်ပါ့) သီလလောက်ကော .. (မကြောက်ပါဘုရား)မကြောက်သေးဘူး၊ သမထလောက်မျှားကျတော့ အို့ .. ဒါဟာ ငါ့လက်အောက်က မထွက်သေးပါဘူး.. တဲ့၊ ငါ့နယ် ရှိသေးတာဘဲ....တဲ့၊ အာသဝေနယ်ဟာ သူ့နယ်ကိုး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) မဂ်ကျမှ သူကြောက်တယ်....(မှန်ပါ့)။

မောင်မြင့် ဘာကျမှ သူကြောက်သလဲ... (မဂ်ကျမှကြောက်ပါတယ်ဘုရား)။

ဒါဖြင့် ၁၅၀၀·ကိလေသာမီးကို တကာတကာမတို့ ကိလေသာတွေကို ဘာနဲ့ငြိမ်းသတုံး....လို့ မေးလို့ရှိယင် မဂ်နဲ့ငြိမ်းတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာနဲ့ငြိမ်းကြသလဲ....(မဂ်နဲ့ငြိမ်းပါတယ်ဘုရား)။

မဂ်နဲ့ငြိမ်းမှ လို့ရင်းဆိုက်တော့မယ်.... (မှန်ပါ့) ဒီ့ပြင်ဖြင့် ခင်ဗျားတို့ အားကိုးရာကို ဘုန်းကြီး မပေးကို မပေးနိုင်ဘူး.... (မှန်ပါ့)။

နို့မဟုတ်ယင် ရောက်ရာ အစေးထွက်၊အစေးနဲ့သေ၊ သေပြီး နောက်ထပ်အပင်ပေါက်၊ နောက်ထပ်အပင်ပေါက် အခုတ်ခံဘဲ၊ အခုတ်ခံအစေးထွက်၊ အစေးသတ်လို့ သေတယ်၊ ဒါ.... ပဋိစ္စသမုပ္ပါဒ်ဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် မောင်နိုင် ဘာလုပ်မလဲ .... (မင်္ဂလာသတ်ရပါမယ်) မင်္ဂလာနဲ့ ဒီအစေးခန်းအောင် လုပ်ရလိမ့်မယ်.... (မှန်ပါ့)။

ဒါကြောင့် မင်းတို့ ကျောင်းလာ တရားအားထုတ်နေတာ ဘာကျေးဇူးရှိသတုံးလို့ သူများက မေးလို့ရှိယင်ဖြင့် ဒီအစေး ဟာ ကိုယ့်သတ်တဲ့အစေး၊ နောင်အပင်ပေါက်စေတတ်တာ ဒီအစေးမျိုးတွေဘဲ၊ ဒါကြောင့် ဒီအစေးခန်းအောင်လုပ်နေတယ်ဆို တဲ့အဓိပ္ပါယ်မှတပါး ဘာမှမရှိဘူး.... (မှန်ပါ့) ဒါအကောင်း ဆုံးဘဲ (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အစေးခန်းအောင် ဘာလုပ်ကြ မှတုံး (မင်္ဂလာပါမယ်ဘုရား)မင်္ဂလာပါမယ်။

မင်္ဂလာတောဂကို ဖျတ်ဆို လောကုတ္တရာမင်္ဂက ပေါ်လာတယ် (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)။

ဖျတ်ဆို လောကုတ္တရာမင်္ဂက ပေါ်သလား၊ ဝိပဿနာမင်္ဂနဲ့ အရင် လုပ်နေရသလား.... (ဝိပဿနာမင်္ဂနဲ့ အရင်လုပ်နေရပါ တယ်ဘုရား)။

ဝိပဿနာမင်္ဂနဲ့ အရင်လုပ်ပြီးတော့မှ ဝိပဿနာမင်္ဂရင့်တော့ မှ လောကုတ္တရာမင်္ဂက လာတာ....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မင်းတို့အခုလုပ်နေတဲ့ ဝိပဿနာမဂ်၊ တော်တောင်းကလေးကြာလာတဲ့အခါ ဒီဝိပဿနာမဂ် ရင့်ကျက်လာတဲ့အခါ ဘာဖြစ်မယ်ထင်သတုံး .... (လောကုတ္တရာမဂ် လာပါမယ်ဘုရား)။

လောကုတ္တရာ အရင် ဝိပဿနာမဂ်က သူက အစေးတော်တော်ခန်းအောင် လုပ်ထားပြီ ...(မှန်ပါ့)တော်တော်ခန်းအောင် လုပ်ထားတဲ့ အခါကျတော့ သူလာလိုက်တဲ့ အခါကျတော့ အပြောင်တိုက်တယ် ... (မှန်ပါ့) လောကုတ္တရာမဂ် လာတဲ့အခါ ပြောင်သွားတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဒီအပင်ကြီးသည် အစေးမထွက်တဲ့အပင် ကျန်ရစ်နေတယ်.... (မှန်ပါ့) ဒါ့ကြောင့် ရဟန္တာတွေကျတော့ အစေးမထွက်တဲ့အပင် .. (မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ) ဘုရား တွေကျတော့....(အစေးမထွက်တဲ့အပင်ပါဘုရား)။

အစေး မထွက်တဲ့အပင် ဖြစ်ပြီးသကာလ နေသောကြောင့် သူတို့မှာတော့ဖြင့် လောကဓံရှစ်ပါးနဲ့ တွေ့ယင်တုန်လှုပ်ချောက်ချားမှု ဘယ့်နှယ်နေသလဲ....(မရှိပါဘုရား)။

ဘာဖြစ်လို့လဲ.... (အစေးခန်းခြောက်လို့ပါ) အစေးခန်းခြောက်လို့....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် သူတို့ခန်းခြောက်သွားပါလိမ့်မတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (မဂ်နဲ့သတ်လို့ပါ) မဂ်နဲ့ ခန်းခြောက်အောင်လုပ်ပြီးသားဖြစ်နေတယ်.... (မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

ဒါဖြင့် မင်းတို့ ရှုနေကဲ့ဥစ္စာ စိတ်ရှူသဲ့ မဂ်ပေါ်မှာဘဲ.... (မှန်ပါ့) ဝေဒနာရှုခဲကာ.... (မဂ်ပေါ်မှာပါဘဲ) ကျေးဇူးရှိတယ်ဆိုတာတော့ သေချာပလား....(သေချာပါပြီ)။

ကိလေသာ အစေးကတော့.... (ခန်းပါတယ်ဘုရား) ခန်းရမှာချည်းဘဲ၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပျက်မြင်ယင် ခန်းရမှာဘဲ.... (မှန်ပါ့)ရုပ်ရှုတဲ့ပုဂ္ဂိုလ်ကော.... (ဖြစ်ပျက်မြင်ယင် ခန်းရမှာပါဘဲဘုရား)။

ဖြစ်ပျက်မြင်ယင် ခန်းတာဘဲဆိုတော့ ဒီအစေးခန်းသွားလို့ ရှိယင်ဖြင့် သောတာပန် ၄ပိုင်း ၁ ပိုင်း(၃/၄) ခန်းတာဘဲ.... (မှန်ပါ့) သကဒါဂါမ်လဲ ထို့အတူဘဲတဲ့၊ ၄-ပိုင်း ၁-ပိုင်း သာသာကလေးဘဲ ခန်းတာဘဲတဲ့၊ အနာဂါမ်ကျလို့ ရှိယင်ဖြင့် ထက်ဝက်ကုန်တယ်၊ ရဟန္တာကျလို့ ရှိယင် အကုန်- ကုန်ပြီ..(မှန်ပါ့)။

ဒါမဂ်လေးဆင့်နဲ့ မင်းတို့သည် ဖြစ်ပျက်ကိုရှုတဲ့ မဂ်ကိုသာ အားကိုး.... (မှန်ပါ့) ဒီအားကိုးလို့ ရှိယင် နောက်မဂ်လာလိမ့်မယ်၊နောက်မဂ်လာလို့ ရှိယင် အစေးတွေခန်းလိမ့်မယ် အစေးလဲခန်းရော သောတာပန်ယင်လဲ ဆိုင်းဘုတ်ဆွဲမယ်.... (မှန်ပါ့) အစေး ၄-ပုံ ၁ ပုံခန်းယင်သောတာပန်ဘဲ....(မှန်ပါ့) ၄-ပုံ ၁-ပုံ သာသာကလေး ခန်းယင် သကဒါဂါမ်ဘဲ၊ ထက်ဝက်လောက် ခန်းယင် အနာဂါမ်ဘဲ၊ အကုန်ခန်းယင် ရဟန္တာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အစေးခန်းတဲ့အလုပ်မှတပါး အားကိုးရာ ရှိသေးရဲ့လား....(မရှိပါဘုရား)ဘယ်လို့ခါးနဲ့ခုတ်ခုတ် အစေးထွက်သေးရဲ့လား....(မထွက်တော့ပါဘုရား)။

မထွက်တော့ အစေးတွေဟာနောက်ထပ် ဒီအပင်သတ်စရာရှိသေးရဲ့လား.... (မရှိပါဘုရား)နောက်အပင်ပေါက်စရာ.... (မရှိပါဘုရား)။

ဒါဖြင့် မင်္ဂဲ့ အားကိုးစရာရှိတယ်ဆိုတာ သေချာကြပလား (သေချာပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ.... ယနေ့ ဒီတွင် တော်ကြဦးစို့၊

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူသော

သစ္စာလေးပါးပြ

ဆပ္ပါဏကကောဓမသုတ်

တရားတော်

(၃၀ - ၅ - ၆၂)

ဒီခန္ဓာကိုယ်ကြီးကို ဒီလို သည်ပိုးပြီးသကာလ ဒီလို သုသာန် မျက်စောင်းထိုးနေရတာ၊ တနေ့နေ့ သေဦးမှာဘဲဆိုတဲ့ မျက်စောင်းထိုးနေရတာ၊ ဒီတရားမျိုးကို မနာဘူး၊ ဒီလို ခန္ဓာဇာတ်သိမ်းတဲ့ တရားကို မနာဘူးတဲ့အတွက် ဒါတွေ တွေ့နေရတယ်ဆိုယင် လဲပါ့မလား....(မလဲပါဘုရား)။

ဒါဖြင့်လူတယောက်ယောက်သည်ကားလို့ ဆိုလို့ ရှိယင်ဘုရား တဆူတဆူကြားမှာ လူတယောက် အရိုးပုံထားမယ်ဆိုလို့ ရှိယင် ၁၃--မိုင် အမြင့်ရှိတယ်၊ အကျယ်ကလဲ ၁၃-မိုင်ရှိတယ်ဆိုတော့ ဒါဟာ အသေများလွန်းလို့ ပေါ့နော်....(မှန်ပါ့)။

အရိုးတွေ မပုပ်ဘူး၊ မဆွေးဘူး တခါတည်း ဒီအတိုင်းသာ နေကြမယ်ဆိုယင် ၁၃-မိုင်စတုရန်း၊ ၁၃-မိုင်အမြင့် ရှိမယ်လို့ ဝေပုလ္လတောင်လောက် ရှိမယ်လို့ ဟောထားတယ်၊ ဒါခန္ဓာဇာတ်သိမ်းတရား မနာဘူးလို့-လို့ မှတ်ရမှာဘဲ.... (မှန်ပါ့

ဘုရား) ဘယ်လိုမှတ်ကြမယ်.... (ခန္ဓာဇာတ်သိမ်းတရား မနာဘူး လို့ပါဘုရား)။

ခန္ဓာဇာတ်သိမ်းတရား မနာဘူးလို့ အသေတရားကို ကြိုး စားဘူးတယ်လို့ ဆိုရမှာဘဲ (မှန်ပါ့) ဘယ်လို ဆိုကြမယ်.... (အသေတရား ကြိုးစားဘူးပါတယ်ဘုရား)။

အသေတရားတွေသာ ကြိုးစားဘူးတယ်လို့ ဆိုကြရလို့ ရှိယင်ဖြင့် ဒါ-အသေလွတ်တရားကို အခု ဟောနေတယ်၊နောက် ထပ် သေစရာမရှိတဲ့ တရားကို ဟောနေတာ မောင်နိုင်ရေ.... (မှန်ပါ့)။

အဲဒီတော့ ဒီတခါ အသေလွတ်တရားကို နာလဲ နာရပြီ၊ အသေလွတ်တဲ့အလုပ်ကို လုပ်လဲ လုပ်ပါတော့မယ် ဆိုလို့ ရှိယင် ဖြင့် အရိုး ၁၃-မိုင်လောက်စတုရမ်းတက်နေတာကြီးဟာရုပ်သိမ်း သွားမှာဘဲဆိုတာ မှတ်ကြစမ်းပါ။ (မှန်ပါ့ဘုရား)။

တကာ တကာမတွေ့ တယောက်သေတဲ့အရိုး ပြောတာနော် (မှန်ပါ့)အထပ်ထပ် ဒီဥစ္စာသေနေရတာ မဆွေးဘဲနဲ့ ပုံလို့ရှိ ယင် ငါဘုရား သဗ္ဗညုတ ဉာဏ်တော်နဲ့ အကျယ်စတုရမ်း ၁၃-မိုင် အမြင့် ၁၃-မိုင်ဆိုတော့ မောင်အောင်ချိတ်နည်းသလား (မနည်းပါဘုရား)။

အဲဒီတော့ ဒါ ဘယ်လိုလုပ်နေခဲ့ကြလို့၊အို....သေဘို့နောက် ထပ် အလုပ်တွေ့ လုပ်ခဲ့လို့ ဖြစ်ရတာပေါ့.... (မှန်ပါ့) အသေ ဇာတ်သိမ်းကို နဲနဲမှ မလုပ်ခဲ့လို့ပေါ့၊ ဒါဘဲ အဖြေထွက်လာ တယ်နော်... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒီတခါတော့တုန်း,ကြုံတုန်းမှ မောင်နှိုင်တို့လူစု၊ မောင်မြင့်တို့လူစု ဇာတ်မသိမ်းတော့ပါဘူး ဆိုလို့ ရှိယင်ဖြင့် ရောဂါရလို့သေတာကတမျိုး၊ သူများပါးစပ် စားလို့-ဝါးလို့ သေရတာကတမျိုး၊ မီးလောင်လို့သေရတာကတမျိုး၊ ကျောက်ပေါက်လို့သေရတာက တမျိုးဆိုတော့ သေခြင်းဆိုး အမျိုးမျိုးနဲ့ သေဦးမှာဘဲ....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါ....ဘာ့ကြောင့် သေခြင်းဆိုး အမျိုးမျိုးနဲ့ တွေ့ရပါသိမ့်မတုံး....လို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မေးလို့ရှိယင် အသေလွတ်တရား မနာဘူးလို့.....၊ ဒါဘဲ အခုဖြထွက်တယ်.... (မှန်ပါ့) တခြားအဖြေထွက်စရာ ရှိသေးရဲ့လား_ (မရှိပါဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ့ စဉ်းစားကြပါ၊ ဒီအလုပ်ကို လက်လွတ်သွားလို့ရှိယင် ငါ-ဘာဖြစ်မတုံးဆိုတဲ့ဥစ္စာ ဘာမှတွေးမနေနဲ့တော့၊ အရိုး ၁၃-မိုင်မြင့်အောင် ဖြစ်ရမည့် အဖြစ်ဟာ ငါ့အဖြစ်ဘဲလို့ မောင်မြင့်တို့ မှတ်ထားလိုက်တာပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) အရိုးချည်း.... အရိုးချည်း....(မှန်ပါ့)အဲဒါ ဘုရားသဗ္ဗညုတ ဉာဏ်အမြင်နဲ့ ပြောတာ....တဲ့၊ ပြောသံကြားနဲ့ ပြောတာမဟုတ်ဘူး။

ကိုပေါ်ဘာဘဲ့တုံး (ဘုရားသဗ္ဗညုတဉာဏ်အမြင်နဲ့ ပြောတာပါဘုရား) ပြောသံကြားကော.... (မဟုတ်ပါဘုရား) ပြောသံကြားနဲ့ မဟုတ်ဘူး....ဆိုတော့ မောင်နှိုင် အလွန်ကြောက်စရာ

ကောင်းသွားပြီ....(မှန်ပါ့ဘုရား) အဲဒါ အရိုးမရှိတဲ့ သတ္တဝါတွေဖြစ်တာ ငါမထည့်သေးပါဘူးကွာတဲ့....(မှန်ပါ့)။

အရိုးမရှိတဲ့ တိတ္ထိ၊ ပက်ကျိတို့ ဟုတ်လား ...၊ အရိုးမရှိတဲ့ ပြီတ္တာတို့ဖြစ်လို့ အရိုးပုံစရာမရှိတဲ့ သတ္တဝါဖြစ်တာ ငါမထည့်သေးဘူးတဲ့....(မှန်ပါ့) ဒါတွေ ထည့်ယင် မကဘူးပေါ့ဗျာ .... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒီအရိုး တောင်နှယ်ပုံရပါလိမ့်မတုံးလို့ မေးလို့ရှိယင် မောင်နှိုင်၊ အဖြေထုတ်ပလား .... (ထုတ်ပါတယ်ဘုရား) ဘယ်လို ထုတ်ကြပါလိမ့်... (အသေလွတ်တဲ့ တရားကို မနာရလို့ပါဘုရား) အသေလွတ်တဲ့တရား မနာရလို့နော် .... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီတော့ တကာတကာမတွေက ကိုယ်ရတဲ့ စီးပွားရေးကလေးနဲ့ ကိုယ့်တိုက် ကိုယ့်တာကလေးနဲ့ ကိုယ့်ကားကလေးနဲ့ ကိုယ့်စိန် ကိုယ့်ရွှေ ကိုယ့်ကျောက်ကလေးနဲ့ သေပျော်ပြီမျှားတော့ အောက်မေ့ပြီး တင်းတိမ်မနေလိုက်စမ်းပါနဲ့၊ ဘာမှမဟုတ်ဘူး၊ ဒါ တဏှာ သမုဒယက ချွေးထားလို့ ခင်ဗျားတို့ကို နောက်ထပ်သေရအောင်လို့ ချွေးထားတာဘဲ ရှိသေးတယ်... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာ သမုဒယက ဘယ်လောက်ထိအောင်အချွေးကောင်းသတုံးလို့မေးတော့ အသက်ခြောက်ဆယ်- ခြောက်ဆယ်ကျော် တကာတကာမတွေတောင်မှ သားကလေးနဲ့ ချွေးထားလိုက်၊ သမီးကလေးနဲ့ ချွေးထားလိုက်၊ ပစ္စည်းကလေး ရှာမှီးမှုနဲ့ ကဲကောင်းသလိုလိုနဲ့ ချွေးထားလိုက်၊ ဘာထင်သတုံးကွ မောင်

နိုင် ဘယ်သူချော့ထားတာတုံး.... (တဏှာ သမုဒယချော့တာပါ ဘုရား)တဏှာကချော့ထားတာ၊ ချော့ထားတော့ ဒါကြီးတွေ တောင်မှ အသေလွတ်တရားကို တကယ်တွေ့တောင် ကိုပေါ်ရေ မလုပ်ချင်တဲ့ စိတ်ကလေးပေါ်တယ်....(မှန်ပါ့ဘုရား)။

အချိန်ရှိခိုက် လုံ့လစိုက်လို့ တဏှာကဟောထားတယ် .... (မှန်ပါ့) ဘယ့်နှယ် ဟောထားသလဲ .... (အချိန်ရှိခိုက် လုံ့လ စိုက်)ဖြစ်မှ ဖြစ်ရလေကွာ....၊ဒီဟာ စိုက်ရမှာမဟုတ်ဘူးကွ၊ ဒါ စိုက်ရမှာ မဟုတ်ဘူး၊ရိပ်မိကြပလား...(ရိပ်မိပါပြီဘုရား)။

အရိုး ၁၃-မိုင် အမြင့်တက်မည့် အလုပ်ကြီးကို ဇာတ်သိမ်း တာ ဂရုစိုက်၊အဲဒါမှ အခုအချိန်ရှိတုန်း အခုဂရုစိုက်ရမှာဆိုတာ သင်ရမှာ...(မှန်ပါ့) ဘာမဟုတ်တဲ့ ဥစ္စာအတွက် အချိန်ရှိခိုက် လုံ့လစိုက်နဲ့ မောင်မြင့်တို့ သင်ထားလိုက်တဲ့ ဖြစ်ခြင်းတွေ.... (မှန်ပါ့)မောင်အောင်ချို မင်းတို့ အမေ-အဖေတွေ့သင်ထားတာ တွေ့....ဟင်... (မှန်ပါ့ဘုရား)။

ဟိုအရိုး ၁၃-မိုင်မြင့်အောင် သေရမည့် အလုပ်ကြီးသင်ထား တာနဲ့ကော မတူဘူးလား....(တူပါတယ်ဘုရား)။

အဲဒါ ဥာဏ်နားနဲ့သေသေချာချာထောင်တော့မှ သြော်.... ဒို့သူမျှားပါးစပ် လမ်းဆုံးပြီးသကာလ နေရတဲ့ အလုပ်ဟာ သေတွင်း တွန်းနေတာပါကလား....၊ မောင်မြင့် ဆိုထိုက်- မဆိုထိုက် ...(ဆိုထိုက်ပါတယ်ဘုရား)သူမျှားပါးစပ် လမ်းဆုံးနေတာ (သေတွင်းတွန်းပို့နေတာပါဘုရား)။

အရိုးဘဲ ၁၃-မိုင်မြင့်ဘို့ လမ်းဆုံးနေတာဘဲဆိုတာ မောင်အောင်ချိတို့၊မောင်မြင့်တို့ ရှင်းပလား(ရှင်းပါပြီ) မောင်အောင်သိန်း... (ရှင်းပါပြီဘုရား)။

ဒါ ဘာမှမသိတဲ့ပုဂ္ဂိုလ်၊ တဘဝ တနပ်စာကလေး၊ တသံသရာလုံး အရိုးတောင်လိုပုံရမှာ အပါယ်ကျတာတွေ အသာထားပါဦး၊ အပါယ်ကျတာ အရိုးရှာမတွေ့ပါဘူး၊ မီးတောက်ကုန်တာနဲ့ ကုန်တာဘဲ....(မှန်ပါဘုရား)။

အဲဒါအသေလွတ်တရားတွေကိုတွေ့လဲမတွေ့ဘူး၊လုပ်လဲမလုပ်ဘူးဘူးဆိုတော့ မောင်အောင်ချိ သိပ်ခက်သွားတယ်....(ခက်ပါတယ်ဘုရား)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါကြောင့် မင်းတို့၊ မင်းတို့နေတဲ့ ရန်ကုန် မင်းတို့နေတဲ့ မိုးကုတ်ပတ်ဝန်းကျင်တွေ ကြည့်မနေနဲ့၊ဆရာသမားနဲ့ ဘုရားကဟောတဲ့ အသေလွတ် အရိုးတောင်လိုပုံမည့် အလုပ်ကိုသာဇာတ်သိမ်းဘို့ ငါအရေးကြီးတယ်၊ဘေးပတ်ဝန်းကျင်တွေကြည့်ပြီး ငါမာနတက်၊ သူများရှာသလို ရှာတာပေါ့၊ သူများစားသလိုစားတာပေါ့၊ သူများသွားသလို သွားတာပေါ့ ဆိုတာကို မောင်နှိုင် အားကျစရာမလိုဘူး .... (မှန်ပါ့) လိုသေးသလား.... (မလိုပါဘုရား)။

ဒါ တဘဝတနပ်စာ မျက်တောင်မွေး တဆုံးလောက်ကိုသာကြည့်ပြီး မြင်တယ်ဆိုယင် လွဲပါ့မလား... (မလွဲပါဘုရား) တသံသရာလုံးတခါတည်း အိုမဆုံး,နာမဆုံး,သေမဆုံးတွေဖြစ်ရမှာကို ကြောက်စရာကောင်းတယ်... (မှန်ပါ့)ကြောက်စရာမကောင်းကြဘူးလား... (ကောင်းပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ခင်ဗျားတို့ ဒို့ဟာ ခဏကလေးမှတ်ပါ၊ ခဏကလေးလို့မှတ်ပါနော်.... (မှန်ပါ့ဘုရား) ခဏတော့ ခင်ဗျားတို့ ဟာလဲ နက်ဖြန်သေနိုင်တဲ့ပုဂ္ဂိုလ်၊ ညသေနိုင်တဲ့ပုဂ္ဂိုလ်၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ နက်ဖြန်သေနိုင်-ညသေနိုင်တဲ့ပုဂ္ဂိုလ်၊ ဒီခဏကလေးဖြစ်တယ်....(မှန်ပါ့)မဟောဘူးလား.... (ဟောပါတယ်ဘုရား)။

တကယ်တမ်းဆိုယင် ဖြစ်နိုင်တာချည့်ဘဲ မဟုတ်လား....(ဖြစ်နိုင်ပါတယ်) တနေ့ကသွားတဲ့ ဝန်ကြီးတယောက် မမြင်ဘူးလားကွာ ဒီမှာဘဲညအိပ် ဟိုရောက် သေဆိုတော့ ခဏဘဲ .... (မှန်ပါ့)မသေချာဘူးလား .. (သေချာပါတယ်ဘုရား)။

အဲဒီတော့ မင်းတို့တကျောကတော့ မြောက်တယ်၊ အို....သူသာဖြစ်တယ်၊ ငါမဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုး မြောက်ပြန်တယ်.... (မှန်ပါ့)မဆိုးဝါးဘူးလား .. (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့်တဲ့ အသေလွတ်တဲ့တရားကို အဲဒီလူဟာတွေ့သွားလေသလားလို့ မောင်အောင်ချိုတို့၊ မောင်မြင့်တို့ စဉ်းစားစမ်း-(မတွေ့ပါဘုရား) လုပ်သွားရသေသလားလို့ ဆိုတော့ကော .... (မလုပ်သွားရပါဘုရား)။

ဒါဖြင့်ဘာတွေ သူသည်ကားလို့ ဆိုယင်ဖြင့် လုပ်သွားပါလိမ့်မတုံးဆိုတော့ အရိုးနောက်ကို တောင်နှယ်ပုံတဲ့ အလုပ်ကို လုပ်သွားတယ်....(မှန်ပါ့ဘုရား)ဒီ့ပြင် ဘာဆိုစရာရှိသေးသလဲ.... (မရှိပါဘုရား)။

အဲဒီတော့ မင်းတို့အဖြစ်ဟာ ဒီလို ဆရာကောင်း သမားကောင်းနဲ့ သာသနာတွင်းကြုံပြီးအသေလွတ်ကို ဒုက္ခဇာတ်

သိမ်းတဲ့အလုပ်ကို လုပ်ရတယ်·နာရတယ်· လုပ်တတ်တယ်ဆိုတဲ့ ဥစ္စာ အလွဲသုံးစားနဲ့ ဒီအချိန်ကလေး မဖြုန်းလိုက်ပါနဲ့ ဆိုတဲ့ဥစ္စာ မောင်မြင့်တို့၊ မောင်နိုင်တို့ မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား) ဘာမှမဟုတ်ဘူး၊ ကိုယ့်အခြေအနေတော့ဖြင့် ဘာမှမဟုတ်ဘူးဆိုတာသာ ဆုံးဖြတ်ချက်ချ .... (မှန်ပါဘုရား) ကိုယ့်အခြေအနေတော့ဖြင့် .... (ဘာမှမဟုတ်ပါဘုရား)ဘာမှမဟုတ်ဘူးဆိုတာသာ ဆုံးဖြတ်ချက်ချပါ (မှန်ပါ!) ဘာမှ မဟုတ်တာမှ ဘာမှမဟုတ်တာ ... (မှန်ပါဘုရား) ကိုင်း.... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ အသေလွတ်တရားတခုတော့ကွာ အမြဲထားကြပါတဲ့....နော်.... (မှန်ပါ!) ဘာတဲ့တုံး....(အသေလွတ်တရား အမြဲထားပါတဲ့ဘုရား)။

အသေလွတ်တရားတခုကို အမြဲထားကြပါဆိုတော့ ကိုယ်ကို ရှူတဲ့ သတိပဋ္ဌာန်တမျိုး၊ ဝေဒနာကိုရှူတဲ့ သတိပဋ္ဌာန် တမျိုး၊ စိတ်ကိုရှူတဲ့ သတိပဋ္ဌာန်တမျိုး၊ သစ္စာကိုရှူတဲ့ သတိပဋ္ဌာန် တမျိုး၊ ဘယ်နှစ်မျိုးရှိသလဲ.... (လေးမျိုးရှိပါတယ်ဘုရား) အဲဒီ လေးမျိုးတွင် တမျိုးမျိုးကို ရှုလို့ရှိယင်ဖြင့် မင်းတို့ ဒါဟာ အသေလွတ်တရားဘဲ....(မှန်ပါ!) ဝေဒနာရှုနေတယ်.... (အသေလွတ်တရားပါဘုရား) စိတ်ရှုယင်လဲ.... (အသေလွတ် တရားပါဘုရား)။

လေးမျိုးရှိတဲ့အနက်က တခုခုကိုဖြင့် ဒီဘဝမှာ အမြဲလက်ကိုင်ထားပါတဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ ကိုယ့်အသေကို နောက်သေလတ္တံ့ကို၊အသေဆိုတာကသေတခုတည်းလာတာ မဟုတ်ဘူး သားနဲ့ခဲ့,မယားနဲ့ခဲ့, ပစ္စည်းနဲ့ခဲ့, ခင်ပွန်းမတွေ့နဲ့ခဲ့၊ ဒုက္ခ, ဒေါမနဿတွေ့ရောပြီး သေသွားတာ....(မှန်ပါဘုရား)။

သေပြီး အပါယ်သွားလိုက်စမ်း၊ အပါယ်ကတက်လာတိုရဆွဲဆွဲဖြစ်၊ အရိုးပုံလိုက်၊ မောင်နှိုင် ဘယ်မှာကောင်းတာပါသတုံး.... (မပါ-ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာသည် တကာတကာမတို့ သတိပဋ္ဌာန်လေးပါး တပါးပါးလက်ကိုင်ရှိလို့ ရှိယင်ဖြင့်လဲ ဒါဟာ မင်းတို့သန္တာန်မှာ ဘုရားပွင့်ပြီးသကာလနေလို့ ကယ်ယူနေတဲ့ ပုဂ္ဂိုလ်ပေါ်တာဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘုရားလဲပွင့်နေတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)ကယ်ယူတဲ့ပုဂ္ဂိုလ် ဒို့မှာအဆင်သင့် ရှိနေတယ်လို့ မှတ်ရမှာဘဲ ဆိုတာကျေနပ်ကြရဲ့လား....(ကျေနပ်ပါတယ်ဘုရား)ဒါဖြင့် မင်းတို့မှာဘာတခု လက်ကိုင်ထားရှိရမယ်....(သတိပဋ္ဌာန်လေးပါး) သတို့ပဋ္ဌာန်လေးပါးထဲက တပါးပါး လက်ကိုင်ရှိရမယ်.... (မှန်ပါ့) ကိုယ်ကြိုက်ရာ သတိပဋ္ဌာန်ပေါ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဟာ လက်ကိုင်ထားပါလို့ ပြောခြင်းသည် ဘာဖြစ်လို့ ဒီဘဝမှာ ဟောနေတာတုံးလို့ မေးတဲ့အခါကျတော့ အသေလွတ်တာကလေး လက်ကိုင်ထားရမယ်....၊ သဘောကျပလား.... (ကျပါပြီဘုရား)။

လေယာဉ်ပုံ့ စီးတယ်ဆိုလို့ ရှိယင်လဲ အင်း.... ဘယ်သူ့ကြည့်ယင်ဖြင့် ဂျမ်းထိုးမှောက်ခုံ မသွားရအောင် ခါးပတ်ကလေး ပတ်ထားတာ၊ ဒါဘာတုံး အသေလွတ်ကလေး ပတ်ထားတာ၊ အသေလွတ်ကလေး လုပ်သားတာ၊ ရှင်းပလား.... (ရှင်းပါပြီ)

လေ့ကျင်းကလေးတွေ့ လက်ရှိမ်း တပ်ထားတာ.... (အသေလှတ်တပ်ထားတာပါဘုရား) အသေလှတ်တပ်ထားတယ်... (မှန်ပါ့) မောင်နှိုင် လေ့ကျင်းလက်ရမ်း တပ်ထားတာ.... (မှန်ပါဘုရား)။

မော်တော်ကားဘေးကနေပြီး သကာလ မှန်တွေ့ကာ,သံတွေ့ကာ,ဆေးတွေ့သုတ်ပြီးတော့ကာတာကလဲ အသေလှတ်လုပ်ထားတာ....(မှန်ပါ့) ဘာဖြစ်လို့လဲ လေတိုက်လို့လဲ လေမိမသေရအောင်၊ နေပူလို့လဲ ပူပြီးမသေရအောင်၊ သူများက ခဲနဲ့ပစ်လိုက်ပြန်လဲ မထိမခိုက်အောင်ဆိုတော့ ဒါကလေးတွေ့ကျတော့လဲ မင်းတို့က ဒါမှခိုင်တယ်၊ ဒီပစ္စည်းအဘိုးတန်ချင် တန်ပေစေ၊ များချင်လဲ များပေစေ ဒါကလေးတော့ ဝယ်မှာဘဲ၊ ဒါ-ဘာတုံး ဒါ....အကာအကွယ်ကောင်းစာ မဆိုကြဘူးလား.... (ဆိုကြပါတယ်ဘုရား)။

အဲဒါက ဗဟိဒ္ဓကာကွယ်တာ၊ သဘောကျပလား.... (ကျပါပြီဘုရား) ဗဟိဒ္ဓရန်ကိုသာ ကာကွယ်နိုင်ပါတယ်တဲ့၊ အစ္ဈတ္တကာကိလေသာတွေ့က နှိပ်စက်မဲ့ သေပဲကြီးကို ကာကွယ်နိုင်ရဲ့လား (မကာကွယ်နိုင်ပါဘုရား)။

အဲဒီတော့ ဒီဘက်ကလဲ သတိပဋ္ဌာန် လက်ရုံး ပူပြီးတော့ ထားကြ....(မှန်ပါ့) သတိပဋ္ဌာန်လက်ကိုင်ပြီးတော့....(ထားရပါမယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့်ဘုန်းကြီးကဒီဥစ္စာလက်ကိုင်လုပ်ကြပါလို့ အများကြီးတိုက်တွန်းနေပါလိမ့်မလဲလို့ ဒီတကာတကာမတွေ့က မေးလို့ရှိယင်ဖြင့် နေထုတိုင်းမှာ အားကိုးရှာငြားသော်လဲ အားကိုးလဲနေတယ်... (မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

အဲဒီတော့ အားကိုးအစစ်ကလေးက တကယ်မသေတဲ့ အားကိုးအစစ်က ဘာတွေ့ကြသလဲ....(သတိပဋ္ဌာန်လေးပါး တွေ့ပါတယ်ဘုရား) သတိပဋ္ဌာန် လေးပါးဘဲ တွေ့တယ်ဆိုကြစို့.... (မှန်ပါ!) လေးပါးထဲက တပါးပါးဘဲ တွေ့တယ်ဆိုကြစို့.... (မှန်ပါ!) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ် ဒါမှမရှိလို့ ရှိယင်ဖြင့် ဩော်....လက်ကိုင်လွတ်နေတာဘဲ၊ သေချင်တဲ့အချိန် သေဘို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့ကစ,ပြီး အခုတရားနာတဲ့ တကာ တကာမတွေ့ လက်ကိုင်ဖြင့် ဘယ်အခါကာလမှ သွားလဲ ဒါကဒလေး လက်ကိုင်နဲ့ သွား၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....တောင်တက်ပြန်လဲ.... (ဒါကလေး လက်ကိုင်ထား) မော်တော်ကား စီးပြန်ကော.... (ဒါကလေး လက်ကိုင်ထား) ထမင်းစားပြန်ကော....(ဒါကလေး လက်ကိုင်ထား)။

ဒါကလေး လက်ကိုင်နဲ့ ဆိုလို့ရှိယင်ဖြင့် ဒီဘဝ သေသွားခြားသော်လဲ နောက်အရိုးတောင်လိုပုံစဆူ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် အိမ်မှာ လှေကား လက်ရမ်းတပ်ရတာ ချွေလဲပြီး၊ လိမ့်ကျပြီး၊ လျှောကျပြီး သေသွားမှာ စိုးလို့ (မှန်ပါ!ဘုရား) လှေကား လက်ရမ်းတပ်ရတာဟာ မကိုင်ဘဲနဲ့ တက်တဲ့လူ အင်မတန် ရှားတယ်၊ မရှားဘူးလား (ရှားပါတယ်ဘုရား) ဘာ့ကြောင့်တုံး....ဆိုတော့ အသေလွတ်အောင် အနာလွတ်အောင် လို့ ထားကြတာ မဟုတ်လား....(မှန်ပါ!)။

၆၈ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တရား (၁၀)

ကဲ....အိမ်မှာ အသုံးအဆောင်တွေကကောက္ခာ....ဘာလုပ်ဘို့ ထားကြရတာတုံးမေးတော့ .... (အသေလွတ်အောင်လို့ပါ) တကယ်ကျတော့....(မလွတ်ပါဘုရား) ဆန်,ဆီတွေ ကြားထဲမှာ သေတာဘဲ....(မှန်ပါ့) မသေဘူးလား.... (သေပါတယ်ဘုရား)။

ဒါတွေလဲ လွတ်တယ်လို့ ဆိုပြီးသကာလ ငတ်တော့ မသေစေနဲ့တော့၊ ဝ, ပေစေတော့ဆိုပြီး ယူထားလိုက်တာ ဝ,ရင်းသေသွားတယ်.... (မှန်ပါ့) တချို့ကျတော့လဲ ငတ်ရင်း သေသွားတယ်၊ အသေလွတ်ကဲ့လား...(မလွတ်ပါဘုရား)သတိပဋ္ဌာန်တခုခု လက်ကိုင်ထားလိုက်လို့ ရှိယင်တော့ဖြင့် တကာတကာမတို့နောက်ထပ် အသေဟာ လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဆရာသမားက အမြင်ကျယ်ကျယ်နဲ့ပြော-ဘုရားကသပ္ပဲညူတဥာဏ်တော်ကြီးနဲ့ ဟောထားတဲ့အတိုင်း ဆိုသဖြင့် ဒို့ဖြင့် ယနေ့ကစပြီး ဒီလက်ကိုင်ကို မလွတ်တော့ဘူး၊ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)ဘာတုံး-ဒီလက်ကိုင်က .... (သတိပဋ္ဌာန်ပါဘုရား)။

သတိပဋ္ဌာန်လေးပါးထဲက .... (တပါးပါးပါဘုရား) တပါးပါး၊ ကာယာနုပဿနာ ရှုပ်ကြိုက်ယင် ရှုပ်ရှုပါ....(မှန်ပါ့) ဝေဒနာနုပဿနာဝေဒနာကြိုက်ယင်.... (ဝေဒနာရှုပါ) စိတ်ကြိုက်ယင် (စိတ်ရှုပါ)။

ဒါချည်းဘဲ သစ္စာချည်းဘဲလို့၊ ဖြစ်ပျက်တွေ့ဟူသမျှ သစ္စာချည်းဘဲလို့ရှုလို့ ရှိယင်လဲ သစ္စာကြိုက်ယင်လဲ သစ္စာရှုပါ .... (မှန်ပါ့)သဘောပါပလဲ့း .... (ပါပါပြီဘုရား)နို့မဟုတ်လို့ ရှိယင်ဖြင့် လက်ကိုင်လွတ်တဲ့ပုဂ္ဂိုလ်နဲ့ တူကြပါတယ်....(မှန်ပါ့)။

လက်ကိုင် လွတ်လို့ရှိယင်ဖြင့် ဘာမှ မဆွဲမိဘူး ဆိုလို့ရှိယင်ဖြင့် ပရမ်းပတာ ဘေးသင့်မှာဘဲ....(မှန်ပါ့) ပရမ်းပတာ သေတဲ့ဘေး....(သင့်ပါတယ်ဘုရား)သင့်မှာဘဲဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စုထားတဲ့ ကျောက်လေးတွေကို လက်ကိုင်လုပ်ယင် ပြီတော့ဘာက် သွားဦးမယ်.... (မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

သွားမှာဘဲတဲ့၊ ခင်ဗျားတို့ အရေးကြုံလို့ရှိယင် တိုက်တည်ထားမယ်၊ လခနဲ့စားမယ်၊ လခနဲ့စားလို့မှမဝယင် စျေးရောင်းစားမယ်-ဆိုတာလဲ တော်တော်ကြာ သူ့ကို စဲလမ်းသွားပြန်ယင် ပြီတော့ဘာက် သွားမယ်.... (မှန်ပါ့) အသေလွတ်ကဲ့လား.... (မလွတ်ပါဘုရား) နောက် အသေခန္ဓာ ပြန်ပေါ်မယ်၊ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ အသေလွတ်လက်ကိုင် ယနေ့ တွေ့ပလား....(တွေ့ပါပြီ) ဘာတွေ့သတုံး.... (သတိပဋ္ဌာန်လေးပါးထဲက တပါးပါးပါဘုရား) တပါးပါးဟာ အသေလွတ် လက်ကိုင်ဘဲဆိုတာ နောက်က တကာ တကာမတွေ ရှင်းရှင်း-လင်းလင်း မှတ်ပါ.... (မှန်ပါ့)။

ခင်ဗျားတို့ ပြုထားတဲ့ ဒါန၊ ခင်ဗျားတို့ ဆောက်တည်ထားတဲ့ သီလ၊ ခင်ဗျားတို့ဆောက်ထားတဲ့ ကျောင်း၊ ခင်ဗျားတို့ လုပ်ထားတဲ့ ရေကန်၊ ခင်ဗျားတို့ လုပ်ထားတဲ့လမ်း၊ ဒါတွေကာ ဝေဒနာ နှိပ်စက်လာတော့ သူ့ကိုသတိမရဘူး၊ ရပါ့မလား....

(မရပါဘုရား) ဝေဒနာဘဲသတိရနေမယ် .... (မှန်ပါ့) မရဘူးလား... (ရပါစာယ်ဘုရား)။

အဲဒီတော့ ဝေဒနာ ရှုထားတဲ့ပုဂ္ဂိုလ်က ဝေဒနာဖြစ်ပျက်ကို မြင်လို့၊ ဝေဒနာဖြစ်ပျက် မုန်းလို့ ဝေဒနာဖြစ်ပျက် ဆုံးသွားမယ်ဆိုတော့ အင်း....သူက နောက်ထပ် မသေတော့ဘူး.... (မှန်ပါ့) ဒီတခါ သေပြီးတော့....(နောက်ထပ် မသေတော့ပါဘုရား)။

စိတ်ရှုထားတဲ့ ပုဂ္ဂိုလ်က သခါနိုး ကိုယ့်စိတ် ကိုယ်ရှုပြန်လို့ ရှိယင်လဲ စိတ်ပျက်ယင် ပျက်တဲ့စိတ် ရှုရုံဘဲ.... (မှန်ပါ့) ကောင်းယင်လဲ... (ကောင်းတဲ့စိတ်ရှုရုံဘဲ)။

အဲဒီကဲ့သို့ ရှုပြီးနေမယ်ဆိုတော့ သူ့မှာ ဒါကျင့်သားရပြီးသား ဖြစ်သောကြောင့် ဒို့လက်ကိုင်ရှိနေတယ် ဆိုပြီးသကာလ သခါနိုး သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်ပါတယ်....(မှန်ပါ့)မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)

ဒါဖြင့် လက်ကိုင် မလွဲစေနဲ့.... (မှန်ပါ့) သဘောကျကြပလား... (ကျပါပြီဘုရား) တကာတကာမတို့ ဒီနေ့ ဟောတဲ့ တရားဟာ တရား မစ,သေးပါဘူး၊လက်ကိုင်လွဲမှာ စိုးနေတယ်.... (မှန်ပါ့) အစဲလွဲမှာ... (စိုးနေပါတယ်ဘုရား)စိုးနေတယ်။

အချို့ သားကလေး စဲသေသွားလို့ ဒီအိမ်တွင် ပြိတ္တာဖြစ်နေတယ်၊ ဒီအိမ်မှာ ခွေးလာဖြစ်တာတွေ့လဲ တပုံကြီး၊ မရှိဘူးလား (ရှိပါတယ်) ဒီအိမ်နားတွင် မြေလာဖြစ်၊ ကြက်လာဖြစ်တာတွေ့ကော.... (ရှိပါတယ်) ဝတ္ထုသက်သေတွေ့ ပုံလို့ပေါ့ဗျာ....(မှန်ပါ့)။

သို့သော် ဒါတွေက လက်ကိုင်လွဲသွားတယ်.... (မှန်ပါ့)ဘာ လွဲသွားသလဲ.... (လက်ကိုင်လွဲသွားပါတယ်ဘုရား) အသေလွတ် မကိုင်မိဘူး .. (မှန်ပါ့) နောက်ထပ် သေစရာကြီးသွားကိုင်မိတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တယ်လဲ ကြောက်စရာ ကောင်းပါကလား မောင်အောင် သိန်းရေ....(ကောင်းပါတယ်ဘုရား)သိပ် ကြောက်စရာ ကောင်း တယ်ဆိုတာ နောက်က တကာ တကာမတွေ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် အသေလွတ်ကို လက်ကိုင်-ကိုင်မိမှသာလျှင် စိတ်ချရတော့မယ်ဆိုတာကော ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ပါ- (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘာလက်ကိုင် လုပ်ကြရမယ် .... (သတိပဋ္ဌာန်ကို လက်ကိုင် လုပ်ကြရပါမယ်ဘုရား) သတိပဋ္ဌာန်လေးပါး-တပါး ပါးဖြင့် ကိုင်မိအောင် ကိုင်ပါ .... (မှန်ပါ့)မရှိတာ အကိုင်ခိုင်း တာလား၊ရှိတာအကိုင်ခိုင်းတာလား.... (ရှိတာအကိုင်ခိုင်းတာပါ ဘုရား)။

ဒါလဲ သေခါနီးမှ ကိုင်လို့ မရဘူး၊ ဆဲမိဆဲရာ ဆဲလိမ့်မယ် (မှန်ပါ့) နဂိုရှိ-ကိုက ဒါ-ကိုင်နေကျဆိုယင်သာ အရေးရှိ ဒါဘဲ ကိုင်ပါ... (မှန်ပါ့) ဒါဖြင့် အလေ့အကျင့်ကော အရေးမကြီး ဘူးလား....(ကြီးပါတယ်ဘုရား)။

ဒါဖြင့် အခု အလေ့အကျင့်လုပ်နေတာသည် ကိစ္စပြီးအောင် လုပ်ထားလိုက်လို့ရှိယင် သေလဲ သေခါနီးမှာ သူဘဲလာမှာဘဲ

(မှန်ပါ့)တခြားသောတရား လာစရာရှိသေးရဲ့လား.... (မရှိပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အေး....ဒါဖြင့် တကာ တကာမတွေ့ ဒီနေ့ဖြင့် ခိုင်မြဲတဲ့ လက်ကိုင်ကြီး၊ အားကိုးရတဲ့လက်ကိုင်ကြီး၊ ကိုးစားရတဲ့ လက်ကိုင်ကြီး အသေလှတ် လက်ကိုင်ကြီးတွေ့ပြီ....(မှန်ပါ့)ဒီလောက် ဆိုယင် ရိပ်မိကြပါတော့....(ရိပ်မိပါပြီ) မရိပ်မိကြသေးဘူးလား (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ပြောပါတော့မယ်တဲ့၊ တရား စ,ပါတော့မယ် တကာ တကာမတို့ ဆပ္ပါဏကောပမသုတ် သားကောင်ခြောက်ကောင် ဥပမာပြပြီး မောင်နှိုင် ဟောတဲ့သုတ်... (မှန်ပါ့ဘုရား) ဆပ္ပါဏကောပမသုတ်၊ တကာတကာမတို့ သားကောင်ခြောက်ကောင်ကို ဥပမာ ပြပြီး မြတ်စွာဘုရားဟောတဲ့ သုတ်.... (မှန်ပါ့ဘုရား)။

ငါ သေသေချာချာ ဟောမယ်ဟေ....တဲ့၊ မင်းတို့ရှေးဦးစွာ သူ့မပြောခင် မင်းတို့အတွက် စိုးရိမ်တယ်ကွာ ဆင်ပြီး ရှေ့ပိုင်းမှာ နည်းနည်းပေးလိုက်ရတယ်နော်.. (မှန်ပါ့ဘုရား)။

လူတယောက်မှာလဲ အနာတွေက တကိုယ်လုံး ပြည့်နေတယ် တကိုယ်လုံးပြည့်ပြီးသကာလနေတော့ သူသွားရမည့် လမ်းကလဲ ဆူးတွေထဲ သွားရမှာ မောင်နှိုင်ရေ....၊သူ့မှာလဲ အနာတွေက ပြည့်လို့.. (မှန်ပါ့) သူ သွားရမည့်လမ်းကလဲ.... (ဆူးတွေပြည့်လို့ပါဘုရား)။

အဲဒီတော့ နဂိုရိုက အနာတွေက မရှင်းဘဲဖြစ်နေတယ်၊မသွားမဖြစ်လို့ သွားရတဲ့ ဆူးတောဆိုတော့ ဆူးတောထဲသွားမိလို့

ရှိယင်ဖြင့် ဟိုကစူး ဒီကစူးနဲ့ အနာပေါ် အနာဆင့်မယ်-(မှန်ပါ့) ဘယ်နှယ်ဆိုကြမယ်.... (အနာပေါ် အနာဆင့်မှာပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကိုယ်ကိုယ် သက်သာရေး မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ဘယ်နှယ်ကြောင့်ပါလိမ့်.... (အနာပေါ် အနာဆင့်လို့ပါဘုရား) အနာပေါ် အနာဆင့်နေလို့ သက်သာရေးမရှိပါဘူးတဲ့၊ အနာပေါ် အနာဆင့်နေတယ်။

ဒီမှာလဲတဲ့ မင်းတို့နေကြထိုင်ကြတာ မင်းတို့မှာ ကိလေသာအနာတွေက မျက်လုံးပေါက်ကလဲ ခင်တတ် မင်တတ်၊ နားပေါက်ကလဲ ကြားယင် ခင်တတ် မင်တတ်၊ စိုးရိမ်တတ် ကြောင့်ကြတတ်၊ နှာခေါင်းပေါက်ကလဲ ထို့အတူဘဲ ကြိုက်တတ်တယ်၊ မကြိုက်တတ်ဘူး....ဆိုတဲ့ ကိလေသာ အနာတွေက နှာခေါင်းပေါက်က ရှိနေတယ်....(မှန်ပါ့)။

လျှာပေါက်ကလဲ ဒီဟာကြိုက်တယ်၊ ဒီဟာမကြိုက်ဘူးဆိုတဲ့ ကိလေသာကကော.... (ရှိပါတယ်ဘုရား) ကိုယ်ပေါက်ကလဲ ဒီအဝတ်မှ ဝတ်ချင်တယ်၊ ဒီအဝတ်က ကြမ်းတယ်၊ ဒီအဝတ်က နုံတယ်၊ ဒီအဝတ်မှ ကြိုက်တယ်၊ ဒီအဝတ်က နွေးတယ်ဆိုတော့ ကိုယ်ပေါက်ကလဲ ကိလေသာ အနာတွေမရှိဘူးလား.... (ရှိပါတယ်ဘုရား)။

မနောပေါက်ကလဲ ရန်တွေ့ပြီး ဝမ်းသာတာရှိတယ်၊ ရန်တွေ့ပြီး ဝမ်းနည်းတာရှိတယ်....(မှန်ပါ့) မနောပေါက်ကလဲ ကိလေသာ မရှိဘူးလား... (ရှိပါတယ်ဘုရား)။

ဒါဖြင့် တကိုယ်လုံးမှာ ဒုက္ခရောဂါပေါက်ရှိတဲ့ အနက်က ကိုယ်ပေါက်ဆိုတာ တကိုယ်လုံးကို ဆိုတာ၊ တကိုယ်လုံးအနာတွေဘဲ ဆိုယင်ကော- ငြင်းဘိုလိုသေးသလား... (မလိုပါဘုရား)။

အဲဒီ အနာတွေရှိလျက်နဲ့ ခင်ဗျားတို့က အာရုံဆူးတွေဘဲ သွားတိုးကြပြန်တော့ ရူပါရုံနဲ့ စူးပြန်လဲ မျက်လုံးပေါက်က လောဘ ဒေါသ မောဟကြ၊ ကိုယ်က ဆူးစူးပြန်ပြီ.... (မှန်ပါဘုရား)။

ဟိုက ဆူးစူးလိုက်တဲ့ အခါကျတော့ ကိုယ်ကလဲ အနာတခု အနာတွေက တကိုယ်လုံးအတွင်းမှာ အပြည့်အစုံရှိနေတာ ဆူးစူးလိုက်တဲ့အခါကျတော့ အနာတွေက ပြည်တွေ,မန်းတွေ ယိုစီးထွက်လာမှာပေါ့....(မှန်ပါ)မထွက်ပေဘူးလား....(ထွက်ပါတယ်ဘုရား)။

ဘာဖြစ်လို့ထွက်လာတာတုံး....(ဆူးစူးလို့ပါဘုရား) အနာပေါ် ဆူးကျတယ်၊ ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား) ဒါ့ကြောင့် ခင်ဗျားတို့အိမ်မှာ ဆူးဘယ်နှစ်ချောင်းရှိသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် သားသမီး အဆင်းတွေလဲဆူး၊ ကျောက်အဆင်းတွေကော....(ဆူးပါဘုရား)။

ကောင်းပြီ.... အသံတွေကကော သားသံ, သမီးသံ, မြေးသံ တွေကကော....(ဆူးပါဘုရား) ဒါတွေကလဲ ထိတ်ကနဲ, လန့်ကနဲ ပြုံးကနဲ ဆူးစူးလို့ မရှိကြဘူးလား....(ရှိပါတယ်ဘုရား)။

အင်း... ခင်ဗျားတို့မှာ အနာက အပြည့်နဲ့ ဆူးတောထဲလဲ သွားပြန်တော့ တော်တော်ကြာ မဲ့လိုက်.... တော်တော်ကြာ

ပြုံးလိုက်၊ တော်တော်ကြာ မှိုင်လိုက်၊ ဟာ....ဘာဖြစ်တာတုံး-(ဆူးစူးလို့ပါဘုရား)။

ဘယ်ပုဂ္ဂိုလ် စူးတာတုံး.... (အနာရှိတဲ့ပုဂ္ဂိုလ်) အနာရှိတဲ့ပုဂ္ဂိုလ်စူးတာ၊ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) ဘယ်ပုဂ္ဂိုလ် စူးတာပါလိမ့်.... (အနာရှိတဲ့ပုဂ္ဂိုလ် စူးတာပါဘုရား) စူးသော်လဲ ဒီစုံလုံးကန်းက အနာရှိတဲ့ စုံလုံးကန်းက မောင်မြင့် ဆူးတောထဲဘဲသွားချင်တယ်.... (မှန်ပါ့) အနာရှိဘဲ့ စုံလုံးကန်းက ဘာတဲ့....(ဆူးတောထဲဘဲ သွားချင်ပါတယ်ဘုရား)။

သြော် .. ဖြစ်မှ ဖြစ်ရပလေ၊ အနာတွေလဲ များပြန်၊ စုံလုံးကလဲကန်းပြန်၊ ဆူးလဲကြိုက်ပြန်ဆိုတော့ မောင်နိုင်တို့-ကိုပေါ်ဘို့ အန္တရာယ်ကင်း ဘေးရှင်းဆိုတာ ကျုပ်တော့ မမြင်ပါဘူး.... (မမြင်ပါဘုရား) မြင်ရဲ့လား....(မမြင်ပါဘုရား)။

အန္တရာယ်ကင်း ဘေးရှင်း မြင်ကြသေးရဲ့လား.... (မမြင်ပါဘုရား) ဆိုးလှချည်ကလား၊ တကိုယ်လုံးကလဲ ဘာတဲ့.... (အနာတွေပါဘုရား) ကိုလေသာအနာတွေ....(မှန်ပါ့)။

လောဘနာ, ဒေါသနာတွေကလဲ ဆူးစူးယင် ကြွမယ်.... (မှန်ပါ့) မောဟနာကလဲ....(ဆူးစူးယင်ကြွပါမယ်) ဣဿာနာတွေကကော....(ကြွပါမယ်) မစ္ဆရိယနာတွေကကော.... (ကြွပါမယ်ဘုရား) သို့သော်လဲ ဒီစုံလုံးကန်းက ဘယ်ချည်းသွားနေပါလိမ့်....(ဆူးထဲချည်း သွားပါတယ်ဘုရား)။

ဆူးတောချည်း သွားတဲ့အခါ တခါတလေများ ဟိုအိမ်ကနေ အော်များနေလိုက်တာ.... (မှန်ပါ့) မျက်ရည်တွေ ထွက်

လို့....(မှန်ပါ့) ဟ....ဘာဖြစ်တာတုံး.... (ဆူးစူးလို့ပါ) ဆူးစူးလို့အော်တာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟ... တောထဲစူးတာလား၊ မြို့ထဲစူးတာလား၊ ပြောပါဦး.... (မြို့ထဲပါဘုရား) တိုက်ပေါ် စူးတာလား၊ အိမ်ပေါ်စူးတာလား (တိုက်ပေါ်ရော·အိမ်ပေါ်ရော စူးတာပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တောထဲဒီလောက်အော်သလား၊ မြို့ပေါ်ရောက်မှ နင်းအော်သလား.... (မြို့ပေါ်အော်တာပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) အံ့မာလေး....ကြောက်စရာကြီးပါကလား တကာတကာမတို့ ဟင်... (မှန်ပါ့)။

ခင်ဗျားတို့ ဒါ့ကြောင့်ပြောနေရတယ်၊ အနာရှိတဲ့ပုဂ္ဂိုလ်ဟာ ဆူးရှောင်ရမည်ဉစ္စာ မောင်အောင်ချိုတို့က ဘယ်သွားချင်တုံး.... မင်းတို့က-(ဆူးတောထဲသွားချင်ပါတယ်ဘုရား) အော်ချင်လွန်းလို့လားကွ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အော်ချင်လွန်းလို့လား....လို့ မေးယင် တကာတကာမတွေ ဘယ်နှယ်တုံး.... (ဆူးစူးလို့ပါ) ဆူးစူးလိုက်လို့ရှိယင် မျက်ရည်တွေ ထွက်လာတာဘဲ....(မှန်ပါ့)။

ဟိုက ဘယ်သူ ဘာဖြစ်သတဲ့၊ အသည်းအသန်ဖြစ်သတဲ့ဆိုယင် စူးပြီ၊ မစူးသေးဘူးလား.... (စူးပါပြီ)ဟာ...ဘယ်သူဖြင့် လမ်းမှာ ဘယ်လိုဖြစ်နေပတဲ့ဆိုယင်.... (စူးပါပြီ) သူဘယ်သူ့မြင်ခဲ့ရသတဲ့၊ဘယ်သူ့ကိုမြင်ခဲ့ရသတဲ့ဆိုယင်....(စူးပါပြီ) ကိုယ်ကိုယ်တိုင်

မြင်ခဲ့ယင်ကော....(စူးပါပြီ)စူးတာဘဲ၊ တခါတည်း မျက်ရည်ကြီးငယ်တွေ ထွက်လာတာဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် မောင်မြင့်တို့ ပြုံးကနဲသွားတာလဲ ဆူးစူးတာဘဲ ဟိုက လှုပတဲ့ရူပါရုံ မြင်လိုက်တဲ့အခါ ပြုံးကနဲသွားတာဘဲ .... (မှန်ပါ့)ကိုယ်ကြိုက်တဲ့ကျောက်ကလေးတွေ့လိုက်တဲ့အခါ....(ပြုံးပါတယ်ဘုရား)။

အင်း....ဒါလဲ ပြုံးတာလဲ ဘာထင်သတုံးမောင်မြင့်.... (ဆူးစူးတာပါဘုရား) ဆူးစူးလို့ ကိုလေသာနာထတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကျောက်ကလေး မြင်တိုင်း- မြင်တိုင်း စိတ်ပျက်နေတာက၊ ဟုတ်လား....တိုက်ကြည့်မှ အတော့်ကိုရှုံးနေတဲ့ ကျောက်မျိုး ကျယင် ဘယ်နှယ်လုပ်ကြမလဲ.... (ဆူးစူးပါတယ်ဘုရား) သူ့ကို မြင်တိုင်း- မြင်တိုင်း ဘယ်နှယ် နေသတုံး.... (ဆူးစူးပါတယ်ဘုရား)။

သူ့ မြင်တိုင်း မြင်တိုင်း တခါတည်း ထိတ်ကနဲ ဖိုကနဲ ဒီကျောက်မျိုး နောက်တခါ လာပြလို့ရှိယင် မောင်နှိုင် ကြည့်ချင်သေးရဲ့လား....(မကြည့်ချင်ပါဘုရား)။

ဟာ....ဘာဖြစ်တာတုံး၊ မကြည့်ချင်တဲ့ဆူး စူးပြန်ပြီဟော .... (မှန်ပါ့) အရင်တုန်းက ကြည့်ချင်တဲ့ဆူးစူးထားတာ....(မှန်ပါ့) အခုတော့ ဘာပါလိမ့် .... (မကြည့်ချင်တဲ့ဆူး စူးထားတာပါဘုရား)မကြည့်ချင်တဲ့ဒေါသမီး စူးထားလို့ ဒေါသမီးတောက်

ပြန်ပြီ....(မှန်ပါ့) တကာတကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

သားသမီးတွေ သူားတဲ့အခါ မပြန်လာတော့ မပြန်လာတဲ့ ဆူးစူးတယ်....(မှန်ပါ့)ပြန်လာပြန်တော့.... (ပြန်လာတဲ့ဆူးစူးပါ တယ်ဘုရား)။

သြော်...ခက်လိုက်တာ တကာတကာမတွေ ခင်ဗျားတို့ကလဲ ဒီဆူးကိုဘဲ ဘယ်နေရာစူးရပါ့မလဲဆိုပြီးသကာလ ရှာကြံနေကြတာနဲ့ မောင်မြင့် အတူတူပေါ့...(မှန်ပါ့)မတူဘူးလား....(တူပါတယ်ဘုရား)။

ထိတ်ကနဲ- ဖြာကနဲ....ပျာကနဲ....ပြုံးကနဲ....ဗိုင်းကနဲလဲ၊တက်ချင် တက်သွားလိုက် ဆူးစူးလိုက်တဲ့ဖြစ်ခြင်း၊ နည်းနည်း နော နောသလား ....(မနည်းပါဘုရား) ရိပ်မိကြပြီ .... (ရိပ်မိပါပြီ ဘုရား)။

ဘာဖြစ်တာတုံး(ဆူးစူးနေတာပါဘုရား)ငါဘုရား၏ တရား ဒေသနာတော် ငါဘုရား၏အမြင်နဲ့ ပြောရလို့ရှိယင်ဖြင့်ကွာ-တဲ့ မျက်ရည်ထွက်တာလဲ ဆူးစူးတာဘဲ၊ တက်တာလဲ ဆူးစူးတာဘဲ၊ ပြုံးတာလဲ ဆူးစူးတာဘဲ၊ အာရုံခြောက်ပါး ဆူးခြောက်ခုလို့ သာမှတ်လိုက်ပေတော့....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (အာရုံခြောက်ပါး ဆူးခြောက်ခုပါ ဘုရား)စူးဘူးကြပလားလို့ မေးယင် ဘယ့်နှယ်တုံး.... (စူးဘူးပါ တယ်ဘုရား)။

သြော်....သေအောင်မစူးသေးလို့ တော်သေးတယ်နော် ....

(မှန်ပါ့) စူးလိမ့်ဦးမယ်၊ မစူးပေဘူးလား .... (စူးပါမယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဆူးထဲမှာ သွားတဲ့ပုဂ္ဂိုလ်ကလဲ အန္တရာယ်ကင်းဘေးရှင်းသွားတာလား... တဲ့၊ အနာတွေ ရှိလျက်နဲ့ သွားတာလား.... (အနာတွေရှိလျက်နဲ့သွားတာပါဘုရား)။

ဩော် .... ခင်ဗျားတို့ သွားနေတဲ့ဥစ္စာ မသာတွေ သွားပြန်လဲ နီးစပ်လို့ သွားပြန်တော့ မျက်ရည် ကျပြန်တယ် .... (မှန်ပါ့) မနီးစပ်တဲ့ပုဂ္ဂိုလ် မကင်းတရားကလေးနဲ့ သွားလိုက်ပြန်တော့လဲ ကျုပ်မှာ တော်-တော်သေးတယ်၊ အသက်တူချင်းသူက အရင်သေသွားတယ်၊ ပြုံးများ နေလိုက်သေးတယ်၊ စူးတော့စူးတာဘဲ... (မှန်ပါ့)။

ဒါကတော့ ဆူးတော့စူးတာဘဲ....တဲ့၊ ဒါပြုံးလောက်အောင် ဆူး၊ ပြုံးဆိုတာနဲ့ စူးလိုက်တာနဲ့.... (မှန်ပါ့) ကိုလေသာနာ ထ, တာဘဲ... (မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)မျက်ရည်ကျတယ်ဆိုတာကော (ကိုလေသာနာ ထ,တာပါဘဲဘုရား)။

ဘကာတကာမတွေ ခင်ဗျားတို့ကလဲ မသွားမဖြစ်လို့ သွားရတဲ့ ကိစ္စတွေကော နည်းသလား... (မနည်းပါဘုရား) မပြောမဖြစ်လို့ ပြောရတဲ့ ကိစ္စတွေကော.... (မနည်းပါဘုရား)။

ဒါတွေဟာ ကိုယ်ပြောတဲ့ စကား နားမထောင်ပြန်သို့ ရှိယင်လဲ ရင်ထု မြေလူးလာပြန်တာဘဲ.... (မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)ဩော်.... ဘာဖြစ်ပြန်တာတုံး ဒါကလဲ.... (ဆူးစူးတာပါဘုရား) တိုက်ပေါ်မလား၊ အိမ်ပေါ်မလား မေး.

ပြန်တယ်....(တိုက်ပေါ်- အိမ်ပေါ်မှာပါဘုရား) တိုက်ပေါ်-အိမ်ပေါ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နို့—ခင်ဗျားတို့ ပြောင်အောင် လွဲထားတယ်ဆို....၊ မဟုတ်ဘူး ဘုရာ့၊ ဒီဟာက တပည့်တော်က တိုးလို့ စူးတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပြောင်အောင်တော့ လွဲထားတယ်၊ ကိုယ့်အိမ်သားတွေက လွဲထားတာဘဲ၊ သို့သော် တပည့်တော်တို့က တိုးမိလို့ တပည့်တော်စူးတာ၊ရှင်းပလား....(ရှင်းပါပြီ)။

အံမာလေး .... တကာတကာမတွေ၊ ဆူးစူးတာ မသိဘူး ခင်ဗျားတို့က တော်တော် ကိုညံ့သေးတယ်...(မှန်ပါ့) အခုတော့ သိကြပလား...(သိပါပြီဘုရား)။

အိမ်ပေါ်တက်ယင်ဖြင့် ဘယ်ဆူးက အရင် စ,စူးမလဲဆိုစာဒီကပြန်လို့ ရှိယင် ချိန်ကြစမ်း ခင်ဗျားတို့...(မှန်ပါ့) စူးမယ်...(စူးပါမယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆူးစူးယင်လဲ တခါတည်း မောင်နှိုင်ရေ.... ပြုံးတဲ့ဆူးလဲ ခံရမှာဘဲ၊ မဲ့ရတဲ့ဆူးလဲ ....(ခံရမှာပါဘဲ) တခုခုတော့ဖြင့် စူးတော့မှာဘဲ....(မှန်ပါ့) မစူးပေဘူးလား.... (စူးပါတယ်ဘုရား)သွားတဲ့လူက ဘာပါသွားသတုံး.... (အနာပါသွားပါတယ်)အနာသမားက ဘယ်တိုးပြန်သတုံး ....(ဆူးတောထဲတိုးပါတယ်ဘုရား)။

ဖြစ်မှ ဖြစ်ရပလေကွာ၊ ပြီးတော့ဖြင့် တကာတကာမတွေတ ပြောချင်တယ်၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာ

ခြင်းနဲ့ဘဲနေပါရစေ၊ တပည့်တော် ဟောဒီရေကလေး လှူရတဲ့ အကျိုး ရေလိုအေးပြီးသကာလ တခါတည်း စိတ်တွေလဲ ဘဝင် ကျကျနဲ့ အေးပြီးသကာလ နေရပါလို့၏၊ ဆုတောင်းပြီးမှ ဆူးထဲ တိုးတာကိုး....(မှန်ပါ့)။

ဘာလုပ်တာလဲ.... (ဆုတောင်းပြီးမှ ဆူးထဲ တိုးပါတယ် ဘုရား) ဆုတောင်းပြီးမှ ဆူးထဲ တိုးလိုက်တော့ ထိတ်ကနဲ, ပျာ ကနဲ မလာဘူးလား.... (လာပါတယ်ဘုရား) ပြုံးကနဲကော.... (လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းက မပြည့်လို့လား၊ ကိုယ်က ဆုတောင်း ကျော်ပြီးသကာလ လုပ်မိလို့လား.... (ဆုတောင်း ကျော်ပြီး လုပ်မိလို့ပါဘုရား) ရှင်းပလားကွ.... (ရှင်းပါပြီ)။

ဒါဖြင့် ကြိုက်တာကတခြား၊ ကိုယ်လုပ်ချင်တာကတခြား.... (မှန်ပါ့) ကြိုက်တာက အန္တရာယ်ကင်းလို့ ဘေးရှင်းချင်တယ်.... (မှန်ပါ့) တိုးတာက.... (ဆူးထဲတိုးပါတယ်ဘုရား) ဆူးထဲတိုး တော့ အန္တရာယ်တွေချင်လို့.... ဘေးတွေချင်လို့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ အခု တရားနာတာ နာရီဝက် ရှိသွားပါပြီ....၊ ပြောင်းပြန်ပါကလားဆိုတာကော ပေါ်ကြပလား....(ပေါ်ပါ ပြီဘုရား)။

ကြိုက်တာက အန္တရာယ်ကင်းလို့ ဘေးရှင်းချင်တယ်.... (မှန်ပါ့) သွားနေချင်တာက ဘယ်လိုနေရာပါလိမ့်....(ဆူးတော

တိုးချဲ့ပါတယ်ဘုရား) အေး_ အန္တရာယ်တွေ့ ဘေးတွေ့တဲ့ နေရာမှ_ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီအန္တရာယ်ဘေးမရှိတဲ့ နေရာကျလာလို့ ရှိယင်ဖြင့် ခုနင်္ကမပြုံးရတဲ့နေရာ၊ မမဲ့ရတဲ့နေရာ၊ မပူရတဲ့နေရာ၊ မဆွေးရတဲ့နေရာ နိဗ္ဗာန်မျိုးကျတော့ ခင်ဗျားတို့က မသွားချင်ဘူး.... (မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ၊ မောင်နှိုင် အတော်ဆိုးနေပြီ.... (ဆိုးနေပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် မင်းတို့ ဒီအနာရှိလျက်နဲ့ ဆူးတိုးတဲ့ပုဂ္ဂိုလ်ဟာဖြင့်ကွာ... တဲ့၊ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် ကံမကောင်းအကြောင်းမသင့်လို့ မပါဘူးဟေ့_ တဲ့၊ မှန်ရဲ့လား.... (မှန်ပါတယ်ဘုရား) တကာတကာမတို့ ဘယ့်နှယ်တုံး မှန်ရဲ့လား.... (မှန်ပါတယ်ဘုရား)။

ကံမကောင်း အကြောင်းမသင့်လို့ မဟုတ်ဘူးတဲ့၊ ကိုယ်-ကိုယ်တိုင်က တိုးလို့ဖြစ်ရတာ_ (မှန်ပါ့) ကံကို အတိုးခိုင်းတာလား၊ ကိုယ်·ကိုယ်တိုင်က တဏှာမနေနိုင်လို့ -ဒေါသက မနေနိုင်လို့ တိုးတာလား....(တဏှာ ဒေါသက မနေနိုင်လို့ တိုးတာပါဘုရား)။

မနေနိုင်လို့ တိုးတာကို မောင်အောင်ချိတို့ မောင်မြင့်တို့ကား စဉ်းစား၊ ငေြခ်_ ကံများ မကောင်းတော့ ဒီလိုဘဲ၊ မျက်ရည်ကြီးငယ် ကျရတယ်၊ ကိုယ်က သွားတိုးတာတော့ ထည့်တာ မဟုတ်ဘူး... (မှန်ပါ့) ထည့်သေးရဲ့လား....(မထည့်ပါဘုရား)။

ပြီးတော့ ဘယ်သူ့အပေါ် အပြစ်တင်လိုက်သလဲ... (ကံပေါ် အပြစ်တင်ပါတယ်ဘုရား) တိုးတာက ဘယ်သူပါလိမ့် (ကိုယ်က တိုးတာပါ) မိမိက တိုးတယ်။

ကံက လာလုပ်တာလား....၊ မိမိက တိုးတာလား.... (မိမိက တိုးတာပါဘုရား) အံမာလေး... ဖြစ်မှ ဖြစ်ရပလေတယ် တကာ တကာမတွေ့၊ ခင်ဗျားတို့ဟာက ရယ်စရာကြီးပါ.... (မှန်ပါ့)။

တရားကို ရေရေလည်လည် ပြောတော့မှ မောင်မြင့်တို့ ရယ်စရာကြီးဆိုတာ ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) မောင် အောင်ချို ဘယ့်နှယ်တုံး... (ရယ်စရာကြီးပါဘုရား)။

ကျုပ်က အန္တရာယ်ကင်း, ဘေးကင်း၊ စိတ်အေးအေး ဘဝင် အေးအေးမို့ ဘာမဆို ကျုပ်က အပင်ပန်းခံလုပ်ထားတာ..၊ အေးအေး စားပြီး- အေးအေး နေတတ်ပါ့စ ဆိုပြီး ကျုပ် တယောက်တည်း အပင်ပန်းခံလုပ်ထားတာ၊ အခု စိတ်မအေးရဘူး၊ ကျုပ်ကံဟာ အတော်ဆိုးတယ်.... (မှန်ပါ့) ကိုယ်က သွား-သွားတိုးတာတော့ ထည့်တာမဟုတ်ဘူး... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်သူက တိုးတာတုံး....(ကိုယ်က တိုးတာပါဘုရား)။

ဒါ... ကံမကောင်း အကြောင်းမသင့်လို့လား၊ ကိုယ်ကိုယ် တိုင် ဇာတ်တိုးလို့လား (ကိုယ်ကိုယ်တိုင် ဇာတ်တိုးလို့ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ....ဇာတ်မတိုးပါနဲ့တဲ့-ဘုရားက ဟောထားတယ်၊ မင်းမှာ အနာမျိုးစုံရှိယင် အထူးရှောင်.... (မှန်ပါ့) မရှောင်ယင် ဘာဖြစ်မတုံး....(ဆူးတိုးမိပါမှယ်ဘုရား)။

အခုတော့ ရှောင်သလား- တိုးသလား- (တိုးပါတယ်ဘုရား) မောင်အောင်ချီ ဒီ့ထက် မိုက်တာတော့....(မရှိပါဘုရား)။

သို့သော်- မင်းတို့ အခု ငါပြောလို့ ပေါ်လာတာကိုးက္ခ.... (မှန်ပါ့) နို့မဟုတ်ယင် ဒါ-မိုက်နေတယ်လို့မှ ယူမှမယူဘဲ.... (မှန်ပါ့) ကိုပေါ်ကြီး ယူရဲ့လား. (မယူပါဘုရား)ဒါ....ထုံးစံဘုရား၊ တပည့်တော်တို့ ထုံးစံ....(မှန်ပါ့)။

တပည့်တော်တို့ ထုံးစံကလဲ မျက်ရည်ကျတဲ့ ထုံးစံလားလို့ မေးချင်တယ်၊ မျက်ရည်လုတ်တွေ ပြည့်လို့....(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တော်တော် လိမ္မာကြပလားလို့ ၃၅-မိနစ်ရှိပြီကွာ ဒါ-ပြောနေတာ၊ တော်တော် လိမ္မာလောက်ပလား.... (မှန်ပါ့)မောင်အောင်ချီတို့ ဘယ်နှယ်တုံး.... (လိမ္မာလောက်ပါပြီဘုရား)။

လိမ္မာလောက်မှ ဒါ-သိထားမှ မင်းတို့လိမ္မာမှာ....(မှန်ပါ့) မသိလို့ရှိယင်ဖြင့် တခါတည်း အပြေးအလွှား ဂျမ်းထိုးမှောက်ခုံသွားချင်တာ.... (မှန်ပါ့) ဆူးထဲတိုးတာလေ၊ ဖြေးဖြေးတိုးချင်သလား၊ ဂျမ်းထိုးမှောက်ခုံ တိုးချင်သလား....(ဂျမ်းထိုးမှောက်ခုံတိုးချင်ပါတယ်ဘုရား)။

အံမာလေး.... ကြောက်စရာကြီးပါကလား၊ တကာတကာမတို့ ခင်ဗျားတို့ ဟန်လုပ်မနေကြနဲ့၊ ဒီဥစ္စာက အမှန်ပြောနေတာ (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ....တဲ့၊ အနာရှိလျက်နဲ့ ဆူးတောတိုးပြီးသကာလနေတာငါ မြင်တော်မူတယ်၊ဒါကြောင့် မင်းတို့ သနားတယ်၊ ကဲ....ဘုရားသနားတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အနာရှိတဲ့ပုဂ္ဂိုလ်တွေမို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအမြင်က ဆူးတောမတိုးနဲ့၊ဒီအနာ ပျောက်အောင်လုပ်ပါ၊ ဆူးတောတိုးယင် ဒီ့ထက်ကြီးတဲ့ အနာရမယ်.... (မှန်ပါ့)အနာပျောက်အောင် လုပ်ဆိုတာက ကိုယ်တော်မြတ်ကြီး၏ စိတ်ရင်းစေတနာရင်းဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့ကလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက စိတ်ရင်း စေတနာရင်းကောင်းပါရဲ့၊ ကိုယ်ကမနေနိုင်တော့ တိုးရတယ်၊တိုးတော့အနာထပ်ရတယ်....(မှန်ပါ့)။

အဲ....ဘုရား၏ အပြစ်လား၊ တိုးတဲ့ပုဂ္ဂိုလ်၏ အပြစ်လား .... (တိုးတဲ့ပုဂ္ဂိုလ်၏ အပြစ်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မင်းတို့က ဘယ်နှယ် ဖြစ်နေသတုံးဆိုတော့ မီးဖိုနားမှာမောင်မြင့်တို့ မြင်ဘူးလိမ့်မယ်၊ထင်းဆွေးထဲ ပါလာတဲ့ပိုးကောင်ကလေးတွေဟာလေ မရှိဘူးလား... (ရှိပါတယ်ဘုရား) ကဲ .... မီးဆိုပြေးတယ်၊မပြေးဘူးလား....(ပြေးပါတယ်ဘုရား)။

ဟင်းအိုး-ထမင်းအိုးကို ထင်းထိုးနေတဲ့ပုဂ္ဂိုလ်ကတော့သနားလို့ ဒုတ်ကလေးနဲ့ဖယ်တယ် ဖယ်တော့ သူကပြန်သွားတယ် ... (မှန်ပါ့)ဘာပြုလို့တုံး....(မီးထဲတိုးမလို့ပါဘုရား) မီးထဲတိုးမလို့၊ ဘာဖြစ်လို့လဲ သေချင်လို့ပေါ့.... (မှန်ပါ့) သဘောကျမလား... (ကျပါပြီ)။

သူ့မှာ နဂိုရှိကလဲ သေစရာအနာကြီးပါပါရဲ့သားနဲ့ ဟုတ်လား အသေမြန်အောင်သို့....(မှန်ပါ့) နဂိုရှိက ဒီအတိုင်းနေလဲ ဒီကောင်ကလေးက သေမှာဘဲ၊တနေ့နေ့ သေမှာမဟုတ်လား....(မှန်ပါ့)သို့သော်....အသေမြန်အောင်လို့ဘာတဲ့တုံး....(မီးထဲတိုးပါတယ်ဘုရား)မီးထဲတိုးတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

အခု ဒီတကာ တကဲ့ာမတွေလဲ ပူစရာ-ခဆွေးစရာရှိတဲ့ အထဲမှာ များများနေချင်တာဟ့ာ ခုနင်က ပိုးကောင်ကလေးလိုဘဲ ဘုရားကတော့ဖြင့် တရားဒုတ်နဲ့ဖယ်ပေးတာဘဲ-သနားတော်မူလို့ ခင်ဗျားတို့က ဘယ်နှယ်နေကြသတုံး....(တိုးနေပါတယ်ဘုရား) ခုနင်က တိရစ္ဆာန်ကလေးနဲ့ ခင်ဗျားတို့သည် ခြားနားသေးသလား....(မခြားနားပါဘုရား)။

ကျုပ်က ပူစရာရှိယင် ပွင့်ပွင့်လင်းလင်း ပူလိုက်ရမှ၊အော်တာတောင်မှ ဒီလိုမြုပြီးမငိုချင်ဘူးတဲ့၊အသံးက ပါသေးတာကိုးဗျ (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

အံမာလေး....ခုနင်က ပိုးကောင်ကလေးနဲ့ ဘယ်နှယ်နေတုံးမောင်မြင့်....(မခြားနားပါဘုရား)ဒုတ်နဲ့ ဖယ်လို့ရရဲ့လား ....(မရပါဘုရား)။

လွန်လှချည်လားကွ၊ ပိုးကောင်ကလေးကလူလား-တိရစ္ဆာန်လား....(တိရစ္ဆာန်ပါဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဆူးထဲ တိုးနေတဲ့ ပုဂ္ဂိုလ်တွေဟာ လူလို့သာဆိုင်းဘုတ်ဆဲရတယ်၊ တိရစ္ဆာန်လိုဘဲ သူသေမည့်ဘက်ချည့် တိုးတယ်လို့ဆိုယင် လွဲသေးသလား.... (မလွဲပါ

ဘုရား)အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်း ပါတယ်)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ကြိုက်တာ- မကြိုက်တာ ဆူးဆဲတိုး တာ·မတိုးတာ ခင်ဗျားတို့ အကြိုက်အသာထား၊ အခု ဥပမာ ဥပမေယျနဲ့. ပြလိုက်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ခုနင်က မီးဖိုဆဲ တိုးနေတဲ့ ပိုးကောင်ကလေးကို ဒုတ်နဲ့.ဖယ်သလို ဖယ်နေတာဟာဖြင့် သတိပဋ္ဌာန်လေးပါးဘဲ.... (မှန်ပါ!)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သတိပဋ္ဌာန်လေးပါးနဲ့.မှမဖယ်ယင်တော့...(မရပါဘုရား) မရတော့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ) ကိုင်း.... ဒါဖြင့် သူ့.လက်လှတ်လိုက်ယင်ဖြင့် ခုနင်က မီးထဲတိုးတော့မှာဘဲ (မှန်ပါ!)ဆူးတော... (တိုးတော့မှာဘဲဘုရား)။

သူ့.လက်မလှတ်လိုက်လို့. ရှိယင်ဖြင့်တဲ့ ဒီလူဟာ ဒီဘဝသာ နောက်ဆုတောင်းကြောင့် သေရမှာ....(မှန်ပါ!) နောက်သေစရာ ငိုစရာ-ဆွေးစရာ....(မရှိပါဘုရား)။

ကိုင်း....တကာတကာမတို့ လက်ကိုင်တွေ့ပလား .... (တွေ့ပါ ပြီဘုရား)ဘာတွေ့သလဲ.... (သတိပဋ္ဌာန်လေးပါး- တပါးပါးပါ ဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် လက်ကိုင်ထားပါလို့. ဆရာဘုန်းကြီး ဒီလောက် အရေးတကြီး ပြောပါလိမ့်မတုံးလို့. အမေးထုတ် တော့မှ....တဲ့၊ ခင်ဗျားတို့ နဂိုရိုက လက်ကိုင်ထားတာ တွေ့က ပြီတွာလမ်းနဲ့.- ငရဲလမ်းချည့် ထားခဲ့တယ်.... (မှန်ပါ!) နိဗ္ဗာန်

လမ်းလက်ကိုင်ဟာ မရှိလို့ ဒါလောက်ပြော နေရတာ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အန္တရာယ်ကင်းတဲ့ လက်ကိုင်တွေ့ပလား (တွေ့ပါပြီဘုရား) ကျောက်ထုပ် ကလေးတွေ့မျှား သွားမကိုင် လိုက်ပါနဲ့.... (မှန်ပါ့)ပြီတွာလမ်းကို တန်းနေတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အိမ်ကလေး, ယာကလေး, သားကလေး, သမီးကလေး စဲ့မသွားလိုက်ပါနဲ့... (မှန်ပါ့)ငရဲလမ်း တန်းလို့ပါ .... (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မောင်အောင်ချို လက်ကိုင် ဒီနေ့ရပလား.... (ရပါပြီ) ဘာရသလဲ .... (သတိပဋ္ဌာန်လေးပါး- တပါးပါးပါ ဘုရား)တပါးပါးတော့ လက်ကိုင်ထား။

အဲဒါ ဘုရားဖြစ်တဲ့ နေ့ကစပြီးသကာလ သူ ဒါ စ့ကိုင်တာ ဘဲ၊ဘုရားဖြစ်အောင် လုပ်ပေးတာလဲ သူဘဲ၊ ဘုရား ဖြစ်တော့ လက်မလွတ်တာလဲ သူပါဘဲ....(မှန်ပါ့))ဒါ့ကြောင့် "သဗ္ဗ ကာယကမ္မ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တာ" ကာယကံ လုပ် တော့မယ်ဆိုယင် ဉာဏ်ကလေးပါတာဘဲတဲ့၊ ဝစီကံပြောတော့ မယ်ဆိုတော့လဲ....(ဉာဏ်ကလေးပါပါတယ်ဘုရား)မနောကံ ကလေးနဲ့ ကြံမယ်ဆိုယင်ကော .. (ဉာဏ်ပါ-ပါတယ်ဘုရား)။

ကဲ ဘုရားကိုယ်တိုင် သတိပဋ္ဌာန်လုပ်တယ်....(မှန်ပါ့)ဘုရား ဖြစ်ပြီးယင် အသေလွတ်ပြီ၊ ဒါတောင် လက်လွတ်ကဲ့လား .... (မလွတ်ပါဘုရား)။

ခင်ဗျားတို့ ဓာရဏ ပရိတ်မှာကြည့် "သဗ္ဗေ ကာယကမ္မ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တာ" သဗ္ဗေ ဝစီကမ္မ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တာ။ ပါဠိတော်တွေရော အဋ္ဌကထာတွေရော ရှိပါတယ်။

မောင်နိုင် ကဲ့-ဉာဏ်နဲ့ချည်း မသွားဘူးလား ....(သွားပါတယ်ဘုရား) ကာယကံလုပ်လဲ သူ့-ဉာဏ်မလွတ်ဘူးတဲ့၊ ဝစီကံလုပ်ကော .... (ဉာဏ်မလွတ်ပါဘုရား) မနောကံလုပ်ကော... (ဉာဏ်မလွတ်ပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားဖြစ်တော့ သတိုပဋ္ဌာန် လွတ်ပစ်သလား.... (မလွတ်ပါဘုရား)မလွတ်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီ) ဘုရားဖြစ်လာတာလဲ ဘာ့ကြောင့်ဖြစ်သလဲ.... (သတိပဋ္ဌာန်ကြောင့် ဖြစ်ပါတယ်) ဘုရားဖြစ်ပြီး လက်မလွတ်တာကော....(သတိပဋ္ဌာန်ပါဘဲဘုရား) သတိပဋ္ဌာန်ဘဲ လက်မလွတ်ဘူးဆိုတာ မောင်အောင်သိန်း ပေါ်ပလား.... (ပေါ်ပါပြီ)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ သတိပဋ္ဌာန်လေးပါး တပါးပါး လက်ကိုင်ထားလို့ရှိယင်ဖြင့် အသေလွတ်,အနာလွတ် အအိုလွတ်,အပူလွတ်, အဆွေးလွတ်၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဒီတွင် သားကောင်ခြောက်ကောင် ဘုရားက ဥပမာပြတယ်....(မှန်ပါဘုရား)။

သားကောင် ခြောက်ကောင်ကို လူတယောက်က ကျောင်းနေတယ်၊ ကျောင်းတော့ တကောင်က ဘာတုံးလို့ မေးတော့ မြွေတဲ့၊ မြွေဆိုတာ အရွယ်ကြီးက်တယ်·အရွယ်ကြီးက်တယ်နော်... (မှန်ပါ) သူ့လဲ ကြိုးတွေချည်ပြီး ဒီလူကဘဲ ကိုင်ထားတယ်။

တကောင်ကတော့လဲ မိကျောင်းတဲ့၊ သူက ဘာကြိုက်တာ်သတုံး....(ရေပါဘုရား) ရေကြိုက်တယ်၊ အကြိုက်တူရဲ့လား....(မတူပါဘုရား) မတူတော့ သူ့လဲ ကြိုးနဲ့ ချည်ပြီးသကာလ ကိုင်ထားတယ်၊သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် တကောင်ကတော့လဲ ငှက်ဆင်ကြီး၊ ငှက်ဆင်ဖမ်းပြီး ကြိုးနဲ့ချည်ထားတယ်၊သူကလဲ ကောင်းကင်ကြိုက်တယ်....(မှန်ပါ့) ငှက်ဆင်ဆိုတာ ကောင်းကင်ပျံတယ်(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

တကောင်ကတော့လဲ အိမ်ခွေးတဲ့၊ တကာတကာမတို့ သူကလဲခပ်သန်သန်မာမာဘဲ၊ သူ့ကိုယ်လဲ ကြိုးနဲ့ချည်ပြီး ကိုင်ရပြန်တာဘဲ....(မှန်ပါ့) သူကတော့ ဘာတုံးဆိုတော့ မီးဖိုချောင်ထဲပြာပုံကြိုက်တယ်၊ သဘောကျပလား....(ကျပါပြီ) သူ့လဲ ကြိုးနဲ့ချည်ပြီး ဒီတယောက်ထဲက ကိုင်ရတာဘဲ....(မှန်ပါ့)။

တကောင်ကတော့လဲ တောခွေး...တဲ့၊ တောခွေးဆိုတာက သုသာန်မှာ လူသေးတွေ ဖေါ်စားချင်တဲ့ အကောင်မျိုး၊ သဘောကျပလား.... (ကျပါပြီ) အဲဒီအကောင်ကိုလဲ ကြိုးနဲ့ချည်ပြီးကိုင်ကွာ တယောက်တည်းကဘဲ၊ ဒီလူဘယောက်တည်းဘာ ကိုင်ရမှာ၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကောင်ကတော့ မျောက်တဲ့၊မျောက် ဆိုတာ တကာတကာမတို့ အမြဲတန်း သစ်ပင် မြင့်မြင့်ပေါ် တက်ပြီးသကာလ ဟိုကြည့် ဒီကြည့်ကြည့်တတ်တဲ့ အကောင်မျိုး....(မှန်ပါ့)သူကလဲ အမြင့်တက်ရမှ ကျေနပ်တယ်၊ သဘောကျပလား .... (ကျပါပြီဘုရား)။

ဒီခြောက်ကောင်ကိုတဲ့ ကြိုးနဲ့မြဲအောင်ချည်ပြီး အလယ်မှာ ထုံးတယ်၊ တကာတကာမတို့ ကြိုးခြောက်ချောင်းကို အလယ်မှာထုံးပေါ့နော်.... (မှန်ပါ့) ထုံးပြီးသကာလ ကိုင်ထားလို့ ရှိယင် နိုင်ပါ့မလား....(မနိုင်ပါဘုရား)မနိုင်ဘူးနော် ... (မှန်ပါ့) မနိုင်ဘူး။

မနိုင်တော့ ဒီခြောက်ကောင်ကလဲ ကိုယ်လိုရာတော့ရုန်းတော့မှာဘဲ.... (မှန်ပါ့) မြေကလဲ အရှုပ် ရှိရာဘက် ရုန်းမှာဘဲ .... (မှန်ပါ့) သဘောကျပလား ....(ကျွပါပြီ) အင်း .... မိကျောင်းကလဲ ရေရှိရာဘက်....(ရုန်းမှာပါဘဲ)။

ရုန်းမှာဘဲတဲ့၊ ငှက်ဆင်ကလဲ ကောင်းကင်ဘက် .... (ရုန်းမှာပါဘဲ)အိမ်ခွေးကလဲ ပြာပုံ မီးဖိုချောင် ရုန်းမှာဘဲ၊တောခွေးကလဲ သုသာန်ကို - (ရုန်းမှာပါဘဲ)။

မျောက်ဆိုတဲ့ သတ္တဝါကလဲ တကာတကာမတို့ သစ်ပင်အမြင့်ကိုတက်ပြီး ရုန်းမှာဘဲ .... (မှန်ပါ့) သူတက်ချင်တဲ့နေရာမတက်ရယင် ကျနပ်ပါ့မလား....(မကျနပ်ပါဘုရား)။

ဒီခြောက်ကောင်ကို မောင်မြင့်တို့ .... မောင်အောင်ချိတို့က စာယောက်တည်းကျောင်း၊ ထုံးပြီး ကိုင်ထားနိုင်ပါ့မလား .... (မနိုင်ပါဘုရား)။

မနိုင်တော့ကိုတဲ့ ဒီခြောက်ကောင်ကအစာကလဲ ဆာလာမယ် ကိုင်ထားတာကလဲကြာတော့ အစာကလဲဆာလာပြီ ဆိုတော့ အားကောင်းတဲ့အကောင်ဆွဲရာနောက် ပါရ-မပါရ....(ပါရမှာပါဘုရား)ဒါဖြင့်ကျောင်းတဲ့ပုဂ္ဂိုလ်ပါ- ပါရမှာဘဲ... (မှန်ပါ့) လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါဖြင့် အားကောင်းတဲ့အကောင်နောက် လိုက်လို့ ရှိယင်ဖြင့် ဒီအထဲ မိကျောင်းက အားကောင်းယင်လဲ ရေထဲသေဘို့ရှိတယ် (မှန်ပါ့) မျောက်က အားကောင်းလို့ ဆွဲလို့ ရှိယင်လဲ အမြင့်တက်ပြီးသကာလ သေဘို့ဘဲရှိတယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါထဲက ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဥပမာပြတာပါကွာ....တဲ့၊ မင်းတို့ မျက်လုံးဟာတဲ့ အင်မတန်အာရုပ်ကြိုက်ပါတယ်တဲ့။

ပြောင်ရေးထားတာနဲ့ ပန်းလက်ပန်းခက်တွေနဲ့ ရေးထားတာနဲ့ မောင်အောင်ချို ဘယ်ဟာကိုကြည့်မလဲ....(ပန်းလက်, ပန်းခက်ရေးထားတာကြည့်ပါမယ်ဘုရား)။

သူက အရုပ်ကြိုက်တယ်၊ ဒါ့ကြောင့် မျက်လုံးက မြေနဲ့တူတယ်၊ သဘောကျပလား....(ကျပါပြီ)။

နားကတော့ အေးအေးဆေးဆေးကြိုက်တယ်တဲ့၊ မိကျောင်းလိုဘဲ ရေအိုင်ထဲသွားပြီး မျက်လုံးမှိတ်ပြီး အိပ်နေချင်တာ၊ နားကတော့ မိကျောင်းနဲ့တူတယ်၊ သဘောကျသား....(ကျပါတယ်ဘုရား)။

မိကျောင်းနဲ့တူတာက ဘယ်သူပါလိမ့်.... (နားပါဘုရား) နားကတော့ ခပ်အေးအေးကလေး နေပါရစေ၊ နားအေးအေးကလေး၊ မလာဘူးလား....(လာပါတယ်ဘုရား)။

သူက ဘာကြိုက်သလဲ....(အအေးကြိုက်ပါတယ်) ဘာနဲ့တူသတဲ့လဲ....(မိကျောင်းနဲ့တူပါတယ်ဘုရား)မှတ်ထားလိုက်စမ်းပါ မောင်နိုင်ရ,-ဒီဥစ္စာ ဆပွါးကကောပမသုတ်....တဲ့....(မှန်ပါ့)။

ငှက်ဆင်ကတော့လဲ ကောင်းကင် မပျံ့ရယင် ကျေနပ်ပါ့ မလား....(မကျေနပ်ပါဘုရား) အင်း....မကျေနပ်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ နှာခေါင်းဟာ ကောင်းကင် မော့၍ရမှ သူက ကျေနပ်တယ်....(မှန်ပါ့)။

ပန်းကလေးလာလဲ မော့၍ရမှ....(မှန်ပါ့) အောက်စိုက်၍ ရယင် တယ်မကျေနပ်ဘူး....(မှန်ပါ့)ခပ်မော့မော့ကလေး ၍ရမှ သူက....(ကျေနပ်ပါဘယ်)သဘောကျပလား....(ကျပါပြီ)ဒါနဲ့ သူက ငှက်ဆင်ကြီးနဲ့တူသကွာတဲ့။

လျှာကလဲ တကာ တကာမတို့ ခုနင်ကပြောတဲ့အတိုင်း အိမ် ခေးလိုဘဲတဲ့၊ မီးဖိုချောင်နဲ့ ပြာပုံမှာ သူပျော်တယ်— (မှန်ပါ့) ဒီ့ပြင် နေရာကော....(မပျော်ပါဘုရား)အင်း - လျှာဆာလာ တယ်ဆိုယင် မီးဖိုချောင်ပြေးကြတယ်—(မှန်ပါ့)။

လျှာဆာယင်ဘယ်ပြေးကြသလဲ....(မီးဖိုချောင်ပြေးပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီ)လျှာက ဒါ့ကြောင့် အိမ်ခေးနဲ့တူ တယ်တဲ့၊ ရှင်းကြပလား....(ရှင်းပါပြီ) လျှာက ဘာနဲ့တူသလဲ.... (အိမ်ခေးနဲ့တူပါတယ်ဘုရား)။

ကောင်းပြီ၊ ကိုယ်ကတော့ ဘာနဲ့တူသတုံးဆိုလို့ ရှိယင်ကိုယ် က တာရှည်ထိုင်ရတာ ကျုပ်ညောင်းတယ်ဆိုယင်လဲ တော်တော် ကြာ အမှီကလေးရှာတယ်၊ တော်တော်ကြာ လှဲလိုက်ချင်တယ် ကုလားထိုင်ကလေးပေါ်မှာ တော်တော်ကြာ ကုလားထိုင်နဲ့မှ အားမရလို့ အိပ်ရာပေါ်လှဲလိုက်ချင်သေးဘယ်၊ မလာဘူးလား (လာပါတယ်ဘုရား)။

သူကတော့ တောထဲမှာ လူသားစားပြီး တနေ့လုံးအိပ်ချင်တယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါ့ကြောင့် ကိုယ်ပေါက်ကတော့ တောခွေးနဲ့တူတယ်၊ရှင်းကြပလား....(ရှင်းပါပြီ) ကိုယ်ပေါက်ကတော့ လဲလျောင်းနေရမှ ကျေနပ်တာကိုး (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ မနောပေါက်ဆိုတဲ့ မနောဝိညာဏ်ကတော့ ကြံစည်တွေးပြီး ဟိုတွေး, ဒီတွေး တွေးနေရမှ သူက ကျေနပ်တယ် (မှန်ပါ့) ဒါ့ကြောင့် သူက မျောက်နဲ့တူတယ်တဲ့၊ မျောက်များသစ်ပင်ပေါ်တက်ပြီး ဟိုကြည့်, ဒီကြည့်·ကြည့်တာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် မနောပေါက်ကတော့ ဘာနဲ့တူလဲ.... (မျောက်နဲ့တူပါတယ်) ဟိုကြံ... ဒီကြံ·ကြံနေရမှကိုး... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဒီကပြန်လို့ရှိယင် မျောက်ဖြစ်ဦးမှာ မြင်သေးတယ်... (မှန်ပါ့) ဟင်....ဇီအတိုင်း နဖူးပေါ် လက်တင်ပြီး နေ့လယ်က ဝယ်ထားတာကလေးတွေ့ တွေးချင် တွေးနေဦးမှာသဘောကျပလား.... (ကျပါပြီ)။

အင်း-ဘာဖြစ်မယ်ထင်သလဲ.... (မျောက်ဖြစ်ဦးမှာပါဘုရား) မျောက်ဖြစ်ဦးမယ်ဆိုတဲ့ညစ္စာ သဘောကျပလား.... (ကျပါပြီ)။

ကိုင်း... ဒါဖြင့် အဲဒီ ဒုါရခြောက်ပေါက် မောင်မြင့်စုံသွားပြီ၊ အကြိုက်တူရဲ့လား....(မတူပါဘုရား)။

အဲဒါကို တယောက်တည်း ကျောင်းနေရတယ်.... (မှန်ပါ့)။

မောင်အောင်ချီဆိုတဲ့ပုဂ္ဂိုလ်က တယောက်တည်း ကြိုးကိုင်ပြီး ကျောင်းနေရတယ်... (မှန်ပါ့)။

အကြိုက်မတူတဲ့ ခြောက်ကောင်ကို တယောက်တည်းကနေပြီး အလိုလိုက်ရတာတော့ဘဲ ဂျမ်းထိုးမှောက်ခုံနဲ့ သေဦးမယ်... (မှန်ပါ့)မသေပေဘူးလား...(သေပါတယ်ဘုရား)။

မျက်လုံးပေါက်ကနေ ခေတ်ရှင်ပို့ပါဦးဆိုတော့ ပို့လိုက်ရပြီ မဟုတ်ဘူးလား.... (မှန်ပါ့) ကိုယ်ပေါက်က အိပ်ချင်တယ်ဆိုတော့ ကပျာကယာပြန်ပြီး အိပ်ရာပေါ် ပို့လိုက်ရတယ်.... (မှန်ပါ့) ဘယ်နှယ်တုံးကျောင်းနေရတယ်...(မှန်ပါ့ကျောင်းနေရပါတယ်ဘုရား)။

သားကောင် ခြောက်ကောင် ကျောင်းနေရတာ အားပါ့မလား .. (မအားပါဘုရား)။

အိပ်ချင်တယ်ဆိုလို့ ပို့ပြီးကာရှိသေးတယ်၊ အိပ်ရင်းထမင်းဆာလာတယ်ဆိုလို့ မီးဖိုချောင် ပြေးရသေးတယ် .... (မှန်ပါ့) မပြေးရဘူးလား .. (ပြေးရပါတယ်ဘုရား)။

အင်း... အိမ်ခွေးက ဆွဲသွားတာနဲ့ ဘယ်ရောက်သွားသလဲ.... (မီးဖိုချောင်ရောက်သွားပါတယ်ဘုရား)။

မီးဖိုချောင် ရောက်သွားတယ်၊ ခုနင်က တောခွေးဆွဲတာနဲ့ ပြန်လာခဲ့တယ်၊ ခေတ်ရှင်ကပြန်သာခဲ့တယ်.... (ရှန်ပါ့)။

အရင်တော့ မျက်လုံးပေါက်ကနေပြီး အရွယ်ကြိုက်တာနဲ့ ဖျတ်ဖျင်နဲ့ ကားတွလဲတာ ကြည့်ချင်တာနဲ့ မောင်မြင့် သွား

လိုက်ရတယ်.... (မှန်ပါ့) ဒါက မြေဆွဲရာ လိုက်သွားတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

နောက်ကျတော့ တောခွေးကဆွဲလိုက်တာ တခါတည်း အိပ်ချင်လှပြီ၊ ပြီးချင်ပြီး မပြီးချင်နေ ပြန်တော့မှယ်ဆိုပြီး အိပ်ရာပေါ်ရောက်လာတယ်...(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါ-ဘယ်သူကဆွဲလိုက်တာပါလိမ့်...(တောခွေးဆွဲတာပါ)။

တောခွေးက အေးအေးချမ်းချမ်းအိပ်ချင်တယ်၊ကိုယ်ပေါက်က အိပ်ချင်တာ...(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ကိုယ်ပေါက်က အိပ်ချင်တယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ)။

ဒီထဲက အိပ်မလို့ကြံကာရှိသေးတယ် မောင်နှိုင်ရ ဝမ်းထဲက ဟိုမှာလဲ ဘာမှမစားခဲ့ရဘူး၊ ကပျာ ကယာ ပြန်လာခဲ့ရတဲ့ အတွက်ဆိုပြီး မီးဖိုချောင်ပြေးချင်တယ်....(မှန်ပါ့)။

အားသေးရဲ့လား....(မအားပါဘုရား) ဟိုပြေးလိုက်ရတာလဲ မင်းဘဲ၊ မောင်အောင်ချိဘဲ၊အိပ်ရာပေါ် ပြန်ပို့လိုက်ရတာလဲ.... (မောင်အောင်ချိပါဘဲ) မီးဖိုချောင်ပြေးလိုက်ရတာလဲ...(မောင်အောင်ချိပါဘဲ)။

ဟပ်ထိုးလဲပြီး သေပါလိမ့်မယ်၊ မင်း....ဒီသားကောင်ခြောက်ကောင် ကျောင်းရတာနဲ့ သေပါလိမ့်မှယ်....(မှန်ပါ့) မသေဘူးလား....သေမှာလား....(သေမှာပါဘုရား)။

တကာ တကာမတို့ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တနေ့ကို သားကောင် ဘယ်နှစ်ကောင် ကျောင်းနေရသလဲ.... (ခြောက်ကောင် ကျောင်းရပါတယ်) ကျောင်းတဲ့လူက ဘယ်နှစ်ယောက်ပါလိမ့်.... (တယောက်တည်းပါဘုရား) အကြိုက်ကတူရဲ့လား....(မတူပါဘုရား)။

ကဲ သေခြင်းဆိုးမှ သေပါ့မလား.... (သေပါတယ်ဘုရား) ပေါ်ပလားကွ....(ပေါ်ပါပြီ) ဆိုးဝါးလိုက်တဲ့ဖြစ်ထွက။

ဆိုးဝါးလိုက်တဲ့ဖြစ်ထွေ တကာတကာမတို့၊ခင်ဗျားတို့ရ,ထားတဲ့ ခန္ဓာကိုယ်ကြီးမှာ ဒုက္ခရခြောက်ပေါက်က ခင်ဗျားတို့ကို နှိပ်စက်နေလိုက်တဲ့ဖြစ်ခြင်းများ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

တော်တော်ကြာ ကျလာတဲ့ အခါကျလို့ ရှိယင်ဖြင့် အေး.... လောကကြီး ဘာဖြစ်နေတယ် မသိဘူးဆိုပြီး နားပေါက်က ရေဒီယိုသွားနားထောင်တယ်၊ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

လောကကြီး ဘာဖြစ်နေတယ် မသိဘူး-တဲ့၊နားထောင်ဦးမှဘဲ ဆိုပြီး သကာလ အိပ်ရာထဲကနေ ပြေးတန်ပြေးရ၊ ထမင်းစားရင်း ထပြေးတန်ကော.... (ပြေးရပါတယ်ဘုရား) အရေးကြီးတဲ့ကိစ္စနဲ့ မပြေးရဘူးလား... (ပြေးရပါတယ်ဘုရား)။

အင်း... ခုနင်ကအိမ်ခွေးက ထ,လာတယ်၊ ထမင်းပဲပို့ ထားတဲ့ ဥစ္စာ ထမင်းစားရင်း မတွန်နဲ့ မိကျောင်းက ရေကြိုက်ပါတယ် ဆိုတာနဲ့ နားပေါက်က ကြိုက်ပါတယ်ဆိုတာနဲ့ ရေဒီယိုဆီမျှား ပြေးလိုက်ရသေးတယ်.... (မှန်ပါ့)။

ဘယ်.နှယ်တုံးက့၊ ကျောင်းနိုင်ကြပါ့မလား.... (မကျောင်းနိုင်ပါဘုရား)။

မောင်မြင့် ကျောင်းတဲ့ပုဂ္ဂိုလ်ဟာ ဟပ်ထိုးလဲ သေထိုက်၊ မသေထိုက်....(သေထိုက်ပါတယ်ဘုရား)။

နားပေါက်က ထောင်ချင်လို့ လှည့်လိုက်တဲ့ အခါကျတော့ နားအလို လိုက်ရတာနဲ့ ဟို.... မျက်လုံးက မမြင်တော့ဘူး.... (မှန်ပါ့) ဟိုဟာနဲ့.တိုက်၊ ဒီဟာနဲ့.တိုက်-တိုက်ကုန်တာဘဲ၊ ရိပ်မိပလားက့....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့.တုံး....၊ သန်ရာဆဲသဲ့းကြတယ်၊ သားကောင်ခြောက်ကောင် သန်တဲ့အကောင်က ဆဲသဲ့းတော့ ဟို....မသန်တဲ့အကောင်နဲ့. ရှောင်ဘို့ တိမ်းဘို့ ရသေးရဲ့.လား.... (မရပါဘုရား)။

ခက်နေပြီ.... တကာ တကာမတို့၊ ခင်ဗျားတို့ သားကောင်ခြောက်ကောင်ကို တယောက်တည်းလဲ ထိန်းရပြန် အကြိုက်ကလဲ မတူကြပြန်ဆိုတော့ သေခြင်းဆိုးမှ သေပါ့မလားဆိုဘာ ကိုယ့်ကိုယ့်,ကိုယ် စဉ်းစားထားပါ....(မှန်ပါ့)။

ဘယ်လို စဉ်းစားမိကြသတုံး.... (သေခြင်းဆိုးမှ သေပါ့မလား)။

ပေါ်ကြပလားး (ပေါ်ပါပြီဘုရား) ကျောင်းရတဲ့လူက.... (တယောက်တည်းပါဘုရား)။

သားကောင်က....(ခြောက်ကောင်ပါဘုရား)။

အဲသလို အကြိုက်ချင်းမတူတဲ့ သားကောင် ခြောက်ကောင်ကို ကျောင်းရတဲ့လူက တယောက်တည်းဆိုတော့ သူတို့သန်ရာဆဲ့တိုင်း လိုက်ပါနေရယင် အနေမမြဲ၊ အသေမမြဲနဲ့ ဆင်းရဲကောဆုံးနိုင်ပါ့မလား....(မဆုံးနိုင်ပါဘုရား) မဆုံးနိုင်ဘူး။

ကောင်းပြီ....ဒါဖြင့် ဒီသားကောင် ခြောက်ကောင်ကို ချုပ်ကိုင်နိုင်တဲ့နည်း မရှိတော့ဘူးလား....၊ မေးထိုက်,မမေးထိုက်....(မေးထိုက်ပါတယ်ဘုရား) မေးထိုက်တယ်၊ မေးတော့ကို ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဟော.... သားကောင် ခြောက်ကောင်ကို နိုင်ချင်ယင် ငုတ်တိုင် မြဲမြဲစိုက်ပြီးသကာလ ကြိုးနဲ့ စုချည်ထားကွ....တဲ့၊ သန်ချင်သလောက် သန်ပေစေ နောက်ဆုံးတော့ သူတို့ ဒီချည်တိုင် ဒီငုတ်တိုင်မှာဘဲ ပြန်လှည့်ရမယ်။

လှည့်ရမလား....၊ မလှည့်ရဘူးလား.... (လှည့်ရပါမယ် ဘုရား)။

လှည့်ရမှာဗျ....(မှန်ပါ့) ကြိုးနဲ့ချည်ထားတာကိုး (မှန်ပါ့ ဘုရား)။

ဒီကလဲ ကိုယ်က ငုတ်က မြဲအောင် ရိုက်ထားမယ်ဆို သားကောင် ခြောက်ကောင်ဟာ တိုင်ခြေအကုန်လာစုရမယ်(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

အခုတော့ ကိုယ်က ငုတ်က မရိုက်တတ်ဘူး....(မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ ကြိုးကို စုံကိုင်ထားခဲတော့ သန်ရာဆဲ့ဘဲ့ဘက်ကို ဘယ့်နှယ်နေမလဲ...(ပါသွားမှာပါဘုရား)။

အဲ... မင်းတို့ သတိပဋ္ဌာန်ဝုတ် လိုနေပြီတဲ့၊ ပေါ်လာပလား (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....(သတိပဋ္ဌာန်ဝုတ် လိုနေပါတယ်ဘုရား)။

အဲ....သတိပဋ္ဌာန်ဝုတ် လိုနေလို့ ရှိယင်တော့ဖြင့် ရေထဲလဲ သေပါလိမ့်မယ်၊ တောင်ပို့ထဲလဲ....(သေပါတယ်ဘုရား) မြေကတောင်ပို့ကြိုက်ကိုးက္ခ....(မှန်ပါ့) မသေပေဘူးလား....(သေပါတယ်ဘုရား)။

ကောင်းကင်ကျတော့ ငှက်ကဆွဲသွားတော့ ကောင်းကင်တွင် မသေရပေဘူးလား....(သေရပါတယ်ဘုရား)။

ကဲ.... ဘာဖြစ်လို့လဲ မောင်အောင်ချို.... (သတိပဋ္ဌာန်ဝုတ် လိုလို့ပါ) ရှင်းပလား—(ရှင်းပါပြီဘုရား)။

လုံလောက်တဲ့ဝုတ်ကို မရိုက်တတ်လို့....(မှန်ပါ့) ဒီဝုတ်ရိုက်ထားလို့ ရှိယင် သားကောင် ခြောက်ကောင်ဟာ သန်ချင် သလောက်သန်၊ ကိုယ်က သူတို့အားကို နိုင်လောက်တဲ့ ဝုတ်နဲ့သာ ထုံးပြီးတော့ တခါတည်းသာ အကုန်ရိုက်ထားလိုက်။

တကာတကာမတို့ သားကောင် ခြောက်ကောင်နိုင်တဲ့ ဝုတ်ဟာ အခြားမဟုတ်ပါဘူး၊ သတိပဋ္ဌာန်တည်းဟူသောဝုတ်....(မှန်ပါ့)။

ဒီ... သတိပဋ္ဌာန်တည်းဟူသော ဝုတ်မစုံက်မိလို့ ရှိယင် တခုခု သတိပဋ္ဌာန်လေးပါး၊ တပါးပါးမှ ဝုတ်မစုံက်မိလို့ ရှိယင်ဖြင့်

သားကောင် ခြောက်ကောင် ဆဲရာပါပြီး သေခြင်းဆိုးနဲ့၊ နေခြင်းဆိုး ငါ့မျက်စိအောက်မှာ ဖြစ်ရှာတော့မယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်ပါဠိတော်ကို ဟောတော်မူတယ်....(မှန်ပါ့)။

ကဲ... နက်ဖြန်မှ ဆက်ကြဦးစို့။

သာဓု ...သာဓု....သာဓု....

ကျေးဇူးတော်ရှင် - ဆရာတော်ဘုရားကြီး
ပိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူသော
စကားခြောက်ခွန်း၊ လူ၌ထွန်း၊ နှစ်ခွန်းကိုဆောင်
လေးခွန်းရှောင်။

ပဋ္ဌာန်း နိပ္ပဋ္ဌာန်းပုံပြ

တရားတော်

(၃၁ - ၅ - ၆၂)

ကဲ....တရားမှတ်ကြ-တရားမှတ်ကြ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဟောတာ နှစ်မျိုးဘည်းရှိတယ်လို့ မှတ်ရမယ်၊ နှစ်မျိုးက ဘာလဲဆိုလို့ ရှိယင်ဖြင့် သူပြောတဲ့ စကား-စကားဟူသ၍ တရားချည်းဘဲလို့ မှတ်ထားလိုက်စမ်းပါ။

သတ္တဝါတွေအပေါ်မှာ ကရုဏာဘော်ဖြင့် စကားနှစ်ခွန်း စလုံးမကင်းပါဘူး၊ စကားနှစ်ခွန်းစလုံး သတ္တဝါတွေအပေါ်မှာ ကရုဏာတော့ မကင်းပါဘူး။

ပဌမစကားက ဘယ်လိုဟာ သုံးလေ့ရှိသတုံးဆိုတော့ ဟုတ်တယ်-မှန်တယ်-အကျိုးရှိတယ်၊ သူတပါး မကြိုက်ဘူး။

ဟုတ်လဲ ဟုတ်တယ်၊ မှန်လဲ မှန်ကယ်၊ အကျိုးလဲ ရှိတယ်၊ သူတပါးတော့ မကြိုက်ဘူး၊ အဲဒီတရားမျိုးကိုလဲ ဟောလေ့ရှိတယ်လို့ မှတ်ကြစမ်းပါ... (မှန်ပါ့)။

ဟုတ်တယ်-မှန်တယ်-အကျိုးရှိတယ်၊ သူတပါး မကြိုက်ငြားသော်လဲ ဟောလေ့ရှိတယ်၊သဘောကျပလား .... (ကျပါပြီ)။

ဘာတဲ့တုံး.... (ဟုတ်တယ်,မှန်တယ်,အကျိုးရှိတယ်,သူတပါးမကြိုက်ဘူး)သူတပါးမကြိုက်ဘူး။

မကြိုက်ပေမဲ့ အဲဒီဥစ္စာ ဟုတ်တယ်, မှန်တယ်, အကျိုးရှိသောကြောင့် သူဟောမယ်။

ဒါဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့တရားသည် ၁-နံပါတ်မှာ ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်, သူတပါးမကြိုက်ဘူး၊ မကြိုက်ပေမဲ့လဲ မသိလို့မကြိုက်တာဖြစ်လေသောကြောင့် မောင်နိုင် ဟောလိမ့်မယ်... (မှန်ပါ့)။

သူတပါးတော့ မကြိုက်ဘူးပေါ့ကွာ....(မှန်ပါ့) မကြိုက်ပေမဲ့....(ဟောပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့မေးတဲ့အခါကျတော့ တကာ တကာမတွေက မှတ်လိုက်တာပေါ့၊ ဟုတ်တယ်,မှန်တယ်,အကျိုးရှိဘယ် ဒီသုံးချက်က ပါနေတယ်....(မှန်ပါ့)။

ဟုတ်တယ်,မှန်ကယ်,အကျိုးရှိတယ်ဆိုတဲ့ တရားကို သူတပါးမကြိုက်ငြားသော်လဲ သူကနားမလည်လို့ မကြိုက်ငြားသော်လဲ သူအကျိုးရှိတာကပါနေတယ်....(မှန်ပါ့)။

ဒီတရားမျိုး ဟောရမှာလား၊မဟောရဘူးလား...(ဟောရမှာပါဘုရား)။

ဒါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သုံးနှုန်းတဲ့ စကားခြောက်ခွန်းမှာ လေးဆယ့်ငါးဝါနေသွားတာ နှစ်ခွန်းတည်းဘဲ ပြောသွားတယ်နော်....(မှန်ပါ့)။

အခုဟာ ပဌမ စကားကော မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ဟုတ်တယ်,မှန်တယ်, အကျိုးရှိတယ်၊ သူတပါးမကြိုက်ချင်နေ ဟာလိမ့်မယ်၊ ဒါ ဘုရား၏အလိုဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ရှတ်ကြစမ်းပါဦးဗျာ....(ဟုတ်တယ်,မှန်တယ်,အကျိုးရှိတယ်, သူတပါးမကြိုက်ဘူး)ဟောရမယ် ဒီဥစ္စာ။

ဘုရားမပွင့်ခင်တုန်းက ပြောဆို သုံးနှုန်းတာတွေက ဘုရားပွင့်လာတဲ့အခါကျတော့ ကြိုက်တဲ့လူနဲ့ မကြိုက်တဲ့လူ အကဲခတ်ကြည့်ပါ မောင်အောင်ချီတို့၊ မောင်မြင့်တို့ မကြိုက်တဲ့လူက များမယ်....(မှန်ပါ့)ဘုရား)။

တရားတွေက အကုန်ကွယ်နေတယ်.... (မှန်ပါ့) ကိုထင်ရာကိုယ်လုပ်နေကြတော့ မကြိုက်တဲ့လူက ဘယ် နှယ်နေသတုံး.... (များပါတယ်ဘုရား)သို့သော်လဲ ကိုယ်တော်ကြီးက ဘာတုံး.... (ဟောပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဟုတ်တယ်- မှန်တယ်-အကျိုးရှိတယ်၊ဒါ့ကြောင့် သူဟောတယ်၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ၁.နံပါတ်စကားဖြင့် နားလည်လောက်ပါပြီ၊ ဟုတ်တယ်,မှန်တယ်,အကျိုးရှိတယ်, သူဘပါးမကြိုက်ချင်နေ ကာလကြည့်ပြီး သကာလ ဟောလိမ့်မယ်၊ ၁-နံပါတ်နော်....(မှန်ပါ့)။

ကာလကြည့်ပြီး ဟောလိမ့်မယ်ဆိုတဲ့ ၁.နံပါတ် သဘောကျပလား.. (ကျပါပြီဘုရား)။

ကာလကြည့်ပြီးဆိုဘာက ဟုတ်တယ်, မှန်တယ်, အကျိုးရှိတဲ့စကား သူဘပါးတော့မကြိုက်ဘူး၊သို့သော် အသေကစောသွားမယ်ဆိုလို့ ရှိယင် မြန်မြန်သွားပြောလိုက်ရမယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ကာလကို ကြည့်လိုက်ရသေးတယ်၊ ဟုတ်ဘယ်, မှန်ဘယ်, အကျိုးရှိတယ်၊ သူကတော့မကြိုက်ဘူး၊ နာခံမည့်ပုဂ္ဂိုလ်၊က....(မှန်ပါ့)။

သို့သော် သူကတော့ အသကစောသွားမယ်ဆိုယင် ကာလမြန်မြန်ကြည့်ပြီးသား ဖြစ်နေတဲ့အတွက် ကာလကြည့်ပြီး မြန်မြန်ပြောရမယ်....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဟုတ်တယ်,မှန်တယ်,အကျိုးရှိတယ်၊ သူတပါးတော့မကြိုက်ဘူး၊ သို့သော် အချိန်ကာလကြည့်ပြီးသကာလ ပြောရလိမ့်မယ်၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

အချိန်ကာလကြည့်ပြီး... (ပြောရပါမယ်ဘုရား)။

အဲဒါ ပဌမစကားခွန်းလို့ မောင်မြင့်တို့ မှတ်လိုက်နော်....(မှန်ပါ့) ဒုတိယ စကားခွန်းမှတ်လိုက်ပါဦး၊ ဟုတ်တယ်, မှန်

တယ်, အကျိုးရှိတယ်၊ သူတပါးလဲ ကြိုက်တယ်၊ ဒါလဲ ကာလ ကြည့်ပြီးသကာလ ဟောရမှာဘဲ။

ဘယ်နှစ်ခွန်းရှိသွားပလဲ.... (နှစ်ခွန်းရှိသွားပါပြီ) လေးဆယ့် ငါးဝါနေသွားတာ ဒီနှစ်ခွန်းဘဲသုံးသွားတယ်.... (မှန်ပါ့)။

ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်,သူတပါးလဲ ကြိုက်နှစ် သက်တယ်၊ ကာလကြည့်ပြီးသကာလ ပြောသွားတယ်၊ဆဲရမည့် ပုဂ္ဂိုလ်ဆိုလို့ရှိယင် အချိန်ကာလ ဆဲဟောလိုက်တယ်... (မှန်ပါ့) မြန်မြန်သေမည့်ပုဂ္ဂိုလ်ဖြစ်ယင် ဘာတုံး....(မြန်မြန်ဟောပါတယ် ဘုရား)။

မြန်မြန် သွားဟောလိုက်ရတယ်ဆိုတော့ ဘုရား-လေးဆယ့် ငါးဝါနေသွားတဲ့ အနက်က တကာ တကာမတို့ စကား ဘယ် နှစ်ခွန်းတည်း သုံးသွားသတုံးဆိုယင် မှတ်မိကြပလား.... မှတ်မိ ပါပြီ) ဘယ်နှစ်ခွန်းပါလိမ့်....(နှစ်ခွန်းပါဘုရား)။

၂-နံပါတ်က ဘာတဲ့.... (ဟုတ်တယ်, မှန်တယ်, အကျိုးရှိ တယ်, သူတပါးလဲ ကြိုက်တယ်) သူတပါးလဲ ကြိုက်တယ်၊ ကာလကြည့်ပြီးတော့... (ဟောရမယ်)ဟောရမယ်တဲ့။

အသေစောမည့် ပုဂ္ဂိုလ်ဖြင့် စောစော သွားဟောတယ်.... (မှန်ပါ့) အသေက ဦးသွားယင်လဲ မရပေဘူးကိုး.... (မှန်ပါ့) ကိုပေါ် ဒါဖြင့် ကာလကတော့ဖြင့် ကြည့်ရမှာချည်းဘဲ(ကြည့်ရ မှာပါဘုရား)။

အဲဒါကြောင့် အားလုံး တကာ တကာမတွေ အခု ဘုန်းကြီး များး ဟောနေတာလဲ ဒီနှစ်လုံးဘဲ ဟောနေတာ မှတ်ပါ....

(မှန်ပါ့)ဒီနှစ်လုံးက အပြင်ကို မောင်နှိုင်းထွက်ပါ့မလား(မထွက်ပါဘုရား)။

ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်၊ ခင်ဗျားတို့ နားထဲမကြိုက်ပေမဲ့လဲ ကာလကြည့်ပြီးသကာလ မတော်တာကလေးမှ မကြားလိုက်ဘဲနဲ့ မတော်-သေသွားယင် ကိုယ်ကျိုးနည်းချည်ရဲ့.....(မှန်ပါ့ဘုရား)။

ဒီဌိုဖြုတ်ပါဆိုတဲ့ စကားဟာ-ငါ့သား,ငါ့သမီး ဖြုတ်ပါဆိုတဲ့ စကားဟာ မကြားချင်ဘူး.... (မှန်ပါ့) မကြားချင်ပေမဲ့ ဘာလုပ်ရမယ် ...(ကာလကိုကြည့်ရမယ်) ဟောရမယ်၊ သူတပါး မကြိုက်လဲ။

ငါ့သား ငါ့သမီး-ငါ့ကိုယ် ငါ့ဟာ ဘာလုပ်ရမလဲ....(ဖြုတ်ရမယ်)ဖြုတ်ရမယ်၊အဲဒါ ကြိုက်နိုင်ပါ့မလား.. (မကြိုက်နိုင်ပါဘုရား)။

ကိုယ့်သမီး- ကိုယ့်ဘမီးပေါ့၊ ကိုယ့်သား- ကိုယ့်သားပေါ့ဆိုပြီး မောင်နှိုင် မကြိုက်ပေဘူးကွ....(မှန်ပါ့)။

မကြိုက်ပေမဲ့ ဟုတ်တယ်, မှန်တယ် အကျိုးရှိခဲတာ့ သူတို့မကြိုက်ပေမဲ့လဲ ဒီအတိုင်း သေသွားလို့ ရှိယင် သက်ဘာယဒိဋ္ဌိတန်းလန်းနဲ့ ဆိုယင် အပါယ်မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒီဒီတော့ သူပြောတဲ့ စကားဟာ ဟုတ်ခဲကော ဟုတ်ရဲ့လား (ဟုတ်ပါတယ်)မှန်ခဲကော.... (မှန်ပါတယ်) အကျိုးကော....(ရှိပါတယ်ဘုရား)။

အဲဒီတော့ သူတပါးကတော့ မကြိုက်ဘူး၊ မကြိုက်ပေမဲ့ ကိုယ်တော်မြတ်ကြီးက ဘာလုပ်ရသလဲ.... (ဟောရပါတယ် ဘုရား)။

ဟောရမယ်ဆိုတော့ တကာ တကာမတို့ ဘယ်နှယ်ကြောင့် တုံးလို့ နိဂုံးချုပ်လိုက်တဲ့အခါကျတော့မှ စကားနှစ်ခွန်းစလုံးမှာ ကရဏာဦးစီးနေတယ်....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)စကားနှစ်ခွန်းစလုံးမှာ (ကရုဏာဦးစီးနေပါတယ်)။

ဒုတိယ စကားက တကာ တကာမတွေ့ မှတ်လိုက်စမ်းပါ၊ ဟုတ်တယ်-မှန်တယ်-အကျိုးရှိတယ်- သူတပါးလဲ ကြိုက်တယ်၊ ကာလကြည့်ပြီး ဟောရမယ်....(မှန်ပါ့)။

ကြိုက်တော့ ကြိုက်ပါတယ်၊ အဲဒါကျတော့လဲ ကာလကြည့်ပြီး ဟောရမှာဘဲ၊ ကြိုက်တော့ ကြိုက်နေရဲ့၊ သူ့ကို မုရဏမင်းက ဦးသွားလို့ရှိယင်လဲ မောင်မြင့် မဟောလိုက်ရဘဲနေလို့ရှိယင် သူ့ကြိုက်လျက်နဲ့ ဘဲဥဏ်ထဲမရောက်ဘဲ ဖြစ်သွားမယ်....(မှန်ပါ့)ဒီက အဟောနောက်ကျသွားလို့ရှိယင်၊ သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ့ အခု ဘုန်းကြီး နေ့တိုင်းအသံသွင်းတရား ပြောပြီးသကာလနေတော့ စကားဘယ်နှစ်မျိုးတည်းပါလိမ့်.... (နှစ်မျိုးတည်းပါဘုရား)နှစ်မျိုးဘဲ ပြောနေတယ်....(မှန်ပါ့)။

ဘယ်ဝတ္ထုထုတ်ထုတ်၊ ဘယ်သက္ကာယဒိဋ္ဌိဖြုတ်ဖြုတ်၊ ဘယ်သဿတဒိဋ္ဌိဖြုတ်ဖြုတ် မောင်အောင်ချိတို့,မောင်မြင့်တို့၊ စကားဘယ်နှစ်မျိုးတည်းသုံးသလဲ....(နှစ်မျိုးတည်းပါဘုရား)။

၁.နံပါတ်ပြောကြစမ်းပါ၊ဘာတဲ့ .... (ဟုတ်တယ်, မှန်တယ်, အကျိုးလဲရှိတယ်, သူတပါး မကြိုက်ပါဘုရား) ကာလကြည်ပြီးတော့ ဟောတယ်.... (မှန်ပါ့) ဟောရမှာဘဲ မကြိုက်ပေမဲ့၊ သဘောကျပလား....(ကျပါပြီ)။

မကြိုက်ပေမဲ့.... (ဟောရမှာပါဘုရား) ဟောရလိမ့်မယ်တဲ့ ကာလကြည့်ပြီးသကာလနော်...(မှန်ပါ့)။

အခု၊်.ကျတော့လဲ ဂျွန်ဒြေက မရင့်သေးတာနဲ့ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်လို့ ကိုယ်တော်မြတ်ကြီးက သိတယ်၊ သူလဲ ကြိုက်တယ်ဆိုတာ သိတယ်၊ သူ့ဉာဏ်က မထက်သေးတော့ အခြိန်ဆွဲထားတယ်...(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ)။

ဥပကကြီးဟာ အရင်ဆုံး တွေ့တယ်၊ သူ့ဉာဏ်က မထက်သေးတော့ ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်, သူလဲကြိုက်တယ်ဆိုတာ အသိသားပေါ့....(မှန်ပါ့)။

သို့သော် အခြိန်ကာလ ကြည့်ရသေးတယ်၊ဘာဖြစ်လို့ကြည့်ရတာတုံး.... (ဉာဏ်မရင့်လို့ ကြည့်ရတာပါဘုရား) ဉာဏ်မရင့်သေးလို့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဉာဏ်မရင့်သေးတဲ့ ပုဂ္ဂိုလ်လဲ ကာလ ကြည့်ရမှာဘဲနော် .... (မှန်ပါ့)ခုနင်က သေဆုံးမည့်ပုဂ္ဂိုလ်ကော.... (ကာလကြည့်ရမှာပါဘဲဘုရား)။

သေဆုံးမည့်ပုဂ္ဂိုလ်ကျတော့အသေကစောသွားယင်ခက်ချည်ရဲ့. ဆိုပြီးသကာလ တကာတကာမကို ကာလကြည့်ပြီးသကာလ

အမြန်ဟောရတယ်၊ဟို ကုမာရိတို့ ရက်ကန်းခတ်သေမည့် ပုဂ္ဂိုလ် ကျတော့ စောစောကြီး ယူဇနာ သုံးဆယ်ကျော်တွေ့မျှားပြေး လိုက်ရတဲ့ အခါ ပါသေးတယ်၊ဒီနေ့သေမှာကိုးဗျ.... (မှန်ပါ့)။

ဒီနေ့ ဒီဥပုသ်ပြီး သေသွားတယ်ဆိုယင် တော်သေးရဲ့ ဆိုပြီး မောင်မြင့် မပြေးရဘူးလား... (ပြေးရပါတယ်ဘုရား) အဲဒါလဲ ကာလမကြည့်ရဘူးလား....(ကြည့်ရပါတယ်ဘုရား)။

အဲဒီတော့ကိုစကားနှစ်ခွန်းစလုံးမောင်အောင်ချိုတို့ မောင်မြင့်တို့ ကာလကို ကြည့်ရတယ်....(မှန်ပါ့) သဘောကျကြပလား ... (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားလေးဆယ့်ငါးဝါ နေသွားတာ စကားဘယ် နှစ်မျိုးတည်း သုံးသွားသလဲ... (နှစ်မျိုးတည်းပါဘုရား)။

နှစ်မျိုးတည်းသုံးသွားတယ်လို့ တကာတကာမတွေ ရှင်းရှင်း လင်းလင်းမှတ်ပါ....(မှန်ပါ့)။

ဘုရားက တယ်ပြီး စကားပါသကိုးလို့ ဒီလိုမဆိုနဲ့ - ဒီလို မဆိုပါနဲ့ နှစ်မျိုးတည်းပြောသွားတာ....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီ)။

အဲဒီတော့ အခုဘုန်းကြီးကလဲ ဒီမှာ ဘုရား၏ ကိုယ်စားလှယ် ဆိုပြီးသကာလ ငါမရှိယင် ဓမ္မကွန်ခွာတွေက ဆရာဖြစ်ရစ်လိမ့် မယ်ဆိုတဲ့ ဓမ္မကွန်ခွာတွေ ဟောနေတော့ တကာတကာမတွေ ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ် ခင်ဗျားတို့ မကြိုက်ပေ. မဲ့လဲ မိုတ်ပြီးနာ....(မှန်ပါ့) ကာလကြည့် ဟောနေတယ် .... (မှန်ပါ့)။

ကာလကဘာတုံးဆိုတော့ ဒီတကာတကာမတွေ့၏ ခန္ဓာကိုယ်ကလဲ ယနေ့လား-နက်ဖြန်လားမသိတဲ့ ခန္ဓာချည်းဘဲ....(မှန်ပါ!) မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ကာလကြည့်ပြီး ဘယ်နှယ်နေရမလဲ.... (ဟော ပါတယ်ဘုရား) ဟောရမှာဘဲဆိုတာခကာကျေ ကျနပ်နပ်သဘောကျရဲ့လား....(ကျေပါတယ်ဘုရား)။

. ကဲ.. ဒုတိယ စကားကလဲဟုတ်တယ်,မှန်ဘယ်,အကျိုးရှိတယ်၊ သူတပါးလဲကြိုက်တယ်၊ သို့သော် မရင့်သေးတဲ့ ပုဂ္ဂိုလ်တွေ အတွက်ကျတော့ကို တခါတခဲလ သာမညသစ္စာ မထည့်ဘဲနဲ့ ပြီးလိုက်ရတဲ့အခါ ပါသေးတယ်....(မှန်ပါ!ဘုရား)။

တရားစပြီးသကာလ ဒီဌိပ္ပုတ်ခဏ်းကလေးကစပြီး ဖြေးဖြေးခြင်း၊ ဖြေးဖြေးခြင်း ဆဲ့နေရတဲ့ပုဂ္ဂိုလ်ကော (ရှိပါတယ်ဘုရား) အဲဒါလဲ ကာလကြည့်ဟောနေရဘာကွ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဘုရားလေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောသွားတဲ့တရား ဘယ်နှစ်မျိုးပါလိမ့်မတုံးလို့ မေးလို့ ရှိယင် မောင်နိုင် ဖြေတတ်ပါ့မလား....(ဖြေတတ်ပါတယ်ဘုရား) ဘယ်နှစ်မျိုးပါလိမ့်.. (နှစ်မျိုးပါဘုရား)။

မမျှားပါဘူးဆိုတာ တကာတကာမတွေ့ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဒီနှစ်မျိုးစလုံးဟာ မောင်မြင့်တို့က မောင်အောင်ချိုတို့က ကိုယ်တော်မြတ်ကြီးစိတ်ထဲမှာဘယ်ဟာ အကြီးအကဲထားပြီးဒီနှစ်

မျိုးသုံးပါလိမ့်မတုံးဆိုတော့ ကရဏာ တခုတည်း ဦးစီးထား တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကရဏာတခုတည်း....(ဦးစီးထားပါတယ်ဘုရား) သနားတာ ဦးစီးထားတာဘဲ....(မှန်ပါ့)။

ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်, မကြိုက်ဘူး, မကြိုက် လဲ ကရဏာက အားကြီးတာနဲ့ ဟောရမှာဘဲ.... (မှန်ပါ့) ဟုတ် တယ်,မှန်တယ်, အကျိုးရှိတယ်, သူလဲကြိုက်တယ်၊ ဘာလုပ်ရ မတုံး.... (ဟောရမှာပါဘုရား) ဒါလဲ ဘယ်သူ့ကြောင့်တုံး .... (ကရဏာကြောင့်ပါဘုရား) မဟောယင်လဲ မကျတ်ကို မကျတ် ဘူး....(မှန်ပါ့)။

မဟောယင်တော့ .... (မကျတ်ပါဘုရား) အဲဒီတော့ကို ဟော်လို့ ကျတ်တဲ့တရား၊ ဟောလျက်နဲ့ မကျတ်တဲ့တရားရယ်လို့ မောင်နှိုင်း ရှိသေးတယ်နော်....(မှန်ပါ့)။

ဟောလို့ကျတ်တဲ့တရားက သစ္စာဆိုက်ယင် ဟောလို့ကျတ် တဲ့တရားလို့မှတ်...(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)သစ္စာ ဆိုက်ယင်....(ဟောလို့ကျတ်တဲ့တရားပါဘုရား)။

သစ္စာမဆိုက်သေးဘဲနဲ့နေလို့ရှိယင်ဖြင့်ဘာတုံး.... (ဟောလို့ မကျတ်တဲ့တရားပါဘုရား)ဟောလို့မကျတ်တဲ့တရား-(မှန်ပါ့)။

ဒါကလေးဘဲ ဒီနေ့ညမှတ်ပါဦး။

သစ္စာဆိုက်တဲ့တရားဆိုယင် .... (ဟောလို့ကျတ်တဲ့တရားပါ ဘုရား)ဟောလို့ကျတ်တမ်းဝင်တဲ့တရား။

သစ္စာမဆိုက်သေးဘဲနဲ့ ဟောလို့ရှိယင်.... (ကျွတ်တမ်းမဝင်ပါဘုရား) ကျွတ်တမ်းမဝင်တဲ့တရား.... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်... ဒါဖြင့် တရားပေမဲ့ ဒို့နာသဉ်နေရတာ ကျွတ်တမ်းဝင်တဲ့တရား၊ ကျွတ်တမ်းမဝင်တဲ့တရားရယ်လို့ နှစ်မျိုးရှိပါသေးကလားဆိုဘာ ယနေ့ပေါ်သွားပြီ.. (မှန်ပါ!) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရှင်သာရိပုတ္တရာက ဓနဥ္ဉာနီပုဏ္ဏားကြီးကို ဟောလိုက်တယ်၊ သစ္စာ မပါတာနဲ့ ကျွတ်တမ်းမဝင်ဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သူကဒါန့်သီလနဲ့ သမထ ဟောပစ်လိုက်တယ်၊ဒါန့်သီလနဲ့ သမထ ဟောပစ်လိုက်တော့ တခါတည်း သမထတန်ခိုးကြောင့် ဗြဟ္မာကြီးတော့ သွားဖြစ်တယ် မောင်နိုင်....၊ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာမဖြစ်ဘူး.. (မှန်ပါ!) ဘာမပါလို့ပါလိမ့်... (သစ္စာမ့ပါလို့ပါဘုရား)။

အဲ.... တရားပေမဲ့လဲ ဒီ-ဓနဥ္ဉာနီပုဏ္ဏားကြီး ဇောက်လိုက်တော့ ကျင့်တမ်းမဝင်တဲ့တရား... (မှန်ပါ!) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ကျွတ်တမ်းမဝင်တဲ့ တရား ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာပါလိမ့်_ (သစ္စာမဆိုက်တဲ့ တရားပါ ဘုရား) ဩော်.... သစ္စာမဆိုက်တဲ့တရား မှန်လို့ရှိယင် ကျွတ်ဘမ်း မဝင်ဘူး.... (မှန်ပါ!)။

ဒါ့ကြောင့် ခင်ဗျားတို့ တရားကိုလဲ နာရတော့မယ်၊နာနည်းကို သင်ပေးမယ်....(မှန်ပါ့)။

" သစ္စဝိဒိမုတ္တော မမေ့မာနာမ နတ္ထိ" လို့ ဆိုတော့ ဆိုတယ်၊ သို့သော်...ဆရာက ပြောမပေးယင် သစ္စာသိပါ့မလား....(မသိပါဘုရား)။

အေး....ဒါ့ကြောင့် မနုဉာနိပုဏ္ဏားကြီး အခု-တနေ့က စပ်မိလို့ ပြောကြည့်တော့ ဟောကြည့်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်း-ဘယ်ကပြန်လာတာတုံး သာရိပုတ္တရာ.... မနုဉာနီ ပုဏ္ဏားကြီးဟောပြီး ပြန်လာခဲ့တယ်။

ဘာတွေများ ဟောခဲ့သတုံးကွ.... ဗြဟ္မဉ့်ပြည်ရောက်ကြောင်းတွေ ဟောခဲ့ပါတယ်ဘုရား။

ဟာ.... မင်း တယ်ဖျင်းတာကိုး၊ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ် မင်း-ဗြဟ္မဉ့်ပြည်ရောက်ခကြောင်း ဟောခဲ့တာကိုး။

တပည့်တော် ပြန်ဟောချဉ်းမယ်ဆိုတော့ သေပြီကွ... လို့ ပြောလိုက်တယ်....(မှန်ပါ့)။

အသေက စောသွားတယ်၊ မစောဘူးလား....(စောပါတယ်ဘုရား)။

ဘယ်.နှယ်ကြောင့် ဗြဟ္မာသွားဖြစ်နေပါလိမ့်မတုံး- နိဗ္ဗာန်မရဘဲနဲ့.....(သစ္စာမဆိုက်လို့ပါဘုရား) သစ္စာမဆိုက်တဲ့ တရားရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် သစ္စာဆိုက်တဲ့တရားဟောမိပြန်တော့လဲ တကာ

တကာမတို့ ချက်ခြင်းဘဲ သောတာပန်,သကဒါဂါမ်,အနာဂါမ်, ရဟန္တာဖြစ်နိုင်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာနဲ့ဉာဏ်နဲ့သာ ဟုပ်မိပစေ့ ဟောရင်း မတွန့်နေဘ်.... (မှန်ပါ့)။

ဒီလိုဆိုတော့ တခါတည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပေါ်ပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်ဆိုတာ တကာ့တကာမတွေ့ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ဒါဖြင့် တရားနာပေမဲ့လဲ သြော်....သုဂတိတရား၊ နိဗ္ဗာန်တရားရယ်လို့ နှစ်မျိုးရှိတယ်... (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်... (သုဂတိတရား, နိဗ္ဗာန်တရားရယ်လို့ နှစ်မျိုးပါဘုရား) ခုနင်က ရှင်သာရိပုတ္တရာကြီး တရားဟောညံ့တာ သုဂတိတရား ဖြစ်သွားတယ်....(မှန်ပါ့)။

ဒါနဲ့ ရှင်သာရိပုတ္တရာကြီးကို မောင်အောင်ချိုတို့၊ မောင်မြင့်တို့ ဘုရားက မင်း-တရားဟော ညံ့တယ်လို့ ပြောလိုက်တယ်.... (ဗှန်ပါ့) ပြောလိုက်တော့ နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ် မင်းက ဖြဟ္မာ့ပြည် ပို့ထားတယ်ဆိုတော့ တပည့်တော် ပြန်ဟောချေဦးမယ်ဆိုတော့ အသေစောသွားပြီ....လို့ ပြောလိုက်တယ်.... (မှန်ပါ့)။

မနာဘူးလား....(နာသွားပါတယ်ဘုရား) နိဗ္ဗာန်ရောက်မည့်ဥာဏ်ပါပြီးသား၊ ဘာမပါလို့လဲ.... (သစ္စာမပါလို့ပါဘုရား) သစ္စာမပါတာနဲ့ တကာတကာမတို့ နာသွားတယ်.... (မှန်ပါ့)။

ဒီတွင်မှ ရှင်သာရိပုတ္တရာက သြော်....ငါ့နှယ် ခြင်းချက်ကြီးနဲ့ ဟောတာကိုး ဆိုပြီးသကာလ ဖြဟ္မာ့ပြည်တခါ လိုက်ရပြန်တယ်....(မှန်ပါ့) အဲ့ဒီမှာ သစ္စာဟောလိုက်တော့မှ ရဟန္တာဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တရားသည် နိဗ္ဗာန်ရောက်တဲ့ တရားတမျိုး, သုဂတိရောက်တဲ့ တရားတမျိုး၊ ဘယ်နှစ်မျိုးရှိပါလိမ့်.... (နှစ်မျိုးရှိပါတယ်ဘုရား) နိဗ္ဗာန်ရောက်တဲ့ တရားမှာ ဘာပါရမလဲ.... (သစ္စာပါရပါမယ်ဘုရား)။

နိဗ္ဗာန်မရောက်တဲ့ တရားကတော့ ခုနင်က ဒါန, သီလ, သမထတရား....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား) ဒါန, သီလ, သမထ, က....(နိဗ္ဗာန်မရောက်ပါဘုရား)။

အေး.... ဒါန သီလ သမထ, က စ, ပြီး ဟော့သွားလိုက်တာ သစ္စာဆုံးသွားယင်.... (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်တဲ့ တရားလို့ မှတ်စမ်းပါနော်....(မှန်ပါ့)။

ဒါကလဲ ဒီလိုရှိသေးတယ်၊ တကာ တကာမတွေ့ အခုဟာပြောပြီး နေကြတာတွေ့ အမျိုးမျိုးအဖုံဖုံတွေ့ ရှိကြပါတယ်၊ သစ္စာဆိုတာက ကိုယ့်ခန္ဓာထဲမှာ " သံခိတ္တန ပဉ္ဉပါဒါနက္ခန္ဓာဒုက္ခ " ဆိုတော့ ခန္ဓာဉာဏ်ရောက်အောင် ဟောနိုင်မှ သစ္စာကလဲ ဆိုက်တယ်... (မှန်ပါ့) ပြင်ဘက် ဟောနေယင်.... (မဆိုက်ပါဘုရား)။

ပြင်ဘက် လက်ညှိုးထိုးဇနယင်တော့....(မရပါဘုရား) မရဘူးဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့) နာတဲ့ ပုဂ္ဂိုလ်၏

ခန္ဓာကို ဉာဏ်လက်ညှိုးထိုးပြီး ဆရာကပြ၊ နာတဲ့ ပုဂ္ဂိုလ်က ခန္ဓာကြည့်· ဆရာက သူ့ခန္ဓာကို ဉာဏ်နဲ့လက်ညှိုးထိုးပြ၊ဒီလိုမှ ဆိုက်တာ... (မှန်ပါ့)ကျိကား ဒုက္ခသစ္စာ၊ ကျိကားသမုဒယသစ္စာ ဆိုရုံနဲ့ မရဘူး....(မှန်ပါ့) ရပါ့မလား.... (မရပါဘုရား)။

မရခသးဘူးတဲ့၊ အဲဒါက စာဆိုဖြစ်နေတယ်၊ ဉာဏ်အမြင် ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

သစ္စာဆိုက်တဲ့တရားဆိုငြားသော်လဲ ဆရာကလဲ နာတဲ့ပုဂ္ဂိုလ် ၏ ခန္ဓာကို သစ္စာအဖြစ်နဲ့ လက်ညှိုးထိုးပြရမယ် .... (မှန်ပါ့) နာတဲ့ပုဂ္ဂိုလ်ကလဲ သစ္စာပါကလားလို့ ကိုယ်ဉာဏ်နဲ့ ကိုယ် မြင်ရမယ်....(မှန်ပါ့) အဲဒီကဲ့သို့ မြင်လို့ရှိယင်ဖြင့် သစ္စာဆိုက်တဲ့ တရားဟာ နိဗ္ဗာန်ဝင်မည့် ဇရားဘဲ....(မှန်ပါ့) သဘောပါကြ လား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယနေ့ညမှာ နှစ်ခုရှိသွားပြီ မောင်အောင် ချို့ လိုရင်းစဲ့....(မှန်ပါ့) နှစ်ခုရှိသွားပြီ....(မှန်ပါ့) တရားဟော တုန်း ဘုရား၏ ရည်ရွယ်ချက်နှစ်မျိုးကိုလဲ သိသွားပြီ၊မသိသေး ဘူးလား....(သိပါပြီဘုရား)။

တရားနာနည်း နိသဃယည်းကိုလဲ သင်ပေးထားတာ ရှိသွားပြီ မရှိသေးဘူးလား(ရှိပါပြီဘုရား)သစ္စာဆိုက်တဲ့ တရားကို ကိုယ် ဉာဏ်ထဲမှာ မြင်ပြီး ဆရာကလက်ညှိုးထိုးပြနိုင်လို့ရှိယင် နိဗ္ဗာန် ဝင်တဲ့တရား....(မှန်ပါ့)ရှင်းပလဲ....(ရှင်းပါပြီဘုရား)။

သစ္စာတော့ မဆိုက်ဘူး၊ ဒီနားတွင် လှည့်ကာ ပတ်ကာနဲ့ တခါတည်း စည်းစိမ်တွေ ခဲ့ပြောနေလို့ရှိယင်လဲ ဒုက္ခကျယ် သွားမယ် မကျယ်ပေဘူးလား....(ကျယ်ပါတယ်ဘုရား)။

အဲဒါတွေကိုလဲ ယနေ့ ဉာဏ်ချိန်ခွင်နှစ်ခု ပေးလိုက်တယ်ဆို တာ ကိုပေါ်ကြီး ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဘာပေး လိုက်သလဲ....(ဉာဏ်ချိန်ခွင်ပေးလိုက်ပါတယ်ဘုရား)။

ဉာဏ်နဲ့ ချိန်ပြီး အလုပ်·လုပ်ရမယ်ဆိုတာ မောင်အောင်ချို လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

အဲဒီတော့ မင်းတို့ဉာဏ်ထဲမှာ ချိန်ခွင်ပေးထားတယ်၊အလေး ပေးထားတဲ့ အခါကျလို့ရှိယင်ဖြင့်တဲ့ ဘယ်စာအုပ်က ရေးရေး၊ ဘယ်သူကပြောပြော၊ ဘယ်ဆရာတော်ကပြောပြော ကိုယ်က အလေးပြည့်အောင်ယူတတ်မှ.... (မှန်ပါ့) မယူတတ်လို့ရှိယင်.... (မဖြစ်ပါဘုရား)မဖြစ်ဘူး....တဲ့။

ကိုင်း....ဒါဖြင့် တကာ တကာမှတို့ မှန့်ကတရား ပြန်ပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟုတ်တယ်- မှန်တယ် အကျိုးရှိတယ်၊ သူတပါးတော့ မကြိုက်တဲ့တရား ဟောရတော့ မှာဘဲ....(မှန်ပါ့)။

ဟုတ်တယ်၊ မှန်တယ်၊ သူတပါးတော့ မကြိုက်ဘူး၊ ဘယ် ကြိုက်မတုံးတဲ့၊ မင်းတို့ ကြိုက်နေတာက မျက်လုံးပေါက်က ပျော်ပါးစရာ နေရာရှိတဲ့ နေရာကြိုက်တယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ) ကိုပေါ် မနှေက ပြောထားတယ်.... (မှန်ပါ့)။

နားကလဲ အသံကောင်း ကြားချင်တဲ့ဆီ ကြိုက်တယ်.... (မှန်ပါ့)။

ဒီက-နေပြီး ဖီဟာတွေဟာကွာ.... မြွေ.နောက်လိုက်သွားလို့ ရှိယင် တွင်းထဲ သေပါလိမ့်မယ်၊ မျက်လုံးက မြွေကိုး_ (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) နားနောက် လိုက်သွားလို့ ရှိယင်လဲ မိကျောင်း ရေနစ်သေပါလိမ့်မယ်ဆိုတော့ ကြိုက်နိုင်ပါ့မလား (မကြိုက်နိုင်ပါဘုရား)။

မကြိုက်နိုင်ပေမဲ့လဲ သူသေမှာ မြင်တာနဲ့ သေခြင်းဆိုး သေမှာ မြင်တာနဲ့၊ သူမကြိုက်ပေမဲ့ အကျိုးရှိတာ ပြောရလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သူမကြိုက်ပေမဲ့....(အကျိုးရှိတာပြောရလိမ့်မယ်)။

အကျိုးရှိတာ ပြောရလိမ့်မယ်ဆိုတော့ မောင်မြင့် ဒါ ငါက မပြောဘဲနေနေ၊ ဘုရားက မပြောဘဲနေနေ၊ နာတဲ့ ပုဂ္ဂိုလ်၏ အပြစ်လား၊မပြောတဲ့ပုဂ္ဂိုလ်၏ အပြစ်လား.... (မပြောတဲ့ပုဂ္ဂိုလ်၏ အပြစ်ပါဘုရား) မပြောတဲ့ပုဂ္ဂိုလ်၏ အပြစ်၊ သဘောပါကြလား_ (ပါ-ပါပြီဘုရား)။

အဲဒါ့ကြောင့် ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်၊ သူတပါးတော့ မကြိုက်ဘူးတဲ့၊မနွေက ဟောတဲ့တရား ...(မှန်ပါ့)။

မျက်လုံးက တကာ တကာမတွေက ပဲ့လမ်းသဘင် ပျော်ရွှင်မှုကြိုက်တယ်၊ အင်း....လိုရင်း ပြောလိုက်တဲ့အခါကျတော့ မျက်လုံးပေါက်က-နေပြီး ဆဲသွားတော့ တဏှာ, ဥပါဒါန်, ကံဇာတိ,ဇရာ, မရဏ ချောက်ထဲ မကျဘူးလား.... (ကျပါတယ်

ဘုရား) သေခြင်းဆိုး သေတော့မယ်ဆိုတာ မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲဒီတော့ ဘုရားက ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ် မကြိုက်ပေမဲ့လဲ မောင်အောင်ချို ဘာလုပ်ရမလဲ.... (ဟောရပါ မယ်ဘုရား) ဟောရမှာဘဲ၊ ကာလကြည့်ဟောရမှာဘဲ(မှန်ပါ့)။

ဘာဖြစ်လို့ ကာလကြည့်ဟောရမှာတုံးလို့ မေးတဲ့အခါ ကျတော့ ခန္ဓာကိုယ်က အစိုးမရတဲ့ခန္ဓာကြီး ရ-ထားတော့ မြန်မြန်ဟောလိုက်မှ သင့်တယ်.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့)။

အင်း....နက်ဖြန် တိုင်းပြည်က ပျက်မယ်ဆိုယင် ဒီနေ့ မဟော မိယင် မနစ်နာဘူးလား-(နစ်နာပါတယ်ဘုရား)နက်ဖြန် ခန္ဓာက အစိုးမရဘူး ဆိုလို့ရှိယင်လဲ ဒီနေ့ မဟောမိယင်.... (နစ်နာပါ တယ်) နစ်နာမယ်ဆိုတာ သေချာပလား.... (သေချာပါတယ် ဘုရား)။

ဒါ့ကြောင့် မနေ့က တရားက ဘယ်တရားမျိုးပါလိမ့်မတုံး လို့ဆိုတာ မောင်အောင်ချိတို့ မောင်မြင့်တို့ ရှင်းသွားပြီ.... (ရှင်းသွားပါပြီဘုရား)။

ဘာတဲ့တုံး.... (ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်၊ သူ တပါး မကြိုက်ပါဘုရား) သူတပါးမကြိုက်ဘူး၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သူတပါး မကြိုက်ဘူးတဲ့၊ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် ကိုယ်သွားနေကျလမ်းက မဟုတ်ဘူး၊ ကန့်ကွက် တားမြစ်တယ်

မောင်နိုင်... (မှန်ပါ!)ကိုယ်သွားနေကျလမ်းကို.... (ကန့်ကွက်တား မြစ်ဘယ်)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥပမာ... ပြလိုက်တယ်၊ မင်းတို့ သွားနေကျလမ်း ကန့်ကွက်တာဟာ ကန့် ကွက်ချင်လို့ ကန့်ကွက်တာမဟုတ်ဘူး၊ သဘောကျပလား .... (ကျပါပြီဘုရား)။

မင်းတို့သွားနေကျလမ်းကို ဘုရားကဖြစ်ဖြစ်၊ ဆရာဘုန်းကြီး က ဖြစ်ဖြစ် ကန့်ကွက်လိုက်ပါတယ်၊ မကြိုက်ဘူး၊ ကန့်ကွက်လိုက် တော့ မကြိုက်ခဲပမဲ့လဲ ဟောရလိမ့်ပဲယဲ.. နော်....(မှန်ပါ!)။

မောင်မြင့် ဘာတဲ့တုံး..(ဟောရုပါလိမ့်မယ်ဘုရား) ဟောရ မယ်၊ ဘာခြောင့်တုံးလို့ ဟိုးတော့ ငါဘုရား ဥပဟာပြမယ်၊ ဟုတ်တယ်-မှန်တယ်၊ အကျိုးရှိတယ်၊ သူတပါး မကြိုက်တာကို ဟောတာ ငါ ဇွတ်ပြောနေတာ မဟုတ်ဘူးတဲ့၊ ဝိုင်မိပလား.... (ဝိုင်မိပါပြီဘုရား)။

ခလေးကလေး လေးဘက်သွား ရှိတယ်ကဲ့ တဲ့၊ ဘုရားက ဥပမာပြလိုက်တယ်၊ ခဒလေးကလေး လေးဘက်သွား ကလေးရှိ တော့ မောင်မြင့်တို့ လက်ချောင်းကလေးနဲ့ သူက တွေ့ကဆာ ပါးစပ်ထဲ ထည့်တယ်... (မှန်ပါ!) ဝါသနာမပါဘူးလား... (ပါ ပါတယ်) မန်ကျည်းစေ့ကလေး တွေ့ပြန်တော့ ....(ပါးစပ်ထဲ ထည့်ပါတယ်) ပါးစပ်ထဲ ရောက်အောင် ထည့်တတ်တယ်၊ တုတ်ချောင်းကလေး တွေ့ပြန်လဲ ထည့်တတ်တယ်၊ မထည့်တတ် ဘူးလား_(ထည့်တတ်ပါတယ်ဘုရား)။

ဒါကို အမေမိဘက ဒီအတိုင်း ကြည့်နေမလား၊ သူ့လည် ချောင်းကျဉ်းကျဉ်းကလေးထဲမှာ ဒီမန်ကျည်းစေ့ကလေးတစ်နေ လို့ ဆိုလို့ရှိယင်ဖြင့် ထွက်သက်- ဝင်သက်ပိတ်ပြီး သေမှာ စိုးရတယ်....(မှန်ပါ့)။

ဒါနဲ့ ဒီခလေးကလဲ ဒါတွေ့ မစားပါနဲ့ ဆိုလို့ကြိုက်ပါ့ မလား....(မကြိုက်ပါဘုရား)။

မကြိုက်ပေမဲ့ သူငိုချင်ငို မငိုချင်နေ၊ ငိုတာက များမှာပါဘဲ တခါတည်းဘယ်ဘက်နဲ့ပေ့ါ၊ လက်ညိုးနဲ့ လက်မကို ကွင်းကလေး လုပ်၊ ကွင်းကလေးလုပ်ပြီး အာခေါင်ထဲကဆွဲထုတ်၊ ငိုချင်ငိုပ စေ၊ဘာ့ကြောင့်တုံးဆိုတော့ သနားလို့...(မှန်ပါ့)။

သူက မသိလို့မျိုတဲ့ဥစ္စာ မောင်မြင့် မ့သေပေဘူးလား.... (သေပါတယ်ဘုရား)။

အဲဒီတော့ အမေမိဘနဲ့တူတဲ့ ကရုဏာရှင်ဘုရား-ဆရာသမား က ဟာ... မင်းတို့ အော်ချင်အော်၊ ငိုချင်ငို မင်းတို့လုပ်နေတာ မဟုတ်ဘူး၊ပြင်ရလိမ့်မယ်ဆိုပြီး မင်းတို့မျက်ရည်ကျကျ၊ လဲသေ သေ ဆွဲထုတ်မှာဘဲ၊ဆွဲထုတ်လိုက်တော့ အသက်ရှင်သွားတယ်၊ မဟုတ်ဘူးလား...(မှန်ပါ့)။

ဆွဲထုတ်လိုက်တော့ ဘယ့်နှယ်ပါလိမ့်.... (အသက်ရှင်သွားပါ တယ်ဘုရား)။

ပြီးတော့ ဒီခလေး ဒီအတိုင်းထားလိုက်တဲ့ အခါကျတော့ သြော်....ကရုဏာရှင်ဆိုတာ သေချာသွားပြီ....(မှန်ပါ့) ပေါ်ကြ ပလား...(ပေါ်ပါပြီ)။

ဘာအရှင်တဲ့....(ကရုဏာရှင်ပါဘုရား)။

အဲဒီတော့ မကြိုက်လဲ ဟောရလိမ့်မယ်ဆိုတဲ့စကား ဒီဥပမာဘဲ....(မှန်ပါ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာ့ကြောင့်တုံး ဆိုတော့ ပုထုဇန် တကာတကာမတွေက ဘာဖြစ်နေသတုံးမေးတော့ စားမိစားရာ၊မျိုမိမျိုရာ မျိုနေတယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အကုသိုလ်တွေနဲ့ ရဘာလဲ စားမျိုနေဘာဘဲ၊ ဟင်....(မှန်ပါဘုရား) အင်း....သားတွေကိုလဲ ခင်တဲ့မျိုလုံးတွေ၊ သမီးခင်တဲ့ မျိုလုံးတွေ၊ပစ္စည်းရချင်တဲ့မျိုလုံး-သိပ်လုံးတွေက မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အင်း.... ဒါတွေကို မျိုလို့ရှိယင်ဖြင့် တဖှာ, ဥပါဒါန့်ကံဇာတိ,ဇရာ,မရဏ, ချောက်မှာ သေပဲ့ဝင်ချည်ရဲ့. ဆိုပြီးသကာလ ဒီမန်ကျည်းစေ့နဲ့တူတာ ဒီအိုးခြမ်းပဲ့နဲ့ တူတာကို ငိုချင်ငို ဆဲထုတ်ရမယ်....(မှန်ပါ)မထုတ်ရတူးလား....(ထုတ်ရပါမယ်ဘုရား) ရှင်းပလား.....(ရှင်းပါပြီ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပဌမစကား ဟောပုံ၊မောင်နှိုင် သူ့ ဥပမာနဲ့သူ ကိုက်ပလား .... (ကိုက်ပါပြီဘုရား)။

ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်၊ သူတပါးမကြိုက်ဘူးဟောမယ်....(မှန်ပါ)။

သူက ခလေးမို့ မသိလို့ မကြိုက်ဘာ၊ လူကြီးက ကြည့်နေလို့ တော်ပါ့မလား .. (မတော်ပါဘုရား)။

ချက်ခြင်းသေမှာနဲ့ အသက်ရှင်မှာနဲ့ မောင်မြင့် ဘယ်ဟာကောင်းသတုံး....(အသက်ရှင်မှာက ကောင်းပါတယ်ဘုရား)။

အသက်ရှင်စေချင်တဲ့ ကရုဏာအားကြီးလို့ ဆဲထုတ်နေတာ....(မှန်ပါ့ဘုရား)။

လက်ညိုး့လက်မနဲ့ ကောက်ပြီးတော့ ဒီမန်ကျည်းစေ့ကလေးတွေ အိုးခြမ်းပဲ့ကလေးတွေ၊ တုတ်ချောင်း ကလေးတွေကို တကာတကာမတွေ ပါးစပ်ထဲက ဆဲထုတ်နေတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဆဲကုတ်လိုက်တဲ့အခါကျတော့ ခုနင်က ဇာတိ့ဇရာမရဏ့သေပဲ့ဝင်သေးရဲ့လား.... (မဝင်ပါဘုရား) မဝင်တော့ဘူးတဲ့....။

ကဲ....ဒါဖြင့် ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ် ဆိုတဲ့စကား မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

နို့... ဆဲထုတ်တော့ ဟိုခလေးနဲ့တူတဲ့ မသိတဲ့တကာတကာမတွေ ကြိုက်ကဲ့လား.... (မကြိုက်ပါဘုရား) မကြိုက်ပေမဲ့လဲ ဘာလုပ်ရမလဲ....(ဆဲထုတ်ရမှာပါဘုရား)။

ဆဲထုတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာဖြင့် သေသေချာချာရှင်းသွားပြီ....(မှန်ပါ့)မောင်အောင်ချို ပေါ်ပလား.... (ပေါ်ပါပြီ) ပေါ်ပြီနော်....၊အဲဒီတော့ အခုဆရာဘုန်းကြီးက မနေ့က မျက်လုံးပေါက်က မြေနဲ့တူတယ်လို့ ပြောလိုက်တယ် မောင်နိုင်နော် (မှန်ပါ့) မြေဆိုတာ တောင်ပို့ကြိုက်....(မှန်ပါ့)။

အဲဒါ.... ကြိုးကြီးနဲ့ ကိုင်ပြီးသကာလ ထားတော့ ပုထုဇန် တယောက်က ဒီ ကြိုးခြောက်ချောင်း ထုံးပြီးကိုင်ထားရတာကိုး (မှန်ပ!) ကိုယ့်မျက်လုံးလဲ ကိုယ်ကျောင်းရတာဘဲ မကျဘူးလား... (ကျပါတယ်ဘုရား)။

မျက်လုံးပေါက်က မြွေနဲ့ တူတယ်ဆိုတာလဲ ကိုယ်ကျောင်းနေတာဘဲ...(မှန်ပါ) နားပေါက်က မိကျောင်းနဲ့တူတယ်ဆိုတာကော....(ကိုယ်ကျောင်းရတာပါဘဲ)နှာခေါင်းပေါက်က နေပြီးငှက်နဲ့ တူတယ်ဆိုတာကော....(ကိုယ်ကျောင်းရတာပါဘဲ) ကိုယ်ကျောင်းနေရတာဘဲတဲ့၊ နှာခေါင်း အလိုလိုက်နေရတဲ့ အခါရှိသေးတယ်... (မှန်ပါ)။

လျှာပေါက်က အိမ်ခွေးနဲ့ တူတယ်ဆိုတာကော .... (ကိုယ်ကျောင်းရတာပါဘဲ....(ကိုယ်ကျောင်းနေရတာဘဲဘုရား)။

ကိုယ်ပေါက်က တောခွေးနဲ့ တူတယ်ဆိုတာကော....(ကိုယ်ကျောင်းရတာပါဘဲ) မနောပေါက်က မျောက်နဲ့ တူတယ်ဆိုတာကော....(ကိုယ်ကျောင်းရတာပါဘဲ)။

ဒါဖြင့် တယောက်တည်းက သားကောင် ဘယ်နှစ်ကောင်ကျောင်းရသလဲ....(ခြောက်ကောင် ကျောင်းရပါတယ် ဘုရား) ခြောက်ကောင်ကျောင်းနေတော့ မောင်အောင်ချိုတို့, မောင်မြင့်တို့.... ခြောက်ကောင်ချင်းကော အကြိုက်တူရဲ့လား... (မတူပါဘုရား)။

ကိုယ်က ခြောက်ကောင်ကျောင်းနေရတယ် .... (မှန်ပါ) တယောက်တည်းက ဘယ်နှစ်ကောင်ကျောင်းရသလဲ.... (ခြောက်ကောင်ကျော်းရပါတယ်ဘုရား)။

ခြောက်ကောင်ဟာ အကြိုက်တူရဲ့လား.... (မတူပါဘုရား) အကြိုက်မတူတော့ကိုတဲ့ မင်းတို့က ခန္ဓာထဲ ရှိပြီးသား ဖြစ်နေတော့လဲ ကိုယ့်ပစ္စည်းချည်း ဖြစ်နေတော့ ကိုယ့်သားကောင် ချည်းဖြစ်နေတော့ ကြိုးခြောက်စင်းက ကိုယ်နဲ့ တန်းနေတယ်.... (မှန်ပါ့) တန်းနေတော့ ကြိုးခြောက်စင်းကလဲ တဏှာဘဲတဲ့နော်....၊ ကိုယ့်မျက်လုံးကိုယ်ခင်တာ .... (မှန်ပါ့) ကိုယ့်နားကော....(ကိုယ်ခင်ပါတယ်ဘုရား)။

အဲဒီတော့ ကြိုးခြောက်စင်းဟာ တဏှာနဲ့ တဲ့မနေဘူးလား (တဲ့နေပါတယ်ဘုရား) ဒီအထဲမှာ ထုံးထားလိုက်တဲ့ ဒီကြိုးခြောက်ခုကို တခါတည်း စုံဆဲ့ပြီး အလယ်မှာထုံးထုံးလိုက်တာ အဝိဇ္ဇာနဲ့တူတယ်၊ ကြိုးက တဏှာနဲ့တယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

ဟို-မျက်လုံး,နား,နှာခေါင်း,လျှာ,မနောတွေက သားကောင်တွေနဲ့တူတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ နေ့တိုင်း ကျောင်းနေရတာလို့ဆိုယင် မောင်အောင်ချီတို့ မောင်မြင့်တို့က ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) တခါတလေ မျက်လုံးပေါက်ကများ ဆဲသွားလိုက်တာ အဝေးကြီး၊ ပဲ့လမ်းသဘင်တွေ့ လိုက်ချင်လိုက်တာ၊ မျက်လုံးပေါက်က ဆဲသွားလိုက်တာ၊ ဒီ့ပြင် သားကောင် ခြောက်ကောင်က တန်းလန်း-တန်းလန်းပါသွားတယ်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အင်း... မိကျောင်းလဲ ဘယ့်နှယ်လဲ.... (ပါသွားပါတယ်) မြွေဆဲ့ရာ ပါနေတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)

ဌက်ကာကော—(မြွေဆွဲရာ ပါ-ပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....ဟင်— တကာတကာမဘို့ အိမ်ခေးကကော....(ဆွဲရာပါပါတယ်)မြွေဆွဲရာ ပါသွားတယ်....(မှန်ပါ့) မျက်လုံးပေါက်က မြွေနဲ့တူတယ်၊ အရွပ်ကြိုက်ကိုး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါနဲ့ တကာ တကာမတွေက ခရီးများရှည်နေ ကြတာများ ရိပ်မိကြရဲ့လား.... (ရိပ်မိပါတယ်ဘုရား) ဘယ်သူဆွဲရာပါသွားတာလဲ.... (မြွေဆွဲရာပါသွားပါတယ်ဘုရား) မြွေဆိုတာ ဘယ်အပေါက်ပါလိမ့်....(မျက်လုံးပေါက်ပါဘုရား) အဲ·သူဆွဲရာများ ပါသွားလိုက်တဲ့ အဝါကျလို့ရှိယင် ကျုပ်မဒတ္ထရ ပဇနဲ့ဦင်ဘူး၊ မမြင်ရမဒနဲ့ဦင်ဘူး၊ ကျုပ်က မြင်ရ, တော့ရမှစိတ်ဒအေးတာဆိုပြီးသကာလ သွားတော့ မျက်လုံးပေါက်က ခေါင်းဆောင်ဆဲသွားလိုက်တာ ဒီ့ပြင် သားကောင် ငါးကောင်ဟာ ကန့်လန့်ကန့်လန့်ပါသွားတယ်... (မှန်ပါ့) သူက သန်တာကိုး....(မှန်ပါ့) ဟဲဒီအခါ သူကသန်တယ်၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဟဲဒါတွေကော တကာ တကာမတွေ့ လိုက်ဘူးပါရဲ့လား၊ လိုက်နေကြရသလားလို့ မေးလို့ရှိယင် ဘယ့်နယ်ဖြေမလဲ— (လိုက်ဘူးပါတယ်ဘုရား)။

တခါတလေ မိကျောင်းနဲ့တူတဲ့ နားပေါက်ကနေပြီး ဆွဲသွားလိုက်တဲ့အခါ ကြားချင်လွန်းလို့ ဆွဲသွားတဲ့အခါ ရေဒီယိုနားဆီသဘင်သည်တွေဆီ မောင်အောင်ခို့ ရောက်မသွားဘူးလား.... (ရောက်သွားပါ့တယ်ဘုရား)။

ဒီအခါကျတော့ မျက်လုံးပေါက်က မကြည့်ချင်လဲ ပါရတော့မယ်....(မှန်ပါ့)အိမ်ခွေးက ထမင်းစားချင်လဲ ဆာဆာနဲ့ သွားရမှာဘဲ....(မှန်ပါ့)တောခွေးက အိပ်ချင်လဲ .... (ပါသွားပါတယ်)ပါသွားရမှာဘဲ၊မျောက်က အမြင့်တက်ချင်လဲ....(ပါသွားရမှာပါဘဲဘုရား)။

ဘာဖြစ်လို့ မောင်မြင့် ပါသွားရပါလိမ့်...၊ သူက အသန်ဆုံးဖြစ်လို့....(မှန်ပါ့) ဒီသားကောင်ဟာ အသန်ဆုံးဖြစ်သွားတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ့ နေရာမမြဲဘူးဆိုတဲ့ဥစ္စာ ရိပ်မိကြပလား.... (ရိပ်မိပါပြီ) သားကောင် ခြောက်ကောင် သန်ရာဆဲနေလို့၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ့ နေရာမမြဲတာ.... (သားကောင် ခြောက်ကောင် သန်ရာဆဲနေလို့ပါဘုရား) သန်ရာဆဲတယ်၊ သန်ရာဆဲတော့ ဒီဘက်ကဆဲလို့ရှိယင် ဟိုဘက်က မေ့တန်တာမေ့၊ ပျောက်တန်တာ ပျောက်ဘဲ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)အင်း....ဘာဖြစ်လို့တုံး....(သန်ရာဆဲလို့ပါဘုရား)။

သန်ရာဆဲနေတော့ ဒီဘက်က မေ့စရာတွေ့၊ မနောပေါက်က မလိုက်နိုင်တော့ ပစ်ထားခဲ့ရတယ် ပစ္စည်းတွေ့ ဘာတွေ့မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အင်း....ဘယ်လို နေရစ်-နေရစ် ကျုပ်သားနဲ့ ကျုပ်သမီးနဲ့ တွေ့အောင်သွားမယ်၊ ဒီပစ္စည်းဘယ်လို နေရစ်- နေရစ်ဆိုတော့ မနောပေါက်က အချုံးပေးနေရတဲ့ အခါကော မပါဘူးလား... (ပါ-ပါတယ်ဘုရား)။

ပစ္စည်းတွေ,အိမ်တွေ, ယာတွေ ကဲ....ဖြစ်ချင်သလို ဖြစ်ရစ်ခဲပစေ၊ မျက်လုံးပေါက်က သန်တဲ့အခါ မျက်လုံးပေါက်က ဆွဲ၊ နား ပေါက်က သန်တဲ့အခါ နားပေါက်က ဆွဲပါတယ်။

အဲဒါကြောင့် တကာတကာမတွေ့မှာ သေစရာနေရာတောင် မှ မြဲပါရဲ့လား.....(မမြဲပါဘုရား) ရှင်းကြပလား.....(ရှင်းပါပြီ) ဘာဖြစ်လို့ မောင်မြင့် မမြဲပါလိမ့်မတုံးလို့ မေးယင် မင်းတို့ဘဲ အဖြေဆုတ်ပါတော့ကွာ... ပေါ်ပါတယ်.....(မှန်ပါ့) ဘယ်နှယ် ကြောင့်တုံး.....(သန်ရာဆွဲလို့ပါဘုရား)။

သန်ရာဆွဲရာကို သွားလိုက်ရတာဘဲ၊ မတတ်နိုင်ဘူး.....(မှန်ပါ့ ဘုရား) ဒါဖြင့် ကိုယ့်နေရာ အမြဲရယ်လို့ကော ရှိသေးရဲ့လား (မရှိပါဘုရား) သြော်... တယ်ကြောက်စရာကောင်းပါကလား.... ဒါတွေကို သေသေချာချာ ဆပါကကောပမ သုတ်ကို သေသေချာချာကြည့်တော့မှ ကိုသောင်ရေ- ကျုပ်တို့,ဘင်ဗျားတို့ ဟာ သြော် .... အေးအေးဆေးဆေးကလေး ဘဝင် အေးအေး ကလေးနဲ့ နေစရာအကွက်ကို မပါဘူး-(မပါ-ပါဘုရား)သူတို့က သန်ရာဆွဲနေတာဘဲ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို တချို့အဖွားကြီးတွေကွာ .... ကိုယ်ပေါက်က တောခွေးဖြစ်နေဘော့ လဲဘာနေချင်တယ်၊ဟိုမြွေးကိုစွကချုပ်လာ တော့ တောင်ဝှေးထောက်ပြီး ထ,တယ်....(မှန်ပါ့)ဘယ်နှယ်တုံး (တောင်ဝှေးထောက် ထ,ပါတယ်ဘုရား)။

တောင်ဝှေးထောက် ထ,တော့ ဘာ့ကြောင့်တုံးလို့ ဆိုလို့ ရှိယင် မြေးသံကြားလို့....(မှန်ပါ့) ဒီလိုဆိုတော့ နားပေါက်က

ဆဲသွားလိုက်တာ တောင်ဝှေးထောက်ပြီး လိုက်ပြေးရတယ်... ၊ မပြေးရဘူးလား....(ပြေးရပါတယ်ဘုရား)။

တယ်ကြောက်စရာပါလားကွ၊ မောင်အောင်ချိုတို့၊ မောင်မြင့်တို့... (မှန်ပါ့) ကန့်လန့်, ကန့်လန့်နဲ့ မသွားနိုင်, မလာနိုင်နဲ့. ဘယ်နှယ်ကြောင့် လာရပြန်တာတုံး မေးလို့ရှိယင်ဖြင့် ဆဲရာက အားသန်လို့....(မှန်ပါ့) ဆဲတဲ့အကောင်က.... (အားသန်လို့ပါဘုရား)။

ဒါ့ကြောင့် ဘုရားက သားကောင်ခြောက်ကောင်နဲ့ ဥပမာပြတာ မင်းတို့ အင်မတန်ရှင်းဘို့ကောင်းပါတယ်... (မှန်ပါ့) နောက်က တကာတကာမတွေ ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ရှင်းတယ်တဲ့၊ အိမ်ဆောက်ပြီး အိမ်ပေါ်များ မနေနိုင်လိုက်တဲ့ အခါများ ရှိသေးတယ်....(မှန်ပါ့)မရှိဘူးလား... (ရှိပါတယ်ဘုရား) မျက်လုံးပေါက်က ဆဲချသွားတဲ့အခါများ မောင်မြင့် အိမ်ပေါ်နေဖြစ်သေးရဲ့လား... (မနေဖြစ်ပါဘုရား) နားပေါက်က ဆဲချသွားတဲ့အခါ....(မနေဖြစ်ပါဘုရား)။

မနေဖြစ်ပါဘူးတဲ့၊ကိုယ်ပေါက်အတွက် ဆောက်ထားတာကိုးကွ-(မှန်ပါ့)ကိုယ်ပေါက်အတွက်ဆောက်ထားတာ ဒီတောခွေးကို တောခွေးပေါက်က ဆောက်ထားတာ၊ တောခွေးလို့ဘဲ၊ လူသေစားပြီး ကောင်းကောင်းမှန်မှန် အေးအေးချမ်းချမ်း အိပ်ချင်လို့ လုပ်ထားတာ၊ အိပ်ခွင့်မရဘူး၊ ရသေးရဲ့လား....(မရပါဘုရား)။

အံမာ-ရက်ရှည်ကြီးများ သွားပြီးသကာလ နေတဲ့အပတ်တွေကော မရှိကြဘူးလား....ရှိသလား... (ရှိပါတယ်ဘုရား)ဘယ်နှယ်

ကြောင့်ပါလိမ့်မတုံးလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(သန်ရာဆဲ့လို့ပါဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ့ အသေမြဲပါ့မလား....(မမြဲပါဘုရား) အနေကော....(မမြဲပါဘုရား) ခက်နေပြီ ဒါဖြင့် ဓုဝနိဗ္ဗာန်,သုခနိဗ္ဗာန်နဲ့ တော့ ဝေးပါသေးရဲ့... (မှန်ပါ့) ဓုဝနိဗ္ဗာန်ဆိုတာက ဒီနေရာရောက်ယင် ဘယ်တော့မှ ရှိ့လို့ မရဘူး၊ ဘယ်သူဆဲ့လို့မှ မဆဲ့နိုင်ဘူး....(မှန်ပါ့) သုခနိဗ္ဗာန်ဆိုတာလဲ ဒီနေရာမြဲပြီး ချမ်းသာနေတာဘဲ၊ ကဲ....နိဗ္ဗာန်နဲ့ ကန့်လန့်ကြီး မနေဘူးလား....(နေပါတယ်ဘုရား)။

အဲ....နိဗ္ဗာန်ဘယ့်နှယ်ကြောင့် မရောက်တာတုံး၊ ဓုဝနိဗ္ဗာန်မြဲတဲ့နိဗ္ဗာန် ဘယ့်နှယ်ကြောင့် မရောက်ပါတုံး၊ သားကောင်ဆဲ့ရာ လိုက်နေရလို့ပါဘုရား၊ ပေါ်ပလား....(ပေါ်ပါပြီ)။

ဘယ်လိုပေါ်ကြပါလိမ့် .... (သားကောင်ဆဲ့ရာ လိုက်နေရလို့ပါဘုရား)သားကောင်ဆဲ့ရာ လိုက်နေရလို့ဘုရား....ဆိုတော့ ခုနင်က အဖွားကြီး တောင်ခဲ့းထောက်ဘာသာ မောင်မြင့်....အကဲခတ်တော့က္ခ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဖွားကြီးပိပိ သူ့ဟာသူ အဖွားကြီးဆိုတာ အသက်ခြောက်ဆယ်ကျော် - ခုနစ်ဆယ် - ခုနစ်ဆယ်ကျော်ကျော်ဆိုယင် ကျောက်လေး ဘာကလေးလဲပြီး ဒါနဲ့ အသက်ရှင်ခဲ့ဘာကိုးက္ခ-(မှန်ပါ့ဘုရား)။

ဒါကို တောင်ဝှေးထောက်ထ,ပြီး ဟိုအိမ်, ဒီအိမ်ခြေးချင်ပါသေးတယ်ဆိုခဲ့တာ့ မောင်နိုင် ကိုယ်ပေါက်ကဆဲ့ဘာ....(မှန်ပါ့)

မဟုတ်ဘူးလား....(မှန်ပါ့) နားပေါက်ကယင်လဲ....(ဆဲပါတယ်ဘုရား)။

ကိုယ်ပေါက်က အရှုံးပေးလိုက်ရတယ်....၊ လဲနေတဲ့ဥစ္စာကောင်းကောင်းကို လဲလို့မရဘူး၊ ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တောခွေးက အရှုံးပေးပြီးသကာလ မိကျောင်းတို့၊ မြေတို့က ဆဲသံးတယ်....(မှန်ပါ့) မဆဲဘူးလား.... (ဆဲသံးပါတယ်)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အေး.... တခါတလေကျတော့ လှမ်းနာသည် တချို့များ သုသာန်သံးတဲ့လူ ရှိသေးတယ်....(မှန်ပါ့) လှမ်းလို့ သုသာန်သံးတဲ့လူကော မရှိဘူးလား... (ရှိပါတယ်ဘုရား) ဒါ မနော ပေါက်က ဆဲသံးတာ၊ မျောက်က ဆဲသံးတယ်... (မှန်ပါ့) ဟိုကြည့်,ဒီကြည့် ကြည့်လိုက်ဦးမလေ အခြေအနေကလေးများ ဘယ်နှယ်နေပါလိမ့်မလဲဆိုပြီးတော့ မျောက်က ဆဲသံးတာကို (မှန်ပါ့)။

ဒီ့ပြင်ဟာတွေက ဘယ်နှယ်နေသလဲ.... (လိုက်သံးပါတယ်ဘုရား)လိုက်သံးတော့ကို့တဲ့၊ သန်ရာကဆဲလို့ မောင်အောင်ချီပါသံးတယ်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီ) တယ်လဲဆိုးဝါးပါကလား....(ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ထမင်းချက်ထားပြီး ထမင်းမစားဘဲနဲ့ သံးရတဲ့ကိုစ္စမျိုးကော ရှိပါရဲ့လား.... (ရှိပါတယ်ဘုရား)။

ဟာ....ခက်ပြီဟေ့ အိမ်ခွေးက ထမင်းစားချင်တယ်ကွနော် (မှန်ပါ့)ဟိုမှာ ဘယ်နှယ်ဖြစ်ကုန်မှန်း မသိဘူးဆိုတဲ့ မနော ပေါက်တွေးလုံးနဲ့ သဘောကျပလား.... (ကျပါပြီ) မျောက်က ဆဲသံးတာနဲ့၊ မနောပေါက် တွေးလုံးက မျောက်ဆိုတော့ ဟိုကြည့်-ဒီကြည့်နော်-(မှန်ပါ့)မျောက်က ဆဲသံးတာနဲ့ ထမင်းစားမလို့ ချက်ထားတဲ့ အိမ်ခွေးအစာတွေဟာ စားမိသေးရဲ့လား....(မစားမိပါဘုရား)။

ဘယ်နှယ်ခြောင့်တုံး.... (မျောက်ဆဲရာ ပါသွားပါတယ်) မျောက်ဆဲရာပါသွားလို့ မောင်ခေါင်သိန်း ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ခင်ဗျားဘို့ဘာဖြင့် ချာချာလည်လို့ ပေါ့။ဘယ်နှယ်တုံး ကိုယ့် သဘောကို ပါသေးရဲ့လား ... (မပါ-ပါဘုရား)။

မောင်မြင့် ပါသေးရဲ့လား-(မပါ-ပါဘုရား)မောင်ခေါင်ချို (မပါ-ပါဘုရား)သန်ရာဆဲသွားတာလိုက်နေရတာဟဲ.... (မှန်ပါ့) ဟိုလဲ မင့်ကိုတွေ့ခဲ့ဘာဘဲ၊ဒီလဲ မင့်တွေ့ခဲ့တာဘဲလို့ ပြောသေးတာဘဲ၊တချို့က မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဘာဖြစ်လို့ မင်းဒီလောက်တောင် ခရီးများရ သတုံးလို့ မေးလုံးထုတ်တဲ့အခါကျတော့ ဘယ်နှယ်ဖြမလဲ.... (သန်ရာဆဲလို့ပါဘုရား)။

တခါတလေ မျက်လုံးပေါက်ကဆဲ မျက်လုံးပေါက်နောက်လိုက်၊ နှားပေါက်ကဆဲယင်....(နှားနောက်လိုက်) ဒါဖြင့် ကိုယ့်နေရာ အမြဲရှိရဲ့လား ... (မရှိပါဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သြော်.... ကိုးယို့ ကားယားနဲ့ သေချင်တဲ့နေရာ သေရှာတော့မယ်၊ သတိပဋ္ဌာန်ခိုင်မြဲဖို့ ငုတ်စိုက်မပေးလို့ ရှိယင် သူတို့ဖြင့် အသေလဲမမြဲ· အနေလဲမမြဲ ထမင်းလဲငတ်၊ တမင်းချက်ပြီးမှဘဲ ပြေးလိုက်ရတဲ့အခါ ပါသေးတယ်... (မှန်ပါ့) စားဖြစ်သေးရဲ့လား.... (မစားဖြစ်ပါဘုရား)။

အင်း....သန်ရာဆဲသွားတဲ့ အခါကျတော့ တကာတကာမတွေ့ဟေ့... ထမင်းစားတာ များလှပြီ၊ ထမင်းမစားလို့ ဘာမှမဖြစ်ဘူး၊ ဂမ်းထဲကပူတာက လွန်လှတယ်ဆိုပြီး အပူရှိတာနဲ့ ဟိုမမှာရုံက နှိပ်စက်တာနဲ့၊ မျောက်က နှိပ်စက်တာနဲ့ ပြေးပြန်တာဘဲ၊ မခြေးဘူးလားကွ... (ပြေးပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါမှငုတ်စိုက်မပေးလို့ ရှိယင်ဖြင့် သူတို့ဖြင့် အသေလဲနေရာမရှိပါဘူး သေချင်တဲ့နေရာ သေရှာတော့မှာဘဲ၊ အနေကော.... (နေရာမရှိပါဘူး)။

နေရာသာ မရှိတယ်၊ အသေလဲမမြဲ၊ အနေလဲ မမြဲဆိုတော့ မောင်နှိုင် မွတ်လိုက်ဦး ဂတိမမြဲဘူးပြောတာ....(မှန်ပါ့)သဘောပါလား... (ပါ·ပါတယ်ဘုရား)။

ဘာဘဲ့တုံး....(ဂတိမမြဲပါဘုရား) ဂတိမမြဲဘူး၊ နောက်ဘဝဘယ်ပဋိသန္ဓေနေမှာတုံး၊ တိရစ္ဆာန်လိုနေမှာလား....၊ ငရဲနေမှာလား....၊ ပြိတ္တာနေမှာလား....၊ နတ်ပြည်ပဋိသန္ဓေနေမှာလား...၊ လားဆုဂတိပေါ့လေ....(မှန်ပါ့ဘုရား)။

အဲဒီ-ဂတိုမြဲတော့မှာ မဟုတ်ဘူးဆိုပြီးသကာလ သတိပဋ္ဌာန် ပါဠိတော်ကြီးထုတ်လာတယ်၊ ဒီသတိပဋ္ဌာန်တည်းဟူသော ငုံတ် မစိုက်မိလို့ ရှိယင် တခုခုသတိပဋ္ဌာန် လေးပါး- တပါးတပါးမှ ငုတ်မှစိုက်မိလို့ ရှိယင်ဖြင့် သေခြင်းဆိုးနဲ့ နေခြင်းဆိုး ငါမျက်စိ အောက်မှာဘဲ ဖြစ်ရှာတော့မယ်ဆိုပြီး သတိပဋ္ဌာန်ဟောတယ်.... (မှန်ပါဘုရား)။

အံမာလေး....သတိပဋ္ဌာန်ဟောဘို့ကို မင်းမနည်းလုပ်ရတယ်၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)သတိပဋ္ဌာန်ကျေးဇူး ဘယ်လောက် များတယ်ဆိုတာ..(များပါတယ်ဘုရား) သူ့သာ ခင်ဗျားတို့က တခုခု၊ သတိပဋ္ဌာန်လေးပါး တပါးပါးလက်ကိုင် မောင်မြင့်က မလုပ်ခဲတော့ဘူး၊ မောင်နိုင်တို့က မလုပ်တော့ဘူးလို့ ဆိုလို့ရှိယင် တော့ အနေလဲမမြဲဘူး၊ လားရာဂတိကော...(မမြဲပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း..ခင်ဗျားတို့ အားကိုးအစစ်တွေ့ပါပလား....(တွေ့ပါပြီ ဘုရား) ဘာပါလိမ့်....(သတိပဋ္ဌာန်ပါဘုရား) အဲ....သတိပဋ္ဌာန် တော့ ဟောရတော့မှာဘဲ... (မှန်ပါဘုရား)။

ခင်ဗျားတို့ ကြိုက်ကဲ့လားလို့ မေးလို့ရှိယင် မကြိုက်ကြိုက်-ကြိုက်ကြိုက်၊ သဘောကျပလဲ့ား.... (ကျပါပြီဘုရား) ဟုတ်တယ် မှန်တယ်,အကျိုးရှိတာနဲ့ဘဲ....(ဟောရတော့မယ်) ဟောရမှာဘဲ ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟုတ်တယ်, မှန်တယ်, အကျိုးရှိတယ်၊ မကြိုက်ပေမဲ့ဟောရ လိမ့်မယ်... (မှန်ပါ) ဘာ့ကြောင့်တုံးဆိုတော့ ခင်ဗျားတို့က

ခုနင်က ခလေးလို သွားမိသွားးရာ၊ မီးခဲပေမဲ့ ကိုင်မှာဘဲ၊ ဒုတ် ချောင်းပေမဲ့....(ကိုင်မှာပါဘဲ) မျိုမှာဘဲ၊ရိပ်မိပလား ... (ရိပ်မိ ပါပြီဘုရား)။

အင်း....ရေထဲပေမဲ့ ခုန်ချတော့မှာဘဲ၊မြဲရဲ့လား.... (မမြဲပါ ဘုရား) အင်း .... ဒီနေရာကလေးပေမဲ့ ဆူးတွေကြားထဲပေမဲ့ ဒိုင်းဒိုင်းပြေးသွားချင် သွားလိုက်မှာဘဲ... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီဟာကလေးကိုဖြင့် ငုတ်စိုက်ထားမှ တော်တော့ မယ်ဆိုတဲ့ သတိပဋ္ဌာန်လေးပါး တပါးပါးငုတ်မှမရှိကြတော့ဘူး ဆိုယင်ဖြင့် ဘာတာကာမတို့ အဇ္ဈတ္တမြဲဘို့လဲမရှိ၊ အနေမြဲဘို့ လဲမရှိဘူး....(မှန်ပါ့) ကိုယ့်အတွက်ကဖြင့် စိုးရိမ်စရာချည်းဘဲ၊ ပေါ်ကြပေလား...(ပေါ်ပါပြီဘုရား)။

နောင်ကလေ ဘာတာကာမတွေ ပြားကြရဲ့လား... (ကြား ပါတယ်ဘုရား) ပြား....ခင်ဗျားတို့သားမည်နားနဲ့ နာမနေနဲ့နော် တော်တော်အရေးကြီးတဲ့ စကားတွေပြောနေတာ ... (မှန်ပါ့)။

အာတိုးတန်ခေါင် ပြောလို့တန်တာလား....၊ ပင်ကိုယ်က တန်နေတာလားဆိုတာ မောင်နိုင် အကဲခတ်ကွ .. (ပင်ကိုယ်က တန်နေတာပါဘုရား)။

ပင်ကိုယ်က တန်နေတာနော်... (မှန်ပါ့) ဟာ....ဘုန်းကြီးက စကားပြောတတ်လွန်းလို့ စကားပြောတတ်လွန်းလို့၊ နားလည် အောင်ရှင်းတတ်လွန်းလို့၊သတ္တဝါစိတ္တုပ္ပါဒ်တွေကိုလဲ သိအောင် ပြောတတ်လွန်းလို့၊ စိတ်ဓာတ်လဲ ဆဲနိုင်လွန်းလို့လို့ ဒီလို မအောက်မေ့နဲ့၊အခုဥပမာတွေ ပေါ်လာတယ်....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

ခြောက်ဒဲ့ါရကနေပြီးသကာလ ခြောက်ကောင်ကနေဆဲ့လိုက် လို့.ရှိယင် ခြောက်ကောင်က ပြိုင်ဆဲ့တာမဟုတ်ဘူး-နော်၊ သန် ရာကိုဆဲ့တယ်.... (မှန်ပါ့) မဆဲ့ဘူးလား....(ဆဲ့ပါတယ်ဘုရား)။

သန်ရာဆဲ့လိုက်တဲ့အခါကျလို့.ရှိယင်ဖြင့် ကျန်တဲ့ငါးကောင် ဟာ ကန့်လန့်ကန့်လန့်နဲ့. ပါသွားတယ်.... (မှန်ပါ့) မပါဘူး လား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ကျန်တဲ့ငါးကောင် ကန့်လန့်ကန့်လန့် ပါသွားတယ် ဆိုတော့.မျက်လုံးပေါက်က ဆဲ့လိုက်တဲ့အခါကျတော့ နားကလဲ လိုက်ရတော့တာဘဲ (မှန်ပါ့) နှာခေါင်းကကော ...(လိုက်ရပါ တယ်) လျှာကကော.... (လိုက်ပါတယ်) ကိုယ်ကြီးကကော.... (လိုက်ရပါတယ်) မနောကကော... (လိုက်ရပါတယ်ဘုရား)။

မျက်လုံးပေါက်က ဆဲ့လိုက်တာနဲ့ ကျန်တဲ့ ငါးကောင်ဟာ ကန့်လန့်ကန့်လန့်နဲ့. လိုက်ရပါဘယ်.... (မှန်ပါ့) ရှင်းပါသား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ....တဲ့၊ ခန်ဗျားတို့ဒေတွက် မှာဖြင့် သွားသလိုတဲ့ မြစ်ဆုံမမြင်၊ အိမ်ဆောက်လို့.ဝဲ့ အိမ် ပေါ်နေတို့ မြင်ကြရဲ့.လား....(မမြင်ပါဘုရား) ဘာဖြစ်လို့.တုံး- (သန်ရာဆဲ့နေလို့.ပါဘုရား)။

သန်ရာဆဲ့နေလို့. ဆဲ့ရာလိုက်နေရတယ်.... (မှန်ပါ့) ကိုယ့် သဘောကော....(မပါ-ပါဘုရား)။

ဩော်....ဒါဖြင့် ကိုယ့်သဘောပါအောင် တကာတကာမ တို့ ဘယ်လိုလုပ်ကြမယ် စိတ်ကူးကြသတုံးလို့.... မေးလို့.ရှိယင်

သတိပဋ္ဌာန်လက်ကိုင်ထားလို့ ရှိယင် ဒါ-ကိုယ့် သဘောဖြစ်မယ် (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(သတိပဋ္ဌာန်လက်ကိုင်ထားယင် ကိုယ့် သဘောဖြစ်ရပါမယ်ဘုရား)။

သတိပဋ္ဌာန်လက်လွတ်ယင် ကိုယ့်သဘောမဟုတ်တော့ဘူး.... (မှန်ပါ့) ခြောက်ဒုါရဆွဲရောလို့၊ ရှင်းပလား.... (ရှင်းပါပြီ)။

သတိပဋ္ဌာန်တခုကို ဇာက်ကိုင်ထားလို့ ရှိယင်ဖြင့်....တဲ့၊ တကာ တကာမတို့ ဘယ်သူဆွဲလို့မှ မရပါဘူး.... (မှန်ပါ့) ရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ဒီနေရာမှာဘဲ နေပြီးသကာလ ဒီက သေပြီးသကာလ နိဗ္ဗာန်သွားရုံဘဲ... (မှန်ပါ့) ခုနင်က တောင်ပို့ထဲ သေစရာဆိုတဲ့ မြေဇာဆွဲလို့ တောင်ပို့ထဲ သေစရာကော ရှိသေးရဲ့လား-(မရှိပါဘုရား) ရေထဲသေစရာ မိကျောင်းဆွဲလို့ကော... (မရှိပါဘုရား) ကောင်းကင်သေစရာ ငှက်ကဆွဲလို့ကော(မရှိပါဘုရား)အိမ်ခွေးဆွဲလို့ မီးပို့ချောင်ထဲသေရတဲ့ အသွားမျိုးကော-(မရှိပါဘုရား) တောခွေးဆွဲလို့ တောထဲမှာ ထင်းခုတ်ရင်း သေရတဲ့ အသွားမျိုးကော....(မရှိပါဘုရား)။

မနောပေါက်က ဆွဲလို့ အမြင့်တက်ပြီး မျောက်သဘော သေရတဲ့ သဘောမျိုးကော....(မရှိပါဘုရား)။

ဘာဖြစ်လို့လဲ၊ ငုတ်စိုက်တတ်လို့....(မှန်ပါ့)။

တကာ တကာမတို့ ဘာလုပ်တတ်သလဲ.... (ငုတ်စိုက်တတ်ပါတယ်ဘုရား)။

အို.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ငါတို့ အပေါ်မှာ ငါတို့သွားချင်တဲ့ လမ်းကို သူ-ကန့်ကွက်တာဟာ ဘာ့ကြောင့် ပါလိမ့်မတုံး.... ဆိုတာကော မောင်အောင်ချိတို့ မောင်မြင့်တို့ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကိုယ်သွားချင်တဲ့လမ်းကဖြင့် ခပေးလိုဘဲ ဒုတ်ချောင်းမျိုး မိုးခဲကိုင်ချည်းဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒုတ်ချောင်း....(မျိုပါတယ်) မိုးခဲ....(ကိုင်ပါတယ်)မိုးခဲကိုင်ဘဲ၊ ခလေးက ဘာမှမသိဘူး.... (မှန်ပါ့) ပုထုဇန်ခလေးကလဲ ဖီအတိုင်းပါဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပုထုဇန် ခလေးကလဲ.... (ဒီအတိုင်းပါဘဲဘုရား)။

ဒီအတိုင်းဖြစ်နေတော့ကိုကွာ . ဇဲ့၊ လောကတ္ထစရိယံ=လောကကြီးအကျိုးငှါ ငါ့-ကျင့်လာတာကွ-တဲ့၊ ငါ့ဘာ ဗုဒ္ဓတ္ထစရိယံ=ဘုရားဖြစ်ဘို့ရာ ကျင့်ခဲ့တာ ပြီးခဲ့ပြီတဲ့၊ ဘုရားဖြစ်ပြီတဲ့။

အခု.... ငါတရားဟောရမှာက လောကတ္ထစရိယံ=လောကအတွက် လုပ်ရတော့မယ်....တဲ့၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တောထဲက လူတွေအတွက်ပေါ့ကွာ.... (မှန်ပါ့)။

အဲဒီတော့ သူ.... ဒီအလုပ် လျှော့လို့ တော်ပါ့မလား... (မတော်ပါဘုရား)။

အဲဒီတော့ ကိုယ်တော်ကြီးကို ခင်ဗျားတို့ ကိုယ်သန္တာန်မှာ ကိုယ့်ငဲ့တာတွေတော့မှ မောင်မြင့် ဒီကိုယ်တော်ကြီးကို ကြည်ညို လုံးသန်လာတယ်၊ မသန်ဘူးလား.... (သန်ပါတယ်ဘုရား)။

ခက်ပြီဟေ့.... ဒီကို သူသာ ပစ်ထားလိုက်မယ် ဆိုလို့ရှိယင် ဖြင့် နေခြင်းဆိုး, သေခြင်းဆိုးလမ်း နှစ်လမ်းဘဲရှိတယ်၊ ဒီ့ပြင် ဘာပါသေးသလဲ....(မပါ,ပါဘုရား)။

ခုတော့ဖြင့် ငါ-ငုတ်စိုက် ထားမဟေ့-ဆိုတဲ့ စကားကလေး တလုံး သူသုံးလိုက်တဲ့ အတွက်ကိုဘဲ အနေမှန်, အသေမှန် ဖြစ် မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား)။

ကဲ... ကဲ.... ကျေးဇူးရင်မှန်း သိကြပလား... (သိပါပြီဘုရား) ဒါ့ကြောင့်.... တကာတကာမတွေ့ အားလုံး မှတ်လိုက်စမ်းပါ၊ တရားသိမှ ဘုရားသိပါတယ်....(မှန်ပါ့)။

ဘုရားကရဏာတော်တွေ့ သိလာတော့မှ သြော်....ဘုရားဟာ ဒို့ကျေးဇူးရင်ပါကလားလို့ ဟိုဘက် ဉာဏ်ရောက်သွားတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားသိပြီးသကာလ မင်းတို့ ဖြစ်ပျက်ကလေး မြင်လို့ နိဗ္ဗာန်အာရုံပြုနိုင်တဲ့ အချိန်ကျတော့မှ သြော်.... တကယ့် ကျေးဇူးရင်ကိုးလို့ ဆိုတော့ ဘုရားပြောင်းလို့ရသေးရဲ့လား.... (မရပါဘုရား) ဒါ့ကြောင့် တရားသိမှ ဘုရားသိတယ်ဆိုတာကော ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

အေး....ဒါ့ကြောင့် အခုလာအားထုတ်နေကြတာ တရားသိအောင်လုပ်ပစ်လိုက်ပါ၊ နို့မဟုတ်ယင် ဘုရားကိုတောင် မသိသေးပါဘူး.... (မှန်ပါ့) ရိုးရာ ဘုရားတော့ သိတယ်ပေါ့လေ၊ တကယ့် ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တဆိုတာ ပေါ်ပါ့မလား....(မပေါ်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာသိမှ ဘာရှိမှန်းပေါ်မလဲ.... (တရားသိမှ ဘုရားရှိမှန်း ပေါ်ပါတယ်ဘုရား) တရားသိမှ ဘုရားရှိတာ ပေါ်လာလိမ့်မနော်....(မှန်ပါ့) နို့မဟုတ်လို့ ရှိယင်ဖြင့် ဘုရားအိမ်တိုင်းရှိတာကွာ၊ ထူးထူးဆန်းဆန်း မင်းတို့ကလုပ်နေလို့....လို့ဖြစ်ချင်ဖြစ်သွားမှယ်....(မှန်ပါ့) ဟုတ်လား။

ကိုယ့်အပေါ်မှာ ကျေးဇူးများတဲ့တရားကို သိလိုက်တဲ့အခါကျတော့ အင်း... တကယ့်ကျေးဇူးရင်တွေပါကလား၊ သူသာမပွင့်လို့ရှိယင် အကုန်အပါယ်သွားကြမှာလား....(မှန်ပါ့) မဆို့ထိုက်ဘူးလား.... (ဆို့ထိုက်ပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကိုင်း.. ဒါဖြင့် တကာတကာမတို့ မှန်ကလဲငုတ်မရိုက်ရဘူး၊ ဒီနှေ့ ငုတ်ရိုက်ဦးမှဖြစ်မှာကွ....(မှန်ပါ့) အမယ်လေး- ငုတ်မရိုက်ယင် ဖြစ်ကို မဖြစ်တော့ဘူး။

ကဲ....ဒါဖြင့် ငုတ်ရိုက်ကြပါစို့၊ တကာတကာမတွေ ငုတ်ရိုက်တယ်ဆိုတာ အလုပ်ပေးတာ....(မှန်ပါ့) ငုတ်ရိုက်တယ်ဆိုတာ... (အလုပ်ပေးတာပါဘုရား)။

သားကောင် ခြောက်ကောင်ဆဲရာကို ကိုယ်မလိုက်တော့ဘူး၊ ရှင်းပလား.... (ရှင်းပါပြီ) သူတို့ဆဲရာ ကိုယ်မလိုက်တော့ဘူး၊ ကိုယ်ငုတ်စိုက်ရာမှာ သူတို့လာဝပ်ရမယ်....(ရှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ်ငုတ်ရိုက်တဲ့နေရာမှာ.... (သူတို့လာဝပ်ရမှာပါဘုရား) သူတို့ လာဝပ်ရမယ်ဆိုတော့ ကိုယ်က ဒီမနောပေါက်ကနေပြီး

တခါတည်း နေလိုက်ပါ....တဲ့၊ စောင့်ကြည့်နေတော့ မြင်စိတ်ကလေး ပေါ်လာလဲ ပေါ်လာတာကလေးဘဲ ဥာဏ်အောက်ရောက်အောင် ဖြစ်ပျက်ရှုလိုက်...(မှန်ပါ့)။

ကြားစိတ်ကလေး ပေါ်လာယင်ကော.... (ဥာဏ်အောက်ရောက်အောင် ဖြစ်ပျက်ရှုလိုက်)ဖြစ်ပျက်ရှုလိုက်တော့ သူတို့သွားချင်တဲ့ဆီလား၊ ကိုယ့်ဆီ လာဝပ်ရဲသလား....(ကိုယ့်ဆီလာဝပ်ရပါတယ်ဘုရား)။

နံစိတ်ကလေး ပေါ်တော့လဲ တကာ တကာမတို့ ဥာဏ်အောက် လာဝပ်တာဘဲ....(မှန်ပါ့ဘုရား) ဖြစ်ပျက်ရှုလိုက်ရုံဘဲ....(မှန်ပါ့) ပြေးနိုင်သေးရဲ့လား....(မပြေးနိုင်ပါဘုရား) သူတို့တဏှာ,ဥပါဒါန်,ကံ ကျအောင် ဆွဲနိုင်သေးရဲ့လား.... (မဆွဲနိုင်ပါဘုရား)။

ကဲ... ဒါဖြင့် စားစိတ်ကလေး ပေါ်လာလဲ ဥာဏ်အောက်ရောက်အောင်ရှုလိုက်၊ ဟုတ်လား.... (မှန်ပါ့) အဲဒီတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် တည်းဟူသော ဥတ်ရိုက်ထားလို့ရှိယင် ဘယ်စိတ်လာလာ ဖြစ်ပျက်ရှုမယ်ဆိုယင် ဒီစိတ်တွေ အပြင်ပြေးလို့ ရသေးရဲ့လား....(မရပါ) ဆွဲလို့ရသေးရဲ့လား....(မရပါဘုရား)။

ဩော်.... ဒါ့ကြောင့်လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ကောယနော အယံဘိက္ခဝေ မဂ္ဂေါ" ဘိုက္ခဝေ= ရဟန်းတို့၊ အယံမဂ္ဂေါ= ဤဥာဏ်အောက်ကို ရောက်တဲ့ စိတ်ကို ဖြစ်ပျက်ရှုနိုင်တဲ့မဂ်သည်၊ ကောယနော= တကြောင်းတည်းနဲ့ နိဗ္ဗာန်

ရောက်၏ ဆိုတော့ ခြောက်ကြောင်းကို မပါဘူး.... (မှန်ပါ့) ပါသေးရဲ့လား...(မပါ-ပါဘုရား)။

ခုနင်ကတော့ ခြေးက်လမ်းဖြစ်နေတယ်...(မှန်ပါ့) အခု တော့ သူကဘယ်နှယ် ပြောလိုက်သလဲ ... (တလမ်းတည်းပါ ဘုရား)တလမ်းတည်းနဲ့လဲ နိဗ္ဗာန်ရောက်တယ် .... (မှန်ပါ့)ဒီလို ဆိုတော့ ခြောက်လမ်းကို ဖုံးပစ်လိုက်တယ်....(မှန်ပါဘုရား)။

ခြောက်လမ်းတွေကို သွားခွင့် ထွက်ခွင့် ပြုးခွင့် သေခွင့် ပေးသေးရဲ့လား....(မပေးပါဘုရား) သြော်....ဒါဖြင့် အလွန် အဘိုးတန်ပါလားဆိုတာ မောင်အောင်ချီတို့၊ မောင်မြင့်တို့ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မင်းတို့ မနောပေါက်ကသာ စောင့်နေ၊ မြင်စိတ်ကလေးလာ လဲ....(ဖြစ်ပျက်ရှု) ကြားစိတ်ကလေးလာလဲ....(ဖြစ်ပျက်ရှု) နံစိတ်ကလေးလာလဲ... (ဖြစ်ပျက်ရှု) စားစိတ်ကလေးလာလဲ(ဖြစ် ပျက်ရှု)ယားယံနာတဲ့ စိတ်ကလေးလာလဲ... (ဖြစ်ပျက်ရှု)။

အင်း... ဒါဖြင့် သူတို့သည် တခါတည်း ကိုယ့်သတ်ပဋ္ဌာန် တည်းဟူသော တိုင်ခြေမှာ စိတ္တာနုပဿနာ တိုင်ခြေမှာ တကျော ည်ပါဒါန်တွေ ဟိုဘက်ကဟာတွေ ဆွဲမည်ဟာတွေ့လာနိုင်သေး ရဲ့လား....(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ သူတို့သည်ကားဆိုယင် တိုင်ခြေမှာဘဲ အကုန် သားကောင်တွေ့ဟာ ဝပ်နေဘို့ဘဲရှိတော့တယ်....(မှန်ပါ့)သူဘို့ ဆွဲရာ ကိုယ်လိုက်ဘို့....(မရှိပါဘုရား)။

အင်မတန် သဘောပါ့တဲ့တရားဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်းတို့ပေးထားတဲ့ စိတ္တာနုပဿနာ၊ မင်းတို့ပေးထားတဲ့ ဝေဒနာနုပဿနာ မျက်လုံးပေါက်က ဝေဒနာလာလဲ ဉာဏ်အောက်ရှုလိုက်ရုံဘဲ....(မှန်ပါ့)။

နားပေါက်ကဝေဒနာပေါ်ယင် .... (ဉာဏ်အောက်ရှုလိုက်ရုံပါဘဲ)ဉာဏ်အောက်ရှုလိုက်လို့ ရှိယင် ဒါဟာ ဝေဒနာနုပဿနာချည်တိုင်မှတပါး သူတို့ပြေးနိုင်သေးရဲ့လား .... (မပြေးနိုင့်ပါဘုရား)မပြေးနိုင်တော့ဘူးတဲ့။

မနောထဲ သောမနဿ ပေါ်လာလဲ ဘယ်နှယ်လုပ်ကြမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒေါမနဿကလေးပေါ်လာယင်.... (ဖြစ်ပျက်ရှု) ကိုယ်ပေါ်မှာ ယားတာကလေး ပေါ်ယင်လဲ.... (ဖြစ်ပျက်ရှု) နာတာကလေး ပေါ်ယင်လဲ....(ဖြစ်ပျက်ရှုရမယ်) ကောင်းတာကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရမယ်)။

ဖြစ်ပျက်ရှုဆိုတော့ ဝေဒနာငါးမျိုးပေါ်ရာ ရှုနေကြမယ်ဆိုလို့ ရှိယင်လဲ မောင်မြင့်တို့၊ မောင်အောင်ချီတို့ ဘယ်နှယ်တုံးကွဆဲနိုင်သေးရဲ့လား....(မဆဲနိုင်ပါဘုရား)။

ဘယ်ဆဲနိုင်တော့မလဲ ဝေဒနာရှုနှင့်တော့ သူက ဆဲတာက ဝေဒနာမရှုနှင့်တော့ တဏှာ,ဥပါဒါန်,ကံဆိုပြီး ဟိုဘက်ဆဲထွက်သွားမယ်....(မှန်ပါ့)။

မဟုတ်ဘူးလား .... (မှန်ပါ့) ဒေါသကလေးသာ မရှုမိလို့ ရှိယင် သောက,ပရိဒေဝ,အဝိဇ္ဇာဆိုပြီး ဟိုဘက်ဘဝတွေမဆဲဘူးလား....(ဆဲပါတယ်ဘုရား)။

မောဟ့ကလေးသာမရှုမိဘူးကိုယ်က၊မရှုမိဘူးဆိုတော့အဝိဇ္ဇာသခ်ါရဆိုပြီး ဝိညာဏ်ကျအောင် မဆဲဘူးလား.... (ဆဲပါတယ်ဘုရား)။

တကာတကာမတွေ သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် မင်းတို့ ဝေဒနာနုပဿနာတိုင်ယင်လဲစိုက်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) စိတ္တာနုပဿနာတိုင်ယင်လဲ (စိုက်ရပါမယ်ဘုရား)။

စိုက်တော့ တက္ခဏ, ဥပါဒါန်, ကံတွေ ဆဲချင်သလိုဆဲလို့.... (မရပါဘုရား) ဒေါသ, သောက, ပရိဒေဝတွေက ဆဲချင်သလိုဆဲလို့... (မရပါဘုရား) အဝိဇ္ဇာသခ်ါရတွေက ဆဲချင်သလိုဆဲလို့....(မရပါဘုရား)။

မရတော့ကိုတဲ့ မင်းတို့တိုင်ခြေမှာလာပြီး အကုန်အနိစ္စဆောက်ကြတာဘဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား) မင်းတို့တိုင်ခြေမှာလာပြီးတော့ ...(အနိစ္စဆောက်ပါတယ်ဘုရား)။

မင်းတို့ ဝေဒနာနုပဿနာ တိုင်ခြေမှာ လာပြီး သကာလအလုံးစုံ အကုန် တက္ခဏာလဲ ဒီမှာသေ၊ဒေါသကော....(ဒီမှာသေပါတယ်) မောဟကော....(ဒီမှာသေပါတယ်ဘုရား)။

ဒီမှာသေတော့ ဒါဖြင့် ပပဉ္စ သေသွားတယ်....(မှန်ပါ) တက္ခဏ,မာန,ဒိဋ္ဌိ ဒီတိုင်ခြေလာပြီးသေတယ်.... (မှန်ပါ)။

သူတို့ ဟိုရှေ့ဆဲနိုင်သေးရဲ့လား.... (မဆဲနိုင်ပါဘုရား) မဆဲနိုင်ဘူး၊ ဒို့က လာရှုရှုနေပေါ့ကွာ၊ မောင်မြင့် မင်း- စဉ်းစား

ကြည့်ပါတဲ့ ဒီမှာလာပြီးသကာလ တဏှာလဲ မြင်စိတ်ရှလိုက်တဲ့ အခါကျတော့ မြင်စိတ်သေတယ်ဆိုတော့ တဏှာ,ဥပါဒါန်, ကံက လာနိုင်သေးရဲ့လား...(မလာနိုင်ပါဘုရား)။

မလာနိုင်တော့ သူလဲ ဒီနေရာ သတိုပဋ္ဌာန် ရှုတဲ့နေရာလာသေးရတာဘဲ၊ မဟုတ်ဘူးလား...(မှန်ပါ့)။

ဒါ့ကြောင့် တဏှာ,မာန,ဒိဋ္ဌိ ချုပ်တယ်ဆိုတာ ဝမ်းထဲတွင် ချုပ်သွားတာ၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

တဏှာ, မာန, ဒိဋ္ဌိ ချုပ်တယ်ဆိုတာ ဘယ်မှာချုပ်သလဲ.... (ဝမ်းထဲတွင် ချုပ်ပါတယ်ဘုရား) ဝမ်းထဲတွင် ချုပ်တယ်ဆိုတာ ကောင်းကောင်း သဘောကျပလား...(ကျပါပြီ)ဒါဖြင့် မင်းတို့ တိုင်ခြေမှာ လာသေကြတယ်....(မှန်ပါ)။

သားကောင် ခြောက်ကောင်စလုံး ဘာတုံး.... (တိုင်ခြေမှာ လာသေပါတယ်ဘုရား)။

တိုင်ခြေလာသေတော့ မင်းတို့ကနိုင်သလား.... သားကောင်တာ နိုင်သလား....(တပည့်တော်တို့က နိုင်ပါတယ်ဘုရား)။

မင်းတို့က နိုင်တယ်ဆိုကတဲ့သူးက ဒါဖြင့် မင်းတို့သဘောဘဲဆိုတော့ ကိုယ့်သဘောကဖြင့် သူတို့က ပပဉ္စတွေ၊ သူတို့က ဘေးခဲ့ချသွားမည့် သားကောင်တွေ မဟုတ်ဘူးလား....(မှန်ပါ့) ဒို့ကနိုပွပဉ္စတဲ့၊ဒို့ကချုံးလိုက်တယ်၊ တဏှာ,မာန,ဒိဋ္ဌိတွေ ဒီနားတွင်သေကြပေတော့ဆိုပြီး မချုံးလိုက်ပေဘူးလား.... (ချုံးလိုက်ပါတယ်ဘုရား)။

သူက ခွဲမလို့၊ မျက်လုံးပေါက်ကလဲ မြင်တယ်ဆို လိုချင်တယ်, စွဲလမ်းတယ်, အာဃာတ်မယ်၊ မလာဘူးလား...(လာပါတယ်ဘုရား) နားပေါက်ကလဲ ကြားတယ်ဆိုလို့ ရှိယင်လဲ ပူပန်မယ်၊ ဆွေးမယ် သဘောကျပလား....(ကျပါပြီ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ သူတို့က ခွဲမလို့ စ,လာတာ ဒို့က အစကို တခါတည်း ဖမ်းပြီးချုံးလိုက်တဲ့အတွက် ခွဲချင်တဲ့တရားတွေ လာခွင့်ရဘဲသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် နိုပ္ပဗ္ဗာန် ဖြစ်သွားတယ်၊ နဂိုရိုက သူ့အလိုလိုက်ယင် ပပဉ္စာ...(မူန်ပါ့)။

သားကောင် အလိုလိုက်ယင်....(ပပဉ္စပါဘုရား) သားကောင်အလိုကို မလိုက်ဘဲနဲ့ ကိုယ်တိုင်ခြေမှာ အသေခိုင်းလို့ရှိယင် နိုပ္ပဗ္ဗာန်....(မူန်ပါ့) ပပဉ္စမဟုတ်ဘဲဘူး....တဲ့၊နိုပ္ပဗ္ဗာန်ဖြစ်ပါပြီတဲ့၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

နိုပ္ပဗ္ဗာန်ဆိုတာ ဘာတုံး.... နိုပ္ပဗ္ဗာန်ဆိုတာ အို...နိုဗ္ဗာန်ဟေ့....(မူန်ပါ့)။

ခွဲစရာမရှိတော့ ဆုံးသွားပြီ၊ ဆုံးတော့ ဘာခေါ်ကြမလဲ...(နိုပ္ပဗ္ဗာပါဘုရား)။

တဏှာဆုံးနိုဗ္ဗာန်၊မာနဆုံးနိုဗ္ဗာန်၊ဒိဋ္ဌိဆုံး-(နိုဗ္ဗာန်ပါဘုရား)။

ဩော်... ဒါ့ကြောင့် နိုပ္ပဗ္ဗာန်လို့ဆိုလိုက်တယ်၊ သဘောပါကြလား... (ပါ-ပါပြီဘုရား)။

သြော်.... တယ်အဘိုးတန်ပါစကားလေးဆိုတာ ဒီနေ့ ညမှာဖြင့် ထူးထူးခြားခြားဘဲ ပေါ်လာတယ်....(မှန်ပါ့)။

ကိုယ်လုပ်နေတဲ့အလုပ်ဟာလဲ အမှန်ကိုက်ပေတယ်၊ ဒို့တိုင်ခြေ လာသေတာ....(မှန်ပါ့)။

ဒို့ရှုတဲ့ ဝေဒနာတိုင်ခြေမှာ.... (လာသေပါတယ်) စိတ္တာနုပဿနာတိုင်ခြေမှာ....(လာသေပါတယ်ဘုရား)။

သူတို့က ပေါ်ခွင့်မှ မရဘဲ၊ ပေါ်ခွင့်မရတော့ သူ့ရှုထားလိုက်တဲ့အတွက် တဏှာ,ဥပါဒါန်,ကံတွေ အဝိဇ္ဇာ သင်္ခါရတွေ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာတွေ လာခွင့်ပေးသေးရဲ့လား (မပေးပါဘုရား)။

အဲဒီတော့ ဒီ.... သတိပဋ္ဌာန် တိုင်ခြေရင်းမှာ သားကောင်ခြောက်ကောင် လာသေသလို မသေရဘူးလား....(သေရပါတယ်ဘုရား)။

ဒါ...သတိပဋ္ဌာန်ငုတ် စိုက်မိလို့ကွ... (မှန်ပါ့) မစိုက်မိယင် သူ-ဆွဲရာပါသွားမယ်....(မှန်ပါ့) မပါပေဘူးလား.... (ပါ-ပါတယ်ဘုရား)။

ကဲ... ဒါဖြင့် တကာတကာမတို့ သြော်.... တယ်-အဘိုးတန် ပါကလားဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့၊ တကာတကာမတွေ အခု သားကောင် ခြောက်ကောင် ဒီတိုင်ခြေမှာ သေတယ်ဆိုတာ ရှင်းပလား....(ရှင်းပါပြီ) ဖြစ်ပျက်တိုင်ခြေမှာ မသေဘူးသား.... (သေပါတယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်ကတည်းက မောင်မြင့် တကျဲကလဲရှေ့သွားစရာ မရှိတော့ သြော်.... ငါဖြစ်ခဲ့ရင့် မရဘူးဆိုပြီး ဒီနားမှာဘဲ မပေါ်လာတော့... (မှန်ပါ) ဒီဥစ္စာကကော.... (မပေါ်လာပါ) မာနက....(မပေါ်လာပါဘုရား)။

မပေါ်လာတာ ဒီတိုင်ခြေမှာ သေကြလေရဲ့ဆိုတာ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သွားကြစို့၊ ဖြစ်ပျက်က ဘာသစ္စာ .... (ဒုက္ခသစ္စာပါ)သေတဲ့ တရားတွေ့ဏာ... (သမုဒယသစ္စာပါ)။

သမုဒယသစ္စာဆိုတော့ ဟုတ်လား- သေတော့ သူတို့ မခဲ့နိုင်ဘဲနဲ့ ဆုံးသွားတာက ဘာတုံး....(နိရောဓပါ) နိရောဓသစ္စာ၊ရှုတဲ့ ဉာဏ်က ...(မဂ္ဂပါဘုရား)အင်မတန် မှုန်တဲ့တရား.... (မှုန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ....ယနေ့ ဗီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူသော

ဓမ္မစိမ့်တဲ့အတိုင်း ဖြစ်ပေါ်နေကြပုံ

လူအလုပ်ပေးတရားတော်

(၁ - ၆ - ၆၂)

အခု တကားတစ်စီးမတွေ့ လူရယ်လို့ ဖြစ်ပြီးလာကြတော့ တချို့.ပုဂ္ဂိုလ်နဲ့ တချို့.ပုဂ္ဂိုလ်ဟာ အရုပ်အဆင်းလဲ မတူဘူး၊ တချို့.က ပုတယ်၊ တချို့.က ရှည်တယ်၊ တချို့.က မျက်နှာဝိုင်းတယ်၊ တချို့.က မျက်နှာသွယ်တယ်၊ တချို့.က သွားပေါက်ပုံညီတယ်၊ တချို့.က မညီဘူး၊ တချို့.က ဆံပင်ကောင်းတယ်၊ တချို့.က ဆံပင် မကောင်းဘူး၊ ထူးထူးခြားခြားကြီး ဖြစ်ပြီး တယောက်နဲ့တယောက် မတူတာ ဘာပါလိမ့်မလဲလို့ မောင်နိုင်တို့က တွေးဘို့လိုတယ်....နော်....(မှန်ပါ့)။

ဓမ္မအတိုင်း ဖြစ်တာဘုရား... လို့ ဖြေရုံဘဲ....(မှန်ပါ့) ဘယ်လို ဖြေကြမယ်... (ဓမ္မအတိုင်းပါဘုရား) ဓမ္မအတိုင်း ဖြစ်နေတယ်နော်။

နောက်က ကောင်းတဲ့ဓမ္မက ကုသိုလ်ကောင်းမှုတွေ ဖြူဖြူစင်စင် လုပ်ခဲ့ပြန်လို့ ရှိယင်လဲ ဒီဘဝမှာ စီးပွားရေးထော ခန္ဓာရေးထော ဖြူဖြူစင်စင်ဘဲ၊ ချောင်ချောင်လည်လည်ဘဲ။

ဒါ-ဘယ်သူက လုပ်ပါလိမ့်မတုံးမေးတဲ့အခါကျတော့ ကိုယ့်လုံ့လ ဝီရိယကတော့ လူတိုင်းဘဲ လုံ့လဝီရိယ ရှိကြတာဘဲ၊ ရှိပင်ရှိငြားသော်လဲ မောင်နိုင် တူကြရဲ့လား- (မတူပါဘုရား)။

ဟ.... ဘယ်သူ စိမ်နေပါလိမ့်မတုံးလို့ မေးယင် ဘယ်နှယ် ဖြေပါ့မလဲ....(ဓမ္မက စိမ်ပါတယ်ဘုရား) ဓမ္မက စိမ်တယ်နော်... (မှန်ပါ့)။

ကဲ....တခါ လူ့ပြည်တော့ ဟုတ်ပြီဘုရား၊ ဓမ္မအာမျိုးမျိုးဘဲ စိမ်လို့ ကိုယ့်အကြောင်း- ကိုယ့်အကြောင်းအတိုင်း ဖြစ်ကြတဲ့ ဓမ္မတွေ့ သေချာပါတယ်ဆိုတော့ တခါ အပါယ်လေးပါးမှာ တိရစ္ဆာန်ဘုံ ကြည့်လိုက်ပြန်လဲ တိရစ္ဆာန်အမျိုးမျိုး ဖြစ်နေတယ်။

ဒါလဲ မောင်အောင်ချိုတို့ မောင်မြင့်တို့အာ ဘယ်လို တွေးပါ့မလဲ....(ဓမ္မက စိမ်ပါတယ်ဘုရား)။

ဓမ္မက စိမ်တယ်၊ တချို့ တိရစ္ဆာန်က ကျင်ကြီးစားတဲ့၊ တချို့ တိရစ္ဆာန်က မြက်စားတယ်၊ တချို့ တိရစ္ဆာန်က မြေကြီးစားတယ်၊ တချို့တိရစ္ဆာန်က နှိုင်ရာစားတယ်၊ ပုံသဏ္ဌာန်မတူဘူး၊ အမွေးအမှင် မတူဘူး၊ ခြေချောင်း မတူဘူး၊ ခြေမျှားတာ ရှိတယ်၊ ခြေနည်းတာ ရှိတယ်၊ ခြေနှစ်ချောင်း ရှိတယ်၊ ခြေလေးချောင်း ရှိတယ်၊ ခြေမပါတာရှိတယ်။

အဲဒီတော့ ဘယ်သူ စိမ်ပါလိမ့်မတုံးလို့ မေးယင် ဘယ်နှယ် ဖြေကြမလဲ....(ဓမ္မက စိမ်ပါတယ်ဘုရား)။

အဲဒါ ဒီဓမ္မက စိမ်ပြီးသကာလ နေတော့ အမျိုးမျိုးအဖုံဖုံ ဘယ်သူ့ကမှ လာပြီးသကာလ ဖန်ဆင်းတယ်လို့ မယူကြပါနဲ့၊ ဓမ္မ စိမ်သလိုဖြစ်နေတယ်လို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (ဓမ္မက စိမ်သလို ဖြစ်နေပါတယ်ဘုရား) ဓမ္မစိမ်သလို ဖြစ်နေတယ်လို့ ဘုန်းကြီးတို့ စာစာဘတကာမတွေက ဆုံးဖြတ်ချက် ချလိုက်တော့ ဓမ္မဆိုတာ ဘယ်သူတုံး လက်သည် ရှာကြစမ်းနော်.... (မှန်ပါ့) ဓမ္မဆိုတာ ဘယ်သူတုံးလို့ စာကာဘကာမတွေ လက်သည်ရှာကြတော့ကို ခန္ဓာထဲမှာ ဖြစ်စဉ်ဟာ ဓမ္မဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဓမ္မဆိုတာ ဘယ်သူပါလိမ့်.... (ခန္ဓာထဲဖြစ်စဉ် ဓမ္မပါဘုရား) အဲ....ဓမ္မဆိုတာ မင်းတို့က သီးသန့်မှတ်နေတယ်၊ မောင်အောင်ချိုတို့ လူစုစာ သီးသန့်မှတ်နေတယ်၊ ဘယ်ဟုတ်လိမ့်မတုံးတဲ့၊ ကိုယ့်ခန္ဓာထဲမှာ ပေါ်လာတဲ့ ဓမ္မတွေက စိမ်တာနော်.... (မှန်ပါ့)သဘောကျကြပလား...(ကျပါပြီ) ဘယ်သူက စိမ်တာပါလိမ့်....(ကိုယ့်ခန္ဓာထဲ ပေါ်လာတဲ့ဓမ္မတွေက စိမ်တာပါဘုရား)။

ကိုယ့်ခန္ဓာထဲက ပေါ်လာတဲ့ ဓမ္မတွေက နောက်အကျိုးတွေကို စိမ်သွားတာဘဲ...(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဓမ္မက စိမ်သလိုဖြစ်ပြီးသကာလ နေတဲ့ ခန္ဓာတွေမတူ၊ အသွား- အလာမတူ၊ ချမ်းသာ- ဆင်းရဲမတူ၊ အပါယ်လေးပါးတွေမှာလဲ အချို့ကငရဲ၊ အချို့ကတိရစ္ဆာန်၊ အချို့ကပြိတ္တာ၊ သုဂတိမှာလဲ နတ်ပြည်မှာ အောက်ထပ်- အထက်ထပ်

ပြီဟ့ဗျာ့ပြည်မှာလဲ အောက်ထပ်- အထက်ထပ်၊ ဟိုမှာလဲ အမျိုး အမည်တွေ့ မတူကြ၊ တန်ခိုးအာနုဘော်ချင်းကော တူကြရဲ့ လား....(မတူပါဘုရား)။

ဟ....ဘယ်သူ စိမ်တာပါလိမ့်မလဲ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (ဓမ္မကစိမ်တာပါဘုရား) ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

ဒီ ဓမ္မဟာက ဘယ်က လာတာတုံးလို့ တကာတကာမတွေက မေးလို့ရှိယင်ဖြင့် ဒီဓမ္မဟာ ကိုယ့်ဝမ်းထဲမှာရှိတဲ့ ဓမ္မက ဒီဘဝ စိမ့်လိုက်လို့ရှိယင် နောက်ဘဝ တမျိုး ပေါ်လာတယ်.... (မှန်ပါ့)။

ဒါဖြင့် ဒီဓမ္မသည် ဘယ်က လာတာတုံးလို့ မေးလို့ရှိယင် ကိုယ့်ဝမ်းထဲမှာ ပေါ်တဲ့ဓမ္မဘဲ_ (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ)။

တကာတကာမတွေ ဓမ္မဘယ်မှာရှိပါလိမ့် .. (ကိုယ့်ဝမ်းထဲမှာရှိပါတယ်ဘုရား)။

အဲဒီ ဓမ္မက စိမ်သလို နောက်ဘဝမှာ ခန္ဓာအမျိုးမျိုး၊ အာကျိုးပေးအမျိုးမျိုး၊ ရုပ်ဆင်းသဏ္ဌာန် အမျိုးမျိုး၊ ဆင်းရဲချမ်းသာ အမျိုးမျိုး မောင်အောင်ချီ မလာဘူးလား....(လာပါတယ်ဘုရား) ဘယ်သူက စိမ်တာတုံး .... (ဓမ္မက စိမ်တာပါဘုရား)။

ဓမ္မကစိမ်တာ ဖြစ်ပြီးသကာလနေတော့ သြော် .... ဒါဖြင့် ဓမ္မက လက်သည်၊ အခုဖြစ်နေကြတာတွေ့ ကတော့ဖြင့် ဓမ္မက

ကြိုးဆွဲသလို ဓမ္မကစီမံသလို ပေါ်နေကြရတာဘဲဆိုတာ သေချာကြပလား။ (သေချာပါပြီဘုရား)။

ဒါဖြင့် ဓမ္မသည် ကောင်းတာကို စီမံတဲ့ဓမ္မ၊ မကောင်းတာကို စီမံတဲ့ဓမ္မ၊ အလတ်စားစီမံတဲ့ ဓမ္မရယ်လို့ ဝမ်းထဲမှာ တရားတွေဘဲ၊ ကိုပေါ် ဘယ်နှစ်မျိုးရှိမယ် ထင်သတုံး .... (သုံးမျိုးပါဘုရား)သုံးမျိုးရှိတယ်။

ကောင်းတာစီမံတဲ့ ဓမ္မလဲရှိတာဘဲ... (မှန်ပါ့)မကောင်းတာစီမံတဲ့....(ဓမ္မလဲရှိပါတယ်) အလတ်စားစီမံတဲ့ဓမ္မ....(ရှိပါတယ်ဘုရား)။

အဲဒီတော့ကို တကာတကာမတို့ ဒီဓမ္မတွေက စီမံထားကို အခု အစားချို့တဲ့-တဲ့ လူလဲ ဓမ္မစီမံသလို၊ အစားပေါများတဲ့ ပဋိဂိုလ်ကော....(ဓမ္မစီမံသလို)ဓမ္မက စီမံသလိုဘဲဆိုတာ မှတ်ကြရမယ်နော်.... (မှန်ပါ့) အလတ်စား နေနိုင်- ထိုင်နိုင်တဲ့ပဋိဂိုလ်များမှာ... (ဓမ္မကစီမံသလိုပါဘဲဘုရား)။

တခါ အပါယ်မှာရှိနေတဲ့ ပဋိဂိုလ်တွေလဲ ဘယ်သူကများလက်သည်လုပ် စီမံနေပါလိမ့်မတုံး .... (ဓမ္မက စီမံပါတယ်ဘုရား) ဓမ္မက စီမံတာဘဲဆိုတာ သေချာပလား .... (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီတကာတကာမတွေမှာဖြင့် ဘယ်သူဖန်ဆင်းတာမှ မဟုတ်ဘူး၊ ဓမ္မတွေစီမံတဲ့အတိုင်း ဖြစ်နေတော့တယ်ဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဘယ်သူစီမံတာတုံး....(ဓမ္မတွေစီမံတာပါဘုရား)။

ဓမ္မတွေ စိမ်တာဆိုတော့ ကောင်းပြီ ဒါဖြင့် ဓမ္မကိုသိပြီဘုရား- တပည့်တော်တို့၊ သတ္တဝါအမျိုးမျိုးက အကျိုးဝမ်းထဲမှာရှိတဲ့ ဓမ္မတွေက...(အကြောင်းပါဘုရား)ရှင်းပလား ... (ရှင်းပါပြီ)။

သတ္တဝါအမျိုးမျိုးက....(အကျိုးပါဘုရား) ဝမ်းထဲရှိတဲ့ ဓမ္မတွေက....(အကြောင်းပါဘုရား)။

ကောင်းပြီ ဓမ္မက အကြောင်းဆိုတာ သေချာကြပါပြီနော်.... (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒီတကာတကာမတွေ ဓမ္မကအကြောင်းဆိုတာ သေသေချာချာ သိပြီးသကာလ ဒီဓမ္မ ဘယ်ကလာတာတုံး...(ခန္ဓာထဲကပါဘုရား)။

ဒီ ဓမ္မတွေ ဘယ်ကလာသတုံးလို့ ဆိုတော့ အို...မဟုတ်သေးဘူး၊ပြန်ပြောဦးမယ် ခင်ဗျားတို့အဖြေလွဲနေတယ်၊ ကိုင်း-ဥာဏ်နဲ့ ဂရုစိုက်ပြီး နားထောင်ပါ၊ ဒါ သဘောချည့် ပြောနေတယ်လို့ မှတ်ရလိမ့်မယ်။

သတ္တဝါတွေ အခု ဆင်းရဲတယ်၊ချမ်းသာတယ်၊ အပါယ်လေးပါး ခန္ဓာအမျိုးမျိုးပေါ်ကြတယ်၊ ဒါဘယ်သူက စိမ်ပါလိမ့် မတုံးဆို ဘယ်နှယ်ဖြေကြမလဲ.... (ဓမ္မက စိမ်ပါတယ်ဘုရား)။

ဟာ... ဝမ်းထဲမှာရှိတဲ့ ဓမ္မတွေက ဝမ်းထဲမှာရှိတဲ့ တရားတွေက စိမ်တယ်ဆိုတာ သေချာပလား .... (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခန္ဓာအမျိုးမျိုးက အကျိုးတရား .... (မှန်ပါ့) စိမ်တဲ့ဓမ္မက....(အကြောင်းတရားပါ) အကြောင်းတရားဆိုတာ သေချာပလား... (သေချာပါပြီ)။

အဲဒီ အကြောင်းတရား ဘယ်ကလာသတုံးလို့ တခါအရင်းကျကျ မေးဘို့လိုလာတယ်....(မှန်ပါ့)။

ဒီအကြောင်းတရား ဘယ်ကလာသတုံးလို့ မေးဘို့မလိုဘူးလား... (လိုပါတယ်ဘုရား) ဒီကျမှ လမ်းဆုံးမှာကိုးကွ .... (မှန်ပါ့)။

ပြန်ပြောတယ် တကာတကာမတွေ ကြပ်ကြပ် ရှင်းရှင်းနားထောင်ပါ၊ စာအုပ်ထဲသွားကြည့်လို့ ဒီဟာပါမှာ မဟုတ်ပါဘူး၊ စာအုပ်ထဲသွားကြည့်လို့ ဒီဟာတွေ့မပါပါဘူးနော်.... (မှန်ပါ့) အမျိုးမျိုးသာ ဘုရားဟောတွေ့ကို ညှိနှိုင်းပြီးပြောမှ ဒီအဓိပ္ပါယ် ပေါ်လာလိမ့်မယ်နော်....(မှန်ပါ့)။

အဲ....အခု မောင်အောင်ချိုက ရုပ်တမျိုး၊ မောင်မြင့်က ရုပ်တမျိုး၊မောင်နိုင်တို့က ရုပ်တမျိုး၊ စိုးပွားချမ်းသာလဲ မင်းတို့မတူကြဘူး တမျိုးစီ....(မှန်ပါ့)။

ရုပ်အဆင်းလဲ မတူဘူး၊ စိုးပွားချမ်းသာလဲ မတူဘူးးစိတ်နေစိတ်ထားကော....(မတူပါဘုရား) မတူကြဘူး၊အကြိုက်ကော .... (မတူပါဘုရား)။

ဟ....ဒါတွေ့ ဘယ်နှယ်ကြောင့် ဒီခန္ဓာ အမျိုးမျိုး၊ ဒီစရိုက်အမျိုးမျိုး ဘယ်နှယ်ကြောင့် ပေါ်လာပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် သူတို့ဝမ်းထဲရှိတဲ့ဓမ္မက အတိတ်ဘဝက

လွန်ခဲ့တဲ့ဘဝကပေါ့လေ....(မှန်ပါ့)ဓမ္မကဲ့ အမျိုးမျိုးပေါ်ကြလို့ သူတို့မှာ သဏ္ဌာန်အမျိုးမျိုး၊ အကြိုက်အမျိုးမျိုး ဖြစ်နေကြတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အတိတ်ဘဝက ဝမ်းထဲပေါ်ကြတဲ့ ဓမ္မက တူကြရဲ့လား .... (မတူပါဘုရား)။

တကာတကာမတွေ့ ကြပ်ကြပ်မှတ်ပါ__၊ ခန္ဓာအမျိုးမျိုးကို ဘယ်သူစိမ့်ပါလိမ့်မလဲ.... (ဓမ္မက စိမ့်ပါတယ်ဘုရား) ဓမ္မက စိမ့်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီဓမ္မတွေဟာက ဝမ်းထဲမှာ ဘုရားဏာလာထည့်သလား...၊ ပင်ကိုယ်က အလိုလို ဖြစ်လာသလား-ဆိုတဲ့မေးခွန်းကော ထွက်မလာဘူးလား....(ထွက်လာပါတယ်ဘုရား)။

မှတ်ကြစမ်းပါ။ ဒါဖြင့် ဒီဓမ္မလက်သည် ရှာလိုက်ပြန်တယ်.... နော်....(မှန်ပါ့)ဒီဓမ္မလက်သည် ရှာလိုက်တော့ ဒီဓမ္မဟာ အာရုံဒွါရကြောင့် ဖြစ်တာ...(မှန်ပါ့)ဒါသေသေချာချာမှတ်ပါ။

ဒီဓမ္မဟာ ဘယ်သူ့ကြောင့်လဲ.... (အာရုံဒွါရကြောင့်ပါဘုရား)။

အာရုံဒွါရကြောင့် ဖြစ်တာဆိုတော့ လက်သည်ပေါ်သွားပြီ....(မှန်ပါ့)အာရုံဒွါရကြောင့် ဖြစ်တာနော်....။

ကြပ်ကြပ်စဉ်းစားကြပါ တကာတကာမတို့ ခန္ဓာအမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုး၊ ဆင်းရဲချမ်းသာ အမျိုးမျိုး၊ ဘုံအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ ငရဲကောင်အမျိုးမျိုး၊ ငရဲခံရပုံ အမျိုးမျိုး ဘယ်သူစာ စိမ့်ပါလိမ့်မလဲ....(ဓမ္မက စိမ့်ပါတယ်ဘုရား)။

ဒါဖြင့် ဓမ္မကာချေယ်လှယ်သလို ဟိုမှာ ပေါ်နေကြရတယ်... (မှန်ပါ့)မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဓမ္မကအကြောင်း၊ ဟိုမှာ ပေါ်နေတဲ့ ဟာတွေက မောင်မြင့်....(အကျိုးပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ကောင်းပြီ....ဒီအကျိုးတရားတွေ ရိပ်မိပါပြီတဲ့....၊ ဒီအကျိုးတရားတွေတော့ ရိပ်မိတော့ ဒီအကြောင်းလဲ တပည့်တော်တို့....အခု ဆရာဘုန်းကြီး ဖေါ်ပြောလို့ သိပါပြီဘုရား.... ဝမ်းထဲမှာ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေကြောင့်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝမ်းထဲရှိတဲ့ ဓမ္မဆိုတာ ဘယ်ဓမ္မပါလိမ့်...(ပဋိစ္စသမုပ္ပါဒ်ဓမ္မပါဘုရား) ပဋိစ္စသမုပ္ပါဒ် ဓမ္မတွေကြောင့်၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်ဓမ္မတွေကြောင့်ပါလိမ့်....(ပဋိစ္စသမုပ္ပါဒ် ဓမ္မတွေကြောင့်ပါဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ် ဓမ္မတွေဆိုတာ တော်တော်ကြာ ဝမ်းထဲမှာ စားချင်တဲ့စိတ်ကလေး ပေါ်လာလိုက်၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာလိုက်၊ ပြောချင်တဲ့ စိတ်ကလေး ပေါ်လာလိုက်၊ ဒေါသဖြစ်တဲ့ စိတ်ကလေး ပေါ်လာလိုက်၊ လောဘဖြစ်တဲ့ စိတ်ကလေး ပေါ်လာလိုက်၊ သံသယရှိတဲ့ စိတ်ကလေး ပေါ်လာလိုက်၊ ပျံ့လွင့်တဲ့ စိတ်ကလေး ပေါ်လာလိုက်၊ ဒါ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေဘဲ...(မှန်ပါ့)။

ဒီဓမ္မတွေ စိမ့်သလို နောက်ခန္ဓာတွေ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒီ ဓမ္မတွေက ဘယ်ဏာ လာသတုံး....(အာရုံဒွါရ ဏာ လာပါတယ်ဘုရား) ဒါမှ အရင်းကျတယ်....(မှန်ပါဘုရား) ဒီ ဓမ္မတွေ ဘယ်က လာပါလိမ့်.... (အာရုံဒွါရက လာပါတယ် ဘုရား) အာရုံဒွါရက လာတယ်ဆိုတော့ စာသံပါနေတယ်... (မှန်ပါ)။

တကာတကာမတို့ အာရုံဒွါရက လာတယ်ဆိုတော့ စာသံ ပါနေတယ်တဲ့၊ ခင်ဗျားတို့ နားလည်မှုနဲ့ဆိုတော့ အာရုံဆိုတာက ခင်ဗျားတို့ သားတို့, သမီးတို့, ဆွေတို့, မျိုးတို့, ပစ္စည်းတို့ဟာ အာရုံပေါ့ဗျာ....(မှန်ပါ့)။

ဒီထဲ လှည့်တဲ့ မှန်က ခြောက်ချပ်ရှိတယ်၊ မျက်လုံးကလဲ မှန် အကြည်တမျိုး၊ သဘောကျပလား....(ကျပါပြီ) နားကလဲ.... (မှန်အကြည်တမျိုးပါဘုရား) နှာခေါင်းကလဲ.... (မှန်အကြည် တမျိုးပါဘုရား) အဲဒါ ဒွါရခေါ်တာဘဲနော်.... (မှန်ပါ့)။

လျှာကလဲ အကြည်တမျိုးပါဘဲ၊ ကိုယ်ပေါက်တွေကတော့ (အကြည်တမျိုးပါဘဲ)ကိုယ်ပေါက်ဏာလဲ တခုလုံး အကြည်တွေ ဘဲ....(မှန်ပါ့) မနောဟဒယဝတ္ထုကလဲ အကြည်တခု ပါတယ်.... (မှန်ပါ့)။

အဲဒီ. အကြည်နဲ့ ဟိုဘက်က အာရုံဆိုတဲ့ ဖြူနီကြောင်ကြား သားသမီး. ဆွေမျိုးဥာတကာ ပစ္စည်းတခုခုနဲ့ သွားတိုက်တယ်၊ ဒီအာထဲမှာရှိတဲ့ မှန်နဲ့ ဟိုက ပြင်ဘက်ရှိတဲ့ သားနဲ့,သမီးနဲ့, ပစ္စည်း နဲ့ သွားတိုက်လိုက်လို့ ရှိယင်ဖြင့် သားတည်းဟူသော အာရုံနဲ့ တိုက်လိုက်လို့ ရှိယင်ဖြင့် သားမြင်တဲ့ စိတ်ကလေး ပေါ်လာတယ်

သားခင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် စ,တယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီက မျက်လုံးအကြည်မှန်ကလေးကို ကိုယ့်သားရှိတဲ့ဘက်လှည့်လိုက်စမ်း... မောင်နိုင်... မြင်တဲ့စိတ်ကလေး မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

မြင်တဲ့စိတ် ပေါ်လာလို့ရှိယင်ဖြင့် ဒါ ပဋ္ဌိစ္စသမုပ္ပါဒ် စ,တာ(မှန်ပါ့)မစ,သေးဘူးလား....(စ,ပါတယ်ဘုရား)။

မြင်တော့ တခါ ခင်တယ်ဆိုတာကလေးဟာကော မလာဘူးလား....(လာပါတယ်ဘုရား)။

ပဋ္ဌိစ္စသမုပ္ပါဒ်နှစ်ခုရှိသွားပြီ၊ မရှိသေးဘူးလား....(ရှိပါပြီ) ခင်တယ်ဆိုလို့ရှိယင်ဖြင့် သာမညခင်တာလား....၊ကိုယ့်သားသမီးကို စဲ့စဲ့လမ်းလမ်းဘဲလားလို့ မေးလိမ့်မယ်....(စဲ့စဲ့လမ်းလမ်းပါဘုရား)။

ဟာ... ဓမ္မတွေ့ ပေါ်လှချည်လား....(မှန်ပါ့) မြင်ဓမ္မကြောင့် ခင်ဓမ္မပေါ်တယ်....(မှန်ပါ့) ခင်ဓမ္မကြောင့် စဲ့လမ်းတဲ့ ဓမ္မ....(ပေါ်ပါတယ်ဘုရား)။

စဲ့လမ်းပြီးသကာလ သြော်....သူတို့အတွက် စားဘို့,သောက်ဘို့, နေဘို့, ထိုင်ဘို့ ဆိုလဲဆို ပြောလဲပြော လုပ်လဲလုပ်မှာဲဆိုတဲ့ပြောဆိုတာ ဝစီကံ၊ လုပ်ဆိုတာ ကာယကံ၊ သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် ကာယကံ, ဝစီကံနဲ့ ဒီသားအတွက် ဒီဥစ္စာလုပ်ကြေးရောင်းကြ-ဝယ်ကြ မလာကြဘူးလား....(လာပါတယ်ဘုရား) ဟာ....ဓမ္မတခု ပေါ်လာပြန်ပြီဟေ့....(မှန်ပါ့)။

ခုနင်က မြင်ဓမ္မကြောင့် ခင်ဓမ္မပေါ်တယ်.... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီ) မြင်ဓမ္မကြောင့်.... (ခင်ဓမ္မပေါ်ပါတယ်ဘုရား)။

ခင်ဓမ္မကြောင့် စဲလမ်းတဲ့ ဓမ္မကော.... (ပေါ်ပါတယ်ဘုရား) စဲလမ်းတဲ့ ဓမ္မကြောင့် အားထုတ်တဲ့ ကာယကံ, ဝစီကံ ဓမ္မကော (ပေါ်ပါတယ်ဘုရား)။

ဟော.... ဒါဖြင့် စက္ခုဝိညာဏ်ပြီးတော့ကို မြင်တယ်ဆိုလို့ရှိယင် မြင်ပြီးသကာလ တဏှာဘက်ကို သွားလိုက်ပါတယ်၊ ဝီထိတော့ မတန်းဘဲ့ပါဘူး၊ မြင်တယ်ဆိုယင် ခင်တဲ့ စိတ်ကနောက်က လိုက်လာတာဘဲ့.... (မှန်ပါ!)။

ခင်တယ်ဆိုယင် စဲလမ်းတဲ့ စိတ်ကကော.... (လိုက်ပါတယ်ဘုရား)။

စဲလမ်းလို့ရှိယင်ဖြင့် သူတို့အာဘို့ ပြောလဲ ပြောမှာဘဲ၊ ဆိုလဲ ဆိုမှာဘဲ၊ ရောင်းလဲ ရောင်းမှာဘဲ၊ ဝယ်လဲ ဝယ်မှာဘဲ ဆိုတော့ ကောင်းတာ-မကောင်းတာ မရွေးနိုင်ဘူး၊ ကာယကံ ဝစီကံလာမလား.... (လာပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် မြင်တယ်, ခင်တယ်, စဲလမ်းတယ်, အားထုတ်တယ်ဆိုတဲ့ ဓမ္မဟာ တကာတကာမတို့ ဝမ်းထဲ မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) ဟော.... ဒါ ဓမ္မပေါ်လာတာ၊ မောင်မြင့် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ ဘာပေါ်လာတာဘုံး.... (ဓမ္မပေါ်လာတာပါဘုရား) ဓမ္မအတန်းကြီး ပေါ်လာတယ်၊ စ,တာကတော့ မြင်စိတ်က စ,တယ်.... (မှန်ပါ!)။

ဟိုက သားတည်းဟူသော အာရုံနဲ့ ဒီက မျက်လုံးမှန်နဲ့ သွားတိုက်တဲ့အခါ ဒီအထဲမှာ သားအရိပ်ဟာ လာထင်တယ်၊ မထင်လာဘူးလား....(ထင်လာပါတယ်ဘုရား)။

ထင်သည်နဲ့ တပြိုင်နက်တည်း ထင်ပြီးလို့ရှိယင် ဒါ သားဘဲလို့ မြင်ပြီးသည်နဲ့ တပြိုင်နက်တည်း ခင်ဗျားတို့ကလာတယ်....(မှန်ပါ့) မလာဘူးလား....(လာပါတယ်) ခင်မင်စဲ့လမ်းတို့ကော...(လာပါတယ်)စဲ့လမ်းပြီးသကာလ သူတို့ကိုကြိုးစားမယ်ဆိုတဲ့ ကာယကံ, ဝစီကံ အားထုတ်မှု.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဘာမှဘဝ မောင်နိုင်...ရောက်သွားပြီ....(ရောက်သွားပါပြီဘုရား) မြင်တယ်, ခင်တယ်, စဲ့လမ်းတယ်, အားထုတ်တယ် လေးခုမမှတ္တ တန်းသွားပြီ...(မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အားထုတ်တော့ ကံဖြစ်သွားပြီတဲ့၊ ကာယကံ, ဝစီကံ မဖြစ်သေးဘူးလား... (ဖြစ်ပါပြီဘုရား)ဒါဖြင့် အဲဒီကျမှ ပဋိစ္စသမုပ္ပါဒ်မင်းတို့ ရပြီးသားနဲ့ ဆက်ယူလိုက်တာပေါ့၊ ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဒါဖြင့် ဒီဇာတိသည် ဇာတိဆိုတာ ခန္ဓာပေါ်ပြီ...(မှန်ပါ့) မပေါ်သေးဘူးလား .... (ပေါ်ပါပြီ) သြော်...ဒါဖြင့် ဒီခန္ဓာတွေဟာ ဘယ်ကမျှားလာပါလိမ့်မတုံး....ဆိုလို့ရှိယင်ဖြင့် အားထုတ်မှုက လာတယ်....(မှန်ပါ့ဘုရား)။

ဒီအားထုတ်တာလဲ အလကားး အားထုတ်ဖြစ်တာလား ....၊ မေးတဲ့အခါ စဲ့လမ်းမှုကြောင့်....(မှန်ပါ့)ပြောင်းပြန်လှည့်လိုက်.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် စဲ့လမ်းပါလိမ့်....ခင်လို့ ... (မှန်ပါ့) ဘယ့်နှယ်ကြောင့် ခင်ပါလိမ့်....မြင်လို့၊ မမြင်ခင်တုန်းက ဘာမှ မပေါ်ဘူး၊ ဓမ္မဒတ္တတန်းပေါ်လာတယ်၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ကဲ_ဒါဖြင့် မောင်အောင်ချိတို့၊မောင်မြင့်တို့၊ မောင်နိုင်တို့ မင်းတို့ခန္ဓာ ပေါ်လာပြီကွ....၊ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေ နေ ဖြစ်သွားပြီနော် .(မှန်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မင်းတို့ ဒီ ပဋိသန္ဓေ နေဖြစ်ပါလိမ့်မတုံး.... မေးတော့ နေဒက်ဘဝက ဘယ်လိုကြောင့်ပါလိမ့်....(အားထုတ်လို့ပါဘုရား)အားထုတ်မှုကြောင့် ကံကိုးကွ...။

ဘယ့်နှယ်ကြောင့် မောင်နိုင်... ဒီဥစ္စာကြီး မင်းအားထုတ်ဖြစ်ပါလိမ့်မတုံးမေးတော့.... (စဲ့လမ်းမှုကြောင့်ပါဘုရား) ခင်မှု စဲ့လမ်းမှုကြောင့်.. (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် စဲ့လမ်းပါလိမ့်မတုံး· ကြည့်လိုက်ပြန်တော့· (ခင်မှုကြောင့်)ခင်တာကလဲ ဘယ့်နှယ်ကြောင့် ခင်ဖြစ်ပါလိမ့်.... (မြင်လို့ပါဘုရား)။

ဒီကချည့်လာတယ်၊ ကြားယင်လဲ ဒီအတိုင်း သွားမှာဘဲ.... (မှန်ပါ့) ဒါဖြင့် ဒီမြင်စိတ်ကလေး ပေါ်လာတယ်၊ အာရုံနဲ့ မှုန်အကြည်ဆိုတဲ့ ဒုါရကြောင့်ဘဲဆိုတော့ လက်သည်မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပြန်မေးပါဦးမယ်တဲ့....၊ သတ္တဝါအမျိုးမျိုးဖြစ်ပေါ်လာနေတာ၊ ငရဲထောင်ဖြစ်စေ ဟုတ်လား၊ လူကောင်ဖြစ်စေ· အမျိုးမျိုး၊ နတ်ကောင်ဖြစ်စေ ဗြဟ္မာစကောင်ဖြစ်စေ သမုတိနယ်ဟာ ပြောရလို့ရှိယင်၊ ဟ....ဒါတို့က ဘယ်က

လာပါလိမ့်မတုံး၊ သိကြား, ဗြဟ္မာ, ဘုရားဖန်ဆင်းလို့. ဖြစ်တာ တွေလား မေးတဲ့အခါကျတော့ကို၊ သူ ဇာတိပဋိသန္ဓေတွေပေါ့ ကွာ....၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကလာပါလိမ့်....ဒီဇာတိဟာ... (ဓမ္မကလာတယ်) ဒီလို့ မဖြေနဲ့၊ ခုနက သိပြီးသားအတိုင်းဖြေ၊ နောက်ဆုတ်ဖြေ၊ ဒီဇာတိ ဘယ်ကလာပါလိမ့်....(ကမ္မဘဝကလာတယ်) သဘောကျပြီလား...(ကျပါပြီ)ဘုရား)။

ဒီကမ္မဘဝက ယခုပစ္စုပ္ပန်ဘဝကလား၊အတိတ်ဘဝကကံလား (အတိတ်ဘဝက)ရှင်းပြီလား... (ရှင်းပါပြီ) အတိုတ်ကံပေါ့ကွ...၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

ဇာတိဆိုတော့ ဒီဘဝ အမိဝမ်းခေါင်းထဲရောက်တာကို ဆိုပါတယ်နော်၊ ဒီဇာတိ ဘယ်က လာသတုံးဆိုတော့....(ကမ္မဘဝက လာပါတယ်) ကံက လာတယ်၊ အားထုတ်တဲ့ကံက လာတယ်၊ မလာဘူးလား... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီကံ ဘယ်က လာသတုံးဆိုလို့ ရှိယင် ဘယ့်နှယ်ဖြစ်မလဲ....(စဲ့လမ်းမှက လာပါဘယ်)ဒါလဲ လွန်ခဲ့တဲ့ ဘဝက ကံဘဲ၊ သဘောကျပြီလား....(ကျပါပြီ)ဟင်... ဘယ့်နှယ်ကြောင့် စဲ့လမ်းမှကြီး ဒီလောက်ပြင်းထန်ပါလိမ့်မလဲ၊ လွန်ခဲ့တဲ့ဘဝတာ ခင်လို့၊ ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေကလဲ ခင်ရပါလိမ့်မတုံးဆိုတော့...(မြင်လို့)မမြင်ယင် ဘာမှ မဖြစ်နိုင်ဘူး။

ဒါဖြင့် မြင်တယ်,ခင်တယ်, စဲ့လမ်းတယ်, အားထုတ်တဲယ်ဆိုတာ လွန်ခဲ့တဲ့ဘဝက တရားလေးခု၊ မြင်တယ်, ခင်တယ်, စဲ့လမ်းတယ်, အားထုတ်တယ်ဆိုတာ ဘာတုံး....(လွန်ခဲ့တဲ့ဘဝတာ တရားလေးခု)အတိတ်ဘဝက ရှင်းပြီလား.... (ရှင်းပါပြီဘုရား) ဒါဖြင့်

အတိတ်ဘဝက ကံစီမံတဲ့ တရားလေးခုပေါ့၊ ယခု ပစ္စုပ္ပန်ကျ တော့ ခန္ဓာကိုယ်ကြီးတွေ ပေါ်နေတယ်၊ ငရဲခန္ဓာပေါ်တယ်၊ တ ချို့လဲ လူခန္ဓာပေါ်တယ်၊ တချို့ နတ်ခန္ဓာပေါ်တယ်၊ တချို့ ဗြဟ္မာခန္ဓာတွေ ပေါ်တယ်ဆိုတော့ ဘယ်ခန္ဓာတွေ ပေါ်ပေါ်-မောင်နိုင်တို့က တထစ်ချမှုတ်....၊ မောင်အောင်ချိုတို့၊ မောင်မြင့် တို့က တထစ်ချမှုတ်၊ အားထုတ်မှုက လာတာချည့်ဘဲ....(မှုန်ပါ) ရှင်းပလား- (ရှင်းပါပြီဘုရား)။

အားထုတ်မှု ကာယကံ, ဝစီကံက မလာဘူးလား...(လာပါ တယ်ဘုရား)ကောင်းပြီ- ဒါဖြင့် ခန္ဓာတွေသည် ဆင်းရဲတဲ့ခန္ဓာ၊ ချမ်းသာတဲ့ခန္ဓာ၊ အရုပ်ဆိုးတဲ့ခန္ဓာ၊ ငရဲခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ ခန္ဓာ၊ ပစ္စုပ္ပန်ဘဝ လာလာပေါ်တယ်... (မှုန်ပါ) မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ပေါ်ပါလိမ့်မလဲ မေးတဲ့အခါကျတော့ (အားထုတ်လို့ပါဘုရား) အားထုတ်မှုကြောင့် ပေါ်တာ၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အားထုတ်မှုကို ပဋိစ္စသမုပ္ပါဒ်လိုသုံးတော့ ဘာတဲ့... (ကမ္မ ဘဝပါဘုရား) ကမ္မဘဝ၊ ရှင်းပလား.... (ရှင်းပါပြီ) ကာယကံ ဝစီကံ·က္ခ မောင်နိုင်,ရ....(မှုန်ပါ)။

အဲဒီ ကမ္မဘဝဟာက ဒီဘဝလားတဲ့၊ အခုဘဝမှာ ဖြစ်တာ လားတဲ့၊အတိတ်ဘဝက ဖြစ်တာလား....(အတိတ်ဘဝက ဖြစ်တာ ပါဘုရား)။

အဲဒီကံဟာလဲ အတိတ်ဘဝက ကံကလဲ သူချည့်သက်သက်ဘဲ လား၊ သူ့အပေါ်မှာ ချယ်လှယ်တာရှိသေးသလား လို့ နောက်

ဆုတ်တော့်စမ်း....(မှန်ပါ့) ဘာတွေ့သလဲ.... (စွဲလမ်းမှုကြောင့်ပါဘုရား) စွဲလမ်းမှု ဥပါဒါန်သွားတွေ့တယ်....(မှန်ပါ့)မတွေ့သေးဘူးလား....(တွေ့ပါတယ်ဘုရား)။

သူကလဲ သူချည့်စွဲလမ်းချင်လို့ စွဲလမ်းရတာလားလို့ မေးတဲ့အခါ သူ့အထက်က ချယ်လှယ်တာရှိ-မရှိ....(ရှိပါတယ်ဘုရား)။

အင်း...ဘာတွေ့သလဲ....(ခင်မှုပါဘုရား) ခင်မှုဆိုတဲ့ တဏှာသွားတွေ့တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာကလဲ သူ့ဟာသူ အလိုလို ပေါ်လဲတာလားလို့ မေးတဲ့အခါကျတော့ ဘယ်နှယ်ဖြစ်မလဲ.... (မြင်လို့ပါဘုရား) မြင်စိတ်ကလေးကြောင့်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီမြင်စိတ်ကလေးကလဲ တကာတကာမတို့ သူ့ဟာသူအလိုလို ပေါ်လာတာလားဆိုတော့ အကြည်နဲ့ အာရုံနဲ့ သွားတိုက်တယ် (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဟိုကအာရုံနဲ့ ဒီကမျက်လုံး အကြည်နဲ့ သွားတည့်တဲ့အခါ မြင်စိတ်ပေါ်လာတာဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တခေါက် ပြန်မေးပြန်တယ်...၊ သတ္တဝါအမျိုးမျိုး ပဋိသန္ဓေအမျိုးမျိုးပေါ့ကွာ၊ ဘယ်က လာသတုံး... (အတိတ်ဘဝကပါဘုရား) အတိတ်ဘဝက ဘယ်သူလက်သည်ပါလိမ့်.... (အာဒီးထုတ်မှု ကမ္မဘဝကပါဘုရား) ဒါ.... အသေအချာ၊ အဲဒီ ကမ္မဘဝဆိုတဲ့ စေတနာကလဲ မေဒင်နိုင် ဘယ်ကလာသလဲ၊ စွဲလမ်းမှုက မှတ်ပါ၊ စွဲလမ်းမှုက ဘယ်က

လာသလဲ....(ခင်မှုက လာပါတယ်ဘုရား) ခင်မှုက ဘယ်ကလာသလဲ.... (မြင်မှုက လာပါတယ်ဘုရား) မြင်မှုက ဘယ်ကလာသလဲ.... (အာရုံဒွါရက လာပါတယ်) အာရုံဒွါရ နှစ်ခုတိုက်လို့ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဟိုက အာရုံရယ်၊ မျက်လုံးအကြည်ရုပ်ဆိုတာရယ်၊ ဒွါရ နှစ်ခုမတိုက်ဘဲနဲ့ မြင်ဆိုတာ ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)။

ဒါဖြင့် မြင်လို့ဘာဖြစ်တုံး....(စဲလမ်းတယ်ဘုရား) ခင်တယ်၊ မစဲနဲ့ဦး စောသေးတယ်၊ မြင်တယ်ဆိုပြီးတော့မှ ဘာဖြစ်တုံး၊ ခင်တယ်၊ ပြီးတော့မှ စဲလမ်းတယ်၊ စဲလမ်းပြီးတော့မှ အားထုတ်တယ်၊ အားထုတ်တဲ့အခါကျတော့ စုတေမနေ သေလွန်တော့ ဟိုဘက်သွားပြီးသကာလ ဇာတိ ပဋိသန္ဓေ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အကြောင်းအကျိုး ဆက်တက်ပြီလား.... (ဆက်တက်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒါ-အနုပဋိလဲ့ဝမ အစဉ်အတိုင်းလဲ ပြောပါတယ်....(မှန်ပါ့) ပဋိလောမ- ပြောင်းပြန်လဲ မင်းတို့ နားလည်အောင် ပြောထားပါတယ်_ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးတွေ့ အခု,အမျိုးမျိုးပုံသဏ္ဌာန်ဟန်ပန် အမျိုးမျိုး, ချမ်းသာ-ဆင်းရဲအမျိုးမျိုး, ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုး, ဘုံနန်းပိမာန်အမျိုးမျိုး, သုံးဆဲ့တဘုံမှာဖြင့် မတူတာတွေ့ မများဘူးလား....(များပါတယ်ဘုရား)။

အဲဒါတွေသည်ကားလို့ ဆိုလို့ရှိယင် ဘယ်ကလာပါလိမ့် မတုံးလို့ မေးလို့ရှိယင်ဖြင့် ဘယ်နှယ်ဖြေကြပါ့မလဲ.... (ဓမ္မာလာပါတယ်ဘုရား)။

ဘယ်ဓမ္မက လာသလဲ.... (အားထုတ်မှုကပါ) ကမ္မဘဝတာ အားထုတ်မှု ကမ္မဘဝက... (မှန်ပါ့) ရှင်းပလားကွ(ရှင်းပါပြီ)။

အဲဒီ ဓမ္မဟာ အလိုလို လာတာလားလို့ မေးလိုက်တယ်.... (စံလမ်းမှုကြောင့်ပါဘုရား) စံလမ်းတဲ့ ဥပါဒါန်ကြောင့်... (မှန်ပါ့)။

အဲဒီ စံလမ်းတာလဲ တွေ့တွေ့ခြင်း စံလမ်းတာဘဲလား...လို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ... (ခင်မှုကြောင့်ပါဘုရား)။

ရှေးဦးစွာ အခင်ဏာလေး စ,ရသေးတယ်.... (မှန်ပါ့) အခင်ဏာလေးက မစ,ရဘူးလား...(စ,ရပါတယ်ဘုရား)။

ကဲ.... ဒီအခင်ဏာလေးက ဘယ်က လာပါလိမ့်.... (မြင်မှုက လာပါ့တယ်ဘုရား)။

သြော်...မမြင်မတွေ့ရယင်လဲ ဒါတွေ့ မပေါ်ပါဘူးနော်... (မှန်ပါ့) ဒီ....မြင်စိတ်ဏာလေးကလဲ သိကြား,ဗြဟ္မာ ဘုရားလာပြီး ဖန်ဆင်းလို့ မြင်တာကလေး ပေါ်တာလား....လို့ မေးတဲ့ အခါ ဘယ်နှယ်ပြောကြမလဲ.... (အာရုံဒုါရ တိုက်ဆိုင်လို့ပါဘုရား)။

အဲ... ဟိုဘက်က အာရုံနဲ့ ဒီဘက်က မျက်လုံး အကြည်နဲ့ ထိခိုက်တာနဲ့ မြင်စိတ်ကလေး ပေါ်လာတယ်....(မှန်ပါ့)။

မြင်လို့ ခင်- ခင်လို့ စဲ့လမ်း၊ စဲ့လမ်းလို့.... (အားထုတ်ပါ တယ်) အားထုတ်လို့ ဟိုဘက်ခန္ဓာ အမျိုးမျိုးပေါ်တယ်.... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာ အမျိုးမျိုးတွေ ပေါ်ခြင်းသည် မောင်မြင့်.... ဘယ်သူ စီမံ တာတုံးမေးယင် ဖြေတတ်ကြပလား.... (ဖြေတတ် ပါပြီဘုရား) ဓမ္မတွေစီမံ တာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား) ခန္ဓာအမျိုးမျိုးကို....(ဓမ္မတွေ စီမံ တာပါဘုရား)။

ဒီ... ဓမ္မတွေကလဲတဲ့ အတိတ်ဘဝက ဘယ်နှစ်မျိုးတုံး မေးတဲ့ အခါကျတော့ မောင်နိုင်က ရေတွက်တတ်ပါ့မလား.... (မှန်ပါ!) ရေစမ်းပါ။ မြင်တယ်, ခင်တယ်, စဲ့လမ်းတယ်,အားထုတ်တယ်.... (မှန်ပါ့ဘုရား) အတိတ်ဘဝက ဘယ်နှစ်ခုပါလိမ့်.... (လေးခုပါ ဘုရား)။

ဒီလေးခုဟာလဲ....တဲ့ တခုပြီးမှ တခုပေါ်ရတာဖြစ်နေတော့ ပဌမဆုံးတခုဟာ ဘယ်သူ့ကြောင့် ပေါ်သတုံး.... (အာရုံဒွါရ ကြောင့် ပေါ်ပါတယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီ)။

အာရုံဒွါရကြောင့်၊ ရှင်းကြပလား တကာ တကာမတို့.... (ရှင်းပါပြီဘုရား)။

သြော်... ဒါဖြင့် ဒီဓမ္မတွေဟာ ဒီလိုဘဲ တန်းသာနေကြမယ် ဆိုယင် ဟိုဘဝကျတော့လဲ ခန္ဓာပေါ်ပြီးသကာလ မောင်အောင် ချီတို့ မြင်ဦးမှာဘဲ.... (မှန်ပါ!) မြင်ယင် ခင်ဦးမှာဘဲ... (မှန်ပါ!) ခင်ယင်....(စဲ့လမ်းပါတယ်) စဲ့လမ်းယင်....(အားထုတ်ပါတယ်)

အားထုတ်ယင် ဟို....အနာဂတ်ဘဝ ဘာပေါ်ဦးမလဲ.... (ဇာတိပေါ်ပါတယ်ဘုရား)။

ခန္ဓာပေါ်ဦးမယ်၊ အဲ....ခန္ဓာပေါ်ပြန် သွားပြန်ရော(မှန်ပါ့) မြင်ဦးမှာဘဲ၊ ခင်ဦးမှာဘဲ၊ စဲလမ်းဦးမှာဘဲ၊ အားထုတ်ဦးမှာဘဲ ဆိုတော့ ကိုင်း.... ဒါခန္ဓာသုံသရာဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

သံသယရှိသေးသလား၊ ငါ.... ဘယ်က လာပါလိမ့်မတုံးလို့ သံသယရှိသေးသလား... (မရှိပါဘုရား)။

အဲဒါ... ဝိစိကိစ္ဆာ ပယ်ပေးလိုက်တာ...(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

မင်းတို့ သံသယရှိသေးသလား.... (မရှိပါဘုရား) ကဲ·ဒါဖြင့် မောင်မြင့် မင်းဘယ်ကလာသတုံး၊မင်းခန္ဓာကြီး ဘယ်စာ လာသတုံးမေးတော့ အတိတ်ဘဝက ကံကတရား၊ကမ္မဘဝက လာတယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ရှင်းပြီမဟုတ်လား.... (ရှင်းပါပြီဘုရား)။

အဲဒီကံ ဘယ်ကလာသတုံး.... (အားထုတ်မှုက လာပါတယ် ဘုရား) ဥပါဒါန်က လာတယ်၊ ကျော်လို့ မရဘူး၊ သူ့အစဉ် အတိုင်း ဒီဓမ္မနိယာမ ဖြစ်ဧဉ်ကိုက် ပြောရမယ်... (မှန်ပါ့) နား လည်ပလား.... (မှန်ပါ့) ကျော်ပြောယင် ခင်ဗျားတို့ တရား ဖေါက်တယ်၊ တရားဖေါက်လို့ရှိယင် တရားမမှန်ဘူး....တဲ့၊ မမှန် လို့ရှိယင် ဒါ....အယူမမှန်တော့ဘူးနော်... (မှန်ပါ့) ဓမ္မနိယာမ ပျက်တယ်။

ဒါက ဘုရားမရှိလဲ ဒီဓမ္မက အမြဲသွားတာဘဲ၊ ဒါတွေတန်း နေတာဘဲ၊ ဘုရားမရှိလဲ....(တန်းနေပါတယ်ဘုရား)။

ပြန်မေးတယ်၊ ကျောင်လို့ မရဘူးဆိုတာမှတ်၊ ကျောင်ယင် ကိုယ်တရားဖေါက်ပြီလို့ အောက်မေ့ပေတော့၊အသိဖေါက်တာ (မှန်ပါ့)နော်....အသိဖေါက်လို့ရှိယင် မိစ္ဆာဒိဋ္ဌိလို့မှတ်။

ကဲ... မင်းတို့ခန္ဓာတွေ ဘယ်ကလာကြသတုံး ... (ကမ္မဘဝက လာပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီခန္ဓာတွေ ဘယ်ကလာသတုံး .... (ကမ္မဘဝက လာပါတယ် ဘုရား)။

မင်းတို့ ပြောနေတာက ကမ္မဘဝလို့သာ မပြောတယ်၊ ကံ ကောင်းလို့ လူဖြစ်လာတယ်လို့ပြောတယ် .... (မှန်ပါ့) အပြီး သတ်တော့ ကမ္မဘဝ၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီကံ ဘယ်ကလာပါလိမ့်.... (ဥပါဒါန်က လာပါတယ်) စွဲလမ်းတဲ့ ဥပါဒါန်က....(မှန်ပါ့ဘုရား)။

ဘာပြုလို့ စွဲလမ်းပါလိမ့်....(ခင်လို့ပါဘုရား) ခင်မှုကြောင့် သာ၊ ဒီခင်မှုက ဘယ်က လာပါလိမ့်မတုံး_(မြင်မှုကြောင့်ပါ) မြင်မှုက လာတယ်။

ဒီမြင်မှုက ဘယ်က လာပါလိမ့် .... (အာရုံဒွါရက လာပါ တယ်ဘုရား) အာရုံဒွါရကြောင့် လာတယ်ဆိုတော့ ခန္ဓာထဲမှာ အတိတ်ဘဝက ခန္ဓာထဲမှာ တရား ဘယ်နှစ်ခုလဲ .... (လေးခုပါ ဘုရား)။

ပစ္စုပ္ပန်ဘဝကျတော့ ခန္ဓာပေါ်တယ်၊ ခန္ဓာဆိုတော့ ဇာတိ မနေလား....(မှန်ပါ့) ဇာတိ,ဇရာ, ဗျာဓိ, မရဏ လေးခု ပေါ် မလာဘူးလား....(ပေါ်လာပါတယ်ဘုရား) ရှင်းပလား....(ရှင်း ပါပြီ)ဇာတိ,ဇရာ,ဗျာဓိ, မရဏ မပေါ်လာဘူးလား .... (ပေါ် လာပါတယ်ဘုရား)။

အဲဒီ ဇာတိ,ဇရာ,ဗျာဓိ, မရဏဟာ သူတို့လဲ အစဉ်အတိုင်း ပေါ်လစ်တာဘဲ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့်သွားကြပါဦးစို့၊ဇာတိ,ဇရာ, ဗျာဓိ, မရဏ လာ လို့ရှိယင်ဖြင့်တဲ့ သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿကော မလာ ပေဘူးလား....(လာပါတယ်ဘုရား)။

သောကဆိုတော့ စိုးရိမ်တယ်၊ ပရိဒေဝဆိုတဲ့ ငိုကြွေးခြင်း၊ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်း၊ ဒေါမနဿဆိုတဲ့ နှလုံး မသာယာခြင်း၊ ဥပါယာသဆိုတဲ့ ပြင်းစွာ ပင်ပန်းခြင်း မလာပေဘူးလား .... (လာပါတယ်ဘုရား)။

ဒါဖြင့် ပြန်မေးပြန်တယ်၊ မောင်နိုင်ရေ- သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ ဘယ်ဟာ လာသတုံးဆိုတော့ မရဏက လာပါ တယ်ဘုရား-ဆိုရုံဘဲ၊သေမှုက လာတယ်....(မှန်ပါ့)။

သေမှု ဘယ်က လာသတုံးဆိုတော့....(ဇာတိက လာပါတယ် ဘုရား)။

ဘယ်-ဒီလို မဟုတ်ဘူး၊ အစဉ်အတိုင်းသွား၊ သေမှု ဘယ်ဟာ လာသတုံးဆိုတော့ အိုမှုက လာတယ်...(မှန်ပါ့) အိုမှု ဘယ်က

လာသတုံး....(နာမ္မကလာပါတယ် ဘုရား) ဟင့်အင် .... မင်းတို့ ဟာက ပြောင်းပြန်ကြီး၊ နာတာက နောက်ကျပြီး- သေတာက စောနေလို့မဖြစ်ဘူး၊ ပဋိလောမစဉ်းစားရမယ်။

နို့-မဟုတ်လို့ရှိယင် မင်းတို့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဖြစ်စဉ်ကို ကိုယ်နားမလည်တဲ့ အထဲကို ပါသွားတယ်.... (မှန်ပါ့)မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ကိုယ့်ဖြစ်စဉ်မှ ကိုယ်နားမလည်လို့ရှိယင်ဖြင့် ဒါ....ပုထုဇန်အရှုးထဲ မသွားရပေဘူးလဲ့....(သွားရပါတယ်ဘုရား)။

ပြန်ပြောပါ၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿသည် ဘယ်က လာသတုံး....(သေမှုက လာပါတယ်) မရဏက လာတယ်၊ သေတာကလာတယ် .... (မှန်ပါ့) သေခါနီးမှ ဒါတွေ့ မလာနိုင်ဘူးလား... (လာနိုင်ပါတယ်ဘုရား)။

အဲဒီ့ အသေ ဘယ်က လာသတုံးဆိုတော့ အနာက လာတယ်၊အနာရလို့....(မှန်ပါ့) နော် .... စောသေးတယ်၊ မင့်ဟာ မလာနဲ့ဦး... (မှန်ပါ့)။

အနာ ဘယ်က လာသတုံးဆိုတော့ အိုမှုက လာတယ် .... (မှန်ပါ့)အိုတာ ဘယ်အတွက်ကြောင့် အိုဖြစ်သတုံး....(ဇာတိက လာပါတယ်ဘုရား)။

အဲဒီ ဇာတိ ဘယ်က လာသတုံး .... (ကမ္မဘဝက လာပါတယ်)ဒီလိုသွားမှ သူက ကိုက်တယ်၊ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ရှင်းကြရဲ့လား တကာတဏှာမတို့၊ ကိုယ်လာတဲ့ လမ်းကို ကိုယ်မသိဘူး၊ မင်းတို့ကလဲ ခက်နေလိုက်တာ...(မှန်ပါ့)။

ကိုယ်လာတဲ့လမ်းမှ ကိုယ် မသိလို့ရှိယင် ကိုယ်သွားရမည့် လမ်းကော....(မသိပါဘုရား) မသိတော့ဘူးဆိုတော့ ပုထုဇန် စုံလုံးကန်းထဲ သွားလို့မ်မယ်၊မသွားပေဘူးလား.... (သွားပါတယ် ဘုရား)။

အဲဒီတော့ လမ်းသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဆရာဘုန်းကြီးက အခု သတိုပေးတယ်၊ လမ်းသိလို့ရှိယင်ဖြင့် လမ်းကောင်း .... မကောင်း ရှေး....(မှန်ပါ့) လမ်းသိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင်ဖြင့် လမ်းအမျိုးမျိုးကို သိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် သူက မျက်လုံး ပေါက် လှမ်းပြသေးတာကိုးကွ၊ အဲဒီတော့ ဒါလမ်းကောင်းဘဲ-လမ်းဆိုးဘဲဆိုတာ မရှေးပေဘူးလား....(ရှေးပါတယ်ဘုရား)။

လာတဲ့လမ်းလဲ မသိဘူး၊သွားရမည့် လမ်းလဲ မသိဘူးဆိုလို့ ရှိယင်ဖြင့် လမ်းကောင်း-လမ်းဆိုး ဘယ့်နှယ် လုပ်မလဲ .... (မသိပါဘုရား)။

အဲဒါ့ကြောင့် ဒီနေ့ လမ်းကောင်း-လမ်းဆိုးကို ခွဲခြားပြီးပြတဲ့ နေ့ကို အထူး ဂရုစိုက်ပါ....(မှန်ပါ့)မစိုက်သင့်ဘူးလား.... (စိုက်သင့်ပါတယ်ဘုရား)။

ကဲ-ပြန်ပြောတယ်၊သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿဆိုတာက တခုပေါ်ယင် အကုန်ပေါ်လို့ ပေါင်းလိုက်ပါတယ်နော်.... (မှန်ပါ့)ဘယ်က လာတာတုံး.... (သမ္မုက လာပါတယ်ဘုရား) အဲ...သမ္မုက လာတယ်နော်...(မှန်ပါ့)။

အသေက ဘယ်က လာသတုံးဆိုတော့ ဘယ်နယ်ပြောမလဲ (နာမ္မကလာပါတယ်ဘုရား)။

အဲ—နာမ္မရှိတယ်၊ ဗျာဓိကြောင့် ဓာရဏ ဖြစ်တာကိုး—(မှန်ပါ့ဘုရား)။

အဲဒီ နာမ္မက ဘယ်က လာပါလိမ့်မလဲ မေးပြန်တော့.... (အိုမ္မတာ လာပါတယ်ဘုရား)။

အိုမ္မ ဘယ်က လာပါလိမ့်-(ဇာတိကလာပါတယ်) ပဋိသန္ဓေနေမှက မြန်မာလို ပြန်လိုက်တော့.... (မှန်ပါ့) မကျဘူးလား .... (ကျပါတယ်ဘုရား)။

အဲဒီ ဇာတိဆိုတာက ကဲ....အနာဂတ်ဘဝလို့ မောင်နိုင်က မှတ်ထားလိုက်....(မှန်ပါ့)။

ကဲ—အတိတ်ဘဝက စ,ကြစို့တဲ့နော်....၊အဲဒီ့ဇာတိ ဘယ်က လာပါလိမ့်မတုံး....(ကမ္မဘဝကလာပါတယ်) အဲ.... ကမ္မဘဝဆိုတာ အတိတ် ဖြစ်နေတယ်၊လွန်ခဲ့တဲ့ ဘဝ မကျဘူးလား —(ကျပါတယ်ဘုရား)။

အဲဒီကို ဘယ်ကလာပါလိမ့်....(စဲ့လမ်းမှက လာပါတယ်) ဥပါဒါန်ကလာတယ်၊အတိတ်ဘဝဘဲမဟုတ်လား....(မှန်ပါ့)။

အင်း—ဒီဥပါဒါန် ဘယ်ကလာပါလိမ့်မတုံး.... (ခင်မှကလာပါတယ်)ခင်မှက လာတယ်ဆိုတာတော့ကလာတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီ....ခင်မှဟာလဲ ဘယ်ကလာပါလိမ့်မတုံး— (မြင်မှကလာပါတယ်ဘုရား)။

ဒီ....မြင်မှု ဘယ်ကြောလာပါလိမ့်.... (အာရုံဒုါရကလာပါတယ်ဘုရား)။

ခုမှဘဲ မင်းတို့တည့်ပေတော့တယ်၊ လက်သည် အရင်းကျကွာလျှောက်ရှာတယ်....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒီလမ်းက အစမှာနော် .... အာရုံဒုါရကစလို့ မြင်မှုပေါ်တယ်နော်....(မှန်ပါ့)မြင်မှုပေါ်ပြီးတော့မှခင်မှုပေါ်တယ်၊ ခင်မှုပေါ်ပြီးတော့မှ စဲလမ်းမှု၊ စဲလမ်းမှုပေါ်ပြီးမှ အားထုတ်မှု၊ အားထုတ်မှု ပေါ်ပြီးတော့မှ ပဋိသန္ဓေနေမှု မလာဘူးလား .... (လာပါတယ်ဘုရား)။

သူလာပြီးတော့ အိုမှုအိုမှုပြီးတဲ့မှ နာမှု၊ နာမှုပြီးတော့မှ သေမှု၊ သေမှုပြီးတော့မှ စိုးရိမ်သောက ဗျာပါဒအမှုတွေမလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ စိုးရိမ်သောကဗျာပါဒ အမှုသည် လက်သည် အရင်းကျကွာ ရှာလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်မြင်မှုဘဲ...(မှန်ပါ့) အစပြုန်ဖမ်းတော့ ဘာရသလဲ....(မြင်မှုရပါတယ်ဘုရား)။

မြင်မှု သေချာကြပလား.... (သေချာပါပြီဘုရား) မြင်မှုကြောင့် ခင်မှု....(မှန်ပါ့) ဒီခင်မှုကြောင့်လဲ စိုးရိမ်သောကဗျာပါဒ မလာပေဘူးလား....(လာပါတယ်ဘုရား)။

စဲလမ်းမှုကြောင့်ကော စိုးရိမ်သောက ဗျာပါဒ .... (လာပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

အားထုတ်မှုကြောင့်ကော....(လာပါတယ်ဘုရား) ဟို.... သောက ပရိဒေဝတော့ လာရမယ်နော်....(မှန်ပါ့)။

ကောင်းပြီ... ပဋိသန္ဓေ နေမှုကြောင့်ကော....(သောက ပရိဒေဝ လာရမှာပါဘုရား) အိုမှုကြောင့်ကော .... (လာရမှာပါဘုရား) နာမှုကြောင့်ကော....(လာရမှာပါဘုရား) သေမှုကြောင့်ကော....(လာရမှာပါဘုရား)။

ဒါဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဆိုတာ သောကဆိုတာ စိုးရိမ်တာ၊ပရိဒေဝဆိုတာ ငိုကြွေးရတာ၊ အပါယ်ခေါက်လို့ ငိုကြွေးရတာ ရှိတယ်၊ ငိုချင်တာနဲ့ ငိုပေါ့ဗျာ၊ ငိုစရာဆိုယင် တခုမှ အကောင်း မပါ-ပါဘူး....(မှန်ပါ့) ပါသေးသလား.... (မပါ-ပါဘုရား)။

ဒုက္ခတွေ့ ရောက်တာကော အကောင်းပါရဲ့လား..... (မပါ-ပါဘုရား) ဒေါမနဿတွေ့ ဖြစ်ရတာကော.... (မပါ-ပါဘုရား) ပြင်းစွာ ပင်ပန်းခြင်းဖြစ်ရတာကော... (မပါ-ပါဘုရား)။

အဲဒီ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ တကာတာကာမတို့လက်သည်အရင်း ရှာလို့ရှိယင် မြင်မှာဘဲ လာတွေ့တယ်....(မှန်လှပါဘုရား)။

နောက်ဆုတ်လိုက်တဲ့အခါကျတော့ မောင်မြင့် .... ဘာလာဖမ်းမိသလဲ... (မြင်မှာဘဲ ဖမ်းမိပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒို့ ဒီမြင်မှုကို ဇာတ်သိမ်းရလို့ရှိယင်ဖြင့် ဟိုဘက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဇာတ်သိမ်း, မသိမ်း...(ဘိမ်း

နှိုင်ပါတယ်ဘုရား) ဇာတိ ဇရာ မရဏကော....(သိမ်းနှိုင်ပါတယ် ဘုရား)။

သြော်....ဒါဖြင့် မင်းတို့လုပ်နေတဲ့ စိတ္တာနုပဿနာဟာ မြင် တာဟာ မြင်စိတ်ဘဲကိုး...(မှန်ပါ့) ကိုပေါ်...ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

မြင်တာဟာ....(မြင်စိတ်ပါဘုရား) စိတ်ဘဲ၊ သြော်...သူဟာ အကြောင်းရင်း လိုက်ရှာတဲ့အခါကျလို့ ရှိယင်ဖြင့် အာရုံဒုါရ ကြောင့် မြင်မှုက ပေါ်ပေါ်လာတယ်....(မှန်ပါ့) ကြားမှုက ကော....(ပေါ်ပါတယ်ဘုရား)။

ဒီလိုချည်းဘဲ၊ ကြုံမှုကကော....(ပေါ်ပါတယ်ဘုရား) ကြုံမှု ဆိုယင် ဒီဥစ္စာတွေက ဒီခြောက်ခုကတော့ အတူတူပေါ့ကွာ....၊ အာရုံဒုါရ တို့က်တာချည်းဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်း ပါပြီဘုရား)။

ဒါဖြင့် မင်းတို့ကို ဆရာဘုန်းကြီးက ဝိပဿနာပေးနေတယ် ဟေ့ .... မြင်စိတ်ကလေး ရှုပေး၊ ဟို....သောက ပရိဒေဝတွေ သိမ်းတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မြင်စိတ်ကလေး ရှုဆိုတာ....(သောက ပရိဒေဝတွေ သိမ်းပါ တယ်ဘုရား) သောက ပရိဒေဝ သိမ်းတယ်၊ တခါ ကြားစိတ် ကလေး ရှုလိုက်ကြဟေ့-ဆိုတာကော....(သောက ပရိဒေဝသိမ်း ပါတယ်ဘုရား)။

ဒါတွင် သိမ်းသလားတဲ့....၊ ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အို ခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲကော.... (သိမ်းပါ တယ်ဘုရား)။

ဟာ....ဒါဖြင့် မင်းတို့ ဒီအလုပ်-လုပ်ထိုက်တယ်...(မှန်ပါ့) ဘယ့်နှယ်တုံး.... (လုပ်ထိုက်ပါတယ်ဘုရား) နောက်က တကာ တကာမတွေ့ လုပ်ထိုက်-မလုပ်ထိုက် အကဲခတ်ကြည့်စမ်း....(လုပ်ထိုက်ပါတယ်ဘုရား)။

ဒီ မြင်စိတ်ကလေး ဝိပဿနာရှုတာလေ....(မှန်ပါ့)သူက စ,တာကိုးကွ၊ခါတိုင်းတော့ မင်းတို့က မသိဘူး၊ ငါက ဒီလောက် အကြောင်း အကျိုး ဆက်မပြတော့၊ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီစိတ်တွေ့ အရှုခိုင်းနေပါလိမ့်မဘုံး၊မင်းဘို့ ထင်ချင် ထင်မယ်....(မှန်ပါ့ဘုရား)။

အခုတော့ဖြင့် မောင်အောင်ချိုတို့, မောင်မြင့်တို့ ပေါ်ပလား (ပေါ်ပါပြီ)အင်း....ပူရ, ဆွေးရ, ငိုကြွေးရတဲ့ ဇာတ်ထုပ် သူက စ,ခင်းတာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပူရ, ဆွေးရ, ငိုကြွေးရတဲ့ ဇာတ်ထုပ်...(သူက စ,ခင်းဘာပါဘုရား) မြင်စိတ်ကလေးက စ,တာ....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

အိုရ, နာရ, သေရလဲ ဘယ်သူက စ,ခင်းတာပါလိမ့်....(မြင်စိတ်က စ,ခင်းတာပါ)ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ ဒီမြင်စိတ်ကလေးကို သူ့ကို အနားမပေးဘဲနဲ့ ဒီ မြင်စိတ်ကလေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဖြစ်ပြီး ပျက်တယ်လို့ ရှုလိုက်တော့ကို ခုနင်က ခင်မှုက စ,ဖြတ်တယ်....(မှန်ပါ့)ဟိုဘက် အို,နာ,သေကော လာ၊သးရဲ့လား....(မလာပါဘုရား)ပူဆွေးသောကကော....(မလာပါဘုရား)။

ကဲ....မောင်အောင်ချီတို့ ရှုထိုက်-မရှုထိုက်....(ရှုထိုက်ပါတယ် ဘုရား) ဝေဒနာရှုလဲ ဒါပေါ့ကွာ....(မှန်ပါ့) စိတ်ရှုကော.... (ဒါပါဘဲဘုရား)။

ကဲ .... ဒါ ရှုထိုက်-မရှုထိုက်.... (ရှုထိုက်ပါတယ်ဘုရား) နောက်က တကာတကာမှတော့ အငို သိမ်းချင်ယင် ဘာလုပ် ကြရမယ်....(မြင်စိတ် ဖြစ်ပျက်ရှုရပါမယ်) အို,နာ,ဇသ သိမ်းချင် ယင်ကော....(မြင်စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော်....ဒါဖြင့် ဟိုဓမ္မစိမ်သလို ခံမလားတဲ့....၊ ဒီ ဓမ္မတော့ တန်းသွားတဲ့အတိုင်း ခံမလား....၊ ဒီဓမ္မကို လမ်းပြောင်းမလား.... ဆိုတဲ့ဥစ္စာ မင်းတို့ မေးခွန်းထုတ်လိုက်....(မှန်ပါ့) ဒီ ဓမ္မတန်း သွားတာ တော်သလား၊ ဒီဓမ္မကို ဖြတ်ပြီး တလမ်းခွဲရတာ တော်သလား....(ဖြတ်ပြီး တလမ်းခွဲရတာ တော်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ တသံသရာလုံး ရှည်လာတာကတော့ဖြင့် လမ်းမခွဲတတ်လို့....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါ ပြီဘုရား)။

တသံသရာလုံး ရှည်နေတာက....(လမ်းမခွဲတတ်လို့ပါဘုရား) လမ်းမခွဲတတ်လို့ ဖြစ်ရပါတယ်၊ ရှင်းကြပလား.... (ရှင်းပါ့ပြီ) တသံသရာလုံး ရှည်တာက....(လမ်းမခွဲတတ်လို့ပါဘုရား)။

အခုတော့ မင်းတို့ ကျောင်းရောက်လာတော့ ဆရာဘုန်းကြီး က အရှုခိုင်းတယ်ဟေ့.... မြင်စိတ်ကလေးပေါ်ယင် မြင်စိတ် ကလေး ရှု! ကြားစိတ်ကလေး ပေါ်ယင်ကော— (ကြားစိတ် ရှုရပါမယ်) ကြံစိတ်ကလေး ပေါ်ယင်ကော.... (ကြံစိတ်ကလေး ရှုရပါမယ်ဘုရား)။

ဟ....ဒါဘာလုပ်နေတာတုံးဆိုတော့ ကြံစိတ်ကိုရှုတော့ သူက အနိစ္စဖြစ်သွားတယ်....(မှန်ပါဘုရား) ရှုတာက မဂ္ဂဖြစ်သွားတော့ မောင်မြင့် တဏှာ,ဥပါဒါန်,ကံ,လာသေးသလား .... (မလာပါဘုရား)ဟိုဘက် ဇာတိ,ဇရာ,မရဏ....(မလာပါဘုရား) သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ....(မလာပါဘုရား)။

ဒါဖြင့် မင်းတို့မကြိုက်တာတွေ ကုန်ရောပေါ့ကွ — (မှန်ပါဘုရား)။

မင်းတို့ မကြိုက်တာက ဇာတိ,ဇရာ,မရဏလဲ မင်းတို့ ကြိုက်ကဲ့လား....(မကြိုက်ပါဘုရား) ဒုက္ခသစ္စာတွေမို့....(မှန်ပါ)။

သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား)။

ဒါတွေ မင်းတို့ မကြိုက်ဘူး— (မှန်ပါ) မကြိုက်ပေမဲ့လဲ မင်းတို့က ဆရာဘုန်းကြီး ပေးတဲ့နည်းကို ဒီတကာတကာမတွေက မလိုက်နာတော့ဘူးဆိုတော့ မင်းတို့သည်ကားလို့ဆိုယင် အို,နာ,သေနဲ့လဲ တွေ့ရမယ်....(မှန်ပါ) စိုးရိမ်ပဆွေး ငိုကြွေးတာနဲ့ကော....(တွေ့ရပါတယ်ဘုရား)။

မောင်မြင့် လွတ်ပါ့မလား....(မလွတ်ပါဘုရား) ဘာပြုလို့တုံး....။မင်းတို့ ငါ့ပြောတာမှ နားမဝင်ဘဲ .... (မှန်ပါ့) လမ်းခဲ့ခဲ့ပစ်ရမယ်၊ဒီလမ်းဟာတော့ ဘုရားမပွင့်ယင် ဒီအတိုင်းသွားတယ်....(မှန်ပါ့)။

အခု ဘုရားပွင့်တဲ့ အခါကျတော့ ကဲ—ဒီတခါ ဒီလို လုပ်တာပေါ့၊ ဘုရားပွင့်တဲ့အခါကျတော့ သူ့မြင်စိတ်ကလေးကို

မောင်မြင့်က ဖြစ်ပြီးပျက်တယ်လို့ ရှုလို့က်....(မှန်ပါ့)ရှုလို့က်တဲ့ အခါကျတော့ တဏှာ ပေါ်သေးရဲ့လား .... (မပေါ်ပါဘုရား)။

မပေါ်တော့ သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တဏှာဆိုတော့ သမုဒယချုပ်တယ်....(မှန်ပါ့)မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

တဏှာ သမုဒယ ချုပ်သွားတော့ ဟို .... ဒုက္ခသစ္စာဆိုတဲ့ ဇာတိ, ဇရာ, မရဏကကော....(ချုပ်ပါတယ်ဘုရား) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဆိုတဲ့ ပူဆွေး- ငိုကြွေးတွေကော.... (ချုပ်သွားပါတယ်ဘုရား)။

ဒါ ဘယ်နှယ်ကြောင့် ချုပ်သွားတာတုံးဆိုတော့ တပည့်တော် မင်္ဂလာနဲ့ လမ်းခဲ့လို့က်လို့....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

တပည့်တော်က မဂ္ဂင်လမ်း လို့က်ပစ်လို့က်တယ်၊ ဟို- တဏှာလမ်း မလို့က်ဘူး....(မှန်ပါ့) ဘယ်လမ်း လို့က်ပစ်လို့က်သလဲ.... (မဂ္ဂင်လမ်း လို့က်ပစ်လို့က်ပါတယ်ဘုရား)။

အရင်တုန်းက မင်းတို့ ဘယ်လမ်း လို့က်နေသတုံး.... (တဏှာလမ်း လို့က်နေပါတယ်ဘုရား) မြင်တယ်ဆိုယင် ခင်လမ်းလို့က်သွားတယ်....(မှန်ပါ့)အခုတော့ မြင်တယ်ဆိုလို့ရှိယင်ဖြင့် မြင်တာကို အနိစ္စလို့ ရှုတဲ့မဂ္ဂင်လမ်း လို့က်ပစ်လို့က်တယ်....(မှန်ပါ့ဘုရား)။

မဂ္ဂင်လမ်း လိုက်ပစ်လိုက်တော့ သမုဒယသစ္စာက စ,ပြီး မသေဘူးလား....(သေပါတယ်ဘုရား) သေတော့ ဇာတိ,ဇရာ မရဏ ဒုက္ခသစ္စာ....(သေပါတယ်ဘုရား)သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ....(သေပါတယ်ဘုရား)။

ဒါက မြင်လမ်းကို မြင်လမ်းအတိုင်း လိုက်နေကြမယ်ဆိုလို့ ရှိယင်တော့ဖြင့် မင်းတို့ သမုဒယနဲ့ ဒုက္ခလာမှာဘဲ....(မှန်ပါ့)။

မြင်လမ်းကို လမ်းခဲ့ပြီးသကာလ မြင်စိတ်ကလေး ဖြစ်ပျက် ရှုလိုက်၊ဉာဏ်ကလေး သွင်းပေးလိုက်စမ်းပါလို့ မောင်အောင်ချိုတို့ ငါသင်မထားဘူးလား....(သင်ထားပါတယ်ဘုရား)။

သင်ထားလိုက်တဲ့အခါကျတော့ ဖျတ်ဆို မြင်စိတ်က ဖြစ်ပြီး ပျက်သွားတာကို ဉာဏ်က အင်း.... ဒါကလေးဟာ ဖြစ်ပျက်ဘဲလို့ ဥဒယဗ္ဗယနဲ့ဘဲ ရှုကြည့်လိုက်တာပေါ့နော်....(မှန်ပါ့)။

ရှုကြည့်လိုက်တော့ကို မောင်မြင့် တဏှာကစပြီး မသေဘူးလား....(သေပါတယ်ဘုရား) မြင်ပြီးခင်သေးရဲ့လား....(မခင်ပါဘုရား)တဏှာက စ,သေတော့ ဥပါဒါန်ကော... (သေပါတယ်) ကံကော....(သေပါတယ်) လာမည့် ဇာတိ, ဇရာ, မရဏ....(သေပါတယ်) သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ....(သေပါတယ်ဘုရား)။

ဒါက ဘာလမ်းပါလိမ့်...၊မဂ္ဂင်လမ်း၊ ရှင်းပလား .... (ရှင်းပါပြီ)ဟိုဟာက ပဋိစ္စသမုပ္ပါဒ်လမ်း၊ရှင်းပလား.... (ရှင်းပါပြီ)။

ဟိုဟာက ပဋိစ္စသမုပ္ပါဒ် လည်တဲ့လမ်း၊ ဒါက ဖြတ်လမ်း၊ ရှင်းပလား....(ရှင်းပါပြီ)။

မဂ္ဂင်လမ်းက... (ဖြတ်လမ်းပါ) ဟို ပဋိစ္စသမုပ္ပါဒ်အတိုင်း သွားတာက....(လည်လမ်းပါဘုရား)။

ဒါဖြင့် လည်လမ်းနဲ့ ဖြတ်လမ်း ဘယ်ဟာ ကြိုက်သလဲ... (ဖြတ်လမ်းကြိုက်ပါတယ်ဘုရား)။

ဖြတ်လမ်းဆိုတာ ဘာကိုဖြတ်ပါလိမ့်မတုံးဆိုတော့ တဏှာ ဥပါဒါန်,ကံဆိုတဲ့ သမုဒယသစ္စာသုံးခုကို ဖြတ်တယ်.... (မှန်ပါ့) ဇာတိ,ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ဆိုတဲ့ ဒုက္ခသစ္စာတွေကော...(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြတ်လမ်းက သမုဒယနဲ့ ဒုက္ခဖြတ်တယ်.... (မှန်ပါ့) လည်လမ်းက သမုဒယနဲ့ ဒုက္ခဆက်တယ်၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

ဖြတ်လမ်းက .... (သမုဒယနဲ့ ဒုက္ခဖြတ်ပါတယ်) သမုဒယဒုက္ခကိုဖြတ်တယ်...(မှန်ပါ့)လည်လမ်းက (သမုဒယနဲ့ ဒုက္ခဆက်ပါတယ်)သမုဒယနဲ့ ဒုက္ခကို ဆက်ပေးလိုက်တယ်။

တခါ ဒုက္ခထဲကမှ သမုဒယ ပွားဦးမှာကိုး....(မှန်ပါ့) မပွားပေဘူးလား....(ပွားပါတယ်ဘုရား)။

ဒါဖြင့် ဓမ္မစိမ်သလို ဖြစ်ရတယ်ဆိုတဲ့ဥစ္စာ မင်းတို့သည် မိဘရိုးရာအတိုင်း မွတ်ပြီးမထားပါနဲ့ နော်...(မှန်ပါ့) မိဘရိုးရာအတိုင်း မွတ်မထားပါနဲ့လို့ ဆရာဘုန်းကြီးက ပြင်ပေးလိုက်တယ်။

ဟေ....ပဋိစ္စသမုပ္ပါဒ်လမ်းမလိုက်နဲ့ကွ၊ မဂ္ဂင်လမ်းလိုက်ကွ... (မှန်ပါ့)။

လမ်းကတော့ လမ်းချည့်ဘဲ၊ ပဋိစ္စသမုပ္ပါဒ်လမ်းကို....(မလိုက်နဲ့) မဂ္ဂင်လမ်းကို....(လိုက်ပါဘုရား)။

မဂ္ဂင်လမ်းလိုက်တော့ ဘာဖြစ်မတုံးလို့ မေးတဲ့အခါကျတော့ သမုဒယသစ္စာသေ၍ ဒုက္ခသစ္စာ ချုပ်တယ်၊ ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

သမုဒယသစ္စာသေ၍ ....(ဒုက္ခသစ္စာ ချုပ်ပါတယ်ဘုရား) ဒုက္ခသစ္စာ ချုပ်သွားတယ်ဆိုတာကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

သမုဒယသစ္စာဆိုတာ မီး၊ကိလေသာမီး.... (မှုန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာကြီးက လောင်စာ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မီးနဲ့လောင်စာ သိမ်းတယ်၊ မဂ္ဂင်လမ်းလိုက်ယင်.... (မှုန်ပါ့)။

မီးနဲ့လောင်စာသိမ်းတယ်၊ တဏှာဥပါဒါန်ကံတွေက မီးကိုးစု....(မှုန်ပါ့) ဇာတိ,ဇရာ,မရဏတွေက ထင်းတွေ၊ ခန္ဓာတွေကိုးကွ၊ မဟုတ်ဘူးလား....(မှုန်ပါ့)။

ဒါဖြင့် မီးနဲ့လောင်စာသိမ်းတဲ့လမ်း လိုက်မလား....၊ မီးနဲ့လောင်စာပျားတဲ့လမ်း လိုက်မလားမေးဘို့ တခါတည်းပေါ်လာတယ်....(မှုန်ပါ့) မပေါ်သေးဘူးလား ..(ပေါ်ပါတယ်ဘုရား)။

ပေါ်လာတော့ ဘယ်လမ်းလိုက်ကြမယ်.... (မီးနဲ့လောင်စာသိမ်းတဲ့လမ်း လိုက်ကြပါမယ်ဘုရား)။

အပြောကတော့ တကာ တကာမတွေ့ မသိခင်တုန်းကထက် အခု အပြောကတော့ မှန်သွားပြီ။

မောင်မြင့် မမှန်သေးဘူးလား.... (မှန်သွားပါပြီဘုရား) အလုပ်လိုက်ဘို့ဘဲ လိုတော့တယ်....(မှန်ပါ့)။

အလုပ်လိုက်ဘို့ လိုတော့တယ်ဆိုတော့ လမ်းနှစ်လမ်းရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်လမ်း၊ မဂ္ဂင်လမ်း၊ ပေါ်ပလား.... (ပေါ်ပါပြီ)။

ပဋိစ္စသမုပ္ပါဒ်လမ်း....(မဂ္ဂင်လမ်းပါဘုရား)။

မဂ္ဂင်လမ်းက သမုဒယ ဒုက္ခဖြတ်တဲ့လမ်း.... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်လမ်းကတော့ဖြင့်....(သမုဒယ ဒုက္ခဖြစ်တဲ့လမ်းပါဘုရား) သမုဒယဒုက္ခဖြစ်တဲ့လမ်း။

မောင်အောင်သိန်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

ဒါဖြင့် ဒီမြင်စိတ်ကို ဖြစ်ပျက်မရှုတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် မဂ်ကလဲမပေါ်လာ....(မှန်ပါ့)ပေါ်လာသေးရဲ့လား....(မပေါ်လာပါဘုရား)။

မပေါ်လာယင်တော့ လမ်းရိုးကြီး အတိုင်း သွားကြမေတော့....(မှန်ပါ့)။

မပေါ်လာယင် ဘယ့်နှယ်ဆိုကြမယ်....(လမ်းရိုးကြီးအတိုင်း သွားရပါမယ်ဘုရား)။

လမ်းရိုးကြီးအတိုင်းသွားပေတော့ သမုဒယ ဒုက္ခ·သမုဒယဒုက္ခ သမုဒယ ဒုက္ခ၊ ဒီလိုချည်သွားမယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

လမ်းရိုးကြီးအတိုင်းသွားတော့ ဘယ်လိုဆိုမယ်.... (သမုဒယ ဒုက္ခပါဘုရား) နောက်တခါ သွားပြန်တော့ကော.... (သမုဒယ ဒုက္ခပါဘုရား)။

နောက်ခန္ဓာတွေက တခါ သမုဒယပေါ်ဦးမှာကိုး-(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား) အဲ....တတိယ ခန္ဓာကျတော့ ဒုက္ခမလာပေဘူးလား....(လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် လမ်းရိုးကြီးအတိုင်း လိုက်လို့ရှိယင်ဖြင့် ဘယ်သစ္စာနှစ်ခုကို ကိုယ်ပိုင်ရသတုံး.... (သမုဒယနဲ့ ဒုက္ခသစ္စာကို ကိုယ်ပိုင်ရပါတယ်ဘုရား) ဒီနှစ်ပါးချည်းရတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ ...တပည့်တော်တို့ကတော့ဘုရား.... အခု-ဆရာသမားအမှီကောင်းရတဲ့အတွက် တပည့်တော်တို့ မဂ္ဂင်လမ်းဘဲ လိုက်ပါတော့မယ်ဆိုလို့ရှိယင်ဖြင့် မြင်စိတ်ကလေး ပေါ်လာလဲ ဖြစ်ပြီးပျက်တယ်လို့ ရှုရုံဘဲ၊ ကြားစိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပြီးပျက်တယ်လို့ ရှုရုံပါဘဲဘုရား)။

ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ရှုတော့ ရှုတဲ့ဉာဏ်ကလေးက မဂ္ဂ၊ ဟုတ်လား.... (မှန်ပါ့) ဟိုဘက်က သမုဒယတွေ ဒုက္ခတွေ ချုပ်သွားတာက နိဗ္ဗာန်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သမုဒယ ဒုက္ခချုပ်တာက....(နိဗ္ဗာန်ပါ ဘုရား) "တဏှာနိရောဓေါ နိဗ္ဗာနံ၊ ခန္ဓနိရောဓေါ နိဗ္ဗာနံ" ကိုး၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကျော်ချုပ်လဲ နိဗ္ဗာန်ဘဲ၊ ခန္ဓာချုပ်ကော.... (နိဗ္ဗာန်ပါဘဲ ဘုရား) နိဗ္ဗာန်ဘဲဆိုတာ သေချာပလား.... (သေချာပါပြီ ဘုရား)။

ဒါဖြင့် မဂ္ဂင်လမ်းကတော့ဖြင့် သမုဒယ ဒုက္ခ ချုပ်တဲ့လမ်း (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်လမ်းကတော့ (သမုဒယ ဒုက္ခ ပေါ်တဲ့လမ်း) သမုဒယဒုက္ခပေါ်တဲ့လမ်း၊ ဆက်တဲ့လမ်း။

ဒါဖြင့် မောင်အောင်ချို မင်း....လမ်းနှစ်လမ်း သိပလား.... (သိပါပြီဘုရား) တရားတပဲ့လုံး သိပလား... (သိပါပြီဘုရား) တော်တော်အရေးကြီးတယ် ဒီဥစ္စာ...(မှန်ပါ့)။

အနုလောမ- ပဋိလောမ ပြောကြည့်တော့မှ လက်သည်တဲ့လဲ အရင်းကျကျ မပေါ်သေးဘူးလား.... (ပေါ်ပါတယ် ဘုရား)။

ပေါ်လာပြီဆိုတော့ ဒါဖြင့် ဆရာဘုန်းကြီး ပြောနေတဲ့စိတ္တာနုပဿနာဖြစ်ဖြစ်, ဝေဒနာနုပဿနာဖြစ်ဖြစ် မောင်အောင်ချို... မရှုလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ်လမ်းအတိုင်း သွားမှာဘဲ.... (မှန်ပါ့ ဘုရား)။

ဒီလမ်းကတော့ ဘာနဲ့ အဖေါ်လုပ်ရတုံးဆိုတော့ သမုဒယနဲ့ ဒုက္ခအဖေါ်လုပ်နေရတယ်.... (မှန်ပါ့) သမုဒယက ပူဆွေးတာ၊ ဒုက္ခက ခံရတာ၊ ဆင်းရဲတာ ၊ပူဆွေးမှုနဲ့ ဆင်းရဲမှုချည်း တွေ့တာဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာတုံး.... (ပူဆွေးမှုနဲ့ ဆင်းမှုချည်း တွေ့ပါတယ်ဘုရား) မဂ္ဂင်လမ်း လိုက်လိုက်တဲ့အခါကျတော့ ပူဆွေးမှုလဲသိမ်း၊ ဆင်းရဲမှုကော....(သိမ်းပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ ဘယ်ဟာ ကြိုက်သလဲ.... (သိမ်းတာကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် သေသေချာချာကြိုက်ပါတော့လို့ ဒီနေ့ည တာဝန်ခံပြီး ပြောတယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီအထဲ မကြိုက်တာမျှားပါသေးသလား (မပါ-ပါဘုရား) သေသေချာချာ ကြိုက်ထိုက်တယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ....မင်းတို့ခန္ဓာထဲက ဖြစ်စဉ်ကြည့်ပြောတာပါ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာထဲကဖြစ်စဉ်ကြည့်ပြောတာပါ့၊အရမ်းပြောနေတဲ့စကား လို့ မောင်အောင်ချီ ထင်သလား....(မထင်ပါဘုရား) မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

အေး.... ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဘုရားဟာ အဘယ့်ကြောင့်ဘုရားဖြစ်သတုံး၊ အို....ပဋိစ္စသမုပ္ပါဒ်လမ်းမလိုက်ဘဲနဲ့ မဂ္ဂင်လမ်းလိုက်သွားတာနဲ့ ဘုရားဖြစ်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရား ဘာ့ကြောင့် ဘုရားဖြစ်သလဲ....(မဂ္ဂင်လမ်း လိုက်လို့ ပါဘုရား)။

မင်းတို့ကတော့ ပါရမီဆယ်ပါး အပြားသုံးဆယ်ဆိုတဲ့အရှည်ကြီး ပြောချင် ပြောနေမယ်၊ ဘယ်လို....ဟိုကရှည်ရှည်.... ဒီမဂ္ဂင်လမ်း လိုက်ဖြစ်လို့ ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ္ဂင်လမ်းသာ မလိုက်ဖြစ်ဘူးဆိုယင်.... (မဖြစ်နိုင်ပါဘုရား) ဘုရား မဖြစ်နိုင်ဘူးဆိုတာ ဘုန်းကြီးတို့ တကာ တကာမတွေ့ သေချာပလား....(သေချာပါပြီဘုရား)။

ကဲ.... ဒါဖြင့် မင်းတို့ အခု အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ မောင်အောင်ချိတို့- မောင်မြင့်တို့- မောင်နိုင်တို့ ဘယ်လမ်းလိုက်နေကြသလဲ....(မဂ္ဂင်လမ်း လိုက်နေကြပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်မိုး ကိုယ်ငြိမ်းပြီး ကိုယ့်ဒုက္ခ ကိုယ်သိမ်းဘဲ့လမ်း (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်.... (ကိုယ့်မိုး ကိုယ်ငြိမ်းပြီး ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့လမ်းပါဘုရား)။

ကိုယ့်မိုး ကိုယ်ငြိမ်းဆိုတာ တဏှာ,ဥပါဒါန်,ကံတွေ့ ငြိမ်းလိုက်တယ်....(မှန်ပါ့) မဟုတ်ဘူးလား....တဏှာ, ဥပါဒါန်, ကံ့ မရှိတော့ ဇာတိ, ဇရာ, မရဏတွေကော ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား) ခန္ဓာလောသေးရဲ့လား....(မလောပါဘုရား)။

ဒါဖြင့် ကိုယ့်မိုးနဲ့ ကိုယ့်ထင်းကို တကာတကာမတို့ ကိုယ့်လောင်မည့်မိုး ကိုယ့်ခန္ဓာက ဖြစ်ရမည့်ထင်းကို သိမ်းတယ်... (မှန်ပါ့) ကိုယ့်မိုးနဲ့ကိုယ့်ထင်း သိမ်းပစ်လိုက်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာသိမ်းတာတုံး .... (ကိုယ့်မီးနဲ့ ကိုယ့်ထင်း သိမ်းတာပါဘုရား)ဘယ်လမ်းလိုက်မှတုံး ... (မဂ္ဂင်လမ်းလိုက်မှပါဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒီလမ်းမှတပါး မင်းတို့မလိုက်တော့ပါဘူး၊ဒီတကာတကာမတွေ့ ဒီလိုမလိုက်တော့ပါဘူး ဆိုလို့ရှိယင်ဖြင့် မီးရယ်-ထင်းရယ်- ထင်းထဲကတခါ မီး ထ,တောက်၊ နောက် ပြန်ပြီး ဟိုဘက် ထင်းတခုပြန်ပေါ်၊မပေါ်ပေဘူးလား- (ပေါ်ပါတယ်ဘုရား)။

ခန္ဓာပေါ်တိုင်း ထင်းပေါ်တာပေါ့ကွာ....(မှန်ပါ့) အင်း... ခန္ဓာပေါ်တိုင်း ထင်းပေါ်လိုက်-မီးပေါ်လိုက်၊ထင်းပေါ်လိုက်-မီးပေါ်လိုက်နဲ့ လောင်လက်စ သတ်ပါ့မလား .... (မသတ်ပါဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး၊ အို... လမ်းမှားလို့ တကာစကာမတို့ ဘယ်လိုဆိုကြပါ့မယ်....(လမ်းမှားလို့ပါဘုရား) လမ်းမှားပြီဘုရား-တပည့်တော်တို့လမ်းမှ အကြီးအကျယ် မှားတာဘဲ.... (မှန်ပါ့)။

ဘယ်လမ်း မလိုက်မိလို့လဲ ... (မဂ္ဂင်လမ်း မလိုက်မိလို့ပါဘုရား)။

ခုနင်က ဖြစ်ပျက်နဲ့ မင်္ဂလာနဲ့ မရှုမိတဲ့လမ်းပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ မင်းတို့ ဘာအားငယ်စရာရှိသတုံး-ဒီဥစ္စာ ရှုရမှာဘဲ... (မှန်ပါ့)။

ဘာ့ကြောင့်တုံး၊ ကိုယ့်မီး ကိုယ်သိမ်း၊ကိုယ့်ထင်း ကိုယ်သိမ်း တာကိုး....(မှန်ပါ့)လုပ်ရမှာလား· မလုပ်ရမှာလား.... (လုပ်ရမှာပါဘုရား)။

ဒါ.... ဆင်ခြေလဲနေဘိုလားဆိုတော့ ကိုယ့်သမုဒယ ကိုယ်သိမ်း၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့အလုပ် ဒုက္ခံ ကြောက်ပါတယ် ဆိုယင် ဒါမှ တပါး သိမ်းတဲ့နည်းမရှိဘူး....(မှန်ပါ့)။

မောင်အောင်သိန်း ရှိသေးရဲ့လား.... (မရှိပါဘုရား)ဒုက္ခံ ကြောက်ပါတယ်ဆိုယင်ဖြင့် ဒီမဂ္ဂင်လမ်းမှတပါး သိမ်းပေးမည့် လူကော....(မရှိပါဘုရား)။

အမေ့အဖေတို့က ရွှေတို့ ပုံပေးခဲ့၊ ငွေတို့ပုံပေးခဲ့၊ အိုမြဲ, နာမြဲ,သေမြဲဘဲ....(မှန်ပါ့) သဘောကျရဲ့လား.... (ကျပါပြီ) ရွှေတောင်ကြီးပေါက်အောင် ဆုတောင်းကြလဲ အိုမြဲ, နာမြဲ, သေမြဲဘဲ၊မဟုတ်ဘူးလား....(မှန်ပါ့)။

အသက်ရှည်ရပါလို့၏လို့ ဆုတောင်းတာလဲ ရှည်သာရှည်တယ်၊ အသေလွတ်ကဲ့လား(မလွတ်ပါဘုရား) အပူအဆွေကော-(မလွတ်ပါဘုရား)။

ဟာ....ဒါဖြင့် ဘယ်ကုန်ကူးမှ တော်မယ်လို့ စိတ်ကူးတွေ့မျှား ပြောင်းနေလိုက်တာလဲ ဘာထူးသေးသလဲ .... (မထူးပါဘုရား)။

ဒါဖြင့် ဒီ့ပြင်ဟာတွေကတော့ဖြင့် မဂ္ဂင်လမ်း မလိုက်တဲ့ ပုဂ္ဂိုလ်ဖြင့် အိုလမ်း,နာလမ်း,သေလမ်း မောင်မြင့် ဒါဘဲ လိုက်

နေတယ်....(မှန်ပါ့) ဒီ့ပြင် ဘာများ လိုက်နေသလဲ.... (မှလိုက်ပါဘုရား)။

ကဲ... ဒါဖြင့် လမ်းနှစ်လမ်း သိကြပလား-(သိပါပြီ) အိုလမ်းနာလမ်း သေလမ်း တမျိုး ... (မှန်ပါ့) အအိုလွတ်, အနာလွတ် အသေလွတ်က....(တမျိုးပါဘုရား)။

ဒါဖြင့် ဘယ်လမ်း လိုက်ကြမယ်.... (မဂ္ဂင်လမ်း လိုက်ပါမယ်ဘုရား)။

ကဲ....မဂ္ဂင်လမ်း လိုက်ပါမယ်လို့ ဆိုတော့ တပဲလုံး တာဝန်ခံပါပြီတဲ့၊ မဂ္ဂင်လမ်း လိုက်ပါမယ်ဆိုတော့လဲ ဆရာကောင်းကလဲ တွေ့ဦးမှ....(မှန်ပါ့) ဘယ့်နှယ်တုံး.... (ဆရာကောင်းကလဲ တွေ့ဦးမှပါဘုရား)။

သာသနာတွင်းကလဲ ကြုံဦးမှ....(မှန်ပါ့)သာသနာပကျတော့ ဆရာကောင်းကလဲ မရှိတော့ တရားတွေ့ အကုန်ပျောက်ကုန်တယ်....(မှန်ပါ့)။

အဲဒီတော့ အခု အခြိန်ကလေးမှာ နောက်ပိုင်းမိရုံကလေး ရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ပိုင်းမှာ-(မိရုံရှိပါတယ်)မိရုံကလေးရှိတော့ ဒါကလေးကို မင်းတို့မလိုက်တော့ပါဘူးဆိုယင်ဖြင့် မင်းတို့သည်ကားလို့ ဆိုယင် အပါယ်လေးပါးလမ်းကို ဒါဘဲ နေ့တိုင်း လျှောက်နေတယ်....(မှန်ပါ့) အပါယ်ခန္ဓာကြီး ပေါ်အောင်ဘဲ လုပ်နေတာဘဲ....(မှန်ပါ့)။

အပါယ်ခန္ဓာ ရောက်ကြောင်း ဖြစ်တဲ့ သမုဒယသစ္စာကော မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) နောက် အပါယ်ခန္ဓာ ဆိုတဲ့ ဒုက္ခသစ္စာအကျိုးတွေကော မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဘာဖြစ်လို့ ပါလိမ့်မတုံး မေးလို့ရှိယင် ဘယ်နှယ် ဖြေပါ့မလဲ...(လမ်းလွဲလို့ပါဘုရား)။

ဒါဖြင့် လမ်းလွဲလို့ ဆရာဘုန်းကြီးက ဟော့....မင်းတို့ သွားတာ ပဋိစ္စသမုပ္ပါဒ်လမ်းချည်း လိုက်နေတယ်၊ မယုံ ရှုတ်ကြည့်ပါတဲ့၊ ပဋိစ္စသမုပ္ပါဒ်အဆုံးရှုတ်ကြည့်၊ ဒုက္ခကွန္ဓာသာ လာတာချည်းဗဲ့....(မှန်ပါ့)။

သာ လာသတုံး....(ဒုက္ခကွန္ဓာသာ လာပါဖယ်ဘုရား) ဒုက္ခက ဘုန်ဘန်ဆွေ က=အစု၊ ဟာ ဘယ်လောဆိုး..(လာပါလိမ့်ဘုရား) ဒုက္ခအစုကြီး ဟာမည်သော်လမ်းဟို့ မင်းတို့ လိုက်ဟာ....(မှန်ပါ့) ပေါ်ကြပါဘုး (ပေါ်ပါပြီဘုန်း)။

ဘာဝတ္တမှာတုံး.... (ဒုက္ခအစုကြီး ဟောမည်သော်လမ်းပါဘုန်း) ပါဠိဝေါဟာရကြီး၊ ဒုက္ခကွန္ဓာသာ သမုဒယော ဟောတိ· ရှုတ်ကြစမ်းပါ...(ဒုက္ခကွန္ဓာသာ သမုဒယောဟောတိ)။

ဒါ တဏှာကနေပြီး အခု မြင်ရာကနေပြီး ခင်တဲ့ဆီသာ ဒီလမ်းသာလိုက်မယ်ဆိုယင် ဘယ်မှာ လမ်းဆုံးမလဲ.... (ဒုက္ခအစုကြီးမှာပါဘုရား)။

ဒုက္ခကွန္ဓာသာ...(သမုဒယောဟောတိပါဘုရား) ဒုက္ခက=ဒုက္ခခန္ဓ က=အစု၊ သမုဒယောက= ဖြစ်ဘာ၊ မင်းတို့ ဒုက္ခအစုကြီး

ကိုယ်ပိုင်ရမယ်....တဲ့၊ ဒီလမ်းလိုက်ယင် ကောင်းသေးရဲ့သား.... (မကောင်းပါဘုရား)။

ဒုက္ခအစုကြီး ကိုယ်ပိုင်ရမည့်လမ်းသည် ပဋိစ္စသမုပ္ပါဒ်လမ်း၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခအစုကြီးနဲ့ အိုးစားကဲ့မည့်လမ်းက ဘယ်လမ်းပါလိမ့်.... (မဂ္ဂင်လမ်းပါဘုရား) မဂ္ဂင်လမ်း ဆိုတာကော ဆရာဘုန်းကြီး အခုပြောလို့သာ မင်းတို့ရိပ်မိတာကိုး... (မှန်ပါ့) နို့မဟုတ်လို့ ရှိယင် မဂ္ဂင်ဟာ သြော် ဆုတောင်းယူရတော့မှာဘဲ....လို့ အောက်မေ့တယ်နော်... (မှန်ပါ့)။

တပည့်တော်တို့ဖြင့်ဘုရား သားကိုနဲ့သမီးဆိုး၊ ဆွေဆိုး၊ မျိုးဆိုးနဲ့ တွေ့ပြန်တော့ ခဲ့ချင်တဲ့ဒုက္ခ၊ သားကောင်း၊ သမီးကောင်း၊ ဆွေကောင်း၊ မျိုးကောင်းနဲ့တွေ့ပြန်တော့လဲ ဖခဲ့ချင်ဆဲဒုက္ခလောရတယ်၊ သားဆိုး၊ သမီးဆိုးနဲ့ နေရတဲ့ဒုက္ခကြုံပြန်တော့ စိတ်ဆင်းရဲတဲ့ ဒုက္ခကလာဘာဘဲ....(မှန်ပါ့)။

ဘယ်ဒုက္ခကြိုက်သလဲ....(ဘယ်ဒုက္ခမှ မကြိုက်ပါဘုရား) ရှင်းကြပါဦး သေသေချာချာ ရှင်းပါဦး၊ သားကောင်း၊ သမီးကောင်း၊ ဆွေကောင်း၊ မျိုးကောင်းနဲ့ တွေ့ပြန်တော့ မခဲ့ချင်တဲ့ ခင်ဒုက္ခက ဘယ်နှယ်တုံး....(လာပါတယ်ဘုရား)။

သားဆိုး၊ သမီးဆိုး၊ ဆွေဆိုး၊ မျိုးဆိုးနဲ့ တွေ့ပြန်ဘော့လဲ ခဲ့ချင်တဲ့ တခါတည်း နှိပ်စက်နေတဲ့ ဒုက္ခမတွေ့ရဘူးလား ...(တွေ့ရပါတယ်ဘုရား)။

ကိုင်း.... ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်ဒုက္ခ ကြုံကြ်သတုံး....(ဘယ်ဒုက္ခမှ မကြုံကြ်ပါဘုရား) ရိုးရိုးပြောပါ ခင်ဗျားတို့က ရိုးရိုးပြောကြစမ်းပါ။

ကဲ-ဘာကြုံကြ်ကြသတုံး-နောက်ကလူတွေ့-(ဘာမှမကြုံကြ်ပါဘုရား) ဘာမှမကြုံကြ်ဘူး·ဟုတ်လား၊ အလကားပြောနေတာကွ၊ ငါက သေသေချာချာသိတယ်။

ဩော်... သူတို့ဆုတောင်းတွေ့က သားကောင်း,သမီးကောင်းဆွေကောင်း- မျိုးကောင်းတွေ့ တွေ့ရပါလို့၏၊ ဒါ... ဆုတောင်းတယ်... (မှန်ပါ့) မတောင်းကြဘူးလား.... (တောင်းပါတယ်ဘုရား)။

အဲဒါ ဘယ်ဒုက္ခကြုံကြ်တာတုံးလို့ မေးတော့ကို အတွင်းမီးလောင်တဲ့ ဒုက္ခကြုံကြ်တယ်.... (မှန်ပါ့) သားဆိုး,သမီးဆိုး,ဆွေဆိုး, မျိုးဆိုးနဲ့ တွေ့ရပါလို့၏၊ ဆုမတောင်းဘဲနဲ့ ပြည့်တာကတော့ကို အပြင်မီးလောင်တာ ကြုံကြ်တယ်.... (မှန်ပါ့)။

အတွင်းမီးနဲ့အပြင်မီး ဘယ်ဟာက လောင်ချက်ပြင်းသလဲ.... (အတွင်းမီးက လောင်ချက်ပြင်းပါတယ်ဘုရား)။

သို့သော်... မင်းတို့က အတွင်းမီးကြုံကြ်တယ်၊ ရိပ်မိပလား... (ရိပ်မိပါပြီ) ဘာကြုံကြ်နေကြသလဲ.... (အတွင်းမီး ကြုံကြ်နေကြပါဘုယ်ဘုရား)။

အတွင်းမီး ကြုံကြ်နေတယ်ဆိုတော့ ရှုးလွန်းသကွာ-(မှန်ပါ့) အတွင်းမီးလောင်တာနဲ့ အပြင်မီး လောင်တာနဲ့ ဘယ်သူက ပြေးရလွယ်သလဲ... (အပြင်မီးလောင်တာက ပြေးရလွယ်ပါတယ်ဘုရား) အပြင်မီးလောင်တာက ပြေးရလွယ်ပါ့သေးတယ်။

နို့-မင်းတို့က ဘယ်မီးကြိုက်နေသလဲ....(အတွင်းမီး ကြိုက်နေပါတယ်ဘုရား) အတွင်းမီး ကြိုက်နေတယ်၊ အုံနွေးနွေးလောင်နေတာ အကြိုက်ဆုံးပါဘဲ၊ ရှင်းကြပလားကွ.(ရှင်းပါပြီဘုရား)။

အေး... တကာတကာမတွေ့နဲ့ ပြောရတဲ့အလုပ်ဟာ အကြိုက်ကလဲ သူတို့ဟာက အတွင်းမီးကို ခပ်ကြိုက်ကြိုက်၊ ကြိုက်နေတယ်ဆိုတဲ့အဓိပ္ပါယ် မောင်နိုင် မမှားဘူးနော်....(မှန်ပါ့)။

မင်းတို့လဲ စိတ်ဆင်းရဲချင် ဆင်းရဲပါစေ၊ ကြမ်းကြမ်း တမ်း တမ်းနဲ့ ဒီအတိုင်း လက်သိပ်ထိုး ပေးနေရတာက သားတွေ့,သမီးတွေ့ကိစ္စမရှိဘူး၊ ဟုတ်လား-ဒုတ်တပျက် ဓါးတပျက်နဲ့ ချောက်လှန့် တောင်းတာတော့ မကြိုက်ဘူး၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်ဟာ ကြိုက်သတုံးလို့၊ ဒုတ်တပျက်,ဓါးတပျက်ကြိုက်သလား-တဲ့၊ ချောတောင်းသွားပြီး မဲ့အောင်လုပ်ဘာ ကြိုက်သလား....(ချောတောင်းသွားပြီး မဲ့အောင်လုပ်တာ ကြိုက်ပါတယ်ဘုရား)။

အတော်လဲနေတာ....(မှန်ပါ့)အတော်လဲနေတာဆိုတာပေါ်ကြပလား... (ပေါ်ပါပြီဘုရား) ကဲ... ဒါဖြင့် တကာတကာမတို့ ဘယ်မီးမှ လောင်တာ မကောင်းဘူး (မှန်ပါ့) မီးသူတော်ကောင်း တွေ့ဘူးကြရဲ့လား....(မတွေ့ဘူးပါဘုရား) လောင်တာ ချည့်ဘဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အတွင်းမီးကလဲ ... (လောင်တာပါဘဲ) အပြင်မီးကကော ... (လောင်တာပါဘဲဘုရား) သို့သော်....ဘယ်အလောင် ကြိုက်ကြသလဲ....(ဘယ်အလောင်မှ မကြိုက်ပါဘုရား) အဲဒါမှ မှန်တယ်၊

ဒါမှ မှန်မယ်တဲ့၊ သမုဒယဆိုယင် အဆိုးချည်းဘဲ... (မှန်ပါ့)ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

သမုဒယဆိုယင်.... (အဆိုးချည့်ပါဘဲဘုရား) အဆိုးချည့်ဘဲလို့ သေသေချာချာ မှတ်လိုက်စမ်းပါ၊ ဒါဖြင့် ဘယ်လမ်းလိုက်မှ မောင်မြင့် လွတ်မှာတုံး... (မဂ္ဂင်လမ်းလိုက်မှ လွတ်မှာပါဘုရား)။

မဂ္ဂင်လမ်းကတော့-ကြည့်၊နောက်ကမီးကိုလဲ မသိမ်းဘူးလား (သိမ်းပါတယ်ဘုရား) ထင်းကိုကော.... (သိမ်းပါတယ်ဘုရား) ထင်းဆိုတဲ့ ခန္ဓာလဲသိမ်းတယ်၊ မီးဆိုတဲ့ တဏှာ,ဥပါဒါ,ကံကော-(သိမ်းပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ အတ္တင်းမီးရော- အပြင်မီးရော လာသေးရဲ့လား-(မလာပါဘုရား) ဒါဖြင့် ဒီအလုပ်ဟာဖြင့် ဒို့မှာ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အလုပ်....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... (လောင်စာသိမ်း၍ မီးငြိမ်းတဲ့ အလုပ်ပါဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတယ်ဆိုတာ နိဗ္ဗာန်ခေါ်တာဘဲ....(မှန်ပါ့)။

မောင်နိုင်... ဘာတဲ့တုံး.... (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) နောက်က ဝဏ်းတကာမှတော့ လောင်စာသိမ်း၍ မီးငြိမ်းတယ်ဆိုတာ....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် အခုမဂ္ဂင်လမ်း လိုက်-လိုက်တော့ ဘယ့်နှယ်တုံး.... (လောင်စာသိမ်း၍ မီးငြိမ်းပါတယ်ဘုရား) ခန္ဓာကော ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား) လောင်တတ်တဲ့ ကိလေသာမီးတွေကော....(မပေါ်ပါဘုရား)။

ဒါဖြင့် မောင်မြင့် ဘယ်ဟာ ကြိုက်သတုံးကွ .... (နိုဗ္ဗာန် ကြိုက်ပါတယ်ဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတာဆိုယင်တော့ မဂ္ဂင်ဘဲ ရှိတယ် (မှန်ပါ့) ဒီ့ပြင်တော့ ဘုန်းကြီးဘာမှ မပြောတတ်တော့ဘူး၊ ဘုရားကလဲ ဒါ ပြောမှာဘဲ... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ကို တကာတကာမတို့ ဘုရား၏ ဝါဒကို ပြောပါတော့မယ်၊ တရား စ,တော့မယ်၊ အခုဟာက အမြင်ကို ခင်းပြနေတာ....(မှန်ပါ့)ဝတ္ထုထုတ်တော့မယ်နော်....(မှန်ပါ့)။

ဝတ္ထုထုတ်မယ် တကာတကာမတို့ ဆယ်မိနစ်ထဲ ကျန်တယ် ဂရုစိုက် နားထောင်လိုက်....(မှန်ပါ့)။

သက္ကတိုင်းမှာ ရဟန်းတွေရှိကြတယ်၊ သက္ကတိုင်း ဒေဝဒဟရွာမှာ ရဟန်းတွေရှိတယ်၊ ဘုရားကလဲ အဲဒီမှာဘဲ သီတင်းသုံးတယ်။

ဘုရားကို သွားလျှောက်ကြတယ်၊ ရဟန်း ဆယ်ပါးက အရှင်ဘုရား ... တပည့်တော်တို့သည်ကား ပစ္ဆာဘူမက ဆိုတဲ့ တပည့်တော်တို့ မိဘမွေးရပ်ထံ ပြန်ချင်ပါတယ်ဘုရား၊ အဲဒီသွားပြီး ဝါဆိုချင်ပါတယ်ဘုရား...(မှန်ပါ့) ရဟန်းဆယ်ပါးက သွားလျှောက်တယ်။

သွားလျှောက်တဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသိတယ်၊သြော်....ဒီရဟန်းတွေ ဘာမှလဲ မသိရှာသေးဘူး၊ ဒို့နဲ့ခွဲပြီးသကာလ ပစ္ဆာဘူမက သွားပြီး ဝါဆိုကြမလို့တဲ့။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သနားတယ်၊ဘာမှ မသိသေးဘဲကိုး၊ သံသရာသိမ်း မီးငြိမ်းတဲ့လမ်း မသိသေးဘူး၊ မသိသေးတော့ ဘုရားက အကြောင်းပြလိုက်တယ်၊ သွားဘို့-မသွားဘို့ အသာနေပါဦးကွာ၊ မင်းတို့ နောင်တော်ကြီး ရှင်သာရိပုတ္တရာ သိပလား။

တကာတကာမတို့ ဘာမေးပါလိမ့် .... (ရှင်သာရိပုတ္တရာ သိမလား....တဲ့)။

မင်းတို့သွားမှာ ရှင်သာရိပုတ္တရာ သိပလားလို့ မေးစော့ မသိသေးပါဘုရား- အရှင်ဘုရား....လျှောက်တုန်းဘဲ ရှိပါသေးတယ်။

အို_ ရှင်သာရိပုတ္တရာဟာ မိတ်ဆွေသင်္ဃာ မင်းတို့ တပည့်သားမြေး အပေါ်မှာ အမျှားကြီး ကျေးဇူးဥပကာရ အလိုရှိပြီး ပြောလေ- ဆိုလေ ရှိသကွာ.... သူ့ကိုသွားပြီး တောင်းပန်ကြဦး....ဆိုပြီး ဘုရားက လွှဲပေးလိုက်တယ်။

လွှဲပေးလိုက်တော့ ဒီရဟန်းတွေက သွားကြတာပေါ့၊ ရှင်သာရိပုတ္တရာ တခုသော ခြုံကို မဇ္ဈပ်လုပ်ပြီး နေတဲ့ဆီ ရောက်သွားတယ်၊ရဟန်းတွေက သွားကြတယ်။

အရှင်ဘုရား....တပည့်တော်တို့ ပစ္ဆာဘူမက ဆိုတဲ့ဆီ သွားပြီး ဝါဆိုဘို့စိတ်ကူးပါတယ်ဘုရား။

ဒို့....မင်းတို့ ဘုရားကို လျှောက်ပြီးပလား....တဲ့၊ လျှောက်ပြီးပါပြီ။

လျှောက်ပြီးတော့ ဘာပြောလိုက်တုံး....၊မင်းတို့ နောင်တော်ကြီးဟာ မင်းတို့ အကျိုးစီးပွား အများကြီး အလိုရှိတယ်၊ အဲဒီ နောင်တော်ကြီးကိုလဲ သွားပြောကြဦး....ဆိုတော့ ဩော်....ငါ တရားဟောဘို့ တိုက်တွန်းလိုက်တာဘဲ၊ ဆုံးမသွန်သင်ဘို့ တိုက်တွန်းလိုက်တာဘဲဆိုတာ ရှင်သာရိပုတ္တရာ သိတယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

အဲဒီ ရှင်သာရိပုတ္တရာ သိပြီးသကာလ နေတာနဲ့ မင်းတို့ သွားတာတော့ သွားပါကွာ....၊ အဲဒီ ပစ္စာဘူမက·ဆိုတဲ့ နေရာမှာ ဗိမ္မိသာရမင်းကြီးဆိုတာလဲ ပညာရှိကွ....၊ ဒီ.ပြင် ပုဏ္ဏားပညာရှိ စိတ္တသူကြွယ်ဆိုတဲ့ လူပညာရှိ, သူဋ္ဌေးပညာရှိတွေက ဘယ်ပေါတယ်ကွ....။

မင်းတို့က ဒီက သွားတော့ သွားပါပြီ၊ မင်းတို့ ဘယ်ကလာသလဲ....၊ ဘုရားဆီက လာခဲ့တယ် သက္ကတိုင်းက၊ အရှင်ဘုရားတို့ ဘုရား .. ဘယ်အယူရှိသတုံးလို့ မင်းတို့ကို မေးလိုက်လို့ရှိယင် မင်းတို့ကလဲ ဘာမှ နားမလည်၊ အဲဒီတော့ မင်းတို့ မခက်ပေဘူးလား....တဲ့၊ ဒါ မြင်တာကိုးဗျ...(မှန်ပါ့) ရိပ်မိကြလား.... (ရိပ်မိပါပြီဘုရား)။

မင်းတို့ဘုရား....ဘယ်အယူရှိသတုံးလို့ မေးပါလိမ့်မယ်တဲ့....၊ ဒီလို မေးတဲ့အခါ မင်းတို့ကတော့ ရမ်းဖြေပြန်လဲ ဘုရားအလိုတော် မကျလို့ရှိယင် အပါယ်ဆောက်တော့မယ်....တဲ့။

ရမ်းဖြေလို့ကော သင့်ပါ့မလား....(မသင့်ပါဘုရား) ကိုယ်မှ မသိတာ ရမ်းဖြေလို့ ကိုက်ပါ့မလား....(မကိုက်ပါဘုရား) အဲဒီတော့ မင်းတို့ အကြပ်တွေ့မယ်တဲ့....။

ဒါ့ကြောင့် မင်းတို့သည်ကားလို့ဆိုလို့ ရှိယင်ဖြင့် ဒီလို ဟိုပုဂ္ဂိုလ်တွေက အရှင်ဘုရားတို့ ဘုရားဆီက လာတယ်ဆိုယင် ဘုရား၏ အယူဝါဒ ပြောစမ်းပါ၊ ဘယ်လို အယူဝါဒ ရှိတယ်ဆိုတာ တပည့်တော်တို့ သိပါရစေဆိုတာတွေ့ကို မေးကြ, မြန်းကြ လိမ့်မယ်... တဲ့။

မေးကြ,မြန်းကြတဲ့အခါကျလို့ ရှိယင် မင်းတို့ ဘယ့်နှယ်ပြောမတုံးတဲ့၊ဘယ့်နှယ်မှ မပြောတတ်ပါဘုရားတဲ့၊ တပည့်တော်မျှား အခု အရှင်ဘုရားဆီ ဘုရားက လှတ်လိုက်လို့ လာခဲ့ရတာပါ၊ တပည့်တော်တို့ ခပ်ဝေးဝေးကဘဲ အရှင်ဘုရားဆီ ရောက်အောင် လာခဲ့ရတော့ အရှင်ဘုရားပြောမှ-သင်ပေးမှ သိရမည့် ပုဂ္ဂိုလ်တွေ့ ဖြစ်ပါတယ်၊ ရှင်းပလား....(ရှင်းပါပြီ) သူတို့ ဘာနားလည်သေးတုံး....(ဘာမှ နားမလည်ပါဘုရား)။

ဘာမှ နားမလည်တော့ ကဲကွာ.. ၊ ဟိုကျတော့ကွာ....၊ ဗိမ္မဝိသာရမင်းကြီးတို့, ဇာရုက္ခပုဏ္ဏားတို့,စိတ္တာသူကြွယ်တို့ဆိုတဲ့ အမျိုးမျိုးသော လူပညာရှိတွေ့ တွေ့လိမ့်မယ်၊ တွေ့တဲ့အခါကျတော့.... အရှင်ဘုရားတို့ဘုရား....ဘယ်အယူရှိသတုံးဆိုတာ မေးပါလိမ့်မယ်တဲ့၊ မမေးသင့်ဘူးလား.....(မေးသင့်ပါတယ်ဘုရား)။

ဘုရားဆီက လာတာကိုး၊ ဘုရားအယူ ဘယ်အယူရှိသတုံး မေးယင် မင်းတို့ ဘယ့်နှယ်ဖြေမလဲ၊ ကဲ....ဟောဒီလို ဖြေကြ .... သင်ပေးလိုက်တယ်ကွာ....တဲ့ ငါဘုရား အယူက "ဆန္ဒရာဂ ဝိနယကွေးယီခေါ အာဝုသော သတ္ထာ" ဒီ အဓိပ္ပါယ်က ဘာတုံးဆိုတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ တဏှာဆန္ဒကို သိမ်းတဲ့ အလုပ်ကို လုပ်တဲ့ အယူဝါဒဟာ သူ့ဝါဒ....(မှန်ပါ့ဘုရား) တဏှာသိမ်းတဲ့ ဝါဒဟာပေါ့လေ....(မှန်ပါ့) တဏှာ

ဆန္ဒအလုပ်ကို ပယ်တဲ့အလုပ်ဟာ သူ့ဝါဒ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တဏှာပယ်တဲ့အလုပ်ဟာ သူ့ဝါဒ၊ ဒါဖြင့် သမုဒယသစ္စာ ချုပ်တဲ့ဝါဒဟာ ဘုရားဝါဒ....(မှန်ပါ့) သမုဒယသစ္စာ ချုပ်ယင် ဒုက္ခချုပ်ဘို့ရာ တောင်းပန်ရသေးသလား.... (မုတောင့်းပန်ရပါ) ဒါဖြင့် မင်းတို့ သင်ထားတာ၊ ဘုရားအယူသင်ထားတာ ကြည့်စမ်း မြင်စိတ်ကလေး ဖြစ်ပျက်ရှုလိုက်တော့ ဟိုဘက်က တဏှာလာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် တဏှာချုပ်တဲ့ဝါဒပါလား....၊ ရှင်းပြီလား.... (ရှင်းပါပြီ)ဒါဖြင့် မင်းတို့ အခု ရှုခိုင်းနေတဲ့ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ မောင်အောင်ချီ....ဘယ်သူ့ဝါဒပါလိမ့် .. (ဘုရားဝါဒပါဘုရား) ဘုရားဝါဒဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဝါဒထက် ကောင်းတာဖြင့် မောင်နိုင်....လျှောက်ရှာလို့ ဇတ္ထစရာမမြင်တော့ဘူး၊ နောက်က တကာတကာမတွေ့သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် စိတ္တာနုပဿနာ ကြိုးစားလုပ်စမ်းပါ၊ စိတ္တာနုပဿနာ ကြိုးစားလုပ်စမ်းပါ၊ ဝေဒနာဟာလဲ ဒီထဲ ပါသွားတာဘဲ၊ ဝေဒနာလုပ်ချင်လဲ လုပ်ပါဆိုတော့ အထူးပြောစရာ လိုသေးရဲ့လား....(မလိုပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ...ဘုရားအယူ သိပြီနော်၊ ဒါဖြင့် မင်းတို့ လုပ်နေတာ အလုပ်မှန်မှ မှန်ရဲ့လားလို့ သံသယမရှိနဲ့၊ ဘယ်သူ့အယူဝါဒပါလိမ့်....(ဘုရားအယူဝါဒပါ)ကဲ....မယုံလို့ရှိယင် မင်းတို့ ရှုကြည့်၊ ကြားစိတ်ကလေး ပေါ်လာ ဘာလုပ်ကြမတုံး....(ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုလိုက်တော့ ကြားခြင်းကြောင့် ပေါ်မဲ့ နောက်

ဘဝ ဇာတိ,ဇရာ,မရဏ... (မလာတော့ပါဘုရား)သောက,ပရိဒေ
ဝ, ဒုက္ခ,ဒေါမနဿ....(မလာတော့ပါဘုရား)။
ဒါဖြင့် ဒါ....ဘယ်သူ့ဝါဒလဲ....(ဘုရားဝါဒပါ)ဘုရားဝါဒ
ဆိုတာ ပေါ်ကြပြီ....(ပေါ်ပါပြီဘုရား))။

တကာတကာမတို့....နာရီစေ့ပြီ၊ နက်ဖြန်မှ ဆက်ကြစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် - အမရပူရမြို့ မဂ်လာတိုက်ဟောင်း
မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေမဟာရုံဌိ
ဟော်ကြားတော်မူသော
ဒုက္ခခဲ့ျတဏှာပုံနှင့် ဒုက္ခသိမ်းတတ်ပုံ

ညအလုပ်ပေး တရားတော်

(၂ - ၆ - ၆၁)

ပပဉ္စတရားအကြောင်း ရှင်းပြမယ်လို့.... မှတ်ရမယ်နော် ....
(မှန်ပ!)ပပဉ္စအကြောင်းကို ရှင်းပြမယ်။

ပပဉ္စဆိုတာ ခဲ့ျသွားတာ...(မှန်ပ!) ပပဉ္စဆိုတဲ့ဥစ္စာသည်... ဒီဘဝက-နေပြီး ဘဝပေါင်းများစွာ ခဲ့ျသွားတာ ပပဉ္စလို့ မှတ်ကြ။

ဒီဘဝကပြီး နောက်ဘဝတွေ့ အမျိုးမျိုးဆက်လက်ပြီး ခဲ့ျသွားတဲ့တရားကို ဘာခေါ်မလဲ...(ပပဉ္စခေါ်ပါတယ်ဘုရား) ပပဉ္စလို့ ခေါ်ကြမယ်။

ဩော်....ဒီခန္ဓာကိုယ်ထဲမှာလဲ ခဲ့ျတတ်တဲ့ တရားလဲ ရှိတယ်၊ ဒုက္ခကို ခဲ့ျတတ်တဲ့တရားလဲ ရှိတယ်၊ ဒုက္ခကို သိမ်းတတ်တဲ့ တရားလဲ ရှိတယ်လို့ နှစ်မျိုးမှတ်ရမယ်....(မှန်ပ!)။

ဒီခန္ဓာကိုယ်ကြီး ဒုက္ခခဲ့ျတတ်တဲ့တရားလဲရှိတယ်၊သိမ်းတတ်တဲ့ တရားလဲ ရှိတယ်လို့ မှတ်ကြရမယ်....(မှန်ပါ)။

ဘယ်နှစ်မျိုးရှိပါလိမ့်....(နှစ်မျိုးပါဘုရား) ခဲ့ပြတ်တဲ့တရားလဲ ရှိတာဘဲ၊သိမ်းအောင် လုပ်တတ်တဲ့တရားလဲ .... (ရှိပါတယ်ဘုရား)။

သို့ရာတွင် ဒီခန္ဓာကိုယ်ကြီးလို့ ပြောနေတဲ့အတွက် ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို့ သိထားတဲ့ပုဂ္ဂိုလ်မှ ဩော်....ခဲ့ပြသွားယင်လဲ ဒုက္ခတွေ့ ဆက်နေတာဘဲ၊ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်)ဒီ... ပပဉ္စက မခဲ့ပြတော့ပါဘူးလို့ ဆိုယင်ဖြင့် ဩော်.... ဒုက္ခတွေ့ သိမ်းသွားတာဘဲလို့ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီခန္ဓာကိုယ်ထဲမှာ ခဲ့ပြသွားတတ်တဲ့ တရားလဲရှိတယ်၊ဒီဘဝကျပြီတို့ဆိုကြတယ်၊ စုတိပြီးပဋိသန္ဓေဆက်သွားတဲ့တရားကျန်တော့ စုတိဒုက္ခသစ္စာနော်....(မှန်ပါ့) ပဋိသန္ဓေကကော... (ဒုက္ခသစ္စာပါဘဲဘုရား)။

ဒါဖြင့် ဒုက္ခ-ဒုက္ခချင်းဆက်သွားဘဲ့တရားဟာ ပပဉ္စတရား....(မှန်ပါ့)ဆက်အောင် လုပ်တတ်တဲ့တရားကို ဘာခေါ်ကြမယ်....(ပပဉ္စတရားပါဘုရား)ပပဉ္စတရားလို့ ခေါ်တယ်။

ဆက်အောင် မလုပ်တဲ့တရား ဆိုသဖြင့် နိပ္ပပဉ္စတရား .... ရှင်းပလား.... (ရှင်းပါပြီ) ဆက်အောင် မလုပ်တဲ့တရားကျတော့....(နိပ္ပပဉ္စတရား)နိပ္ပပဉ္စတရားလို့ မှတ်ထားသိုက်ပါနော်.... (မှန်ပါ့)။

ဩော်... ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ပပဉ္စတရားလဲ ရှိတယ် .... နိပ္ပပဉ္စတရားလဲရှိတယ်....(မှန်ပါ့) နောက်က တကာဘကာမတွေ့ ဘာဟောမယ်ထင်ကြသလဲ .... (သံသရာခဲ့ပြမည့်တရားကိုလဲ ပြော

ပါမယ်)သံသရာခွဲမည့် တရားကိုလဲ ပြောမယ်၊ သံသရာ စခန်း သတ်တဲ့တရားကိုလဲ ပြောမှာဘဲတဲ့၊ ခွဲတာရှိယင် ချုံးတာရှိရမှာ ပေါ့ကွ....(မှန်ပါ့)ခွဲတာရှိယင်.... (ချုံးတာရှိရပါမယ် ဘုရား) ချုံးတာ ရှိမှာဘဲဆိုတော့ ခွဲတာတော့ ခင်ဗျားတို့ သန္တာန်မှာ ပေါတယ်၊ ဦးအောင်ဇံ ဝေတို့သန္တာန် .... မောင်မြတို့သန္တာန် ဘာဘူတို့သန္တာန်မှာပေါတယ် .... ခွဲသွားတဲ့ တရားက သိပ်ပေါ တယ် .... (မှန်ပါ့) ချုံးတဲ့ တရားကတော့ ဆရာသမားကူမှရ တယ်၊ဘုရားပွင့်မှရတာယ်....(မှန်ပါ့)။

ဘုရားပွင့်ပြီး ဆရာသမားကလဲ ကူညီမှ၊ ကိုယ်ကိုယ်တိုင်ကလဲ ကြိုးစားညီးမှ ချုံးလဲတရားက ရတယ်နော် (မှန်ပါ့) အဲ....ခွဲတဲ့ တရားက ဒုက္ခကိုဆက်ပွားစေတယ်၊ ရှင်းကြားလား (ရှင်းပါ ပြီ)ချုံးတဲ့တရားက ဒုက္ခကို သိမ်းစေသည်ပို့ မှတ်ထားရမယ် နော် (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် ခွဲတတ်တဲ့တရားက ဘယ်သူတုံး ဆိုတော့ တဏှာ,မာန,ဒိဋ္ဌိ, ... (မှန်ပါ့) ခွဲတတ်သဲ့တရားက .... (တဏှာ မာန,ဒိဋ္ဌိပါဘုရား)။

သိမ်းတတ်တဲ့တရားက ဘယ်သူပါလိမ့်မတုံးဆိုတော့ မဂ္ဂင်... (မှန်ပါ့)ခွဲတတ်သဲ့ တရားက.... (တဏှာ, မာန, ဒိဋ္ဌိပါဘုရား) တဏှာ,မာန,ဒိဋ္ဌိ သိမ်းတတ်သဲ့တရားက... (မဂ္ဂင်ပါ ဘုရား) ဩော်...မဂ္ဂင်လဲ ဝမ်းထဲပေါ်ရတာဘဲ၊ တဏှာ, မာန, ဒိဋ္ဌိကော (ဝမ်းထဲမှာ ပေါ်တာပါဘဲဘုရား) ဝမ်းထဲမှာ ပေါ်တာဘဲတဲ့၊ အဲဒီတော့ အမှိုက်ကို ရှုပ်သာရှုပ်တတ်တယ်၊ မသိမ်းတတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့.တူနေပြီ-ဒီ တကာဘကာမတွေက....(မှန်ပါ့) ရှုပ် တော့ ရှုပ်တတ်တယ်၊ မသိမ်းတတ်ဘူး ဆိုလို့ရှိယင်ဖြင့် ဒီအိမ်

ဟာ ကြည့်ကောင်းတော့မှာ မဟုတ်ပါဘူး၊ ကောင်းပါ့မလား (မကောင်းပါဘူးရှင်း)။

အမှိုက်ရှုပ်သာ ရှုပ်တတ်တယ်၊ မသိမ်းတတ်ဘူး ဆိုလို့ရှိယင် ဖြင့် ကြာယင် ထုကြီးတက်ပြီးသကာလ ကြာလေ အနံ့အသက်တွေ့ ထွက်ပြီး ကြာလေ လူဒုက္ခပေးတော့မှာဘဲဆိုတာ ရှင်းနေတာဘဲနော်....(မှန်ပါ့)။

ကိုင်း ... တကာတကာမတို့ ဝမ်းထဲမှာ တရားနှစ်မျိုးရှိတယ် လို့ မှတ်လိုက်စမ်းပါနော်.... ခဲ့ပြတ်တဲ့တရားလဲ ... (ရှိပါတယ်ဘုရား)သိမ်းတတ်တဲ့တရားလဲ....(ရှိပါတယ်ဘုရား)။

သိမ်းတတ်တဲ့တရားကတော့ သာသနာတွင်းကြုံမှ ပေါ်တယ် (မှန်ပါ့)ခဲ့ပြတ်တဲ့ တရားက အခါခပ်သိမ်းရှိတယ်၊ရှင်းပလား.... (ရှင်းပါပြီ)။

ခဲ့ပြတ်တဲ့တရားကတော့.... (အခါခပ်သိမ်းရှိပါတယ်ဘုရား) အခါခပ်သိမ်းရှိတယ်၊ သိမ်းတတ်တဲ့ တရားကတော့ဖြင့် သာသနာတွင်းကြုံမှ....(မှန်ပါ့)ကိုင်း... ဒါဖြင့် အခုတကာတကာမတွေ့ ဘယ်အထဲရောက်နေကြသတုံးလို့ မေးလို့ရှိယင် သာသနာတွင်း ရောက်နေတယ်....(မှန်ပါ့)။

ဒီတရားမျိုးကို မနာရတဲ့ပုဂ္ဂိုလ်၊ အားမထုတ်ရတဲ့ ပုဂ္ဂိုလ်တွေကျတော့ သာသနာတွင်းလို့ ဆိုင်းဘုတ်ရှိခြားသော်လဲ သူတို့ သာသနာ့ပြင်ဘက် ရောက်နေတယ်....(မှန်ပါ့)။

ခဲ့ပြတ်တဲ့အလုပ်သာ လုပ်တတ်တယ်၊ ရှုပ်တတ်တဲ့အလုပ်သာ လုပ်တတ်တယ်နော်.... (မှန်ပါ့) သိမ်းတတ်ဆည်းတတ်တဲ့ အ

လုပ်ကို.... (မလုပ်တတ်ပါ ဘုရား) မလုပ်တတ်ဘူး ဆိုတော့ အဖွားကြီးတွေ ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)ကိုင်း....ဒါဖြင့် ရှင်းပြီးသကာလ ပြပါတော့မယ်တဲ့ ခင်ဗျားတို့အတွက်... (မှန်ပါ့)။

ကဲ....ဒါဖြင့် သိမ်းတော့ ဘာသိမ်းရမှာတုံး၊ခွဲတော့ ဘယ်သူကခွဲတာတုံး၊သိမ်းချင်တော့ ဘယ်သူ့သိမ်းရမှာတုံး၊ ခွဲတော့ ဘယ်သူက ခွဲတာတုံး၊ရှုပ်တော့ ဘယ်သူက ရှုပ်သတုံး၊သိမ်းတော့ ဘယ်သူက သိမ်းရမှာတုံးဆိုတဲ့ မေးခွန်းထုတ်လာတယ်၊ မထုတ်ဘူးလား....(ထုတ်ပါတယ်ဘုရား) ထုတ်တယ်ဆိုတာ သေသေချာချာမှတ်ကြပါ။

ကိုင်း....ဒါဖြင့် ရှင်းပြပါတော့မယ်၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီး လက်ထက်က ရှင်သာရိပုတ္တရာဆိုတာ ပညာအရာမှာ ဝိဇ္ဇာဘွဲ့ရတယ်၊ ဘုရားအောက်မှာ သူ့ထက် ပညာတော်တဲ့လူ မရှိဘူး....(မှန်ပါ့)။

ဘုရားအောက်မှာဖြင့် တမိုးအောက် တယောက်ဆိုသလိုဘဲ ဘုရားအောက်မှာသူတယောက်သာရှိတယ်လို့ မောင်မြင့်တို့မှတ်ထားလိုက်ကြစမ်းပါ....(မှန်ပါ့)။

တခါ သူရဲ့မိတ်ဆွေ ရှင်မဟာကောဋ္ဌိက ဆိုတာလဲ ရှိသေးတယ်၊ သူကလဲ အဘိညာဏ်နေရာ ရဟန္တာဖြစ်ပြီးတော့ သူကလဲ အဘိညာဏ်နေရာတွေကျတော့သူကလဲ ဘုရားအောက်တယောက်ရှိတဲ့ပုဂ္ဂိုလ်ဘဲ။

ဒါဖြင့် သူတို့ ရဟန္တာနှစ်ပါး ဒီနေ့ သိမ်းပုံနဲ့ ခွဲပုံဟောပြလိမ့်မယ်နော်—(မှန်ပါ့)။

တကာတကာမတို့ ရဟန္တာနှစ်ပါး ပြောလိမ့်မယ်နော်၊ ပဌမရဟန္တာက အမေးခံမည့် ရဟန္တာဘဲ၊ ရှင်သာရိပုတ္တရာ၊ အမေးညာဏ်ထုတ်ပြီးမေးမှာက ရှင်မဟာကောဋ္ဌိက၊ ဦးအောင်ဇံ ဝေတို့ သေသေချာချာမှတ်ပါ__(မှန်ပါ့)။

နှစ်ပါးလုံး ရဟန္တာဆိုတော့ သိပြီးသား၊ သူတို့ကိုယ်တိုင်လဲ ခဲ့လာခဲ့တဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ကိုယ်တိုင်လဲ သိမ်းလို့ ရဟန္တာ ဖြစ်လာခဲ့တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သြော်.... ငါတို့ဖြင့် ဒီဟာ အာမှန် ဆုံးဖြတ်ချက်ချပြီး ဒီလမ်းလိုက်ရတော့မှာဘဲ ဆိုတာကို ယုံယုံကြည်ကြည်နဲ့ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့)။

ဘာ့ကြောင့်တုံးဆိုတော့ အမေးခံကလဲ ရဟန္တာ၊ အာသဝေါကုန်ပြီးသား၊ ပပဉ္စကုန်ပြီးသား၊ ဘယ့်နယ်ကြောင့် မေးသတုံးဆိုတဲ့ ဥစ္စာသာသူတို့နှစ်ပါး ကုန်ပြီးသားချင်း ဘာဖြစ်လို့ အမေးအဖြေ ထုတ်နေကြသတုံးဆိုတော့ ကျုပ်တို့-ခင်ဗျားတို့ ရှုပ်နေရစ်မှာစိုးလို့ သူတို့ချင်း အမေးအဖြေထုတ်တယ်__ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နောင်လာ နောက်သားတွေ ရှုပ်နေရစ်မှာ စိုးတဲ့အတွက် ရဟန္တာကြီးနှစ်ပါး အမေးအဖြေ လုပ်ကြတယ်....လို့ ဘာဘူ မှတ်ထားရမယ်၊ နှစ်ပါးစလုံး ရဟန္တာချည့်ဘဲ၊ ရဟန္တာဆိုတာ ပပဉ္စကုန်ပြီးသားချည့်ဘဲ....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ရှုရမည့်တရားကလေး သူက စ,သင်လိုက်တယ် "ဆန္ဒ ဖဿာယတနာနံ အသေသဝိရာဂ နိရောဓေါ အတ္ထည ကိဉ္စ" ပါဋ္ဌိလိုမေးလိုက်တယ်၊ အာယတန ခြောက်ပါး

ချုပ်သွားလို့ရှိယင် ဒီ့ပြင် ကိုလေသာတွေ နောက်ထပ် လာသေးသလား...တဲ့....(မှန်ပါ့)။

အာယတန ခြောက်ပါးချုပ်သွားယင် တခြား ကိုလေသာလာသေးသလားဆိုတာ ရှင်မဟာကောဋ္ဌိက-က မေးလိုက်တယ် နော်....(မှန်ပါ့)။

မေးလိုက်တဲ့အခါကျတော့ကို-တဲ့ ကွာ-တဲ့၊ ဒီဥစ္စာ မင်း-မေးတာဟာ ဒီလိုမမေးရပါဘူး...တဲ့၊ ဒီလိုမဖြစ်နိုင်ပါဘူးလို့ ဖြေလိုက်တယ်။

အာယတန ခြောက်ပါး ချုပ်သွားလို့ရှိယင် တပါးသော ကိလေသာမျိုး ရှိသေးသလားလို့ မေးတော့ ဒီလိုမဟုတ်ပါဘူး ကွလို့ ဖြေလိုက်တယ်....(မှန်ပါ့) ဦးအောင်ဇ ဝေ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

အာယတနခြောက်ပါး ချုပ်သွားလို့ရှိယင်ဖြင့် နောက်ထပ် ကိလေသာတွေမျိုး ချင်းချက်ရှိသေးသလား၊ ကိလေသာတွေမျိုး ကျန်နေသေးသလား...လို့ မေးလိုက်တဲ့ အခါကျတော့ အာယတနခြောက်ပါး ချုပ်သွားတဲ့ဥစ္စာ တစုံတခု ကိလေသာရှိသေးသလားလို့ မေးတဲ့အခါကျတော့ ဒီလိုလဲ မဟုတ်ပါဘူး ကွာ....တဲ့၊ ဒီလိုလဲ မဟုတ်ပါဘူး....လို့ ဖြေလိုက်တယ်နော်... (မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေကလဲ အလုပ်-လုပ်မည်ပုဂ္ဂိုလ်တွေဖြစ်နေတော့ အာယတနခြောက်ပါး အရင်ပြောမှရမယ်... (မှန်ပါ့)။

မျက်စိအကြည်ရုပ်ကလေးဟာ မျက်စိထဲမှာ စိတ်မဟုတ်ဘူး ဒါက ရုပ်၊ အကြည်ရုပ်ကလေး သူငယ်အိမ်ဆိုတာ မရှိဘူးလား- (ရှိပါတယ်) အဲဒီ... အကြည်ရုပ်ကလေးဟာ စက္ခာယတနလို့ ခေါ်တယ်....(မှန်ပါ့ဘုရား) စက္ခု အာယတနပေါ့ဗျာ...နော်... (မှန်ပါ့)။

နားအကြည်ရုပ်ကလေးဟာ သောတာယတနလို့ ခေါ်တယ်၊ အကြည်ရုပ်ကလေး- ကြားတတ်တဲ့ အကြည်ရုပ်ကလေး ရှိသေးတယ်၊ သဘောပါပလား...(ပါ-ပါ့ပြီဘုရား)။

နှာခေါင်း အာယတနဆိုတာ မွေးတာ- ကြိုင်တာကလေးကို အထိခိုးက်ခံနိုင်တဲ့ရုပ်ကလေးရှိသေးတယ်နော်၊ဝဲနာယတနခေါ်တယ်၊လျှာပေါ်မှာလဲ လျှာရုပ်ကလေး ရှိသေးတယ်၊ ဇီဝှါယတနဆိုတာ ဇီဝှါပသာဒရုပ်ကလေး ရှိသေးတယ်... (မှန်ပါ့)။

ကိုယ်ပေါ်မှာလဲ ဆိတ်လို့နာတဲ့ အနာခံရုပ်ကလေး ဆိုတာ ကာယပသာဒရုပ်ကလေးက ရှိသေးတယ်။

ဒီတော့... စက္ခု,သောတ,ဃာန,ဇိဝှါ,အာယ ငါးခုရသွားပြီ၊ ဒါ..ရုပ် အာယတနငါးခု....(မှန်ပါ့)။

ပြီးတော့မှ ခင်ဗျားတို့ ရှုနေတဲ့နာမ်အာယတနဆိုတဲ့ မနာယတနစိတ်၊ စိတ်ကိုတလုံးတည်း ထားလိုက်....(မှန်ပါ့) ပေါင်းလိုက်တော့ ဘယ်လောက်ရသွားသလဲ... (ခြောက်ခုပါဘုရား) ခြောက်ခု။

ရေကြစမ်း... (စက္ခု သောတ ဃာန ဇိဝှါ ကာယ မန) အာယတန ခြောက်ပါ။...(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဟေ့.... လှည့်ကွက်တို့ သေသေချာချာမှတ်... ၊ အုံးကြည့်တို့ သေသေချာချာ မှတ်ရလိမ့်မယ်၊ နောက်က အဖွားကြီးတွေ သေသေချာချာ မှတ်ရလိမ့်မယ်နော်....(မှန်ပါ့)။

သူတို့ ခြောက်ခု ရှုရင်းမတွန့် ချုပ်သွားပြီဆိုလို့ ဒီယင်... တဲ့ တပါးသော ကိလေသာများ လာသေးသလား·တဲ့၊ မေးလိုက်တယ်....(မှန်ပါ့)။

ရှင်မဟာကောဋ္ဌိက-က မေးလိုက်တယ်....(မှန်ပါ့) ရှင်သာရိပုတ္တရာက ဒီလိုမဖြစ်နိုင်ပါဘူးကွာလို့ ဖြေလိုက်တယ်....(မှန်ပါ့) ဒီလို မဖြစ်နိုင်ပါဘူးတဲ့၊ ရှင်းသွားပြီနော်.. (မှန်ပါ့)။

ဒါဖြင့်ဘုရား.... ဒီ-အာယတန ခြောက်ပါး ရှုရင်းမတွန့် ချုပ်သွားလို့ ရှိယင် ဘာမှမရှိတော့ဘူးလား... တဲ့၊ ဒီလိုလဲမမေးပါနဲ့ကွာ၊ မဟုတ်ပါဘူး....တဲ့၊ သဘောကျပလား... (မှန်ပါ့)။

ဒီ-အာယတနချုပ်သွားယင် နောက် ဘာမှ မရှိဘူးလားလို့ မေးပြန်တော့ ဒီလိုလဲ မဟုတ်ပါဘူး... တဲ့....(မှန်ပါ့) ဒီလိုမဟုတ်ပါဘူးလို့ ဖြေရမယ်။

ဒီလိုမဟုတ်ပါဘူးဆိုတော့ နောက်ဘာမှ မဖြစ်ဘူး၊ ဒီအာယတနခြောက်ပါး ချုပ်သွားတယ်ဆိုယင် နိဗ္ဗာန်က ရတော့မှာ နိဗ္ဗာန်ပေါ်ရမှာကိုး... (မှန်ပါ့) သူတို့ချုပ်သွားယင် သူတို့ချုပ်သွားတဲ့နေရာ နိဗ္ဗာန်ပေါ်ရမယ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ မေးတဲ့ပုဂ္ဂိုလ် အရှင်ကောဋ္ဌိက-က ဒီအာယတနချုပ်သွားလို့ ရှိယင် တစုံဘခု ဘာမှ မဖြစ်တော့ဘူးလား....တဲ့၊ ဟာ....ဒီလိုလဲ မဒမေးနဲ့ကွာ၊ ဒီလိုဆိုတော့ သူက ဥစ္စာဒဿီဋ္ဌိ မေး

လိုက်တဲ့အတွက် တစုံတခု ဘာမှမဖြစ်တော့ဘူးလား၊ အာယတန ချုပ်ပြီးနောက် ဘာမှ မဖြစ်တော့ဘူးလား မေးလိုက်တာ ဒီ တကာ တကာမခတ္တကတော့ မှတ်ထားလိုက်တာပေါ့ ခင်ဗျား တို့ ရှုနေတဲ့စိတ် အကုန်ချုပ်သွားယင် နိဗ္ဗာန်ပေါ်မှာဘဲ ... (မှန်ပါ့)။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ ခြောက်ပါး စလုံး ချုပ်သွားယင် နိဗ္ဗာန်ပေါ်ဘို့ဘဲနော်... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပြန်ပြောပါဦးမယ် တခေါက်၊ အာယတန ခြောက်ပါး ချုပ်သွားလို့ ရှိယင်ဖြင့် တစုံတခု ဘာဖြစ်သေး သတုံးလို့ မေးတော့ ဒီလိုလဲ မမေးနဲ့ကွာ....၊ ၁နံပါတ် ဖြေ လိုက်တယ်နော်.... (မှန်ပါ့)။

နို့ ... အာယတနခြောက်ပါး ချုပ်သွားပြီး တစုံတခု ဘာမှ မဖြစ်တော့ဘူးလားလို့ မေးလိုက်တယ်၊ဒီလိုလဲ မမေးနဲ့ကွာ-တဲ့၊ ဘယ်နှစ်ချက်ရှိသွားပလဲ....(နှစ်ချက်ရှိသွားပါပြီ) နှစ်ချက်ရှိသွား ပြီနော်...။

တခါမေးပြန်တယ် ဆက်ပြီးတော့ မလေးချက်စေ့အောင် ရှင်မဟာကောဋ္ဌိက-ကဘဲ မေးလိုက်တယ်၊ ဒီ အာယတန ချုပ် သွားပြီးလို့ ရှိယင်ဖြင့် တစုံတခု ဖြစ်ချိတလှည့်- မဖြစ်ချိတလှည့် တစုံဘခုသော ဘဆိုး ဖြစ်ချိဘလှည့်- မဖြစ်ချိဘလှည့်မျှား ဖြစ် သေးသလားလို့ မေးလိုက်တယ်၊ ဒီလိုလဲ မပြောနဲ့ကွာ...တဲ့၊ ဘယ်နှစ်ခု ရှိသွားပလဲ....(သုံးခုရှိသွားပါပြီ)သုံးခုရှိသွားပြီ။

လေးခုမြောက် မေးပြန်တယ်၊ဒီ အာယဘန အကြွင်းအကျန် မရှိ ချုပ်သွားပြီးတဲ့ နောက်ကိုတဲ့ မဖြစ်သည်မဟုတ်၊ ဖြစ်

သယောင်ယောင် တစုံဘခုရှိသေးသလား....တဲ့၊ မေးပြန်တယ်၊ ဘယ်နှစ်ခုရှိသွားပလဲ....(လေးခုရှိသွားပါပြီဘုရား)။

လေးခုရှိသွားပြီဆိုတော့ မောင်မြင့် သေသေချာချာ မှတ်ပါ၊မင်းတို့ ဒီတရား မနာရဘူးသေးဘူး၊ အုန်းကြည်တို့ သေသေချာချာ မှတ်ထား တခါမှ မဟောသေးဘူး....(မှန်ပါ့)။

ဒီတရား အခု ဒါ ရန်ကုန်ပါသွားအောင်လို့ ဟောနေတာဟဲ့၊ နိဗ္ဗာန်ရောက်ဘရားဘဲလို့ မှတ်လိုက်၊ ခြောက်ပါးတည်းနဲ့ နိဗ္ဗာန်ရောက်မည့်တရား၊အမျှား မရှုရပါဘူး....(မှန်ပါ့)။

တခေါက်ပြန်ပြောပါဦးမယ်၊ မင်းတို့ကို မေးမယ်၊ အာယတနခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားလို့ရှိယင် တစုံတခု ဖြစ်သေးသလားလို့ မေးတာ့ ရှင်သာရိပုတ္တရာက ဒီလိုလဲ မမေးပါနဲ့ကွာ... တဲ့။

တစုံဘခု ဖြစ်သေးသလားလို့ မေးတာ့ ဘယ်နှယ်ဘဲ့....(ဒီလိုမမေးပါနဲ့ကွာ... တဲ့)ဒီလို မမေးပါနဲ့ဆိုတော့ ဒါ တချက်ပြီးသွားတယ်နော်....(မှန်ပါ့)။

ဒါဖြင့် ဘုရား.... ဒီ အာယတနခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားလို့ရှိယင်ဖြင့် တစုံတခု ဘာမှ မဖြစ်တော့ဘူးလား တဲ့၊ ဒီလိုလဲ မမေးပါနဲ့ကွာ....တဲ့၊ ဘယ်နှစ်ချက်ရှိသွားပလဲ .... (နှစ်ချက်ရှိသွားပါပြီဘုရား)။

ဒီ အာယတနခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားပြီး သည့်နောက် တစုံတခု ဖြစ်ချိတလှည့်-မဖြစ်ချိဘလှည့် လာသေးသလား...၊ဒီလိုလဲ မနမေးပါနဲ့ကွာ....တဲ့၊ ဘယ်နှစ်ချက် ရှိပြီလဲ. (သုံးချက်ရှိပါပြီဘုရား)။

သုံးချက်ရှိပြီ၊ လေးချက်ပြည့်အောင် မေးလိမ့်မယ်၊ ဒီအာယတန ခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားပြီးသည့်နောက် တစုံတခု မဖြစ်သည်မဟုတ်၊ဖြစ်သယောင်ယောင်များ လာသေးသလားလို့ မေးလိုက်တယ်၊ ဒီလိုလဲမမေးလိုက်ပါနဲ့တဲ့၊ ဘယ်နှစ်ခုရှိသွားပလဲ.... (လေးခုရှိသွားပါပြီဘုရား)။

တကာတကာမတို့ ဘယ်နှစ်ချက် ရှိသွားပြီလဲ .... (လေးချက်ရှိသွားပါပြီဘုရား)။

လေးချက်ရှိသွားပြီ၊ကောင်းပြီ ဒါနဲ့ အရှင်မဟာကောဋ္ဌိတ ကမကျေနပ်ဘူး၊ အရှင်ဘုရားဟာ ပြန်ပြီး သူ့စောဒကတက်ပြန်တယ်၊ အာယတန ခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားပြီးသည့်နောက် တစုံတခု ဖြစ်သေးသလား.... မေးပြန်တော့လဲ ဒီလိုလဲ မမေးနဲ့တဲ့၊အာယတနခြောက်ပါး ချုပ်သွားပြီး၊သည့်နောက် တစုံတခု မဖြစ်တော့ဘူးလားလို့ ဆက်မေးပြန်တော့ ဒီလိုလဲ မမေးနဲ့ကွ....တဲ့၊ ဒီလိုလဲ မဟုတ်ဘူးပေါ့လေ.... (မှန်ပါ)။

အာယတနခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်သွားပြီး သည့်နောက် အချို့ဖြစ်တယ်၊တစုံတခုအချို့ နောက်ထပ်ဖြစ်သေးတယ်၊မဖြစ်တော့ဘူးလားလို့ မေးပြန်တော့ ဒီလိုလဲမမေးနဲ့ကွာ....မဟုတ်ပါဘူးလို့ ဖြေးတော့ သုံးခုမြောက် ရှိသွားပြီ— (မှန်ပါ့)။

နောက်တခါ တပည့်တော် ဆက်မေးတယ်....တဲ့၊ ဒီအာယတနခြောက်ပါး အကြောင်းအကျန်မရှိ ချုပ်ပြီးသည့်နောက် မဖြစ်သည်မဟုတ်၊ဖြစ်သယောင်ယောင် တစုံတခု လာသေးသလား

လို့ မေးပြန်တော့ ဒီလိုလဲ မမေးနဲ့ဆိုတော့ တပည့်တော် မေးစရာမရှိတော့ဘူး၊သဘောကျပလား....(ကျပါပြီ)။

မေးစရာရှိသေးရဲ့လား... (မရှိတော့ပါဘုရား) နောက်ကစကားတမျိုးမျိုးတွေ မေးစရာရှိသေးရဲ့လား .... (မရှိတော့ပါဘုရား)။

သေသေချာချာ မှတ်ကြ ခင်ဗျားတို့ဒီဥစ္စာ သာသနာတွင်းတရားမနာ်....(မှန်ပါ့) ဘာတရားတုံး.... (သာသနာတွင်းတရားပါဘုရား)။

သာသနာတွင်းတရားမို့ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ သေသေချာချာမှတ်ကြ၊ သာသနာပတရား ဆိုတာကကော့ ဘာလို့လို့ ဘာဖြစ်တယ်ပြောဘာနော်.... (မှန်ပါ့)ဆွမ်းလှလို့ အာသက်ရှည်သကွ၊ရောကို့ လှဘဲ့အတွက် ရေအကျိုးဆယ်ပါး ရသကွ-ဆိုတာ သာသနာပဆိုတာ ဒီ တရားတွေက လွှမ်းမိုးသွားတယ်.... (မှန်ပါ့)။

သာသနာတွင်းတဆူး မဟုတ်ဘူးတဲ့၊ ဘာဘူး- ဒေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဒါနဲ့ အရှင်ဘုရားမေးခွန်းမေးလိုက်တာ အရှင်ဘုရားဘခွန်းမှ ဒီလိုမမေးနဲ့၊ ဒီလိုမဟုတ်ဘူးချည်းဖြေနေတော့ တပည့်တော် ခက်နေပြီ၊အရှင်ဘုရား အဖြေတော့အမှန်ပေးဦးမှဘော်မယ် .... (မှန်ပါ)ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဘာပေးရမလဲ...(အဖြေအမှန် ပေးရပါမယ်ဘုရား)။

အဖြေအမှန်ပေးပါ... (မှန်ပါ့) ကဲ.... မင်း သေသေချာချာ နားထောင်၊ သေသေချာချာ နားထောင်ဆိုပြီး ရှင်မဟာကောဋ္ဌိကကို ရှင်သာရိပုတ္တရာက အဖြေပေးလိုက်တယ်၊ မင်းတို့ ရှုလိုက်တဲ့ မျက်လုံးရုပ်ကလေးကိုလဲ ဖြစ်ပျက် ရှုတယ်၊ နားရုပ်ကလေးလဲ ဖြစ်ပျက်ရှုတယ်၊ နှာခေါင်းရုပ်ကလေးလဲ ဖြစ်ပျက်ရှုတယ်၊ လျှာရုပ်လဲဖြစ်ပျက်ရှုတယ်၊ ကိုယ်ရုပ်တွေလဲ ဖြစ်ပျက်ရှုတယ်၊ စိတ်ဟူသမျှလည်း ဖြစ်ပျက်ရှုတယ်ဆိုတော့ သူက ကာယာနုပဿနာနဲ့ စိတ္တာနုပဿနာတဲ့ဟောတယ်.... (မှန်ပါ့)။

ကျုပ်တို့ကတော့ ဒီလို မလုပ်ပါနဲ့တော့ ဒီတကာတကာမတွေ တရားရှုပ်ထွေးနေတော့မယ်၊ ခင်ဗျားတို့ ရှုနေတဲ့ စိတ်၊ ဒါ သေသေချာချာမှတ်လိုက်၊ ခင်ဗျားတို့ရှုနေတဲ့ စိတ် ၁၂-ခု ဘုန်းကြီးပြထားတယ်နော်.... (မှန်ပါ့)အဲဒီ စိတ်ဟာလဲ မနာယတနမဟုတ်လား .. (မှန်ပါ့)။

အဲဒီစိတ် ချုပ်သွားလို့ရှိယင် ခန္ဓာကိုယ်ထဲမှာ ရှုရင်းမတွန့်ဆုံ ဉာဏ်ရှေ့အောက်မှာဘဲ အကုန်ဘာမှ မလာတော့ဘူးဆိုလို့ ရှိယင်ဖြင့်....တဲ့ နိဗ္ဗာန်သာလာစရာ ရှိတယ်၊သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာလာရမလဲ.... (နိဗ္ဗာန် လာရပါမယ်ဘုရား) ရှုတဲ့စိတ်တွေ ဘာမှ မလာတော့ဘူး အကုန်ချုပ်ကုန်ပြီဆိုလို့ ရှိယင်ဖြင့် ဘာလာမယ်ထင်သလဲ....(နိဗ္ဗာန် လာပါမယ်ဘုရား) အေး... နိဗ္ဗာန်လာမယ်၊အာယတနတွေ ချုပ်သွားပြီကော။

အဲဒီတော့ နိဗ္ဗာန်လာမယ်ဆိုတော့ အခုမေးလိုက်တဲ့ပုဂ္ဂိုလ်က ၁-နံပါတ်အမေးက ဒီအာယတနခြောက်ပါး အကြွင်း အကျန် မရှိချုပ်သွားယင် တစုံဘခုဖြစ်သေးသလားဆိုတော့ တစုံတခုက

ကာမှ ပုဂ္ဂိုလ်သတ္တဝါမှု ဖြစ်တော့တာ မဟုတ်ဘဲ...(မူန်ပါ) ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ နိဗ္ဗာန်ဘဲ ပေါ်လာခေတာ့တယ် .... အဲဒီတော့ ဖြစ်သေးသလား....မေးဘို့လိုသေးသလား ....(မလိုပါဘုရား)။

မင်းမေးတာကတဲ့၊ အရှင်မဟာကောဋ္ဌိက မင်းမေးတာက အင်မတန်ခက်ဘယ်တဲ့၊ဒီပပဉ္စတရားဆိုတဲ့ဥစ္စာ ရှိတယ်တဲ့၊ပပဉ္စမရှိတာကို ပပဉ္စရှိသေးသလားလို့ မင်းမေးတာ၊ သဘောပါပါလား (ပါ-ပါပြီ)ပပဉ္စမရှိတာကို .... (ရှိသေးသလားလို့ မေးပါတယ်) အဲ ... တစုံတခု ဖြစ်သေးသလားဆိုတော့ ပပဉ္စရှိဘဲ့သဘော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) နောက်ခန္ဓာပေါ်တဲ့သဘော မရောက်ဘူးလား .... (ရောက်ပါတယ် ဘုရား) ဒါ....သေသေချာချာမှတ်ပါ၊ ပေါ်လာပြီဘရားသားပေါ်လာပြီနော်....(မှန်ပါ့)။

ကိုယ်တော်တွေ့လဲ သေသေချာချာမှတ်ပါတဲ့၊ ဒီဥစ္စာဟာ အင်မတန် အရေးကြီးပါတယ်၊ ဒါ့ကြောင့် ဒီလိုမမေးနဲ့ဆိုတာ ကလေးက ပြေမသွားသေးဘူးလား....(ပြေပါတယ်ဘုရား) အခုဘုန်းကြီးက စိတ်တွေ့ချည်းအရှုခိုင်းတယ်၊ စိတ်တွေ့အကုန်ချုပ်သွားပြီဆိုလို့ရှိယင်ဖြင့် မနာယဘန ချုပ်ဘယ်ဆိုဟာ စိတ္တာနုပဿနာ အကုန်ချုပ်ဘယ်ဆိုလို့ရှိယင်ဖြင့် ခန္ဓာဆုံးသွားတာဘဲ့ (ဆုံးပါတယ်ဘုရား) ဝိညာဏကခန္ဓာ ဆုံးသွားတာဘဲ့၊ မဆုံးဘူးလား....(ဆုံးပါတယ်ဘုရား)။

ဆုံးယင်နိဗ္ဗာန်ပေါ့"ဒုက္ခဿအန္တံ ကရိဿတိ" .... (မူန်ပါ့) ဒုက္ခဿ=ဒုက္ခခန္ဓာကြီး၏၊ အန္တံ=အဆုံးကို၊ ကရိဿတိ= မြင်နိုင်

လတ္တံ့ဆိုတော့ သူဆုံးသွားယင် ဒုက္ခဆုံးသွားတာဘဲ၊ သုဘော ကျပလား...(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပြန်ပြီးတော့ဘဲ မင်းမေးတာဟာ-တဲ့ အာယဲ တနခြောက်ပါး အကြွင်းအကျန်မရှိ ချုပ်သွားလို့ရှိယင် တစုံတခု ဖြစ်သေးသလားလို့မေးတော့ မင်းက ပုဂ္ဂိုလ်သတ္တဝါနဲ့ မေးတာတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

နို့... ပုဂ္ဂိုလ်သတ္တဝါ ဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား) နိဗ္ဗာန်ဘဲ ပေါ်လာတော့တယ်....(မှန်ပါ့)ဒါ့ကြောင့် နောက်က တကာတကာမတွေ ဩဩ.... ဒို့-ဆရာဘုန်းကြီးက စိတ်တွေ အရှုခိုင်းပြီးသကာလနေတာ ဘာပါလိမ့်မတုံးဆို အို-စိတ်တွေ ဖြစ်ပြီးပျက်တယ် မြင်ပါစေတော့လို့၊ စိတ်တွေ ဖြစ်ပျက်နေတာ ကိုလဲ မုန်းပါစေတော့လို့၊ စိတ်ဖြစ်ပျက်တွေလဲ ဆုံးပါစေတော့ လို့ဆိုတော့ ဆုံးသွားယင် သူက နိဗ္ဗာန်က ပေါ်ဘေးမှာမို့ ဒါ....အရှုခိုင်းတာ....(မှန်ပါ့)။

အုန်းကြည်တို့ နေရာကျရဲ့လား....(ကျပါတယ်ဘုရား)နေရာ ကျပြီတဲ့၊ ဟို....နောက်က သေသေချာချာမှတ်နော်...(မှန်ပါ့) အေးအေးစက်စက် လုပ်မနေနဲ့... (မှန်ပါ့)။

ဩော်...စိတ်ချုပ်ယင် ဟိုဟာ အကုန်ချုပ်ဘာဘဲ-(မှန်ပါ့) စိတ်ကို ရှုရင်းမတ်တန့် စိတ်တွေဟာ ဒီစိတ်တွေမလိုချင်ပါဘူးဆိုတဲ့ မဂ်ဉာဏ်လဲပေါ်လာရော ဖျတ်ဆို အဲကုန်ချုပ်သွားတော့ ဘာ ပေါ်လာသတုံး....(နိဗ္ဗာန်ပေါ်ပါတယ်ဘုရား) ဩော်....အာယ တန အဆုံးမှာ နိဗ္ဗာန်ရှိတယ်....(မှန်ပါ့)။

အဲဒါ...တစုံတခုပေါ်တာ ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘူး) စိတ်တွေ့ ဒုက္ခသစ္စာတွေ့ ချုပ်သွားတာဘဲရှိတယ်.... မှန်ပါ့) တစုံတခု မပေါ်လာသေးရဲ့လား.... (မပေါ်လာပါဘူး)။

တစုံတခုဆိုယင်ဖြင့် အဖြူကလေး ပေါ်လာတယ်၊ အနီကလေးပေါ်လာတယ်၊ လူခန္ဓာ နတ်ခန္ဓာ ပေါ်လာတယ်၊ ဒီလို ပေါ်လာတာမဟုတ်တော့ မောက္ခ ပေါ်လာတာ၊ နိဗ္ဗာန်ပေါ်လာတယ်...(မှန်ပါ့) နားလည်ပလား-ဘာဘူ....(မှန်ပါ့) မောက္ခ ပေါ်လာတာ.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ့ ဘုန်းကြီးကအားပေးတာလားတဲ့ ယခု ရဟန္တာကြီးနှစ်ပါးဖြေတော့ မင်းက ပပဉ္စမရှိတာ မင်းက ပပဉ္စရှိသေးသလားလို့ မေးနေတဲ့အတွက် ငါက ဒီလိုမခမေးနဲ့ ပြောတာ ကိုက်မနေဘူးလား....(မှန်ပါ့) သဘောပါရဲ့လား.... ပါ-ပါဘယ်ဘုရား) ပပဉ္စ နောက်ထပ် လာသေးရဲ့လား.... မလာပါဘုရား) ပပဉ္စမရှိတာ သူက ပပဉ္စရှိသေးသလား မေးတာနဲ့ အတူတူဖြစ်နေတယ်... (မှန်ပါ့)တစုံဘခုဖြစ်သေးသလားလို့ မေးတာကိုး....(မှန်ပါ့)ရှင်းမသွားသေးဘူးလား (ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဘာဆုံးအောင် လိုက်ရမှာတုံး.... ပပဉ္စဆုံးအောင် လိုက်ရပါမယ်ဘုရား)။

ဒီစိတ်ဆုံးယင် ပပဉ္စက သူ့အလိုလိုဆုံးတယ်.... (မှန်ပါ့) ငါဗျားတို့ ရှုနေတဲ့စိတ်ဆုံးသွားယင် ဘာတုံး.... (ပပဉ္စ အလိုလိုဆုံးတယ်) ပေါ်ပလား....(ပေါ်ပါပြီ) ဩော်...ဒါဖြင့် စိတ္တာ

နုပဿနာနဲ့စိတ်တွေ့ အကုန်ဆုံးသွားလို့ ရှိယင်လဲ ပပဉ္စဟာ ဘယ့်နှယ်နေသလဲ...(ဆုံးသွားပါတယ်ဘုရား)။

ပပဉ္စဆုံးတော့ ပပဉ္စနိရောဓေါ နိဗ္ဗာနံ၊ ပပဉ္စချုပ်လဲ နိဗ္ဗာန်ပေါ်တာဘဲ၊ ဘာမှာသံသယရှိနေစရာ မလိုဘူး..(မှန်ပါ့)အလုပ်ဟမားအတွက်မှာ တယ်အဘိုးတန်ပါကလား....၊ မတန်ဘူးလား။ (တန်ပါတယ်ဘုရား)။

အဲဒီတော့ ဦးအောင်ဇံဝေ နိဗ္ဗာန် အနီးကလေးဆိုတာ ခင်ဗျား စိတ်မဆုံးသေးလို့ မလားသေးတာ.... (မှန်ပါ့) စိတ်ဆုံးယင်....(လာမှာပါဘုရား) သဘောပါရဲ့လား ... (ပါ-ပါတယ်ဘုရား) ဧဟ.... မောင်ဇံဝကော သဘောကျရဲ့လား...(မှန်ပါ့) စိတ်ကို ရှုပေးရမယ်နော်... မင်း နည်းယူပါဦးကွ....၊စိတ်ရှုတဲ့နည်းလာယူဦး--၊ဆယ့်နှစ်ချက်တည်းရှိတယ်၊ဒါကလေး မောင်မြတို့ဆီတောင်းလဲ ရပါတယ်၊ သိတယ်မဟုတ်လား..(မှန်ပါ့)။

ကဲ...ဒါဖြင့် ပဌမပုစ္ဆာ အဖြေပြေသွားပလား-(ပြေပါတယ်ဘုရား) ဟိုးမေးတဲ့ ပုဂ္ဂိုလ်က ပြန်ပြောလိုက်ပါတယ်၊ ဒီ အာယတနတွေ့ ချုပ်သွားလို့ ရှိယင် တစုံ တခု ဖြစ်သေးသလားလို့... မေးတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်တဲ့လဲ၊ ဒီလို မမေးနဲ့တဲ့ (မှန်ပါ့)။

ဖြစ်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့ဘူး ဆိုတော့ ဖြစ်တဲ့တရားတွေ့ မရှိတော့ဘူး၊ နိဗ္ဗာန်ဘဲ ပေါ်လာတော့တာဘဲ....(မှန်ပါ့) ခန္ဓာတွေ့ ဘာတွေ့ ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား) ခန္ဓာလွတ်တဲ့ နိဗ္ဗာန်ဘဲပေါ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်... ဒါဖြင့် ဒို့လုပ်နေတဲ့ အလုပ်ဟာ မဆုံးသေးလို့သာ အသာ ကြည့်နေရသေးတာပါကလား၊ ဆုံးတယ်ဆိုလို့ရှိယင်ဖြင့် ဆုံးတဲ့နေရာဟာ နိဗ္ဗာန်ပါကလား....(မှန်ပါ့) ကဲ - ဦးအောင်ဇံ ဝေ....အားရှိစရာ သိပ်ကောင်းတာ....(မှန်ပါ့) မောင်မြကော...(ကောင်းပါတယ်ဘုရား) နောက်က တကာတကာမတွေကော...(အားရှိစရာ ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လိုက်ရမှာဘဲနော်--(မှန်ပါ့) ဆုံးတဲ့ပုဂ္ဂိုလ်ကတော့ ဆုံးပြီးသားထားပါတော့၊ မဆုံးတဲ့ပုဂ္ဂိုလ်က သူ့လိုက်ရမယ်၊ မဟုတ်ဘူးလား... (မှန်ပါ့)။

ကဲ... တခါ ဒုတိယအချက်မေးတယ်၊ တပည့်တော် မေးတာက ဒီ အာယတနချုပ်ပြီးလို့ရှိယင်ဖြင့် တစုံတခု မဖြစ်တော့ဘူးလားလို့ မေးတော့ ဘယ်တစုံဘခု မဖြစ်တော့ဘူးလား - မေးတော့ နိဗ္ဗာန်က ပေါ်လာတဲ့ဥစ္စာ သူက မဖြစ်တော့ဘူးလား မေးပြန်တော့ ဥစ္စာဒဖြစ်သွားလိမ့်မယ်.... (မှန်ပါ့) ဥစ္စာဒဒိဋ္ဌ မဖြစ်ပေဘူးလား - (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်က အခုစိတ်လဲ ချုပ်သွားရော နိဗ္ဗာန်က ပေါ်လာတော့ တစုံတခုမဖြစ်တော့ဘူးလားလို့ မေးတာ ဒီလိုလဲ မမေးနဲ့တဲ့-၊ မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဒီလိုမေးလိုက်တော့ကို သူက တစုံတခု မဖြစ်တော့ဘူးလား-ဆိုတော့ သြော်... နောက်ထပ် မလာတော့ဘူး အဓိပ္ပါယ်ရောက်သွားတယ်၊ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သူပြောတဲ့ တစုံတခုတော့ မဖြစ်တော့ဘူးလားလို့ မေးတော့ သူက ဥစ္စာဒဒိဋ္ဌနဲ့ မေးတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီ အာယတနတွေ့ အလုံးစုံချုပ်သွားလို့ ရှိယင်ဖြင့် တစုံဘခု မဖြစ်တော့ဘူးလားလို့....မေးတော့ ဒီ အာယတန စိတ်အာယတန၊ မနာယတန ချုပ်သွားတယ်ဆို မောင်မြတို့—ဘာဘူတို့.... မောက္ခ ပေါ်လာတာဘဲ....(မှန်ပါ့)။

ဒီစိတ်တွေ့ အကုန်ချုပ်သွားယင် မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ သူပြောတဲ့ တစုံဘခု ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

တစုံတခုဆိုတာ သူက ပုဂ္ဂိုလ်သတ္တဝါတွေ့ ပြောနေတာ၊ ကိုလောသာတွေ့ ပြောချင်ပြောနေတာ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-နံပါတ် အဖြေကော...(ပြေသွားပါပြီဘုရား) ပြေသွားပြီနော်..(မှန်ပါ့)။

ကဲ-၃-နံပါတ် တခါလောပြန်တယ်၊အရှင်ဘုရားတဲ့-တပည့်တော်မင်းမေးထားတာကတဲ့၊ဒီအာယတနတွေ့ အကြွင်းအကျန်မရှိချုပ်သွားလို့ ရှိယင် တစုံတခုဖြစ်ချည်တလှည့်, မဖြစ်ချည်တလှည့် လဒဿေးသလားလို့ မေးတော့ ကောစ္ဆသဿတဒိဋ္ဌိနဲ့ မေးထားတယ်-(မှန်ပါ့)။

ကောစ္ဆသဿတဒိဋ္ဌိနဲ့ မေးထားတယ်၊အချို့တော့ ဖြစ်တယ်၊ အချို့တော့ မဖြစ်ဘူးဆိုတဲ့ ဒိဋ္ဌိက ရှိသေးတာကိုး.... (မှန်ပါ့)။

အဲဒါ မေးထားတာလဲ ဒီလိုလဲ မမေးနဲ့လို့ မပြောထိုက်ဘူးလား...(ပြောထိုက်ပါတယ်ဘုရား)။

ဟိုက ဒီဌိန့် မေးနေတာကိုး-နော်....(မှန်ပါ့)။

အဲဒီတော့ တစုံတခု ဖြစ်ချည်တလှည့် မဖြစ်ချည်တလှည့်ကိုဘဲ လာသေးရဲ့လား....(မလာပါဘုရား) မြဲတဲ့နိဗ္ဗာန်သာ လာတော့ တာဘဲ့-နော်....(မှန်ပါ့) ဒီ့ပြင် ဘာလာသေးသတုံး.... (ဒီ့ပြင် ဘာမှမလာပါဘုရား)။

ဒီအာယတန ခြောက်ပါး ချုပ်သွားယင်လေ....(မှန်ပါ့) နိဗ္ဗာန်ဘဲပေါ်တော့ ဖြစ်ချည်တလှည့်, မဖြစ်ချည်တလှည့်လို့ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒါ့ကြောင့် ဒီလိုလဲမမေးနဲ့ဆိုတဲ့စကားဟာ ကျေလည် မသွားသေးဘူးလား....(ကျေလည်သွားပါတယ်ဘုရား)။

ကျေသွားပြီ၊ သုံးချက်ရှိသွားပြီ-နော်....(မှန်ပါ)။

အဖွဲ့ကြီးတွေ သေသေချာချာ မှတ်စမ်းပါ ဒီဥစ္စာ၊ နား မလည်ဘဲ မရှိပါစေနဲ့၊ အတော်လဲအရေးကြီးတယ် ဆိုတဲ့ဥစ္စာ ပေါ်လာတယ်-နော်....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် လေးခုမြောက်ကို ဘယ်လို မေးလိုက်ပြန်သတုံး ဆိုတော့ ဒီ-ပပဉ္စ အကြောင်းအကျန်မရှိ ချုပ်သွားလို့ရှိယင် မဖြစ် သည်မဟုတ်၊ ဖြစ်သယောင်ယောင် နောက်ထပ်လာသေးသလား လို့ မေးလိုက်တယ်၊ ပုဂ္ဂိုလ်သတ္တဝါနဲ့မေးတာ သူက....(မှန်ပါ့) နော်...၊ အဲဒီတော့ ဒီလိုမေးသင့်- မမေးသင့်... (မမေးသင့်ပါ ဘုရား)။

မမေးသင့်ဘူး....တဲ့၊ ဒီ-ပပဉ္စချုပ်သွားတယ် ဆိုလို့ရှိယင်ဖြင့် ဒုက္ခတွေချုပ်ပြီး သုခနိဗ္ဗာန်ပေါ်လာတာဟာ ဖြစ်သည်မဟုတ်၊

ဖြစ်သယောင်ယောင်ဆိုတဲ့ စကားနဲ့ကော ဝင်ရှုပ်လို့ ရသေးရဲ့လား...(မရပါဘုရား)။

မရတော့ အမရာဝိက္ခေပဒိဋ္ဌိနဲ့ မေးသွားပြန်တော့လဲ ဒီလိုလဲမမေးနဲ့ဆိုသဖြင့် မောင်မြ ကန့်ကွက်ရမယ်.... (မှန်ပါ့) မကန့်ကွက်ရဘူးလား.... (ကန့်ကွက်သင့်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ- ဒါဖြင့် ကွာ....တဲ့၊ ငါ-ရှင်းရှင်းကလေး မင့်ကို ပြောပါမယ်တဲ့၊ တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ပပဉ္စရှိတဲ့ပုဂ္ဂိုလ်ဟာ-တဲ့၊ နောက် အာယတနတွေဆက်လာတာဘဲ၊ နောက်ခန္ဓာတွေ ပေါ်တာဘဲ၊ ဟာ.... ခန္ဓာပေါ်တယ်ဆိုတော့ အာယတနလဲ ပေါ်တော့တာပေါ့!....(ဆက်လာပါတယ်ဘုရား) ဆက်လာမှာဘဲ။

ပပဉ္စရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အာယတနပေါ်မယ်၊ အာယတနချုပ်သွားတဲ့ပုဂ္ဂိုလ်ဟာ ပပဉ္စ.... (မပေါ်တော့ပါဘုရား)။

မပေါ်တော့ဘူး“ယာဝတာ ဆန္နံ အာယတနာနံ ဂတိ ပပဉ္စသဂတိ” ပါဋ္ဌိတော်က၊ ယာဝတာ= အကြင်မျှလောက်ကုန်သော၊ ဆန္နံ=ခြောက်ပါးကုန်သော၊ အာယဘနာနံ= အာယတနတို့၏၊ ဂတိ=လားရာသည်၊ ပပဉ္စသ=ပပဉ္စ၏၊ ဂတိ=ပေါ်ထုတခုဘဲ။

အာယတန ချုပ်အောင် မရှုနိုင်ကြလို့ရှိယင် နောက်ထပ် ပပဉ္စတွေလာမှာဘဲ၊ ပပဉ္စလာယင် ခန္ဓာလာဦးမလား၊ မလာတော့ဘူးလား....(လာမှာပါဘုရား) လာမှာဘဲ။

" ဆန့်" အာယတနာနံ အသေသနိရောဓေါ အနုပ္ပါဒနိ-ရောဓေါ " ခြောက်ပါးသော အာယဘနတွေ့ အလုံးစုံအကုန် ချုပ်သွားလို့ ရှိယင်ကွာ-တဲ့၊ ဒီဥစ္စာ ခန္ဓာချုပ်သွားတဲ့ အတွက် နိဗ္ဗာန်ဘဲ ပေါ်တော့တာဘဲ....(မှန်ပါ့)။

ဒါဖြင့် အာယတနတွေ့ ချုပ်သွားလို့ ရှိယင်လဲ ပပဉ္စချုပ်တာဘဲ.... (ချုပ်ပါတယ်ဘုရား) ပပဉ္စ အထူးသတ်စရာ လိုသေးသလား....(မလိုပါဘုရား)။

ပပဉ္စ အထူးသတ်စရာလိုသလား၊ ကိုယ်က ဒီအာယတနဘဲ ကုန်အောင် ချုပ်အောင် လုပ်ဘို့လိုသလား.... (ချုပ်အောင်လုပ်ရပါ့မယ်ဘုရား)မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ဒါဖြင့် ပပဉ္စရှိတဲ့ ပုဂ္ဂိုလ်၏လားရာသည် ခြောက်ပါးသော အာယတန ချုပ်ခအောင်မရှုနိုင်တဲ့ ပုဂ္ဂိုလ်သည် နောက်ပဋိသန္ဓေ လာဦးမှာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခြောက်ပါးသော အာယတနချုပ်ခအောင် ရှုနိုင်တဲ့ပုဂ္ဂိုလ် သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့်-တဲ့၊ နိဗ္ဗာန်ဆိုတာ ပေါ်တော့တာဘဲ၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သြော်.... ဒီ-ရှင်မဟာကောဋ္ဌိကနဲ့ ရှင်သာရိပုတ္တရာ မေးတဲ့အဖြေဟာဖြင့် ပဌမ မေးလိုက်ကတည်းက သဿတဒိဋ္ဌိနဲ့ မေးတယ်-နော်.... (မှန်ပါ့) ခြောက်ပါးသော အာယဘန ချုပ်ပြီးသည့်နောက် တစုံတခု ဖြစ်သေးသလား လို့ မေးတော့ကို သဿတဒိဋ္ဌိနဲ့ သူမေးတယ်နော်....(မှန်ပါ့)။

ခြောက်ပါးသော အာယတန ချုပ်သွားပြီးသည့်နောက် တစုံတခု မဖြစ်တော့ဘူးလားလို့ မေးပြန်တော့ကော....(ဥစ္ဆေဒ ဒိဋ္ဌိနဲ့ မေးပါတယ်ဘုရား)။

ခြောက်ပါးသော အာယတနအကြွင်းမရှိ ချုပ်သွားပြီးသည့် နောက် ဖြစ်ချည်တလှည့်·မဖြစ်ချည်တလှည့်လားဆိုတော့ ကောစ္ဆ သဿတဒိဋ္ဌိနဲ့ မေးတယ်....(မှန်ပါ့)။

ခြောက်ပါးသော အာယတန ချုပ်သွားပြီးသည့်နောက် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင်,ဖြစ်သေးသလိုလို ရှိသေး သလားလို့ မေးတာတော့ အမရာဝိက္ခေပဒိဋ္ဌိနဲ့ မေးတယ်၊ မမေး ဘူးလား...(မေးပါတယ်ဘုရား)။

အဲဒီတော့ ဒီနေရာကလေးမှာ မေးတဲ့ပုဂ္ဂိုလ်ကလဲ ဒိဋ္ဌိပြုတ် ပြီးသားလား .... မပြုတ်ရသေးဘူးလား....လို့ မေးယင် ဘယ် နှယ်ဖြေကြမလဲ(ပြုတ်ပြီးသားပါဘုရား) အမေးခံတဲ့ပုဂ္ဂိုလ်ကလဲ ဒိဋ္ဌိပြုတ်ပြီးသားနော်... (မှန်ပါ့ဘုရား) အမေးခံတဲ့ပုဂ္ဂိုလ်ကလဲ ရဟန္တာပါ၊ မေးတဲ့ ပုဂ္ဂိုလ်ကကော ရဟန္တာပါ၊ ရဟန္တာဘဲ ဒိဋ္ဌိ ပြုတ်ပြီးသားတွေ....။

ဘယ်နှယ်ကြောင့် သူတို့က ဒိဋ္ဌိသံတွေနဲ့ မေးနေရသတုံး.... ဆိုတဲ့စကားဟာ ပုစ္ဆာတခု ထုတ်လာတယ်....(ထုတ်လာပါတယ် ဘုရား) ဩော်.... ငါတို့ မရှိသည့်နောက် ရဟန္တာကြီးနှစ်ပါး ဘုရားသာသနာကလဲ မရှိ၊ ငါတို့ကလဲ သေကြတော့မယ်၊ထိုကဲ့သို့ သေကြတဲ့အခါ ဒီ အမေးတွေ ပေါ်ရစ်လိမ့်မယ်၊ သဘောကျ မလား_(မှန်ပါ့)။

ဒီ အမေးတော့....(ပေါ်ပါမုယ်) ပေါ်လိမ့်မယ်၊ ပေါ်ယင် ဒီဌိဖြစ်ကုန်ကြမယ်၊ မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား) အဲဒါကြောင့် ငါတို့နှစ်ပါး အသိဉာဏ်ဆုံးတဲ့ ပုဂ္ဂိုလ်နှစ်ပါး အမေး·အဖြေ ရှင်းထားခဲ့ရလို့ရှိယင် နောင်ကို ဒီစကားတော့ဟာ မလာတော့ဘူး၊ ဒီဌိစကားတွေ လာပါဦးမလား.... (မလာပါဘုရား)။

ဒါဖြင့်... တဲ့ ခင်ဗျားတို့ မှတ်စရာက ဒီ အာယတနခြောက်ပါးချုပ်လို့ရှိယင် နိဗ္ဗာန်ဘဲ....(မှန်ပါ့) အာယတနခြောက်ပါးမချုပ်လို့ရှိယင် ပပဉ္စဘဲနော်....(မှန်ပါ့)မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

အာယတနခြောက်ပါးချုပ်လို့ရှိယင်....(နိဗ္ဗာန်ပါဘုရား) မချုပ်ယင်... (ပပဉ္စပါဘုရား) ပပဉ္စလာမှာဘဲ၊ တဏှာ,မာန,ဒိဋ္ဌိ လာမယ်ဆိုတာ မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

အာယတနခြောက်ပါး ချုပ်ဖအောင် ရှုနိုင်ယင်.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဘဲ၊ ပပဉ္စချုပ်တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အာယတနခြောက်ပါး မချုပ်ဘဲ့ ပုဂ္ဂိုလ်ဟူသ၍မှာဖြင့် ဘာလာမလဲ.... (ပပဉ္စလာပါမယ်ဘုရား) ချုပ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟူသ၍ဖြင့်....(နိဗ္ဗာန်လာပါမယ်ဘုရား) ဒါဖြင့် ဒီချုပ်အောင် လုပ်ဘဲ့နည်းဖြင့် ခင်ဗျားတို့ ဒီ့ပြင် ချုပ်ရပါလို့၏ ဆိုသဖြင့်လဲ ချုပ်မှာ မဟုတ်ဘူး....(မချုပ်ပါဘုရား) ချုပ်ရပါလို့၏၊မြန်မြန်ကြီး နိဗ္ဗာန်ရ-ရပါလို့၏ ဆိုလို့တော့ဖြင့် အာယတနခြောက်ပါးကို တပါးပါးမှ ခင်ဗျားတို့က ဝိပဿနာဉာဏ်နဲ့

မရှုခဲ့သည်ရှိသော်...တဲ့၊ ချုပ်စရာ အကြောင်းမြင်ရဲ့လား .... (မမြင်ပါဘုရား)။

ဒါဖြင့် ဆုတောင်းသမားတွေ ဟူသ၍ဟာဖြင့် ဘာဘူး.... လျော်ပစ်ရမယ်.... (မှန်ပါ့)မရနိုင်ဘူး၊ဘာဖြစ်လို့တုံး.... သူချုပ်မှ ပပဉ္စချုပ်မယ်လို့ ပြောထားတယ်.... (မှန်ပါ့)။

ပပဉ္စတို့၏ အသက်ဟာတဲ့ ပပဉ္စရှိတဲ့ပုဂ္ဂိုလ်ဟာ နောက်ခန္ဓာဖြစ်ပေါ်မှာဘဲ... (ပေါ်မှာပါဘုရား) ပပဉ္စချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာလဲ ခန္ဓာလာပါ့မလား....(ချုပ်သွားပါတယ်ဘုရား) ဒါဖြင့် ပပဉ္စချုပ်ချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ စိတ်ခန္ဓာ ချုပ်အောင်လုပ်.... (မှန်ပါ့ဘုရား) ပပဉ္စ လာသေးရဲ့လား.... (မလာပါဘုရား)။

သြော်....ဒါဖြင့် ပပဉ္စချုပ်သွားလို့ရှိယင်ဖြင့် တဲ့ ပပဉ္စနိဗ္ဗာန်ရောက်ဆိုတဲ့အတိုင်းတဲ့ ခန္ဓာပါချုပ်သွားတာဘဲ....(မှန်ပါ့)ခဲ့ပြီးမည့်တရားချုပ်တော့ ခန္ဓာလာသေးရဲ့လား....(မလာပါဘုရား) ဒါဖြင့် အာယတနချုပ်မှ ပပဉ္စချုပ်မယ်....(မှန်ပါ့) အာယတနချုပ်မှ.... (ပပဉ္စချုပ်ပါမယ်ဘုရား) ပပဉ္စချုပ်မယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) အာယတန မချုပ်သေးယင်... (ပပဉ္စမချုပ်သေးပါဘုရား)။

ဒါဖြင့် ချုပ်အောင် ခင်ဗျားတို့ ဘယ့်နယ် လုပ်မတုံးလို့ မေးတော့ ဒီ အာယတနကလဲ ကိုယ့်ခန္ဓာထဲမှာ ရှိနေတယ်၊ အလုပ်ပြောတော့မယ်နော်....ဒါရဟန္တာကြီးနှစ်ပါးကတော့ ဆုံးဖြတ်ချက် ချသွားပြီ....(မှန်ပါ့)။

ရဟန္တာကြီးနှစ်ပါးကတော့ ဆုံးဖြတ်ချက်ချသွားပြီ၊ ပပဉ္စ ချုပ်လို့ရှိယင် နိဗ္ဗာန်ဘဲကွ..၊ပပဉ္စမချုပ်လို့ရှိယင်ဖြင့် ခန္ဓာလာ မှာဘဲကွ....၊ ရှင်းကြပလား....(ရှင်းပါပြီ)ပပဉ္စချုပ်ယင်.....(နိဗ္ဗာန် ပါဘုရား) ပပဉ္စမချုပ်ယင်.....(ခန္ဓာလာပါမယ်ဘုရား) ခန္ဓာက ဘာသစ္စာလဲ .... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ပပဉ္စမချုပ်ယင် နောက်ဒုက္ခ လာမှာဘဲ.....(မှန်ပါ့)ပပဉ္စချုပ်ယင်.....(ဒုက္ခသိမ်းမှာ ပါဘုရား) ဒုက္ခဆိမ်းမှာဘဲဆိုတာ လှည့်ဆန့်တို့ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီ တကာတကာမတွေ့မှာ ပပဉ္စ ချုပ်ဘို့ရာ ပပဉ္စသတ်နေလို့တော့ မရဘူး၊ ပပဉ္စဖြစ်ကြောင်း သတ်လိုက်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ပပဉ္စကို သတ်မလား....၊ ပပဉ္စဖြစ်ကြောင်း သတ်မလား.... (ဖြစ်ကြောင်း သတ်ပါမယ်ဘုရား) ဒါဖြင့် ပပဉ္စဖြစ်ကြောင်း ဟာ ခင်ဗျားတို့ မနာယတနဆိုတဲ့ စိတ်ဘဲ....(မှန်ပါ့)မပေါ်လာ ဆေးဘူးလား....(ပေါ်ပါတယ်ဘုရား) ဟိုဟာတော့ ရုပ်ဘက်က အသာထားလိုက်နော်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ စိတ်သည် ဘုန်းကြီးက သင်ထားတယ်၊ မောင်နိုင်ရေ....မြင်စိတ်ဆိုတာလဲ ဧည့်သည်စိတ်၊ သူပေါ်လာလဲ ဖြစ်ပျက်ရှု၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကြားစိတ်ဆိုတာလဲ....(ဖြစ်ပျက်ရှုရမှာပါဘုရား) ဧည့်သည် တော့ ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား)နှာခေါင်းထဲ နံတဲ့စိတ်ကလေး ပေါ်လာယင်လဲ....(ဖြစ်ပျက် ရှုရမှာပါဘုရား) မွှေးတဲ့စိတ်

ကလေးပေါ်လဲ.... (ဖြစ်ပျက်ရှု) လျှာပေါ် စားတဲ့စိတ်ကလေး ပေါ်လာယင်....(ဖြစ်ပျက်ရှု)ဖြစ်ပျက်ရှုရမယ်တဲ့။

တခါ ကိုယ်ထဲမှာ ဝမ်းထဲမှာ လေဘာ ကလေး ပေါ် လာယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်) ဒေါသကလေးပေါ်လာ ယုင်... (ဖြစ်ပျက်ရှုရပါမယ်) မောဟကလေး ပေါ်လာယင် .... (ဖြစ်ပျက်ရှုရပါမယ်) အလောဘဆိုတဲ့ ကုသိုလ်စိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်) အဒေါသဆိုတဲ့ မေတ္တာ စိတ်ကလေးများ ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဘာမှမရှိလို့ ရှိယင် လေကိုထုတ်အောင် အားထုတ်တဲ့ စိတ်၊ မဟုတ်ဘူးလား.... ရှုပေးနော်....(မှန်ပါ့) လေကိုပြန်ရှိုက်တဲ့ စိတ်ကော....(ရှုပေးရမှာပါဘုရား)။

ရှုပေးလိုက်တော့ သြော်....ဒီစိတ်တွေဟာ ဘယ်သူတွေတုံး.... မေးတော့ ဒီစိတ်တွေဟာ ဦးအောင်ဇံဝေလို့ ဆိုင်းဘုတ်ဆွဲလဲ ရတာဘဲ၊ဒီစိတ်ရှိနေတုန်း ဦးအောင်ဇံဝေ ခေါ်နေတာကိုး .... (မှန်ပါ့)။

ဒါဖြင့် ဒီစိတ်သည် တကာတကာမတို့ ဒီစိတ်သည်ဘာပါ လိမ့်မတုံးဆိုတော့ ခန္ဓာ....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ) ဒီ.... စိတ်ဟာ ဘာပါလိမ့် ... (ခန္ဓာပါဘုရား) ခန္ဓာဆိုတာ ဝိညာဏကွန်ရှာ၊ သဘောပါပလား.... (ပါပါပြီ) ခန္ဓာဆိုတာ ဘာတုံး....(ဝိညာဏကွန်ရှာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာငါးပါးဆိုတာ ဝိညာဏကွန်ရှာဝမ်းထဲ ရှိနေတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)

ဩော် .... ခန္ဓာဆိုတာ ဘာပါလိမ့်မတုံး မေးတဲ့အခါကျတော့ စိတ်တွေဟာ ဝိညာဏကွန္ဓာ၊ရှင်းပလား....(ရှင်းပါပြီဘုရား)အဲဒီ စိတ်တွေကို ဦးအောင်ဇံဝေက မုန်းအောင်ရှု၊ဖြစ်ပျက်မြင်အောင် ရှု-(မှန်ပါ့)ဖြစ်ပျက် မြင်အောင်ရှုယင် ယထာဘူတဉာဏ် ရမယ်....(မှန်ပါ့)။

လှည့်ဆန့် ဘာဘဲ့တုံး .... (ဖြစ်ပျက်မြင်အောင်ရှုယင် ယထာဘူတဉာဏ် ရပါမယ်ဘုရား)ဖြစ်ပျက်မြင်ယင်....(မှန်ပါ့)။

ဖြစ်ပျက်မုန်းယင် (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)နိဗ္ဗိန္ဒဉာဏ်ရမယ်.(မှန်ပါ့)။

ဖြစ်ပျက်မုန်းယင် .. (နိဗ္ဗိန္ဒဉာဏ်ရပါမယ်ဘုရား)။

ဒီဖြစ်ပျက်ကလေးတွေ မုန်းအောင်သာရှုနေ၊ အဲဒီဖြစ်ပျက်မလိုချင်တော့ပါဘူးဆိုကော့ မဆုံးသွားဘူးလား .... (ဆုံးသွားပါတယ်)ဆုံးသွားယင် နိဗ္ဗာန်မြင်တဲ့ဉာဏ် မလာပေဘူးလား.... (လာပါတယ်) မဂ်ဉာဏ်မရသေးဘူးလား...(ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဦးအောင်ဇ ံဝေ ငါသုပ်နေတဲ့ အလုပ်ဟာ တယ်လဲထောက်ခံချက် ကောင်းပါကလား ဆိုတာ ပေါ်လာတယ်...(မှန်ပါ့) မကောင်းသေးဘူးလား .... (ကောင်းပါတယ်ဘုရား)ထောက်ခံချက် အင်မဘန်ကောင်းပါဘယ်။

သို့သော် ဒီ-မောင်ရွှေဝတို့ လူစုကျခေတာ့ လှုယ်လှုယ်ပြောလိုက်ယင်လဲရပါတယ်၊ ဟော-၁ ကို ၂-နဲ့ လိုက်ပေး၊ရှင်းပလား (ရှင်းပါပြီ)။

၁-ကို....(၂-နဲ့လိုက်ပေးရမယ်) ၁-ကို ၂-နဲ့လိုက်ပေး။

၁-ကို ၂-နဲ့လိုက်ဆိုတော့ ပဌမ ၁-နံပါတ်စိတ် ပေါ်တယ်၊ ၂-နံပါတ်နဲ့သူ့ကိုမရှိတော့ဘူးလို့သိအောင်လုပ်ပေး.... (မှန်ပါ့) ၁-ပေါ်တိုင်း ၂-က မရှိတာ သိအောင်လုပ်ပေး....(မှန်ပါ့)။

၁-ပေါ်တိုင်း ဘာတုံး.... (၂- က မရှိတာ သိအောင်လုပ်ပေး ရပါမယ်ဘုရား)။

၂-က ဩော်.... မရှိတော့ဘူး၊ မရှိတော့ဘူးလို့ နောက်က သိတဲ့ဉာဏ်လိုက်ပေး....(မှန်ပါ့)။

၂-ဟာ တခါတည်း တကာတကာမတွေ့ မှတ်ထား၊ပါ၊၁-ကို ၂-နဲ့ လိုက်လို့ရှိယင်ဖြင့် ပပဉ္စချုပ်တာဘဲ.... (မှန်ပါ့) သဘော ပါပလား....(ပါ-ပါပြီဘုရား)။

၁-ကို.... (၂-နဲ့လိုက်ယင်ပပဉ္စချုပ်ပါတယ်ဘုရား) ပပဉ္စချုပ်တယ်....(မှန်ပါ့)။

၁-ကို ၂-နဲ့လိုက်ယင်....(ပပဉ္စချုပ်ပါတယ် ဘုရား) ပပဉ္စချုပ်တယ်ဆိုတာ ကျေနပ်ပလား... (ကျေနပ်ပါပြီ)။

ဒါဖြင့် ၁-က ဥပမာမယ် တခုသက်သေခံ လုံလောက်အောင် ပြပါမယ်....(မှန်ပါ့) စား၊ချင်တဲ့စိတ်ကလေးဟာ ရှေးဦးစွာပေါ်လာတယ်၊ကိုယ့်သန္တာန်မယ် .... (မှန်ပါ့) သူရှိသေးသလား....၊ မရှိတော့ဘူးလားဆိုတာ နောက်ကနေ ဆင်ခြင်လိုက်စမ်း .... (မရှိပါဘုရား)။

ဆင်ခြင်တဲ့စိတ်လာတော့ ဟိုစိတ်ရှိသေးရဲ့လား .... (မရှိပါဘုရား)ခန္ဓာကိုယ်ထဲမှာက တစိတ်ဖြစ်ရမှာကိုး....(မှန်ပါ့)။

ဆင်ခြင်တဲ့ဝိပဿနာဉာဏ်ရောက်လာယင်ဘဲ ခုနင်္ကစားချင်တဲ့စိတ်ဟာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ မရှိဘာက တကာတကာမတို့ ၁၊ မရှိမှန်းသိတာက "၂....(မှန်ပါ့)ဒါဖြင့် ၁-ကို ၂-နဲ့ လိုက်နေယင် ပြီးတာဘဲ.... (မှန်ပါ့)။

၁-ကို....(၂-နဲ့ လိုက်နေယင် ပြီးတာပါဘဲဘုရား)။

၁-ကို ၂-နဲ့လိုက်နေ- လိုက်နေလို့ရှိယင်ဖြင့်....တဲ့၊ လိုရာခရီးအပြီးတိုင်မရောက်ဘူးလား... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တံဝန်မှာ တနေ့ဒီလို ၁- ပေါင်း ဘယ်လောက်ပေါ်မဘုံးမေးယင်.... (မခရတွက်နိုင်ပါဘုရား)ဟုတ်လား....(မှန်ပါ့)။

ဒါဖြင့် ရှေ့စိတ်ကို နောက်ဉာဏ်နဲ့လိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာတဲ့တုံး(ရှေ့စိတ်ကိုနောက်ဉာဏ်နဲ့လိုက်ရပါမယ်ဘုရား)။

ဘယ်စိတ်ပေါ်ပေါ်၊နောက်ကနေပြီး ရှိသေးသလား-မရှိဘူးလားသာတွေး....(မှန်ပါ့) တွေးလိုက်ယင် ဘာကွေ့မယ် ထင်ကြသလဲ....(မရှိတာ တွေ့ပါတယ်ဘုရား)။

ဒီလိုဆိုတော့ မရှိတာက အနိစ္စ၊တွေ့တာက မဂ္ဂဖြစ်နေတာဘဲ....(မှန်ပါ့) ဒီတော့ မဂ်ဟာ ပပဉ္စဖြတ်တာဘဲ၊ မဂ်ဟာ .... (ပပဉ္စဖြတ်တာပါဘုရား) ပပဉ္စဖြတ်တယ်ဆိုတော့ မင်းတို့ကဖြတ်ရတာလား၊ ပပဉ္စက သူ့ဟာသူ သေတာလား ....

မင်္ဂလာတာ သက်သက်ဘဲလားလို့ မေးယင် ဘယ့်နှယ်ပြောကြမှုယ်....(မင်္ဂလာတာသက်သက်ပါဘုရား)။

မင်္ဂလာတာ သက်သက်၊ မင်္ဂနဲ့ဆန့်ကျင်ဘက်မို့ ပပဉ္စကမလာတာ....(မှန်ပါ့)မဟုတ်ဘူးလား ...(မှန်ပါ့)။

ဥပမာမယ် ဒီနေရာမှာ မြေပါတယ်လို့ အောက်ဆိုမှာ ရှိတယ်၊မြေပါကလေး လှတ်လိုက်တော့ မြေပါက မြေတွေဖမ်းတာ မဖမ်းတာမဟုတ်ဘူး၊သူလာတာနဲ့ဟိုမြေတွေ ပျောက်ကုန်တာဘဲ....(မှန်ပါ့)မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။

အဲဒီတော့ သူကလဲလျှောက်သတ်တာလား၊သူ့အရှိန်အစော်ကြောင့်ပျောက်ရတာလား.... (သူ့အရှိန်အစော်ကြောင့်ပျောက်ရတာပါဘုရား)။

ဒီမှာလဲ မင်္ဂအရှိန်အစော်ကြောင့် ပပဉ္စပျောက်တာ (မှန်ပါ့) ပပဉ္စလာလို့ ပျောက်တာလား၊မလာဘဲနဲ့ပျောက်နေတာလား-(မလာဘဲနဲ့ ပျောက်နေတာပါဘုရား) လာခွင့်မရဘဲနဲ့ပျောက်တာ.. (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ့်နှယ်ဆိုကြပါ့မယ်.... (လာခွင့်မရဘဲနဲ့ ပျောက်တာပါဘုရား)။

လာခွင့်မရဘဲနဲ့ ပျောက်တယ်ဆိုတော့ သြော်.... မင်္ဂဆိုတာသည် ပပဉ္စကိုလေသာ ပယ်တယ်ဆိုတာ ကောင်းကောင်း ရှင်းမသွားသေးဘူးလား... (ရှင်းသွားပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ဘယ်ဟာတွေ ထောက်ခံချက်ပေးပါလိမ့်မတုံးလို့ မေးတဲ့အခါ စိတ်ရှုနေတဲ့ ပုဂ္ဂိုလ် ထောက်ခံချက်

အပြည့်ပေးလိုက်တာပေါ့....(မှန်ပါ့)သဘောပါပလား .... (ပါပါပြီဘုရား)။

စိတ်ရှုနေတဲ့ ပုဂ္ဂိုလ်ကို .... (ထောက်ခံချက် အပြည့်ပေးပါဘယ်ဘုရား)ထောက်ခံချက် အပြည့်ပေးလိုက်တော့ ဦးအောင်ဇံဝေက ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ဟာ.... ဘာ့ကြောင့်ချုပ်တဲ့နိဗ္ဗာန် မမြင်သေးပါလိမ့်မတုံးဆို့ တော့ စိတ်မဆုံးသေးလို့ ဟုတ်ကဲ့လား....(မှန်ပါ့)ဘယ့်နှယ်ဆိုမလဲ... (စိတ်မဆုံးသေးလို့ပါဘုရား)။

မဆုံးသေးတော့ ဖြစ်ပျက်တွေ့နေယင် မဆုံးသေးဘူး .... (မှန်ပါ့)ဘယ်စိတ်လာလာ ဖြစ်ပြီး ပျက်သွားတာ တွေ့နေတယ်၊ နောက်စိတ် လာပြန်လဲ ဖြစ်ပြီး ပျက်သွားတာ တွေ့နေတယ်၊ နောက်စိတ် လာပြန်ကော .... (ဖြစ်ပြီး ပျက်သွားတာ တွေ့နေပါတယ်ဘုရား)။

တွေ့နေသေးလို့ရှိယင် လာသေးလို့တွေ့တာ .... (မှန်ပါ့) သူမလာတော့ဘူးဆိုယင် ဖြစ်ပျက်ကို တွေ့နေဘို့လိုသေးသလား (မလိုတော့ပါဘုရား)။

မလိုလို့ရှိယင်ဖြင့်....တဲ့ ဒါ ပပဉ္စနိရောဓောဲ့....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်လိုဆိုမလဲ....(ပပဉ္စ နိရောဓောပါဘုရား) ပပဉ္စနိရောဓော-ပပဉ္စချုပ်သွားပြီတဲ့၊ သဘောပါကြလား.... (ပါ-ပါပြီ)။

ဒါဖြင့် ဒီအလုပ်သည် ခင်ဗျားတို့ နိဗ္ဗာန်ဟာ ပပဉ္စချုပ်တာ နိဗ္ဗာန်ဘဲဆိုတော့ နိပ္ပပဉ္စကိုး၊ ပပဉ္စချုပ်တယ် ချုပ်ချင်လို့ချုပ်

ရတာလား၊ ၁-ကို ၂-နဲ့ လိုက်နေတာနဲ့ဘဲ လိုက်ပါမျှားလို့ ချုပ်သွားတာလား.... (၁-ကို ၂-နဲ့ လိုက်လို့ လိုက်ပါမျှားလို့ ချုပ်သွားတာပါဘုရား)။

လိုက်ပါမျှားတော့ ချုပ်သွားတော့ လိုက်ပါမျှားတော့ ရင့်မသာဘူးလား....(ရင့်လာပါတယ်ဘုရား)။

ပဌမတော့ ဖြစ်ပျက်မြင်တဲ့ ဉာဏ် တယ်-မရင့်သေးဘူး.... (မှန်ပါ့) နောက်-ဒုတိယဖြစ်ပျက် မုန်းတဲ့ဉာဏ်ဆိုတော့ ဘယ့်နှယ်နေသတုံး.... (ရင့်ပါတယ်ဘုရား) ရင့်ပြီ- သူက အလတ်စား ရင့်တယ်....(မှန်ပါ့)။

နောက်ကျတော့ ဒီ-ဝိညာဏကွန္ဓာ ဖြစ်ပျက်ကြီးကိုဘဲ ဒုက္ခသစ္စာ အစစ်အမှန်သိပြီးသကာလ မလိုချင်တဲ့ဉာဏ် မလာပေဘူးလား....(လာပါတယ်ဘုရား)။

လာတော့ ဒါ-ဉာဏ်ရင့်တာ ကုန်ပြီ.... (မှန်ပါ့) ကုန်တော့ ဖြစ်ပျက်က ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ကို ပပဉ္စခြုပ်သွားတော့ကို ဒီစိတ်ရှိနေလို့ ပပဉ္စ ရှိနေတာကိုး... (မှန်ပါ့) စိတ်မှ မရှိဘဲနဲ့ ပပဉ္စက ရှိချင်နေလို့ ဘယ့်နှယ်နေသေးသလဲ....(မဖြစ်နိုင်ပါဘုရား) မရှိနိုင်ဘူးဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ကောင်းကောင်း လိုက်တတ်ပလား....(မှန်ပါ့) နောက်က တကာတကာမတွေ့....(လိုက်တတ်ပါပြီဘုရား) လိုက်တတ်ပြီနော်....(မှန်ပါ့)။

သြော်....ဒါဖြင့် ပပဉ္စချုပ်ဘို့ရာ တဏှာ,မာန,ဒိဋ္ဌိ ပပဉ္စကို ကျုပ်တို့ဖြင့် အကြောက်ဆုံးဘဲ-(မှန်ပါ့) တဏှာလာလဲ....တဏှာ ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏ၊မာနလာလဲ မာန မာနုပါဒါန် မာနကျေးဇူးပြုတဲ့ကံတွေ့ လာဦးမှာဘဲ....(မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)။

ဒိဋ္ဌိလာပြန်လို့ရှိယင် ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိက ကျေးဇူးပြုတဲ့ကံတွေ့ မလာပေဘူးလား.... (လာပါတယ်ဘုရား) ကမ္မဘုဝပစ္စယာ ဇာတိတွေ့က ဖြတ်လို့ရသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ကိုတဲ့ ဇာတိဒုက္ခ မကြောက်ပါနဲ့....၊ ဇရာဒုက္ခ မကြောက်ပါနဲ့၊ ပပဉ္စချုပ်အောင် လုပ်လိုက်....(မှန်ပါ့)။

တဏှာ မာန ဒိဋ္ဌိချုပ်အောင်.... (လုပ်ရပါမယ်ဘုရား) သူလာတော့ကို သူ့လိုက်သတ်ရမှာလား....တဲ့၊ သူမလာအောင် တားတဲ့ဥာဏ် ပေါ်အောင် လုပ်ရမှာလားမေးယင် ဘယ်နှယ်ဖြေကြမယ်.... (သူမလာအောင် တားတဲ့ဥာဏ် ပေါ်အောင်လုပ်ရမှာပါဘုရား) ရှင်းပလား.. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဥာဏ်လာယင် အလိုလိုသွားတာဘဲ....(မှန်ပါ့)ဥပမာမယ် ဓါတ်မီးထွန်းလိုက်တယ် ဘုန်းကြီးက၊ ထွန်းလိုက်တော့ မောင်ရွေဝရေ တကျောင်းလုံး လင်းသွားတယ်၊ အမှောင်တွေ့ဟာ ဘယ်သွားကုန်သတုံးမေးတော့ ဘယ်မှ မသွားဘူး၊ ဒီနေရာတွင် ပျောက်ကုန်တယ်၊ ဘယ်သွားတယ်လို့ မင်းတို့ မြင်ကြရဲ့လား၊ အမှောင်တွေ့ တတန်းကြီး ထွက်သွားတယ်လို့များရှိရဲ့လား....(မရှိပါဘုရား)။

မရှိပါဘူး၊ ဘယ်နှယ်ကြောင့် ပျောက်သွားပါလိမ့်မတုံးဆို တော့ အလင်းရောက်လို့ အမှောင်ပျောက်တာဘဲ.... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ ဒုက္ခပျောက်လို့ သုခရောက်မှာဘဲ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒုက္ခပျောက်လို့.... (သုခရောက်ရမှာပါဘုရား)။

ဒါဖြင့် ဝိညာဏက္ခန္ဓာဟာ ဘာသစ္စာတုံး ဦးအောင်ဇံ၁ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ ချုပ်သွားတော့ အင်း.... အမှောင်ဒုက္ခ ချုပ်သွားတော့ အလင်းနိဗ္ဗာနသစ္စာ လာရမှာလား - မလာ ရမှာလား....(လာရမှာပါဘုရား)။

အေး.... ဗီအကြောင်းသာ မှတ်ထား၊ မီးထွန်းလိုက်သည်နဲ့ တပြိုင်တည်း မောင်မြ ဘာတွေ ပျောက်သွားသလဲ....(အမှောင် ပျောက်သွားပါတယ်ဘုရား)။

အမှောင်ပျောက်သွားတယ်၊ ဘယ်နှယ်ကြောင့် ပျောက် သွားသတုံး၊ သူကလိုက်ပြီး စားသောက်ပစ်သလားလို့ မေးတော့ ဘယ်နှယ်တုံး....(မဟုတ်ပါဘုရား)။

မဟုတ်ဘူးတဲ့.... စားသောက်ပစ်တာလဲ မဟုတ်ပါဘူး၊ သူက နိုင်လိုမင်းထက် လုပ်တာလဲ မရှိပါဘူး....၊ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အင်း....သူ့နိုင်တာလာတာနဲ့ သူမရှိရတော့ဘူး.... (မှန်ပါ!) သူ့နိုင်တာလာတာနဲ့.... (သူမရှိရပါဘုရား) သူမရှိရတာဘဲဆို

တော့ မဇေသချာဘူးလွှား....(သေချာပါတယ်) ပေါ်ကြွပလား (ပေါ်ပါပြီဘုရား)။

ဒီမှာလဲ ခင်ဗျားတို့စိတ် ပပဉ္စသာ·စိတ်မနာယတနသာ ချုပ်ဖေ့ာင် ရှုနော်....(မှန်ပါ့) ပပဉ္စအလိုလို ချုပ်ပါလိမ့်မယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား မန္တလေးမြို့ ဦးချစ်ဆွေမမွာရုံ၌ ဟော်ကြားတော်မူသော

ဝိဇ္ဇာနဲ့ စရဏ် ဒေသနာ

ညအလုပ်ပေး တရားတော်

(၃ - ၆ - ၆၂)

အခုပြောမည့်တရားဟာ တကာ တကာမတို့ ဂရုစိုက်ပြီး မူတ်ရမှာ၊ ဘယ်နှယ်ကြောင့် ဂရုစိုက်မူတ်ရမလဲ ဆိုလို့ရှိယင် ဝိဇ္ဇာနဲ့ စရဏကို ဟောမယ်.... (မူန်ပါ့) ဝိဇ္ဇာနဲ့စရဏကို ဟော လိမ့်မယ်လို့ ဦးဇောင်ဇံဝေက မူတ်ထားရမယ်နော်....(မှန်ပါ့-မှတ်ထားပါမယ်ဘုရား)။

နောက်က တကာတကာမတွေ ဘာဟောမှာတုံး - (ဝိဇ္ဇာနဲ့ စရဏ ဟောမှာပါဘုရား) ဝိဇ္ဇာနဲ့ စရဏကိုဟောမယ်၊ ရဇေတဝန ရနေကြတာဘဲတဲ့၊ ရပင်ရငြားသော်လဲ လိုရင်းက မပါဘဲဖြစ်ပြီး နေတော့ "ဝိဇ္ဇာစရဏသမ္ပန္နော,သုဂတော, လောကဝိဒူ" သန်း ညွှန့်တို့ ရွတ်နေတာဘဲနော်....(မှန်ပါ့) အုန်းကြည်တို့လဲ ရွတ်နေ တာဘဲ၊ မရွတ်ဘူးလား....(ရွတ်ပါတယ်ဘုရား)။

"ဝိဇ္ဇာစရဏသမ္ပန္နော,သုဂတော, လောကဝိဒူ" ဘုရားရှိ့ သွားတဲ့- သွားတဲ့ပြီးသကာလ တကာဘကာမတွေ ရွတ်ကြတယ် အရှင်ဘုရား- အရှင်ဘုရားကတော့ ဝိဇ္ဇာနဲ့လဲ ပြည့်စုံပါပေတယ်၊ စရဏနဲ့လဲ ပြည့်စုံပါပေတယ်၊ ဒါ့ကြောင့် တပည့်တော်-ရှိခိုးပါ

တယ်ဆိုတော့ ဝိဇ္ဇာစရဏကို ခင်ဗျားတို့က ရှိခိုးနေတယ်.... (မှန်ပါ့)။

ဘာလုပ်နေကြတာတုံး....(ဝိဇ္ဇာစရဏ ရှိခိုးနေပါတယ်ဘုရား) ဩော်....တကာတကာမတွေ့ကလဲ ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတာကို ဝိဇ္ဇာနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီး၊ စရဏနဲ့လဲ ပြည့်စုံတဲ့ ကိုယ်တော်ကြီးဆိုပြီး ရှိခိုးနေကြတယ်၊မခိုးရဘူးလို့ ဆရာဘုန်းကြီးက မဟော့ပါဘူး၊ ကျင့်ရမည့်အလုပ်ဆိုတာ မှတ်ထားလိုက်စမ်းပါ- (မှန်ပါ့)။

ရှိခိုးရမည့်အလုပ်လဲ ရှိခိုးသလောက် ကုသိုလ်ရတယ်၊ သို့သော် လိုရင်း အကျဉ်းချုပ်အမှန်ကို ပြောရမယ် ဆိုလို့ရှိယင် ကျင့်ရမည့်အလုပ်—(မှန်ပါ့) ရှိခိုးရမည့်အလုပ်က ပဓါနမဟုတ်၊ ကျင့်ရမည့်အလုပ်က.... (ပဓါနပါဘုရား) ပဓါန ဖြစ်နေတယ်လို့ ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဦးအောင်ဇံဝေတို့ အသုံးချနေတာ ဘာပါလိမ့်မလဲ....လို့ မေးလို့ရှိယင်ဖြင့် ဘုန်းရှေ့သုံးပြီး ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီး ရှိသေပါ၏၊ ရှိခိုးပါ၏၊ ကိုင်းရှိုင်းပါ၏၊ ဒါဘဲ လုပ်တာဘဲ....(မှန်ပါ့)။

ဒါဘဲလုပ်နေတာဘဲ၊ ကိုယ့်သန္တာန်ဝိဇ္ဇာဖြစ်အောင် ကိုယ့်သန္တာန် စရဏဖြစ်အောင် မလုပ်ဘူး....(မှန်ပါ့)ရှင်းကြရဲ့ လား... (ရှင်းပါတယ်ဘုရား)။

ဒါက ဟိုဘက်က သံဃာတော်တွေလဲ နားကြီးကြီးနဲ့ နာပါ၊ ဩော်...ဒို့ဟာက "ဝိဇ္ဇာစရဏသမ္ပန္နော,သုဂတော,လောကဝိဒူ"

ဆိုပြီးသကာလ ဒို့ ဘုရားရှိခိုးကြတယ်၊ ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီးဘုရားရှိခိုးပါ၏၊ အရှင်ဘုရားကို ရိုသေပါ၏၊ကိုင်းရှိုင်းပါ၏၊ ကြည်ညိုပါ၏၊ လေးစားပါ၏ မောင်မြတို့လဲ ဒါလုပ်မှာဘဲ....(မှန်ပါ့)။

ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ စရဏက ခြေထောက်နဲ့တူတယ် နိဗ္ဗာန်သွားတဲ့အလုပ်ဆိုတော့ ဦးအောင်ဇံဝေ ပေါ်လာပြီ....(မှန်ပါ့)။

ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ စရဏက ခြေထောက်နဲ့တူတယ် ဆိုတော့ နိဗ္ဗာန်သွားဘို့ အလုပ်ကြီးပါကလား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ကိုသွားတာ ကိုယ်တိုင်စရဏဆိုတဲ့ ခြေထောက်တပ်ရမယ်၊ ကိုယ်တိုင် ဝိဇ္ဇာမျက်လုံးနဲ့ နိဗ္ဗာန် သွားရမှာကိုးဗျ....(မှန်ပါ့)။

ဒါဖြင့် ဒီနှစ်ခုဟာ ကိုယ့်သန္တာန်မှာ ပေါ်ပေါ်ပြီး သွားမှာပေါ့...(မှန်ပါ့) သူများသန္တာန် ရှိခိုးနေကြတော့ ဗုဒ္ဓါနုဿတိလောက်ကလေးဖြစ်တယ်၊ ကိုယ်တိုင်နိဗ္ဗာန်မရောက်ဘူး....(မှန်ပါ့ ဘုရား)။

ဘာပြုလို့တုံး- ကိုယ်မှာ ခြေထောက်လဲမပါ၊ မျက်လုံးလဲမပါဖြစ်နေတော့ နိဗ္ဗာန်ရှိမှန်းမသိဘူး....(မှန်ပါ)။

အင်း... ဒီနေ့တရား သေသေချာချာ မှတ်ရလိမ့်မယ်နော်....(မှန်ပါ့) လှည့်နှံ့တို့ အုန်းကြည်တို့ သေသေချာချာ မှတ်ရမယ်း(မှန်ပါ့)။

မလွယ်ဘူး မွတ်ထားစမ်းပါ စောစောစီးစီး စရဏဟာ ခြေထောက်နဲ့ တူတယ်၊ ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်၊ မျက်လုံးမြင် ပြီး ခြေထောက်နဲ့သွားတဲ့ပုဂ္ဂိုလ်မှ မအို,မသေ အမြဲနေတဲ့ နိဗ္ဗာန် ရောက်မယ်ဆိုတော့ သူများအလုပ်လား- ကိုယ့်အလုပ်လား.... (ကိုယ့်အလုပ်ပါဘုရား)။

ကိုယ်လုပ်ရမည့်အလုပ်ကို သူများကို၊သူများဆိုတာ ဘုရားကို ဆိုတာပါဘဲ၊ သူများကို ကျုပ်တို့က အရှင်ဘုရား ဒီဂုဏ်တွေနဲ့ ဝိဇ္ဇာဂုဏ်- စရဏဂုဏ်နဲ့ ပြည့်စုံတဲ့အတွက် တပည့်တော် ရိုသေ ပါ၏၊ ကိုင်းရှိုင်းပါ၏၊ ရှိခိုးပါ၏၊ လေးစားပါ၏၊ ဒါသာလုပ် နေတော့ သူများခြေထောက် သွားတတ်တာကို ချီးမွမ်းတယ်.... (မှန်ပါ!) သူများမျက်လုံးမြင်တာကိုသာ ချီးမွမ်းနေတဲ့အဓိပ္ပါယ် ရောက်တယ်.... (မှန်ပါ!) မဆောက်ဘူးလား.... (ဆောက်ပါတယ် ဘုရား)။

စင်စစ်ကတော့ စရဏက ခြေထောက်နဲ့ တူတယ်၊ ဝိဇ္ဇာက မျက်လုံးနဲ့တူတယ်ဆိုတော့ ဒီဟာနှစ်ခု ခြေထောက်လဲပါမှ— မျက်လုံးလဲမြင်ပါမှ လိုရာခရီးရောက်မယ်ဆိုတာ ဟောသားတာ (မှန်ပါ!) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် ဒီနေ့တနားတော်တော်ကလေးကို ဒို့အလုံ အခြောက်ကို တည့်ပေးနေတဲ့ သဒ္ဓာပါကလားဆိုတာလဲ ပေါ် လာတယ်....(ပေါ်လာပါတယ်ဘုရား)။

တရားချီးကျူးတယ်ကလား ပေါ်လာတဲ့ဟာ နောက်ကသဘောကျ ကြရဲ့လား....(ကျပါတယ်ဘုရား) သူများကို ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဂုဏ်ကို ရှိခိုးနေရရုံလား....၊ ကိုယ် ကိုယ် တိုင် ခြေ ထောက်

တပ်ပြီး ကိုယ် ကိုယ်တိုင် မျက်လုံးဖွင့်ပြီးသောအခါ ကိုယ်ကိုယ်တိုင် သွားရမှားလားလို့ မေးပေးဘယ်နှယ်ပြောကြမလဲ....(ကိုယ်ကိုယ်တိုင် မျက်လုံးတပ်ပြီး၊ ကိုယ့်ခြေထောက်နဲ့သွားရမှာပါဘုရား) ဒါနဲ့ ခင်ဗျားတို့က ဘာလုပ်နေသတုံးလို့ မေးတဲ့အခါကျတော့ စာပည့်တော်တို့ကဘုရား... သူများ ပြည့်စုံတာကို ကြည့်ညှိနေတာဘဲ...(မှန်ပါ့)။

သူများပြည့်စုံတာကို ကြည့်ညှိနေတယ်၊ ဟိုအိမ်က ပိုက်ဆံရှိတယ်၊ချောင်... ကံကောင်းလိုက်တာ ဝမ်းသာလိုက်တာ၊သာဓု... သာဓု.. သူများပိုက်ဆံရှိတာ သာဓုခေါ်သလို ဖြစ်နေတယ် ... (မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီ)။

ကိုယ်ကိုယ်တိုင် ခြေထောက်နဲ့သွားတာ ကိုယ်ကိုယ်တိုင် မျက်လုံးဖွင့်ပြီးသွားတာ ဟုတ်ပါရဲ့လား... (မဟုတ်ပါဘုရား) ကိုယ် ကိုယ်တိုင် ရှာတာ ဟုတ်ပါရဲ့လား...(မဟုတ်ပါဘုရား) သူများ ချမ်းသာတာ အင်း .... သူတို့တော့ ရှေးက ကာမဝစရကလဲရှိ၊ အကြောင်းအကျိုးလဲ ညီညွတ်တော့ ဝမ်းသာပါတယ်၊ သူတို့ အတွက် မုဒိတာတောင် ဖြစ်လိုက်သေးတယ်ဆိုတော့ မုဒိတာ ဖြစ်ရုံဘဲ၊ သမထသာ သွားဖြစ်တယ်၊ နိဗ္ဗာန်ရောက်ကဲ့လား .... (ဗရောက်ပါဘုရား)မရောက်ဘူး၊ဒါဟာ အားကြီးစဉ်းစားရမယ် ဆိုတဲ့အပိုင်းပါဘဲ။

က...အားလုံး တကာတကာမှတွေ့ အခု သေသေချာချာ တရားကို စပြောတော့မှ ချောင် ... ကိုယ့်အလုပ်ကို သူများ ဂုဏ်ကို ကိုယ်ကချီးမွမ်းပြီးနေတယ်၊ ကိုယ်လုပ်ရမည့် အလုပ်ကို သူများဂုဏ်ချီးမွမ်းနေတဲ့အဓိပ္ပါယ်ရောက်·မရောက်.... (ရောက်ပါတယ်ဘုရား)ပေါ်ပလား.... (ပေါ်ပါပြီ)။

နောက်က တကာတကာမတွေ့ကောပေါ်ကြရဲ့လား ... (ပေါ်ပါတယ်ဘုရား)ခြေထောက်ကလဲ ကိုယ့်ခြေနဲ့ကိုယ် တပ်ရမှာနော်... (မှန်ပါ) ကိုယ့်မျက်လုံး ကိုယ်ဖွင့်ပြီးသကာလ ကိုယ်အလိုရှိတဲ့ မအို မသေ အမြဲနေတဲ့နိဗ္ဗာန် သွားရမှာ၊ ကိုယ့်ခြေထောက် ကိုယ်တပ်ရမယ်....(မှန်ပါ)ကိုယ့်မျက်လုံးကိုယ်လင်းအောင်လုပ်ရမယ်....(မှန်ပါ)ရှင်းပလား... (ရှင်းပါပြီ)။

အခုတော့ သူများမျက်လုံးမြင်တာ သာခုခေါ်လို့ ကြည်ညိုလေးစားလို့သူများခြေထောက်သွက်တာကိုဘဲ အင်း....ကိုယ်က ဝမ်းမြောက်လို့ဆိုတော့ ကိုယ်က ရောက်သလား.... တဲ့ သူများအတွက် ဝမ်းမြောက်ရတာဘဲ ရှိသလား .... (ကိုယ်မရောက်ပါဘူးရှင်)ကိုယ်မရောက်ဘူး၊ရှင်းပလား....(ရှင်းပါပြီ)။

အံမာ- တော်တော် ခက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဦးအောင်ဇံဝေ ဒါ.... ဆရာသမားနဲ့မတွေ့ယင် ခင်ဗျားတို့လုပ်နေတာတွေ့ဟာ သောက်ဆေးကို လိမ်းဆေး လုပ်နေတဲ့အဓိပ္ပါယ်မျိုးလဲ ရောက်ပါတယ်... (မှန်ပါ) မရောက်ဘူးလဲ.... (ရောက်ပါတယ်ဘုရား)။

သောက်ဆေး လိမ်းဆေး လုပ်နေလို့ရှိယင်တော့ ဒေါက်တာဘဲ စဉ်းစားတော့၊ တော်တော်ရှော်တဲ့လူဘဲ .... (မှန်ပါ) မပြောရဘူးလား....ပြောရမလား... (ပြောရပါမယ် ဘုရား) ပြောထိုက်တယ်၊ အခုလဲ ခင်ဗျားတို့ ဘာလုပ်နေသတုံးလို့မေးလို့ရှိယင် ဒီအတိုင်း ပြန်ရောက်တယ်၊ သောက်ဆေးကို ဘာလုပ်နေသလဲ....(လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

လိမ်းဆေးလုပ်နေတော့ တချို့ လိမ်းဆေးနဲ့ဘဲ သေသွားတယ်၊ ရှိခိုးပြီးတော့... (မှန်ပါ့)ကုသိုလ် မရဘူးလားဆိုတော့ ရပါတယ်၊ နိဗ္ဗာန်မရောက်ဘူးလားဆိုတော့ မရောက်ဘူးဆိုကြစို့ရဲ့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကုသိုလ်မရဘူးလား... ဆိုတော့....(ရပါတယ်) နိဗ္ဗာန်ရောက်ကဲ့လားလို့မေးတော့....(မရောက်ပါဘုရား) ဒါ....ကွာသွားတာဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

မောင်မြ ဆင်မတန် အဘိုးတန်လိမ့်မယ်ဆိုတာ သေချာသွားပြီ...အင်မတန် အဘိုးတန်မယ်ဆိုတာ သေချာသွားပြီ၊ ပြင်ပေးနေတာကိုး....(မှန်ပါ့) ဦးဆောင်ဇော ဒါနည်းနည်းနောနော သတ္တိမဟုတ်ဘူးနော်....(မှန်ပါ့)။

ဒီ....ပြင်ရတာဟာ လွယ်သလားလို့ မေးတဲ့အခါကျတော့ ရိုးရာစာ နှိပ်စက်နေပြန်လို့ရှိယင် မလွယ်ဘူး....(မှန်ပါ့) ရိုးရာက ဒါဘုရားရှိခိုးဘဲ လုပ်နေတယ်၊ မလုပ်ကြဘူးလား ... (လုပ်ပါတယ်ဘုရား)။

အခု သေသေချာချာဝေဘန်ပြီး ဆရာသမားက ပြောလိုက်တော့ နိဗ္ဗာန်သွားချင်လို့ရှိယင် စရာ ခြေထောက်နဲ့ ဝိဇ္ဇာမျက်လုံးရှိမှဟေ့၊ကိုယ့်မှာ....ကိုယ့်မှာ... (မှန်ပါ့)သူများမှာ မဟုတ်ပါဘူး၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိုယ့်မှာရှိအောင် လုပ်ကြတာလား၊ ကိုယ်မြင်အောင် လုပ်ကြသလား... ကိုယ့်ခြေထောက်သွက်အောင်လုပ်ကြသလား၊ သူတပါးခြေထောက် သွက်တာနဲ့ သူတပါးမျက်လုံး

ကောင်းတာဘဲချီးမွမ်းနေသလား .... မေးလို့ရှိယင် ကိုယ့်အလုပ်ကိုယ်ပြန် စဉ်းစားလိုက်တော့ ပေါ်သွားတယ်... (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) ဘာလုပ်နေကြသတုံး .... သူများခြေသွက်တာ ချီးမွမ်းနေပါတယ်ဘုရား)။

အင်း.... သူတပါး ခြေသွက်တာ ချီးမွမ်းနေတယ်နော် .... (မှန်ပါ့) သူတပါး မျက်လုံးမြင်တာ .... (ချီးမွမ်းနေပါတယ်ဘုရား)ချီးမွမ်းနေတယ်။

ငါတော့ ကျိုးချင်ကျိုးပေစေ၊ ကန်းချင် ကန်းပေစေဆိုတဲ့ အဓိပ္ပါယ်ပါသွားတယ်... (မှန်ပါ့)မပါဘူးလား.... ပါသလား... (ပါပါတယ်ဘုရား)။

ငါတော့ ကျိုးချင်ကျိုးပေစေ၊ကန်းချင် ကန်းပေစေ၊ ကိုယ်တော့ အကျိုးနဲ့ အကန်းဘဲ ပြန်ဖြစ်နေတယ်.... (မှန်ပါ့) မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

ဒါ....ဒီလိုထူးထူးခြားခြားပြောပေးမည့်လူမရှိယင် ဦးအောင်ဇံဝေ ရိုးရာနဲ့သေလိမ့်မနော်.... (မှန်ပါ့)။

မောင်ရွှေဝ ဘယ်နှယ်ထင်သတုံး ... (ရိုးရာနဲ့ သေပါမယ်ဘုရား)ရိုးရာနဲ့သေမယ်။

မနေ့ကထက် ခက်လိမ့်မယ်နော်.... (မှန်ပါ့) ကိုင်း....ဒါဖြင့် ထဘောကလေး မှုတ်လိုက်ပါဦး တကာတကာမတော့၊ ခင်ဗျားတို့ အတွက် သနားလို့ သက်သက်ပြောပေးနေတာ ဒီဥစ္စာနော်.... (မှန်ပါ့)။

သနားလို့ သက်သက်ပြောပေးနေတာဘဲ့၊ မပြောဘဲနေလိုက်ယင် ဒါ လိမ်းဆေးဘဝနဲ့ဘဲ အသုံးချပြီးသကာလ ဇောဂါမျိုးပျောက်ဘဲနဲ့ အင်း... သေပဲ့ ဝင်ကြမှာဘဲ ဆိုတာကို ဆရာက ဆုံးဖြတ်ချက်ချတာကို ခင်ဗျားတို့က သြော်... ဟုတ်ပါလားဆိုတာလက်ခံရမှာဘဲ-(မှန်ပါ့)ပြောပေးမည့်လူ မရှိယင်လေ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်ကို လွဲတယ်လို့ ဆိုသလားတဲ့၊ လိုသေးတယ်လို့ ဆိုတာလား....(လိုသေးတယ်လို့ ဆိုတာပါဘုရား)။

လိုသေးတယ်လို့ဆိုတာ လွဲတယ်လို့ မဆိုဘူး.... (မှန်ပါ့) သမထတော့ ဖြစ်နေတယ်၊ ဝိပဿနာ မဖြစ်ဘဲ ဖြစ်နေတယ်.... ဒါကို ပြောတာ... (မှန်ပါ့)။

ဘုရားရှိခိုးတာက ဗုဒ္ဓါနုဿတိသမထဘက်သွားတယ်၊ သမထတော့ ဖြစ်ပါရဲ့၊ ဝိပဿနာမဖြင့်ဘဲ ဖြစ်နေတယ်၊ ရှင်းပလား... (ရှင်းပါပြီ) ဘာဖြစ်နေသလဲ....(ဝိပဿနာ မဖြစ်ဘဲ ဖြစ်နေပါတယ်)ဘာဖြစ်နေသလဲ....(သမထတော့ ဖြစ်ပါရဲ့ဘုရား)။

ဩော်... ဒါဖြင့် သမထက နိဗ္ဗာန်မှ သူမှ မရောက်ဘဲ .... (မရောက်နိုင်ပါဘုရား) မရောက်နိုင်ဘူး၊ သမထက ဗြဟ္မာပြည်လမ်းဆုံးကိုးကွ .... ဟုတ်ပလား...(မှန်ပါ့) အဖွားကြီးတွေ နားကြီးကြီးနဲ့ ထောင်မှ ရသနော်....(မှန်ပါ့ဘုရား)။

ဘာနဲ့ထောင်ရမယ်-(နားကြီးကြီးနဲ့ထောင်ရပါမယ်ဘုရား)။ နားကြီးကြီးနဲ့ ထောင်ရမယ်ဆိုတာက နားရွက်ကြီး-ကြီးတာ

ကို ဆိုဘာမဟုတ်ဘူး၊ဥာဏ်နာနဲ့ ထောင်ပါပြောတာ...(မှန်ပါ့ဘုရား)။

ဥာဏ်နာနဲ့ ထောင်ပါပြောတာ၊ ဒါ ဖီလောက် အေးအေးဆေးဆေး ပြောပြီးနေတဲ့ အဓိပ္ပါယ်ကိုလဲ ခင်ဗျားတို့ ရှင်းရမယ်၊ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သြော်....ဒို့ဟာ ဒီအတိုင်းမျှားသာ သေသွားကြမယ်ဆိုယင်ဖြင့် လိုရာခရီး မရောက်ဘဲနဲ့ သေမှာဘဲ၊ မြောက်ကျန်းသွားတဲ့ လူဟာ မြောက်ကျန်းမရောက်ဘဲနဲ့ သေရမလို ဖြစ်နေတယ် .... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့)။

ဘာပြုလို့တုံး ကိုယ့်ခြေကလဲ မပြင်၊ ကိုယ့်မျက်လုံးကလဲ မပွင့်၊ အလင်းမရသေး၊ မဆိုနိုင်ကြဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ဆရာကောင်း....သမားကောင်းရှာပါလို့ ဘုရားက သုံးဆယ့်နှစ်ကြိမ် မှာတယ်၊ "ယထာဘူတံ ဥာဏယ သတ္တာ ပရိယေသိတဗ္ဗာ" ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ၊ ဥာဏာယ=သိဘို့ရာ အလို့ငှါ၊ သတ္တာ=ဆုံးမ-တတ်တဲ့ဆရာကို၊ ပရိယေသိတဗ္ဗော=ရှာမိအောင် ရှာပါ ဘုရားက သုံးဆယ့်နှစ်ကြိမ် မှာတယ်....(မှန်ပါ့)။

ဘယ်နှစ်ကြိမ်တုံး... (သုံးဆယ့်နှစ်ကြိမ်ပါဘုရား)။

ဟုတ်တိုင်းမှန်စွာ ဟောဘတ်, ပြောတတ်ဘဲ့ ပုဂ္ဂိုလ် ရှာစမ်းပါကွာလို့ ဘယ်နှစ်ကြိမ်လဲ... (သုံးဆယ့်နှစ်ကြိမ်ပါဘုရား)။

ဒါက တိုက်ရိုက်မှာတာ အလားတူ သွယ်ဝိုက်ပြီးမှာလိုက်တာ စတာတွေဖြင့် ၁၇၉၂-ကြိမ်တောင် မှာတယ်...(မူန်ပါ)။

ဘုရားက အသက်ရှစ်ဆယ်နေသွားတယ်၊ ၁၇၉၂-ကြိမ် မှာတယ်ဆိုတော့ ဟုတ်တိုင်းမှန်စွာ ဟောတတ်,ပြောတတ်တဲ့ ဆရာကိုဖြင့် ရှာဖြစ်အောင် ရှာရစ်ပါကွာ-လို့ ဆိုတာ ဦးအောင်ဇံဝေ ဟောသင့်-မဟောသင့်....(ဟောသင့်ပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင် တွေ့နေပြီ..(မှန်ပါ)ကိုယ်ကိုယ်တိုင် တွေ့နေတော့ မင်း ဘုရားရှိမခိုးဘူးလားသာ မေးမည့်သူ ရှိတယ်နော်-(မှန်ပါ)မင်း ခြေထောက်တပ်ပြီး မျက်လုံးမြင်ပလားလို့....မေးမည့်သူက....(ရှားပါတယ်ဘုရား)။

ကဲ...မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

မင်း ခြေထောက်ကောင်းပလား....၊သွားနိုင်ပလား၊မျက်လုံးကော မြင်ပလား....ဟေ့လို့ မေးမည့်သူကတော့ ရှာမှ ရှား....(ရှားပါတယ်ဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

စရဏက ဘာနဲ့တူသတဲ့တုံး... (ခြေထောက်နဲ့ တူပါတယ်ဘုရား)ဝိဇ္ဇာက..(မျက်လုံးနဲ့ တူပါတယ်ဘုရား)။

မျက်လုံးနဲ့ တူတယ်ဆိုတော့ အခုခင်ဗျားတို့ ဖြစ်နေတဲ့အဖြစ်တွေက ကိုယ်မှာလဲ ခြေထောက်မပါဘူး၊မျက်လုံးကလဲ အကန်းဖြစ်နေတယ်၊ ဒါနဲ့တောင် ခင်ဗျားတို့ကလဲ နိဗ္ဗာန် သွားချင်တယ်ဆိုတော့ ခက်တယ်...(မှန်ပါ)။

ဘုန်းကြီးညည်းတာမျှား မင်းတို့က အားငယ်သေးသလား၊၊ အားမျှား ငယ်ကြသေးသလားဆိုတော့ မောင်မြ....ပြောရမယ်

ကွဲ့- ဒီအဓိပ္ပါယ်...ဟုင်....(မှန်ပါ့)ဘာဘူး...မပြောရပေဘူးလား (ပြောရပါတယ်ဘုရား)။

ကိုယ့်လဲ ခြေထောက် မတပ်ဘူး၊ ခြေထောက်ရှိမှန်းလဲ မသိဘူး၊ သွားတတ်တဲ့ သဘောလဲ မပါဘူး၊ မျက်လုံးကလဲ မမြင်ဘူး၊ သူတပါး ခြေထောက်တပ်ပြီး မျက်လုံးမြင်ပြီး သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ့ တော်ပါပေ့ဆိုပြီး ချီးမွမ်းနေတယ် ဆိုတာ့ ဒီလူဟာ အရှုပ်ဆိုးသေးသလား....၊ မဆိုးတော့ဘူးလား ဆိုတာ အကဲခတ်တာပေါ့....(အရှုပ်ဆိုးပါတယ်ဘုရား)အုံးကြည် ပေါ်ပြီဟ....၊ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ်ကိုယ်တိုင် လုပ်ရမည့်အလုပ်လား-သူတပါး ဂုဏ်ယူတာကို ဂုဏ်ပေးနေဘို့ အလုပ်လားလို့ စစ်စစ်ကြီး မေးလိုက်တဲ့အခါကျတော့ ကိုယ်ကိုယ်တိုင် လုပ်ရမည့်အလုပ်...(မှန်ပါ့)။

အဖွားငြိမ်း ပေါ်ပြီလား....(ပေါ်ပါပြီ) မလှဝင်းတို့ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အေး....ဒါ ကြပ်ကြပ်သတိထားပါ....(မှန်ပါ့)။

ကိုင်း....ယနေ့က-စပြီး ပြင်ကြဦးစို့ဆိုတော့ ဦးအောင်ဇံဝေ-(မှန်ပါ့)ကိုယ်ကိုယ်တိုင် ခြေထောက် သန်ထွားအောင်လဲ လုပ်ကြဦးစို့နော်.... (မှန်ပါ့) ကိုယ်ကိုယ်တိုင် မျက်လုံးပွင့်အောင်ကော....(လုပ်ရမှာပါဘုရား)။

လုပ်ရမှာဘဲ၊ မလုပ်ယင် ရောက်ကို မရောက်ဘူး....(မှန်ပါ့)။

ခြေမသန် မျက်လုံးစုံကန်းနေတဲ့ ပုဂ္ဂိုလ်ဟာ လိုချင်ခဲ့တော့ မောင်ဇီဝ ရောက်လိမ့်မယ်လို့ ဆိုလို့ရပါ့မလား — (မရပါ

ဘုရား) ဘယ်နည်းနဲ့မှ မရဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ အခု ဒါ-တရားစနေတာဘဲ....(မှန်ပါ) ဩော်.... ဒီလိုဆရာနဲ့သာ မတွေ့ယင်တော့ ကိုယ်ကျိုး လှလှကြီးနည်းပေါ့ ဦးအောင်ဇံဝေ မဆိုသင့်ဘူးလား.... (ဆိုသင့်ပါတယ်ဘုရား)။

ဒီလို ဆရာသမားကောင်းနဲ့သာ မတွေ့ယင် ကိုယ်ကျိုး လှလှကြီးနည်းပေါ့၊ ဘာ့ကြောင့်တုံး- ခုနင်ကပြောသလို လိမ်းဆေးနဲ့ အချိန်ကုန်သွားပြီး သောက်ရမည့်ဆေး လိမ်းဆေးနဲ့ဘဲ အသုံးချသွားတာနဲ့ဘဲ ဘာဆရာဂါမှု မထိလိုက်ဘဲနဲ့ သေပဲ့ဝင်သွားတယ် အသက်ကြီးလို့နော်.... (မှန်ပါ့) ဒီတော့ မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား)။

နစ်နာတယ်ဆိုတော့ ခဲ့ပြီးမှတ်လိုက်ပါ၊ ဝိဇ္ဇာ စရဏ ပြည့်စုံတဲ့ ဘုရားကိုရှိခိုးခြင်းသည် သမထ... (မှန်ပါ့) ဝိဇ္ဇာစရဏ ကိုယ်တိုင် ပြည့်စုံအောင် လုပ်ခဲ့သော် ဝိပဿနာ.... (မှန်ပါ့) ရှင်းပလား....(မှင်းပါပြီဘုရား)။

ဒီစကားကလေးတလုံးကိုဘဲ အခု ၁၅-မိနစ် ၁၆-မိနစ်လောက် ရှိသွားပြီတဲ့... ၊ ပြောနေတဲ့ဥစ္စာ ဘယ်နှယ်ကြောင့် ဒီလောက်တောင် ဆရာဘုန်းကြီးက အလိုင်းတကြီးပြောနေပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဩော်....ဒို့အလုံကလဲ နည်းနည်းလွဲတာ မဟုတ်ပါလား၊ ပေါ်လာပြီ...ဟင်....(မှန်ပါ့)။

ဒို့အလုံက နည်းနည်းလွဲတယ်ဆိုလို့ရှိယင် ဆရာဘုန်းကြီးက ၁၀-မိနစ်လောက်နဲ့ သိမ်းပစ်ပြီး ပြင်ပေးလိုက်မှာပေါ့၊ ဒို့-လွဲ

ချက်ကြီးကလဲ တာရှည်လိုက်တာလွန်လို့၊ မဆိုနိုင်ဘူးလား.... ဆိုနိုင်သလား... (ဆိုနိုင်ပါတယ်ဘုရား) ကဲ....ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် လဲချက် တာရှည်တော့ကို လဲချက်ကို မှန်မှန်သိမှု ပြင်ဘို့ရာ အခြေက ထွက်လာမယ်... (မှန်ပါ့) နို့ မဟုတ်ယင်.... (မထွက်ပါဘုရား)။

ကိုယ့်ဟာကိုယ် ဟုတ်နေတဲ့လူက ပြင်ပေးလို့ ရရဲ့လား.... (မရပါဘုရား)။

အခု ကိုယ့်ဟာကိုယ် ဟုတ်နေကြတာလဲ ဘယ်လောက်ကြာကြပလဲ.... (ကြပါပြီဘုရား) ကြာပြီ....၊ ကိုယ့်ဟာကိုယ် ဟုတ်နေလို့ကြတာ အံမာလေး... မနည်းပါဘူး။

ဒီထဲက ကြာတဲ့အထဲမှာ ပြင်ပေးမည့်ဆရာနဲ့လဲ မတွေ့ခဲတာ့ကို သူတပါးကြည့်လိုလေးစားပြီး သကာလ ကိုယ့်မှာ သာမည ကုသိုလ်ကအလေးလောက်ရပြီး သမထကုသိုလ်လေးလောက် ရပြီး ဝိပဿနာဆိုတဲ့ ဝိဇ္ဇာဉာဏ်ကြီး မရလို့က်တော့ကိုတဲ့၊ အိုဘေး, နာဘေး, သေဘေးထဲကိုဘဲ ပြန်ကျတယ်၊မကျဘူးလား... (ကျပါတယ်ဘုရား)သမထနဲ့ သေသွားတော့လေ (ကျပါတယ်ဘုရား)။

ဗြဟ္မာဖြစ်တယ်ဆိုငြားသော်လဲ အိုဘေး,နာဘေး, သေဘေး လွတ်ကဲ့လား....(မလွတ်ပါဘုရား) မလွတ်တော့ကိုတဲ့၊ သြော်... သူတို့လိုချင်ရင်းက တမျိုး၊ ရတာက တဖုံဖြစ်နေတယ်... (မှန်ပါ့ဘုရား)။

လိုချင်ရင်းက မအို့မသေ့ အာမြဲနေတာ ရချင်တယ်နော်.... (မှန်ပါ့)ဒါဖြင့် တကယ့်ရွှေလိုချင်တာကို ရွှေရောင်ကပ်၊ အခု ပေါ်နေတဲ့ ရွှေပြားတွေကပ်ထားတဲ့ ပစ္စည်းရမယ်ဆိုလို့ရှိယင် ဒါဟာ နာမှာဘဲ့....(မှန်ပါ့ဘုရား)။

ကုလားရွှေ(ကလရွှေ) ကပ်ထားတာကို လှည့်နှိုက်ရမယ် ဆိုလို့ရှိယင် လိုချင်တာရွှေစစ်၊ မှတ်တင်ခံတဲ့ ရွှေစစ်ကိုလိုချင်တယ်၊ အပြားကပ်ထားတာကြီး ရထားတော့ မှတ်တင်ခံပါ့မလား... (မခံပါဘုရား)။

အခု ဘာတွေရထားကြသတုံး ခင်ဗျားတို့ .... (အပြားကပ်ထားတာကြီး ရထားပါတယ်ဘုရား) မပြောချင်ပါဘူးဘုရား-တပည့်တော်တို့ဖြင့် ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းလောက်ပါပြီ.... (မှန်ပါ့)ဦးအောင်ဇံဝေ....(မှန်ပါ့ဘုရား)။

တော်သေးတယ် လာတွေ့တာ.... (မှန်ပါ့) နို့မို့ ဒီလိုနဲ့သွားရမှာဘဲ၊မသွားရပေဘူးလား(သွားရပါတယ်ဘုရား)ကိုင်းဒါဖြင့် လိမ်းဆေးလိမ်းပြီးသကာလ သေးက်ဆေးအဖြစ်နဲ့ အသုံးမချတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်များသတုံးလို့ဆိုလို့ရှိယင် နောက်က တကာတကာမတွေ့ ဘယ့်နှယ်ဖြေပါ့မလဲ.... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူး....(မှန်ပါ့) အတော် နစ်နာတာဘဲ.... (မှန်ပါ့) အတော်နစ်နာတယ်၊ မောင်မြ ဘယ့်နှယ် ဆိုမလဲ.... (နစ်နာပါတယ်ဘုရား)။

ဘာဘူ မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား) အားကြီး နစ်နာတယ်ဆိုတာ အဓိပ္ပါယ် ရှင်းသွားပြီနော်....(မှန်ပါ့)ကိုင်း-- ဒါဖြင့် ဝတ္ထုစုပါတော့မယ်... တဲ့၊ ဝတ္ထုစုတော့မယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ရှင်သာရိပုတ္တရာ....၊ ပါဠိတော်ဆိုတာ ကိုယ်တော်တိုင် တာဝန်ခံပြီးတော့ ဟောတဲ့ဥစ္စာ သာရိပုတ္တရာနဲ့ ဥပဝါဏမေးတာ မှန်သဟေ့-၊ငါဟောလဲ ဒီအတိုင်းဟော့မှာဘဲ ဆိုပြီး တံဆိပ်ရိုက်လိုက်တယ်....(မှန်ပါ့) သူ့အာဏာ တံဆိပ်ရိုက်လိုက်တဲ့စာ၊ သူလုပ်တာဘဲနော်....(မှန်ပါ့)။

ရှင်သာရိပုတ္တရာက မနေ့က ပြောပြီးသား ပညာ အင်မတန် ထက်တဲ့ ပုဂ္ဂိုလ်နော်....(မှန်ပါ့)ပညာ အင်မတန် ထက်တဲ့ပုဂ္ဂိုလ်။

ဘယ်လောက်ထိခအောင် ထက်သတုံးမေးလို့ရှိယင် ခင်ဗျားတို့ သန္ဓာန်မှာဖြစ်တဲ့ စိတ်ကလေးတွေဟာ ဟော-အခု ဒီတကြိမ်မှာ စိတ်ပေါင်းဘယ်လောက်ဆိုပြီး ရေတွက်လို့ ရတယ်... (မှန်လှပါဘုရား)။

ခင်ဗျားတို့ကိုယ့်သန္ဓာန်သာ ကိုယ့်စိတ်ဖြစ်တယ်၊ကိုယ့်သန္ဓာန်မှာ စိတ်ပေါင်းဘယ်လောက်ဆိုတာ ရေတွက်လို့ ရရဲ့လား... (မရပါဘုရား) သူက ရေတွက်လို့ရတယ်၊ ဘယ်လောက် ဉာဏ်ထက်တယ်ဆိုတာ....(ထက်ပါတယ်ဘုရား) မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒီ ကိုယ်တော်ကြီးက အင်မတန် ဉာဏ်ထက်တဲ့ ကိုယ်တော်ကြီးက အမေးခံတယ်၊ ဥပဝါဏ ဆိုတဲ့ ပုဂ္ဂိုလ်က သူ့ကလဲ ရဟန္တာဘဲ၊ သူက အမေးသမား....(မှန်ပါ့ဘုရား)။

မနေ့ကနဲ့ မတ္တုတ္တူး၊ မနေ့ကတော့ ရှင်ကောဋ္ဌိက-က မေးတာ၊ ယနေ့ ဥပဝါဏက မေးတာနော်....(မှန်ပါ့)အရှင်ဘုရား ဝိဇ္ဇာနဲ့ ဝိဇ္ဇာဥာဏ်နဲ့ ဒုက္ခအဆုံးနိဗ္ဗာန်ကို ရောက်နိုင်ပါ့မလား....

ဝိဇ္ဇာဥာဏ်နဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ပါ့လားတဲ့၊ ဥပဝါဏက မေးလိုက်တယ်_ (မှန်ပါ့ဘုရား)။

'နောဟိဒ' အာဝဲသော'မရောက်နိုင်ပါဘူးကွာ·တဲ့၊ မျက်လုံးသာ တပ်ထားတယ်၊ သူက ခြေးထောက်က မပါတော့ သွားလို့ မဖြစ်ဘူး_ (မှန်ပါ့)ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)ရှင်းပလား· (ရှင်းပါပြီဘုရား)။

ဝိဇ္ဇာဆိုတာ မျက်လုံးနော်....(မှန်ပါ့)မျက်လုံးသာ ပါတယ်၊ ခြေတို့၊ လက်တို့က မပါပြန်ဘူးဆိုလို့ ရှိုယင်လဲ ရောက်ပါ့မလား· (မရောက်ပါဘုရား)။

ဒါ့ကြောင့် ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ပါ့မလား "ဝိဇ္ဇာယ အန္တကရော ဟောတိ" ပါဠိတော်က ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့နိဗ္ဗာန် ရောက်ပါ့မလားတဲ့၊ မေးလိုက်တယ်။

'နောဟိဒ' အာဝုသော'တဲ့... ၊ အာဝုသော=ငါ့ရှင်၊ ဣဒ'= ဤစကားသည်၊ နောဟိ=မဟုတ်ဘူးကွ_တဲ့.... (မှန်ပါ့) မဟုတ်ဘူးကွ_ သူ့ချည်းလဲ မရောက်နိုင်ဘူး၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မျက်လုံးသာပါ၍ ခြေမပါလို့ .... မပေါ်သေးဘူးလား_ (ပေါ်ပါပြီ) ဘယ်လို ပေါ်သွားကြသလဲ.... (မျက်လုံးသာ ပါ၍ ခြေမပါလို့ပါဘုရား)။

ဒါဖြင့် သူ့မှာ ထိုင်လျက်က ပျောက်ချင်တယ်၊ ဟိုရောက်ချင်တယ်ပြောရုံဘဲ ရှိမှာဘဲ၊သွားလို့တော့ မဖြစ်ဘူး၊ခြေထောက်

က မပါဘူး...(မဖြစ်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတာ သေချာကြပလား... (သေချာပါပြီဘုရား)။

ဒါဖြင့် မျက်လုံးသာ ပါလို့လဲ လိုရာခရီးကို အရောက်မသွားနိုင်ဘူး....(မှန်ပါ့)ဘာဘူး....သေချာပလား....၊မျက်လုံးတော့ ပါတယ်၊ ခြေထောက် မပါဘူး၊ ရောက်ပါ့မလား...(မရောက်ပါဘုရား) မရောက်နိုင်ဘူး၊ သူမေးတာကို မဟုတ်ဘူးက လို့ ဟိုက ဖြေလိုက်တယ်နော်....(မှန်ပါ့)တခါ မေးပြန်တယ်၊ ဥပဓါကက "စရဏေန အန္ဓကရော ဟောတိ" စရဏေန=စရဏဆိုတဲ့ သမထနဲ့ သီလသမာဓိနဲ့၊ အန္ဓကရော=ဒုက္ခ၏ အဆုံးကို ပြုနိုင်ပါ့မလား-၊ (ဝါ)ရောက်နိုင်ပါ့မလား....။

စရဏသက်သက်နဲ့ သီလသမာဓိတို့ကို ပြောလိုက်မယ်နော်-- (မှန်ပါ့) သီလသမာဓိက စရဏဘဲ၊ အဲဒီ သီလသမာဓိနှစ်ခုနဲ့လဲ ဒုက္ခဆုံးတဲ့နိဗ္ဗာန် ရောက်နိုင်ပါ့မလားလို့ မေးလိုက်တယ်၊ သူကလဲ ခြေသာပါတယ်၊ မျက်လုံး မပါပြန်ဘူး.... (မှန်ပါ့) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

မပါတော့ ဘယ်နှယ်ဖြေပါ့မလဲ....(မရောက်နိုင်ပါ့ဘုရား) အဲ...ဒါ့ကြောင့် "နောဟိဒံ အာဝုသော"....တဲ့၊ အာဝုသော=ငါ့ရှင်၊ ဣဒံ=ဤစကားသည်၊ နော=မဟုတ်ဘူးက့၊မရောက်နိုင်ဘူးက့-ရှင်းပလား....(မှန်ပါ့) ဘယ်နှစ်ခု ပြီးသွားပလဲ... (နှစ်ခုပါဘုရား)အာဖြေနှစ်ခု ပြီးသွားပြီ။

အဖြေလဲ ပြီးသွားပြီတဲ့...၊ ဒါတွေကို မောင်မြတို့ သေခသေချာချာ ဒီလို ရှင်းရှင်းလင်းလင်း ပြောပေးမည့် ဆရာသမားနဲ့ မကြုံဘူးလို့ ဆိုယင်ဖြင့် မင်းတို့ လုပ်နေတာ အကောင်းချည်းဘဲ ထင်နေမှာဘဲ....(မှန်ပါ့)။

ဦးအောင်ဇံ၀ ဘယ်နှယ်ထင်မလဲ...(အကောင်းချည်းထင်ပါတယ်)ကိုယ်လုပ်နေတာ(အကောင်းချည်း ထင်ပါတယ်ဘုရား) အကောင်းချည်း ထင်တာဘဲ၊ ကိုယ်လိုရာ ရောက်မှာဘဲ၊ ဆုံးဖြတ်ချက် ချနေတာဘဲ...(မှန်ပါ့)။

အခု မျက်လုံးနဲ့ ခြေထောက်နဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့မှ မျက်လုံးချည်းလဲ ...(မရောက်နိုင်ပါဘုရား) ခြေထောက်ချည်း သက်သက်လဲ....(မရောက်နိုင်ပါဘုရား)။

မျက်လုံးမပါတော့လဲ ရမ်းဦးမှာကိုးဗျ၊ အရှေ့သွားပေမဲ့လဲ အနောက်ရောက်ချင် ရောက်ဦးမှာကိုး၊ မျက်လုံးမပါသည့် ခြေထောက်ချည့်သမားကလေ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီဟာက အမေးဘယ်နှစ်ခု, အဖြေဘယ်နှစ်ခု ပြီးသွားပလဲ....(နှစ်ခုပြီးပါပြီ)ရှင်းပြီနော်....(မှန်ပါ့)။

တခါ ဆက်မေးပြန်တယ်၊ ဝိဇ္ဇာရော စရဏရော ပြည့်စုံလို့ ရှိယင်လဲ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ပါ့မလား....တဲ့။

ဒါလဲ "နောဟိဒံ အာဝုသော"ဘဲ၊ အာဝုသော=ငါ့ရှင်၊ ဣဒံ=ဤစကားသည်၊ နောဟိ=မသင့်ပါဘူးကွာ...တဲ့၊ ဒီလိုလဲ မရောက်နိုင်ပါဘူးတဲ့....ဖြေလိုက်တယ်နော်....(မှန်ပါ့)။

ဒီလို ဖြေလိုက်တယ်တဲ့၊ နှစ်ခုစုံလဲ မရောက်ဘူး၊ ခင်ဗျားတို့ သံသယရှိသွားတာပေါ့၊ မရှိဘူးလား....(ရှိပါတယ်)သံသယ ဝင်လာတာပေါ့၊ သံသယ ဝင်လာပြီ....(မှန်ပါ့)။

သံသယဝင်လာပြီတဲ့၊ အရင်တော့ တခုစီ မေးလိုက်တော့ ရှင်းနေတယ်၊ မျက်လုံးနဲ့ ခြေထောက်တွင် ခဲ့ပြီးဝေဘန် ဟော နေတုန်းကတော့ တကာတကာမတွေက ဉးဏ်ထဲမှာ ရှင်းသွား တယ်... (မှန်ပါ)။

အခု တတိယမေးခွန် ဝိဇ္ဇာရော စရဏရော ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဟာ ဒုက္ခအဆုံးဖြစ်တဲ့နိဗ္ဗာန် မရောက်နိုင်ဘူးလားလို့ မေးတော့ မရောက်ဘူးဘဲ ဖြေတယ်နော်....(မှန်ပါ့)။

မရောက်ဘူးဘဲ ဖြေပြန်တယ်ဆိုတော့ လှည့်ဖြန့်တို့ တော်တော် ခက်သွားတယ်....(မှန်ပါ့) မခက်သေးဘူးလား ... (ခက်ပါတယ် ဘုရား)သံသယ ရှိမလာဘူးလား...(ရှိပါတယ်ဘုရား)။

ရော....ခက်လိုက်တာ၊ နှစ်ခုစလုံး ပြည့်စုံတောင် ခုနင်တုန်း ကတော့ ခြေထောက်ကလဲ သွက်မယ်၊ မျက်လုံးကလဲမြင်မယ်ဆို ယင် လိုရာခရီး ရောက်မယ်လို့ ပြောထားတာနဲ့ အခု ရှင်သာရိ ပုတ္တရာကြီးကလဲ ဒါနဲ့လဲ မဖြစ်နိုင်သေးဘူးလို့ ဖြေတာ့ ဒို့ ဖြင့် မကြံတတ်၊ မစည်တတ် ဖြစ်ပေါ့လို့ ဆိုတဲ့ အဓိပ္ပါယ် ရောက် သွားတယ်....(မှန်ပါ့) မရောက်ဘူးလား ... (ရောက်ပါတယ် ဘုရား)။

မကြံဘတ်၊ မစည်ဘတ် ဖြစ်သွားပြီဆိုတာ ရောက်သွားပြီ... (မှန်ပါ့)မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား) ရောက် နေပြီဆိုဘာ သေချာကြပလား....(သေချာပါပြီ)။

အဲဒီတော့ကို....တဲ့ ဒီလိုယူပါတဲ့၊ ဝိဇ္ဇာ စရဏ ပြည့်စုံပေမဲ့ လဲ ဝိဇ္ဇာပြည့်စုံတာဘလဲ ဒီခန္ဓာထဲမှာဘဲ ဝိဇ္ဇာ ပြည့်စုံတာဘဲ၊

စရဏပြည့်စုံတာကလဲ ဒီဘန္ဓာထဲမှာဘဲ မနေဘူးလား ... (နေပါတယ်ဘုရား)။

သီလနဲ့ သမာဓိက စရဏ၊ ဝိဇ္ဇာက သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့ကွာ၊ မင်းတို့ မဂ္ဂင်တွေပေါ့....(မှန်ပါ့) နှစ်ခုပြည့်စုံနေတဲ့ ပုဂ္ဂိုလ် ဒုက္ခအဆုံး မရောက်သေးဘူးလားဆိုတော့ သူကလဲ ခန္ဓာရှိနေသေးလို့ ရှိယင် မြင်သာမြင် မရောက်သေးဘူး....(မှန်ပါ့)။

သွားလဲ သွားတယ်၊ မြင်လဲ မြင်တယ်၊ ခန္ဓာကြီးက ရှိနေသေးတော့ နိဗ္ဗာန်က လက်မခံဘူး.... (မှန်ပါ့) ခံပါ့မလား.... (မခံပါဘုရား)။

ခန္ဓာက ဒုက္ခသစ္စာကိုး၊ ဒုက္ခသစ္စာကို နိဗ္ဗာန်က လက်ခံရဲ့လား....(လက်မခံပါ) ဒုက္ခသစ္စာချုပ်မှ ရောက်မယ်.... (မှန်ပါ့)။

အဲဒီဇတော့ ခန္ဓာရှိနေတုန်းလဲ ဝိဇ္ဇာနဲ့ စရဏ ပြည့်စုံယင်တော့ ဖြင့် မြင်ရတယ်၊ နိဗ္ဗာန်တယ်၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်မမြင်သေးဘူး....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ)။

အဖြေထွက်သွားပြီနော်... (မှန်ပါ့) ဘယ်နှယ်တုံး- ဝိဇ္ဇာ စရဏ ပြည့်စုံတာလဲ နောဟိဒံ အာဝုသောဘဲ၊ အာဝုသော= ငါ့ရှင်၊ ဣဒံ = ဤစကားသည်၊ နောဟိ= မသင့်သေးပါဘူး ကွာ....တဲ့။

ခန္ဓာရှိနေသေးတယ်ကွတဲ့၊ ဝိဇ္ဇာနဲ့ စရဏပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာလဲ ခန္ဓာရှိနေသေးတော့ ခန္ဓာချုပ်ငြိမ်းမှ နိဗ္ဗာန်ကိုး....(မှန်ပါ့)။

ဒါနဲ့လဲ မရောက်သေးဘူးပေါ့လေ၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အရှင်ဥပဝါကက ဘောက်ဆန်ဆန်ဘဲ မေးတယ်လို့ အောက်မေ့လိုက်ပါတော့...(မှန်ပါ့) ဒါမေးရုံရှိခဲ့တာကိုး၊ ဘောက်ဆန်ဆန် ရှိခဲ့တာကိုး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိဇ္ဇာစရဏ မပါဘဲနဲ့ ရောက်ခဲ့တာ့ မှာလားလို့ ဘောက်ဆန်ဆန်မေးလိုက်တယ်...(မှန်ပါ့) ဟာ... ဝိဇ္ဇာစရဏမပါ ဝိဇ္ဇာစရဏ ချန်ထားလို့ ရှိယင်လဲကွာ...တဲ့ ဒီလိုလဲမမေးပါနဲ့တဲ့ ဒါလဲ မရောက်နိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ပြည့်စုံတုန်းကမှ မရောက်ဘဲကိုးဗျ၊ မပြည့်စုံခဲ့တာ့....(မရောက်နိုင်ပါဘုရား) မရောက်နိုင်ဘူး ဆိုတော့ သူ လေးချက်စလုံး မရောက်နိုင်ဘူးဖြေတာ ရှင်သာရိပုတ္တရာက....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့ အင်မတန်နေရာကျသွားပြီ၊ အဖြေတည့်သွားပြီ-(မှန်ပါ့)ဒါနဲ့ ပြန်မေးတယ်၊အရှင်ဘုရား .... ဒုက္ခအဆုံးမရောက်တာချည့်ဘဲလို့ ပြောနေတော့· ပဌမမေးတုန်းကလဲ ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးနိဗ္ဗာန် ရောက်ပါ့မလား ဆိုခဲ့တာလဲ "နော်ဟိဒံ အာဝုသော" မရောက်ဘူးကွတဲ့၊ စရဏနဲ့ ရောက်ပါ့မလား ဆိုတော့လဲ "နော်ဟိဒံ အာဝုသော" မရောက်နိုင်ဘူးက္....တဲ့၊ နို့ ဝိဇ္ဇာစရဏ နှစ်ပါးပြည့်စုံတဲ့ပုဂ္ဂိုလ် ရောက်ပါ့မလားဆိုတော့လဲ "နော်ဟိဒံ အာဝုသော" မရောက်ဘူးက္....တဲ့၊ ဝိဇ္ဇာစရဏ မရှိဘဲနဲ့ကော ရောက်ပါ့မလား မေးတော့လဲ မရောက်ဘူးကွလို့ ဆိုတော့ တပည့်တော် မေးစရာကုန်ပြီးတဲ့၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ)မေးစရာ ဘာတဲ့တုံး....(ကုန်ပါပြီဘုရား)။

ကိုင်း... ဟိုဘက်က သံဃာတော်တွေလဲ သေသေချာချာမှတ်ရမယ်၊ဒီဥစ္စာက အောင်မတန်မှ အရေးလဲကြီးပါတယ်၊ ကိုယ်အလိုရှိတဲ့ ခရီးကိုလဲ ဘာလုပ်လုပ် ခင်ဗျားတို့က နိဗ္ဗာန်ရောက်ဘို့လုပ်ကြတယ်၊ နိဗ္ဗာန်ရောက်ဘို့ ဆိုငြားသော်လဲ ကိုယ့်အထင်မှာ ကိုယ်ရောက်ပြီး နေငြားသော်လဲ အမှန်တကယ်အစစ်နဲ့ ရောက်ဘို့ကြတော့ ဆရာသမားမကူယင် ရကိုမရဘူး၊ ရပါ့မလား.... (မရနိုင်ပါဘုရား)။

ဆရာသမားမကူယင်လေ(မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာသေချာပလား....(သေချာပါပြီ)။

အေး....ဒါ့ကြောင့် သြော်....တော်တော်မကပါဘူး၊ အကြီးအကျယ် အရေးကြီးပါကလားဆိုတာ ခင်ဗျားတို့ပေါ်လာတယ် (မှန်ပါ့)မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲ....ဒါဖြင့် အရှင်ဘုရား တပည့်တော်မေးစရာ မရှိဘူးတဲ့။

ကိုင်း-မေးစရာမရှိငါအဖြေပေးပါ့မယ်တဲ့၊မင်းပဌမမေးတာက ဝိဇ္ဇာဆိုတဲ့ သမ္မာဒိဋ္ဌိမဂ်င်နဲ့ နိဗ္ဗာန်ရောက်ပါ့မလား လို့ မင်းမေးတဲ့အခါကျတော့ ဝိဇ္ဇာချည့်သက်သက် ဘယ်ကလာရောက်မှာတုံးကွ.... ဒို့ခြေထောက်မှမပါဘဲတဲ့....(မှန်ပါ့ဘုရား)။

မရောက်နိုင်ဘူး၊ ဒါ့ကြောင့် ငါမရောက်ဘူးလို့ ပြောလိုက်တယ်၊ရှင်းပလား... (ရှင်းပါပြီ) ခြေထောက်မပါဘူး၊ မျက်လုံးချည့် ဖွင့်နေရုံနဲ့ဆိုယင် ထိုင်ရာကနေပြီး မြင်ရုံမြင်ရမှာပေါ့၊ ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား)။

အဲဒါကြောင့် ငါက 'နောဟိဒံ အာဝုသော" ငါရှင် မဟုတ် ပါဘူးလို့ ဖြေလိုက်ခြင်းဟာ မမှားပါဘူးတဲ့၊ မှားသေးသလား....(မမှားပါဘုရား)။

ဒါနဲ့ မင်းဟာကဒုတိယမေးခွန်းကလဲစရကာချည်းသက်သက်နဲ့ ဒုက္ခအဆုံးကိုရောက်ပါ့မလားလို့ မေးပြန်တော့လဲ ငါကမရောက် ဘူးဘဲ ဖြေရမှာဘဲ၊ခြေသာပါ၍ မျက်လုံးက မသန်ဘူးကွတဲ့.... (မှန်ပါ့ဘုရား)။

ရောက်နိုင်သေးရဲ့လား .. (မရောက်နိုင်ပါဘုရား) ဒါဖြင့် နောက်ထပ် အခြေခြရှင်းလိုက်တော့လဲ ကိုက်မနေဘူးလား.... (ကိုက်နေပါတယ်ဘုရား)။

ဥပါဒါန်ရှိလျက်နဲ့ကွာ နိဗ္ဗာန်မရောက်နိုင်ပါဘူးတဲ့(မှန်ပါ့) ဝိဇ္ဇာချည့် သက်သက်လဲ ဥပါဒါန်က ရှိနေသေးတယ်၊ ကာမုပါဒါန်,ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန်တွေက ရှိနေသေးတယ်နော်....(မှန်ပါ့ဘုရား)။

ဥပါဒါန် ရှိနေသောကြောင့် ဝိဇ္ဇာချည့် သက်သက်လဲ နိဗ္ဗာန်မရောက်နိုင်ဘူး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ) ဥပါဒါန် ရှိနေသောကြောင့် စရဏချည့် သက်သက်ကော .... (မရောက်နိုင်ပါဘုရား)။

ဥပါဒါန်ရှိ နေသောကြောင့် ဝိဇ္ဇာစရဏပြည့်စုံလဲ မရောက် သေးဘူးတဲ့၊ဒီခန္ဓာကြီးနဲ့တော့ မရောက်နိုင်ဘူးပြောတာ၊ခုနင်က အာဖြေပေးခဲ့ပြီနော်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ့ဒီတော့ကဲ့တဲ့ ငါအဖြေမှန်မှန်ပေးရလို့ ရှိယင်ဖြင့် စရဏာပျက်လို့ ရှိယင် ဝိဇ္ဇာမှန်မှန်မသိဘူးကဲ့တဲ့....(မှန်ပါ့ဘုရား)။

စရဏာပျက်လို့ ရှိယင် ဝိဇ္ဇာမှန်မှန်မသိဘူးတဲ့၊ "စရဏဝိပ္ပလ္လဿ ယထာဘူတံ နဇာနာတိ ၊စရဏဝိပ္ပလ္လဿ=သလ သမာဓိပျက်နေတဲ့ ပုဂ္ဂိုလ်အား၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ နဇာနာတိ= မသိနိုင်....(မှန်ပါ့)။

သမာဓိနဲ့ သီလပျက်နေယင် ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့....(မှန်ပါ့)ဒါဖြင့် စရဏာမပျက်တဲ့ ပုဂ္ဂိုလ်ဖြင့် စရဏာလဲမပျက်ဘူး၊ ဝိဇ္ဇာလဲထက်မယ် ဆိုလို့ ရှိယင်တော့ဖြင့် ဒါရောက်ပါတယ် ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

စရဏာလဲမပျက် ဝိဇ္ဇာလဲထက်မယ်ဆိုယင်.... (ရောက်ပါတယ်ဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါဖြင့် ဒီအဓိပ္ပါယ်ဟာဘာကို ရှင်သာရိပုတ္တရာကြီး အလိုရှိလို့ ပြောပါလိမ့်မတုံး ဆို စရဏာမပါဘဲနဲ့ သီလကလဲမလုံခြုံ သမထကလေးကလဲ ထိုက်တန်သလောက်မှ သမာဓိအားမပြုဘဲနဲ့ ဝိဇ္ဇာဉာဏ်ဟာ ဘယ်နည်းမှ ဟုတ်တိုင်းမှန်စွာ မမြင်နိုင်ဘူးတဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သီလကလဲ မလုံခြုံ၊ သမာဓိကလဲ မတည်ကြည်ဘဲနဲ့ ဝိဇ္ဇာချည့်လုပ်နေပြန်လဲ ရပါ့မလား... (မရပါဘုရား)။

ဒါဖြင့် သမထပျက်ယင် ဝိဇ္ဇာမဖြစ်နိုင်... (မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား) သမထပျက်ယင်....(ဝိဇ္ဇာမဖြစ်နိုင်ပါဘုရား)။

သီလသမာဓိပျက်ယင်ဗျာ ကဲ....ဘာဆိုကြမလဲ....(ဝိဇ္ဇာမဖြစ်နိုင်ပါဘုရား) သီလ သမာဓိပျက်ယင်တော့ ဝိဇ္ဇာမဖြစ်နိုင်တော့ဘူးတဲ့ (မှန်ပါ့)အဲ-သီလသမာဓိကို တဏှာတကာမတွေက မှတ်လိုက်တာပေါ့ ခြေထောက်နှေး...(မှန်ပါ့)။

ဝိပဿနာ မဂ်ပညာကို မျက်လုံးထားလိုက်တာပေါ့နော်....(မှန်ပါ့)ခြေထောက်ကျိုးနေယင်လဲ မရောက်ဘူး၊ မျက်လုံးချည်းသက်သက်လဲ....(မရောက်ပါဘုရား) မရောက်ဘူး။

ခြေထောက်ရော-မျက်လုံးရော ညီညီညွတ်ညွတ် ရှိခဲ့လို့ရှိယင် ဖြင့်တဲ့ ဒီခန္ဓာစွန့်ပစ်ပြီး နိဗ္ဗာန်ရောက်မယ်၊ သဘောကျပလား....(မှန်ပါ့)။

ဒီခန္ဓာစွန့်ပစ်ပြီးမှ ဒါလဲ နိဗ္ဗာန်ဖြစ်မယ်၊ နို့မဟုတ်လို့ရှိယင် ခန္ဓာကြီးနဲ့ ဒုက္ခသစ္စာကြီးနဲ့တော့ နိဗ္ဗာန်က လက်မခံဘူး....(မှန်ပါ့) ခံနိုင်ပါ့မလား...(မခံနိုင်ပါဘုရား)။

ဒါဖြင့် ဒီလိုမှတ်ကြပေတော့၊ စရဏနဲ့ဝိဇ္ဇာ စုံတဲ့ပုဂ္ဂိုလ်ဟာ မြင်တော့ မြင်ရပြီနော် (မှန်ပါ့) မြင်ပင် မြင်ငြားဒေသ်လဲ ဥပဒေမညီသေးလို့ သူ့ကို နိဗ္ဗာန်က လက်မခံသေးဘူး၊ ဥပဒေမညီသေးလို့-နော်....(မှန်ပါ့)။

ဘာဥပဒေမညီသတုံးဆိုတော့ သူဟာ ဥပါဒါနက္ခန္ဓာကြီးရှိနေသေးတယ်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဥပါဒါနက္ခန္ဓာကြီးရှိနေပါသေးတယ်ဘုရား) ဥပါဒါနက္ခန္ဓာဆိုတာ ယခုခန္ဓာကြီးပေါ့ကွာ၊ ကိလေသာ မရှိငြားသော်လဲ ဒီဟာကြီးက ဥပါဒါနက္ခန္ဓာဘဲ သူရှိတယ်၊

ဥပဒါန်၏ အာရုံဖြစ်နေသေးတာဘဲ....(မှန်ပါ) မဖြစ်ဘူးလား-(ဖြစ်ပါတယ်ဘုရား)။

ဥပဒါန်၏ အာရုံဖြစ်တယ်-မဖြစ်တယ် ဘုန်းကြီး ရှင်းပြမယ်နော်....(မှန်ပါ့) မာဂဏ္ဍိပုဏ္ဏားကြီး၏ သမီးကလေး သုကလေးဟာ အင်မတန်ချော,အင်မတန်လှပါတယ်....(မှန်ပါ့)။

မာဂဏ္ဍိဆိုတဲ့ တကာမလေးက အင်မတန်ချော,အင်မာန်လှနေတော့ ပုဏ္ဏားက သူ့သမီးကြည့်ပြီး အင်မတန် ဘဝင်မြင့်နေတယ်၊ ငါ့သမီးကို တော်တော့လှနဲ့ မပေးစားနိုင်ဘူးဆိုပြီး ပုဏ္ဏားက ဘဝင်မြင့်နေတယ်... (မှန်ပါ့)။

သူက ဗေဒင်တတ်တယ်၊ ဗေဒင်တတ်တော့ စက်လက္ခဏာတွေ ကြည့်ဦးမယ်...၊ စက်လက္ခဏာနဲ့ ပြည့်စုံဘဲ့ ပုဂ္ဂိုလ်ဆိုယင် သူ့သမီးနဲ့ ပေးစားမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါနဲ့ ဘုရားကလဲ ဒီပုဏ္ဏားလင်မယားတော့ ကျတ်တမ်းဝင်စရာမြင်တယ်၊ သူ့သမီး မာဂဏ္ဍိကးတာ့ဖြင့် အပါယ်ကျစရာမြင်တယ်....၊ သို့သော်.... နှစ်ယောက်တော့ ကယ်တင်ရမှာဘဲ၊ တယောက်တော့ သူ့အကြောင်းနဲ့သူ မတတ်နိုင်ဘူး... ဆိုပြီး ဘုရားက ပုဏ္ဏားအိမ်ဘက် ဆွမ်းခံသွားပြီး ခြေရာချလိုက်တယ်၊ ပုဏ္ဏားအိမ်နားသွားပြီး ခြေရာချတယ်၊ ခြေရာက ဘုရားက ထင်စေချင်မှ ထင်တာကိုး....(မှန်ပါ့) မထင်စေချင်ယင် မထင်ဘူး။

ဒါနဲ့ ပုဏ္ဏားကလဲ သားမက်လောင်းရှာနေတဲ့ ခြေရာလျှောက်ရှာပြီးနေတော့ ဒီခြေရာကို သွားပြီးတွေ့တယ်....(မှန်ပါ့)။

ဒါနဲ့ သူ့ပုဏ္ဏားမကို သွားပြောတယ်၊ ဟေ့.... ဒို့ဗေဒင်ကျမ်းနဲ့ညီတဲ့ သားမက်လောင်းတော့ တွေ့ပြီကွ....၊ ဘယ်နှယ်နေလို့တုံးမေးတော့ အို.... စက်လက္ခဏာတွေ စုံနေတာဘဲ....၊ ဒို့သမီးကလဲ ဒီလိုပုဂ္ဂိုလ်မျိုးနဲ့မှ တန်တယ်၊ ဒါမှ ပေးစားနိုင်တယ်၊ ပုဏ္ဏားက ဖြစ်နေတာပေါ့လေ...(မှန်ပါ)။

ပုဏ္ဏားမကတော့ ပါးတယ်၊ မဟုတ်သေးဘူး၊ အခု သင်ပြောတဲ့ ခြေရာအတိုင်းဆိုယင် ဒီခြေရာက ကိုဓလသာကုန်ခန်းတဲ့ခြေရာဘဲ၊ ပုဏ္ဏားမက ပါးတယ်၊ ကိုလေသာမရှိဘူး သူ့မှာ၊ ဘယ်မှာ ပေးစားလို့ ရလိမ့်မလဲ (မှန်ပါ့)။

ဟာ... နင်မသိပါဘူး၊ ပုဏ္ဏားက အော်တာဘဲ၊ နင်မသိဘူး။ ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခြေတော်ရာခြေပြီး တနေရာမှာသွားပြီး ဒနလိုက်ဘယ်၊ ပုဏ္ဏားက ခြေရာခံပြီး လိုက်လာတယ်၊ ပုဏ္ဏားမကိုလဲ သူ့အော်ပစ်ခဲ့တယ် နင်မသိပါဘူးလို့၊ ပုဏ္ဏားမက မှန်နေတာ မှန်တာက....(မှန်ပါ့) ဒီဥစ္စာ အာသဒေါကုန်ပြီးသားပုဂ္ဂိုလ်၏ ခြေရာတဲ့၊ ဒီခြေရာ သေးတာ မဟုတ်ဘူးတဲ့....(မှန်ပါ့)။

ဟာ... နင်မသိဘူးဆိုပြီး အဘင်းလိုက်တယ်၊ လိုက်တော့ ဘုရားနဲ့သွားတွေ့တယ်၊ တွေ့တော့ ဘုရားသခင်ကိုယ်တော်မြတ်အား သူ့သမီးဟာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့မှမခပေးစားနိုင်ဘူး-တဲ့၊ ဗေဒင်ကျမ်းမှာ ကြည့်လိုက်တဲ့အခါ ဒီလို ပုဂ္ဂိုလ်နဲ့မှ ပေးစားနိုင်တယ်၊ ဒါ့ကြောင့် သူ့သမီးကို ထိန်းသိမ်းပါတဲ့ ပုဏ္ဏားက-(မှန်ပါ့) နားလည်ပလား....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်၊ ငါဟာ မင်းရဲ့လူဆိုတဲ့ တကာမကို မဆိုပါနဲ့၊ မာရ်နတ်မင်းကြီး၏ သမီးတွေဖြစ်တဲ့ တဏှာတို့၊ ရာဂါတို့ဆိုင်ရဲ့ပုဂ္ဂိုလ်တွေငါ့ကို လာပြီး ဖြားယောင်းကြတာတောင် ခြေဖျားနဲ့မတို့ပါဘူး... တဲ့ ဘုရားက ပြောလိုက်တယ်....(မှန်ပါ့)။

မင့်သမီး မာဂဏ္ဍိလို သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်အခဲတွေနဲ့ ခန္ဓာကိုယ်ကြီးစုနေတဲ့ဥစ္စာ ဘယ်မှာ ငါသည် သိမ်းပိုက်နိုင်မလဲတဲ့ ဘုရားက ပြောလိုက်တယ်...(မှန်ပါ့)။

ဟိုမှာသုံးဆယ့်နှစ်ကောဋ္ဌာသမပြည့်စုံတဲ့နတ်သမီးတွေတောင်မှ ငါ-မပြစ်မှားခဲ့ဘူးတဲ့၊ ဒီမှာ သုံးဆယ့်နှစ်ကောဋ္ဌာသဆိုတဲ့ အညစ်အကြေးတွေ အသုဘကြီးတွေ ဘယ်မှာ ငါ·ယူပါ့မလဲ... တဲ့၊ ဘုရားက ပြောလိုက်တယ်။

မာဂဏ္ဍိက အဲဒီကဘည်းကစ,ပြီး ရန်ညိုးဖွဲ့တာ...(မှန်ပါ့) ငါ့ကို ဒီလို ဆိုရမလားပေါ့လေ·ပုဏ္ဏားသမီး၊ အဲဒီကစ,ပြီး ရန်ညိုးဖွဲ့တာဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ နတ်သမီး- နတ်သားများမှာတော့ မှတ်ထားကြပါ သုံးဆယ့်နှစ်ကောဋ္ဌာသ မစုံဘူး-နော်....(မှန်ပါ့) ပုပ်တာတွေ ရိတာတွေ သွေးတို့ ပြည်တို့ ဒါတွေ့မရှိဘူး သူတို့မှာ၊ သန့်သန့်ရှင်းရှင်းပေါ့လေ.... (မှန်ပါ့) ဒါ....ဘုရားကဘဲ ဖွင့်ချလိုက်တာနော်...(မှန်ပါ့)။

သုံးဆယ့်နှစ်ကောဋ္ဌာသ မပြည့်စုံတဲ့ နတ်သမီးတွေတောင်မှ ငါ-ခြေဖျားနဲ့မတို့ဘဲနဲ့ သင့်မှာ သုံးဆယ့် နှစ်ကောဋ္ဌသကြီး

အပြည့်အစုံနဲ့ အသုဘထည်ကြီး ငါ့ကို လာလှဲလို့ ဘယ်မှာသာ လျှင် ငါ-သိမ်းပိုက်နိုင်ပါ့မလဲလို့ ပြောလိုက်တော့ ပုဏ္ဏား လန့် သွားတာပေါ့လေ၊ အဲဒီမှာသမီးကလဲကြားတော့ သမီးကရန်ဖြိုးဖွဲ့ တယ်၊ ငါ....ဒါလောက်ချော, ဒါလောက်လှပြီးသကာလနေတဲ့ ဥစ္စာ ငါ့ကို ဒီလို ပြောရမလား၊ပေါ့လေ... (မှန်ပါ့) အံမာလေး ကြောက်စရာကြီးပါလား၊ ကြောက်စရာကြီးဘဲ... (မှန်ပါ့)။

အဖွားကြီးတွေ ကြားရဲ့လား....(မှန်ပါ့) ဒါဖြင့် နတ်နဲ့လူ ဘာထူးသတုံးမေးယင်ကော ဖြေတတ်ကြပလား....(ဖြေတတ်ပါ ပြီဘုရား)လူကသုံးဆယ့်နှစ်ကောဋ္ဌာသစုံနေတယ်နော်...(မှန်ပါ့) နတ်က.... (မစုံပါဘုရား) မစုံဘူးဆိုတာကို ဘုရားကိုယ်တော် တိုင်ကလဲ ဖွင့်ပြီးပြောခဲ့တယ်... (မှန်ပါ့)။

အဲဒီဘော့ ဒီခန္ဓာကြီးမှာ သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ် အရွဲ့ဒုက္ခသစ္စာကြီးရှိနေတော့ အသုဘကြီးကို နိဗ္ဗာန်က လက် ခံပါ့မလား...(မခံပါဘုရား) မခံဘူး....တဲ့၊ ဒါ့ကြောင့် နိဗ္ဗာန် ဆိုတာက သုဘနိဗ္ဗာန်ကိုး....(မှန်ပါ့)။

လူ့ခန္ဓာကိုယ်က အသုဘခန္ဓာကိုယ်ကိုး၊ ရှင်းပလား...(ရှင်း ပါပြီဘုရား) အသုဘခန္ဓာ ဟုတ်တယ်- မဟုတ်တယ် မင်းတို့ လေးသခွေ်နဲ့ကမ္ဘာတသိန်း ပါရမီဖြည့်ဆည်းပူးပြီးသား ကိုယ် တော်မြတ်ကြီးပင် ဝမ်းလျှောပြီး ပရိနိဗ္ဗာန်ပြုရဘယ်၊ ကျင်ကြီး တွေ ပြင်ဘက်ရောက်လာတာကြည့်တော့....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့.... ဝိဇ္ဇာစရဏစုံငြားသော်လဲ တတိယအခေါ်မှာ အသုဘခန္ဓာ လက်မခံဘူး....တဲ့....(မှန်ပါ့) သွားတယ်၊ ရောက် ခါနီးတယ်,ရောက်တယ်၊မြင်ရတယ်၊ သို့သော်....ဒီခန္ဓာချုပ်ငြိမ်းမှု

ရောက်တယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား— (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် စုံပင်စုံငြားသော်လဲ မရောက်နိုင်ဘူးက္ခ၊ ပြောလိုက်တာကော သဘောပါပလား.... (ပါ-ပါပြီဘုရား) ဒါကတော့ ခန္ဓာဆုံးမှ ရောက်မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ-နော်.... (မှန်ပါ့)။

အသုဘခန္ဓာကြီးတွေ လုပ်ခံပါ့မလား.... (မခံပါဘုရား) ဘာ့ကြောင့်တုံး....ဆိုတော့ ဟိုက သုဘနိဗ္ဗာန်၊ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

သုဘဆိုတာ တင့်တယ်တာ၊ နိဗ္ဗာန်က ငြိမ်းအေးတာ၊ တင့်တင့်တယ်တယ်နဲ့ ငြိမ်းအေးတဲ့နေရာကို အသုဘခန္ဓာကြီးနဲ့ သွားပြီး ကျုပ်နေပါမယ်ဆိုလို့တော့ မဖြစ်ဘူးတဲ့- လက်မခံဘူး.... (မှန်ပါ့) ပေါ်ပလား— (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိဇ္ဇာစရဏပြည့်စုံလဲ မရောက်နိုင်သေးဘူး- ခန္ဓာရှိနေယင်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မြင်တော့ မြင်ရတယ်နော်.... အနိုးကပ်ရောက်တယ်၊ နိဗ္ဗာန်အဖြစ်သို့တော့ ရောက်ပလား-(မရောက်သေးပါဘုရား)မရောက်သေးဘူး၊ ဘာဖြစ်လို့တုံး....ဆိုတော့ အသုဘခန္ဓာခံနေတယ်.... (မှန်ပါ့) သုဘနိဗ္ဗာန်က ဟသုဘနဲ့ မတွဲနိုင်ဘူး....(မှန်ပါ့)တွဲနိုင်သေးရဲ့လား... (မတွဲနိုင်ပါဘုရား) မတွဲနိုင်ဘူးဆိုတာကော သေချာပလား... (သေချာပါပြီဘုရား)။

ဒါဖြင့် တတိယပုဏ္ဏားကော ပြေပလား.... (ပြေပါပြီဘုရား) ဝိဇ္ဇာနဲ့ စရဏပြည့်စုံတိုင်း နိဗ္ဗာန်မရောက်သေးဘူးက္ခ... တဲ့(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဝိဇ္ဇာစရဏ မပါဘဲနဲ့ ရောက်သလား လို့ ထပ်မေးတယ်၊ ဘာကဆန်ဆန် မေးတာဘဲနော်....(မှန်ပါ့) ဝိဇ္ဇာစရဏမပါဘဲနဲ့ကော ဒုက္ခအဆုံး ရောက်ပါ့မလား ဆိုတော့ ဒီလိုဆိုယင်ကွာ ပုထုဇန်လဲ နိဗ္ဗာန်ရောက်ကုန်မှာပေါ့၊ ဖြေလိုက်ပြီ....(မှန်ပါ့)။

ပုထုဇန်တွေ ဘာတုံး....(နိဗ္ဗာန်ရောက်ကုန်မှာပေါ့) နိဗ္ဗာန်ကို မုချရောက်ကုန်မှာပေါ့တဲ့၊ ဝိဇ္ဇာစရဏမစုံဘဲနဲ့ သာ နိဗ္ဗာန်ရောက်မယ်ဆိုယင် ပုထုဇန်ဟူသ၍ အာကုန်ရောက်မှာဘဲ... (မှန်ပါ့ဘုရား) မရောက်ချင်တဲ့ပုဂ္ဂိုလ်လ်တော့ မရှိပါဘူးကွ....တဲ့၊ ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေပါဘဲတဲ့၊ သို့သော်.... ဝိဇ္ဇာစရဏ မပြည့်စုံတဲ့အတွက် ဘယ့်နှယ်တုံး....(မရောက်ပါဘုရား)။

အဲဒီတော့ ငါ့ရှင်းရှင်းနဲ့ လင်းလင်းပြောရလို့ရှိယင် မင်းတို့ မှတ်ထားပါ....တဲ့ ရှင်သာရိပုတ္တရာက ရှင်ဥပဝါနကို အဖြေထုတ်လိုက်တယ်နော်... (မှန်ပါ့)။

ဘယ်လို အဖြေထုတ်လိုက်သတုံးဆိုတော့ " စရဏ ဝိပလ္လာသဿ ဝိဇ္ဇာ ယထာဘူတံ နဇာနာတိ " စရဏ ဝိပလ္လာသဿ= စရဏဖေါက်ပြန်နေသော ပုဂ္ဂိုလ်အား (ဝါ) စရဏမပါဘဲ(ဝါ) စရဏပျက်နေသော ပုဂ္ဂိုလ်အား....တဲ့၊ စရဏပျက်နေတယ်....တဲ့၊ သီလသမာဓိပျက်နေတယ်....တဲ့.... (မှန်ပါ့) ယထာဘူတံ နဇာနာတိ... က့ဲ ဟုတ်တိုင်းမှန်စွာကို မသိပါဘူးကွာ....တဲ့၊ မရပါဘူး....တဲ့ စရဏပျက်နေလို့ရှိယင် ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သီလလဲ ဖြူစင်ပါစေ·နော်.... (မှန်ပါ့) သမာဓိအလုပ်ကတော့ တဲ့ပြီးတော့ ဘုန်းကြီးက ပေးထားတဲ့ အတွက် တဲ့လျက်ဘဲ ပါသွားတယ်....(မှန်ပါ့)။

ဒါ့ကြောင့် မင်းတို့ရှုနေတဲ့အခါကျတော့ မဂ္ဂင်ငါးပါးမပါဘူးလား.... (ပါ-ပါတယ်ဘုရား) ပါတော့ သမာဓိမဂ္ဂင်က သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးက ပါပြီးသားမနေဘူးလား— (နေပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီး ပေးထားတဲ့ အလုပ်ကတော့ဖြင့် တကာတကာမတွေ သြော်....သမာဓိနဲ့ပညာကို တဲ့ပေးထားတာကိုး နော်.... (မှန်ပါ့) ကိုယ်က သီလလုံဘို့ရာကလေးတခုဘဲ လို့ တော့တာဘဲဆိုတော့ ရှင်းမသွားဘူးလား.... (ရှင်းသွားပါတယ် ဘုရား)။

ကိုယ်မှာ ဘာလို့နေသတုံး.... (သီလလို့နေပါတယ်ဘုရား) ဝိပဿနာလုပ်နေလို့ ရှိယင် ဖြစ်ပျက်မြင်နေလို့ ရှိယင်ဖြင့် တကာတကာမတွေက မှတ်လိုက် သမထနဲ့ ဝိပဿနာပါပြီ၊ သမာဓိမတည်ကြည်ဘဲနဲ့ ဖြစ်ပျက်မြင်ပါ့မလား....(မမြင်ပါဘုရား)မမြင်နိုင်တော့ သြော်.... သမထနဲ့ဝိပဿနာတော့ ဆရာဘုန်းကြီးက တဲ့ပေးထားတယ်၊ ဒို့က သီလကလေး လုံခြုံအောင်တော့ဖြင့် ကိုယ်ရေးကိုယ်တာကို ကိုယ့်ဟာကို စောင့်ရှောက်မှဘဲဆိုပြီး သီလလုံခြုံအောင်တော့ ကိုယ့်ဟာကိုယ် စောင့်ရှောက်ပေါ့ဗျာ.... (မှန်ပါ့)။

ငါးပါးဖြင့် ငါးပါးစောင့်ရှောက်ပေါ့၊ ရှစ်ပါးဖြင့် ရှစ်ပါးစောင့်ရှောက်ကြပေါ့၊ ဆယ်ပါးဖြင့် ဆယ်ပါးစောင့်ရှောက်ကြပေါ့၊ ကိုယ်ကြိုက်ရာ စောင့်ရှောက်၊ နို့မဟုတ်ယင် စရဏပျက်

သွားမှာစိုးရတယ်၊ သီလနဲ့ သမထ-စရဏကိုးနော်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... ဒီတကာတကာမတွေ့မှာ ဒို့လုပ်နေတဲ့ အလုပ်ဟာ မှန်တော့ မှန်ပြီပေါ့.... တခုကလေးသာ သတိထားရလိမ့်မယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)တခုကလေးက ဘာတုံး (သီလ) သီလကလေးတော့ဖြင့် ဖြူစင်အောင်ပေါ့လေ-နော် (မှန်ပါ့)။

အလုပ်-မလုပ်ခင် တနာရီလောက်ကစပြီး သီလဖြူစင်အောင် လုပ်ပြီးသကာလ ထားလိုက်တဲ့အခါ ဘုန်းကြီးများလို ခင်ဗျား တို့က မခက်ပါဘူး၊ ဘုန်းကြီးများကတော့ တခုသော အာပတ် သင့်တယ်ဆိုယင် ဒေသနာမကြားယင် ထ,ကိုမထဘူး....(မှန်ပါ့) ဒေသနာမကြားယင် ဒီသီလဟာ တခါတည်း တောက်လျှောက် ပျက်နေတော့တာဘဲ....(မှန်ပါ့) လူကတော့ ဒီလို မဟုတ်ပါဘူး၊ ဒါ.... မလုပ်တော့ပါဘူးဆိုယင် ပြီးသွားတာဘဲ.... (မှန်ပါ့) ဘုန်းကြီးများကတော့ ဒီလိုနဲ့ မပြီးသေးဘူး-ရဟန်းတပါး ရှာရသေးတယ်... (မှန်ပါ့) ရှာပြီးတော့ အရှင်ဘုရား....တပည့်တော်နောက် ဒီလိုမလုပ်ပါဘူးလို့ တောင်းပန်ပြောရမည့်သူကို ရှာရသေးတယ်.... (မှန်ပါ့ဘုရား) မရှာရဘူးလား.... (ရှာရပါတယ် ဘုရား)။

ခင်ဗျားတို့က ဒီလိုရှာစရာ ရှိသေးရဲ့လား၊ ဟာ.. အခု လုပ်နေတဲ့နာရီအတွင်း ဘယ်နည်းနဲ့မှ ကျုပ်-မလွန်ကျူးတော့ဘူး ဆိုယင် ခင်ဗျားတို့က ပြီးသွားတာဘဲ....(မှန်ပါ့) ဘုန်းကြီးများကတော့ ရကို မရဘူး....(မှန်ပါ့)။

ဒေသနာကြားမှ ရမှာဖြင့် ဒေသနာကြား၊ ဝတ်စောင့်မှ ရမှာဖြင့် ဝတ်စောင့်၊ လူထွက်မှ ရမှာဖြင့် လူထွက်....(မှန်ပါ့) လူထွက်မှရတဲ့ဆီက္ခာပုဒ်ကလဲ ရှိသေးတယ်၊ လူထွက်ပြီးတော့ ပျောက်သွားတာဘဲ-(မှန်ပါ့) ဒီလို သီက္ခာပုဒ်ကလဲ ရှိသေးတယ်၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားနာ အသားထုတ်ပြီးသကာလ ယူစရာက စရဏပျက်ယင် ဝိဇ္ဇာကမှန်ကန်စွာမသိဘူး၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

စရဏပျက်ယင်....(ဝိဇ္ဇာက မှန်ကန်စွာမသိပါဘုရား)ဝိဇ္ဇာက မှန်ကန်စွာမသိဘူး... တဲ့၊ ဖြစ်ပျက်ကို မှန်ကန်စွာ မတွေ့နိုင်ဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒုက္ခဒုစ္စာကို မှန်မှန်ကန်ကန်မတွေ့နိုင်ဘူး၊ ဘာဖြစ်လို့ ကျုပ် မတွေ့သေးပါလိမ့်မတုံးမေးလို့ ရှိယင်ဖြင့် စရဏ ပျက်နေပြီဟာ့၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား) နောက်က ကိုယ်တော်တွေကော ရှင်းကြရဲ့လား၊ ဒီနေ့ ဘုန်းကြီးတွေ အတော်ပါတယ် ဒီအထဲမှာ၊ ဘုန်းကြီးတွေမှာ သိပ်အရေးကြီးနေတယ်....နော်.... (မှန်ပါ့)။

အဲဒီတော့ စရဏပျက်နေယင် ဝိဇ္ဇာဟာ ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့၊ သီလသမာဓိပျက်နေလို့ ရှိယင် ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ်သည် အမှန်ကို မမြင်နိုင်တော့ဘူး၊ မြင်နိုင်သေးရဲ့လား... (မမြင်နိုင်ပါဘုရား)။

ဒါဖြင့် ခြေကျိုးနေလို့ မြင်လို့တောင်မှ မပြင်နိုင်ပြန်ဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်၊ မှန်မှန်ကန်ကန် မမြင်ပြန်ဘူး၊ ခြေကျိုးနေတဲ့အတွက်....(မှန်ပါ့)။

ဒါဖြင့် အရေးမကြီးဘူးလား .... (ကြီးပါတယ်ဘုရား) နောက်က တကတကာမတွေ့....(ကြီးပါတယ်ဘုရား) ဩဇာ.... နက်ဖြန်ကစ,ပြီး ဆရာဘုန်းကြီးက ဒီတရားဟောလိုက်တဲ့အတွက် နက်ဖြန် ဘယ်အချိန်က ဘယ်အချိန်ဖြင့် ငါသည် ဘယ်စကား မျိုးကိုမှ ထုံးစံအတိုင်းသာ ပြောတော့မယ်၊ ရယ်စရာ,မောစရာတွေ့ ဘာတွေ့ အစရှိသည်တို့ကို ဒီအချိန် ရှောင်ပြီးသကာလ ကိုင်း-ကြိုးစားပါတော့မယ်ဆိုယင် ကြဉ်ရှောင်ပြီးတဲ့စိတ်ကလေးနဲ့ သွားပြီးကြိုးစားလိုက် ကမ္မဋ္ဌာန်းကျောင်းကို၊ မင်းတို့ အိမ်ပေါ်မှာလဲ ဒီအတိုင်းပေါ့ကွာ....(မှန်ပါ့)။

ကဲ...ဒီနာရီနဲ့ဒီနာရီဖြင့် သီလကို ငါးပါးသီလဖြင့် ငါးပါးသီလကို ကြဉ်ရှောင်ပြီး ဒီအချိန်မှာဖြင့် ဘယ်ဘာမှ မလွန်ကျူးတော့ဘူးဆိုပြီးတော့ ထိုင်လိုက်ပါ-နော်....(မှန်ပါ့) ဒီလိုဆိုတော့ မြန်မြန်ကြီး ခရီးမပေါက်ပေဘူးလား.... (ပေါက်သွားပါတယ် ဘုရား) ဘာ့ကြောင့်တုံး- စရဏမပျက်လို့ ဝိဇ္ဇာထက်တယ်.... ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

စရဏမပျက်ယင်.... (ဝိဇ္ဇာထက်ပါတယ်ဘုရား) စရဏပျက်ယင်....(ဝိဇ္ဇာမထက်ပါဘုရား) ဝိဇ္ဇာနဲ့တယ်....(မှန်ပါ့)။

စရဏပျက်ယင်... (ဝိဇ္ဇာနဲ့ပါတယ်ဘုရား) စရဏထက်ယင် (ဝိဇ္ဇာထက်ပါတယ်ဘုရား) အဲ....စရဏမပျက်ယင် ဝိဇ္ဇာထက်တယ်၊ ဒါကလေး သေသေချာချာမှတ်ပါ၊ ဒီတရားမှာ ဒါ... လိုရင်းဘဲ....(မှန်ပါ့)။

စရဏပျက်ယင်း—(ဝိဇ္ဇာနဲ့ ပါတယ်ဘုရား) ဝိဇ္ဇာဟာ တခါတည်း ချို့သွားတာဘဲ၊ နဲ့သွားတာဘဲ·နော်....(မှန်ပါ့)စရဏမပျက်လို့ရှိယင်ဖြင့် ဝိဇ္ဇာထက်ပါတယ်၊ စရဏပျက်လို့ရှိယင် ဝိဇ္ဇာနဲ့တယ်.... (မှန်ပါ့-နဲ့ပါတယ်ဘုရား) နဲ့လို့ရှိယင် ဟုတ်တိုင်းမှန်စွာ မဖြစ်ဘူး၊ ပေါကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့်.... ဒီတရား အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား) ဒါဖြင့် နက်ဖြန်ကစ,ပြီး ပြင်စရာ,ဆင်စရာတွေကို ဆရာဘုန်းကြီး ပေးလိုက်တာတွေကို သိကြပလား.... (သိပါပြီဘုရား) နေ့ခင်းက တကာတကာမတွေကော....(သိပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ် နက်ဖြန်ကျတော့ ပြင်ရမှာပေါ့၊ သဘောကျပလား....(ကျပါပြီဘုရား) အဖွားငြိမ်းတို့-အဖွားမြတို့ ဘာလုပ်ကြမယ်....(ပြင်ရပါမယ်ဘုရား) ပြင်ရမယ်။

ကိုင်း....ဒို့-ကမ္မဋ္ဌာန်းကျောင်းသွားတော့မယ်၊ဟော-သွားတဲ့အချိန်ကစ,ပြီးတော့ ရယ်စရာ, မောစရာ ဘာမှ မပြောတော့ပါဘူး၊ ဒီ့ပြင် ဝိတက်တွေလဲ အဝင်မခံတော့ပါဘူး၊ ကာယကံဝစီကံတွေ လုံအောင်လုပ်ပါတော့မယ်ဆိုပြီးသကာလ မနောကံနဲ့ ဝိပဿနာရှုလိုက်ပါ...၊ ချက်ခြင်း ပေါက်ထွက်သွားမယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု... သာဓု....သာဓု....

ကျေးငှးတော်ရှင် အဂ္ဂမဟာဝပဏ္ဏော်တ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မဂ်လာတိုက်၌ ဟောကြားတော်မူအပ်သော
လူ့ဘဝရခိုက် ဝဋ်ဆုံးပါးမှ လွတ်အောင်
ည အလုပ်ပေးတရားတော်
(၄ - ၆ - ၆၂)

ဘုန်းကြီးက တရားပြောပေး ဆုံးမပေးနေတယ်ဆိုတဲ့ဥစ္စာက ဘာပြောသတုံးလို့ တကာ တကာမတွေက မေးလို့ ရှိယင် တရားပြောနေတယ်၊ တရားပြောနေတယ်ဆိုတာက မှန်တာကို ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

တရားပြောနေတယ်ဆိုတာ ဘာပါလိမ့် ... (မှန်တာကိုပြောတာပါဘုရား)။

မှန်တာကို ပြောနေတယ်၊ အဲဒီတော့ ဒီဟာကို တကာတကာမတွေက မှန်တာကို ပြောနေတာဘဲ၊ တရားဆိုတဲ့ဥစ္စာ မှန်တာဘဲ၊ဒီမှန်တာတွေ ပြောနေတာကို ကိုယ်က မနာယူကြဘူး မလိုက်နာကြဘူး၊ မကျင့်ကြဘူး၊ မကြံကြဘူးဆိုယင် ပြောင်းပြန်လှည့်ကြည့်လိုက်တာပေါ့ ဦးဘကလေးတို့က-နော် .. (မှန်ပါ့)။

ဒါမလိုက်နိုင်ဘူး၊ ဒါမနာနိုင်ဘူး၊ဒါ မကျင့်နိုင်ဘူး၊ ဒါမကြံနိုင်ဘူးဆိုယင် မတရားလုပ်နေတယ်၊ အဓိပ္ပါယ် ဒီရောက်တယ်....(မှန်ပါ့)မရောက်ကြဘူးလား .. (ရောက်ပါတယ်ဘုရား)။

ဘုန်းကြီးက ဘာပြောနေသတုံး....(တရား ဟောနေပါတယ် ဘုရား)တရားဟောနေတယ်၊ ဒါတွေကို နာလဲ မနာဘူး၊ သင်လဲ မသင်ဘူး၊ဒီအတိုင်းလဲ မလိုက်နာဘူးဆိုလို့ ရှိယင်ဖြင့် ဘာလုပ်နေသတုံး မေးဘို့ရာဟာ သူ့အဖြကို သူထွက်လာပြီဆိုတာ မှတ်ရမှာ....(မှန်ပါ့)မမှတ်ရပေဘူးလား....(မှတ်ရပါတယ်ဘုရား)။

ဘာလုပ်နေသတုံး....(မစာရားလုပ်နေပါတယ်ဘုရား) မတရားလုပ်နေတယ်ဆိုတဲ့ဥစ္စာ အထူးတလည် အဖြေပေးဘို့ လိုသေးသလား....(မလိုပါဘုရား)။

အဲဒါ့ကြောင့် တကာတကာမတွေ ကြပ်ကြပ် ဂရုစိုက်ပြီး သကာလ သြော်... တရားပြောနေတာဘဲ၊ ဒို့ဟာ မတရားလုပ်နေလို့ မတော်ပါဘူးဆိုတဲ့ စိတ်ကို မွေးရမယ်.. (မှန်ပါ့) မမွေးသင့်ဘူးလား....(မွေးသင့်ပါတယ်ဘုရား)။

တရားလဲ နာ၊အားလဲ ထုတ်၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့ မတရားနေတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဆက်နေတယ်၊ တရားနဲ့ နေတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်နေတယ်....(မှန်ပါ့)။

ဒါနဲ့ ရှင်းကြည့်ပါဦး၊ တရားမနာဘူး၊ တရားနှလုံးမသွင်းဘူးဆိုတော့ ဦးဘစလေး စဉ်းစားကြည့်တာပေါ့ မတရားနေတယ်၊ မတရားနေတယ်ဆိုတော့ တကာ တကာမတွေမှာ တိုတိုပြောတော့ ပဋိစ္စသမုပ္ပါဒ် ဆက်နေတယ်....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

ဟာ.... တရားနာတယ်၊ တရားအားထုတ်နေပါတယ်လို့ ဆိုတော့ ဩဇာ.... ဒုက္ခစက်ကြီး ပဋ္ဌိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး လည်နေတာကို ဖြတ်နေတာပါကလား၊ မရှင်းကြသေးဘူးလား .... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် တရားနဲ့-မတရား ကွဲပလား .... (ကွဲပါပြီ) ကွဲပြီတဲ့၊ ဒါဖြင့် ဒီလို ပြောကြစို့တဲ့၊ အိမ်မှာ ဘာသုပ်ပြီးသကာလ တကာတကာမတွေ့ နေကြသတုံး၊မတရား လုပ်နေတယ် ဆိုတာ ဖြရမယ်....(မှန်ပါ့)။

တခါတလေကျတော့ သားတွေ့,သမီးတွေ့နဲ့ ဒေါသ,သောကတွေ့နဲ့ အချိန်ကုန်သွားတယ်၊ ကုန်မသွားဘူးလား.... (ကုန်သွားပါတယ်ဘုရား)။

ဒေါသဆိုတာ သားကလေး, သမီးကလေးတွေ့ ကိုယ်ကလိမ်မာယဉ်ကျေးစေချင်တယ်၊သူတို့ကမလိမ်မာမယဉ်ကျေးတော့ အမေမိဘလုပ်တဲ့ပုဂ္ဂိုလ်, ညီအစ်ကိုမောင်နှမ အကြီးအကဲ လုပ်တဲ့ ပုဂ္ဂိုလ်များက ဒေါသဖြစ်တယ်၊ မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒေါသဖြစ်တော့ ဒေါသဟာ တရားလား - မတရားလား မေးကြည့်ပါ....(မတရားပါဘုရား)။

မတရားတာက အခု မတရားတာလဲ တမျိုး၊ နောင်မတရားဖြစ်ရမှာလဲ တမျိုးလို့ မှတ်လို့ရှိယင် မလွဲပါဘူး .... (မလွဲပါဘုရား)။

အခု မတရားတာကတော့ ဒေါသနောက်က သောကလိုက်တယ်၊ သောက နောက်က ပရိဒေဝ လိုက်တယ်၊ဝိုမှု လိုက်တယ်နော်၊ နောက် ဒုက္ခ,ဒေါမနဿတွေ့ မလိုက်ဘူးလား .... (လိုက်ပါတယ်ဘုရား) တော်တော်ကြာကျတော့ အဝိဇ္ဇာသံခ်ါရတွေကော....(လိုက်ပါတယ်ဘုရား)။

ဒါဟာ သြော် .... အိမ်မှာနေတာ သားတွေ့, သမီးတွေ့ အတွက် ကိုယ်ခိုင်းတဲ့အတိုင်း မလိုက်နာ မပြုကြပြီ ဆိုမှဖြင့် မတရားလုပ်နေတော့ သားသမီးကတော့ ကိစ္စမရှိဘူး၊ အမေအဖေက အပါယ်သွားနေတယ်....(မှန်ပါ!) မသွားသေးဘူးလား (သွားပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရ ဝိညာဏ်ဆိုတော့ ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ဆိုတာပါ၊ အဲဒီတော့ မတရားနေမိတဲ့အတွက် အပါယ်ရောက်သွားတယ်၊ရှင်းပလား....(ရှင်းပါပြီ)။

တခါတလေကျတော့လဲ ရောင်းရေး-ဝယ်ရေးနဲ့ဘဲ ပျော်ပြီးသကာလ နေလိုက်တဲ့အခါလဲ ရှိသေးတယ်နော်....(မှန်ပါ!) ရောင်းရေး-ဝယ်ရေးနဲ့ ပျော်နေလိုက်ပြန်တော့လဲ ပျော်တယ်ဆိုတာ တာ့ တဏှာပါဘဲ၊ ဝမ်းသာတဲ့ လောဘ တဏှာပါဘဲ၊ အဲဒီ တဏှာ,ဥပါဒါန်,ကံတွေနဲ့ အချိန်ကုန်ပြန်တော့လဲ နောက်ဘဝ ဇာတိ,ဇရာ,မရဏ လာဦးမှာဘဲ....(မှန်ပါ!)။

ဒါ တရားသသား-မတရားဘူးလား... (မတရားပါဘုရား)။

ဒါဖြင့် တရားအားမထုတ်ဘူး၊ တရားမနာတဲ့ ပုဂ္ဂိုလ်မျိုးမှာဖြင့်တဲ့၊ မတရားဖြစ်ပြီး သကာလနေတာ၊ ပစ္စုပ္ပန်မှာ မတရား

သံသရာမှာ အပါယ်သွားဆိုတဲ့အဓိပ္ပါယ် ရှင်းသွားပြီ....(မှန်ပါ့) မရှင်းဘူးလား ...(ရှင်းပါဘယ်ဘုရား)။

အဲဒါ ဥာဏ်နဲ့လှည့်ကြည့်တော့မှ သြော်....ငါသည်ကားလို့ ဆိုလို့ရှိယင် ဘယ်အမျိုးထဲကပါလိမ့်မတုံး၊ ဘယ်အစားထဲကပါလိမ့်မတုံး၊ ကိုယ့်ကိုယ်သနားလို့ ထမင်းကျွေးနေတာလား၊ ထမင်းကျွေးတာက ဝတ်ဆင်ပြင်ပြီးသကာလ ကျွေးငြားသော်လဲ ကိုယ့်ကိုယ်သနားရာ မရောက်ဘူးနော်....(မှန်ပါ့)။

ကိုယ့်ကိုယ် သနားတာကတော့ ကိုယ်သွားနေတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြတ်တဲ့ပုဂ္ဂိုလ်မှ ကိုယ့်ကိုယ်-ကို သနားတဲ့ပုဂ္ဂိုလ် (မှန်ပါ့)ရှင်းကြပလား ...(ရှင်းပါပြီ)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ပုဂ္ဂိုလ်မှ ဘာပါလိမ့် ... (သနားတဲ့ပုဂ္ဂိုလ်ပါဘုရား) သနားတဲ့ပုဂ္ဂိုလ်ဆိုတာ ရှင်းပါပြီ။

ဒါ့ကြောင့် မတရားတော့ဖြင့် တကာတကာမတွေ့ မနေကြပါနဲ့၊တရားနဲ့နေပါလို့ ဆိုတဲ့ဥစ္စာ အထူးပြောစရာဘာမှမလိုတော့ပါဘူး . (မှန်ပါ့)။

ဦးဘကလေး လိုသေးသလား... (မလိုပါဘုရား)။

အဲဒါ့ကြောင့် အိမ်မှာဘာလုပ်နေကြသတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် တပည့်တော်တို့ အရောင်းနဲ့,အဝယ်နဲ့,သားနဲ့သမီးနဲ့ဆိုတော့ဖြင့် မအားဘူး။

ကဲ....မအားတာကတော့ မင်းတို့ကိစ္စမရှိဘူး၊မအားတာဆည်ကားလို့ဆိုယင် တရားဖြစ်နေတာလား· မတရားဖြစ်နေတာလား ဒါမောင်နိုင် မေးဘို့လိုတယ်... (မှန်ပါ့ဘုရား)။

ကိုပေါ်က ဘယ်.နှယ်ဆိုမလဲ .... (မတရား ဖြစ်နေတာပါဘုရား)။

မတရားဖြစ်နေတော့ သြော်.... ဒါဖြင့် တကာတကာမတွေ့ဘုန်းကြီးက သတိပေးလိုက်တယ်၊ မင်းတို့မအားတာသည် ဒို့လဲသိတော့သိတယ်၊ မင်းတို့ မအားဘူး ဆိုတာတွေ့လဲ သိတယ်၊ သို့သော်လဲ မအားတဲ့ အလုပ်ထဲမှာ မအားတာဟာ ဘာတွေတုံးမေးတော့ မတရားတွေက မအားဘဲဖြစ်နေတာ... (မှန်ပါ!) ဆိုထိုက်ကြပလား....(ဆိုထိုက်ပါတယ်ဘုရား)။

မတရားတွေက....(မအားဘဲ ဖြစ်နေတာပါဘုရား)။
မအားဘဲဖြစ်ပြီး သကာလနေတော့ မတရားတာဟာ ရိုးရိုးမအားတာမဟုတ်ဘူး၊ ရိုးရိုးမအားတာ မဟုတ်ဘူးတဲ့၊ တကာတကာမတို့နော်....(မှန်ပါ!) တခါတည်း အပါယ်သွားကြောင်းတွေ့ ဆည်းပူးနေတဲ့ အဓိပ္ပါယ် သေသေချာချာ ရောက်ပါတယ်... (ရောက်ပါတယ်ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အေး....ဒါတွေစဉ်းစားတော့မှ ငါတို့သည်ကားလို့ ဆိုယင်ဖြင့် အခုလူ့ဘဝကို တရားကြောင့် ရောက်လာတဲ့ဥစ္စာရောက်တဲ့နေရာ မဟုတရား လုပ်နေပြန်ပြီဆိုလို့ ရှိယင်ဖြင့် အရင်းရှုံးပါလိမ့်မယ်လို့ ပြောရလိမ့်မယ်....(မှန်ပါ!) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

အရင်းရှုံးပါလိမ့်မယ်လို့ သေသေချာချာ ပြောထိုက်ပါတယ်၊သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

လူ့ဘဝရလာဟာက တရားကြောင့် ရလာတာ.... (မှန်ပါ့) ဒီမှာ လူ့ဘဝရလာတာက တရားကြောင့် ရလာတော့ အိမ်ကျွေတော့ ပျော်လိုက်,ပါးလိုက်,မူးလိုက်,ရစ်လိုက် အမျိုးမျိုးအဖုံဖုံ ပေါ့လေ၊ သားနဲ့ သမီးနဲ့ အလိုမကျတာလေးရှိလိုက်၊အလိုကျလို့ ခင်ပြီးသကာလ နေလိုက်၊ဒါတွေဟာ ကိုယ်က တရားကြောင့် လူဖြစ်လာတဲ့ဥစ္စာကို မတရားနဲ့ အချိန်ကုန်ပြန်တော့ သြော်.... အရင်းရှုံးတာပေါ့ဟေ့ လို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အရင်းရှုံးပါတယ်ဘုရား) အရင်းရှုံးပြီ....။

တကာတကာမတွေ ဘာဖြစ်ပါလိမ့် .... (အရင်းရှုံးပါတယ်ဘုရား)။

အရင်းရှုံးတယ်ဆိုတဲ့ဥစ္စာ အင်မတန် နာပါတယ်ဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါတယ်ဘုရား)။

အရင်းရှုံးပုံကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောပြန်တယ်၊ ဘယ်လို အရင်းရှုံးသလဲကွာ....လို့ မေးတဲ့အခါကျတော့ မင်းတို့ဟာကွာ ငါ့လက်သည်းပေါ် တင်ထားတဲ့ မြေမှုန့်ကလေးလိုဘဲ၊ ဘုရားလက်သည်းပေါ်တင်ထားတဲ့ မြေမှုန့်ကလေးလိုဘဲတဲ့နော်....(မှန်ပါ့)။

ဘုရားလက်သည်းပေါ်တင်ထားတဲ့ မြေမှုန့်ကလေးဟာ တာရှည် တည်နိုင်ပါ့မလား၊ ကိုပေါ်....စဉ်းစားကြည့်စမ်း....(မှတည်နိုင်ပါဘုရား)။

ဘာဖြစ်လို့ မတည်နိုင်သတုံးဆိုတော့ သူကလဲ သေးငယ်တာ တကြောင်း၊ အောက်က လက်သည်းခွံကလဲ နုတာက တကြောင်း၊ ချောတာက တကြောင်း၊ နုတဲ့အပေါ်မှာ သေးငယ်တာကလေး တင်ထားတော့ အထိမခံ ရွေပုဂံဆိုသလို လိမ့်ကျသွားမှာဘဲ....(မှန်ပါ့)မဏ္ဍပေဘူးလား ... (ကျုပါတယ်ဘုရား)။

အဲဒီတော့ ဒီအပေါ်ရောက်လာတာက ဘုရားလက်ပေါ်ရောက်လာတာကတော့ဖြင့် အကြောင်းညီညွတ်လို့ ရောက်လာတယ်၊ ဒီအပေါ် ရောက်ဘို့လဲ အတော် မခဲယဉ်းဘူးလား.... (ခဲယဉ်းပါတယ်ဘုရား) ကျဘို့ဟာကော မလွယ်ဘူးလား .... (လွယ်ပါတယ်ဘုရား)။

အဲ့....ဒီမှာလဲ လူ့ဘဝရဘို့ရာလဲ အတော်ခဲယဉ်းလို့ လက်သည်းခွံတွေပေါ် ရောက်လာတာဘဲ၊ လက်သည်းခွံပေါ်က ကျသွားမယ်ဆိုလို့ ရှိယင်လဲ ပြန်ရောက်ဘို့ မမြော်လင့်နဲ့တော့ ခင်ဗျားတို့ အပါယ်လေးပါးဘဲ လှည့်နေကြမယ်... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ စဉ်းစားကြည့်တော့မှ အို... တပည့်တော်တို့ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးဆိုတာဘုရား....အလကားအလုပ်ပါလား....၊ ကိုယ် ဒီက နေပြီးသကာလ အပါယ်လေးပါးလွတ်ဘို့ ဒီ လက်သည်းခွံပေါ်မှာ ရှိတဲ့ မြေမှုန့်ကလေးကိုလဲ မကျဘဲနဲ့ သူ့ဇာတ်သိမ်းပြီးသကာလ ဒုက္ခတွေသိမ်းတဲ့ဆီရောက်ဘို့ရာ တပည့်တော်တို့အရေးဟာ အကြီးဆုံးပါကလား ဆုံးဖြတ်ချက်ချကြပါ (မှန်ပါ့)။

ဆုံးဖြတ်ချက် ဘယ်လိုချထိုက်ကြသလဲ .... (အရေးအကြီးဆုံး ပါဘုရား)။

အဲဒါကြောင့် ပေါ့ပေါ့တန်တန်နဲ့ မနေဘဲနဲ့ သြော်..ငါတို့ မတရားသည်ကားလို့ဆိုယင် အိမ်နေယင်ဖြင့် သားရေး, သမီးရေး, စီးပွားရေးအလုပ်ဟာ မတရားအလုပ်တွေဘဲ၊ တရားကိုဖြင့် ဂရုစိုက်ဦးမှ တော်တော့မယ်၊ တရားကြောင့် လူဖြစ်လာတာ၊ မတရားနဲ့ ငါသည်ကားလို့ဆိုယင် အချိန်ကုန်မယ် ဆိုယင်ဖြင့် ငါလောက် အရင်းရှုံးအောင် ဖြုန်းတဲ့ ပုဂ္ဂိုလ်တော့ မရှိတော့ဘူးဆိုတော့ အမြတ်မထုတ်တဲ့အပြင် အရင်းရှုံးတယ်... (မှန်ပါဘုရား)။

ဦးဘကလေး... ဘယ့်နှယ်ဆိုမလဲ.... (အမြတ် မထုတ်တဲ့အပြင် အရင်းရှုံးပါတယ်ဘုရား)။

အမြတ်မထုတ်တဲ့အပြင် အရင်းရှုံးပြီးသကာလ သူ့းတော့ တကဲ့ဘတကာမတို့ ဒီအရှုံးကလဲ နည်းနည်းအရှုံးလားလို့ မေးတဲ့အခါ လူ့ဘဝ ဘယ်တော့မှ ပြန်မရတဲ့အရှုံး.... (မှန်ပါ)။

ကဲ့ဘ.... တဲ့၊ ငါ သူမျှးပြောသံကြားနဲ့လဲ ပြောတာမဟုတ်ပါဘူး၊ မင်းတို့အားလုံးကို ငါ အကုန်သိပါတယ်၊ ငါ့အမြင်နဲ့ ငါမမြင်တာရယ်လို့, မသိတာရယ်လို့လဲ မရှိပါဘူး၊ အဲဒီ အမြင်နဲ့ ပြောပါရစေဆိုလို့ရှိယင် မင်းတို့ ခုဘဝက နေပြီး မတရားတွေနဲ့မျှး အောက်လမ်းကျသွားကြမယ်ဆိုလို့ရှိယင်ဖြင့်ကဲ့ဘ.... တဲ့၊ ဒီလူ့ဘဝ ပြန်မရတော့ဘူးတဲ့.... (မှန်ပါ)။

ပြန်မရပုံ ငါ ဥပမာပြောမယ်....တဲ့၊ သံယုတ်ပါဠိတော်ကြီး မျှားမှာ ဦးဘကလေး... မှတ်ထားစမ်းပါ·နော်....(မှန်ပါ့) ကိုယ့် ဟာ ကိုယ်အဘိုးတန်အောင် သုံးကြစမ်းပါဆိုတာ သေချာစေ ချင်လို့ အကူအညီပေးနေပါတယ်....(မှန်ပါ့) အကူအညီပေးနေ တယ်....။

တုံးကြီးတခုကို နွားထွန်တုံးဆိုတာလဲ မြင်ဘူးကြပါတယ်.... နော်....(မှန်ပါ့)။

လေးပေါက် မဖေါက်ပါနဲ့ ကိုပေါ်ရဲ့....၊ တပေါက်တည်း ဖေါက်ပါနော်....(မှန်ပါ)ရောဝတီက·နေ မျှောလိုက်စမ်း၊ ဘယ် သူမှ မဆယ်စေနဲ့ နော်၊ ပင်လယ်ထဲ ရောက်သွားမယ်....(မှန်ပါ့) ပင်လယ်ထဲ ရောက်သွားတော့ အပေါက်ကလေးကလဲ တပေါက် တည်းနဲ့ လေတိုက်ရာ တောင်ရောက်, မြောက်ရောက် ရောက်ချင် သလို ရောက်ပေါ့ မောင်နိုင်ရာ....(မှန်ပါ့) တပေါက်တည်းနဲ့ သူ လေတိုက်ရာ သွားနေမှာဘဲ...(မှန်ပါ့)။

ထွန်တုံးပေါက်ကြီးနဲ့ လေ၊ ထွန်တုံးကြီးက တပေါက်တည်း ပါတယ်နော်....(မှန်ပါ့)။

အနှစ်တရာ-တရာမှ ပေါ်တဲ့ ပင်လယ်ထဲ လိပ်ကန်းကြီးကလဲ ရှိတယ်ကွ....၊ အနှစ်တရာမှ တကြိမ်ဘဲ ပေါ်တယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ ထွန်တုံးကြီးကလဲ လေတိုက်ရာ လှိုင်းရိုက်ရာ သွားမနေရ ဘူးလား....(သွားနေရပါတယ်ဘုရား)။

အဲဒီ အပေါက်ကလေးထဲကို ... တဲ့.... မင်းတို့ အနှစ် တရာမှု တကြိမ်ပေါ်တဲ့ လိပ်ကန်း၊လိပ်ကန်းဆိုတာ သွားချင်ရာ သွားနေတာ....(မှန်ပါ့)။

အဲဒီ သူ့ခေါင်းကလေး ဒီ အပေါက်ထဲကို အမောပြေ အသက်ရှူပေါက်ကလေးနဲ့ အပေါ်တက်ပြီးသကာလ လျှို့ပြီး သကာလ နေဘို့ရာ မောင်နှိုင် လွယ်ပါ့မလား .... (မလွယ်ပါဘုရား)။

ထွန်တုံးကလဲ တောင်သွား-မြောက်သွား... (မှန်ပါ့) လိပ်ကန်းကြီးကလဲ တောင်သွား- မြောက်သွား၊လျှို့မိဘို့ ဘယ်နှယ် နေပါ့မလဲ... (ခဲယဉ်းပါတယ်ဘုရား)။

အဲဒါ....ကွာတဲ့၊ ငါ သေသေချာချာ အမြင်နဲ့ ပြောတာပါတဲ့၊အဲဒါက လျှို့မိစရာ အကြောင်းလွယ်သေးသကွ....(မှန်ပါ့)။

တွန်တုံးကလဲမဆွေး လိပ်ကန်းက တခါတလေ မှားပြီးလျှို့မိချင် လျှို့မိပါလိမ့်ဦးမယ်၊ မင်းတို့ ဒီဘဝက ဆင်းသွားလို့၊နောင် လူ့ဘဝဆိုတာ ဘယ်တော့မှ မရဘူးဆိုတာ မှတ်ပါ .... (မှန်ပါ့ဘုရား)။

ဒီတော့ တရားကို လုပ်ပါလို့ ပြောတာ ဘုန်းကြီးက ဘိုက်တွန်းဘို့ မလိုဘူး၊ဖီဉပမာနဲ့ဘဲ ရှင်းလောက်ပါပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီကျတော့ တကာတကဲ့ဘမတွေ၊သြော် .... ငါ့အရေးဟာ အခု ဆရာဘုန်းကြီးပြောတဲ့အရေးဟာ ငါတို့ ဒီလိုနေလို့မဘော် ပါကလား၊ အလွန်ကြီးတဲ့ အရေးကြီးပါကလား၊ လူ့ဘဝပြန်

ရဘို့တောင် မလွယ်တော့ဘူး ဆိုလို့ရှိယင်ဖြင့် လူ့ဘဝကမူလဲ နိဗ္ဗာန်သွားနိုင်မှာ....(မှန်ပါ့) အပါယ်လေးပါးက သွားနိုင်တယ် လို့ ထုံးစံမရှိဘူးသဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ အပါယ်လေးပါးဆိုတာကလဲ ဘုန်းကြီးတို့ အထူး ပြောဘို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးအမြင်နဲ့ဘဲ ပြောတော့ တိရစ္ဆာန်ဘုံရောက်တော့ နိုင်ထုစား၊ ရှင်းပလား....(ရှင်းပါပြီ)။

တိရစ္ဆာန်ဘုံရောက်တော့—(နိုင်ထုစားပါဘုရား)။

နိုင်ထုစားဆိုတော့ ပါဏာတိပါတကံ့တော့တ နိုင်တဲ့အကောင် မှာ ရှိမယ်၊ သူ့ပါဏာတိပါတကံက တိရစ္ဆာန် ဘုံကနေ အပါယ်ပြန်လွှတ်သွားတယ်....(မှန်ပါ့)ရိပ်မိကြပလား .... (ရိပ်မိ ပါပြီဘုရား)။

ဘယ်တော့ပြန်တက်ဘို့—(မရှိပါ)မရှိဘူးတဲ့။

ကဲ....ဒါဖြင့် တဏှာတဏှာမတို့ အခုရထားတဲ့ အရင်းကလေး ကိုဖြင့် အလဲသုံးစားနဲ့ဖြုန်းပြီးသကာလမပစ်ပါနဲ့ ဆိုတာတရားမ ဟောခင် ဒီအကြောင်းကိုသေသေချာချာပြတယ်....(မှန်ပါ့)။

ဦးဘကလေး....ဖြုန်းထိုက်- မဖြုန်းထိုက်—(မဖြုန်းထိုက်ပါ) အလကား၊ဒီခန္ဓာကိုယ်ကြီးကိုလေ....(မှန်ပါ့)။

တကယ်ရင်အောင်က မနည်းလုပ်ခဲ့ရတယ်—(မှန်ပါ) အခုရတဲ့ ဥစ္စာကို တရားကြောင့် ရတာကို မတရားနဲ့ ဖြုန်းပစ်လိုက်မယ် ဆိုလို့ရှိယင်ဖြင့် ကျုပ်တို့ အင်မတန် အသက်စွန့်ပြီး တူးတဲ့ ကျောက်တပ်ဒင်္ဂရတယ်ဆိုကြပါစို့ ဟင်....(မှန်ပါ့)။

ဒါကလေး ပြင်စာက်ရောက်တဲ့ အခါကျတော့ ကာဝယ်စီး လိုက်၊ မူးလိုက်-ရူးလိုက်၊ ဖဲရိုက်ပစ်လိုက်နဲ့ ကုန်သွားတယ်ဆိုလို့ ရှိယင် မောင်နိုင်တို့က အပြစ်တင်မှာဘဲ ဩော်.... အသက်စွန့်ပြီး မိုက်ပါပေကွာ၊ မဆိုဘူးလား-ဆိုမလား... (ဆိုရမှာပါဘုရား)။

ဒီမှာလဲ တကာတကာမတွေ့လဲတဲ့ အရက်ကြီးရဘိုရာ အတော် လုပ်လာပြီးသကာလ အပြုန်းဘက်က သန်လှချည့်လား ဆိုတဲ့ ဥစ္စာပြောရတော့မယ်...(မှန်ပါ) မပြောယင် တော်ပါ့မလား... (မတော်ပါဘုရား)။

အေး....ဒါကြောင့် အားလုံး တကာတကာမတွေ၊ ညီအစ်ကို မောင်နှမတွေ့ မတော်ဘူးသည် မည်သည်က မရှိဘူး၊ဒီဘဝမှာလဲ အရင်းအချာတွေ့ဖြစ်နေတော့ ဒါအမှန်ပြောရမယ်.... (မှန်ပါ့)။

မင်းတို့ အလစ်အား မဖြုန်းနဲ့ဟေ့၊ ငယ်တဲ့ ပုဂ္ဂိုလ်ဖြင့်လဲ ချောက်ပြောရမယ်၊ ကြီးတဲ့ ပုဂ္ဂိုလ်ဖြင့်လဲ ချွေ့ပြောရမယ်၊ ကြမ်းတဲ့ ပုဂ္ဂိုလ်ဖြင့်လဲ သာယာနာပျော်ဘွယ်ရှိအောင် ကိုယ့်ဘက် မပါ-ပါအောင်ဆွဲရမယ်၊ သူက မသိရှာဘူး၊ မသိတော့ ဆွဲရမှာဘဲ....(မှန်ပါ့)ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

ဒါဖြင့် ဒီအတိုင်းနေလို့ မတော်တဲ့ အကြောင်းတော့ ကောင်းကောင်းသိပလား....(သိပါပြီဘုရား)။

တခါ အဲဒါ ခဲ့ယဉ်းတာ အသာထားပါဦး၊ ဒီထွက်ရပ်လမ်း တရားဆိုတာက တခါ ခဲယဉ်းပြန်တယ်၊ဦးဘကလေး...၊ထွက်ရပ် လမ်းတရားက တခါ ခဲယဉ်းပြန်တယ် တကာတကာမတို့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထုတ်ရပ်လမ်းဆိုတာက ဝဋ်သုံးပါးမှု ထုတ်တဲ့တရား၊ ရှင်းပ
လား—(ရှင်းပါပြီဘုရား)။

ထုတ်ရပ်လမ်းဆိုတာ ဘာပါလိမ့်(ဝဋ်သုံးပါးမှုထုတ်တဲ့တရား
ပါဘုရား)။

အဲဒီတော့ ဝဋ်သုံးပါးမှု ထုတ်တဲ့ တရားစာ ဩဇော်— ဝဋ်
သုံးပါးမှု ထုတ်သွားတယ်ဆိုတာကတော့ နိဗ္ဗာန်သွားတဲ့ တရား
ကို ဆိုတာ— (မှန်ပါ့) တရားပေမဲ့လဲ ဝဋ်သုံးပါးက မထုတ်တဲ့
တရားက ရှိသေးတယ်(မှန်ပါ့)သဘောကျပလား .... (ကျပါ
ပြီဘုရား)။

အင်း— ဒါနပြုပြီးသကာလ လူ့ပြည်, နတ်ပြည် စုန်ဆန်
ခံစားရတဲ့တရားကို တကာတကာမတွေက နာနေကြမယ်ဆိုလို့
ရှိယင်လဲ ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် တရားတော့ တရား
ဘဲ၊မထုတ်ဘူး .... (မှန်ပါ့) ထုတ်ရပ်လမ်း တရားမဟုတ်ဘူး....
(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာတရားပါလိမ့်.... (ထုတ်ရပ်လမ်းတရား မဟုတ်ပါဘုရား)
သံသရာလည်လမ်းတရား....(မှန်ပါ့)။

လည်လမ်းတရားနဲ့ ဟောမိပြန်လို့ တကာ တကာမတွေ
ကျွှမ္မလေးက်နဲ့ တင်းတိမ်နေကြမယ်ဆိုလို့ ရှိယင်လဲတဲ့ ဘုန်းကြီး
တို့ တကာတကာမတွေမှာ နဂိုရိကမူမှုးနေအောင်လည်ပြီးသားထဲ
နောက်ထပ် အာလည်ခိုင်းတာဘဲ....(မှန်ပါ့)။

ကိုပေါ်....ဆိုထိုက်-မဆိုထိုက်... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် တစာတကာမတို့ ထွက်ရပ်လမ်းတရားတမျိုး၊ ထွက်ရပ်လမ်းမဟုတ်တဲ့ လည်လမ်း တရားတမျိုးရှိသေးတယ်.... (မှန်ပါ့)။

အဲဒီတော့ အခု ဆရာဘုန်းကြီးက သာသနာတွင်းဖြစ်တဲ့ ထွက်ရပ်လမ်းတရားကို ဟောနေတယ်...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝင့်သုံးပါးမှု ထွက်တဲ့တရား ဟောနေတော့ကို ဒီလမ်းကို ကိုယ်က ကြိုက်လဲ လိုက်ချုံဘဲ၊ မကြိုက်လဲ လိုက်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကြိုက်လဲ.... (လိုက်ရမှာဘဲ) မကြိုက်လဲ.... (လိုက်ရမှာပါဘုရား)။

ဘာဖြစ်လို့တုံး....ဆိုတော့ ကိုယ် မကြိုက်တာက အဝိဇ္ဇာမျက်လုံး၊ တဏှာမျက်လုံးတွေ ဖုံးနေသေးလို့ မကြိုက်တာ... (မှန်ပါ့)။

မကြိုက်ပေမဲ့လဲ ခေါင်းဆောင်က ကောင်းနေတော့ လိုက်သာလိုက်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခေါင်းဆောင်က ကောင်းနေတော့...(လိုက်ရမှာပါဘုရား) လိုက်ရမှာဘဲတဲ့၊ ဘုရားဟောတာကို တလုံးမှ မလွဲအောင် ဟောပြီးသကာလနေတော့ လိုက်ရမှာဘဲ....(မှန်ပါ့)။

ကိုယ်မကြိုက်လဲ လိုက်သာလိုက်၊ ကြိုက်လို့ရှိယင်လဲ သက်သက်လိုက်ချုံဘဲ၊ မကြိုက်လို့ရှိယင်လဲ လိုက်ချုံဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြိုက်လဲ ဘာလုပ်ရမလဲ__(လိုက်ရမှာပါဘုရား) မကြိုက်လဲ (လိုက်ရမှာပါဘုရား)။

မကြိုက်တာက ကိုယ့်အသိဉာဏ် သေးသိမ် မှေးမှိန်နေလို့ မကြိုက်တာ....(မှန်ပါ့)။

အဲဒီတော့-ကဲ့ာ မျက်စိလည်နေတဲ့ လူတဦးတယောက်ဘဲ၊ လိုက်မှာဘဲ ဆိုတာကိုသာ တခါတည်း မေးထားပါ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တရားဟာ တကာတကာ့မတို့ ထွက်ရပ်လမ်းတရား၊ ထွက်ရပ်လမ်း မဟုတ်တဲ့ တရားရယ်လို့ တရားနှစ်မျိုး ရှိတယ်နော်....(မှန်ပါ့)။

ကိုင်း... ဒါဖြင့် ထွက်ရပ်လမ်း မဟုတ်တဲ့ တရားနဲ့ ထွက်ရပ်လမ်း ဟုတ်တဲ့တရားကို ရှေ့ပိုင်းမှာ နည်းနည်း ပြောပေးပါမယ် တကာတရာမတို့၊ ပြီးတော့ အလုပ်တရားလဲ ပြောမှာပေါ့နော်....(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ရှင်ဘုမိဇာဆိုတာ ဘုရားလက်ထက်က ရှိတယ်၊ သူ့ဘဲက ရှင်ဘုမိဇာလို့ ခေါ်တယ် * ။

ဗိမ္မိသာရ မင်းကြီးရဲ့သား အဇာတသတ်တို့ရဲ့ ညီပေါ့ကွာ ဇယသေနဆိုတဲ့ မင်းသားကလဲ ရှိသေးတယ်၊ ဇယသေနက ရှင်ဘုမိဇာကို နေ့တိုင်း ဆွမ်းဝတ်ပြုတယ်။

ဇယသေနဆိုတဲ့ ဗိမ္မိသာရမင်းကြီးရဲ့သားက ရှင်ဘုမိဇာ ဆို

---

* ဥပရိပဏ္ဏာသပါဠိတော်-ဘုမိဇာသုတ်။

တံဘနဲ့ တူအရိုးလဲ တော်ပါတယ်နော်.... (မှန်ပါ့) ရှင်ဘူမိုဇာက ဦးကြီးပေါ့လေ၊ သူက တူပေါ့။

အဲဒီလို တူအရိုးလဲ တော်နေတော့ ဆွမ်းဝတ်တည်တယ်၊ နွေတိုင်းဘဲ တည်တယ်....(မှန်ပါ့)။

တနွေသင်္ကြန်တော့ ဇယသေနက လျှောက်တယ်၊ အရှင်ဘုရား....တဲ့၊ ဒီ·အခု လောကကြီးထဲ ဖြစ်နေတာ တပည့်တော် ကြားဘူးသလောက် လျှောက်ပါရစေဆိုတော့ အေး....လျှောက်တာပေါ့ကွာ....တဲ့။

အချို့ ပုဂ္ဂိုလ်မျှားဘုရား.... ဆုတွေတောင်းပြီးသတာလ နေတတ်ပါတယ်၊ တောင်းပေမဲ့လဲ မင်္ဂဉာဏ်, ဖိုလ်ဉာဏ် မရဘူး ဘုရား....တဲ့၊ ဆုတွေတော့ တောင်းတယ်၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ် ရ-ရပါလို၏၊ မင်္ဂဉာဏ်,ဖိုလ်ဉာဏ် ရ-ရပါလို၏·ဆုတောင်းတယ် ဦးဘကလေး....(မှန်ပါ့) မရဘူးဘုရား....တဲ့။

ဆုတော့ တောင်းသနော်၊ ရတော့....(မရပါဘုရား) ဒါက ဘ-နံပါတ်....(မှန်ပါ့)။

တချို့ ပုဂ္ဂိုလ်ကတော့လဲ မတောင်းပါဘူး....တဲ့၊ မတောင်းဘဲနဲ့ဘဲ သူလုပ်နေတာဘဲ၊ အဲဒီ ပုဂ္ဂိုလ်လဲ နိဗ္ဗာန်ဘက်ကို မရဘူး ဘုရား....တဲ့၊ အခု လောကကြီးထဲ ဖြစ်နေတာ၊ ဘုရားလက်ထက်ဟာ ဘုရားလက်ထက်က....(မှန်ပါ့)။

တကာတကာမတို့ သေသေချာချာ မှတ်ပါနော်၊ ဆုတောင်းပြီး လုပ်ပြန်တော့လဲ ဘာတဲ့....(မရပါဘုရား) ဆုမတောင်းဘဲနဲ့ လုပ်နေပြန်တော့လဲ....(မရပါဘုရား) နှစ်မျိုးရှိသွားပြီ·(မှန်ပါ့) မှတ်မိကြပြီ....(မှတ်မိပါပြီဘုရား)။

ဆုတော်ဘုရားပြီး လုပ်နေပြန်လဲ နိဗ္ဗာန်ကို.... (မရပါဘုရား) ဆုမတောင်းဘဲနဲ့ လုပ်နေပြန်ကော.... (မရပါဘုရား)။

ဒါနဲ့ဘုရား....တဲ့၊ လေးခုပြည့်အောင် လျှောက်ပါရစေ၊ အခု လောကကြီးထဲ လေးခွန်းသောစကား ဖြစ်နေတယ်တဲ့။

ဆုတောင်းချည်တလှည့် - မတောင်းချည် တလှည့် လုပ်လဲ နိဗ္ဗာန်မရဘူး....တဲ့၊ မတောင်းသည်မဟုတ်၊ တောင်းသယောင်ယောင် လုပ်လဲ မရပါဘူး....တဲ့။

အဲဒါ ဒီလေးချက်ကို အရှင်ဘုရား ရှင်းပေးပါ၊ သူက မေးပုံသိပ်ကောင်းတယ်နော်....(မှန်ပါ့)။

ဆုတောင်းပြီး လုပ်လဲ....(မရပါဘုရား)မတောင်းဘဲနဲ့ လုပ်လဲ.... (မရပါဘုရား) မရဘူးတဲ့၊ ကဲ....ဟိုနှစ်ချက် အသာထား ပါတော့၊ ဒီအထဲ အတွင်းဝင်သွားပါပြီ။

ဒါ.... အရှင်ဘုရားကတော့ ဘုရားနဲ့ နီးစပ်ပါတယ်ဘုရား.... တဲ့၊ အရှင်ဘုရား၏ ဆရာ ဘုရားက ဒီဟာမျိုးကို ဘယ်လိုမျှားဟောလေ့-ပြောလေ့ ရှိပါသတုံး....လို့ မေးလိုက်တယ်နော်.... (မှန်ပါ့)။

ကွာ....တဲ့၊ ရှင်ဘွမိဇက ဒီ-မင်းမေးတဲ့ အမေးမျိုးနဲ့ အဖြေတရားတွေ ဟော်တာတောတော့ မရှိဘူးကွတဲ့၊ ငါလဲမနာရသေးဘူး၊ ဆုတောင်းပြီးလုပ်လဲ မရဘဲကိုး.... (မှန်ပါ့) မတောင်းဘဲနေလဲ (မရပါဘုရား)။

မရဘူးတဲ့၊ ဟိုနှစ်ချက်က ဒီအထဲ အတူတူ ထားလိုက်တော့နော်....(မှန်ပါ့)။

အဲဒါ ငါ ဘုရားဆိုတော့ တရားမနာဘူးသေးဘူးကွာ....၊ သို့သော်လဲ ငါတော့ ထင်မြင်ချက် ရပါတယ်၊မင့်ကို အဖြေပေး ပါ့မယ်၊ သဘောကျပလား... (ကျပါတယ်ဘုရား)။

ငါတော့ ထင်မြင်ချက်ရပါတယ်၊ မင့်ကို အဖြေပေးပါ့မယ်-တဲ့၊ ဆုတောင်းပြီးသကာလ သူ လုပ်ငြားသော်လဲ နိဗ္ဗာန်မရဘူး ဆိုတဲ့ဥစ္စာက နှလုံးသွင်း မမှန်ဘူး·ကွ--တဲ့.... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဆုတောင်းပြီး လုပ်ငြားသော်လဲ....(နှလုံးသွင်း မမှန်ပါဘုရား)နှလုံးသွင်းမမှန်လို့ မရဘူး။

မတောင်းဘဲနဲ့ သူလုပ်နေတာလဲ မရတာလဲ အဲဒါ နှလုံးသွင်း မမှန်လို့ဘဲ မင်းမှတ်လိုက်ပါ....(မှန်ပါ့) နောက်နှစ်ချက်လဲ အတူတူပေါ့လေ....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆုတောင်းငြားသော်လဲ နှလုံးသွင်းမမှန်ယင်...(မရပါဘုရား)။

ဆုမတောင်းဘဲနဲ့ လုပ်နေပြန်တော့လဲ....(နှလုံးသွင်း မမှန်ယင် မရပါဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ ခင်ဗျားတို့ စဉ်းစား ကြည့်ပါတဲ့၊ ကျိဆွမ်း, ကျိကွမ်းကြောင့် တပည့်တော် လူ့ပြည် နတ်ပြည် အကြိမ်ကြိမ် ခံစားပြီးသကာလ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန် ရ-ရပါလို့၏လို့ဆိုတော့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် အကြိမ်ကြိမ် ခံစားပြီးသကာလမှ နိဗ္ဗာန် ရ-ရပါလို့၏ ဆိုတော့ ကို သူ ဆုတော့မတောင်းဘူးလား...(တောင်းပါတယ်ဘုရား)။

တောင်းပင်တောင်းငြားသော်လဲ လူ့ပြည်-နတ်ပြည်-ဗြဟ္မာ့ပြည် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာတွေကုန်တော့မှ ဒုက္ခသစ္စာကို အလုံးစုံအကုန် တပည့်တော်တို့ ခံစားပါရစေဦး၊ နောက်မှ နိဗ္ဗာန်ယူပါရစေ ဆိုတော့ သူ့နှလုံးသွင်းဟာ မှန်-မမှန် ... (မမှန်ပါဘုရား) ဆုတောင်းမိလို့လဲ မရပါဘူးတဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဆုတောင်းပြီး လုပ်ငြားသော်လဲ... (မရပါဘုရား) သူ့ဒုက္ခသစ္စာအကြိုက်က ပါနေတာကိုး....(မှန်ပါ့)။

အဲဒီတော့ သူ့ နှလုံးသွင်း မှန်သေးရဲ့လား... (မမှန်ပါဘုရား)။

ဒုက္ခသစ္စာဆိုတာ မကြိုက်ရဘူး တကာတကာမတို့ ဒုက္ခသစ္စာဆိုတာ ဒုက္ခသစ္စာမှန်း သိပြီးသကာလ သူ့ကို ရှဲ့မုန်းရမယ်... (မှန်ပါ့)။

အခုတော့ ရှဲ့မုန်းတာ ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒါဖြင့် နှလုံးသွင်း မမှန်ဘူးတဲ့....၊ဒါ့ကြောင့် ဆုတောင်းပြီး လုပ်လဲ မင်းတို့ မရပါဘူးတဲ့၊ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဆုမတောင်းဘဲနဲ့ ဒီအတိုင်း နေပြီးသကာလလဲ ခန္ဓာကို နှလုံးမသွင်းဘဲနဲ့ တခြားနှလုံးသွင်းနေပြန်လို့ရှိယင်လဲ ရပါ့မလား.... (မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ရဘို့အရေးဟာ ဘယ် အပေါ်မှာ မှီနေသတုံးမေးတော့ နှလုံးသွင်း မှန်မှုအပေါ်မှာ မှီနေတယ်...(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရဘို့အရေးဟာ .... (နှလုံးသွင်းမှန်မှုအပေါ်မှာ တည် နေပါတယ်ဘုရား)။

နှလုံးဆွင်းမွန်မှုအပေါ်မှာ တည်နေတယ်၊ ဦးဘကလေး.... ရိပ်မိပလား...(မှန်ပါ့)။

နိဗ္ဗာန်ရဘို့အရေးဟာ (နှလုံးသွင်းမွန်မှုအပေါ်မှာမူတည်နေပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ရဘို့အရေးဟာ ဆုတောင်းအရေး မဟုတ်ဘူး၊ နှလုံးသွင်းမွန်ယင် ရ-ရမယ်...(မွန်ပါ့)သဘောကျပလား...(ကျေပါပြီဘုရား)။

နှလုံးသွင်းမွန်ယင်....(ရ-ရပါမယ်ဘုရား)။

တကာတကာမတွေ နိဗ္ဗာန်ရချင်ယင် ဘာလုပ်ရမလဲ....(နှလုံးသွင်း မွန်ရပါမယ်ဘုရား)။

နှလုံးသွင်း မွန်ရမယ်ဆိုတော့ ပင်ကိုယ်ကတော့ ဘယ်သူမှ မွန်မယ်မဟုတ်ပါဘူးနော်.... (မွန်ပါ့) ဆရာသမားအကူအညီနဲ့ပေးလို့ရှိယင် နှလုံးသွင်းမွန်လာမှာဘဲ...(မှန်ပါ့)။

ပင်ကိုယ်ကတော့ဖြင့် ဘယ်သူမှ မှန်မှာမဟုတ်ပါဘူးတဲ့၊ဆရာသမား အကူအညီရယင်တော့ ဘာဖြစ်မယ်ထင်ကြသလဲ....(မွန်ပါမယ်ဘုရား)နှလုံးသွင်းမွန်လာမယ်။

အဲဒီတော့ကိုတဲ့ နှလုံးသွင်းမွန်ဘို့အရေးသည်ကား ဆိုလို့ရှိယင် ဆရာသမားအပေါ်မှာ သိပ်မှီတယ်ဆိုတာကိုလဲ တကာတကာမတွေ့ မှတ်ထားကြပါ့။

ကဲ....ဒါဖြင့် နှလုံးသွင်းမွန်လို့ရှိယင် တကာတကာမတို့ ဆုမတောင်းလဲ ရပါတယ်၊ တောင်းလဲ....(ရပါတယ်)နှလုံးသွင်းမှားနေလို့ရှိယင်ဖြင့် ဆုတောင်းလဲ...(မရပါ)ဆုမတောင်းလဲ....(မရပါ) မရဘူးဆိုတော့ သြော်....ဒါဖြင့် အအို-အနာ-အသေဘာတိသိမ်းတဲ့ အရေးမှာဖြင့် ကိုယ်နှလုံးသွင်းမှန်ဘို့ အရေးကြီးပါ

လား...၊ မှတ်မိကြပလား....(မှတ်မိပါပြီ) ဆုတောင်းလဲ နှလုံးသွင်းမှားယင်တော့ဖြင့်...(မရပါဘုရား) ဆုမတောင်းဘဲနဲ့ လုပ်နေလဲ....(မရပါဘုရား) နှလုံးသွင်းမှားယင် မရဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့ နှလုံးသွင်းမှန်ကလေးဟာ အလွန် အရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဒါနဲ့ ဒါကလေး နည်းနည်းဆက်ပြီး နားထောင်ပါဦး.....၊ အရှင်ဘုရား....တဲ့၊ ဇယသေနက-အရှင်ဘုရား-ဘုရားနဲ့ တွေ့တဲ့အခါ မေးပါဦးတဲ့ ဒီဥစ္စာကိုဆိုတော့၊အေးကွာ....ငါလဲ မေးပါဦးမယ်၊ ငါ့အဖြေတော့ ဒါဘဲဟေ့....ဆိုပြီးသကာလ ထွက်သွားတယ်၊ ထွက်သွားပြီ ဘုရားဆီ သွားလျှောက်တယ်။

ဇယသေနက ဒီလို-ဒီလို မေးပါတယ်ဘုရား၊ ဆုတောင်းပြီးလုပ်လဲ နိဗ္ဗာန်မရဘူး၊ ဆုမတောင်းဘဲနဲ့ လုပ်လဲ နိဗ္ဗာန်မရဘူး၊ ဆုတောင်းချည်တလှည့်,မတောင်းချည်တလှည့်နဲ့ လုပ်လဲ နိဗ္ဗာန်မရဘူး၊မတောင်းသည်မဟုတ်-တောင်းသယောင်ယောင်နဲ့ လုပ်လဲ နိဗ္ဗာန်မရပါဘုရား... ဆိုတော့ကို တပည့်တော်ဟာ နှလုံးသွင်းမှားမှုကို ဖြေလိုက်ပါတယ်။

ကွာ....တဲ့၊ ဒီလိုလုပ်ပါ၊ ငါ ဥပမာပြပါမယ်တဲ့၊ မင်းဘို့ကို ဘုရားရဲ့ ဥပမာကို ရှင်းပြမယ် တကာတကာမတို့ ဆီဆုံထဲမှာနော်-သဲတွေထည့်ပြီးသကာလ နွားနဲ့ဘဲ လှည့်ကြိတ်ကြိတ် ၊စက်နဲ့ဘဲ ကြိတ်ကြိတ် မောင်နှိုင်-ဆီထွက်စေသတည်းလို့ ဆုဘောင်း....(မထွက်ပါဘုရား) မထွက်စေသတည်းလို့ ဆုတောင်းလဲ....(မထွက်ပါဘုရား)။

ဘာဖြစ်လို့လဲ...(မမှန်လို့ပါဘုရား)မမှန်လို့၊ ထုတ်ကြောင်း မှမှန်လို့.... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါကတော့ သူ့အကြောင်းမမှန်တော့ မထုတ်ဘူးပေါ့ဗျာ.... (မှန်ပါ့) ဒီမှာတဲ့ တကာဘကာမတွေက နှလုံးသွင်းမမှန်လို့ ရှိယင် နိဗ္ဗာန်ရရပါလို့ဆိုလဲ မရပါဘူး....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

နှလုံးသွင်းမမှန်လို့ရှိယင်ဖြင့်....(မရပါဘုရား)ဘယ်နည်းနှင့်မှ မရဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

နှလုံးသွင်း မမှန်လို့ရှိယင်ဖြင့် နိဗ္ဗာန်ရ-ရပါလို့ဆိုလဲ မရဘူး၊ ဟုတ်လား၊ နိဗ္ဗာန်ဆောက်ကြောင်း အလုပ်လို့ လုပ်နေပြန်လဲ...(မရပါဘုရား) နှလုံးသွင်းက မမှန်ဘူး...တဲ့။

ကဲ...သဲတွေထည့်ကြိတ်ပြီး ဆီထုတ်စေသတည်းဆိုလဲ မထုတ်ပါဘူး....(မှန်ပါ့) မထုတ်စေသတည်းဆိုလဲ....(မထုတ်ပါဘုရား) မထုတ်ပါဘူးတဲ့၊ သူအမျိုးမမှန်ဘူးတဲ့....(မှန်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ရှံတွေထည့်ပြီး ဆီဆုံထဲကြိတ်ကွာ...ထုတ်ပါ့မလား- (မထုတ်ပါဘုရား)။

ကဲ...ဒါဖြင့် နှမ်းတွေကို တခါတည်း ရေဆေးပြီးသကာလ တစာတကာမတွေ ဆီဆုံထဲထည့်၊ ထုတ်စေသတည်း ဆိုလဲ.... (ထုတ်ပါတယ်ဘုရား) မထုတ်စေသတည်းဆိုလဲ....(ထုတ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး-အမျိုးမှန်လို့....(မှန်ပါ့)။

ဒီမှာလဲ နိဗ္ဗာန်ရချင်လို့ ရှိယင် ခင်ဗျားတို့ ဘာမှ ဒီ့ပြင်ဟာ စိတ်ကူးမနေနဲ့၊ ခန္ဓာပေါ်မှာ နှလုံးသွင်းမှုန်လို့ ရှိယင်ဖြင့် ရ,ရ ပါ့လို့၏ဆိုလဲ ရမှာဘဲ၊ ဟုတ်လား...(မှန်ပါ့) မရရပါလို့၏ဆိုလဲ (ရမှာပါဘဲဘုရား) ရမှာဘဲ။

ဒါဖြင့် ခန္ဓာပေါ်မှာ နှလုံးသွင်းမှုန်မှုဆိုတဲ့ အရေးဟာ အင်မတန်ကြီးတဲ့အရေးဆိုတာ ပေါ်ကြပလား....(ပေါ်လာပါပြီ)။

ပေါ်ပါပြီတဲ့၊ ဒါဖြင့် တကာတကာမတို့ ရှင်းပေးပါတော့ မယ်ဆိုတော့ နှလုံးသွင်းမှုန်မှုကလေး ရှင်းပေးမယ်နော်...(မှန်ပါ့ဘုရား)။

ကိုင်း... တကာတကာမတို့ နှလုံးသွင်းမှုန်မှု ဆိုတာတော့ဖြင့် တကာတကာမတို့ အလုပ်ထိုင်မှာဘဲ နှလုံးသွင်း အမှုန်က လာတယ်....(မှန်ပါ့) အလုပ်မထိုင်ဘဲနဲ့ သားရေး,သမီးရေး,စီးပွားရေးကြားထဲမှာတော့ နှလုံးသွင်းမှုန်မှု မလာပါဘူး....(မှန်ပါ့)။

ကဲ...ဒါဖြင့် တကာတကာမတွေက ပဌမရွေးဦးစွာ အိမ်မှာ လုပ်လုပ်၊ ကျောင်းမှာဘဲ လာလုပ်ကြလုပ်ကြပေါ့ဗျာ ခင်ဗျားတို့ အကုန်လုပ်နေကြတာဘဲ၊ သိပြီးသားတွေဘဲ။

ရွေးဦးစွာ လေးလေး ထွက်တာသိ ဝင်တာသိပြီး သမာဓိ တည်အောင် နည်းနည်းကလေး ၁၅-မိနစ်၊ မိနစ် ၂၀-လောက် လုပ်ကြည့်လိုက်နော်.... (မှန်ပါ့) မလုပ်သေးတဲ့ ပုဂ္ဂိုလ်အတွက် ပြောတာပါ....(မှန်ပါ့) လုပ်ပြီးသား ဖြစ်ပျက် စ-တွေ့တဲ့ပုဂ္ဂိုလ် များ ဒါက စ,နေဘို့မလိုပါဘူး....(မှန်ပါ့)။

မလုပ်သေးတဲ့ ပုဂ္ဂိုလ်ကဖောက်ထိုင်ပြီးသကာလ လေကလေး ထွက်လာလဲ ဒီနားမှာ တိုက်သွားတာကလေး ထွက်ပြန်ပြီလို့ သိလိုက်ယင်ပြီးတာဘဲ၊ ဝင်လာပြန်လဲ ဝင်ပြီလို့ သိလိုက်ယင်.... (ပြီးပါတယ်ဘုရား)။

ဒီလိုချည့် ထွက်တိုင်းသိ- ဝင်တိုင်းသိ၊ထွက်တိုင်းသိ- ဝင်တိုင်း သိဆိုတော့ စိတ်ဟာ သမာဓိဟာ ဘယ်မှမပြေးတော့ဘူး၊ တသိတည်း သိနေတာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီစိတ်ကို ကိုယ်နှိုင်ပြီလို့ ဆိုလို့ရှိယင်ဖြင့် သူခါတိုင်း တောင်ပြေး-မြောက်ပြေး ပြေးတယ်၊ အခုပြေးသေးရဲ့လား... (မပြေးပါဘုရား)။

ထွက်သက် ဝင်သက်ချည်တိုင်မှာ သတိတည်းဟူသောကြိုးနဲ့ ချည်ထားပြီးပြီ၊ ချည်ထားပြီးပြီ ဒီစိတ်ကို၊ ဝမ်းထဲကစိတ်ကို ချည်ထားပြီးပြီ... (မှန်ပါ့)။

အဲဒါ သူနဲ့ သမာဓိနဲ့ တွဲမနေဘူးလား .... (တွဲနေပါတယ် ဘုရား) အဲ... တွဲနေတဲ့ အခါကျတော့ အဲဒီလိုတည်ပြီး နေတဲ့ အခါကျတော့မှ တော်တော်ကလေး တည်ပေါ်ရပြီ ဆိုလို့ရှိယင် သူ့ကို အသာကလေးထားပြီး ရှု။မြဲတိုင်းရှု။ ရှိုက်မြဲတိုင်း ရှိုက် သိနေတာပေါ့... (မှန်ပါ့ဘုရား)။

သိရုံကနေပြီးတော့မှ ခန္ဓာကိုယ်ထဲမှာပူလာသလား၊ အေးလာသလား၊လှုပ်လာသလား၊ ရွလွှာသလား၊ ထူးထူးခြားခြား ဘာပေါ်သတုံးဆိုတာကို ခင်ဗျားတို့ သမာဓိ တည်လာတော့ ခန္ဓာကိုယ်က ပြောလိမ့်မယ်၊သဘောကျပလား .... (ကျေပါပြီဘုရား)။

ဘယ်သူက ပြောမယ်ထင်သတုံး ... (ခန္ဓာကိုယ်က ပြောမှာ ပါဘုရား)။

ခန္ဓာကိုယ်က ပြောလိမ့်မယ်၊ ယားတယ်, နာတယ်, ကိုက်တယ်,ကျင်တယ်,ညောင်းတယ်, ဒီလိုလဲ ပြောချင်ပြောလိမ့်မယ်၊ ပူတယ်,အေးတယ်, လှုပ်တယ်, ငြိမ်တယ်, ဒါလဲပြောချင် ပြောလိမ့်မယ်၊ သမာဓိရှိတော့ ဘယ်ဟာကပြောပြော မသိပေဘူးလား....(သိပါတယ်ဘုရား)သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်ဟာက ပြောပြော....(မသိပါဘုရား)။

လောကီဥပမာနဲ့ ဘုန်းကြီးနည်းနည်း ယှဉ်ပြယင် ခင်ဗျားတို့ ရှင်းပါတယ်၊ညလူခြေတိတ်နေတဲ့ အချိန်ကျတော့ ဟောဒီတိုက် တော်တော်မြင့်ပါတယ်၊ ၁၈-ပေလောက် မြင့်ပါတယ်၊ အဲဒီပေါ်ကနေပြီးသကာလ အိမ်မြောင်ငယ်ငယ်ကလေးကျတာ တောင် အောက်မှာ ဘယ်သူမှမရှိတဲ့အချိန်မှာ ကြားနိုင်တယ်၊ မကြားနိုင်ဘူးလား...(ကြားနိုင်ပါတယ်ဘုရား)။

အခုလိုလူများတဲ့ အချိန်ကျတော့ အိမ်မြောင်ကျတာ သိပါ့မလား.... (မသိပါဘုရား) ဘာဖြစ်လို့တုံး၊ ဟိုကစက်သံတွေလဲ ရှုပ်နေတယ်၊ နောက်ပြီး ဗီတလူသံတွေကလဲ ရှုပ်နေတယ် ... (မှန်ပါ့) မငြိမ်မဆိမ်ယင်တော့ တော်တော်ကျတဲ့ ပြင်းထန်တဲ့ အသံတောင် ကြားရရဲ့လား...(မကြားရပါဘုရား)။

အဲ.... ထိုနည်းအတူဘဲတဲ့ စိတ် ငြိမ်ငြိမ်ခိုင်းတဲ့ ဒီနေရာမှာ သမာဓိကလေး တည်တည် ဒီနေရာက ဘယ်မှမပြေးဘူးဆိုတဲ့ အချိန်ကျတော့ ခန္ဓာကိုယ်ထဲက ဟိုးကလှုပ်လာလဲ သိတာဘဲ။

ဒီက ပူလာလဲ သိတာဘဲ၊ အေးလာလဲ သိတာဘဲ ဟုတ်လား.... ယားလာလဲ သိတာဘဲ၊ နာလာလဲ သိတာဘဲ၊ ကောင်းလာလဲ သိတာဘဲ၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

အဲဒီလို သိလာလို့ ရှိယင်ဖြင့် သမာဓိအားကြီးတဲ့ ပုဂ္ဂိုလ် ကျတော့ ဒီခန္ဓာကိုယ်က ပြောတာဟူသ၍ အကုန်မသိဘူးလား- (သိပါတယ်ဘုရား)။

အဲဒီလို သိလာတာသည် ခန္ဓာ၏ပင်ကိုယ်သဘောလား-အခုမှ သမာဓိရလို့ သူပြောတာတွေ့ အကုန် သိတာလား လို့.... မေးလို့ ရှိယင် ဘယ့်နယ်ဖြေကြမယ်....(ခန္ဓာ၏ သဘောပါဘုရား)။

ခန္ဓာ၏ သဘောတွေ့ - (မှန်ပါ့) ဘယ်သူက ပြောသတုံး .... (ခန္ဓာက ပြောပါတယ်ဘုရား) ခန္ဓာ၏သဘော ခန္ဓာက ပြော တယ်....(မှန်ပါ့) ခန္ဓာကြီးက သူ့သဘောက ဒီလိုပါဘဲဆိုတာ ဘယ်သူက ပြောသတုံး....(ခန္ဓာက ပြောပါတယ်ဘုရား)။

ဩော်....ခန္ဓာက ပြောတယ်ဆိုတော့ ဒါ ဒီနေ့ည အလုပ် သင်နေတယ်လို့ အောက်မေ့စမ်းပါနော်....(မှန်ပါ့ဘုရား)။

ခန္ဓာက ပြောတယ်ဆိုတော့ ဩော် .... ခန္ဓာသည်ကားလို့ ဆိုလို့ ရှိယင် သူ့သဘောကဖြင့် ဟိုနေရာတမျိုး, ဒီနေရာဘဲ့ ပါကလားဆိုတာ မပေါ်လာဘူးလား .... (ပေါ်လာပါတယ် ဘုရား) အင်း... ဒါ ဘာတုံးဆိုတော့ ခန္ဓာသည် ဖေါက်ပြန်လာ တာ...(မှန်ပါ့ဘုရား)။

အင်း....အရင်သမာဓိမရှိခင်တုန်းကတော့ စိတ်မတည်ခင်တုန်း ကတော့ ဖေါက်ပြန်နေငြားသော်လဲ ဘယ်မှ မသိဘူး....(မှန်ပါ့) သိရဲ့လား...(မသိပါဘုရား)။

အခုတော့ သမာဓိစာလေး ၁၅-မိနစ်, မိနစ် ၂၀ - ဖမ်းပြီး တော့မှ ဖမ်းနေရင်းမတွန်နဲ့. ခန္ဓာက ပေါက်ပြန်နေတာတွေ့ ကြည့်လိုက်တော့ ပေါ်မလာဘူးလား_(ပေါ်ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီ ဖေါက်ပြန်တာသည် ခန္ဓာထဲက ထူး ခြားတာတွေ့, နာတာတွေ့, ကိုက်တာတွေ့,ကောင်းတာတွေ့ စိတ် အမျိုးမျိုး၊ ပေါ်တာတွေ့ သိလာပါလိမ့်မတုံး မေးလို့ရှိယင် မောင်နိုင်....ဘယ်နှယ်ဖြေပါ့မလဲ....(သမာဓိရလို့ပါဘုရား)။

ဒါ့ကြောင့် ဘုရားက'သမာဟိတော ယထာဘူတံ ပဇာနာတိ' သမာဓိသုတ်တွေ့ကို နည်းတာတွေ့ မဟုတ်ဘူး၊ သံယုတ်တို့, အင်္ဂုတ္တိရ်တို့မှာနော်...(မှန်ပါ့)။

သမာဟိတော=သမာဓိရှိသော ပုဂ္ဂိုလ်အား၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ=ခန္ဓာ့အပေါ်၌ သိ၏၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

သမာဓိတရားရှိတဲ့ပုဂ္ဂိုလ် ခန္ဓာ့အပေါ်၌ ဘာတွေ့သိသလဲ.... (ဟုတ်တိုင်းမှန်စွာ သိပါတယ်ဘုရား)။

ဟုတ်တိုင်းမှန်စွာ သိတယ်ဆိုတော့ ဘယ်လိုဟုတ်ပြီ ဘယ်လို မှန်တာ သိပါလိမ့်မတုံးလို့. မေးတဲ့အခါကျတော့ ခန္ဓာက ယား တယ်လို့. ပြောလို့ရှိယင် ကျုပ်ဟာ ဝေဒနာကခန္ဓာဘဲလို့ ပြော တာ... (မှန်ပါ့)နာတယ်လို့ပြောလဲ ဝေဒနာကခန္ဓာလို့ ပြောတာ၊ ကောင်းတယ်လို့ ပြောပြန်တော့ကော ... (ဝေဒနာကခန္ဓာလို့ ပြောတာပါဘုရား)။

ဝေဒနာကဘွန္ဒာလို့ ပြောတာဘဲ၊ အာလတ်ီစားကလေး ရှိတယ်လို့ ပြောပြန်တော့ကော.... (ဝေဒနာကဘွန္ဒာလို့ ပြောပါဘယ်ဘုရား)။

ဒါဖြင့် ဘယ်သူက ပြောသတုံး.... (ခန္ဓာက ပြောတာပါဘုရား)။

ဩော်....ခန္ဓာက ပြောတာကိုး၊ခန္ဓာထဲမှာ ဝေဒနာအမျိုးမျိုးပေါ်နေပါကလားလို့ကော မသိဘူးလား....(သိပါတယ်ဘုရား) စိတ်တွေ အမျိုးမျိုးပေါ်နေတယ်....(သိပါတယ်ဘုရား) ရုပ်တွေက ပူလိုက်၊ အေးလိုက်၊ လှုပ်လိုက်၊ငြိမ်လိုက်ကော....(သိပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် သိပါလိမ့်မတုံးမေးတော့....(သမာဓိတည်လို့ပါဘုရား)။

ဒါဖြင့် ပါဠိတော်နဲ့ ကိုက်သလား.... (ကိုက်ပါတယ်ဘုရား) သမာဟိတော=ဘည်ကြည်ပြီးသော ပဋိပုဒ်လ်အား၊ ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ၊ပဇာနာတိ=ခန္ဓာက ပြောတာ သိ၏ မသိဘေးဘူးလား... (သိပါတယ်ဘုရား)။

ဒီတော့ အိမ်ရောက်စမ်းကြည့်ကြပါ တကာတကာမတို့ ... နော်... (မူန်ပါ!) စမ်းကြည့်တဲ့အခါကျတော့ ဩော်... ခန္ဓာက ဒီလို-ဒီလို ပြောနေပါကလား၊ တော်ခတော်ကြာ ဒီကနာ၊ ဟိုက ကိုက်၊ ဒီကကိုက်၊ ဟိုစိတ်ကလေးတွေ သီးသန့်ပေါ်လာလိုက်၊ ဟိုရုပ်တွေက ပူလိုက်-အေးလိုက်၊ တုန်လိုက်-လှုပ်လိုက်၊ ဟာ...

ပိန်လိုက်-ဖေါင်းလိုက်၊ အမျိုးမျိုးဖုံဖုံ ခန္ဓာက ပြောနေတယ်၊ မပြောပေဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒါ ဘယ်သူက ပြောတာတုံး....တကာတကာမတို့...(ခန္ဓာက ပြောတာပါဘုရား)ခန္ဓာက ပြောတာဆိုတာ သေချာပလား-(သေချာပါပြီဘုရား)။

ခန္ဓာက ပြောတာ သေချာတော့ကို ဘုန်းကြီးတို့ တကာတကာမတွေက သြော်....ဒီဥစ္စာ၊ ခန္ဓာဆိုတာ နဂိုရိုက ဒို့ဘုရား က ဟောထားတာက ဖေါက်ပြန်ပျက်ဒီးတာကို ဟောတယ်...(မှန်ပါ့)ခန္ဓာဆိုတာ ဖေါက်ပြန်ပျက်စီးတာ....(မှန်ပါ့)။

ခန္ဓာဆိုတာ....(ဖေါက်ပြန်ပျက်စီးတာပါဘုရား)။

အဲဒီတော့ အခု အသစ်ပေါ်လာတာကလေးဟာ နဂိုရဲ့ ပင်ကိုယ် သဘောစွန့်ပြီး ပေါ်လာတာ....(မှန်ပါ့) ဒါဖြင့် သူ့ကို ဖေါက်ပြန်တယ်လို့ မဆိုရဘူးလား....(ဆိုရပါတယ်ဘုရား)။

အဲဒီ ဖေါက်ပြန်တာကလေးဘဲ သမာဓိရှိတဲ့ပုဂ္ဂိုလ်က ကြည့်လိုက်ပြန်တော့လဲ ဖေါက်ပြန်တာကလေး ပျောက်သွားတယ်....(ပျောက်သွားပါတယ်ဘုရား)မပျောက်ဘူးလား..(ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖေါက်ပြန်တာက ပေါ်လာတာ၊ ပျက်စီးတာက ပျောက်တာ....(မှန်ပါ့)။

ဖေါက်ပြန်တာက...(ပေါ်လာတာပါဘုရား) ပျက်စီးတာက (ပျောက်တာပါဘုရား)။

ပျောက်သွားတော့ သြော်... ဖြစ်လိုက်ပျက်လိုက်ဘဲပြန်ရောက်တယ်....(မှန်ပါ့)။

ဘာပြန်ရောက်သလဲ.... (ဖြစ်လိုက်, ပျက်လိုက်ဘဲ ပြန်ရောက်ပါတယ်ဘုရား)။

ဖြစ်လိုက် ပျက်လိုက် ပြန်ရောက်တော့ သြော်....ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့အပျက်သာ ရှိပါကလား၊ မတွေ့ကြသေးဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဦးဘကလေး ဘာတွေ့တွေ့သလဲ.... (အဖြစ်အပျက်တွေ့ တွေ့ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲ ဖြစ်မှုနဲ့ ပျက်မှုဘဲရှိတယ်.... (မှန်ပါ့) အိမ်ကျလို့ ရှိယင် တခါတည်း သမာဓိကလေး ၁၅-မိနစ်လောက် ဖမ်းပြီးတော့ ခန္ဓာစောင့်ကြည့်နေကြ၊ စောင့်ကြည့်နေတဲ့ အခါကျတော့ ခန္ဓာက ဖေါက်ပြန်တာနဲ့ ပျက်စီးတာကို သူပြောလိမ့်မယ်... (မှန်ပါ့)။

ဝေဒနာကလေးပေါ်လာယင် ဖေါက်ပြန်တာ.... (မှန်ပါ့) နဂိုရိုက မရှိဘဲကိုးဗျ၊ အခုမှ ဖေါက်ပြန်လာတာ။

သုခပေါ်လဲ ဖေါက်ပြန်လာတာဘဲ၊ သုခကလေးပျောက်သွားတော့.... (ဖေါက်ပြန်တာ) ပျက်စီးတာ၊ ပျောက်တော့ ပျက်စီးတာ ကိုပေါ်,ရ....(မှန်ပါ့) ပေါ်လာတော့.... (ဖေါက်ပြန်တာပါဘုရား)။

ပေါ်လာတာက ပင်ကိုယ်သဘောထဲကမှ ထူးခြား ပေါ်လာတာ....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ထူးခြား ပေါ်လာတာက ဘာတုံး.... (ဖေါက်ပြန်တာပါ ဘုရား)။

ဖေါက်ပြန်တာကလေးဘဲ စိုက်ကြည့်လိုက်တော့.... (ပျက်စီး ပါတယ်ဘုရား) ပျက်စီးတာမြင်ရတော့ ဩော်....ခန္ဓာကိုယ်ထဲ မှာ ဖေါက်ပြန်ပျက်စီးတာသာ ရှိပါကလား....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... (ဖေါက်ပြန်ပျက်စီးတာသာ ရှိပါတယ် ဘုရား) ဖေါက်ပြန်ပျက်စီးတာသာရှိတယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဟောဒီကျတော့မှ ဩော်... ခန္ဓာထဲမှာ ဖေါက်ပြန်တာနဲ့ ပျက်စီးတာဘဲရှိတယ်၊ အသစ်ပေါ်လာတာက ဖေါက်ပြန်တာ၊ ပေါ်လာတာကလေးပျောက်သွားတာက ပျက်စီးတာ.... (မှန်ပါ့ ပျက်စီးတာပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဖေါက်ပြန် ပျက်စီးတာကလေးချည့် တွေ့နေတော့ ဩော်....ယောင်ကျားလဲမဟုတ်ဘူး၊ မိန်းမလဲမဟုတ်ဘူး၊ ဒီဋ္ဌတွေ ဘာတွေ ခွဲစိုးမလိုတော့ဘူး၊ဖေါက်ပြန်ပျက်စီးတာဘဲ တွေ့နေတယ်၊ ဒီအခါကျတော့ မျက်နှာကလေးလဲ မပေါ်လာဘူး....၊ ဆံပင်တွေလဲ မပေါ်လာဘူး၊ ကိုယ်.ဟာကိုယ် ဉာဏ်ကလေးနဲ့ ကြည့်နေတော့ ဖေါက်ပြန်တာနဲ့ ပျက်စီးတာ တွေ့နေတော့ ယောကျ်ား,မိန်းမ အလိုလိုပျောက်နေတယ်....(မှန်ပါ)မပျောက် ဘူးလား....(ပျောက်ပါတယ်ဘုရား)။

ဖေါက်ပြန် ပျက်စီးတာကလေးသာ ကြည့်နေစမ်း တကာ တကာမတို့ ဘာတွေ ပျောက်သွားတုံး.... (ယောင်ကျား, မိန်းမ ပျောက်သွားပါတယ်ဘုရား)။

ယောကျ်ား,မိန်းမ, သားတွေ,သမီးတွေ,ဆွေတွေ,မျိုးတွေ... (ပျောက်သွားပါတယ်ဘုရား) ကိုယ့်.ခန္ဓာမှာလဲ ငါလဲပျောက်သူလဲပျောက်၊ လက်လဲပျောက်၊ ခြေလဲပျောက်၊ ဒါတွေပျောက်၊ အကုန်ပျောက်၊ ဉာဏ်ထဲ ဘာတွေပေါ်နေသတုံး... (ဖေါက်ပြန်ပျက်စီးတာဘဲ ပေါ်ပါတယ်ဘုရား)။

အင်း... အသစ် ပေါ်လာတာရယ်၊ ပျက်စီးသွားတာရယ်၊ ယားတာကလေး ကြည့်လိုက်ပြန်လဲ ပေါ်လိုက်- ပျောက်လိုက်၊ နာတာကလေး ကြည့်လိုက်ပြန်လဲ ပေါ်လိုက် ပျောက်လိုက်၊ ခံသာတာကလေး လာပြန်တော့လဲ....(ပေါ်လိုက် ပျောက်လိုက်ပါဘုရား)။

စိတ်အမျိုးမျိုး ပေါ်ပြန်ကော... (ပေါ်လိုက် ပျောက်လိုက်ပါဘုရား) ရုပ်တွေက ပူလိုက် အေးလိုက်ဟာကော... (ပေါ်လိုက် ပျောက်လိုက်ပါ ဘုရား) အပူကလေး ပေါ်လာလိုက်၊ အပူကလေးပျောက်သွားလိုက်၊ အအေးကလေး ပေါ်လာလိုက် (အအေးကလေး ပျောက်သွားလိုက်ပါဘုရား)။

ဩော်... ခန္ဓာကိုယ်ထဲမှာ ဘယ်မှာ ယောကျ်ား,မိန်းမဆိုတာက အရုပ်က ပြေစတာပါကလား၊ ဒို့.အမေ အဖေ သင်သွားလိုက်တဲ့အသွားပါကလား၊သေသေချာချာ သမာဓိစာည်တည်နဲ့ ဉာဏ်မျက်လုံးနဲ့ မျက်လုံးမှိတ်လိုက်တဲ့အခါကျတော့ ဉာဏ်မျက်လုံးက လာပွင့်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပကတိမျက်လုံးပိတ်ပြီးသကာလ ငါးဒဿရ ပိတ်ပြီးသကာလ မနောဒဿရဆိုတဲ့ ဉာဏ်မျက်လုံး ဖွင့်ကြည့်လိုက်တာပေါ့၊ ဉာဏ်မျက်လုံး ဖွင့်ကြည့်လိုက်တဲ့ အခါကျတော့ တကာတကာမတွေ

ဘာတွေတွေနေသလဲ... (ဖေါက်ပြန် ပျက်စီးတာတွေ တွေ့နေ ပါတယ်ဘုရား)။

အဲ.... ဖေါက်ပြန် ပျက်စီးတာတွေချည်း တွေ့နေမယ်၊ ပေါ်လာယင် ဖေါက်ပြန်ပြီ၊ ပေါ်လာတာကလေး မရှိပြန်ယင်.... (ပျက်စီးသွားပါတယ်ဘုရား)။

အဲဒီလိုချည်း တကာ့တကာမတွေက ငါးမိနစ်လောက်ကြည့်ကြည့်၊ ဆယ်မိနစ်လောက် ကြည့်ကြည့်၊ ကြည့်ချင်သလောက် ကြည့်၊ ကြာတော့ ခန္ဓာထဲမှာ ဖေါက်ပြန် ပျက်စီးမှုမှုတပါး ယောကျ်ားလဲ မရှိဘူး၊ မိန်းမလဲမရှိဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဇာလဲမရှိဘူး၊ သူလဲမရှိဘူး၊ သေသေချာချာ ဥာဏ်နဲ့ကြည့်ရင် တော့ ဘာတွေ တွေ့သလဲ.... (ဖေါက်ပြန် ပျက်စီးတာဘဲ တွေ့ပါတယ်ဘုရား)။

ဖေါက်ပြန်ပျက်စီးတာဘဲ တွေ့ပြီးသကာလနေတော့ သြဝ်-ဝိပရိဏာမလက္ခဏ ဒုက္ခသစ္စ.... (မှန်ပါ့) တကာ တကာမတို့ ဝိပရိဏာမလက္ခဏ—(ဒုက္ခသစ္စံပါဘုရား)။

ဝိပရိဏာမ လက္ခဏ = ပင်ကိုယ်သဘောကို စွန့်စွန့်သွားခြင်းသည်၊ ဒုက္ခသစ္စ = ဒုက္ခသစ္စာမည်၏.... ဆိုသဖြင့် ဖေါက်ပြန်တာနဲ့ ပျက်စီးတာဟာ ပင်ကိုယ်သဘောစွန့်တာ၊ ဖေါက်ပြန်တာဟာလဲ ပင်ကိုယ်အနေသဘောကို စွန့်တာဘဲ.... (မှန်ပါ့) ပျက်စီးသွားတာလဲ—(ပင်ကိုယ်သဘောကို စွန့်တာပါဘုရား)။

ဒါဖြင့် ဖေါက်ပြန်တာလဲ ဥပမာ....သရက်သီးဟာ ပုပ်လာတယ်ဆိုတော့ ဖေါက်ပြန်တာ၊ သူ့အမှည့်သဘော စွန့်တာ၊ သဘောကျပလား။ (ကျပါပြီ) ဒါဖြင့် ဖေါက်ပြန်တာလဲ ပင်ကိုယ်သဘော စွန့်တာဘဲ ... (မှန်ပါ့) ပျက်စီးတာကော .... (ပင်ကိုယ်သဘော စွန့်တာပါဘဲဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာကြည့်တော့ ဖေါက်ပြန်ပျက်စီးတာ ချည်းတွေ့နေတော့ သြော်.... ဖေါက်ပြန်ပျက်စီးတာ ဘာတွေပါလိမ့်မတုံးဆိုတော့ ဒုက္ခသစ္စာတွေပါကလားလို့ မှတ်လိုက် .... (မှန်ပါ့) ဖေါက်ပြန်ပျက်စီးတာ ဘာတွေပါလိမ့်.... (ဒုက္ခသစ္စာတွေပါဘုရား) ထိုင်တတ်ကြပလား.... (ထိုင်တတ်ပါပြီဘုရား) ထိုင်ပြီးသကာလ သမာဓိကလေး ၁၀- မိနစ် ၁၅- မိနစ်ဖမ်းတဲ့ပြီး ခန္ဓာကပေါ်ထူကို ရှုလိုက်တဲ့အခါကျတော့ ဘာတွေတွေ့မယ်ထင်သလဲ.... (ဖေါက်ပြန် ပျက်စီးတာတွေ့ တွေ့ပါတယ်ဘုရား)။

ပေါ်လာတာက ဖေါက်ပြန်တာ၊ ပေါ်လာတာကလေး ပျောက်သွားတာက.... (ပျက်စီးတာပါဘုရား)အဲဒီကဲ့သို့ တွေ့ပြီဆိုမှဖြင့် ရုပ်ရယ်-နာမ်ရယ်ရှေးမနနဲ့တော့ဒီကျတော့ ... (မှန်ပါ့) ရုပ်ရယ်-နာမ်ရယ် ရှေးမနေပါနဲ့တော့၊ ဖေါက်ပြန် ပျက်စီးတဲ့သစ္စာနဲ့ရှုနေတော့ ဖေါက်ပြန်ပျက်စီးတာဘဲ တွေ့တာပါဘဲ .... (မှန်ပါ့)ရှင်းပလား ... (ရှင်းပါပြီ) ဖေါက်ပြန်ပျက်စီးတာဘဲ တွေ့နေတော့ သြော်.... ယောကျ်ားတွေ့ ဖြုတ်ဘို့ကော လိုသေးသလား....(မလိုပါဘုရား) ဒါ ... မိန်းမဘဲလို့ ထင်တဲ့ အထင်ကော....(မလိုပါဘုရား)။

မလိုတော့ဘူး၊အလိုလိုပြုတ်သွားတယ်.... (မှန်ပါ့) ငါတွေကော... (ပြုတ်သွားပါတယ်) သူတွေကော.... (ပြုတ်သွားပါတယ် ဘုရား)ဘယ်ကလာတာတွေလဲပြုတ်·(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဘယ်ကလာပါလိမ့်မတုံး၊ မဟုတ်ဘူး- ပေါ်လာပြီး ပျက်တဲ့ မမှတွေဟာ၊ဒီအတိုင်းသာရှုယင် အကြောင်းဖြစ်၍ အကျိုးဖြစ်တာဘဲ၊ အကြောင်းပျက်၍ အကျိုးပျက်တာဘဲဆိုတာကလေးလဲ တခါတည်း ပါသွားတယ်.... (မှန်ပါ့) အဲ့ဒီတော့ ဖေါက်ပြန်ပျက်စီးတာကလေးကို တကာတကာမတွေ့ စောင့်ကြည့်စေချင်တယ်နော်.... (မှန်ပါ့) ဘာကြည့်ကြရမယ် .... (ဖေါက်ပြန်ပျက်စီးတာကလေးကို စောင့်ကြည့်ရပါမယ်ဘုရား) ဖေါက်ပြန်ပျက်စီးတာကလေး သမာဓိရှေးဦးစွာ တည်အောင်လုပ်ပြီး စောင့်ကြည့်စမ်းပါတဲ့၊ စောင့်ကြည့်တော့ ဖေါက်ပြန် ပျက်စီးတာဟာ ခြေထောက်တွေ့မလား .... ခြေထောက်ပေါ်မှာ ဖေါက်ပြန်ပျက်စီးတာ တွေ့မလား.... (ခြေထောက်ပေါ်မှာ ဖေါက်ပြန်ပျက်စီးတာ တွေ့မှာပါဘုရား)။

ကိုယ်တွေ့မလား .... ဖေါက်ပြန် ပျက်စီးတာ တွေ့မလား.... (ဖေါက်ပြန်ပျက်စီးတာ တွေ့မှာပါဘုရား)မျက်စိ,နား,နှာခေါင်း တွေ့မလား....ဖေါက်ပြန်ပျက်စီးတာ တွေ့မလား .... (ဖေါက်ပြန်ပျက်စီးတာတွေ့မှာပါဘုရား) အဲ... ဖေါက်ပြန်ပျက်စီးတာချည်း တွေ့တော့ ဒါတွေက မမှားနုပဿနာသတိပဋ္ဌာန်တဲ့၊ သစ္စာမြင်တဲ့ မမှာနုပဿနာ သတိပဋ္ဌာန်၊ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဘာပါလိမ့်.... (သစ္စာမြင်တဲ့ မမှာနုပဿနာ သတိပဋ္ဌာန်ပါ

ဘုရား) အဲဒီကဲ့သို့ ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ ဒီအတိုင်း ခန္ဓာကိုယ်ကြီး စောင့်ကြည့်နေတော့ ဖေါက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊မြင်တာက မဂ္ဂသစ္စာ....(မှန်ပါ)။

ဖေါက်ပြန်ပျက်စီးတာက....(ဒုက္ခသစ္စာပါဘုရား)မြင်တာက (မဂ္ဂသစ္စာပါဘုရား)။

ဩော်....တကာတကာမတို့ သန္ဓာန်မှာ မင်္ဂလာလုံးနဲ့ ကြည့်လိုက်၊ မင်္ဂလာလုံးနဲ့ကြည့်လိုက်၊သဘောကျပလား .... (ကျပါပြီဘုရား)ဘာမျက်လုံးနဲ့ ကြည့်ရမလဲ .... (မင်္ဂလာလုံးနဲ့ကြည့်ရပါမယ်ဘုရား)။

မင်္ဂလာလုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဘာတွေတွေ့ပါလိမ့်....(ဖေါက်ပြန် ပျက်စီးတာတွေ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ပင်ကိုယ်ကလဲ ခန္ဓာကိုယ်ကြီးက ဖေါက်ပြန်တာနဲ့ ပျက်စီးတာဘဲရှိတယ်၊ ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စာကိုး (မှန်ပါဘုရား)။

ဖေါက်ပြန် ပျက်စီးတာရှိတော့ ဖေါက်ပြန်ပျက်စီးတာ တွေ့လို့ရှိယင်ဖြင့် ဒီမျက်လုံးဟာ နှလုံးသွင်းမှန်ပလား- မှားသေးသလားမေးကြည့်....(မှန်ပါတယ်ဘုရား)။

နှလုံးသွင်းတည့်သွားပြီ.... (မှန်ပါ) ယောနိသော မနသိကာရနဲ့ ပညာနဲ့ တွဲသွားပြီ....(မှန်ပါ)။

အဲဒီကဲ့သို့ တွဲသွားတဲ့ အခါကျတော့ ဩော်.... (ဖေါက်ပြန်ပျက်စီးတာသာ အစစ်ရှိပါကလားလို့သိတော့ ခန္ဓာကိုယ်ထဲမှာ ဖေါက်ပြန်ပျက်စီးတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)

ဖေါက်ပြန် ပျက်စီးတယ်လို့ သိနေတဲ့ သဘောကလေးက ... (မဂ္ဂသစ္စာပါဘုရား)။

အဲဒီမှာ မဂ်မျက်လုံးကလေးနဲ့ တကာတကာမတွေ့ကြည့် ကြည့်-ကြည့်ကြည့်-ကြည့်ကြည့်ပြီး သကာလနေတော့ ဖေါက်ပြန်ပျက်စီးတာက ဒုက္ခသစ္စာ၊ ကြည့်လို့ မြင်တာကလေးက မဂ္ဂသစ္စာလေး ဖြစ်နေတော့ သြော်.... နှလုံးသွင်း မှန်တော့လဲ ဒုက္ခသစ္စာသွားတွေ့တာဘဲ....(မှန်ပါ့)။

နောက်တော့ ဒီဒုက္ခသစ္စာကြီးဟာ တကာတကာမတို့ မြင်ရင်း မြင်ရင်းနဲ့ဘဲ သြော်....မိမိခန္ဓာရယ်လို့ ပြောသာပြောနေရတာပါကလား၊ ဒုက္ခသစ္စာအစိုင်အခဲကြီး၊ ဒုက္ခသစ္စာတွေချည့်ဘဲ အကုန်ရှိနေတာကိုး၊ ဒါတွေ့မတွေ့ပေဘူးလား .... (တွေ့ပါတယ်ဘုရား)။

တွေ့တဲ့အခါကျလို့ရှိယင် ဒီအချိန်မှာဘဲ တကာ တကာမတွေက စဉ်းစားကြည့်တော့ ဖေါက်ပြန် ပျက်စီးတာကလေးကို မြင်မနေဘူးလား... (မြင်ပါတယ်ဘုရား)။

မြင်နေတဲ့အခါ မြင်တာကလေးက မဂ်ကလေးဖြစ်နေတယ်၊ မြင်တာက မဂ်မျက်လုံးကလေး၊ သမ္မာဒိဋ္ဌိ မျက်လုံးကလေး၊ သဘောကျပလား... (ကျပါတယ်ဘုရား)။

တနည်း ဝိဇ္ဇာမျက်လုံးကလေး ဆိုယင်လဲ ဟုတ်တယ် ... (မှန်ပါ့)အမှန်သိတာကိုး... (မှန်ပါ့)။

ဝိဇ္ဇာမျက်လုံးလဲ ဟုတ်တယ်နော်.... (မှန်ပါ) သမ္မာဒိဋ္ဌိမျက်လုံးကော... (ဟုတ်ပါတယ်) ဉာဏ်မျက်လုံးကော .... (ဟုတ်ပါတယ်)ဝိဇ္ဇာကလေးကော....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒါတွေဟာ ဘုရားက ပရိယာယ်နဲ့သာ ဟောခဲ့တာ စင်စစ်တော့ ဥာဏ်မျက်လုံး တလုံးတည်းဘဲနော်.... (မူန်ပါ ဘုရား)။

အဲဒီကဲ့သို့ နှလုံးသွင်းမှုန်မှုန်နဲ့ တကာဘကာမတွေက ကြည့်ပြီး သကာလနေတော့ ဖေါက်ပြန်ပျက်စီးတာဘဲမြင်ပြီး ဒီ.ပြင်ယောကျ်ား,မိန်းမတွေခွါဘို့လဲ မလိုတော့ဘူး၊ လိုသေးသလား (မလိုပါဘုရား)။

ရှိတာတော့ ဘာတွေ တွေ့သလဲ....(ဖေါက်ပြန် ပျက်စီးတာ တွေ့ပါတယ်ဘုရား)။

အဲဒီတော့ ဖေါက်ပြန်ပျက်စီးတာ ဒုက္ခသစ္စာ၊ တွေ့တဲ့ဥာဏ် ကလေးက....(မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာကလေး ရနေတော့ ဆုတောင်းလို့ရတာလား၊ တကာတကာမတို့ နှလုံးသွင်းမှုန်လို့ ရတာလား....(နှလုံးသွင်းမှုန်လို့ရတာပါဘုရား)။

အဲဒါကြောင့် ဒါကျွတော့ကို....တဲ့ ဆုမတောင်းနဲ့ တော့ တကာတကာမတို့၊ ဒီမျက်လုံးကလေးရပြီးတဲ့နောက် နိဗ္ဗာန်မြင်တဲ့ မျက်လုံးရတော့မယ်....(မူန်ပါ) အခုဟာ ဒုက္ခမြင်တဲ့မျက်လုံး ရပြီ သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခမြင်တဲ့မျက်လုံး.... (ရပါပြီဘုရား) ခန္ဓာကိုယ်မှာ ဒုက္ခသစ္စာဘဲဆိုတဲ့ မျက်လုံးကဖြင့်....(ရပါပြီဘုရား) ရပြီတဲ့။

ကောင်းပြီ....ဒီ-ရတဲ့မျက်လုံးကလေးဟာ နဂိုရိုက ယောကျ်ား မိန်းမထင်နေတာ ဒုက္ခသစ္စာလို့ ဘယ်တော့မှ မအောက်မေ့ဘူး (မူန်ပါ)။

အခုတော့ဖြင့် ဖြစ်ဒုက္ခ,ပျက်ဒုက္ခတွေ့ ထင်ရှားပြီးသကဲ့လ
နေတဲ့အတွက် " ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ နိရုဇ္ဈမာနံ
နိရုဇ္ဈတိ" လို့ ဘုရားကဟောထားတော့ ဒုက္ခဖြစ်၍ ဒုက္ခပျက်
တာတွေ့မြင်တော့ ဒုက္ခသစ္စာသာ ရှိတယ်ဆိုတာ ပေါ်မလာဘူး
လား....(ပေါ်လာပါတယ်ဘုရား)။

ထိုကဲ့သို့ ပေါ်လာတဲ့အခါကျတော့ ဖြစ်ပျက်တာ ဒုက္ခသစ္စာ၊
မြင်တာကလေး....(မဂ္ဂသစ္စာပါဘုရား)။

စောင့်ကြည့်တဲ့အခါကျတော့ ဒီအတိုင်းအမြင်မရဘူးလား--
(ရပါတယ်ဘုရား) သမာဓိရှိပြီး ကြည့်လိုက်တဲ့အခါကျတော့....
(မြင်ပါတယ်ဘုရား)။

အင်း... သူတပါး သွားကြည့်နေရတာလား တဲ့၊ နဂိုရိုက မိမိ
ထင်ခဲ့နေတာ ကြည့်ရတာလား.... (မိမိထင်နေတာ ကြည့်ရတာပါ
ဘုရား) မိမိလား·ဒုက္ခသစ္စာလား....(ဒုက္ခသစ္စာပါဘုရား)။

မိမိနဲ့ ဒုက္ခသစ္စာ အရုက်ဲသွားပြီ.... (မှန်ပါ!) ဦးဘကလေး
ဘယ်နှယ်တုံး....(ကဲသွားပါပြီဘုရား)။

မိမိကိုယ်ထင်နေတဲ့ဥစ္စာ ဘယ်ဟုတ်ရမတုံး-မိမိကိုယ်၊ ကိုယ်က
ဖေါက်ပြန်ပျက်စီးတာတွေ့ချည့် ပြနေတော့ မိမိကိုယ်ကို မဟုတ်
တော့ဘူး....(မှန်ပါ!) ဘာဖြစ်နေသတုံး...(ဒုက္ခသစ္စာပါဘုရား)
ဒုက္ခသစ္စာသက်သက် ဖြစ်နေတယ်ဆိုတာ ပေါ်ပလား....(ပေါ်
ပါပြီဘုရား)။

မိမိကိုယ် ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) ဒါဖြင့်
မိမိကိုယ်မဟုတ်တဲ့ ဒုက္ခသစ္စာတွေ့ဘဲဆိုတာ သေချာပလား....
(သေချာပါပြီဘုရား)။

ဒီဖေါက်ပြန်ပျက်စီးနေတဲ့ သဘောကလေး တွေကလဲ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်နဲ့ နေပြန်တော့လဲ အင်း သူ့သဘောဘဲ၊ မိမိအလို ဆန္ဒ ဒီအထဲမှာ လုံးဝမပါ၊ တားလို့ ဆီးလို့ မရတဲ့သဘောတွေ ဘဲဆိုတာတွေက ရောက်မလာဘူးလား .... (ရောက်လာပါတယ် ဘုရား)။

အဲဒီမှာ အနိစ္စတွေလဲ အတွင်းဝင်သွားပြီ၊ ဒုက္ခတွေကော.... (အတွင်းဝင်သွားပါပြီ)အနတ္တတွေကော.... (ဝင်ပါတယ်ဘုရား) အဲဒီလိုမှတ်ကြပေတော့၊ ဖေါက်ပြန် ပျက်စီးတာ တခုလုံးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ အနိစ္စဆိုတာလဲ ဒီဒုက္ခသစ္စာထဲ ဝင်သွားတာဘဲ.... (မှန်ပါ!) ဒုက္ခဆိုတာကော .... (ဒုက္ခသစ္စာထဲ သွားဝင်ပါတယ် ဘုရား)အနတ္တဆိုတာကော.... (ဒုက္ခသစ္စာထဲဝင်ပါတယ်ဘုရား)။

အဲဒီတော့ ယနေ့ည တကာတကာမတွေ အခု သင်ပေးနေ တာက ခင်ဗျားတို့ အနိစ္စ,ဒုက္ခ,အနတ္တ လုပ်မနေနဲ့ တော့၊နောက် ဆုံးပိတ် သစ္စာမြင်မှ နိဗ္ဗာန်ဝင်တာ၊ ဖေါက်ပြန်ပျက်စီးတာ မြင် လို့ရှိယင် အနိစ္စဟာ ဒီအထဲဝင်သွားပြီ၊ သစ္စာထဲ ဝင်သွားပြီ.... (မှန်ပါ!)။

ဒုက္ခသစ္စာထဲ....(ဝင်သွားပါပြီ)ဘဘောကျပလား (ကျပါပြီ ဘုရား)။

ဒီမှာ ရှင်သာရိပုတ္တရာကခြောထားတာ တကာတကာမတွေ ရှင်းရှင်း ကြည့် လိုက် သိ သား ဘဲ၊ ဥပမာမယ် ဆင်ကြီးက ဘုန်းကြီးတို့ ကျောင်းအဆင်းက နေပြီးသတာလ ဟိုဘက်ကျ

အောင်ဆင်းသွားတယ်ဆိုပါတော့ မောင်နိုင်ရ....(မှန်ပါ့) ခြေရာတွေက ထင်မနေဘူးလား....(ထင်ပါတယ်ဘုရား)။

နောက်တခါ ခွေးတွေက နောက်ကလိုက်သွားတဲ့အခါ ဆင် ခြေရာ အုပ်မိအောင် နင်းနိုင်တဲ့သတ္တဝါ နောက်ထပ် လာစရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား) ဆင်ခြေရာထဲသာ ဝင်ကြရမှာဘဲ....(မှန်ပါ)။

ဆင်ခြေရာထဲ ထောက်ထောက်ပြီးတော့ သူတို့ လိုချင်တဲ့ ခရီးကို အပြီးတိုင် သွားကြရမယ်... (မှန်ပါ့) ဆင်ခြေရာထဲဘဲ ဝင်ကြရမယ်....(မှန်ပါ့) ဆင်ခြေရာထက်ကြီးတာက ရှိသေးရဲ့ လား....(မရှိပါဘုရား)။

အဲ....ထို့အတူဘဲတဲ့ ဖေါက်ပြန်ပျက်စီးတာတခု မြင်လိုက်လို့ ရှိယင် သူက ဆင်ခြေရာဘဲတဲ့၊ အနိစ္စလဲ ဒီအထဲ ထောက်ရတာ ဘဲတဲ့... (မှန်ပါ့)ဒုက္ခကကော.... (ဒီအထဲထောက်ရပါတယ်) အနတ္တကကော.... (ဒီအထဲထောက်ရပါတယ်ဘုရား) အသုဘကကော....(ဒီအထဲ ထောက်ရပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဖေါက်ပြန်ပျက်စီးတာကလေး တလုံးတည်း တကာတစာမတွေက ပိုင်ပိုင်နိုင်နိုင်ကလေးကြည့်နေ.... (မှန်ပါ့) သမာဓိရရဲ့ ကြည့်နေတော့ ဩော်.... ဖေါက်ပြန်ပျက်စီးနေတာ ဘဲ၊ဖေါက်ပြန် ပျက်စီးနေတာဘဲဆိုတော့ ဖေါက်ပြန်တာက ဖြစ်တာကော်....(မှန်ပါ့)ပျက်စီးတာက ပျက်တာ...(မှန်ပါ့)။

တကိုယ်လုံးမှာ ဖြစ်ပျက်ဘဲ ရှိတယ်ဆိုတာ ပြန်ဝင်လာတာ ဘဲ...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ့ကြောင့် ဟို....ပဏ္ဏာသတွေက ပဏ္ဏာသ အဋ္ဌကထာတွေ-ဋီကာတွေက သြော်.... ဖြစ်ပျက်ဟာကွာ တခြား အောက်မေ့မနေပါနဲ့၊ ဒုက္ခသစ္စာပါတဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) အေး...အဲဒီတော့ ဖြစ်ပျက်ရှုနေတော့ သစ္စာရှုနေတာလို့ မှတ်လိုက်....(မှန်ပါ့)။

ဖြစ်ပျက်ရှုနေတာ.... (ဒုက္ခသစ္စာရှုနေတာပါဘုရား)။

ဒုက္ခသစ္စာရှုနေတာ အဲဒီကဲ့သို့ ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာသွားဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ အင်း.... တကာတကာမတို့ အခုရှုနေတဲ့ သဘောကလေးကို ခင်တဲ့ စိတ်ကလေး, စဲ့လမ်းတဲ့ စိတ်ကလေး ဟုတ်လား၊ အားထုတ်ပြီးတော့ ဒါမျိုး ဖြစ်ပျက်ရချင်လို့ အားထုတ်ဦးမယ်ဆိုတဲ့ တဏှာ,ဥပါဒါန်,ကံတွေ လာသေးရဲ့လား....(မလာပါဘုရား)။

ဖြစ်ပျက်ကလေး ရှုနေရတဲ့အတွက် " ကာမသုခလ္လိကာနုယောဂ" ဆိုတဲ့ တဏှာ ဥပါဒါန် ကံတွေလဲ ကာမဂုဏ် ခံစားတဲ့ တဏှာ ဥပါဒါန် ကံတွေကော လာသေးသလား.... (မလာပါဘုရား) မလာတော့ဘူးနော်၊ သဘောကျပလား....(ကျွပါပြီဘုရား)။

စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း ဆိုတဲ့ ဒုက္ခတွေကော...(မလာပါဘုရား)။

အင်း....ဒီဟာက ဘာဖြစ်နေတာတုံးဆိုတော့ ဩဩ်....ဒါဖြင့် ဆင်းရဲတဲ့လမ်းလဲ မဟုတ်ဘူး၊ကာမဂုဏ်ချမ်းသာခံစားတဲ့ လမ်းလဲ မဟုတ်ဘူး၊ အလယ်လမ်းပါလား....လို့ မူတ်လိုက်တာပေါ့__ (မှန်ပါ့)။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတဲ့ လမ်းကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) စိတ်သာယာ, ကိုယ်သာယာတဲ့ လမ်းကော.... (မဟုတ်ပါဘုရား)။

စိတ်သာယာ, ကိုယ်သာယာတဲ့ လမ်းဆိုလို့ ရှိယင်လဲ တကာ တကာမတွေက ကာမသုခလို့ကာ နေ့ယောဂလမ်း ဖြစ်သွားတယ် တဏှာလမ်း ဖြစ်တယ်__(မှန်ပါ့) ဟိုဘက်ကလဲ ဒေါသလမ်းဖြစ် နေတယ်....(မှန်ပါ့) တဏှာလမ်း, ဒေါသလမ်း၏ အလယ်ကို ရောက်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် အလယ်လမ်းကို ရောက်နေတယ်.... (မှန်ပါ့) ရိပ်မိ ပလား... (ရိပ်မိပါပြီဘုရား)။

အလယ်လမ်းက ဘုရားဖြစ်တာကိုး၊ သောတာပန်, သကဒါ ဂါမ်, အနာဂါမ်တွေကော... (အလယ်လမ်းပါဘဲဘုရား)။

အဲဒီလို ဖေါက်ပြန်ပျက်စီးတာကို မြင်တဲ့ဉာဏ်ကခေါ်ပြီး သကာလ သုံးမှ အလယ်လမ်းကို ရောက်တယ်၊ ဒီဉာဏ်ဟာ အလယ်လမ်းဘဲဆိုတာ ရိပ်မိပလား__(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ ဒီနေ့ညက စ,ပြီး စမ်း ကြည့်တာပေါ့၊ ကိုယ်တတ်အားသ၍ စမ်း၊ ကြာတော့ ရင့်လာ လိမ့်မယ်နော်....(မှန်ပါ့ဘုရား) ရင့်လာတော့ အခု အဲဒီ အချိန်

ကလေးမှာ တချက်တည်း ကိုယ်ပေါ်က ဖြစ်ဖြစ်ပေါ့လေ၊ ပေါက်ပြန် ပျက်စီးတာကလေးကို ဥာဏ်နဲ့တည့်ပြီး မြင်လိုက်တယ် ဆိုလိုက်ပါတော့ အဲဒီတချက်ဟာ မောင်နှိုင် အလွန် အရေးကြီးတယ်....(မှန်ပါ့)။

ဒီတချက်ဟာ အလွန်အရေးကြီးတယ်....တဲ့၊ ဒီတချက်ဟာ ဘယ်နှယ်ကြောင့် ဒီလောက် အရေးတကြီး မှန်မြတ်တယ်လို့ ဆိုရပါလိမ့်မတုံး....ဆိုတော့ ခုနင်က တကျာ ဥပါဒါန် ကံတွေကော လာသေးသလား....(မလာပါဘုရား) ဟာ....ဒါဖြင့် ပပဉ္စ ချုပ်ပြီ....(မှန်ပါ့)။

ဒေါသ သောက ပရိဒေဝတွေကော....(မလာပါဘုရား)။

အင်း.... ဒါဖြင့် တကာ တကာမတို့ ဏာမသုခလ္လိကာနုယောဂလမ်းလဲ မရှိဘူး.... (မှန်ပါ့) အတ္တကိလမထာနုယောဂလမ်းကော....(မရှိပါဘုရား)။

ဟ-အလယ်လမ်းပေါ် သေသေချာချာရောက်တော့ အလယ်လမ်းက နေမှ နိဗ္ဗာန်သွားလို့ရတယ်... (မှန်ပါ့)။

ဘယ်ကမှ နိဗ္ဗာန်သွားလို့ရသလဲ....(အလယ်လမ်းကမှ နိဗ္ဗာန်သွားလို့ရပါတယ်ဘုရား) အလယ်လမ်းက-နေမှ နိဗ္ဗာန်သွားလို့ရတယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာကို နဂိုရ်က ကိုယ့်ခန္ဓာလို့ ထင်နေတာ မဟုတ်တော့ပါဘူး၊ ဒုက္ခသစ္စာသက်သက်ပါဘဲလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့ဘုရား) မချရပေဘူးလား.... (ချရပါတယ်ဘုရား) မျက်လုံးမှိတ်ပြီးကြည့်နော်... (မှန်ပါ့) မျက်လုံးမှိတ်ပြီး ကြည့်

တော့ ဟိုနေရာက်ဖေါက်ပြန်-ဒီနေရာကဖေါက်ပြန်၊ ဟိုနေရာက ပျက်စီး- ဒီနေရာကပျက်စီးတာတွေ့ မတွေ့ပေဘူးလား.... (တွေ့ ပါတယ်ဘုရား)။

အဲ.... ဖေါက်ပြန်ပျက်စီးတဲ့ဥစ္စာ ဘာသစ္စာ....(ဒုက္ခသစ္စာပါ ဘုရား) မြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ကာမဂုဏ် ခံစားတဲ့လမ်းကော ပြတ်သွားတယ်.... (ပြတ်ပါတယ်ဘုရား) ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲ လမ်းတွေကော (ပြတ်ပါတယ်ဘုရား) ဒါဖြင့် ဘယ်လမ်း ရောက်သွားသလဲ.... (အလယ်လမ်း ရောက်ပါတယ်ဘုရား) သြော်.. ဒီလိုရှုနေတာ အလယ်လမ်းရောက်တာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီ) အင်း.... ရှုဖန်များလာတဲ့အခါ ဖေါက်ပြန်ပျက်စီးတာတွေ့မြင်ရတဲ့အခါကျတော့ စိတ်ထဲမှာ ငြီးငွေ့ပြီးတော့ မုန်းလာတယ်၊ ဘာဖြစ်လို့ မုန်းသတုံးလို့ မေးတဲ့အခါကျတော့မှ ဖေါက်ပြန်ပျက်စီးတာကြီး ရထားလို့မုန်းတာ....(မှန်ပါ)။

ဘယ်နှယ်ကြောင့် မုန်းသတုံး.... (ဖေါက်ပြန် ပျက်စီးတာကြီးရ,ထားလို့မုန်းတာပါဘုရား)နဲ့ရိုရိုတုန်းကတော့ အရတော်လေးစား-လို့ထင်နေတယ်.... (မှန်ပါ) အခုတော့ ဉာဏ်မျက်လုံးဆရာဘုန်းကြီးက တပ်ပေးလိုက်တဲ့အတွက် ဖေါက်ပြန်ပျက်စီးတာဘဲ၊ သေသေချာချာရတာ မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

ထင်ရှားတော့ သြော်.... အရမတော်ဘူး၊ ဒီဥစ္စာကြီးဟာ တကယ် ရွံစရာ - မုန်းစရာကြီး ရ,ထားတယ်ဆိုတဲ့ ဉာဏ်ဟာ

ဖေါက်ပြန်ပျက်စီးတာ မြင်ဖန်များယင် ဉာဏ်တက်လိမ့်မယ်... (မှန်ပါ့) ရှု့မှန်းတဲ့ဉာဏ် မတာက်ပေဘူးလား.... (တက်ပါတယ်ဘုရား)။

ကြာတော့ တက်ရုံသာမက ရှုရင်းမတွန့် မှန်းရုံတင်မကဘဲနဲ့ သြော်.. ဒါကြီးနဲ့ဖြင့် နေလဲမနေချင်ဘူး၊ ရလဲမရချင်ဘူးဆိုတာလဲ ဉာဏ်တက်လာဦးမှာဘဲ....(မှန်ပါ့) ဉာဏ်မတက်ပေဘူးလား- (တက်ပါတယ်ဘုရား) တက်သည်နဲ့ တပြိုင်နက်တည်း ခုနင်က ဖေါက်ပြန်ပျက်စီးတာတွေ့ အကုန်ပျောက်သွားတယ်...(မှန်ပါ့) ခန္ဓာပါ ပျောက်တယ်....(မှန်ပါ့) ဖေါက်ပြန်ပျက်စီးတာပျောက်တယ်ဆိုတော့ ခန္ဓာပျောက်တာဘဲ....(မှန်ပါ့) မပျောက်ပေဘူးလား....(ပျောက်ပါတယ်ဘုရား)။

အဲဒီ ပျောက်သွားတဲ့ အခါကျတော့မှ သြော်....ဖေါက်ပြန်ပျက်စီးမှုသည် ဒုက္ခသစ္စာ၊ အခု ဖေါက်ပြန်ပျက်စီးမှု ပျောက်သွားလို့ မိမိဉာဏ်ကလေးနဲ့ အခုမြင်ရတဲ့နေရာက မဖေါက်ပြန်တဲ့ နေရာက နိဗ္ဗာန်ဆိုတာ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) မဖေါက်ပြန်တဲ့နေရာက....(နိဗ္ဗာန်သစ္စာပါဘုရား)။

အဲဒီမှာ နိဗ္ဗာန်ဘက်ကူးတယ်၊ ခုနင်ကဉာဏ်က မြင်တယ်... (မှန်ပါ့) အရင်တုန်းကတော့ ဖေါက်ပြန်ပျက်စီးတဲ့ဘက် နေတယ်....(မှန်ပါ့) နောက်တော့ ဒီ... ဖေါက်ပြန်ပျက်စီးတာကြီးမလိုချင်တော့ကို ဖေါက်ပြန်ပျက်စီးတာဟာ ပျောက်ထွက်သွားတယ်.... (မှန်ပါ့) မဖေါက်မပြန်ဘဲနဲ့ ခိုင်မြဲတာကြီး လာပေါ်တယ်၊ နိဗ္ဗာန်လာပေါ်တယ်ဆိုကြပါစို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နီဗ္ဗာန်လာပေါ်တော့ ဘယ်လို ပေါ်သတုံးဆိုတော့ ဓါတ်ရှင်မျှား ပြဿလိုဘဲမှတ်လိုက်တာပေါ့။ အရင်တုန်းကတော့ ပိတ်ကားကြီးပေါ်မှာ အရုပ်တွေရုပ်နေတယ်.... (မှန်ပါ့) နောက် ဓါတ်ရှင်သိမ်းတော့ ပိတ်ဖြူကြီး ပေါ်လာတယ်... (မှန်ပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား) မသိမ်းခင်ကာ ရုပ်ရှက်ခတ်နေတယ်၊ သိမ်းလိုက်တဲ့အခါကျတော့ ရှင်းသွားတယ် (မှန်ပါ့)။

ဒီမှာလဲ ထို့နည်းအတူဘဲတဲ့၊ ပဌမတုန်းက သမာဓိနဲ့ရှုနေတုန်းကတော့ ရုပ်ရှက်ခတ်တွေ ရှုနေရတယ်၊ ဖေါက်ပြန်ပျက်စီးတာတွေ ရှုနေရတယ်....(မှန်ပါ့) နောက်-ဒါတွေ မလိုချင်တော့ပါဘူး၊ ဒါတွေ မရချင်တော့ပါဘူး၊ ရှုပါတယ်- မုန်းပါတယ် ဆိုတဲ့ဥာဏ်တွေတက်ပြီး မလိုချင်ဘူးဆိုတော့ ခုနင်က ပိတ်ကားမြင်ရသလို တခါတည်း ရှင်းထွက်သွားတာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ.... အလုပ်သင်ပေးနေတယ်လို့ ယနေ့မှတ်ပါ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မနေ့ကတရားကို ဆက်ဘို့ဘဲ၊ ခင်ဗျားတို့အလုပ်ကလေး သင်ချင်တာနဲ့ တရားကို ခဏဖြတ်ထားတယ်နော်... (မှန်ပါ့)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သဗ္ဗဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ဇာတိ, ဇရာ, မရဏ, ဒုက္ခ မြင်အောင်ရှုပုံ
ည အလုပ်ပေးတရားတော်
(၅ - ၆ - ၆၂)

တကာတကာမတွေကို သစ္စာကိုသိအောင် ပြောဟော့မှ ဆြော်....ငါတို့သည်ကားလို့ ဆိုယင် အဖြစ်ဆိုးကြီး ကျုံနေပါကာ လားလို့ ဆိုတာ ပေါ်လာတယ်နော်....(မှန်ပါ့) သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်အတွက်ကတော့ ကိုယ့် အဖြစ်ဆိုးကြီး ကိုယ်ပေါ်လာတာ ကိုယ်မသိသေးဘူး....(မှန်ပါ့)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရှေးဦးစွာ ဓမ္မစကြာတရားကို ဘုရားတိုင်းဘဲဟောတယ်ဆိုတဲ့ဥစ္စာ သစ္စာစပြီး သကာလဟောတာ၊ သစ္စာမသိဘဲနဲ့ သောတာပန် တည်တယ်ဆို လို့ရှိယင်လဲ သစ္စသံယုဘ်ကာ မယုံပါနဲ့လို့ ပြောထားတယ်နော် (မှန်ပါ့)။

အဲဒီတော့ ဒီသစ္စာကလေးသိမှလဲ သံသရာအဆုံးသတ်တာကို သဘောကျတယ်၊ သစ္စာကို မသိလို့ရှိယင်တော့ သံသရာအဆုံး သတ်တာကို သဘောမကျကြဘူး....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတွေ့၏ အဖြစ်ဆိုးကိုဘဲရှေးဦးစွာ ရှေ့ပိုင်း နည်းနည်းကလေး ပြောပေးပါ့မယ်။

အခု တကာတကာမတွေ့ သည်ကားလို့ဆိုယင် ဇာတိဆိုတဲ့ ဥစ္စာ ပဋိသန္ဓေ နေလာခဲ့ကြတဲ့ဥစ္စာ ဇာတိခေါ်တာဘဲ .... (မူန်ပါ့)အခု အမိဝမ်းခေါင်း အပြင်ဘက် ရောက်လာတဲ့အခါ တနေ့တခြား ရင့်ရော်လာတာကို ဇရာလို့ ခေါ်ကြတာဘဲ၊ တော်တော်ကြာကျလို့ရှိယင် ခေါင်းပြင်ပြီး သုသာန်ပို့ကြတာကို မရဏာလို့ခေါ်ကြတာဘဲ။

အဲဒီတော့ ဇာတိ,ဇရာ, မရဏာဟာ တကာတကာမ တွေ့မှာ ဒီခန္ဓာ၏ အတွင်းသားဘဲဆိုလို့ရှိယင် မှတ်လိုက်တာပေါ့နော်.... (မူန်ပါ့) ခန္ဓာ၏ အတွင်းသားဟာ ဘာတွေပါလိမ့်(ဇာတိ,ဇရာ မရဏာပါဘုရား)။

ဇာတိ,ဇရာ,မရဏာဘဲရှိတယ်၊ အဲဒီ. ဇာတိ, ဇရာ, မရဏာဘဲရှိတော့ ဇာတိကြည့်လိုက်ပြန်တော့လဲ ဒုက္ခသစ္စာလို့ ဟောပြန်တယ်၊ ဇရာကြည့်လိုက်ပြန်တော့လဲ ဇရာပိ ဒုက္ခသစ္စ၊ မရဏာကြည့်လိုက်ပြန်တော့ သေမှု ကြည့်လိုက်ပြန်တော့လဲ မရဏမွိ ဒုက္ခသစ္စ ဆိုတော့ တကာတကာမတွေ့ လာခြင်းကလဲ မကောင်းဘူး၊နေခြင်းကလဲ မကောင်းဘူး၊ သေခြင်းကလဲ မကောင်းဘူး၊ ကောင်းကြရဲ့လား....(မကောင်းပါဘုရား)။

လာခြင်းဇာတိကလဲ မကောင်း၊ နေခြင်းဇရာကလဲမကောင်း၊ သေခြင်း မရဏာကလဲ မကောင်းဆိုတော့ မကောင်းသုံးချက်ထပ်နေတယ်....(မူန်ပါ့)။

ဒီဘဝ ဘာတွေမျှား ထပ်နေပါလိမ့် ... (မကောင်းသုံးချက် ထပ်နေပါတယ်ဘုရား)။

မကောင်းသုံးချက် ထပ်နေတယ်လို့ ဆိုတော့ တကာတကာမ တွေသည် ယခုရ,ထားတဲ့ ခန္ဓာကိုယ်ကြီး၏ အတွင်းသဘောမှာ ဒါဘဲရှိတယ်နော်....(မှန်ပါ့)။

ဩော်....ဒီခန္ဓာကြီးဟာ ယခု ဒို့ ဘာတွေမျှား ရ,ထားပါ လိမ့်မတုံးမေးတော့ ဒုက္ခသုံးချက်ကို ကိုယ်ပိုင် ရ, ထားတယ်လို့ ဦးဘကလေး မှတ်လိုက်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဘာတွေ ကိုယ်ပိုင် ရ,ထားကြသလဲ .... (ဒုက္ခသုံးချက် ကိုယ် ပိုင်ရ,ထားပါတယ်ဘုရား)။

ဒုက္ခသုံးချက် ကိုယ်ပိုင်ရထားတယ်၊ အဲဒါကို မသိသေးတော့ တကာတကာမတွေက အင်း .... ဟင်.... ဘဝတဏှာ ဆိုတာက ထောက်ရာ ပေါ်ပြီးသကာလ နေတယ်၊ ဒီသုံးချက်ကို မသိလို့ရှိ ယင် ထောက်ရာ ပေါ်တဲ့ ဘဝတဏှာက သေသေချာချာရှိတယ် နော်....(မှန်ပါ့)။

ဘဝတဏှာဆိုတာက မောင်နှိုင် မှတ်လိုက်စမ်းပါ၊ ကိုပေါ် မှတ်လိုက်စမ်းပါနော်....၊ထောက်ရာ ပေါ်နေတာ ဘာပါလိမ့်.... (ဘဝတဏှာပါဘုရား)။

ထောက်ရာပေါ်နေတာ ဘဝတဏှာလို့ သေသေချာချာမှတ် ကြပါနော်... (မှန်ပါ့)။

အဲဒီ ဘဝတက္ကသိုလ်မှာ လွှမ်းမိုးပြီးသကာလ နေတော့ ဘဝတက္ကသိုလ်ပေါ်မှာလဲ ဘယ်သူက အုပ်ချုပ်ပြီး နေပြန်သတုံး မေးတဲ့အခါကျတော့ မသိမှု အဝိဇ္ဇာက အုပ်ချုပ်နေပြန်တယ်(မှန်ပါ့)။

မသိမှု အဝိဇ္ဇာက အုပ်ချုပ်နေပြန်တော့ ဘဝတက္ကသိုလ်ကိုယ့် ရောက်ရာဘဝကလေး အရတော်လေစ့၊ဒီသားနဲ့ ဒီသမီးနဲ့,ဒီမြေးနဲ့,ဒီပစ္စည်းနဲ့,ဒီတိုက်,ဒီရွှေ,ဒီငွေ,ဒီကားနဲ့ ဆိုပြီးသကာလ တော်သေးရဲ့လို့ ကိုယ့်စိတ်ထဲ တော်သေးရဲ့ ပေါ်တိုင်း-ပေါ်တိုင်း ဘဝတက္ကသိုလ်က ချော့ထားတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

ကိုယ်စိတ်ထဲ ဒီအတိုင်း တော်သေးရဲ့လို့မျှး တလုံးလောလို့ရှိယင် ငါဆစ်စွာမသိတဲ့ ပုဂ္ဂိုလ်တဦးတယောက်ဘဲလို့ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

တခါတလေ ခင်ဗျားတို့ လာတတ်တယ်နော်....(မှန်ပါ့)လာတတ်တယ်၊ တခါတလေကျတော့ ဒီသားနဲ့,ဒီသမီးနဲ့, ဒီမြေးနဲ့,, ဒီမြစ်နဲ့ ဒီကားနဲ့,ဒီဝိန်နဲ့,ဒီရွှေနဲ့,ဒီငွေနဲ့ အကြောင်းမျှး ညီညွတ်နေတဲ့ အချိန်ကျလို့ရှိယင် တော်သေးရဲ့ဟေ့ .... တယောက်တယောက်လက်တို့ပြီးမျှး ဘဝတက္ကသိုလ်က အပြောခိုင်းနေတာပါသေးတယ်....(မှန်ပါ့)မပါဘူးလား....(ပါ၊ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီဘဝတက္ကသိုလ်က လက်တို့ရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ....တဲ့ ခုနင်က ဒုက္ခသုံးချက်ကို မသိတဲ့ အဝိဇ္ဇာက ဖုံးပြီး ဖိပြီး ထားလိုက်တဲ့အတွက် ဘဝတက္ကသိုလ်ချော့လို့ကောင်းတယ်....(မှန်ပါ့)မျက်လုံးပိတ်ပြီး ညာတာပါဘဲ။

ဘယ်လိုပါလိမ့်....(မျက်လုံးပိတ်ပြီး ညာတာပါဘုရား)။

မျက်လုံးပိတ်ပြီး ညာဘာကို တကာတကာမတွေ့ကလဲ ခံပြီး သကာလ နေရတော့ မျက်လုံးဖွင့်ပေးမည့်ဘုရားကလဲ ပရိနိဗ္ဗာန်စံ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကလဲ ဟောတော့ ဟောရှာရဲ့၊ ဟောပင် ဟောပြေးသော်လဲ ဘဝတောင့်တမှုတွေကို များသောအားဖြင့် ပြောဆိုပြီး ဘဝကောင်းစားရေး ပြောနေပြန်တော့ ဒုက္ခသုံး ချက်က ပျောက်နေတယ်... (မှန်ပါ့)။

ဒုက္ခသုံးချက်က....(ပျောက်နေပါတယ်ဘုရား)။

အဲဒါကြောင့် ယခုတော့ဖြင့် အမှန်တရားကို အမှန်ပြောရမယ် ဆိုလို့ရှိယင်ဖြင့် ဇာတိ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

ယခုလို ခန္ဓာကိုယ်ကြီး အိုနေတာကလဲ — (ဒုက္ခသစ္စာပါဘုရား)ဇရာဒုက္ခသစ္စာနော်...(မှန်ပါ့)။

အင်း.... ဒီခန္ဓာတိုယ်ကြီးကလဲ ရှေ့ဘယ်လမ်းနဲ့ ဘယ်စခန်းများ သူအမှန် သွားနေပါလိမ့်မတုံးဆိုတော့ သေရာ မြန်းနေတယ်ဆိုတဲ့ မရဏမို့ ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီး ရှ,စက ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါ ဘုရား) နေဆဲ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား) သေပဲ့ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။

သြော် .... ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်သူနဲ့များ အဖေါ်လုပ်နေပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့မှ ဒုက္ခသုံးချက်နဲ့ အဖေါ်လုပ်နေတာဘဲ — (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာနဲ့အဖေါ်လုပ်နေသလဲ .... (ဒုက္ခသုံးချက်နဲ့ အဖေါ်လုပ်နေပါတယ်ဘုရား)။

ဩော်... ဒုက္ခဆိုတာ အိုးစားကဲ့ဘို့ရာ ကြံဘို့ရာကို တစ္ဆာတကာမတွေက အဖေါ်ကောင်းလုပ်ပြီး ပေါင်းသင်းပြီးသကာလ နေတာဟာလဲ ပေါင်းချင်လို့ ပေါင်းကြတာ မဟုတ်ပါဘူး မသိတဲ့ အဝိဇ္ဇာက ဖုံးထားလို့.... (မှန်ပါ့) ဒုက္ခသုံးချက်ကို ဖုံးထားတယ်....(မှန်ပါ့)။

ဒုက္ခသုံးချက်မသိတဲ့ အဝိဇ္ဇာက ဖုံးထားတော့ တဏှာဇာလဲမင်း အာရုံတော်သက္ခ၊ မင်းမှာ သားနဲ့, သမီးနဲ့, ရွှေနဲ့, ငွေနဲ့., ကျွဲကျေးနဲ့,မြေနဲ့.ဆိုသလို ချွေးပြီးထားလိုက်တော့ တခါတည်း အဝိဇ္ဇာက တဏှာဒဏ်ချက်တွေ လွှမ်းမိုးပြီးသာလ ဘုန်းကြီးတို့ တစ္ဆာတကာမတွေမှာတဲ့ ဒုက္ခသုံးချက် အကွယ်ကြီး ကွယ်ပြီး အပျောက်ကြီးပျောက်တယ်လို့.မှတ်ရမယ်(မှန်ပါ့) ဘယ်လောက်ဆိုးသွားလဲ....(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီအရောင်း အဝယ်ကလေး ကောင်းတယ်ဆိုကောင်းလို့ ဇရာဒုက္ခပျောက်တာဘဲ၊ တခြို့ သေခါနီးကြီးတွေ အရောင်းအဝယ်လုပ်နေတာလဲ မရဏမွေ ဒုက္ခကပျောက်နေတယ်၊ ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဇာတိဒုက္ခပျောက်တာကို ဘုန်းကြီးတို့က အထူးမဆိုလိုပါဘူးတဲ့၊ဇာတိဒုက္ခ ပဋိသန္ဓေနေခဲ့တဲ့ ဆင်းရဲကြီးပျောက်နေတာကို အထူးမဆိုလိုပါဘူး၊ ဇရာဒုက္ခကြီး နှိပ်စက်နေတာဟာလဲ

စီးပွားရေးအကြောင်း ညီညွတ်နေယင် ဇရာနှိပ်စက်တာကို မမြင်တော့ဘူး....(မှန်ပါ့)မြင်သေးရဲ့လား...(မမြင်ပါဘုရား)။

အင်း... သေခါနီးမှ ကံအာကျိုးပေးနေပြန်တော့လဲ မရဏဒုက္ခသစ္စာကြီး ရောက်တော့မှာဘဲ ရောက်ဘို့ တည်းတည်းကျန်တော့တယ်ဆိုတာကော....(မမြင်ပါဘုရား)။

သူတို့ မမြင်ခြင်း၏ အကြောင်း နောက်က တကာတကာမတွေ အကဲခတ်ကြည့်တော့မှ သြော်....သစ္စာမသိမှု အဝိဇ္ဇာဒဏ်ချက်....(မှန်ပါ့)ချွတ်ထားမှု ဘဝတဏှာဒဏ်ချက်...(မှန်ပါ့) ဤဒဏ်ချက်နှစ်ချက် မိပြီးသကာလ နေလိုက်တဲ့ဥစ္စာ တကာတကာမတွေမှာ ဘယ်သူ့ ဘုဝထင်ရမတုံးဆိုတဲ့မာန်မာနတွေများတောင်မှ တက်လာလိုက်သေးတယ်....(မှန်ပါ့) သစ္စာ မသိလိုက်လို့ ဖုံးသွားတာ....(မှန်ပါ့) သိပ်ကြောက်စရာ ကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလဲ သစ္စာမသိလို့ သံသရာရှည်ခဲ့တယ်က္....၊မင်းတို့လဲ ငါကဲ့သို့မှ အသိဉာဏ်ကို မရသေးလို့ရှိယင်လဲ ရှည်မြဲ ရှည်ကြဦးမှာဘဲ ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သူကိုယ်တိုင်ရှည်ခဲ့တဲ့ အကြောင်းကို တကာတကာမတွေ ထုတ်ဖေါ်ပြောတယ်-နော်....(မှန်ပါ့)။

ဇာတိအကြောင်း ပြောပါမယ်၊ ဇာတိဟာတဲ့.... တကာတကာမတို့ ဇာတိဆိုတာလဲ ခံဝန်ချုပ်တခုပါတဲ့၊ ပုဂ္ဂိုလ်တဦး တယောက်လို့ မှတ်လိုက်စမ်းပါနော်...(မှန်ပါ့) ဇရာဆိုတဲ့ဥစ္စာလဲ ခံဝန်ချုပ်တခုနဲ့ သူ ဝန်ထမ်းတယောက်ဘဲလို့ မှတ်လိုက်

စာပေါ့...(မှန်ပါ့) မရဏဆိုတာလဲ တကာတကာမတွေ့ သူ့ခံဝန်ချုပ်နဲ့ ဝန်ထမ်းတယောက်ဘဲလို့ မှတ်ထားပါ....(မှန်ပါ့)။ ဝန်ထမ်း ဘယ်နှစ်ယောက်ရှိသလဲ....(သုံးယောက်ပါဘုရား)။

ဇာတိက သူ့တာဝန် ဘယ်လိုဝန်ထမ်းသတုံး....ဆိုလို့ရှိယင် ဖြင့်တဲ့ ဇရာတို့, မရဏတို့ သူက အဖေါ်လုပ်ပြီး ပြောယင်.... ငါသည်ကားလို့ ဆိုလို့ရှိယင်ကွာ....တဲ့၊ မောင်နိုင်ဆိုတဲ့ လူတဦး တယောက်ကို နောက်ဘဝ ဆွေမျိုးညာတာတွေထဲကမှ ဒီလူ့ဘဝ ကောင်းတယ်ဆိုပြီးသကာလ ဘယ်ဘဝရယ်လို့ မဟုတ်ဘူး ရောက်ရာဘဝက-နေပြီး မင်းဘဝ မကောင်းဘူး၊ လူ့ဘဝကောင်းတယ်ဆိုပြီးသကာလ သူက တရားဟောပြီးသကာလ ဆွဲယူလာတာနဲ့ မောင်နိုင်-လူ့ဘဝ ဇာတိပဋိသန္ဓေနေရတယ် - (မှန်ပါ့)။

နောက်ဘဝဆွေမျိုးညာတကာတွေထဲက-နေပြီး ချော့မော့ပြီး တခါတည်း ခေါ်ဆောင်ပြီးသကာလ လာခဲ့လို့ ယခုအခါမှာ အမိဝမ်းခေါင်းထဲ ရောက်နေတယ်၊ ဒါ ဇာတိတာဝန်....(မှန်ပါ့ ဘုရား)။

ဇာတိက ဆွေမျိုးညာတကာတွေထဲကမှ ဆွဲထုတ်ဘို့၊ အား လုံးသော ပုဂ္ဂိုလ်တို့ကို ကန့်ကွက်နိုင်တဲ့ အခြေအနေ မရှိအောင် နောက်ဘဝက ဆွေမျိုးညာတကာတွေထဲကမှ ဒီပုဂ္ဂိုလ်ကို တာဝန် ပဋိသန္ဓေနေရအောင် ဒုက္ခတွင်းထဲ ဆွဲချဘို့ ဒုက္ခရောက်တဲ့ နေရာကို ထောင်ထဲပို့ဘို့ ဒါ ဇာတိတာဝန်....(မှန်ပါ့)သဘောကျ ပလား .. (ကျပါပြီဘုရား)။

နောက်ဘဝက-ဆွဲပြီး မဆွဲမျိုးညာတကာတွေ ငိုရင်း မျက်ရည် စက်လက်နဲ့ အထဲက-နေပြီး မောင်နိုင်ကို အရဆွဲပြီး၊ကိုပေါ်ကို

အရဆဲ့ပြီးသကာလ အမိဝမ်းခေါင်းထဲသို့ ရောက်အောင် ယူဆောင်လာတာ ဇာတိဆိုတဲ့ အမှုထမ်းတယောက်၏ ကိစ္စ.... (မှန်ပါ့)သဘောကျပလား... (ကျေပ်ပြီဘုရား)။

ဒါဖြင့် လူကောင်းလား၊ လူဆိုးလားဆိုတာ စဉ်းစားကြည့်စမ်း....(လူဆိုးပါဘုရား) လူဆိုးပါဘဲဆိုတာ တကာတကာမတွေ့ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အင်း .... ဘယ်လောက်ထိအောင် ဆိုးတယ်ဆိုတာ နောက်ဘဝက ဆွေတွေ့,မျိုးတွေ့,သားတွေ့,မယားတွေ့,ပစ္စည်းတွေ့ကြားထဲကမှ အတင်းအဓမ္မ ဆွဲထုတ်ပြီးသကာလ ဟောပြောပြီးသကာလ လူ့ဘဝ ကောင်းတယ်ဆိုပြီးသကာလ ဆွဲယူပြီးသကာလ အမိဝမ်းခေါင်းဆိုတဲ့ ကျင်ကြီး,ကျင်ငယ်တွေ့ကြားထဲပဋိသန္ဓေထောင်ထဲကို ချဘို့ရာ သူ့တာဝန်ခံထားတဲ့ အတွက် သူ့တာဝန်သည် တကာတကာမတို့ ပဋိသန္ဓေနေခဲ့ရတာ ဇာတိ၏ တရားဟောပြောချက်ဆိုဘဲ့ တရားစူးရှမှုကြောင့် ခင်ဗျားတို့ ပဋိသန္ဓေနေခဲ့ကြရတယ်....(မှန်ပါ့ဘုရား)လူကောင်းလား၊ လူဆိုးလား....(လူဆိုးပါဘုရား)။

သူက ဒီလိုတရား ဟောထားတာ အမိဝမ်းခေါင်းထဲ ရောက်လာတော့ သြော်.. ဒို့ဖြင့် ရောက်တဲ့နေရာမှာ စဉ်းစားကြည့်တော့ ကျင်ကြီး, ကျင်ငယ်တွေ့ ကြားထဲမှာ အသက်မရှူဘဲနဲ့ နေရတယ်နော်....(မှန်ပါ့ဘုရား)။

ကျင်ကြီး, ကျင်ငယ်တွေ့ ကြားထဲ အသက်မရှူဘဲနဲ့ နေရတာဟာ မောင်နိုင်ဘဲ စဉ်းစား၊ ကိုပေါ်ဘဲ စဉ်းစားပါ တကာတကားမတို့ ဘာဒုက္ခတုံး....(ဇာတိဒုက္ခပါဘုရား)။

'ဇာတိပိ ဒုက္ခသစ္စ'လို့ မောင်နိုင်....ဟောထိုက်-မဟောထိုက် (ဟောထိုက်ပါတယ်ဘုရား)။

ဦးဘကလေးတို့၊ နောက်က တကာတကာမတွေ့ ဟောထိုက်ရဲ့လား....(ဟောထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အဲဒီ့အထဲက-နေပြီးသကာလ အဲဒီ့အထဲရောက်လာတာ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ တရားဟောဆရာက ဆွေမျိုးညာတကာတွေ့ နောက်ဘဝက ဆွေမျိုးညာတကာတွေ့ ကြားထဲ ပစ္စည်းတွေ့ ကြားထဲ သားသမီးတွေ့ ကြားထဲမှာ မင်းနေလို့ အလကားဘဲကွ....၊ နေချင်ပေမဲ့လဲ မနေရဘူးကွဆိုပြီး သူ တရားဟောကောင်းတာနဲ့ အမိုဝမ်းခေါင်းထောင်ထဲကို ကျလာတာ ဇာတိက ရွက်ဆောင်လာတဲ့ကိစ္စ ... (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဇာတိကလဲ ဒါဖြင့် ကြောက်စရာပါကလား...၊ နှိပ်စက်တဲ့လူတမျိုးဘဲ....(မှန်ပါ့)ဒါဖြင့် 'ဇာတိပိ ဒုက္ခသစ္စ'ဆိုတာ မှန်ပါရဲ့လား....(မှန်ပါတယ်) ဒုက္ခပေးလေသမျှ သူကဘဲဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ပဋိသန္ဓေဘဝမှာ ရှင်သာရိပုတ္တရာက ဒုက္ခသာပီဋနဒ္ဒေါက္ခ... တဲ့၊ ညာတာမှဖက် အမြဲနှိပ်စက်တာ ဇာတိက္ခ-တဲ့၊ ကျင်ကြီး, ကျင်ငယ်ထဲ တွန်းချလိုက်တာ .... (ဇာတိပါဘုရား) ဇာတိဘဲ၊ အစား အသောက် မစားရအောင် အငတ်ထားတာကော....(ဇာတိပါဘုရား) အသက်မရှူနဲ့ဆိုတာကော....(ဇာတိပါဘုရား)။

ဒါဖြင့် ပိဋ္ဌနဒ္ဓ ညှာတာမဖက် အမြဲနှိပ်စက်တယ် ဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

အဲဒါ.. တကာတကာမတွေက မသိတော့ သြော်.. ဒီဘဝ စုတေမနေ သေလွန်ရလို့ နိဗ္ဗာန်မရသေးခဲ့လို့ ရှိယင်ဖြင့် လူကောင်း,နတ်ကောင်းဘဲ ဖြစ်ရပါလို့၏ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့က ဇာတိက တရားဟော်ကောင်းတဲ့အထဲ ကိုယ်က အလိုတူ ပါသွားတဲ့အဘွက် ဒုက္ခဆောက်ကြဦးမှာဘဲ.. (မှန်ပါ့)။

ကိုယ်က အလိုတူ ပါသွားတဲ့အတွက် ဘာပါလိမ့်.... (ဒုက္ခ ဆောက်ရပါတယ်ဘုရား)။

ကြပ်ကြပ် နားကြီးကြီးနဲ့ ထောင်မှု ပေါ်လာတယ်-နော်.. (မှန်ပါ့) နို့မဟုတ်လို့ ရှိယင်ဖြင့် လူ့ဘဝ အရတော်လေစ့လို့ သစ္စာမသိဘဲနဲ့ သစ္စာဉာဏ်တွေကို မဟောဘဲနဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘောကလေးလောက် ဟောနေမယ် ဆိုလို့ ရှိယင်ဖြင့် ဇာတိဒုက္ခသစ္စာဟာ ပျောက် ပျောက်သွားတယ်.... (မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

ဇာတိ ဒုက္ခသစ္စာ ဘာဖြစ်သွားသတုံး.... (ပျောက်ပျောက် သွားပါတယ်ဘုရား)။

အင်း.... မင်း-အရတော်လေစ့....လို့ ဒုလ္လဘငါးပါး တွေ့ကို ဟောလိုက်မယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတွေက ပြုံးကာ ရှင်ကာနဲ့ တော်သေးရဲ့-တော်သေးရဲ့-နဲ့ သစ္စာပျောက်ထွက် သွားတယ်....(မှန်ပါ့)။

သစ္စာပျောက်သွားယင် ခင်ဗျားတို့တော်သေးရဲ့ဆိုတဲ့တဏှာသည် သစ္စာကိုကန့်ကွက်လိုက်တဲ့အတွက် နိဗ္ဗာန်မဂ်ဖိုလ် မရတော့ပါဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရနိုင်ပါဦးမလား....(မရနိုင်ပါဘုရား) တယ်လဲကြောက်စရာကောင်းပါကလား....(မှန်ပါ့)။

ဒါ့ကြောင့် တရားပေမဲ့ ချင့်ချိန်ပြီးတော့ နာကြရမယ်.... နော်.... (မှန်ပါ့) သစ္စာမဆိုက်သေးတဲ့ တရားဟူသ၍ ဘုံဘဝကို တွယ်တာနိုင်တဲ့ တဏှာရှိတဲ့တရား....(မှန်ပါ့)။

ဘုံဘဝကိုတွယ်တာတဲ့-(တဏှာရှိတဲ့တရားပါဘုရား) တဏှာရှိတဲ့တရားဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘုံဘဝဒုက္ခ ဇာတ်သိမ်းနိုင်ပါ့မလား၊ သစ္စာမသိတဲ့တရားဟာ သိမ်းနိုင်ပါ့မလား... (မသိမ်းနိုင်ပါဘုရား)။

မသိမ်းနိုင်သေးလို့ရှိယင် ဒါ-သံသရာမှာဖြင့် အားပေးတဲ့တရားတွေကလဲ အမျိုးမျိုး အဖုံဖုံ ဘုရားကလဲ ဝေနေယျဇျာသယလိုက်ပြီး ဟော့ရရှာတယ်-နော်.... (မှန်ပါ့) မဟောရဘူးလား... (ဟောရပါတယ်ဘုရား)။

သို့သော်....အထွဋ်ဆုံး, အမြတ်ဆုံး, အကောင်းဆုံး, ပြောပါတော့ဆိုတော့ သစ္စာဘဲပြောရလိမ့်မယ်....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အထွဋ်ဆုံး, အမြတ်ဆုံး, အကောင်းဆုံး ဟောရလို့ရှိယင်.... (သစ္စာဘဲ ဟောရမှာပါဘုရား)။

သူကိုယ်တိုင် သစ္စာသိလို့ ဘုရားဖြစ်လာတဲ့ဥစ္စာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

နို့... ကျန်တဲ့ပုဂ္ဂိုလ်တွေ ဘယ်နှယ်ကြောင့် ဒုလ္လဘ တရားတွေ, ဘာတွေကို သံယုတ်, အဂုံတို့ရ ပါဠိတော်တွေများမှာ ဟော့ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ကွာ.... အောက်တန်းစာတော့ အလယ်တန်းကောင်းတာကိုပြောတာ- (မှန်ပါ့)။

အကောင်းဆုံးလား....လို့ မေးတဲ့အခါကျတော့ အကောင်းဆုံးကတော့ သစ္စာသိမှ ပြီးတယ်ကွ ဆိုတာလဲ မှတ်ထားရမယ်.... (မှန်ပါ့)စကွဲဥဒပါဒိ မရောက်သေးယင် မပြီးသေးဘူးပေါ့ကွ.... (မှန်ပါ့) ရိပ်မိကျပလား....(ရိပ်မိပါပြီဘုရား)။

"ဥာဏံ ဥဒပါဒိ၊ ဝိဇ္ဇာ ဥပါဒိ၊ အာလောကော ဥဒပါဒိ" မှ မရောက်သေးလို့ ရှိယင် အကောင်းဆုံးတော့ မဟုတ်သေးဘူးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဇာတိ၏ကိစ္စက အခု မောင်နှိုင်တို့-ကိုပေါ်တို့ ပြီးခဲ့ကြပြီ.. (ပြီးသွားပါပြီဘုရား)။

နောက်ဘဝ ဆွေမျိုးညာတကာတွေကြားထဲက အတင်းဆဲယူပြီးသကာလ အမိဝမ်းခေါင်းထဲ ထောင်ချလိုက်တယ်--(မှန်ပါ့ဘုရား)။

ဘယ်သူ့ကိစ္စပါလိမ့်....(ဇာတိကိစ္စပါဘုရား)။

တကာ တကာမတို့ ခင်ဗျားတို့အဖြစ်ဟာ နောက်ဘာထဲက ဆွေမျိုးညာတကာတွေ မျက်ရည်စက်လက်နဲ့ ပစ္စည်းတွေ အသေအလဲ ရှာပြီး ကြားထဲမှာ မသုံးရမစဲရဘဲနဲ့ ဆဲဆုတ်ပြီးသကာလ

ဒီ· အမိဝမ်းခေါင်းတခုကို ပို့တဲ့ကိစ္စဟာ ဘယ်သူ့ကိစ္စတုံး.... (ဇာတ်ကိစ္စပါဘုရား)။

သြော်.... ဇာတိတယ်ဆိုးပါကလားဆိုတာ ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲ့ဒါမသိတော့ ဇာတိဟာ ဘာတုံး၊ ပိဋ္ဌနဌောမှ တပါး ဘာမှ ဟောစရာမရှိဘူး....(မှန်ပါ့)။

ပိဋ္ဌနဌော= ညာတာမဖက် အမြဲ နှိပ်စက်တယ် ဆိုတော့ ဆွေမျိုးညာတကာတွေ ဟိုဘက်က ဆွေမျိုးညာတကာတွေ ငဲ့သေးသလား....(မငဲ့ပါဘုရား)။

ဒီဘဝ ဒီကျင်ကြီးကျင်ငယ် ကြားထဲမှာ ထောင်ချလိုက်တာကော သူ-ငါ့လုံးပါသေးသလား....(မပါ-ပါဘုရား)။

ဒါဖြင့် ညာတာမဖက် အမြဲနှိပ်စက်တဲ့သဘော ပါ-ပါရဲ့လား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိဟာ တကာတကာမတို့ ဆုတောင်းပြီးယူစရာလား၊ အဇာတိကိုပြေးစရာလားဆိုတာ ပေါ်လာတယ်နော်.... (ပေါ်ပါတယ်ဘုရား)။

ဆုတောင်းယူစရာ ဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား)။

လူ့ဘဝ ရ,ရပါလို၏ဆိုတာ ဇာတိရ,ရပါလို၏၊ နတ်ဘဝရရပါလို၏ဆိုတာကော....(ဇာတိရ,ရပါလို၏)ပြဟ္မာဘဝ ရ,ရပါလို၏....(ဇာတိရရပါလို၏)။

သြော်....ခင်ဗျားတို့ အတော်ခြေချော်နေပြီ....(မှန်ပါ့)။ အတော်ခြေချော်နေပြီ၊ ဇာတိရရပါလို့၏ဆိုယင် နှိပ်စက်မည့် လူတဦးတယောက်သည် ကျုပ်တို့ဖြင့် အမြဲကြုံရပါလို့၏ ဆိုတာနဲ့ကော ထူးသေးသလား....(မထူးပါဘုရား)။

အဲ .. ဒီလောက်ကျအောင် ဉာဏ်ထဲမှာ အချုပ်ဆိုးနေတာကို အခု သစ္စာပြောလို့က်တော့မှ ပေါ်လောကြီး ပေါ်လာတယ် ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ့ကြောင့် ဘယ်ဇာတိမှမကောင်းပါဘူးနော်.... (မှန်ပါ့) ဘယ်ဇာတိကို နှစ်သက်ကြသလဲ .... (ဘယ်ဇာတိမှ မနှစ်သက်ပါဘုရား)။

သူ့နာမည်ကြည့်လေ၊ ဇာတိပိ ဒုက္ခသစ္စ....(မှန်ပါ့)တကာ တကာမတို့ ဘယ်ဇာတိကြိုက်ကြသလဲ .... (ဘယ်ဇာတိမှမကြိုက်ပါဘုရား)ဘယ်ပဋိသန္ဓေ ကြိုက်သလဲ (ဘယ်ပဋိသန္ဓေမှမကြိုက်ပါဘုရား) ဘာဒေကြောင့်တုံး.... ညာတာမဖက် အမြဲနှိပ်စက်လို့.... (မှန်ပါ့)။

ပြောကြစမ်းပါ .... ညာတာမဖက် အမြဲနှိပ်စက်လို့ ဘယ်ဇာတိမှ မကြိုက်ပါဘုရား)။

ညာတာမဖက် အမြဲနှိပ်စက်ပါတယ်၊ ဘယ်ပုဂ္ဂိုလ်မှမညာဘူး (မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

ဘယ်ပုဂ္ဂိုလ်မှ ညာလိမ့်မယ်လို့ဆိုတာမျိုး သစ္စာက္ခ-ငါအမှန်လုပ်မယ်၊ မင်းတို့ကို ဆွေမျိုးညာတကာထဲက ဆဲထုတ်တဲ့ကိစ္စလဲ မျက်ရည်စက်လက်ထဲကနေ ဆဲယူတဲ့ကိစ္စလဲ ငါ့ကိစ္စက္ခ၊ ရောက်

ရာမှာ ထောင်ချဉ့ို အလုပ်လဲ ငါ့ကိစ္စက္ခ .. ဆိုတာ ဘယ်သူ၏ ကိစ္စတွေပါလိမ့်....(ဇာတိ၏ ကိစ္စတွေပါဘုရား)။

နောက်က တကာတကာမတွေ့ ပေါ့ပေါ့တန်တန်ကလေးနဲ့ ဒီတရားကို မနာပါနဲ့ အင်မတန် ခင်ဗျားတို့ အရုပ်ဆိုးအကြီးတန်တဲ့ အထဲက လာခဲ့ရတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါကြောင့် ဇာတိကို ဘုရားက ကောင်းတယ်လို့ သစ္စာဏ်ကိစ္စာဏ်တွေနဲ့ ကြည့်ဟောလိုက်တဲ့အခါ ဇာတိပိဒုက္ခသစ္စလို့ ဟောလိုက်တယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) ပဋိစ္စသမုပ္ပါဒ် ကြည့်ပြန်တော့ "ဇာတိ ဇရာ မရဏံ ဧဝံ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" လို့ ဟောလိုက်ပြန်တော့ ဒုက္ခအစုကြီးလို့ ဘဲ ဟောလိုက်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

သစ္စာနဲ့ ဟော့လိုက်ပြန်တော့လဲ....(ဒုက္ခသစ္စာပါဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောလိုက်ပြန်တော့လဲ ... (ဒုက္ခ အစုကြီးပါဘုရား)။

ဒုက္ခအစုကြီးလို့ ဘဲ ဟောလိုက်ပြန်တော့ ဩော် .... တကာတကာမကို ဉာဏ်မချော်ပါနဲ့တော့ဆိုတာ အခုသေသေချာချာတည့်ပေးနေတယ်... (မှန်ပါ့)။

ဉာဏ်မချော်ပါနဲ့.... လို့ဆိုတာ တည့်ပေးတာကို ကောင်းကောင်းသဘောကျပလား... (ကျပါပြီ)။

တကာတကာမတို့ ဒီဇာတိကို နောက်ထပ် လိုချင်တဲ့ပုဂ္ဂိုလ် မှန်လို့ ရှိယင်ဖြင့် ခင်ဗျားတို့အခုရှိတဲ့ဆွေမျိုးညာတကာတွေထဲကမှ ခင်လျက် မင်လျက် သူတို့မျက်ရည်စက်လက်နဲ့ ကိုယ်ကလဲ မလိုက် ချင် လိုက်ချင်နဲ့ ထောင်ထဲ အသွင်းခံရဦးမယ်ဆိုတာ သေသေ ချာချာမှတ်ပါ....(မှန်ပါ့)။

ဇာဘိကိစ္စ သေးတာမှမဟုတ်ဘဲ၊ သေးပါ့မလား.... (မသေး ပါဘုရား)။

နောက်ဘဝ ဆွေမျိုးညာတကာပစ္စည်းတွေကြွေးထဲက ဆဲထုစ်မီ တာကော ဘယ်သူတုံး...(ဇာတိပါဘုရား)။

သူဆဲထုတ်လို့ ရောက်တဲ့နေရာကျတော့ သူက အချော့ ကောင်း အမော့ကောင်းနဲ့ ဒီနေရာ ကောင်းပါတယ် ဆိုပြီး ပဌမဟောလာပြီး အခု ကျင်ကြီးကျင်ငယ် ကြားထဲမှာချထား တာက ဘယ်သူပါလိမ့်....(ဇာတိပါဘုရား)။

ဒါဖြင့် ဒီဇာတိသည်ကားလို့ ဆိုလို့ရှိယင် အင်တ်ထားတာ လဲ ဇာတိ၊အသက်မရှူရအောင် အလုံထောင်ချထားတာလဲ .... (ဇာတိပါဘုရား) ဒါဖြင့် သူ့ကို ဘာသစ္စာဆိုကြမလဲ.... (ဒုက္ခ သစ္စာပါဘုရား)။

ဘယ်နှယ်ကြောင့် သူ့ကိုဒုက္ခသစ္စာလို့ ဘုရားဟောပါလိမ့် မတုံးလို့ မေးတော့ ပိဋ္ဌနဋ္ဌော....(မှန်ပါ့) ညာတာမဖက် အမြဲနှိပ် စက်တယ်-ဒီပုဂ္ဂိုလ်ကို....(မှန်ပါ့)။

ငါတရားဟောနေတဲ့ဥစ္စာလိုက်လာတဲ့ပုဂ္ဂိုလ်ကိုဖြင့်ကွာကျကျ နနနှိပ်စက်ရမှာဘဲဆိုပြီးသကာလ နှိပ်စက်လိုက်တယ်.... (မှန်ပါ့)

ဇာတိက နှိပ်စက်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်သူက နှိပ်စက်တာပါလိမ့် .... (ဇာတိက နှိပ်စက်တာပါဘုရား)။

ဒါ့ကြောင့် ဘယ်ဇာတိကိုမှ တကာတကာမတွေ့ ဘယ်သူက ဟောလို့ ဘယ်သူကပြောပြော မလွှမ်းလိုက်ပါနဲ့၊ လွှမ်းလိုက်ယင် မိုးကြိုးပစ်တာထက်နာသေးတယ်....(မှန်ပါ့) လွှမ်းလိုက်လို့ ရှိယင်....(မိုးကြိုးပစ်တာထက် နာပါတယ်ဘုရား)။

အဲဒါ့ကြောင့် တကာတကာမတွေ့ သစ္စာ မသိသေးတော့ ခင်ဗျားတို့က လူ့ပြည်,နတ်ပြည် အကြိမ်ကြိမ် ခံစားရတဲ့တရားတွေ့ အရမ်းသဘောကျနေပြီ ဆိုမှဖြင့် သြော် .... ဆွမျိုးထဲမှာ မျက်ရည်စက်လက်နဲ့ ဆွဲထုတ်တာဘဲ· သူ့အကြိုက်ဘဲ၊ ဇောက်ထုထောင်ချတာလဲ....(သူအကြိုက်ပါဘုရား)။

အကြိုက်ကလဲ မှားလိုက်တဲ့ဖြစ်ခြင်း.... (မှန်ပါ့) မမှားဘူးလား....(မှားပါတယ်ဘုရား)။

အကြိုက်မှားနေပြီ၊လူပုံအလယ်မှာ ဝက်ဟာမရှက်ဘဲနဲ့ ကျင်ကြီးစားသလို မရှက်ဘဲနဲ့ ကျင်ကြီး စားနေတော့ လူမျက်လုံးတွေဝိုင်းကြည့် နတ်မျက်လုံး ငြဟ်မှာမျက်လုံးတွေနဲ့ ဝိုင်းကြည့်တော့ အကြိုက်မှားနေပဟ... (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (အကြိုက် မှားနေပါတယ်ဘုရား) ဒီမှာလဲ ခင်ဗျားတို့ကို သစ္စာမျက်လုံးနဲ့ အရိယာသူတော်ကောင်းတွေက ကြည့်လိုက်တဲ့အခါကျတော့ အကြိုက် မှားနေပြီဟေ့ သဘောကျပလား...(ကျပါတယ်ဘုရား)။

ဘာဖြစ်နေကြလဲ.... (အကြိုက်မှားနေကြပါတယ် ဘုရား)။
မှားကြဦးမှာလား....(မမှားပါဘုရား)။
မမှားပါနဲ့နော်.... အဇာတိရှိလျက်နဲ့တော့ ဇာတိမလုပ်ကြပါနဲ့နော်....(မှန်ပါ့)။

အဇာတိ- ပဋိသန္ဓေ မနေရာဆိုတာ စင်စစ် ရှိလျက်သားနဲ့ ဇာတိဒုက္ခသစ္စာကြီးကို မက်မက်မောမော ဆုမ်းတွေ့ ကုမ်းတွေ့နဲ့ ကျေးမွေးပြီးသကာလ တောင်းယူတဲ့ ပုဂ္ဂိုလ်များဟာဖြင့် ဝက်လိုဘဲ အားလုံး အလယ်မှာ မရှက်တဲ့သဘောရှိတယ်.... (မှန်ပါ့) မကြောက်တဲ့ သဘောလဲ... (ရှိပါတယ်ဘုရား) တယ်လဲ ဆိုးပါကလား_(ဆိုးပါတယ်ဘုရား)။

ဒါ့ကြောင့် အဝိဇ္ဇာသည်ကဲားလို့ ဆိုလို့ရှိယင် အနောတ္တပ္ပ-အဟိရိက သူသာရှိလာလို့ရှိယင် မရှက်ဘူးဟေ့....၊ ဘုရားရှေ့ တောင်းတာဘဲတဲ့... (မှန်ပါ့) ဘယ်လောက်များ ဆိုးသွားသလဲ (ဆိုးပါတယ်ဘုရား)။

ဒီ့ပြင်နေရာမှာ ခင်ဗျားတို့ တောင်းတာမဟုတ်ဘူး၊ ဘုရားရှေ့မှာကို နောက်ဘဝတွေက ပါ-ပါနေတယ်....(မှန်ပါ့)။

ဒါ.... ဘယ်နှယ်ကြောင့် တောင်းတာတုံးဆိုတဲ့ အခါကျတော့ အဝိဇ္ဇာရှိနေလို့ရှိယင်ဖြင့်-တဲ့ တကာတကာမတို့ အရှက်အကြောက်မရှိလို့ တောင်းတာ.. (မှန်ပါ့)။

အဝိဇ္ဇာရှိနေတဲ့အတွက် (အရှက်အကြောက်မရှိလို့ တောင်းတာပါဘုရား)။

အဲ.... ဟီရိသြတ္တပ္ပဆိုတဲ့တရား မရှိဘူး၊ ဟီရိသြတ္တပ္ပ ဆိုတဲ့ ရှက်ကြောက်တတ်ဘဲ့ တရားနှစ်ခု မရှိတော့ အဟီရိက အနောတ္တပ္ပဆိုတဲ့ တရားနှစ်ခုဟာ အဝိဇ္ဇာကြောင့် ဖြစ်တာလို့ သေသေချာချာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မဟာဝဂ္ဂသံယုတ်မှာ ဟောပါတယ်နော်....(မှန်ပါ့ဘုရား) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားရှေ့သွားပြီးသကာလ မလုပ်ကြပါနဲ့တဲ့၊ လူ့မျက်လုံး၊ နတ်မျက်လုံးကို အကောင်းမျက်လုံးတွေနဲ့ ကြည့်တော့ ဝက်ဟာ မရှက်ဘဲနဲ့ ကျင်ကြီးစားနေတော့ မောင်နိုင်ကြည့်ကောင်းရဲ့လား... (မကောင်းပါဘုရား)။

ဒီမှာလဲ ထို့အတူဘဲ ဘုရားရှေ့သွားပြီးသကာလ လူ့ပြည်နတ်ပြည် အကြိမ်ကြိမ်ခံစားရှိဆိုတာ ဒီသား- ဒီသမီး- ဒီမြေးနဲ့ မခွဲရပါလို့၏ ဆိုတဲ့ ဇာတိတောင်းတာတွေ ဟူသရွေ့ တော့ဖြင့် တကာတကာမတို့ အရှက်မရှိတဲ့ ဝက်လိုဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ သေသေချာချာ ပါဘယ်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

တော်တော်အရုပ်ဆိုးတယ်နော်-(ဆိုးပါတယ်ဘုရား) တချို့ဆရာသမားတွေ၊ တချို့စာအုပ်တွေ၊ တချို့လူတွေက၊ ဟာ.... တောင်းပါကလားဟ၊ ဟ-တောင်းပါလားဟ-ဆိုလိုက်သေးတယ် (မှန်ပါ့) သိပ်လွဲတာပေါ့၊ မလွဲဘူးလား....(လွဲပါတယ်ဘုရား)။

မင်း- အနှိပ်စက်ခံချေကွ... လို့ တွန်းချလိုက်တာနဲ့ကော (အတူတူပါဘုရား)။

အတော်ဆိုးပါကလား-ဟေ့....(မှန်ပါ့)အတော်ဆိုးပါတယ်

အတော်ဆိုးပါတယ်နော်....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဇာတိ ဘယ်လောက် တရားဟော ကောင်းတယ်ဆို တာ ကျေနပ်ပလား....၊ မင်း ဆွေမျိုး ဥာတကာတွေ မျက်ရည် စက်လက်နဲ့ နေပေမဲ့ ငါခေါ်ရာလိုက်ပြီးသကာလ လာသာလာ ခဲ့ပါကွာ၊ ဒီနေရာ ကောင်းပါတယ်လို့ ဟောပြီးသကာလမှ ထောင်ချတာကိုးဗျ... (မှန်ပါ့) ဘယ်လောက် ဆိုးတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဇာတိဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဘယ့်နှယ်ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဘုရားဟော့ပါလိမ့် မတုံးဆိုတော့ အို... နှိပ်စက်တတ်လို့ ဟောတာ.... (မှန်ပါ့) သဘောကျကြပလား....(ကျပါပြီ)။

ဘယ့်နှယ်ကြောင့် ဟောပါလိမ့်.... (နှိပ်စက်တတ်လို့ ဟော တာပါဘုရား) ပါဠိရှုတ်ကြည့်စမ်း ဘာတဲ့တုံး- ပီဠနဋ္ဌေ၊ သဘောကျပလား....(ကျပါပြီ)။

ပါဠိရှုတ်ကြည့်တော့...(ပီဠနဋ္ဌေပါဘုရား)။

ဒါက သေသေချာချာ ဘုရားဟော ပါဠိတော်နော် .... မှန်ပါ့)ရှင်သာရိပုတ္တရာလဲ ဟောတယ်၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီးလဲ လက်မှတ်ထိုးတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဒီဇာတိလောက် ကြောက်စရာကောင်းတာ ရှိသေး ရဲ့လား....(မရှိပါဘုရား)။

နောက် အင်မတန် ရှာထားတဲ့ ပစ္စည်းတွေကြား၊ အင်မတန် ခင်တဲ့ ခင်ပွန်းမတွေ ကြားထဲက- နေပြီး လင်သည်ယောကျ်ားကို တခါတည်း အနိုင်ဆွဲထုတ်ပြီးသကာလ တခုသောဝမ်းခေါင်းတည်းဟူသော အကျဉ်းထောင်ထဲ ချပေးလိုက်တယ်-(မှန်ပါ့)ဘယ်သူ့သတ္တိလဲ.... (ဇာတိသတ္တိပါဘုရား) မဆိုးဘူးလား.....(ဆိုးပါတယ်ဘုရား)။

မောင်မြင့်တို့ သဘောကျရဲ့လား.....၊ကျရဲ့နော်.... (မှန်ပါ့) နောက်က တကာတကာမတွေ.....(ကျပါတယ်ဘုရား)။

အရတော်လေစ့ဉဲဘဲလား.... (အရဆိုးပါတယ် ဘုရား) အရအတော်ဆိုးတယ်၊ အလိုက် အတော်မှားတယ်....(မှန်ပါ့) မမှားဘူးလား...(မှားပါတယ်ဘုရား)။

အရအတော်ဆိုး၊ အလိုက် အတော်မှားတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီ)။

အဲဒီတော့ ကဲ... ဇာတိက ပြောလာတာလဲ နာရီဝက်ရှိသွားပြီ တကာတကာမတို့နော်.....၊ သူ ဆိုးကြောင်း သိတာကိုလဲ ဘုန်းကြီးက စကားတတ်လို့ ပြောနေတာ၊ စာအုပ်တွေကြည့်ပြီး သကာလ ပြောနေတာလား.....၊ ပင်ကိုက မကောင်းတာလား ဆိုတာကိုလဲ မင်းတို့က တရားဟောတဲ့ ဘုန်းကြီး အပေါ်မှာ ဝေဘန်ကြည့်တာပေါ့နော်.....(မှန်ပါ့)ပင်ကိုယ်က မကောင်းတာပါဘုရား)။

အေး....ဇာတိပိ ဘာတဲ့တုံး...(ဒုက္ခသစ္စံပါဘုရား) ပင်ကိုယ်က မကောင်းဘူးလို့ ပြောမှာပါဘဲနော်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဟောရပါလိမ့် မတုံးဆိုတော့ ခုနင်က ပါဠိတော်ကလေး ပြန်ရွတ်လိုက် .... (ပိဋ္ဌနဌ္ဌေဝပါဘုရား) ပိဋ္ဌနဌ္ဌေဝ=ညှာတာမဖက် အမြဲနှိပ်စက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါတယ်ဘုရား)။

သူ တရားဟောလို့ ရတဲ့ ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်တာ ဇာတိ....(မှန်ပါ့)။

ဟိုဘဝက-နေ ဆဲပြီး ဒီဘဝ ကောင်းပါတယ်လို့ တရားဟောပြီး ဆဲထုတ်လာတဲ့ သဘောသည်ကားလို့ ဆိုယင် ဇာတိ၏ သဘော၊ ရောက်ရာကျမှ အကျဉ်းထောင်ချပြီး အငတ်ထား တာ ဘယ်သူပါလိမ့်....(ဇာတိပါဘုရား)။

ဘယ်လောက်များ ဆိုးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ့ကြောင့် ဘယ်ဇာတိ သုခသစ္စာ ဖဲ့တယ်လို့ သဗ္ဗညုတ ညာဏ်တော်နဲ့ ဟောတဲ့နေရာ ပါသေးသလား .... (မပါ-ပါဘုရား)ဘယ်ဇာတိမှ မဟောခဲ့ဘူးနော်....(မှန်ပါ့)။

ငါကွာ ...ဘုရားက ပဏ္ဏာသပါဋိဟာရိကဇာတ်ကြီးများကို့တော့ .... သတ္တဝါအပြစ်အကြီးဆုံးသင့်တာ ငါ သဗ္ဗညုတညာဏ်နဲ့ ကြည့်လိုက်တာဟာ ဘယ်ဟာ အကြီးဆုံးတုံးလို့ မှတ်လိုက်တဲ့အခါကျလို့ ရှိယင် သေသေချာချာ ပြန်တွေးပြီး သဗ္ဗညုတညာဏ်နဲ့ အစုံမ်းကုန် ကြည့်လိုက်တော့ အပြစ်အကြီးဆုံး ရှာလိုက်တာ လောကကြီးထဲမှာ တဘဝ စုံတပြီး နောက်ပဋိသန္ဓေ နေတဲ့ အပြစ်ဟာ အကြီးဆုံးအပြစ်ဟေ....လို့ ရှင်သာရိပုတ္တရာရလို့....

ဆန္ဒသုတ်မှာ သေသေချာချာဟောထားတယ်--(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)တယ်ဆိုးပါကလား....(ဆိုးပါတယ် ဘုရား)။

တကာတကာမတို့ ဘယ်ဇာတိကြိုက်ကြသလဲ....(ဘယ်ဇာတိမှ မကြိုက်ပါဘုရား)။

ဇာတိဆိုယင် ခင်ဗျားတို့က စာသံပါနေတယ်၊ ဘယ်ဘဝကြိုက်သလဲ (ဘယ်ဘဝမှ မကြိုက်ပါဘုရား) အဲ....ဘယ်ဘဝမှ မကြိုက်ပါနဲ့တဲ့....၊ ရောက်ကတည်းက အနှိပ်စက်ခံရတယ် .... (မှန်ပါ့ဘုရား)။

ရောက်ကတည်းက....(အနှိပ်စက်ခံရပါတယ်ဘုရား)အနှိပ်စက်ခံရတယ်ဆိုတော့ ဘယ်သူက နို့ချိုလာကျေးပါလိမ့် ဓ-လခဲ့....(မကျေးပါဘုရား)ဘယ်သူမှ နို့ချိုလာမတိုက်ပါဘူး.... (မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ မောင်နှိုင်....မင်းကိုယ်တိုင်နေခဲ့တာ ဘယ်သူက တိုက်သတုံး ...(ဘယ်သူမှ မတိုက်ပါဘုရား)။

ဘယ်သူက ထမင်းလာခဲ့သတုံး.... (ဘယ်သူကမှ မခဲ့ပါဘုရား) ဘယ်သူက မင်းကျင်ကြီးလာကြုံးသတုံး.... (ဘယ်သူမှ မကြုံးပါဘုရား) မကြုံးဘူးလား၊ဘယ်သူက စောင်းတည့်ပေးမည့် ပုဂ္ဂိုလ်....(မရှိပါဘုရား) အော်နိုင်တဲ့ ပါးစပ်ကလဲ အော်လို့ရရဲ့ လား...(မရပါဘုရား)။

ဩော် ...ဒါဖြင့် မင်းတို့ ဒီအလုံထောင်မှာ အခုချတယ်ဆိုတာဟာ အတွင်းမှာ ကိုယ့်ဟာ ကိုယ်အော်မယ်ဆို အသက်ရှူပေါက်ပါလို့ အော်နိုင်သေးတယ်....(မှန်ပါ့) ဟိုမှာ အသက်ရှူပေါက် မပါလို့ အော်ကိုမရအော်နိုင်ဘူး....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အရတော်လာကြသလား...၊ အရဆိုးကြသလား....(အရဆိုးပါတယ်ဘုရား)။

အေး....ဒါနိတတ္ထ-တိုက်ရိုက်ဟောတော့မယ်ဆို ဒီလို ဟောရတယ်....(မှန်ပါ့) နေယျတ္ထဆောင်ဟောတော့မယ်ဆိုတော့.... လူ့ဘဝ ရခဲတယ်လို့ ဟောရတယ်နော်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် နိတတ္ထ, နေယျတ္ထ မကွဲဘဲနဲ့ နေကြပြန်လို့ ရှိယင်လဲ ငါဘုရားကို စွပ်စွဲလိမ့်မယ်ကွ....လို့ အဂုတ္တိရ်ပါဋ္ဌေတော်များ လာပြန်သေးတယ်နော်....(မှန်ပါ့)သေသေချာချာ အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဇာတိတလုံးတည်း ပြောနေတာ အခု တကာတကာမတို့ ၃၅-မိနစ်ရှိသွားပြီနော်....(မှန်ပါ့) ပေါ်ကြပြီ....(ပေါ်ပါပြီ) သူ့ကို ထိတ်လန့်သလား _ (ထိတ်သန့်ပါတယ်ဘုရား)။

ဒါဖြင့် သူဟောတဲ့ နောက်ကို ကျုပ်တို့ ဒီဆွေမျိုးညာတကာထဲက ဆွဲထုတ်တာလဲ့ သူနော်....(မှန်ပါ့)ရောက်ရာ အလုံထောင်ချတာလဲ... (သူပါဘဲဘုရား)။

သူ့သတ္တိ မကုန်သေးပါဘူးတဲ့....၊ ကျုပ်တာဝန်က ဟိုဘဝက ဒီဘဝကောင်းပါတယ်ဆိုပြီး သကာလ ဆွဲယူပြီးဒီဘဝအလုံထောင်ချဘို့ရာ ကျုပ်တာဝန်၊ ကဲ....ကျုပ်တာဝန် ကုန်တဲ့အခါကျတော့ ခင်ဗျားက နဂိုရ်ကဇရာက ရိုက်သတ်ပါမယ်ဆိုတဲ့တာဝန် ရိုက်ပြီး သကာလ ညှဉ်းဆဲပါ့မယ်ဆိုတဲ့တာဝန် ခံထားတာက ရှိသေးတယ်....(မှန်ပါ့)။

ဖျတ်ဆို... ဇာတိကိစ္စ သုတ္တန်နည်းနဲ့*ပြင်ဘက်လဲထွက်ပါရော ဇရာဆိုတာက တခါတည်း လေပူ,နေပူတွေနဲ့ ရိုက်တော့တာဘဲ၊ မရိုက်ဘူးလား....(ရိုက်ပါတယ်ဘုရား)။

တခါတည်း ရင့်ကျက်လာတယ်၊ ခလေးကလေး ငယ်ငယ် ကလေး မွေးတုန်းက သေးသေးကလေး....(မှန်ပါ့)ပြင်ဘက် တခါတည်း ရင့်ကျက်ပြီး လာလိုက်တော့ ကြီးထွားမလာဘူး လား....(လာပါတယ်ဘုရား)။

အဲဒါ ဘယ်သူ့ ဒဏ်ချက်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဇရာဒဏ်ချက်....(မှန်ပါ့) သေမလို့ ရင့်ရော်လာတာ_(မှန်ပါ့) ဘာပါလိမ့်....(သေမလို့ ရင့်ရော်လာတာပါဘုရား)။

သေမလို့ မှင့်ရော်လာတော့ ကျုပ်တာဝန်ကုန်ပြီ၊ ခင်ဗျား တာဝန်ဘဲ ရှိပါတော့တယ် ဆိုပြီးတော့ ဇရာ ထိုးအပ်လိုက်တယ် (မှန်ပါ့)။

တကာတကာမတို့ အလိုတူကိုးဗျ....(မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီ)ဘာတဲ့တုံး....(ဇရာ ထိုးအပ်လိုက်ပါတယ်ဘုရား)။

ဇရာဆီထိုးအပ်လိုက်တာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့်နဂိုရိုက သုံးယောက်တိုင်ပင်ပြီး သတ်ပဲ့ဆင်မှာကိုးကွ.. (မှန်ပါ့ဘုရား)။

သုံးယောက်တိုင်ပင်ပြီး သတ်ပဲ့ဆင်မှာကို မင်းတို့က မရိပ်မိ တော့ အင်း....လူလားမြောက်လာပြီလို့ အောက်မေ့နေတယ်၊ သေကာနီး ဖြစ်လာကာ ရိုက်နှက်လို့....(မှန်ပါ့)။

---

* အဘိဓမ္မာနည်းအလို ပဋိသန္ဓေစိတ် ခဏ ဇာတိ၊သုတ္တန် နည်းအလို အမိဝမ်းခေါင်းကိန်းသမျှဇာတိအခိုက်ဆိုသည်။

ဝမ်းထဲက တက်သေခါနီး မဖြစ်သေးဘူးလား... (ဖြစ်ပါပြီဘုရား)။

တချို့ ပြင်ဘက်ရောက်ပြီး ဖျတ်ကနဲ သေသွားတာတွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သေကာနီး ဖြစ်လာတာ လူလား မြောက်လာတယ်၊ သားရတနာကလေး ထွန်းကားလာတယ်လို့ မင်းတို့က ဘဝတက္ကသိုလ်တွေကနော်၊ သမုဒယသစ္စာတွေက ချေးလိုက်ပြီဆိုမှဖြင့် တခါတည်း သတင်းစာထဲမျှားထည့်ပြီး ကြော်ငြာလိုက်ချင်သေးတယ် (မှန်ပါ့) အတော်ဆိုးပစ်လိုက်တဲ့ အဓိပ္ပါယ် မလာဘူးလား... (လာပါတယ်ဘုရား)။

ကဲ....ရှင်းကြပလား....(ရှင်းပါပြီ) အပြီးသတ်တော့ အရိုက်ခံရတဲ့ အခြေအနေရောက်ပြီ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(အရိုက်ခံရတဲ့ အခြေအနေရောက်ပါပြီဘုရား)။

ဘယ်သူ့ သတ္တိပါလိမ့်မတုံးမေးတော့- (ဇရာသတ္တိပါဘုရား) ဇရာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အင်း.... ဒုက္ခသစ္စာဆိုတာတော့ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ၊ ဆင်းရဲတာ အမှန်ပါဘဲ... (မှန်ပါ့)။

သို့သော်လဲ ဆင်းရဲအောင်လုပ်တာ ဘယ်သူတုံး·လို့ မေးဘဲ့ အခါကျတော့မှ· ဇရာ၊ ဟာ.... ဇရာ ဘယ်လက္ခဏာ ရှိသတုံး....၊ ဟုတ်လား၊ သစ္စာနဲ့ တွေ့စမ်းပါဆိုတော့ ဇရာဒုက္ခသစ္စာမှာလဲ ပိဋ္ဌနဌောဘဲ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(ပိဋ္ဌနဌ္ဌောပါဘုရား)။
ရောက်လာတဲ့ အချိန်မှာ ညာတာမဖက် အမြဲ နှိပ်စက်ဘို့ သူ့လက်တွင်း ရောက်တဲ့အချိန်မှာ ညာတာမဖက် အမြဲနှိပ်စက် ဘို့ရာလဲ ဘယ်သူ့ကိစ္စပါလိမ့်....(ဇရာကိစ္စပါဘုရား) ဇရာ၏ကိစ္စ ဆိုတာ ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ဦးဘကလေး ဆိုးလွန်းလို့ ပြောပါတယ်.... (မှန်ပါ့)။
ဆိုးလွန်းလို့ ဒီတလုံး-တလုံးကိုဘဲ နာရီဝက်လောက်ပြောပြီး သကာလနေတာ တကာတကာမတွေ့မှာ သြော်.... ဒို့မသိတာ ဒီဆရာဘုန်းကြီးက ကောင်းကောင်းမွန်မွန် ဖေါ်ပြောပြီးသကာ လ နေလို့၊ ဒို့ကဖြင့် ရောက်ရာ ပျော်တယ်၊ မသိတာ အဝိဇ္ဇာက ဖုံးလွှမ်း၊ ရောက်ရာမှာ ပျော်ပြီးသကာလ မူးဟယ်- ရူးဟယ် ပေါင်းဟယ်- သင်းဟယ် အစရှိသည်နဲ့ အာမျိုးမျိုးနေတဲ့ဥစ္စာ အနှိပ်စက်ခံရင်း ပျော်နေတော့ ရူးလို့ယင်လဲ ဖြစ်ပါလိမ့်မယ်.... (မှန်ပါ့)။

အနှိပ်စက်ခံရင်း ပျော်နေတော့....(ရူးလို့ယင်လဲ ဖြစ်ပါသိမ့် မယ်ဘုရား)။

သွားနှိပ်စက်လို့လဲ သွားတွေကယိုင်လို့၊ နာလိုက်, အောင့် လိုက် မရှိဘူးလား.... (ရှိပါတယ်ဘုရား) ခန္ဓာကိုယ် ရိုက်ထား လို့လဲ ဟိုကကျဉ်သလို့,ဒီကကိုက်သလို့,ခဲသလို့,ဇရာကိစ္စတွေကလဲ အမြဲနှိပ်စက်နေတယ်... (မှန်ပါ့)။

အဲဒီ နှိပ်စက်ရင်း မတ္တာနဲ့ဘဲ ပျော်လိုက်၊ မြူးလိုက်ဆိုတော့ ဟာ... ဒီပုဂ္ဂိုလ် ဘယ်လိုပါလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် ကိုးလ သာ အရူးထ,နေလို့....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... (ကိုးလသာအရွှေးထ,နေလို့ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) ရှင်းကြပြီနော်....(ရှင်းပါပြီ)။

အခုဘယ်သူကနေ ထိုးအပ်လိုက်လို့ ဘယ်သူ့လက်ထဲ ရောက်လာပါလိမ့် မောင်နိုင်,ရေ.... (ဇာတိက ထိုးအပ်လိုက်လို့ ဇရာလက်ထဲ ရောက်လာပါတယ်ဘုရား)။

အင်း.... သဘောတူမှ ဟုတ်ကြရဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

ဟိုဘဝတည်းကနေပြီး ဟာရားပြပြီး ထောင်ချပြီးသကာလ ထောင်ချဘို့တာဝန်က ဇာတိ၏တာဝန်-နော်....(မှန်ပါ)။

အင်း.... ထောင်ထဲကနေပြီးသကာလ ထောင်ထဲ ရောက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ရိုက်ဘို့- နှက်ဘို့ မထ,နိုင်အောင် လဲနေအောင် လုပ်ဘို့တာဝန်က ဘယ်သူ့တာဝန်တုံး - (ဇရာ၏တာဝန်ပါဘုရား)။

အခု-ဦးဘကလေးတို့ ဘယ်သူ့လက်ထဲ ရောက်နေကြသလဲ.... (ဇရာလက်ထဲ ရောက်နေပါတယ်ဘုရား)။

သြော်.... ဒီအချိန်မှာ သားနဲ့- မယားနဲ့၊ ပစ္စည်းကဗလေး အကြောင်းညီညွတ်ပြီးသကာလ၊ ပျော်ပြီးသကာလ ဒီလိုမျှားဖြင့် ကျုပ်မသေချင်သေးဘူးဆိုတာ အရိုက်ခံလျက်နဲ့ ပြောနေတာ... (မှန်ပါ့)။

ဒီလိုတော့ ကျုပ်-မသေချင်သေးဘူးဆိုတာ ဘာပါလိမ့် - (အရိုက်ခံလျက်နဲ့ ပြောနေတာပါဘုရား)။

ဟာ....မင်းတို့ဟာ ခက်လှချည်လားကွာ၊ ခွေးရိုက်တဲ့အခါကျတော့ လွတ်အောင်ပြေး တယ်မဟုတ်လားကွ.... (မှန်ပါ့) ဒီမှာရိုက်နေလျက်နဲ့ လွတ်အောင်ပြေးသလား၊ ဒီလိုဆိုယင် တော်ပါသေးရဲ့ဆိုကြသလား- (တော်ပါသေးရဲ့ဆိုကြပါတယ်ဘုရား)။

ဟာ....သွားပြီကောကွ....(မှန်ပါ) သွားပြီကွ၊ အတော်ဆိုးသွားပြီ၊ မဆိုးသေးဘူးလား.... (ဆိုးပါတယ်ဘုရား)။

ဥာဏ်နှားနဲ့ ထောင်ကြည့်တော့မှ ခွေးရိုက်တော့ အင်း.... တခါတည်းပြေးရှာတယ် မောင်မြင့် မပြေးဘူးလား.... (ပြေးပါတယ်ဘုရား) မောင်အောင်ချိုတို့ မပြေးဘူးလား.... (ပြေးပါတယ်ဘုရား)။

မင်းတို့ ဒီဇရာထဲမှာဘဲ ဒီလိုနေရလို့ရှိယင် အခု ဇရာအခြေအနေပါဘဲ၊ ဒီလို အခြေအနေနဲ့ ဒီလိုအနေ ဆိုလို့ရှိယင်လဲ ဇတ်-ကော်သေးရဲ့ဆိုတော့ အင်း.... နိဗ္ဗာန်ဘက် ပြေးမလို့စိတ်ကူးတာလား၊ တော်သေးရဲ့ဆိုပြီး ပေပြီးအရိုက်ခံတာလား- (ပေးပြီးအရိုက်ခံတာပါဘုရား)။

ဟာ... ဦးဘကလေး လွန်ကုန်ပြီထင်တယ်....(မှန်ပါ့) မလွန်သေးဘူးလား (လွန်ပါပြီဘုရား)။

လွန်ကုန်ပြီဆိုတာ ဥာဏ်နှားနဲ့ ထောင်ကြည့်မှ သူ့ဟာက သစ္စာ မသိတော့ မောင်နိုင်-ရေ... ပိဋ္ဌနဋ္ဌော-ကို သူ-မရိပ်မိဘူး.... (မှန်ပါ့)။

ဩဘာမဖက် အမြဲနိပ်စက်နေတာကို သူ-ရိပ်မိရဲ့လား.... (မရိပ်မိပါဘုရား)။

မရိပ်မိတဲ့အတွက်ကြောင့် အင်း....ဒီလိုဆိုယင် တော်သေးရဲ့ အရှယ်ကလေးကလဲ မြောက်လာပြီ၊ စီးပွားရေး ကလေးကလဲ ထောက်လာတယ်၊ ကာလဒေသကလေးနဲ့ ဆိုတော့ ကိုယ့်အခြေအနေမဆိုးလှဘူးဆိုပြီး တယောက်တည်းမျှား ပြုံးပြီးနေဘာပါသေးတယ်. (မှန်ပါ့ဘုရား) မပါဘူးလား ... (ပါ-ပါတယ်ဘုရား)။

ဘယ်သူ့သတ္တိဆင်ကြသတုံး ...(ဇရာသတ္တိပါဘုရား)။

ဇရာ၏သတ္တိက မဟုတ်ဘူးပေါ့၊ ဘဝတဏှာက ချွေ့လိုက်တယ်.... (မှန်ပါ့) ဇရာကတော့ ရိုက်လျက်ဘဲ၊ ဇရူကတော့ တနေ့တခြား အိုမှကိုမထနိုင်အောင် လုပ်တော့မယ်၊ သို့သော်မှင်းတို့ကပြုံးနေတာက ဘယ်သူချွေ့ထားလို့လဲ.... (ဘဝတဏှာချွေ့ထားလို့ပါဘုရား)။

ဘဝတဏှာက ချွေ့ထားတယ်နော်(မှန်ပါ့) အဲဒီတော့ ဇရာကိုမမြင်အောင် ဖုံးထားတာကလဲ အဝိဇ္ဇာ(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)။

ဇရာရိုက်နှက်တာမမြင်အောင်ဖုံးထားတာကလဲ ... (အဝိဇ္ဇာပါဘုရား)။

အဝိဇ္ဇာကဖုံးထားတာ၊တဏှာကချွေ့တော့မှင်းတို့ကမြူးတာပေါ့ကွာ....(မှန်ပါ့)ဒီအတိုင်း အဓိပ္ပါယ်မရဘူးလား .... (ရပါတယ်ဘုရား)။

အဲဒါ အင်မတန်သိခဲတဲ့တရားဆိုတာလဲ နောက်က တကာတကာမတွေ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒီနေ့ ဒီတရားသည်ကားဆိုလို့ရှိယင် အခု ငါတို့သည်ကား ဘယ်သူ့လက်တွင်း ရောက်နေပါလိမ့်မလဲဆိုတာ ပေါ်ပလား။ (ပေါ်ပါပြီ)။

ဦးဘကလေး ဘယ်သူ့လက်ထဲရောက်နေသလဲ....(ဇရာ လက်ထဲ ရောက်နေပါတယ်ဘုရား)ဇရာက ဘာသစ္စာလဲ... (ဒုက္ခသစ္စာပါဘုရား) ဘာလုပ်နေတတ်သတုံးဆိုတော့ ဘယ့်နှယ်ဖြေမလဲ.... (ပဋ္ဌနဌော နိပ်စက်တတ်ပါတယ်ဘုရား)။

ပဋ္ဌနဌောဆိုတာ ညှာတာမဖက် အမြဲနှိပ်စက်တတ်တယ် .... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘာလုပ်တတ်သလဲ... (ညှာတာမဖက် အမြဲနှိပ်စက်တတ်ပါတယ်ဘုရား)။

ညှာတာမဖက် အမြဲနှိပ်စက်တတ်တယ်ဆို ဘုရားကိုတောင် မညှာဘူးကွ.. (မှန်ပါ့) မမြင်ဘူးလား၊ ခါးဘော်နာသလာဘယ်၊ အရေတွေ တွန့်လိပ်လာတယ်၊ ဘယ်သူ့ညှာသေးသလဲ .... (ဘယ်သူ့မှမညှာပါဘုရား)။

သူ့သဘောက သစ္စာတဲ့၊ မှန်တာလုပ်မယ်၊ ပုဂ္ဂိုလ်မရွေးဘူးကွ၊သဘောကျပလား....(ကျပါပြီ)။

ဘုန်းရှင်- သမ္ဘာရှင်- ကံရှင်တွေရယ်လို့ ရွေးသေးရဲ့လား... (မရွေးပါဘုရား)ရှင်းပလား... (ရှင်းပါပြီ)။

ကဲ .... ဒါဖြင့် အခု တကာတကာမတွေ ဇရာလက်တွင်းမှာ ဖြင့် အရိုက်အနှက် ခံနေရတယ်ဆိုတာ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ငါဘယ့်နှယ်ဖြစ်တယ် မသိဘူးဟေ့ .... နားက ခပ်အူအူဖြစ်လာတယ်၊ဦးဘကလေးက မျက်လုံးကသဲ့ ခပ်သိသိဖြစ်လာတယ်၊ဘယ့်နှယ်မှ မဖြစ်ဘူး၊ ဇာတ် ရိုက်နှက်သို့ ဒဏ်ချက်မိတာ .... (မှုန်ပါ့)ရိပ်မိသွားပြလား... (ရိပ်မိပါပြီ) ငါဆံပင်ကလေးတွေတဲ့အရင်နဲ့ မတူဘူး၊ဘယ်လိုဖြစ်လာတယ်မသိဘူး၊ ဘယ်ကဘာမသိဘူးလုပ်မနေရဲ ဘယ်သူ့ ဒဏ်ချက်တုံး.... (ဇာတ်ဒဏ်ချက်ပါဘုရား) ဇာတ်ဒဏ်ချက်ဆိုတာ ပေါ်ကြပြလား.... (ပေါ်ပါပြီ) အဲဒီထဲက နေပြီးသကာလမှ တကာတကာမတို့ အရှုးထဘို့မကောင်းတော့ဘူး .. (မှုန်ပါ့)။

ဦးဘကလေး ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား) မကောင်းပါဘူးတဲ့၊ နှိပ်စက်ဘာက အချိန်တိုင်းလား၊ အချိန်တိုင်းလား.... အချိန် ခြားသေးသလား .... (အချိန်မခြားပါဘုရား) အချိန်တိုင်း နှိပ်စက်တယ်၊ သဘောကျပလား .... (ကျပါပြီဘုရား)။

အချိန်တိုင်း နှိပ်စက်ပါတယ်ဆိုတာပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)တချိန်နဲ့ တချိန် ရင့်ရော်မှု တူပါရဲ့လား .. (မတူပါဘုရား)အဲဒါ ဘယ်သူရိုက်နှက်တာပါလိမ့် .... (ဇာရိုက်နှက်တာပါဘုရား) အဲ.... ဇာဆိုတာသည်ကားလို့ ဆိုယင်ဖြင့် ဒုက္ခသစ္စာဆိုတာ ပေါ်ရောပေါ့ဦးဘကလေးရဲ့.... (မှုန်ပါ့) ဘယ့်နှယ်ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဆိုရပါလိမ့်မတုံး ဆိုတော့ သူကိစ္စကြည့်လိုက်တော့မှ ပိဋ္ဌနဌ္ဌော .... (မှုန်ပါ့) ညွှာတာမဖက်အမြဲနှိပ်စက်တဲ့ကိစ္စ သူ့ကိစ္စပေါ့....(မှုန်ပါ့)။

ဒါ.. သူ့လေးချက်ကုန်အောင် မဟောသေးပါဘူး တကာတကာမတို့ အင်မတန်ဆိုးနေပြီနော် ... (မှုန်ပါ့) မဆိုးဝါးဘူး

လား....(ဆိုးဝါးပါတယ်ဘုရား) ရှင်းကြပလား .... (ရှင်းပါပြီ) ဒါဖြင့် သူသည်ကား ဇာတိနဲ့ ဇရာဟာ သဘောတူနိုပ်စက်ကြတယ်.... (မှန်ပါဘုရား) မောင်နိုင် ရှင်းရဲ့လား... (ရှင်းပါတယ်ဘုရား)။

ဒီအထဲ ထောင်ချပြီးသကာလ ထောင်ထဲ ရောက်ဘို့တာဝန်ကျုပ်တာဝန်၊ ထောင်ထဲရောက်ပြီးသကာလ မသေမခြင်း သေခါနီးထိအောင် ရိုက်မှုန့်က်မှုဟာ ခင်ဗျား တာဝန်လို့ဆိုတာ နဂိုရကမှ သုံးယောက်သဘောတူ အစည်းအဝေး ဖွင့်ပြီးသကာလ သတ္တဝါ တဦးတယောက် နှိပ်စက်တာကိုး.... (မှန်ပါ)ပေါ်ကြပလား... (ပေါ်ပါပြီ)။

သတ္တဝါ တဦးတယောက်ကို နှိပ်စက်တဲ့ သုံးယောက်ကဖြင့် တကာတကဲ့ဘမတို့ ဆွဲနှေးပြီးသား တိုင်ပင်ပြီးသား သဘောတူလက်မှတ်ဆိုးပြီးသားဆိုတဲ့ဥစ္စာ သေချာပါတယ်... (မှန်ပါ) မသေချာဘူးလား.. (သေချာပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)ဒါဖြင့် အခု ဘယ်သူ့လက်တွင်း ရောက်နေသလဲ (ဇရာလက်တွင်း ရောက်နေပါတယ်ဘုရား) တနေ့မှ မနှိပ်စက်တဲ့နေ.... (မရှိပါဘုရား) မရှိဘူးဆိုတာကော ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီဇရာကလဲ သူ့တာဝန်က သူမျှားထူမှ ထနိုင်တဲ့တာဝန်ကျအောင် သူရိုက်ရမှာကိုး.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား) မျက်မှန်ဌား တောင်ဝှေးဌားနဲ့ သွားနိုင် လာနိုင်တဲ့အခါမှ- မျက်မှန်ဌား တောင်ဝှေးဌားနဲ့ သူတပါးထူမှ ထနိုင်တဲ့ အခြေအနေကျအောင် သူရိုက်ရ နှက်ရဦးမှာ (မှန်ပါဘုရား)။

အခု တကာတကာမတွေ့ ရိုက်ဆဲဘဲရှိသေးတယ်....(မှန်ပါ့) သဘောကျပဲလား.. (ကျပါပြီ)အဲဒီ သူ မျက်မှန်စုပ်ပြီး တောင် ဝှေးထောက်တဲ့ အခြေအနေ ရောက်အောင် နှိပ်စက်ပြီးသည့် အခြားမဲ့၌ သူ ဘယ်သူ့ဆီ ထိုးအပ်မဘုံးလို့ ဆိုဘော့ နဂိုရိုက သုံးယောက်တိုင်ပင်ထားတာတွေ့ ဆရာသမားက ဟောခဲ့တယ်-- (မှန်ပါ့)ကွာ... တဲ့ မင်းက အကုန်ရိုက်နှက်ထားလို့ ကျေနေလို့ ရှိယင် ခေါင်းဖြတ်အသက်သတ်ဘို့ရာ မရဏက ငါ့တာဝန်ပေါ့ ကွာ....တဲ့ လာပြန်တာဘဲ....(မှန်ပါ့) ဘယ်လောက်များ ဆိုးသလဲ....(ဆိုးပါတယ်ဘုရား) မောင်မြင့်....ပေါ်ပလားဟော့ .... (မှန်ပါ့) မောင်အောင်ချိုတို့ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အခု မင်းတို့သည်ကား စက်တိုင် ရောက်မည့်ဆဲဆဲပါဘဲ .... (မှန်ပါ့) ဦးဘကားလေး... (စက်တိုင်ရောက်မည့်ဆဲဆဲပါဘုရား) ဆဲဆဲဘဲနော် .... (မှန်ပါ့) ပေါ်ကြရဲ့လား တကာတကာမတို့ (ပေါ်ပါတယ်ဘုရား) ဘယ်ရောက်မည့်ဆဲဆဲတုံး... (စက်တိုင် ရောက်မည့်ဆဲဆဲပါဘုရား) အင်း... သေပဲ့ ရောက်မည့်ဆဲဆဲ၊ အခု တကာတကာမတို့ ဘယ်အချိန် သူထိုးအပ်မတုံး၊ သူထိုးအပ်တဲ့ အချိန်မှာ ကျုပ်တို့သည် သုသာန်ပို့ဘို့ အချိန်ဘဲ... (မှန်ပါ့)မဆို နိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ အခု တည်းတည်းကလေး အချိန်မှာ ဆရာဘုန်းကြီးက ကဲကွာ....မင်းတို့ဖြင့် ဇာတိတဆုံး ဟောတာ လိုက်လာမိတဲ့အတွက် မင်းတို့ ဒုက္ခလဲ ရောက်ခဲ့ပြီ၊ အခု တခါ ဇာတိက ထိုးအပ်လိုက်လို့ ဇရာလက်ထဲ ရောက်ပြန်တော့ ဒီထက်ကြီးတဲ့ ဒုက္ခကြီးနဲ့ မင်းတို့ ရင်ဆိုင်တွေ့ရပြန်ပြီလို့ ဟော ပြန်တယ်... (မှန်ပါ့) မဒဟ္ဒာထိုက်ဘူးလား....(ဟောထိုက်ပါတယ်

ဘုရား)ဒီ့ထက် တခါ ရှေ့ဇရာက လက်လွှဲပြန်မယ်ဆိုလို့ ရှိယင်လဲ မင်းတို့ သေပွဲ ရှိတော့တယ်....(မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

ဇရာက လက်လွှဲယင်... (သေပွဲရှိပါ့မတော့တယ်ဘုရား) သေပွဲဘဲ ရှိတော့တယ်ဆိုတာ ပေါ်လာကြပလား... (ပေါ်လာပါပြီဘုရား)ဒါဖြင့် တကာတကာမတို့ အခု ဘယ်အခြေအနေရောက်နေကြသတုံးလို့ မေးလို့ ရှိယင်ဖြင့် တပည့်တော်တို့ဘုရား သူအပ်ရုံဘဲ ကျန်ပါ့မတော့တယ်....(မှန်ပါ့) ဇရာက မရဏဆီ အပ်ရုံဘဲ ကျန်ပါ့မတော့တယ်....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (ဇရာက မရဏဆီ အပ်ရုံဘဲ ကျန်ပါ့မတော့တယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီ) အဲဒီတော့ တိုတိုပြောတော့ အစ်နေ့ကယင် သတ်ဘို့နှားကို လမ်းတော့ ဆဲ့သွားပြီ-နှားသတ်ရုံ မရောက်သေးတဲ့တမယ် ကျန်တော့တယ်....(မှန်ပါ့)လမ်းတော့ ဆဲ့သွားပြီ....(မှန်ပါ့)မဆဲ့သွားသေးဘူးလား (ဆဲ့သွားပါပြီဘုရား)။

ဘယ်မရောက်သေးတာတမယ် ကျန်တော့သလဲ....(နှားသတ်ရုံမရောက်သေးတာတမယ် ကျန်ပါ့မတော့တယ်ဘုရား)။

အဲဒီ မရောက်ခင်ကလေး တွန်စမ်းပါရစေဦးဘုရား-၊ မြေကြီးယက်စမ်းပါရစေဦးဘုရား... ဆိုတဲ့ နှားတွေနဲ့တော့ တကယ်တူဘဲ (မှန်ပါ့)မတူဘူးလား.. တူသလား... (တူပါတယ်ဘုရား)။

ပြုံးပြီးနေတဲ့ ပုဂ္ဂိုလ်များလေ....(မှန်ပါ့) အပျော်ကျူးနေတဲ့ ပုဂ္ဂိုလ်များကော မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်)။

အင်း... ဒီသခါနှီးနှားက မသိရှာတော့ဘေးက-နေပြီးသကာလ ဗုဒ္ဓဘာသာမျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အစ်နေ့

ကြီး သွားကြည့်မိလိုက်တဲ့အခါကျတော့ မောင်မြင့်....မမြင်ရဘူး လားကွာ... (မြင်ရပါတယ်ဘုရား)။

နွာကဖြင့် သေပဲ့ရယ်လို့ မသိရှာဘူး....(မှန်ပါ့) သူ့မှာဖြင့် ဘခါတည်း မြူးလိုက်တာနဲ့-ပြေးလိုက်တာနဲ့-လှဲးလိုက်တာနဲ့-တွန်လိုက်တာနဲ့ နွားအဖေါ်များ တွေ့လို့ဆိုတော့ ဒီနွားကို ဘယ်လိုဆုံးဖြတ်ချက်ချမတုံးဆိုတော့ သခါနီး ပျော်လို့ ခေါ်တယ် (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (သခါနီးပျော်ပါဘုရား)။

သခါနီးပျော်လို့ ဆုံးဖြတ်ချက်ချယင် မလွဲပါဘူး(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတွေ အင်း...ကျုပ်မှာလဲ မကင်း တရားကလေးရှိလို့ သွားရ,လာရ,ပြောရ,ဆိုရဦးမှာဘဲ၊ ဟိုကျ ပြန်လဲ ဝိုင်းဖွဲ့ပြီးသကာလ စကားလက်ဆုံများ ကျနေတာ ဘာ ပါလိမ့်မတုံး....(သခါနီးပျော်ပါဘုရား)ရိပ်မိပလားကွ.. (ရိပ်မိ ပါပြီဘုရား)။

တကာ တကာမတို့ စကားလက်ဆုံများ ကျနေတာ၊ တယောက်က ပြုံးလို့နေကြတာတွေ့ ဘာတွေ့ဆိုတာ မေါ်ကြ ပလား... (မေါ်ပါပြီ) ဟ....ဘာတွေ့ ဖြစ်နေကြတာတုံး....(သခါနီးပျော်ပါဘုရား) နွားသတ်ရုံမရောက်ခင်ပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သခါနီးပျော် သစ္စာမသိသေးလို့ရှိယင်ဖြင့် ဒီအပျော်ဟာ အဝိဇ္ဇာက မသိအောင်ဖုံး၊ တဏှာက ချော့လိုက် တဲ့အခါ အခုမှ မိတ်ဆွေသင်္ဘောတွေ့နဲ့ တွေ့ရတော့ ကျန်း ကျန်းမာမာနဲ့လဲ တွေ့ရတော့ ဝမ်းမြောက်လိုက်တာများ လာ

လိုက်ဒသးတယ်... (မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)။
ဟ...ဘာဖြစ်ကြတာတုံး မေးယင် ဘယ်နှယ်ပြောပါ့မယ်...
(သေခါနီးပျော်ပါဘုရား)။
အံမာလေး...ခုနင်က နွားပျော်နဲ့ ဘယ်နှယ်နေကြသလဲ...
ထူးသေးသလား...(မထူးပါဘုရား)။
အဲဒီလောက်ကျအောင် မောင်အောင်ချိတို့.... အရုပ်ဆိုးနေ
တယ်ဆိုတာကော မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။
အဲဒါ သစ္စာမသိတဲ့ သတ္တိဟာ တကာတကာမတို့ ဘယ်
လောက်များ ဆိုးနေပလဲ...(ဆိုးပါတယ်ဘုရား) သေခါနီးပျော်
တောင် လာလိုက်သေးတယ်...(မှန်ပါ့)။
ဘာမသိတာတုံး...(သစ္စာမသိလို့ပါဘုရား)။
အခု ဇရာ့လက်တွင်းမှာ ကြိုးကြီးနဲ့ ဆဲပြီးသွားသလို မရဏ
မင်းတို့ဆိုတဲ့--သေမင်းဆိ နွားသတ်ရုံ အပ်တော့မည့်ဆဲဆဲတောင်
မှ တွန်နိုင်သေးတယ်၊ ခုဒီကလေးနဲ့ မြေကြီးယက်ပြီးသကာလ
ချိုများ သွေးနိုင်သေးဟယ်ဆိုလို့ရှိယင်ဖြင့် သြော်... တိရစ္ဆာန်
ဖြစ်ရခြင်းဟာဖြင့် အတော်မသိလို့ဘဲလို့ သူ့ကဲ့ရဲ့မယ်ဆိုလို့
ရှိယင် ကိုယ့်ကိုယ်ကို ပြန်ကြည့်ပါဦး....(မှန်ပါ့)မကြည့်ထိုက်ဘူး
လား....(ကြည့်ထိုက်ပါတယ်ဘုရား)။
လူထဲသွားလဲ လူလိုဝတ်သွားမှ တော်တယ်၊ ဟိုကျတဲ့အခါ
ကျတော့ သူမခေါ်.လူမခေါ်မှာလဲ စိုးရိမ်ရသေးတယ်ဆိုပြီး
တော့ မြို့ကြီး-ပြကြီးတွေကျတော့ မရှိယင် ငှါးဝတ်တာတွေ
တောင် တပုံကြီးဘဲ...(မှန်ပါ့)သဘောကျပလား...(ကျပါပြီ)။
အဲဒါ ဘာဖြစ်ကြတာတုံးဆိုတော့ ဘယ်နှယ်ဖြေပါ့မလဲ....
(သေခါနီးပျော်ပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နက်ဖြန် ပြုံးမယ်ကြံယင် ငါ....ဘာပါလိမ့်မတုံး....လို့ မေးကြည့်စမ်းပါ....(မှန်ပါ့)။

ဘယ့်နှယ်မေးကြမလဲ.... (ငါ-ဘာပါလိမ့်မတုံးလို့ပါဘုရား) အင်း.... ကိုယ် ပြုံးမိလို့ ရှိယင်လဲ မိတ်ဆွေတွေနဲ့တွေ့လို့ ပြုံးမိ၊ သင်္ဂဟတွေနဲ့ တွေ့လို့ပြုံးမိယင် မေးကြည့်၊ တရားပေါက်လို့ ပြုံးလို့ ရှိယင်တော့ ဘုန်းကြီးများ မဆိုပါဘူး....(မှန်ပါ့)ဆာသေလွတ်ကို လွတ်တော့မယ်ဆိုပြီး ပြုံးတာပြုံး .. (မှန်ပါ့)။

တရားမပေါက်ဘဲနဲ့ မိတ်ဆွေသင်္ဂဟတွေနဲ့ တွေ့ရ,ကြုံရလို့ လွှမ်းဆွတ်နေတာကြာလှပြီ၊ ခုမှ- သုံးနှစ်, သုံးသီး,ခဲ့နေရတာ ခုမှဘဲ တွေ့ရခြင်းကြောင့် ကျေပ်ဖြင့် ပြောလို့ မဆုံးဘူး၊ စကား လက်ဆုံကြလို့ မသွားပါနဲ့.ဦး-ဆိုပြီး ထ,ဆဲတဲ့ အချိန်ကျလို့ ရှိယင် ဘာပျော်လို့ ဆိုကြမလဲ... (သခါနိုးပျော်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးဘကလေး ဒါ.... စောင်းဟောနေတာ မဟုတ်ဘူးနော်၊ အားလုံး မှားနေလို့ ပြောနေတာ....(မှန်ပါ့) ရိပ်မိကြပလား.... (မှန်ပါ့) မှားချက် အဘော် မပြင်းဘူးလား.... (ပြင်းပါတယ်ဘုရား)။

အခု ဇရာ့လက်ထဲမှာ နေတာ ဖောင်နိုင် ဘယ်သူ့ဆီ ထိုးအပ်မလဲ....(မရဏလက် ထိုးအပ်ပါမယ်ဘုရား)။

မရဏဆိုတဲ့ နွားသတ်ကုလားဆီ ထိုးအပ်တော့မယ်ဆိုတာ မှုသေချာဘူးလား....(သေချာပါတယ်ဘုရား)။

တော်တော်ကြာ လည်လှီးခံရဘော့မယ်ဆိုတာ သူ.. ဓါး သွေးပါမှ စားရတော့ လည်လှီးခံရတော့မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီအခါန်မှာ တိရစ္ဆာန်ဖြစ်နေတဲ့ဒုဃးသည် တကာတကာမတို့ လမ်းမှာ တွန်လိုက်-ဟောက်လိုက်- ခွဲယက်လိုက်နဲ့ အမြီးထောင်လိုက်နဲ့. ဘာဖြစ်နေတာတုံးမေးတော့ တိရစ္ဆာန်မို့ဘုရား မသိရှာဒေတာ့ ပျော်ရှာတာဘဲ၊ ဟိုနားရောက်ယင် နောက် လေးငါးလံလောက် သွားလို့ရှိယင် ဒုဃးသတ်ရုံရောက်မယ်၊ ယင်နတ် ပူဇော်ခံရတော့မယ်ဆိုတာ မသိရှာလို့ မိုက်မဲဘာဘဲ ဆိုယင်ဖြင့် ဦးဘကလေး ဒါ.... အမှန်ပြောရမယ်.. (မှန်ပါ့) တိရစ္ဆာန်မိုက်ပေါ့.... (မှန်ပါ့)။

ကျုပ်တို့ကတော့ တိရစ္ဆာန်တော့ မဟုတ်ဘူး... တဲ့၊ နာမည်ပြောင်းပြီး မိုက်တာ.... (မှန်ပါ့) တိရစ္ဆာန်တော့ မဟုတ်ဘူး၊ ပဋိသန္ဓေကမှ တိရစ္ဆာန်မဟုတ်ဘဲ... (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ... (နာမည်ပြောင်းပြီးတော့ မိုက်တာပါဘုရား) နာမည်ပြောင်းမိုက်တာ၊ အဲဒါယဉ်ကျေးတယ်-ကွ.... အခုပြောတာ၊ ဟို.. တိရစ္ဆာန်မိုက်ဆိုလို့ရှိယင် အင်မတန် နာစရာကောင်းတယ်... (မှန်ပါ့)။

ဦးဘကလေး ဒါ... နက်ဖြန်ကျလို့ရှိယင် ပြုံးမယ်, ရှဲ့.မယ် ဟုတ်လား၊ တကာတကာမတွေက အင်း... တော်,တော်သေးရဲ့ ဆိုတဲ့ ဘဝတက္ကသိုလ်ကလေးများ ထွက်လာမယ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေ မင်းဟာ အတော်ဆိုးပါကလား 'ဇာတိပဒုက္ခသစ္စ' များ မင်း....လှည့်မကြည့်လို့ပါလား၊ မင်း အပ်ချုံကျန်တော့တယ် မရဏဆီကို ဟုတ်လား... တကာတကာမတို့... (ဟုတ်ပါတယ်ဘုရား)။

ဘယ်ဆူ့လက်တွင်းအပ်ရုံကျန်တော့သလဲ- (မရဏလက်တွင်းအပ်ရုံကျန်ပါတော့တယ်ဘုရား)။

မရဏလက်တွင်းအပ်ရုံကျန်တော့တယ်ဆိုလို့ရှိယင် ပျော်စရာလား-လွတ်အောင်ရုန်းဘို့လား- (လွတ်အောင်ရုန်းဘို့ပါဘုရား)။

အဲ....လွတ်အောင် ရုန်းဆိုဘာကတော့ ဆနု ဘုန်းကြီးက ဝိပဿနာလုပ်လို့ ပြောတာ၊ဟိုမှာ အပ်မိမှတော့ မရတော့ဘူး (မှန်ပါ့)။

မအပ်ခင်ကလေး လမ်းမှားမပျောင်ဘဲနဲ့ တကာတကာမတို့နော်... (မှန်ပါ့) ကဲ.. ဒီတခါသာ သေပဲ့ဝင်နိုင်မယ်ကွာ၊ ဒီလမ်းတော့သိပြီ၊ ဒီသုံးချက်လမ်းတော့ ငါသိပြီ၊ ဇာတိလမ်းလဲအညာမခံတော့ဘူး၊ ဇနဋ္ဌိပ်စက်လဲ မခံတော့ဘူး၊ မရဏသတ်မှတ်ကိုလဲ စက်ဆုပ်ပါပြီ ဆိုပြီးသကာလ ဇရာကနေ မရဏမရောက်ခင် လမ်းလဲဘို့အချိန်ဟာ ခင်ဗျားတို့ကိုဒါဟာချုင်တယ်... (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဇရာက မရဏမနောက်ခင်... (လမ်းလဲဘို့ပါဘုရား)လမ်းလဲဘို့အချိန်ကလေးကို မောင်မြင့်တို့၊ မောင်အောင်ချိတို့ ငါသင်ပေးနေတာ ဒါဘဲ....(မှန်ပါ့)ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)။

ရောက်မှတော့ ဘယ့်နှယ်လုပ်ကြမလဲ .... (မတတ်နိုင်ပါဘုရား)တတ်နိုင်ကြသေးရဲ့လား....(မတတ်နိုင်ပါဘုရား)။

မတတ်နိုင်တော့ကိုတဲ့ ကိုင်းဒါဖြင့် နောင်ကို ဒီလမ်းမသွားချင်လို့ရှိယင်ဖြင့် အင်း ... ဘယ်နေရာကနေ လမ်းခွဲရှာရမှာတုံး

ဆိုတာလဲ မောင်နှိုင် တွေ့ရောပေါ့ကွာ....(မှန်ပါ့)ဇရာ-မရဏ မရောက်ခင် လမ်းခွဲရှာကြ....(မှန်ပါ့)။

ဘယ်လိုလဲ.... (ဇရာ-မရဏမရောက်ခင် လမ်းခွဲရှာကြရပါ မယ်ဘုရား) လမ်းခွဲရှာနော်....(မှန်ပါ့) လမ်းခွဲရှာပါတဲ့၊လမ်းခွဲဆိုလို့ရှိယင်ဖြင့်တဲ့ ဟိုဘဝ-ဒီဘဝ ဆုတောင်းယင် ကာမသုခလွဲကာ နုယောဂလမ်း သွားလိမ့်မယ်နော်... (မှန်ပါ့)။

အင်း ... ဒီလမ်းအတိုင်း ပြန်လိုက်နေမယ် ဆိုလို့ရှိယင်လဲ တကာတကားမတို့ မိစ္ဆာဒိဋ္ဌိကရှိနေတော့ တော်တော်ကြာ အတ္တကိလမထာနုယောဂလမ်းလဲ မရောက်ဘူးလို့ မဆိုနိုင်ဘူး .... (မှန်ပါ့)ဒိဋ္ဌိမပြုတ်သေးယင် ရောက်ဦးမယ် .... (မှန်ပါ့ဘုရား) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့ ဇရာနဲ့ မရဏကြားထဲက အလယ်လမ်းကာ နေပြီးသကာလ တကာတကာမတို့ ကာမသုခလွဲကာနုယောဂလမ်းဆိုတဲ့ ဥစ္စာကိုလဲ မသွားဘဲနဲ့၊ နောက်ထပ် ကာမဂုဏ်ခံစားးတဲ့ လမ်းကိုလဲမသွားနဲ့၊သဘောကျပလား....(ကျေပါပြီ)။

နောက်ထပ် ဒိဋ္ဌိဦးစီးနေလို့ ရှိယင်လဲ အတ္တကိလမထာနုယောဂလမ်းကိုလဲ အမေမိဘမှားနဲ့တွေ့ယင် လိုက်ဦးမယ် သူ... (မှန်ပါ့ဘုရား)မလိုက်ပေဘူးလား...(လိုက်ပါတယ်ဘုရား)။

အဲဒီတော့ အဲဒီ့လမ်းနှစ်လမ်း ရှောင်ပြီးသကာလ အလယ်လမ်းဖြစ်တဲ့ ဝိပဿနာမဂ္ဂင်လမ်းကို လိုက်ဘို့ရာဟာ ဇရာ-မရဏ မရောက်ခင်ကလေးတင် ဆရာဘုန်းကြီးကလဲ လမ်းပြနိုင်တယ်.... (မှန်ပါ့)ဒီ့ပြင်အချိန်မှာ ပြပါဆိုလို့....(မရပါဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် အခုဘယ်အချိန်ထောက်ပတုံးဆိုတော့ တကာတကာမတွေ့ လမ်းခွဲရှာချိန် မထောက်သေးဘူးလား... (ထောက်ပါပြီ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်အချိန် ထောက်ပလဲ .... (လမ်းခွဲရှာချိန် ထောက်ပါပြီဘုရား) လမ်းခွဲရှာချိန် သေသေချာချာထောက်ပြီနော်....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် ဒီနေ့ ရှာပါ၊ နက်ဖြန် မရဏမင်းကို ဇရာက ဖမ်းလိုက်လို့ မရဏဆိ အပ်လိုက်ပြီဆိုမှဖြင့် လမ်းခွဲရှာနေးတာနဲ့ဘဲ အသေစောသွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ .... (လမ်းခွဲရှာနေးတာနဲ့ အသေစောသွားလိမ့်မယ်ဘုရား)။

လမ်းခွဲရှာနေးတာနဲ့ အသေစောသွားလိမ့်မယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တွင်းကျင်းက ရွှေ့လမှ ဘာလမှ ဆေးရလား... (ရှုပ်ပါတယ်ဘုရား)။

အင်း... ကျောက်စေ့ား, နာစေ့ားကလဲ ရွှေ့ကျလို့ရှိယင် ဘယ်လို, ညာလို အစရှိသည်နဲ့၊ အဲဒီမြောက်လုံးတွေ့ အသာ ချိတ်ထားပြီး လမ်းခွဲရှာတဲ့ အရေးကို ကြီးပေးပါဆိုတာ သတိေးးလိုက်တယ်... (မှန်ပါ့) မပေးထိုက်ဘူးလား... (ပေးထိုက်ပါတယ်ဘုရား)။

ဘာပေးပါလိမ့်....(လမ်းခွဲရှာဘို့ သတိပေးပါတယ်ဘုရား) လမ်းခွဲဆိုတာက ခင်ဗျားတို့ မရှာယင် ဖြစ်ကိုမဖြစ်ဘူး(မှန်ပါ့)။

ဇရာက ထောင်းထုပြီးလို့ သူများထူမှ ထ,နိုင်တဲ့ အခြေအနေ ဟုတ်လား..၊ သူများပေးမှ ပါးစပ်ထဲကို ရောက်လေးမှ ပြန်ကဲလေး,ပိုက်ကလေးနဲ့ သောက်နိုင်တဲ့ အခြေအနေ ရောက် အောင်ဟာ သူ့တာဝန်ရှိသေးတယ်....(မှန်ပါ့ဘုရား)။

ဆဲဒီ သူ့တာဝန်ရှိလို့ ကဲ...ကျုပ်တာဝန်ကုန်ပြီဆိုတဲ့ တနေ့ ကျတော့ တကာတကာမတို့ မရဏဆိုတဲ့ ခေါင်းဖြတ်အသက် သတ်မည့်ဆီ အပ်တော့မယ်.(မှန်ပါ့)မအပ်ပေဘူးလား- (အပ်ပါ တယ်ဘုရား)။

အဲဒီအပ်မှဆိုတော့လဲ ဘာတတ်နိုင်ကြသေးသတုံး....(မတတ် နိုင်ပါဘုရား)။

မတတ်နိုင်တော့ သူ မအပ်ခင်ကလေး ရိုက်ရင်း, နှက်ရင်းနဲ့ ကျုပ်တို့ လမ်းခွဲရှာရမယ်...(မှန်ပါ့)။

ဘယ်လိုရှာကြမယ်.... (ရိုက်ရင်း, နှက်ရင်းနဲ့ လမ်းခွဲရှာရပါ မယ်ဘုရား) ရိုက်ရင်း, နှက်ရင်းနဲ့ လမ်းခွဲရှာရမယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်နှယ်ကြောင့် လမ်းခွဲအရှာခိုင်းပါလိမ့်မတုံး မေးတော့ မှ အစကလဲ မကောင်းလို့ဘုရာ့၊ အလယ်မှာလဲ မကောင်းပါ၊ အဆုံးကောင်းမှာလဲ ကေန်မဟုတ်သောကြောင့် တပည့်တော်တို့ ဖြင့် လမ်းခွဲရှာပေါ့ဆိုပြီး ဆုံးဖြတ်ချက်ချ (မှန်ပါ့) သဘော ကျပလား... (ကျပါပြီဘုရား)။

အစကဲလဲ... (မကောင်းပါဘုရား) အခု နေရတဲ့ အလယ်မှာကော... (မကောင်းပါဘုရား)ရှေ့ဆုံးယင်ကော... (မကောင်းပါဘုရား) မကောင်းတော့ ကိုင်း....မဆုံးခင် ဘာလုပ်ကြရမယ်... (လမ်းခွဲရှာရပါ့မယ်ဘုရား)။

လမ်းခွဲရှာပါလို့ဆိုတာ ဝိပဿနာအလုပ်မှတပါး တကာ တကာမတို့ အားကိုးရာ မရှိဘူး....(မှန်ပါ့)သဘောကျပလား.... (ကျေးဇူးပြုဘုရား)။

လမ်းခွဲရှာဆိုတော့ကို ဘယ်လိုရှာရမှာတုံးဆိုတော့ ခန္ဓာ မရတဲ့ လမ်းခွဲရှာရမယ်....(မှန်ပါ့)။

ဘယ်လမ်းခွဲ ရှာရမလဲ.....(ခန္ဓာမရတဲ့လမ်းခွဲရှာရပါ့မယ်)ခန္ဓာ ရလို့ရှိယင်တော့ ဒီ သုံးယောက်လက်ထဲမှာဘဲ အသက်ထွက်ရ ဦးမယ်....(မှန်ပါ့)ဝိညာဏ်ချုပ်ရဦးမယ်....(မှန်ပါ့) သဘောကျ ပလား... (ကျေးဇူးပြုဘုရား)။

ခန္ဓာမရတဲ့ လမ်းခွဲကို....(ရှာရပါ့မယ်) ရှာရမယ်ဆိုတော့ ဘုန်းကြီးက အလွယ်ကလေးနဲ့ဘဲ တကာတကာမတို့ ပြောနိုင် ပါတယ်တဲ့၊ လက်ရှိခန္ဓာကြီးမှာ ဒုက္ခသုံးချက် သိသွားဘို့ အခု ဟောလာတယ်....(မှန်ပါ့)။

"ဇာတိပိ ဒုက္ခာသစ္စံ"ဆိုတာ ဇာတိနှိပ်စက်မှုကော ပိုင်နှင့်ပေါ သိပြီ...(မှန်ပါ့) ဇရာနှိပ်စက်မှုဆိုတာကော.. (သိပါပြီ) အချိန် တိုင်း ရိုက်နှက်ပြီး, နှိပ်စက်ပြီး နှိပ်စက်နေတယ် ဆိုတာကော တကာတကာမတို့ ငြင်းဆန်နေဘို့ လိုသေးသလား.... (မလိုပါ ဘုရား)။

နောက်နှိပ်စက်မည့် တရားကဏ္ဍာလို့ မေးလိုက်လို့ ရှိယင်လဲ နောက်နှိပ်စက်မည့်တရားကလဲ တကာတကာမတို့ ဝိညာဏ် ချုပ်ရုံဘဲ ကျန်တော့တယ်...(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတို့ သူတို့ သုံးယောက်လက်တွင်းမှာဘဲ ဘဝမျှားစ့ဉ သံသရာက အချိန်ကုန်ခဲ့ကြတယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ်သူ့လက်ချက်နဲ့မှ မသေရဘူး၊ သူတို့သုံးဦးလက်ချက်နဲ့ ချည်း ကျုပ်တို့ သေခဲ့ကြရတယ်....(မှန်ပါ့)။

ဒီအထဲ ပြန်တိုးဦးမယ် ဆိုလို့ရှိယင်ဖြင့် ဒီ့ထက်မိုက်တာ တော့....(မရှိပါဘုရား) မရှိတော့ဘူးဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လမ်းခွဲရှာပါဆိုတော့ မဂ္ဂင်လမ်း ရှာရလိမ့်မယ်....(မှန်ပါ့)။

မဂ္ဂင်လမ်း ရှာမည့်ကြံတဲ့အခါကျတော့ကိုတဲ့.... ကိုယ့်ခန္ဓာ အကြောင်း ကိုယ်ပြန်သိဘို့ အရေးကြီးတယ်....(မှန်ပါ့)။

သိတော့ ဒီခန္ဓာကြီး အမှန်သိလာအောင် ဘုန်းကြီးက ဝိဇ္ဇာမျက်လုံး ကပ်ပေးမှ ခင်ဗျားတို့ အခု ဒီခန္ဓာကြီး အရိုက် အနှက်ခံရမှုတွေလဲ ရှင်းရှင်းလင်းလင်း မြင်မယ်....(မှန်ပါ့) ခဏ ခဏ ပျက်စီးမှုတွေကော....(မြင်ပါတယ်ဘုရား) ခဏခဏ ကိုယ် မပိုင်မှုတွေကော....(မြင်ပါတယ်ဘုရား) အဲ...မြင်ပါလိမ့်မယ်-တဲ့ နော်....(မှန်ပါ့)။

အဲဒီကဲ့သို့ မြင်လာတဲ့အခါကျတော့မှ တော်ပြီ၊ ဇာတိ မလာပေဘူးလား....(လာပါတယ်ဘုရား) တော်ပြီ- ဇရာ့လက်တွင်းလဲ မနေချင်တော့ဘူး....(မနေချင်တော့ပါဘုရား) တော်ပြီ- မရဏာလက်တွင်းလဲ.... (မနေချင်တော့ပါဘုရား) အဲ....မနေချင်တော့ဘူးဆိုတာ လာပါလိမ့်မယ်နော်....(မှန်ပါ့)။

အဲဒါကတော့ကို တကာတရာမတို့ နက်ဖြန်မှ အလုပ်တည့်ပြီး ခန္ဓာကိုပြမှ ရမှာ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီနေ့ နာရီစေ့ပြီ-တော်ကြဦးစို့။

သာဓု....သာဓု...သာဓု...

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ခိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
တဏှာကို ပယ်ခြင်းသည် ဘုရား၏ဝါဒ
ည အလုပ်ပေးတရားတော်
(၆ - ၆ - ၆၂)

မနေ့က တကာတကာမတို့ကို ပြောခဲ့တယ်နော်၊ ဘယ်လို ပြောခဲ့သလဲဆိုတော့ ဇာတိဆိုတဲ့ တရားဟာလဲ အကောက်ကြံတဲ့ တရားတမျိုးဘဲလို့ မှတ်ထားရမယ်နော်... (မှန်ပါ့)။

ဇာတိဆိုတာလဲ အကောက်ကြံတဲ့ တရားတမျိုး၊ ဇရာဆိုတာလဲ ဇာတိက လွဲအပ်လိုက်ပြီဆိုမှဖြင့် ထောင်းဟယ်-ထုဟယ်-ရိုက်ဟယ်-နှက်ဟယဲဆိုပြီးသကာလ နှိပ်စက်တတ်တဲ့ တရားဘဲ၊ မရဏဆိုတာလဲ ဇရာကနေ ထောင်းထု, ရိုက်နှက်ပြီးထားလို့ မလျှပ်နိုင်တဲ့အချိန်မှာ ခေါင်းဖြတ် အသက်သတ်တဲ့ တရားဘဲလို့ မှတ်ပါနော်... (မှန်ပါ့)။

ဒါဖြင့် သူတို့ သုံးယောက်ကို ဘယ်သူသည်ကား ငါတို့၏ မိတ်ဆွေလို့ တကာတကာမတွေ ပေါင်းသင်းထိုက်သလဲလို့.... မေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ဘယ်သူမှ မပေါင်းသင်းထိုက်ပါဘုရား)။

ဘယ်သူမှ မပေါင်းသင်းထိုက်ဘူးဆိုတာ ကောင်းကောင်း ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ဇာတိဆိုတဲ့ တရားကလဲ ဆွေမျိုး ညာတကာတွေ ငိုလျက်, ရှိုလျက် ဆေးတွေ ဝါးတွေနဲ့ တားလျက်-ဆရာဝန်တွေနဲ့ တားလျက်နဲ့ သူ-အတင်းဆွဲပြီးသကာလ တခုသော အမိဝမ်းခေါင်းထဲကို ချောက်ကျခအောင် ကျင်ကြီး ကျင်ငယ်တွေကြားထဲ မရောက်, ရောက်အောင်ပို့တာဟာ ဇာတိ၏ ကိစ္စလို့ မနေ့က ပြောခဲ့တယ်....(မှန်ပါ့)။

ရောက်တဲ့ နေရာကျတော့ သူ ဘာလုပ်ပါလိမ့်မတုံး....လို့ တကာတကာမတွေက အမေးထုတ်တဲ့အခါကျတော့ ပိဋ္ဌနဋ္ဌော ညာတာမဖက် အမြဲနှိပ်စက်တယ်၊ဇာတိက.... (မှန်ပါ) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဆွေမျိုးထဲက ဆွဲထုတ်တာလဲ ဘယ်သူပါလိမ့်.... (ဇာတိပါဘုရား)။

ရောက်တဲ့နေရာ အကျဉ်းထောင်ဆိုတဲ့ အမိဝမ်းခေါင်းထဲ ကျင်ကြီး-ကျင်ငယ်တွေ ကြားထဲမှာ အသက်မရှူနဲ့ဟဲ့၊ မရှေ့နဲ့ဟဲ့၊မပြောင်းနဲ့ဟဲ့၊ကိုးလခွဲ-ဆယ်လ ဒုက္ခအမျိုးစုံ အကုန်ခံဟဲ့၊ ရေနွေးသောက်လဲ နင့်အပေါ် ရောက်မှာဘဲ၊ရေအေးသောက်လဲ နင့်အပေါ် ရောက်မှာဘဲ၊ ဇာတိဒုက္ခဆိုတာ ဇာတိပိ ဒုက္ခသစ္စံ ဆိုတဲ့အတိုင်း သတ္တဝါကို ညာတာမဖက် အမြဲနှိပ်စက်နေတဲ့ဇာတိ ဆိုတဲ့တရားသည် တကာတကာမတို့ ခင်ဗျားတို့၏ အကြီးဆုံး ရန်သူပါဘဲ... (မှန်ပါ့)။

ဒါ့ကြောင့် ဘယ်ဇာတိ ရချင်ကြသတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေ မေးယင် ဘယ်နှယ်ဖြေကြမလဲ .... (ဘယ်ဇာတိမှ မရချင်ပါဘုရား)။

ဘယ်ဇာတိမှလဲ မရချင်ပါနဲ့၊ ဘယ်သူ ပြောတာမှလဲ မယုံနဲ့ တော့၊ သစ္စာပြောတာကို ယုံတော့ (မှန်ပါ့ဘုရား)။

ဦးဘကလေး ဇာတိဟာ ဘာသစ္စာတဲ့တုံး .... (ဒုက္ခသစ္စာပါဘုရား)ခမ္မစကြာမှာ လာတယ်နော်....၊ သံယုတ်ပါဠိတော်တွေမှာလဲ အမျိုးမျိုးလာတယ်၊ ဇာတိပိ ဒုက္ခသစ္စံလို့ ဟောထားကတည်းကိုက သြော် .... သူဒုက္ခသစ္စာသည် ဒုက္ခပေးလေသမျှ ဇာတိကဘဲဆိုတာ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့)။

ဒါ့ကြောင့် လူ့ပြည်, နတ်ပြည်, ငြိဟ္မာန့်ပြည်, ဆုတောင်းတဲ့ ပဋိဂ္ဂါလိဟာ ဇာတိ တောင်းတာဘဲဆိုတာ သေချာပလား ... (သေချာပါပြီ)။

ဒါ့ကြောင့် တောင်းထိုက်- မတောင်းထိုက် ဆိုတာ တကာတကာမတွေဘဲ စဉ်းစားပါတော့ ... (မတောင်းထိုက်ပါဘုရား)။

မတောင်းထိုက်ဘူးဆိုတာပေါ်ကြပလား.... (ပေါ်လာပါပြီဘုရား)။

အဲဒါ့ကြောင့် ဘယ်တော့မှ မယောင်နဲ့လို့ တကာတကာမတွေ သတိပေးလိုက်ပါတယ်.... (မှန်ပါ့)တောင်းချင်ယင် ဇာတိလွတ်ရာ ရောက်ရပါလိုဂါလို့ တောင်းပါ....(မှန်ပါ့)။

အဇ္ဈာတိ=ပဋိသန္ဓေ မနေရာ စင်စစ်ဖြစ်သော ဆိုတဲ့နေရာကို တောင်းကြပါ တောင်းလို့ရှိယင်၊ မောင်နိုင် ဒါ... အဘိုးတန်တယ်....(မှန်ပါ!)။

ဒုက္ခသစ္စာမသိသေးဘဲ ပုဂ္ဂိုလ်တဦးတယောက်ဖြင့် ကိုပေါ် တောင်းလိမ့်မယ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ် ဘုရား)။

ဦးဘအုန်းကြီး နားလည်ရဲ့လား- (နားလည်ပါတယ်ဘုရား) ဇာတိ=လူဖြစ်ရပါလို၏-ဆိုတော့ ဇာတိ တောင်းတာဘဲဆိုတာ သေချာပလား... (သေချာပါပြီ) နတ်ဖြစ်ရပါလို၏.... (ဇာတိ တောင်းတာပါဘုရား)။

ဇာတိ ဘာလုပ်တတ်သတုံးဆိုတော့ ပိဋ္ဌနဒ္ဒေါ.... (မှန်ပါ) ညာတာမဖက် အမြဲနှိပ်စက်တတ်တယ်.... (မှန်ပါ!) ဘယ်ပုဂ္ဂိုလ် ရွေးသေးသလဲ...(ဘယ်ပုဂ္ဂိုလ်မှ မရွေးပါဘုရား)။

သစ္စာပါဆိုတာ အမှန်လုပ်ဘယ်ဆိုတာ မှတ်ထားတော့မှ သြော်....ဒါဖြင့် မတောင်းထိုက်ဘူးဆိုတဲ့အခြင်း ယနေ့တော့ ခပ်တိုတိုဘဲ ပြောပါမယ်နော်... (မှန်ပါ)။

ကောင်းပြီ-ဒါဖြင့် ဇာတိသည်ကားလို့ဆိုယင် တရားဟော ပြီးသကာလ ဆွေမျိုးညာတကာ ဆေးတဲ့ဝါးတဲ့ ဆရာဝန်တွေကြားထဲက ဆဲထုတ်ပြီးသကာလ အားနှဉ်းထောင် ချတာ ဘယ်သူ့ကိစ္စပါလိမ့်မလဲလို့ ယခုနဲ့ ထူးထူးခြားခြား မှတ်လိုက်တော့ ဘယ်လိုမှတ်ကြမယ်...(ဇာတိ၏ကိစ္စပါဘုရား)။

အကျဉ်းထောင်ထဲလဲ ရောက်ပါရော· ရောက်သည်နဲ့ တပြိုင်နက်တည်း တနေ့တခြား ရင့်ရော်ပြီးသကာလ ပြင်ဘက်ရောက်လဲ ရင့်ရော်· အတွင်းမှာလဲ ရင့်ရော်လျက်နဲ့နေတော့ ရင့်ရော်တာ ဘယ်သူ့ကိုစပါလိမ့်မတုံး... မေးတော့ မောင်နိုင် ဘယ်နှယ်ဖြေပါ့မလဲ... (ဇရာကိစ္စပါဘုရား)ဇရာကိစ္စ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ရင့်ရော်တယ် ဆိုတာသည်ကားလို့ ဆိုယင် တကာတကာမတို့သိပြီးသားအတိုင်းပါဘဲ သေခါနီးဖြစ်ဘို့ လုပ်တာဘဲ.... (မှန်ပါ့ဘုရား)။

ရင့်ရော်တယ်ဆိုတာ ဘာပါလိမ့်.... (သေခါနီးဖြစ်ဘို့ လုပ်တာပါဘုရား)။

အဲဒီတော့ အခု တကာတကာမတွေဟာ အခု ဇာတိ လက်ထဲမှာ နေကြသလား၊ ဇရာလက်ထဲမှာ နေကြသလားလို့ ဆိုတာကိုလဲ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတော့ ပေါ်ပါလိမ့်မယ်.. (ပေါ်ပါတယ်ဘုရား) ဘယ်အထဲ ရောက်နေသလဲ... (ဇရာလက်ထဲ ရောက်နေပါတယ်ဘုရား) ဇရာပိ ဘာတဲ့လဲ.... (ဒုက္ခသစ္စံပါဘုရား)။

ဩော်... တခါ သစ္စအနက် တဆဲ့ခြောက်ချက်ထဲမှာ ပဌမဆုံး ၁-နံပါတ် ဒုက္ခသစ္စာဆိုတာတော့ သိပါပြီဘုရား၊ သူရိုက်နှက်ပြီးသကာလ အရေတွန့်အောင် သွားကျိုးအောင် ဆံဖြူးအောင် ငယ်မူပျောက်အောင် ဒါ.... ဇရာ၏ ကိစ္စဘဲဆိုတော့

သူ... ဘယ်လိုမျှား လုပ်တတ်ပါလိမ့်မတုံးဆိုတော့ ပိဋ္ဌနဌောကို မမေ.နဲ့....(မှန်ပါ)။

တကာတကာမတွေ ဘာမမေ.နဲ့.တဲ့လဲ... (ပိဋ္ဌနဌောမမေ.နဲ့ ပါဘုရား) ပိဋ္ဌနဌော= ညာဘာမဖက် အမြဲနိုပ်စက်တယ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ညာတာမဖက် အမြဲနိုပ်စက်တယ်ဆိုခဲတော့ ဘုန်းတော်အနန္တ ညာဏ်တော်အနန္တ ကံတော်အနန္တ ကိုယ်တော်ကြီးကိုဘောင်မှု အရေတွန့်အောင် ခါးနာအောင် တကာတကာမတို့ မလုပ်ဘူးလား ... (လုပ်ပါတယ်ဘုရား)။

ဘယ်သူ့ကိစ္စပါလိမ့် ... (ဇရာ၏ကိစ္စပါဘုရား) ဇရာကိစ္စ ဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဇရာ့ လက်တွင်းမှာဘဲ အခု တကာတကာမတွေ ရောက်နေကြတယ်....(မှန်ပါ) အခု ဘယ်သူ့လက်တွင်းရောက်နေသလဲ....(ဇရာ့လက်တွင်း ရောက်နေပါတယ်ဘုရား)။

ဇရာ့လက်တွင်း ရောက်နေတော့ကိုတဲ့ ဖိးကာ,လိမ်းကာ,ဖြူဖြင်ကာနဲ့.နေငြားသော်လဲ ရင့်ရော်မှုကြီးကနောက်ဆုတ်သလား ရှေ့.တိုးသလား....(ရှေ့.တိုးပါတယ်ဘုရား) ဘယ်သူ့ကိစ္စပါလိမ့် (ဇရာ၏ကိစ္စပါဘုရား)။

ဇရာ့ကိစ္စနော်....(မှန်ပါ) သူသည်ကားလို့.ဆိုယင်ဖြင့် ဘယ်လို လုပ်တတ်ပါလိမ့်မတုံးလို့ မေးယင် ကိုဗေဒါ ဖြေစမ်းပါ... (အမြဲနိုပ်စက်ပါတယ်ဘုရား) ပိဋ္ဌနဌော မမေ.နဲ့... (မှန်ပါ)။

ဇရာဆုတောင်းထားတဲ့ပုဂ္ဂိုလ်ကို လူဖြစ်ရပါလို၏ ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်မှ နှိပ်စက်တာ... (မှန်ပါ့) နတ်ဖြစ်ရပါလို၏လို့ ဆုတောင်းပြည့်တဲ့ ပုဂ္ဂိုလ်မှ.... (နှိပ်စက်ပါတယ်ဘုရား) ဗြဟ္မာဖြစ်ရပါလို၏....လို့ ဆုတောင်းပြည့်တဲ့ပုဂ္ဂိုလ်မှ ... (နှိပ်စက်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေ သူ နှိပ်စက်သားတဲ့ ဒဏ်ချက်တွေဖြင့် ခန္ဓာကိုယ်ထဲမှာ သွားကျိုး,ဆံဖြူ။ ငယ်မူတွေပျောက်တာသည် သူ့လက်ချက်ဘဲ.... (မှန်ပါ့) မဆိုနှိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် လူပျိုကလေးဖြစ်လာတာလား- သေခါနီး ဖြစ်လာတာလား အကဲခတ်ပါ— (သေခါနီး ဖြစ်လာတာပါဘုရား) အပျိုကလေးဖြစ်လာတာလား၊ သေခါနီးဖြစ်လာတာလား အကဲခတ်ပါဦး.— (သေခါနီးဖြစ်လာတာပါဘုရား)။

အဲဒါ—ခင်ဗျားတို့က လောကကြီး သူများပြောသံကြားနဲ့ သြော်— လူလားမြောက်လို့ ဝမ်းသာလိုက်တာ၊ ခင်ဗျားတို့ကသာ ဝမ်းသာတာ ဟိုမှာမသက်သာဘူး.... (မှန်ပါ့) သက်သာပါ့မလား.—(မသက်သာပါဘုရား)။

မသက်သာဘူးတဲ့ ဇရာကနှိပ်စက်တယ်တဲ့၊ ဒါ့ကြောင့် ဇရာသည်ကားလို့ ဆိုလို့ ရှိယင်လဲ ပိဋ္ဌနဋ္ဌော.... (မှန်ပါ့) ညှာတာမဖက် အမြဲနှိပ်စက်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

မြော်.... အခု တကာတကာမတွေ ဘယ်သူ့လက်တွင်းမှာ အရောက်ကြီးရောက်နေပါလိမ့်.... (ဇရာလက်တွင်းမှာ အရောက်ကြီး ရောက်နေပါတယ်ဘုရား)။

အင်း....သူ့တာဝန်ကလဲ မင်းကဘ ဟိုဘဝကနေပြီးသကာလ ဒီဘဝကောင်းတယ်လို့ မင်းကဟောပြီး ဆဲခဲ့ကွ ဇာတိရ၊ ထောက်တဲ့နေရာမှာ ရိုက်ဘို့နှက်ဘို့ ထောင်းထောင်း ကျောအောင်နှိပ်စက်ဘို့တာဝန်ကဖတာ့ ငါ့တာဝန်ဆိုပြီး ထားလိုက်တော့ အခု ဇာတိက သူ့ကိစ္စပြီးလို့ ထိုးအပ်လိုက်တော့ ဇရာလက်တွင်းမှာ တကာ တကာမတွေ့ လူချင်းမတူ သူချင်းမမျှ ဖြစ်ရတယ် ... (မှန်ပါ့)။

ဦးဘစောလေး လူချင်းတူသေးရဲ့လား....(မတူပါဘုရား) လူချင်းမတူ သူချင်းမမျှ ဖြစ်ရတဲ့ကိစ္စဟာ ဘယ်သူလုပ်လိုက်တဲ့ကိစ္စပါလိမ့်....(ဇရာလုပ်လိုက်တဲ့ကိစ္စပါဘုရား)။

ဇရာလုပ်လိုက်တဲ့ကိစ္စ သိပ်ကြောက်စရာ ကောင်းပါကလား (ကောင်းပါတယ်ဘုရား)။

သူ့မှာဘယ်သတ္တိရှိသင့်တုံးလို့ မေးတော့မှ ဘယ်နှယ်တုံး (ပိဋ္ဌနဋ္ဌောပါဘုရား) ပိဋ္ဌနဋ္ဌော မြန်မာလိုပြန်ဘော့ ညှာတာမဖက်အမြဲ နှိပ်စက်တယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့် ... (ညှာတာမဖက် အမြဲ နှိပ်စက်ပါတယ်ဘုရား)အေး....ညှာတာမဖက် အမြဲနှိပ်စက်တယ်ဆိုတဲ့ ဒုက္ခသစ္စာအနက်တဆဲ့ခြောက်ချက်မှာ ဒါပါလာတယ်... ဆိုတဲ့ဥစ္စာ ရှင်းသွားပြီနော်....(ရှင်းပါပြီဘုရား)။

တခါ သူတို့သုံးယောက်က နဂိုရိုက သဘောတူ သံ့သရဲ့ခရီးသည်တယောက် မိုက်တဲ့ သံ့သရဲ့ခရီးသည်တယောက်ကိုသတ်ဘို့ ဖြတ်ဘို့ရာလဲ ဘယ်သူဆီ အပ်ရမှာတုံး မေးတဲ့အခါကျလို့ ရှိယင်

ဇရာက ထောင်းထောင်းကျအောင် ရိုက်နှက်ထားလို့ သူထူ
ငါထူမှု ထ, နိုင်တဲ့အခြေအနေ တောင်ဝှေးဘဲ ကိုးစားရာရှိတဲ့
အခြေအနေ၊ မျက်မှန်ဘဲ ကိုးစားရာရှိတဲ့ အခြေအနေ လက်ရမ်း
တွေ့ ကိုင်တက်ရတဲ့အခြေအနေ ဒါဟာ ဇရာ့ကိစ္စ အခြေအနေ
ဘဲ....(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီဘုရား)။

ကျုပ်တို့ အရင်လို မဟုတ်တော့ဘူး ဆိုတဲ့ဥစ္စာများ တကာ
တကာမတွေ့ သေချာကြပလား—(သေချာပါပြီဘုရား)။

ဘယ်နှယ်ကြောင့် အရင်လို မဟုတ်ပါလိမ့်မတုံးလို့ မေး
လို့ ရှိယင်ဖြင့် ဇရာ လက်ချက်ပါဘုရား၊ ဆိုနိုင်ကြရဲ့လား ....
(ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်သူ့လက်ချက်တုံး.... (ဇရာလက်ချက်ပါဘုရား) ဇရာ
လက်ချက်ဆိုတာ ရှင်းကြပလား....(ရှင်းပါပြီ)။

သူ့ကိစ္စကလဲ ထောင်းထောင်းကျအောင် ရိုက်မှုန့်က်မှုကိစ္စ
ဟာ သူ့ကိစ္စ ဆိုတာ တကာဘကာမတွေ့မနေ့ကပြောခဲ့တယ်နော်
(မှန်ပါ့)။

သူ့ကိစ္စပြီးတော့ သူကလဲ သူတော်ကောင်းဘဲလား၊ ဘယ်
သူ့ဆီများထိုးအပ်မယ်ထင်ကြသတုံး... (မရဏဆီထိုးအပ်ပါမယ်
ဘုရား)။

ဩော်....ခေါင်းဖြတ် အသက်သတ်ပြီးသကာလ အင်မတန်
ဆိုးဝါးတဲ့ မရဏဆီကို ထိုးအပ်လိုက်တော့ မရဏဆိုတဲ့တရားက
လဲတဲ့၊ တကာဘကာမတို့သိတဲ့အတိုင်း "စုတိ စဝနတာ ဘေဒေါ
အန္တရဓာနံ မစ္စု မရဏ ကာလုံကိုရိယာ ခန္ဓာနံဘေဒေါ

ကဋ္ဌေဝရဿ နိုက္ခေပါ....” ဆိုပြီးသသာလ တကာတကာမတို့ သတိပဋ္ဌာန သံယုတ်များမှာပဏ္ဏာသတွေ့မှာ တကာတကာမတွေ့သူ့အတွက်က တခုမှ အကောင်းမပါပါဘူး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုတကာတကာမတွေ အပ်မည့် ဆဲဆဲပါကလား - (မှန်ပါ့)။

မရဏဆီကို... (အပ်မည့်ဆဲဆဲပါဘုရား) အပ်မည့်ဆဲဆဲမှာ ခင်ဗျားတို့ အရောင်းကလေးနဲ့ အဝယ်ကလေးနဲ့ အပြောကလေးနဲ့ အဆိုကလေးနဲ့ ဖိုးကာလိမ်းကာနဲ့ ဘာလုပ်ကြတာတုံး မေးတဲ့ အခါကျတော့ ဘုရား... မနေ့က ပြောခဲ့သလိုဘဲ မှုဆလမန် နွားသတ်တော့မယ်ဆိုတော့ နွား သနပ်ခါးတွေနဲ့ ခေါင်းမှာ ပန်းတွေနဲ့ ပန်ပြီးသကာလ ချစ်လှစွဲသောနွားကလေး ဘဝကူးပေးရမယ်ဆိုတဲ့ အသွားမျိုးလို တကာတကာမတွေ အခုလုပ်နေတဲ့အခြေအနေဟာဘဝကူးကာနီး ပြင်ဆင်နေတဲ့အဓိပ္ပါယ်မျိုးမပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဦးဘကလေး မပါဘူးလား... (ပါ-ပါတယ်ဘုရား)။

အေး.... ဒါကြောင့် သေခါနီးပျော် မလုပ်ပါနဲ့ဆိုတဲ့စကား ဟာ မနေ့က ပြောခဲ့တယ် ... (မှန်ပါ့) သဘောကျကြပလား.... (ကျပါတယ်ဘုရား)သေခါနီးပျော် မလုပ်ပါနဲ့။

ဘယ်လိုမှာပါလိမ့် (သေခါနီးပျော် မလုပ်ပါနဲ့ဘုရား) သေခါနီးပျော် မလုပ်ကြပါနဲ့ဆိုတာ ဒါကြောင့် မနေ့ကလေ့ မှာလိုက်တယ်၊ တကာတကာမတို့ အိမ်မှာ ပြုံးမိလို့ ရှိယင်ဖြင့် ဇရာ့လက်တွင်းမှာပြုံးတာဟာ ဇရာပို့ ဒုက္ခသစ္စာကို နည်းနည်းမှ

ပြန်မကြည့်တတ်တာနဲ့ သစ္စာမမြင်တာနဲ့. မောင်နှိုင် ပြုံးမိတာ (မှန်ပါ့)သဘောကျပလား....(ကျပါတယ်ဘုရား)။

ကောင်းပြီ ဒီအပြုံးဟာ အပြုံးမှန်ဘဲလားတဲ့၊ မမြင်လို့ပြုံးတာလား....(မမြင်လို့ပြုံးတာပါဘုရား)။

ဟာ....မမြင်တာ အဝိဇ္ဇာဘဲ.... ပြုံးတာတဏှာဘဲ.... (မှန်ပါ့ဘုရား)။

မမြင်တာကြောင့်... (အဝိဇ္ဇာပါဘုရား)ပြုံးတာက .... (တဏှာပါဘုရား)။

သြော်... ဒါဖြင့် တကာတကာမတွေ့ အကန်းပြုံးနေပါကလား....(မှန်ပါ့)တဏှာကတော့ ရူးတယ်နော်....(မှန်ပါ့) အဝိဇ္ဇာက ကန်းတယ်။

အဝိဇ္ဇာက .... (ကန်းပါတယ်ဘုရား) တဏှာကတော့ ... (ရူးပါတယ်ဘုရား)။

သြော်.... ဒါဖြင့် အကန်းရူးကလေး ပြုံးနေပါကလား ... (မှန်ပါ့ဘုရား)။

အခု ဆောင်းဝယ်ဖေါက်ကားပြီး ပြုံးနေကြတာ အမြတ်ကလေး အစွန်းကလေးရလို့ ပြုံးနေကြတာများ ဘယ်သူပြုံးနေကြတာပါလိမ့် တကာတကာမတို့ .... (အကန်းရူးပြုံးတာပါဘုရား)။

အကန်းရူးကလေးပြုံးတာ၊ အကန်းဆိုးဘာက ဇရာကိုမမြင်တာ....(မှန်ပါ့)ရူးတာက တဏှာက ချောထားတာနဲ့. တဏှာ့အလိုလိုက်ပြီးသကာလ ပြုံးကြ .... ဆောင်းကြ .... ဝယ်ကြ ...

နဲ့ နေကြတာတွေသည်ကားလို့ဆိုလို့ရှိယင် ရှုးတာ....(မှန်ပါ့) ကိလေသာရှုးကိုး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ဟာကာတကာမတွေ ပြုံးမည့်ကြံလို့ရှိယင် ဖြင့် ကိုယ့်ကိုယ်ကိုစဉ်းစားတော့ မင်းသစ္စာမမြင်တာက အဝိဇ္ဇာကွ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြုံးပြီးသကာလနေတာက ကိလေသာက အရှုးခိုင်းလို့ရှုးတာကွ ...(မှန်ပါ့)။

အကန်းကလေး ရှုးနေတယ်ဆိုဘော့ မောင်နိုင်,ရေ....ဘုရား အဆူဆူပွင့်လို့ ကျတော်ဘို့ရာမမြင်ဘူး (မှန်ပါ့)။

ကန်းလည်းကန်းပြန်...(ရှုးလည်းရှုးပါတယ်ဘုရား) သဘော ပါကြလား....(ပါပါတယ်ဘုရား)။

ကန်းလည်းကန်းပြန် (ရှုးလည်းရှုးပါတယ်ဘုရား)။

တကာတကာမတို့ နာစရာလား၊ ဖြစ်စဉ်ကိုက်လား.... (ဖြစ်စဉ်ကိုက်ပါဘုရား) ဖြစ်စဉ်ကိုက်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

အဲဒီလောက် ခင်ဗျားတို့သစ္စာမသိလို့ဆရာဘုန်းကြီးကဖေါ်ပြီးသကာလ သြော် ငါတို့ ပြုံးချိန်လဲမဟုတ်ဘူး၊ ဒီ-ဇရာသက်တုံးက လုတ်ကင်းဘို့မှာသာ ကြံချိန်, ဖန်ချိန်ပါလား ဆိုတာ ပြောင်းပါတယ်...(မှန်ပါ့)။

မရဏာလက်တုံး ထိုးအပ်ခတော့မယ်ဆိုတော့ကို ဘယ်သူတားလို့ ဆီးလို့ ရသေးသတုံး...(မရပါဘုရား)။

အကုန်ဆရာဝန်တွေ့ လက်လှတ်၊ ဆွေမျိုးညာတကာတွေ့ကော (လက်လှတ်ပါတယ်ဘုရား) အကုန်ရင်ထုပြီး မှိုင်တွေ့ချပြီး သကာလ မရဖတ်ဘူးဆိုတာ တခါတည်း အကုန်ဝိုင်းပြောတယ် (မှန်ပါ့) မပြောဘူးလား... (ပြောပါတယ်ဘုရား)။

အဲဒါ... ဇရာက ဘယ်သူ့အပ်တော့မယ်ဆိုတော့လဲ....(မရဏာ အပ်တော့မယ်ဆိုတော့ပါဘုရား)။

မရဏာ အပ်တော့မယ်ဆိုတော့ တခါတည်း ဆွေမျိုးတွေ့လဲ မှိုင်လာကြတယ်၊ အနီးနားကဆေးတွေ့ဘာတွေ့လဲ လှုံ့ဖော်ချင်တဲ့ စိတ် တခါတည်း ပေါ်လာတယ်....(မှန်ပါ့)မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

အင်း.... ဘယ်သူက ထိုးအပ်မယ်လို့ စိတ်ကူးလို့ ဒီကပုဂ္ဂိုလ်တွေ့ ဒီလောက်စိတ်ဆိုးကြပါလိမ့်မတုံး· (ဇရာက မရဏာ ထိုးအပ်မလို့ပါဘုရား)။

ဇရာက ထိုးအပ်တော့မယ်ဆိုတော့ ဆွေမျိုးညာတကာတွေ့လဲ တခါတည်း မျက်စိသူငယ်ဖြစ်ပြီးသကာလ အသံကုန် ဟစ်ကြော်မည့် အသွားတွေ့ အကုန်လာတော့တာဘဲ.... (မှန်ပါ့) မလာသေးဘူးလား... (လာပါတယ်ဘုရား)။

ဒီလိုမျိုး ဖြစ်လိမ့်မယ်မထင်ဘူး....တဲ့၊ အံ့မာလေး· ဒီလိုဖြစ်အောင် ဆုတောင်းထားပြီးမှ ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး·တဲ့.... (မှန်ပါ့) ဘယ်နှယ်ပြောကြတာပါလိမ့်၊ အို.... ဦးဘအုန်းကြီးပြုံးမနေနဲ့ ပြောစမ်းပါဦး၊ ရှုပုံဘုရား၊ နဂိုရှိရှုးခဲ့ပုံက ပြင်းထန်လွန်းလို့၊ နဂိုရှိ ကန်းတဲ့ပုံကကော.... (ပြင်းထန်လွန်းလို့ပါဘုရား)။

ပြင်းထန်လွန်းလို့ဆိုတာ ခင်ဗျားတို့ ဘုန်းကြီး ပြောတာကဘဲ ကြီးသလား .. ၊ ကိုယ်ကန်းဘာနဲ့ ကိုယ်ရူးတာကဘဲ ကြီးသလားဆိုတာလဲ အကဲခတ်ကြည့်စမ်း.... (ကိုယ်ကန်းတာနဲ့ ကိုယ်ရူးတာက ကြီးပါတယ်ဘုရား)ပေါ်ကြရဲ့လား... (ပေါ်ပါတယ်ဘုရား) တယ်လဲ ဆိုးပါကလား... (မှန်ပါ့)။

သစ္စာမသိမှု ဘယ်လောက်ထိအောင် ဆိုးဝါးတယ် ဆိုတာ တကာတကာမတို့ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးက မနေ့က ဒီနေရာမှာဘဲ စကားထား ပစ်ခဲ့တယ်၊ ကဲ.... မင်းတို့ ဇာတ်လက်တွင်းမှာ ထောင်းထုထားတာ ထိုက်တန်သလောက်တော့ ကျေကုန်ပြီကွာ၊ မရဏဆိုတဲ့ လူသတ်ယောကျ်ား လက်တော့ မအပ်ခင်ကလေး လမ်းခဲ့ရှာပါ။

မအပ်ခင်ကလေး ဘာတဲ့... (လမ်းခဲ့ရှာရမှာပါဘုရား)။

ဒါဖြင့် အခုတရားနာတာ ဘာလုပ်ကြတာတုံး.... (လမ်းခဲ့ရှာတာပါဘုရား)။

တော်သေးတယ်- တော်သေးတယ် ခင်ဗျားတို့နော်.... တော်သေးတယ်....တဲ့၊ လမ်းခဲ့ရှာမည့်စိတ်ကလေး ပေါ်ပေါက်လာလို့ လမ်းခဲ့ရှာရမည့် အလုပ်ပေးမည့် ဆရာ့ဆီကို ခင်ဗျားတို့က လာပေါ်ရလို့ အင်း ဒီလိုချည့် အိုပြီး ဒီလိုချည့် သေတင်းဝင်ရမယ် ဆိုလို့ရှိယင် မဟုတ်သေးပါဘူး....ဆိုတဲ့ သစ္စာကလေး, အရိပ်ကလေး ထင်လာတယ်... (မှန်ပါ့)။

မောင်နှိုင် သစ္စာရိပ်ကလေး မှုံမှုံမှားမှားကလေး မြင်လာတာနဲ့ တရားနာတယ်_ (မှန်ပါ့) သဘောကျကြရဲ့လား.... (ကျပါတယ်ဘုရား)။

သစ္စာရိပ်ကို.... (မှုံမှုံမှဉ်းမှဉ်းမြင်ပါတယ်) မှုံမှုံမှဉ်းမှဉ်းမြင်သေးတာ၊ တကယ် မြင်တော့လဲ မင်္ဂဆိုက်သွားတယ်....(မှန်ပါ့ဘုရား)။

တကယ်မြင်တော့လဲ မင်္ဂဆိုက်တယ်၊အခုတရားနာတုန်းတော့ မှုံမှုံမှဉ်းမှဉ်းမြင်တာနဲ့ ကိုင်း ဒီ့ဆရာသမားလဲ လာတယ်၊ ဆရာသမားဘဲ အားကိုးရမှာဘဲဆိုပြီးသကာလ မှုံမှုံမှဉ်းမှဉ်းကဒလေးမြင်ကာနဲ့ ဒီလိုချည့်အို၊ ဒီလိုချည့် သေတွင်းဝင်ရမယ်ဆို မဟုတ်သေးပါကလား ဆိုပြီးသကာလ တကာတကာမတို့ အခုတရားနာကြတာနော်... (မှန်ပါ့)။

တရားကောင်းလို့ နာကြတာလား....၊ လမ်းရှာမလို့လာကြတာလား....(လမ်းရှာမလို့ လာကြတာပါဘုရား)။

ဒါ... သေသေချာချာမှတ်ပါ၊ ခင်ဗျားတို့ နဂိုရိုက တရားနာနေကြတယ်....၊ ရှေးက တရားနာနေကြတာက တရားကောင်းသဟေ့၊ သွားနာရအောင်၊ လမ်းရှာမယ်ဆိုတဲ့စိတ် ပါကိုမပါဘူး (မပါ-ပါဘုရား)။

လမ်းရှာမယ်ဆိုတဲ့စိတ် မပါကတည်းကိုက သစ္စာမသိတော့ဘူး....(မှန်ပါ့) သစ္စာသိသေးရဲ့လား....(မသိပါဘုရား)။

'မရဏမွေ ဒုက္ခသစ္စံ' အပ်တော့မှာဘဲဟေ့၊မအပ်ခင်ကလေး လမ်းခွဲရှာရမှာဘဲဟေ့....ဆိုတဲ့ ဒီလို သုတ်သီး သုတ်ပြာဥာဏ်နဲ့ လာတဲ့တရားနာ တော်တော်ရှားတယ်__(ရှားပါတယ်ဘုရား) မရှားဘူးလား....(ရှားပါတယ်ဘုရား)။

အေး ... အခုတော့ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ တောင်ဝှေးဆဲ့ကလဲ ကောင်းပြီးသကာလ မှုံ့မှုံ့မှဉ်းမှဉ်းမြင်ရတဲ့ ပုဂ္ဂိုလ်တွေ့ဆဲ့နေရလို့ ဒီတခါဖြင့်လိုက်ဖြစ်အောင် လိုက်ပါဆိုတာ ကိုဘဲ့ တိုက်တွန်းရတယ်... (မှန်ပါ့)။

ဒါလဲ့ တဲ့တဲ့ကလေးထဲမှာ ဆဲ့ရတာနော်....(မှန်ပါ့)အပ်တော့ မည့်ဆဲ့ဆဲ့....(မှန်ပါ့)။

သေမင်းဆီမှာ... (အပ်တော့မည့်ဆဲ့ဆဲ့ပါဘုရား) အပ်တော့ မည့်ဆဲ့ဆဲ့မှာ လမ်းခွဲကလေးကိုကွာ... ၊ မင်းဆုတောင်းကတော့ ဖြင့် ဒီဘဝတော့ဖြင့် သေမင်းလက်တွင်းက မလွတ်ကင်း ပါဘူး မရဏမွဴ ဒုက္ခသစ္စာက မင့်ကိုပိဋ္ဌနဋ္ဌနဲ့ နှိပ်စက်ဦးမှာဘဲ၊ သို့သော်လဲ နောင် အသေလွတ်တော့ ငါလမ်းခွဲပြမယ်ကွာ... ဆိုပြီးသကာလ တရားဟောရတာ ...(မှန်ပါ့)။

နောင် အသေလွတ်တယ်ဆိုကတည်းက အနေပဋ္ဌိသန္ဓေကော လာသေးရဲ့လား....(မလာတော့ပါဘုရား) အအို ရိုက်နှက်မှုတွေ့ကော... (မလာတော့ပါဘုရား)အသည်းမှုတွေ့ကော....(မလာတော့ပါဘုရား) သူနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင်းကြ ဗျာပါဒ-သောက- ပရိဒေဝတွေ့ကော....(မလာတော့ပါဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့"ဝေ မေတာ ကေဝလ သဒ္ဓါကဋ္ဌန္ဒသနိဏော ဟောတိ"ဆိုပြီးသကာလ ဒုက္ခတွေ့ နိဏော ဓောဖြစ်အောင်လို့ ဆရာဘုန်းကြီးက ခေါင်းဆောင် ပြောနေတာ....(မှန်ပါ့)။

ဘာပြောနေတာတုံး .... (ဒုက္ခနိရောဓော ဖြစ်အောင်လို့ ဆရာဘုန်းကြီးက ခေါင်းဆောင်ပြောနေတာ... (မှန်ပါ့)။

ဘာပြောနေတာတုံး (ဒုက္ခနိရောဓော ဖြစ်အောင်လို့) ဒုက္ခတွေ့ အကုန်နိရောဓော ဖြစ်အောင် ဒုက္ခတွေ့ အကုန်ချုပ်အောင်လို့ ပြောနေပါဘဲ ဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

အဲဒါခြင်္ကာင့် သေသေချာချာ ကိုင်း....ဒို့သည် လမ်းခွဲရှာ ချိန်ဖြင့် ရောက်ပလား.... မရောက်ဘူးလားဆိုတာကို တရားတပ်ဲ့ လုံးဘဲ ဆုံးဖြတ်ချက်ချပါတော့....(ရောက်ပါပြီဘုရား)။

အခု တရားနာကြတာ ဘယ်အကျိုးငှာပါလိမ့်....(လမ်းခွဲရှာ ဘို့ပါဘုရား)။

လမ်းခွဲရှာတဲ့အခါကျလို့ ရှိယင်ဖြင့်... တဲ့ အသေလမ်းရှိယင် မသေလမ်းရှိရမယ်... (မှန်ပါ့)။

အသေလမ်းရှိယင်....(မသေလမ်းရှိရပါမယ်ဘုရား)။

မသေလမ်း ရှိတယ်ဆိုတာ ထင်ရှားပြီးသကာလ နေတော့ တကာတကာမတို့ အစဝန်= စုတေခြင်းမရှိသောဆိုတော့ နိဗ္ဗာန်ဆိုတာ စုတေခြင်းမရှိပါဘူးတဲ့နော်....(မှန်ပါ့)။

နိဗ္ဗာန်ဟာ စုတေခြင်းမရှိဘူးဆိုကတည်းက အဲဒီလို ဘုန်းကြီးက မဂ္ဂင်တရားတွေနဲ့ ပို့လိုက်ပြီ၊ တကာတကာမတွေ့ ကလဲ ဉာဏ်ခြေထောက်တွေနဲ့ သွားလို့ ဉာဏ်မျက်လုံးတွေနဲ့ကြည့်ပြီး သွားကြမယ် ဆိုလို့ရှိယင်ဖြင့် .... တဲ့ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘိက္ခဝေ= ရဟန်းတို့၊ အယံမဂ္ဂေါ= ဤနိဗ္ဗာန်

သို့ ဆောင်သွားတတ်တဲ့ လမ်းသည်ကား....လို့ ဆိုလို့ရှိယင် ကောယနော = တခုတည်းနဲ့ မသေရာ ရောက်လေ့ရှိ၏၊ သတိပဋ္ဌာန် ပါဠိတော်နော်....(မှန်ပါ့) ဘုရားအဆူဆူ မစွန့်တဲ့တရား သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် လမ်းခဲ့ဘယ်အချိန် ရှာကြမှာတုံး.... (ယနေ့ပင် ရှာရပါမယ်ဘုရား)။

နက်ဖြန်ဆိုယင် ဘုန်းကြီးက ဒီအထဲမှာ ဘုန်းကြီးကိုလဲ ဘုန်းကြီးတို့ စိတ်မချရဘူး၊ တကာတကာမတွေကိုလဲ- (စိတ်မချရပါဘုရား)။

နက်ဖြန်မှ မရှာပါနဲ့နော်....(မှန်ပါ့) နက်ဖြန်သဘက်ရှေ့တာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....စဲ့ ရှင်းရှင်းကလေးပြောတော့ သဿတဒိဋ္ဌိက အရှေ့ခိုင်းတာ....(မှန်ပါ့)။

နက်ဖြန် သဘက် ရှေ့တာသည်... (သဿတဒိဋ္ဌိက အရှေ့ခိုင်းတာပါဘုရား)။

သဿတဒိဋ္ဌိက နက်ဖြန်ခိုင်းတယ်၊ သဘက်ခိုင်းတယ်၊ မင်းတော်တော်နဲ့မသေသေးဘူးဆိုတဲ့ သဿတဒိဋ္ဌိ ဝမ်းထဲမှာမပြုတ်တာနဲ့ဘဲ ရက်ရှေ့နေကြတယ်....(မှန်ပါ့) သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

ရက်ရှေ့တဲ့ပုဂ္ဂိုလ်များ ဘာ့ကြောင့်ပါလိမ့်... (သဿတဒိဋ္ဌိမပြုတ်လို့ပါဘုရား)။

သဿတဒိဋ္ဌိရှိနေလို့၊ ဝမ်းထဲမှာ သဿတဒိဋ္ဌိကမပြုတ်သေး၊ သောတာပတ္တိမဂ်ကလဲ မရသေးတော့ သူက အရွှေ့ခိုင်းတယ် ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

စင်စစ်တော့ဖြင့် ဘုန်းကြီးက ရှင်းပြီးပြောပါတယ် နက်ဖြန် မရွှေ့ကြနဲ့ဟော့၊ မင်းတို့ပြုထားတဲ့ အတိတ်ကံတွေကလဲ ရှိနေတာယ်၊ အဲဒီ အတိတ်ကံက အိပ်ရာထဲမှာ နေရင်းဘဲ ကဲ....ကုသိမင်းခန္ဓာတော့ဖြင့် ရုပ်နာမ်တွေကို အဆက်မပေးတော့ဘူးဆိုလို့ ရှိယင် အိပ်ရာကကို မထ့နိုင်ဘူး.... (မှန်ပါ!) ကံကောင်းလို့ အသက်ရှင်နေကြတယ်၊ ဒီကံက တော်ပြီဟော့.... မပေးတော့ဘူး၊ ကံကုန်ပြီဆိုတော့ အိပ်တုန်းက အစောင်းဘဲ၊ နောက်မထနိုင်တဲ့ အခြေအနေ မရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား) ထ့နိုင်ပြန်တော့လဲ သုဉးနိုင်ဘို့အချိန်ကို ကံက အခွင့်မပေးလို့က် ယင်ကော.... (ကံ့ကုန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ အချိန်ဆဲ့မှဟာ သဿတဒိဋ္ဌိက ခင်ဗျားတို့ အကြီးဆုံး ရန်သူဘဲ....(မှန်ပါ!)။

သဿတဒိဋ္ဌိက.... (အကြီးဆုံးရန်သူပါဘုရား) အကြီးဆုံး ရန်သူဘဲဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါ့ကြောင့် သောတာပတ္တိမဂ် မြန်မြန်ရအောင် လုပ်စမ်းပါ ဒိဋ္ဌိနိရောဓေါ နိဗ္ဗာနံ-ဆိုတာ ဘယ်သူ့ဆိုတာပါလိမ့်.... သောတာပတ္တိမဂ်ကို ဆိုတာ....(မှန်ပါ!)။

"ဒိဋ္ဌိနိရောဓေါ နိဗ္ဗာနံ" ဆိုတာ ဘယ်သူ့ ဆိုတာပါလိမ့်... (●သောတာပတ္တိမဂ်ကို ဆိုတာပါဘုရား)။

အဲ .... သူပြုတ်မှသာလျှင် ယနေ့လား .... နက်ဖြန်လား ... မြန်မြန်လုပ်မှဘဲဆိုတဲ့ စိတ်ဟာ သွက်လာတယ်.. (မှန်ပ!) သူမ ပြုတ်သေးယင် ရက်ရွှေ့နေတယ်....(မှန်ပ!)။

သဿတဒီဋ္ဌိ မပြုတ်ယင်....(ရက်ရွှေ့နေပါတယ်ဘုရား)။

ဆဲဒီတော့ ! ကိုယ့်.ကိုယ်လဲ စဉ်းစားပါ၊ ရက်ရွှေ့ပြီးနေတဲ့ ပုဂ္ဂိုလ်များ ငါကရွှေ့တာလား၊ ဒီဋ္ဌိက ရွှေ့တာလားဆိုတာ.... (ဒိဋ္ဌိက ရွှေ့တာပါဘုရား)။

တခါတလေကျတော့ ဒိဋ္ဌိကလဲတဏှာနဲ့တွဲပြီးသကာလ အို.... ခဇလေးက နေမခကောင်းသေးလို့....ဟုတ်လာ၊ ခလေးကလေးက ဆထိန်းအကျောင်း ခက်နေသေးလို့ဆိုပြီး ဆိုင်းများနေလိုက်တဲ့ အခါကျတော့ တဏှာကနေပြီး ကန့်ကွက်တဲ့အခါ ပါသေးတယ် (မှန်ပ!)။

ဒိဋ္ဌိက ကန့်ကွက်လိုက်- တဏှာက ကန့်ကွက်လိုက်နဲ့နော်.... (မှန်ပ!) စီးပွားရေးဆိုတဲ့ တဏှာကလဲ တခါတည်းကန့်ကွက်ပြီး သကာလ ထားလိုက်တော့ နက်ဖြန်သေမှာဘာင်မှ ဒီနေ့စာရင်း အင်းတွေ လုပ်တုန်းဘဲ ရှိသေးတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးကော စကာတကာမတွေ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဒီတကာဘကာမတွေ၌တဲ့ အမြန်ဆုံးလုပ်မှဘဲ အသေ လွတ်မယ်ဆိုတာကော ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒါဖြင့် လမ်းခဲ့သည် ဘယ်ကြားမှာ ရှိပါလိမ့်မတုံးဘုရားလို့ မေးတော့ ဇာတက မရဏမအပ်ခင် ကြားကလေးထဲ ခဲ့ရမယ် .... (မှန်ပ!)။

ဇရုက... (မရဏမအပ်ခင်ကြားကလေးထဲခဲ့ရပါမယ်ဘုရား) ကြားကလေးထဲ ခဲ့ရမယ်နော်... (မှန်ပါ့) အဲဒီ ကြားကလေးထဲမှာဘဲ ခင်ဗျားတို့ ဘုန်းကြီးမြင်တော့တာဘဲ၊ အပ်လိုက်ယင်လဲ မသွားနိုင်တော့ဘူး....(မှန်ပါ့)။

အခု သွားရမှာတောင်မှ ဇရာကထောင်းထု ထားလို့ တော်တော် ကျေမှနေတဲ့ အထဲမှာ နဲ့နဲ့ဘဲသွားနိုင်တယ်... (မှန်ပါ့) တကာတကာမတို့ သွက်သွက်ကြီး သွားနိုင်သေးရဲ့လား ... (မသွားနိုင်ပါဘုရား)။

ဆင်း....ဘယ်လိုမျှား သွားရမှာပါလိမ့် .... (နဲ့နဲ့သွားရမှာပါဘုရား)။

နဲ့နဲ့သွားရတာကိုတောင်မှ တကာတကာမတွေကလဲ ဖြေးချင်သေးတယ်ဆိုယင် တော့ဖြင့် ဟပ်ထိုးလဲပြီး သေပဲ့ဝင်ပါလိမ့်မယ်....(မှန်ပါ့)သိပ်ခြောက်စရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား)သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် ဒီဘကာတကာမတွေ အေးစက်စက်နဲ့ဖြင့် ဒို့ဟာ မတော်ပါဘူး၊ အရှုးအကန်းလုပ်နေလို့ တော့ဖြင့် လုံးဝမတော်တော့ ပါဘူးဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချ.... (မှန်ပါဘုရား)။

ဘာလုပ်နေလို့ မတော်ပါလိမ့်.... (အရှုးအကန်းလုပ်နေလို့ မတော်ပါဘုရား)။

အရှုးအကန်း လုပ်နေလို့တော့ လုံးဝမတော်တော့ဘူး၊ အရှုးလဲဖြစ်ပြန်၊ ကန်းလဲ ကန်းပြန်ဆိုတော့ ဒီဟာတွေ ဖြုတ်ပြီး

သကာလ အခုဆရာဘုန်းကြီးက သစ္စာပြောနေတော့ အင်း... ဇရာကလဲ နှိပ်စက်နေတာ ဒုက္ခသစ္စာသိပြီကွာ၊ မင်းအဟုတ်ရှိက် လို့ အဟုတ်မထနိုင်ဘဲ တောင်ဝှေးထောက်ရတဲ့ အခါကျလို့ ရှိယင် ငါဒီအလယ်လမ်းတောင် သွားနိုင်တော့မှာ မဟုတ်တော့ ပါဘူး၊ မင့်ကိုသိပြီ. မင့်အကြောင်းလဲ ကောင်းကောင်းသိပြီ ကွ၊ မင်းကလဲ သူတော်ကောင်းမဟုတ်ဘူး၊ မရဏဆိုတဲ့ ခေါင်း ဖြတ် အသက်သတ်မည့်ဆီ ထိုးအပ်တော့မယ်ဆိုတာ ငါသိတယ်. ဆိုတော့ မရဏဒုက္ခသစ္စာလဲ သူသိတယ်...(မှန်ပါ့)။

ဇရာရိုက်ထားတာကော ... (သိပါတယ်ဘုရား) ဇာတိက အချောင်တရားဟောပြီး သကာလ ချွေ့မော့ပြီး ခေါ်လာတာ ကော - (သိပါတယ်ဘုရား)။

သိတော့ မင်းတို့သုံးယောက်ကို နောင်ကို ငါးဘယ်တော့မှ မပေါင်းတော့ဘူးဆိုတဲ့ ဉာဏ်ကိုဖြင့် ယနေ့ရအောင်ယူပါ .... (မှန်ပါ့)။

ပေါင်းကောင်းဘဲ့လူပါရဲ့ လား(မပါ.ပါဘုရား) ဇာတိကော (မပေါင်းကောင်းပါဘုရား) ဇရာကော... (မပေါင်းကောင်းပါ ဘုရား)မရဏကော....(မပေါင်းကောင်းပါဘုရား)။

ဘာဖြစ်လို့ မပေါင်းကောင်းသတုံးဆိုတော့ တယောက်က ချောင်းဖျားခေါ်၊ တယောက်က ရိုက်နှက်၊ တယောက်က သတ် ဆိုတော့ ဘယ်သူ့ကို မိတ်ဆွေလုပ်ကြမလဲ .... (ဘယ်သူ့မှလုပ် စရာမရှိပါဘုရား)။

ဘယ်သူ့မှ မိတ်ဆွေလုပ်စရာမရှိဘူး ဆိုတာ တကာတကာမ တွေ့ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါ့ကြောင့်တဲ့ တကာတကာမတွေ သူများက ညည်းတို့ ငယ်ပါသေးတယ်၊ မင်းတို့ ငယ်ပါသေးတယ်- ဆိုတာဟာ သစ္စာမသိတဲ့လူက ပြောတာ....(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

မင်းတို့ အခုအချိန်ကွာ ငယ်တုန်းစိုးပဲ့ဝးပေါ့၊ ကြီးမှပညာပေါ်ကွာတဲ့၊ အံမာလေး... သစ္စာမသိတဲ့လူက ပြောတော့ ဟုတ်ထင်ပါရဲ့လို့ လိုက်လိုက်လို့ရှိယင်တော့ ငါးပါးမှောက်ပါပြီ (မှန်ပါ့)။

ဟုတ်ထင်ပါရဲ့ လိုက်လိုက်ယင်... (ငါးပါးမှောက်ပါပြီ) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း... ဒါဖြင့် လမ်းခဲ့ ဘယ်နေရာနဲ့ ဘယ်နေရာ ကြံဳးတဲ့မောင်နိုင်....(ဇရာနဲ့ မရဏကြားပါဘုရား)။

ဇရာနဲ့-မရဏကြားကို သွားကြပါ့စို့.... (မှန်ပါ့) မသေရာလမ်းကို ဒီကနေရှာရမှာဘဲ....(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ဇရာနဲ့ မရဏာကြားမှာ လမ်းခဲ့ကိုဆရာဘုန်းကြီး ပြတော့မယ်၊သဘောကျပလား....(ကျပါပြီ) ဇရာနဲ့ မရဏကြားမှာ.... (လမ်းခဲ့ပါတော့မယ်)။

လမ်းခဲ့ကို ပြပါတော့မယ်ဆိုတော့ ဒါ ငါတို့ဖြင့် မသွားမဖြစ်တဲ့ကိစ္စမို့ ပြလဲပြတဲ့လူ ရှိပါလျက်သားနဲ့ မသွားလို့ရှိယင်ဖြင့် ငါသေခြင်းဆိုးသေဘို့ အကြိမ်ကြိမ်ကို ငါသည်ပင်လျှင် ကြုံက်တဲ့ပုဂ္ဂိုလ် တဦးတယောက်ဘဲဆိုတော့ အမိုက်တွင်း

နက်လှချေကလားလို့ ကိုယ့် ကိုယ်ကိုကိုယ်လဲ မြည်ပေးပါ(မှန်ပါ့) မိုက်တွင်းသိပ်နက်တယ်လို့ ဓနဉ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း..ဒါဖြင့် လမ်းပြမည့်လူကော တွေ့ပါပလား...(တွေ့ပါပြီဘုရား) သွားမည့်လူတွေလဲ နှေးနှေးသွားမှ တော်မလား...၊ မြန်မြန်သွားမှ တော်မလား ... (မြန်မြန်သွားမှ တော်ပါမယ်ဘုရား)။

မြန်မြန်သွားမှ တော်မယ်၊ ရိုက်တာကလဲ အတော် နာနေတယ်....(မှန်ပါ့) အပ်ရုံကလေး ကျန်တော့တဲ့ အတွင်း မအပ်ခင် မြန်မြန် ကိုယ့် လမ်းခွဲရှာရမှာ .. (မှန်ပါ့ဘုရား)။

တကာတကာမတို့ ပြောစေချင်လို့ ပြောတာလားတဲ့ ....၊ တရားသဘောကိုက အမှန်ဖြစ်နေတာလား....(တရားသဘောကိုက အမှန်ဖြစ်နေတာပါဘုရား)။

တနေ့က ဒီလာတဲ့ စစ်ပိုလ်တယောက် မောင်နှိုင် ကြားလိုက်မှာပေါ့....(မှန်ပါ့) ရန်ကုန်ဆောက်ပြီး ဘာဖြစ်သတဲ့တုံး...(သေသွားပါတယ်ဘုရား)။

နှလုံးရောဂါနဲ့ သေတယ်၊ ခင်ဗျားတို့ကော နှလုံးများရှိကြသေးရဲ့လား....(ရှိပါတယ်ဘုရား) အင်း....သေလိမ့်မယ်၊ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

အဲဒီတော့ နှလုံးရှိယင် နှလုံးရောဂါနဲ့ သေမယ်၊ အဆုပ်ရှိယင်....(အဆုပ်ရောဂါနဲ့ သေပါမယ်ဘုရား)။

သြော်....ဒါတွေဟာ ရောဂတော ဆိုတဲ့အတိုင်း ဒီဥစ္စာတွေ ဟာဖြင့် သေစရာ လက်နက်တွေ သေမင်းတွေဘဲ ဆိုတော့.... ဒါကြောင့် ရာဓရဟန်းကို ဟောတဲ့အခါကျတော့ ရူပေမာရော၊ ရာဓ=ရာဓရဟန်း၊ ရူပေ=ရုပ်တရားသည်၊ (ဝါ) နှလုံးတို့, အဆုပ်တို့သည် မာရော=သူသတ်ယောကျ်ားက၊ ဒီလိုဟောထားတယ်.... (မှန်ပါ့) ဟုတ်ကော မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒါတွေကြည့်တော့ ကိုယ့်အထဲမှာလဲ သူသတ်ယောကျ်းတွေ အပြည့်ပုံပြီးသကာလ နေတော့ ဒီအထဲက ခါးငါးစင်းဆိုတဲ့ ခန္ဓာငါးပါးက ဂုတ်ပေါ် ဝဲပါလျက်သားနဲ့ တကာတကာမတွေက ပြုံးချိန်မဟုတ်ဘဲနဲ့ ပြုံးတော့ကို သြော်-ငါတို့ မသိတဲ့အထဲ နေမိလို့ ပြုံးမိတာဘဲဟေ့....(မှန်ပါ့)။

သစ္စာမသိတဲ့ ပုဂ္ဂိုလ်တွေထဲ နေမိတဲ့အတွက် မေ့မိတဲ့အတွက် ဘာဖြစ်ကြသလဲ....(ပြုံးမိပါတယ်ဘုရား) ပြုံးနေကြတယ်ဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် လမ်းခဲ့ဘဲ့ မပြလို့ ရှိယင် မောင်နိုင်....မတော်တော့ဘူး....(မတော်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

လမ်းခဲ့မပြယင်....(မတော်ပါဘုရား) တော်ကို့မတော်ဘူး ဆိုတာ မောင်မြင့်တို့ သေချာပလား...(သေချာပါပြီဘုရား)။

ဟေ့....မောင်အောင်ချိုတို့ လဲမ်းခဲ့ သိပလားကွ....(မှန်ပါ့) ဘယ်နဲ့ ဘယ်ကြားပါလိမ့်....(ဇရာနဲ့ မရဏကြားပါဘုရား)။

ဇရာနဲ့ မရဏကြား သွားရမယ်၊ ဒါတောင် အရိုက်အနှက် ခံရင်း သွားရမှာနော်...(မှန်ပါ့)။

အရိုက်အနှက်ခံရင်း သွားရမှာ တကာတကာမတို့...၊ လွတ်လွတ်လပ်လပ်ဘဲလား...၊ အကြပ်အတည်းထဲ သွားရမှာလား.... (အကြပ်အတည်းထဲ သွားရမှာပါဘုရား)အကြပ်အတည်းထဲသွားရမှာဆိုတာ အင်မတန် သေချာပါတယ်....(သေချာပါတယ်ဘုရား)။

ဒါကြောင့် ဦးဘအုန်းကြီးတို့ မပြောနဲ့တော့နော်..(မှန်ပါ့)ပြောလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

မတော်ဘူး၊ အတင်းကိုသွားပြီး လုပ်မှာဘဲဆိုတော့ တကာတကာမတို့ အတင်းသွားကြပါဆိုတာ ပြောရမယ်နော်..(မှန်ပါ့ဘုရား)။

သွားဆိုတဲ့ ဥစ္စာသည် ခြေလျင်သွားလို့ တကာတကာမတို့လေယာဉ်နဲ့သွားလို့, မော်တော်နဲ့သွားလို့ ဟုတ်လား မလွတ်ပါဘူး၊ မလွတ်ပါဘူး....(မှန်ပါ့)။

မော်တော်နဲ့သွားလို့ မော်တော်ပေါ်တွင် သေတဲ့ပုဂ္ဂိုလ်တွေတပုံကြီး၊ ခြေလျင်သွားလို့ သေတဲ့ ပုဂ္ဂိုလ်တွေကော.... (တပုံကြီးပါဘုရား)။

မလွတ်ဘူးတဲ့၊ အဲဒီတော့ ဘာနဲ့သွားမှ လွတ်မတုံး မေးတဲ့အခါ ဉာဏ်နဲ့သွားမှ လွတ်မယ်....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာနဲ့သွားကြမလဲ... (ဉာဏ်နဲ့ သွားရမှာပါဘုရား)။

ဉာဏ်နဲ့သွားတော့ ဘယ်လိုသွားရမတုံးလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဒီခန္ဓာ မသိုချင်တဲ့ ဉာဏ်နဲ့ သွားလို့ရှိယင်

ဖြင့်....တဲ့ ခုနင်က ခန္ဓာထဲမှာ ရှိတဲ့ ဇာတိ၊ ခန္ဓာထဲမှာ နှိပ်စက်တတ်တဲ့ ဇရာ၊ ခန္ဓာထဲမှာ ပါတဲ့ မရဏ ဟုတ်လား....(မှန်ပါ!) သူတို့ သုံးခုကို ကြောက်ပြီးတော့ ဉာဏ်နဲ့. သွားရမယ်-(မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူတို့ သုံးယောက် ကြောက်ပြီးသတဲလ....(ဉာဏ်နဲ့.သွားရမှာပါဘုရား) ဉာဏ်နဲ့ သွားရမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် သွားတယ်, သွားတယ်ဆိုပေမဲ့လဲ ကြောက်စရာမရှိယင် အပြေးမသွားဘူး...(မှန်ပါ!) ကြောက်စရာရှိမှ....(အပြေးသွားပါတယ်ဘုရား)။

အဲဒါကြောင့် ခန္ဓာကိုကြောက်ပြီး သွားရမယ်....(မှန်ပါ!)။

ဘယ်လိုသွားရမယ် ... (ခန္ဓာကြောက်ပြီး သွားရမှာပါဘုရား)။

ဇာတိလဲ မင်းကို အရင်တုန်းကတော့ သူတော်ကောင်း မှုတ်ပြီးသကာလ ငါတို့ ဆုတောင်းမိသကွာ....။

အခုတော့ မင်းသည်ကားလို့ ဆိုယင်ဖြင့် မသမာလက်ထဲထိုးအပ်ဘို့ မင်း ခေါ်လာမှန်း ငါ ကောင်းကောင်းသိတယ်....၊ မသမာတဲ့ ဇာဆုကလဲ ရိုက်လိုက်တဲ့ဖြစ်ခြင်း ဒို့မှာ ထောင်းထောင်းကျလို့၊ ထောင်းထောင်း ကျပြီးသည့်ကြား မလုပ်နိုင်, မကိုင်နိုင်တဲ့ အချိန်မှာ မင်းက မရဏဆိ အပ်ဦးမယ်ဆိုတော့ မင်းတို့ သုံးယောက်ကိုဖြင့် ညှာတာမဖက် အမြဲနှိပ်စက်တဲ့ သစ္စာအမှန်သိပြီဖြစ်သောကြောင့် ငါတို့ဖြင့် သစ္စာသိတဲ့ ဉာဏ်နဲ့ဘဲ

ပြေးပါတော့မယ်ဆိုပြီး ဒီဉာဏ်ကို သွက်သွက် လုပ်ပစ်လိုက်လို့ ရှိယင် မောင်နိုင် အဘိုးတန်ပြီ....(မှန်ပါ့)။

ဒီဉာဏ် သွက်သွက်လုပ်ဘို့ အရေးကြီးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့တဲ့၊ တနေ့က ဝတ္ထုကလေးဘဲ မောင်နိုင် ပြန်ဆက်နော်....(မှန်ပါ့)။

တနေ့က ဝတ္ထုက ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဇဒဝဒဟာသုတ်မှာ ဘယ်လို လာသတုံးဆိုတော့ သက္ကတိုင်းမှာ ဘုရားနေတုန်းက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရဟန်းဆယ်ပါးက လျှောက်ကြတယ်၊ အရှင်ဘုရား....တပည့်တော်တို့ ပစ္ဆာဘူမကကို သွားပြီး သကာလ ဝါဆိုချင်တယ်ဘုရာ့....ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သွားတာတော့ မသွားရဘူး မဆိုပါဘူးကွာ၊ မင်းတို့နောင်တော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာများ တောင်းပန်ပြီးကြပလားဆိုတော့ မတောင်းပန်ရသေးပါဘုရား၊ ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သွားပြီး တောင်းပန်ချေကြဦးဟော့....၊ အင်မတန် တပည့်သားမြေးတို့ကို သနားတတ်တဲ့ ပုဂ္ဂိုလ်အကျိုးကို အင်မတန်အလိုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်သကွ၊ သူ့ဆီ သွားကြဦးကွ ဆိုပြီး ရဟန်းတွေ လေးငါးဆယ်ပါး မသွားကြဘူးလား....(သွားပါတယ်ဘုရား)။

သွားတဲ့အခါကျတော့ ရှင်သာရိပုတ္တရာကလဲ တခုသော ခြုံထဲမှာ တရားနှလုံးသွင်းနေတုန်း သွားပြီးသကာလ တွေ့လိုက်ပါဘယ်။

တွေ့လိုက်တဲ့အခါကျတော့ မင်းတို့ ဘာလုပ်လာကြသတုံး....း တပည့်တော်တို့ဘုရား... ပစ္ဆာဘူမက သွားပြီးဝါဆိုချင်ပါတယ် ဘုရား။

မင်းတို့ ဘုရားဆီကော ရောက်ခဲ့ပလား....တဲ့၊ ရောက်ခဲ့ပါပြီ ဘုရား....၊ ဘုရားက မင်းတို့နောင်တော်ကြီးဆီသွားပြီးသကာလ တောင်းပန်ချေကြဦးဆိုလို့ လာခဲ့ရပါတယ်။

ဒီတွင် ရှင်သာရိပုတ္တရာက ရိပ်မိလို့ ဩော်...ငါ့ကို တရား သင်ပေးဘို့ လွှတ်လိုက်တာဘဲဆိုတာကို ရှင်သာရိပုတ္တရာက သိပြီးသားဖြစ်နေတော့ မင်းတို့သွားတာတော့ သွားတာပေါ့ကွာ၊ မသွားရဘူးလို့ မကန့်ကွက်ပါဘူး၊ သို့ရာတွင် ပစ္ဆာဘူမကမှာ ဗိမ္မ ိသာရမင်းကြီးတို့ရှိတယ်၊ ဇာရုက္ခပုဏ္ဏားတို့ ရှိတယ်၊ စိတ္တ သူကြွယ်တို့ရှိတယ်။

အဲဒီ ရဟန်းပညာရှိ-လူပညာရှိတွေပုံနေတဲ့နေရာမှာ မင်းတို့က အခု ဒီဘုရား သက္ကတိုင်းမှာနေတုန်း ဒီကလာတယ်ဆိုယင်ဖြင့် မင်းတို့ကို မေးကြလိမ့်မယ်။

မင်းတို့ကို မေးကြလိမ့်မယ်တဲ့၊ အရှင်ဘုရားတို့ ဘယ်ကလာသတုံး....၊ သက္ကတိုင်း ဘုရားဆီက လာခဲ့တယ်၊ လာခဲ့လို့ ရှိယင် အရှင်ဘုရားတို့၏ ဆရာ၏ဝါဒ ပြောစမ်းပါဦးဆိုယင် မင်းတို့ ဘာမှ ပြောတတ်မှာမဟုတ်ဘူး၊ ပြောချင်တာ ပြောပြန်တော့ အလဲချည့်နေတော့ ဘုရားကို စွပ်စွဲရာ ရောက်ပါလိမ့်မယ်၊ ဒါ့ကြောင့် မင်းတို့သည်ကားလို့ ဆိုယင် ငါသင်ပေးလိုက်မယ်၊ ဒီလို ပြောကြ....တဲ့....(မှန်ပါ့)။

ဒါဖြင့် ဘုရားဝါဒ နားလည်ရတော့မယ်....(မှန်ပါ့)။
တကာတကာမတို့ .... (ဘုရားဝါဒ နားလည်ရပါတော့မယ် ဘုရား)။

ဘုရားဝါဒကိုနားလည်ဘို့ရာ အလွန် အရေးကြီးပါတယ် .... (မှန်ပါ့)ခင်ဗျားတို့ ဘုရားသာရှိခိုးနေတာယ်၊ ဘုရားဝါဒ နားမလည်ပါဘူး....(မှန်ပါ့)။

ဘုရားတော့ ရှိခိုးနေတာဘဲ ဦးဘကလေးတို့ ဩကာသ- ဩကာသ- ကာယကံ ဝစီကံနဲ့ ရှိခိုးပါ၏ဘုရား၊ ရှိခိုးရသော အကြောင်းကြောင့်ဖြစ်စေ၊အကျိုးကြောင့်ဖြစ်စေ အပ်ယ်လေးပါးမှ လွတ်ရပါလို့၏၊နိဗ္ဗာန်ကို ရက်တိုတိုနဲ့ ရရပါလို့၏ ဆိုတော့ သူ့ရှိခိုး တာဘဲရှိတယ် ခင်ဗျားတို့ သူ့ဝါဒကို သိပလားလို့ မေးတော့ ဘယ်နှယ်ဖြေပါ့မလဲ...(မသိသေးပါဘုရား)။

ဒါဖြင့် သူ့ဝါဒကိုမှမသိသေးလို့ရှိယင်ဖြင့် တကာတကာမတို့ ဒို့ဘုရား ဘယ်အယူဝါဒရှိတယ်လို့မှ မသိသေးလို့ရှိယင် ပူဇော်တာသာဖြစ်၍ လိုက်နာတဲ့ကိစ္စကို ခင်ဗျားတို့မှာ ရမယ် မဟုတ်ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ပူဇော်တာသာဖြစ်၍ လိုက်နာတဲ့ကိစ္စ....(မရပါဘုရား)။

အဲဒါ ခဲ့ပြီးသိဦးမှ....(မှန်ပါ့) တကာတကာမတို့ ခင်ဗျားတို့ ဘုရားကို ပူဇော်တာတော့ အင်မတန်ပူဇော်ကြပါတယ်၊လိုက်နာတာကတော့ မရှိသေးဘူး....(မှန်ပါ့)။

ပူဇော်တာကတော့ ရွှေနဲ့ ပူဇော်ရမလား၊ ငွေနဲ့ပူဇော်ရမလား၊ ပန်းနဲ့ပူဇော်ရမလား၊ ဆီမီးနဲ့ပူဇော်ရမလား၊ ရေနဲ့

ပူဇော်ရမလားဆိုတော့ ပူဇော်တာကတော့ဖြင့် ဘုန်းကြီးမျှားလဲ အောင်မတန်မှဘဲ မြင်ရပါပြီ၊ လိုက်နာတာ မမြင်ရ သေးဘူး ... (မှန်ပါ့)။

ဘာဖြစ်လို့ မလိုက်နာပါလိမ့်မတုံးမေးတော့ ဝါဒမဆိုလို့ ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘုရားဝါဒမသိသေးသ၍ ကာလပတ်လုံး ပူဇော်သာ ပူဇော်တတ်မယ်၊ မလိုက်နာတတ်ပါဘူး.... (မှန်ပါ့)နားလည်ကြရဲ့လား.... (နားလည်ပါတယ်ဘုရား)။

ခင်ဗျားတို့ နဂိုရိုက ဘာလုပ်ကြသတုံးမေးယင် ပူဇော်တယ် (မှန်ပါ့)ဟုတ်လားဆိုမီးနဲ့ ပူဇော်တယ်၊ရေနဲ့ ပူဇော်တယ်၊ပန်းနဲ့ ပူဇော်တယ်၊ ဆွမ်းနဲ့ . (ပူဇော်ပါတယ်ဘုရား)။

လိုက်နာဘို့တရားရပလားလို့ မေးတဲ့အခါကျတော့ရပါတယ် ဘုရား တပည့်တော်တို့ ဘုရားက ဒါနပြုဆိုလို့ ....(ပြုပါတယ် ဘုရား)။

ဟာ... ဒါလောက်နဲ့လဲ မကိုက်သေးဘူးကွ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါနပြုလို့ ရှိယင်လဲ နောက်ခန္ဓာရလို့ ရှိယင်ဖြင့် မင်းတို့ ဟိုသုံးယောက် လယ်ထဲရောက်ဦးမှာဘဲ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သီလလဲဘုရား....၊ ဘုရားကပြောထားလို့ သီလလဲ တပည့်တော်တို့ ဆောက်တည်ပါတယ်ဘုရား၊ ဆောက်တည် ပေမဲ့လဲ

မင်းတို့သည်ကား... လို့ ဆိုယင်ဖြင့် တဏှာနဲ့ တည်ဆောက်ပြီး သကာလ ဟိုဘုံ-သည်ဘုံ လိုချင်လို့ ဆောက်တည်နေလို့ ရှိယင် သူ့ဝါဒမကိုက်ဘူး.... (မှန်ပါ့) ကိုက်ပါ့မလား.... (မကိုက်ပါဘုရား)။

အဲဒါကြောင့် မင်းတို့သွားတာ ကိစ္စမရှိဘူးကွ၊ ဟိုက လူ-ပညာရှိ၊ ရဟန်းပညာရှိ ပုဏ္ဏားတွေရော၊ ရှင်ဘုရင်တွေရော ရဟန်းတွေရောရှိတယ်၊ အဲဒီပုဂ္ဂိုလ်တွေက မင်းတို့ ဘုရားဆီက လာတယ်ဆိုတော့ ဘုရားဝါဒ ပြောစမ်းပါဆိုယင် မင်းတို့တလုံးမှ ပြောတတ်မှာ မဟုတ်ဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်းတို့ မှတ်ကြ၊ ဘုရားဝါဒကို ငါပြောလိုက်မယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တကာ တကာမတို့ အခု နားထောင်ရမှာ ဘာပါလိမ့်... (ဘုရားဝါဒပါဘုရား)။

ဘုရားဝါဒဆိုတာက တကာတကာမတို့ အစစ်ကို ရှာလိုက်တဲ့အခါကျလို့ ရှိယင် သူကိုယ်တိုင်,ပြော၊ သူကိုယ်တိုင်,လုပ်၊ သူ့-တပည့်ကြီးကိုယ်တိုင် လဲပြီးသကာလ အပြောခိုင်းတဲ့ဥစ္စာက....

"ဆန္ဒရာဂဝိနယကွာယဲ ခေါ အာဝုသော သတ္ထာ"

အာဝုသော=ငါ့ရှင်တို့၊ ဆန္ဒရာဂ ဝိနယကွာယဲ=ဆန္ဒရာဂကို ပယ်ခြင်းငှါ၊ သတ္ထာ=မြတ်စွာဘုရားသည်၊ ဒေသေတိ= ဟော တော်မူ၏။

ဘုရား၏ ဝါဒ.... (မှန်ပါ့) ဆန္ဒရာဂ ပယ်ဘို့ဘဲတဲ့၊ တကာ တကာမတို့ ဘုရား၏ ဝါဒက တဏှာပယ်ဘို့ ဝါဒဟာ သူ့ဝါဒ တဲ့... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘုရား၏ ဝါဒက....(တဏှာပယ်ဘို့ ဝါဒပါဘုရား)။

ငါတို့၏ဆရာ ဘုရားသည်ကားလို့ဆိုယင် ဘာဝါဒ ရှိသတုံးလို့ မေးလို့ယင်ဖြင့်... တဲ့ ဆန္ဒရာဂဆိုတဲ့ တဏှာကို ပယ်ဘို့ရာ အလုပ်ဟာ သူ့ဝါဒ အစစ်ပါဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်းကြီး ဘာတဲ့တုံး.... (တဏှာပယ်ဘို့ရာဟာ ဘုရား ဝါဒပါဘုရား) တဏှာပယ်ဘို့ရာသည်တဲ့ ဘုရား၏ ဝါဒ။

တကာ တကာမတို့ တဏှာပယ်ဘို့ရာ.... (ဘုရား၏ ဝါဒပါ ဘုရား)။

ဒါဖြင့် မင်းတို့ ဘုရား၏ ဝါဒ ဘာဝါဒတုံး ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ဆန္ဒရာဂကို ပယ်တဲ့ဝါဒဟာ ဘုရား၏ ဝါဒပါဘဲ၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဆန္ဒရာဂကို ပယ်တဲ့ဝါဒဟာ.... (ဘုရား၏ ဝါဒပါ ဘုရား) တဏှာဆန္ဒပါနော်၊ ဆန္ဒ**ကလဲ** နိဗ္ဗာန်လို့ချင်တဲ့ ဆန္ဒကို မဆိုလို့ပါဘူး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘုရား၏ ဝါဒဟာ ဘာဝါဒပါလိမ့်.... (တဏှာဆန္ဒ ပယ်တဲ့ ဝါဒပါဘုရား)။

တဏှာပယ်တဲ့ ဝါဒဟာ ဘုရား၏ ဝါဒလို့ မင်းတို့ ဖြေဖြစ်အောင် ဖြေပါလို့ ရဟန်းတွေကို မှာနေတယ်....(မှန်ပါ့)။

သို့သော်လဲတဲ့ ဒါ-အခု မင်းတို့ ဖြေတာတော့ မှန်တော့ မှန်ပြီတဲ့၊ ဒီလောက်နဲ့ လူပညာရှိ-ရဟန်းပညာရှိ ဟိုက ပစ္စဝဘူမက

မှာ ရှိတဲ့ ပုဂ္ဂိုလ်တွေက ကျွန်ုပ်မယ် မဟုတ်သေးဘူးကွ....တဲ့၊ ဒါကြောင့် မင်းတို့ကို ဆက်ပြီးသကာလ အရှင်ဘုရား.... ဘယ် အပေါ်မှာရှိတဲ့ ဆန္ဒရာဂ ပယ်ရမှာတုံးဆိုတာ မေးဦးမှာဘဲတဲ့၊ မမေးပေဘူးလား....(မေးပါတယ်ဘုရား)။

ဘယ်အပေါ်၌ ရှိတဲ့တဏှာ ပယ်ရမှာတုံးဆိုတာ လူပညာရှိ ရဟန်းပညာရှိတွေကလဲ ဒါကို ဆက်ပြီး မေးရမည့်စကားရှိ သကွ....တဲ့။

အဲဒီတော့ မင်းတို့ မေးတဲ့အခါကျတော့ မင်းတို့ကလဲ မဖြတ်တတ်,မပြုတတ် ဆိုလို့ရှိယင်ဖြင့် ဘုရား တရားအလဲတွေ ပြောလို့ရှိယင် ဘုရားစပ်စဲတဲ့အဓိပ္ပါယ် မင်းတို့ ရောက်ဦးမယ်။

ဒါကြောင့် မင်းတို့ကို ငါ-သင်ပေးလိုက်ပါတယ်၊ခန္ဓာငါးပါး အပေါ်၌ ခင်တွယ်တဲ့ ဆန္ဒရာဂကို ပယ်တဲ့ဝါဒဟာ ဘုရားဝါဒလို့ မင်းတို့ ပြောဖြစ်အောင် ပြောပါ....(မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ခန္ဓာငါးပါးအပေါ်မှာ ခင်တွယ်တဲ့ တဏှာကို ပယ်တဲ့ဝါဒ ဟာ ဘယ်သူ့ဝါဒလဲ... (ဘုရား၏ ဝါဒပါဘုရား)။

ဒါဖြင့် ပဌမ ဘ-နံပါတ်က ဆန္ဒရာဂ ပယ်ဘို့ အကြမ်းနော်.... (မှန်ပါ့) ဘယ်အပေါ်မှာ ပယ်ရမှာတဲ့တုံး.... (ခန္ဓာငါးပါး၊ အပေါ်မှာ ပယ်ရမှာပါဘုရား)။

ခန္ဓာငါးပါးနော်၊ ခန္ဓာငါးပါးဟာ ဘာသစ္စာမို့ပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်... " သံခိတ္တောန ပဉ္ဉုပါဒါနက္ခန္ဓာ ဒုက္ခာ.... " လို့ ဟောထားတော့ ဒုက္ခကို ပယ်ဘို့ရာ ဟောထားတာ.... (မှန်ပါ့) ဒုက္ခခင်နေကြလို့ တကာတကာမတို့နော်၊ ဒုက္ခကို မခင်အောင် ဟောတဲ့ဝါဒသည်ကားလို့ဆိုယင်ဖြင့် ကျင့်တဲ့ ဝါဒသည်ကား လို့ဆိုယင်ဖြင့် ဘုရား၏ ဝါဒ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း·ဒါဖြင့် ပုစ္ဆာ ဘယ်နှစ်ချက် ပြေသွားပလဲကွ.... မောင်နိုင်...(နှစ်ချက်ပါဘုရား) နှစ်ချက်နော်...(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှစ်ချက်ပါလိမ့်.... (နှစ်ချက်ပါဘုရား)။

ဒီခန္ဓာငါးပါးအပေါ်၌ ခင်တဲ့ တဏှာဆန္ဒကို ပယ်ဘို့ရာ ဝါဒသည် ဘယ်သူ့ဝါဒပါလိမ့်... (ဘုရားဝါဒပါဘုရား)။

ဩော်... ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခန္ဓာငါးပါးကို မခင်တွယ်ဘို့ ဝါဒဟာ သူ့ဝါဒတဲ့ တကာတကာမတို့ရဲ့နော်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာဖြင့် ဘုရားရှေ့ သွားတောင်းတာ ဘုရားဝါဒနဲ့ ကိုက်ညီ· မကိုက်ညီ.... (မကိုက်ညီပါဘုရား) မကိုက်ညီဘူးဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ ဘုရားရှေ့သွားပြီး ဘုရားမဇ္ဈိုက်တဲ့ဝါဒကြီးတော့ သွားပြီး မဖြန့်ပါနဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူ မကြိုက်တဲ့ဝါဒကို.... (မဖြန့်ပါနဲ့) ခင်ဗျားတို့ ဒီဥစ္စာ ဘုရားမကြိုက်တဲ့ ဝါဒဖြန့်လို့ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့သည်ကား လို့ဆိုလို့ရှိယင် ဘုရားရှေ့မှာ မိုက်တွင်းနက်တာ သွားပြတာနဲ့ တယ်တူတယ်... (မှန်ပါ့ဘုရား) မတူပေဘူးလား .... (တူပါတယ် ဘုရား)သဘောပါကြလား....(ပါပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ခန္ဓာငါးပါးကို ခင်တွယ်တဲ့ တဏှာဆန္ဒပယ်တဲ့ဝါဒဟာ ဘာတဲ့.... (ဘုရားဝါဒပါဘုရား) ဒါဖြင့် လူအကြိမ်ကြိမ်, နတ်အကြိမ်ကြိမ်, ဗြဟ္မာအကြိမ်ကြိမ် ခံစား၍ ထိုသို့သွားပြီးသကာလ ပန်းကလေး တပွင့်နဲ့ဖြစ်စေ၊ ရေကလေးတခွက်နဲ့ဖြစ်စေ တကာတကာမတွေက သွားလုပ်နေ မယ်ဆိုလို့ရှိယင်ဖြင့် သြော်.. ငါမကြိုက်တဲ့ဝါဒ ငါ့ရှေ့လာပြီး သကာလ ပေးပါတောင်းတယ်....(မှန်ပါ့)။

ဘယ့်နှယ်တုံးတကာကြီး.... (တောင်းပါတယ်ဘုရား)ငါမ ကြိုက်တဲ့ဝါဒ ငါ့ရှေ့မှာ ပေးပါဆိုးတာ့ ဘုရားက ပေးချင်တဲ့ စိတ် ပြင်းထန်မလားတဲ့၊ ငြိုငြင်တော်မူမလားဆိုတာ အကဲခတ် (ငြိုငြင်တော်မူမှာပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

အားလုံး တကာတကာမတွေ ဥာဏ်နားကြီးကြီးနဲ့ထောင်မှ သြော်....ဘုရားငြိုငြင်ပေလိမ့်မယ်ဆိုတဲ့ဥစ္စာနော်... (မှန်ပါ့) ဆေးသမား ကိုယ်တော်ကြီးကို ခင်ဗျားတို့က သေဆေးပေးပါ လို့ သွားတောင်းတော့ သြော်.... ဆေးသမားဆိုတာ ဇီဝိတ ဒါန လုပ်မလို့သူ့ခမျာ နေရှာတာ၊ "သာသတီတိ သတ္ထာ" ကိုးဗျ....(မှန်ပါ့) ဆေးသမားကိုး ဘုရားကနော်.... (မှန်ပါ့) ဘိသက္ကောတိ- ဆိုတော့ သံယုတ်ပါဠိတော်ကြီးများမှာ ဟော

ထားတယ်၊ ဘိသက္ကာ....လို့ သူ့ကိုသူ နာမည်ယူထားတယ် .... အဲဒီ့ ဆေးသမားကြီးက မသေတဲ့ နေရာဌာနကိုသာပို့ချင် လို့မသေတာသူပေးချင်တယ်၊ခင်ဗျားတို့က သွားတောင်းတာကာ (သေတာ သွားတောင်းပါတယ်ဘုရား)။

ဩော်.. တကာတကာမတို့ ပေးချင်စရာရှိရဲ့လား.... (မရှိပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြုံးတော်မူတယ် ဆိုတာတွေ့ နေရာတိုင်းမှာ ခဏခဏပြုံးတော်မူတယ် ဆိုတာတွေ့ သိသလား.... (မှန်ပါ့) ပြုံးတာဟာ ပြုံးချင်လို့ ပြုံးရတာလားတဲ့ တကာတကာမတွေ့ ခင်ဗျားတို့ကို သနားလွန်းလို့ ပြုံးရတာလား.. (သနားလွန်းလို့ ပြုံးတာပါဘုရား)။

သူက ဆေးသမားကြီး မသေဆေး ပေးချင်တယ်၊ ခင်ဗျားတို့က လူအကြိမ်ကြိမ်, နတ်အကြိမ်ကြိမ်ဖြစ်ပြီး သေဆေးသွားတောင်းတယ်.. (မှန်ပါ့)တော်ပါ့မလား... (မတော်ပါဘုရား) ဦးဘကလေး လွန်ပြီထင်တယ်....(မှန်ပါ့ဘုရား) ဘုရားကဘာတုံး မသေဆေးပေးတဲ့ဆရာကြီး .... (မှန်ပါ့) မသေဆေးပေးတဲ့ဆရာကြီးကို ခင်ဗျားတို့က ဘာသွားတောင်းသလဲ....(သေဆေးသွားတောင်းပါတယ်ဘုရား)။

ပြည့်မှ ပြည့်ပါ့မလားဆိုပြီး ဆုတောင်းပြည့် ဆိုင်းဘုတ်ဆဲတဲ့ဆိုများ သွားတောင်းသေးတယ်.... (မှန်ပါ့) အတော်အချုပ် ဆိုးသနော်....(မှန်ပါ့) မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါ ဘယ်သူပြောတာမှမယုံနဲ့၊ ဘုရားဝါဒ ဒါအစစ်၊ ခန္ဓဝဂ္ဂသုံယုတ်ပါဋ္ဌိတော် ဒေဝဒဟသုတ်မှာ သေသေချာချာဘဲ၊ ဒါ....သူ့ဝါဒ အစစ်ပါဘဲကွာ....ကဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီးဘုရား)။

ကိုယ့်အလံကလေးတွေကော ပေါ်ကြရဲ့လား.... (ပေါ်ပါတယ်ဘုရား)ဒီအလံတွေကော အခုပြင်ပြီးပလား.... (မှန်လှပါဘုရား)။

ခုနင်က သုံးယောက်ထဲ ပြန်ရောက်ယင် ကောင်းပါဦးမလား- (မကောင်းပါဘုရား)။

ဦးဘအုန်းကြီးကောင်းပါ့မလား (မကောင်းပါဘုရား) ပြင်ကြတော့နော်... ပြင်ချိန်ရောက်ပြီ၊ဘာဘူတို့ပြင်မှာဘဲ .... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ကဲ....ဒါနဲ့ တကာတကာမတွေ့ ခင်ဗျားတို့ ဆေးသမားကြီးဆီ သေဆေးတောင်းတာကတော့ဖြင့် လုံးဝမတော်ဘူးဆိုတဲ့ဥစ္စာ ပေါ်ပါတယ်....(ပေါ်ပါတယ်ဘုရား) မောင်နိုင်ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကိုယ်တော်မြတ်ကြီးက "သတ္ထာ ဒေဝမနုဿာနံ" ကိုးကွ.... နော်....(မှန်ပါ့)။

"ဘိသက္ကောဘိတေံ တထာဂတဿ အဓိဝစနံ" ဆိုဘဲ့အတိုင်း ဘိသက္က=ငါဆေးသမားကြီးလို့... ငါအန်ဆေးသာ ပေးတယ်ကွ သေဆေး မပေးဘူးတဲ့....(မှန်ပါ့)။

သေတတ်တာတွေ့ အန်ထုတ်တဲ့ဆေးတော့ ငါပေးတယ်.... (မှန်ပါ့)သေစေတတ်တဲ့ဆေးတော့....(မပေးပါဘုရား)။

ဟို အဂုံတို့ရှိမှာ ဝမ္ဘနသုတ်မျှားဌ် လာထားတာက အန်ဆေးချည်းပေးတယ်၊ အပင်းတွေရှိတယ်၊ ဒီဌပင်းတွေ့ တဏှာပင်းတွေ့ သေစေတတ်တာတွေ့ ဝမ်းထဲရှိတယ်၊ ဆုတောင်းတတ်တာတွေ့ ဝမ်းထဲရှိနေလို့ သူအန်ဆေးချည်းပေးတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီ)သဘောပါကြလား.... (ပါ့ပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ရင်းရင်းချာချာတွေ့ဖြစ်နေတော့ သြော်.... တရားဟာ သာမညပြောလို့ မတော်ဘူး၊ တကယ်အစစ်အမှန်ကို တကယ်ပြောမှ တော်တော့မယ်ဆိုပြီးသကာလ အခုပြောနေတာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မောင်နှိုင်ရေ...ဘုရားက အန်ဆေးပေးတယ် ခင်ဗျားတို့က သေဆေးကို မျိုချင်တယ်၊ သေဆေးမျိုချင်ယင် သေမယ်... (မှန်ပါ့) တဏှာမာနတွေ့ မျိုလိုက်မယ်ဆိုယင်ဖြင့် .... (သေမှာပါဘုရား)ပဗ္ဘာကိုး၊သေလို့ ဆုံးပါ့မလား .... (မဆုံးပါဘုရား)။

အဲဒါ ဘုရားက တကာတကာမတွေ့ ဘာဆေး ပေးလေ့ရှိသလဲ... (အန်ဆေးပေးလေ့ရှိပါတယ်ဘုရား)။

အဲ....အန်ဆေးပေးတာကို ခင်ဗျားတို့ကိုက နဂိုရင်က မသိလို့ မျိုထားလို့အန်ဆေးပေးမှရတဲ့အထဲမှာဒီဆေးထပ်ပေးပါဦးဆိုပြီးရေတွေ့ ပန်းတွေ့နဲ့ သွားတောင်းတော့ ကြိုက်ပါ့မလား.... (မ့ကြိုက်ပါဘုရား)။

ကိုယ်ရဲ့တာနဲ့ကော မတူဘူးလား....(တူပါတယ်ဘုရား) ဘုရားရှင်ကိုယ်တော်က အန်ဆေးပေးတယ်....၊ တပည့်တော်က သေဆေးစားချင်တယ်ဆိုတော့ လောကကြီးထဲတော့ ရန်ဖြစ်တဲ့ အသွားပါဘဲ....(မှန်ပါ့)။

လောကကြီးထဲတော့ .... (ရန်ဖြစ်တဲ့ အသွားပါဘဲဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲဒါ ကြပ်ကြပ်စဉ်းစားပြီးတော့ သြော်....ဆရာသမားက တကယ် ပြောနေတာပါကလား.၊ အကယ်ပါဦးတော်ကြီး ကိုင်ပြီးသကာလ တကယ်.ဘုရားဝါဒ တကယ် ပြောနေတာပါကလားဆိုတာ ပေါ်လာတာပေါ့....(မှန်ပါ့) မပေါ်သေးဘူးလား. (ပေါ်ပါပြီဘုရား)။

ဒါတွေကို ဘုန်းကြီးများက အင်မတန် သိစေချင်ပါတယ် နော်....(မှန်ပါ့)။

ကိုင်း .ဒါနဲ့ ခန္ဓာငါးပါးပေါ်မှာခင်တဲ့ ဆန္ဒရာဂကိုပယ်တဲ့ ဝါဒဟာ ဘယ်သူရဲ့ ဝါဒတုံး.. (ဘုရားဝါဒပါဘုရား)။

ကိုင်းကဲ့-တဲ့၊ အခု ငါ့ပုစ္ဆာနှစ်ခုကို မင်းတို့ကို သင်လှတ်ပြီတဲ့ သို့သော်လဲ ပစ္ဆာဘူမကမ္မာရှိတဲ့ လူပညာရှိ,ရဟန်းပညာရှိတွေက ဒါလောက်နဲ့ ကျေနပ်မှာမဟုတ်ဘူးတဲ့....၊ မင်းတို့ကို ဆက်မေးဦးမယ်တဲ့....(မှန်ပါ့)။

မောင်နှိုင်....ဆက်မေးဦးမှာဘဲတဲ့.. (မှန်ပါ့ဘုရား)။

နေဦးဘုရား.. တဲ့၊ ဒါဖြင့် အရှင်ဘုရားတို့ကို ဟိုက လူတွေက မေးတယ်ဘဲ ထားပါတော့တဲ့၊ အရှင်ဘုရား ဒီ ခန္ဓာငါးပါးပေါ်

မှာ ဆန္ဒရာဂ တဏှာကို ပယ်လိုက်တဲ့အခါကျတော့ မပယ်ယင် ဘယ်အပြစ်သင့်လို့ ပယ်ရတာတုံးတဲ့... ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

မပယ်လို့ ရှိယင် ဘယ်လိုအပြစ်ရှိသတုံးတဲ့၊ မေးလိမ့်မယ်တဲ့-မင်းတို့ကို.... (မှန်ပါ့)။

ခန္ဓာငါးပါးအပေါ်၌ တဏှာကို မပယ်လို့ ရှိယင် ဘယ်လို အပြစ်သင့်သတုံးဆိုတာ မေးလိမ့်မယ်တဲ့.... (မှန်ပါ့) ရှေ့နေလို့ ဆက်မေးသွားတာ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မမေးသင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား)။

ဦးဘကလေး.... မမေးသင့်ဘူးလား- (မေးသင့်ပါတယ်ဘုရား) နောက်က တကာတကာမတွေ.... (မေးသင့်ပါတယ်ဘုရား)။

အေး.... မေးသင့်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ.... တဲ့ ခန္ဓာငါးပါးအပေါ်၌ရှိတဲ့ ဆန္ဒရာဂကို မပယ်လို့ ရှိယင်ကဲ.... တဲ့၊ ခန္ဓာငါးပါးကို တဏှာသဘော ဆန္ဒသဘောနဲ့ ခင်မနေဘူးလား.... (ခင်နေပါတယ်ဘုရား)။

ခင်တဲ့အခါကျတော့ ခန္ဓာက ဖေါက်ပြန်လိမ့်မယ်တဲ့... ၊ ချုပ်ကလဲ ပျက်စီးလိုက်, ဖေါက်ပြန်လိုက် မလာဘူးလား.... (လာပါတယ်ဘုရား) ဝေဒနာတွေကကော... (ပျက်စီးလိုက်, ဖေါက်ပြန်လိုက်ပါဘုရား)။

ဖေါက်ပြန်ပျက်စီးတာတွေ့ လာတော့ မင်းတို့မှာတဲ့ သောကပရိဒေဝ, ဒုက္ခ, ဒေါမနဿ လိုက်လိမ့်မှုယ်.... (မှန်ပါ့) ဒီအပြစ်တွေ

မြင်လို့ သူ့အပေါ်မှာ နဂိုရိုက မခင်နဲ့၊ ပယ်ထားလို့ ငါဟော တယ်တဲ့၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

သူ့ကို ခင်တွယ်တဲ့ ဆန္ဒရာဂနဲ့ နေမယ်ဆိုယင် သူကမဖေါက်ပြန်မည့် တရားလား....၊ ဖေါက်ပြန်ပျက်စီးမည့် တရားလား... (ဖေါက်ပြန်ပျက်စီးမည့် တရားပါဘုရား)။

"ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စ"ကိုး.... (မှန်ပါ့) သူက ဖေါက်ပြန်ပျက်စီးမည့်တရား ဖြစ်နေတော့ ဖေါက်ပြန်တဲ့အခါကျတော့ တကာတကာမတွေက ဒီလို ဖြစ်လိမ့်မယ် မထင်ဘူးဆိုပြီး ရင်ထု ကြမ်းခုန်တွေက လာဖတော့မယ်....(မှန်ပါ့) မလာပေဘူးလား... (လာပါတယ်ဘုရား)။

လာတဲ့အခါကျလို့ရှိယင်ဖြင့် တကာတကာမတွေ ခုနင်က ခင်ထားတဲ့ တဏှာ, ဥပါဒါန်, ကံ၊ သဘောကျပလား.... (ကျပါပြီ)ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး ဒုက္ခကွန်ယက လာ-မလာ....(လာပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ တန်းကြည့်လိုက်တော့မှ ဩော် .... ဇီခန္ဓာငါးပါးကို ခင်နေလို့ရှိယင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေ အကုန်လာတော့မှာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး သနားတော်မူသောကြောင့် ငါဝါဒဟာ ခန္ဓာမခင်တဲ့ ဝါဒကွ....၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရား၏ ဝါဒဟာ....(ခန္ဓာမခင်တဲ့ ဝါဒပါဘုရား)။

ဒါ့ကြောင့် ဒီတကာတကာမတွေ ဘုန်းကြီးက အလုပ်ပေးလိုက်တာ၊ ကြည့်စမ်းပါ ခင်ဗျားတို့ ခန္ဓာကြီး စိုက်ကြည့်လိုက်

ကြပါ၊ ခေါင်းက·စပြီး ခြေဖျားကျအောင် ကြည့်စမ်းပါ၊ သူ ဘာတွေ ပြောမလဲဆိုတဲ့ဥစ္စာ ကြည့်စမ်းပါဆိုတော့ သူကဖေါက် ပြန်ပျက်စီးတာချည့် ပြောနေတယ်....(မှန်ပါ့)။

ဘာတွေများ ပြောနေသလဲ....(ဖေါက်ပြန်ပျက်စီးတာချည့် ပြောပါတယ်ဘုရား)။

သြော်....ဒီလိုသိထားတဲ့ ပုဂ္ဂိုလ် တဦးတယောက်ကျတော့ သြော်... ဖြစ်မှု-ပျက်မှုမျှသာ ရှိပါကလား....၊ ဖေါက်ပြန်တာရယ် ပျက်စီးတာရယ်သာ ရှိပါကလားဆိုတာ သိပြီးသကာလ ထားတဲ့ အခါကျတော့ သူ့ပင်ကိုယ်အတိုင်း ဖြစ်သွားတဲ့အခါကျတော့ သြော်....ဒါ ရိုးရာကိုးဆိုပြီး သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ လာသေးရဲ့လား....(မလာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ကျတော့ ခင်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး၊ ဒီလောက် ကျွေးမွေးပြုစုပြီးသကာလ လာခဲ့တာ ဒီလို တိုက်တော့၊ တာတော့၊ ကားအမျိုးမျိုးနဲ့ သူ့ကို ပူဇော်ပသလာခဲ့တာ ဒီလိုများ ဖြစ်လိမ့်မယ် မထင်ဘူး ဆိုပြီးသ ကာလ ခင်ဗျားတို့ တခါတည်း သောက, ပရိဒေဝ, ဒုက္ခ, ဒေါ မနဿတွေ အကုန်ပုံပြီးသကာလ မလာပေဘူးလား.... (လာပါ တယ်)ပေါ်ပလား မောင်နိုင်....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ခင်ခြင်းကြောင့် အပြစ်ဟာ ပေါ် ကြပလား....(ပေါ်ပါပြီ) ဘာတွေ ဖြစ်တတ်သတုံး....(သောက, ပရိဒေဝစသည် ဖြစ်တတ်ပါတယ်ဘုရား) သောက,ပရိဒေဝ,ဒုက္ခ ဒေါမနဿ လာတတ်တယ်....(မှန်ပါ့)။

သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ လာတာသည်ခင်တဲ့ပုဂ္ဂိုလ် လာတာလား-မခင်တဲ့ပုဂ္ဂိုလ်လာတာလား .... (ခင်တဲ့ပုဂ္ဂိုလ်လာတာပါဘုရား)။

ခင်တဲ့ပုဂ္ဂိုလ် လာခြင်းကြောင့် အဲဒီအပြစ် သင့်မှာစိုးလို့ မင်းတို့ ပစ္စာဘူမကကျတော့ သေသေချာချာ ပြောကြပါ။ ဗိမ္မိသာရမင်းကြီးတို့၊ ဇာရုက္ခပုဏ္ဏားတို့၊ စိတ္တာသူကြွယ်တို့ ပညာရှိတွေ ဟိုမှာသိပ်များတယ်၊ဒီအတိုင်းပြောပါ၊ ရှင်သာရိပုတ္တရာက မှာရှာတယ်... (မှာရှာပါတယ်ဘုရား)။

တကာတကာမတွေကော ရိပ်မိပလား.... (ရိပ်မိပါပြီ)ရှင်သာရိပုတ္တရာတို့ သူတို့ဖြစ်စဉ်ပြောနေတာ မဟုတ်ပါဘူး၊ သူတို့ဖြစ်စဉ်က သက်သေသာ ထားတာပါ၊ ခင်ဗျားတို့ မခင်နဲ့ ဟောနေတာ... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူတို့ဖြစ်စဉ်ပြောနေတာလား မောင်အောင်ချို၊ မင်းတို့မခင်နဲ့ပြောတာလား....(တပည့်တော်တို့မခင်နဲ့ပြောတာပါဘုရား)။

'မင်းတို့မခင်နဲ့လို့ပြောတာ၊ သူတို့ဖြစ်စဉ်ကို သူတို့ဇာတ်တွေသိမ်းပြီးပြီ၊ သူတို့နဲ့ ဘာမှမဆိုင်တော့ဘူး.... (မှန်ပါ့) အကိုး အကားလုံလောက်အောင်လို့ သာ ဒေဝဒဟသုတ်ကို ထုတ်ပြောနေတာ... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကိုင်း... ဒါဖြင့် ခန္ဓာငါးပါးဟာ ကိုယ့်ခန္ဓာ ငါးပါးခင်လဲ ရင်ထု မြေလှူးလာမှာဘဲ....(မှန်ပါ့) သူများခန္ဓာငါးပါးခင်လဲ.... (ရင်ထုမြေလှူး လာမှာပါဘုရား) ရင်ထုမြေလှူး လာလိမ့်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ခန္ဓာငါးပါးကလဲ သူ့သဘောတော့ သူစုန့်ပါ့မလား....(မစုန့်ပါဘုရား)ဇာတိ-ဇရာ-မရဏတွေ၏ စားဖတ်ဝါးဖတ်ဖြစ်သောကြောင့်.... (ခန္ဓာပါဘုရား)။

ဇာတိ,ဇရာ,မရဏတို့၏ စားဖတ်ဝါးဖတ်ဖြစ်သောကြောင့်.... (ခန္ဓာပါဘုရား)။

ရောက်ရာစားမှာဘဲ....(မှန်ပါ့) ခန္ဓာသာဖြစ်လို့ရှိယင် ဇာတိ ဇရာ မရဏလက်တွင်းမှာဘဲ ခေါင်းစင်းအပ်ရုံဘဲရှိတယ်. (မှန်ပါ့) ဒီ့ပြင်ဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား)။

အဲဒါ သူတို့စားသွားတဲ့အခါကျတော့ဇာတိက ချောင်မျော့တဲ့ တရားဟောဆရာ၊ ဇရာက ဇထောင်းထု၊ မရဏက သတ်လိုက်တဲ့ အခါကျတော့ သြော်... ဒီလိုဖြစ်လိမ့်မယ်မထင်ဘူး၊ ဖြစ်မှဖြစ်ရ လေခြင်း။

အံမာလေးဖြစ်မှဖြစ်ရလေခြင်းလုပ်မနေနဲ့ တကာတကာမတို့ နဂိုရိက ကိုယ့်ဟာမဟုတ်ပါဘူး....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)။

နဂိုရိက ကိုယ့်ဟာဟုတ်ပါရဲ့လာ....(မဟုတ်ပါဘုရား)။

ခန္ဓာပါလို့ ဆိုနေတဲ့ဥစ္စာဘဲ တကာတကာမတို့၊ ကိုယ့်ဟာ လို့ဆိုသလား .. (မဆိုပါဘုရား)။

ခန္ဓာဆိုတာ ဇာတိ,ဇရာ,မရဏတို့၏ စားဖတ်ဝါးဖတ်ဖြစ်တာ ဘာခေါ်ကြမယ်....(ခန္ဓာပါဘုရား)။

နဂိုရိက ကိုယ့်ဟာလို့ ဆိုသလား .. ၊ ခန္ဓာလို့ဆိုသလား.... (ခန္ဓာလို့ဆိုပါတယ်ဘုရား)။

အဲဒါခင်ဗျားတို့က ခန္ဓာကို ကိုယ်.ဟာ လုပ်တဲ့ အတွက် ခင်ဗျားတို့က အဋ္ဌားပူဖြစ်သွားတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘယ်လိုဖြစ်သွားပါလိမ့်....(အဋ္ဌားပူဖြစ်သွားပါတယ်ဘုရား) အဋ္ဌားပူဖြစ်သွားတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ ... ဒါဖြင့် နာရီကလဲစေ့နေတော့ တာကာ တကာမတွေ နောက် တပုဆွာကျန်သေးတယ်နော်....(မှန်ပါ့)။

ကဲကွာ... တဲ့ မင်းတို့ကိုမေးလိမ့်ဦးမယ်တဲ့၊ဒီခန္ဓာ ငါးပါးကို အခုခင်တော့ သောက ပရိဒေဝ ဒုက္ခဒေါမနဿနောက်ခန္ဓာတွေ လာလိမ့်မယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်အတိုင်း မင်းတို့ကို ငါသင်ပေးပြီတဲ့၊ဒီအတိုင်းဖြေပါ။

ဟကယ်၍ မခင်ခဲ့သော် ဘယ်လိုအကျိုးခံစားရမလဲ....၊ မေးဦးမှာဘဲကွတဲ့... (မှန်ပါ့)။

ခင်တုန်းက အပြစ်သင့်ခဲ့ပြီတဲ့.... (မှန်ပါ့)အခုတော့ ဘာတဲ့.... (မခင်ခဲ့သော်တဲ့) မခင်ခဲ့သော် ဘယ်အကျိုးခံစားခွင့် ရမတုံး.... တဲ့-ဆိုတော့ တကာတကာမတွေ ဒီခန္ဓာငါးပါး မခင်ဘဲနဲ့ ခင်ဗျားတို့ ဝိပဿနာဉာဏ်နဲ့သာရှုလိုက်၊အလယ်လမ်းလိုက်လိုက် နော် ...(မှန်ပါ့)။

လိုက်လိုက်တဲ့အခါကျတော့ ဒီခန္ဓာငါးပါးကြီးက ဖေါက်ပြန်ပျက်စီးပြီးသကာလ ဝေဒနာရှုလိုက်တဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာခွဲည့်စိုက်ရှုချင်လဲ ရှုတာပေါ့၊ စိတ်ချည့်စိုက်ရှုချင်လဲ သတိပဋ္ဌာန်လေးပါးထဲက တပါးပါး ဆရာဘုန်းကြီးက အကုန်ပေးထားတာဘဲ၊ရှုရုံဘဲ....(မှန်ပါ့)။

ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် နဂိုရိုက ဖေါက်ပြန်ပျက်စီးနေတာလား၊ သေမှ ဖေါက်ပြန်ပျက်စီးနေတာလား ....(နဂိုရိုက ဖေါက်ပြန်ပျက်စီးတာပါဘုရား)။

အင်း .... ဒါတွေမြင်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဖေါက်ပြန်ပျက်စီးတာမြင်ယင် ယထာဘူတဉာဏ်က ရနေတယ်....(မှန်ပါ့)။

ဖြစ်လိုက်- ပျက်လိုက်၊ဖြစ်လိုက်- ပျက်လိုက်မြင်ယင် ဘာဉာဏ်ရသလဲ... (ယထာဘူတဉာဏ်ရပါတယ်ဘုရား)။

အင်း.. ဒီလိုမြင်လာတဲ့ အခါကျလို့ ရှိယင် ဒီခန္ဓာငါးပါးကြီးဟာ သြော်... အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပြီး သကာလ အကြောင်းချုပ်လို့ အကျိုးချုပ်တာတွေကို သေသေချာချာသိသွားတဲ့ အခါကတော့ ဒီခန္ဓာငါးပါး ကြီးမှာလဲ ဘင်္ဂ, ဘာဒီနဝ, နိဗ္ဗိန္ဒတွေဆိုတဲ့ ဗလဝ ဝိပဿနာတွေ မလာပေဘူးလား... (လာပါတယ်ဘုရား)။

အဲဒီကျတော့ မုန်းလာမှာဘဲ၊ မမုန်းပေဘူးလား.... (မုန်းလာပါတယ်ဘုရား)။

မုန်းပြီးသကားလ ဒီခန္ဓာကြီးသည်ကားလို့ဆိုယင် ညှာတာမဖက် အမြဲနှိပ်စက်တဲ့ ခန္ဓာကြီးဆိုပြီးသကာလ ရှုပြီး ဖြစ်ဒုက္ခ ပျက်ဒုက္ခကိုဆက်ရှု၊ သဘောကျပလား... (ကျပါပြီ)။

ဖြစ်ဒုက္ခ-ပျက်ဒုက္ခကို....(ဆက်ရှုပါမယ်ဘုရား)။

ဒါဖြင့် "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဆိုတဲ့အတိုင်းသံယုတ်ပါဠိတော် လာတဲ့အတိုင်း ဒုက္ခ

ဖြစ်၍ ဒုက္ခပျက်တာမှတပါး ခန္ဓာကိုယ်ထဲ ဘာရှိသေးသလဲ... (မရှိပါဘုရား)။

အဲ... ဖြစ်ပျက်ဟာ ဖြစ်တာလဲ ဒုက္ခလို့မှတ်လိုက်၊ ပျက်တာကော.... (ဒုက္ခပါဘဲဘုရား)။

အဲဒီကဲ့သို့မှတ်လိုက်လို့ တကယ်ဥာဏ်ထဲမှာ အနုပေါဥာဏ် ဖြစ်လာပြီဆိုလို့ရှိယင် ပဋိဝေဓဥာဏ် လိုက်ဘို့ရာ ခဏကလေး လိုက်လာမယ် .. (မှန်ပါ့)။

အနုပေါဥာဏ်ဆိုတာက ဆရာပြောတဲ့ဆီကို အစဉ်လျှောက်ပြီး ဥာဏ်နဲ့ကြည့်လိုက်တဲ့အခါ ခန္ဓာထဲမြင်လာတာ အနုပေါဥာဏ်၊ သဘောကျပသား....(ကျေပါပြီဘုရား)။

ပဋိဝေဓဥာဏ်ဆိုတာက ဆရာပြောတာနဲ့ ကိုယ့်အမြင်နဲ့ကိုက်သွားလို့ရှိယင် ပဋိဝေဓဥာဏ်... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲ.... ပဋိဝေဓဥာဏ်ဆိုယင် တခါတည်း မဂ်ဆိုက်ပြီး ခန္ဓာပျောက်တယ်.... (မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

ခန္ဓာပျောက်သွားတဲ့အခါကျတော့ တကာတကာမတွေ့နိုင်ဘာနဲ့မျက်မှောက်ပြု၊ ခန္ဓာအဆုံးမှာ "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံးကို၊ ကရိဿတိ=မျက်မှောက်ပြုနိုင်လတ္တံ.... ဆိုပြီးသကာသတဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သေသေချာချာ ဟောထားပါတယ်၊ မဟောဘူးလား... (ဟောပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတွေ ဒီလို အာလယ်လမ်း ကနေပြီး ဒီဥာဏ်သုံးချက်နဲ့ တက်ပြီး သွားကြမယ်ဆိုလို့ ရှိယင် နိဗ္ဗာန်မြင်ရတယ်....(မှန်ပါ့) မမြင်ရဘူးလား.... (မြင်ရပါတယ် ဘုရား)။

ဒုက္ခချုပ်တာ မြင်ရမယ်....(မှန်ပါ့) သခင်ဘာပါကြပလား.... (ပါ-ပါပြီဘုရား)။

အဲဒီတော့ ဒါ ဒီဥာဏ်စခန်းက သွားရမည့်အလုပ်ဟာ သေခါနီးမှ သွားလို့ ဖြစ်ပါ့မလား... (မဖြစ်ပါဘုရား)။

အင်း....အသေမှာက်ခင်ကလေး ကပျာကယာသွားလိုက်တဲ့ အခါကျတော့ မသေရုမြင်တဲ့အခါကျတော့ ကဲ....အခုသေမည့် ဝေဒနာရောက်လာဦး.... ဒီ ဘဝ ဆုတောင်း ပြည့်ထားတာကြီး ကြောင့် အို....ပြုံးပြီးသေလိုက်တယ်၊ ဒီတခါသာကွာ.... မင်းတို့ သုံးယောက်လက်တွင်း ခေါင်းစင်းအပ်မှာပေါ့....၊ နောက်မအပ် တော့ပါဘူးဆိုတော့ ဟာမာနဲ့ သေနိုင်တယ်...(မှန်ပါ့)သဘော ကျပလား... (ကျပါပြီ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခန္ဓာမခင်ခြင်း၏ ကျေးဇူးဟာ ပြုံးသောက်ကို သွားတယ်...(မှန်ပါ့)။

ခန္ဓာမခင်ခြင်း၏ သတ္တိဟာ....(ပြုံးသောက်ကို သွားပါတယ် ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့... ။

သာဓု....သာဓု ၊ သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ဥာဏ်ကမ္ဘ နိဗ္ဗာန်ပို့နိုင်ပုံ
ဤ အလုပ်ပေးတရားတော်

(၇ - ၆ - ၆၂)

တကာတကာမတွေ ဒီအာဘိုင်းနေတော့ ဘာမှ ကိုယ့်မှာ မဖြစ်ဘူးလို့ ထင်ရတယ်၊ ဖြစ်နေတဲ့အခြင်းကိုတော့ ဖေါ်ပြောမှာ သိတယ်။

ကိုယ်ကတော့ဖြင့် ဒီအတိုင်းနေတာဘဲ၊ တနေ့လဲ နက်ဖြန်ကျလဲ ဘာလုပ်မယ်၊ တွင်းသွားမည့်ပုဂ္ဂိုလ်ကလဲ တွင်းသွားမယ်၊ အဆောင်းအဝယ်လုပ်မည့် ပုဂ္ဂိုလ်ကလဲ အဆောင်းအဝယ်လုပ်မယ်၊ ကိုယ့်မှာ ဆုံးရှုံးနေတာကို သိဘို့ရာ အရေးကြီးတယ်... လို့ မောင်နိုင်....မှတ်ရမယ်နော်....(မှန်ပါ!)။

ကိုယ့်မှာ ဆုံးရှုံးနေတာက ဘာတုံး-ဆိုလို့ရှိယင်ဖြင့် အသက်တမ်းက ဥပမာမယ် ၇၅-နှစ်ဘဲ နေရမည့် တန်းတူဘဲ ထားလိုက်ပါဦးတော့၊ ဒါတွေကလဲ နေဘို့အထဲက နုတ်သွားလို့ ဆုံးရှုံးသွားတာလဲ အမြင်သားဘဲလို့ ဆိုလို့ရှိယင်လဲ ငြင်းဘို့ လိုသေးသလား...(မလိုပါဘုရား)။

တနေ့တိုးသွားတယ်ဆိုယင် တရက် လျော့သွားတယ်ဆိုတာ လဲ ကံပေးတာကလေးဟာလဲ ဆုံးရှုံးနေတာဘဲ၊ သဘောကျ ပလား....(ကျေပါပြီဘုရား)။

တခါ အသက်အရွယ်ကလေးကလဲ ကြီးကြီး - ကြီးကြီးလာ တော့ ဉာဏ်တွေ့,ဘာတွေကလဲ ထိုင်းမှိုင်းလာတော့ ဉာဏ်ဘက် ကလဲ ဆုံးရှုံးတယ်၊ မဆုံးရှုံးဘူးလား .... (ဆုံးရှုံးပါတယ် ဘုရား)။

သြော်....ဒါဖြင့် ကံရှုံး,ဉာဏ်ရှုံးဆိုတာသည် တကာတကာ မတို့ ကံရှုံးတာဟာ ဒီလောက် ကိစ္စမရှိဘူး၊ ဉာဏ်ရှုံးတာဟာ အနာဆုံးဘဲ....(မှန်ပါ့) မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား) ကံရှုံးတာနဲ့ ဉာဏ်ရှုံးတာ ဘယ်ဟာက သာနာသလဲ....(ဉာဏ် ရှုံးတာက နာပါတယ်ဘုရား)။

ဉာဏ်ရှုံးတာက တကာတကာမတို့ အနာဆုံးဘဲလို့ အောက် မေ့ပါ၊ ကံရှုံးတာက ကံဆက်လို့ရသေးတယ်၊ဉာဏ်ရှုံးတာက ဆက်လို့ မရဘူး... (မှန်ပါ့)။

ဉာဏ်နဲ့မှလဲ မအို-မသေ အမြဲနေတဲ့ နိဗ္ဗာန် သွားနိုင်တယ်၊ ကံက မသွားနိုင်ဘူးလို့ ဦးဘကလေးက မှတ်ထား....(မှန်ပါ့)။

ဉာဏ်နဲ့မှ ဘာသွားနိုင်သတုံး(နိဗ္ဗာန် သွားနိုင်ပါတယ်ဘုရား) ကံနဲ့တော့—(မသွားနိုင်ပါဘုရား)။

မသွားနိုင်ဘူးဆိုတဲ့ဥစ္စာလဲ သေသေချာချာ မှတ်ထားပါနော် (မှန်ပါ့)။

နို့.. မသွားနိုင်တော့ လုံးလုံးဘဲလားလို့ မေးတဲ့အခါကျ တော့ သူက အထောက်အပံ့ပေးတော့ လူရယ်လို့ဖြစ်လာတယ်၊ လူရယ်လို့ဖြစ်လာပြီးသကာလ အရှယ်ကလေး ကောင်းတုန်းကို ဥာဏ်ကိုအသုံးချလိုက်လို့ ရှိယင် နိဗ္ဗာန်ရောက်တယ်၊ ကံကတဆင့် သာ ခန္ဓာဖြစ်ဘို့သာပို့တယ်၊ ခန္ဓာသိမ်းဘို့မပို့နိုင်ဘူး(မှန်ပါ့)။

ဒါ့ကြောင့် ခန္ဓာဖြစ်ဘို့ သူပို့တော့ ခန္ဓာက ဒုက္ခသစ္စာဘဲ၊ သူပို့တယ်ဆိုဘာလဲ ဓမောင်နိုင်တို့ သိပြီးသား ဖြစ်ပါလိမ့်မယ်... (မှန်ပါ့) ဥာဏ်ကတော့ သုခသစ္စာဘက်ပို့တယ်၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကံက ဒုက္ခသစ္စာဘက်ကို .. (ပို့ပါတယ်ဘုရား) ဥာဏ်က... (သုခသစ္စာဘက် ပို့ပါတယ်ဘုရား)။

ကိုစောမောင် ဘယ်ဟာကြိုက်သတုံး.... (သုခသစ္စာပို့တာ ကြိုက်ပါတယ်ဘုရား)။

ဒါက အခု ဆရာဘုန်းကြီး ခဲ့ပြောလို့ သာ ရှင်းတာကိုး... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် တကာတကာမဆုတ်က ဘယ်လို ဖြစ်နေသတုံး၊ ဘယ်တော့ ကံကောင်းပါ့မတုံး....တဲ့ ... (မှန်ပါ့) ကံကောင်းယင် ဒုက္ခရောက်ချည်ရဲ့ဆိုတာ မသိဘူး။

ဦးဘကလေးတို့ ဟင်.... ကံကောင်းယင် ဒုက္ခရောက်ချည်ရဲ့ ဆိုတာ မသိဘူး....(မှန်ပါ့) ဘယ်တော့ ကံကောင်းပါ့ မဘုံးသာ မျှော်ပြီးသကာလ နေကြတာဘဲ။

ဘယ်တော့ ဒီဥာဏ်တက်လာပါ့မလဲဆိုတဲ့အသွားကတော့ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ဥာဏ်ကြီးတက်လာပါ့မလဲ ဆိုတဲ့ဥစ္စာ

ကတော့ဖြင့် ဘယ်တော့မှထည့်ပြီး စကားမပြောတော့ နေ့တိုင်း အသက်ကြီးတိုင်း ကံမဲ့,ဥာဏ်မဲ့ဖြစ်ရပါတယ်....(မှန်ပါ့)။

အသက်ကြီးလေလေ ဘာဖြစ်လေလေလဲ... (ကံမဲ့ ဥာဏ်မဲ့ဖြစ်ရလေလေပါဘုရား)။

အသက်ကြီးလေလေ ကံမဲ့ ဥာဏ်မဲ့ ဖြစ်ရလေလေဆိုတော့ တကာတကာမတို့ နစ်နာချက် မသန်ဘူးလား.... (သန်ပါတယ်ဘုရား)။

ကောင်းပြီ၊ ကံမဲ့ဘာ အရေးမကြီးပါဘူး၊ ဥာဏ်မဲ့တာကနိဗ္ဗာန်မရောက်နိုင်ဘူး.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဟာတာ သာ၍ကြောက်စရာ ကောင်းသတုံး... (ဥာဏ်မဲ့တာက သာ၍ ကြောက်စရာကောင်းပါတယ် ဘုရား)။

ဥာဏ်မဲ့တာ ကြောက်စရာကောင်းတယ်လို့ မောင်နိုင် တထစ်ချမှတ်ပါ....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ ကံသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကံမဆို တကာတကာမတို့ ကံမဖြတ်လို့ ရှိယင် နိဗ္ဗာန်မရောက်ပါဘူး၊ ဒါ....သေသေချာချာ မှတ်ပါ.... (မှန်ပါ့)။

ကံမဖြတ်လို့ရှိယင်..... (နိဗ္ဗာန်မရောက်ပါဘုရား) နိဗ္ဗာန်မရောက်ဘူးလို့ တထစ်ချ မှတ်ထားပါနော်....(မှန်ပါ့)။

ကံမဖြတ်လို့ရှိယင်....(နိဗ္ဗာန်မရောက်ပါဘုရား)။

ဒါဖြင့် ကံကိုဘယ်သူကဖြတ်သတုံးမေးတော့ ဥာဏ်ကမှ ဖြတ်ကယ်....(မှန်ပါ့)။

ကံကို ဘယ်သူက ဖြတ်သတုံး.... (ဥာဏ်ကမှ ဖြတ်ပါတယ် ဘုရား)။

ဒါဖြင့် ကံကို ဥာဏ်က ဖြတ်ပေးမှ နိဗ္ဗာန် ရောက်တယ်လို့ အဂုံတို့ရှိ ပါဠိတော်ကြီးမှာ အာကာသအသုက္က*ကံလို့ ဘုန်းကြီး ဟောပြီးသား ဖြစ်ပါတယ်_(မှန်ပါ)။

အာကာသ အသုက္ကကံဆိုတာ ဘာတုံးဟေ့-ဆိုတော့ မဂ္ဂင် ရှစ်ပါး၊ သဒ္ဓာကျပလား....(ကျပါပြီဘုရား)။

သူက ဘာလုပ်ပါသတုံးဆိုတော့ ကံဖြတ်တယ်ဟေ့... လို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဥာဏ်တုံးတာဟာ အနစ်နာဆုံးဘဲဆိုတာ တကာ တကာမတွေ လေးလေးစားစား မှတ်လိုက်စမ်းပါ__ (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ-ခင်ဗျားတို့ နဂိုရိုက အယူဝါဒက ငယ်တုန်း ပညာပေါ့ကွာ၊ ဆရွယ်လတ်ရှိတဲ့အခါ ဥစ္စာဒေါ့ကွာ-ဟုတ်လား၊ ကြီးတဲ့အခါကျမှ သံသရာရေးပေါ့ကွာလို့ ဆုံးဖြတ်ချက်ချတာမျိုးဟာလဲ မောင်နိုင် အလွဲအချော်ကြီး ချော်တော့ဘယ်လို့ မမှတ်ထိုက်ဘူးလား_ (မှတ်ထိုက်ပါတယ်ဘုရား)။

ဘယ်နှယ် ကံမဲ့,ဥာဏ်မဲ့မှ လာရှာတော့ အင်မဘန် အဘိုးထိုက်တန်တဲ့ ပစ္စည်း ကံမဲ့, ဥာဏ်မဲ့နဲ့ရှားလို့ မောင်နိုင် ရ၇!

---

* အထက်အသုက္ကကံ အကြောင်း စတုက္ကနိပါတ် အင်္ဂုတ္တိုရ် သံခိတ္တသုတ်နှင့် မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ် ကြည့်ပါ။

မလား....(မရပါဘုရား) ကိုပေါ် အင်မတန် ခဲယဉ်းတယ်ဆိုတာ ပေါ်လာကြပဲလား....(ပေါ်လာပါပြီဘုရား)။

မယုံလို့ရှိယင် ခင်ဗျားတို့ သက်သေ သာဓက လုံလောက်ပါတယ်၊ ဒီမှာ ဘုန်းကြီးဆီမှာလဲ တကာရင်း ဦးလှိုင် မေးကြည့်ယင် ခင်ဗျားတို့တွေ့မှာဘဲ၊ ဦးလှိုင် မေးကြည့်ယင် သိမယ်။

ကံမဲ့ညာဏ်မဲ့နဲ့ရှာတော့ အခုအခါ ကောင်းကောင်းမွန်မွန်တွေ့ဘို့ရာကို အင်မတန်ခဲယဉ်းတယ်....(မှန်ပါ့)။

မောင်နိုင် မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒါတွေထောက်ကြည့်တော့ ယခု တကာတကာမတွေဟာ ကံကလေးက ထောက်ပံ့နေတုန်း- မျက်လုံးကလဲ ကြည်တုန်း၊ ကံ မျက်လုံးကိုး....(မှန်ပါ့)နားကလေးကလဲသွက်သွက်လက်လက်ကြားတုန်းဆိုတော့ ကံနားကိုး... (မှန်ပါ့ဘုရား)ဒါကလေးတွေ့ကောင်းတုန်းကိုမှ ကံကဒီလိုကူထားတုန်းမှ ညာဏ်က ခင်ဗျားတို့အာသုံးမချတော့ပါဘူးဆိုယင်ဖြင့် ကိုယ်ကျိုးနည်းပေါ့-(မှန်ပါ့)။

ဦးဘကလေး... (မှန်ပါ့) ကိုယ်ကျိုးနည်းပေါ့ဆိုတာ တကာတကာမတွေ ဘုန်းကြီးတို့ ပညာရှိက ညည်းတယ်ဆိုလို့ရှိယင်ဖြင့် မသိတဲ့ပုဂ္ဂိုလ်ဟာ ထိုင်ငိုဘို့ဘဲ ကောင်းတယ်... (မှန်ပါ့)။

ထိုင်ငိုဘို့ဘဲ ကောင်းပါတော့တယ်၊ ဘာ့ကြောင့်တုံးဆိုလို့ရှိယင်ဖြင့် ညာဏ်နဲ့မှ နိဗ္ဗာန်သွားနိုင်တဲ့ အလုပ်ကြီး တခု၊ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်၊ ချမ်းသာတကာတို့၏ အထွဋ်အထိတ်ဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ညာဏ်နဲ့မှ သွားနိုင်တယ်၊ ကံနဲ့ မသွားနိုင်ဘူး။

ကံမဖြတ်လို့ ကံက အကျိုးပေးနေမယ်ဆိုယင် မောင်နိုင်... ကံက 'ကမ္မ'ဝိပါကဿ'ဆိုတဲ့အတိုင်း ကမ္မဝင်္ခဆိုတဲ့ဥစ္စာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

သူက ပဋိသန္ဓေတွေ့ အကျိုးပေးနေမယ်ဆိုယင် မနေ့ကပြောခဲ့တဲ့ မောင်နိုင် လူသုံးယောက်လက်ထဲ ထိုးအပ်တဲ့အဓိပ္ပါယ် ရောက်ဦးမှာဘဲ....(မှန်ပါ့) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဇာတိ, ဇရာ, မရဏတို့၏ လက်တွင်းကို သူ-ထိုးအပ်နေတာဟာ ကံလား· ဥာဏ်လားဆိုတာ အကဲခတ်ကြည့်စမ်း.... (ကံပါဘုရား)။

ဇာတိ,ဇရာ,မရဏလက်တွင်းက လွတ်ကင်းသွားတဲ့ ဘုရား တဆူတဆူမှာ ကုဋေရွှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်းသော ပုဂ္ဂိုလ်တွေဟာ ကံလက်တွင်းမှ လွတ်ကင်းပြီးသကာလ ဥာဏ် ပို့ဆောင်လို့ အရောက်-ရောက်သွားကြတယ်ဆိုတာလဲ တကာတကာမတို့ သေသေချာချာ မှတ်ပါ__(မှန်ပါ့)။

ဒါဖြင့် ဘယ်သူ အရေးကြီးသတုံး.... (ဥာဏ်အရေးကြီးပါတယ်ဘုရား)။

ဥာဏ်အရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ....တဲ့၊ ဒါ့ကြောင့် ဒါနကလေး ပြုတာတောင်မှ ဥာဏ်ပါဦးမှ ကိုစောမောင်....(မှန်ပါ့) ဥာဏ်မပါယင် ကံ ချယ်လှယ်သွားလိမ့်မယ်__(မှန်ပါ့)။

ဥာဏ်မပါယင်....(ကံချယ်လှယ်သွားပါလိမ့်မယ်ဘုရား)။

ကံ ချယ်လှယ်သွားလို့ရှိယင်ဖြင့် လူကောင်, နတ်ကောင်, ဗြဟ္မာကောင်တွေ ဖြစ်ပြီးသကာလ ဒုက္ခသစ္စာ ကြီးကျယ်ထွားသွားဦးမှာဘဲ.... (မှန်ပါ!) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဥာဏ်ပါမှ ဝိဝဋ္ဋဖြစ်မယ်ဆိုတာလဲ ဆရာသမားတွေလဲ ပြောနေကြတာဘဲ၊ မှန်လိုက်တာလဲ လွန်လို့၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာ တကာမတို့ ကံနဲ့ဥာဏ် ဘယ်ဟာကို ကျုပ်တို့ အကြီးဆုံး အားကိုးထိုက်ပါသတုံးဆိုတာခင်ဗျား ပေါ်ကြပလား....(ပေါ်ပါပြီ) ဘာပေါ်ပါလိမ့်.... (ဥာဏ်ပါဘုရား)။

ကံ-က ပဋိစ္စသမုပ္ပါဒ်ဖြတ်သလား၊ ဥာဏ်က ပဋိစ္စသမုပ္ပါဒ်ဖြတ်သလား.... မောင်နိုင် စဉ်းစား... (ဥာဏ်က ပဋိစ္စသမုပ္ပါဒ်ဖြတ်ပါတယ်ဘုရား)။

မယုံ ရွတ်ကြည့်စမ်းပါ... တဲ့၊ ကမ္မဘဝပစ္စယာ... (ဇာတိပါဘုရား) ဟော....ကံက ဆက်ထားတယ်... (မှန်ပါ!)။

ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) အင်း....ဘယ်ကပါလိမ့် (ကံက ဆက်ထားလိုက်ပါတယ်ဘုရား)။

ဥာဏ်ကတော့ကိုတဲ့ တကာတကာမတို့ အကဏ္ဍအသုက္က ဆိုတဲ့သဘော မဂ္ဂင်သည်ကားလို့ ဆိုယင်ဖြင့်တဲ့ ကံကို ဖြတ်ချတယ်၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဉာဏ်က ကံဖြတ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြီးကိုဖြတ် တာဟာ ကိုစောမောင် ဘယ်သူ ထင်သတုံး....(ဉာဏ်ကဖြတ်ပါ တယ်ဘုရား)။

ကံကတော့ ကြည့်လေ၊မောင်နိုင်တို့ ရပြီးသားအတိုင်း ကမ္မ ဘဝပစ္စယာ...(ဇာတိပါဘုရား)ဟော-သူက မဖြတ်ပါကလား.... (မှန်ပါဘုရား)။

ဇာတိဆိုတာ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

လူဇာတိ ဒုက္ခသစ္စာ၊ နတ်ဇာတိ ဒုက္ခသစ္စာ၊ ငြဟ္မာဇာတိ စကြဝဠတေးမှန္ဓာတ်ဇာတိ....(ဒုက္ခသစ္စာပါဘုရား) ကဲ....ပေါ်ကြ ပလား....(ပေါ်ပါပြီ)။

ဉာဏ်ကတော့ကိုတဲ့ သေသေချာချာ ဖြတ်ပါတယ်၊ခင်ဗျား တို့ရှင်းရှင်းပြောပြပါမယ်၊ဉာဏ်ဖြတ်တာ မဖြတ်တာ အဟိ သက *ခိုးသူကြီးသာ ကြည့်လိုက်တော့ ကိုစောမောင် ရှင်းသွားမယ်- (ရှင်းပါတယ်ဘုရား)။

ဒီဘဝမှာ လူပေါင်းထောင်သောင်း သတ်ပစ်တယ်(မှန်ပါ) မသတ်ဘူးလား.... (သတ်ပါတယ်ဘုရား) ဉာဏ်က ဖြတ်ချလိုက် တဲ့ အခါကျတော့ ဒီအပြစ်တွေ အပါယ်ရောက်သေးရဲ့လား.... (မရောက်ပါဘုရား)။

ဒါဖြင့် ဘယ်သူက ဖြတ်လိုက်တာတုံး .... (ဉာဏ်က ဖြတ် လိုက်တာပါဘုရား)ဉာဏ်က ဖြတ်ချလိုက်တာ၊ ရှင်းပလား .... (ရှင်းပါပြီ)။

---

* အဟိ သကဆိုသည်မှာ အင်္ဂလိမာလ၏ ငယ်နာမည်။

အဲဒီတော့ ဒီတရာတရာမတွေ့ ဒီဟာ ဟောချင်တာက တခြားမဟုတ်ပါဘူးတဲ့၊ အလုပ်-လုပ်မှုလဲ ဥာဏ်က ပေါ်မယ်.... (မှန်ပါ့)ပေါ်မှလဲဖြတ်ပေးမယ်... (မှန်ပါ့)ရှင်းကြပလား.... (ရှင်း ပါပြီ)သဘောပါကြလား... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ပေါ့ပေါ့တန်တန် မနေဘဲနဲ့ ခင်ဗျားတို့မှာ ကံတွေ့ကအနန္တရိုတယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါ (မှန်ပါ့)။

အတိတ်က ပြုထားတဲ့ ကံတွေ့ကလဲ အကျိုးမပေးသေးလို့ ကမ္မသမဒိ အဖြစ်နဲ့ အကျိုးမပေးသေးတာတွေ့လဲ တပုံကြီးဘဲ၊ ဒီဘဝမှာ မိုက်တေထားတဲ့ မသိမလိမ်မာမှုနဲ့ ကြီးထွားလာခဲ့တဲ့ ကံတွေ့ကော... (တပုံကြီးပါဘုရား)။

အဲဒါတွေ့က အကျိုးပေးနေမယ် ဆိုလို့ ရှိယင်ဖြင့် သံသရာထဲကထွက်ပေါက်ရှိသေးရဲ့လား... (မရှိပါဘုရား)။

ဘာအားကိုးကြမယ်....(ဥာဏ်အားကိုးရပါမယ်ဘုရား)။

ဥာဏ်အားကိုးရမယ်ဆိုတာ မောင်နိုင် ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီဘုရား)ရှင်းပလား... (ရှင်းပါပြီ)။

ကောင်းပြီ တသက်လုံး မုဆိုးလုပ်နေတဲ့ ပုဂ္ဂိုလ် * ချွေးခုနစ်ယောက်,သားခုနစ်ယောက်နဲ့ ကိုစောမောင် တောထဲသွားပြီးသကာလ မဂ်ဥာဏ်အလုပ်·လုပ်ခိုင်းလိုက်တဲ့ အခါကျတော့ တကာ တကာမတို့ တသက်လုံး မုဆိုးလုပ်လာတဲ့ ဥစ္စာတွေ့ အကုန်ပျောက်....(မှန်ပါ့)။

---

* ကုက္ကဳဠမိတ္တနေသာဒဝတ္ထု ဓမ္မပဒ။

ဘယ်သူက ဖြတ်လိုက်သတုံး... (ဥာဏ်က ဖြတ်ပါတယ်ဘုရား)။

ဟာ_ကံတွေက အမျှားကြီးဘဲ၊ ဘယ့်နှယ်ကြောင့် ဒီဥာဏ်နှိုင်ပါလိမ့်မလဲလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

နှိုင်တယ်တဲ့ တကာတကာမတို့ရဲ့နော်၊ ဝိပဿနာဥာဏ်,မဂ်ဥာဏ်ဆိုတာက တကာတကာမတို့သူတပါးမထိုးဖေါက်နိုင်တာကို ထိုးဖေါက်နိုင်တယ်နော်....(မှန်ပါ့) သူတပါး မဖြတ်နိုင်တာကို (ဖြတ်နိုင်ပါတယ်ဘုရား)။

ဖြတ်နိုင်တယ်ဆိုတဲ့ စုမ်းရည်သတ္တိ ရှိသောကြောင့် ဒီတကာတကာမတွေ့ ကံကြွေးတွေ့ တပုံကြီးနဲ့ လာတာကို ဥာဏ်နဲ့မှမဖြတ်တော့ပါဘူး၊ မဆပ်တော့ပါဘူး ဆိုလို့ရှိယင် ခန္ဓာနဲ့ဆပ်ကြ.... (မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ.... (ဥာဏ်နဲ့ ဖြတ်ကြရပါမယ်ဘုရား)။

ဒါဖြင့် ဥာဏ်စခန်းလိုက်ကြပေတော့_(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုက်ရမလဲ.... (ဥာဏ်စခန်းလိုက်ၟပါမယ်ဘုရား)ဥာဏ်စခမ်းလိုက်ရလိမ့်မယ်တဲ့။

အဲဒီတော့ ခင်ဗျားတို့က အားကိုးထားကြလိမ့်မယ်၊ ဟာ.... ဒါနဲ့ဘဲ တပည့်တော်တို့ တော်တော်ကလေး လူ့ဘဝရတဲ့အထဲတော့ တော်တော်လုံလောက်ပြီဘုရား-ဆိုတော့ ကံအားကိုးတာဘဲ၊ ဟာ... တပည့်ခတော်တို့ တလ လေးသီတင်း, ရှစ်သီတင်းဟာသီလလဲ အားကိုးတာဘဲဘုရား။

ဟာ....မရဘေးပါဘူးကွ၊ သီလထဲမှာလဲ ဥာဏ်ကို မပါသေး ပါဘူး၊ ပါရဲ့လား....(မပါ-ပါဘုရား)။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတာ သီလဘဲ ရှိသေးတယ်...(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သူလဲ ဥာဏ်မပါသေးလို့ သူကလဲ ပြုထားတဲ့ ကံတွေ ဖြတ်နိုင်ပါ့မလား....(မဖြတ်နိုင်ပါဘုရား) သူအကျိုးပေး ပြီး ကိုစောမောင် ပြန်ကျဦးမှာဘဲ....(မှန်ပါ့) မကျပေဘူးလား (ကျပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့လုပ်ထားတဲ့ ဒါနကံ,သီလကုသိုလ်မျိုး နဲ့ဖြင့် ဘုရားကလဲ မတင်းတိမ်နဲ့ဆိုတဲ့ အကြောင်းကို ဓမ္မပဒ ပါဠိတော်မှာ သေသေချာချာ ဟောတယ်နော်....(မှန်ပါ့)။

၁။ နဲ သီလဗွတမတ္တေန၊
ဗာဟုသစ္စေန ဝါပန၊
အထဝါ သမာဓိလာဘေန
ဝိဝိတ္တသ ယာနနဝါ။ ။
၂။ ဖုသာမိ နေက္ခမ္မသုခံ၊
အပုထုဇ္ဇန သေဝိတ။
ဘိက္ခု ဝိဿာသ မာပါဒိ၊
အပ္ပတ္တော အာသဝက္ခယံ။

လို့ သေသေချာချာဟောတယ်၊ ကိုယ်တော်တိုင် ဟော့တယ်... (မှန်ပါ့)။

သီလတလေးမျှနဲ့ မင်းတို့ တင်းတိမ် မနေလို့ကပါနဲ့ဆိုတော့ ဒီထက် အောက်တန်းကျတဲ့ ဒါနနဲ့ဆိုယင်ဖြင့် သာမဆိုးပေဘူးလား....(ဆိုးပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါ-ဒီဝတ္ထုကို ထုတ်လို့ရှိယင် ဝိပဿနာ မရောက်မှာ စိုးလို့ မောင်နိုင် မထုတ်တော့ပါဘူး၊ အခုးမကိုးလောက်သေးဘူးပြော လိုက်တယ်... (မှန်ပါ့) 'နဲ့ သီလဗွတမတွေနဲ့' ဆိုတာနော်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါထက် ဘာမှမသိတဲ့ သာမည လမ်းဆုံးနေတဲ့ ပုဂ္ဂိုလ်မျှားမှာ ဒါနနဲ့သီလဆိုယင် တော်တော် အားကိုးလောက်ပြီလို့ မှုကိုစောမောင် မှတ်ချင်လဲ မှတ်ပစ်လိုက်တာပေါ့(မှန်ပါ့) မှတ်မှတဲ့နော်....(မှန်ပါ)။

မှတ်ပင်မှတ်ငြားသော်လဲ လဲ့ပါသေးတယ်၊ချော်ပါသေးတယ် ဆိုတာတော့ဖြင့် တကယ် အစစ်ထက်ဖြင့် အားမကိုးလောက် သေးဘူး ဆိုတဲ့ဥစ္စာ သူတို့က ကံစခန်းဘဲ ရှိသေးတယ်....(မှန်ပါ့ ဘုရား)။

ဥာဏ်စခန်း မောင်နိုင်....(မပါသေးပါဘုရား) မပါသေဘူး ဆိုတာ ကိုပေါ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘာအားကိုးကြမယ်.... (ဥာဏ် အားကိုးကြပါမယ် ဘုရား)။

ဥာဏ်အားကိုးရမယ်ဆိုတာကို တကာတကာမတို့ သေသေ ချာချာမှတ်ပါနော်....(မှန်ပါ့)။

ကိုင်းဒါဖြင့် ခုနင်ကဟာ ဓမ္မပဒကိုးပြလိုက်တယ်နော်၊ 'နသီလပ္ပတမတ္တောန' သီလကလေးလုံခြုံကာမျှနဲ့ကွာတဲ့ မင်းတို့ တင်းတိမ်ပြီးမနေပါနဲ့၊ 'ဗာဟုသစ္စေန ဝါပန' စာအုပ်တွေ အကုန်နားလည်ပြီးသကာလ ဗဟုသုတရှိနေတာနဲ့လဲ မင်း...တင်းတိမ်မနေနဲ့တဲ့၊ ဘုရားက သေသေချာချာ ဟောတယ် (မှန်ပါ့)။

အထဝါသမာဓိလာဘေနတဲ့၊ ဥပစာရသမာဓိ အပ္ပနာသမာဓိဆိုတဲ့ ဖြဟ္မာပြည်ရောက်တဲ့ သမာဓိရစေကာမူ မင်း-တင်းတိမ်မနေနဲ့ မဟုတ်သေးဘူးကွတဲ့၊ သဘောပါလား...(ပါ-ပါပြီ ဘုရား)။

ဝိဝိတ္တာသယနေနဝါ...တဲ့၊ တောကျောင်း, တောင်ကျောင်း တယောက်တည်း နေနိုင်ပြီ - ဆိုပြီးသကာလ တင်းတိမ်မနေနဲ့ကွ...တဲ့...ဆိုတော့ ခင်ဗျားတို့... ခင်ဗျားတို့က တောကျောင်း တောင်ကျောင်းကေသနိုက် ပတ္တာပိုဏ်စားနေတယ်ဆိုယင်အတော်ဟုတ်ပြီလို့ အောက်မေ့ချင် အောက်မေ့နေမှာ...(မှန်ပါ့) မတင်းတိမ်နဲ့ကွ...မဟုတ်သေးဘူးတဲ့။

ဖုသာမိ နေက္ခမ္မ သုခံ...တဲ့၊ နေက္ခမ္မ သုခ ဆိုတဲ့ဥစ္စာ သေသေချာချာ ရတဲ့ အနာဂါမ် တည်ထောင်မှု လိုသေးတယ်...လို့ ငါဘုရားဟောလိုက်တယ်ကွ...ဆိုတော့ ကုန်ရော့ပေါ့.... (မှန်ပါ့ ဘုရား)။

အာသဝက္ခယဉာဏံ၊ အာသဝေါ မကုန်ဘဲနဲ့ဖြင့် မင်းတို့ အေးအေးဆေးဆေးနေချိန် တချိန်မှ မရှိသေးဘူးကွ...လို့ တခါတည်း ဟသသေချာချာ ဟောလိုက်တယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒါဖြင့် တကာတကာမတို့ ဉာဏ်စခန်း အားကိုးပါဦးဆိုတဲ့ဥစ္စာ အထောက်အထားရပြီမဟုတ်လား....(ရပါပြီ)။

ကိုင်း....ဒါဖြင့် အလုပ်လဲ ပြောရမှာဖြစ်နေတော့ ရှင်သာရိပုတ္တရာဆိုတာလဲ အင်မတန် ဉာဏ်ကြီးတယ်၊ ပညာအရာ ဗေဒင်ရတဲ့ လက်ျာရံကြီးဆိုတာလဲ သိပြီးသားဘဲ၊ ရှင်ကောဋ္ဌိက ဆိုတာလဲ တကာတကာမတို့ သိပြီးသားဘဲ၊သူလဲ ရဟန္တာပုဂ္ဂိုလ်ကြီးဘဲ....(မှန်ပါ့)။

တနေ့သဘ္ဂ ကျလာတဲ့အခါကျတော့ ဒါ....ခန္ဓာဂဂ သံယုတ် ပါဠိတော်လို့ မှတ်လိုက်တာပေါ့နော်...(မှန်ပါ့)။

ပါဠိတော်ဆိုလို့ရှိယင်လဲ ကိုယ်တော်တိုင်ဟောပြီးကိုယ်တော် တိုင် ထောက်ခံချက်ပေးတယ်ဆိုတာ ကိုထွန်းခင် မှတ်လိုက်ဘာ့ (မှန်ပါ့)။

တချို့ ကိုယ်တော်တိုင် ဟောတယ် .... (မှန်ပါ့) အခု ရှင်ကောဋ္ဌိကနဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး အမေးအဖြေ လုပ်မှာတော့ ကိုယ်တော်ကြီး ထောက်ခံချက်အရ သူဟောလဲ ဒီလိုဟောမှာဘဲဆိုတဲ့ ထောက်ခံချက်ထဲက....(မှန်ပါ့)။

သီလသုတ်မှာ ဟောထားတယ်၊ ရှင်သာရိပုတ္တရာကြီးနဲ့ ရှင်ကောဋ္ဌိက အမေးအဖြေလုပ်ကြတယ်၊ အရှင်ဘုရား သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ဘာမှလုပ်ဘို့မလိုဘူးလား... လိုဘူး သလားဘုရာ့လို့ မေးတယ်.. (မှန်ပါ့)။

တကာဘကာမတို့ ဘယ်လိုမေးသတုံး ... (သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ) သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ လုပ်စရာ ရှိသေး သလား.... လုပ်စရာမရှိးတာ့ဘူးလားလို့ မေးတဲ့အခါကျတော့ ဩဩ....ကောဋ္ဌိက သီလနဲ့ပြည့်စုံဘဲ့ပုဂ္ဂိုလ်မှာ လုပ်စရာက အများကြီးကျန်သေးတယ်ကွ ...တဲ့၊ရိပ်မိကြပလား ... (ရိပ်မိပါပြီ)။

သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ.... (လုပ်စရာ အမျှားကြီးကျန်ပါသေးတယ်ဘုရား) လုပ်စရာ အမျှားကြီးကျန်သေးတယ်ကွလို့ သေသေချာချာ ဟောထားတယ်နော်... (မှန်ပါ့)။

အဲဒီတော့ သီလထက်ကောင်းတာ ဘာရှိသေးသတုံး ဆိုတဲ့ ရှေးသုံး ရှေးထုံးတွေကိုလဲ ပယ်လို့တော့ မဟုတ်ဘူးပေါ့၊ သီလမျှနဲ့ တင်းတိမ်မနေနဲ့လို့ ပြောတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) ကောင်းတန်သလောက် ကောင်းရဲ့၊ အဆုံးလမ်းကောင်း မဟုတ်သေးသောကြောင့် တင်းတိမ်မနေနဲ့လို့ ပြောလိုက်တာ....(မှန်ပါ့)။

ခုနင်က ဓမ္မဒေသနာကိုးပြီးဘေဒ့ ပြောလိုက်ဘယ်၊ အခု သံယုတ်ပါဠိတော် လာပြန်တယ်၊ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်မျှား ဘာမျှားလုပ်ဘို့ လိုသေးသတုံးလို့ ရှင်ကောဠဳက- က မေးတဲ့အခါကျတော့ ဟာ....သီလနဲ့ပြည့်စုံဘဲ့ ပုဂ္ဂိုလ်မှာ နှလုံးသွင်းမှန်ဘို့ လိုသေးသကွာ... ။

တကာတကာမတို့ ဘာတဲ့တုံး... (နှလုံးသွင်းမှန်ဘို့ လိုပါသေးတယ်ဘုရား)နှလုံးသွင်းမှန်ဘို့ လိုသေးသကွ ။

တကာတကာမတို့ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဘာလိုနေသတုံး— (နှလုံးသွင်းမှန်ဘို့ လိုပါတယ်ဘုရား) နှလုံးသွင်းမှန်ဘို့လိုနေသေးတယ်ဆိုကတည်းက ယောနိသောမနသိကာရ လိုသေးတယ်ပြောတာ(မှန်ပါ့)အနိစ္စကို အနိစ္စလို့ သိမှကွ၊ ဒုက္ခကိုဒုက္ခလို့ သိမှကွ၊ အနတ္တကိုအနတ္တလို့ သိမှကွ၊အဲဒီ နှလုံးသွင်းမှန်ဘို့ လိုသေးတယ်ကွလို့ ရှင်သာရိပုတ္တရာက အဖြေပေးလိုက်ပါတယ်၊ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

မေးတဲ့ပုဂ္ဂိုလ်ကလဲ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် ဘာမျှးလုပ်ဘို့ လိုသေးသတုံးဘုရာ့လို့ မေးတယ်၊ ဟ .... လိုသေးတယ်ကွ....တဲ့ ရှင်သာရိပုတ္တရာက ကိုဒစားမောင်....(မှန်ပ!) တကာတကာမတွေ ဘယ်လိုပါလိမ့်.... (လိုပါသေးဘယ်ဘုရား)။

သီလနဲ့ပြည့်စုံဘဲ့ပုဂ္ဂိုလ် ဘာမျှးလုပ်ဘို့ လိုပါသေးသတုံးဆိုတော့ ရှင်သာရိပုတ္တရာ ဘယ်နှယ်ဖြေပါလိမ့် .... (နှလုံးသွင်းမှန်ဘို့ လိုပါတယ်ဘုရား)လိုသေးတယ်ကွ၊ ဘာလိုသတုံးဆိုတော့ နှလုံးသွင်းမှန်ဘို့ လိုသေးသကွ....(မှန်ပါ)။

တကာတကာမတို့ ဘာတဲ့တုံး .... (နှလုံးသွင်းမှန်ဘို့ လိုပါသေးတယ်ဘုရား)နှလုံးသွင်းမှန်ဘို့ လိုသေးသကွ....ဆိုကတည်းက တကာတကာမတွေ အထူးဘဲ ရိပ်မိဘို့ကောင်းပါပြီ ... (မှန်ပ!) သြော် .... သီလနှလုံးသွင်းမှန်တဲ့ အထဲမှာ သီလထဲ မပါသေးပါကလားဆိုတာ ပေါ်သွားပြီ .... (ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

သီလထဲမှာ နှလုံးသွင်းမှန်တဲ့ အလုပ်ပါပလား.... (မပါသေးပါဘုရား) မပါသေးဘူးဆိုတာ မောင်မြင့်တို့ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)သီလဆောက်တည်ပြီးသကာလ တကာတကာမတို့ သီလဖြူစင်ပြီးသကာလ နေစေကာမူ နှလုံးသွင်းမမှန်လို့ ရှိယင် အတ္တာဒိဋ္ဌိက ဖြုံကိုမဖြုံဘူး ... (မှန်ပ!) သဘောကျပလား....(ကျပါပြီဘုရား) အတ္တာဒိဋ္ဌိက .... (ဖြုံကိုမဖြုံပါဘုရား)။

မဖြုံလို့ရှိယင် အပါယ် ဆဲခချနိုင်သေးတယ် ... (မှန်ပ!) သဘောပါပလား.... (ပါ-ပါပြီဘုရား) ဦးဘကလေး ဘာတဲ့

တုံး...(.အပါယ် ဆွဲချနိုင်ပါသေးတယ် ဘုရား) အတွက်ဒီဌိက အပါယ်ဆွဲချနိုင်တယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်သူ့မှ မေးမနေနဲ့၊ ဘုရားနဲ့ ဇာတဝန်ကျောင်းမှာ အတူတူနေတဲ့ သီလလုံခြုံတဲ့ တိဿရဟန်းကြီးသာ မေးကြည့်၊ ကိုစောမောင် နှလုံးသွင်းမှားလိုက်တာ ချက်ခြင်းသန်းဖြစ်တယ် (မှန်ပါ)မဖြစ်ဘူးလား· ဖြစ်သလား _ (ဖြစ်ပါတယ်ဘုရား) သီလတော့ဖြင့် ပြောဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါ့ကြောင့် သီလကလေးလုံခြုံရုံနဲ့ တင်းတိမ် မနေနဲ့လို့ ခုနင်က ဓမ္မပဒပါဠိတော်လဲ ရွတ်ခဲ့ပါပြီ....(မှန်ပါ့)။

ယခုတခါ သံယုတ်ပါဠိတော် ရဟန္တာကြီးနှစ်ပါး အမေး အဖြေမှာလဲ သီလလုံခြုံတဲ့ပုဂ္ဂိုလ် ဘာလိုသေးသတုံး၊ လိုပါသေးတယ်ကွလို့ ရှင်သာရိပုတ္တရာ ထောက်ခံချက်ပေးနေတာလဲ သေချာပလား....(သေချာပါပြီဘုရား)။

ကဲ....တကာတကာ့ဓမတို့ ဘာလိုနေသတုံး....(နှလုံးသွင်းမှုန်ဘို့ လိုပါတယ်ဘုရား) နှလုံးသွင်းမှုန်ဘို့ လိုတယ်ဆိုဘာ့ ဒီဥစ္စာ အရေးကြီးတယ်(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အေး....ဒါ့ကြောင့်ရှေးတုန်းကတော့ တကာတကာမတွေက ဥပုသ်ကလေးစောင့် ဆွမ်းတော်ပွဲကလေးနဲ့ ဒါနလဲပါအောင် ဟေ့....၊သီလလဲ ဆောက်တည်ရအောင်ဟေ့.... ဆိုပြီးသကာလ ကျောင်းလာ နေကြ-ထိုင်ကြ- အိပ်ကြ၊ကိုစောမောင်တို့ ငယ်ငယ် တုန်းကတော့ များသပေါ့ဗျာ....(မှန်ပါ့)။

ဒါနဲ့ဘဲ အတော်တင်းတိမ် နေပြီဆိုတဲ့ သဘောတွေလဲရှိကြ တယ်နော်....(မှန်ပါ့))။

ရှိပင်ရှိငြားသော်လဲ အခု ရဟန္တာကြီးနှစ်ပါး အမေး-အဖြေ လုပ်တော့ သီလပြည့်စုံတဲ့ပုဂ္ဂိုလ်မျှား ဘာမျှားလုပ်ဘို့ လိုသေး သတုံးလို့ ရှင်မဟာကောဋ္ဌိက-က မေးလိုက်တဲ့အခါကျတော့ ဟာ_အမျှားကြီး လိုသေးသကွာ....။

မောင်နိုင် .... ဘာတဲ့တုံး .... (အမျှားကြီး လိုသေးပါတယ် ဘုရား)နောက်က တကာတကာမတွေ....(အမျှားကြီး လိုပါသေး တယ်ဘုရား)။

ဘာလိုနေတာတုံး.... (နှလုံးသွင်းမှုန်ဘို့ လိုနေတာပါဘုရား) သြော်... ဒါဖြင့် အလွန်အရေးကြီးတဲ့ စကားပါကလားဆိုတာ တကာတကာမတွေ သေသေချာချာမှတ်ပါ_(မှုန်ပါ့)။

နှလုံးသွင်းမှုန်ဘို့ လိုသေးသကွတဲ့....(မှုန်ပါ့) နှလုံးသွင်းက ဘယ်အပေါ်မှာ နှလုံးသွင်းမှုန်ဘို့ လုံပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ခန္ဓာပေါ်မှာ လိုတယ်....(မှုန်ပါ့)။

တကာတကာမတို့ ဘယ်အပေါ်မှာ လိုသတုံး.....(ခန္ဓာ အပေါ်မှာ လိုပါတယ်ဘုရား) ခန္ဓာပေါ်မှာ လိုတယ်တဲ့....၊ ခန္ဓာ ပေါ်မှာ လိုနေတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် ခန္ဓာပေါ်မှာ နှလုံးသွင်းဆိုတဲ့ဥစ္စာ ယောနိသော မနသိကာရ၊ အဲဒီ ယောနိသောမနသိကာရ ဆိုတဲ့ဥစ္စာ နှလုံးသွင်းမှုန်ဘို့ဘဲ....(မှုန်ပါ့)။

နှလုံးသွင်းမှုန်အောင် လုပ်ပါဆိုတဲ့ ယောနိသော မနသိကာရ၊

ဘယ်လို နှလုံးသွင်းမှန်အောင် လုပ်ရမှာတုံးဘုရာ့၊ ရှုင်ကောင်ဒိုက က ဆက်ပြီး မေးပြန်တယ်....(မှန်ပါ့)။

ကဲ...တဲ့ ပဋ္ဌုပါဒါနကွန္ဒဆိုတဲ့ ခန္ဓာငါးပါး ရှိသကွ—။

တကာတကာမတွေ့မှာ ခန္ဓာ ဘယ်နှစ်ပါးရှိသလဲ....(ငါးပါး ရှိပါတယ်ဘုရား)။

အဲဒီ ငါးပါးရှိတဲ့အနက်က အဲဒီ ငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ နှလုံးသွင်းလိုက်တဲ့အခါ အနိစ္စရှိလို့ အနိစ္စသိမှ နှလုံးသွင်းမှန်တယ်ကွ၊ ဒုက္ခရှိလို့ ဒုက္ခသိမှ... (နှလုံးသွင်းမှန်ပါတယ်) အနတ္တရှိလို့ အနတ္တသိမှ....(နှလုံးသွင်းမှန်ပါတယ်ဘုရား)။

နှလုံးသွင်းမှန်တာ ခန္ဓာပေါ်မှာ မှန်ရမယ်၊ပဋ္ဌုပါဒါနက္ခန္ဓာပေါ်မှာ မှန်ရမယ်ဆိုပါကလား....(မှန်ပါ့) သဘောပါကြလား-(ပါ-ပါတယ်ဘုရား)။

ဘယ်အပေါ်မှာ နှလုံးသွင်းမှန်ရမလဲ .... (ပဋ္ဌုပါဒါနက္ခန္ဓာပေါ်မှာ မှန်ရပါမယ်ဘုရား)။

ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်ရမယ်ဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဒါနနဲ့လဲ တင်းတိမ်မနေနဲ့ ဆိုတာလဲ ပေါ်ပလား....(ပေါ်ပါပြီ) သီလနဲ့ကော.... (တင်းတိမ်မနေနဲ့ပါဘုရား)။

တင်းတိမ်မနေဘို့ ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်မှသာ အရေးအကြီးဆုံးကွတဲ့—(မှန်ပါ့)။

ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်မှသာ....(အရေးအကြီးဆုံးပါ)။

အဲဒီတော့ ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်ဘို့ဆိုတော့ ဘုန်းကြီးများက ဒါ အလုပ်တရားကို မပြောယင် ရကို မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါဘုရား)။

ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်ဘို့ အလွန် အရေးကြီးပါတယ် ဆိုတာဖြင့် တကာတကာမတွေ့ လေးလေးစားစားနဲ့ မှတ်ပါ၊ ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်ဘို့ဆိုတဲ့ အဓရးဟာ အကြီးဆုံးပါဘဲ...(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ခန္ဓာပေါ်မှာ နှလုံးသွင်းမှန်ဘို့ ဆိုတာတော့ တကာတကာမတို့မှာ ခန္ဓာငါးပါးရှိတယ်၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ခန္ဓာငါးပါး ရှိတယ်ဆိုတော့ ဒီခန္ဓာငါးပါးဟာ ဒီရုပ်ကြီးက ရူပက္ခန္ဓာဆိုတာ လူတိုင်းသိတယ် ဘုန်းကြီးဟောထားလို့-(မှန်ပါ့)။

စားကောင်း, သောက်ကောင်း, နေကောင်း, ထိုင်ကောင်း၊ စားမကောင်း, သောက်မကောင်း, နေမကောင်း, ထိုင်မကောင်း ဆိုတဲ့ ဝေဒနာသုံးမျိုးရှိတယ်ဆိုတာလဲ သူ့ကိစ္စနဲ့သူ ပေါ်လျက်ဘဲ...(မှန်ပါ့)။

ဟာ...ဒါဖြင့် နီလာဘဲ ဟာဒါဖြင့် ဂေါ်ကြိုးဘဲ အစရှိသည်နဲ့ မှတ်တဲ့ သညာကလေးတွေ့လဲ ခင်ဗျားတို့ အရေးကြုံ ပေါ်ပေါ်မလာဘူးလား... (ပေါ်ပါတယ်ဘုရား) ဒါဖြင့် အထဲထဲသညာရှိလို့ သညာထွက်လာတာပေါ့.... (မှန်ပါ့) မထွက်လာဘူးလား - (ထွက်လာပါတယ်ဘုရား)။

ပေးချင်တယ်၊ ကမ်းချင်တယ်၊ ပြောချင်တယ်၊ ဆိုချင်တယ် ဆိုတဲ့ စေတနာကလေးတွေလဲ ခန္ဓာထဲရှိလို့ ခန္ဓာထဲက-နေပြီး ခန္ဓာထဲမှာ သူရှိတဲ့သဘော မပြောဘူးလား ....(ပြောပါတယ်) ဒါဖြင့် စေတနာဆိုတဲ့ သခ်ါရကွန္ဓာလဲ ရှိတယ်နော်.... (မှန်ပါ့)။

ဘယ်သူ့ဖြင့် သိပါရဲ့-ဘယ်ဝါဖြင့် သိပါရဲ့ဆိုတာ သိတာက ဝိညာဏ်ကိုး...(မှန်ပါ့)။

ဒီတော့ အကြောင်းရှိတိုင်း ရှိတိုင်း ခန္ဓာက ထွက်တဲ့ အသံတွေ မကြားရဘူးလား....(ကြားရပါတယ်ဘုရား)။

အကြောင်းရှိတိုင်း, အကြောင်းရှိတိုင်း တကာတကာမတို့... ပူလောပြန်ပြီ၊အေးလောပြန်ပြီ ဆိုလို့ရှိယင်ဖြင့် ရူပကွန္ဓာ၏ အသံဘဲ... (မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းတယ်-ဆိုးတယ်ရွေးလာယင် ဘယ်သူ၏ အသံပါလိမ့် (ဝေဒနာကွန္ဓာ၏ အသံပါဘုရား)။

ဟာ...နီလာဘဲ၊ ဂေါ်ကြိုးဘဲ ဟုတ်လား၊ လည်သီးရောဘဲ၊ ဘုံဘိုင်ညွန့်ဘဲ အစရှိသည်နဲ့ မှတ်ထားတာတွေကတော့ ဘယ်က ထွက်လာတာတုံး....(သညာကွန္ဓာက ထွက်လာတာပါ)ခန္ဓာထဲက ထွက်လာတယ်....(မှန်ပါ့)။

ခန္ဓာထဲမှာ နဂိုရှိလို့ နဂိုင်းထွက်တယ်ဆိုတဲ့ လောကီပြောလုံးလိုပေါ့ဗျာ... (မှန်ပါ့) သူ့မရှိဘဲနဲ့ ဒီသညာတွေ,ဒီအမှတ်တွေ ထွက်နိုင်ပါ့မလား... (မထွက်နိုင်ပါဘုရား)။

ပေးချင်လိုက်တာ၊ ကမ်းချင်လိုက်တာ၊ ဆဲချင်လိုက်တာဆို

ချင်လိုက်တာဆိုတာလဲ သူ့စေတနာ အတိုင်းပါလို့ မပြောကြ ဘူးလား...(ပြောကြပါတယ်ဘုရား)။

အင်း... ဒါက ဘာရှိတာကိုပြောတာလဲ.... (သခ်ါရက္ခန္ဓာ ပြောတာပါဘုရား)သခ်ါရက္ခန္ဓာရှိတာကို ပြောနေဘာ....(မှန်ပါ ဘုရား)။

ကျုပ်သိတာ များပါတယ်၊ မသိတဲ့ပုဂ္ဂိုလ် ခပ်ရှားရှားပါဘဲ လို့ သူ-အခိုက်အတန့်ကြုံလာယင် ထွက်လာတာဘဲ... (မှန်ပါ့)။ ဒါက ဝိညာဏက္ခန္ဓာက ပြောတဲ့အသံ.. (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးသည် တကာတကာမတို့ ရှိ,မရှိ....(ရှိပါ တယ်ဘုရား)။

သြော်....ဒါဖြင့် အဲဒီခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိယင် 'ပဋ္ဌုပါဒါ နက္ခန္ဓာ'လို့ ခေါ်ပါတယ် ဥပါဒါန်၏ အာရုံဖြစ် သောကြောင့်....(မှန်ပါ့)။

အဲဒီ ခန္ဓာငါးပါးကိုတဲ့ ရှင်သာရိပုတ္တရာက နှလုံးသွင်း မှန် မှန်နဲ့ မင်းတို့ ဒီဥစ္စာ သိလပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ခန္ဓာအပေါ် မှာ နှလုံးသွင်းမှန်ဘို့ အရေးကြီးသကဲ့.. တဲ့၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

နှလုံးသွင်းမှန်တာ ဘယ်အခေါ်မှာ မှန်ရမှာတုံး- (ခန္ဓာပေါ် မှန်ရမှာပါဘုရား)။

ဒီဟာမမှန်သေးသ၍ ကာလပတ်လုံးဆိုယင် ယောကျ်ားရှိခန သေးတယ်၊ မိန်းမရှိနေသေးတယ် ဆိုလို့ရှိယင်ဖြင့် ငါရှိနေဘယ်

သူရှိနေတယ်ဆိုတာနဲ့ မောင်နှိုင် အတူတူဘဲ....(မှန်ပါ့) သက္ကာယ ဒိဋ္ဌိတန်းလန်းကောမနေဘူးလား(နေပါတယ်ဘုရား) ငါသူရှိနေသေးယင် သက္ကာယဒိဋ္ဌိ မရှိဘူးလား... (ရှိပါတယ်ဘုရား)။

အဲဒီ သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ဖြင့် တကာတကာမတို့ ခင်ဗျားတို့ ငါ....အပါယ်လေးပါး တံပါးပိတ်ပြီလို့ ဘယ်တော့မှ မယုံကြည်ပါနဲ့... (မှန်ပါ့)။

သက္ကာယဒိဋ္ဌိ ရှိနေတဲ့ ပုဂ္ဂိုလ် မှန်ခဲ့လို့ ရှိယင်ဖြင့် အပါယ်လေးပါးတံခါးပိတ်တာ ယာယီပိတ်သာမှတ်ပါ... (မှန်ပါ့)။

ငရဲမျိုးစေ့ ဝမ်းထဲရှိလျက်နဲ့ ဖြင့် စိတ်ချလက်ချပြီးမနေလိုက်ပါနဲ့ဆိုတော့ ဩော်...ဒါဖြင့် သီလနဲ့ပြည့်စုံပေမဲ့ နှလုံးသွင်းမှုန်မှ ကိစ္စပြီးမှာပါကလား....(မှန်ပါ့)။

ဘယ်လိုပါလိမ့်....(နှလုံးသွန်းမှုန်မှ ကိစ္စပြီးမှာပါဘုရား)။

နှလုံးသွင်းမှုန်မှ ကိစ္စပြီးမယ်ဆိုတာ ဒီတရားမှာ ဒုါ- အသားယူဘို့ဟာ အရေးကြီးတယ်....(မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဒါဖြင့်ခန္ဓာဘယ်နှစ်ပါးရှိသလဲ...(ငါးပါးရှိပါတယ်ဘုရား)။

ငါးပါးဟာ ကိစ္စကြုံတော့ သူ့အသံ, သူ့အသံတွေကော မထွက်လာဘူးလား....(ထွက်လာပါတယ်ဘုရား)။

အဲ.... ထွက်တော့ ခန္ဓာငါးပါးကို တကာ တကာမတွေက သိထားပြီ၊ ဩော်....ဒါ ယောကျ်ားတွေလား... မိန်းမတွေလားလို့ ပြောစရာမလိုတော့ဘူး...(မှန်ပါ့)။

အမှုတိုသစ္စာနယ်ကတော့ ယောကျ်ား မိန်းမတွေပေါ့ဗျာ.... တကယ်ရှိတာကတော့ ခုနင်ကပြောခဲ့တဲ့ ကိစ္စကြုံတိုင်းအသံထွက်လာတဲ့ ခန္ဓာငါးပါးပါဘဲ....(မူနဲပါဘုရား)သဘောကျပလား.... (ကျပါပြီ)။

သမုတိသစ္စာလဲမပယ်ရဘူး....(မူနဲပါ) ပရမတ္ထသစ္စာဆိုတဲ့ ခန္ဓာငါးပါးလဲ သိထားရမယ်....(မှန်ပါ)။

သမုတိသစ္စာပယ်လဲ အပါယ်ရောက်တာ ရှိသေးတယ်၊ အမိသတ်, အဘသတ်တယ်ဆို အပါယ်ရောက်တာဘဲ....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါဘုရား)။

အဲဒီတော့ သမုတိသစ္စာကိုလဲ မပယ်ဘဲနဲ့ ပရမတ္ထသစ္စာကိုလဲ သိရမယ်....(မှန်ပါ)။

ကိုစောမောင် မှတ်မိပလားး.... (မှတ်မိပါပြီ) သမုတိသစ္စာကိုလဲ....(မပယ်ရပါဘုရား)။

အင်း....အမျိုးက အမေ အဖေလို့ သမုတ်ပြီးခေါ်ထားတဲ့ဥစ္စာ အမေ အဖေဟာ အမေ အဖေပေါ့.... (မှန်ပါ) တကယ် ပြစ်မှားကြည့်စမ်းပါလား· တကယ် ဒုက္ခရောက်မယ် ဆိုတာလဲ သေချာသားဘဲ....(မှန်ပါ)။

ကဲ ...ဒါဖြင့် သမုတိသစ္စာကလဲ သူ့နေရာနဲ့ သူ မမှန်ဘူးလား (မှန်ပါတယ်ဘုရား)။

ပရမတ္ထသစ္စာကလဲ နိဗ္ဗာန် ရောက်တဲ့နေရာ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား)။

ကောင်းပြီ သမုတိသစ္စာကလဲ တိုတိုပြောကြစို့ဆိုတော့... သမုတိသစ္စာက မုသားမဖြစ်ရုံတွင် မှန်ပါတယ်၊ရိပ်မိကြပလား (ရိပ်မိပါပြီ)။

သမုတိသစ္စာက... (မုသားမဖြစ်ရုံတွင် မှန်ပါတယ်ဘုရား) ပရမတ္ထသစ္စာက နိဗ္ဗာန်ရောက်အောင် မှန်တယ်.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

သမုတိသစ္စာက.... (မုသားမဖြစ်ရုံတွင် မှန်ပါတယ်ဘုရား) ပရမတ္ထသစ္စာက... (နိဗ္ဗာန်ရောက်အောင် မှန်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သမုတိသစ္စာတွင် ရပ်နေလို့ရှိယင်လဲ မတော်သေးဘူးဆိုတာလဲ ပေါ်လာကြပလား- (ပေါ်လာပါပြီဘုရား) မပေါ်လာသေးဘူးလား...(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် သမုတိသစ္စာမှန်ပုံက ဘာတဲ့... (မုသား လွတ်ပါတယ်ဘုရား)။

မုသားမဖြစ်ပါဘူး၊ မအောကို အမေခေါ်တာ မုသားမဖြစ်ပါဘူး၊ ဖအောကို အဖေခေါ်တာ မုသား မဖြစ်ပါဘူး၊ ခွေးကို ခွေးခေါ်တာဒ မုသားမဖြင်ပါဘူး။

ကိုစောမောင်.... (မဖြစ်ပါဘုရား) မှန်တော့ မမှန်ဘူးလား (မှန်ပါတယ်ဘုရား)။

သို့သော် မုသားမဖြစ်ရုံ မှန်တယ်၊နိဗ္ဗာန်ရောက်အောင်တော့ (မမှန်ပါဘုရား)။

နိဗ္ဗာန်ရောက်အောင် မှန်သလား....၊ ခွေးကို အနိစ္စရှုလို့မှ

မရတော့ဘဲ....(မရပါဘုရား)အမေကို အနိစ္စရှုလို့မှု....(မရတော့ဘဲ)ခန္ဓာရှုမှု ရမှာပါ....(မှန်ပါ့)။

အဲဒါ့ကြောင့် မုသားမဖြစ်ရုံတွင်မှုန်ကန်တာက သမုတိသစ္စာ(မှန်ပါ့) နိဗ္ဗာန်ရောက်အောင် မှုန်တာက .... (ပရမတ္ထသစ္စာပါဘုရား)ပရမတ္ထသစ္စာ ဒီကစ,ပြောတယ်ဆိုတာ ဗဟုသုတ အရေးမှာလဲ ဒီက စ, ကြီးတော့တယ်ဆိုတာလဲ တကာတကာမတွေ့မှုတ်ထားရအုံးမှာ....(မှန်ပါ့) မမှုတ်ထိုက်ဘူးလား.... (မှုတ်ထိုက်ပါတယ်ဘုရား)။

ကြပ်ကြိပ်စဉ်းစားကြပါတဲ့....ကိုင်း- ဒါဖြင့် သမုတိသစ္စာက မေ့သွားမှာစိုးလို့ မှောင်နိုင် ဘယ်လို မှန်ပါလိမ့် .... (မုသားမဖြစ်ရုံ မှန်ပါတယ်) ပရမတ္ထသစ္စာကတော့ .... (နိဗ္ဗာန်ရောက်အောင်မှန်ပါတယ်ဘုရား)။

အဲ....သမုတိသစ္စာကတော့ အမေတို့, အဖေတို့ ဟုတ်လား.... တဲ့ဘတို့,တောင်တို့ အစရှိသည်နဲ့ ပေါ့ဗျာ၊ သမုတ်ပြီး ခေါ်ထားတဲ့ ရွှေတို့, ကျောက်တို့, မြတို့, ပတ္တမြားတို့ဆိုတာ သူမျာ်းက ကောင်းတယ်လို့ သမုတ်ထားလို့ ဒီကျောက်တွေလဲ အဘိုးတန်နေတာ ကိုစောမောင်ရဲ့....(မှန်ပါ့) နို့မဟုတ်ယင် သူမျာ်းလိုဘဲ မာတဲ့ အဆဲကပါဘဲ....(မှန်ပါ့)။

မဟုတ်ဘူးလား....၊ စိန်လဲ မာတဲ့အဆဲကဘဲ၊ သူလဲမာတဲ့အဆဲကဘဲ၊ တကယ့်ကျောက်စိမ်းတွေလဲ မာတဲ့ အဆဲကပါဘဲ .... (မှန်ပါ့)။

သို့သော် သမုတိသစ္စာက လုပ်ထားပြန်တော့ ဘယ်သူက တန်တယ်၊ဘယ်သူက မတန်ဘူးဆိုတာမလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ မုသားမဖြစ်ရုံတော့ သူဘယ် နှယ်တုံး .... (မှန်ပါ တယ်ဘုရား) နိဗ္ဗာန်ရောက်အောင်....(မမှန်ပဲါဘုရား)။

နိဗ္ဗာန်ရောက်အောင် မှန်တဲ့ တံရားကတော့ ဘယ်တရားပါ လိမ့်....(ပရမတ္ထသစ္စာပါဘုရား)အဲ....ခန္ဓာငါးပါးနော်(မှန်ပါ့)။

အဲဒီလို ခန္ဓာငါးပါးကို နှလုံးသွင်းမှန်ဘို့ရာ ရှင်သာရိပုတ္တရာက အရေးကြီးတယ်ကွာ....တဲ့၊ သီလပြည့်စုံပေမဲ့ တင်းတိမ်မနေနဲ့၊ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ် နှလုံးသွင်း မှန်ဘို့စာ အရေးကြီးသေးတယ်ကွလို့ဆိုပြီး သေသေချာချာ ဖေါ်ပြောတာဘဲ .... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီလို ထူးထူးခြားခြားကို သိရတော့မှ သြော်....ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မတင်းတိမ်ကောင်းကာနဲ့ တင်းတိမ်နေလို့ရှိယင်ဖြင့် ကိုဖစာမောင် အမှားကြီးမှားတော့မယ်....(မှားပါတယ်ဘုရား)။

အခု၌ ဒီလိုဆရာသမားတွေက အဆုံးအမ အသွန်အသင်ကို ကိုပ်ကလဲ မကြုံလို့ နားမထောင်ဘူး၊ တနည်းအားဖြင့် ဆရာသမားကကိုလဲ တွင်တွင်ကျယ်ကျယ် မဟုတ်ပြန်လို့ ရှိပြန်ယင်လဲ မတင်းတိမ်ကောင်းတာနဲ့ တင်းတိမ်ပြီး နေမှာစိုးရတယ် (မှန်ပါ့)မစိုးရဘူးလား... (စိုးရပါတယ်ဘုရား)။

ဒါ့ကြောင့် ကလျာဏမိတ္တ အရေးကြီးတယ် ဆိုတဲ့ဥစ္စာ သံယုတ်ပါဋိတော်ကြီးများကျတော့ လာတာပေါ့....(မှန်ပါ့)။

ရှင်အာနန္ဒာကို ကလျာမိတ္တ ဘယ်လောက်အရေးကြီးသတုံး ကွလို့ ဘုရားကိုက မေးလိုက်တဲ့အခါ ထက်ဝက်အရေးကြီးပါ့ တယ်ဘုရား.... တဲ့။

ဟာ....မင်း သာဝကဥာဏ်နဲ့ပြောတာ၊ သူ့ကြောင့် နိဗ္ဗာန်ရောက်တာကို ဆရာသမား ကလျာဏမိတ္တ သိပ်အရေးကြီးတယ်ပြောတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ထက်ဝက်လား....၊အလုံးစုံ သူ့ကြောင့်ဘဲလား .... (အလုံးစုံပါဘုရား)။

အလုံးစုံ သူ့ကြောင့်ဘဲဆိုတာ မောင်နိုင် ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သိလပြည့်စုံပြီးသည့်နောက် ဘာလိုသေးသတုံး....(နှလုံးသွင်းမှန်ဘို့ လိုပါတယ်ဘုရား)။

ဘယ်သူ့အပေါ်မှာ နှလုံးသွင်း မှန်ရမှာလဲ....(ခန္ဓာငါးပါး အပေါ်မှာပါဘုရား)။

ခန္ဓာငါးပါးအပေါ်မှာဆိုတော့ ပရမတ္ထသစ္စာ အပေါ်မှာ နှလုံးသွင်းမှန်ဘို့ အရေးကြီးတယ်....(မှန်ပါ့)။

ဘယ်အပေါ်မှာပါလိမ့် .... (ပရမတ္ထသစ္စာ အပေါ်မှာပါဘုရား)။

အဲဒီတော့ ခန္ဓာငါးပါး မောင်နိုင် သိပြီနော် .... (မှန်ပါ့)။

အရေးကြုံတိုင်း-ကြုံတိုင်း သူ့ခန္ဓာအသံတွေ့ကိုစောမောင်-ထွက်မလာဘူးလား....(ထွက်လာပါတယ်ဘုရား)။

သိပါတယ်-ကွ၊ဘယ်သူက ထွက်လခတာတုံး (ဝိညာဏကွန္ဓာကပါဘုရား)ဝိညာဏကွန္ဓာက ထွက်လာတဲ့အသံ....(မှန်ပါ့)။

ဒါကွာ....၊ ဒီဥစ္စာမျိုး ဒို့ကတော့ဖြင့် အရေကျိုသောက်နေတာပါ၊ဒီဥစ္စာ အဝါးပါ ဟုတ်လား....(မှန်ပါ့) သညာနဲ့ မှတ်တာ....(မှန်ပါ့)မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

တခါတလေကျတော့ ကိုစောမောင်တို့က ကျုပ်စေတနာကောင်းနဲ့ ပြောတာဗျ၊ ခင်ဗျား ရောင်းထိုက်ပြီ၊ စေတနာကောင်းနဲ့ ပြောနေတာ၊ မပြောကြဘူးလား .... (ပြောပါတယ်ဘုရား)။

ဒါ ဘယ်သူက ထွက်လာတာတုံး .... (သခ်ၤါရက္ခန္ဓာကပါဘုရား) သခ်ၤါရက္ခန္ဓာက ထွက်လာတာ မောင်နိုင်ရ နော် .... (မှန်ပါ့)။

မကောင်းယင် မကောင်းဘူး ပြောမှာဘဲ ကျုပ်ကတော့ ကောင်းယင် ကောင်းတယ် ပြောတာဘဲဆိုတော့ ဘယ်သူက ထွက်လာတာကုံး....(ဝေဒနာကပါဘုရား) ဝေဒနာက ထွက်လာတာဘဲဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကျုပ်အခုပြောတာ နေရတာဗျာ၊ ခန္ဓာကိုယ်ထဲမှာ နေလို့ ထိုင်လို့က အခုကိုဘဲ အသားအရေတွေ ပူကုန်ပြီ၊ အအေးပတ်လာပြီဆိုတာ ဒါ ရုပ်က ပြောတာ...(မှန်ပါ့) မပြောဘူးလား- (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒီ ခန္ဓာငါးပါးဟာ နဂိုရှိလို့ နဂိုင်းထွက်တယ်ဆိုတဲ့ဥစ္စာ ခန္ဓာငါးပါးဟာ မရှိဘူးလို့ ဆိုကြမလား...၊ ရှိတယ်လို့ ဆိုကြမလား...(ရှိတယ်လို့ ဆိုရမှာပါဘုရား)။

ဒါဖြင့် ပရမတ္ထမို့ ရှိတာပေါ့....(မှန်ပါ့) အာမှန်ရှိ-တကယ်ရှိကိုး၊ ဟို... အဖေသွားကိုင်တော့ ပထဝီတွေသလို မဟုတ်ပါဘူး-- (မှန်ပါ့)။

အမေရယ်လို့....ဆိုပြီး သူ့ကိုင်လိုက်တဲ့အခါ မာမှု့ပြောမှုတွေနေတော့ ပထဝီဓာတ်တွေ တွေ့-တွေ့နေတယ်...၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဲ....သမုတိသစ္စာကတော့ ဒီလို အကိုင်အတွယ် ခံရဲ့လား.... (မခံပါဘုရား) ပရမတ္ထသစ္စာကတော့... (အကိုင်အတွယ် ခံပါတယ်ဘုရား)။

အဲဒီလို လက်တွေ့နဲ့...တဲ့၊ မျက်တွေ့နဲ့ ဆိုသလို ကွာခြားပါတယ်နော်....(မှန်ပါ့)မျက်စိ အတွေ့အာတော့ မမှန်ဘူးပေါ့ဗျာ.... တကယ် လက်တွေ့ကတော့ဖြင့် ဓာတ်တွေ ကလာပ်တွေ သေသေချာချာ မတွေ့ဘူးလား.. (တွေ့ပါတယ်ဘုရား)။

အဲ့ဒါကြောင့် ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာကို ခင်ဗျားတို့ စမ်းသပ်ချင်လို့ ရှိယင်ဖြင့် မျက်မြင်အတွေ့ကိုဖြင့် သမုတိသစ္စာ.... (မှန်ပါ့) ကိုင်တွယ် ဒုက္ခရခြောက်ပေါက်နဲ့ တွေ့တာကတော့ဖြင့် ပရမတ္ထသစ္စာလို့ မှတ်လိုက်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ရှေ့ဆက်ပြီးသကာလ သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဘာလိုသေးသတုံး (နှလုံးသွင်းမှန်ဘို့ လိုပါတယ်ဘုရား)။

မမေ့ပါနဲ့....၊ မမေ့ပါနဲ့...၊ တကာတကာမတွေ့ ဘာလိုနေသေးတုံး...(နှလုံးသွင်းမှန်ဘို့ လိုပါတယ်ဘုရား)။

သီလ ဘယ်လောက် ပြည့်စုံ-ပြည့်စုံ၊ နှလုံးသွင်းမှားယင်.... အပါယ်သွားဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သီလနဲ့ ဘယ်လောက် ပြည့်စုံ-ပြည့်စုံ ....(နှလုံးသွင်းမှားယင် အပါယ်သွားပါတယ်ဘုရား)။

နှလုံးသွင်းမှားယင် အပါယ်သွားမယ်တဲ့....တကာတကာမတို့ နော်....(မှန်ပါ့)။

အဲဒါကြောင့် ခုနင်က တိဿရဟန်းကြီးဝတ္ထုထုတ်လိုက်တော့ လဲ ကိုစောမောင်....သေချာပါတယ်.... (မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

သီလနဲ့ ပြည့်စုံပြီး တိရစ္ဆာန်ဘုံ မသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒါသည်ကားလို့ဆိုယင် ဘာ့ကြောင့်တုံး မေးတဲ့အခါကျတော့ နှလုံးသွင်းမှားက ချလိုက်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဘာလိုသတုံး....(နှလုံးသွင်းမှုန်ဘို့ လိုပါတယ်ဘုရား)။

နှလုံးသွင်းမှုန်ဘို့ လိုတယ်ဆိုတာ ဒီနေ့ည အရေးတကြီးစကားပါဘဲ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ခန္ဓာငါးပါးကို သိပြီးသား ဖြစ်နေတော့ နှစ်ခေါက်ရှိပြီ ပြောတာ၊ မောင်နှိုင်လဲ သိပြီ၊ ကိုပေါ်လဲ သိပြီ၊ တရားတပဲလုံးလဲ သိပြီလို့ ဘုန်းကြီး ဆုံးဖြတ်ချက်ချလိုက်ပါပြီ-(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် နှလုံးသွင်းမှုန်ဘို့ လိုတယ်၊ နှလုံးသွင်းမှုန်တာ ဘယ်သူ့ အပေါ်မှာတုံး....၊ ခန္ဓာငါးပါးအပေါ်မှာ မှုန်ရမယ်...(မှန်ပါ့)ရုပ်တရားဟာ ရုပ်တရားဘဲ၊ ဝေဒနာကဖြင့် ဝေဒနာတရားဘဲ၊ သညာဖြင့် သညာတရားဘဲ....(မှန်ပါ့) ဒီလိုဟာ သိနေရမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒါကိုမှ တခါ နှလုံးသွင်းမှုန်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ် အလုပ်-လုပ်ရမှာတုံးလို့....၊ သီသနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် နှလုံးသွင်း မှုန်တယ်၊နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုအမှုန် သိရမှာတုံး ဆိုတော့ အနိစ္စခန္ဓာကို အနိစ္စလို့ဘဲ သိရမယ်၊ ဒုက္ခခန္ဓာကို... (ဒုက္ခလို့ဘဲ သိရပါမယ်) အနတ္တခန္ဓာကို... (အနတ္တလို့ဘဲ သိရ ပါမယ်ဘုရား)။

အဲ....ဒီလို သိရမှာက္ခ....တဲ့၊ သီသနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် နှလုံး သွင်းမှုန်ပြီးသကာလ အနိစ္စတော့, ဒုက္ခတော့, ဂဏ္ဍတော့, သလ္လ တော့တွေနဲ့ စာမှာဟော့ ဆယ်တစ်ခုတောင် ပြပါတယ်.... (မှုန်ပါ့) သို့သော်....ပေါင်းလိုက်တော့ အနိစ္စ, ဒုက္ခ, အနတ္တဘဲ ရောက်ပါတယ်....(မှုန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နှလုံးသွင်းမှုန်တဲ့ ပုဂ္ဂိုလ် ဟာ ခန္ဓာငါးပါးအပေါ်မှာ မှုန်ဘို့ အရေးကြီးတယ်ဆိုတာဖြင့် ထပ်ပြောလို့လဲ ရှင်းလောက်ပါပြီ_(မှုန်ပါ့)။

အဲဒီ ခန္ဓာငါးပါး တပည့်တော်တို့ အကုန် ရှုရမှာလား.... ဘုရား၊ ငါးပါးစလုံး တခါတည်းခြေဖျားက စပြီးတော့ ဆံဖျား ကျအောင် အကုန် ရှုရမှာလားဆိုတော့ ဘုရားက....ဟာ....မရှုရ ပါဘူးကွာ....တဲ့၊ သဘောကျပလား_(ကျပါပြီဘုရား)။

မရှုရပါဘူးကွာ-တဲ့၊ ငါလေးပုံ-ပုံပြပါမယ်တဲ့-ဆိုပြီး သတိ ပဋ္ဌာန်လေးပါး လာပြန်တယ်၊ ရိပ်မိပလား_(ရိပ်မိပါပြီဘုရား) ခန္ဓာငါးပါး သတိပဋ္ဌာန်နဲ့ ပုံလိုက်တော့ ဘယ်နှစ်ပုံရှိသလဲ .... (လေးပုံရှိပါတယ်ဘုရား)။

ကာယာနုပဿနာသတိပဋ္ဌာန် ကိုယ်တခုတည်း ရှုတာနဲ့လဲ နိဗ္ဗာန်ရောက်တယ်ကွ.... (မှန်ပါ့) ဝေဒနာနုပဿနာသတိပဋ္ဌာန် ဝေဒနာတခုကို အစ-အဆုံးလိုက်တာနဲ့ကော— (နိဗ္ဗာန်ရောက်ပါတယ်ဘုရား) စိတ္တာနုပဿနာသတိပဋ္ဌာန်၊ စိတ်ကို အစ-အဆုံးလိုက်တာနဲ့....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား) ဓမ္မာနုပဿနာ....တဲ့ ဓာတ်ကာတကာမတို့ စိတ်စေတနာမှ ကြွင်းတာတွေ၊ စိတ်ဝေဒနာမှ ကြွင်းတာတွေကို ရှုလိုက်ယင်ကော.... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ရောက်တာချည်းဘဲဆိုတော့ လေးပုံ-ပုံလိုက်တယ်၊ ခန္ဓာငါးပါး လေးပုံ- ပုံလိုက်တယ်၊ လေးပုံထဲက မောင်နိုင်—တပုံဘဲ ယူတော့....(မှန်ပါ့)။

ကိုစောမောင်....လေးပုံထဲက....(တပုံဘဲ ယူရပါမယ်ဘုရား)။

ဝေဒနာကြိုက်ယင် ဝေဒနာရှု၊ ဒီတပုံနဲ့ နိဗ္ဗာန်ရောက်တယ်— (မှန်ပါ့) စိတ်ကြိုက်ယင် စိတ်ရှု၊ ဒီတပုံနဲ့ နိဗ္ဗာန်ရောက်တယ်.... (မှန်ပါ့)သဘောကျပလား— (ကျပါပြီဘုရား)။

ရုပ်ကြိုက်ယင်- ရုပ်ကိုရှု၊ တပုံတည်းနဲ့ နိဗ္ဗာန်ရောက်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

နို့မဟုတ်ယင် သတိပဋ္ဌာန်လေးပါးပြားဘို့ လိုသေးသလား- (မလိုပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ တပုံပုံကို ရှုဘို့ အရေးကြီးတယ်.... (မှန်ပါ့)။

တပုံပုံကို နှလုံးသွင်းမှန်မှန်နဲ့ မြင်ရလို့ ရှိယင်ဖြင့်တဲ့ ခန္ဓာပေါ်မှာ အနိစ္စ, ဒုက္ခ, အနတ္တဆိုတာတောင်မှ အနိစ္စ, ဒုက္ခ, အနတ္တ

ဆိုတဲ့ သုံးခုစလုံးဟာ ခရေးစကားတွေ ဖြစ်နေတော့ ရှုပ်နေတယ် နော်—(မှန်ပါ့)။

ဖြစ်ပြီးပျက်တဲ့ဥဒယဗ္ဗယတလုံးကိုပိုင်လို့ ရှိယင် အနိစ္စလဲဒါဘဲ၊ ဒုက္ခလဲဒါဘဲ၊ အနတ္တလဲဒါဘဲ၊ အနိစ္စ,ဒုက္ခ ချုံးလိုက်တဲ့အခါကျတော့ ဖြစ်ပျက်လာတော့တာယ်....(မှန်ပါ့)။

အနိစ္စ,ဒုက္ခ ချုံးလိုက်တဲ့အခါ.... (ဖြစ်ပျက် လာတော့ပါတယ် ဘုရား)။

အဲဒီတလုံး ပိုင်လို့ ရှိယင်ဖြင့် ဝေဒနာရှုနေတဲ့ပုဂ္ဂိုလ် ဝေဒနာ၏ ဖြစ်ပျက် ပိုင်လို့ ရှိယင် ပြီးတာဘဲ....(မှန်ပါ့)။

စိတ်ရှုနေတဲ့ပုဂ္ဂိုလ်ဟာ....(စိတ်ဖြစ်ပျက်ပိုင်ယင် ပြီးတာပါဘဲ ဘုရား)။

ကဲ—ကိုစောမောင် ချုံးလိုက်တော့ ဒါဘဲရတယ်.... (မှန်ပါ့) ချုံးလိုက်တော့—(ဒါဘဲရပါတယ်ဘုရား)။

ဒါဘဲရတယ်ဆိုတာ တကာတကာမတွေ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခန္ဓာငါးပါးရှိငြားသော်လဲ ဘုရားက သတိပဋ္ဌာန်နဲ့ဝေဘန်လိုက်တော့ကို လေးပါး၊ လေးပါ-ထဲကမှ တပါး တပါးသုံးမျိုးနဲ့ရှု ဆိုတာဘောင်မှ ဘုန်းကြီးတို့က ဘုရားသခင် ကိုယ်တော်မြတ်ကြီး အာဘော်ကနေ ပြောလိုက်တော့ သုံးမျိုးရှု စနေပါနဲ့ဟု၊ ဖြစ်ပျက်တလုံး ရှုပါတော့။

မောင်နိုင် သေချာပလား....(သေချာပါပြီဘုရား)။

ဖြစ်ပြီးပျက်တာသည် အနိစ္စလဲ သူဘဲမဟုတ်လား...(မှန်ပါ) ဒုက္ခရောက်တာလဲ...(သူပါဘဲဘုရား) အနတ္တဆိုတာလဲ....(သူပါဘဲဘုရား) ဒုက္ခသစ္စာဆိုတာလဲ...(သူပါဘဲဘုရား)။

သူပါဘဲ တကာတကာမတို့ ဒီအထဲမှာ အကုန်ဝင်လာတာပါဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကို ဝေဒနာ ကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာဉာဏ်နဲ့ တည့်ပေးပါ၊ ဝေဒနာဉာဏ်နဲ့ တည့်ပေးတဲ့အခါကျလို့ ရှိယင် ဖြစ်မှုပျက်မှု တွေ့ပါလိမ့်မယ်၊ သဘောကျပလား....(ကျွေပါပြီဘုရား)။

စိတ်ကြိုက်လို့ စိတ်ရှုပါတော့မယ်ဆိုတော့ ဘာတွေ့မယ်ထင်သတုံး....(ဖြစ်မှု,ပျက်မှုဘဲ တွေ့ပါမယ်ဘုရား)။

ဖြစ်မှု,ပျက်မှုဘဲ တွေ့လိမ့်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီ-ဖြစ်မှုပျက်မှုကို တွေ့လို့ ရှိယင်ဖြင့် နှလုံးသွင်းမှန်လို့ သာအောက်မေ့လိုက်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုပါလိမ့်.... (နှလုံးသွင်းမှန်လို့ပါဘုရား)။

နှလုံးသွင်းမှန်လို့ သာ အောက်မေ့လိုက်ပါတော့ဗျာ၊ ဘာ့ကြောင့်တုံးဆိုတော့ 'သင်္ခေသခ်ါရာ အနိစ္စာ'မှာလဲ ဖြစ်ပြီးပျက်တာဘဲမဟုတ်လား...(မှန်ပါ့)'သင်္ခေသခ်ါရာ ဒုက္ခာ'မှာလဲဖြစ်ပြီးပျက်တာဟောတာ....(မှန်ပါ့)'အနိစ္စံဝတသခ်ါရာ'မှာလဲ ဒါဘဲဟောတာဘဲ၊ ဥပပါဒနဲ့ ဝယဘဲရှိတယ်ကွ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခန္ဓာကိုယ်ထဲမှာ.... (ဥပဒါဒနဲ့ဝယဘဲရှိပါတယ်ဘုရား) ဥပဒါဒ ဆိုတာ ဖြစ်တာ၊ ဝယ-ဆိုတာ....(ပျက်တာပါဘုရား)။

အဲဒီ· ဖြစ်ပျက်နှစ်ခုဘဲ ရှိတယ်ဆိုတော့ တကာတကာမတို့ ချုံးပြီးသကာလ ခင်ဗျားတို့ ဒီ့ထက်ချုံးနိုင်တာဘော့ မရှိတော့ဘူး...(မှန်ပါ့)။

ကိုစောမောင် ခန္ဓာငါးပါး ချုံးလိုက်တော့ သတိပဋ္ဌာန် လေးပါးလာဖြစ်တယ်.... (မှန်ပါ့) လေးပါးတွင် တပါးပါးကို လက္ခဏာရေး သုံးပါးနဲ့တခါ ရှုပါလို့ပြောတယ်၊ လက္ခဏာရေး သုံးပါးတောင် ရှုမနေပါနဲ့တော့ကွာ...၊ ဖြစ်ပျက်ရှုလိုက်ယင် အကုန်ပါပါတယ်ဆိုမောဘော့ ဒီ့ထက်လွယ်တဲ့တရား ရှိသေးရဲ့လား (မရှိပါဘုရား)။

နို့-ဒါ-ပါဠိတော်တွေနဲ့ အကုန်ကိုက်၊ သဘောကျကြပလား (ကျေပါတယ်ဘုရား)။

ပါဠိတော်တွေနဲ့ အကုန်ကိုက်ပြီးသကာလ နေတဲ့အတွက် တကာတကာမတို့ လေးပါးထဲက တပါးပါးကြိုက်ရာကို ရှုပါ.... (မှန်ပါ့) ရှုနည်းကို မရသေးတဲ့ပုဂ္ဂိုလ်လာယူ၊ ဒါ... သေသေချာချာ နှလုံးသွင်းမှန်တဲ့အလုပ်ဘဲ....(မှန်ပါ့)။

အဲဒီကဲ့ဘို့ ရှုလိုက်တဲ့အခါကျွတော့ ဥပမာမယ်....ဝေဒနာကို ရှုတယ်လို့ထားပါတော့နော်....၊ ဝေဒနာရှုမယ်လို့ ထားတော့ မောင်နိုင်တို့ သင်ထားတာရှိသားဘဲ၊ မျက်စိ,နား,နှာခေါင်း, လျှာမှာ ဥပေက္ခာဝေဒနာချည့် ပေါ်နေတယ်၊ မဟုတ်ဘူးလား (မှန်ပါ့) ကိုယ်ပေါ်မှာ သုခဝေဒနာ· ဒုက္ခဝေဒနာ နှစ်ခု မပေါ်

ဘူးလား....(ပေါ်ပါတယ်ဘုရား)တခါတလေသုခ၊ တခါတလေ ဒုက္ခ။

အဲဒါကလေးကို ကြည့်နေတာပေါ့....၊ဉာဏ်ကကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်ပြီးပျက်တာတွေ့မှာဘဲ၊ ဒီ့ပြင် ဘာတွေ့စရာ ရှိသေးသလဲ...(ဘာမှမရှိပါဘုရား)။

ဘာမှ တွေ့စရာမရှိတော့ သြော်... ဒါသည်ကားလို့ဆိုယင် ဖြစ်ပျက်ဘဲဆိုလို့ရှိယင်ဖြင့် ဒါ-သမ္မာသနရင့်လို့ ဥဒယဗ္ဗယတက် လာတာဘဲ၊ သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါ-ဘုန်းကြီးက ဟောနေတာလားလို့မေးတော့ ရှင်သာရိ ပုတ္တရာဏာ ရှင်ကောဋ္ဌိက ဟောနေတာ....(မှန်ပါ့)။

ကွာ....နှလုံးသွင်းမှုန်တဲ့ပုဂ္ဂိုလ် ဖြစ်ပျက်လုပ်ဘို့ပါဘဲတဲ့၊ ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

နှလုံးသွင်းမှုန်တဲ့ပုဂ္ဂိုလ်ဟာ.... (ဖြစ်ပျက်လုပ်ဘို့ပါဘဲဘုရား) ဒါ-နှလုံးသွင်းမှုန်တဲ့ ပုဂ္ဂိုလ်ဟာဆိုယင် ဖြစ်ပျက်တွေ့ယင် နှလုံး သွင်းမှုန်လို့ လို့ အောက်မေ့....(မှန်ပါ့) ယောကျ်ားပျောက်ပြီ၊ မိန်းမပျောက်ပြီ၊ ငါပျောက်ပြီ-သူပျောက်ပြီ....(မှန်ပါ့)။

ကိုစောမောင် ဘာတွေ့တွေ့သတုံး.... (ဖြစ်ပျက်တွေ့ တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက် တွေ့တယ်ဆိုတော့ တကာ တကာမတို့ အနိစ္စတွေ့ သွားပြီ၊ ဒုက္ခတွေ့သွားပြီ၊ အနတ္တတွေ့သွားပြီ၊ ဒုက္ခသစ္စာတွေ့ သွားပြီဆိုတော့ ဖြစ်ပျက်တလုံးတည်းကနေပြီး ခုနင်္ကလေးချက် ကို ချုံးယူလိုက်တယ်၊ ချုံးယူလိုက်တော့ ဖြစ်ပျက်ဘဲ လာဆုံး တယ်၊ မဆုံးဘူးလား...(ဆုံးပါတယ်ဘုရား)။

အဲဒါတွေဆိုးတော့မှ တကာတကာမတွေ ဒါ-ခန္ဓာပေါ်မှာ ဝေဒနာတွေ ပေါ်တော့ မျက်စိ,နား,နှာခေါင်း,လျှာ,ဥပေက္ခာ ဝေဒနာပေါ်တယ်လို့ ဆရာသင်ထားတယ်နော်....(မှန်ပါ့)။

ကိုယ်ပေါ်မှာ သုခဝေဒနာ ဒုက္ခဝေဒနာ အချိုးကျသူပေါ် ချင်ရဲ့ပေါ်လိမ့်မယ်....(မှန်ပါ့)။

ဝမ်းထဲမှာ သောမနဿ, ဒေါမနဿ, ဥပေက္ခာမှတပါး ဘာ ပေါ်စရာရှိသေးသတုံး...(မရှိပါဘုရား)။

အဲ....ဘာပေါ်စရာမှမရှိတော့ ဒါတွေ လာတိုင်း လာတိုင်း တကာတကာမတွေကရှု...(မှန်ပါ့)။

ဒါတွေ ရှုလိုက်တဲ့အခါကျတော့ ဘာတွေတွေ့မယ် ထင်ကြ သလဲ....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဖြစ်ပြီး ပျက်တာဘဲတွေ့တယ်ဆိုတော့ သြော်....တကိုယ်လုံး မှာ ဘာတွေ့မျှား အောက်မေ့နေသတုံး ဆိုလို့ရှိယင် ဖြစ်ပျက် တွေ့သာရှိပါကလား- (ဝါ) အနိစ္စတွေ့သာ ရှိပါကလားဆိုတာ သူမျှားပြောလားတဲ့ နှလုံးသွင်းမှန်လို့ တွေ့တာလားး...(နှလုံး သွင်းမှန်လို့ တွေ့တာပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှန်လို့ တွေ့ပါတယ်လို့ ဟောပါတယ်၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီဖြစ်ပျက်တွေ့လာလို့ရှိယင် တကာတကာမတွေဟာ မှုတ် ပေတော့၊ ဖြစ်ပျက်တွေ့လို့ရှိယင်ဖြင့် ကိလေသာလဲ စွန့်တယ်၊ ခင်ဗျားတို့ ခန္ဓာလဲစွန့်မယ် ဖြစ်ပျက်တွေ့ယင်...(မှန်ပါ့) ကိလေ သာလဲ မလာတော့ဘူး....(မှန်ပါ့)။

ဖြစ်ပျက်တွေ့တဲ့ဥာဏ်ဈာ.... (ကိလေသာလဲ မလာတော့ပါဘုရား) ဘယ်လာတော့မတုံး တကာတကဲ့ာမတို့ ဖြစ်ပျက်ဆိုတဲ့ဥစ္စာက အာနိစ္စနော်....(မှန်ပါ့) မြင်တာက မဂ္ဂင်ဖြစ်တယ်.... (မှန်ပါ့) ဝိပဿနာမဂ် မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဝိပဿနာမဂ်ဖြစ်တယ် ဆိုဈာတည်းကိုက ဖြစ်ပျက်ဟာ ခန္ဓာလား၊လို့ မေးတော့ မဟုတ်ပါဘူးတဲ့၊ဒီ ဥစ္စာဖြစ်ပျက်ဟာ ဖြစ်ပြီးပျက်တဲ့ အာနိစ္စပါဆိုတော့ ခန္ဓာရှိသေးရဲ့လား.....(မရှိပါဘုရား)။

အဲဒီမှာ ခန္ဓာစွန့်ပစ်လိုက်တယ်....(မှန်ပါ့) ဖြစ်ပျက်မြင်လိုက်ယင်ဘဲ ခန္ဓာစွန့်ပစ်လိုက်တယ်၊ ခန္ဓာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ခန္ဓာလဲစွန့်ပြီတဲ့၊ မြင်တဲ့တဏှာကလဲ ဒီအချိန်မှာ ဒီဖြစ်ပျက်ကြီးလိုချင်ပါတယ်ဆိုတာလဲသေးရဲ့လား.... (မလာပါဘုရား)။

မလာတော့ ပဋိစ္စသမုပ္ပါဒ်ကလဲနောက်က တဏှာ,ဥပါဒါန်, ကံတွေ့ အာကုန်ပြတ်တယ်....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်တလုံး မြင်တဲ့ ပုဂ္ဂိုလ်သည် ခန္ဓာလဲစွန့်၊ တဏှာလဲစွန့်၊ တဏှာစွန့်လိုက်တဲ့အတွက် ကိုစောမောင် ဥပါဒါန်စွန့်ပြီးသား....(မှန်ပါ့ဘုရား) ကံကော....(စွန့်ပြီးသားပါဘုရား) နောက်ဘဝ ဇာတိကော....(စွန့်ပြီးသားပါဘုရား)။

ကိုင်း....တကာတကာမတို့ ဘယ်လောက်ကျေးဇူးများတယ်ဆိုတာ ပေါ်ပလား....(များပါတယ်ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာစွန့်လိုက်တဲ့အတွက်....၊ဖြစ်ပျက်အာနိစ္စသာတွေ့တဲ့အတွက် ဝေဒနာဖြင့် ဝေဒနာကလေးတခု အာနိစ္စသာတွေ့တဲ့ အတွက်-တဲ့

ခုနင်က ဒီဌိုပြုတ်သွားတယ်....(မှန်ပါ့) ငါ့-သူတပါးဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒီတော့ ခန္ဓာစုန်လိုက်တဲ့အတွက် တကာကာတကာမတို့-တဲ့ဒီဌိကလေပြိုတ်၊ ခင်ဗျယ်တဲ့တဏှာတလဲ ပြုတ်ဆိုးတော့ အင်း.... ဝိပဿနာ မဂ်သာ ဆိုရပါကလား၊ ခန္ဓာစုန်တဏှာစုန်ပါကလား (မှန်ပါ့)။

မှတ်မိကြပလား....(မှတ်မိပါပြီ) ဝိပဿနာမဂ်သည်ဘယ်လိုရှိပါလိမ့်....(ခန္ဓာစုန် တဏှာစုန်ပါဘုရား)။

အဲ့.... ခန္ဓာစုန်လိုက်တော့ ဒီမှာဘုန်းကြီးက ဒီဌိဘယ်သူ့ကြောင့်ဖြစ်သတုံးဟ.လို့ အပါယ်ကျစေတတ်တဲ့ ဒီဌိ ဘယ်.နယ်ကြောင့် ဖြစ်သတုံးဆိုတော့ ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊ ခန္ဓာကြောင့်ဒီဌိဖြစ်တဲ့ယ်....(မှန်ပါ့)ခန္ဓာရှိနေယင် ဒီဌိဖြစ်နေတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ခန္ဓာဟုတ်သေးရဲ့လား၊ ခုသေသေချာချာရှုလိုက်တဲ့ အခါကျတော့.... (ခန္ဓာမဟုတ်တော့ပါ) ဖြစ်ပျက်ဖြစ်သွားတယ်၊ ဖြစ်ပျက်ဆိုတော့ ရုပ်လား-ဝေဒနာလား၊ ခန္ဓာငါးပါးထဲက ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ ဘယ်သူမှမဟုတ်ဘူး၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စဘဲ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ရုပ်လား, ဝေဒနာလား, သညာလားလို့ မေးဘိုလိုးသားသလား-(မလိုပါ) ဖြစ်ပျက်တွေ့ကတည်းက ခန္ဓာစုန်တယ်၊ခန္ဓာစုန်လိုက်ကတည်းက ခန္ဓာမှိနေတဲ့ဒီဌိဟာ သေသွားပြီ၊ ခန္ဓာစုန်

စာတည်းက ခန္ဓာမှိုနေတဲ့ ဒိဋ္ဌိသေသွားတယ်၊ ခန္ဓာစွန့်စာတည်းက ခန္ဓာမှိုနေတဲ့ ဒိဋ္ဌိဟာ နဂိုရိုက-

ခန္ဓာ အဝိဇ္ဇံဟ ဖဿောစ၊
သညာ တက္ကော အယောနိသော။
ဒုမ္မေဓော ပရတော ဃောသော၊
ဒိဋ္ဌိဌာနာနိ အဌဓံဟ။

ဆိုတော့ ဒိဋ္ဌိဖြစ်ကြောင်း ရှစ်ခုရှိတယ်နော်၊ အင့်တို့ရိပါဋ္ဌိတော်ကြီးများမှာလဲ ရှိပါတယ်၊ အဲဒီကဲ့သို့ ဒီဒိဋ္ဌိစာလဲ ခန္ဓာစွန့်တဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိကရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါကြောင့် ဖြစ်ပျက်မြင်လို့ရှိယင် ခင်ဗျားတို့သေချင်သေပါ့ကိုစောမောင်၊ ဒါ ရဲဝန့်စွာတာဝန်ခံတယ်နော်....။

ဖြစ်ပျက်မြင်ပြီးမှ သေလို့ရှိယင် နတ်ပြည်သုဂတိသို့ ကဘာဝ ရောက်တယ်၊ ရောက်-ရောက်ခြင်း သောတာပန် တည်ရမယ်....(မှန်ပါ့)။

ဒီကသာ များများလုပ်သွား....(မှန်ပါ့)ဖြစ်ပျက် များများလုပ်သွား၊ဒါ-လျှော့စျေးတရားနော်....(မှန်ပါ့) ဒုတိယ ဘဝမှာ ရမည်ပြောတာ....(မှန်ပါ့)။

ဟာ....တပည့်တော် ဒီဖြစ်ပျက် မြင်ရုံနဲ့ မကျေနပ်ပါဘူး ဆိုယင်ဖြင့် ဒါဟာ တကာတကာမတို့ တရုဏ ဝိပဿနာဆိုတဲ့ နဲ့တဲ့ဝိပဿနာဖြစ်ပါပြီ၊ ကဲကွာ.... ဆက်ရှုဟေ့ ဆိုတော့ ဘင်္ဂ-ဘယ- အာဒီနဝ နိဗ္ဗိန္ဒကျယင် မုန်းလာမှာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

မုန်းပြီးသကာလ နောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်ဟာဒုက္ခ သစ္စာလို့ ဆရာဘုန်းကြီးကလဲ နဂိုရိုက ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ ထဲပါသွားပြီးသားဆိုတာ ပြောပြီးသားနော်.... (မှန်ပါ့)။

အဲဒီ ဒုက္ခသစ္စာကြီး မလိုချင်တဲ့တနေ့ ဆုံးမသွားပေဘူးလား (ဆုံးသွားပါတယ်) ဖြစ်ပျက်သည်ကားလို့ ဆိုယင် မလိုချင်ပါဘူးဆိုယင် ဖျတ်ဆိုဆုံးတယ်၊ ဆုံးယင်လဲ နိဗ္ဗာန်တွေ့တာဘဲ၊ ဟုတ်လား....(မှန်ပါ့)"တေသံ ဝူပသမော သုခေါ"ကိုး၊တေသံ= ဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော=မရှိသောနိဗ္ဗာန်သည်၊သုခေါ= ချမ်းသာ၏၊ ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

သဘောကျပလား... (ကျပါပြီ) ဖြစ်ပျက်ဆုံးတာ.... (နိဗ္ဗာန် ပါဘုရား)။

အဲဒါ ဖြစ်ပျက်ရှိနေတဲ့ပုဂ္ဂိုလ် ဖြစ်ပျက်သာဆုံးအောင်လိုက်၊ ဘာတွေ့မယ်ထင်ကြသတုံး....(နိဗ္ဗာန်တွေ့ပါမယ်ဘုရား)။

နိဗ္ဗာန်တွေ့မယ် ဆိုတဲ့ဥစ္စာက သေသေချာချာကြီး ရှိပြီး သကာလနေသောကြောင့် နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်မှာဒီအတိုင်း သာ သွားရမယ်၊သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဖျတ်ဆို သောတာပန်တည်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

သောတာပန်တည်တယ်ဆိုကတည်းက သီလက ကိုစောမောင် မမြဲသေးဘူးလား....(မြဲပါတယ်) မြဲသွားပြီ၊ ဟိုဘဝတောင် မြဲတယ်၊ဒီဘဝ မပြောပါနဲ့... (မှန်ပါ့) ဟိုဘဝတောင် ဖျက်လို့မရပါဘူး....(မှန်ပါ့)။

သီလလဲ မြဲသွားပြီဆိုတော့ အဲဒီကျတော့ သောတာပန်တည် ပြီလို့ဘဲ ဆိုကြပါစို့. ဖြစ်ပျက် အဆုံးမြင်လို့ ရှိယင်နော် .... (မှန်ပါ့)။

ကဲ....မောင်နိုင် ရှေ့.ကို တခါမေးပြန်တယ် ရှင်ကောင်ဋီက-က နော် (မှန်ပါ့) သောတာပန် တည်ပြီးတဲ့ပုဂ္ဂိုလ် ဘာလုပ်ရဦး မှာတုံး ဘုရာ့တဲ့၊ဒီကျတော့ သီလမထည့်တော့ဘူး။

ခုနင်တုန်းကတော့ သီလနဲ့.ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဘာလိုသေး သတုံးဆိုတော့ နှလုံးသွင်းမှန်ဘို့ လိုသေးတယ် မဖြေဘူးလား.... (ဖြေပါတယ်ဘုရား)အခုတော့ သီလထည့် မေးသေးသလား.... (မမေးပါဘုရား)။

မမေးဘူး၊ ရှင်ကောင်ဋီက-က ဘယ်.နှယ်မေးလိုက်တုံး ဆို တော့ သောတာပန် တည်ပြီးသားပုဂ္ဂိုလ် ဘာလုပ်ဘို့လိုသေး သတုံးတဲ့ မေးပြန်တယ်....(မှန်ပါ့)သဘောကျပလား .... (ကျ ပါပြီဘုရား)။

သောတာပန်တည်ပြီးသားပုဂ္ဂိုလ်မှာ — (ဘာလုပ်ဘို့လိုသေး သတုံး) ဘာလုပ်ဘို့လိုသေးသတုံး ဆိုတော့ သီလထည့်မေးသေး ရဲ့လား... (မမေးပါဘုရား)။

မမေးတာရိပ်မိကြပလား....(ရိပ်မိပါပြီ) ဘာ့ကြောင့်တုံး သီလမြဲသွားပြီ....(မှန်ပါ့)။

သီလက တခါတည်း မဂ်ဆိုက်သည်နဲ့. တပြိုင်နက်တည်း သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရတီ မဟုတ်တော့ပါ

ဘူး-တဲ့၊နိယမသီလ ဖြစ်သွားပါပြီနော်.... (မှန်ပါ့) မြဲတဲ့သီလ ဖြစ်သွားပါပြီ၊သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သူမေးတာမကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

သောတာပန်ဟာညည်ပြီးသား ပုဂ္ဂိုလ်များ ဘာလုပ်ဘို့လိုသေးသတုံးတဲ့- တကာတကာမတို့ မေးပြန်တယ်.... (မှန်ပါ့)မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

ဟာ....ကောင်းကောင်းလိုသေးတာပေါ့ကွာ၊ သောတာပန် တည်ပြီးသားဟာ အပါယ်လေးပါး တံခါးတင် ပိတ်သေးသကွ၊မဖြစ်ကောင်းတဲ့ ခြောက်ဌာနသာ မဖြစ်တာကွ၊ ဝိနိပါတဘေး-ပရမ်းပတာကျမည့်ဘေးနှင့် အပါယ်လေးပါးသာ လွတ်သွားသေးတာကွ၊ မဟုတ်ဘူးလား....(မှန်ပါ့) ဒီ.ပြင်ဒုက္ခတွေ ကျန်သေးတယ်ကွ။

အဲဒီတော့ နှလုံးသွင်းမှန်ပြီး သကာလ ဒီခန္ဓာ အပေါ်မှာ ခုနင်ကပြောခဲ့တဲ့ တပါးပါးပေါ်မှာ ဖြစ်ပျက်လုပ်ဘို့ လိုသေးသကွ။

မောင်နိုင် ဘာဖြစ်လို့ လိုသတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ခုနင်က အပါယ်ကျစေတတ်တဲ့ ကိလေသာ·သာမဂ်က ပဋိစ္စသမုပ္ပါဒ်က ဖြတ်တာကိုး..... (မှန်ပါ့) ရှုနှုရင်းတဲ့ ကိလေသာသောကာပန်မှာ ကျန်နေတယ်၊ပြီးတော့ ကာမဘုံ နှစ်သက်တဲ့ တဏှာတွေ ဘာတွေကကျန်နေတယ်၊ အဲဒါတွေ ကျန်တဲ့အတွက်

ပြန်လုပ်ရသေးတယ်ဆိုတာကော မောင်နိုင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သောတာပန်တည်ပြီးသား ပုဂ္ဂိုလ် ဘာလုပ်ရဦးမတုံးဆိုတော့ နှလုံးသွင်းမှန်မှန်နဲ့ ဖြစ်ပျက်လုပ်ဘို့လိုသေးသက္ခ-(မှန်ပါ့) ရှင်းကြပလား_(ရှင်းပါပြီဘုရား)။

နှလုံးသွင်းမှန်မှန်နဲ့.... (ဖြစ်ပျက်လုပ်ဘို့လိုသေးပါတယ်) လို သေးတယ်ဆိုတာ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကိုင်း_ဘုရားတဲ့၊ လုပ်ပါပြီတဲ့၊ ခုနင်ကပြောတဲ့ အတိုင်းဘဲ ဖြစ်ပျက်လဲမြင်ပါပြီ၊ ဖြစ်ပျက်လဲ မုန်းသွားပါပြီ၊ ဖြစ်ပျက်လဲ ဆုံးလို့ သကဒါဂါမ် တည်ပြီဟုတ်လား၊ အဲဒီ တည်ပြီးသား ပုဂ္ဂိုလ် ဘာလိုသေးသတုံးဘုရာ့လို့ မေးပြန်တယ်.... (မှန်ပါ့)။

ဟ.... လိုသေးသက္ခတဲ့၊ ကိုလေသာကျန်သေးတယ်၊ လိုသေးတာပေါ့! ကိုစောမောင် မလိုဘူးလား... (လိုပါတယ်ဘုရား)။

အဲဒီတော့ နှလုံးသွင်းမှန်မှန်နဲ့ ခုနင်က သတိပဋ္ဌာန်သေးပါး ထဲက တပါးပါးဖြစ်ပျက်လုပ်ဘို့ လိုသေးတယ်ပြောတာ- (မှန်ပါ့ဘုရား)။

ကဲ... လုပ်လို့ဘုရာ့ ခုနင်က ဉာဏ်စဉ်တက်သွားလို့ အနာဂါမ်တည်ပါပြီ၊အဲဒီ အနာဂါမ် တည်ပြီးသား ပုဂ္ဂိုလ်ဟာ ဘာလုပ်ဘို့ လိုသေးသတုံးမေးပြန်တယ်....(မှန်ပါ့)။

ဟ .... သူဖြစ်ပျက်ပြန်လုပ်ရဦးမှာပေါ့၊ ကိုလေသာ ကျန်သေးတယ်။

မောင်နိုင် မှတ်မိပလား _ (မှတ်မိပါပြီ) ဒီဖြစ်ပျက်ကျန်

သေးတယ်ကဲ့၊ လုပ်ရဦးမယ် ဆိုတော့၊ ကဲ....ဘုရား လုပ်ပါပြီဆိုတော့ ဖြစ်ပျက်တွေမြင်လို့ ဖြစ်ပျက်တွေ မုန်း၊ ဖြစ်ပျက်တွေ ဆုံးသွားလို့ ရှိယင်ဖြင့် ရဟန္တာမဖြစ်သေးဘူးလား.... (ဖြစ်ပါပြီဘုရား)။

ရဟန္တာဖြစ်သွားပြီတဲ့၊ ဆက်မေးတယ်- စကားက မကုန်ဘူး (မှန်ပါ့) ရဟန္တာဖြစ်သွားပြီးတဲ့ပုဂ္ဂိုလ်လဲ ဘာလိုသေးသတုံးလို့ မေးပြန်တယ်....(မှန်ပါ့)။

ဟ....ရဟန္တာ ဖြစ်ပေမဲ့ လိုသေးသကဲ့၊ ကိုစောမောင် ဖြုန်းကနဲဆိုတော့ စကားက လန့်စရာကြီး မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ဟ... ရဟန္တာ ဖြစ်ပေမဲ့ လိုသေးသကဲ့၊ ဘာလုပ်ရဦးမှာတုံး၊ အို... နှလုံးသွင်းမှန်ပြီး ဒီဖြစ်ပျက် ပြန်လုပ်ရဦးမယ်၊ လုပ်တော့ ဘာကျေးဇူးရှိသတုံးဘုရဲ့၊ ရှေ့လဲ တက်စရာမရှိဘူး။

အို....မင်း-ငါးပါးအာရုံကာမဂုဏ်တွေ သူမျှားခံစားတာမြင်တော့ ကိုယ့်မျက်လုံးထဲ ရှုပ်နေသေးတယ်ကဲ့၊ အဲဒါတွေမှ ငြိမ်းအောင် ဖလသမာပတ် ဝင်စားနိုင်အောင် လုပ်ရသေးတယ်ကဲ့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်တွေ အကုန်ဆုံးတာတောင်မှ တကာတကာမတွေ ရဟန္တာဖြစ်ပြီးတောင်မှ ချမ်းချမ်းသာသာ နေချင်ယင် လုပ်ပါဦးတဲ့.... (မှန်ပါ့) နိဗ္ဗာန် အာရုံပြုပြီးနေပါဦးပေါ့လေ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်-ဖြစ်ပျက်ဟာ စာကာတကာမတို့နေထုတိုင်းလိုက်ရမယ် ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီ) ဒါဖြင့် ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက်ရှုပေါ့၊ စိတ်ကြိုက်ယင်.... (စိတ်ဖြစ်ပျက် ရှုရပါမယ်) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ... နာရီကစေ့ပြီ၊ တော်ကြဦးစို့....။

သာဓုံ—သာဓု—သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သာသနာနဲ့ ဆရာကောင်းတွေခိုက် လုံ့လစိုက်
ည အလုပ်ပေးတရားတော်
(၈ - ၆ - ၆၂)

အားလုံး တကာတကာမတွေ့မှာ အခု ခန္ဓာကြီးရ,ထားတော့ မင်းဘေး, စိုးဘေး, သူခိုးဘေး ဆိုတာတွေကလဲ အမြဲကြောက် နေရတယ်၊ အိုဘေး, နာဘေး, သေဘေးကလဲ ရှိနေတယ်....၊ ၉၆-ပါး ရောဂါဘေးတွေကလဲ ရှိနေတယ်လို့ ဆိုတဲ့ဥစ္စာမောင်နှိုင်တို့ မှတ်ရမယ်....(မှန်ပါ့)။

အိုဘေး, နာဘေး, သေဘေးကလဲ ရှိတယ်၊ ၉၆-ပါးဘေးကော...(ရှိပါတယ်ဘုရား) မင်းဘေး, စိုးဘေး, သူခိုးဘေးတွေကကော....(ရှိပါတယ်ဘုရား)။

ရှိနေပြီးသကာလနေတော့ ဒီခန္ဓာကြီးဟာ အလယ်ကနေပြီး ဘေးတကာ ရန်တကာ ဝိုင်းနေတယ်ဆိုလို့ ရှိယင်ဖြင့် မလွဲပါဘူး (မှန်ပါ့)။

အဲဒီ ဘေးတကာ ရန်တကာ ဝိုင်းနေတယ် ဆိုလို့ ရှိယင်ဖြင့် မလွဲတော့ ဩော်....ခန္ဓာရမှုကြောင့် အဝိုင်းခံရတာဘဲဆိုတာ ပေါ်လာတယ်...(မှန်ပါ့)။

ဦးဘကလေး ဘယ်လိုပေါ်လာသတုံး .... (ခန္ဓာရမ္မဏကြောင့် ဘေးရန်တကာ ဝိုင်းပါတယ်ဘုရား)။

ဘယ်ခန္ဓာရရ ဝိုင်းမှာဘဲ.... (မှန်ပါ့) ကိုစောမောင် ဘယ်ခန္ဓာရရ....(ဝိုင်းမှာပါဘဲဘုရား)။

ဝိုင်းမှာဘဲ၊ ၉၆-ပါးက ဝိုင်းလိုက်၊ဇာတိ, ဇရာ, မရဏတွေက သုံးယောက်ပေါင်းပြီး သကာလ နှိပ်စက်လိုက်၊မင်းတွေ, စိုးတွေ သူခိုးတွေကလဲ နှိပ်စက်လိုက်ပေါ့ဗျာ၊ ရာသီဥတုတွေကကော.... (နှိပ်စက်ပါတယ်ဘုရား)။

နှိပ်စက်တော့ ခံရတဲ့လူက ခန္ဓာငါးပါး....နော်.... နှိပ်စက်တဲ့လူက မရေတွက်နိုင်ဘူး....(မှန်ပါ့)။

နှိပ်စက်တဲ့လူက....(မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူးလို့ဆိုတော့ တကာတကာမတွေကစဉ်းစားရမယ်၊ သြော်... ခန္ဓာရတဲ့အပြစ်ဟာ ဘေးတကာ ရန်တကာဝိုင်းတဲ့ အပြစ်ပါကလားဆိုတာ မပေါ်လာဘူးလား__(ပေါ်လာပါတယ်ဘုရား)။

ဒီအထဲကလဲ ဘေးတကာ ရန်တကာ ဝိုင်းတဲ့အထဲကလဲ သူ့ဝမ်းထဲမှာရှိတဲ့တဏှာက အမျိုးမျိုး ရှာကျွေးပါဦးဆိုလို့ ဘေးတွေ ရန်တွေထဲ အတိုးခိုင်းတာကလဲ ပါလိုက်သေးတယ်.... (မှန်ပါ့)။

ဘေးတွေ ရန်တွေကလဲ ဝိုင်းထားတယ်၊ ဝိုင်းတဲ့အထဲကိုဘဲ ဝမ်းထဲမှာရှိတဲ့ တဏှာတို့, မာနတို့, ဒိဋ္ဌိတို့ကလဲ သွားသာသွား ကုဒ္ဓာ...၊ လှုပ်သာလှုပ်ကုဒ္ဓာ၊ သေချင်သေ ကျေချင်ကျေဆိုပြီး

တွန်းတဲ့ ဝမ်းထဲမှာရှိတဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တွေ ဧာလဲ ဝိုင်းတဲ့အထဲမှာဘဲ အတိုးခိုင်းတယ်....(မှန်ပါ့)။

ဒါဖြင့် အဝိုင်းခံရတဲ့အထဲ အတိုးခိုင်းပြန်တော့ သေမှသေပါ့ မလားဆိုတာ သံသယရှိဘို့ မလိုပါဘူး....(မလိုပါဘုရား)လိုသေး သလား....(မလိုပါဘုရား)။

ဘေးတွေ ရန်တွေကလဲ ဝိုင်းတဲ့အထဲမှာဘဲ စီးပွားရှာဟဲ့၊ သားဘို့,သမီးဘို့,ဆွေဘို့,မျိုးဘို့ ရှာဟဲ့-ဆိုပြီး သကာလ သူက ဘေးတွေ,ရန်တွေထဲချည်း အတိုးခိုင်းတာဘဲ၊ ဘေးတွေ,ရန်တွေကလဲ ခန္ဓာရလို့ ဝိုင်းနေတယ်၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒီအထဲ အတိုးခိုင်းတာက တဏှာ,မာန,ဒိဋ္ဌိကကော-(အတိုးခိုင်းပါတယ်ဘုရား)။

ကိုစောမောင် ဘယ်ဟာ ကောင်းတာတုံး.... (ဘယ်ဟာမှ မကောင်းပါဘုရား)။

အဲဒါ့ကြောင့် အားလုံး တကာတကာမတွေ ဩော်....ခန္ဓာ အပြစ်ဟာ တယ်ကြီးပါကလား.... ရတုန်းကလဲ ခန္ဓာငါးပါးကြီး ရတယ်၊ ရ,ရခြင်း ဇာတိ ဇရာ မရဏနှိပ်စက်မည့်သူ သုံးယောက် ကို ထမ်းပြီးသကာလ မွေးဖွားလာတယ်ဆိုယင်လဲ မလွဲပါဘူး.... (မလွဲပါဘုရား)။

ပြင်ဘက်ရောက်တော့ ဘေးတကာ, ရန်တကာတွေ ဝိုင်းပြီး သကာလနေတာလဲ သူရှိလို့ ဝိုင်းနေကြတာ.... (မှန်ပါ့)။

မယုံယင်ကြည့်ပါလား ခင်ဗျားတို့၊ ခြင်ပေါတဲ့အရပ် ခြင်ကတောင်ဝိုင်းတယ်၊ မဝိုင်းဘူးလား... (ဝိုင်းပါတယ်ဘုရား)။

ခြင်ကဝိုင်း,ယင်ကဝိုင်း,အမျိုးမျိုးဥတုတွေက ဝိုင်းနဲ့ သြဇာခန္ဓာအပြစ်ဟာ တယ်ကြီးပါကလားဆိုတဲ့ဥစ္စာ မှုတ်မိကြပေါ့... (မှန်ပါ့)။

ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ဆိုယင် ဘေးတကာ, ရန်တကာတို့၏ အနှိပ်စက်ခံပြီးသကာလ နေရစာ သူ့ကို ဘယ်လိုဘဲ ပြောပြော မောင်နိုင် ဒုက္ခသစ္စာဘဲ....(မှန်ပါ့)။

ဘေးဝိုင်းခံရခြင်းကြောင့်လဲ....(ဒုက္ခသစ္စာပါဘဲဘုရား)။

ဒီထဲကနေပြီး တဏှာ, မာန, ဒိဋ္ဌိတို့က ဘေးထဲ ရန်ထဲကို အတိုးခိုင်းပြီးသကာလ နေသောကြောင့်လဲ သမုဒယသစ္စာကလဲ မင်း-ဒုက္ခဝိုင်းနေတာ ငါသိတယ်၊ အဲဒီ ဒုက္ခထဲ သမုဒယသစ္စာက အတိုးခိုင်းဦးမယ်ဆိုတဲ့ ဥစ္စာလဲ သမုဒယသစ္စာကလဲ အတွန်း သမှားသက်သက်ဘဲ... (မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာက အခံသမားသက်သက်၊ သမုဒယသစ္စာက တကာတကာမတို့ ဒီထဲကိုဘဲ အတိုးခိုင်းတဲ့ အထဲမှာ သူ့အကြီးအကျယ် ခေါင်းဆောင်ဘဲ ဆိုလို့ရှိယင် လဲပါ့မလား.... (မလဲပါဘုရား) လောဘက-လေ....(မှန်ပါ့)။

တဏှာ မာန ဒိဋ္ဌိကလဲ ဘယ်အထဲ အတိုးခိုင်းပါလိမ့်.... (ဒုက္ခထဲ အတိုးခိုင်းပါတယ်ဘုရား)။

ခုနင်က ဘေးတကာ ရန်တကာတွေ ဝိုင်းတဲ့အထဲ အတိုးခိုင်းတယ်.(မှန်ပါ့) ခန္ဓာကြီးကဲလဲ ရ-လာကတည်းက အန္တရာယ်

မကင်း ဘေးမရှင်းလို့ ဘေးတွေ ရန်တွေက အကုန်ဝိုင်းတယ်.... ရိပ်မိကြပလား_(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဒါ့ကြောင့် ဘယ်သူ အမြဲရှိတယ်၊ ဘယ်သူ အမြဲတော်တယ်လို့ ကြားဘူးကြရဲ့လား....(မကြားဘူး ပါဘုရား)။

မကြားဘူးပါဘူး၊ တော်တော်ကြာ အိုဘေး,နာဘေး,သေ ဘေးက ဝိုင်းတာ တမျိုး၊ အဖျားအနာဆိုဘဲ့ ဓဒ်-ပါး ဘေးတွေက ဝိုင်းတာက တမျိုးဖြစ်သောကြောင့် တော်တော်ကြာ ခန္ဓာပြောင်းပဟေ့... ခန္ဓာပျက်ပဟေ့-ဆိုတာ လူတိုင်းဘဲ ကြားရမယ်....(ကြားရပါမယ်ဘုရား)။

ပြောင်းဘယ်-ပျက်တယ်ဆိုတာ မကြားရဘူးလား....(ကြား ရပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ပြောင်းတယ်-ပျက်တယ်ဆိုတာ ကြားရ ပါလိမ့်မတုံးလို့ မေးတော့ သြော်.... သူကလဲ နှိပ်စက်ခံရမည့် တရားကြီး ရ-ထားခြင်းကြောင့် နှိပ်စက်လိုက်လို့ ပြောင်းပြီး ပျက်သွားတာဘဲ ဆိုလို့ရှိယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ပျက်အောင် ဘယ်သူက မြန်မြန်ပျက်အောင် ဘယ်သူက တိုက်တွန်း နှိုးဆော်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ သမု ဒယသစ္စာက အတွန်းသမားသက်သက်....(မှန်ပါ့)။

သမုဒယသစ္စာက....(အတွန်းသမားသက်သက်ပါဘုရား)။

အဲ.... သူတလဲ ဘေးတကာ ရန်တစာ ရန်တွေ ဝိုင်းတဲ့အထဲ မင်း တိုးသာတိုးပါကွာ၊မဖြစ်နိုင်ပါဘူး ပြောလျက်ဘဲ(မှန်ပါ့)။

မဖြစ်နိုင်ဘူး ပြောလျက်နဲ့ ကိုပေါ်တို့ လူစုံခိုင်းလို့ဘဲ အမျိုးမျိုး သေကြ·ကျေကြတာတွေလဲ ငတ္ထဘူးပါပြီ....(မှန်ပါ့)။

ဒါဖြင့် ဒီသစ္စာနှစ်ပါးသည် ကျုပ်တို့၏ရန်သူ သစ္စာနှစ်ပါး (မှန်ပါ့)။

ဒီသစ္စာနှစ်ပါး ဘယ်လိုဆိုကြမယ်... (ရန်သူသစ္စာနှစ်ပါးပါဘုရား)။

ခန္ဓာကြီးက ဒုက္ခသစ္စာကလဲ ဘေးတကာ ရန်တကာဝိုင်းပြီး အနှိပ်စက်ခံရသောကြောင့် ဒုက္ခသစ္စာ၊ အဲ.... အနှိပ်စက် ခံနေရတဲ့ အထဲကမှ ပိုမိုပြီး ခံရအောင် နှိပ်စက်တဲ့ အထဲလဲ တိုးဦးကွ.... လို့ ပြောတာက သမုဒယသစ္စာ.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာက အတိုးခိုင်း၊ ဒုက္ခသစ္စာက ဘေးက ဒုက္ခတွေက ဝိုင်းပြီး ဒီခန္ဓာ နှိပ်စက်....(မှန်ပါ့)။

ဒါဖြင့် တကာ ဘကာမတို့ အတွင်း အပြင် ခံနေရတယ်.... (မှန်ပါ့)။

ပြင်ဘက်က နှိပ်စက်တာလဲ ကိုစောမောင်.... (ခံရပါတယ်ဘုရား) အတွင်းက တွန်းပေးလို့ နှိပ်စက်နေတာဘကာ... (ခံရပါတယ်ဘုရား)။

အနှိပ်စက်ခံရတာကလဲ ရှိပြီးသကာလ နေတော့ ဒီသစ္စာနှစ်ပါးကို ခင်ဗျားတို့ ပယ်နိုင် ရှင်းနိုင်မှ ကျန်သစ္စာနှစ်ပါးရမယ် (မှန်ပါ့)။

သေသေချာချာမှတ်ပါ တကာတကာမတို့၊ ဒါ သဘောတွေကို ပြောနေပါတယ်။

ဒီ သစ္စာနှစ်ပါး ပယ်နိုင်,ရှားနိုင်မှ နိဗ္ဗာနသစ္စာနဲ့ မဂ္ဂသစ္စာရမယ်....(မှန်ပါ့)။

ဒုက္ခနဲ့ သမုဒယကို ပယ်နိုင်, ရှားနိုင်မှ နိဗ္ဗာနနဲ့ မဂ္ဂရမယ် ဦးဘအုန်း....သဘော်ကျရဲ့လား.... (ကျပါတယ်ဘုရား) မောင်အောင်သိန်းတို့ သဘောကျရဲ့နော်... (ကျပါတယ်ဘုရား)။

ဘယ်နှစ်ပါး ပယ်ရမှာပါလိမ့်(နှစ်ပါး ပယ်ရမှာပါဘုရား)။

သမုဒယနဲ့ ဒုက္ခကို ကိုစောမောင်... ပယ်ရမယ်....၊ နိဗ္ဗာနနဲ့ မဂ္ဂကို သိမ်းပိုက်ရမယ်....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

သမုဒယနဲ့ ဒုက္ခကို....(ပယ်ရပါမယ်ဘုရား)နိဗ္ဗာနနဲ့ မဂ္ဂကို (သိမ်းပိုက်ရပါမယ်ဘုရား)။

အဲ... နိဗ္ဗာနနဲ့ မဂ္ဂကို သိမ်းပိုက်ရမယ်၊ သေသေချာချာမှတ်ထားကြပါတဲ့....၊ ညြော်....အခု ဒို့ခန္ဓာထဲမှာမွေးကတည်းက ရှိတာက ခန္ဓာက ဒုက္ခသစ္စာရှိတယ်၊ စားချင်,သောက်ချင်,အိမ်ထောင်ပြုချင်ဆိုတဲ့ သမုဒယသစ္စာ၊ ကျုပ်တို့မှာ ပါလာတာက ပယ်ရမည့် သစ္စာနှစ်ပါးဘဲ ပါလာတယ်....(မှန်ပါ့) တကယ့်ကို ကိုယ့်မှာ ကျေးဇူးမျှားမည့် သစ္စာနှစ်ပါးက မပါလာဘူး... (မှန်ပါ့ မပါ ပါဘုရား)။

တယ်နှစ်နာပါကလား....(နှစ်နာပါတယ်ဘုရား) သေသေချာချာ ဉာဏ်နဲ့ စဉ်းစားတော့မှ ညြော်... အမွေးလွဲ,အနေလွဲဆိုတာဖြင့် ပေါ်လာတယ်....(မှန်ပါ့)။

၄၇၈ မိုးကုတ်ဝိပဿနာလုံပ်ငန်းစဉ်တရား (၁၀)

ခင်ဗျားတို့ အခု သေသေချာချာ စဉ်းစားကြည့်၊ တရားသာအားမထုတ်နဲ့၊ ဘယ်သစ္စာနှစ်ခုနဲ့ နေရသတုံး....(ဒုက္ခနဲ့ သမုဒယပါဘုရား)။

သမုဒယသစ္စာရယ်-ဒုက္ခသစ္စာရယ် ဖီနှစ်ခုနဲ့ နေရတယ် .... (မှန်ပါ့)။

သမုဒယသစ္စာလဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော့ မီးဟေ့... တဲ့....၊ မဟောဘူးလား... (ဟော့ပါတယ်ဘုရား) ဒုက္ခသစ္စာက လောင်စာကွတဲ့၊ဒီလိုလဲ ဟောသေးတယ်--(မှန်ပါ့)

အဲဒီတော့ မီးနဲ့ လောင်စာနဲ့သာ အမြဲနေရတာဘဲ၊မဟုတ်ဘူးလား....(မှန်ပါ့)မီးငြိမ်းဘို့နဲ့ မီးငြိမ်းတဲ့ တရားနှစ်ခုနဲ့ မှနေရဘူး....(မှန်ပါ့)။

မီးငြိမ်းတာက နိဗ္ဗာနသစ္စာ၊ ငြိမ်းပေးတာက မဂ္ဂသစ္စာ... (မှန်ပါ့)။

ငြိမ်းတာက နိဗ္ဗာနသစ္စာ၊ ငြိမ်းပေးတာက မဂ္ဂသစ္စာ၊ အဲဒီသစ္စာနှစ်ပါးက မပါဘူး၊ ပါလာရဲ့လား.... (မပါ၊ပါဘုရား)။

ဒီ သစ္စာနှစ်ပါးက မပါလာ၊ ကိုယ်မကြိုက်တဲ့ အရုပ်ဆိုးနှစ်ခုကတော့ ရှိနေတယ်-(မှန်ပါ့)ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါဖြီဘုရား)။

ဒါဖြင့် ခုလို သာသနာတော်ကြီး ပြောပေး, ဆိုပေးမည့် ဆရာသမားကလဲ ရှိ၊ ဒီလို ရှိတဲ့အခါမှာသာ ဟိုသစ္စာနှစ်ပါးက ပေါ်လာတာ....(မှန်ပါ့)နို့ မဟုတ်ယင် ဘယ်တော့မှ မပေါ်တော့ဘူး (မှန်ပါ့)။

ဒါဖြင့် ဒီလို ဆရာသမားကလဲ မရှိ၊ သာသနာတွင်းကလဲ မကြုံတော့ဘူးဆိုတော့ မောင်နှိုင်....ဘယ်သစ္စာနှစ်ပါးနဲ့ အဖေါ်လုပ်နေရသလဲ....(သမုဒယနဲ့ ဒုက္ခသစ္စာ အဖေါ်လုပ်နေရပါတယ်ဘုရား)။

အသေတွန်းမည့်တရား၊ အသေခံမည့်တရား ဒီနှစ်ခုနဲ့ ပေါင်းနေရတယ်....(မှန်ပါ့)။

အသေတွန်းမည့် တရားက သမုဒယသစ္စာ၊ အသေခံရမည့် တရားက ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၊ ဒီနှစ်ခုနဲ့ သာ တကာတကာမတွေမှာ နေ့တိုင်း အချိန်ကုန်ခဲ့တယ်၊ ဘဝတိုင်း အချိန်ကုန်ခဲ့တယ်ဆိုတဲ့ဥစ္စာ မောင်နှိုင် .... ရှင်းမသွားဘူးလား....(ရှင်းသွားပါတယ်ဘုရား)။

ပယ်သစ္စာနှစ်ပါးနဲ့ သာ ကျုပ်တို့က နေခဲ့ရတယ်....(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)သမုဒယနဲ့ ဒုက္ခနဲ့ဘဲ နေခဲ့ရတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

နိဗ္ဗာန်နဲ့ မဂ္ဂဆိုတာ မြော်မှန်းလို့ တောင်မှ မသိဘူး .... (မှန်ပါ့) ဦးဘကလေး.... ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒီခေတ် ဒီအခါကြီးမှာ တကာတကာမတွေ ကျကျနန အခု သာသနာတွင်း ဆရာသမားကလဲ ပြော၊ ဒီအခါမှာ ခုနင်က သိမ်းပိုက်ရမည့် သစ္စာနှစ်ခုကို ကိုယ်ပိုင် ရလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒုက္ခဇာတ်ဖြင့် ဆက်စရာမရှိဘူး သိမ်းပြီ၊ နို့မဟုတ်လို့ရှိယင် ကိုပေါ်....မသိမ်းနိုင်ဘူး .. (မှန်ပါ့)။

ကိုင်း....ဒီသာသနာလွတ်သွားယင် ကိုစောမောင်....ဘယ့်နှယ် တုံး-သွားပြီ... (သွားပါပြီဘုရား)။

တခါတည်း ပြောပေးမည့်, ဆိုပေးမည့် ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့. လဲပြန်လဲ သွားပြီ....(မှန်ပါ!)မသွားဘူးလား (သွားပါပြီဘုရား)။

ဒါဖြင့် ဦးဘကလေး....အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာ ဒါဆိုတာပါဘဲ....(မှန်ပါ!)။

အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာ....(ဒါပါဘဲဘုရား)ဒါဆိုတာဘဲ၊ ပယ်ရမည့်သစ္စာနှစ်ခုကို ပယ်ရမယ်....(မှန်ပါ!) သိမ်းပိုက်ရမည့် သစ္စာနှစ်ခုကို....(သိမ်းပိုက်ရပါမယ်ဘုရား)။

အဲဒီတော့ ကိုယ်.မှာ အဖေါ်လုပ်နေရတာက ဒီကနေ့ ဆရာဘုန်းကြီးက ရှင်းရှင်းဘဲ ပြောလိုက်တဲ့အတွက် ကိုယ်.မှာအဖေါ်လုပ်နေရတာက နှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးကြီး အမြဲမပြတ် နှိပ်စက်ပြီးသကာလ နှိပ်စက်တဲ့ အထဲမှာဘဲ မရောက်ရောက်အောင် ပို.နေတဲ့ သမုဒယသစ္စာ....(မှန်ပါ!)ကိုးပေါ်...ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးဘအုန်း....ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) ဒီ သစ္စာနှစ်ပါးနဲ့. နေရတာဘဲ....(မှန်ပါ!) နောက်က တကာတကာမတွေ့ ကိုယ်. အထဲ ဘယ်သစ္စာနှစ်ပါးသာ အမြဲရှိပါလိမ့်....(သမုဒယနဲ့. ဒုက္ခသစ္စာသာ ရှိပါတယ်ဘုရား)။

ကိုင်း....ကောင်းကြသေးရဲ့.လား....(မကောင်းပါဘုရား)သေသေချာချာ ဉာဏ်နဲ့စဉ်းစားတော့မှ သြော်....ငါတို့ဟာ သမုဒယ

ယသစ္စာဆိုတာရယ် ဒုက္ခသစ္စာဆိုတာရယ် ဒီနှစ်ခုဘဲ၊ သမုဒယသစ္စာကလဲ ပယ်ရမည့်သစ္စာ၊ ဒုက္ခသစ္စာကလဲ အနှိပ်စက်ခံရတဲ့ သစ္စာမို့ သူ့လဲ ပယ်ရမည့်သစ္စာဘဲ....(မူန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီနှစ်ခုနဲ့သာလျှင် ကျုပ်တို့ ဘဝမျှားစွာ နေခဲ့ရတယ်၊ ဟို သစ္စာနှစ်ပါးက မြော်မှန်းလို့တောင်မှ ရှိမှန်းလဲမသိ၊ နည်းပေးမည့်သူလဲ မရှိ၊ ဘယ်တော့မှ မတွေ့ခဲ့ဘူးဆိုတော့ ကိုစောမောင် ဘုန်းကြီးတို့ ကျောင်းမှာရှိတဲ့ ခွေးတွေမှာ ဘာသစ္စာသာရှိသတုံး စဉ်းစားစမ်း .. (သမုဒယနဲ့ ဒုက္ခသစ္စာဘဲ ရှိပါတယ်ဘုရား)။

သမုဒယနဲ့ ဒုက္ခဘဲရှိတယ်၊ဘုန်းကြီးကဒီကပြောနေငြားသော်လဲ သူတို့ကြားရဲ့လား....(မကြားပါဘုရား)ထောင်တတ်တဲ့ နားပါရဲ့လား....(မပါ-ပါဘုရား)။

ကဲ... သူတို့ သစ္စာနှစ်ပါးနဲ့ဆိုတော့ တကာတကာ့တို့ နှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာရယ်-နှိပ်စက်ခံတဲ့အထဲကို မသေ ဘသေအောင် တွန်းတဲ့ သမုဒယသစ္စာရယ် ကိုစောမောင် ဒီနှစ်ခုနဲ့ နေတယ် .. (မူန်ပါ)။

သူတို့ နောက်တခါ သေပြန်တော့လဲ ဘယ်သစ္စာပြန်ရမဘုံ့-တခါ စဉ်းစားစမ်း....(သမုဒယနဲ့ ဒုက္ခဘဲ ပြန်ရပါမယ်ဘုရား)။

ကိုင်း.... တကာတကာမတို့ မျှော်လင့်ချက်ကို ရှိပါသေးရဲ့လား .. (မရှိပါဘုရား)။

ကဲ... ဒါဖြင့် အခု ဒီခေတ်လွတ်သွားတဲ့ ပုဂ္ဂိုလ်ဖြင့် ဘုန်းကြီးက ခင်ဗျားတို့ အလွန် ကရုဏာရှိလို့ ပြောတာ... (မှန်ပါ) ဒီခေတ်လွတ်သွားယင် သွားပြီ...(သွားပါပြီဘုရား)။

နောက်က တကာတကာမတွေ့ သေသေချာချာ နားလည်ရဲ့လား....(နားလည်ပါတယ်ဘုရား)ဒီခေတ်လူ့တ်သွားပြီးယင်တော့ဖြင့်....(သွားပါပြီဘုရား)။

ခင်ဗျားတို့ လုပ်နေတဲ့ ခုနင်က ပြောခဲ့တဲ့ ကုသိုလ်တွေကလဲ ဒီမဂ္ဂသစ္စာကို မလုပ်သ၍ကာလပတ်လုံး နိဗ္ဗာန်မသစ္စာက မရောက်ဘူး....(မှန်ပါ့)။

မရောက်တော့ ခင်ဗျားတို့ တိုက်တန်သလောက် ဗုဒ္ဓဘာသာမို့ အာဃကိုးနေတဲ့ ကုသိုလ်ကလဲ သမုဒယက အုပ်ချုပ်တယ်....(မှန်ပါ့)မောင်နှိုင်း သမုဒယက အုပ်ချုပ်တယ်(မှန်ပါ့)။

ဒါ့ကြောင့်"အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္မဝ အဘိသင်္ခရောတိ" အဝိဇ္ဇာဂတော=အဝိဇ္ဇာ ဦးစီးနေသော ပုဂ္ဂိုလ်သည်၊ပုညာဘိသင်္ခါရမ္မဝ=ဘုံဘဝရောက်တတ်တဲ့ကုသိုလ်ကို ၎ည်း၊အဘိသင်္ခရောတိ=ပြုလုပ်တတ်၏။

အဝိဇ္ဇာဦးစီးနေတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာဦးစီးနေတော့ ခန္ဓာရတဲ့ ကုသိုလ်ဘဲ လုပ်တတ်တယ်...(မှန်ပါ့)ခန္ဓာချုပ်ငြိမ်းတဲ့ကုသိုလ်ကော....(မလုပ်တတ်ပါဘုရား)။

မလုပ်တတ်တော့ကိုတဲ့ ဒီ ခန္ဓာကြီးသည်ကားလို့ ဆိုလို့၌ ယင်ဖြင့် အဝိဇ္ဇာဦးစီးတဲ့ပုဂ္ဂိုလ်မှာ ဘယ်ကုသိုလ်တွေ့ လုပ်နေနေ တကာတကာမတွေ့က မှတ်လိုက်တာပေါ့ ခန္ဓာရတဲ့ကုသိုလ်ဘဲ ဖြစ်မယ်...(မှန်ပါ့)။

အဝိဇ္ဇာဦးစီးတဲ့ ပုဂ္ဂိုလ်မှာ....(ခန္ဓာရတဲ့ကုသိုလ်ဘဲ လုပ်တတ်ပါတယ်ဘုန်း)ခန္ဓာရတဲ့ ကုသိုလ်ဘဲ လုပ်တတ်တယ်၊ ခန္ဓာဇာတ်

သိမ်းငြိမ်းတဲ့ ကုသိုလ် လုပ်တတ်ပါ့မလား .... (မလုပ်တတ်ပါဘုရား)။

အဲဒါ့ကြောင့် ယနေ့တော့ဖြင့် တရားတကာမတွေ့ အဝိဇ္ဇာ၏ လက္ခဏာကိုလဲ သိအောင်ပြောပါ့မယ်၊အဝိဇ္ဇာလဲ သြော်—မင်းတို့ ဒီလိုမြင်လို့ ရှိယင် အဝိဇ္ဇာချုပ်ပြီဟော.....ဆိုတာကိုလဲ သက်သေခံလုံလောက်အောင် ပြပါ့မယ်၊ အင်မတန် အရေးကြီးတယ်ဆိုတာလဲ ဦးဘကလေး မှတ်ရမယ်—(မူန်ပါ့)။

ကိုင်း....ဒါဖြင့် ခုနင်ကစပြီး အခု ၁၅-မိနစ်၊ မိနစ် ၂၀-ဆိုသလို ပြောလာတာက ကိုယ့်အဖြစ် ကိုယ်သိအောင်လို့ ပြောတာ.... (မူန်ပါ့)။

ကိုပေါ်— (မူန်ပါ့ဘုရား) နောက်က တရားတကာမတွေ့ ကိုယ့်အဖြစ် ကိုယ်သိရဲ့လား....(သိပါပြီဘုရား) ဘယ်သစ္စာနှစ်ပါးနဲ့ နေရသလဲ....(သမုဒယနဲ့ ဒုက္ခသစ္စာနှစ်ပါးနဲ့ နေရပါတယ်ဘုရား)။

ဒုက္ခသစ္စာက နှိပ်စက်တတ်တဲ့သစ္စာ...(မှန်ပါ့ဘုရား) သမုဒယသစ္စာက နှိပ်စက်ဘို့ရာကို အထည်လုပ်ပေးတဲ့ သစ္စာ—(မှန်ပါ့ဘုရား)မောင်နှိုင်....ရှင်းပလား—(ရှင်းပါပြီဘုရား)။

ဒုက္ခသစ္စာက...(နှိပ်စက်တတ်ပါဘယ်ဘုရား) နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာက နှိပ်စက်တတ်တဲ့တရား မပေါ်ပေါ်အောင် လုပ်တဲ့သစ္စာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီသစ္စာနှစ်ပါးနဲ့ဘဲ တပည့်တော်တို့ ဘယ်လောက်ကြာကြာ နေခဲ့ရသဘုံးလို့ မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ အစရှာမတွေ့ဘူးတဲ့—(မှန်ပါ့)။

အစ ရှာမတွေ့ဘူးတဲ့၊ တကာတကာမတို့ သဘောပါပါလား-(ပါ-ပါပြီဘုရား)။

ဒီသစ္စာနှစ်ပါးနဲ့ဘဲ နေခဲ့တာဘဲတဲ့၊ အဲဒါကြီးကို ငါသည်ကားလို့ဆိုယင် ဒီသစ္စာနှစ်ပါးနဲ့ နေခဲ့တာကို ပုဂ္ဂိုလ်အဖြစ်နဲ့.... ရေတွက်မယ်ဆိုလို့ရှိယင်ဖြင့် ငါရှာလို့ကို အစရှာမတွေ့ဘူးတဲ့၊ ပုဂ္ဂိုလ်အဖြစ်နဲ့ နောက်ဆုတ်ပြန်ကြည့်ယင်ပေါ့လေ.... (မှန်ပါ့) ပုဂ္ဂိုလ်အစရှာမတွေ့ဘူးတဲ့။

ဓမ္မသဘောနဲ့ ရှာလိုက်လို့ရှိယင်ဖြင့် အဝိဇ္ဇာနဲ့ တဏှာဘဲ ရှိတယ်လို့၊ ဒီလိုတော့ ငါ ဖြစ်ကြောင်းဓမ္မတော့ ဖမ်းနိုင်ရဲ့တဲ့၊ အထည်တွေကို နောက်ဆုတ် တွေးလို့တော့ မကုန်ဘူးတဲ့.... (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အထည်ခတ္တ နောက်ဆုတ် တွေးလို့ရှိယင် .... (မကုန်ပါဘုရား)။

ဖြစ်ကြောင်းဓမ္မ လက်သည်ရှာလိုက်တော့ ဘာတွေ့သလဲ.... (အဝိဇ္ဇာ တဏှာတွေ့ပါတယ်ဘုရား)။

အဲ ဒါတွေ့လာတယ်တဲ့၊ဒါ့ကြောင့် သူတို့နှစ်ခု ဦးစီးနေတဲ့ အတွက် မင်းတို့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာနဲ့ချည့်ဘဲ နေခဲ့ကြရတယ်ဆိုတော့ လောင်စာနဲ့ မီးချည်း နေခဲ့ကြရတယ်-(မှန်ပါ့) ရိပ်မိကြပလား ... (ရိပ်မိပါပြီဘုရား)။

ဘာနဲ့ နေခဲ့ကြရသလဲ....(လောင်စာနဲ့ မီးချည်းနေခဲ့ကြရပါတယ်ဘုရား) လောင်စာနဲ့မီးချည်း နေခဲ့ရတယ်ဆိုတာဖြင့် သေချာပါပြီ....(သေချာပါပြီဘုရား)။

ကဲ .... ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သစ္စာ နှစ်ပါး၊ လောင်စာသိမ်းတယ်ဆိုတဲ့ဥစ္စာက မဂ္ဂသစ္စာ၊ သူမှ သိမ်းပေးနိုင်တယ်.... (မှန်ပါ့) မီးငြိမ်းတယ်ဆိုတာက ငြိမ်းသွားယင် နိဏ္ဍာခသစ္စာ၊ လောင်စာသိမ်း၍ မီးငြိမ်းတဲ့သစ္စာနှစ်ပါးနဲ့တော့ မြော်မှန်းလို့တောင် ဘယ်နေထူရှိမှန်းမသိဘူး....(မှန်ပါ့)။

ဘယ်လောက်ထိအောင် ကျုပ်ကို အရုပ်ဆိုး, အကြည့်တန်ခဲ့တယ်ဆိုတာဖြင့် ပြောနေဘို့ လိုသေးသလား... (မလိုပါဘုရား)။

အဲဒါ့ကြောင့် တကာတကာမတွေ ခင်ဗျားတို့ အဖြစ်ကလေးဟာ ဒီ·ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်မနေဘဲနဲ့ အင်း.... ဒီသစ္စာနှစ်ပါးနဲ့သာ အရုပ်ဆိုး သစ္စာနှစ်ပါးနဲ့သာ နေခဲ့ရလို့ ရှိယင်ဖြင့် ငါသည် ကိုယ်ကျိုးနည်းပြီ။

သိမ်းပိုက်ရမည့် သစ္စာနှစ်ပါး ချမ်းသာပေးမည့် သစ္စာ နှစ်ပါးတော့ ငါတို့ကလဲ မြော်မှန်လို့မှ မကြည့်တတ်တော့ အခုကြည့်တတ်တဲ့ ဘဝခေါင်းဆောင်ကောင်းနဲ့ တွတ္တုန်းကို ငါတို့သည် ဒီဇာတ်သိမ်းမှာဘဲ လောင်စာနဲ့ မီးဟာ သိမ်းမှာဘဲဆိုတာကို ဒီနေ့တထူးပဲမှာ မေ့းရလိမ့်မယ်....(မှန်ပါ့)။

ဦးဘကလေး သဘောပါလား....(ပါ·ပါတယ်ဘုရား)။

လောင်စာနဲ့မီးကို သိမ်းရလိမ့်မယ်.... (မှန်ပါ့) လောင်စာသိမ်း၍ မီးငြိမ်းတာ ရှာရလိမ့်မယ်... (မှန်ပါ့)။

မောင်နိုင် လောင်စာနဲ့မီးကို ... (လောင်စာသိမ်း၍ မီးငြိမ်းဘာ ရှာရပါမယ်ဘုရား)။

အေး...လောင်စာနဲ့မီး သိမ်းရမယ်နော်....(မှန်ပါ့)ပြီးတော့ မှ လောင်စာသိမ်း၍ မီးငြိမ်းတာ ရှာရမယ်....(မှန်ပါ့)။

လောင်စာနဲ့မီးကိုတော့... (သိမ်းရပါမယ်ဘုရား) လောင်စာ သိမ်း၍ မီးငြိမ်းတာတော့....(ရှာရပါမယ်ဘုရား)။

ရှာရမယ်ဆိုတဲ့ဥစ္စာ သြော်...ဒါဖြင့် အင်မတန် အရေးကြီး ပါပေ့လားဆိုတာ ပေါ်သွားပြီ.... (ပေါ်ပါပြီဘုရား)။

ဒါ.သစ္စာက အင်မတန် အရေးကြီးပါတယ်ဆိုတာ တကာ တကာမတို့ ဒီ့ပြင် ဒါနတရား, သီလတရားတို့ကို ကိုစောမောင် ဟိုဟာတွေက လမ်းမဆုံးသေးဘဲကိုး...(မှန်ပါ့)သူကတော့ လမ်း ဆုံးတဲ့တရားဖြစ်နေတော့ မောင်နိုင် အလွန်အရေးကြီးတယ်... (ကြီးပါတယ်ဘုရား) မကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

နောက်ဆာ တကာတရာမတွေ...(အရေးကြီးပါတယ်ဘုရား) ကြီးတယ်ဆိုတာ ပေါ်ကျပလား.. (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာဥာဏ်နဲ့သာကြည့်၊ ကိလေသာက သမုဒယသစ္စာဇာ မီး၊ ခန္ဓာကြီးက ထင်း၊ ဒါဘဲရှိတယ်...(မှန်ပါ့) မောင်နိုင် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ခုနင်က မီးငြိမ်းပေးတဲ့ မဂ္ဂသစ္စာဆိုလဲ မလှာဘူး....(မလာပါဘုရား) ဒုက္ခသိမ်းတဲ့ ဒုက္ခငြိမ်းသွားတဲ့ နိဗ္ဗာနသစ္စာကကော.... (မလာပါဘုရား)။

မလာတော့ သစ္စာနှစ်ပါး ကွယ်ပြီးသကာလ တကာတကာမ တို့ ဘာမှ အကျိုးမမျှားတဲ့ နှိပ်စက်တဲ့ သစ္စာနှစ်ပါးကတော့

ကိုယ်ပိုင်ရတယ်.... (မှန်ပါ့) လွတ်ရေး, ကျွတ်ခရေးဖြစ်တဲ့ သစ္စာနှစ်ပါးကဒေတာ့ မရဘဲဖြစ်နေတယ်...(မှန်ပါ့)ဘယ်လောက်များကြောက်စရာကောင်းသလဲ.... (ကောင်းပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကိုယ့်အဖြစ် ကိုယ်သိပလား.... (သိပါပြီဘုရ်ား)။

အင်း... ငါးတို့သည်ကား....လို့ ဆိုယင်ဖြင့် အရာဝတ်နေသလားလို့ မေးတဲ့အခါကျတော့ ထင်းနဲ့ မီးသာ ရှိနေသေးတယ်၊ မီးငြိမ်းပေးမည့်တရား မရသေးဘူး.... (မှန်ပါ့) မီးငြိမ်းသွားတဲ့သဘော မရောက်သေးဘူး.... (မှန်ပါ့) ကိုစောမောင် အဝတ်ခက်နေတယ်....(ခက်ပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ဥာဏ်နားကြီးကြီးနဲ့ ထောင်တော့မှ ဩဇာ....ဟိုနှစ်ခုမရသေးသ၍ ကာလပတ်လုံးဖြင့် အခက်ကြီး ခက်ပါကလား....(မှန်ပါ့)။

နိဗ္ဗာန်ရောခနဲမဂ္ဂ မရသေးသ၍ ကာလပတ်လုံးဖြင့်....(အခက်ကြီးပါဘုရား)။

ဘာ့ကြောင့်ခက်တယ်လို့ ဆရာဘုန်းကြီးက မောင်အောင်ချိုတို့ ပြောရသတုံးလို့ မေးတဲ့အခါကျတော့မှ သြော်.... မင်းတို့သန္တာန်ကလဲ ထင်းနဲ့ မီးဘဲ ရှိနေတယ်.... (မှန်ပါ့) မီးငြိမ်းပေးမည့်တရားကမပါ-ငြိမ်းနေတဲ့သဘောကြီးကလဲ မရှိသေးဆိုတော့ မောင်နိုင် အဝတ်ခက်နေတယ်...(ခက်ပါတယ်ဘုရား)။

တကာတကာမတွေ အင်မတန်တွေးမှု ပေါ်သနော်...(မှန်ပါ့ ဘုရား) နို့မဟုတ်ယင် ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်ပြီး သကာလ တော်သေးရဲ့ဆိုတာ ဒါကလေး ဇာတ်သိမ်းကြစမ်း ပါ....(မှန်ပါ့) တော်သေးရဲ့ မဟုတ်သေးလို့ပါ...(မှန်ပါ့) ရှင်းကြပလား.....(ရှင်းပါပြီဘုရား)။

တော်သေးရဲ့....လို့ စိတ်ထဲမှာ မမေ့းပါနဲ့ဦးဆိုတဲ့ဥစ္စာ လို သေးလို့ ပြောပါတယ်....(မှန်ပါ့)။

တော်သေးရဲ့ ဆိုတဲ့စကားကို....(မမေ့းပါနဲ့ဦး) မမေ့းပါနဲ့ ဦးဆိုတာ ဘယ်နှယ်ကြောင့် တောင်းပန်ပါလိမ့်...(လိုသေးလို့ ပါဘုရား) လိုသေးတယ်....၊ ဘယ်နှယ် ကိုယ့်မှာ ဆင်းနဲ့မိုး လောင်တုန်း ရှိနေသေးတဲ့ဥစ္စာ တော်သေးရဲ့ဆိုတော့ ကိုစော မောင် ဖိ-တော်သေးရဲ့...ဆိုတဲ့ စကားဟာ လူကောင်းပြောတဲ့ စကားလား-အရှုးပြောတဲ့စကားလား....(အရှုးပြောတဲ့စကားပါ ဘုရား)။

ထင်းလဲသိမ်းပြီ, မီးလဲငြိမ်းပြီဆိုမှ တော်သေးရဲ့... (မှန်ပါ့) ဒီကျမှ သုံးရမှာ....(မှန်ပါ့)။

ဦးဝ...ဒီကျမှ သုံးမှပေါ့၊ အခုသုံးချိန်လား၊ လောင်ဆဲဘဲ ရှိသေးသလား....(လောင်ဆဲပါဘုရား)။

မီးရှို့ကြည့်ပါ၊ လောင်ဆဲရှိနေတုန်း ဆိုလို့ရှိယင် တကာ တကာမတွေ ကိုယ်ကတော့ ငြိမ်းလျက်ဘဲ လောကီရေတွေနဲ့ ပေါ့ဗျာ.... ဘယ်နှယ်နေသတုံးဟေ့ မေးယင် မရသေးဘူးဗျာ ပြောမှာဘဲ...(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

မရေသေးဘူးဆိုတဲ့ အဓိပ္ပါယ် သည်ကားလို့ ဆိုယင်ဖြင့် ကျုပ်တို့ မနိုင်သေးဘူးဆိုတဲ့ အဓိပ္ပါယ်ဘဲ ... (မှန်ပါ့) နောက် ကျတော့ ဓလောင်စာလဲမရှိဘူး၊ ထင်းလဲမရှိဘူးဆိုမှ အင်း .... နောက်ဘယ်သူ့မှ မကူးစက်ဘူးဗျို့၊ အေးပြီ.... အေးပြီ ဆိုတာ ပြောရမှာ...(မှန်ပါ့) အခုတော့ လောင်ဆဲ ရှိနေသေးတဲ့ဥစ္စာ တော်သေးရဲ့တော့ မသုံးလိုက်ပါနဲ့....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ရှင်းရဲ့လား .... (ရှင်းပါတယ် ဘုရား)က ဲ ... ဒါဖြင့် ပြောကြပါစို့တဲ့၊ လောင်စာ သိမ်းပြီး သကာလ မီးငြိမ်းတဲ့တရားကိုဘဲ ရှာကြပါစို့၊ ရှာကြပါစို့ဆို တော့ လက်သည်တွေ့ပါပြီ နော် .. (မှန်ပါ့) က ဲ....ခင်ဗျားတို့ အလိုရှိတာက တကာတကာမတို့ ဘယ်သစ္စာကို အလိုရှိပါလိမ့်.... (နိဏောဓသစ္စာနဲ့ မဂ္ဂသစ္စာကို အလိုရှိပါတယ်ဘုရား) ဒါဘဲအလို ရှိရမယ်...(မှန်ပါ့) အခုရထားတာကြီးကဖြင့် တပည့်တော်တို့ ကိုယ်ကျိုးနည်းပြီ....(မှန်ပါ့)ပေါ့ပြီနော် .. (ပေါ့ပါပြီဘုရား) ရ,ထားတာကြီးကဖြင့်....(ကိုယ်ကျိုးနည်းပါပြီဘုရား)။

ကိုယ်ကျိုးနည်းနေပြီဆိုတာ ဘာမှ ဘယ်သူက ပြောပြော မယုံနဲ့ ကိုယ်ကိုယ်တိုင်တွေ့နေရတာ .. (မှန်ပါ့) သူမျှားပြော လား၊ကိုယ့်ဝမ်းထဲမှာ ကိုယ်သိမ်းမီးနဲ့ ခန္ဓာကြီး လောင်လျက် တဲ့လား သာ မေးကြည့်....(လောင်လျက်ပါဘုရား)။

ခန္ဓာကြီးလောင်လျက်ဘဲ.... (မှန်ပါ့) အပြေးသွားရတဲ့နေ့လဲ ကိုစောမောင် မနည်းလှဘူး....(မနည်းပါဘုရား) ကိုလေသာ မီးလောင်လို့ ခန္ဓာကြီး အပြေးသွားရတာ.... (မှန်ပါ့) သဘော ကျပလား...(ကျပါပြီ)။

အဲဒီတော့ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိယင် မီးနဲ့ထင်း တဲ့လျက်ဖြစ်နေတော့ လောင်ဆဲဘဲ ရှိသေးတော့ တော်သေးရဲ့ ဆိုတဲ့ စကားမှသုံးပါနဲ့ဆိုတာ တကာတကာမတို့ သစ္စာနဲ့ပတ် သက်ယင်ဘော့ဖြင့် အမှန်တရားကို ပြောရတဲ့အတွက် ဦးဘအုန်း သုံးရလိမ့်မယ်....(မှန်ပါ့) မသုံးရပေဘူးလွှား .... (သုံးရပါမယ် ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် တကာတကာမတို့ တော်သေးရဲ့ဆိုတာသည် မီးလေးပုံ တပုံငြိမ်းသွားတယ်ဆိုယင်လဲ တော်သေးရဲ့ (မှန်ပါ့) နှစ်ပိုင်းတပိုင်းငြိမ်းသွားတယ်ဆိုလို့ရှိယင်ကော...(တော်ပါတယ် ဘုရား)အကုန်ငြိမ်းသွားလို့ ရှိယင်တော့ဖြင့် အေးအေး နေပါ တော့(မှန်ပါ့)မငြိမ်းသေးသ၍ ကာလပတ်လုံး ပေါ့ပေါ့တန်တန် နေလို့... (မတော်ပါဘုရား)။

ကူးစက်ဦးမှာဘဲ .... (မှန်ပါ့) ဒီခန္ဓာပြီး ဟိုခန္ဓာရပြီး ဒီလို့ လောင်ဦးမှာဘဲ.. (မှန်ပါ့)အဲဒီလောင်ပြီးတဲ့ခန္ဓာပြီးဟိုဘက်ခန္ဓာ ရပြန်တော့....(လောင်ဦးမှာပါဘုရား)။

တလောင်တည်း လောင်ပြီးသကာလ ခန္ဓာအိမ်ရှိသလောက် ရှောက်လောင်မယ်....(မှန်ပါ့)သဘောပါကြလား .... (ပါ-ပါပြီ ဘုရား)။

အဲဒီတော့ခန္ဓာအိမ်ရှိသလောက်လျှောက်လောင်မှာကို တကာ တကာမတွေက သိပြီးသား ဖြစ်ပြီးသကာလနေတော့ မီးငြိမ်းတဲ့ တရားရှာဘို့ မီးသိမ်းမှ အေးမှာပါကလားဆိုတာ ယနေ့ဆုံးဖြတ် ချက်ချ....(မှန်ပါ့)သဘောပါကြလား...(ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီထင်းဘယ်သူလုပ်ပါလိမ့် ဒီမီးဘယ်သူလုပ်ပါလိမ့်ဆိုတဲ့ဥစ္စာ သည်ကားလို့ ဆိုလို့ရှိယင် ဖြင့် လက်သည်ရှာကြစို့...(မှန်ပါ့)။

ဒီမီး ဘယ်သူလုပ်ပါလိမ့်၊ ဒီထင်းဘယ်သူလုပ်ပါလိမ့်၊ ဒီထင်းဆိုတာ ခန္ဓာငါးပါး၊ ဒီ...မီး ဘယ်သူလုပ်ပါလိမ့်မတုံး ဆိုတာ သမုဒယသစ္စာ....(မှန်ပါ့)။

အဲဒါ ထင်းနဲ့မီး ဘယ်သူလုပ်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ ထင်းနဲ့မီးလုပ်တာဟေ့...မသိတဲ့လူက လုပ်တာ (မှန်ပါ့) သိတဲ့လူကဖြင့် ထင်းသိမ်း မီးငြိမ်းတာ လုပ်မှာဘဲ....(မှန်ပါ့) သဘောကျလား... (ကျပါပြီ) မသိတဲ့တရားက လုပ်တာ.... (မှန်ပါ့)။

တကာတကာမတို့ ထင်းနဲ့မီး ဘယ်သူလုပ်ပါလိမ့်....(မသိတဲ့တရားက လုပ်တာပါဘုရား) ဒါဖြင့် အဝိဇ္ဇာဘဲ ဖမ်းမိတယ်.... (မှန်ပါ့) ဦးဘကလေး လက်သည်မိပြီ...(မိပါပြီဘုရား)မိပြီ... မိပြီ၊ ထင်းနဲ့မီး ဘယ်သူလုပ်ပါလိမ့် ... (အဝိဇ္ဇာ လုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာဘဲဆိုတာဖြင့် ဒီနေ့တရားမှာ လေးလေးစားစားမှတ်ပါ၊ သူဘဲ....သူဘဲဆိုတာကတော့ဖြင့် ခင်ဗျားတို့ ကေန်လက်ညှိုးထိုးနိုင်ပါပြီ....(မှန်ပါ့) တကာတကာမတို့ ထင်းနဲ့မီး ဘယ်သူလုပ်လိုက်ပါလိမ့် ... (အဝိဇ္ဇာ လုပ်ပါတယ်ဘုရား) အဝိဇ္ဇာဘဲဆိုတာပေါ်ကြပလား...(ပေါ်ပါပြီ)။

လုပ်မှာဘဲတဲ့ အဝိဇ္ဇာဆိုတာဟာ- အဝိဇ္ဇာ ဘယ်လက္ခဏာရှိသ

တုံးမေးတော့မှ အညာကလက္ခကာ၊မသိခြင်း လက္ခကာရှိတယ်... (မှန်ပါ့)။

ဒုက္ခသစ္စာလဲ သူ့ မသိဘူး၊ သမုဒယသစ္စာကော .... (မသိပါဘူးရှင်း)နိရောဓသစ္စာ....(မသိပါဘူးရှင်း)မဂ္ဂသစ္စာ .... (မသိပါဘူးရှင်း)။

မသိတော့ တဏှာတကဲ့ာမတို့ မသိတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုယင်ဖြင့် မဟုတ်တာလုပ်မှာဘဲ့....(မှန်ပါ့) မသိတဲ့တရားသည် (မဟုတ်တာလုပ်မှာပါဘူးရှင်း) မဟုတ်တာ လုပ်မှာဘဲ့ဆိုတော့ လောင်စာနဲ့ထင်းဘဲ့ သူလုပ်မယ်ဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

လောင်စာနဲ့ ထင်းဘဲ့ သူလုပ်တယ်ဆိုတာ ဘယ်သူပါလိမ့်... (အဝိဇ္ဇာပါဘုရား)။

ဒါ့ကြောင့် အဝိဇ္ဇာ ဘယ်လက္ခကာ ရှိသတုံးလို့ မေးလို့ရှိယင် မောင်နိုင်ရေ....မသိခြင်းလက္ခကာ... (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက'ဒုက္ခေ အညာဏ'လို့ မဟောဘူးလား (ဟောပါတယ်ဘုရား)ဒုက္ခသစ္စာ သူ မသိးဘူးက္ခ၊'ဒုက္ခသမုဒယေ အညာဏ"တဲ့၊မီးလဲ သူ မသိဘူးက္ခ၊ ထင်းလဲ သူမသိဘူးက္ခ။

'ဒုက္ခနိရောဓေ အညာဏ"တဲ့၊ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကော....(မသိပါဘုရား)။

"ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏ" တဲ့၊ မဂ္ဂသစ္စာကော... (မသိပါဘုရား)။

ဩော်.... မသိတဲ့အတွက် ဒါဖြင့် တကာတကာမတို့ လက်သည် ဖမ်းလိုက်တဲ့အခါကျတော့ အဝိဇ္ဇာမိတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ယနေ့ တကာတကာမတွေကို ကျေးဇူးဆပ်ရမှာက အဝိဇ္ဇာမသိလို့ လုပ်တာကို အဝိဇ္ဇာကများ ဝိဇ္ဇာဖြစ်သွားမယ်၊ ဥာဏ်ထဲမှာ အခု သိသွားမယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ သူက ဒုက္ခသစ္စာလဲမသိ၊ သမုဒယသစ္စာလဲမသိ၊ မသိတာ သိအောင် လုပ်လိုက်လို့ရှိယင်ဖြင့် အရင်တုန်းက မသိလို့ ထင်းနဲ့မီး ဖြစ်နေတယ် (မှန်ပါ)သိတဲ့ပုဂ္ဂိုလ်ကျတော့ ထင်းနဲ့မီး လုပ်ဦးမလား....(မလုပ်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ထင်းနဲ့မီး လုပ်သမားဖြစ်နေတော့ မသိတဲ့အဝိဇ္ဇာက လုပ်တာဖြစ်နေသောကြောင့် ဘုန်းကြီးက ဟာဒီဥစ္စာဖြင့် အဲဒီ အဝိဇ္ဇာကို ငါ...ပြောင်းပြန်, ပြန်ပြီးသကာလ မင်းတို့ သိတဲ့ဝိဇ္ဇာ လုပ်ပေးမယ် ဆိုလို့ရှိယင် ဒါ.... မင်းတို့ အာရင်းဖြုတ်ပစ်လိုက်တာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အာရင်းဖြုတ်ပစ်လိုက်တဲ့ အတွက် တကာတကာမတို့ ဘာပူစရာ ရှိသေးသတုံး....(မရှိပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ကြပါစို့ မောင်နှိုင် ပေါ်ပြီကွာ....(ပေါ်ပါပြီဘုရား)။

တရားပေါ်လာပြီ တကာတကာမတို့၊ အဝိဇ္ဇာသည်ကားလို့ ဆိုယင် မသိခြင်း လက္ခဏာရှိတယ်နော်....(မှန်ပါ့)။

သမ္မောဟရသံ= တွေ့ဝေခြင်းကိစ္စ ရှိတယ်၊ သူ့ဝင်လာလို့ ရှိ
ယင် ခန္ဓာကိုယ်ထဲမှာ ဘာမှ ဖြစ်ပျက်တွေ့ မမြင်တော့ဘူး၊ တွေ့
ဝေခြင်းကိစ္စ ရှိတယ်။

မသိခြင်း လက္ခဏာ၊ တွေ့ဝေခြင်းကိစ္စ ရှိတယ်တဲ့ မောင်နှိုင်-
အဝိဇ္ဇာ စွမ်းရည်သတ္တိ (မှန်ပါ)။

ကိုစောမောင် မသိခြင်း....(လက္ခဏာရှိပါတယ်) တွေ့ဝေခြင်း
(ကိစ္စရှိပါတယ်ဘုရား)။

ကြည့်စမ်း၊ မှသိတဲ့ လက္ခဏာလဲ သူဘဲတဲ့...(မှန်ပါ!) တွေ့ဝေ
ခြင်းကိစ္စ ရှိတာလဲ....(သူပါဘဲဘုရား)။

သူဘဲ....တဲ့ တကာတကာမတို့နော်...(မှန်ပါ!)။

ဆာဒနပစ္စုပဋ္ဌာနံ....တဲ့၊ သတ္တဝါတွေ့ ခုနှင်ဟာ ဒုက္ခရော သမု
ဒယရော နိရောဓရော မဂ္ဂရော မသိအောင် အကုန်ဖုံးခြင်းကိစ္စ
ရှိတယ်....(မှန်ပါ!)။

ယောဂီပုဂ္ဂိုလ် အားထုတ်ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာ
ကိုယ်ထဲ ဖြစ်ပျက်ချည်း မမြင်လို့ ရှိယင် သြော်... သူဖုံးနေတာ
ကိုးလို့သာ မှတ်လိုက်....(မှန်ပါ)သဘောကျပလား....(ကျေပါပြီ
ဘုရား)။

သူ-ဘယ်က လာတာတုံး၊ အဝိဇ္ဇာ ဘယ်က လာတာတုံး မေး
တော့ " အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော " အာသဝက
လာပြန်ဘာကွ - (မှန်ပါ!)။

အဝိဇ္ဇာ ဘယ်က လာသတုံး.... (အာသဝက လာပါတယ်
ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်—ဒီလို အဝိဇ္ဇာမှာ သူ့လက္ခဏာက မသိခြင်း၊ သစ္စာလေးပါး မသိခြင်း လက္ခဏာဟာ အဝိဇ္ဇာ၏ လက္ခဏာဘဲ၊ သဘောကျပလား....(ကျပါပြီ) တွေ့ခြင်းကိစ္စဟာကော သူ့ကိစ္စဘဲ၊သဘောကျပလား....(ကျပါပြီ)။

ဖုံးလွှမ်းပြီးသကာလ နေတယ်လို့ ကျုပ်တို့ဥာဏ်ထဲမှာ ထင်လာတယ်.... (မှန်ပါ့) မထင်ပေဘူးလား .... (ထင်လာပါတယ်ဘုရား)။

သူ ဘယ်သူ့ကြောင့် ဖြစ်သတုံးလို့ မေးတော့မှ အာသဝကြောင့် အဝိဇ္ဇာဖြစ်ဘယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

ဩော်....ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာ- ဝိဇ္ဇာဖြစ်အောင် ဆရာဘုန်းကြီး လုပ်ပေးလို့ ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့မှာဖြင့် သစ္စာလေးပါး သိတော့မယ် .... (မှန်ပါ့) မသိပေဘူးလား....(သိမှာပါဘုရား)။

သိသည်နဲ့ အပြိုင်နက်တည်း သိတဲ့ပုဂ္ဂိုလ်ကျတော့ ပယ်သင့်တာ သူပယ်သွားနိုင်မယ် ... (မှန်ပါ့)သိမ်းပိုက်သင့်တာ ... (သိမ်းပိုက်ပါမယ်ဘုရား)။

ဩော်.... ဒါဖြင့် မသိခဲ့သေးတော့ ပယ်သင့်တာတွေ မပယ်ဘဲနဲ့... နော်၊ သိမ်းပိုက်သင့်တာကို မသိမ်းပိုက်ဘဲ ဖြစ်နေတာ မသိတဲ့ ပုဂ္ဂိုလ်....(မှန်ပါ့)သဘောကျပလား_ (ကျပါပြီ)။

သိတဲ့ပုဂ္ဂိုလ်ကတော့ ပယ်သင့်တာကို .. (ပယ်ပါတယ်ဘုရား) သိမ်းပိုက်သင့်တာကို....(သိမ်းပိုက်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှု တော်တော့မယ်ဆိုတာ ယနေ့ တရားမှာ ရှင်းရှင်းမှတ်ပါ_ (မှန်ပါ့)။

အဝိဇ္ဇာက....(ဝိဇ္ဇာဖြစ်မှု တော်ပါမယ်ဘုရား)။

တကာတကာမတော့ရိုးရိုးမနာနဲ့တခါတည်း စဉ်းစဉ်းစားစားနဲ့ သြော်.... ဘုန်းကြီး အစကတည်းက ပြောလာတဲ့ဥစ္စာ တော် တော် အရေးကြီးလို့ ပြောနေပါကလား ဆိုတဲ့ဥစ္စာ ပေါ် လောက်ပါတယ်....(မှန်ပါ့) မပေါ်သေးဘူးလား ... (ပေါ်ပါ တယ်ဘုရား)။

အင်မတန် အရေးကြီးပါတယ် တကာတကာမတို့ တသံသ ရာလုံးမှာက မသိမ်းပိုက်ရမည့် သစ္စာကြီး သိမ်းပိုယ်လာခဲ့တယ်.... (မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

လောင်စာနဲ့ မီးချည်း သိမ်းပိုက်လာခဲ့တယ်.... (မှန်ပါ့) လောင်စာသိမ်း၍ မီးငြိမ်းတာ သိကို့ မသိခဲ့ဘူး၊ အဝိဇ္ဇာသတ္တိ လေ....(မှန်ပါ့)အညာဏလက္ခဏာကို့-သိမှု မသိခဲ့ဘဲကိုး-(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ .... ဒါဖြင့် တရားရှည်နေမှာစိုးတယ် တကာတကာမတို့ ခင်ဗျားတို့ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်ဘို့ဟာ ဘုန်းကြီး တာဝန် ဝတ္တရားရှိတယ်.... (မှန်ပါ့)ဘုရားလဲ ဒါဘဲ ဒီဝတ္တရားဘဲ သူရှိတယ်_ (မှန်ပါ)။

ဘုရား....မရှိသည့်နောက် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ကလဲ တကာတကာမတွေ့ ဒါလုပ်ဘို့ထားခဲ့တာ _ (မှန်ပါ့)။

အဲဒီ ဓမ္မက္ခန္ဓာတွေက သူ့ဟာသူ စဒအုပ်ပရပိုက် ကျောက်စာတွေပေါ်မှာ နေတဲ့အတွက် လာပြောပေါ် ဆိုပေါ်မရဘူး-(မရပါဘုရား)။

မရနိုင်ဘူးတဲ့၊ အဲဒီက နေပြီးသကာလ ဘုန်းကြီးတို့က အသံထွက်ပြီးသကာလ အဲဒီဟာတွေ ကြည့်ရှုပြီးသကာလ အသံထွက်သဘောနဲ့ ပြောရပြန်တယ်လို့ဆိုတော့ ဩော်.... ဒို့အတွက် သာသနာမကွယ်သေးဘူးဟေ့....(မှန်ပါ!) သဘောကျပလား.... (ကျေပါပြီ) ဒို့အတွက်...(သာသနာမကွယ်သေးပါဘုရား)။

သာသနာမကွယ်သေးဘူးဆိုတော့ ဩော်...သစ္စာသိထိုက်တဲ့အဆုံးအမ ဒို့ရသေးတယ်....(မှန်ပါ!)။

သာသနာမကွယ်သေးဘူးဆိုတာ သစ္စာသိထိုက်တဲ့ အဆုံးအမ ရလို့ရှိယင် သာသနာမကွယ်ဘူး....(မှန်ပါ!)ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

သစ္စာသိထိုက်တဲ့ အဆုံးအမရယင်....(သာသနာ မကွယ်သေးပါဘုရား) ဒီ-အဆုံးအမအတိုင်း ခင်ဗျားတို့က လိုက်လို့ရှိယင် သာသနာမကွယ်သေးဘူး....(မှန်ပါ!) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါ ဘုန်းကြီး ရှင်းရှင်းဘဲပြောတာ၊ ကိုးစာမောင်, ဦးဘအုန်းကြီးတို့ လူကြီးတွေ မှတ်ကြတာပေါ့နော်....(မှန်ပါ!)။

ဒီ-ဘုန်းကြီးတို့လိုပုဂ္ဂိုလ်တွေ အားလုံးပေါ့လေ၊ သစ္စာဟောတတ်တဲ့ပုဂ္ဂိုလ်တွေဟာ သာသနာ ၅၀၀၀-ဟိုဘက်မှာ ရှိသေးလဲ မကွယ်သေးဘူး...(မှန်ပါ!)ရှင်းပလား...(ရှင်းပါပြီဘုရား)။

နို့မို့ သာသနာ ၅၀၀၀-ကျယင် ကွယ်တော့မယ်ဆိုတာ မဟုတ်ဘူးတဲ့...(မှန်ပါ့) မောင်နိုင် မဟုတ်သေးဘူး.... (မှန်ပါ့ ဘုရား)။

ဒီလိုဟောတတ်တဲ့ပုဂ္ဂိုလ်တွေ့ ဒီလိုဆက်ဆက်သွားမယ်ဆိုလို့ ရှိယင်ဖြင့် ရဟန္တာဆိုတ်ကိုမဆိတ်ဘူး....(မှန်ပါ့)။

ရဟန္တာမဆိတ်ဘူး ဆိုတာတည်းဟာ မောင်နိုင်က ရိပ်မိမှာပေါ့ သစ္စာသိမှဖြစ်တာကိုး.... (မှန်ပါ) သစ္စာမသိဘဲနဲ့ သောတာပန်လဲမဖြစ်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကော.... (မဖြစ်ပါဘုရား)။

အဲဒီတော့ ခဏခဏတကာတကာမတွေကို သတိပေးပါတယ် အဝိဇ္ဇာက ငိုဇ္ဇာဖြစ်အောင်လို့ ဘုန်းကြီးရှင်းရှင်းဘဲ ဒီနေ့ပြောပါတယ်၊ သို့သော်လဲ ခင်ဗျားတို့မှာ ဝမ်းသာစရာအချက်ကလေးရှိတာ ပြောပါတယ်....(မှန်ပါ့)။

ဝမ်းသာစရာအချက်ကလေးက ဒို့မှာ ဒီလိုဆုံးမတဲ့ ပုဂ္ဂိုလ်၊ ပယ်တဲ့သစ္စာနှစ်ပါး ပယ်ရမယ်၊ သိမ်းပိုက်သင့်တဲ့ သစ္စာနှစ်ပါး ဒို့-သိမ်းပိုက်ရမယ် ဆိုတဲ့ဥစ္စာ သေသေချာချာ နည်းနာနယနဲ့ တကွ လုပ်နည်း-ကိုင်နည်းနဲ့တကွ ပေးမည့်ပုဂ္ဂိုလ် တွေ့နေတော့ တွေ့တဲ့အတိုင်းလဲ ခင်ဗျားတို့က နားထောင်တော့ သာသနာရှိသေးတယ်....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု သာသနာငါးထောင်- နှစ်ထောင့်ငါးရာကျော်လာတော့ တပါးသော ပုဂ္ဂိုလ်တွေကျတော့ သာသနာရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ဘူး၊ သစ္စာနဲ့ ပတ်သက်လို့ ဗုဒ္ဓဘာသာထဲမှာလဲ မရှိတာကများတယ်—(များပါတယ်ဘုရား) တခါဒီ့ပြင်ဘာသာဆိုတော့ ကွယ်ပြီ.... (ကွယ်ပါပြီဘုရား) မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ကိုတဲ့ ခင်ဗျားတို့ကွက်ကွက်ဏာလေးထဲမှာ လှသာနေတာဖြစ်တော့ ဒီအရိပ်ဏာလေး ခိုရတာဟာ တော်ဖတော်ထူးလို့....(မှန်ပါ!) ကွက်ကွက်ကလေးထဲမှာ လှသာနေတာ .... (မှန်ပါ့)။

မောင်နိုင် လူဦးရေနဲ့တွက်လဲ သန်းခပါင်း ငါးဆုတွေနဲ့ သန်းပေါင်းငါးထောင်တွေနဲ့ တွက်ကြည့်လိုက်တော့ ဘယ်နှယ်နေသလဲ(နည်းနည်းကလေးပါဘုရား)ကွက်ကွက်ထဲ လှသာနေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီ့ပြင်ဟာဖြင့် မှောင်အတိကျဖနတယ်ဆိုယင်လဲပါ့မလား—(မလဲပါဘုရား)အဲဒါ့ကြောင့် ဒီကွက်ကွက် လှသာထဲကမထွက်နဲ့ ဒါကလေးကို ဆရာဘုန်းကြီးပြောတဲ့ အတိုင်း လိုက်နာကြ၊ ကျင့်ကြံကြ၊ အလုပ်ကိုလုပ်ကြဆိုဘဲ့ဥစ္စာ မောင်နိုင် မတိုက်တွန်းထိုက်ဘူးလား...(တိုက်တွန်းထိုက်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ဟိုသစ္စာနှစ်ပါးနဲ့ချည့် အဖေါ်လုပ်တော့မယ်.... (မှန်ပါ့) တဘဝမှာလဲ လောင်စာနဲ့မီးနဲ့ လောင်သေလိုက်—(မှန်ပါ့)ဟိုဘက်ဘဝ ကျပြန်တော့—(လောင်စာနဲ့မီးနဲ့ဘဲ လောင်သေပါတယ်ဘုရား) ဟိုဘက်ဘဝကျပြန်တော့ကော—(လောင်စာနဲ့မီးနဲ့ဘဲလောင်သေရပါတယ်ဘုရား)။

လောင်သေလိုက်ချည့် သွားနေရတဲ့ဇာတ်ထုပ်ချည့် ခင်းနေရတော့ တကာတရာမတို့ မသေမည့်ဘဝကို ပါကို-မပါဘူး.... (မှန်ပါ့)ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တရာတရာမတွေ့ လေးလေးစားစားမှတ်ပါတဲ့၊ ကဲ- ဝိဇ္ဇာဖြစ်အောင် ပြောတော့မနော် ....

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝိဇ္ဇာဖြစ်အောင် ဘယ်မှာဟောခဲ့သတုံးလို့ မေးတဲ့အခါကျတော့ သံယုတ်ပါဠိတော်မှာလဲ အမျိုးမျိုးဟောထားတယ်၊ဝိဇ္ဇာဖြစ်ဘို့....(မှန်ပါ)။

ဝိဇ္ဇာဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျတော့ သစ္စာသိတာ ဝိဇ္ဇာ၊ သဘောကျပလား....(ကျပါပြီ) အဲဒီတော့ သစ္စာသိတာ ဝိဇ္ဇာဆိုတော့ တကာတကာမတို့ ဝိဇ္ဇာဖြစ်အောင် သစ္စာသိနည်းကို ပြောရတော့မယ် ဆိုတော့ "စက္ခုဝိညာဏ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာ ဥဒပါဒိ" ဒိဋ္ဌိရော အဝိဇ္ဇာရောပယ်တယ်....(မှန်ပါ)။

မင်းတို့ အခုတဘာတကာမတွေ့ မျက်လုံးကလေး ဖွင့်လိုက်တော့ မြင်တဲ့စိတ်ကလေး မပေါ်ဘူးလား .... (ပေါ်ပါတယ် ဘုရား)။

အဲဒီ. မြင်တဲ့စိတ်ကလေးကို တကာတရာမတွေ့က "အနိစ္စတော ဇာနတော ပဿတော" လို့ သိရမယ်၊အနိစ္စတော=ဖြစ်ပြီးပျက်တယ်၊ ဇာနတော=သိသိပေးရမယ်နော်....(မှန်ပါ့)။

မောင်နှိုင် ဒါကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ မြင်စိတ်ကလေးဟာ မျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း မီးကလေး

ဖြစ်ဖြစ်- တခုခုကို မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား) မြင်ပြီး ဘာဖြစ်သွားသတုံး....(ပျက်သွားပါတယ်ဘုရား)။

အဲဒီကဲ့သို့ စက္ခုဝိညာဏ် အနိစ္စတော= ဖြစ်ပြီး ပျက်တယ် လို့၊ ဇာနတော=သိသော၊ ပဿတော= ရှုနိုင်တဲ့ပုဂ္ဂိုလ်အား၊ (ဝါ) မြင်သောပုဂ္ဂိုလ်အား၊ သက္ကာယဒိဋ္ဌိ = သက္ကာယဒိဋ္ဌိကို၊ ပဟီယတိ=ပယ်၏၊ သက္ကာယဒိဋ္ဌိလဲ ပယ်လိုက်တယ်တဲ့...(မှန်ပါ ဘုရား)။

ဒါတွင်ဘဲလားလို့ မေးတော့ ဘုရားက မဟုတ်ပါဘူးကွာတဲ့၊ အဝိဇ္ဇာပဟီယတိ၊ အဝိဇ္ဇာလဲပယ်တယ်... (မှန်ပါ) အဝိဇ္ဇာပယ် တော့ ဘာဖြစ်သွားသတုံးဆိုတော့ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊ ဝိဇ္ဇာဖြစ်ပြီကွတဲ့...(မှန်ပါ)။

မောင်နိုင် ကဲ....အဝိဇ္ဇာပယ်ဘို့ အလွယ်ကလေးပါကလား.... (မှန်ပါ) မီးမိုးမြင်တဲ့မျက်လုံးစိတ်ကလေးကို ဟိုကြည့်လိုက်၊ ကြည့် လိုက်တဲ့အခါ မြင်တဲ့စိတ်ကလေး မပေါ်ဘူးလား ....(ပေါ်ပါ တယ်ဘုရား)။

လူသေတော့ သူမျှားက ဘယ်လိုမျက်လုံးဖြဲပေးပေး၊ မြင်ကို မမြင်ဘူး နာမ်တွေချုပ်သွားလို့.... (မှန်ပါ) မြင်တတ်တဲ့တရား ကလေး ချုပ်သွားလို့ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ကဲ... အခု တကာတကာမတွေလဲ မျက်လုံးသာဖွင့်ပါ တကာ တကာမတို့ မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား) အဲဒါ ရုပ်က မြင်တာလား-နာမ်ကမြင်တာလား၊ အကဲခတ်ကြည့်.... (နာမ်က

မြင်တာပါဘုရား) မြင်စိတ်ကလေးဆိုတဲ့ နာမ်ကမြင်တာ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကလေးသည်ကား....လို့ဆိုယင်ဖြင့် တကာတကာမတို့ခုမှပေါ်ပြီး ခုမှမြင်တာ....(မှန်ပါ့)။

"စက္ခုဝိညာဏံ အနိစ္စတော ဇာနတော" သူသည်ကားလို့ဆိုယင် မောင်နိုင် မြင်ပြီးလဲ ဖြစ်ပြီးပျက်သွားတာဘဲ.... (မှန်ပါ့)။

အဲဒီလိုပျက်သွားမှန်းသိလိုက်တော့ "သက္ကာယဒိဋ္ဌိ ပဟီယတီ" ဩော်... ဒီဟာကလေးဟာ ဖြစ်ပြီးပျက်သွားတယ်ဆိုယင် ငါမဟုတ်လို့ဘဲဆိုပြီး သက္ကာယဒိဋ္ဌိ အရင်ပယ်လိုက်တယ်...ကွ.... (မှန်ပါ့) မပယ်ဘူးလား...(ပယ်ပါတယ်ဘုရား)။

ငါမဟုတ်လို့ ပျက်သွားတာဘဲဆိုတော့ သက္ကာယဒိဋ္ဌိ မကုန်သေးဘူးလား....(ကုန်ပါပြီဘုရား)။

ကောင်းပြီ... တဲ့၊ အရင်တုန်းက ဒီဟာဖြစ်မှန်လဲ မသိဘူး၊ ပျက်မှန်းလဲ မသိဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

တောက်လျှောက် ကျုပ်တော့ မျက်လုံးမြင်တာ ကြာပါပြီ ဗျာ၊ ပြောချင်ပြောမယ်....(မှန်ပါ့)။

ဒီလို ခဏခဏ အကြောင်းတိုက်ဆိုင်မှ ပေါ်ပြီးမြင်တယ်၊ ခဏကလေးဆို ပျက်သွားတယ်လို့ ဒီလိုဘယ်တော့မှမသုံးဘူး.... (မှန်ပါ့)။

ကျုပ်ဖြင့် တနေ့လုံးဟာဖြင့် အကုန်လျှောက်ကြည့်တာဘဲ၊ မြင်နေတာချည့်ဘဲဆိုတော့ ဒီမျက်လုံးတလုံးတည်းဖြစ်နေတယ်.... (မှန်ပါ့) မြင်စိတ်တခုတည်းဖြစ်နေတယ်....(မှန်ပါ့)။

ခဏခဏပျက်နေတာ.... (မသိပါဘုရား) မသိတော့ကို....တဲ့၊ သက္ကယာဒိဋ္ဌိကို မပယ်နိုင်ဘူး၊ ခိုင်မြဲနေတယ်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒါ့ကြောင့်"အနိစ္စတော ဇာနတော ပဿတော သက္ကာယ ဒိဋ္ဌိ ပဟီယတိ၊ အဝိဇ္ဇာ နိရုဇ္ဈတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ" အဝိဇ္ဇာလဲ ချုပ်သက္၊ဝိဇ္ဇာဆိုတဲ့ဥာဏ်လဲ ဝမ်းထဲမှာ ပေါ်လာတယ်၊သဘော ကျပလား....(ကျပါပြီဘုရား)။

ဝိဇ္ဇာဆိုတဲ့ဥာဏ်လဲ.... (ဝမ်းထဲမှာ ပေါ်လာပါတယ်ဘုရား) ဝမ်းထဲပေါ်လာတဲ့ယ်ဆိုတော့ တကာ တကာမတွေ အဲဒီ့ မြင်စိတ်ကလေးကို ဥာဏ်ကလေး တည့်ပြီးသကာသ မျက်လုံးဖွင့်လိုက်၊ ဖွင့်လိုက်တဲ့အခါ မီးမြင်လို့ရှိယင် သြော်.... မြင်ပြီး ပျက်တာဘဲ၊ ဟုတ်လား....(မှန်ပါ့) အင်း....ဝင်းထရံကလေးတွေ မြင်ပြန်ကော....(မြင်ပြီးပျက်တာပါဘဲဘုရား)။

ဝင်းထရံကလေးတွေမြင်တာမှ သာပြီး ပျက်မှန်းသိသာသေးတယ်၊ ဒီရှေ့က စ,ကြည့်တယ်ဆိုယင် အရှေ့က အချောင်းအရင်မြင်လို့ရှိယင်ဖြင့် ဒါ...မြင်စိတ်တမျိုး....(မှန်ပါ့) နောက် ၅-နံပါတ်မြင်လို့ရှိယင်....(မြင်စိတ်တမျိုးပါ) ၃-နံပါတ်မြင်လို့ ရှိယင်....(မြင်စိတ်တမျိုးပါဘုရား)။

နို့မဟုတ်ယင် တခါတည်း တကာ တကာမတို့ မြင်စိတ် အမျိုးမျိုး ပြောင်းနေတယ်ဆိုတာ မဒေသချာလား.... (သေချာပါတယ်ဘုရား)။

အဲဒီမှာ မြင်စိတ်အမျိုးမျိုး ပြောင်းတာသည်ကား....လို့ ဆိုယင် တကာတကာမတို့ ပျက်ပြောင်းချည့်မှတ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(ပျက်ပြောင်းချည့်ပါဘုရား)ဟုက်ပြီးမှ အသစ်ပေါ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒါ့ကြောင့် မြင်တိုင်း, မြင်တိုင်း တကာတစ္ဆေမတွေ့ဘဲ မြင်စိတ်ကလေးဟာ ဖြစ်ပြီးပျက်တာဘဲလို့ ဝမ်းထဲမှာ ဉာဏ်နဲ့ ရှုပေးပါ...(မှန်ပါ့)။

အဲဒီ့ဉာဏ်သည် သင်္ကာယဒိဋ္ဌိလဲ ပယ်ပါတယ်.... (မှန်ပါ့) ဘာ့ကြောင့် ပယ်သတုံးမေးတာ့မှ ဦးဘအုန်းတို့ ဖြစ်ပျက်မြင်လို့....(မှန်ပါ)။

ဖြစ်ပျက်မြင်တော့ ခိုင်တယ်- မြဲတယ်ဆိုတဲ့ ဒိဋ္ဌိရှိသေးရဲ့လား (မရှိပါဘုရား) ငါ-သူ-လို့ကော....(မရှိပါဘုရား)။

အနိစ္စဖြစ်ပြီး ပျက်တာဘဲ သူသိနေတဲ့အတွက် ပုဂ္ဂိုလ်ရယ်လို့လဲ မယူဘူး၊ သတ္တဝါလဲ မယူဘူး၊ ငါလဲ မယူဘူး၊ သူလဲ မဟုတ်ဘူး....(မှန်ပါ့) အနိစ္စသာတွေ့တော့တယ်....(မှန်ပါ့) ဒီကတည်းက သင်္ကာယဒိဋ္ဌိ ဘယ်နှယ်နေသလဲ....(ပြုတ်ပါတယ်ဘုရား)။

မရှိဘူး၊ သင်္ကာယဒိဋ္ဌိ ပယ်ပြီ တကာတကာမတို့.... (မှန်ပါဘုရား)။

ဖြစ်ပျက်မြင်ယင်....(သင်္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

ရှေးက မမြင်ဘူးဆိုတာကို ဖြစ်ပျက်ဟာ တကာတကာမတို့ ဒုက္ခသစ္စာလို့လဲ မှတ်ထားတော့ ဖြစ်ပျက် မြင်ပါတယ်လို့ ဆိုကတည်းက ဒိဋ္ဌိလဲပယ်တယ်၊ သစ္စာလဲ မြင်တယ်.... (မှန်ပါ့)။

ဒိဋ္ဌိလဲ...(ပယ်ပါတယ်ဘုရား) သစ္စာလဲ.... (မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဌီပယ်တာက တကာတကာမတို့ သက္ကာယဒိဋ္ဌိမရှိလို့ သမ္မာဒိဋ္ဌိဖြစ်သွားတယ် .... (မှန်ပါ့) သမ္မာဒိဋ္ဌိက ဘာတုံးပေးတော့မှ ဝိဇ္ဇာရှင်းပလား....(ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိက ဘာတုံး....(ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဒီဝိဇ္ဇာတလုံးတည်းကနေပြီး သကာလ ဝိဇ္ဇာ လေးတည်းက အရင်တုန်းကမြင်တာတွေ ဖြစ်ပြီး ပျက်တာလို့ ဘယ်အခါကာလမှ မသိမှုတွေကို သိသွားတော့ အဝိဇ္ဇာချုပ်လို့ သိတာ....(မှန်ပါ့) မချုပ်ယင်တော့ ....(မသိပါဘုရား) မသိဘူးဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေ မြင်စိတ်ဇာလေး ပေါ်လာတိုင်း၊ ပေါ်လာတိုင်း အင်း....ဒါကလေးဟာ ဖြစ်ပြီးပျက်စာဘဲရှ....(မှန်ပါ)။

ကြားစိတ်ကလေး ပေါ်လာယင်ကော.... (ဖြစ်ပြီး ပျက်တာပါဘုရား) နံစိတ်ကလဲး ပေါ်လာယင်ကော.... (ဖြစ်ပြီး ပျက်သွားတာပါဘုရား)။

စိတ္တာနုပဿနာလို့လဲခေါ်တယ်....(မှန်ပါ့) သတိပဋ္ဌာန်လေးပါးထဲသွင်းလိုက်တော့ စိတ္တာနုပဿနာ....(မှန်ပါ့)။

အင်း.... လျှာပေါ်မှာ စားစိတ်ကလေး ပေါ်လာယင် .... (ဖြစ်ပြီး ပျက်သွားတာပါဘုရား)။

ကိုယ်ပေါ်မှာ ယားတယ်, ယံဘယ်, နာတဲ့စိတ်ကလေးပေါ်လာယင်....(ဖြစ်ပြီး ပျက်သွားတာပါဘုရား)။

ဒါကို ဖြစ်ပျက်ရှုပေး_ (မှန်ပါ့) ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း အနိစ္စတွေ့တာဘဲ_ (မှန်ပါ့)။

မမြဲတာ သွားတွေ့တယ်၊ တွေ့တဲ့အခါ ကျလို့ ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိရှိသေးရဲ့လား_ (မရှိပါဘုရား) ငါယားတာကော ဟုတ်သေးရဲ့လား_ (မဟုတ်ပါဘုရား)။

အင်း... ဓမ္မကလေးဖြစ်၍ မွေကလေးပျက်သွားတာ သေချာတယ်_ (မှန်ပါ့) ကိုယ်စိတ်ကလေးဖြစ်ပြီးတော့ ကိုယ်စိတ်ကလေးပျက်တာပေါ့ဗျာ....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ်စိတ်ကလေးဖြစ်ပြီးတော့_ (ကိုယ်စိတ်ကလေး ပျက်ပါတယ်ဘုရား) ကိုယ်စိတ်ကလေး ပျက်တယ်ဆိုတာ မသေချာဘူးလား_ (သေချာပါတယ်ဘုရား)။

အဲဒီတော့ သြော် .... ဒီခန္ဓာကြီးဟာ ခန္ဓာအားဖြင့်တော့ ဝိညာဏကခန္ဓာလို့ ခေါ်ပါတယ်၊ စိတ်ဟာ ဝိညာဏကခန္ဓာ (မှန်ပါ့) ကိုယ့် ခန္ဓာလို့ ဆိုကြမလား တဲ့ တကာတကာမတို့ မမြဲတဲ့ သဘောလို့ ဆိုကြမလား....(မမြဲတဲ့သဘောပါ)ဟောဒီကိုယ်ပြုတ်သွားပြီပေါ့ဗျ.... (မှန်ပါ့) မမြဲတဲ့သဘော သိသွားတော့ ကိုယ်မပြုတ်သေးဘူးလား_ (ပြုတ်ပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးတို့ တကာတကာမတွေ့က စဉ်းစားတော့မှ ကိုယ်ပြုတ်သွားတာက သက္ကာယဒိဋ္ဌိပြုတ်တာ_ (မှန်ပါ့) မမြဲတာကိုမြင်တာက ဝိဇ္ဇာမမြင်တယ်....(မှန်ပါ့)။

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တာလဲ ဝိဇ္ဇာဥာဏ်ဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အဝိဇ္ဇာကို ချုပ်စေတဲ့လဲ ဝိဇ္ဇာလာလို့ ချုပ်တာဆိုတော့ အဝိဇ္ဇာနဲ့ ဒိဋ္ဌိ သွားချုပ်တယ်.... (မှန်ပါ့) မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား) ဦးဘကလေး ကျေနပ်ကဲ့လား.... (ကျေနပ်ပါတယ် ဘုရား) သြော် .... ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိချုပ်တယ်.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိမိပါပြီဘုရား)။

ကိုယ်ပေါ်မှာ ယားစိတ်, ယုံစိတ်, နာစိတ်ကလေးပေါ်လဲ ဖြစ်ပျက်ရှုပေး.... (မှန်ပါ့) ရှုလိုက်လို့ ဖြစ်ပြီး ပျက်တာဘဲလို့ အနိစ္စကို ကျကျနန သြော်....အဟုတ်ကို မရှိတာကိုးလို့ သိသွားလို့ ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိကော ... (ပြုတ်ပါတယ်ဘုရား) ဝိဇ္ဇာကော.... (ဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာလဲဖြစ်တယ်၊ ကိုစောမောင် မလွယ်ဘူးလား....(လွယ်ပါတယ်ဘုရား) ဒါ... သာသနာတွင်းမို့ ဆရာကောင်း,သမားကောင်းကြုံလို့ ကိုစောမောင် ဒါခြေပြာနိုင်တာ... (မှန်ပါ့)။

နို့မဟုတ်ယင်.....(မပြောနိုင်ပါဘုရား)မပြောနိုင်ဘူး၊ခင်ဗျားတို့ကလဲ ထောင်နိုင်တဲ့ နားပါပါ့မလား... (မပါ·ပါဘုရား)။

ကဲ...အဲဒီကျတော့ ပြောမည်လူလဲမရှိ၊ ထောင်နိုင်တဲ့ နားကလဲ မရှိဆိုတော့ ခုနင်က လောင်စာနဲ့မီး သစ္စာနှစ်ခုနဲ့ သာနေကြ၊ ရောက်ရာမှာ ဒီမီးလောင်ပြီးသေကြပေတော့ ... (မှန်ပါ့ဘုရား) ဒီမီးပြီးလဲ ဟိုမီးဆက်ပြီး ဟိုလောင်စာနဲ့ ဟိုမီးနဲ့တဲ့ပြီးနေကြပေတော့... (မှန်ပါ့) ပြီးတော့ သေကြပေတော့ ဆိုတာကော.... (မလွဲပါဘုရား)။

ဒီလိုချည်းသွားနေမှာကို ဘုန်းကြီးမျှား အခု ဘုရား သခင် ကိုယ်တော်မြတ်ကြီး ဟောစဉ်တွေ အလုံးစုံ အကုန် သိမြင်ပြီးသကာလ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ ရဟန္တာ တွေလဲ မြင်လိုက်ရ တွေ့လိုက်ရ ရှိပြီးသကာလ နေတော့ တကာ တရားမတို့ ပယ်သစ္စာနှစ်ပါးကို ပယ်ပါဆိုတဲ့ဥစ္စာ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဒုက္ခနဲ့ သမုဒယပယ်ရလိမ့်မယ်.... မပယ်ယင် တော်ပါ့မလား-(မတော်ပါဘုရား)ကဲ.... ဒါဖြင့် ဒုက္ခနဲ့ သမုဒယ ပယ်မပယ် ဆိုတာက ကျွန်နေပြန်တယ် ကိုစောမောင်....(မှန်ပါ့) အခု တော့ ဝိဇ္ဇာတော့ ဖြစ်သွားပြီ....(မှန်ပါ့)သင်္ကာယဒိဋ္ဌိကော (ပြုတ်ပါတယ်ဘုရား) သင်္ကာယဒိဋ္ဌိလဲပြုတ်ပြီ၊ ကဲ... ဒါဖြင့် တရားတကာမတို့ ဝမ်းထဲမှာ လောဘစိတ်ကလေးပေါ်လာယင် ဘာလုပ်ကြမယ်-(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒေါသစိတ်ကလေး ပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) မောဟစိတ်ကလေးပေါ် လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) လှူချင်တန်းချင်တဲ့စိတ်ကလေး ပေါ်လာလဲ....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှု၊သူမျှားမေတ္တာပို့ချင်တဲ့ စိတ်ကလေး ပေါ်လာ လဲ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဘယ်နှယ် အကောင်းတွေ ရှုပစ်နေပါကလား၊လို့၊ အို....ဒါ အကောင်းကလေးရှုတာကွ၊ အကောင်းစစ်ကလေး လိုချင်လို့ အကောင်းကလေး ရှုပစ်တာ (မှန်ပါ့)သဘောကျပလား...(ကျပါပြီ)။

အကောင်းကလေးဆိုတာက ခုနင်က ကုသိုလ်ပြုချင်တဲ့ စိတ် ကလေးပေါ်လာလဲ ဖြစ်ပျက်ရှုပါလို့ဆိုတော့ ဆိုရလိမ့်မယ်တဲ့၊

ဒီကုသိုလ်စိတ်ကိုလဲ ဖြစ်ပျက်ရှုမှာဘဲ ရမယ်....(မှန်ပါ့) နို့မဟုတ် ကုသိုလ်စိတ်ကို ဖြစ်ပျက် မရှုမိလို့ ရှိယင်ဖြင့် ငါဝင်လာမယ်... (မှန်ပါ့) ငါ ကုသိုလ်လုပ်ဦးမယ် မလာပေဘူးလား...(လာပါတယ်ဘုရား)။

ငါ ဝင်လာတော့ သက္ကာယဒိဋ္ဌိက ဝင်မလဲဘူးလား....(လာပါတယ်ဘုရား)။

အဲ....ကုသိုလ်တော့ ရရဲ့၊ နိဗ္ဗာန်မရဘဲ ဖြစ်သွားမယ်(မှန်ပါ့) သဘောကျဖလား...(ကျပါပြီ)ပြီးတော့ အဝိဇ္ဇာကကော ဦးစီးမလာဘူးလား...(လာပါတယ်ဘုရား)။

အဝိဇ္ဇာလဲ ဦးစီးလာတယ်တဲ့...၊ ဒီ မသိတဲ့သဘော ကုသိုလ်စိတ်ကလေးက လှူချင်တာ,ပေးချင်တာကို မသိတဲ့အခါကျတော့ ငါက ပေးချင်တဲ့သဘောမျိုးတွေ့လဲ ထောက်လာတယ်...(ထောက်လာပါတယ်ဘုရား)ပျက်တတ်တဲ့သဘောကော သိသေးရဲ့လား--(မသိပါဘုရား)။

မသိတော့ အဝိဇ္ဇာက ပါလာတယ်...(မှန်ပါ့) မပါလာဘူးလား...(ပါပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိဆိုတာ အဖော်ပေါ့ဗျာ... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) အဝိဇ္ဇာနဲ့ သက္ကာယဒိဋ္ဌိဆိုတာ....(အဖော်ပါဘုရား)တခု မမိယင် နှစ်ခု စလုံး မမိတော့ဘူး.... (မှန်ပါ့) ကဲ....ဒါဖြင့် ဝမ်းထဲမှာ ပေါ်တာတွေ့လဲ ဖြစ်ပျက်ရှုပေါ့၊ ချုံးလိုက်တော့ ဘယ်စိတ်ပေါ်ပေါ်ရှု....(မှန်ပါ)။

ဘာတုံး....(ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ယုတ်စွအဆုံး အသက်ရှူတဲ့ စိတ်ကလေးလဲ ရှူ၊ ရှိုက်တဲ့ စိတ်ကလေးလဲ....(ရှုရပါမယ်ဘုရား)။

ဘာဖြစ်လို့ ရှုခိုင်းသတုံးလို့ မေးတဲ့အခါကျတော့ ဒီဌီပယ်ပြီး ဝိဇ္ဇာဖြစ်ချင်လို့သာ ပြော...(မှန်ပါ့) ဒီဌီ ပယ်ပြီးတော့.... (ဝိဇ္ဇာဖြစ်ချင်လို့ပါဘုရား)ဝိဇ္ဇာဖြစ်ချင်လို့ ရှူတယ်ဆိုယင် ဒါအကိုက်ဘဲ...(မှန်ပါ့)။

ကိုင်း... ဒါဖြင့် တပည့်တော်တို့ အရှင်ဘုရားပြောတဲ့အတိုင်း စိတ္တာနုပဿနာဘဲ ရှုပါပြီဆိုတော့ ငရဲမျိုးစေ့ ဒီဌီကလဲ ပြုတ်သွားတာ သေချာတယ်...(မှန်ပါ့) သံသရာအစ အဝိဇ္ဇာ ပြုတ်သွားတာကော....(သေချာပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ငရဲမျိုးစေ့ သက္ကာယဒိဌိပြုတ်တာကော....(သေချာပါတယ်ဘုရား)။

ဖြစ်ပျက် မြင်လိုက်ကတည်းက ငရဲမျိုးစေ့ သက္ကာယဒိဌိ ဘယ်နှယ်နေသလဲ... (ပြုတ်ပါတယ်ဘုရား) အင်း....ဖြစ်ပျက်ရှုးက မမြင်ဘူး၊ ခုမှ မြင်တာသည် ထိုးထွင်းပြီးမြင်တဲ့အတွက် ဝိဇ္ဇာဘဲလား၊ အဝိဇ္ဇာဘဲလား... (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဝိဇ္ဇာဖြစ်သွားကတည်းက ပဋိစ္စသမုပ္ပါဒ် အစက အဝိဇ္ဇာက စ,တာ ကျုပ်တို့သန္တာန် ရှိသေးရဲ့လား.... (မရှိပါ) ဒါဖြင့် သံသရာအစက ဖြတ်ပေးလိုက်တယ်...(မှန်ပါ့)။

သံသရာအစက ဖြတ်ပစ်လိုက်တယ်၊ အလယ်ကလဲ ဖြတ်ပစ်လိုက်တယ်၊အလယ်က ဆိုတာက တခြားမဟုတ်ဘူး သက္ကာယဒိဋ္ဌိ ဟာ အလယ်က ဖြစ်နေတယ်၊ တဏှာကိုး....(မှန်ပါ!) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ တဏှာပစ္စယာ ဥပါဒါနံကောလာသေးသလား...(မလာပါဘုရား) ခင်ဗျားတို့ ဒါလောက်တွင် ရ,ထားတာကိုး ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်ကလဲ ရှိသေးတယ်...(မှန်ပါ!) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒိဋ္ဌိ... (ဒိဋ္ဌုပါဒါန်ပါဘုရား) အဲဒါ တဏှာဘဲ၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ တဏှာ....(မှန်ပါ!) ပြီးဘာ့မှ ဒိဋ္ဌိပြီးမှ ဒိဋ္ဌုပါဒါန်ပြီးမှ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံက လာတာရှိသေးတယ်....(မှန်ပါ!)။

အခုလဲ ဒီအတိုင်းသွားတာဘဲဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဆဲ....ပဋိစ္စသမုပ္ပါဒ် မောင်နှိုင်း ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မှာ ဝိဇ္ဇာလဲဖြစ် သက္ကာယဒိဋ္ဌိလဲ ချုပ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် အစကလဲ ဘာတုံး...(ပြတ်ပါတယ်ဘုရား)အလယ်ကကော(ပြတ်ပါတယ်ဘုရား)။

ဩော်...အစကပြတ်၊ အလယ်က ပြတ်ဆိုကတည်းက အစက ပြတ်တဲ့ အတွက်လဲတဲ့ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ .... နောက်ခန္ဓာလာဦးမလား...(မလာပါဘုရား)အလယ်က ပြတ်တဲ့ အတွက်လဲ အနာဂတ်ခန္ဓာတွေ....(မလာပါဘုရား)။

ဘယ်နှယ်ကြောင့် မလာပါလိမ့်မတုံးလို့ မေးတော့ သမုဒယသစ္စာက အလယ်က နေတယ်..(မှန်ပါ!) ချုပ်သွားပြီ၊ သဘောကျပလား....(ကျေပါပြီဘုရား)။

ပြီးတော့ ဒုက္ခသစ္စာလုပ်မည့် အဝိဇ္ဇာကလဲ လုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် ခန္ဓာလုပ်မည့် အဝိဇ္ဇာကလဲ မလုပ်နိုင်တော့ဘူး .... (မှန်ပါ့)လောင်အောင် တုန်းမည့်မီးကလဲ ကျုပ်တို့က သက္ကာယဒိဋ္ဌိပြုတ်စေတည်းက ချုပ်သွားပါပြီ.... (ချုပ်သွားပါပြီဘုရား)။

ဒါဖြင့် တကာတစာမတို့ သိတဲ့အတိုင်းတဲ့လောင်စာလုပ်မည့် တရားလဲ မရှိဘူး၊လောင်မီးဖြစ်မည့် တရားလဲ.... (မရှိပါဘုရား)။

ဒါဖြင့် ဒီအလုပ်-လုပ်နေယင်ဖြင့် လောင်စာသိမ်း မီးငြိမ်းတယ်....(မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ....(လောင်စာသိမ်းရှု မီးငြိမ်းပါတယ်ဘုရား) လောင်စာသိမ်း မီးငြိမ်းတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

သြော်_ဒါဖြင့် အရှင်ဘုရား အခု ဟောတဲ့ စိတ္တာနုပဿနာကို တပည့်တော်တို့ ကြိုးစားတော့မယ်၊ ဒီအလုပ်သည်ကားလို့ ဆိုယင်ဖြင့် တသံ့သရုလုံး လောင်စာနဲ့မီးကို ဘယ်အခါကာလမှ မငြိမ်းတတ်တာကို စာပည့်တော်တို့ အခု ဖြစ်ပျက် ရှုလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိဆိုတဲ့ လောင်မီးလဲ သေပြီ_(မှန်ပါ့) လောင်စာလုပ်စေတတ်တဲ့ အဝိဇ္ဇာကော....(သေပါပြီဘုရား)။

သေတော့ နောက်ခန္ဓာ ပေါဉီးမလား....(မပေါပါဘုရား) နောက်မီး လာဉီးမလား....(မလာပါဘုရား)။

ဟာ....ဒါဖြင့် လောင်စာသိမ်းရှု မီးငြိမ်းတဲ့ တရားသည် ဝိပဿနာဘဲ ရှိတယ်_(မှန်ပါ့)။

လောင်စာသိမ်း၍ မီးငြိမ်းတဲ့တရားသည်... (ဝိပဿနာဘဲ ရှိပါတယ်းဘုရား)ဝိပဿနာဘဲ ရှိတယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာ လုပ်မယ်ကြံတော့ မြင်စိတ်ကိုလဲ ပေါ်ယင် ရှုပါ၊ ကြားစိတ်လဲ ရှုပါ၊ ဒါ အလုပ်စဉ် ပေးနေတယ်....(မှန်ပါ့)နံစိတ်လဲ... (ပေါ်-ရှုပါ)။

နှာခေါင်းထဲ ပေါ်တဲ့ စိတ်လဲ ရှုပါ၊ လျှာပေါ် အလယ် ပေါ်တဲ့စိတ်ကော....(ရှုပါဘုရား) ကိုယ်ပေါ်မှာ တကိုယ်လုံးမှာ ယားချင်တဲ့ နေရာယခ်း၊ နာချင်တဲ့ နေရာနာ ဘာလုပ်ကြရမလဲ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါက ကိုယ်ပေါ်က ပြီးသွားတယ်...(မှန်ပါ့)။

ပြီးတော့ ဝမ်းထဲကျတော့လဲ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ, ဒါဘဲရှိတယ်.... (မှန်ပါ့) ဒီ.ပြင် ဘာမှမရှိဘူး...(မှန်ပါ့)။

လောဘ လာလဲ ဘာလုပ်ရမလဲ .... (ဖြစ်ပျက် ရှုရပါမယ် ဘုရား)။

အဲ...လောဘလာ ဖြစ်ပျက် ရှုလိုက်တော့ သူဖြစ်ပြီး ပျက်သွားတဲ့ အနိစ္စကို ကျုပ်တို့က ဖြစ်ပြီး ပျက်သွားတာဘဲလို့ ညာဏ်နဲ့ ရှုလိုက်တဲ့အခါကျတော့ တကာတကာမတို့ သက္ကာယဒိဋ္ဌိကော မှပြုတ်ဘူးလား....(ပြုတ်ပါတယ်ဘုရား)။

လောဘစိတ်ဟာ ငါ ထင်သေးသလား...၊ ဖြစ်ပျက်လို့ သိသွားသလား...(ဖြစ်ပျက်လို့ သိသွားပါတယ်ဘုရား) ဖြစ်ပျက်လို့ သိသွားတာ ဝိဇ္ဇာကြောင့်သိတာ...(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပြီး ပျက်တာမြင်သဖြင့် သက္ကာယဒိဋ္ဌိလဲ ပြုတ်ပါတယ်၊ အဝိဇ္ဇာလဲ....(ပြုတ်ပါတယ်ဘုရား)ပြုတ်ပါတယ်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိပြုတ်တော့ အလယ်က ပြုတ်တယ်....(မှန်ပါ့) အဝိဇ္ဇာက ဝိဇ္ဇာဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလုပ်တဲ့ တရား အစက ပြုတ်တယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာလုပ်တဲ့ အဝိဇ္ဇာကော.... (ပြုတ်ပါတယ် ဘုရား) ပြုတ်ပြီ။

မီးဖြစ်မည့် တဏှာကော .... (ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိ လာသေးရဲ့လား....(မလာပါဘုရား)။

မလာကတည်းကိုက ကျုပ်တို့သည် ဒီသစ္စာနှစ်ပါးကို လုပ်နေတဲ့ဥစ္စာ ပယ်ပြီးသားဖြစ်နေတယ်...(မှန်ပါ့)။

ဒါဖြင့် ဒါ မျှားမျှားလုပ်တဲ့အခါကျလို့ ရှိယင်ဖြင့် တကယ်တမ်း ပြီးသွားပြီဆိုတော့ ကိုယ့်ရှေ့တွင် ကိလေသာထဲ ဖြစ်ပျက်တွေ့ ဆုံး-ဆုံးသွားတယ်၊ ဆုံးချင်လို့ ဆုံးတာ မဟုတ်ဘူး တကာတကာမတို့ မီးငြိမ်းလို့ ဆုံးတာ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဟဲဒီတော့ ကိုယ့်ရှေ့တွင် ဒီဘဝ- ဒီခဏမှာ တကာတကာမတွေ့ ခန္ဓာပျောက်တဲ့ အလုပ်ကိုလုပ်ပါ....(မှန်ပါ့)။

ခန္ဓာပျောက်တယ်ဆိုတာ ခန္ဓာတွင် ပျောက်တာမဟုတ်ဘူး တဲ့၊မီးပါငြိမ်းလို့ ပျောက်တာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခန္ဓာ ပျောက်တယ်ဆိုထော့ မီးငြိမ်းသွားတယ်ဆိုတော့ ကိုစောမောင်ရေ မီးကော ထင်းကော တွေ့သေးရဲ့လား....(မေးတွေ့ပါဘုရား)။

မီးငြိမ်းသွားပဟေ့ ဆိုလို့ရှိယင် ရဲရဲတောင် မကျန်တော့ဘူး၊ရဲရဲကျန်သေးယင် မီးခဲကျန်သေးလို့... (မှန်ပါ့)။

အဲဒီတော့ မီးကော,လောင်စာကော သိမ်းတဲ့အလုပ်ဟာဖြင့် ဒီစိတ္တာနုပဿနာကို တကာတကာမတွေ့ ဒိဋ္ဌိအဖြုတ်မှာလဲ သူအကောင်းဆုံးဘဲ....(မှန်ပါ့) ရှေးဦးစွဲ အားထုတ်ရမယ်၊ နောက် သူကနေပြီးသကာလ ဇဝဒနာနုပဿနာ တက်ချင်တော့ တဏှာသတ်တဲ့အခါကျတော့ တက်တာပေါ့၊ အခုတော့ ဒိဋ္ဌိသတ်တုန်း ရှိနေတယ်....(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လုပ်တတ်ပလား.... (လုပ်တတ်ပါပြီဘုရား) အပြင်ည့်သည် မျက်စိ,နား, နှာခေါင်း, လျှာ,ကိုယ် ဒီမှာပေါ်တဲ့စိတ်တွေ အကုန်ရှု...(မှန်ပါ့)။

အတွင်းည့်သည်ဆိုတာ လောဘ,ဒေါသ,မောဟ,အလောဘ အဒေါသ,အမောဟ ဒါရှုပေး.... (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား) ဘာမှမှုစရာမရှိယင် ရှု့စိတ်ရှု့က်စိတ်ကို ဆက်ရှုနေ....(မှန်ပါ့) ဉာဏ်နဲ့တည့်ပြီး ရှုထားလိုက်လို့ ရှိယင် ဖြစ်မှုပျက်မှုတွေ တွေ့လိမ့်မယ်...(မှန်ပါ့)။

ဖြစ်ပျက် တွေ့လို့ရှိယင် ဖြစ်ပျက်ဟာ သက္ကာယဒိဋ္ဌိကွာပါတယ်၊ ငါမဟုတ်လို့ ဖြစ်ပျက်တာဘဲ ဆိုးတော့ သက္ကာယဒိဋ္ဌိမကွာဘူးလား....(ကွာပါတယ်ဘုရား)။

အင်း...ဖြစ်ပျက်ကို တကယ်မြင်လိုက်တဲ့အခါကျလို့ ရှိယင်လဲ တကာတကာမတို့ ရှေးက မမြင်ဘူးတာ မြင်သောကြောင့် ဝိဇ္ဇာမျက်လုံးနဲ့ မြင်တာ....(မှန်ပါ့ဘုရား) ဝိဇ္ဇာမျက်လုံးမလာယင်...(မမြင်ပါဘုရား) မမြင်နိုင်ဘူးဆိုတာ သေချာပလား ....(သေချာပါပြီဘုရား) အဲဒါ တကာတကာမတို့ အဝိဇ္ဇာနဲ့ တဏှာချုပ်တာ...(မှန်ပါ့) အဝိဇ္ဇာက ခန္ဓာလုပ်တယ်၊ တဏှာက ခန္ဓာလောင်တယ်၊ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အဝိဇ္ဇာက.... (ခန္ဓာလုပ်ပါတယ် ဘုရား) ဒါကြောင့်မို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ" လို့.... ခန္ဓာကြီးပေါ်ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာဘူးလား... (ပေါ်လာပါတယ်ဘုရား) အဲ အဝိဇ္ဇာက ခန္ဓာလုပ်တော့ ဝိဇ္ဇာက လုပ်သေးရဲ့လား.... (မလုပ်တော့ပါဘုရား)ဒါဖြင့် ခန္ဓာလဲမရှိဘူး....(မှန်ပါ့)။

ဒီ....ဖြစ်ပျက် ဖြစ်ပြီးပျက်တာ ငါမဟုတ်ကြောင်း သိသဖြင့် ငါဆိုတဲ့ လောဘ ဒိဋ္ဌိကကော...(ပြုတ်ပါတယ်ဘုရား)ပြုတ်သွားတော့ သူကလဲ လောင်မီးကိုးဗျ နဂိုရိုက... (မှန်ပါ့) လောင်မီးကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် လောင်စာလဲမရှိ လောင်မီးလဲမရှိတဲ့ ဒီအလုပ်သာခင်ဗျားတို့ လုပ်လို့ရှိယင် လောင်စာသိမ်းၗ မီးငြိမ်းတာ ကောန်ရတယ်....(မှန်ပါ့)သောင်စာသိမ်းၗ မီးငြိမ်းတာ ကောန် ရတယ်ဆိုတာ သဘောပါပလား.....(ပါ-ပါပြီဘုရား)။

ကဲ... ဒါဖြင့် လောင်စာသိမ်းတာက ဘယ်သူတုံးဘုရာ့ ဆိုတော့ ဝိဇ္ဇာမဂ္ဂင်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)

မီးငြိမ်းပေးတာက ဝိဇ္ဇာမဂ္ဂင်၊ သဘောကျပလား.... (ကျပါပြီ) ဝိဇ္ဇာမဂ္ဂင်က သိမ်းပေးလိုက်တဲ့အခါကျတော့ မီးငြိမ်းတဲ့အခါကျတော့ ငြိမ်းမသွားဘူးလား... (သွားပါတယ်ဘုရား) ငြိမ်းတာက နိဏောဓသစ္စာ၊ ငြိမ်းဓံပေးတာက မဂ္ဂသစ္စာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ငြိမ်းပေးတာက....(မဂ္ဂသစ္စာပါဘုရား) ငြိမ်းသွားတာက.... (နိဏောဓသစ္စာပါဘုရား) အဲ.... အခု လုပ်နေတာက၊ ဖြစ်ပျက်လုပ်နေတာက ငြိမ်းနေတာ... (မှန်ပါ့) နောက် အကုန်ငြိမ်းသွားတဲ့အခါကျတော့ ဘာသစ္စာလဲ...(နိဏောဓသစ္စာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ...ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု....သာဓု....

ကျေးငှးတော်ရှင် အဂ္ဂမဟာဗပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော

သစ္စာလေးပါး

ည အလုပ်ပေးတရားတော်

(၁၀ - ၆ - ၆၂)

တရားနာတယ်ဆိုတာ မှတ်ထားကြပါ၊ တရားသောအလုပ်ကို လုပ်နေတယ်ပြောတာ။

တရားမနာလို့ ရှိယင် ဘာလုပ်နေသတုံး၊ မတရားသောအလုပ် လုပ်နေတယ်ဆိုတာ ယခု အခြေကထွက်နေပါပြီ....(မှန်ပါ့)။

တရားနာတယ်ဆိုတာ ကိုစောမောင် အဖြေထွက်သွားပလား (ထွက်ပါပြီဘုရား) တရားတဲ့အလုပ်ကိုလုပ်နေတယ်...(မှန်ပါ့)။

တရားမနာဘူး၊ ရောင်းတယ်, ဝယ်တယ် အမျိုးမျိုး အဖုံဖုံ လူ့ကိစ္စတွေ လျှောက်လုပ်နေတယ် ဆိုတာတော့ဖြင့် တကျာခိုင်းရာ, ဒေါသခိုင်းရာ, မာနခိုင်းရာ လျှောက်လုပ်နေတဲ့အတွက် မတရားအလုပ်ဘဲဆိုတာ ငြင်းဘို့မလိုပါဘူး... (မှန်ပါ)။

အဲဒါ့ကြောင့် ငါတို့ ဒီအချိန်ကစပြီးသကာလတရားနာတယ် ဆိုတာ တရားအလုပ်-လုပ်တယ်လို့ ဆုံးဖြတ်ချက် ချထားပါနော် (မှန်ပါ့)

ကိုင်း ... ဒါဖြင့် ဒီတရားသည် ဘယ်နှယ်ကြောင့် တရားဖြစ်ပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ ဟာ....တရားဖြစ်တာပေါ့ကွာ၊ တရားဆိုတဲ့ဥစ္စာသည် တကာတကာမတို့ မှတ်စရာက ဒီတကာတကာမတွေ့ နောက်တုန်းက မသိမသိမ်မာခဲ့တဲ့ တရားတွေကလဲ တပုံကြီး နောက်က စုဆောင်းပြီးသား ရှိနေတယ်လို့ မောင်နိုင် ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

မသိမလိမ်မာလို့ အကုသိုလ်တွေ မျှားခဲ့တာတွေလဲစုဆောင်းပြီးသား တပုံကြီးလို့ မှတ်ထားလိုက်စမ်းပါ...(မှန်ပါ့) နောက် ဘဝတွေကခေါ်ပျာ....(မှန်ပါ့) မရှိဘူးလို့ ဆိုနိုင်ကြပါ့မလား.... (မဆိုနိုင်ပါဘုရား)။

ဩော်...ဒါတွေကလဲ တရားတွေဘဲ၊သူတို့လဲ နောက်တုန်းက မတရားလုပ်ထားတဲ့ တရားတွေလဲ အမျှားကြီး ရှိတယ်လို့ မှတ်လိုက်တာပေါ့၊ နောက်တုန်းကတခါ ဒီလို ဆရာသမားတွေနဲ့တွေ့ခဲ့လို့ ထိုက်တန်သလောက်သာမညကုသိုလ်,သာမညဒါန,သာမညသီလတွေနဲ့ ကုသိုလ်တွေလဲ တကာဘကာမတွေ့ နောက်တုန်းက တရားတွေလဲရှိနေတာဘဲ....(မှန်ပါ့)နောက်ဘဝတွေကလေ.... (မှန်ပါ့)။

အဲဒီတော့ ယခုဘဝမှာ ကိုယ်ခန္ဓာ ကိုယ်အင်္ဂါတ်ကြည့်လိုက်တော့ တရားကြောင့် ဩော်.... လူလာဖြစ်နေတယ်ဆိုတာတော့သေချာပြီ....(မှန်ပါ့)။

တရားကြောင့် လူလာဖြစ်တယ်ဆိုတာ သေချာကြပါလား.... (သေချာပါပြီဘုရား)။

သြော်... ဒါဖြင့်တရားကြောင့်လူလာဖြစ်တယ်ဆိုတာ သေချာတော့ နောက်တုန်းကတရားကြောင့်တရားဘဲရှိခဲ့သလား၊ မတရားတွေများ ရှိခဲ့သေးသလားလို့ ကိုစောမောင်မေးယင် ဘယ်နှယ်ဖြေပါ့မလဲ... (မတရားတွေလဲရှိခဲ့ပါတယ်ဘုရား) သူလဲ ရှိခဲ့တာဘဲ၊ မတရားတွေလဲ ရှိခဲ့တာဘဲ....(မှန်ပါ့)။

တရားကြောင့် လူလာဖြစ်တာ ထောက်လိုက်လို့ ရှိယင်လဲ မောင်နိုင် နောက်တုန်းက တရားလဲ ရှိခဲ့တာဘဲ....(မှန်ပါ့)။

မတရားကြောင့် မတရားတဲ့ တရားတွေလဲ နောက်တုန်းက တပုံကြီးဘဲ ဆိုတာလဲ ငြင်းဘို့ လိုသေးသလား .... (မလိုပါဘုရား)။

အဲဒီတော့ကို နောက်တုန်းက ကျုပ်တို့ တရားတွေလဲ ရှိခဲ့တယ်၊မတရားတွေလဲ ရှိခဲ့တယ်၊ မတရားဆိုတာ အကုသိုလ်တွေပေါ့ဗျာ....(မှန်ပါ့)တရားတွေလဲရှိခဲ့ဘယ်။

အဲဒီကဲ့သို့ ရှိပြီးသကာလနေတော့ သြော်... ငါတို့သည်ကား လို့ဆိုယင် အခုတရားက အကျိုးပေးနေတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နေရတယ်ဆိုပါတော့.... (မှန်ပါ့) မတရားက သူ့အချိန် ရောက်လာတဲ့အခါ ကျန်းမာ ချမ်းသာတာ ဖြတ်ပြီးသကာလ မကျန်းမာ မချမ်းသာတဲ့ဥစ္စာ သူကလဲပေးနိုင်တယ်....(မှန်ပါ့)။

ဦးဘရှင်း သေသေချာချာ မှတ်ထားပါ...(မှန်ပါ့)။

နောက်တုန်းက တကာတကာမတွေမှာ တရား ဘယ်နှစ်မျိုးရှိခဲ့ကြသတုံး....(မတရားတာနဲ့ တရားတာပါဘုရား)။

တရားတာက တမျိုး၊ မတရားတာကော.... (တမျိုးပါ ဘုရား)။

ဩော်.... နှစ်မျိုးရှိခဲ့တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှိပြီးသားဖြစ်ပြီးသကာလ နေတော့ အခု တခါတကာတကာမတွေ့မှာတဲ့ လူ့ဘဝရပြီး ကောင်းကောင်း မွန်မွန်ဘဲ စားကြ,သောက်ကြ,နေကြ,ထိုင်ကြ,ပျော်ပျော်ပါးပါး နေကြတယ်၊ နို့-ဒါဟာ တရားကြောင့် ဖြစ်လာတာ သေချာတယ် (မှန်ပါ့)။

သို့သော်-နောက်တုန်းက တရားနဲ့ချည်းဘဲ နေခဲ့ကြသလား၊ မသို့မလိုမှာတဲ့ ဘဝတွေ့ မတရားတွေကလဲ နောက်က ရှိခဲ့သေးတယ် ဆိုတာကလဲ တရားသာ ရှိသလို မတရားတာလဲ နောက်ကာ ရှိခဲ့တာပါဘဲ... (မှန်ပါ့) မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ နောက်က ခွေးနှစ်ကောင် လိုက်နေတယ်လို့မှတ်ရမယ်....(မှန်ပါ့) တရားသော ခွေးတကောင်နော်၊ စောင်မ,မည့် ခွေးတကောင်ပေါ့ဗျာ၊ ကိုက်သတ်မည့် ခွေးလဲတကောင်၊ နှစ်ကောင်လိုက်နေတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

စောင်မ,မည့် ခွေးကဘယ်ကော.... (တကောင်ပါဘုရား) ရန်သူတားမြစ်ပေးမည့် ခွေးကလဲတကောင်လိုက်နေတယ်၊ အဋ္ဌကထာတွေ့မှာ ဥပမာပြတာပါ.. (မှန်ပါ့ဘုရား) ကိုက်မည့် ခွေးကလဲ.... (တကောင်ပါဘုရား)။

လိုက်နေတော့ နှစ်ကောင်တော့ဖြင့် နောက်က လိုက်နေတာ ဘဲဆိုတော့ အခုတရားတဲ့ခွေးက ကိုယ့်စောင်မ,မည့် ခွေးတာ အန္တရာယ်ကင်းအောင်, ဘေးရှင်းအောင် စီးပွားရေးအကြောင်း ညိညွတ်အောင် သူက အကူအညီ ပေးနေတယ်....(မှန်ပါ့) ဟို.... ခွေးက မမှီသေးဘူး....(မှန်ပါ့)။

မောင်နိုင် မတရားတဲ့ ခွေးက....(မမှီသေးပါဘုရား)။

မမှီသေးတော့ ဒီလိုဘဲ နေရတယ်၊ သူ-မှီလာတဲ့ အချိန်ကတော့ ထောဂါမျိုး၊ အရွယ်မထောက်ဘဲနဲ့သေ၊ ဒီလိုကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ဒို့သည်ကား....လို့ ဆိုယင်ဖြင့် တရားတဲ့ သဘောကလဲ နောက်ထ လိုက်နေတယ်၊ မတရားတဲ့ သဘောကလဲ...(နောက်က လိုက်နေပါတယ်ဘုရား)သတ္တိပေါ့ဗျာ၊ တကယ်တော့ ရှိတာ မဟုတ်ဘူးပေါ့၊ အကြောင်းအကျိုးတော့ ဆက်နေတယဲ ဆိုကြပါစို့....(မှန်ပါ့)။

အကြောင်း အကျိုးတော့ ဆက်နေတယ်...၊ နို့မဟုတ်ယင် သဿတဒိဋ္ဌိ ဝင်မှာလဲ စိုးရလို့....၊ ဥာဏ် မယူတတ်မှာ စိုးလို့ ဦးဘရှင်း ရှင်းပြောနေတယ်.... (မှန်ပါ့)တကယ်လိုက်နေလို့ ရှိယင်လဲ စေတနာ မပျက်စီးဘူးဆိုတဲ့ အဓိပ္ပါယ်ထောက်နေတယ်-(မှန်ပါ့)။

မောင်နိုင် သဿတဒိဋ္ဌိဘက် မသွားဘူးလား... (သွားပါတယ်ဘုရား)။

ဒီလိုမဟုတ်ပါဘူးတဲ့၊ သတ္တိသဘောနဲ့ တော့ဖြင့် သူတို့သည် ကားလို့ ဆိုယင်ဖြင့် ရှိလျက်ပါဘဲ....(မှန်ပါ့) အထည်သဘောနဲ့ ဘာ့... (မရှိပါဘုရား) မရှိဘူး။

ဒါဖြင့်... တကာတရာမတွေ့ နောက်မှာ တရားသတ္တိလဲ ရှိတယ်....(မှန်ပါ့) မတရားသတ္တိကော....(ရှိပါတယ်ဘုရား)။

အခု ဘယ်သူ့ အခွင့်အရေးနဲ့ကြုံနေသတုံးလို့ မေးလို့ရှိယင် ဘယ်နှယ်ဖြေကြမလဲ.... (တရားသတ္တိ အခွင့်အရေး ကြုံနေပါတယ်ဘုရား)။

တရားသတ္တိကြောင့် ကျုပ်တို့သည် ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ စစ်ဘေး, စစ်ရန်တွေ့ အကုန်လွတ်၊ သူခိုး,ဓါးပြဘေးဘေ့ အကုန်လွတ် ကျန်းမာရေးနဲ့ လည်းပြည့်စုံ၊ ဒါ-တရားသောဓမ္မက သူ့-ရွက်ဆောင်နေတဲ့အခါ (မှန်ပါ့)။

နောက် မတရားဓမ္မက မှိလာပြန်လို့ ရှိယင်လဲတဲ့ တရားတာတွေ့ အကုန်ဖြတ်၊ ဥပစ္ဆေဒက ကံလို့ ဆိုတယ်....(မှန်ပါ့)။

တရားတာတွေ့ အကုန်ဖြတ်ပြီးသကာလ မောင်နှိုင် ဆော်ရပြီး သေပဲ့ဝင်အောင် စီးပွားပျက်အောင် သူလုပ်ချလိုက်တယ်.... (မှန်ပါ့)သူမှိလာလို့ ရှိယင်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကျုပ်တို့က ရှေ့က မသိချင်ယောင် ဆောင်နေဘို့ မတော်ဘူး.... (မှန်ပါ့) မတရားတာကလဲ.... (လိုက်လျက်ပါဘဲဘုရား) ရှင်းပလား ...(ရှင်းပါပြီ) တရားကလဲ.... (လိုက်လျက်ပါဘဲဘုရား)။

အင်း.... တရားတာက လိုက်လျက်ဆိုတာ သိပြီးသားဖြစ်နေတော့ တကာ တကာမတွေ့ တရားတဲ့ ကံကလဲ လိုက်လျက်၊ မတရားတဲ့ ကံကကော....(လိုက်လျက်ပါဘုရား)။

လိုက်လျက်ဖြစ်နေတော့ တရားတဲ့ ကံကတော့ ခန္ဓာကိုရပြီး ကျန်းမာ-ချမ်းသာအောင် လုပ်တယ်၊ရှင်းပလား.... (ရှင်းပါပြီ)။

မဘရားက မှိလာလို့ ရှိယင်တော့ဖြင့် ကျုပ်တို့ အခု ရောက်တဲ့နေရာ မှိလာလို့ ရှိယင်ဖြင့် ကိုက်ဖြတ်သတ်ပြီးသကာလ အင်း-အိမ်ပေါ်က ဆင်းရမှာဘဲ၊ မဆင်းရပေဘူးလား.... (ဆင်းရပါတယ်ဘုရား)။

အဲဒီတော့ ဘယ်သူက မှိလာတာပါလိမ့်....(မတရားက မှိလာတာပါဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ စိတ်အေး-လက်အေး နေရမှာလား လို့ တရားတပဲ့လုံးမေးယင် ဘယ့်နှယ်ဖြေမလဲ.... (မနေ့ရပါဘုရား)။

စိတ်အေး- လက်အေး မနေကြပါနဲ့လို့ အားလုံး ညီအစ်ကို မောင်နှမတွေ့ ပြောနေဘယ်နော်.... (မှန်ပါ့)။

စိတ်အေး-လက်အေး မနေကြနဲ့....၊ ဘာ့ကြောင့်တုံးဆိုတော့ မမှိသေးလို့ မကိုက်သေးတာ....(မှန်ပါ့)မှိယင်....(ကိုက်ပါတယ်ဘုရား)။

အဲဒီတော့ နှစ်ခုစလုံးပြိုင်ပြီး လိုက်နေတော့ သူဦး-ငါဦးဆိုသလိုဘဲ ထောက်ပံ့တာက ဦးတဲ့အခါ ကောင်းကောင်းမှန်မှန် နေရတာဘဲ၊ ဖျက်ဆီးတာက ဦးသွားလို့ ရှိယင်လဲ ဗိုင်းဗိုင်းလဲဘို့ဘဲ...(မှန်ပါ့) သဘောပါကြလား....(ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာ....တဲ့၊ တရားတဲ့ကံက လိုက်နေပြန်လဲ ခန္ဓာကိုယ် ဒုက္ခသစ္စာရတာဘဲကွတဲ့ သဘောပါလား....(ပါ-ပါပြီဘုရား)။

တရားတဲ့ကံက အကျိုးပေးနေပြန်တော့လဲ....(ခန္ဓာကိုယ် ဒုက္ခသစ္စာ ရတာပါဘဲဘုရား)။

စိးပွားဥစ္စာ ရတနာလဲ ဒုက္ခသစ္စာဘဲ ထားလိုက်တော့ ....(မှန်ပါ့)သူ့အတွက်နဲ့လဲ ကျုပ်တို့ မအားမလပ်ရအောင် ငွေရှိငွေရှိသလောက် ဝယ်ကြ,ချမ်းကြရတာကိုး....(မှန်ပါ့)။

တရားတဲ့ကံကလဲ ဒုက္ခသစ္စာဘဲ အကျိုးပေးတယ်....(မှန်ပါ့) မတရားတဲ့ ကံကကော .... (ဒုက္ခသစ္စာဘဲ အကျိုးပေးပါတယ် ဘုရား) သူကတော့ ထင်ထင်ရှားရှား ဒုက္ခရောက်အောင်ကိုဘဲ အကျိုးပေးချလိုက်တယ်....(မှန်ပါ့)။

ကိုစောမောင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့က ရှေ့က မသိချင်ယောင် ဆောင်သွားပြီး သကာလ နေတဲ့ပုဂ္ဂိုလ်နဲ့ တယ်တူတယ်__(မှန်ပါ့) နောက်ကာ လိုက်နေတာက နှစ်ခု....(မှန်ပါ့) မသိချင်ယောင် ဆောင်သွား နေတဲ့ အဓိပ္ပါယ် မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့ သားနဲ့,သမီးနဲ့,အရောင်းနဲ့,အဝယ်နဲ့ မေ့ပြီးသကာလ ဒီ ကံနှစ်ခုဟာ အင်း....ဘယ်သူက မှီမတုံး၊ နောက်က မတရားကများ မှီလာယင် ဗိုင်းဗိုင်းလဲချေရဲ့၊တရားက မှီနေတုန်းတော့ဖြင့် ထူထူးထောင်ထောင်ဘဲ၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲ....ထူထူထောင်ထောင်နဲ့ ဗိုင်းဗိုင်းလဲဟာ နှစ်ခုစလုံးရှိနေတာဘဲ....(မှန်ပါ့)။

နှစ်ခုစလုံးရှိနေတော့ မောင်နိုင် ထူထူထောင်ထောင် လုပ်တဲ့တရား ကြည့်လိုက်ပြန်တော့လဲ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါမှာ ဒုက္ခသစ္စာဘဲ သူ ထူထူထောင်ထောင် လုပ်ပေးနေတာဘဲ....(မှန်ပါ့)။

နောက် မတရားက လိုက်လာလို့ မှိသွားပြန်လဲ ဒုက္ခအကြီးအကျယ်ရောက်အောင်ဘဲ သူ လုပ်မယ်ဆိုတာလဲ ဦးဘရှင်း....ရှင်းရောပေါ့ဗျာ... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့က သားနဲ့,,သမီးနဲ့,,ဆွေနဲ့,မျိုးနဲ့,အဆောင်းနဲ့ အဝယ်နဲ့ အင်း....တော်သေးရဲ့ တော်သေးရဲ့ဆိုတဲ့ ပုဂ္ဂိုလ်ဟာ နောက်လှည့်မကြည့်တဲ့ ပုဂ္ဂိုလ်နဲ့ တူနေတယ်...(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘယ်လိုမှတ်ကြမယ် .... (နောက်လှည့်မကြည့်တဲ့ ပုဂ္ဂိုလ်ပါဘုရား) နောက်လှည့်ကြည့်ဟော့ ခွေးနှစ်ကောင်ရှိနေတယ်....(မှန်ပါ့)။

နောက်လှည့်ကြည့်တော့.... (ခွေးနှစ်ကောင် ရှိနေပါတယ်ဘုရား) ကံခွေးနှစ်ကောင် ရှိနေတယ်၊ ကံသိုလ်ခွေးတကောင်၊ အကုသိုလ်ခွေးတကောင်၊ ဦးဘရှင်း....နှစ်ကောင်မလိုက်ဘူးလား-(လိုက်ပါတယ်ဘုရား)။

ဒါ နောက်လှည့်မကြည့်တဲ့ ပုဂ္ဂိုလ်ဖြင့် ကိုစောမောင် တော်တော်ကြာ ခွေးကိုက်ခံရပါလိမ့်မယ်... (ခံရမှာပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ကုသိုလ်ခွေးကိုလဲ ခင်ဗျားတို့ လက်သတ်မမွေးချင်ပါနဲ့. ဒီနေ့တရားက၊ မောင်နိုင်....သဘော ကျပလား....(ကျပါပြီဘုရား)။

ကုသိုလ်ခွေးကလဲ ခန္ဓာဖြစ်အောင်လုပ်တော့ ဒုက္ခသစ္စာလာ တယ်...(မှန်ပါ့) ချမ်းသာတဲ့ ခန္ဓာရယ်လို့ အပြောသာ ဆိုနေ တဖြင်း၊ အိုဘေး - နာဘေး - သေဘေးပါတယ်... (ပါ-ပါတယ် ဘုရား)။

ပါတော့ ဘာသစ္စာ သူ လုပ်ပြန်သတုံး....(ဒုက္ခသစ္စာလုပ်ပါ တယ်ဘုရား)ဒုက္ခသစ္စာဘဲ သူလုပ်သောကြောင့် တကာတကာမ တွေ့ တရားစစ်ကိုပြောတော့ ဒါလဲ မသာယာလိုက်ပါနဲ့ .... (မှန်ပါ့)။

မောင်နိုင်... ရှင်းပလား....(ရှင်းသွားပါပြီဘုရား) ကိုပေါ်.... (ရှင်းပါပြီ) အကုသိုလ်ခွေးက နောက်က လိုက်နေတာလဲ. နှိပ် စက်မလို့၊ မမှီသေးလို့ မနှိပ်စက်ရသေးတာ...(မှန်ပါ့) နောက် လှည့်ကြည့်လိုက်မယ်ဆိုယင်လဲ သူလဲ ကျုပ်တို့၏ ရန်သူတယောက် ဘဲ့....(မှန်ပါ့)။

ဒါဖြင့် ပြော့ပြော့နဲ့ ဆိုးတဲ့ ရန်သူနဲ့ ကြမ်းကြမ်းနဲ့. ဆိုးတဲ့ ရန်သူနှစ်ယောက် ကျုပ်တို့နောက်က လိုက်နေတယ် .... (မှန်ပါ့ ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြော့ပြော့နဲ့. ဆိုးတဲ့ ရန်သူက....(တယောက်ပါဘုရား)ကြမ်း ကြမ်းနဲ့ ဆိုးတဲ့ ရန်သူက...(တယောက်ပါဘုရား) ဩော်....ဘယ် နှစ်ယောက် လိုက်နေသတုံး .... (နှစ်ယောက် လိုက်နေပါတယ် ဘုရား)။

အဲဒီလို လိုက်နေတာကို ဘုန်းကြီးက ယနေ့ ရှင်းပြတယ်။ ရှင်းပြတော့မှ ဦးဘအုန်းကြီးတို့ သြော် .... နောက်လှည့်ပြီး မကြည့်တဲ့ ပုဂ္ဂိုလ်တွေထဲ ဒို့ ပါနေပါကလားဆိုတာ ပေါ်သွားတယ်...(ပေါ်သွားပါတယ်ဘုရား) မပေါ်လာသေးဘူးလား...(ပေါ်လာပါတယ်ဘုရား)။

ပြီးတော့ ခင်ဗျားတို့ကအရေးကြုံတဲ့အခါကျတော့ကံကောင်းများ ဘယ်တော့ လာပါ့မတုံးဆိုးတော့ တခါတလေကျတော့လဲ သူ့ဟာက ကိုစောမောင် နောက်က လိုက်မှန်း သိသာတယ်... (သိသာပါတယ်ဘုရား) တခါတလေတော့ သူပြောတယ်...(မှန်ပါ့) တောင့်တဘယ် ကံများ ဘယ်တော့ လာပါ့မတုံး...ကံကျောက်ကလေးများ ဘယ်တော့ လာပါ့မတုံး၊မိုးကုတ်သုံး-သုံးရင် မသုံးကြဘူးလား....(သုံးပါတယ်ဘုရား)။

အဲဒါ နောက် ရှိတယ်ဆိုတာ သူပြောတာဘဲ၊ ဒီကျတော့...(မှန်ပါ့)သို့သော်လဲ ဒါ သူနှုတ်ရှိလို့၊ပါးစပ်ရှိလို့သာ ပြောနေတာပါ၊ နှစ်ကောင်လိုက်နေတယ်လို့တော့ သူ မပြောပါဘူး...(မပြောပါ) တကောင်တည်းတော့ သူ မြော်နေတယ်....(မှန်ပါ့ဘုရား)။

မောင်နိုင်...(မြော်ပါတယ်ဘုရား)နောက်က တကာတကာမတွေ့ ရိပ်မိပလား...(ရိပ်မိပါပြီ) အဲဒီတော့ အခု ဘုန်းကြီးက တရားစစ်-တရားမှန်ကို ပြောရတော့ သာသနာတွင်း တရားကို ပြောရတော့ သစ္စာဆိုက်တဲ့ တရားကို ပြောရမှာ ဧကန် ဖြစ်နေတော့ နှစ်ကောင်စလုံး ရန်သူဟေ့....(မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်... (နှစ်ကောင်စလုံး ရန်သူပါဘုရား)

ကုသိုလ်ကံက အကျိုးပေးပေမယ်လို့ လဲ ဇာတိ,ဇရာ,မရဏဘဲလာမှာဘဲ....(မှန်ပါ!) အကုသိုလ်ကံက အကျိုးပေးလိုက်ပြန်တော့လဲ (ဇာတိ,ဇရာ,မရဏဘဲလာမှာပါဘဲဘုရား)။

ဒါဖြင့် နာမည်သာ ကိုစောမောင်-ထူးသလိုလိုနဲ့ အကျိုးပေးကျတော့ ထူးသေးရဲ့လား.... (မထူးပါဘုရား) သို့သော်.... ဒါသစ္စာကို နာပြီးသားပုဂ္ဂိုလ်မို့ ဩော် .... အတူတူပါဘဲဆိုတာကို ပြောနိုင်တာ.... (မှန်ပါ!) သစ္စာ မနာရသေးတဲ့ပုဂ္ဂိုလ် ကျတော့ကို ကုသိုလ်ကံက အကျိုးပေးနေတာလဲ သူအကျိုးပေးနေတာကို ခင်ဗျားတို့က ပြုံးပြီးကြိုက်တယ်.... (မှန်ပါ!) ဘာပြုလို့တုံး....သစ္စာမသိလို့ ... (မှန်ပါ!)။

ဇာတိ,ဇရာ,မရဏကို ဒုက္ခသစ္စာလို့.... (မသိပါဘုရား) မသိတဲ့ပုဂ္ဂိုလ်ကတော့ အကျိုးပေးနေယင် ဘာတုံး .... (ပြုံးပါတယ်ဘုရား)ပြုံးနေတယ်။

ဘယ်နှယ်ကြောင့် ပြုံးပါလိမ့်မတုံး မေးတော့မှ အဖြေထွက်ကြပလား .. (ထွက်ပါတယ် ဘုရား) ဘယ်လိုထွက်ကြသလဲ.... (သစ္စာမသိလို့ပြုံးတာပါဘုရား)။

ဘယ်သစ္စာ မသိတာတုံး .... (ဒုက္ခသစ္စာ မသိတာပါဘုရား) အဲ....ဇာတိ, ဇရာ, မရဏဘဲ သူအကျိုးပေးတယ် ကောင်းဘဲ့တရားက....(မှန်ပါ!)။

တခါ မကောင်းတဲ့တရားက အကျိုးပေးပြန်တော့လဲ ဘာပေးသလဲ....(ဇာတိ, ဇရာ,မရဏဘဲ ပေးပါတယ်ဘုရား) ဒါဖြင့် သူတို့နှစ်ခုတာ ခင်ဗျားတို့ အခု သစ္စာဂဏ်နဲ့ ကိုစောမောင်က ကြည့် သစ္စာသိတဲ့ဥာဏ်နဲ့ ပေါ့လေ...(မှန်ပါ!) ကြည့်လိုက်တော့

ကိုစောမောင်ရေ ... ဦးဘရှင်းတို့ ဘယ်ဟာ ကြိုက်သတုံးလို့ မေးတော့ ဘယ်နှယ်ဖြေမလဲ....(ဘယ်ဟာမှမကြိုက်ပါဘုရား)။

ဩဩ... ခင်ဗျားတို့ ဒါဥာဏ်ရင့်လာတာနော်.... (မှန်ပါ့) ဥာဏ်မရင့်ခင်တုန်းက လိုက်ရာကြိုက်တယ်ဘုရား....ပြောလိမ့်မယ် (မှန်ပါ့) ဇာတိ,ဇရာ,မရဏ မသိတုန်းကတော့ လူ့ဘဝ, နတ်ဘဝ ကြိုက်တယ်ဘုရား... မပြောပေဘူးလား .... (ပြောပါဘယ် ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် ပြောတာပါလိမ့် ... (သစ္စာမသိသေးလို့ပါဘုရား) သစ္စာ မသိသေးခင်က ဥာဏ်တုန်းလွန်းတယ် (မှန်ပါ့)အခုတော့ သစ္စာတရားတွေ အမျိုးမျိုးနာပြီးသကာလ ဆရာသမားက နေ့တိုင်းလိုလိုဘဲ အမှန်ဆုံးမနေတော့ ဩဩ.... ကုသိုလ်က အကျိုးပေးလဲ ဇာတိ, ဇရာ, မရဏဘဲ၊ သဘောကျပလား....(ကျပါပြီ) အကုသိုလ်က အကျိုးပေးလဲ .... (ဇာတိ, ဇရာ,မရဏပါဘုရား) ဟ....ဘယ်ဟာ ကြိုက်သတုံးမေးတော့မှ.... (ဘယ်ဟာမှမကြိုက်ပါဘုရား)။

ဘယ်ဟာမှ မကြိုက်တော့ဘူးဆိုတော့မှ အမှန်ရောက်တယ်-(မှန်ပါ့)။

ကိုပေါ်....ဒါကို နားကြီးကြီးနဲ့ထောင်ရမည့် တရားဆိုတာ နောက်က တကာတကာမတွေ သေသေချာချာမှတ်ပါ (မှန်ပါ့) ဇာတိ,ဇရာ,မရဏ မကိုင်သေးယင် ကြိုက်နေတယ်....(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဇာဘိ,ဇရာ,မရဏကို သဘောမကျသေးလို့ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေက လူ့ဘဝ, နတ်ဘဝ, အကျိုးပေးတဲ့

ခုနင်က ကံခွေးကို ခင်ဗျားတို့က သိပ်ခကျနပ်တယ်.... (မှန်ပါ့) ကိုက်မည့်ခွေးတော့....(မကျေနပ်ပါဘုရား)။

မကျေနပ်ဘူး... ဆိုတော့ ကိုက်မည့် ခွေးကလဲ ဇာတိ ဇရာ မရဏာဘဲ သူလုပ်မှာဘဲ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား) အင်း....စောင်မ,တဲ့ခွေးဆာလဲ ဘာလုပ်သလဲ....(ဇာတိ ဇရာ မရဏာဘဲ လုပ်ပါတယ်ဘုရား)။

ဒါဘဲလုပ်တော့ကို....တဲ့ ဩော်....ဒို့နောက်ကခွေးနှစ်ကောင် လိုက်နေပါကလားဆိုတာ ဒီနေ့ကစပြီး လှည့်ကြည့်ပါ။ (မှန်ပါ့) ဘယ်ခွေးမှ လက်သတ်မမွေးပါနဲ့လို့ သတိပေးလိုက်တယ်... (မှန်ပါ့)။

ဒါ...နားကြီးကြီးနဲ့ထောင်တော့ ဦးဘအုန်း....မောင်နိုင်တို့ ရှင်းပလား... (ရှင်းပါပြီဘုရား) ကုသိုလ်ကအကျိုးပေးပြန်တော့ လဲ ဘာအကျိုးပေးသလဲ.... (ဇာတိ ဇရာ မရဏ အကျိုးပေးပါတယ်ဘုရား) အကုသိုလ်က အကျိုးပေးပြန်တော့လဲ ဇာတိ ဇရာ မရဏာဘဲ အကျိုးပေးပါတယ်၊ ဒါဖြင့် သစ္စာချင်းကျတော့.... (အတူတူပါဘဲဘုရား) အတူတူပါဘဲဆိုတော့ ဒုက္ခသစ္စာချည်း အကျိုးပေးကြတယ်.... (မှန်ပါ့) အဲဒီတော့ကိုတဲ့ ခင်ဗျားတို့ ဝိပဿနာအလုပ်-လုပ်ပါလို့ တိုက်တွန်းရတယ်။

တကာတကာ့မတို့ ဝိပဿနာအလုပ်လုပ်ပါလို့ တိုက်တွန်းတယ် ကိုစောမောင်.... (မှန်ပါ့) ဘာဖြစ်လို့ တိုက်တွန်းသတုံးလို့ မေးတဲ့အခါကျတော့ ဒီခွေးနှစ်ကောင်ကို သူကမှ နှစ်ကောင်စလုံး သတ်နိုင်တာ... (မှန်ပါ့)။

ဝိပဿနာမင်္ဂလာနဲ့ လောကုတ္တရာမင်္ဂလာကတော့ နှစ်ကောင်စလုံး သတ်နိုင်တယ်၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား) တကောင်

တည်း သတ်နိုင်တာလား....နှစ်ကောင်စလုံး သတ်နိုင်တာလား.... (နှစ်ကောင်စလုံး သတ်နိုင်တာပါဘုရား) တကောင်က နုနုနဲ့ဆိုး ဝါးတယ်....(မှန်ပါ့) တကောင်က ကြမ်းကြမ်းနဲ့.....(ဆိုးဝါးပါ တယ်ဘုရား) ဆိုးဝါးတာချင်းကျတော့(အတူတူပါဘဲဘုရား)။

ဘယ်ဉာဏ်နဲ့ ပြောတာပါလိမ့်.... (သစ္စာသိတဲ့ ဉာဏ်နဲ့ပါ ဘုရား)။

အဲ... ဒါကလေးတလုံးဟာ ခင်ဗျားတို့ သေပျော်တယ်နော်၊ အခု ပါးစပ်က ထွက်လာတဲ့တလုံး ကိုစောမောင်.... (မှန်ပါ့) တသံသရာလုံး မထွက်ဘူး-ဘူး....(မှန်ပါ့)။

တသံသရာလုံးက ကုသိုလ်ကြိုက်တွေ၊ ကုသိုလ် အကျိုးပေး လို့ရှိယင် ခင်ဗျားတို့က ပြုံးနေတာဘဲ....(မှန်ပါ့)။

သေသေချာချာ စဉ်းစားကြည့်တော့**လဲ** ကုသိုလ်အကျိုးပေး တယ်လို့သာပြောတယ် ဇာတိ,ဇရာ,မရဏာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) အကုသိုလ်က အကျိုးပေးပြန် တော့ (ဇာတိ,ဇရာ,မရဏပါဘဲဘုရား) ဘာထူးသေးသတုံး.... (ဘာမှမထူးပါဘုရား) ဘယ်ဟာကြိုက်သတုံးမေးတော့ ဘယ် နှယ်ဖြေမလဲ....(ဘယ်ဟာမှ မကြိုက်ပါဘုရား)အဲဒါ ဘယ်ဉာဏ် နဲ့ ပြောကြတာလဲ.... (သစ္စဉာဏ်နဲ့ ပြောတာပါဘုရား)။

ကိုစောမောင် ဒါ...ဘယ်တော့ကမှ မပြောဘူးတဲ့စကား... (မှန်ပါ့)။

မောင်နိုင် ပြောဘူးရဲ့လား....(မပြောဘူးပါဘုရား)။

ရှေးက ပြောဘူးယင် ရှေးက မင်းကို သောတာပန်တည်တယ် (မှန်ပါ့)။

ရှေးက ပြောခဲ့ကြယင်... (သောတာပန်တည်ပါတယ်ဘုရား) ပြောကို မပြောဘူးဘူး၊ ဒီဘဝတောင်မှ ဒီ-ဆရာသမားနဲ့ တွေ့ပြီး ဒီအချိန်ကျမှ သစ္စာတူနေမှ သြော်-ဘယ်ဟာမှ မကြိုက် ထိုက်ပါကလားဆိုတာ ကိုစောမောင် ဆုံးဖြတ်ချက် ချတယ်.... (မှန်ပါ့)။

နို့မဟုတ်လို့ရှိယင်ဖြင့် ကျုပ်တို့ မိုးကုတ်ထုံးစံအတိုင်း ဆိုလို့ရှိယင်ဖြင့် ကုသိုလ်က အကျိုးပေးနေလို့ရှိယင် ကျုပ်တို့ ကုသိုလ်က အကျိုးပေးနေတော့ လူလဲကျန်းမာတယ်ဗျာ၊ ပစ္စည်းလဲ ချမ်းသာတယ်ဗျာ-ဆိုပြီးတော့ အံမာ.... ကိုစောမောင် ပြုံးနေတယ်....(မှန်ပါ့)။

ဇာတိ,ဇရာ,မရဏဆိ သူ-ဉာဏ်မရောက်ဘူး.. (မှန်ပါ့ဘုရား) မောင်နိုင် ရောက်သေးသလား....(မရောက်ပါဘုရား)။

အဲဒီတော့ အဲဒီ မရောက်ကတည်းက ဒီပုဂ္ဂိုလ်မှာ သစ္စာသိတဲ့ ဉာဏ် ရှိ-မရှိ ...(မရှိပါဘုရား) မရှိသေးယင် ဘယ်တော့မှ နိဗ္ဗာန် မရလို့မှတ်_ (မှန်ပါ့)။

သစ္စာသိတဲ့ ဉာဏ်မရှိသေးယင်.... (ဘယ်တော့မှ နိဗ္ဗာန် မရပါဘုရား)။ သစ္စာသိမှ သောတာပန်တည်မှာ .. (မှန်ပါ့)။

"စက္ခုံ ဉဒပါဒိ ဉာဏံ ဉဒပါဒိ" ဆိုဘဲ့အတိုင်းတဲ့ ဒါ ဒုက္ခ သစ္စာသိမှ ကိုစောမောင် နိဗ္ဗာန်ရမှာကိုး.... (မှန်ပါ့) သူ-သိရဲ့လား....(မသိပါဘုရား)။

မသိတော့ တကာတကာမတွေ့ ဒါ....ခက်အောင်လို့ ပြော နေတာလား....တဲ့၊မသိသေးတာ ဖေါ်နေတာလား...(မသိသေး တာ ဖေါ်နေတာပါဘုရား)။

ခက်အောင်လို့ ပြောတာမဟုတ်ပါဘူး၊ ဒီဖြင့် မကြားဘူး ပါဘူး၊ ကုသိုလ်ကံဆိုယင်ဖြင့် ဒို့အကြိုက်ချည်းဘဲလို့ ကိုစော မောင်တို့ကတော့ ငယ်ကြိုက်ပေါ့....(မှန်ပါ့)။

ကုသိုလ်ကံကသာ အကျိုးပေးနေမယ် ဆိုယင်ဖြင့် လူဇာတိ ဇရာ မရဏ ရလို့ရှိယင်လဲ ဇာတိ,ဇရာ,မရဏ မသိလို့ ကြိုက် နေတာဘဲ....(မှန်ပါ့) နတ်ဖြစ်ပြန်ကော.... (ကြိုက်နေပါတယ် ဘုရား)။

ဒါတွင် ကြိုက်နေတာကိုး၊ သူ့မှာ ဇာတိ, ဇရာ, မရဏ ပါ တယ်ဆိုတာက မသိဘူး၊ ကိလေသာမီးတွေ့ လောင်နေတယ်ဆို တာက.... (မသိပါဘုရား) မသိတော့ ဦးဘရှင်းတို့ ရမ်းကြိုက်- မှန်းကြိုက်....(မှန်ပါ့)။

ရမ်းကြိုက်- မှန်းကြိုက် ဆိုကတည်းက စဉ်းစားလို့က်တော့ သစ္စာမသိတဲ့ အဝိဇ္ဇာက ဖုံးလွှမ်း၊ တဏှာက ရမ်းကြိုက်- (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သစ္စာမသိတဲ့ အဝိဇ္ဇာက-(ဖုံးလွှမ်းပါတယ်ဘုရား) အဲဒီတော့ တဏှာက ဘယ်နှယ်ဖြစ်သလဲ....(ရမ်းကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် မသိကြိုက်-ကြိုက်တာ.... (မှန်ပါ့) မောင်နိုင် ပေါ် လာပြီ....(ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ့ ဘာကြိုက်ပါလိမ့်... (မသိ ကြိုက်-ကြိုက်တာပါဘုရား)။

မသိကြိုက်-ကြိုက်တာဆိုတာ သေးသေချာချာ ဥာဏ်နဲ့ ထောင်ကြည့်တော့မှ လက်သည်ဖမ်းလိုက်တော့မှ မသိကြိုက်ကြီး ပါကလား... (မှန်ပါ့)။

မောင်နိုင် ပေါ်ပသားက္ခ... (ပေါ်ပါပြီဘုရား) ဦးဘအောင်ကြီး ဘယ်နှယ်တုံး.... (မသိကြိုက်-ကြိုက်တာပါဘုရား)။

ဇာတိ, ဇရာ, မရဏကို အဝိဇ္ဇာက သိရဲ့လား.... (မသိပါဘုရား) မသိတော့ တဏှာက မကြိုက်ဘူးလား... (ကြိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်လိုဆိုကြမယ်... (မသိကြိုက်- ကြိုက်တာပါဘုရား)။

ကုသိုလ်အကျိုးပေးတဲ့ ခန္ဓာကြီးရနေလို့ရှိယင် မသိကြိုက်-ကြိုက်တာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် ဒါ- ဘယ်သူ့ကြောင့်ပါလိမ့်.... (အဝိဇ္ဇာကြောင့်ပါဘုရား) အဝိဇ္ဇာနဲ့ တဏှာကြောင့်ဆိုကြပါစို့.... (မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့်.... (မှန်ပါ့)။

အကုသိုလ်အကျိုးပေးတွေကျတော့ကိုတဲ့ အကုသိုလ် လုပ်နေကြတာကတော့ ဒါလဲ မသိလို့လုပ်တာ.... (မှန်ပါ့)။

အကုသိုလ်လုပ်တာလဲ .. (မသိလို့လုပ်တာပါဘုရား) ကုသိုလ်ဘုံဘဝ တောင့်တလုပ်တာလဲ.... (မသိလို့လုပ်ဘာပါဘုရား)။

ဦးဘရှင်း ဒီဥစ္စာ မြို့ထဲ- ရွာထဲ ပြောမယ်ဆိုယင် မလွယ်ပါကလား.... (မှန်ပါ့) လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

ဘုံဘဝ ရချင်တဲ့ ကုသိုလ်သာ လုပ်လို့ရှိယင် မသိလို့ လုပ်တာဟေ့....(မှန်ပါ့) ဘာမသိတာတုံး မေးကြည့်စမ်း....(သစ္စာမသိတာပါဘုရား) ဘယ်သစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာက ဘယ်သူပါလိမ့်....(ဇာတိ,ဇရာ,မရဏပါဘုရား) ကိုင်း.... မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဇာတိ ဒုက္ခသစ္စာ, ဇရာ ဒုက္ခသစ္စာ, မရဏ ဒုက္ခသစ္စာဆိုတော့ ဒါတွေက သိပြီးသား ဖြစ်နေတော့ တကာတကာမတွေ့ ဒါကုသိုလ်ပြုလို့ရှိယင် လူ့စည်းစိမ်, နတ်စည်းစိမ်တွေ ကြိုက်နေကြတယ်၊ ကြိုက်တော့ကို လူဟာ ဒုက္ခသစ္စာလို့မသိတော့ မသိတာ ဘယ်သူတုံး.... (အဝိဇ္ဇာပါဘုရား) ကြိုက်တာက ဘယ်သူပါလိမ့် (တဏှာပါဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် ကြိုက်နေတဲ့ကုသိုလ်....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်သူ ကြိုက်နေတာတုံး....(မသိတဲ့ပုဂ္ဂိုလ် ကြိုက်နေတာပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် ကြိုက်နေတဲ့ ကုသိုလ်ဆိုတာ ကိုစောမောင်ယနေ့တော့ ရှင်းသွားပါပြီ....(ရှင်းပါပြီ) ဦးဘရှင်းကော ဘယ့်နှယ်တုံး.... (ရှင်းပါပြီဘုရား)။

ဘယ်သူ ကြိုက်နေတာပါလိမ့်.... (မသိတဲ့ပုဂ္ဂိုလ် ကြိုက်နေတာပါဘုရား)။

မသိတာက ဘယ်သူတုံး....(အဝိဇ္ဇာပါဘုရား) ကြိုက်တာက ဘယ်သူတုံး....(တဏှာပါဘုရား)။

သြော်_ ဒါဖြင့် သစ္စာမသိဘဲနေတဲ့ ပုဂ္ဂိုလ်မှာဖြင့် သံသရာဆိုတဲ့ ခန္ဓာဟာ ရှည်မှ ရှည်ပါ့မလား ကိုစောမောင်.... (ရှည်ပါတယ်ဘုရား) ရှည်မှာပါဘဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်ချက် ချနိုင်တဲ့တရား ဖြစ်ပါပြီ....(မှန်ပါ့)သဘောပါကြလား_ (ပါ-ပါပြီ)။

အေး .... ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ဝိပဿနာကို ကြပ်ကြပ်လုပ်လိုက်တဲ့ အခါကျတော့မှ သြော်.... ဒီ ဒုက္ခဝင်္ဂမှ ကျတ်ချင်တဲ့ကုသိုလ် လုပ်တော့မယ်....(မှန်ပါ့)။

အဲဒီကျတော့ အဲဒီ ကုသိုလ်ကျတော့ ကြိုက်သာကြိုက် .... (မှန်ပါ့)။

သစ္စာသိတဲ့ ကုသိုလ်ကျတော့... (ကြိုက်ရပါတယ်ဘုရား)။

ကြိုက်တော့ ဒီကုသိုလ်တော့ ရဲရဲတင်းတင်း လုပ်ပါ .... (မှန်ပါ့)။

ဒါနလုပ်လဲ သစ္စာသိတဲ့ကုသိုလ် ရဲရဲတင်းတင်းလုပ်၊ သီလလုပ်ပြန်ကော....(သစ္စာသိတဲ့ကုသိုလ် ရဲရဲတင်းတင်းလုပ်)။

သစ္စာသိတဲ့ ကုသိုလ်နဲ့ လုပ်လိုက်ပြီဆိုမှဖြင့် ကိုစောမောင်ရေ- ဒုက္ခသစ္စာကြီး သိပြီးလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာတော့ မလိုချင်လို့ လုပ်တဲ့ကုသိုလ်ဟေ့....(မှန်ပါ့) ဒုက္ခသစ္စာမရချင်လို့ လုပ်တဲ့ ကုသိုလ်ဟေ့ဆိုပြီး ရဲရဲတင်းတင်းကြီးလုပ်စမ်း အဲဒီကုသိုလ်တွေကျတော့....(မှန်ပါ့)။

အဲဒါက သိပြီးလုပ်တဲ့ ကုသိုလ်....(မှန်ပါ့) ဘာသိတာတုံး.... (သစ္စာသိတာပါ)သစ္စာသိပြီးလုပ်တဲ့ကုသိုလ်၊ သူက နိဗ္ဗာန် အာကျိုးပေးနိုင်တယ်...(မှန်ပါ့)။

ကိုစောမောင် သစ္စာမသိဘဲနဲ့ လုပ်တဲ့ ကုသိုလ်ကတော့ ဒုက္ခသစ္စာ အကျိုးပေးတယ်...(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာမသိဘဲနဲ့ လုပ်တဲ့ ကုသိုလ်က.... (ဒုက္ခသစ္စာအကျိုးပေးပါတယ်ဘုရား) ဒုက္ခသစ္စာအကျိုးပေးတယ်၊ သစ္စာသိပြီးလုပ်တဲ့ ကုသိုလ်က နိဗ္ဗာန်သစ္စာအကျိုးပေးတယ်...(မှန်ပါ့)။

ဦးဘရှင်-ရှင်းပလား(ရှင်းပါပြီ)ကဲ....ဦးဘအုန်းကြီးတို့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

နောက်က တကာတကာမတွေ့ သစ္စာသိပြီးလုပ်တဲ့ ကုသိုလ်က....(နိဗ္ဗာန်သစ္စာအကျိုးပေးပါတယ်ဘုရား)နိဗ္ဗာန်သစ္စာ အကျိုးပေးတယ်၊ သစ္စာမသိဘဲနဲ့ လုပ်တဲ့ ကုသိုလ်က.... (ဒုက္ခသစ္စာအကျိုးပေးပါတယ်ဘုရား)။

ကိုစောမောင်တို့ သေပျော်ပြီ....(မှန်ပါ့) သေပျော်ပြီနော်... သေပျော်ပြီဆိုတော့ ဦးဘရှင်း အင်မတန် ကံကောင်းတယ်ဆိုတာ ကိုယ့်အတွက်ဝမ်းသာတယ်....(မှန်ပါ့)။

ဟို....သေတဲ့လူတွေက သေကုန်ပြီ၊ ကျေတဲ့လူတွေက ကျေကုန်ပြီ၊ကိုစောမောင် ဒီနှစ်ခုကို ခဲလို့ ရသွားလေရော့လား .... မရဘဲနဲ့ဘဲ သေပဲ့ ဝင်သွားသလားဆိုတာ ခင်ဗျားတို့ မှီသာလောက်နဲ့ ဥာဏ်တွေးကြည့်....(ရမသွားပါဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့ ကုသိုလ်တွေနဲ့ဘဲ သေပျော်ပြီကဆိုပြီး သေသွားကြတာဘဲ....(မှန်ပါ့) ဟိုဘက်သူ အခုဘာဖြစ်နေမယ် ထင်ကြသတုံး....(ဒုက္ခသစ္စာတွေဖြစ်နေပါတယ်ဘုရား)။

ခန္ဓာတော့ဖြင့် နတ်ခန္ဓာလဲ ရမှာဘဲ၊ ဗြဟ္မာခန္ဓာ၊ စကြာဝဠေး မန္ဒာတ်ခန္ဓာတော့ ရတော့ရမှာဘဲ၊ ရပေမဲ့လဲ ကိုစောမောင်က ဆုံးဖြတ်ချက်ချပါ၊ ဘာသစ္စာကြီးရသတုံး .... (ဒုက္ခသစ္စာကြီးရပါတယ်ဘုရား)။

ဒုက္ခသစ္စာကြီးရနေတော့ သြော်....သစ္စာမသိတဲ့ ကုသိုလ်လုပ်သွားလို့ဟေ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ဆွမ်းကျွေးကျွေး သင်္ကန်းကပ်ကပ် ဘာလုပ်လုပ်ပေါ့ဗျာ၊ ဘယ်ဆရာတော်ကို ဘာဘဲကပ်ကပ် သစ္စာမှသိဘဲနဲ့လုပ်တဲ့ ကုသိုလ်ကတော့ ဒုက္ခဘဲရမယ်.... (မှန်ပါ့)။

မောင်နိုင် သစ္စာသိပြီးလုပ်တဲ့ ကုသိုလ်ကတော့ဖြင့် သုခဆိုတဲ့နိဗ္ဗာန်ဘဲရမယ်....(ရပါမယ်ဘုရား)ရှင်းပလား...(ရှင်းပါပြီ)။

အဲဒီတော့ ဆုတောင်းက လိုရင်းလား.... အသိကလိုရင်းလား (အသိကလိုရင်းပါဘုရား)။

ခင်ဗျားတို့ကတော့ နိဗ္ဗာန်ရည်မှန်း အလုပ်-လုပ်ပါတယ်လို့ပြောတော့ ပြောတာဘဲ....(မှန်ပ!)ပြောပင် ပြောငြားဆသော်လဲ ဒုက္ခမှမသိတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သိပါ့မလား .... (မသိပါဘုရား) ကဲ-ကိုပေါ် ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒို့ဆရာဘုန်းကြီးက ဘာတွေသင်ကြားနေပါလိမ့်မတုံးဆိုတော့ လိုတာဖြည့်နေတယ်ဆိုတာ ပေါ်သွားပြီ..(ပေါ်ပါပြီ)မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား)။

လိုတာက ကိုစောမောင်-နည်းနည်းလိုတာလား၊များများလိုတာလား....(များများလိုတာပါဘုရား)။

များများလိုနေတယ်ဆိုတာ နောက်က တကာတကာမတွေ ဥာဏ်ကြီးကြီးနဲ့ ရှင်းပါတော့....(မှန်ပါ့) မရှင်းသေးဘူးလား.... (ရှင်းပါပြီ)။

ဒါ ဥာဏ်နားကြီးကြီးနဲ့လဲ ထောင်ရမယ်နော်....(မှန်ပါ့) သာမညနားနဲ့တော့....(မရပါဘုရား)။

မရဘူး သာမညနားနဲ့တော့၊အခုဟာက ဒါနပယ်တာလား၊ လုပ်နည်းသင်တာလား....(လုပ်နည်းသင်တာပါဘုရား)။

ဒါန ပယ်တာမဟုတ်ဘူး....(မှန်ပါ့)သစ္စာသိပြီးလုပ်တဲ့ ဒါန သီလကို ပြောင်းလိုက်စမ်းပါ.... (မှန်ပါ့) ဘာကြောင့်တုံး .... မသိယင် ဒုက္ခရမှာစိုးလို့ဆိုတော့ မောင်နှိုင် ပယ်တာလား.... လုပ်နည်းပြောင်းတာလား...(လုပ်နည်းပြောင်းတာဟ်ါဘုရား) လုပ်နည်းပြောင်းတာဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

အေး ... ဒါ့ကြောင့် ဒီတကာတကာမတွေတော့ မသင်လဲ မဖြစ်တော့ လုပ်နည်းပြောင်း သင်နေရတယ်.... (မှန်ပါ့) လုပ် တော့လုပ်နေကြတာဘဲ မပြောင်းတတ်ဘူး....(မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ခန္ဓာထဲမှာ ဟိုဇာတိ,ဇရာ,မရဏဆိုတာ ကိုစော မောင် နောင်လာလတ္တံ့သာ သူသိတာကိုး... (မှန်ပါ့) နောက် သြော်....ငါ နတ်ဖြစ်လို့ရှိယင် ဇာတိ,ဇရာ,မရဏဘဲ လာမှာဘဲ၊ ဗြဟ္မာဖြစ်လဲ....(ဇာတိ,ဇရာ,မရဏဘဲလာမှာပါဘဲဘုရား)။

ကြာတယ်-ကြာတယ် အဲဒါ၊ အဲဒါက သိတော့သိပါရဲ့၊ ကြောက်တော့ ကြောက်ပါရဲ့ ကိုယ်တွေ့ မကြောက်သေးဘူး

(မှန်ပါ့) သေသေချာချာ ကြောက်မှာက ခန္ဓာကိုယ် ဉာဏ်နဲ့ ကြည့်၊ အခုကြည့်ပါ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ခန္ဓာကိုယ် ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တော့ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကခန္ဓာကလဲ ပျောက်လိုက် ပျက်လိုက်၊ ရူပကခန္ဓာ ကြည့်လိုက်တော့ .... (ပျက်လိုက်) ဗျောက်လိုက်, ပျက်လိုက်ဘဲ....(မှန်ပါ့)သညာကခန္ဓာ ကြည့်လိုက် ပြန်တော့....(ပျောက်လိုက်,ပျက်လိုက်ပါဘုရား)စိတ်ကလေးတွေ့ ဆိုတဲ့ ဝိညာဏကခန္ဓာကြည့်လိုက်တော့....(ပျောက်လိုက်ပျက်လိုက် ပါဘုရား)ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်... ဒါဖြင့် ဒီဒုက္ခသစ္စာမျိုးဖြင့် မလိုချင်ဘူး..(မှန်ပါ့) ငါ ဒါနတော့ ပြုမယ်၊ ဒီဒုက္ခသစ္စာမျိုးကို မလိုချင်လို့ လုပ်တယ် (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါက အနာဂတ်လှမ်းပြီး သစ္စာသိတာလား၊ ပစ္စုပ္ပန်သစ္စာ သိတာလား....(ပစ္စုပ္ပန်သစ္စာ သိတာပါဘုရား)။

အဲဒီပစ္စုပ္ပန်သစ္စာသိတော့မှ ဘုန်းကြီးတို့ တကာတကာမတွေ့ ရော့ဟယ်....အင့်ဟယ်....လုပ်စမ်းပါ....(မှန်ပါ့) နို့ မဟုတ်ယင် ရော့....အင့်က စောနေတယ် ကိုစောမောင်....(မှန်ပါ့)အသိက-(နောက်ကျပါတယ်ဘုရား)။

အသိက နောက်ကျ၊ ရော့...အင့်က စောနေတော့ မောင် နိုင်ရေ...အကျိုး ဘာပေးမယ် ထင်သတုံး....(ဒုက္ခသစ္စာ ပေးပါ တယ်ဘုရား) ဇာတိ, ဇရာ, မရဏဆိုတဲ့ ဒုက္ခသစ္စာဘဲ မလာပေ ဘူးလား....(လာပါတယ်ဘုရား) ကိုင်း....ဒါဖြင့် ဘုန်းကြီး

ပြောတာဟာ တကာတကာမတွေ့ အင်မတန် သိစေချင်လှန်း လို့ ရှေ့-နောက် ခင်ဗျားတို့ဟာ လွဲနေတယ်.....(မှန်ပါ့)။

ကိုစောမောင် ပြောထိုက် မပြောထိုက်....(ပြောထိုက်ပါတယ် ဘုရား)ဦးဘရှင်းကြီးတို့ကော....(ပြောထိုက်ပါတယ်ဘုရား) ရှေ့နောက် ဘယ်နှယ်နေသလဲ(လွဲနေပါတယ်ဘုရား)သစ္စာကို အရင် သိအောင် လုပ်ရဦးမယ်....(မှန်ပါ့) ခန္ဓာကိုယ် ဥာဏ်နဲ့ ကြည့် လိုက်တော့ ဖြစ်မှု,ပျက်မှုကလေးတွေ့ တွေ့လိမ့်မယ်....(မှန်ပါ့) တွေ့တော့ ဒါကလေးတွေက ဘာသစ္စာလဲ .... (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်....ဒီ ဒုက္ခသစ္စာမျိုး မရချင်လို့ လှူပါတယ်၊ တန်းပါ တယ်၊ ပေးပါတယ်၊ ကမ်းပါတယ်ဆိုပြီး ခင်ဗျားတို့ သိန်းချီပြီး လုပ်ပေါ့ ကိုစောမောင်ရဲ့....(မှန်ပါ့)မလုပ်နဲ့ မတားပါဘူး.... (မှန်ပါ့) မောင်နိုင်... ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒါ ကိုယ့်ခန္ဓာ၏ ဒုက္ခသစ္စာကို ဘုရားက ဟောထားတာနဲ့ လဲ ကိုက်ကြည့်ပါဦး၊ ဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" မင်းတို့ ခန္ဓာဒုက္ခသစ္စာဆိုတော့ ဘုရားက ဟောပေမဲ့ လဲ ကိုယ်တွေ့မဟုတ်သေးတော့ ကိုစောမောင်က မယုံသေးဘူး-(မှန်ပါ့) ပြန်ကြည့်ပါဦးဆိုတော့ ဝိပဿနာ လုပ်ကြည့်မှ ပေါ် လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဝိပဿနာလုပ်ကြည့်လိုက်တော့ ဘာတွေ့တွေ့ကြသလဲ....(ဒုက္ခ သစ္စာ တွေ့ပါတယ်ဘုရား) ဖြစ်ပျက်တွေ့ဟာ ဘာသစ္စာလဲ .... (ဒုက္ခသစ္စာပါဘုရား) အဲ... ဒီလိုလုပ်ကြည့်တော့ ဒီဒုက္ခ မလိုချင် လို့ တပည့်တော်တို့ဘုရား... လှူပါတယ်၊ တန်းပါတယ်၊ သိန်းချီ

သောင်းချီ လူပါတယ်၊ ပေးပါတယ်၊ ကမ်းပါတယ်၊ ဒီဒုက္ခကြီး အခု ကိုယ်မြင်တဲ့ဒုက္ခ ကြောက်လွန်းလို့ ဒီ ဒုက္ခလွတ်ရာရောက် ချင်လွန်းလို့ပါဆိုတော့ သြော်....ဒါ အကြွေးတောင်းတာလား၊ မြင်လို့ကို တကယ် ဒါရှုမှန်းပြီးသကာလ ဒါ မရချင်တာလား ဆိုတာ ခင်ဗျားတို့ဘဲ ရှင်းပါ....(ရှုမှန်းပြီး ဒါ မရချင်လို့ပါ ဘုရား)။

ခွေးသေကောင်ပုပ် ဒီနားရှိလို့ ဟိုကွေ့တာဗျ၊ လမ်းကွေ့သွားတာ ကိုစောမောင်....(မှန်ပါ့) မောင်နိုင်....သဘောကျရဲ့လား....(ကျပါတယ်ဘုရား) ခွေးသေကောင်ပုပ်မှန်း သိလို့ကို ဒီနားကွေ့ပြီး ထွက်သွားတာ....(မှန်ပါ့)။

နို့မဟုတ်ယင် သွားနေကျလမ်း....(မှန်ပါ့)အခုတော့ ခွေးသေကောင်ပုပ် တကယ်ရှိမှန်း သိနေတော့ ခန္ဓာခွေးသေကောင်ပုပ်ကြီး တကယ်မြင်နေတော့ အင်း...ဒါတော့ မရချင်တော့ဘူးဆိုတော့ ကိုစောမောင် ရှင်းမသွားဘူးလား .... (ရှင်းသွားပါတယ်ဘုရား)။

ဒါဖြင့် အနာဂတ်လှမ်းတောင်းနေတဲ့ နိဗ္ဗာန်နဲ့ ယခုပစ္စုပ္ပန် ကိုယ်တိုင်မြင်ပြီးသကာလ ခန္ဓာမရချင်တာနဲ့ဆိုတော့ ပစ္စုပ္ပန် ခန္ဓာ မရချင်တာက နိဗ္ဗာန်အစစ် ရမယ်....(မှန်ပါ့)လှမ်းတောင်းတဲ့ နိဗ္ဗာန်က မရနိုင်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ အင်မတန် သဘောပါတဲ့ တရားလို့ တကာတကာမတွေက လေးလေးစားစား မှတ်စမ်းပါ....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား) ကဲ...ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့၊ ခင်ဗျားတို့

ရှေးက သစ္စာမသိတဲ့ ကုသိုလ်တွေလဲ တပုံကြီးဘဲ .... (မှန်ပါ့) သဘောကျပလား-(ကျပါပြီ)သစ္စာမသိလို့ လုပ်ခဲ့တဲ့ အကုသိုလ်တွေကော....(တပုံကြီးပါဘုရား)။

ဟာ....ဒါတွေ ကိုစောမောင် သစ္စာမသိဘဲနဲ့ လုပ်တဲ့ကုသိုလ်တွေကလဲ လူ့ဘဝ နတ်ဘဝ်တွေ အကျိုးပေးနေဦးမှယ် ဆိုယင်လဲ ကိုစောမောင် နိဗ္ဗာန်မရောက်တော့ဘူး....(မရောက်တော့ပါ) ရောက်ပါဦးမလား....(မရောက်ပါဘုရား)။

သစ္စာမသိလို့ လုပ်ထားတဲ့ အကုသိုလ်တွေက အကျိုးပေးပေးနေမယ်ဆိုလို့ ရှိယင်လဲ သုံးဆဲ့တဘုံအပါယ်လေးပုံက ဓာတ်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

သို့သော်·လူတိုင်းမှာတော့ ဒီနှစ်ခုစလုံး အစုအပုံနဲ့ ရှိတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

လူတိုင်းမှာ နောက်က....(အစုအပုံနဲ့ ရှိပါတယ်ဘုရား) ကုသိုလ်တွေလဲ... (ရှိပါတယ်ဘုရား) သစ္စာမသိတဲ့ ကုသိုလ်တွေလဲ တပုံကြီးဘဲ....(မှန်ပါ့) သစ္စာမသိတဲ့ အကုသိုလ်တွေကော....(တပုံကြီးပါဘုရား)။

အကုသိုလ်ဆိုတာတော့ သစ္စာ ထည့်ဘို့တောင် မလိုပါဘူးနော်....(မှန်ပါ့)။

သို့သော်လဲ နှစ်ခုယှဉ်တဲ့ပြီး ဟာရတဲ့တရား ဖြစ်နေလို့ ဦးဘအောင်, ထည့်လိုက်ရပြန်တယ်....(မှန်ပါ့) ကိုပေါ်....ထည့်လိုက်ရတယ်....(မှန်ပါ့)။

သစ္စာမသိတဲ့ အကုသိုလ်တွေလဲ....(တပုံကြီးပါဘုရား) သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ကုသိုလ်တွေကတော့ကျော.... (တပုံကြီးပါဘုရား)။

ဒါတွေက ဘာတွေချည်း အကျိုးပေးမှာပါလိမ့်.... (ဒုက္ခသစ္စာတွေချည်း အကျိုးပေးမှာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဒီလိုလုပ်ကြစို့ ဖြတ်ကြပေတော့၊ ကိုစောမောင် ဖြတ်ကြစို့ ဆိုဘော့ သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ကုသိုလ်လဲ....(ဖြတ်ရမှာပါဘဲဘုရား) ဖြတ်ရမှာဘဲ ဘာဖြစ်လို့တုံး ... ဒုက္ခသစ္စာတွေလာမှာစိုးရိမ်လို့....(မှန်ပါ့)။

သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ အကုသိုလ်တွေကော.... (ဖြတ်ရမှာပါဘဲဘုရား) ဖြတ်ရမှာဘဲဆိုတော့ ဒါဖြင့် တကာတကာမတို့ မောင်နှိုင် သြော်.... ကံပြတ်ကိုလုပ်မှ တော်တော့မယ်... (မှန်ပါ့) ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

ဘယ်လိုပေါ်လာသတုံး-(ကံပြတ်လုပ်မှ တော်ပါမယ်ဘုရား) ကံပြတ်လုပ်မှ တော်တော့မယ်ဆိုတော့ တကာ တကာမတွေ ခင်ဗျားတို့ ခန္ဓာကိုယ်ကို ဝိပဿနာရှုပါ....(မှန်ပါ့)။

ဝိပဿနာရှုလိုက်တော့ ခန္ဓာကိုယ်ထဲမှာ စိတ်ကြည့်ကြည့်၊ ဒေါသကြည့်ကြည့်- ကြိုက်တာကြည့်၊ ဖြစ်ပျက်လို့ ဖြစ်ပြီးပျက်နေတာကလေးကို မြင်လိုက်တာက မဂ်လို့ဆိုလိုက်တယ်- (မှန်ပါ့)။

မဂ်ဆိုတော့ နကိုရ်က ပဋိစ္စသမုပ္ပါဒ်ကြီးက တကျော့,ညပါဒါန်ကံ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ့ တဏှာ နေထုမှာ နဂိုရိုက ကိုယ့်ခန္ဓာကြီး ခင်နေတာ၊ အခုတော့ ကိုယ့်ခန္ဓာကြီး အနိစ္စကိုမြင်တော့ ခင်သေးရဲ့လား (မခင်ပါဘုရား) မခင်တဲ့ဝိပဿနာမဂ် မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆိုတဲ့ မဂ်က မလာဘူးလား__(လာပါတယ်ဘုရား) အဲဒီတော့ တဏှာ ဥပါဒါန် ကံ့ လာသေးရဲ့လား.... (မလာပါဘုရား)။

ဟာ....ဒါဖြင့် ဝိပဿနာရှုနေတဲ့အလုပ်ဟာ ကံ့ဖြတ်နေတာပါကလား__ (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါက ဘယ်ကံ့ ဖြတ်တာတုံး... လို့မေးတော့ ကိုစောမောင် ပစ္စုပ္ပန်ကံ့ ဖြတ်တာ....(မှန်ပါ့) ရှင်းပလား__(ရှင်းပါပြီဘုရား)။

သူ့မရှုဘဲ ထားလိုက်ယင် ပစ္စုပ္ပန်ကံ့ တန်းတော့မယ် (တန်းပါတယ်ဘုရား) စိတ်ဟာ ရပ်လို့လဲ မရဘဲကိုးဗျ.... (မှန်ပါ့) ရပ်လိုက်ပြန်ယင်လဲ စိတ်ရပ်သွားတော့ လူသေတယ်....(မှန်ပါ့) မရပ်ဘဲနေတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်နေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ရပ်လိုက်ပြန်တော့လဲ.... (လူသေပါတယ်ဘုရား) သေတယ်၊ စိတ်မရှိ သေတာကိုး၊ စိတ်စဉ်ကြီး ရပ်သွားယင် မောင်နိုင် သေတာဘဲ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့....တဲ့၊ ဖြတ်ပြီးသကာလ တမျိုးဆက်ကြစို့....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဖြတ်ပြီးသကာလ.... (တမျိုးဆက်ကြစို့.) တမျိုးဆက်ကြဦး စို့ဆိုတော့ ခန္ဓာကိုယ် ဝေဒနာကလေးတွေ သူ့နေရာနဲ့ သူ ပေါ်တဲ့အခါကျတော့ ဒါကလေးတွေ ဖြစ်ပျက်ရှုပေး ကိုစောမောင်...(မှန်ပါ့)ရှုလိုက်တဲ့ အခါကျတော့ ဝေဒနာက ဖြစ်ပျက်ရှုတဲ့ဉာဏ်က မင်္ဂဖြစ်သွားတယ်...(မှန်ပါ့)။

- ဒါဖြင့် တဏှာနေရာမှာ မင်္ဂ ဆက်ပေးလိုက်တဲ့ အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြပါစို့တဲ့ မင်္ဂက ကိုစောမောင် ရှင်းတယ်၊ တဏှာကစ,ပြီး ဖြတ်လိုက်တာ ကံပါ ပါသွားတယ်... (မှန်ပါ့)မပါဘူးလား....(ပါ·ပါတယ်ဘုရား)။

တဏှာချုပ်တော့ ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်တော့ .... (ကံချုပ်သွားပါတယ်ဘုရား) ကံချုပ်သွားတယ်ဆိုတော့ ဟို .... ခင်ဗျားတို့ လူဒါန်းထားတဲ့ ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး သွားကြည့်လိုက်တော့ ရှင်းတယ်... (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ကံကို တိုက်ရိုက်ဖြတ်တာလား၊ ကံကို ဦးဗိုးနေတဲ့ တရားဖြတ်တာလား.... (ကံကိုဦးစီးနေတဲ့တရား ဖြတ်တာပါဘုရား)။

အဲ... တဏှာဦးစီးနေတယ်....(မှန်ပါ့) နဂိုရိပ်တုန်းက ခင်ဗျားတို့ လုပ်နေတဲ့ ဒါနတွေကလဲ တဏှာဦးစီးတဲ့ဒါနတွေ....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)လူ့ဘဝ, နတ်ဘဝ လိုချင်တာကိုး .... (မှန်ပါ့)မလိုချင်ဘူးလား....(လိုချင်ပါတယ်ဘုရား)။

ဒါဖြင့်လဲ တက္ကာဦးစီးတဲ့ ဒါနတွေလုပ်ခဲ့တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်) သစ္စာမသိတော့ တက္ကာဇာဦးစီးသွားပြီဆိုတာ ပေါ်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာအလုပ်သည် မောင်နှိုင် ဘာလုပ်တာတုံးဆိုတော့ ကံဖြတ်တာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဝိပဿနာအလုပ်ဆိုတာ .... (ကံဖြတ်တာပါဘုရား) ကံဖြတ်တာဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဘာ့ကြောင့် ဒီကံတွေ ဆရာဘုန်းကြီးက ဖြတ်ခိုင်းပါလိမ့်မတုံးမေးတော့၊အို....မင်းတို့က သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ကုသိုလ်တွေက အကျိုးပေးနေမယ်ဆိုတော့ဒုက္ခသက်ရှည်နေမှာပေါ့... (မှန်ပါ့)။

သစ္စာမသိလို့ လုပ်ထားတဲ့ အကုသိုလ်တွေက အကျိုးပေးလို့ရှိယင်လဲ ငရဲသက် ရှည်နေမှာပေါ့... (မှန်ပါ့) အပါယ်လေးပါးသက်ရှည်နေမှာပေါ့... (မှန်ပါ့) မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

ဒါတွေက မရှိတာတွေလား- ရှိတာတွေလား .... (ရှိတာတွေပါဘုရား)။

ကဲ....ရှိတာတွေဆိုတော့ ဒီကံ နှစ်ကံကို တကာတရာမတွေသစ္စာမသိတဲ့ ကံချည့်ဖြစ်နေတော့ ဖြတ်မှုတော်မလား၊ ဒီအတိုင်းထားလို့ ဖတော်မလား... (ဖြတ်မှုတော်ပါမယ်ဘုရား)။

ဒါဖြင့် ဝိပဿနာမှ ရတော့မယ်....(မှန်ပါ့)။

တကာတကာမတွေ့ ဘယ်လိုမှတ်မယ်....(ဝိပဿနာမှ ရတော့မယ်) ဦးခင်မောင် ရှင်းပလား... (ရှင်းပါပြီ) မောင်နိုင် ပေါ်ပြီကွ... (ပေါ်ပါပြီဘုရား)။

ဩသြော်....ဒါဖြင့် တကာတကာမတို့ ဒီကံသည်ကားလို့ ဆိုယင်ဖြင့် ကျုပ်တို့ အားကိုးထိုက်တဲ့ ကံဘဲ....(မှန်ပါ့)။

ဝိပဿနာက်-ဝိပဿနာဉာဏ် အလုပ်သည်... (အားကိုးထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံး- သစ္စာမသိတဲ့ ကုသိုလ်ကံနဲ့တကို.... (ဖြတ်ပါတယ်ဘုရား) သစ္စာမသိလို့ နောက်က မိုက်ထားတဲ့ အကုသိုလ်တွေကော... (ဖြတ်ပါတယ်ဘုရား) ဒီဘဝ မသိမလိမ်မာလို့ မိုက်တဲ့သစ္စာမသိလို့ မိုက်ပြီး လှုဒါန်းထားတာတွေကော... (ဖြတ်ပါတယ်ဘုရား) သစ္စာမှသိလို့ မိုက်ထားတဲ့အကုသိုလ်တွေကော (ဖြတ်ပါတယ်ဘုရား)။

ဖြတ်ပေးမယ်ဆိုတော့ ကြွေးရှိသ၍ ဆပ်ပေးပါမယ်ပြောတာ.... (မှန်ပါ့) တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်....(ကြွေးရှိသ၍ ဆပ်ပေးပါမယ်ဘုရား)။

ကြွေးရှိသ၍ ဆပ်ပေးမယ် ဆိုတာကိုတော့ဖြင့် ခင်ဗျားတို့ ကြိုက်သင့်တယ်... (မှန်ပါ့) ဦးဘရှင်း ဘယ်နှယ်တုံး.... (ကြိုက်သင့်ပါတယ်ဘုရား) ကြိုက်သင့်တယ်၊ ဦးဘအောင်ကြီး ဘယ်နှယ်နေသတုံး....(ကြိုက်သင့်ပါတယ်ဘုရား)။

ဘာကြွေးမဆိုဟေ့၊ ငါ-အကုန်ဆပ်မယ်ဆိုတော့ ဒီတရား ဘယ်မှာရှာရမတုံး ကိုစောမောင်-ရ၊ ရှာရလိမ့်မယ်... (မှန်ပါ့)။

ခင်ဗျားတို့သုံးနေတာ၊ ကုသိုလ်ဟာ ကုသိုလ်တလမ်းပေါ့ကွ၊ သူ့အကျိုးပေးနဲ့သူပေါ့၊ အကုသိုလ်က.... (အကုသိုလ်တလမ်း ပါဘုရား) အင်း... ဖြတ်တာကိုပါရဲ့လား... (မပါ-ပါဘုရား)။

အင်း... မပါဘူး၊ ကိုယ်က ဒါလောက်ဘဲနားလည်ထားတယ် (မှန်ပါ့) သူ့လမ်းနဲ့သူတော့ သူ့ကြမ္မာပါကွာ၊ ကိုစေ့မောင်တို့ လူကြီးလုပ်ပြောလဲ ဒါပြောရမှာဘဲ... (မှန်ပါ့)။

မင်း-အကုသိုလ်လုပ် မင်း-သံသရာခက်မှာပေါ့၊ မင်း-ကုသိုလ်လုပ် မင်း- သံသရာကောင်းမှာပေါ့ ဒါဘဲ ပြောတတ်တယ်.... (မှန်ပါ့) ဒီ့ပြင် ဘာပြောတတ်သေးသလဲ... (ဘာမှ မပြောတတ် ပါဘုရား) ဟာ-ဒီနှစ်ခုစလုံးမကောင်းဘူးလို့ တခါမှမဆိုဘူး.... (မှန်ပါ့)။

သစ္စာမသိတဲ့ ကုသိုလ် မကောင်းဘူး... လို့ ဆိုဘူးရဲ့လား... (မဆိုဘူးပါဘုရား)ကဲ-ယနေ့ထွက်တော့... (မှန်ပါ့) သစ္စာမသိတဲ့ ကုသိုလ်ဟာဖြင့်.... (မကောင်းပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) သစ္စာမသိတဲ့ကုသိုလ်ဟာ... (မကောင်းပါဘုရား)။

ဒါဖြင့်... ခင်ဗျားတို့က ကုသိုလ်ဆိုကွာ.... နည်းရောင်း,မျှားရောင်းတောင်းပြည့်ပြီးရောပေါ့၊ လုပ်သာလုပ်တဲ့၊ အင်း-သစ္စာသိမသိတော့ မထည့်ဘူး... (မှန်ပါ့)။

ကုသိုလ်ဆိုယင် ကောင်းတာချည့်ပေါ့ကွာ....၊ ကိုပေါ်တို့၊ ဦးဘအုန်းကြီးတို့ ဒီလိုသုံးချင်သုံးမယ်.... (မှန်ပါ့) မသုံးခဲ့ကြဘူးလား ရှေးက... (သုံးခဲ့ကြပါတယ်ဘုရား)။

ဒါဖြင့်.... ဒုက္ခပေးမည့် ကုသိုလ်လဲ ဖေါ်ခင်းထဲ ထည့်ကွာ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အင်း... တောင်းထဲထည့်ဆိုတော့ အရှုးခံတာင်းကြီး ဖြစ်နေမှာဘဲ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါတွေသိတော့မှ သြေခ်... ဒါဖြင့် ဒို့နောက်ကလဲ ဒို့သစ္စာမသိတဲ့ကုသိုလ်တွေကလဲ တပုံကြီး၊သစ္စာမသိတဲ့ အကုသိုလ်တွေလဲ....(တပုံကြီးပါဘုရား)။

ဒီဘဝ လုပ်ပြန်တော့ကော ဒီဆရာသမား‌နဲ့ မတွေ့ခင်တုန်းက လုပ်ထားတဲ့ ကုသိုလ်ဏာလဲ.... (တပုံကြီးပါဘုရား) အကုသိုလ်ဏာလဲ....(တပုံကြီးပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ကြေး အတိုတ်ကြေးတွေကို ဘာနဲ့ဆပ်မတုံး (ဝိပဿနာမဂ်နဲ့ဆပ်ပါ့မယ်ဘုရား)မဂ်နဲ့ဆပ်ကြပေတော့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပစ္စုပ္ပန်ကြေး,အတိတ်ကြေး ဘာနဲ့ဆပ်မတုံး.... (မဂ်နဲ့ဆပ်ပါမယ်ဘုရား) မဂ်နဲ့ဆပ်ယင် ကျေတယ်နော်...(မှန်ပါ့)။

မဂ်နဲ့ဆပ်ယင် ကျေတယ်ဆိုတော့ တကယ်တမ်း ခင်ဗျားတို့ ဒီအလုပ်ကိုလုပ်လို့ရှိယင် ဘာသံသယမှ မရှိဘဲနဲ့သေလိုက်၊ ငါကြေးကျေပြီဆိုပြီးသေလိုက်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကြေးကျေတော့ကိုတဲ့ အကျိုးပေးနိုင်သေးရဲ့လား.... (မပေးနိုင်ပါဘုရား) ကြေးဆိုတာ အကြောင်းကိုးဗျ... (မှန်ပါ့)အကျိုးပေးနိုင်သေးရဲ့လား....(မပေးနိုင်ပါဘုရား)။

အဲဒီအလုပ်-လုပ်သာလုပ်ကြွေးကျေပြီးသေတဲ့ ပုဂ္ဂိုလ်ဆိုတော့-အင်း... သူတို့သေပုံ တယ်ကောင်းသဟော့၊ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ကြွေးဗလပွေနဲ့ သေသွားတာဆိုတော့ လောကီအနေတော့ အလောင်းတောင် ဝရမ်းကပ်ရသေးတယ်.... (မှန်ပါ့) ဘယ်လောက် မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကြွေးနဲ့သေတာ ကြိုက်သလား၊ ကြွေးကျေသေတာကြိုက်သလား... (ကြွေးကျေသေတာ ကြိုက်ပါတယ်ဘုရား)။

အံမာလေး-ဒီရောက်အောင် မနည်းပြောရပါကလား တကာတကာမတွေ၊ ဒီရောက်အောင်ကိုဘဲ နာရီသုံးမတ်လောက် ပြောနေရတယ်.... (မှန်ပါ့) ကိုစောမောင် ပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ကြွေးနဲ့သေမလား၊ ဦးဘရှင်း ကြွေးကျေသေမလား-(ကြွေးကျေသေပါမယ်ဘုရား) ကောင်းပြီ....တဲ့၊ ဒီကြွေးက မကျေဘဲနဲ့ သေလို့ရှိယင်ဖြင့်ရှင့်ပေးလို့-စက္ကူတွေပေးလို့ ဆပ်လို့မရဘူး (မရပါ) ခန္ဓာနဲ့ဆပ်ရတာမျိုး....(မှန်ပါ့) ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

အပါယ်ကျတော့လဲ ဘာနဲ့ဆပ်ရမလဲ.... (ခန္ဓာနဲ့ ဆပ်ရပါစယ်ဘုရား) အင်း... ခုနင်က သစ္စာမသိတဲ့ ကုသိုလ်တွေက အကျိုးပေးတော့လဲ ဘာနဲ့ဆပ်ရသတုံး... (ခန္ဓာနဲ့ဆပ်ရပါတယ်ဘုရား)။

ခန္ဓာနဲ့ ဆပ်ရတာချည့်ဘဲ....(မှန်ပါ့) ဘယ်မှာ လက်ဆောင် ထိုးလို့ ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီခန္ဓာကို နောက်အကျိုးမပေး အောင် လုပ်လို့ရှိယင် ခန္ဓာပေါ်ဦးမလား...(မပေါ်တော့ပါ ဘုရား) ခန္ဓာမပေါ်လို့ရှိယင် ခန္ဓာဘာသစ္စာတုံး....(ဒုက္ခသစ္စာ ဟာဘုရား)။

ဒါဖြင့် ခန္ဓာမပေါ်လို့ရှိယင် နိဗ္ဗာန်သာ ပေါ်ရမယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားတော်တော်လည်သွားပါပြီ.... (လည်ပါပြီ) အရည် လည်သွားပါပြီ....(မှန်ပါ့)က်ဲ.. ဒါဖြင့် တကာတကာမတို့ ဝိပဿ နာအလုပ်သည် မဂ်ဆိုက်အောင် လုပ်ပါလို့ မောင်နှိုင်...တိုက် တွန်းတယ်....(မှန်ပါ့)ကိုပေါ်....(မှန်ပါ့) နောက်က တကာ တကာမတွေ့....(တိုက်တွန်းပါတယ်ဘုရား)။

တိုက်တွန်းတဲ့အတိုင်း ခင်ဗျားတို့က လုပ်ဖြစ်အောင် လုပ်၊ ကြွေးရှိလျက်နဲ့ အေးမနေနဲ့...(မှန်ပါ့) ဘယ်လိုဆိုသတုံး.... (ကြွေးရှိလျက်နဲ့ အေးမနေပါနဲ့ဘုရား)။

ဦးဘရှင်းတို့ လူတယောက်က ကြွေးဘဲ ၄-၅-ရှစ်သောင်း တသိန်းလောက် တင်နေတယ်၊ နှစ်သိန်း-သုံးသိန်း တင်နေတယ် ဆားပါတော့ ကိုစောမောင်...(မှန်ပါ့) သူ့မှာ အပျော်မပျက် ပါဘူးလို့ ဆိုလို့ရှိယင် ကိုစောမောင် အိမ်လဲဆုံးပြီ၊ ယာလဲဆုံး ပြီ၊ ပိုင်တာတွေလဲ ကုန်ပြီ၊ ကြွေးကလဲ တင်နေတယ်၊ ဒီထဲကလဲ အပျော်မပျက်ပါဘူး ဆိုလို့ရှိယင် ဒီလူ အရှုးလို့ ခင်ဗျားဆို ဟုတ်မယ်....(မှန်ပါ့ဘုရား)။

ဒီမှာ ခင်ဗျားတို့လဲတဲ့ ရှေးကတော့ မသိရှုး-ရှုးနေတယ်... (မှန်ပါ့)။

အခုတော့ဖြင့် အင်း....ပစ္စုပ္ပန်ကြွေးကလဲ....(မနည်းပါ) အတိတ်က လိုက်လာတဲ့ ကြွေးတွေကကော.... (မနည်းပါဘုရား) ကုသိုလ်ကြွေး,အကုသိုလ်ကြွေးတွေရော....(မှန်ပါ့)ပစ္စုပ္ပန် တင်နေတဲ့ ကြွေးတွေကကော(မနည်းပါဘုရား) ဒီထဲက-နေပြီး ခင်ဗျားတို့က ပြုံးနိုင်သေးတယ်၊ ရှင်နိုင်သေးတယ်ဆိုတာသည် ကိုစောမောင် ကိုယ်လဲ အရှုးတပိုင်းဘဲ....(မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အခုတော့ဖြင့် ပစ္စုပ္ပန်ကြွေးလဲ သိပြီဘုရား၊အတိတ်က ပါလာတဲ့ ကြွေးတွေလဲ ရှိတယ်ဘုရား၊ ကြွေးတွေ ဝိုင်းနေပြီဘုရား...ဆပ်တော့မယ်ဆိုတဲ့စိတ် ယနေ့ မွေးရမယ်.... (မှန်ပါ့)။

ဘာမွေးကြရမယ်....(ကြွေးဆပ်တော့မယ်ဆိုတဲ့ စိတ် မွေးရပါမယ်ဘုရား)။

အဲ....ဆပ်တော့မယ်ဆိုတော့ကို တကာတကာမတို့ မင်္ဂလာ ဆပ်မှ ရမယ်....(မှန်ပါ့)။

ဒါ့ကြောင့် မင်္ဂလာသည် ကိုစောမောင် သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ ကုသိုလ်တွေလဲ ဖြတ်တယ်....(ဖြတ်ပါတယ်ဘုရား) သဘောပါပလား... (ပါ-ပါပြီ) သစ္စာမသိဘဲနဲ့ လုပ်ထားတဲ့ အကုသိုလ်တွေကော....(ဖြတ်ပါတယ်ဘုရား)။

ဒီဘဝလုပ်လုပ် နောက်ဘဝလုပ်လုပ် ဦးဘအုန်းကြီး အကုန် ဖြတ်ဘဲ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဖြတ်တယ်၊ မဖြတ်ဘူးဆိုတဲ့ဥစ္စာက သြော်....မင်္ဂဆိုတာ တယ် သတ္တိထက်ပါကလား၊ဖြတ်တယ်လို့ ဆရာဘုန်းကြီးက ဟောထားပြီဆိုတော့ ဆရာဘုန်းကြီးပြောတာနဲ့ မယုံပါနဲ့.ဦး.... (မှန်ပါ့) ခင်ဗျားတို့ ကိုယ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် တန်းကြည့်ပါဦး—(မှန်ပါ့) သဘော ကျပလား... (ကျပါပြီဘုရား)။

ဆရာဘုန်းကြီး ပြောတာသည်ကားလို့ ဆိုယင် မှန်တော့ မှန်နေပြီ၊ သို့သော်လဲ ချင့်လိုက်ပါဦး၊ ချိန်လိုက်ပါဦး၊ သဘောကျပလား—(ကျပါပြီဘုရား)။

ချင့်လိုက်ပါဦး၊ချိန်လိုက်ပါဦးဆိုတော့ ခင်ဗျားတို့ မယုံယင် ရှုကြည့်ပါတဲ့ ခန္ဓာကိုယ်ထဲ ပေါ်လာတဲ့ စိတ်ကလေး ရှုကြည့်ပါနော် မရှုဘဲ နေယင် ဒီစိတ်ဟာ တန်းတော့မယ်....(မှန်ပါ့)။

မြင်တယ်ဆိုလို့ ရှိယင်ဖြင့် လိုချင်တယ်က လာဘော့မယ် .... (မှန်ပါ့) တဏှာ မတန်းသေးဘူးလား....(တန်းပါတယ်ဘုရား)။

လိုချင်ယင် စွဲလမ်းတယ် ဆိုတာကခကော .... (လာပါတယ်ဘုရား) စွဲလမ်းလို့ ရှိယင်ဖြင့် ကာယကံ,ဝစီကံနဲ့ အားထုတ်မယ် ဆိုတဲ့ ကမ္မဘဝကော....(လာပါတယ်ဘုရား)။

ဒါဟာ ခင်ဗျားတို့ ပစ္စုပ္ပန်မှာ ကြွေးတင်တယ်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား) တဏှာ,ဥပါဒါန်, ကံဘော့ဟာလေ— (မှန်ပါ့)။

ကဲ....ဒါဖြင့် မြင်စိတ်ကလေးကို မြင်တဲ့ ဥစ္စပက္ခာကခလေးကို မျက်လုံးက မြင်တာဟာ မျက်လုံးထဲမှာ ဥပေက္ခာပါဘဲ၊ ဝေဒနာ,

အာလိုရှိယင် ဥပေက္ခာ၊ စိတ်အလိုရှိယင် စိတ်ပေါ့ဗျာ....မြင်စိတ်ပေါ့....(မှန်ပါ့)။

အဲ... ဒါကလေး မောင်နိုင်က ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဒီ ကိုယ့်ဖြစ်စဉ်ကို ကိုယ်ဖြတ်တယ်....(မှန်ပါ့)ရှင်းရဲ့လား-(ရှင်းပါပြီ)တကဲ့၊ ဥပါဒါန့်ကံ လာသေးရဲ့လား....(မလာပါဘုရား) မြင်စိတ်နောက်က မင်္ဂဲ လိုက်နေတယ်....(မှန်ပါ့)။

မြင်စိတ်နောက်က ဘာလိုက်နေသလဲ.... (မင်္ဂဲ လိုက်နေပါတယ်ဘုရား)ကြားစိတ်နောက်ကကော....(မင်္ဂဲလိုက်နေပါတယ်ဘုရား)ဒါ ဝေဒနာဖြစ်လဲ ဝေဒနာနောက်က ဘာလိုက်နေသလဲ (မင်္ဂလိုက်နေပါတယ်ဘုရား)။

မင်္ဂလိုက်နေတော့ သြော်... ဒီဥစ္စာ ပစ္စုပ္ပန်တင်မည့် ကြွေးတွေကို ဖြတ်ချနေတာပါကလား...၊ လာကို မလာရတော့ပါကလား....(မလာရတော့ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးပြောတာလား၊ ခင်ဗျားတို့ ဖြစ်စဉ်ကို ခင်ဗျားတို့ ဖြတ်နေတာလား.... (ဖြစ်စဉ် ဖြတ်နေတာပါဘုရား) ဒါ ပစ္စုပ္ပန်ဖြတ်ပြတယ်....(မှန်ပါ့)။

အဲဒီတော့ ဝိပဿနာဉာဏ်က ပစ္စုပ္ပန်ကံကို ဖြတ်တယ် .... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ်က....(ပစ္စုပ္ပန်ကံကို ဖြတ်ပါတယ်ဘုရား)။

ပစ္စုပ္ပန်ကံကို ဖြတ်တယ်လို့ လေးလေးစားစား တခါတည်း ကိုယ့်အမြင်နဲ့ ကိုယ်ရှုပြီးတော့ ပြတ်တာကိုယုံ ခင်ဗျားတို့ ဘုန်းကြီးပြောတာ မယုံနဲ့ဦး၊ ကိုယ့်စိတ်စဉ် ကိုယ်တန်းကြည့်၊

မရှုဘဲနေယင် တန်းတယ်....(မှုန်ပါ့)ရှုယင် ပြတ်တယ် ... (ပြတ်သွားပါတယ်ဘုရား)မောင်နှိုင် သေချာပလား....(သေချာပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ပစ္စုပ္ပန်ကံဖြတ်တာ ဘယ်သူတုံးမေးယင် ဝိပဿနာမဂ်....(မှုန်ပါ့)ဟုတ်လား...၊ဒီမဂ် ရင့်လာလို့ မောင်နှိုင်ရေ ဖြစ်ပျက်တွေ့မြင်၊ ဖြစ်ပျက်တွေ့မုန်း၊ ဖြစ်ပျက်တွေ့ ဆုံးတဲ့ မဂ်ကျတော့ အဆုံးမြင်တဲ့ မဂ်ကျတော့ အတိတ်ကံပါ ဖြတ်တယ်.... (မှုန်ပါ့)ရှင်းပလား...(ရှင်းပါပြီ)။

ဝိပဿနာမဂ်ဏာ....(ပစ္စုပ္ပန်ကံ ဖြတ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် သူးလိုက်ဦး၊ လောကုတ္တရာမဂ်ကျတော့ ဖြစ်ပျက်အဆုံးမြင်တဲ့မဂ်ကတော့ ... (အတိတ်ကံဖြတ်ပါတယ်) အတိတ်ကံဆရာ ပစ္စုပ္ပန်ကံဆရာ နှစ်ခုစလုံးဖြတ်တယ်....(မှုန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်နဲ့ ခင်ဗျားတို့ လောကုတ္တရာမဂ်နဲ့ ထူးကြပလား.... (ထူးပါတယ်ဘုရား) ဝိပဿနာမဂ်ကတော့ ... (ပစ္စုပ္ပန်ကံဖြတ်ပါတယ်)။

ဒါလဲ အမြင်ခနဲ့ (မှုန်ပါ့)သူများ ပြောလား.... (အမြင်ပါဘုရား)။

အမြင်ဘဲဆိုဘာ သေချာပလား....(သေချာပါပြီ)။

ကောင်းပြီ တကယ်. လောကုတ္တရာမဂ်၊ ဒါတွေ့ ဖြစ်ပျက်တွေ့မြင်လို့. ဖြစ်ပျက်တွေ့ မုန်းလို့. ဖြစ်ပျက်တွေ့ အဆုံးရောက်

သွားပြီဆိုတော့ ကိုစောမောင် နောက်က အတိတ်ကံပါ ဖြတ်တယ်....(မှန်ပါ့)ပစ္စုပ္ပန်ကံကော....(ဖြတ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် အတိတ်ရော ပစ္စုပ္ပန်ကြွေးရော နောက်က ပါလာတဲ့ ကြွေးရောယခုဘဝမှတင်တဲ့ကြွေးကိုရော ဖြတ်တယ်ဆိုတာကိုဖြင့် သက်သေခံ လုံလောက်ပြီ.... (လုံလောက်ပါပြီဘုရား) မလုံလောက်ဘူးလား....(လုံလောက်ပါတယ်ဘုရား)။

ဒါဖြင့် လုပ်ထိုက်-မလုပ်ထိုက်ကော ... (လုပ်ထိုက်ပါတယ်ဘုရား)။

တကာတကာမတို့ နောက်က တကာတကာမတို့ လုပ်ထိုက်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ကိုင်း....လုပ်ထိုက်တော့ကိုတဲ့ ဘုန်းကြီး တိုတိုဘဲ ထုတ်ပြပါ့မယ်၊ ခင်ဗျားတို့ အာရုံတုန်းက ပြောဘူးပါတယ်... နော်... (မှန်ပါ့)။

ဟို.... တာဝတိ်သာ နတ်ပြည်မှာ သုဇာဟူနတ်သား ပြောလိုက်တော့ ကိုစောမောင် သူ့မှာ နတ်သမီးတထောင် မရှိဘူးလား....(ရှိပါတယ်ဘုရား)။

နတ်သမီးတထောင် ရှိပြီးတော့ နတ်သမီး တထောင်ထဲက ငါးရာ ပန်းပင်ပေါ်တက်ပြီး ပန်းတွေ ဆွတ်ချကြ၊ နောက် အောက်က နတ်သမီးတွေက ဒီ ပန်းတွေ ကောက်ပြီးသကာလ နတ်သားကို ဆင်ကြ၊ ပြင်ကြတယ်၊ သုဇာဟူနတ်သားကို ဆင်ကြ,ပြင်ကြတယ်ဆိုတာ သံယုတ်ပါဠိတော်မှာ လာတယ် .... (မှန်ပါ့)။

နောက်တော့ သီချင်းတခေကျော်ကျော်နဲ့ အောင်ဆိုရင်းမတွန်နဲ့ နတ်သမီးတွေ ခုနင်္ဂ အကုသိုလ်ခွေးက မိုသွားတော့ ကိုက်သတ် ချလိုက်တာ အကုန် ငါးဆုစလုံး သစ်ပင်ပေါ်မှာအကုန်သေကြတယ်၊သေပြီးတော့ အဝီစိငရဲကျတယ်....(မှန်ပါ့)။

ကဲ....မောင်နိုင် ဟိုခွေးမိုသွားပြီကွ ... (မှန်ပါ့) အရင်ခွေးက ငိစောင်မ,တဲ့ခွေး ရှိသေးသလား....(မရှိပါဘုရား) အင်း.... ဒါဖြင့် အခသကိုက်တဲ့ခွေးက မိုသွားပြီ... (မှန်ပါ့)။

ဒါ့ကြောင့် နောက်က လိုက်နေတယ် ဆိုတာ ခင်ဗျားတို့ နောက်လှည့်ကြည့်း၊ရှေ့.လောချည့်ကြိုးမနေနဲ့....(မှန်ပါ့)။

မောင်နိုင် မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

တွင်းသမားလို ဗျုံးချည့် မျော်နေလို့ အထက်က အမိုး အိုနေတာလဲ ဒေါက်တွေက အိတာလဲ ကြည့်ဦးမှ ကိုစောမောင် (မှန်ပါ့) မကြည့်ယင် တော်ပါ့မလား....(မတော်ပါဘုရား)။

အဲဒီလိုလဲ ကြည့်ရသေးတယ်.... (မှန်ပါ့) ရှင်းကြပလား .... (ရှင်းပါပြီ)။

အဲဒီလိုကြည့်လိုက်တော့ သစ်ပင်ပေါ်မှာ နေတဲ့ နတ်သမီး ငါးရာ ကိုစောမောင် နောက်ခွေး မိုသွားလိုက်တာ အကုသိုလ် ခွေး မိုသွားလိုက်တာ အကုန်သေပြီး အဝီစိငရဲ ကျတယ် .... (မှန်ပါ့)။

နောက်မှ သုဇာဟူမနတ်သားက အောက်ကနေပြီး သီချင်းဆို သံလဲ မကြား၊ဘာလဲမကြားဘဲနဲ့ မောင်နိုင်ရေ... သူကြည့်လိုက်တဲ့ အခါကျတော့၊ဩော်.. အကုန် သေကုန်ပါပေါ့လား၊ ဘယ်

မျှား ရောက်ပါလိမ့်မတုံးလို့ နတ်မျက်စိနဲ့ ကြည့်လိုက်တော့ ကိုစောမောင် အဝိစီကျတယ်....(မှန်ပါ့) ငါးဆုစလုံးကျတယ်.... (မှန်ပါ့)။

ကဲ....ဒါ ခင်ဗျားတို့က နတ်ပြည်ဆုတောင်းဦး၊နတ်ပြည်မှာလဲ ဒီဓနုးက လိုက်လျက်ဘဲ.... (လိုက်လျက်ပါဘဲဘုရား) မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

နှစ်ကောင်လိုက်ပါတယ်၊ ပဌမ တကောင်ကတော့ကြည့်စမ်း နတ်သမီးဖြစ်အောင် လုပ်လိုက်တယ်....(မှန်ပါ့) ဒုတိယအကောင်က တခါတည်း ကိုက်သတ်ချလိုက်တာ အဝိစိရောက်ရော၊ မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အခု တရားနာနေကြတယ် ဆိုတာ ဘုန်းကြီး အင်မတန် ဝမ်းသာပါတယ်၊ အလုပ်-လုပ်ယင်ဖီထက် ပိုဝမ်းသာတယ်...(မှန်ပါ့)။

ဘာ့ကြောင့်တုံး...ဟိုခွေး မိုသွားလို့ ရှိယင်ဖြင့် ခက်လိမ့်မယ် (မှန်ပါ့)မောင်နိုင် မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အကုသိုလ်ကံ ခွေးမိုသွားယင်....(ခက်ပါတယ်ဘုရား)။

ခုနင်က နတ်သမီးငါးရာ အကုသိုလ်ကံ ခွေးမိုသွားတယ်ဆိုတာ ငြင်းဘိုလိုသေးသလား....(မလိုပါဘုရား)။

အဲဒီတွင်မှ နတ်သားသည်ကားလို့ ဆိုယင် သူကြည့်တယ်၊ အင်း ... ငါ၏ ခင်ပွန်းဖေါ်တွေ သေကုန်ကြပြီ၊ "ပိယောဟိ ဝိပ္ပယောဂေါ ဒုက္ခော" ဆိုတဲ့အတိုင်း ချစ်တဲ့သူတွေနဲ့ ခွဲရပြီ ကြည့်လိုက်ပြန်တော့လဲ အရုပ်ဆိုးချည့်ဖြစ်နေတယ်၊ အဝီစိရဲမှာ

တပြုံကြီး အော်ပြီး ခံနေကြတယ်ဆိုတော့ နတ်မျက်လုံးနဲ့တော့ မြင်သကိုး၊ ကိုစောမောင်ရဲ့....(မှုန်ပါ့)။

အင်း... ဒီတွင်မှ သူ- " ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ " လဲ ဖြစ်ပြန်၊ ကြောက်လဲကြောက်ပြန်တယ်....(မှုန်ပါ့) အေး... သူတို့ တွင် ကြည့်နေလို့ မပြီးသေးဘူး....၊ ကိုယ်နဲ့အတူနေတဲ့နဲ့တက္ခ ကိုယ်ပါကြည့်ဦးမှဘဲဆိုပြီး သူလဲ ကိုယ့်ကိုယ်ကို ဉာဏ်နဲ့ ကြည့် လိုက်ပြန်တော့ သူတို့က နောက်ခုနစ်ရက်မှာ အဲဒီ အဝိစိ ရောက် မယ်....(မှုန်ပါ့)။

ဒီတော့ ဖြစ်ပြီးသားအတွက် စိုးရိမ်တာက တမျိုး၊ ဖြစ်လတ္တံ့ အတွက် စိုးရိမ်တာက.... (တမျိုးပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဖြစ်ပြီးသား နတ်သမီး ငါးရာအတွက် စိုးရိမ်တာကလား (တမျိုးပါဘုရား) ကိုယ့်အတွက် ကြောက်လန့်နေတာကလား (တမျိုးပါဘုရား)။

အဲဒီတွင်မှ တာဝတိံသာ နတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ် တွေကို သွားပြီးသကာလ တောင်းပန်တယ်၊ ကျုပ်ဖြင့် ဒီဝိုဟ် ဖြစ် နေပြီ၊ ငါးရာလဲ ဟိုမှာ ရောက်ကုန်ပြီ၊ ကျုပ်တို့လဲ နေ့ခုနစ် ရက်ရှိယင် ဒီအိုးဘဲ သွားရမယ်၊ ဒီ-အဝိစိဘဲ သွားရမယ်၊ ဟယ် ကြပါဦး၊ ယူကြပါဦးဆို ဘယ်သူမှ မတတ်နိုင်ဘူး။

သစ္စာမှ မသိဘဲ နတ်တွေက၊ ဘယ်သူမှ မတတ်နိုင်ဘူး... (မှုန်ပါ့) မောင်နိုင် ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကောင်းပါတယ်ဘုရား)။

ဒါနဲ့ မင်ကျွန်ုပ်တာနဲ့ သိကြားမင်းကြီးဆိ သွားပြန်ရော၊ သူတို့ ရှင်ဘုရင် သူတို့ အားကိုးတာပေါ့လေ... (မှန်ပါ့) သူလဲ သစ္စာမသိသေးတော့ ငါလဲ မတော်နိုင်ဘူးလို့ ပြောတာဘဲ.... (မှန်ပါ့ဘုရား) သို့သော်-နည်းကလေးပေးပါ့မယ်ဆိုပြီးသကာလ ကိုစောမောင် လူ့ပြည်မှာ ဘုရားပွင့်နေတယ်၊ အဲဒီသွားကွာ ဆိုတော့ မောင်နိုင် မသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲ....သွားတဲ့အခါကျတော့ ဟိုကနေပြီးသတာလ သူကပြောတယ်၊ တပည့်တော်ဖြင့်....ဘုရား....၊ ဖြစ်ပြီးသားတော့ကြောင့်လဲ စိတ်ထဲမှာ နည်းနည်းမှု မချမ်းသာပါဘူး....တဲ့၊ အရင်ကျသွားတဲ့ သူတော့အတွက်လဲ မချမ်းသာပါဘူး...(မှန်ပါ့) ဖြစ်လတ္တံ့ကြောင့်လဲ တပည့်တော် မချမ်းသာပါဘူး... တဲ့၊ သူ-ဒါလျှောက်လာတယ်....(မှန်ပါ့)။

ဖြစ်ပြီးသားကြောင့်လဲ.... (မချမ်းသာပါဘုရား) စိတ်ထဲနည်းနည်းမှု မချမ်းသာဘူးတဲ့။

ဖြစ်လတ္တံ့ကြောင့်လဲ ... (မချမ်းသာပါဘုရား) သူနဲ့တကွ နောက်-ငါးရာကလဲ နောက်-ခုနစ်ရာက်စေ့ယင် သွားရမှာကိုး... (မှန်ပါ့) အဲဒီ ဖြစ်လတ္တံ့ကြောင့်လဲ သူ မချမ်းသာဘူးတဲ့။

အဲဒီ ဖြစ်ပြီးသားရော၊ ဖြစ်လတ္တံ့ရောကို တပည့်ခံတော်ကို ကယ်နိုင်လို့ရှိယင် ကယ်ပါ။

ကဲ... ကိုစောမောင် အတိတ်ကံလဲ ကယ်ပေးပါ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ) အနာဂတ်ကြုံမှာခင်ဗျားကိုလဲ ကယ်ခံတော်မူပါ၊ သဘောကျပလား... (ကျပါပြီဘုရား)။

အတိတ်ကံတွေလဲ အဟောသိကံဖြစ်အောင် လုပ်ပေးပါ၊ယခု ပစ္စုပ္ပန် တပည့်တော်သွားရမည့် ကံတွေကိုလဲ အဟောသိကံ ဖြစ်အောင် လုပ်ပေးပါ၊ ဒါကို လျှောက်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတွင် လျှောက်ပြီးတော့မှ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ကွာ... တဲ့၊ ငါကိုယ်တိုင်လဲ မတတ်နိုင်ဘူး.... (မှန်ပါ!) သူကိုယ်တိုင်တော့ မတတ်နိုင်ဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

သူကိုယ်တိုင်ကတော့ ဘာတတ်နိုင်မတုံး... တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူကိုယ်တိုင်ကတော့ ဘာတတ်နိုင်မဝံ့းတဲ့- တကာတကာမတို့ ကျုပ်တို့လို ခန္ဓာငါးပါးဘဲ... (မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

တတ်နိုင်တာကတော့ ရှိသဟေ့ တဲ့၊ ဘုရားက တက်လာတယ် (မှန်ပါ!)မဂ္ဂင်ကို အားထုတ်... (မှန်ပါ!) တရားကတော့ တတ်နိုင်တယ်၊ ငါကတော့ မတတ်နိုင်ဘူးတဲ့... (မှန်ပါ!) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘုရားကတော့.... (မတတ်နိုင်ပါဘုရား) တရားကတော့.... (တတ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာ အားကိုးရမလဲ.... (တရား အားထုတ်ရပါမယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ—ဒါဖြင့် ဘုရားကိုက ငါကိုယ်တိုင် မတတ်နိုင်ဘူးလေ— (မှန်ပါ) တတ်နိုင်တာကတော့ဖြင့်....တဲ့ မဂ္ဂင်တရား ကြိုစဉ်း.... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို ဖြစ်ပျက် အလုပ်ခိုင်းနေတာ ဘာ အလုပ်တုံး.... (တရားကို လုပ်ခိုင်းတာပါဘုရား) မဂ္ဂင်အလုပ်...ဟု (မှန်ပါ!)။

တစ်ခါတကာမတွေ့ ရှင်းပလား.... (ရှင်းပါပြီ) ဖြစ်ပျက် အလုပ်ခိုင်းနေတာ—(မဂ္ဂင်အလုပ်ပါဘုရား)။

မဂ္ဂင်အလုပ်,လုပ်ကွ...လို့ ဘုရားက ဧရ့်.တွင်ဘဲ ဟောတာ ဘဲ...(မှန်ပါ!)။

ဒီတွင် သူတို့ နတ်ဥာဏ်နဲ့ခန္ဓာကိုယ် ကြည့်ကြတာပေါ့ဗျာ— (မှန်ပါ!) နတ်ဥာဏ်နဲ့ ခန္ဓာကိုယ်ကြည့်တော့ မောင်နိုင် ဖြစ် ပျက်မှုတပါး ဘာမှ မတွေ့ဘူး... (မှန်ပါ!)။

အဲဒီတွင် ဖြစ်ပျက်တွေ့ မြင်ပြီးသကာလ ဖြစ်ပျက်တွေ့ မုန်း လို့ ဖြစ်ပျက်တွေ့ ဆုံးသွားတော့ ကိုစောမောင် ခုနစ်ရက်ကြာ လျှင် သွားရမှာ အကုန် သောတာပန် တည်တယ်.... (မှန်ပါ!)။

ဒါဖြင့်.... အတိတ်ကြွေးက သူတို့ကို ဖြတ်မည့် ကြွေးကိုလဲ ကိုစောမောင် အတိတ်က နောက်ခုနစ်ရက်ရှိယင် သေတော့မယ် ဆိုတာ နောက် ခုနစ်ရက်ရှိ ဖြတ်တော့မယ်.... (မှန်ပါ!) အဲဒီ အတိတ်ကြွေးတွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ပစ္စုပ္ပန်မှာ အခု ပျော်ရွှင်ပြီးထားလို့ အနာဂတ်မှာ သေ သေချာချာသွားရမှာ သေချာပြီးသား ဖြစ်တာကော.... (ပြတ်

ပါတယ်)ဒါဖြင့် ခင်ဗျားတို့ ဒီမင်္ဂလာ အဘိုးတန်တယ် .... (တန်ပါတယ်ဘုရား)။

တကာတကာမတို့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (ဒီမင်္ဂလာအဘိုးတန်ဖါတယ်ဘုရား)။

အတိတ်က ခေးတွေ ကိုက်မှာကိုလဲ .... (ဖြတ်ပါတယ်ဘုရား) ပစ္စုပ္ပန်မှာ ကိုယ်မိုက်မဲထားလို့ နေစက်ကို သူက ဒုက္ခသစ္စာတွေ အကျိုးပေးမှာကိုကော....(ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ရော အနာဂတ်ရောကို ဖြတ်နိုင်တာ ဘယ်သူတုံး မေးယင် မောင်နိုင် ရိပ်မိပလား.... (မင်္ဂလာဘုရား) မင်္ဂလာဆိုတာ တကာတကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဘုရားက ခင်ဗျားတို့ မိုးရွာလို့ မိုးခြိမ်းလို့ရွတ်တဲ့ ကြောက်တဲ့ လန့်တဲ့အခါ ရွတ်တဲ့ .... နာညတြ ပေါဇ္ဈာတပသာ*ဆိုတာ အဲ....ဒီနတ်သားကိုဟောတာ....(မှန်ပါ့)။

ပေါဇ္ဈာတပသာ၊ပေါဇ္ဈင်=မဂ္ဂင်အကျင့်ကို၊ အညတြ=ကြဉ်ထား၍၊ပါဏိန်=သင်သုဿဟမ္မနတ်သားတို့အား၊ သောတ်ံ = အဲဒီအပါယ်ငရဲမှ လွတ်၍ ချမ်းသာတဲ့နည်းကို၊ နပဿာမိ=ငါ မမြင်ဘူးတဲ့၊မဂ္ဂင်အလုပ်- မလုပ်လို့ရှိယင် မင်္ဂကို လွတ်လိမ့်မယ်လို့ ငါမမြင်တော့ဘူးတဲ့၊သဘောပါပလား....(ပါ-ပါပြီ)၊

---

* နာညတြပေါဇ္ဈာတပသာ၊နာညတြိန္ဒြိယ သံဝရ၊ နာညတြ ဿဒ္ဓါသဂ္ဂါ၊ သောတ်ံ ပဿာမိ ပါဏိန်။ (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)။

နာညည်တြိုင်္ဒိယ သံဝရာ... တဲ့၊မင်း သီလမလုံခြုံဘဲနဲ့ မင်းသည် ဘားလို့ဆိုယင် မင်းကျရမည့် ခုနစ်ရက်စေ့လျှင် သွားရမည့် ဘေး နောက်က မင့်ကို အခု သတ်မလို့ လိုက်နေတဲ့ဘေး· နှစ် ဘေးပေါ့လေ....(မှန်ပါ့) ခုနစ်ရက်ရှိလျှင် အပါယ်ထောက်မည့် ဘေးကလဲ ရှိသေးတာကိုး....(ရှိပါတယ်ဘုရား)။

နောက်က အခုသတ်ဘော့မည့် ဘေးကကော ခုနစ်ရက်ရှိ နေတယ်၊ ခုနစ်ရက်အတွင်းဘဲ သေရတော့မယ်....(မှန်ပါ့)။

အဲ....ဒါ နှစ်ခုကိုလဲ... တဲ့ ခုနင်က သီလမဂ္ဂင်မှု တပါး ငါ သည် ချမ်းသာရာကို မမြင်ဘူးတဲ့၊ဒါဘဲ အားကိုးတဲ့၊ ဒီမဂ္ဂင်ဘဲ အားကိုးလို့ဆိုတာ__(မှန်ပါ့) မဂ္ဂင်ဆိုတာ သီလပါသွားပြီ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

သဗ္ဗနိဿဂ္ဂါ=အလုံးစုံသော ဒုက္ခတို့၏ ချုပ်ရာ နိဗ္ဗာန်ကို ကြဉ်ထား၍၊ ပါဏိနံ=သတ္တဝါတို့အား- မင်းဆိုတဲ့ သုဇြုဟ္မနတ် သားနဲ့ တက္ခ-ငါးရာသော နတ်သမီးတို့အား၊ သောတ္ထိ=ချမ်း သာခြင်းကို၊ နုပဿာမိ= ငါ မမြင်ဘူးတဲ့၊ မင်း နိဗ္ဗာန်ထောက် အောင် မြန်မြန်လုပ်လိုက်....(မှန်ပါ့)။

မဂ်ဆိုက်အောင် မြန်မြန်လုပ်လိုက်ဆိုတော့မှ ရှေ့တွင် လုပ် ကြတယ်၊မောင်နိုင်- ဘုရားရှေ့တွင် မဂ်ဆိုက်အောင် လုပ်ကြ တယ်__(မှန်ပါ့)ရိပ်မိကြပလား__ (ရိပ်မိပါပြီ)။

ဘုရားရှေ့တွင် လုပ်တော့ တကာတတာဝမတို့ ခန္ဓာကိုယ် နတ်မျက်လုံးနဲ့ကြည့်လိုက်တော့ ပိုရှင်းတာပေါ့ဗျာ....(မှန်ပါ့) ဖြစ်ပျက်တွေကို မြင်လာတယ်၊ သြော်....ဒုက္ခသစ္စာပါကလားဆို

ပြီး ဒုက္ခတွေ ချုပ်တဲ့ နိဗ္ဗာန်ကို ခုနင်္ဂါ မြင်သွားတော့တာပေါ့ ဗျာ၊မြင်သွားတော့ တကာတကာမတွေ့ အတိတ်ကံက သတ်မှာကော သတ်ဖြစ်သေးရဲ့လား...(မသတ်ဖြစ်ပါဘုရား)။

ဒါဖြင့် အတိတ်ကံ တားတာလဲ မင်္...(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)။

ပစ္စုပ္ပန်မှာ ခုနင်္ဂါက ပျော်ရွှင်မှုတွေ့ကြောင့် မိုက်ထားလို့ အဝိဇ္ဇာရဲ့ နောက်ခုနစ်ရက်ရှိယင် သွားရမှာကော သွားရသေးရဲ့လား....(မသွားရပါဘုရား)။

သူတို့က "စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော" အပါယ်လေးပါး လွတ်သွားပြီ၊ သောတာပတ္တိမဂ်ရတာကိုး....(မှန်ပါ)။

ကဲ....ဘယ်လောက် အားကိုးထိုက်တယ်ဆိုတာ မပေါ်သေးဘူးလား ..(ပေါ်ပါပြီ)။

ရှင်းကြပလား တကာဘကာမတို့....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာ အတိတ်ကြွေးကို ဆပ်တာလဲ မင်္၊ မစ္စုပ္ပန်ကြွေးတွေ့ကိုဆပ်တာလဲ.... (မင်္ပါဘဲဘုရား) အဟောသိကံဖြစ်အောင်လုပ်တာလဲ....(မင်္ပါဘဲဘုရား)။

ပစ္စုပ္ပန် အဟောသိကံ မဖြစ်လို့ရှိယင် အနာဂတ်အကျိုးပေးမယ်....(မှန်ပါ)မပေးဘူးလား....(ပေးပါတယ်ဘုရား) အဲဒီတော့ ပစ္စုပ္ပန်ကြွေးတွေ့ကိုလဲ အဟောသိကံဖြစ်အောင်လုပ်တာ.... (မင်္ပါဘုရား)အနာဂတ်ကြွေးတွေ့ ဖျောက်ဖျက်ပစ်တာ .... (မင်္ပါဘုရား)။

ဒါဖြင့် ဦးဘရှင်း အားကိုးထိုက်တယ် ... (ကိုးထိုက်ပါတယ် ဘုရား)သဘောကျပလား....(ကျပါပြီ) ဒါဖြင့် သူသည် ကံဖြတ်တဲ့တရား... (မှန်ပါ့) အတိတ်ကံကိုလဲ... (ဖြတ်ပါတယ်) ပစ္စုပ္ပန်ကံတွေ....(ဖြစ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဒီဥစ္စာက ကံဖြတ်ပါတယ် ဆိုကတည်းက အကျိုးပေးဒုက္ခသစ္စာလာသေးရဲ့လား....(မလာတော့ပါဘုရား) မလာလို့ရှိယင် သုခသစ္စာ နိဗ္ဗာန်ဘဲလာတော့မယ်.... (မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီအလုပ်ကို ဖိလုပ်ပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အတိတ်ကံတွေကတော့ တပုံကြီးဆိုတာ လူတိုင်းရှိတယ်မဟုတ်လား... (ရှိပါတယ်ဘုရား) ပစ္စုပ္ပန်မသိမလိမ်မာလို့ လုပ်ထားတာတွေကော....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဒီအလုပ်မှတပါး ကယ်မည့်ယူမည့်သူ ခင်ဗျားတို့မှာ...(မရှိပါဘုရား)ဒါဖြင့် ကိုစောမောင် ဒါပေါ့နေလို့ဘယ့်နှယ်တုံး...(မစောင့်ပါဘုရား)။

နောက်တာ တကာတစ္ဆာမတွေ ရှင်းပလား.... (ရှင်းပါပြီ) ထမင်းမစားရချင်နေ၊ ဒီကြွေးကျေအောင်ဆပ်.... (မှန်ပါ့) သဘောကျပလား...(ကျပါပြီ)။

ကျောက် အရောင်းအဝယ် မလုပ်ရချင်နေ ဒီကြွေးကျေအောင်ဆပ်၊ပြီးတော့ အရောင်းအဝယ်လုပ်တာပေါ့... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ရှင်းပြီနော်.(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု...သာဓု..သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဦးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ဗာလပဏ္ဍိတသုတ်
ည အလုပ်ပေးတရားတော်
(၁၁ - ၆ - ၆၂)

သာသနာတွင်းတရားကို ဟောလိမ့်မယ်လို့ မောင်နှိုင်တို့ မှတ်ရမယ်နော်.... (မှန်ပါ့!) တရားမှာလဲ သာသနာတွင်းတရား၊ သာသနာပ တရားရယ်လို့ နှစ်မျိုးရှိတယ်၊ ဘယ်နှစ်မျိုးရှိပါလိမ့် (နှစ်မျိုးရှိပါတယ်ဘုရား)။

သာသနာတွင်းတရားက ဒုက္ခချုပ်တာဇဟာနိုင်တဲ့ တရားမှ သာသနာတွင်းတရားလို့ မှတ်ပါနော်_ (မှန်ပါ့!) တရားတော့ တရားဘဲ ဒုက္ခဆက်အောင် ဟောနေတဲ့ တရားက သာသနာပ စာရား ...(မှန်ပါ)မှတ်မိကြပလေစ...(မှတ်မိပါပြီ)။

ဒုက္ခဆက်အောင် ဟောနေတဲ့တရားက ... (သာသနာပတရား ပါဘုရား) ဒုက္ခချုပ်အောင်ဟောတဲ့ တရားက .... (သာသနာ တွင်းတရားပါဘုရား)သာသနာတွင်း တရားလို့ တကာတကာမ တွေ နားထဲမှာဘဲ ဉာဏ်ချိန်ခွင်ပေးထားတယ်လို့ မောင်နှိုင်တို့ မှတ်ရမယ်...(မှန်ပါ့!)။

ဘယ်စာအုပ်က ရေးရေး၊ ဘယ်ဆရာတော်က ဟောဟော၊ ဘယ်သူကပြောပြော သြော်—သူဟောနေတာ သာသနာတွင်း တရုံးပါကလား၊ အင်း·သူဟောနေတာကဖြင့် သာသနာပတရား ပါကလားဆိုတာ ကိုယ်က ဝေဘန်နိုင်ရမယ်....(မှန်ပါ့)။

ကိုယ်က ဝေဘန်နိုင်တော့ သာသနာပကျတော့ ဒါနဲ့ဘိုလေတို့ သမထတို့ ဒါဖတ်ဟာ သူ့ဆရာနဲ့ သူ့တကာနဲ့ဆိုသလို သိပြီးနေကြတော့ ခန္ဓာရတဲ့တရားတွေပေါ့ဗျာ .... (မှန်ပါ့) ဒါ သာသနာပတရားလို့ မှတ်လိုက်ပါနော်၊ ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းတဲ့ ဘရားကတော့ သာသနာတွင်း တရားလို့ တစာတစာမတွေ့မှတ်မိကြပလား....(မှတ်မိပါပြီ)။

တရားဘယ်နှစ်မျိုးရှိပါလိမ့်....(နှစ်မျိုးရှိပါတယ်ဘုရား)။

အဲဒီတော့ခင်ဗျားတို့မှာ တကာတကာမတွေ့မှာ ဦးဘရှင်းတို့မှာ ဒီလိုမဝေဘန်တတ်လို့ ရှိယင် အကောင်းချည့်ဆိုလို့ ရှိယင် သြော်... ကိုယ့်မှာ ဘာမှ ဉာဏ်ချိန်ခွင်မပါလို့ ဆိုတာ သိရမယ်-(မှန်ပါ့)။

ဉာဏ်ချိန်ခွင်မပါဒတော့ တရားဆိုယင် အကောင်းချည့်ဘဲပေါ့လို့ ယူလိုက်လို့ ရှိယင်လဲ ဘာမပါတာသေချာကြသလဲ... (ဉာဏ်ချိန်ခွင်မပါတာပါဘုရား)။

ဉာဏ်ချိန်ခွင်မပါတော့ ထည့်သ၍ တပိဿာဖြစ်နေတယ်... (မှန်ပါ့)၇၅-သား ထည့်လိုက်လဲ .... (တပိဿာဖြစ်နေပါတယ်ဘုရား)၅၀-သား ထည့်လိုက်လဲ .... (တပိဿာဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ ဒီစျေးဝယ်ဟာ စျေးဝယ်မှား၊ စျေးဝယ်လိမ်မာလို့ ကိုစောမောင်က ဆိုမလား.... (မဆိုပါဘုရား) ဘာလိုနေသတုံး....(ဥာဏ်ချိန်ခွင်လိုနေပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့တရားနာတယ်၊ တရားနာတယ်လို့ဆိုငြားသော်လဲ ငြော်....ဒါက သာသနာတွင်းတရားပါကလား၊ ဒါက သာသနာပ တရားပါကလားဆိုတာ ကိုယ်က ဥာဏ်ချိန်ခွင်နဲ့ ချိန်ယူရမယ်....(မှန်ပါ့)။

ဦးဘအုန်းကြီး နားလည်လား...(မှန်ပါ့) ချိန်ပြီး မယူတော့ ပါဘူးဆိုယင် ကိုစောမောင် ဆရာမှားပြီဆိုမှဖြင့် တသံသရာလုံး မှောက်တာက သိပ်ဆိုးဝါးဘယ်...(မှန်ပါ့) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါဘယ်ဘုရား)။

အင်း... ဆုတောင်းပါလားကွ၊ ဆုခတောင်းပါလားကွ မင်းရတာဘဲ၊ တောင်းယင် ရတာဘဲဆိုတာနဲ့တူ ဒီအသုံးတွေသည်ကားလို့ဆိုလို့ရှိယင်ဖြင့် မတောင်းဘဲနဲ့ ကိုဘဲ ဒုက္ခသစ္စာတွေကုပုံနေရတဲ့အထဲ တောင်းယူဦးမယ်ဆိုယင် ဦးဘရှင်း ဘယ်နှယ်လုပ်မလဲ....(သာပြီးဆိုးပါတယ်ဘုရား) အင်မတန် ကြောက်စရာမကောင်းပေဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါတွေ ဥာဏ်နဲ့ သေသေချာချာ စဉ်းစားပြီး၊ ဝေဘန်ပြီးသကာလ ဆရာဘုန်းကြီးက ဥာဏ်ချိန်ခွင်ပေးထားတော့ခင်ဗျားတို့က ချိန်မိအောင် ချိန်ရမယ်... (မှန်ပါ့)။

နာတော့ နာရလိမ့်မနော်၊ နာပင်နာငြားသော်လဲ ယူထိုက်

တယ်, မယူထိုက်ဘူးဆိုတာ ဝေဘန်ရမယ် ... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါပြီးရင် ဟာနားနာလဲ လွယ်ပါ့မလား.... (မလွယ်ပါဘုရား) မောင်ရိုင်း အစောင်ခက်တယ်... (ခက်ပါတယ်ဘုရား)။

တရားဟောဂဲလဲ သာသနာတွင်းတရားဟောဘို့ သာသနာပဘရားဟောဘို့မယ်လို့ တရားဟောတဲ့ပုဂ္ဂိုလ်ကလဲ နှစ်မျိုးဝဲရှိတယ် ... (မှန်ပါ့)။

သူလဲ အဟောခက်ဘဲ၊ သူတွန်းချလို့ သံသရာရှည်နေမယ်ဆိုလို့ရှိယင်လဲ သူ့အပြစ်ဟာ မသေးလှဘူး.... (မှန်ပါ့) သေးပါ့မလား.... (မသေးပါဘုရား)။

သူက တွန်းမချလို့ ကယ်ကင်လိုက်လို့ နိဗ္ဗာန်သောင်ကမ်းပေါ် ရောက်သွားပြန်လဲ အင်း... "ဓမ္မဂုဏော အနန္တော အာဒရိယဂုဏော အနန္တော" တွေနဲ့ ကျေးဇူးဆပ်လို့ မကုန်ဘူးပေါ့ဗျာ... (မှန်ပါ့)။

အဲဒါဘေကိုလဲ ဟောတဲ့ပုဂ္ဂိုလ်ကလဲ ဝေဘန်သင့်တဲ့အခါနာတဲ့ပုဂ္ဂိုလ်ကလဲ ဉာဏ်ချိန်ခွင်နဲ့. ချိန်ပြီး ယူသင့်တဲ့အခါဆိုတာ ဝေဘန်ကြ... (မှန်ပါ့)။

ဒါ.... အခုပြောလိုက်တဲ့ စကားကလေးဟာ ကိုစောမောင် သေးသေးလို့ ထင်နေသလား....(မထင်ပါဘုရား) သေးသေးထင်နေယင် ဦးဘရှင်း မှားတာဘဲ.... (မှန်ပါ့) ကိုပေါ် မမှားပေဘူးလား.... (မှားပါတယ်ဘုရား) နောက်က တကာတကာမတွေ... (မှားပါဘယ်ဘုရား)။

မှားမယ်... တဲ့၊ဒီဥစ္စာ သေသေချာချာ စဉ်းစားပြီးသကာလ သြော်...ဒီဥစ္စာဟာ ပဌမ စ,စပြောတဲ့ စကားဟာ အလွန် အရေးကြီးပါကလား ဆိုတဲ့ဥစ္စာ ကိုစောမောင် ပေါ်လာတယ်... (ပေါ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အကိုးအကား ထုတ်ကြပါစို့....တဲ့၊ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ပြောတာရှိတယ်၊ အရှင်သာရိပုတ္တရာက ပြောတာ ရှိတယ်မနော်....(မှန်ပါ့)။

အရှင်သာရိပုတ္တရာကို သာရမတ္ထပရိဗိုဇ်က မေးတယ်၊ ဆက်ကာ နိပါတ်အဂ်ုတ္တိရ်ပါဠိတော်မှာ....(မှန်ပါ့) အရှင်ဘုရား.... ဘပည့်တော် တရားလဲ မချိန်တတ်သေးပါဘုရား....၊ အဲဒီတော့ ဘယ် တရား နာရမယ်၊ ဘယ်တရားကို မနာရဘူး ဆိုပြီးသကာလ လောကကြီးမှာ တရားတွေကလဲ ပုံပြီးသကာလ နေတော့ ဘယ် တရားမျိုးသည်ကားလို့ဆိုယင် ကောင်းပါသတုံး....၊ ဘယ်ဟာ သည်ကားလို့ဆိုယင် သုခ၊ဘယ်ဟာသည်ကားလို့ဆိုယင်ဒုက္ခဆို တာ တပည့်တော်တို့ မသိဘော့ သစ္စာမသိတော့(တပည့်တော် တို့ အခက်ကြီး ကြုံနေပါတယ်ဘုရား)။

ကိုစောမောင်....မေးပြီ....(မှန်ပါ့) သာရမတ္ထပရိဗိုဇ်... နော်.... (မှန်ပါ့)။

သာရမတ္ထပရိဗိုဇ်က မေးတော့...ကဲ့ဘတဲ့၊ မင်း ဒီလိုယူပါတဲ့၊ "အဘိနိဗ္ဗတ္တိ ဒုက္ခံ၊ အနဘိနိဗ္ဗတ္တိ သုခံ" အဘိနိဗ္ဗတ္တိ = နောင် တဖန် ပဋိသန္ဓေနေတဲ့ တရားသည်၊ဒုက္ခံ=ဒုက္ခပေးတဲ့ တရားဘဲ၊

နောက် ပဋိသန္ဓေနေအောင် ဟောတဲ့ဘုန်းကြီး၊ ကိုယ်ကလဲ ဒါကြိုက်နေမယ်ဆိုလို့ ရှိယင်တော့ သစ္စာမသိလို့ ဒုက္ခကြိုက်နေတာ.... (မှန်ပါ့) နောက် ပဋိသန္ဓေနေတာဟာ ဒုက္ခနော်.... (မှန်ပါ့)။

အနဘိနိဗ္ဗတ္တိ=နောင်တဖန် ပဋိသန္ဓေ မနေခြင်းသည်၊ သုခံ= သုခဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

နောင်တဖန် ပဋိသန္ဓေနေတဲ့ တရားဟူသ၍ဟာဖြင့်....(ဒုက္ခ ပါဘုရား)ဒုက္ခပေးတဲ့ တရားလို့ ဆိုတာ ဝေဘန်လိုက်ဦး-(မှန်ပါ့) ခင်ဗျားတို့က ချိန်ရတော့မယ်....(မှန်ပါ့)။

နောင်တဖန် ပဋိသန္ဓေ ဇာတ်သိမ်းသွားတဲ့ တရားဆိုလို့ ရှိယင် သြော်... အဇာတိ....ဆိုတဲ့ နိဗ္ဗာန်ပါကလား၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဇာတိက ပဋိသန္ဓေကိုး၊ အဇာတိက ပဋိသန္ဓေ မနေတာကိုး၊ အဲဒါနဲ့ ဝေဘန်လိုက်ဘာ့ နောင်တဖန် ပဋိသန္ဓေ မနေတဲ့... တရားကို မင်း နာကွာ၊ အဲဒါ သုခဘဲဆိုတော့ ရှင်းသွားတယ်-(ရှင်းပါတယ်ဘုရား)။

တကာတကာမတွေ ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

နောင်တဖန် ပဋိသန္ဓေနေတဲ့ တရားကို ကိုယ်က လိုက်စားမိမယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ်လဲ သစ္စာမသိဘူး၊ ပြောတဲ့ ပုဂ္ဂိုလ်ကလဲ သစ္စာ မသိလို့ ကိုစောမောင်ရေ....ဒုက္ခရောက်တဲ့တရား.... (မှန်ပါ့) ယူမိပြန်လို့ ရှိယင်လဲ ဒုက္ခယူမိတယ်၊ တရားနာ မှားတယ်...(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပြီး ဉာဏ် ရောက်ကြပလား .... (ရောက်ပါပြီဘုရား)။

ဒါဖြင့် နောင်တဖန် ပဋိသန္ဓေ မနေတဲ့ တရားဟာ ကိုစော မောင် သုခရတဲ့ တရား... (မှန်ပါ့) နောင်တဖန် ပဋိသန္ဓေ နေတဲ့ တရားဟာ.... (ဒုက္ခရတဲ့ တရားပါဘုရား)။

ဒုက္ခရတဲ့ တရားဆိုတာ သာမမက္ကပရိဗိုင်္ဂက မေးခြီ ရှင်သာရိပုတ္တရာက အဘိနိဗ္ဗတ္တိဒုက္ခံ ....က္ခ၊ အနဘိနိဗ္ဗတ္တိ သုခံ... က္ခ၊ တဖန် ဖြစ်လို့ ရှိယင်ဖြင့် အဲ....ဒါ ဒုက္ခချည်း မှတ်ပေတော့က္ခာ...၊ အဲဒီ တရားကို၊ နောင်တဖန် မဖြစ်ရဲ့ တရားဆိုလို့ ရှိယင် သုခချည်း မှတ်ပေတော့က္ခ....ဆိုတော့ ကိုစောမောင် ဒါ ဘုံယ်က မဝေဘန် တတ်ယင် မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

အဲ... လူ့ပြည်,နတ်ပြည် ဆုတောင်းကြပေဟ့....၊ ဒါမှ မင်းတို့ ဒေးဒေးချမ်းချမ်း နေရမယ်ဆိုတဲ့ တရားဟာ အဘိနိဗ္ဗတ္တိသုခ ဖြစ်တယ်.... (မှန်ပါဘုရား) နောင်တဖန် ဖြစ်ရတာကိုး.... (မှန်ပါဘုရား)။

နောင်တဖန် ဖြစ်ရတော့ ကဲ.. စကြပါစို့ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကို ဦးဘရှင်းတို့လဲ ခဏခဏ နာနေရလို့ ဆရာဘုန်းကြီးနဲ့ တွေ့နေတယ်၊ သြော်... နောင်တဖန် ဘယ်က စ-မှာတုံး.... မောင်နှိုင် မေးတော့ ဇာတိပါဘုရား၊ မဆိုနှိုင်ဘူးလား.... (ဆိုနှိုင်ပါတယ်ဘုရား) ဇာတိပိ ဘာတဲ့တုံး... (ဒုက္ခသစ္စံ ပါဘုရား)။

ဒါဖြင့် နောင်တဖန် ပဋိသန္ဓေနေရမည့်ဆု တောင်းကြပေဟ ဆိုတဲ့ တရားမျိုးသည် ဒုက္ခသစ္စာကို ဆုတောင်းယူရမည့် တရား

လား....၊ ပရိညေယျနဲ့ ပိုင်ပိုင်နိုင်နိုင်ထားပစ်ခဲ့ရမည့် တရားလား (ပိုင်ပိုင်နိုင်နိုင် ထားပစ်ခဲ့ရမည့် တရားပါဘုရား) ခြေကန်ရမှာ ခြေကန်ရမှာ၊ သဘောကျပလား_ (ကျေပါပြီဘုရား)။

ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် ပရိညေယျနဲ့ ပိုင်းခြားပြီး သိမှ နိဗ္ဗာန်ရောက်မှာ ဖြစ်နေတာ တခါ ဒုက္ခကြီး ယူတယ်ဆိုတော့ ပိုင်းခြားသိတဲ့အဓိပ္ပါယ် ရောက်ပါဦးမလား .... (မရောက်ပါဘုရား) ဒုက္ခယူမိလျက် ကြုံနေတယ်....(မှန်ပါ့) မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါတွေကို တကာတကာမတွေက ဆရာဘုန်းကြီးက ဉာဏ်ချိန်ခွင် ပေးထား တော့ ဒါကို မလဲအောင် ချိန်မှ ကိုက်မှာ... (မှန်ပါ့)။

မလဲဘောင် ချိန်လိုက်တော့မှ ဩော်...ဒါ သာသနာပမှာ ဘုရားမပွင့်ခင်က ပြောတဲ့ ဆဝဿမဒေါ်ခင်က ပြောတဲ့ တရားတော်ပါကလား (မှန်ပါ့)ရှင်းပေလား....(ရှင်းပါပြီဘုရား)။

အခု သစ္စာပေါလို့ ဘုရားသာသနာ ရှိနေတဲ့ အခါကျတော့ နောင်တဖန် ပဋိသန္ဓေမနေရရင် သုခဲလို့ ရှင်သာရိပုတ္တရာ မဟောဘူးလား... (ဟောပါတယ်ဘုရား)။

ဒါဖြင့် အဲဒီ တရားမှသာလျှင် တကာတကာမတို့ကို ဆယ်တင်မည့်တရား....(မှန်ပါ့) ဟိုဟာက ဂျောက်တွန်းတယ်ဆိုတာ ရောက်သွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီ)။

မောင်နိုင် ခုနင့်က စကား ခင်းလာခဲ့တာနဲ့ အခု ပါဠိတော်

ထုတ်ပြတာနဲ့ ကိုက်ပလား.... (ကိုက်ပါပြီ) ရှင်းသွားပြီ... (ရှင်းပါပြီဘုရား)။

ဒါ.... အင်မတန် ကြားရခဲတယ်ဆိုတာ ကိုစောမောင် ပေါ်ပြီ... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့လဲ ဘာဂိုဏ်းတွေ ညာဂိုဏ်းတွေ ဦးဘရှင်းတို့လဲ လိုက်ခဲ့တာ စုံနေပေါ့၊ မစုံဘူးလား... (စုံပါတယ်ဘုရား)။

ဟာ....ကောင်းသဟော့၊ ဆိုးတယ်ဟော့....လို့ ဆိုတဲ့ဥစ္စာဟာ ကိုယ့်နားထဲတွေ့ဘာ ကိုယ်ကောင်းနေလို့ မဟုတ်သေးဘူး... (မှန်ပါ!) သဘောကျပလား...(ကျပါပြီဘုရား)။

ကိုယ့်နားထဲတွေ့တာ ကိုယ်ကောင်းနေလို့....(မဟုတ်သေးပါဘုရား)။

မဟုတ်သေးပါဘူး....တဲ့၊ သစ္စာနဲ့ ဝေဘန်လို့ ကောင်းမှ.... (ကောင်းပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့ ဝေဘန်ပြီး ကောင်းရမှာတုံး.... (သစ္စာနဲ့ ဝေဘန်ပြီး ကောင်းရမှာပါဘုရား)။

ဒုက္ခရမည့် တရားဖြင့်....(မကောင်းပါဘုရား) မကောင်းဘူး ဒုက္ခချုပ်မည့် တရားဖြင့်—(ကောင်းပါတယ်ဘုရား)။

သြော်— ဒီလို သိရမှာပါကလား ဆိုတာကလေးကို ခင်ဗျား တို့က ဉာဏ်ချိန်ခွင် ဆရာဘုန်းကြီးက ပေးထားတဲ့ အခါကျတော့ ဘယ်အခါမဆို ချိန်တတ်လာယင် သူ့ဟာက ကိုယ့် အတွက် ကျန်မယ်.... (မှန်ပါ!) မချိန်ဘဲနဲ့ ယူသွားလို့ရှိယင်ဖြင့်

အရှုံးဘက်ကချည်း မျှားလိမ့်မယ်....(မှန်ပါ့)မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါက ရှင်သာရိပုတ္တရာက ဟောတာနော်.... (မှန်ပါ့) သာရမက္ကာပရိပုဏ်က မေးလို့ တကာ တကာမတို့ ရှင်သာရိပုတ္တရာက ဖြေတာ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

နောင်တဖန် ပဋိသန္ဓေနေတဲ့ တရားကို နာမိလို့ ကိုယ်ကိုယ်တိုင် ကြိုက်မိယင် ဘာရမတုံး....(ဒုက္ခရပါမယ်ဘုရား)။

နောင်တဖန် ပဋိသန္ဓေ မနေတဲ့ တရားကို ဟောတဲ့ ပုဂ္ဂိုလ်က ဟောလို့ ကိုယ်ကလဲ ဒီတရားအတိုင်း ကျင့်ကြံပြီးသကာလ ပဋိသန္ဓေ မနေရတဲ့ အလုပ်-လုပ်ဖြစ်လို့ ရှိယင် ဘာတဲ့တုံး.... (သုခရပါတယ်ဘုရား)။

သုခ ရတယ်လို့ ဆိုတာဟာလဲ သစ္စာနဲ့ ဝေဘန်လိုက်တော့ နောက်က တကာတကာမတွေ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဇာတိဟာ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား) ဇာတိ ရှိတော့ ဇရာ, မရဏ, ဗျာဓိတွေကော.... (လာပါတယ်ဘုရား) ဘာသစ္စာတွေလဲ....(ဒုက္ခသစ္စာတွေပါဘုရား) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿတွေကော...(လာပါတယ်ဘုရား)။

သြော်... ဒါတွေကြောင့် ရှင်သာရိပုတ္တရာက ဒီအဖြေ ပေးတာကိုး ဆိုတာကော ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

အေး... ဒါ့ကြောင့် မယောင်ကြနဲ့-မမှားကြနဲ့-မတိမ်းကြနဲ့ မစောင်းကြနဲ့ဆိုတာ တကာတကာမတွေ ပြောထိုက်-မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား)။

ရှေ့သွားခေါင်းဆောင် လုပ်နေတဲ့ပုဂ္ဂိုလ်ဖြောင့်မှု- ဖြောင့်တာကိုး ...(မှန်ပါ့) ရှေ့သွားက ကောက်လို့ရှိယင်.... (ကောက်ပါတယ်ဘုရား) ကောက်တယ်ဆိုတာကော ကောင်းကောင်းသဘောကျပလား...(ကျပါပြီဘုရား)။

သူက အကောက်မှန်း အဖြောင့်မှန်း မသိဘဲနဲ့ ရမ်းလိုက်နေယင် ဦးဘရှင်းတို့ ဂျမ်းထိုးမှောက်ခုံ သွားတော့မယ်-(မှန်ပါ့) မသွားပေဘူးလား...(သွားပါတယ်ဘုရား)။

ဒါကြောင့် ယနေ့စ,ပြီး ပြောကတည်းက ဩဝါ.... ချိန်ခွင်ပေးနေပါပေါ့လားဆိုတာ ကိုစောမောင် ရိပ်မိပလား...(ရိပ်မိပါတယ်ဘုရား)။

ချိန်ခွင် အရမ်း ပေးတာလားတဲ့.... ရှင်သာရိပုတ္တရာနဲ့ သာရမဏ္ဍပရိပိုင်က မေးလို့ ပြောရဘာလားလို့ ဆိုတော့ ကိုစောမောင် မေးလို့ပြောရတာ.... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

တခါ ဘုရားကလဲ ပြောပြန်တယ်၊ ဘယ်လို ပြောသတုံး ဆိုတော့ ပဏ္ဏာသမှာ တခါလာပြောပြန်တယ်၊ ဘယ်လို ပြောသတုံးလို့ဆိုယင်ဖြင့်-

ယော ဂ္ဂဟံကာယံ နိက္ခိပတိ၊
အညံ ကာယံ ပရိဂ္ဂဏှာတိ-
တမဟံ မဟာသာဝဇ္ဇောတိ ဝဒါမိ။

ပဏ္ဏာသမှာ လာတယ်နော်....(မှန်ပါ့) ယော=အကြင်ပုဂ္ဂိုလ်သည်၊ဂ္ဂဟံကာယံ=ဤကိုယ်ကို၊နိက္ခိပတိ်=ချရ၏၊ အညံကာယံ=

တပါးသော ခန္ဓာကိုယ်ကို၊ နောက်ခန္ဓာကြီးပေါ့ဗျာ....(မှန်ပါ့) ပရိဂ္ဂဏှာတိ=ယူရပြန်၏၊ နောက်ပဋိသန္ဓေ နေပြန်တယ် ဆိုတာ ပေါ့...(မှန်ပါ့) တံ=ထိုအပြစ်ကို၊ အဟံ=ငါဘုရားသည်၊ မဟာသာဝဇ္ဇတိ= အပြစ်အကြီးဆုံးသင့်သော ပုဂ္ဂိုလ်ဟူ၍၊ ဝဒါမိ= ငါဘုရားဟောတော်မူ၏....တဲ့....(မှန်ပါ့)။

ဘုရားကဟောတယ်.... (မှန်ပါ့) ဘယ်လောက်ဆိုးဝါးသလဲ.. (ဆိုးဝါးပါတယ်ဘုရား) ဒီခန္ဓာပစ်ပြီး နောက်ခန္ဓာယူရတာ အပြစ်အကြီးဆုံး သင့်တာကဆိုတော့ အင်မတန် အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဒါဖြင့်.... အမြင်ကျဉ်းတဲ့ပုဂ္ဂိုလ်က ပြောတာလား၊ အမြင်ကျယ်တဲ့ပုဂ္ဂိုလ်က ပြောတာလား.... (အမြင်ကျယ်တဲ့ပုဂ္ဂိုလ်က ပြောတာပါဘုရား) အင်း....ဘာမြင်လို့ပြောရှာပါလိမ့်....(ဒုက္ခသစ္စာမြင်လို့ပြောတာပါဘုရား)။

ဒုက္ခသစ္စာမြင်လို့ပြောတယ်ဆိုတာဖြင့် ဦးဘရှင်း ကျေနပ်ပြီ (မှန်ပါ့) နောက်က တကာတကာမတွေ့....(ကျေနပ်ပါပြီဘုရား) ခင်ဗျားတို့ လျှာမရှည်နဲ့ဆိုတဲ့စကားကော ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က တယ်လျှာရှည်တယ်၊ အတော်လျှာရှည်တာဆိုတာ တကာမတွေ့ မနာကြပါနဲ့နော်...(မှန်ပါ့)။

ခင်ဗျားတို့က ရှိခိုးပါ၏....ပြီးတဲ့နောက် ဆက်ပြီးသကာလလာတဲ့ အမှားတော်ကြီးက တယ်ကြီးတယ်....(မှန်ပါ့)ရှိခိုးပါ၏ ရှိခိုးရသော အကြောင်းကြောင့်၊ ရှိခိုးရသော အကျိုးကြောင့်

လူချမ်းသာ,နတ်ချမ်းသာ အကြိမ်ကြိမ်ခံစားခဲ့ဆိုတာ ဦးဘရှင်းသွားပြီ....(သွားပါပြီဘုရား)။

ဒါ လျှောရှည်မှု အပြစ်သင့်တာ.... (မှန်ပါ) မောင်နှိုင် ဘယ့်နှယ်ဆိုမလဲ... (လျှောရှည်မှုအပြစ်သင့်တာပါဘုရား)။

လျှောလဲ ရှည်ရသေးတယ်၊ အပြစ်လဲ သင့်ရသေးတယ်.... (မှန်ပါ)ဘယ့်နှယ်တုံး ရိပ်မိကြပလား.... (ရိပ်မိပါပြီ) လျှောရှည်လို့ အကောင်းထွက်လာယင်လဲ တော်သေးရဲ့၊ လျှောရှည်လို့ အဆိုးရတယ်ဆိုတော့ အင်မတန် မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ရှိခိုးကြပါ၊ ဘုရားဂုဏ်ကို ကြပ်ကြပ် ရှိခိုးကြပါဆိုတော့ မတိုက်တွန်းမရှိပါဘူး၊ တိုက်တွန်းပါတယ်....(မှန်ပါ)လျှောတော့ နောက်ကနေပြီး မရှည်ပါနဲ့....(မှန်ပါ) ပြောထိုက်- မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

ဦးဘအုန်းကြီးတို့ ရိပ်မိပလား.... (ရိပ်မိပါပြီ) ရှည်ချင်သေးသလား ခင်ဗျားတို့... (မရှည်ချင်တော့ပါဘုရား)။

မရှည်ချင်ပါဘူး၊ ရှည်ယင်မှားလိမ့်မယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အေး... ဒါကြောင့် ဒီဥစ္စာတွေ ရှည်မိယင် ကိုစောမောင် ပဋိစ္စသမုပ္ပါဒ် အတန်းခိုင်းတာ.... (အတန်းခိုင်းပါတယ်ဘုရား) သူကိုက အတန်းခိုင်းတယ်....(မှန်ပါ)။

သူကိုကတန်းတယ်၊ပဋိစ္စသမုပ္ပါဒ်တန်းသ၍ဟာဖြင့် “ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိ”ဘဲ...(မှန်ပါ့) သဘောကျပလား .... (ကျေပါပြီ)။

ပဋိစ္စသမုပ္ပါဒ် တန်းတယ်ဆိုယင် ဘာတုံး .... (ဒုက္ခက္ခန္ဓသာ သမုဒယော ဟောတိပါဘုရား)။

ဒုက္ခက္ခန္ဓသာ= ဒုက္ခအစုကြီး၏၊ သမုဒယော = ဖြစ်ကြောင်း သည်(ဝါ)ရ-ရမှာသည် ဟောတိ=ဖြစ်၏တဲ့၊ လျာရှည်တဲ့အပြစ်ဟာ ဒုက္ခအစုရမယ်...(မှန်ပါ့)။

လျာမရှည်ဘဲနဲ့ ရှိခိုးပါ၏ဆိုပြီး သကာလ အမျှအတန်းဝေလိုက်လို့ ရှိယင် ပြီးသွားတာဘဲ.... (မှန်ပါ့) ကိုစောမောင် ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒို့...ဘုရားရှိခိုးတိုနေတော့မပေါ့ဘုရား....၊ အို...မင်းတို့ဟာ နောက်ဟာက ဘုရားရှိခိုးမှမဟုတ်ဘဲ၊ လိုချင်တာတောင်းနေတာ၊ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်ဟာက ဘုရားရှိခိုးလား၊ ကိုယ်လိုချင်တာ တောင်းနေတာလား(ကိုယ်လိုချင်တာတောင်းနေတာပါဘုရား)။

လက်အုပ်ချိတာကလေးကြောင့် ဘုရားရှိခိုးလို့ အောက်မေ့မနေနဲ့၊ကိုယ်လိုချင်တာတောင်းတာက ဘဝတက္ကာ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

လက်အုပ်လဲ ချီသေးရဲ့ တက္ကာစခန်းလဲ ကြွသေးရဲ့ ဆိုတော့ ကိုစောမောင် ကိုက်-မကိုက်....(မကိုက်ပါဘုရား)။

အင်း....အခုနင်က သုံးဆဲ့တဘုံ ကျင်လည်ခဲ့တဲ့ သဒ္ဒါတတော့ လူ့ပြည်,နတ်ပြည် စုံဆန်ဆိုတဲ့ သဘောတွေကတော့ ရှိခိုးသွားတာကတော့လက်အုပ်ချီ သွားတာကတော့ ဘုရားဘက်ပါဘဲ၊ ဝမ်းထဲကတော့ တဏှာဆိုတဲ့ တရားတော ထ,တာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)ထ,ကောင်း·မထ, ကောင်း....(မထကောင်းပါဘုရား)။

တဏှာတော ထ,ချင်လို့ရှိယင် စေ့းထဲသွားပြီး သကာလ ငွေ့ရဆာရကြောင်း ဆစ်ဆက်ပြီးသကာလ ရောင်းကြ ဝယ်ကြဆိုယင် ဒါသူ့နေရာနဲ့သူ ကိစ္စမရှိဘူး...(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

အခု ဘုရားရှေ့ ညောင်ရေအိုးတွေနဲ့ ဘုရားကလဲ ကြည်ညိုစရာ ကောင်းပါဘိနဲ့၊သူက လက်အုပ်ကလဲချိသေးတယ်၊ ဝမ်းထဲကလဲ တဏှာတော ထ,သေးတယ်ဆိုတော့ဒီဥစ္စာကိုစောမောင်သင့်မြတ်-မသင့်မြတ်...(မသင့်မြတ်ပါဘုရား)။

ခွေး ပြောင်ပြောင်မှ ချီးယိုတော့ ခင်ဗျားတို့ကျေနပ်ကဲ့လား....(မနေကျပ်ပါဘုရား)ဘာဖြစ်လို့တုံး ... (လဲထားလို့ပါဘုရား)လဲထားတဲ့နေရာ ချီးယိုလို့ .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

လဲထားတဲ့နေရာကြီး ချီးယိုတော့ ဘယ်နှယ်တုံး ဘယ်သူမှမကျေနပ်ဘူး၊ ဟိုအမှိုက်ပုံထဲ သွားစုန့်တော့ ခွေးလိမ်မာ၊ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ပြောင်ပြောင်လဲထားတဲ့ နေရာကျတော့ မကျေနပ်သလိုဘဲ၊

ဒီမှာလဲ ဘုရားရှေ့မှာ အင်မတန် ခင်းကျင်းပြီးသကာလ ကြည့်ညို့ဘွယ် ဆောင်ထားတဲ့ ဘုရားရှေ့မှာတော့ဖြင့် ခုနင်က ပြောင်ပြောင်မှာတော့ ကျင်ကြီးစွန့်ဘို့ မတော်ဘူး...(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီ)။

ဘာဖြစ်လို့ စွန့်ဘို့မတော်သတုံးဆိုတာကော ကိုယ့်အလုပ်က မဟုတ်လို့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲ....နောက်က တကာတကာမတွေ့ ဒီအဖြစ်မျိုးဒီဥပမာမျိုးကော ခင်ဗျားတို့ မဖြစ်ဆောင် ဂရုစိုက်ပါ.... (မှန်ပါ့) နော်.... တခါတည်း ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရရုပါလို့၏၊ ဒါသာ တွင်တွင်လုပ်ပါတော့၊ရှင်းပလား....(ရှင်းပါပြီ)။

ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်သာ....(ရအောင်လုပ်ပါ)။

ဒီရှိခိုးရသော အကြောင်းကြောင့် ထိုရှိခိုးရသော အကျိုးကြောင့်ဆိုဆို ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ တဏှာသိမ်းတဲ့နိဗ္ဗာန် ခန္ဓာသိမ်းတဲ့ နိဗ္ဗာန်ကိုသာလျှင် မြန်မြန်ကြီး မျက်မှောက်ပြုရပါလို့၏၊ အဲဒါသာ ခင်ဗျားတို့က အဓိကထား၊ ဒါ ဒုက္ခချုပ်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါလဲ အပြောနဲ့ မရသေးပါဘူး၊ တောင်းရုံနဲ့ ဒုက္ခချုပ်တဲ့ဆီ မပေးနိုင်ဘူး၊ မပေးနိုင်ကြောင်းကို ဘုန်းကြီး သက်သေသာဓကပြမယ်နော်....(မှန်ပါ့)။

သူ့သားကလေး ဘုရား၏ သားစာလေးဟာ ကိုပေါ်ဘယ်သူတဲ့တုံးဗျာ....(ရာဟုလာပါဘုရား)။

အေး....အေး...ရာဟုလာ..ရာဟုလာနော်.... (မှန်ပါ့) ရာဟုလာသည်ကားလို့ဆိုယင် သူ့ထက်ရင်းတာတော့ ရှိမယ်မထင်

တော့ပါဘူး...(မှန်ပါ့)မရှိဘူး၊ တဦးတည်းသော သားတော်ဟုတ်ရဲ့လား....(ဟုတ်ပါ့တယ်ဘုရား)။

တဦးတည်းသောသား သူ့ကိုကံစာတာတွေကြည့်လိုက်ပြန်လဲစဉ်းစားမင်းလောင်းကလေး.... (မှန်ပါ့) အဲဒါကလေးသည်ကား ဆိုလို့ရှိယင်ဖြင့်တဲ့ ဆုဟုလာသားကို တခါတည်း ငါဟော့ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုပြီးပြီ၊ မင်းလဲမျက်နှာမှောက်ပြုတော့ ငါ့နောက်လိုက်ခဲ့ပေတော့လို့ ထမ်းခေါ် တဲ့ခခေါ်လို့ မရဘူး .... (မရပါဘုရား)။

ဆုဟုလာကျင့်တဲ့သုတ်ကိုဟောတယ် .... (မှန်ပါ့) မင်းကျင့်ဘို့ဆိုပြီးတော့ ဘုရားသုတ်တွေမဟောရဘူးလား(ဟောရပါတယ်ဘုရား) အဲဒီတရားသုတ်တွေ ဟောလိုက်တော့ အဲဒီသူ့ဟောတဲ့အတိုင်း ဓာတ်လေးပါးတွေကိုပြီးတော့ အမျိုးမျိုးအဖုံဖုံသိလစခန်းတွေ ဟောလိုက်တော့မှ အဲဒီအတိုင်းကျင့် ကျင့်တော့မှသူ့အကျင့်နဲ့သူ ရောက်ရတယ်.... (မှန်ပါ့) ကိုယ်တော်ကြီးကထမ်းခေါ်လို့ ရောက်ရတာလား....(မဟုတ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တောင်းရုံနဲ့ဖြင့်မပြည့်၊ ကျင့်မှပြည့်မယ်....(မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား) တောင်းရုံနဲ့လဲ (မပြည့်ပါဘုရား) (ကျင့်မှပြည့်ပါမယ်ဘုရား) ပြည့်မယ်ဆိုတာကော သေချာကြပလား.... (သေချာပါတယ်ဘုရား) အဲဒါကြောင့် လျှာမရှည်နဲ့ ဆိုတဲ့စကားဟာ မှားသလားလို့ ဦးဘရှင်းတို့ ခံယူကြည့်ပါ.... (မမှားပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဦးဘအုန်းကြီး လျှာရှည်တာ ဘယ်နှယ်တုံး သဘောကျလား....(မကျပါဘုရား) မရှည်ကြနဲ့နော် (မှန်ပါ့)မရှည်ကြ

ပါနဲ့ ၊ရှည်လေမှားလေဆိုတဲ့အဓိပ္ပါယ်နော်.... (မှန်ပါ့) ကိုင်း... ဒါဖြင့် တကာတကာမတွေ့ ကျင့်မှရမယ် ဆိုပြီးသကာလ ရာဟုလာကို ဒီအတိုင်းမခေါ်နိုင်လို့ ရာဟုလာဝါဒသုတ်ကို ကြားဘူးပါလိမ့်မယ်.... (ကြားဘူးပါတယ်ဘုရား) ရာဟုလာက၊ ရာဟုလာနော်....သြဝါဒက သူ့ကိုဆုံးမတာ....(မှန်ပါ့) ရာဟုလာဆုံးမတဲ့သုတ် မင်းကျင့်ဘို့ပေးမည့်သုတ်၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ကိုယ်တော်ကြီး ခေါ်နိုင်လို့လား၊ ကျင့်နည်းပေးရတာလား....(ကျင့်နည်းပေးရတာပါဘုရား) အဲဒီကျင့်နည်းအတိုင်းကျင့်တော့မှ ရောက်သွားတယ် ဦးဘရှင်းတို့၊ဦးဘအုန်းတို့နော်...(မှန်ပါ့) ဒါဖြင့် ကိုယ်တော်ကြီးခေါ်လို့ ရောက်တာလား၊ သူ့ဟာသူကျင့်လို့ ရောက်တာလား... သူ့ဟာသူကျင့်လို့ (ရောက်တာပါဘုရား)။

ဒါ့ကြောင့် ဘုရားက တာဝန်ခံရှာတယ်၊ ငါဘုရား၏ကိစ္စကဟောရုံပြောရုံကိစ္စက၊ သူကဝေဟန်တယ်၊ မင်းတို့က ကျင့်ဘို့ကြံဘို့ကိစ္စက....(မှန်ပါ့) ငါဘုရား ဘာမှမတတ်နိုင်ဘူးတဲ့၊ ဟောရုံပြောရုံ နည်းပေးရုံဘဲကိစ္စရှိတယ်၊နိဗ္ဗာန်ကို ငါထမ်းလဲမသွားနိုင်ပိုးလဲမသွားနိုင်ဘူး၊ငါ့မဂ်ဉာဏ်ကြီးပေါ်ကို လိုက်ခဲ့က၊ အာဘိုးအခလုတ်ပြီးလိုက်ခဲ့ကလို့လဲ ငါမခေါ်နိုင်ဘူးတဲ့၊ ရိပ်မိကြပလား- (ရိပ်မိပါပြီဘုရား)။

ငါဘုရား၏ ကိစ္စက ဟောရုံ ပြောရုံကိစ္စတဲ့၊ ရိပ်မိကြပြီ... (ရိပ်မိပါပြီ)တကာတကာမတွေ့၏ကိစ္စက ကျင့်ကြံဘို့ကိစ္စ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဘုရား၏ကိစ္စက.... (ဟောရုံ, ပြောရုံပါဘုရား) ဒါဘဲ တတ်နိုင်တယ်....(မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့သည် အခု ဘုန်းကြီးဘာသုပ်နေသတုံးမေးတော့ ဟောရုံ, ပြောရုံကိစ္စလုပ်နေတယ်... (မှန်ပါ့)။

ဘုရားထားပစ်ခဲ့လို့ ငါ၏ချစ်သားများ မင်းတို့ကို ဆုံးမရစ်သွန်သင်ရစ်မည့် ဓမ္မကွန္ဒာပေါင်း ရွစ်သောင်းလေးထောင်တရားတော့ ထားပစ်ခဲ့ဘယ်ကွဆိုတော့ အဲဒီတရားတော့ကို ဘုန်းကြီးတို့နှုတ်ထဲထည့်ပြီးသကာလ ဓမ္မကွန္ဒာတွ ပြောနေတာ ဟောရုံပြောရုံဘဲ တတ်နိုင်တယ်.. (မှန်ပါ့) ခင်ဗျားတို့က ကျင့်ကြံ ကြိုးကုတ်ပြီး လိုက်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။ *

ဒါဖြင့် နာရုံနဲ့ ကိစ္စပြီးပါ့မလား ... (မပြီးပါဘုရား) ဘာလုပ်မှ ပြီးသလဲ....(ကျင့်မှ,ကြံမှ ပြီးပါဘယ်) ကျင့်ကြံ ကြိုးကုတ်မှ ပြီးမယ်ဆိုတဲ့ဥစ္စာကော ဧသချာပလား.... (ဧသချာပါပြီ) ဩော်... ဒါဖြင့် ဦးဘအုန်းရေ-ဒီအတိုင်းနေလို့မဖြစ်ဘူးပါဘူး (မှန်ပါ့) ဒို့ဖြင့် တရားနာနေတာဘဲ၊ အပါယ်လေးပါး တံခါးဖြင့် ပိတ်လောက်ပြီထင်ပါရဲ့လို့ သွားပြီးသကာလ မယူနဲ့ဦး-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) နာသားနာတဲ့ကုသိုလ်ကတမျိုး၊ ဝမ်းထဲ ဒိဋ္ဌမပြုတ်လို့ အပါယ်ချမည့် တရားက.... (တမျိုးပါဘုရား) တမျိုးဆိုဘော့ စိတ်ချရပါ့မလား _ (မချရဲပါဘုရား)။

အဲဒါ့ကြောင့် တရားနာတာက ခင်ဗျားတို့သည်ကားဆိုယင်နည်းယူတဲ့ကိစ္စ....(မှန်ပါ့ဘုရား) တရားအတိုင်း ကျင့်မှုကိစ္စသည်

---

* ဥပရိပဏ္ဏာသပါဠိတော်၊ဂဏက မောဂ္ဂလ္လာနသုတ်ကြည့်။

ဓမ္မာနုဓမ္မပဋိပတ္တိကိစ္စ.... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ) အခုနာဇံဝင်္ကိုသွားပြီ တကာတကာမတို့ ဒါ-တရားကိုနည်းပေးပြီးသလား တရား၏အကြောင်းကို ရှင်းလင်းပြီး ပြောဆိုခြင်းမျှသာဖြစ်သေးတယ်နော်.... (မှန်ပါ့) ကျင့်နည်း ကြံနည်း မပေးရသေးပါဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ကျင့်နည်း,ကြံနည်း ပေးပါတော့မယ်တဲ့၊တကာတကဲ့ဓမ္မတို့ အခုဟောမည့်တရားက ဘာပါလိမ့်.... (ကျင့်နည်း ကြံနည်းပါဘုရား) ကျင့်နည်း,ကြံနည်း ပေးမည့်တရား၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ-တဲ့၊ ကျင့်နည်း,ကြံနည်း ပေးရတော့မယ်ဆိုလို့ ရှိယင်ဖြင့် ခုနင်က ရာဟုလာ ကိုးကားထားသဖြင့် ကိုစောမောင်ကျေနပ်ဘို့ ကောင်းပါပြီ... (ကောင်းပါတယ်) ရာဟုလာကို ဘုရားဟောခဲ့တော်မူတဲ့သုတ်ဟာ ရာဟုလာအား ကျင့်နည်း, ကြံနည်း ပေးတဲ့သုတ်ဘဲ....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

ရာဟုလာကို ဘုရားဟောတာသည်.... (ကျင့်နည်း, ကြံနည်း ပေးတဲ့သုတ်ပါဘုရား)။

ရာဟုလာဟာ ဟောလိုက်ပြန်တာနဲ့ ကျွတ်သွားတာလား၊ ဒီအတိုင်း ကျင့်ကြံလို့ ကျွတ်တာလား... (ကျင့်ကြံလို့ ကျွတ်တာပါဘုရား)။

အဲဒီတော့ ဥာဏ်ကလေးကလဲ လှည့်ကြရသေးတယ်နော်.... (မှန်ပါ့) သူက ဓမ္မဒေသနာကုသိုလ်,ဓမ္မဿဝနကုသိုလ်လို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

ဘုန်းကြီးက မမှတ်သားနာကြားရတယ်၊ တရားဟောလိုက်တဲ့အခါ ခင်ဗျားတို့က မမှတ်သားနာကြားရတယ်၊ မင်္ဂလာပါလား လို့ မေးယင်....(မရပါဘုရား)။

ဟော...ဒါဖြင့် နိဗ္ဗာန် အဝေးကြီးကျန်သေးတာဘဲ-(မှန်ပါ့) မင်္ဂလာမှ မရသေးယင် နိဗ္ဗာန်အဝေးကြီးကျန်သေးတာဘဲ၊ မမှတ်သားနာကြားလိုက် နိဗ္ဗာန်ပို့သေးတာမှ မဟုတ်ဘဲ....(မှန်ပါ့)။

မင်္ဂလာမှ နိဗ္ဗာန်မြင်တာ၊ ဒီ ကုသိုလ်က နိဗ္ဗာန် မြင်နိုင်ရဲ့လား (မမြင်နိုင်ပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ) သြော်....ဒါဖြင့် သိပ်အာရေးကြီးနေပါပေါ့လား ဆိုတာ ပေါ်သွားပြီ....(ပေါ်ပါပြီ) မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့ကတော့ ကျုပ်တို့ တရားနာတာ နိဗ္ဗာန်ရောက်တော့မှာဘဲ၊ဟင်....ဒီမှာက ပုဥ္ဇကိုရှိယာဆယ်ပါးထဲကဘဲ ရှိသေးတယ်၊ ဥတ္တရိမနုဿမှ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထဲက လွန်မှ မလွန်သေးဘဲ၊ ဘယ်ကလာ နိဗ္ဗာန်ရမှာတုံး...(မရနိုင်ပါဘုရား) မရနိုင်သေးဘူးဆိုတာ သေချာကြပလား...(သေချာပါတယ်ဘုရား)။

ဒါဖြင့် တရားနာတာ ကုသိုလ်မရဘူးလား....၊ ရသလား...(ရပါတယ်ဘုရား)နိဗ္ဗာန်ရမှာလား၊မရသေးဘူးလား....(မရသေးပါဘုရား)။

မရသေးဘူး၊ နိဗ္ဗာန်က ကျွင့်မှရမှာ....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သေသေချာချာမှတ်ပါတဲ့၊ ဒီမှာ အခု ပြောနေတဲ့ စကားလုံး အသုံးအနှုန်းတွေကိုလဲ ဩဩ.... ဒို့သည်ကားလို့ ဆိုယင် ဒို့အထင်နဲ့ ဒို့အမြင်နဲ့ အကွာကြီး ဖြစ်ဖြစ်နေပါကလား ဆိုတာ ဦးဘရှင်း... ပေါ်ပြီ...(ပေါ်ပါပြီဘုရား) ကိုစောမောင် ပေါ်ပြီနော်....(မှန်ပါ့)မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

အေး... ဒါကြောင့်အခု ပုညကိရိယာဝတ္ထုဆယ်ပါးထဲမှာ သေသေချာချာ ရှင်းလိုက်တော့မှ ဒါန,သီလ,ဘာဝနာ,ဝေယျာဝစ္စ, ပတ်တိဒါန, ပတ္တာနုမောဒန,ဓမ္မသဝန, ဓမ္မဒေသနာ,ဒိဋ္ဌုကမ္မဆိုတဲ့ ဥစ္စာကလုတ်ကျင့်ရမဲ့ တရားထဲကဘဲ ရှိသေးတယ်(မှန်ပါ့) လူကို ကျင့်တဲ့ တရားထက် လွန်မြောက်ပြီး ကျင့်တဲ့တရား ဟုတ်ကဲ့လား (မဟုတ်သေးပါဘုရား)။

မဟုတ်သေးဘူးတဲ့၊ မဟုတ်သေးလို့ရှိယင် ဒါသည်ကားလို့ ဆိုယင် သုဂတိတရားဘဲ ရှိသေးဘယ်....(မှန်ပါ့) နိဗ္ဗာန်တရားက (မဟုတ်သေးပါဘုရား) နိဗ္ဗာန်တရား မဟုတ်သေးဘူးဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီဘုရား)။

ကဲ....ဒါဖြင့် မောင်နိုင်ရေ....နိဗ္ဗာန်တရားကို ပြောကြပါစို့ နော်...(မှန်ပါ့)။

နိဗ္ဗာန်တရားကို ပြောရတော့မယ်ဆိုဘော့ ဗာလပဏ္ဍိတသုတ်ကို မောင်နိုင် ထုတ်ရလိမ့်မယ်၊ နိဒါန်ဝဂ္ဂသံယုတ်ပါဠိတော်မှာနော်....(မှန်ပါ့)။

ဗာလပဏ္ဍိတသုတ်ကို ထုတ်ရလိမ့်မယ်ဆိုတော့ ဘုရားက ကျင့်မှု ရင်ကြောင်းကို သက်သေခံတာယ်...(မှန်ပါ့)။

ဗာလပဏ္ဍိတသုတ်ဆိုတာသည် တကာတကာမတို့ ဘာသက်သေခံတဲ့သုတ်ပါလိမ့်.... (ကျင့်မှု ရင်ကြောင်း သက်သေခံပါတာယ်ဘုရား)ကျင့်မှု ရမယ်ဆိုတဲ့ သုတ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဗာလပဏ္ဍိတသုတ်၊ လူမိုက်နဲ့ လူလိမ်မာ ထူးခြားပုံဟောတဲ့သုတ်....(မှန်ပါ့)။

လူမိုက်က မကျင့်လို့ မရဘူး၊ လူလိမ်မာက ကျင့်လို့ရတယ်ဆိုတာ ဘုရားက ထောက်ခံချက်ပေးတာယ်....(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကဲ....ဒီလိုဆိုတော့ အစကလေးကဘဲ ဒကာတကာမတွေ နည်းနည်းပြပေးပါဦးမယ်...တဲ့၊ ကျင့်မှုရတယ် ဆုတောင်း မရဘူးဆိုတာ ပေါသွားအောင်လို့ နော်....(မှန်ပါ့) ကျင့်မှု ရတယ် ဆုခတောင်းမရဘူးဆိုတာ ပေါသွားဒေါင်။

ကိုင်း ... ဒါဖြင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် သီတင်းသုံးပြီး နေတုန်း ရဟန်းတွေလဲ ဘုရား....တရားဟောမယ်ဆိုပြီးသကာလ ဟောချိန်ရောက်ပြန်တော့ ဝိုင်းပြီးသကာလ နေကြတယ်။

ထိုကဲ့သို့ ဝိုင်းပြီးနေတုန်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မဟောဘဲနဲ့ ရဟန်းတို့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ.... ဘုရားက အမေးထုတ်တယ်။

ဘုရားက အမေးထုတ်တယ်ဆိုဘော့ ဘုရားကလဲ ပဉ္စင်္ဂ၊ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးဆိုပြီးသကာလ ဟို....ည့်သည်တွေ ခုမှ သံသရာ့ခရီးသည် ည့်သည်တွေ မေးတုန်း သံသရာ့ခရီးသည်ကလဲ ခုမှဘဲ ဘုရားနဲ့ မောင်နှိုင်ရဲ့.... ဖွင့်ကြတယ်.... (မှန်ပါ့)။

အဲဒီလို ဖွင့်ကြတဲ့ပဂ္ဂိုလ်တွေ မေးလိုက်တော့ ထိုပဂ္ဂိုလ်တွေက အာန်းနေကြတယ်... (မှန်ပါ့) လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကဆိုပြီး အာန်းပြီးသကာလ နေကြတော့ တပါးက ဝင်လျောက်တယ်၊ အရှင်ဘုရား... တဲ့၊ လူမိုက်နဲ့ လူလိမ်မာဟာ ဘာထူးသတုံးဆိုတဲ့ အဓိပ္ပါယ် အရှင်ဘုရားများ ပဉ္စင်္ဂထွန်းပေါ်လာမှဘဲ တပည့်တော်များ သိခဲ့ရပါဘုရား... ကဿပဘုရား လက်တက်က စ·ပြီး ကဿပဘုရား ပရိနိဗ္ဗာန်စံပြီး သာသနာနှောင်းပိုင်းကတည်းက သစ္စာနဲ့ ပတ်သက်တဲ့ တရားဟူသ၍ လူလိမ်မာ လူးကိုင်ခဲတဲ့ တရားဟူသ၍ဟာ ကွယ်ခဲ့ပါတယ် ဘုရား-၊ အခု အရှင်ဘုရားလက်ထက်မှာပြင့် ခုမှ အရှင်ဘုရားကစပြီး ဟော ရမည့်တရား ဖြစ်နေတော့ ပေါ်လာတဲ့တရား စ,ဟောမယ်ဆိုတာ တပည့်ဖော်တို့ သိနှင့်ထားတာ မရှိပါဘူး... (မှန်ပါ့)ပေါ်ပေါ်လား (ပေါ်ပါပြီဘုရား)။

ကပည့်တော်တို့ သိနှင့်ထားတာ....(မရှိပါဘုရား)မရှိပါဘူးတဲ့ တပည့်တော်တို့မှာ အရှင်ဘုရားပြောမှ အရှင်ဘုရား သွန်သင်မှ အရှင်ဘုရားဆုံးမ·မှ မှတ်သားပြီး လိုက်နာကျင့်ကြံမည့် ပဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဆိုတော့ ကိုစောမောင် တရားဟာ ကဿပဘုရားလက်ထက်ကတည်းက ကွယ်ခဲ့တယ်....(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ အခုပြန်ပေါ်လာတာ ခုလို နဂိုရိုက မိုးစေ့တဲ့အထဲ နေကလေးထွက်လာဘော့ မောင်နှိုင်တို့ လူစုက နေကလေးထွက်လာပြီဟော့ ဆိုယင် တော်တော်ဝမ်းသာသွားမယ်.... (မှန်ပါ!) ဖြစ်လောက်ကဲ့လား တဲ့၊ အခု ဒီနေ့လိုထွက်တဲ့ နေမျိုးကျတော့....(မဖြစ်လောက်ပါဘုရား) အဝတ်စလေးမှ လှမ်းလို့ ရရဲ့လား... (မရပါဘုရား)။

အဲ....ခင်ဗျားတို့ ကျုပ်တို့ ဘုရားဟာလဲ ၄၅-ဝါ တည်းနေသူးတာ အဝတ်လှမ်းလောက်အောင်တောင် မဖြစ်တဲ့ သက်ပိုင်းသိပ်တိုတယ်၊ ခင်ဗျားတို့ ကျုပ်တို့ မမှိလိုက်ဘူး၊ အမွေးနှောက်ကျနေတယ်... (မှန်ပါ)။

ဘာဖြစ်နေသတုံး... (အမွေးနောက်ကျပါတယ်ဘုရား)အမွေးနောက်ကျနေတယ်ဆိုတာ တကာဘကာမတွေက မခံချင်မရှိပါနဲ့၊ ခုမှ လူဖြစ်တာ....(မှန်ပါ!) သဘောကျပလား... (ကျပါပြီ)။

အဲဒီတော့ မှိလိုက်ကြသေးရဲ့လား.... (မမှိသိုက်ပါဘုရား) မမှိလိုက်တော့ လူမိုက်နဲ့ လူသိမ်မာ ဘာထူးသတုံးလို့ ဘုန်းကြီးက ကိုးစာမောင် မေး-မေး၊ ဦးဘရှင်း မေး-မေး မဖြောသာဘဲ ပါဘူး....(မှန်ပါ!)။

တပည့်တော်တို့ သိသလောက်ဖြောရမှာဖြင့် လူမိုက်က မှုးစာယ်, ရူးတယ်ဘုရာ့၊ သုံးတယ်· ဖြုန်းတယ်ဘုရာ့၊ လူသိမ်မာကတော့ မရူးမမှုးဘဲနဲ့ စုဆောင်းမယ်ဘုရာ့၊ ဒါလောက်သိတယ် (မှန်ပါဘုရား) ဒီ့ပြင် ဘာသိဘာရှိသေးသလဲ.... (မရှိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ.... ဘာမှ မဆိုင်ဘူး၊ စုဆောင်းတတ်တဲ့ ပုဂ္ဂိုလ်ကလဲ တဏှာဦးစီးတာ....(မှန်ပါ!) ဟို-ပုဂ္ဂိုလ်ကလဲ တဏှာနဲ့ သူဖျော်

ပါးတာဘဲ_ (မှန်ပါ့) ထူးသေးရဲ့လား.... (မထူးပါဘုရား)
ဒီဟာက နှစ်ယောက်စလုံး လူမိုက်ချည့်ရှိသေးတယ်၊ ခင်ဗျားတို့
သိထားတာက....(မှန်ပါ့) သဘောပါပလား_ (ပါ-ပါပြီ)။
လူလိမ်မာ ပါပလား အဲဒီမှာ....(မပါ-ပါဘုရား)။

သို့သော်_ ခင်ဗျားတို့ကတော့ ခင်ဗျားတို့ အထင် အမြင်နဲ့
ခင်ဗျားတို့ ချိန်ခွင်နဲ့ ချိန်လိုက်တော့ဖြင့် တယောက်ကလူလိမ်မှာ၊
တယောက်က လူမိုက်ဖြစ်နေတယ်....(မှန်ပါ့)။

စင်စစ်တော့ စုဆောင်းတဲ့ပုဂ္ဂိုလ်ကဘဲ့ သူ-တကျွာနဲ့ စုဆောင်း
တာဘဲ....(မှန်ပါ့) သူ-အိုစာ,မင်းစာဆိုပြီး ခန္ဓာငါ့ပြီးသကာလ
ကိုစောမောင် တကျွာနဲ့ စုနေတာဘဲ....(မှန်ပါ့) သူများမပေးရက်
မကမ်းရက် ကုက္ကုစ္စ,ဣဿာ မစ္ဆရတွေကော မများဘူးလား....
(များပါတယ်ဘုရား)။

သူ့ကို ခင်ဗျားတို့က ဘယ်လို ဆိုကြမလဲ.... (လူလိမ်မာပါ
ဘုရား) သွားပြန်ပြီ၊ အဲ....ဒါကတယောက်၊ ရိပ်မိပလား....(ရိပ်
မိပါပြီဘုရား)။

ဟို-ပုဂ္ဂိုလ်ကလဲ မူးကာ ရူးကာနဲ့ တွင်းကရတယ်ဆို တနှစ်မှ
မကြာဘူး ကုန်လိုက်ယင် သောင်းကိုးထောင် ခဏဘဲ၊ ဒီကောင်
ဖြင့် အဆတော်မိုက်တဲ့အကောင်ဘဲ အိမ်ကလေး တလုံးတောင်
မဖြစ်လိုက်ဘူး၊ ဆွမ်း တခါ မကျေးလိုက်ရဘူး သုံးဖြုန်း ရူးလို့
ရှိယင်....(မှန်ပါ့)။

နို့... သူကကော ဘာဖြစ်သတုံး၊ သူကလဲ တကျွာနဲ့ သုံးပစ်
လိုက်တာဘဲ၊ ဟိုက တကျွာနဲ့စုတာ....(မှန်ပါ့) ဘာထူးသဘုံး....
(ဘာမှ မထူးပါဘုရား)။

သို့သော် ခင်ဗျားတို့ အမြင်ဖြင့် ချိန်ခွင်က မပါတော့ ဘာထူးသတုံး....(ထူးပါတယ်ဘုရား)။

ကဲ....ချိန်ခွင် မပေါ်သေးဘူးလားဗျာ.... (မှန်ပါ့)ပေါ်ပြီလား တကာတကာမတို့ ချိန်ခွင် ချိန်တတ်ပလား ... (ချိန်တတ်ပါပြီဘုရား)။

ကိုယ်ချိန်ထားတဲ့ ချိန်ခွင်ကတော့ မဟုတ်သေးဘူးနော် ... (မှန်ပါ့)။

ကဲ... ဒါဖြင့် ချိန်ကြပါစို့ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူမိုက်နဲ့ လူလိမ္မာဟာ...တဲ့၊ ထူးပါတယ်တဲ့၊ လာပုံတော့ဖြင့် အတူတူ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

လာပုံ တူပုံကလေး တကာတကာမတွေ ရှင်းပြလိုက်ပါတယ် ခင်ဗျားတို့ နောက်ဘဝက ဦးဘအုန်းကြီး ဖြစ်စေ၊ ကိုဖသောင်း ဖြစ်စေ၊ ကိုပေါ် ဖြစ်စေ ခင်ဗျားတို့ နောက်ဘဝက လူ့ပြည် ရောက်ကြောင်း ကုသိုလ်တော့ဖြင့် လုပ်ခဲ့ပါလိမ့်မယ်နော်-(မှန်ပါ့ဘုရား)။

လူ့ပြည်ဟာ ဒုက္ခသစ္စာလို့ သိပြီး လုပ်ခဲ့တာလား၊ လူ့ပြည် ရောက်ချင်တာ သက်သက်ဘဲလား... (ရောက်ချင်တာ သက်သက်ပါဘုရား)။

ဟာ... ဒါဖြင့် ခင်ဗျားတို့ လူကို ဒုက္ခသစ္စာလို့ မသိခဲသာကြောင့် နောက်ဘဝက အဝိဇ္ဇာပါတယ်.. (ပါ-ပါတယ်)ရှင်းပလား....(ရှင်းပါပြီ)။

အခု လူဖြစ်လာတာ အဝိဇ္ဇာကင်းရဲ့လား (မကင်းပါဘုရား) သဘောပါရဲ့လား....(ပါ-ပါတယ်ဘုရား)။

လူကို ဒုက္ခသစ္စာလို့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာပါဘဲဆိုယင် ဖြင့် နောက်ဘဝက သိယင် နောက်ဘဝက နိဗ္ဗာန်ရောက်တယ် (မှန်ပါ့)။

သို့သော် အခုတော့ မရောက်ကြောင်းသေချာတယ်၊ ဘာဖြစ်လို့တုံး၊ ခန္ဓာက ရှုထားတာ သက်သေခံနေတယ်.... (မှန်ပါ့)။

နောက်က တကာတကာမတွေ့ ဘယ်သူက သက်သေခံသလဲ (ခန္ဓာက သက်သေခံပါတယ်ဘုရား)။

ခန္ဓာက သက်သေခံထားတော့ ဘဝသစ္စာကြီး ရသလဲ .... (ဒုက္ခသစ္စာကြီးရှုထားပါတယ်ဘုရား)။

အင်း.... ဒုက္ခသစ္စာကြီး ရှုထားတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ နောက်ဘဝက အဝိဇ္ဇာကဖြင့် ဦးစီးလိုက်ပြီ.... (မှန်ပါ့) မောင်နှိုင်-ခပါပြီ.... (ပေါ်ပါပြီဘုရား)။

အေး.... ဦးအောင်ကြီးတို့ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ့ ကိုယ့်ခန္ဓာ ဖြစ်ကြောင်း နောက်ဘဝက ဘယ်သူ ဦးစီးပါလိမ့် .... (အဝိဇ္ဇာဦးစီးပါတယ်ဘုရား)။

ဘုန်းကြီးဟာလဲ လွန်လှချည်လား၊ အဝိဇ္ဇာကြောင့် လူဖြစ်ရတယ် ဖြစ်နေပါ့ပေါ့လား... လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဟုတ်တယ်ကွ အဝိဇ္ဇာကြောင့်.... (မှန်ပါ့) ဘာဖြစ်လို့တုံး ဒုက္ခသစ္စာအကျိုးက ပေါ်နေတယ်....(မှန်ပါ့)။

အဝိဇ္ဇာက ဒုက္ခသစ္စာ ဒုက္ခေ အညာဏံကိုး... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ လူဖြစ်ရတာ ဘယ်သူ့ကြောင့်ပါလိမ့်.... (အဝိဇ္ဇာကြောင့်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

နို့....အဝိဇ္ဇာဟူသည် ဒုက္ခသစ္စာမသိလို့ ရှိပါစေတော့၊ သူ့ဟာသူ မသိပိပိ နေသလားလို့ဆိုတော့ သူက မသိပိပိတာ နေတာ မဟုတ်ဘူး၊ သူ့အဖေါ်ကဝင်လာတယ်၊ သူနဲ့ သဟဇာတဖြစ်တဲ့ အဖေါ်က တဏှာက ဝင်လာတယ်...(မှန်ပါ့)။

သူက ဒုက္ခသစ္စာလို့မသိခအောင် ဖုံးပေးလိုက်တော့ တဏှာဏ ဘကောင်းထင်ပြီး ရချင်တယ်ဆိုတော့ သူတို့ နှစ်ယောက်က ခင်ဗျားတို့ ကျုပ်တို့ကို လုပ်လိုက်တာ...(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘယ်သူ လုပ်လိုက်ပါလိမ့် .... (အဝိဇ္ဇာနဲ့တဏှာ လုပ်လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာက ခေါင်းဆောင်ပြီးသကာလ ကျုပ်တို့ ဒီခန္ဓာကြီး ဖြစ်အောင် မလုပ်လိုက်ဘူးလား .... (လုပ်လိုက်ပါတယ်ဘုရား)။

လူမိုက်ခန္ဓာလဲ သူတို့နှစ်ဦး ခေါင်းဆောင်တာဘဲ.... (မှန်ပါ့) လူလိမ္မာခန္ဓာကော (သူတို့နှစ်ဦးခေါင်းဆောင်တာပါဘဲဘုရား)။

ကဲ .... ဒါဖြင့် ဟုတ်တယ်·မဟုတ်တယ် စဉ်းစားကြည့်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သဘောကျပလား.... (ကျုပါပြီ) အဲဒါ အတိတ်ဘဝဆိုတာ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)။

သခ်ၤါရပစ္စယာ... (ဝိညာဏ်ပါဘုရား) အဲဒါ ပစ္စုပ္ပန်ဘဝ ရောက်လာပြီ...(မှန်ပါ့)မရောက်ဘူးသား ... (ရောက်ပါတယ် ဘုရား)။

ဒီထဲက ဒီ တကာတကာမတွေက ဒီမှာ ကိုယ် ရ,ထားတဲ့ ပါဠိနဲ့ ဆရာသမားက ရှင်းပေးတဲ့အခါကျတော့ ဦးဘရှင်း ရှုပ် သေးရဲ့လား....(မရှုပ်ပါဘုရား)။

အဝိဇ္ဇာပစ္စယာက အဝိဇ္ဇာ၊သခ်ၤါရဆိုတာက ကုသိုလ်သခ်ၤါ ရဆိုတာလဲ တဏှာပါတာဘဲ၊သဘောကျပလား .... (ကျပါပြီ) အဲ....သခ်ၤါရက ဆုန်းတောင်းတွေ့ ဆိုလိုက်လို့ ရှိယင်လဲ ဟုတ်တာ ဘဲ....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ အကုသိုလ်သခ်ၤါရက ဆုတောင်း လုပ်လိုက်ပြန် တယ်၊ ကုသိုလ်သခ်ၤါရက ပြုပြင်သမား လုပ်လိုက်ပြန်တယ်ဆို တော့ တကာတကာမတို့ သခ်ၤါရပစ္စယာ .... (ဝိညာဏ်ပါ့ ဘုရား)ဟာ.... ဝိညာဏ်ဆိုတော့ ခင်ဗျားတို့ ခန္ဓာကြီးပေါ် လာပြီ... (မှန်ပါ့)ပစ္စုပ္ပန်ခန္ဓာကြီး ပေါ်လာတယ်၊ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ တကာ တကာမတို့ နောက်ဘဝက အကြောင်းမရှိဘဲနဲ့ အလိုလိုပေါ်လာတဲ့ မိုးပေါ်ကျ မဟုတ်ပါ ဘူး....(မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့်ပါလိမ့် ... (သခ်ၤါရ ကြောင့်ပါဘုရား) အဝိဇ္ဇာနဲ့ တဏှာကြောင့်... (မှန်ပါ့) ရှင်း ပလား(ရှင်းပါပြီ)တိုတိုပြောလိုက်တော့ အဝိဇ္ဇာသခ်ၤါရကြောင့် (မှန်ပါ့)။

နောက်က တကာတကာမတွေ.... (အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် ပါဘူးရှား)။

အဝိဇ္ဇာ သင်္ခါရကြောင့်ဖြစ်တယ်၊သြော်.... ဒါဖြင့် လူမိုက်လဲ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာဖြစ်တာဘဲ.... (မှန်ပါ့)လူလိမ္မာတွေ ဒီဘဝမှာ လိမ်မာနေတဲ့ ဘုန်းကြီးတို့လိုပဲဂိုလ်တွေ ဒီဘက်က တရားနာနေတဲ့ သံဃာတော်များလို သူတို့က လိမ်မာတယ်ဘုရား....၊တပည့်တော်တို့ကတော့ အိမ်ထောင်ကျမိလို့ မှားနေပြီ ဒီကိုယ်တော်တွေကတော့ လိမ်မာတယ်ဘုရာ့၊ သူတို့မှာ အိမ်ထောင်မရှိတော့ ချမ်းသာတယ်ဘုရာ့၊ သူတို့ကို လူလိမ်မာဘဲ ထားပါတော့ ခင်ဗျားတို့က.... (မှန်ပါ့)။

ဒီကိုယ်တော်တွေလဲ ဘယ်ကကြွလာတာတုံး မေးလို့ရှိယင် ဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာက ကြွလာတယ် .. (မှန်ပါ့)ပေါ် ကြပလား... (ပေါ်ပါပြီ)ဘယ်ကလာတာတုံး.... (အဝိဇ္ဇာပစ္စယာ သင်္ခါရာကလာတာပါဘုရား)။

အင်း....ဒီဘဝကျမှသာ အဝတ်ထူးပြီးသကာလ အနေထူးနေကြတာကိုး....(မှန်ပါ့)လာပုံကတော့.... (တူပါတယ်ဘုရား)။

ဒါဖြင့် ရဟန်းတွေကို ဘုရားကမေးတယ်၊လူမိုက်လဲ အဝိဇ္ဇာပစ္စယာသင်္ခါရာက လာတာဘဲကွ၊သဘောကျပလား....(ကျပါပြီ) လူလိမ်မာလဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာကြောင့် လူလိမ်မာဆိုတဲ့ ခန္ဓာငါးပါးဖြစ်တာဘဲ... (မှန်ပါ့) ဘာထူးသတုံးကွ၊ မေးတော်မူတယ်....(မထူးပါဘုရား)လာပုံကတူနေတယ်။

တကာတကာမတို့ လာပုံက....(တူနေပါတယ်ဘုရား)အတိုင်

အဓကြောင်းက....(တူပါတယ်ဘုရား) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် ဒီဘဝလဲတူတာ ပြပါဦးမယ်ကွာတဲ့၊ ငါဘုရားဘဲ ပြပါမယ်တဲ့၊ဒီဘဝလဲ တူပါသေးတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဘဝလဲ တူပါသေးတယ်တဲ့ မင်းတို့၊ အတိတ်ကတွင် တူကြတာမဟုတ်ပါဘူးတဲ့၊ဒီဘဝလဲ ဝိညာဏပစ္စယာ နာမရူပံဆိုတော့ သူ့လဲ နာမ်-ရုပ်ရှိတာဘဲ၊ ဘုန်းကြီးတို့မှာလဲ နာမ်- ရုပ် ရှိတာဘဲ၊ ခင်ဗျားတို့မှာကော....(နာမ်ရုပ်ရှိပါတယ်ဘုရား) တူကြတယ်.... (မှန်ပါ)။

ဒီဘဝမှာလဲ ဝိညာဏ်မှာလဲ တူတယ်၊ နာမ်ရုပ်မှာကော .... (တူပါတယ်ဘုရား)သဘောပါလား_ (ပါ-ပါပြီဘုရား)။

ကဲ_ နာမရူပပစ္စယာ မောင်နှိုင်က ရှတ်စမ်းပါ .... (သဠာယတနံပါဘုရား)။

သဠာယတနဆိုတာ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်၊ ဒီကိုယ်တော်တွေလဲ ရှိတာဘဲ၊ ခင်ဗျားတို့မှာကော.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ဘဝလဲ ဘာဖြစ်နေကြပြန်သလဲ .... (တူပါတယ်ဘုရား)တူသေးတာဘဲ၊ ဒါဖြင့် အတိတ်ကလဲ တူခဲ့တယ်၊ ပစ္စုပ္ပန်ဘဝမှာကော....(တူပါတယ်ဘုရား)။

ကဲ... တခါသွားပါဦး၊'နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော'တဲ့၊ ဒီကိုယ်တော်တွေလဲ ဖဿပေါ်တာ

ဘဲ....(ပေါ်ပါတယ်ဘုရား) အာရုံနဲ့ထိခိုက်တဲ့ ဖဿ...(မှန်ပါ့) ခင်ဗျားတို့မှာကော...(ပေါ်ပါတယ်ဘုရား) ဒါဖြင့် ဒီမှာလဲ တူတုန်းဘဲ....(မှန်ပါ့)။

ပစ္စုပ္ပန်ဘဝမှာလဲ....(တူတုန်းပါဘဲဘုရား) တူကုန်းဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဖဿပစ္စယာ သုခဝေဒနာ ဆိုတော့ကော.... (တူပါတယ်ဘုရား) ဖဿပစ္စယာ ဒုက္ခဝေဒနာ.... (တူပါတယ်ဘုရား)ဖဿပစ္စယာ ဥပေက္ခာဝေဒနာကော-(တူပါတယ်ဘုရား) ကိုယ်တော်တွေ့လဲ ဝေဒနာသုံးပါး ခံစားတာဘဲ...(မှန်ပါ့)။

ဟောဒါက ကောင်းတယ်ကွ၊ ဒီဟာင်းက မကောင်းဘူးကွ၊ ဒီဟာက ကောင်းတယ်၊ ဒီသင်္ခန်းက ကောင်းတယ်၊ ဒီသင်္ခန်းက မကောင်းဘူးကွ-ဆိုတာ ဝေဒနာခံစားတာဘဲ....(မှန်ပါ့)။

ခင်ဗျားတို့ကော ဒီအထည်ကကောင်းတယ်၊ ဟိုအထည်ကြဲ မကောင်းဘူးကော....(ခံစားပါတယ်ဘုရား)။

မခံစားကြဘူးလား.... (ခံစားပါတယ်ဘုရား) ဒီကျွဲအောင် ထူးသေးရဲ့လား....(မထူးပါဘုရား) ဒါဖြင့် အတိတ်က မထူးခဲ့၊ ပစ္စုပ္ပန်မှာကော....(မထူးပါဘုရား)။

ဒါဖြင့် ဘယ်ကျမှ လူမိုက်-လူလိမ်မာထူးရမှာတုံး၊ ခုအချိန်မှာဖြင့် အတိတ်ကလဲ မထူးသေး၊ ပစ္စုပ္ပန်မှာလဲ....(မထူးသေးပါဘုရား) မထူးသေးဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ကဲ-ဒါဖြင့် ငါဘုရားထူးတာ ပြောတော့မယ်၊ ရှင်းပလား.... (ရှင်းပါပြီ) ကဲ... ဒါဖြင့် ဝေဒနာသုံးပါးက လူမိုက်လဲ ခံစားရ

တယ်၊ ကိုယ်တော်တွေလဲ ခံစားရတယ်၊ ဒီတကာတကာမတွေကော...(ခံစားရပါဘယ်ဘုရား)။

ဝေဒနာသုံးပါး လှည့်ခံစားနေကြတာဘဲ...(မှန်ပါ့) တခါတလေကျတော့ ခေါင်းကိုက်တယ်၊ လည်နာတယ်၊ ဒုက္ခဝေဒနာခံစားတယ်၊ တခါတလေ စားကောင်း၊ သောက်ကောင်း၊ နေကောင်း သုခဝေဒနာခံစားတယ်....(မှန်ပါ့) တခါတလေ မျက်စိနား,နှာခေါင်း,လျှာတို့က ဥပက္ခာဝေဒနာတွေနဲ့ ကြည့်တာတွေ့ကော....(ဥပေက္ခာပါဘုရား) ဥပေက္ခာဘဲ အတူတူဘဲ မကျေဘူးလား... (ကျပါတယ်ဘုရား)။

ဝေဒနာ သုံးပါးတော့ဖြင့် တန်းတူဘဲရှိကြတယ်၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

ဘာထူးသွားသတုံးဆိုတော့ တကာတကာမတို့ ဝေဒနာပစ္စယာ တဏှာ...လို့ သွားလို့ရှိယင် လူမိုက်ဘက် သွားတယ်.... (မှန်ပါ့) ဇဝေဒနာပစ္စယာ ပညာလို့ဆိုယင် လူလိမ်မာဘက် သွားတယ်... (မှန်ပါ့) ဒီကျမှ ထူးတယ်၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဝေဒနာပစ္စယာ တဏှာဆိုယင်.... (လူမိုက်ဘက်သွားပါတယ် ဘုရား) ဝေဒနာပစ္စယာ ပညာဆိုယင်.... (လူလိမ်မာဘက် သွားပါတယ်ဘုရား)။

ဒါဖြင့် ပေါ်လာပြီ...(မှန်ပါ့) ဩော်....ပစ္စုပ္ပန်ဘဝ ဝေဒနာနောက်က လိုက်ပုံက္ခာသကိုး....(မှန်ပါ့) မောင်နှိုင် ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဘယ်နှယ်တုံး.... (ဝေဒနာနောက်က လိုက်ပုံ ကွာပါတယ် ဘုရား) လူမိုက်ကတော့ ဘာလိုက်သတဲ့တုံး.... (တဏှာလိုက်ပါတယ်) တဏှာလိုက်တော့ ဥပါဒါန်ကံတွေ ဇာတိ, ဇရာ, မရဏ အနာဂတ်ဆက်သွားတယ်.... (မှန်ပါ!) ဒီကနေ ပညာလိုက်လိုက်တဲ့ အခါကျတော့ တဏှာ, ဥပါဒါန်, ကံ လိုက်သေးရဲ့လား.... (မလိုက်ပါဘုရား) ဟိုဘက် အနာဂတ်ဘဝ ဇာတိ, ဇရာ, မရဏ ... (မလိုက်ပါဘုရား)။

ဩော်....ဒါဖြင့် ဒီကျမှထူးတယ်၊ မထူးသေးဘူးလား....(ထူးပါတယ်ဘုရား)။

ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘယ်နေရာမှာ ထူးကြတာပါလိမ့်မတုံးဆိုတော့ ဝေဒနာနောက်မှာ ထူးကြတယ်.... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လူမိုက်နဲ့လူလိမ်မာ ဘယ်နေရာမှာ ထူးကြပါလိမ့်- (ဝေဒနာနောက်မှာ ထူးပါတယ်ဘုရား) ဝေဒနာနောက်ပိုင်းမှာ ထူးကြတယ်၊ ရှေ့သုံးခုက အတူတူဘဲ....(မှန်ပါ!)။

ဝေဒနာသုံးပါး ခံစားတာချင်း.... (အတူတူပါဘဲဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဩော်.... ဒါကြောင့် လူမိုက်နဲ့ လူလိမ်မာ ဘယ်နေရာထူးရမှာပါလိမ့်မတုံး... ဆိုတဲ့ဥစ္စာ တကာတကာမတွေ့ အေးအေးဆေးဆေးနဲ့ ပြောတဲ့အတွက် ခင်ဗျားတို့ ကောင်းကောင်းရှင်းဘို့ကောင်းပြီ - (ရှင်းပါပြီ) မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်လဲ လာပုံက အတိတ်ဘဝက အတူတူဘဲ.... (မှန်ပါ) ဒုဝိဇ္ဇာနဲ့ တဏှာကြောင့်ဘဲ လာကြတာဘဲ....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီဘဝကျတော့ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿကျတော့ ထူးသေးရဲ့လား... (မထူးပါဘုရား) ဝေဒနာကျအောင်ကော.... (အတူတူပါဘုရား) ဝေဒနာပြီးတော့မှ ထူးတာ.... (မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီ) ဘယ်နေရာကျမှ ထူးကြပါလိမ့်.... (ဝေဒနာပြီးတော့မှ ထူးပါတယ်ဘုရား)။

ဝေဒနာနောက်ပိုင်းကျတော့ ကိုစောမောင် လူမိုက်ကဘာတဲ့ ဝေဒနာပစ္စယာ....(တဏှာပါ) လူလိမ်မာက....(ပညာပါဘုရား) ဝေဒနာပစ္စယာ....(ပညာပါဘုရား)။

သြော်...ဒီနေရာ ကွာတာကိုး၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) နေ့ဂက်က တကာတကာမတွေ့ လူမိုက်ဓာ ရွတ်စမ်း ဘာတဲ့....(ဝေဒနာပစ္စယာ တဏှာပါဘုရား)။

အေး.... အဲဒီ တဏှာလာတော့ ဟိုဘက်ရပ်လို့ ရသေးရဲ့လား.... (မရပါ) တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘာဝေါဆိုတော့ ပစ္စုပ္ပန်ဘဝကုန်ရော.... (မှန်ပါ့) ကမ္မဘဝပစ္စယာ ဇာတိဆိုတော့ အနာဂတ်ဒုက္ခသွားဆက်တယ်... (မှန်ပါ့) မဆက်ဘူးလား. (ဆက်ပါတယ်ဘုရား) အဲဒါ...ဘယ်သူပါလိမ့် (လူမိုက်ပါဘုရား)။

ကဲ... ဒါဖြင့် လူလိမ်မာဖြစ်အောင် ထူးအောင် ခင်ဗျားတို့ ဘယ်နှယ်လုပ်မတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာပစ္စယာ ပညာဆိုတော့ တဏှာမချုပ်ဘူးလား....(ချုပ်ပါတယ်) ဥပါဒါန်

ရော.... (ချုပ်ပါတယ်) ကံရော .... (ချုပ်ပါတယ်) ဒါဖြင့် အနာဂတ် အကြောင်းသုံးပါးကော မချုပ်ဘူးလား .... (ချုပ်ပါတယ်) ဒီတော့ အနာဂတ်အကျိုးဖြစ်တဲ့ ခန္ဓာတွေ တကာတကာမတွေ လာသေးရဲ့လား....(မလာပါဘုရား)။

ဒီနေရာမှာ ထူးရမှာကိုး၊ သိမ်းဆည်းတတ်ဘဲ့ ပုဂ္ဂိုလ်က လူလိမ်မာ၊မသိမ်းဆည်းတတ်တဲ့ ပုဂ္ဂိုလ်ဟာ လူမိုက်လို့ ဒို့က ထင်နေတာ မဟုတ်သေးဘူး၊ ဝေဒနာနောက်မှာ ထူးရမှာပါကလား(မှန်ပါ့) ခွဲတတ်ပလား ...(ခွဲဘတ်ပါပြီဘုရား)။

အံမာခလး....ကိုဆောမောင် အတော် ပြောရပါလား .... (မှန်ပါ့) မပြောရပေဘူးလား....(ပြောရပါတယ်) အင်း .... ဒီအဓိပ္ပါယ်မျိုးကို ပြောဘို့ဆိုတော့လဲ ကျုပ်တို့လဲ ဓမ္မကထည်းကလဲ ဒီနေရာ ပြောင်းရလိမ့်မယ်လို့ မသိဘူး.... (မသိပါ)။

ဒါ့ကြောင့် ခုနင်က ရဟန်းတွေက ဘယ့်နှယ်ဖြေသတုံး...၊ အရှင်ဘုရားပြောမှ အရှင်ဘုရားဟောမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရား၊ ကဿပဘုရားလက်ထက်ကဘည်းက တရားကျွတ်ခဲ့ပါပြီ၊ အရှင်ဘုရားက လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံး-လို့ တပည့်တော်တို့ မေးတော့ တပည့်တော်တို့ ဘာဖြေတတ်မယ်ဆိုတော့ ဒီတကာတကာမတွေလဲ ဘယ်ဖြေတတ်မလဲ၊ မဟုတ်ဘူးလား...(မှန်ပါ့)။

မောင်နိုင် ဘယ့်နှယ်တုံး....(မဖြေတတ်ပါ)ဒီတရားသာ မနာဘူးလို့ တရားသာ မကျင့်ဘူးတဲ့ ပုဂ္ဂိုလ်မှန်လို့ ရှိယင် ဒီအဖြေကို ဘယ့်နှယ်လုပ်ပေးမလဲ.... (မပေးနိုင်ပါဘုရား) မပေးနိုင်ဘူးဆို

တော့ ဒါဖြင့် တကာတကာမတို့ ချိန်ခွင်ဟာ တယ်အရေးကြီးပါကလား....(မှန်ပါ့)။

ချိန်ခွင်ဟာ.... (အရေးကြီးပါတယ်) အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်ကြသေးဘူးလား.... (ပေါ်ပါတယ်)။

ကိုင်း.. ဒါဖြင့် ဒီလိုလုပ်ကြပါစို့....တဲ့ မောင်နှိုင်....နော်.... (မှန်ပါ့)ဘုရားက ဖြေလိုက်တယ်၊ ကဲကွာ....လာပုံလဲ အတူတူဘဲ၊ ပစ္စုပ္ပန်ဘဝမှာလဲ အခုတူနေတယ်ကွတဲ့၊ ငါထူးပုံကလေးပြောမယ် ဆိုတော့ လူမိုက်ကတော့ကိုတဲ့ ဇြဟ္မစရိယံ အစရိ-မြတ်တဲ့အကျင့် မကျင့်ဘူးကွတဲ့၊ ဘာတုံးဆိုတော့ မဂ္ဂဇြဟ္မစရိယ မင်္ဂ ပေါ်အောင် မလုပ်ဘူးတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာမင်္ဂ ပေါ်အောင်....(မလုပ်ပါဘုရား) လောကုတ္တရာ မင်္ဂပေါ်အောင်...(မလုပ်ပါဘုရား)။

ဇြဟ္မစရိယံ အစရိ၊ ဇြဟ္မစရိယံ=မြတ်တဲ့အကျင့်ကို အစရိ= မကျင့်ဘူးကွတဲ့....(မှန်ပါ့)။

ဒုက္ခက္ခယာဃာယ=ဒုက္ခကို ကုန်စေခြင်းငှါ၊မဂ္ဂစရိယံ=မင်္ဂအကျင့်ကို၊ အစရိ=မကျင့်ဘူးကွ...တဲ့....၊ သဘောကျပလား....(ကျပါပြီ)မကျင့်တော့ သူ ဘာဖြစ်သတုံးဆိုတော့ တပါးသော ခန္ဓာ

---

* ဗာလပက္ခ၊နှ ဘိက္ခဝေ ဗာလော အစရိ ဇြဟ္မစရိယံ သမ္မာ ဒုက္ခက္ခယာယ။

ပဏ္ဍိတပက္ခ၊ အစရိ ဘိက္ခဝေ ပဏ္ဍိတော ဇြဟ္မစရိယံ သမ္မာ ဒုက္ခက္ခယာယ။

၂၆၃-ဗာလပဏ္ဍိတသုတ်-အာဟုနဝဂ်ိ နိဒါနဝဂ္ဂသံ့ယုတ်။

ပြန်ရတယ်၊ ရှင်းပလား... (ရှင်းပါပြီ) အနာဂတ်ခန္ဓာ ဘယ်နှယ်တဲ့တုံး... (ပြန်ရပါတယ်ဘုရား)။

ဩဩ်....ဒါဖြင့် ဘယ်နှယ်ကြောင့် ကိုစောမောင်-အနာဂတ်ခန္ဓာကြီး ရရှာပါလိမ့်မတုံး (မဂ္ဂဗြဟ္မစရိယမကျင့်လို့ပါ) မဂ္ဂဗြဟ္မစရိယ အကျင့်ကို မကျင့်လို့ အနာဂတ်ခန္ဓာ ပြန်ရတယ်... (မှန်ပါ့) လူလိမ်မာကတော့ မဂ္ဂဗြဟ္မစရိယ အကျင့်ကျင့်လိုက်တဲ့အတွက် ဘာတုံး... (အနာဂတ်ခန္ဓာမရပါဘုရား) ဒါဖြင့် ခုနင်းက ချီးခဲ့တဲ့ စကားနဲ့ သဲ့ဘားကိုက်တယ်... (ကိုက်ပါတယ်ဘုရား) ကိုက်ပြီ၊ ဦးဘရှင်း... သေသေချာချာကိုက်ပြီ... (မှန်ပါ့) ကဲ... ဦးဘအုန်းတို့ ကိုက်ပလား... (ကိုက်ပါပြီ) နောက်တဖန် ပဋိသန္ဓေနေရရင် ဘာတဲ့တုံး... (လူမိုက်ပါဘုရား) ပဋိသန္ဓေ မနေရယင်... (လူလိမ်မာပါဘုရား)။

အဲဒါနဲ့ ကဲ... ဒီက ဗြဟ္မစရိယ ကြားသွင်းမှသာလျှင် လူလိမ်မာနဲ့ လူမိုက်က ရှင်းသွားတယ်... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် တကာတကာမတွေ့ ရှင်းပါ့မလား... (မရှင်းပါဘုရား)။

ဩဩ်... ဒါဖြင့် ဒီတရားမျိုးကို မနာရလို့ ဒီနေရာမှာ ထူးခြားတာကို ကိုယ်မလုပ်မိလို့ ဒီလိုထူးခြားတာကဲ့လို့လဲ ဘုရားကလဲ မဟော... ဆရာသမားကလဲ မပြောဘူးဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ လူမိုက်စခန်းဘက် လှည့်တော့မယ်... (လှည့်ပါတယ်) လှည့်ရုံဘဲ ရှိတော့တယ်... (မှန်ပါ့)။

ကိုယ်က လှည့်ရမှာလား... သူ့ပဋိစ္စသမုပ္ပါဒ်အတိုင်း သူသွားမှာလား... (သူ့ပဋိစ္စသမုပ္ပါဒ်အတိုင်း သူသွားမှာပါဘုရား)။

ဒါဖြင့် ပြဟ္မစရိယအကျင့်ဆိုတာက သာသနာတွင်းမှ ပေါ်လာတယ်....(မှန်ပါ!) ဘာဖြစ်လို့တုံး....ဝိပဿနာကိုး... (မှန်ပါ!) ဝိပဿနာသည် အဋ္ဌကထာဆရာ ဖွင့်တာ ကြည့်ပါလား.... သာသနာသို့ ယော ဟောတိ... ၊ ဝိပဿနာ= ဝိပဿနာသည်.... သာသနာသို့ ယော ဝ=သာသနာရှိမှသာလျှင်၊ ဟောတိ=ဖြစ်နိုင်၏တဲ့၊ ဒါကြောင့် ခုနင်က ပြောခဲ့တယ်၊ သာသနာတွင်းတရား.... (မှန်ပါ!)။

ခင်ဗျားတို့ သာသနာတွင်းတရား, သာသနာပတရားလို့ အစကခြီးခဲ့တာတွေ မပေါ်သေးဘူးလား....(ပေါ်ပါပြီ) ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

အင်း ... ဒါဖြင့် ပြဟ္မစရိယအကျင့် အရေးကြီးလာပြီ .... (မှန်ပါ!)မကြီးသေးဘူးလား....(ကြီးပါတယ်ဘုရား)။

အဲဒီတော့ ပြဟ္မစရိယအကျင့်ကို ကျင့်တော့မယ်ဆိုတော့ ဘယ်လိုကျင့်မှာတုံး မေးတဲ့အခါကျတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ ငါးမျိုးမရဘူးလား....(ရုပါတယ်ဘုရား)။

ဝိညာဏ်... (နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘုရား) ဘယ်နှစ်မျိုးရသလဲ....(ငါးမျိုးရပါတယ်ပါဘုရား)။

အဲဒါကို ပဋိစ္စသမုပ္ပါဒ်လိုလဲ ငါးမျိုးဘဲ၊ ခန္ဓာဖွဲ့လိုက်လဲ... ခန္ဓာငါးပါးသွားဖြစ်တယ်....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်အလိုလဲ.... (ငါးမျိုးပါဘုရား) ခန္ဓာဖဲ့လိုက်ပြန်တော့လဲ....(ငါးမျိုးပါဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါးကို ကိုစောမောင် နောက်က မဂ္ဂငြဟ္မစရိယ အကျင့်လိုက်ရမယ်.... (မှန်ပါ့) ဝေဒနာ ဒီထဲပါသွားပြီ ကိုစောမောင်၊ မပါသေးဘူးလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို နောက်ကနေ မဂ္ဂငြဟ္မစရိယ အကျင့် ကျင့်ရမယ်၊ သဘောကျပလား...(ကျပါပြီဘုရား)။

ခန္ဓာငါးပါးကို.... (မဂ္ဂငြဟ္မစရိယ အကျင့်- ကျင့်ရပါမယ် ဘုရား)။

အဲဒီတော့ မဂ္ဂငြဟ္မစရိယ အကျင့်ဆိုတော့ကို ဘာတုံး-လို့ မေးတဲ့အခါကျတော့ကို ပဋ္ဌာဂမက်ကို ရှေးဦးစွာကျင့်၊ သတိပဋ္ဌာန် ပါဠိတော်က လာပြန်တယ်နော်....(မှန်ပါ့)။

ပဋ္ဌာဂမက်ဆိုတာ ရှေးဦးစွာ ဝိပဿနာရှုတဲ့ မက်ကိုဆိုတာ... (မှန်ပါ့ဘုရား) ပဋ္ဌာဂမက်မရှိဘဲနဲ့ နောက်က ပစ္စဝေက္ခဏလောကုတ္တရာမက် မောင်နိုင် လာကို မလာနိုင်ဘူး-လာနိုင်ပါ့မလား (မလာနိုင်ပါဘုရား)။

နို့ မဟုတ်ယင် ကိုစောမောင် ဥာဏ်စဉ်တွေ ပျက်ကုန်မယ်.... (မှန်ပါ့)မပျက်ပေဘူးလား....(ပျက်ပါတယ်ဘုရား) ရှေ့ပိုင်းက မက်မရောင်က ဥာဏ်စဉ်တွေဟာ ပဋ္ဌာဂမက်ချည့်ဘဲ.... (မှန်ပါ့ဘုရား)။

ရှေ့ပိုင်းက သမ္မသနတို့ ဥဒယဗ္ဗယတို့ ဘင်္ဂ ဘယ အာဒီနဝ တွေဟာ့ မက်၏ရှေ့ပြေးတွေဘဲ....(မှန်ပါ့)။

ဒါကြောင့် ပုဗ္ဗ,က=ရှေ့၊ ဘာဂ,က=အဘို့ ရှေ့.အဘို့ မဂ်မပါဘဲနဲ့ နောက်မဂ်ကို မရနိုင်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် ဝိပဿနာအလုပ်ဟာ မလုပ်မဖြစ်တဲ့ အလုပ်ထဲသွင်းလိုက်ပါ... (မှန်ပါ့)။

တကာတကာမတို့ဘယ်လိုမှတ်မယ်- (မလုပ်မဖြစ်တဲ့အလုပ်ပါဘုရား)။

ဒီ.ပြင်အလုပ်ကို ခင်ဗျားတို့ မလုပ်ချင်နေ၊ ဝိပဿနာအလုပ်လုပ်ကြရမယ်။

ဒီဟာဖြင့် မလုပ် မရှိပါစေနဲ့....၊ နို့.မို့.ယင် မဂ္ဂဗြဟ္မစရိယအကျင့် ခင်ဗျားတို့ ရှိကို-မရှိသေးဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဟာ....တပည့်တော်တို့ ကျောင်းဆောက်ပြီးပြီ၊ ဘုရားတည်ပြီးပြီဘုရာ့၊ ရေကန်တွေလုပ်ပြီးပြီဘုရာ့၊ စုံသို့.ဘုရာ့၊ မဂ္ဂဗြဟ္မစရိယအကျင့်ပါပလားမေးဘို့ လိုနေသေးတယ်....(မှန်ပါ့ဘုရား) မဂ္ဂဗြဟ္မစရိယ အလုပ်က လိုသေးတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် မဂ္ဂဗြဟ္မ စရိယအကျင့်ဘဲ အားကိုးကြပါစေတော့ ဆိုတဲ့ဥစ္စာသည် ပရမ်းပတာဘေးလွတ်အောင်ပြောတာ၊ သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကျုပ် ဘာလိုသေးတုံးလို့ နောက်မပြောပါနဲ့၊ လိုတာ ဆရာဘုန်းကြီးက ဖြည့်ပေးပြီ.... (မှန်ပါ့) တကာတကာမတွေ ဘာလိုသေးတုံး ... (မဂ္ဂဗြဟ္မစရိယအကျင့်ကျင့်ဘို့လိုပါသေးတယ်ဘုရား)။

ဒီ့ပြင်ဟာ ဘာလုပ်နေနေ၊ ဒါ လိုသေးတယ်အောက်မေ့-(မှန်ပါ့) တကာတကာမတွေ့ ကျေနပ်ဘို့ ကောင်းပြီ။

ဒါဖြင့် အားလုံး ယနေ့တရားပွဲမှာ အသားယူပြီးသကာလ ဒို့-ဘာကိုဖြင့် အရေးတကြီး ထားရမယ်ဆိုတာဖြင့် အပေါ်ကြီး ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား) ဘာပေါ်ပါလိမ့်....(မဂ္ဂင်္ဂဟ္မ စရိယအကျင့်-ကျင့်ဘို့ ပေါ်ပါပြီဘုရား)။

ဒီ့ပြင်ဟာတွေ့ ခင်ဗျားတို့က ဆင်ခြေမလဲနဲ့နော်၊ သားကို ဘယ်နှစ်ချီရှိပြီဘုရာ့...ရှင်ပြုပြီးတာ၊ နည်းတာမဟုတ်ဘူး ဘုရာ့ တပည့်တော်ကုန်တာ၊ ဒါမတွ့ကို သွားလုပ်မနေနဲ့ဦး...၊ အဲဒီ ကုသိုလ်က အဲဒီကုသိုလ်တခြား၊ပရမ်းပတာဘေးမလွတ်သေးဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါတွေ့ ခင်ဗျားတို့က အသားယူပြီး ပြောနေတဲ့ပုဂ္ဂိုလ် တွေ့ကလဲ ဆရာကောင်း၊သမားကောင်း မကြုံတော့ ဝိနိပါတိက ဘေးလဲ နားမလည်ဘူး.... (မှန်ပါ့) ဝိနိပါတိကဘေးဆိုတာက မောင်နှိုင် မှတ်ထားစမ်းပါ...(မှန်လှပါဘုရား)။

တနေ့ကလဲ တခါပြောခဲ့ပါတယ်၊ တပေါင်း၊တန်ခူး သစ်ရွက် တွေ့ ခြောက်နေတော့ ကိုစောမောင်က အရင်းကနေပြီး ကိုယ် လှုပ်နိုင်တဲ့အပင်ကို လှုပ်ချလိုက်တာပေါ့.. (မှန်ပါ့) သစ်ရွက်တွေ့ မှန်းခြေပေါက်ကျပါ့မလား....(မကျနိုင်ပါဘုရား)။

ဘယ်လိုကျမလဲ.... (ကျချင်သလိုကျပါ့တယ်ဘုရား) အဲ... ခင်ဗျားတို့ ဒီဥမပြုတ်သေး၊ မဂ္ဂင်္ဂဟ္မစရိယအကျင့်-မကျင့်ရသေး

ယင် ပရမ်းပတာဘေးရှိသေးတယ်၊ ပေါ်ပလား.... (ပေါ်ပါပြီ.
ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ကျွင့်နည်း, ကြံနည်း
ကတော့ဖြင့် ခင်ဗျားတို့ နက်ဖြန်မှ ပြောမယ်။

ကဲ—ယနေ့ ဒီတွင် တော်ကြဦးစို့။

သာမု—သာမု....သာမု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ဗာလပဏ္ဍိတသုတ် (၂)

ည အလုပ်ပေးတရားတော်

(၁၂ - ၆ - ၆၂)

ဗာလပဏ္ဍိတသုတ်ဆိုတာ အလုပ်ပေးမယ်လို့ ပြောတာ မောင်နှိုင်တို့ မှတ်မိပါလိမ့်မယ်နော်....(မှန်ပါ့)။

ဗလဆိုတာ တကာတကာမတို့ ပညာတ်နယ်က ပြောတော့ လူမိုက်ဘဲနော်....(မှန်ပါ့)။

ကိုစောမောင် ပညာတ်နယ်က ပြောတော့ .... (လူမိုက်ပါဘုရား)။

ပဏ္ဍိတဆိုတာ ပညာတ်နယ်က ပြောတော့ လူလိမ်မာ....(မှန်ပါ့)။

သို့သော် ဒီဥစ္စာဒီလိုယူကြပါ၊ လူကမိုက်တယ်ဆိုတဲ့ဥစ္စာက မရှိပါဘူးနော်..(မှန်ပါ့) အတွင်းမိုက်တဲ့ တရားကို.... မိုက်တယ်လို့ ယူပါ....(မှန်ပါ့)။

ဦးဘရှင်း လူကမိုက်တယ်လို့ မရှိပါဘူး....(မှန်ပါ့) အတွင်း

မှာ မိုက်တဲ့တရား·အဝိဇ္ဇာကိန်းလာယင်....(မိုက်ပါတယ်ဘုရား) ပညာကိန်းလာယင်....(လိမ်မာပါတယ်ဘုရား)။

သြော်.... ဒါဖြင့် ပုဂ္ဂိုလ်ကို တင်စားဟောတာပါလား၊ လူ မိုက်နဲ့ လူလိမ်မာဆိုတာ ပညတ်နဲ့ မကင်းလို့ ဟောတာပါလား၊ စင်စစ်အားဖြင့်ဆိုလို့ ရှိယင်ဖြင့် မိုက်တယ်ဆိုတဲ့ဥစ္စာ ပုဂ္ဂိုလ်က ဘယ်မိုက်မတုံး၊ မဟုတ်ဘူးလား .... (မှန်ပါ့) ဒီထဲ မိုက်တဲ့တရား ကလေး ရောက်လာတဲ့အချိန်မှာ မိုက်တယ်....(မှန်ပါ့) လိမ်မာတဲ့ တရားကလေး ရောက်လာတဲ့အချိန်မှာ .... (လိမ်မာပါတယ် ဘုရား) ဒါဖြင့် ပုဂ္ဂိုလ်နဲ့ ဘာဆိုင်သလဲ ... (ဘာမှမဆိုင်ပါ ဘုရား)။

ပုဂ္ဂိုလ်နဲ့ဘာမှမဆိုင်ဘူးတဲ့၊ ဓမ္မက မိုက်လို့ ရှိယင်ဖြင့် ဓမ္မ ကိန်းရာဌာနကြီးဟာ မိုက်လာတယ်၊ဓမ္မက လိမ်မာလာလို့ ရှိယင် ဖြင့် ဓမ္မကိန်းရာဌာနကြီးဟာလဲ လိမ်မာလာတယ်၊ မိုက်စရာရှိလဲ ဓမ္မဘဲ၊ လိမ်မာစရာရှိလဲ....(ဓမ္မပါဘဲဘုရား)။

အဲဒါ ခင်ဗျားတို့ တကာတကာမတွေက ဆုံးမပြီးသကာလ နေတာ ဟော....လူမိုက်နဲ့ မပေါင်းနဲ့နော်၊ ပေါင်းယင် မင်းခက် လိမ့်မယ်၊အမေမိဘတွေက သားသမီးကို ဆုံးမတယ်၊ လူလိမ်မာ နဲ့ပေါင်းကွ၊ ကိုစောမောင် ဒီလိုဆုံးမရမယ်. ဝတ္တရားကိုး.... (မှန်ပါ့)။

ကောင်းရာညွှန်ပြရမည့် ဝတ္တရားရှိပါတယ်ဆိုပြီး ဆုံးမကြ တာဘဲ၊သို့သော် တကာတကာမတွေက သူများဆုံးမပြီးနေငြား သော်လဲ ကိုယ်မိုက်တာနဲ့ ကိုယ်လိမ်မာတာ မသိတာက ဆိုး တယ်....(မှန်ပါ့)။

သူများကိုဆုံးမတာက မှန်တယ်၊ ကိုယ်မိုက်တာနဲ့ ကိုယ် လိမ်မာတာ မသိတာက သာမဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

သူများဆုံးမချင်တဲ့ပုဂ္ဂိုလ်သည် ကိုယ့်အကြောင်း ကိုယ်သိပြီးသကာလ ဆုံးမသွန်သင်ကြလို့ရှိယင်လဲ ဦးဘရှင်း အမှန်ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ လူမိုက်နဲ့ လူလိမ်မာဆိုတဲ့ဥစ္စာ ပညတ်တင်စားပြီးဟောတာ.... (မှန်ပါ့) မင်္ဂလသုတ်မှာလာတာက အသေဝနာစ-ဗာလနံကိုး၊ ဗာလနံ= မိုက်ဖွဲ့တရားကို၊ အသေဝနာစ= မမှီဝဲရခြင်းသည်လည်းကောင်း၊သဘောကျပလား....(ကျပါပြီဘုရား)။

မိုက်တဲ့တရားကို ...(မမှီဝဲရခြင်းသည်လည်းကောင်း) မိုက်တဲ့တရားမှီဝဲယင်ဘာဖြစ်လာမတုံး....(လူမိုက်ပါဘုရား) မိုက်တယ်။

'ပဏ္ဍိတာနဉ္စ သေဝနာ' ဆိုတော့ ပုဂ္ဂိုလ်ပေးထားလို့....၊ ပဏ္ဍိတာနဉ္စ=ပညာတရားကို၊ သေဝနာ=မှီဝဲရမယ်၊ပညာကိုမှီဝဲယင် လိမ်မာလာမယ်....(မှန်ပါ့) အဝိဇ္ဇာမှီဝဲယင်... (မိုက်ပါတယ်ဘုရား) ဝိဇ္ဇာကို မှီဝဲယင်... (လိမ်မာပါတယ်ဘုရား) အဝိဇ္ဇာနဲ့ ဝိဇ္ဇာကို ဟောတာပါကလား... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ဟိုလူနဲ့ မပေါင်းနဲ့ - ဒီလူနဲ့ မပေါင်းနဲ့ ပြောတာလား၊ ကိုယ်ကိုယ်တိုင် အဝိဇ္ဇာနဲ့ မပေါင်းနဲ့ ဝိဇ္ဇာနဲ့ ပေါင်းကဲ့လို့ ဒီလိုဆိုတာလား အကဲခတ် ကြည့်စမ်း.... (ဝိဇ္ဇာနဲ့ ပေါင်းရပါမယ်ဘုရား)။

ကိုယ်ကိုယ်တိုင် ဘာနဲ့ပေါင်းရမှာပါလိမ့်(ဝိဇ္ဇာနဲ့ပေါင်းရမှာပါဘုရား)။

ဝိဇ္ဇာနဲ့ပေါင်း၊ အဝိဇ္ဇာနဲ့....(မပေါင်းရပါဘုရား)။

ပဋိုလ်က မိုက်ဟာလား·ဒီတရားရောက်လာလို့ မိုက်တာလား (ဒီတရားရောက်လာလို့ မိုက်တာပါဘုရား) နို့မဟုတ်လို့ ရှိယင် ဖြင့်....တဲ့ တကဲ်ာတကာမတို့ အယူကလွဲပြီးသကာလ ဟိုပဋိုလ်က သူ့ထဲ တရားကောင်းကိန်းလာယင် လိမ်မာတယ်၊ ခင်ဗျား မပေါင်းနဲ့ ဆိုတဲ့လူက တရားကောင်း ကိန်းလာလို့ ရှိယင် ကိုစောမောင်....(လိမ်မာပါတယ်ဘုရား)။

ဒါဖြင့် ပဋိုလ်နဲ့ဆိုင်ရဲ့လား.... (မဆိုင်ပါ) သူ့မှာ တရားစိမံသလို ခံနေရတယ်....(မှန်ပါ့) ဒါဖြင့် ခင်ဗျားတို့ ဘာနဲ့ပေါင်းရမယ်၊ ဘာနဲ့သင်းရမယ်ဆိုတာလဲ ဗာလပဏ္ဍိတသုတ်မှာ သူဆိုင်လာလို့ မင်္ဂလသုတ် ထည့်လိုက်ပါတယ် ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူနဲ့ပေါင်းရမှာလဲ.... (ဝိဇ္ဇာနဲ့ပေါင်းရမှာပါ) ဘယ်သူနဲ့ မပေါင်းရဘူးလဲ.... (အဝိဇ္ဇာနဲ့ မပေါင်းရပါ) မောင်နှိုင်ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် မင်္ဂလာ မင်္ဂလာဆိုတာက ဧတံမင်္ဂလမုတ္တမံ၊ ဧတံ=ဤတရားသည်၊ မင်္ဂလံ= မင်္ဂလာဆိုတာက "မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတိတိ မင်္ဂလာ" ဆိုတော့ ယုတ်တဲ့တရားဖြတ်တတ်လို့ မင်္ဂလာကိုး-(မှန်ပါ့) ဝိဇ္ဇာက နို့-အကုသိုလ်တွေ့ မဖြတ်ဘူးလား.... (ဖြတ်ပါတယ်ဘုရား) ဝိဇ္ဇာကလေ.... (မှန်ပါ့)။

ဒါဖြင့် တကာတ်ကာမတွေ့က စဉ်းစားတာပေါ့၊ သြော်.... ဒါဖြင့် ဝိဇ္ဇာဆိုတာ သူက အကုသိုလ်ဖြစ်တာဘဲ၊ သူကဖြစ်ပျက်

ရှုလိုက်တော့ မင် ဝိဇ္ဇာကနေပြီး အကုသိုလ်တွေ့ မဖြတ်လိုက်ဘူး လား....(ဖြတ်လိုက်ပါတယ်ဘုရား) ဒါဖြင့် သူ မင်္ဂလာဟုတ် မဟုတ်...(ဟုတ်ပါတယ်)။

"မင်္ဂ•ပါပံ လုနာတိ ဆိန္ဒတိတိ မင်္ဂလာ" ဆိုတဲ့အတိုင်း တဲ့ သူက အကုသိုလ်ဖြတ်လို့ မင်္ဂလာဆိုတော့ ပုဂ္ဂိုလ်ဟောတာလား တဲ့၊ ဓမ္မဟောနေတာလား....(ဓမ္မဟောနေတာပါဘုရား)ဩော်.... ဒါဖြင့် ခင်ဗျားတို့ ယူထားတာအကုန်လဲကုန်ပြီ .... (လဲပါတယ် ဘုရား)။

တကာကြီးလို့င်.... (မှန်ပါ့) ဘယ်•နှယ်မှန်တာတုံး .... (လဲ ကုန်ပါတယ်)လဲကုန်ပြီတဲ့၊ လဲကုန်ပြီ....လဲကုန်ပြီ တကာတကာမ တွေ့ အကုန်လဲကုန်ပြီ၊ ပုဂ္ဂိုလ်တွေ့ တခါတည်း ခင်ဗျားတို့က အင်း....ဘယ်သူ•သားနဲ့•မပေါင်းနဲ့၊ဘယ်သူ•သမီးနဲ့• မပေါင်းနဲ့• ပျက်ကုန်လိမ့်မယ်တဲ့....(မှန်ပါ့)။

ကိုစောမောင် ပျက်တာက အတွင်းကဖျက်နေတာ၊ရိပ်မိကြ မလား....(ရိပ်မိပါပြီ)။

ဦးဘအုန်းကြီး ဘာနဲ့ ပေါင်းမတုံး .... (ဝိဇ္ဇာနဲ့• ပေါင်းရ ပါမယ်)ဝိဇ္ဇာနဲ့ ပေါင်းလို့•ရှိယင်ဖြင့်တဲ့ မင်္ဂလာဖြစ်ပါတယ် .... (မှန်ပါ့) နို့ .... မင်္ဂလာဆိုတာ ဘာတုံးဆိုတော့ မကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ် တဏှာ, ဥပါဒါန်, ကံ,တွေ့ကို ဝိဇ္ဇာက မဖြတ်ဘူး လား....(ဖြတ်ပါတယ်ဘုရား)။

တခုသော ခန္ဓာကိုယ်ကြီးကို ဖြစ်ပျက်ရှုလိုက်တယ်၊ ဝေဒနာ ဖြစ်ပျက်ရှုလိုက်တယ်ဆိုလို့•ရှိယင်ဖြင့် ဖြစ်ပျက်က အနိစ္စနော်....

(မှန်ပါ့)ရှုတာက မဂ္ဂဖြစ်သွားတော့ ဝိဇ္ဇာမဂ္ဂ ဖြစ်မသွားဘူး လား...(ဖြစ်ပါတယ်) ပဋိစ္စသမုပ္ပါဒ် တန်းနိုင်သေးရဲ့လား .... (မတန်းနိုင်ပါဘုရား)။

မတန်းနိုင်အောင် ဘယ်သူက ဖြတ်သတုံး .... (ဝိဇ္ဇာကဖြတ်ပါတယ်)ဒါဖြင့် ဝိဇ္ဇာနဲ့ ပေါင်းပေါ့ဒါမှ မဂ်လာဖြစ်မှာပေါ့.... (မှန်ပါ့)အဝိဇ္ဇာနဲ့ ပေါင်းယင် မဂ်လာဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

အဲ....ဦးဘရှင်းတို့ ဒီအရွယ်ကျမှ ဒါသိရတာ တော်သေးတာပေါ့ဗျာ...(မှန်ပါ့ဘုရား)နို့ မဟုတ်ယင် ခင်ဗျားတို့က သားသမီးတွေကို လူကြီးရယ်လို့ ဆိုပြီးသကာလ ဆုံးမဗျားနေလိုက်တာ နည်းတာမဟုတ်ဘူး၊လက်ညိုးသာ ညွှန်နေတာဘဲ၊ သူမျှားသာညွှန်နေတယ်၊ ကိုယ့်အထဲ ညွှန်တဲ့လက်ညိုး ပါရဲ့လား .... (မပါပါဘုရား)။

အဲ... ညွှန်ရမှာက အခုဘာတဲ့တုံး .... (ကိုယ့်အထဲပါဘုရား) ကိုယ့်အထဲညွှန်ရမယ်... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) ဟ·ဘုန်းကြီးက ကြံကြံဖန်ဖန် ပြောတာလား၊ မဂ်လာဆိုတာ အကုသိုလ်ဖြတ်တာ မဂ်လာခေါ်တယ်လို့ နောက်ဆုံးပိတ် ဘုရား မဟောဘူးလား....(ဟောပါတယ်ဘုရား)။

မဂ်လာဆိုတဲ့ဥစ္စာသည် အကုသိုလ်တရားတွေ ဖြတ်တတ်သော ကြောင့် မဂ်လာဆိုတော့ ဒီဝိဇ္ဇာကို ဆိုနေတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒါဖြင့် ဘာနဲ့ ပေါင်းရမယ် (ဝိဇ္ဇာနဲ့ ပေါင်းရပါမယ်) ဘယ်သူကို ရှောင်ရမယ်....(အဝိဇ္ဇာကို ရှောင်ရပါမယ်) ကိုစောမောင် ရိပ်မိပလား .... (ရိပ်မိပါပြီ)

ဒါဖြင့် အဝိဇ္ဇာ ခန္ဓာကိုယ်ထဲရောက်လာလို့ ရှိယင် အမဂ််လာ.... (မှန်ပါ့) ဝိဇ္ဇာ ခန္ဓာကိုယ်ထဲ ရောက်လာလို့ ရှိယင်.... (မဂ််လာပါဘုရား)။

ဒီနေ့တော့ မဂ််လသုတ်နဲ့ ကိုမနှည်းရှင်းသွားပါပြီ.... (မှန်ပါ့) မောင်နှိုင် ရှင်းပလား....(ရှင်းသွားပါပြီ) ကိုပေါ်တို့ကော.... (ရှင်းပါပြီ)။

ညီအစ်ကိုတွေများ ဆုံးမနေလိုက်တာ မင်းက္ခာ.... လူပေါင်းက သိပ်မှားတာကိုး၊မင်းကိုက မိုက်တဲ့လူနဲ့ ပေါင်းတော့ မိုက်တာပေါ့ကွဆိုတော့ မိုက်ဘဲ့ဟာ လူနဲ့ ပေါင်းတာမဟုတ်ဘူး.... (မှန်ပါ့) မိုက်တတ်တဲ့ အဝိဇ္ဇာနဲ့ ပေါင်းလိုက်လို့ ဘာဖြစ်သွားသတုံး... (မိုက်သွားပါတယ်)လိမ်မာတတ်ဘဲ့ဝိဇ္ဇာနဲ့ ပေါင်းလိုက်လို့ ရှိယင်....(လိမ်မာပါတယ်) လိမ်မာတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အခု ဗာလပဏ္ဍိတသုဘ်ကျလာတော့ ကြည့်စမ်း.. တကာတကာမတို့ ဘာဟောသတုံးဆိုတော့ လူမိုက်ဆိုတာဟော... တဲ့ နောက်ခန္ဓာ ရတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် သူ ဟောတာ.... (မှန်ပါ့)။

လူလိမ္မာကနောက်ခန္ဓာမရဘူးဆိုတော့ မဂ််ကိုသူဟောတာ... (မှန်ပါ့)ဝိဇ္ဇာမဂ််ကို မဟောဘူးလား... (ဟောပါတယ်ဘုရား)။

နောက် ခန္ဓာရတာက အဝိဇ္ဇာကြောင့်.... (မှန်ပါ့) နောက် ခန္ဓာမရတာက....(ဝိဇ္ဇာကြောင့်ပါဘုရား) ဝိဇ္ဇာကြောင့်ဆိုတော့ ကိုစောမောင် လူမိုက် ပါသေးလား.... (မပါပါဘုရား) တရား ကိုယ် စစ်လိုက်တော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မင်္ဂလသုတ်နဲ့ သံယုတ်ပါဠိတော်နဲ့ တထပ်တည်း ထပ်မိသွားတယ်....(ထပ်မိပါတယ်ဘုရား) ဒါဖြင့် ဘာကိုပေါင်းကြမယ်.... (ဝိဇ္ဇာကိုပေါင်းကြပါမယ်ဘုရား) ဘာကို ရှောင်ကြမယ်....(အဝိဇ္ဇာကိုရှောင်ကြပါမယ်ဘုရား)။

ဝိဇ္ဇာပေါင်းယင် မင်္ဂလာ၊ အဝိဇ္ဇာပေါင်းယင်.... (အမင်္ဂလာပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် မိုးလင်းယင် စဉ်းစားကြပေတော့ ခင်ဗျားတို့နော်.... (မှန်ပါ့)။

မိုးလင်းယင် စဉ်းစားကြပေတော့၊ မနက်မိုးလင်းလာပြီဟေ့ ဒီနေ့ မင်္ဂလာနေ့လား၊ အမင်္ဂလာနေ့လားဆိုတာ ကိုယ်.ကိုယ်ထဲ ကိုယ်စစ်ဆေးလိုက်....(မှန်ပါ့)။

ကိုယ်.ကိုယ်ထဲ ကိုယ်စစ်ဆေးလိုက်တဲ့အခါကျတော့ အိပ်ရာက နိုးလာတယ် ဆိုလို.ရှိယင်လဲ နိုးလို. ဖြစ်ပျက် ရှုမိလိုက်ယင် ဟာ... ဒီနေ့ မင်္ဂလာဘဲဟေ.၊ အိပ်ရာက နိုးကတည်းက စားခဏ်း, သောက်ခဏ်းကိုဘဲ သတိရပြီးသကာလ နေမယ်ဆိုလို.ရှိယင် ဘယ်.နှယ်ဆိုကြမလဲ....(အမင်္ဂလာပါဘုရား)။

နိုးနိုးခြင်းဘဲ၊ ဒါဖြင့် သုဝဏ္ဏတံဆိုတဲ့ ကောင်းသော နိုးခြင်းလဲ ဖြစ်သေးရဲ.လား....(မဖြစ်ပါဘုရား)။

ဒါက ပုဗ္ဗဏှသုတ်မှာ မလာဘူးလား....(လာပါတယ်ဘုရား) ကောင်းသော နိုးခြင်း၊ ကောင်းသော ထခြင်း ဖြစ်အောင်ဆိုတာ အဲဒါလဲ မင်္ဂလာဘဲ မဟုတ်လား....(မှန်ပါ့)။

ဒါဖြင့် ကောင်းသော နိုးခြင်း၊ ကောင်းသော ထခြင်း ဖြစ်အောင် နက်ဖြန်က,စ၍ စဉ်းစားတာပေါ့....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုစောမောင်ကို အိပ်ရာထဲက ထတက်ပလား မေးယင်.....(ထ,တက်ပါပြီဘုရား) ဘာနဲ့လဲ မင်္ဂလာနဲ့ ထ,မလား.... (မှန်ပါ့) အမင်္ဂလာနဲ့ တော့.....(မထ,ပါဘုရား) မထ,ဘူးဆိုတာ သေချာကြပလား.....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကောင်းသော အိပ်ခြင်းကောအိပ်တက်ပါပလား.....(အိပ်တက်ပါပြီ) အဲ... ဖြစ်ပျက်ရှုပြီး အိပ်ပေါ့ဗျာ.....(မှန်ပါ့)ကောင်းသော နိုးခြင်းကော....(နိုးတက်ပါပြီဘုရား)။

နိုးတက်ပါပြီဆိုတော့ အိပ်တုန်းကလဲ မင်္ဂလာနဲ့ အိပ်ပါနော်(မှန်ပါ့)နိုးတဲ့အခါလဲ....(မင်္ဂလာနဲ့ နိုးပါတယ်ဘုရား)။

ဒါဖြင့် ဝိဇ္ဇာ အဖေါ်လုပ်ပေါ့.... (မှန်ပါ့)နောက်က တကာတကာမတွေ့....(ဝိဇ္ဇာ အဖေါ်လုပ်ပါတယ်ဘုရား) ဝိဇ္ဇာအဖေါ်လုပ်ရမယ်ဆိုတာ သေချာပလား.....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မင်္ဂလာဆိုတဲ့ဥစ္စာ ပဋိလ်နဲ့ ပေါင်းသင်းမှုကိုဆိုတာလား....၊ ဓမ္မနဲ့ ပေါင်းသင်းမှုကို ဆိုတာလား.... (ဓမ္မနဲ့ပေါင်းသင်းမှုကို ဆိုတာပါဘုရား)။

ကိုပေါ်.... အတော်ရှင်းပလား.....(ရှင်းပါပြီ) မောင်အောင်သိန်းတို့ ရှင်းမသွားဘူးလား .... (ရှင်းပါတယ်ဘုရား) မောင်

အောင်ချိတို့ကော....(ရှင်းပါတယ်ဘုရား)ဘာနဲ့ ပေါင်းကြမလဲ--(ဓမ္မနဲ့ ပေါင်းရပါမယ်ဘုရား)ဓမ္မနဲ့ ပေါင်းရမယ်၊ ဓမ္မက မိတ်စစ်၊ ကိုစောမောင် ပုဂ္ဂိုလ်က ဘာဆိုင်သတုံးဗျ၊ ပုဂ္ဂိုလ်က ဘာလုပ်တတ်သတုံး...(ဘာမှ မလုပ်တတ်ပါဘုရား)။

ပုဂ္ဂိုလ်ဆိုတာ ပညတ်၊ ဓမ္မက ပရမတ်၊ မိုက်တဲ့ ပရမတ်နဲ့ ပေါင်းယင်....(မိုက်ပါတယ်ဘုရား)လိမ်မာတဲ့ ပရမတ်နဲ့ ပေါင်းယင်....(လိမ်မာပါတယ်ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ အယူအဆ သိပ်လွဲနေတယ် ဆိုတော့ ခုနင်က"မင်္ဂ•ပါပံ လုနာတိ ဆိန္ဒတိတိ မင်္ဂလံ"ဆိုတဲ့ဥစ္စာလဲ အကုသိုလ်ဖြတ်မှ မင်္ဂလာဆိုတော့ သြော်.... ဝိဇ္ဇာဆိုနေတာပါကလား၊ ဝိဇ္ဇာနဲ့ ပေါင်း....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီ) အဝိဇ္ဇာရှောင်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သြော်....ဒို့သည်ကားလို့ဆိုယင်ဖြင့် ဒီ ဆရာသမားတွေနဲ့မှ မတွေ့လို့ရှိယင် ယူမိ ယူရာ ယူနေမှာဘဲ....(မှန်ပါ့)။

ကိုစောမောင်.... ဘယ်•နှယ်တုံး .... (ယူမိယူရာ ယူနေမှာပါဘုရား)။

ယူမိယူရာကလဲ အလွဲ၊ ဟိုကောင်နဲ့ မပေါင်းနဲ့၊ ဟိုတကာမနဲ့ မပေါင်းနဲ့၊ ကိုပေါ် ဒါဘဲ ဆုံးမ-နေတယ်.... (မှန်ပါ့)။

ကိုယ် ပေါင်းနေတာကော... (လွဲပါတယ်ဘုရား) မရိပ်မိဘူး ကိုယ်ကတောင် ဆရာလုပ်နေလိုက်သေးတယ်...(မှန်ပါ့)။

ပေါင်းတာ ကိုယ်က အဝိဇ္ဇာနဲ့ ပေါင်းပြီး ဟိုပေါ်မှာ ဆရာလုပ်နေသေးတယ်ဆိုတော့ ကိုစောမောင်.... ဘယ်နှယ်တုံး .... (မတော်ပါဘုရား) မစောဘူးဆိုတာကော တကာတကာမတွေ့ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဗာလပဏ္ဍိတဆိုတာ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဗာလက တကာတကာမှတို့ အဝိဇ္ဇာကိုဆိုလိုတာနော်(မှန်ပါ့) ပဏ္ဍိတက ဝိဇ္ဇာကို ဆိုပါတယ်ဆိုတာ သဘောကျပလား....(ကျေပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဗာလ ပဏ္ဍိတသုတ်ကို ကျွန်ုပ်တို့ စ-ကြပါစို့ ဒီနေ့ အလုပ်ပေးမယ်လို့ မနေ့က ကတိ ထားပစ်ခဲ့တာယ်နော် .... (မှန်ပါ့)။

အဲဒီတော့ မနေ့ကဟာကလေး မောင်နိုင်....ပြန်စ-လိုက်တာပေါ့နော်... (မှန်ပါ့) လူမိုက်မှာလဲ ပညတ်တင် ဟောလိုက်ယင် အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဝိဇ္ဇာသင်္ခါရကြောင့် .... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖြစ်ပါတယ်) ဖဿ ဝေဒနာကျအောင် သွားလိုက်....(မှန်ပါ့)။

ကိုစောမောင် အဝိဇ္ဇာသင်္ခါရကြောင့်.... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပါတယ်ဘုရား) တကာကြီးလိုင် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အတိတ်က ဘယ်သူတုံးလို့ မောင်နိုင်-မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ....(အဝိဇ္ဇာသင်္ခါရပါဘုရား) အဝိဇ္ဇာနဲ့ သင်္ခါရ၊ အတိတ်က နှစ်ခု၊ ပစ္စုပ္ပန်မှာ ငါးခု၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ ငါးခုနော်....(မှန်ပါ့)။

အတိတ်က ဘယ်နှစ်ခုပါလို့မှ....(နှစ်ခုပါဘုရား) အတိတ်က နှစ်ခုဆိုတာ ဘယ်ဟာလဲ နောက်ဘဝက အဝိဇ္ဇာသင်္ခါရ၊သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ဘဝက....(အဝိဇ္ဇာသင်္ခါရပါ) ဒီဘဝမှာ....(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘုရား)။

ဒါဖြင့် အဲဒါ ပေါင်းလိုက်တော့ ခန္ဓာငါးပါးလို့ မနေ့က ဟောခဲ့တယ်....(မှန်ပါ့)ဒီခန္ဓာငါးပါး ဘယ်သူ တည်ထောင်ပါလိမ့်မတုံး မေးတော့ လွန်ခဲ့တဲ့ဘဝက အဝိဇ္ဇာသင်္ခါရက တည်ထောင်တယ်၊ ရှင်းပလား... (ရှင်းပါပြီ) ဘယ်သီကြား ဗြဟ္မာဘုရားလာပြီး ဖန်ဆင်းတာ ဟုတ်သေးရဲ့လား .... (မဟုတ်ပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဒါဟာလူလိမ်မာဖြစ်မည့်ပုဂ္ဂိုလ်မှာလဲ မောင်နိုင်ရေ-အတိတ်အကြောင်းက ထူးသေးရဲ့လား...(မထူးပါဘုရား)။

အတိတ်အကြောင်းက လူလိမ်မာမှာလဲ အဝိဇ္ဇာသင်္ခါရ၊ ဒီဘဝရတာကော....(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘုရား)မိုက်တဲ့ပုဂ္ဂိုလ်မှာကော....(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါဘဲဘုရား) အတိတ်အကြောင်းကကော

(အဝိဇ္ဇာနဲ့ သင်္ခါရပါဘဲဘုရား) အတိတ်အကြောင်းကလဲအဝိဇ္ဇာ သင်္ခါရဘဲ....(မှန်ပါ့)။

ကိုပေါ်....(မှန်ပါ့) ဒါဖြင့် အဘိတ်ကတူကြတယ်၊ ပစ္စုပ္ပန် အရမ္မာကော....(တူပါတယ်ဘုရား)။

ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွယ်ဟို့ ရဟန်း တွေကိုမေးတော့ တပည့်တော်တို့ မကြားတတ်ပါဘုရား၊ ကဿပဘုရား ထက်ထက်က တရားကွယ်လို့ ဒေဝဒတ်ဘုရားက အခု စ,ဖေးတော့ အရှင်ဘုရားကို ဖြစ်ရာအကုန် ဟာ တရားတွေကွယ်ပြီးသေးဖြစ်လို့ တပည့်တော်တို့ မသဖြစ်ခင် ပါဘုရား၊ ယခုအချိန်မှာဖြင့် အရှင်ဘုရားမြတ်မှ ဆိုမှသာလျှင် တရားစစ်ကို ကြားရမည့် သဘောဖြစ်ပါတယ်၊ ဒါဖြင့် အရှင်ဘုရားဘဲ အမိန့်ရှိပါလို့ ပြောတဲ့အခါကျတော့ မဒန္ဒ ဘုန်းကြီးတို့ ရှင်းပေးတယ်၊ ဒေဒနဲ့ဒနုဒက်က ဟဏ္ဍာ, ဥပါဒ်, ကံလိုက်ယင် ဘာတဲ့တုံး...(လူမိုက်ပါဘုရား) လူမိုက် ရှင်းကြပါလား...(ရှင်းပါပြီ)။

ဒဝဒနုဒနုဒက်က....(ဥပါဒါန့်, ကံလိုက်ယင်လူမိုက်ပါဘုရား) တဏှာထည်ပါဦး...(ဟဏ္ဍာ,ဥပါဒါန့်, ကံ လိုက်ယင် လူမိုက်ပါဘုရား)ဒဝဒနုဒပဗွယာ ကဏှာကိုးနော်...(မှန်ပါ့)။

နောက်က တကာတကာမတွေ ဒဝဒနုဒနုဒက်က...တဏှာ လိုက်ယင်ဘာတုံး....(လူခိုက်ပါဘုရား)။

ကဲ-ဦးဘရှင်းက တဏှာ,ဥပါဒါန့်, ကံ မလိုက်ဘူးတဲ့၊ ဘယ့်နှယ် ဆိုမလဲ....(လူလိမ်မာပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဩော် — ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောလိုက်တဲ့ အခါကျတော့ အရှင်းကြီး ရှင်းသွားတော့တယ်ဆိုတဲ့ဥစ္စာ ကိုစောမောင် ပေါ်ရောပေါ့....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ဟာပ်တွေလဲ ဝေထားတော့ ကြည့်လိုက်တာပေါ့—(မှန်ပါ့) အင်း...လူမိုက်ကဘာပါလိမ့်မတုံး၊လူလိမ်မာက ဘာပါလိမ့်မတုံး ဆိုတဲ့ဥစ္စာ ပေါ်လာတယ်... (မှန်ပါ့)။

ကဲ....ဒါဖြင့် အတိတ်မှာတူနေတယ်နော်....(မှန်ပါ့)ပစ္စုပ္ပန်မှာလဲ ခန္ဓာငါးပါးရတယ် .... (တူပါတယ်ဘုရား) သို့သော်လဲတဲ့ အပေါင်းအသင်းလဲတယ်၊ လူမိုက်က တဏှာ, ဥပါဒါန်, ကံနဲ့ ဖပေါင်းတယ်....(မှန်ပါ့) သဘောကျပလား—(ကျပါပြီ)လူလိမ်မာက....(ပညာနဲ့ပေါင်းပါတယ်ဘုရား)ပညာနဲ့ပေါင်းတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

လူလိမ်မာက ပညာနဲ့ပေါင်းတယ်၊ လူမိုက်က အဝိဇ္ဇာနဲ့ ဖပေါင်းတယ်၊ကဲဒါဖြင့်အပေါင်းမှားတော့ ကိုစောမောင်ကြီးပဲ့ဝး သလား ဆုတ်ယုတ်သလားလို့ မေးတော့ကို ခုနင်က လူမိုက်မှာ တဏှာ,ဥပါဒါန်,ကံတွေနဲ့ ပေါင်းမိတဲ့ အတွက် ဇာတိ, ဇရာ မရဏရတယ်၊ မရဘူးလား .... (ရုပါတယ်ဘုရား) လူလိမ်မာက မဂ်ပညာနဲ့ ပေါင်းမိတဲ့အတွက် တဏှာ,ဥပါဒါန်, ကံက ဘယ်နှယ်နေသလဲ...(မလာပါဘုရား)နောက် ဇာတိ,ဇရာ,မရဏက...(မရပါဘုရား)မရဘူး၊သြော်.... တယ်ထူးပါကလား .... (ထူးပါတယ်ဘုရား)။

ဒါဖြင့် လူလိမ်မာက ဆင်းရဲသိမ်းတယ်၊ သဘောကျပလား (ကျပါပြီ) လူမိုက်က ဆင်းရဲဆက်တယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

လူလိမ်မာက...(ဆင်းရဲသိမ်းတယ်) လူမိုက်က...(ဆင်းရဲဆက်ပါတယ်ဘုရား) ဒါဖြင့် ဘယ်ဟာကြိုက်သလဲ...(ဆင်းရဲသိမ်းတာကြိုက်ပါတယ်ဘုရား)ဆင်းရဲသိမ်းတာ ကြိုက်တယ်နော်....(မှန်ပါဘုရား)။

သြော်.... ဒါဖြင့် ဆင်းရဲသိမ်းတာ ကြိုက်လို့ရှိယင်ဖြင့်....တဲ့ ဆင်းရဲသိမ်းကြပါစို့လို့ပြောရတယ်...(မှန်ပါ)။

ဘုရားကဟောတာက ဘယ်လိုဟောလိုက်သတုံး...ဆိုဟာ့ ကွာတဲ့ လူလိမ်မာကတော့ကိုတဲ့ အဝိဇ္ဇာနဲ့တဏှာ ချုပ်စေတယ်ကွ၊ ရှင်းပလား....(ရှင်းပါပြီ) လူမိုက်ကတော့ အဝိဇ္ဇာနဲ့တဏှာမချုပ်စေတဲ့အတွက် နောက်ခန္ဓာဆိုတဲ့ ဇာတိဇရာမရုဏာဒုက္ခပရိဒေဝတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

သြော်....ဒါဖြင့် တဏှာဥပါဒါန် ချုပ်မှသာလျှင် လူလိမ်မာဖြစ်မယ်_(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဝိဇ္ဇာတဏှာချုပ်မှု.... (လူလိမ်မာ ဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာတဏှာမချုပ်ယင်....(လူမိုက်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာတဏှာရှေ့နားမှာ မောင်နှိုင် ဘယ်သူရှိသတုံး မေးလို့ရှိယင် ခန္ဓာငါးပါးရှိတယ်....(မှန်ပါ)။

အဝိဇ္ဇာတဏှာရှေ့နားမှာ.... (ခန္ဓာငါးပါးရှိပါတယ်ဘုရား)

ပဋိစ္စသမုပ္ပါဒ်မှာလေ.... (မှန်ပါ့) ဟို...တဏှာဆိုတာ အဝိဇ္ဇာနဲ့ တွဲလျက်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

တဏှာဆိုတာ.... (အဝိဇ္ဇာနဲ့ တွဲလျက်ပါဘုရား) မသိလို့ တဏှာဖြစ်တာကိုး၊ သူ သဟဇာတပေါ့နော်....(မှန်ပါ့)။

အဲဒီတော့ အဝိဇ္ဇာတဏှာ ဥပါဒါန်ကံ ဆိုတဲ့ဥစ္စာသည် လူ့ မိုက်၏လမ်းစဉ်... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)။

အဝိဇ္ဇာတဏှာ ချုပ်တယ်မဟုတ်လား၊ တကာ တကာမတို့ ဥပါဒါနံ့ကံပါ မချုပ်ဘူးလား... (ချုပ်ပါတယ်ဘုရား) လူလိမ်မာ၏ လမ်းစဉ်လို့ဆိုယင် လွဲပါ့မလား... (မလွဲပါဘုရား)။

အေး... ဒါ့ကြောင့် နောက်က တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ် ကပ်ပြားတွေလဲ ဝေထားလို့ ခင်ဗျားတို့ အခုလဲ သေသေချာချာ ရှင်းရှင်းလင်းလင်း ပြောပါ့မယ်နော်....(မှန်ပါ့ ဘုရား)။

ပြောတော့ကိုတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုက အခု ဗာလပဏ္ဍိတသုတ်မှာ နိဂုံးချုပ်လိုက်တဲ့အခါကျတော့ ဘာ ပြောသတုံးဆိုတော့ လူမိုက်ကကွာ ဇြဟ္မစရိယအကျင့်ကိုမကျင့် ဘူး။

ဦးဘရှင်း ဘာတဲ့တုံး... (လူမိုက်က ဇြဟ္မစရိယ အကျင့်ကို မကျင့်ပါဘုရား)။

အဲဒါစားလိုသုံးနေတာ၊ ခင်ဗျားတို့ ဝိပဿနာ မရှုဘူး ပြော နေတာ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လူမိုက်က....(ဝိပဿနာမရှုပါဘုရား) လူလိမ်မာက....(ဝိပဿနာ ရှုပါတယ်ဘုရား)။

ဝိပဿနာရှုလိုက်တော့ ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်မှာ စဉ်းစား ကြည့်မတော့ တဏှာ,ဥပါဒါန်,ကံ လာသေးရဲ့လား....(မလာပါ ဘုရား) မောင်နိုင် ရှင်းပြီ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ တဏှာ ဥပါဒါန် ကံ ချုပ် တယ်... (မှန်ပါ့)အဝိဇ္ဇာ တဏှာဥပါဒါန် ကံ အကုန်ချုပ်တယ်.... မရှုတဲ့ပုဂ္ဂိုလ်မှာဖြင့် ဦးဘရှင်းတို့....(အဝိဇ္ဇာ တဏှာဥပါဒါန် ကံ မချုပ်ပါဘုရား)။

မချုပ်တော့ အနာဂတ်ဘဝ လာ·မလား.... (လာပါတယ် ဘုရား) လာမယ်ဆိုတာ သေချာကြပလား....(သေချာပါတယ် ဘုရား) ဒါဖြင့် သူက ဒုက္ခဆက်တယ်ပေါ့....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ ရှင်းပါရဲ့လား.... (ရှင်းပါ တယ်ဘုရား)။

ဒါဖြင့် တရားကို ဒီလိုသိထားတော့မှ ခင်ဗျားတို့ ပဋိစ္စ သမုပ္ပါဒ်ဆက်တဲ့ တရားဟူသ၍ အမှား....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရားဟူသ၍.... (အမှန်ပါ ဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့တရားဆိုယင်.... (အမှားပါဘုရား)။

အမှားသော်ငင်း ဖြစ်ရမယ်၊ ဝေနေယျ၌ပြီး သူက သုဂတိ လောက်တန်လို့ သုဂတိပို့တဲ့တရားလို့ မှတ်ရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မောင်နိုင်တို့ကို ဘုန်းကြီးက ရှင်းပေးနေတာ ကာ ပုံစံနဲ့ ရှင်းပေးနေတာပါကလား မောင်နိုင်.... (မှန်ပါ့) ဒီအတိုင်း အာရုံးရှင်းတာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

အာရုံးရှင်းတာမဟုတ်၊ ခင်ဗျားတို့ဉာဏ်ထဲမှာ အခု ပဋိစ္စသမုပ္ပါဒ် တန်းမိပြီမဟုတ်လား... (မှန်ပါ့)။

အင်း....ဒါဖြင့် တဏှာရှေ့နားမှာ ခန္ဓာဘယ်နှစ်ပါးရှိသလဲ-(ငါးပါးရှိပါတယ်ဘုရား) ပညာရှေ့နားမှာကော....(ခန္ဓာ ငါးပါးဘဲ ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခန္ဓာငါးပါးကို တဏှာနဲ့ပညာ လဲပေးတယ်-(မှန်ပါ့) ပေါ်ပြီပေါ့...(ပေါ်ပါပြီဘုရား)။

ခန္ဓာငါးပါးမှာ အဝိဇ္ဇာနဲ့ပညာ လဲပေးဆိုလဲ ဟုတ်တာဘဲ၊ ဘာ့ကြောင့်တုံး၊ တဏှာနဲ့အဝိဇ္ဇာနဲ့က သဟဇာတမို့ တွဲဘက်ကိုး၊ အဝိဇ္ဇာနဲ့ ဝိဇ္ဇာက လဲပေးရမယ်....(မှန်ပါ့)။

ဒါဖြင့် သူ့ရှေ့နားမှာ အဝိဇ္ဇာ တဏှာရှေ့နားမှာလဲ ခန္ဓာငါးပါးဘဲရှိတယ်...(မှန်ပါ့) ပညာရှေ့နားမှာလဲ....(ခန္ဓာ ငါးပါးဘဲ ရှိပါတယ်ဘုရား) ခန္ဓာငါးပါးဘဲရှိတယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် ရှေ့နားမှာ ခန္ဓာငါးပါး ရှိကြတာချည့်ဘဲ၊ လူမိုက်က ခန္ဓာငါးပါးမသိတာနဲ့ ခန္ဓာ၏ အကျိုးအကြောင်း၊ ခန္ဓာ၏ အဖြစ်ပျက်၊ ခန္ဓာ၏ ဒုက္ခသစ္စာဆိုတာ မသိတာနဲ့ကိုယ့်ခန္ဓာကိုယ် မသိလို့ ခင်· ခင်လို့ စွဲလမ်း၊ စွဲလမ်းလို့ နောက်ခန္ဓာရအောင် အားထုတ်တယ်၊ အားထုတ်လို့ နောက်-ဇာတိ ဇရာ မရဏ လာတယ်...(မှန်ပါ့)။

ဒါ....ပဋိစ္စသမုပ္ပါဒ်အတိုင်း ပြောတာဘဲ....(မှန်ပါ့)။

ဘုန်းကြီးဟောနေတဲ့တရားလဲ့၊ ခင်ဗျားတို့ ဖြစ်စဉ် ကြည့် ပြောနေတာလား....(ဖြစ်စဉ်ကြည့်ပြောတာပါဘုရား)။

ဘုန်းကြီးဟောတဲ့တရားလို့ မယူလိုက်ပါနဲ့၊ ခင်ဗျားတို့ခန္ဓာ ဖြစ်စဉ် ကြည့်ပြောနေတယ်....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ခန္ဓာဖြစ်စဉ်ကြည့်ပြောနေတော့ မှားတယ် မှန်တယ်လို့ ဝေဘန်မနေနဲ့တော့....(မှန်ပါ့) ကိုယ့်ခန္ဓာ ဖြစ်စဉ် မှားတယ်-မှန်တယ် ဝေဘန်ဘို့ အချိန်လိုသေးသလား....(မလိုပါဘုရား) မလိုဘူးတဲ့။

မလိုတော့ပါဘူး ကိုယ့်ခန္ဓာ ဖြစ်စဉ်က ဒီအတိုင်းကိုး.... (မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီလိုလုပ်ကြစို့၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ရှေ့မှာလဲ ခန္ဓာငါးပါးရှိတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဝိဇ္ဇာရှေ့မှာလဲ.... (ခန္ဓာငါးပါးဘဲရှိပါတယ်ဘုရား) ခန္ဓာငါးပါးဘဲရှိတယ်၊ ပေါ်ပလား မောင်နိုင်....(ပေါ်ပါပြီ)။

တကာတကာမတွေ့ ဒီနေ့ပိုရှင်းအောင်လို့ ပြောနေပါတယ် ပုံစံလဲမချတော့ပါဘူး ကိုစောမောင်တို့-နော်-(မှန်ပါ့) ဒီလောက် ဆိုယင် သိလောက်တဲ့ အဓိပ္ပါယ်ဆောက်ပါပြီ.... (ဆောက်ပါပြီ ဘုရား)။

ကောင်းပြီ— ပဋိစ္စသမုပ္ပါဒ်က တော်တော်ကလေး ဦးဘကလေးတို့ ကျနေပြီ....(မှန်ပါ့)။

ကိုင်း... တကာတကာမတွေ့ အဝိဇ္ဇာ တဏှာ ရှေ့နားမှာလဲ ဘာရှိပါလိမ့်.... (ခန္ဓာငါးပါး ရှိပါတယ်ဘုရား) သူကလဲ ခန္ဓာငါးပါးကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဖြစ်တာကိုး.... (မှန်ပါ) သဗ္ဗောကျေပလား....(ကျေပါပြီဘုရား)။

ကဲ....လူလိမ်မာကလဲ သူ့ရှေ့မှာ ဝိဇ္ဇာရှေ့မှာ ဘယ်သူရှိပါလိမ့်.... (ခန္ဓာငါးပါးဘဲရှိပါတယ်ဘုရား) သူက ခန္ဓာငါးပါးကြောင့်ဘဲ သံသရာစခန်းသတ်တယ်....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

လူမိုက်မှာလဲ ခန္ဓာငါးပါးကြောင့်.... (သံသရာဆက်ပါတယ်ဘုရား) သံသရာဆက်တယ်၊ လူလိမ်မာမှာဆိုတဲ့ ဝိဇ္ဇာမှာတော့ (သံသရာပြတ်ပါတယ်ဘုရား)။

သူ့ရှေ့ခန္ဓာငါးပါးကို သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အမှန်မြင်တာနဲ့ဘဲ နောက် ခန္ဓာဇာတ်သိမ်းတယ်.... (မှန်ပါ့) ဒီတော့ ဒါဟာဖြင့် အင်မတန် စကေးကိုက်ဟောတဲ့ တရားဘဲ ဆိုတာဖြင့် ခင်ဗျားတို့ သိလောက်ပြီ.... (မှန်ပါ့) ဘယ်စာမှ ယူလာတဲ့တရားလဲ မဟုတ်ဘူး... (မှန်ပါ့) သဗ္ဗောကျပလား.... (ကျပါပြီဘုရား)။

ဘုန်းကြီးက စာအုပ်ထဲက ယူလာတဲ့တရားလား၊ ခင်ဗျားတို့ ခန္ဓာဖြစ်စဉ်မှာ ခန္ဓာမှာ နှစ်မျိုးသွားဘို့ ပြောတာလား....(ခန္ဓာမှာ နှစ်မျိုးသွားဘို့ ပြောတာပါဘုရား)။

ခန္ဓာဖြစ်စဉ်နှစ်မျိုးရှိနေတာယ်၊တမျိုးကကွယ်နေတယ်၊ တမျိုးက သွားနေကျလမ်းဖြစ်နေတယ်၊ ဒါပြောတာပါ.... (မှန်ပါ့)။

တမျိုးကဘာတဲ့.... (ကွယ်နေပါတယ်ဘုရား) တမျိုးက.... (သွားနေကျလမ်းဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ ကွယ်တာကို ဘုန်းကြီးက ပြောလိုက်လို့ ရှိယင် ခင်ဗျားတို့သန္တာန် ဘုရားပွင့်တယ်....(မှန်ပါ့)။

ကွယ်တာပြောလိုက်လို့ ရှိယင်....(ဘုရားပွင့်ပါတယ်ဘုရား) ခန္ဓာထဲမှာ တခါတည်း ခင်ဗျားတို့ သိလုံးပေါ်လာတယ်....(မှန်ပါ့) သိလုံးပေါ်လာတဲ့အခါ ဒါ ဘုရားပွင့်တယ်ဆိုတာဘဲ .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘုရားနဲ့တွေ့ပေမဲ့ ခန္ဓာထဲမှာဒီဥစ္စာ မပေါ်လာလို့ရှိယင် သူ့မှာ ဘုရားမပွင့်ဘူး....(မှန်ပါ့) ဒီဥစ္စာတွေ အပါယ်ကျကုန်တာ ကြည့်ပါလား၊ဒေဝဒတ်တို့ အဝီစိကျသွားတယ်၊အဇာတသတ်တို့ မောင်နှိုင်း (အပါယ်ကျပါတယ် ဘုရား) ဘာဖြစ်လို့တုံး.... ဝိဇ္ဇာ မပေါ်လာဘူး....(မှန်ပါ့) ဘာပေါ်လာသတုံး....(အဝိဇ္ဇာ ပေါ်လာပါတယ်ဘုရား) အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ ပေါ်လာတယ်။

ကံပေါ်လာတော့ ဇာတိဆိုပြီး လောဟကုမ္ဘဏ်ရဲမကျဘူးလား(ကျပါတယ်) ဇာတိခန္ဓာကြီးနဲ့ လောဟကုမ္ဘဏ်ရဲ့ ရောက်သွားတယ်....(မှန်ပါ့)။

သူ့အဖ ဗိမ္မဏ်သာရမင်းကြီး အဇာတသတ်၏ အဖေကျတော့ ပညာရှိ သူကသောတာပန်ကိုး....နော်....(မှန်ပါ့)။

ကိုစောမောင် ဝိဇ္ဇာနဲ့ပေါင်းလိုက်တဲ့အတွက် သူကတော့ဖြင့် တဲ့ သုဂတိကနေနိဗ္ဗာန်မကူးဘူးလား၊ သူက အပေါင်းမှန်သွားတာယ်...(မှန်ပါ့) ဟိုက အပေါင်းလွဲသွားတယ်ဆိုတော့ ဝမ်းထဲ

မှာ အပေါင်းလဲသွားတာ မသေချာသေးဘူးလား ... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လူမိုက်မှာလဲ ခန္ဓာငါးပါးရှိတယ်၊ လူလိမ်မာမှာလဲ....(ခန္ဓာငါးပါးရှိပါတယ်) ရှိတာဘဲ ဘယ်သူက သက်သေခံနေသတုံး... ဆိုတော့ ခန္ဓာဖြစ်စဉ်က ... (မှန်ပါ့)။

ဘယ်သူက သက်သေခံနေသတုံး .... (ခန္ဓာဖြစ်စဉ်က သက်သေခံနေပါတယ်ဘုရား) ခန္ဓာဖြစ်စဉ်က သက်သေခံနေတယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်သူက သက်သေခံသတုံး.... (ခန္ဓာဖြစ်စဉ်က သက်သေခံပါတယ်ဘုရား) ခန္ဓာဖြစ်စဉ်က ဒီအတိုင်းဖြစ်နေတယ်။

အခုခင်ဗျားတို့ ခန္ဓာငါးပါးရှိပါသလားမေးယင် မောင်နှိုင် ရှိတယ်ပြောမယ်...(မှန်ပါ့)အဲဒီ ခန္ဓာငါးပါးထဲက အခုဘာတွေ့မျှား နောက်ဆက်နေသတုံး မေးတော့ အခုတရားနာနေတဲ့ဉာဏ်သွင်းပြီးနာနေလို့ ရှိယင် ခန္ဓာငါးပါးနဲ့တက္ခ တပည့်တော် ဝိဇ္ဇာဖြစ်နေတယ်....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

အခု ဉာဏ်လှည့်ပြီး ကြည့်လိုက်လို့ ရှိယင်လဲ အခုရထားတဲ့ ခန္ဓာငါးပါးနောက်က တပည့်တော် ဝိဇ္ဇာဖြစ်နေတယ်၊ သဘောကျပလား... (ကျပါပြီ)။

ကဲ...အိုမ်မှာနေကြတယ်၊ တရားနှလုံးမသွင်းတဲ့ပုဂ္ဂိုလ်တွေကျတော့ အခု ခန္ဓာငါးပါးနောက်က ဘာရှိနေသတုံးဆိုယင် ... (အဝိဇ္ဇာ,တဏှာ,ဥပါဒါန် ရှိနေပါတယ်)။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန် မရှိပေဘူးလား... (ရှိပါတယ်) သူ့ခန္ဓာကိုယ်ထဲ ယောကျ်ား,မိန်းမ ထင်နေတာအဝိဇ္ဇာပေါ့ကွာ (မှန်ပါ့)။

အဝိဇ္ဇာ ရှိလို့ရှိယင် သူ့ခန္ဓာသူခင်လို့ တဏှာ, ဥပါဒါန် တွေက....(လာပါတယ်)ကံတွေကော....(လာပါတယ်)။

ဒါဖြင့် အခု တရားနာနေကြတဲ့ တကာ တကာမတွေမှာ ခန္ဓာငါပါးကတော့ ယခုရှိနေပြီ၊ ဟုတ်လား... (မှန်ပါ့) ရှိနေတော့ နောက်က ပြင်ဘို့အရေးကြီးတယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ဘယ်ကပြင်မလဲ .... (နောက်က ပြင်ရပါမယ်) နောက်က အဝိဇ္ဇာနဲ့ ဝိဇ္ဇာနဲ့လဲပေး....(မှန်ပါ့)။

ကိုစောမောင် ဘာလဲပေးရမလဲ .... (အဝိဇ္ဇာနဲ့ ဝိဇ္ဇာနဲ့လဲ ပေးရပါမယ်)။

အဝိဇ္ဇာနဲ့ဝိဇ္ဇာလဲပေးရမယ်ဆိုတာ တကာတကာမတွေ သေချာပလား....(သေချာပါပြီ)။

မလဲယင်ကော အသေဝနာစ ဗဟလံ....(မှန်ပါ့)။

မလဲယင်....(အသေဝနာစ ဗဟလာနံပါ) လဲယင်....ပဏ္ဍိတာနဥ္စ သေဝနာ၊ဒါပြောင်းပါ....(မှန်ပါ့)။

ခင်ဗျားတို့ ဒါ အင်မတန် အရေးကြီးသွားပြီ၊ ခုနင်ကပဌမ ရှင်းခဲ့တယ်မဟုတ်လား ဒီစကားကို....(မှန်ပါ့)။

ဦးဘကလေးတို့ ဒီထဲ အေးစက်စက် လုပ်မနေနဲ့ သဘောကြပလား... (ကျပါပြီ)။

ကိုင်း....ဒါဖြင့် ခန္ဓာငါးပါးနောက်က ဝိဇ္ဇာဉာဏ်ထည့်ပေး မယ်ဆိုယင် ခင်ဗျားတို့... မင်္ဂလာသုတ်ရွတ်၊ ဘာဖြစ်သလဲ....(ပဏ္ဍိ တာနဲ့ မသဝနာပါ)ပညာကိုမှီဝဲပြီ၊ သဘောကျပလား .... (ကျေ ပါပြီဘုရား)။

ပညာကို....(မှီဝဲပါပြီ) ဒါဖြင့် တော်မင်္ဂလာမုတ်တမံဘဲနော်.... (မှန်ပါ)သဘောကျပလား.... (ကျပါပြီ) ရှင်းပြီနော် .... (ရှင်း ပါပြီဘုရား)။

ကဲ-ထုံးစံအတိုင်းနေကြမယ်ဆိုတော့ ပါဠိရွတ်စမ်း....(အသေ ဝနာစ ဗာလာနုံပါ) မမှီဝဲကောင်းတာကို(မှီဝဲပါဘယ်) အသေ ဝနာစ ဗာလာနုံဖြစ်တယ်....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်)။

ခန္ဓာနောက်က အဝိဇ္ဇာ, တဏှာ, လိုက်လာယင် .... (အသေ ဝနာစ ဗာလာနုံပါ) ဒါ သေသေချာချာစဉ်းစား အပေါင်းလဲ သွားပြီ....(မှန်ပါ့) မလဲသေးဘူးလား....(လဲပါပြီဘုရား)။

ဦးဘရှင်း ဒါသူမျှားပြောလား- ကိုယ့်ခန္ဓာထဲမှာ အခုပေါ် တာ ပြောနေတာလား....(အခုပေါ်တာပြောနေတာပါဘုရား)။

အခုပေါ်တာ ပြောနေတာ ခင်ဗျားတို့ဘာမှ ချေးထူနေ စရာမလိုဘူး....(မှန်ပါ့)လိုသေးသလား....(မလိုပါဘုရား)။

ကိုစောမောင် အခုပေါ်တာပြောတာ...(မှန်ပါ့) ခန္ဓာကလဲ ရှိပြီးသားကိုးဗျ... (ရှိပြီးသားပါဘုရား)။

ခန္ဓာနောက်က ဘယ်သူလိုက်- မလိုက်၊ ခန္ဓာထဲမှာ အခုဘယ် သူပေါ်-မပေါ်၊ ဒီပဋိစ္စသမုပ္ပါဒ်ပေါ် မပေါ် ဒါသာအကဲခတ် မောင်နိုင်ရ....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကြီးနောက်က-နေပြီးသကာလ ဝိပဿနာအလုပ် မလုပ်ပါဘူး၊ ကဲ....တကာတကာမတို့ ဒီ ခန္ဓာငါးပါးကိုဘဲ တပါးပါးကိုမှ ဖြစ်ပျက် မရှုတော့ပါဘူးဆိုတော့ ဥာဏ်လာသေးရဲ့လား....(မလာပါဘုရား)ဝိဇ္ဇာဥာဏ် လာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် သူသည် မသိတဲ့အဝိဇ္ဇာနဲ့ တဏှာလာမယ်... (မှန်ပါ့) အဲဒါ ပါဠိရှိတ်....(အသေဝနာစ ဗာလာနံပါဘုရား)အေး.... အသေဝနာစ ဗာလာနံ၊ ဒါ မိုက်တဲ့အတွက်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့်၊ ကောင်းသော နိုးခြင်း၊ကောင်းသော အိပ်ခြင်း ဖြစ်အောင် ခုနင်က သင်တဲ့အတိုင်း ဥာဏ်ကလေးနဲ့ ခန္ဓာတခုခု ကို ဖြစ်ပျက်ရှုပြီး အိပ်ကြမယ်၊ ဖြစ်ပျက်ရှုပြီးတော့ နိုးကြမယ်၊ နိုး-နိုးခြင်းဘဲ ရှုမယ် ဆိုလို့ရှိယင် ကိုစောမောင် ရှတ်စမ်းပါဦး.... (ပဏ္ဍိတာနဉ္ဇ သေဝနာပါဘုရား)။

ဒါဖြင့် တေံမင်္ဂလ မုတ္တမ ဖြစ်ပြီ.... (မှန်ပါ့) ဟိုဟာဆိုယင် တေံမင်္ဂလမုတ္တမ မဖြစ်ဘူး....(မှန်ပါ့)ဟုတ်လား၊ အမင်္ဂလာဖြစ် မသွားဘူးလား...(ဖြစ်သွားပါတယ်ဘုရား)။

ကဲ...ဒါဖြင့် အိပ်တတ်,နိုးတတ်ပလား-(နိုးတတ်ပါပြီဘုရား) နိုးတတ်, အိပ်တတ်ပြီဆိုတဲ့ဥစ္စာ တော်တော်အရေးကြီးတယ် .... (မှန်ပါ့)။

နိုးတတ်,အိမ်တတ်လို့ရှိယင်ဖြင့် သွားတတ်, လာတတ်,ပြောတတ်, ဆိုတတ်ပလားဆိုတာ ဦးဘရှင်း ဒါတွေ ပါသွားပြီ.... (ပါသွားပါပြီ)မပါသေးဘူးလား...(ပါ-ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန်မှာ မင်္ဂလာရှိ-မရှိကိုလဲ ခင်ဗျားတို့ .... ယနေ့ ရှင်းသွားပြီ....(ရှင်းသွားပါပြီ)ကိုယ့်သန္တာန်မှာ....(မင်္ဂလာရှိ-မရှိ ရှင်းသွားပါပြီဘုရား)။

ဒီ သပြေပန်းကလေးနဲ့ မင်္ဂလာဆောင်သွားလို့ ဘုန်းကြီးတို့ မန္တလေးကျတော့ သပြေပန်းကလေး ရေမွှေးဖျန်းပြီးသကာလ ဟိုအိတ်ထိုး ဒီအိတ်ထိုးနဲ့ ခလေးမကလေးတွေက မထိုးကြဘူးလား....(ထိုးကြပါတယ်ဘုရား)အဲဒါ မင်္ဂလာလား ခင်ဗျားတို့....(မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊ သပြေပန်းထိုးတာ သက်သက်လို့မှတ်....(မှန်ပါ!) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဝမ်းထဲကတော့ သူ ဒါခင်လို့ လက်ဖွဲ့လာတာဘဲ၊အစ်ရှိသည်ဖြင့် မကောင်းလို့ လဲက်ဖွဲ့လာတာဘဲ၊ အားနာလို့ လာတာဘဲဆိုတာသာ ဦးဘရှင်း ဒါဘဲရှိတယ်....(မှန်ပါ!)။

ခင်လို့ လာလို့ရှိယင်လဲ တဏှာနဲ့ လာတာ အမင်္ဂလာနဲ့ လာတာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ!) မကောင်းလို့ လာလို့ရှိယင်လဲ ဒေါသကလေးနဲ့ လာတယ်၊ အင်း...သူ့လက်လာလို့မှ ကိုယ့်လက်မလာလို့ရှိယင် မကောင်းလို့....(မှန်ပါ!)။

အဲဒါ သပြေပန်းထိုးတာ ကိုစောမောင်တို့က မင်္ဂလာကြီးမှတ်နေတော့ လဲနေတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အခုတော့ဖြင့် အမင်္ဂလာနဲ့ မင်္ဂလာ ကဲပလား ဦးဘရှင်း... (ကဲပါပြီ)အင်း....ကိုယ်ကိုယ်တိုင် မင်္ဂလာဆောင်လာတဲ့ လူတွေကို မကဲခဲ့တာ အတော်ခက်နေတာ...(မှန်ပါ!)ကဲ....ကဲကြပလား (ကဲပါပြီဘုရား)။

ခန္ဓာငါးပါးနောက်ကအခုရှိနေတဲ့ခန္ဓာငါးပါးနောက်ကဝိဇ္ဇာလိုက်လို့ရှိယင် ပါဠိရွတ်စမ်း....(ပဏ္ဍိတာနဥ္စသေဝနာပါဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန်လိုက်-လိုက်ယင်.... (အသေဝနာစ ဗဟုလာနံပါဘုရား)။

ကဲ....ကိုယ်.ဟာ ကိုယ်ဆုံးဖြတ်ချက် ဟုတ်လား၊ ဦးဘရှင်း ကိုယ်.ဟာ ကိုယ်.... (ဆုံးဖြတ်ချက် ချရပါမယ်ဘုရား)။

သူမျှား မေးနေစရာ....(မလိုပါဘုရား)သူမျှား မေးနေတာက သူက အာဘိညာဏ်မရတော့ တွေးဆပြောတာ၊ မင်း မိုက်နေတယ် ထင်တယ်....(မှန်ပါ့)။

မိုက်နေတယ်ထင်တယ် ဆိုပေမဲ့လဲ ဟိုက အနိစ္စန္ဒလုံးသွင်းနေယင် ခက်တယ်....(မှန်ပါ့) မဟုတ်ဘူးလား ကိုစောမောင်.... (မှန်ပါ့)။

ဘယ်သူက ဝမ်းထဲမှာ ခွေးဘို့ ကြံစည်နေတယ်၊ ခြေဘ်.... ဒီကောင်က ဂူခွေးသိပ်ရပါကလား....ဆိုတော့ ဂွကျတယ် .... (မှန်ပါ့)မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ သူမျှားအကဲခတ်ရတာ ရှင်သာရိပုတ္တရာတို့၊ဘုရား တို့က ခဲယဉ်းတယ်ကွ ၊ကိုယ်.ဟာ ကိုယ်အကဲခတ်တဲ့....(မှန်ပါ့) ကိုယ်.ဟာ ကိုယ်အကဲခတ်ယင် နိဗ္ဗာန်ရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ရှင်းပြီနော်....(မှန်ပါ့) ကိုယ်.ဟာ ကိုယ်အကဲခတ်ယင်.... (နိဗ္ဗာန်ရပါတယ်ဘုရား) သူမျှား အကဲခတ်နေယင် မူးမယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

သူများ အကဲခတ်ယင် မှားသည်ရှိ၏၊ မှန်သည်ရှိ၏၊ ကိုယ်ဟာ ကိုယ်အကဲခတ်လိုက်လို့ ရှိယင် ပညာရှိနဲ့ လူမိုက် ရှင်းသွားတယ်၊ မရှင်းသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

တကာကြီးလှိုင်ရေ အိုမှု ဒီတရားနာရတာ ပေါ်ပလား.... (ပေါ်ပါပြီ, မိုက်တဲ့အချိန်ကော သိပလား....(သိပါပြီ) လိမ်မာတဲ့အချိန်ကော(သိပါပြီ)ဘယ်ဟာက များနေတယ်ထင်သတုံး.... (မိုက်တဲ့အချိန်က များနေပါတယ်ဘုရား)။

ဟာ....တကာကြီးလှိုင်က အရွယ်နဲ့ မလိုက်ပါဘူး၊ အရွယ်နဲ့ လိုက်သေးရဲ့လား....(မလိုက်ပါဘုရား)။

အဲဒါ တကာကြီးလှိုင်က သူမှန်မှန်ပြောလို့ နောက်တာ လူတွေလဲ ဒီအတိုင်းဘဲ ဆုံးဖြတ်ချက်ချ....(မှန်ပါ) ဒီအတိုင်း ဆုံးဖြတ်ချက် ချရလိမ့်မယ်၊ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ပြောကြစို့တဲ့၊ အလုပ်သွင်းကြပါစို့....။

အလုပ်သွင်းတော့မယ်ဆိုတော့ သြော်....ခန္ဓာနောက်က နေပြီး ဝိဇ္ဇာလိုက်ရမှာပါကလား....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ)။

ခန္ဓာနောက်က....(ဝိဇ္ဇာလိုက်ရပါမယ်ဘုရား)။

ဒါဖြင့် ဝိဇ္ဇာလိုက်ပါတော့မယ် ဘုရား....လို့ ဒီ တရားတပဲ့ လုံးက တာဝန်ခံကြတော့ကို သူ့ရှေ့ ဘယ်သူရှိသတုံး မေးယင် (ခန္ဓာငါးပါးရှိပါတယ်) ဒါဘဲ ရှိတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ခန္ဓာကတော့ ငါးပါးရှိတယ်တဲ့၊ သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ ဘယ်နှစ်ပါးရှိသလဲ....(လေးပါးရှိပါတယ်ဘုရား)။

လေးပါးဖြစ်တယ်၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာရယ်လို့ လေးပါးဘဲ ရှိပါတယ်-(မှန်ပါ့)။

လေးပါးကို တခါ သစ္စာနဲ့ ဝေဘန်လိုက်တော့ မောင်နှိုင် ဒီ-သတိပဋ္ဌာန်လေးပါးစလုံး ခန္ဓာငါးပါးစလုံးဟာ ဘာသစ္စာတွေ ဖြစ်သလဲ...(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာ ဘယ်ဟာ ဒုက္ခသစ္စာတုံး မေးတော့ ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲ ...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် ရှုရုံဘဲ၊ ချုံးလိုက်တော့ ဒီဆောက်လာတယ် (မှန်ပါ့)။

ကိုစောမောင် ချုံးပုံ သဘောကျပလား....(ကျပါပြီ)။

ခန္ဓာငါးပါးစလုံး သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ လေးပါးမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) လေးပါးကို သစ္စာနဲ့ ဝေဘန်လိုက်တော့ ဒုက္ခသစ္စာတပါးဘဲ ရှိတယ်-(မှန်ပါ့) မဟုတ်ဘူးလား...(မှန်ပါ့)။

သစ္စာနဲ့ ဝေဘန်လိုက်တော့....(ဒုက္ခသစ္စာတပါးဘဲ ရှိပါတယ်ဘုရား)။

ဒီ-ဒုက္ခသစ္စာကိုဘဲ တခါ အကုန်လျှောက်ပြီးရှာနေယင် ကြာမှာစိုးလို့ ဘယ်ခမ္မမဆို ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိတယ်.... (မှန်ပါ့) အဲဒါ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှုနေတဲ့ ဝေဒနာ ရှုလို့ ဖြစ်ပျက် တွေ့ယင် ဒုက္ခသစ္စာ ရှုတာဘဲ....(မှန်ပါ့) စိတ်ရှုလို့ ဖြစ်ပျက်တွေ့ယင် (ဒုက္ခသစ္စာ ရှုတာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာတလုံးဘဲ ရှုစရာရှိတယ်....(မှန်ပါ့) ဒီ့ပြင် ဘယ်ဟာ ရှိသေးသတုံး.... (မရှိပါဘုရား) ဘယ်ဟာမှ မရှိဘူးဆို့ တာ ကောင်းကောင်းသေချာပလား.... (သေချာပါပြီဘုရား)။

ဒီလို လုပ်ကြပါစို့၊ ဒါဖြင့် ကိုစောမောင် ဖြစ်ပျက်တလုံး ကို မူတည်ထားကြစို့....(မှန်ပါ့) ဘာကို မူတည်ထားမလဲ.... (ဖြစ်ပျက်တလုံးတည်းကို မူတည်ထားပါတယ်ဘုရား)။

သတိပဋ္ဌာန်လေးပါးမှု ပါရဲ့လားလို့ မေးယင် ဘယ်နှယ် ပြောမလဲ.... (ပါ-ပါတယ်ဘုရား) ခန္ဓာငါးပါးမှု ပါရဲ့လား.... (ပါ-ပါတယ်) အာယတန တဆယ့်နှစ်ပါးမှု(ပါ-ပါတယ်ဘုရား) ဓါတ်တဆယ့်ရှစ်ပါးမှု....(ပါ-ပါတယ်ဘုရား)။

ဟာ... ဒါဖြင့် ခင်ဗျားတို့ဟာ ဖြစ်ပျက်ထဲ အကုန်ဝင်လာ ဘာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး....ဒါ အလုပ်သင်နေတာ ကိုစောမောင်.(မှန်ပါ့) မလုပ်ရသေးဘူး၊ ကိုယ်လုပ်တဲ့အလုပ်ကို ရှင်းရှင်းလင်းလင်း ဖြစ် အောင် ပေးနေတယ်...(မှန်ပါ့)။

ကိုယ်လုပ်တဲ့အလုပ်ကို.... (ရှင်းရှင်းလင်းလင်းဖြစ်အောင် ပေး နေပါတယ်ဘုရား) သံသယဝိစိကိစ္ဆာ သတ်ပေးနေတယ်...(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလုပ်နေတယ်.... (သံသယ ဝိစိကိစ္ဆာ သတ်ပေးနေပါတယ် ဘုရား)။

အေး.... သံသယဝိစိကိစ္ဆာ မရှိအောင် လုပ်ပေးနေတယ်ဆိုတော့ ဩော်.... ဒီလို ချုံးလိုက်တော့လဲ ဆရာသမား ဟော ထားတဲ့ တလုံးထဲ အကုန်ဝင်တာကိုး....(မှန်ပါ့)။

ကိုစောမောင် ငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား)။ မသိတဲ့ပုဂ္ဂိုလ်ကတော့ ဟာ....ဘုန်းကြီး ဝိပဿနာ အရှုခိုင်းယင် ဖြစ်ပျက် အရှုခိုင်းတာဘဲကွ....၊ ဒါဘဲ.... (မှန်ပါ့) အင်း....သူက ဖြစ်ပျက်ကို ဘယ်လောက်ထိအောင် နားမလည်လို့ သာ သူပြောတဲ့စကားဆိုတာ ကိုစောမောင် ပေါ်သွားပလား....(ပေါ်သွား ပါပြီဘုရား)။

ရှိတာကလဲ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ဓါတ် တဆယ့်ရှစ်ပါးဘဲရှိတယ်.... (မှန်ပါ့) ရှုလိုက်တော့ ဒါတွေလဲ ချုံးလိုက်တော့ ခန္ဓာငါးပါး လာဖြစ်တယ်....(မှန်ပါ့)အာယတန ချုံးလိုက်ယင်လဲ ခန္ဓာလာဖြစ်မှာဘဲ၊ ဓါတ်ချုံးလိုက်ယင်ကော (ခန္ဓာလာဖြစ်မှာပါဘုရား)။

ခန္ဓာချုံးလိုက်တော့ သတိပဋ္ဌာန် လာဖြစ်တယ်.... (မှန်ပါ့) ဘယ်နှစ်ပါးဖြစ်သလဲ....(လေးပါးဖြစ်ပါတယ်ဘုရား)။

သတိပဋ္ဌာန်လေးပါးကို တကာတကာမတွေ့က ချုံးလိုက် ပြန်တော့ ဘာသစ္စာဖြစ်သလဲ.... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒုက္ခသစ္စာဘဲရှိတယ်....(မှန်ပါ့)။

ဒီကိုယ့်ရှေ့မှာ ခန္ဓာငါးပါးဘဲ ရှိတာကိုး ကိုစောမောင်ရဲ့....(မှန်ပါ့) အဲဒါ ချုံးလိုက်တော့... (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒါ-သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်တော့ လေးပါးစလုံး ဒီအထဲ ရှိတယ်....(မှန်ပါ့) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အင်း....ဒါတွေ့ သိတော့ကို သစ္စာနဲ့ ဖွဲ့လိုက်တော့ ဘာသစ္စာရှိသလဲ.... (ဒုက္ခသစ္စာ ရှိပါတယ်ဘုရား) ဒီထဲ မဂ္ဂသစ္စာကို မပါသေးဘူး.... (မှန်ပါ့) ကျုပ်တို့ ခန္ဓာငါးပါးထဲမှာ ရှုမှု ပါလာမှာကိုးဗျ.... (မှန်ပါ့) မရှုခင်က....(မပါ-ပါဘုရား) မပါဘူးဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

အဲ သေချာတဲ့အခါကျတော့မှ ဩော်....ဒါဖြင့် သစ္စာချုံးလိုက်တော့ သစ္စာတပါးတည်း ရှိတယ်၊ တပါးတည်း တခါချဉ်းကြဦးစို့- ချုံးကြဦးစို့ဆိုတော့ ဘယ်သစ္စာ ကြည့်ကြည့်၊ ဝေဒနာကြည့်လဲ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ကြည့်ကြည့် ဒုက္ခသစ္စာ၊ အဲဒီ ဒုက္ခသစ္စာကြည့်ပြန်တော့လဲ ဖြစ်ပျက်ရှိတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) စိတ္တာနုပဿနာရယ်လို့ ရှုလိုက်ပြန်တော့လဲ ဒုက္ခသစ္စာ... (မှန်ပါ့)။

ဒုက္ခသစ္စာကြည့်လိုက်ပြန်တော့လဲ မောင်နိုင်က ဘာတွေ့သလဲ (ဖြစ်ပျက်ဘဲတွေ့ပါတယ်ဘုရား)။

ရုပ်ကြည့်လိုက်ပြန်တော့လဲ ကာယာနုပဿနာ သတိပဋ္ဌာန်၊ အင်း....သူ့ကြည့်လိုက်တော့... (ဖြစ်ပျက်ပါဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူ့ပါဠိတော်မှာ သွားကြည့်လိုက်တော့ ဩော်.... ရှုတိုင်းရှုတိုင်းဝေဒနာကျပြန်တော့လဲ ပဌမတုန်းကတော့ ဘုရားက " သုခံဝါ ဝေဒနံ

ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ....” ပဌမ တုန်းကတော့ ဒီလိုဟောတယ် သတိပဋ္ဌာန်မှာ....(မှန်ပါ့)။

နောက် သတိပဋ္ဌာန ဘာဝနာကျလာတော့ ဒီလိုမဟောဘူး၊ “ သမုဒယမမ္မာနုပဿီဝါ ဝေဒနာသု ဝယမမ္မာနုပဿီဝါ” သမုဒယနဲ့ ဝယသာရှုကွ၊ ဖြစ်ပျက်တင်ရှုလို့ ပြောတာ....(မှန်ပါ့) မပါဘူးလား... (ပါ-ပါတယ်)။

ရုပ်ပိုင်း ကြည့်လိုက်ပြန်တော့လဲ “သမုဒယမမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယမမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ” ဆိုတော့ ဘာဆိုပြန်တာဘုံး.... (ဖြစ်ပျက်ရှုခိုင်းတာပါ) မပေါ်သေးဘူးလား... (ပေါ်ပါပြီ)။

သြော်....ဒါဖြင့် ခင်ဗျားတို့က ရှု့ပိုင်းသာ ကြည့်နေတာကိုး ဝေဒနာနုပဿနာ စိတ္တာနုပဿနာနဲ့ နောက်ပိုင်းကြည့်လိုက်တော့ ဖြစ်ပျက်ရှုခိုင်းနေတာ....(မှန်ပါ့) ရိပီမိပလား .... (ရိပ်မိပါပြီဘုရား)။

နောက်ပိုင်းကြည့်လိုက်တော့....(ဖြစ်ပျက်ရှုခိုင်းနေတာပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဒီ သတိပဋ္ဌာန်ထဲမှာကို မဝေဘန်တတ်လို့ ခက်နေတာ .... (မှန်ပါ့)ရှင်းပသလား (ရှင်းပါပြီ) ဝေဘန်တတ်ပလား- (ဝေဘန်တတ်ပါပြီ)။

ချုံးလိုက်တော့ ဘာတွေတွေသလဲ .... (ဖြစ်ပျက် တွေ့ပါတယ်) ဖြစ်ပျက်သည် သစ္စာကော ဟုတ်ပါရဲ့လား .... (ဟုတ်ပါတယ်)ခန္ဓာကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်) အာယ

တနေကော....(ဟုတ်ပါတယ်) ခေတ်ကော.... (ဟုတ်ပါတယ်)
ဒီထဲအာကုန်ဝင်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "အနိစ္စာဝတာ သင်္ခါရာ၊ ဥပ္ပါဒဓမ္မိနော" လို့မဟောဘူးလား — (ဟော ပါတယ်ဘုရား)။

ဓမ္မိနော- တရားထဘော ပင်ကိုယ်ကြီးကဖြင့် ဥပ္ပါဒနဲ့ဝယ ဘဲရှိတယ်— (မှန်ပါ့) တရားစစ်စစ်ကို ငါဟောတော့မယ်ဆိုယင် ဖြင့် ဥပ္ပါဒနဲ့ ဝယဘဲရှိတယ်၊လောကကြီးထဲမှာ—(မှန်ပါ့)။

ဘာ ပြောသေးသတုံး ကိုစောမောင် .... (ဘာမှမပြောပါ ဘုရား) ဖြစ်ပျက်ရှိတာဘဲကွတဲ့၊ လောကကြီးထဲမှာ ယောကျ်ား လဲ မရှိဘူး၊ မိန်းမလဲမရှိဘူး၊ ရုပ်လဲမရှိဘူး၊ နာမ်လဲမရှိဘူး၊ သဘောကျပလား....(ကျပါပြီ)သေသေချာချာ ဥာဏ်အတွေ့မှာ ပြောရလို့ရှိယင် ဖြစ်ဟ့ကဘဲရှိတယ် — (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

နို့ဒါဖြင့် ဒီဖြစ်ပျက် ကောင်းကောင်း သဘောကျသွားပြီ လို့ ယနေ့ဆုံးဖြတ်ချက်ချလိုက်တော့-(မှန်ပါ့) ကောင်းကောင်း သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဖြစ်ဟ့ကသဘောကျတော့နိဗ္ဗာန်ပါသဘောကျတယ် (မှန်ပါ့) ဖြစ်ပျက် သဘောကျတော့ ဘာသဘောကျသလဲ.... (နိဗ္ဗာန်သဘောကျပါတယ်ဘုရား)။

ဖြစ်ပျက် သဘောကျဘော့ ရှုပုံကို သဘောကျတယ်— (မှန်ပါ့)ပြီးတော့မှ တသံ-ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝုပသမော

ချုပ်ဆုံးသော နိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာ၏၊ ဒါမလာဘူးလား....(လာပါတယ်ဘုရား)။

တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော = ချုပ်ဆုံးရာနိဗ္ဗာန်သည်၊ ဖြစ်ပျက်ဆုံးယင် နိဗ္ဗာန်ဘဲ .... (မှန်ပါ့)သုခေါ= ချမ်းသာ၏ ဆိုတာက နိဗ္ဗာန်၏ အရသာကိုပြောတာ...(မှန်ပါ့) ဝူပသမောက နိဗ္ဗာန်ကိုဟောတာ၊ သုခေါက နိဗ္ဗာန်၏ချမ်းသာပုံကိုပြောတာ၊တေသံ ဆိုတာက ခုနင်က ဥဒယဝယတို့၏ ချုပ်တာကို ဆိုလိုက်တာ ကိုစောမောင်....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်ချုပ်ယင် ဘာတုံး.... (နိဗ္ဗာန်ပါဘုရား) ဒါဖြင့် ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်ဆုံးအောင် လိုက်လိုက်ပါလား.... (မှန်ပါ့)။

နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်ဖြင့် ဖြစ်ပျက်ရှုလို့ ... (ဖြစ်ပျက်ဆုံးအောင်လိုက်ပါ)လိုက်လိုက်ယင် ဘာတွေ့မလဲ.... (နိဗ္ဗာန်တွေ့ပါမယ်ဘုရား)။

ဖြစ်ပျက်တွေ့ယင် ဝိပဿနာဥာဏ်....(မှန်ပါ့) ဖြစ်ပျက်အဆုံးတွေ့ယင် မဂ်ဥာဏ်၊နိဗ္ဗာန်ဖြစ်သောကြောင့်.... (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ)။

အဲဒါ ဘယ်မှာ ဟောသတုံးဆိုတော့ ဖြစ်ပျက်တွေ့ဘော့ဘုရားက ပဋ္ဌာန်းပါဠိတော်ကျတော့ "သန်ဓါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" သူ့ဘဲ သူက သန်ဓါရက္ခ-တဲ့ ဖြစ်ပျက်ဟာ သန်ဓါရမဟုတ်လား....(မှန်ပါ့) သူ့ကျတော့ "အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ"ဆိုတာ သူ့လဲဖြစ်ပျက်

ရှုပေးတဲ့၊ ပဋ္ဌာန်းပါဋ္ဌိတော်က.... (မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ)။

"သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ဆိုတော့ ဒါ ဝိပဿနာဉာဏ်ကို ဟောလိုက်တယ်၊ ပဋ္ဌာန်းက ရိပ်မိပလား....(ရိပ်မိပါပြီ)။

သူက သင်္ခါရတရားမို့ ဝိပဿနာ ရှုပါလို့ မပြောဘူးလား-(ပြောပါတယ်ဘုရား)။

ဟိုကျတော့ ဝိပဿနာ ရှုဘို့မရှိတဲ့ နေရာကျတော့ကိုတဲ့...၊ ဘယ်လို ဟောလိုက်သတုံးဆိုတော့ "နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော" တဲ့၊ ရှုဦးလို့ပြောသလား ... (မပြောပါဘုရား)။

နိဗ္ဗာန်သည် အကြောင်း၊ မဂ်သည်...(အကျိုးပါဘုရား) ရှုလို့ဆိုသလား-ဒီလိုပေါ်ပြီလို့ ပြောသလား.... (ပေါ်ပြီလို့ ပြောတာပါဘုရား)မဂ်ပေါ်ပြီလို့ ပြောနေတာ၊ သဘောကျပလား....(ကျပါပြီ)။

ပြီးတော့"နိဗ္ဗာနံ ဖလဿ" မဂ်ပေါ်ပြီးယင် ဖိုလ်ပေါ်လိမ့်မယ်လို့ပြောတာ....(မှန်ပါ့)။

ပြီးတော့"နိဗ္ဗာနံ ပစ္စဝေက္ခဏဿ" ကျတော့ အဲဒီကျတော့ အဲဒီကျတော့ ရှုဦးကွ၊ပြန်ရှုဦး၊ ဆင်ခြင်ဦးလို့ လာပြန်တယ်.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါတွေ ထောက်ကြည့်တော့မှ ကိုစောမောင်ရေ ကျုပ်တို့

ဖြစ်ပျက်ဟာ သာမည အဘိုးတန်တာလား....၊ ကိစ္စပြီးအောင် အဘိုးတန်တာလား... (ကိစ္စပြီးအောင်အဘိုးတန်တာပါဘုရား)။

နောက်က တကာတကာမတွေ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ကိစ္စပြီးအောင် အဘိုးတန်ပါတယ်ဘုရား)။

ကိစ္စပြီးအောင် အဘိုးတန်ပါတယ်ဆိုတော့ ခန္ဓာမပါဘူး၊ အာယတန မပါဘူး၊ဓါတ်မပါဘူးလို့ ဆိုရမှာလဲ ပဋိစ္စသမုပ္ပါဒ်က သက်သေခံနေတယ် .... (မှန်ပါ့) မခံဘူးလား....(ခံပါတယ်ဘုရား)။

အင်း... ဟင်.... သူ့ဆုံးအောင် လိုက်လို့ရှိယင် နိဗ္ဗာန်ဘဲဆိုတာလဲ ခုနင်က မဟာပရိနိဗ္ဗာနသုတ်မှာ ဟောတဲ့ "အနိစ္စာ ဝတသင်္ခါရာ(ပ)တေသံ ဝူပသမော သုခေါ"က တာဝန်ခံနေတယ်-- (မှန်ပါ့)။

ဆုံးအောင်လိုက်ယင် နိဗ္ဗာန်ဆိုတာလဲ တာဝန်မခံဘူးလား.... (ခံပါတယ်)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဩော်.... ဒါဖြင့် ဒို့သည်ကားလို့ဆိုယင် ဖြစ်ပျက်တလုံးကို နှိုင်အောင်သုံးဘို့ဘဲ အရေးကြီးပါတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာသုံးကြမယ်....(ဖြစ်ပျက်တလုံးနှိုင်အောင် သုံးကြရပါမယ်ဘုရား)အင်မတန် အဘိုးတန်တဲ့ တရားဆိုတာကော သေချာကြပလား....(သေချာပါပြီ)။

ဖြစ်ပျက်ဆုံးယင်လဲ ဘာတဲ့တုံး...(နိဗ္ဗာန်ပါဘုရား)မယုံ

ရှုတ်ကြည့် 'တေသံ ဗျပသမော သုခေါ'ကိုစောမောင် ရှုတ်စမ်း (ဟေသံ(ပ)သုခေါပါဘုရား)။

တေသံ=ထိုဖြစ်ပျက်တို့၏၊ဝုပသမော=ဆုံးသောနိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏....(မှန်ပါ!) တေသုံက ဖြစ်ပျက်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆုံးတာ ဘာခေါ်ကြမလဲ — (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟော့ ဘယ်မှာ ဟောသတုံးလို့ မေးဘို့မလိုဘူးလား... (မှန်ပါ!) ဖြစ်ပျက်က ဥပဒါဒဝယ ဓမ္မ်ာနော၊ ပေါ်ပလား....(ပေါ်ပါပြီ)။

ဥပဒါဒနဲ့ ဝယ၊ ဥပဒါဒက ဘာတုံး....(ဖြစ်တာ)ဝယက.... (ပျက်တာပါဘုရား)အဲ....ဓမ္မ်ာနောက တရားသဘောတဲ့၊ တရားသဘောကတော့ ဖြစ်ပျက်ဘဲ....(မှန်ပါ!)သဘောကျပလား.... (ကျပါပြီ)။

ဥပဒါဒဝယ ဓမ္မ်ာနော၊ မသိမှာစိုးလို့ ဥပဒ္ဓ်ာတွာ နိရုဇ္ဈန္တ်ာ၊ ဖြစ်ပြီး ပျက်လိမ့်ယ်ကွတဲ့....၊ အဲဒါ မင်း မြင်အောင်ကြည့်တဲ့၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဥပဒါဒဝယ ဓမ္မ်ာနောပြီးတော့ ဆက်ရှုတ်စမ်းပါ၊ ဘာတဲ့တုံး- (ဥပဒ္ဓ်ာတွာ နိရုဇ္ဈန္တ်ာ)။

ကဲ - ဖြစ်ပြီး ပျက်လိမ့်မယ်လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား) ကဲ....ရှေ့ဆက်ရှုတ်စမ်းပါဦး....(တေသံ ဗျပသမော သုခေါ)။

တေသံဆိုတော့ ဘယ်သူ့ကို ခင်ဗျားတို့ ယူကြမလဲ ... (ဖြစ်ပျက်ပါ) အဲ... တေသံ=ထိုဖြစ်ပျက်တို့၏၊ ဥပဿမော=ချုပ်ဆုံးသော နိဗ္ဗာန်သည်၊ သုခေါ=ချမ်းသာ၏ဆိုတော့ ဖြစ်ပျက်ဆုံးအောင် လိုက်-လိုက်ပြောတာ...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီ ပါဠိတော်ဓမ္မတော့ ခင်ဗျားတို့က အသုဘပို့တိုင်းလိုလိုဘဲ ကိုစောမောင်တို့ ကြားမယ်.... (ကြားပါတယ်ဘုရား) ကြားပေမဲ့လဲ အလုပ်ထဲ မသွင်းဘူး...(မှန်ပါ့) သြော်....ဒီဥစ္စာအမျှဝေသလိုလို၊ အသုဘရှုသလိုလိုနဲ့ ခင်ဗျားတို့က အသုံးကမတည့်တော့ ခုနင်က လိမ်းဆေးလုပ်တယ်....(မှန်ပါ့) သောက်ဆေး မဟုတ်ဘူးလား....(မှန်ပါ့)။

သောက်ဆေး လုပ်လိုက်ယင် ဘယ်လောက်ကောင်းမလဲ .... (ကောင်းပါတယ်ဘုရား) ခုတော့ ဘာလုပ်ထားသလဲ....(လိမ်းဆေးလုပ်ထားပါတယ်)ပျောက်ပါ့မလား--(မပျောက်ပါဘုရား) ကိလေသာအနာ မပျောက်နိုင်ဘူးဆိုတာ သေချာပလား--(သေချာပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒါ ကြည့်ပါလား....ဘုရားပရိနိဗ္ဗာန်စံလို့ သိကြားကကို ရွတ်တာ၊ ဘုရားရှိတုန်းကလဲ ရွတ်ခဲ့ပါပြီ၊ သိကြားက ရွတ်တာ (မှန်ပါ့)အခုတော့ဖြင့်တဲ့ တေသံ=ထိုဘုရားသန္တာန်မှာ ဖြစ်ပျက်တွေ့ မရှိတော့ပါဘူး၊ ဒါ့ကြောင့် ဥပဿမော=ချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို၊ သုခေါ=ကွဲရောက်လို့ သွားပါပြီတဲ့၊ ချမ်းသာသွားပါပြီတဲ့၊ ဒါ သိကြားက ရွတ်တာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဖြစ်ပျက်မတ္ ဆုံးသွားပြီတဲ့....ဒီကိုယ်တော်ကြီးမှာဖြင့် ခန္ဓာရှိနေတော့ ဖြစ်ပျက်ရှိဦးမှာကိုး၊ အခု ပရိနိဗ္ဗာန်စံတော့ ရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒီတုင် ချမ်းသာရသွားပြီလို့ သူပြောလိုက်တာ၊ ဖြစ်ပျက်ဆုံးပြီလို့ ပြောလိုက်တာ၊ ရှင်းပလား-(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာနဲ့ တဏှာ ရှေ့မှာလဲ ဘယ်သူရှိပါလိမ့်....(ခန္ဓာငါးပါးရှိပါတယ်ဘုရား) အင်း....ခန္ဓာရှိတယ်။

ဒါဖြင့် ခန္ဓာရှိတော့ ဒီခန္ဓာကြောင့်ဘဲ အဝိဇ္ဇာနဲ့တဏှာ ဖြစ်ရတယ်...(မှန်ပါ) ခန္ဓာမသိတော့ အဝိဇ္ဇာ၊ ခန္ဓာခင်တော့....(တဏှာပါဘုရား) တဏှာပစ္စယာ.... (ဥပါဒါနုံပါဘုရား) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ..(ဇာတိပါဘုရား)။

သြော်...ဒါဖြင့် ဒီခန္ဓာကြောင့် ဟိုခန္ဓာရတယ်...(မှန်ပါ့) မောင်နှိုင် ဒီခန္ဓာခင်တွယ်မှုကြောင့်....(ဟိုခန္ဓာရပါတယ်ဘုရား) ဒီခန္ဓာမသိမှုကြောင့်...(ဟိုခန္ဓာရပါတယ်ဘုရား) ပေါ်ပြီနော်.... (ပေါ်ပါပြီ)။

ဒီခန္ဓာမသိမှုကြောင့်....(ဟိုခန္ဓာရပါတယ်ဘုရား)ဒီခန္ဓာ ခင်မှုကြောင့်... (ဟိုခန္ဓာရပါတယ်)။

ကဲ ဒါဖြင့် ဒီလိုလုပ်ကြစို့ ၊ဒီခန္ဓာမခင်မှုကြောင့် ဒီခန္ဓာ သိမှုကြောင့်ဘဲ ဘာလုပ်မလဲ....(ဟိုခန္ဓာမရပါဘုရား) ဟိုခန္ဓာ မရတာ ဘာခေါ်မလဲ....(နိဗ္ဗာန်ပါဘုရား)။

ဩဩ....ဒါရှိတာဘဲ တရားပေါင်းလိုက်တဲ့ အခါကျတော့ ချုံးလိုက်တဲ့ အခါကျတော့၊ ဒါဘဲ ပေါ်လာတော့တယ် .... (မှန်ပါ့)။

ဦးဘကလေး ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ကျေနပ်ပြီဆိုတော့ သူ့ဂါထာနဲ့ သူ့ပါဠိဘော်နဲ့ ဗာလပဏ္ဍိတနဲ့ဆိုတော့ အဓိတော်ကလေး နေရာကျသွားပြီ (ကျသွားပါပြီ) မကျေးဘူးလား....(ကျပါပြီ)။

ကိုင်း-ဒါဖြင့် ရှုနည်းနိဿယည်းကို ပြောတော့ ဖြစ်ပျက်ရှုရမယ်လို့ ပြောတာ (မှန်ပါ့)မောင်နိုင် ဘာဖဟာသလဲ .... (ဖြစ်ပျက်ရှုနည်းကိုဟောပါတယ်ဘုရား)။

ဖြစ်ပျက် ရှုမယ်ကြံဟော့ကိုတဲ့ ဝေဒနာကြီးက်တဲ့ ပုဂ္ဂိုလ်က ဘာရှုရမလဲ....(ဝေဒနာရှုရပါမယ်ဘုရား) ဝေဒနာဖြစ်ပျက်ရှု (မှန်ပါ့)စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က....(စိတ်ဖြစ်ပျက်ရှု)။

သို့သော်- ဒီလိုလုပ်ပါတဲ့ ဘုန်းကြီးက ရှင်းပေးတယ်၊ကိုစောမောင်တို့ကို....(မှန်ပါ့) ဝေဒနာ မင်းမရှုနဲ့ဦး ဟုတ်လား၊ ဝေဒနာက တဏှာသတ် ဟုတ်လား....(မှန်ပါ့)စိတ်ရှု၊စိတ်ကဒိဋ္ဌသတ် ပေါ်ပလား....(ပေါ်ပါပြီ)။

ဝေဒနာက ....(တဏှာသတ်ပါဘုရား)ဝေဒနာရှုတာကတဏှာသေစေချင်လို့ရှုတာ၊ စိတ်ရှုတာက....(ဒိဋ္ဌိသေစေချင်လို့ရှုတာပါဘုရား)။

ဒိဋ္ဌိသေစေချင်လို့ဆိုဓတော့ တဏှာနဲ့ဒိဋ္ဌိကို ဘယ်သူ့အယင်သတ်ရမယ်ဆိုတာ ခင်ဗျားတို့ ဝေဘန်ကြည့်တော့ ပေါ်လာတယ်....(ဒိဋ္ဌိအယင်သတ်ရပါမယ်ဘုရား)။

ဒီဒွိအယင် သတ်ရမယ်၊ တဏှာသတ်နေလို့ မကောင်းဘူး၊ ကောင်းပါ့မလား....(မကောင်းပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သောတာပန်ဆိုတဲ့ဥစ္စာ ရှေးဦးစွာ တည်တာကိုစောမောင် ... (မှန်ပါ့) အဲဒါဘာဖြစ်လို့ သောတာပန်တည်သတုံးဆိုတော့ တဏှာသေလို့ သောတာပန်တည်တာမဟုတ်ဘူး၊ ဒီဒွိသေလို့ သောတာပန် တည်တာ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)ဒီဒွိသေလို့နော်....(မှန်ပါ့)။

အဲ... ရုပ်နာမ်ကို ငါထင်နေတဲ့ဒီဒွိသေလို့ သောတာပန်တည်တယ်.. (မှန်ပါ့)တဏှာကျန်လျက်ဘဲ.... (မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဟာသာရှုလို့ရှိယင် သူ့အချိုးကိုက်ပါလိမ့်မလဲဆိုတာ မောင်နိုင် ဝေဘန်စမ်း .... (စိတ္တာနုပဿနာပါဘုရား)။

စိတ္တာနုပဿနာရှုလိုက်တော့ ဘာသေသတုံး .... (ဒီဒွိသေပါတယ်) သောတာပတ္တိမဂ်ဆိုတာ ဘာပယ်ရမှာလဲ ... (ဒီဒွိပယ်ရမှာပါ)ဒီဒွိပယ်ရမယ်ဆိုတာ သေချာပလား.. (သေချာပါပြီ) ကောင်းပြီ ဒါဖြင့် စိတ္တာနုပဿနာကို ရှုမယ်ဆိုတော့ တကာတကာမတွေ ဆဲ့နှစ်မျိုးပေးထားတယ်ဆိုတာ သိပါပြီ-(သိပါပြီဘုရား)။

မြင်စိဘ်ကိုလဲ ရှုနိုင်တယ်၊ကြားစိတ်ကော.... (ရှုနိုင်ပါတယ်) နံစိတ်ကော....(ရှုနိုင်ပါတယ်)စားစိတ်ကော .... (ရှုနိုင်ပါတယ်ဘုရား)ကိုယ်တလုံးမှာ ယားတယ်, ယံတယ်, ကောင်းတယ်ဆိုတဲ့

ဆာယဝိညာဏ်စိတ်တွေကော.... (ရှုနိုင်ပါတယ်) ရှုနိုင်တယ်ဆို တော့ ဒါ... ပြင်ဘက်ည့်သည်ငါးယောက် ကုန်သွားပြီ....(မှန်ပါ့ ဘုရား) ဒါ....ဆက်ရှုပေါ့နော်....(မှန်ပါ့)။

အတွင်းည့်သည်တွေ ပြောရမယ်ဆိုတော့ အတွင်းထဲမှာ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသတွေ့ မရှိဘူး လား.... (ရှိပါတယ်) အဲ....အတွင်းည့်သည်ကိုလဲ ရှုပေးလိုက်.... (မှန်ပါ့)။

ဘာမှမရှိဘူးဆိုတော့ ခင်ဗျားတို့ လေကိုထွက်အောင် အား ထုတ်တဲ့စိတ်ရှု၊ သဘောကျပလား.... (ကျပါပြီ) လေကို ပြန် ရှိုက်တဲ့....(စိတ်ကို ရှုရပါမယ်ဘုရား)။

ဒီစိတ်ကိုတော့ ဘာစိတ်တုံးလို့ မေးမနေပါနဲ့၊ တခါတလေ ဒေါသနဲ့ရှုတဲ့ စိတ်ကလဲရှိတယ်၊ လောဘနဲ့ရှုတာ, ရှိုက်တာ ကော....(ရှိပါတယ်ဘုရား)။

ပဲ့ကြည့်ရင်းမျှား ရှုနေတာကြတော့ လောဘနဲ့ ရှုရှိုက် နေတယ်၊သဘောကျပလား....(ကျပါပြီ) တခါဘလေကျတော့ ဒေါသကြီးနဲ့မျှား ရှုရှိုက်နေတာတွေ့ကျတော့ ဒေါသနဲ့ရှု ရှိုက်နေတယ်.... (မှန်ပါ့) တခါဘသေ မသိလိုက် မသိဖါသာ ရှုနေတဲ့အခါမျှားပါခဲသားတယ်....(ပါ-ပါတယ်)အဲဒါကျတော့ မေစဟာနဲ့ ရှုရှိုက်နေတယ်ဆိုတော့ သူ့ကျတော့ ဝေဘန်လို့မရ ဘူး၊ အဲဒါ ရှုရှိုက်စိတ်ဘဲ ဖြစ်ပျက်ရှု...(မှန်ပါ့) သူက အခါနဲ့ လာနေတာကိုး၊ သဘောပါကြလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ရှုစရာ ဆဲ့နှစ်ခုဆိုတာ ဆရာဘုန်းကြီးက ပေးထား တယ်။

ညွှေ့သည်က မောင်နိုင်.... ဘယ်နှစ်ယောက်တဲ့တုံး.... (ဆယ်ယောက်ပါ) အိမ်သည်ကကော_ (နှစ်ယောက်ပါဘုရား)။

အဲဒီ....အိမ်သည်နှစ်ယောက်ကို အမြဲတမ်းထားပြီး ညွှေ့သည်ပေါ်ရာလိုက်လို့ ရှိယင်ဖြင့် စိတ်တော့ဟာ မြင်စိတ်ဆာလေးလဲ ဖြစ်ပြီးပျက်တာဘဲ၊ ကြားစိတ်ကလေးကော... (ဖြစ်ပြီးပျက်တာပါဘုရား)။

မပျက်ဘူးလို့တော့ မယူနဲ့နော်... (မှန်ပါ့) ဒီလို ယူလိုက်တော့ ဒီအပျက်နောက်က ဝိဇ္ဇာမဂ် မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မဂ်လသုတ် ရွတ်ခဲ့တော့...(ပဏ္ဍိတာနဥ္စသေဝနာပါဘုရား)။

ကိုစောမောင်တို့ ထစ်မျှားနေလိုက်သေးတယ်၊ မဂ်လိုက်ပေါ့ဗျ... (မှန်ပါ့) ရွတ်စမ်းပါဦး... ဘယ်နှယ်....တဲ့_ (ပဏ္ဍိတာနဥ္စသေဝနာပါ)မဂ်သသုတ်မျှား မေ့မျှားကုန်ပလား ပြော-မပြောတတ်ပါဘူး၊ အိမ်ထောင်ကျတာကြာလို့မျှား မေ့ကုန်ပလား (မနမေ့ပါဘုရား)။

တကာတကာမတွေ့ ရွတ်ကြစမ်း... ဘာတဲ့တုံး.... (ပဏ္ဍိတာနဥ္စသေဝနာပါဘုရား)။

အဲ.... ဖြစ်ပျက်နောက်က မဂ်လိုက်လို့ရှိယင် မဂ်ဝိဇ္ဇာလိုက်လို့ရှိယင် ပဏ္ဍိတာနဥ္စ သေဝနာဖြစ်ပါတယ်၊ ဒါဖြင့် ဧတံ မဂ်လမုတ္တမံဘဲ ကိုစောမောင်... (မှန်ပါ့) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် စိတ်ဆဲ့နှစ်ခုကို တကာတကာမတွေ့ကာ အိမ်သည်နှစ်ခုကိုလဲ အမြဲတမ်းထားရှုပြီးသကာလ ဥည့်သည်ပေါ်ရာ လိုက်လို့ရှိယင်ဖြင့်တဲ့ စိတ်ဟာ ဒိဋ္ဌအများဆုံး၊ ငါ့စိတ် မစမ်းနဲ့ဆိုတာတွေဟာ ဒိဋ္ဌကလာတာ.... (မှန်ပါ့) ငါမြင်တယ်ဆိုတာကော.... (ဒိဋ္ဌကလာတာပါဘုရား)မျက်လုံးကို ငါစဲ့တယ်နော်.... (မှန်ပါ့) ငါကြားတယ်ဆိုတော့ နားမှာ ငါမပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ပေါ်မှာ ဒိဋ္ဌက ဘယ်နှယ်တုံး.... (များပါတယ်ဘုရား) များတယ်နော်။

အဲဒီတော့ ဒီလိုလုပ်ပါတဲ့၊ ခင်ဗျားတို့ ဒိဋ္ဌပြုတ်ချင်တော့ကို ဘုရားကဟောထားတယ်၊ မင်းတို့ နိဗ္ဗာန်ရောက်ဘို့ အရေးဟာကွာ... တဲ့၊ ဒီ-ဒိဋ္ဌမပြုတ်ယင်တော့ဖြင့် ဘာလုပ်နေနေ နိဗ္ဗာန်မရောက်ဘူးတဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒိဋ္ဌသာမပြုတ်ယင်.... (နိဗ္ဗာန်မရောက်ပါဘုရား) ဘာလုပ်နေနေ နိဗ္ဗာန်မရောက်ဘူးဆိုပြီးသကာလ ဆက္ကနိပါတ် အဂုံတို့ရဲ့ ပါဠိတော်မှာ-နော်.... အနိစ္စသုတ်မှာ ဘယ်လို ဟောလိုက်သတုံး ဆိုတော့....

“ဧကဉ္ဉံ သခ်ါရံ နိစ္စတော သမနုပဿန္တော
အနုလောမိကာယ ခန္တိယာ သမန္နာဂတော
ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ”။

သဘောကျပလား....(ကျပါပြီ) ဒီ-တခုတည်းသော စိတ်ကလေးက သခ်ါရတရားကလေး မဟုတ်လား.... (မှန်ပါ့) အာရုံဒွါရ

---

* ဆက္ကနိပါတ် အဂုံတို့ရဲ့ အာနိသံသဝဂ် အနိစ္စသုတ် (၃၈၄)

ကြောင့် ဖြစ်တယ်ဆိုတော့ သူမျှားပြုပြင်လို့ပေါ်လာတဲ့ စိတ်ကလေး မဟုတ်လား.... (မှန်ပါ့) အာရုံဒွါရမပြုပြင်ယင် ဒီ.... ဝိညာဏ်စိတ်ကလေး ပေါ်နိုင်ပါ့မလား- (မပေါ်နိုင်ပါဘုရား)။

" စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ " ဆိုတော့ နှစ်ခုက ပြုပြင်လို့ပေါ်လာတာ....(မှန်ပါ့)။

အဲဒီ သခ်ါရကလေးဟာ ကိုစောမောင် သူ့ကို နိစ္စထင်နေလို့ရှိယင်တဲ့ ဝိပဿနာဉာဏ်တောင် မရဘူးတဲ့၊ ဟုတ်လား.... (မှန်ပါ့) ဝိပဿနာဉာဏ်မှု မရလို့ရှိယင်လဲ-တဲ့၊ "ကဋ္ဌ ံ သခ်ါရံ (ပ) နေတံ ဌာနံ ဝိဇ္ဇတိ " ငါ...သေသေချာချာ ဟောတယ်၊ ဒီတရားကလေးတခုကို ခိုင်တယ်,မြဲတယ်လို့ ထင်နေလို့ရှိယင် ဖြင့်....တဲ့၊ ဘယ်နည်းနဲ့မှု အနုလောမ ခန္တ ီတောင် မရပါဘူးကွ....တဲ့၊ ဝိပဿနာဉာဏ်တောင် မရဘူး....(မှန်ပါ့)။

" အနုလောမိကာယ ခန္တ ီယာ အသုမန္နာဂတော သမ္မတ္တနိယာမ ံ သြက္ကမိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"။

ဒီ.ဝိပဿနာဉာဏ်ဆိုတဲ့ အနုလောမဉာဏ်မှ မပါလို့ရှိယင် သမ္မတ္တနိယာမဆိုတဲ့ မဂ်ဉာဏ်ကို ရလိမ့်မယ်လို့ ငါ-ဘယ်တော့မှ မဟောဘူးတဲ့....(မှန်ပါ့) ဒီ-သခ်ါရကို နိစ္စထင်နေယင်....(မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

သမ္မတ္တ နိယာမ ံ အနောက္ကမ မာနော သောတာပတ္တိ ဖလံ ဝါ-သကဒါမိဖလံဝါ-အနာဂါမိဖလံဝါ-အရဟတ္တ ံ ဝါ- သစ္ဆ ံ ကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"။

ဒီဟာကွာ သေသေချာချာ မှတ်တော့ မင်္ဂလေးတန် ဖိုလ်လေးတန် လုံးဝမရဘူး....တဲ့၊ ဒီသင်္ခါရကို နိစ္စထင်နေလို့ရှိယင်.... (မှန်ပါ့) သူအရေးကြီးဆုံးဘဲ....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်ရှုတော့ ဖြစ်ပျက်ဆိုတာ ဖြစ်ပြီးပျက်တာ၊ "ဟုတ္တွာ အဘာဝဝဋ္ဌေန အနိစ္စ" အနိစ္စ မမြင်သေးဘူးလား.... (မြင်ပါတယ်ဘုရား)။

ခုနင်ကဟာ ဖြစ်ပြီး ပျက်သွားတာဘဲလို့ ရှုလိုက်တာပေါ့၊ ဒု၊....ဝေဒနာရှုယင် ဝေဒနာလဲ ဒီထဲပါသွားတယ်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

သဟဇာတ အဖြစ်နဲ့ပါသွားတော့ မြင်စိတ်ကလေး ရှုလိုက်လဲ ဖြစ်ပြီးပျက်တာ မသိလိုက်ဘူးလား... (သိလိုက်ပါတယ်ဘုရား)။

သိလိုက်တဲ့အခါကျတော့ အဲဒါ အနုလေ့ာမ ခန္ဓာရပြီ....၊ ဝိပဿနာဉာဏ်ရပြီ၊ အဲ... ဝိပဿနာဉာဏ်ရလို့ရှိယင်လဲ မဂ်ဉာဏ်ရမယ်၊ မဂ်ဉာဏ်ရလို့ရှိယင် ဖိုလ်ဉာဏ်ပြီးတာဘဲ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ ငါဘုရား ရဲဝံ့စွာ တာဝန်ခံတယ်ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မြင်ပြန်ယင် မြင်စိတ်ကလေးကို ဖြစ်ပျက်မိအောင်ရှု၊ ကြားစိတ်ကလေးကိုကော... (ဖြစ်ပျက်မိအောင်ရှု) သဘောကျပလား....(ကျပါပြီဘုရား)။

နှာခေါင်းမှာပေါ်တဲ့ နံစိတ်တာလေး.... (ဖြစ်ပျက်မြင်အောင်ရှု) လျှာလယ်မှာပေါ်တဲ့ စားစိတ်ကလေး.... (ဖြစ်ပျက်မြင်အောင်ရှု) ကိုယ်ပေါ်မှာ ယား-ယံစိတ်ကလေး.... (ဖြစ်ပျက်မြင်အောင်ရှု) ကိုယ်ပေါ်မှာ ဆောင်းစိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပျက်မြင်အောင်ရှု) ဝမ်းထဲလောဘစိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပျက်မြင်အောင်ရှုပါဘုရား)။

ဖြစ်ပျက်မြင်အောင် နောက်က သမ္မတ္တ နိယာမမဂ်လိုက်ပေး၊ ဝိပဿနာ မဂ်လိုက်ပေး.... (မှန်ပါ့) ကိုစောမောင် မလိုက်သင့်ဘူးလား.... (လိုက်သင့်ပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ဒေါသကလေး ပေါ်လာယင်.... (ဖြစ်ပျက်မြင်အောင်ရှု) ဧမောဟဆိုတဲ့ သံသယဥဒ္ဓစ္စကလေး ပေါ်လာယင်.... (ဖြစ်ပျက်မြင်အောင်ရှုပါဘုရား)။

ဖြစ်ပျက်လိုက်ပေး၊ လိုက်သာလိုက်၊ သဘောကျပလား.... (ကျပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဲဒီလို လိုက်တော့ကိုတဲ့ ခန္ဓာနောက်က ဘာလိုက်သတုံး.... (ဝိဇ္ဇာလိုက်ပါတယ်ဘုရား)။

ဒါဖြင့် ပါဠိရွတ်လိုက်ပါ.... (ပဏ္ဍိတာနဥ္စ သေဝနာ) ဆုံးအောင်ရွတ်လိုက်တော့.... (ဧတံ မင်္ဂလ မုတ္တမံ)။

ဧတံ မင်္ဂလ မုတ္တမံ ဖြစ်တယ်၊ မဖြစ်သေးဘူးလား... (ဖြစ်ပါတယ်ဘုရား)။

ဧတံ မင်္ဂလ မုတ္တမံ ဆိုတာ နိဗ္ဗာန်ကိုဟောတာ၊ ဒီပြင်ဟာကို ဟောတာမဟုတ်ဘူး...(မှန်ပါ့)။

"ပဏ္ဍိတာနဉ္စ သေဝနာ၊ ဧတံမင်္ဂလ မုတ္တမံ" ဆိုတာ ဦးဘဏလေး သေသေချာချာမှတ်ထား နိဗ္ဗာန်ကို ဟောတာ....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ့ပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြာဦးစို့....။

သာဓု....သာဓု၊ သာဓု....

ကျေးငှးတော်ရှင် အဂ္ဂမဟာသပက္ကတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ခန္ဓာရှိယင် အို,နာ,သေဘေး မလွတ်နိုင်
ညွှ အလုပ်ပေးတရားတော်

(၁၃ - ၆ - ၆၂)

တကာတရာမတွေက တရားနာကြတယ်ဆိုတဲ့ဥစ္စာ ဘာဖြစ်လို့နာကြတာတုံး မေးလို့ရှိယင်ဖြင့် ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်လို့...လို့ မှတ်လိုက်လို့ရှိယင် ဒါ-တရားနာတဲ့ အကျိုးတွေ ပေါ်လာတာဘဲ...(မှန်ပါ့)။

တရားနာတာ ဘာဖြစ်လို့နာချင်ကြပါလိမ့်.... (ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်လို့ပါဘုရား)။

ကောင်းပြီ...တဲ့ ကိုယ့်ဒုက္ခ ကိုယ်သိမ်းမှ ရတယ်၊ အမေက သိမ်းပေးလို့ မရဘူး...၊ အဖေက သိမ်းပေးလို့ မရဘူးနော်.... (မှန်ပါ့) ဆွေမျိုးညာတစ်ာတွေက သိမ်းပေးလို့ကော....(မရပါဘုရား)။

မရဘူး...တဲ့၊ ဘာ့ကြောင့် မရသတုံးဆိုတော့ စဉ်းစားကြည့်ပါ...တဲ့ တကာတကာမတွေ ကိုယ့်ခန္ဓာထဲမှာ ရှိတဲ့ မြင်တယ်၊

လိုချင်တယ်၊ စဲ့လမ်းတယ်၊ မရ,ရအောင် အားထုတ်မယ်၊ နို့... သူမျှားသန္ဆာန်ဖြစ်တာမှ မဟုတ်ဘဲ့....(မှန်ပါ့)။

မောင်နိုင် သူမျှားသန္ဆာန် ဖြစ်သလား.... (မဖြစ်ပါဘုရား)။

မြင်တယ်ဆိုတာလဲ ကိုယ်မြင်တာ...(မှန်ပါ့) မြင်လို့ လိုချင်တယ်ဆိုတာကော.... (ကိုယ့်သန္ဆာန်မှာ ဖြစ်ပါတယ်ဘုရား) မြင်လို့ တခါ-စဲ့လမ်းတယ်ဆိုတာကော....(ကိုယ့်သန္ဆာန်မှာ ဖြစ်ပါတယ်ဘုရား) မြင်လို့ဘဲ့ တခါစဲ့လမ်းတာ မရ,ရအောင် အားထုတ်မယ်ဆိုတော့ ကမ္မဘဝ လာတယ်၊ ကာယကံ ဝစီကံ ကိုး ကိုစောမောင်-ရ....(မှန်ပါ့)။

ဒီဟာတွေက သူမျှား ဖြစ်တာလား....၊ ကိုယ့်သန္ဆာန် ဖြစ်တာလား....(ကိုယ့်သန္ဆာန် ဖြစ်တာပါဘုရား)။

အဲဒီ ဒုက္ခဖြစ်ကြောင်းဆိုတဲ့ တဏှာ, ဥပါဒါန်, ကံတွေဟာ ကိုယ့်သန္ဆာန်ဖြစ်ပြီးသကာလ သူတို့က ပေးတဲ့ဒုက္ခ၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ဏာမဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿနဲ့ သူ့ားလိုက်တဲ့ဥစ္စာ တကာကြီးလှိုင် သူမျှားပေးတဲ့ဒုက္ခလို့ ဆိုလို့ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ကိုယ့်သန္ဆာန်ဖြစ်တဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ပေးတဲ့ဒုက္ခ။

ဒါ့ကြောင့် ဒီဒုက္ခ ကျွတ်ချင်ပါတယ်၊ လွှတ်ချင်ပါတယ်ဆို လို့ရှိယင်ဖြင့် ကိုယ့်သန္ဆာန်ဖြစ်တဲ့ အကြောင်းကို ဖြတ်တတ်တဲ့ ဉာဏ်ရပါမှ ကိုယ့်ဒုက္ခသိမ်းမှာဘဲ့... (မှန်ပါ့) နို့မဟုတ်ယင်.... (မသိမ်းနိုင်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဘယ်သူ မလုပ် လုပ်လုပ်၊ ကိုယ့်ဟာကိုလုပ်ကြ၊ ကိုယ့်ဒုက္ခကိုယ်သိမ်းတဲ့ ဥစ္စာကို သူများကို အဖေါ်ညှိနေဘို့လဲ မလိုဘူး... (မှန်ပါ!) သူများ အားပေးနေဘို့လဲ ဒီလောက် မလိုလှဘူး .... (မှန်ပါ!)။

ကိုယ့်ဒုက္ခသည် ကိုယ့်အတွင်းက ဒုက္ခဖြစ်ကြောင်းကြောင့် ကိုယ်ဒုက္ခရောက်တယ်....(မှန်ပါ!) သူများနဲ့ ပတ်သက်သေးလား (မပတ်သက်ပါဘုရား) အမျဉ်းလို့ကော ရရဲ့လား .... (မရပါဘုရား)မျှခံကြပါဆိုလို့ကော...(မရပါဘုရား)။

မရတာ ထောက်လိုက်တဲ့ အခါကျတော့ ဩော် .... ဒီဥစ္စာ ဘုန်းကြီးသန္တာန်ဖြစ်လဲ ဘုန်းကြီးခံရုံဘဲ၊ ဒီက ကိုယ်တော်တွေ့ သန္တာန်ဖြစ်ယင်လဲ ကိုယ်တော်တွေဘဲ ဒုက္ခတွေ့ရုံဘဲ၊ ဒါဘယ် သူနဲ့မှမဆိုင်ဘူး....(မှန်ပါ!)။

ဒါဖြင့် ဒုက္ခ ဘယ်သူပြုတာတုံး မေးလို့ရှိယင် မိမိတို့၏ အနာဂတ်အကြောင်းတွေ ပြုတာလို့ ပြောလိုက်ယင်တော .... မမှန်ဘူးလား....(မှန်ပါတယ်ဘုရား) တဏှာ, ဥပါဒါန်, ကံတွေ ဟာ ဘာအကြောင်းတွေတုံး .... (အနာဂတ်အကြောင်းတွေ့ပါဘုရား)အနာဂတ်အကြောင်းဆိုတော့ နောက်ခန္ဓာဖြစ်ကြောင်း ပေါ့ကွာ....(မှန်ပါ!)။

နောက် ခန္ဓာ ဖြစ်ကြောင်းတွေကို တကာ တကာမတွေက ကြိုးစားလို့ရှိယင် နောက်ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာ လာမှာဘဲ... (လာမှာပါဘုရား)။

မလာပေဘူးလား...(လာပါတယ်ဘုရား)။

အဲဒီတော့ တကာကြီးလှိုင်ရေ တကာရင်း ဆရာရင်းတွေ ပြောရတော့ သူမျှားပေးတဲ့ ဒုက္ခမရှိပါဘူး...(မှန်ပါ့) ရှိသေးသလား....(မရှိပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ ဓမ္မကပေးတဲ့ ဒုက္ခတော့ .... (ရှိပါတယ်ဘုရား) ရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် သြော်... မင်းတို့ အတွက်ကြောင့် ငါ ဒုက္ခရောက်လေခြင်းလို့ ညည်းတဲ့ပုဂ္ဂိုလ်မျှား ကိုစောမောင် ပြုံးလိုက်စမ်းပါ (မှန်ပါ့)။

မင်းတို့အတွက်ကြောင့် ငါ ဒုက္ခရောက်တယ်၊ ဟုတ်ကြရဲ့လား တကာတကာမတို့...(မဟုတ်ပါဘုရား)။

ဟောဒီ သားတွေ, ဟောဒီ သမီးတွေအတွက်ကြောင့် ဒုက္ခရောက်နေတာဘုရား...တပည့်တော်တို့မှာတဲ့၊ ဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား)။

အလကား ပြောနေတာ ဦးဘအုန်းကြီး ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊ အလကား ပြောနေတာ၊ မောင်အောင်သိန်း.... မဟုတ်ပါဘူးကွ....(မှန်ပါ)။

မင်းတို့ သန္တာန်ဖြစ်တဲ့ တဏှာ မင်းတို့သန္တာန်ဖြစ်တဲ့ ဥပါဒါန် မင်းတို့သန္တာန်ဖြစ်တဲ့ ကမ္မဘဝ၊ ဒါတွေကြောင့် ဒုက္ခဖြစ်နေတာ...(မှန်ပါ့)။

အဲဒီတော့ သားပေး, သမီးပေး ဘယ်သူပေးတဲ့ဒုက္ခလို့ ဆိုကြမတုံး....(မဆိုနိုင်ပါဘုရား)။

ကိုယ့်.ဒုက္ခ ကိုယ်မဖြတ်တတ်လို့. ကိုယ်တွေ့နေတာ ... (မှန်ပါ့ဘုရား)။

တကာကြီးလှိုင်လဲ... (ကိုယ့်ဒုက္ခကို ကိုယ်မဖြတ်တတ်လို့. ကိုယ်တွေ့တာပါဘုရား) ကိုယ်မဖြတ်တတ်လို့. ကိုယ်တွေ့တာကို ဟိုချဒီချနဲ့. သားဆိုး သမီးဆိုးနဲ့ တွေ့ရလို့. ဒုက္ခ တွေ့ရသလိုလို တကာ့တကာမတွေ့ကထမင်းရေပူလာလျှဲလဲဆိုတဲ့အသွားတွေကအင်မတန် မပေါ်ဘူးလား...(ပေါပါတယ်ဘုရား)။

အဲဒါတွေပြင်ကြစမ်းပါဦး ... (မှန်ပါ့) ဒါတွေ ပြင်ကြစမ်းပါဦး။

ဒါတွေ့ မပြင်လို့က်လို့.ရှိယင် ဘာဖြစ်လာမတုံးလို့. မေးတဲ့အခါကျလို့.ရှိယင်ဖြင့် သူမျှားပြုတဲ့ ဒုက္ခလို့. ထင်လိမ့်မယ် ... (မှန်ပါ့)။

သူမျှားပြုတဲ့ ဒုက္ခဆိုလို့.ရှိယင်ဖြင့် သက္ကာယဒိဋ္ဌကလဲပါသွားတာတကြောင်း....(မှန်ပါ့)အကြောင်းမမှန်ခြင်းကြောင့် အဟောတုကဒိဋ္ဌ ပြောရင်းဆိုရင်းနဲ့.ဘဲဒိဋ္ဌဖြစ်သွားတာကလဲ တကြောင်းဤအကြောင်းတွေကြောင့် မောင်နှိုင် စဲချက်လဲလို့.ရှိယင် တယ်နာပါကလား....(နာပါတယ်ဘုရား) သဘောပါကြလား ... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်သူ.အတွက်ဒုက္ခဖြစ်နေတယ်လို့. ပြောတဲ့ဥစ္စာမဟုတ်ဘူး၊ ကိုယ့်သန္တာန် ဒုက္ခဖြစ်ကြောင်းမသိမ်းလို့.ဒုက္ခဖြစ်တာ....(မှန်ပါ့)ရှင်းပြီ...(ရှင်းပါပြီ)။

ဒုက္ခ ဘယ်သူ.ကြောင့် ဖြစ်တာပါလိမ့် .... (ကိုယ့်.သန္တာန်ဒုက္ခဖြစ်ကြောင်းမသိမ်းလို့.ပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ ဒုက္ခဖြစ်ကြောင်း ကိုယ်မဖြတ်တတ်လို့ ဒုက္ခရတာ၊ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီ....ဒုက္ခကို ဘယ်သူသိမ်းမှ ရမှာပါလိမ့်မတုံး၊ ကယ်ကြပါဦး၊ ယူကြပါဦး ကျုပ်အပူ ဘယ်သူ ငြိမ်းမတုံးလို့ အော်ပြီ ငိုနေတဲ့ပုဂ္ဂိုလ်ဟာ ကိုစောမောင် လဲတယ် .... (လဲပါတယ်ဘုရား)။

လဲလိုက်တဲ့ဖြစ်ခြင်း၊ သူ့ဒုက္ခ သူ့သန္ဓာန်ကဖြစ်လို့ မျက်ရေကြီးငယ်ကျရတာသာ၊ သောက ပရိဒေဝတွေလာတာ့ မောင်နိုင် (မှန်ပါ)ဒါ....ဘယ်သူ့ကယ်လို့ ဘယ်သူဆယ်လို့မှရပါ့မလား.... (မရပါဘုရား)။

မရဘူး၊ကိုယ့်အကြောင်း ဖြတ်လိုက်ယင်တော့....(ရပါတယ်ဘုရား)။

ရတယ်ဆိုတော့ သြော်...ဒါဖြင့် ဒီ....တကာတကာမတွေ့ဟာ အကြောင်းမှန်ကို မသိသောကြောင့် အဟောတုကဒိဋ္ဌိ ဖြစ်နေတယ်... (မှန်ပါ)။

ဒီ...ဒိဋ္ဌိတွေ့ ဖြစ်နေတော့ ဒီ... ဒိဋ္ဌိက ဘာလုပ်ပါသတုံးဆိုတော့ မင်္ဂဉာဏ် ဖိုလ်ဉာဏ်တားပစ်လိုက်တယ်၊ ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)ပေါ်ကြပလား...(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဒီကရှေ့ ဘယ်သူဆိုးလို့ ဘယ်ဝါဆိုးလို့ ဘယ်မင်းမကောင်းလို့ ဘယ်စိုးမကောင်းလို့ ဒုက္ခမျိုးစုံ ကိုယ်တိုင်ကြုံရတယ်ဆိုတဲ့ အသွားတွေကိုဖြင့် ယနေ့ ပဋိစ္စသမုပ္ပါဒ်ကို

ခန္ဓာထဲကဟာကို သိသဖြင့် မောင်နိုင်ရေ ဒီ အပြောအဆိုတွေ ရပ်စဲလိုက်တော့....(မှန်ပါဘုရား)။

နောက်က တကာတကာမတွေ ဘယ်လိုပါလိမ့်....(ဒီအပြော အဆိုတွေ ရပ်စဲရမှာပါဘုရား) မဟုတ်လို့ အရပ်စဲခိုင်းတာ.... (မှန်ပါ့)။

မဟုတ်လို့ အရပ်စဲခိုင်းတာဆိုတာကော သေချာကြပလား-(သေချာပါပြီ)။

ကောင်းပြီ...ဒါဖြင့် ဒုက္ခသိမ်းမှ ဖြစ်မှာကိုး...(မှန်ပါ့) ဒုက္ခသိမ်းချင်တော့ သူများက လာသိမ်းပေးလို့ မဖြစ်ဘူး။

တကာတကာမတို့ သူများက လာသိမ်းပေးယင် ... (မဖြစ်ပါဘုရား)ကိုယ့်ဉာဏ်နဲ့ကိုယ်သိမ်းပါ....(မှန်ပါ့)။

ကိုစောမောင် .... ဘာတဲ့တုံး .... (ကိုယ့်ဉာဏ်နဲ့ ကိုယ်သိမ်းရမှာပါဘုရား)နောက်ဟာ တကာတကာမတွေ ကိုယ့်ဉာဏ်နဲ့ကိုယ် သိမ်းရမယ်နော်....(မှန်ပါ့)။

အဲဒီတော့ကို ဟို....တယောက် ဒုက္ခဖြစ်တယ်ဆို ကိုစောမောင်တို့က ဟိုတိုင် ဒီတိုင်နဲ့ ၊ကူကြပါဦး- ညီကြပါဦး၊ ကျုပ်မှာဖြင့် ဒီလိုဖြစ်နေပြီ၊မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဒီကောင်ဆုံးမလို့ မရဘူး၊ ဒီကောင် ဆုံးမလို့ မရဘူး၊ ကယ်ကြပါဦး- ဝိုင်းကြပါဦး၊ ခင်ဗျားတို့ ကူကြပါဦး ကျုပ်မှာဖြင့် ဒီလိုဖြစ်နေပြီ၊မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အင်း... ပြောသာပြောတယ်၊ သူတို့ကြောင့်လား ... ကိုယ့်ကြောင့်လား....(ကိုယ့်ကြောင့်ပါဘုရား) ကိုယ့်ကြောင့်ဆိုတာ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကြောင့်....(မှန်ပါ့)။

မခင်လို့ရှိယင် ဒီဒုက္ခ သူများကို အကူအညီတောင်းပါ့မလား.... (မတောင်းပါဘုရား) မစဲ့လမ်းယင်....(မတောင်းပါဘုရား) ကိုယ်အားမထုတ်ထားယင်....(မတောင်းပါဘုရား)။

အခုတော့ ကိုယ်ခင်, ကိုယ်စဲ့လမ်း, ကိုယ်အားထုတ်ထားလို့ ရတဲ့ ဒုက္ခကို အရပ်ကူပါဦး, လူဝိုင်းပါဦးဆိုတော့ နောက်က တကာတရာမတွေဘဲ စဉ်းစားကြည့်၊မှားလေရော့လား....၊ မှန်လေရော့လား...(မှားပါတယ်ဘုရား)။

မှားပေမဲ့လဲ ကိုစောမောင်တို့က ကိုယ့်ဝမ်းတွင်းအကြောင်း မောင်နှိုင်တို့က မသိတော့ ဟေ့....အရပ်မကောင်းလို့ ဖြစ်ရလေခြင်း၊ အင်း....ကိုစောမောင် ရွာမကောင်းလို့....(ဖြစ်ရလေခြင်းပါဘုရား) မြို့မကောင်းလို့.... (ဖြစ်ရလေခြင်း) အပေါင်းအသင်း မကောင်းလို့....(ဖြစ်ရလေခြင်း)။

ဟာ့... လဲကုန်ပေါ့၊ သေသေချာချာ လဲကုန်ပြီဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ ကိုယ့်အကြောင်း ကိုယ် ဖြတ်ကြပါစို့... (မှန်ပါ့) ကိုယ့်အကြောင်း မကောင်းတဲ့ အကြောင်း ဖြတ်လိုက်လို့ရှိယင် ရပါတယ်၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် တကာတရာမတို့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက ဟောလိုက်တယ်ကွာ...တဲ့၊မင်းတို့မှာဒီ.ပြင်ဒုက္ခ အသာထားဦး၊မင်းတို့မှာ နောင်တွေ့လတ္တံ့ ဒုက္ခတွေ့ မင်းတို့ခန္ဓာ ကိုယ်ထဲများ သုံးသပ်ကြရဲ့လား....၊ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက သိဝိတိုင်းမှာ သီတင်းသုံးနေတုန်း တခါတည်း ရဟန်း

တွေ့ရာ ဝိုင်းပြီးသကာလနေကြတော့ ရဟန်းတို့ မင်းတို့ခန္ဓာကိုယ်ထဲများ သုံးသပ်ကြရဲ့လားကွာ....၊ ဒုက္ခတွေက များလိုက်တာဆိုတော့ ရဟန်းတပါးက သုံးသပ်ပါတယ်ဘုရားလို့....အလို တော်ကျ-မကျဘဲနဲ့ သွားထောက်လိုက်တယ်နော်....(မှန်ပါ့)။

မင်း သုံးသပ်ပုံကလေး ပြောစမ်းပါကွာဆိုတော့ အို--တပည့်တော်'ကသာ လောမာ နခါ ဒန္ဆာ တစော'ဆိုတဲ့ သုံးဆဲ့နှစ်ကောင္ဘာသတွေ့ သုံးသပ်ပါတယ်ဘုရားဆိုတော့ ဘုရားက ငြိမ်နေတယ်၊ ဒါနိဗ္ဗာန်ပေါက် မဟုတ်သေးဘူးဆိုပြီး ဘုရားက ငြိမ်နေတယ်....(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီ)။

ဒါက အသုဘရှုတာ ရှိသေးတယ်....(မှန်ပါ့)ဘာရှုတာလဲ....(အသုဘရှုတာပါဘုရား) အသုဘဆိုတာ သမထလား....ဝိပဿနာလား အကဲခတ်စမ်း .... (သမထပါဘုရား) သမထ ဖြစ်ပြီး သကာလနေတော့ နိဗ္ဗာန်ရောက်ပါ့မလား-(မရောက်ပါဘုရား)။

မရောက်နိုင်တော့ ဘုရားသခင်ကိုတော်မြတ်ကြီးက ငြိမ်ပြီး သည်းခံနေတယ်၊ ဒီ ရဟန်းဖြတာ မဟုတ်သေးပါဘူးဆိုပြီး သကာလ အသာ ဝမ်းထဲမှာ မြုံနေတယ်....(မှန်ပါ့)။

ရှင်ဆာနန္ဒာက အနားရှိတော့ အရှင်ဘုရား....တဲ့၊ အတွင်း သုံးသပ်ရမှာလား၊ အတွင်းသုံးသပ်ကြရဲ့လား၊ သုံးသပ်ပါတယ်လို့ ပြောတော့လဲ အရှင်ဘုရား....အလိုတော်မကျတော့ တပည့်တော် များသည်ကား အရှင်ဘုရားပြောမှ, ဟောမှ, ဆုံးမမှ သိရမှည့် ပုဂ္ဂိုလ်တွေ့ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အရှင်ဘုရားဟောမှ အရှင်ဘုရားပြောမှ တပည့်တော်တို့ သိရမည့်ပုဂ္ဂိုလ်တွေ့ တကယ်ဖြစ်ပြီးသကာလ နေတဲ့အတွက် အရှင်ဘုရားဆုံးမမှ ဘယ်လို သုံး

သပ်ရမယ်ဆိုတာ ပေါ်ပါလိမ့်မယ်၊ ရှင်းကြပါလား....(ရှင်းပါပြီ) ဘုရားဟောမှာဲ့ သိမယ်....(မှန်ပါ့)။

အဲဒီတော့ ကိုစောမောင် ကိုယ်ထဲမှာ ဖြစ်စေ၊ မောင်နိုင် ကိုယ်ထဲမှာ ဖြစ်စေ၊ ကိုသောင်း ကိုယ်ထဲမှာ ဖြစ်စေ တနေ့ တခြား အိုနေတဲ့ ဇရာကြီး ရှိတယ်....(မှန်ပါ့)တနေ့တခြား ရိုက် နေတဲ့ ဇရာကြီး မရှိဘူးလား....(ရှိပါတယ်ဘုရား)။

တကာကြီးလှိုင်ဆိုယင် ရိုက်နှက်ထားလို့ အတော်နာနေပြီ (မှန်ပါ့)တော်တော်ကြာကျလို့ရှိယင် သတ်တော့မယ်၊ မရဏာ သတ်တော့မယ်၊ ဇရာက ရိုက်နှက်ထားတယ်၊မရဏာက သတ်တော့ မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

နောက်က တကာတကာမတွေ့ ဘယ်သူက ရိုက်နှက်ထား သလဲ....(ဇရာက ရိုက်နှက်ထားပါတယ်ဘုရား)မရဏာက ဘာလုပ် သလဲ....(သတ်ပါတယ်ဘုရား)။

သြော်....မင်းတို့မှာ ဒီဟာတွေ့မှ တွေ့ပါ့မလား ကိုစောမောင် (တွေ့ပါတယ်ဘုရား)။

အဲဒါကို သုံးသပ်စေချင်တယ်ကွာ....၊ သြော်....တယ်ဆိုးတဲ့ ဇရာပါကလား၊ တွေ့လတ္တံ့ဖြစ်တဲ့ ငါ့ကို သတ်မည့် မရဏာဟာ တယ်ဆိုးဘဲ့ မရဏာပါကလားဆိုပြီးသကာလ ဒီ ဇရာ မရဏာသည် ဘယ်နှယ်ကြောင့် ဒို့သန္တာန်ရောက်နေပါလိမ့်မတုံးလို့ တွေးဘို့ အဲဒီလို တွေးစေချင်တယ်....(မှန်ပါ့)။

ဘယ်လို တွေးစေချင်သတုံး....(ဇရာ မရဏာသည်)ဇရာ မရဏာ သည် ဘယ်နှယ်ကြောင့် ဒီခန္ဓာကြီးထဲမှာ ရောက်နေပါလိမ့်

မတုံးဆိုတဲ့ တွေးလုံးကို သန်သန်ထွားထွား တွေးစမ်းပါလို့ သတိပေးလိုက်တယ်....(မှန်ပါ့)။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာနော်....(မှန်ပါ့) အဲဒီလို တွေးလိုက်စမ်းပါတဲ့၊ တွေးလိုက်တဲ့ အခါကျလို့ ရှိယင် မင်းတို့သည် ကားလို့ ဆိုလို့ ရှိယင် ဒါက သစ္စာတွေးလိုက်တာ....(မှန်ပါ့) ဇရာပို့ ဒုက္ခသစ္စ၊ မရဏမို့ ဒုက္ခသစ္စ ဒါကို တွေးလိုက်စာ-ရှင်း ကြပလား....(ရှင်းပါပြီ)။

ဘာတွေးလိုက်တာတုံး .... (ဇရာပို ဒုက္ခသစ္စ မရဏမို့ ဒုက္ခသစ္စကို တွေးလိုက်တာပါဘုရား)ဒါကို တွေးရမယ်၊ သစ္စာတွေးရမယ်၊ ရှိကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီကော့ တွေးလို့ ရှိယင်လဲ ဒါကိုဘဲ တွေးပါလို့ ဒီလိုသုံးသပ်ကြည့်ကော့ ဟိုကိုယ်မတွေ့သေးတာ တွေးမနေနဲ့....၊ ကိုယ့်သန္ဓိဘဝမှာ ရန်သူရှိနေတဲ့ဥစ္စာ ဒီရန်သူ ဘယ်ကလာပါလိမ့်မတုံး တွေးလို့ ရှိယင်ဖြင့် ဒီရန်သူ အမြစ်ကို ရှာတွေ့လို့ ရှိယင်ဖြင့်တဲ့.... ရန်သူကို သူ တနည်းနည်းနဲ့ သတ်တဲ့နည်း သူ စိတ်ကူးလိမ့်မယ်.... (မှန်ပါ့)။

အဲဒီတော့ ဒီရန်သူမှ မတွေးဘဲနဲ့ တကာတကာမတွေ့ကတခြားဟာတွေ့ ရှောက်တွေးပြီး ခုနစ်စဉ် တန်းနေလို့ ရှိယင်ဖြင့် ကိုသောင် မလွဲပေဘူးလား....(လွဲသွားပါတယ်ဘုရား)။

အဲဒါကြောင့် တဏှာတဏှာမတို့ ကိုင်း....ခင်ဗျားတို့မှာ အခု ခန္ဓာငါးပါးကိုလဲ ရ,ထားပြန်တော့ ဇရာကလဲ ဒီအထဲ အတွင်းဝင်တယ်၊ နှင်ထုတ်လို့ ရရဲ့လား....(မရပါဘုရား) မရဏကလဲ ကိုစောမေခင် နှိပ်စက်တော့မယ်.ဆဲဆဲဆဲ....(မှန်ပါ့) နှိပ်စက်

တော့မယ်ဆဲဆဲဆိုတာ တကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ အဖိုး-အဖွားတွေ၊ အမျိုးတွေလဲ သူတို့လက်တွင်းခေါင်းစင်းပြီး သေကြတယ်....(မှန်ပါ့ဘုရား) ခင်ဗျားတို့မွေးတဲ့သားသမီးတွေလဲ အရင်ဦးတဲ့ လူတွေမှာ သူတို့ လက်တွင်းခေါင်းစင်းပြီးသေကြတယ်...(မှန်ပါ့) ကိုယ်လဲ သူတို့လက်တွင်းခေါင်းစင်းပြီး သေရမည့် ကိစ္စကလဲ ပါပြီးသား ဖြစ်နေတယ်.... (ပါပြီးသားပါဘုရား)။

အဲဒီ့ပါပြီးသားတွေကို ဩော်....ဒီ-ဇရာ,မရဏ ဘယ်ကမျှားလာပါလိမ့်မတုံး၊ ဒို့မှာ ရန်သူကြီးနဲ့ ပက်ပင်းတွေ့နေပြီ၊ တွေ့ယင် ဒီလိုတွေ့စမ်းပါ...(မှန်ပါ့)။

တကာတကာမတွေ တွေ့တတ်ပလား.... (တွေ့တတ်ပါပြီဘုရား) အင်း....ဇရာကော ရှိကြရဲ့လား.... (ရှိပါတယ်ဘုရား) မရဏကော...(ရှိပါတယ်ဘုရား)။

ရှိတယ်၊ ဩော်....အိုလာပြီ၊ အိုလာယင်တော့ဖြင့် သေမင်းလက်တွင်းမှာ အခွန်ဆက်ရတော့မှာဘဲ၊ခန္ဓာနဲ့ အခွန်ဆက်ရမယ်-(မှန်ပါ့)သေမင်းက ဒီ့ပြင်ဟာနဲ့ အခွန်ဆက်လို့မှ မရဘဲ.... (မှန်ပါ့) ဒီ-ခန္ဓာကြီးနဲ့ အခွန်ဆက်မှရတယ်....(မှန်ပါ့) ခင်ဗျားတို့ ရ,ထားတဲ့ သိန်းကျောက်, သောင်းကျောက်တွေနဲ့ကော...(မရပါဘုရား)။

မရပါဘူးတဲ့၊ ခန္ဓာနဲ့ အခွန်ဆက်မှလက်ခံတယ်၊အဲဒါကြောင့် ခန္ဓာနဲ့အခွန်ဆက်မှ လက်ခံတဲ့၊ ဘာနဲ့မှ လက်ဆောင်ထိုးလို့ မရ

တဲ့သေမင်း၊ ရိုက်နှက်နေတာကိုလဲ ဘာနဲ့မှ တောင်းပန်လို့ မရ ဘူး... (မရပါဘုရား)။

အဲဒီ တောင်းပန်လို့မရတဲ့ ဇရာ,မရဏဟာ ဘယ်ကမျှားလာ လို့ ဒို့-ဒါ အကြုံကြီးကြုံပြီး အဆုံကြီးဆုံပြီး ကံဆိုးမိုးမှောင် ဖြစ်ရပါလိမ့်မတုံးလို့ တွေးစမ်းပါ။

ဟေ့... မောင်သိန်း ဒီလိုတွေးပါလား....(မှန်ပါ့)။

နောက်က တကာ့တကာမတွေ တွေးတတ်ပလား.... (တွေး တတ်ပါပြီဘုရား)။

ဘယ်ကလာတယ်ဆိုတာ တွေးစမ်းပါနော်....(မှန်ပါ့) ရှိနေ တာတော့ မတွေးဘဲနဲ့ မရှိတာတွေးယင်တော့ အလကားဘဲ.... (မှန်ပါ့) အခုဟာက ရှိနေတဲ့ နှစ်ခုကိုတွေးလိုက်စမ်းပါ၊ တွေး တတ်ပလား....(တွေးတတ်ပါပြီဘုရား)။

တကာကြီးလို့င်....(မှန်ပါ့-တွေးတတ်ပါပြီဘုရား) တွေးတတ် ပြီနော်။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြမယ် ကွာ-တဲ့၊ မင်းတို့ ဇရာ,မရဏဆိုတဲ့ဥစ္စာ သိုးသန့်တရားလို့ မင်း တို့က အောက်မေ့မနေနဲ့! မင်းတို့ ခန္ဓာကလာတာ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်ကလာတာတုံး....(ခန္ဓာက လာတာ ပါဘုရား)။

ဩော်.... ဒီခန္ဓာထဲက လာတာ မောင်နှိုင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဇရာ,မရဏ ဘယ်ကလာတာတုံး... (ခန္ဓာက လာတာပါ ဘုရား) ခန္ဓာက လာတာ။

သြော်.... ကျုပ်မှု ဖြစ်ရလေခြင်းလို့တော့ ဆိုမနေနဲ့တော့ (မှန်ပါ့) ကျုပ်မှု ဒီအာပူ ကွေ့ရလေခြင်း၊ ကျုပ်မှ ဒီအိုမှုကြီးနဲ့ အဖေါ်ဖြစ်ရလေခြင်း၊ ကျုပ်မှု သေမှုကြီးနဲ့ နီးကပ်လေခြင်းလို့ တကာတကာမတွေက မျက်ရည်ခံထိုးမနေပါနဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်ကလာဘာတုံး....(ခန္ဓာက လာတာပါဘုရား) အဲ့ခန္ဓာကို ရတဲ့ပဋိသန္ဓေလို့ ရှိယင်ဖြင့် ဇရာ,မရဏက သူတို့ကို ကျုပ်တို့ အခွန်ဆက်ဘို့ဘဲ....(မှန်ပါ့) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ခန္ဓာရတဲ့ပဋိသန္ဓေမှာ ဇရာ,မရဏ အခွန်ဆက်ဘို့ဘဲ....(မှန်ပါ့) ဒုက္ခဖြစ်အောင်လဲ ခန္ဓာနဲ့ထိုးခံလိုက်တယ်...(မှန်ပါ့) သေဘက်ဖြစ်အောင်လဲ... (ခန္ဓာနဲ့ထိုးခံလိုက်ပါတယ်ဘုရား) ခန္ဓာနဲ့ထိုးခံလိုက်ရတော့ ဒီ့ပြင်ဟာနဲ့ကို ရရဲ့လား...(မရပါဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုန်းကြီးတို့နဲ့တက္ခ ဒီလိုတွေးစမ်းပါ ကွာဆိုတော့ ကိုစောမောင် တွေးလုံးကြီး တည့်ပလား....(တည့်ပါပြီဘုရား)။

တကာကြီးလှိုင် သစ္စာလဲဆိုက်တယ်...(မှန်ပါ့) "ဇရာပိ ဒုက္ခ သစ္စံ - မရဏမွိ ဒုက္ခသစ္စံ" ဆိုတာ သေသေချာချာ တွေ့ပြီး သကာလ သွားတော့ အင်း.... သစ္စာလဲဆိုက် အတွေးကလဲမှန်၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘယ်ကလာသတုံးလို့ မေးတော့ တကာတကာမတွေ အခုဘုရားက ဘယ်နှယ်ဖြေလိုက်သလဲ.... (ခန္ဓာငါးပါးကလာပါတယ်ဘုရား)။

သြော်.... ခန္ဓာကလာတာ၊ ခန္ဓာကလာတာ၊ တကာတကာမတို့ တခြားကလာတာလား- ခန္ဓာငါးပါးက လာတာလား.... (ခန္ဓာငါးပါးက လာတာပါဘုရား)။

ခန္ဓာငါးပါးက လာတော့ကို ခန္ဓာငါးပါးထဲကမှ ကိုစော မောင့်ရေ ဇရာဆိုတဲ့ ဇ ရဏာတေဇောကလဲ ရင့်အောင် ကျက်အောင် လုပ်ပစ်လိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

စမ်းကြည့်စမ်းပါ တကာတကာမတို့၊ ခပ်နွေးနွေးရှိသလား လို့ အခုရင်ပတ်စမ်းကြည့်ပါ.... (ခပ်နွေးနွေးရှိပါတယ်ဘုရား)။

အဲဒါ ဘာလုပ်နေတာတုံး မေးလို့ရှိယင် ဇရာမီးလောင်နေလို့ နှိပ်စက်ခံနေရတာ....(မှန်ပါ့)။

တကာကြီးလှိုင်....(မှန်ပါ့) ဒါဖြင့် ဘယ်သူ နှိပ်စက်နေတာတုံးလို့ မေးတော့ ဇ ရဏာတေဇောဆိုတဲ့ ရင့်ကျက်အောင် လုပ်နေတဲ့တရားက နှိပ်စက်နေတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

သူနှိပ်စက်ပြီးယင်ဘယ်သူ့ထိုးအပ်မယ်လို့ မောင်နှိုင် ဘယ်လို တနေ့က ဟောထားသတုံး.... (မရဏလက်တွဲ့ထိုးအပ်မလို့ပါဘုရား)။

မရဏလက်တွဲ့ထိုးအပ်စောမယ်ဆိုတော့ သူက တေဇောကလဲ ရုပ်သိမ်းလိုက်ပါရော- အေးပဟေ့ဆိုတော့ သွားတော့တာဘဲ... (သွားပါတယ်ဘုရား)။

ဒါဖြင့် သူဘဲ အိုအောင်လုပ်တဲ့တရား၊ သူဘဲ သတ်တတ်တဲ့ တရားဆိုတော့ သူဟာ ခန္ဓာဖဲ့လိုက်တော့ ရူပက္ခန္ဓာ ဖြစ်သွားတယ်....(မှန်ပါ့) ရုပ်တရားကိုးဗျ၊သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကလာတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် ဇရာ, မရဏ ဘယ်ကလာပါလိမ့်....(ခန္ဓာကလာတာပါဘုရား)။

ဩော်....ဟုတ်ပြီ-ဟုတ်ပြီ၊ ဇီရဏ တဇောကလဲ ရင့်အောင်လုပ်လိုက်တာ ကျုပ်တို့မှာ သွားကျိုး ဆံဖြူ ငယ်မူတွေအကုန်ပျောက်ရတယ်၊ ရိုက်နှက်လိုက်တာနော်....(မှန်ပါ့)။

နောက် ဒီတဇောကဘဲ၊ ကဲ .... မင်းကို အပူခွာတ်မပေးတော့ဘူး ဆိုပြီးသကာလ တဇောလဲ ရုပ်သိမ်းလိုက်ပါရော ကိုစောမောင်ရေ· ခေါင်းထဲလဲရောက်တော့တာဘဲ....(မှန်ပါ့)။

သတ်တဲ့တရားလဲသူဘဲ.... (မှန်ပါ့) ရင့်ကျက်အောင်လုပ်တဲ့တရားလဲ....(သူပါဘဲဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဇရာပိ ဒုက္ခသစ္စံ၊ ကိုက်ကဲ့လား .... (ကိုက်ပါတယ်ဘုရား)။

မကိုက်လို့ရှိယင် ပိဋ္ဌနဌောနဲ့ ကိုက်လိုက် မောင်နိုင်....ကညာတာမဖက် အမြဲနိုပ်စက်တယ်....(မှန်ပါ့ဘုရား) ဘယ်သူ့ခန္ဓာ ညာသေးသတုံး....(ဘယ်သူ့ခန္ဓာမှ မညာပါဘုရား) သဘောပါကြလား....(ပါ-ပါပြီ)။

ညာတာမဖက် အမြဲနိုပ်စက်တယ်ဆိုတော့ အိုအောင်နိုပ်စက်တာလဲ ဒီတဇော.... (မှန်ပါ့) သေအောင်နှိပ်စက်တာကော .... (ဒီတဇောပါဘဲဘုရား)။

ဒီတေဇောဘဲ၊ ကိုစောမောင်တို့ လူမမာ စမ်းကြည့်တော့ အေး.... ကုန်ပဟေ့၊ မရဘူးပြောတာဘဲ၊ မပြောဘူးလား .... (ပြောပါတယ်)ဒါ.... တေဇောပြောတာဘဲ။

ကဲ .... တကာတကာမတွေ့ ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ ဘုန်းကြီးကလဲ မသိသိအောင် တရားဟောနေတာဘဲ၊ တကာတကာမတွေ့ကလဲ တရားနာနေကြတာဘဲ၊ သြော်....သေမင်းလက်ရှိနဲ့ တရားနာနေကြတယ် .... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ရိုက်တဲ့လူလက်ရှိနဲ့.....(တရားနာနေကြပါတယ်ဘုရား)။

လှုတ်လှုတ်လပ်လပ် နာရတာလား .... တကာတကာမတို့၊ ဘယ်နှယ်ဖြေကြမလဲ....(မလှုတ်လပ်ပါဘုရား)။

အရိုက်ခံရင်း .... (မှန်ပါ့) အသတ်ခံသွားကာနီးကလေး ကျုပ်တို့တရားနာနေကြတယ်...(မှန်ပါ့) သဘောပါကြလား.... (ပါ-ပါပြီ)။

အရိုက်လဲခံလျက်နဲ့ နော်.... (မှန်ပါ့) အရိုက်ကလဲခံလျက်၊ အသတ်ကလဲနီးလျက် ဒီကြားထဲ တရားနာနေတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ သစ္စာဆိုက်ပြီးလာပြီဆိုမှဖြင့် သြော်.... တခြားလား .... အောက်မေ့တယ်၊ ဒါကြောင့် ဘုရားက.... "သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" လို့ဟောတာ ကိုစောမောင် လဲသေးသလား....(မလဲပါဘုရား) ဦးဘအုန်းကြီး လဲသေးသလား.... (မလဲပါဘုရား) ပေါ်ပါပြီ။

သြော်....ဒါဖြင့် တကာတကာမဘို့ ဒီဇရာ မရဏဟာ ဘယ်က လာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဟော.... ပေါ်ပြီဘဲ၊ ခန္ဓာထဲတေဇောဓာတ် ပါရဲ့လား .... (ပါ-ပါတယ်ဘုရား)ဒါဖြင့် ခန္ဓာပေါ့ဗျ.... (မှန်ပါ့) ခန္ဓာက လာတယ်ဆိုတာ တကာတကာမတွေ့ မရှင်းသေးဘူးလား .... (ရှင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် လူငယ်ကလေးတွေ့ သေတာလဲ ဘယ်သူသတ် တာတုံး....တေဇော....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) လူကြီးတွေသတ်တာကော.... (တေဇောပါဘုရား) အခုကော ရှိကြရဲ့လား....(ရှိပါတယ်ဘုရား) သြော်.... ဒါဖြင့် ရှယ်တုန်းဘဲ (ရှယ်တုန်းပါဘုရား)။

တကာကြီးလှိုင်.... (ရှယ်တုန်းပါဘုရား) ရှယ်တုန်းဘဲဆိုတာ နောက်က တကာတကာမတွေ့ သဘောကျပလား .... (ကျပါပြီ ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဘယ်ကလာတဲ့ သေမင်းပါလိမ့်မတုံးမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ခန္ဓာငါးပါက လာတာပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ခန္ဓာထဲက ပေါက်ပွားလာတာကျတော့ ဖြင့် ကျုပ်ကယ်ကြပါဦး ဆိုငြားသော်လဲ ဒီတေဇောကို ဘယ်သူ မှ မကယ်နိုင်တော့ဘူး....(မကယ်နိုင်ပါဘုရား)။

ဘုရားလဲ တေဇောလက်ချက်နဲ့ ဝိညာဏ် ချုပ်တာဘဲ.... (မှန်ပါ့) ရှေးက သေသွားတာတွေ့ကော .... (တေဇောလက်

ချက်ပါ) တဇော်လက်ချက်နဲ့ဘဲ ဝိညာဏ် ချုပ်တယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက ကြပ်ကြပ် စဉ်းစားပါ၊ သြော်.... ငါ့ သေမင်းမျှား ရှိနေသလား .... အိုမင်းမျှား ရှိနေသလားလို့ အကဲခတ်ကြည့်စမ်း... (ရှိပါတယ် ဘုရား) အိုမင်းလဲ....(ရှိပါတယ်) သေမင်းကော .... (ရှိပါတယ် ဘုရား)။

ဘုရားက အဲဒီလိုသုံးသပ်စမ်းပါတဲ့ မောင်နှိုင်ရ-သုံးသပ်လိုက်တဲ့အခါကျတော့ လက်သည်တွေတော့ သြော် .... ခန္ဓာကြောင့်ကိုး....လို့....(မှန်ပါ)ရှင်းကြပလား... (ရှင်းပါပြီ)။

ဘယ်သူ့ကြောင့်ပါလိမ့်.... (ခန္ဓာကြောင့်ပါ) ခန္ဓာကြောင့်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကြပ်ကြပ်စဉ်းစားပါ.... ဟင် ကျုပ်- နေကောင်းလိုက်တာ၊ အင်း ကျုပ်တော့ဖြင့် တော်တော်နဲ့ မဒေသနိုင်သေးဘူးထင်ပါရဲ့.လို့ဆိုတော့ တဇော်က ပြုံးလိမ့်မယ်....(မှန်ပါ့)။

~အံမာလေး တဇော်ကပြုံးလိမ့်မယ် တကာတကာမတို့ မင်းတို့ကကွာ....ဓါးအောက်မှာ ပြုံးနေတာကိုးလို့ ဆိုချင်လဲဆိုနိုင်တယ်၊မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဓါးအောက်မှာ ပြုံးနေတဲ့ပုဂ္ဂိုလ်ဖြင့် သစ္စာမသိလို့ပြုံးတာ (မှန်ပါ့)။

မောင်နှိုင်....ဘယ့်နှယ်ဆိုမလဲ... (သစ္စာမသိလို့ ပြုံးတာပါဘုရား)။

သစ္စာမသိလို့ ပြုံးတာဆိုတာ ဒီဥစ္စာကလဲ ညှာတာမဖက်အမြဲနှိပ်စက်တဲ့ တဇော်ဆိုတော့ တကာတကာမတွေသည်ကား

လို့ ဆိုလို့ ရှိယင်ဖြင့်တဲ့ သစ္စဉာဏ်တွေ့ မရ·အရယူပါဆိုတဲ့ဥစ္စာကို ဟောထိုက်ပါပြီ မောင်နိုင်ရာ....(ဟောထိုက်ပါပြီဘုရား)မဟော ထိုက်သေးဘူးလား....(ဟောထိုက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အိုမင်း, သေမင်းနှစ်ခုဟာ ဘယ်ကလာပါလိမ့် မတုံးမေးတော့ ဘယ့်နှယ်ဖြေပါ့မယ်....(ခန္ဓာငါးပါးက လာပါ တယ်ဘုရား)ခန္ဓာက လာတယ်နော်....။

သြော်....ဒါဖြင့် တကာတကာမတို့ ဝမ်းလျှောသေတဲ့ပုဂ္ဂိုလ် ဘယ်ပြေးပြေး ဝမ်းပါမှာဘဲ....(ပါမှာပါဘဲဘုရား)။

နောက်က တကာတကာမတွေ့ ဝမ်းလျှောသေတဲ့ပုဂ္ဂိုလ်ဟာ ဒီနေရာက ဟိုနေရာ ပြေးတော့ ဝမ်းပါသွားသေးသလား .... (ပါ-ပါတယ်ဘုရား) ဝမ်းပိုက်ကလေး....(မှန်ပါ့) ဒါဖြင့် ဟိုနေ ရာကျတော့ လျှောမှ လျှောပါ့မလား မေးယင် ဘယ့်နှယ်ဖြေ ပါ့မလဲ....(လျှောပါတယ်ဘုရား)။

ဒါဖြင့် ဝမ်းမရှိမှ မလျှောနိုင်မှာ....(မှန်ပါ့) ဝမ်းရှိနေယင် (လျှောမှာပါဘုရား) တကာကြီးလှိုင်....ပေါ်ပလား....(ပေါ်ပါ ပြီဘုရား)။

ဒီ တေဇောမရှိမှ ခန္ဓာမရှိမှ အိုမင်း, သေမင်း လွတ်မယ်.... (မှန်ပါ့) ခန္ဓာရှိနေယင်.... (အိုမင်း, သေမင်း မလွတ်ပါဘုရား) အိုမင်း, သေမင်း လွတ်စရာအကြောင်းမြင်သေးရဲ့လား....(မမြင် ပါဘုရား)။

အဲ... ဒါတွေ့ စဉ်းစားလိုက်တော့မှ သြော်... သူက ပေါက် ပွားတယ်၊ သူက ပေါက်ပွားပြီး သူ့ဘဲ နှိပ်စက်တာဘဲ ဆိုတော့

တကာတကာမတွေ့ မြို့နဲ့ တူနေပြီ မောင်နှိုင်ရေ....(မှန်ပါ့)မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

မြို့ကလေး မြေထဲက ထွက်လာတော့ မြို့အုန်းနက်တို့၊ ငှက်စာ မြို့တို့ မြေထဲက ထွက်လာတော့ မြကလေးက သူ့ခေါင်းပေါ် မှာ ပါမှ ပါရဲ့လား မေးယင်....(ပါ့ပါတယ်ဘုရား)။

မြေထဲက ထွက်ခဲ့တာကိုး၊ မြေထဲက ထွက်ခဲ့တော့ မြေပါ လာတယ်... (ပါလာပါတယ်ဘုရား)သဘောကျပလား....(ကျပါ ပြီဘုရား)။

တော်တော်ကြာကျလို့ ရှိယင်ဖြင့် ဒီမြေနဲ့ဘဲ ဒီမှုသည်ကား လို့ ဆိုယင်ဖြင့် ရင့်ရော်ပြီး ဒီ မြေပိတာနဲ့ဘဲ ဒီမြေပေါ် ပြန် ရောက်တာဘဲ....(ရောက်ပါတယ်ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

လူလဲ မနုတ်ဘူး သမင်,ဒရယ်,ဂျိုင်ယ်,စိုင်,ဆတ် မစားဘူး ဆို ယင်ဖြင့် သူ ယူလာတဲ့ မြေနဲ့ဘဲ သူ သေရတယ်ဆိုယင် လဲပါ့မ လား....(မလဲပါဘုရား)။

ဒီမှာလဲ တကာတကာမတွေ့ ခင်ဗျားတို့ ယူလာတဲ့ တေဇော နဲ့ ခင်ဗျားတို့ ဘာဖြစ်ရမယ် ထင်သတုံး-(သေရပါမယ်ဘုရား)။

စဉ်းစားကြည့်ပါ၊ ဒါ့ကြောင့် နိဗ္ဗာန်မှာ ပထဝီ အာပေါ် တေဇော ဝါယော မရှိဘူးကွ....(မှန်ပါ့)။

ဘယ်နှယ်တုံး မောင်နှိုင်....(မရှိပါဘုရား)။

ပထဝီ မရှိတော့ ပထဝီဓါတ် သတ်လို့ သေဘို့ရှိသေးရဲ့လား (မရှိပါဘုရား) အာပေါ် မရှိတော့လဲ ဝမ်းလျှောသေဘို့....(မရှိ ပါဘုရား) တေဇော မရှိတော့လဲ အပူလောင်သေဘို့....(မရှိပါ

ဘုရား) ဝါယောမရှိတော့လဲ ယောင်ဖေါ သေဘို့.... (မရှိပါ ဘုရား)။

သြော်....ဒါ့ကြောင့် နိဗ္ဗာန်မှာ ပထဝီ အာပေါ တေဇော ဝါယော မရှိဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ တက်ဘို့ ကောင်းပြီ .... (ကောင်းပါပြီ ဘုရား) သေမင်းကြီး လှုတ်တဲ့ နေရာ၊ ဒါ့ကြောင့် အမတ-ဆိုတဲ့ နာမည် ကိုစောမောင်....ပေးထိုက်-မပေးထိုက်...(မှန်ပါ့-ပေးထိုက်ပါတယ်ဘုရား)။

မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ပေးထိုက်ကြပလား....(ပေးထိုက်ကြပါတယ်ဘုရား) ဘာ့ကြောင့် သေမင်း မရှိဘူး၊ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

သေမင်းတွေကော.... (မရှိပါဘုရား) အဲ....သေသေချာချာ ကြိုက်ဘို့ကောင်းတယ်။

တကာတကာမတို့ ဒီလို လည်လည်ပယ်ပယ် သိရမှလဲ နိဗ္ဗာန် သဘောကျမှာ...(မှန်ပါ့)။

နို့မဟုတ်ယင်ဖြင့် သေမင်းနိုင်ငံချည်း ခင်ဗျားတို့ ခေါင်း လျှိုပြီး တောင်းနေတာဘဲ....(မှန်ပါ့)။

တကာကြီးလှိုင်....ဒီတခါ အိုတယ်ကွာ၊ ပြန်ပြီး ပျိုချင်တယ် ဆိုတော့ ပျိုပျိုနဲ့ အခွန်ဆက်ချင်လို့ပေါ့ သေမင်းကို-(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အေး... ဒါ့ကြောင့် ဆိုးဝါးလွန်းလို့ သစ္စာမသိတော့ မောင်နိုင်-ရေ....အင်မတန် ဆိုးဝါးတယ် .... (ဆိုးဝါးပါတယ်ဘုရား) သေမင်းချည့်ထိုးအပ်နေတယ်...(မှန်ပါ့)။

ခန္ဓာကိုယ် ဘယ်သူ့ချည်း ထိုးအပ်နေသလဲ ... (သေမင်းချည်း ထိုးအပ်နေပါတယ်ဘုရား) သေမင်းချည်း ထိုးအပ်နေတယ်ဆိုတော့ လွဲသေးသလား....(မလွဲပါဘုရား)။

အေး... ဒါကြောင့် ခင်ဗျားတို့ ခန္ဓာထဲက ပေါက်ပွားလာတဲ့ ဇရာ မရဏဆိုတာတော့ ရှင်းလောက်ပါပြီ .... (ရှင်းပါပြီဘုရား)။

ကဲ....ဒါနဲ့ ဘုရားက ဒီလို တွေးကတဲ့....၊ အိုမင်း, သေမင်းနှစ်ခု ဘယ်က လာသတုံးဆို ခန္ဓာက လာတယ်လို့ တွေး၊ ရှင်းပလား... (ရှင်းပါပြီ)။

ဒီခန္ဓာ ဘယ်က လာသတုံးလို့ ဆိုတာ တွေးပါဦးစို့....ဆက်လက်ပြီး....(မှန်ပါ့)။

တကာတကာမတို့ ဒီခန္ဓာ ဘယ်က လာသတုံး....မိုးပေါ်ကျဘဲလားလို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ဟာ....မိုးပေါ်ကျ မဟုတ်ပါဘူးကွ...၊ ဆုတောင်းတဏှာက လာတာပါ.... (မှန်ပါ့) တကာတကာမတို့--(ဆုတောင်းတဏှာက လာတာပါဘုရား)။

ဩော်....ခင်ဗျားတို့ လူဖြစ်ရပါလို့၏ ဆိုတော့လဲ ဆုတောင်းကို တောင်းမိကြတယ်....(မှန်ပါ့) နတ်ဖြစ်ရပါလို့၏....(တောင်းမိကြပါဘယ်ဘုရား) ဗြဟ္မာဖြစ်ရပါလို့၏ .... (တောင်းမိကြပါတယ်ဘုရား) ဒီသားဒီသမီးနဲ့ မခွဲရပါလို့၏-(တောင်းကြပါတယ်ဘုရား)တောင်းမိတာဘဲနော်.... (မှန်ပါ့)။

ဘာတောင်းတာပါလိမ့်၊ သေမင်းတောင်းတာ .... (မှန်ပါ့) မောင်နှိုင် .... (သေမင်းတောင်းတာပါဘုရား) နောက်ကတကာတဏှာမတွေ....(သေမင်းတောင်းတာပါဘုရား)။

သေမင်း တောင်းတယ်ဆိုတော့ ခင်ဗျားတို့ ဒီထက်တော့ ဆိုးဝါးတာတော့ မရှိဘူးထင်တယ်၊ဟုတ်လား(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးက တခါတခါပြောတော့ သိုးတကောင် သတ်တယ်ဆိုယင် နောက်သိုးက အတင်းလည်ပင်းစင်းခံတယ်ဆိုတဲ့ဥစ္စာ သိုးမိုက်- မိုက်နေတယ်လို့ ဆိုလို့ရှိယင် မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီမှာလဲ အမေတွေ့ အဖေတွေ့သေကုန်ပြီ၊ သေမင်းလက်တွင်းမှာဘဲသေသွားကြတယ်၊ နောက်ကလူက ဆုတောင်းတုန်းရှိသေးတယ်၊သိုးမိုက်-မိုက်တာမှ ဟုတ်ကဲ့လား၊ နောက်ကတကာတကာမတွေ့ သိုးမိုက်-မိုက်တယ်ဆိုတာ ခင်ဗျားတို့ဘုန်းကြီးကစကားကြီးပြောတာလား၊ကိုယ်မိုက်ပုံ တူတာလား....(ကိုယ်မိုက်ပုံတူတာပါဘုရား)။

ဟို အမေအဖေတွေကလဲ သေမင်းလက်တွင်း သေသွားပြီ၊ ဒီကလဲဆုတောင်းတုန်းဘဲ၊ လူ့ပြည်,နတ်ပြည်,ဗြဟ္မာ့ပြည် ရောက်ဘို့ရာ ဟိုမှာသေစရာအထည်ဘဲ ပြန်တောင်းပြန်တယ်၊ ဘာမသိတာတုံး ကိုစောမောင်....(သစ္စာမသိတာပါဘုရား)ဘယ်လောက်နာသတုံး....(နာပါတယ်ဘုရား)အနာကြီးနာတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်းဒါဖြင့် ဘုန်းကြီးတို့ဇာတကာတကာမတွေ့မှာ သစ္စာသိဘို့အရေးဟာ အလွန်ကြီးတော့တယ်ဆိုတာဖြင့် ပေါ်သွားပြီ ....(ပေါ်ပါပြီဘုရား)။

ကိုင်းဒါဖြင့် ပြန်လှည့်လိုက်ပါ၊ အိုမင်း, သေမင်း ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးကလာပါတယ်ဘုရား) ဒီခန္ဓာက

ဘယ်ကလာပါလိမ့်.... (တဏှာကလာပါတယ်ဘုရား) ဆုတောင်း တဏှာကလာတယ်၊ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီတဏှာ ဘယ်ကလာသတုံး.... (ဆုတောင်းတဏှာကလာပါတယ်ဘုရား)။

ဒါက သမ္မသနသုတ်မှာ ဒီအတိုင်းပဋိစ္စသမုပ္ပါဒ်ချုံးပစ်လိုက်တယ်.ဘုရားက ချုံးပစ်လိုက်တယ်နော်....(မှန်ပါ့)။

ဆုတောင်း တဏှာကလာတယ်ဆိုတာ တကာတကာမတွေ့သေချာကြပလား....(သေချာပါပြီ)။

ဩော် .... ဒါဖြင့် သေမင်းလဲ မကြောက်နဲ့တော့ ကိုစောမောင်... (မှန်ပါ့) ခန္ဓာလဲမကြောက်ပါနဲ့၊ ခန္ဓာလုပ်တဲ့ လက်သည်ကြောက်ရမယ်....(မှန်ပါ့)။

ဘယ်သူ့ကြောက်ရမလဲ.... (ခန္ဓာလုပ်တဲ့ လက်သည်ကြောက်ရပါမယ်ဘုရား) ဘယ်သူပါလိမ့်ဗျာ .... (ဆုတောင်းတဏှာပါဘုရား)ဆုတောင်းတဏှာ၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဆုတောင်းတဏှာသည် ကြောက်စရာ အကောင်းဆုံးတရား(မှန်ပါ့ဘုရား)။

အဲဒီမှာ ခင်ဗျားတို့ ကြပ်ကြပ်စဉ်းစားပြီး တရားနာတဲ့ ပုဂ္ဂိုလ်များလဲ ဆုတောင်းဟဲ့- တောင်းဟဲ့ဆိုတဲ့ ဆရာသမားတွေနဲ့ တွေ့သွားလို့ ရှိယင်ဖြင့် သူလဲမသိရှာလို့ အတောင်းခိုင်းတာဘဲ၊တောင်းတဲ့လူကလဲ ရမ်းတောင်းလို့ ရှိယင်ဖြင့် သေမင်းဘဲရမယ်....(မှန်ပါ့)။

ကိုစောမောင် ဒါကြောင့် တရားချိန်ခွင် ပေးတယ်ဆိုတာ မပေါ်ဘူးလား....(ပေါ်ပါဘယ်ဘုရား) တကာကြီးလှိုင် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တရားချိန်ခွင် ပေးထားတယ်ဆိုတဲ့ဥစ္စာ မတောင်းကောင်းတာ တောင်းနေမှာ သိပ်စိုးရိမ်တယ်၊ ဆေမင်းဆိုတာ မောင်နိုင် တောင်းကောင်း, မတောင်းကောင်း.... (မတောင်းကောင်းပါဘုရား) အိုမင်းကိုကော....(မတောင်းကောင်းပါဘုရား)။

မတောင်းကောင်းတာကို ခင်ဗျားတို့က အရေးတကြီးထားပြီး သကာလ တောင်းတဲ့- တောင်းဟဲ့ဆိုတဲ့ ဆရာသမားနဲ့လဲတွေ့မယ်၊ ကိုယ်ကလဲ တဏှာမသေသေးလို့ တောင်းချင်ချင်နဲ့ တွေ့မယ်ဆိုယင် သေချင်သေးလို့သာ မှတ်ပေတော့.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သေချင်သေးလို့ပါဘုရား) မဟုတ်ဘူး၊ အခု သေစရာ အထည်လဲ သေရပလား....လို့ မေးတော့ နီးပါပြီဘုရား—(မှန်ပါ့)။

နီးတော့ အသေမဆက်မီမှာ စိုးလို့ တောင်းတာလား....၊ အဓိပ္ပါယ် ဒီမရောက်ဘူးလား....(ရောက်ပါဘယ်ဘုရား)။

ဘယ်လိုရောက်သွားသလဲ.... (အသေမဆက်မီမှာစိုးလို့လား) အသေမဆက်မီမှာစိုးလို့ တောင်းတယ်၊ အံမာ.... မိုက်ချက်သန်လိုက်တာ မောင်နိုင်.... (မှန်ပါ့) ဘယ်သူ့သတ္တိပါလိမ့် ကိုစောမောင် ဒီဥစ္စာ....(တဏှာသတ္တိပါဘုရား)။

တဏှာသတ္တိ၊ မသိမှုအဝိဇ္ဇာသတ္တိ၊ မပေါ်လာသေးဘူးလား (ပေါ်ပါပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်...ဒါဖြင့် တကာ့တကာမတွေ့ ခင်ဗျားတို့အမှားကို ယနေ့ ရှင်းရှင်းလင်းလင်း ပြင်ပေးနေတယ်ဆိုတာကော မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) တကာတကာမတွေ့ ဥာဏ်ထဲမှာ ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် အိုမင်း သေမင်း ဘယ်ကလာသလဲ...(ခန္ဓာကလာပါတယ်ဘုရား) ဒီခန္ဓာ ဘယ်ကလာသတုံး...(ဆုတောင်းမှု တဏှာက လာပါတယ်ဘုရား)။

သြော်....တဏှာက လာတယ်နော်၊ ဆုတောင်းတဏှာက၊ ဒါ့ကြောင့် သမုဒယကြောင့် ခန္ဓာ ဒုက္ခသစ္စာဖြစ်ရတယ်....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာသည်ကားလို့ဆိုယင် ကျုပ်တို့၏ ရန်သူအကြီးဆုံးဘဲ ဆိုတဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့....တဏှာယောကျ်ားလက်သမား၊ ခန္ဓာကိုယ် လုပ်ရတော့မယ်လို့ နောက်ကိုမထင်နဲ့တော့ဆိုပြီး ဘုရာမျှား အနေကဇာတင်တော့ ဘုန်းကြီးတွေ့ ရွတ်တာပါဘဲ....(မှန်ပါ့)။

တဏှာယောက်ကျ်ား လက်သမား နောက် ခန္ဓာလုပ်ရလိမ့်မယ်လို့ မထင်နဲ့တော့....၊ မင်းတည်းဟူသော လက်သမား ဆောက်လိုက်တဲ့ ခန္ဓာအိမ်ရခြင်းကြောင့် သေပဲ့ကို မနည်းတော့ဘူးဟော့....၊ မင်း-နောက်ကို ဒီခန္ဓာအိမ် ဆောက်ရလိမ့်မယ်လို့ မထင်နဲ့တော့လို့ ဘုရား ကြိမ်းဝါးတော်မူတယ်....(မှန်ပါ့)။

အဲဒါ ဘုရားကြိမ်းဝါးတာကို မင်းတို့ လူစုတွေက မသိခင်တုန်းကတော့ ဘုရားအသက်သွင်းသလိုလို ကိုစောမောင်တို့က....

(မှန်ပါ့) ဒီဟာဆိုမှဘဲ ဘုရား အထမြောက်တော့မလိုလို မထင်ကြဘူးလား....(ထင်ပါတယ်ဘုရား)။

ဘယ်ဟုတ်လိမ့်မတုံးတဲ့.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟေ့ .... တဏှာယောဒကျိုး လက်သမား၊ မင်းတည်းဟူသော လက်သမားက ငါ့ခန္ဓာအိမ်တွေ့ ဆောက်ခဲ့တဲ့အတွက် အိုမင်း၊ သေမင်းတွေ့ လက်တွင်းမှာ ငါ ထိုးထိုးအပ်ခဲ့ရတဲ့ဘဝတွေ့ များလှပါပြီကွာ၊ဒီကခါတော့ မင်းက ခန္ဓာအိမ်ဆောက်ရလိမ့်မယ်ဆိုတာ မင်းကို ငါနှိုင်ပါပြီကွာ၊မဆောက်ရတော့ပါဘူး၊ စိတ်သာချပါတော့ .... (မှန်ပါ့)မင့်ကို နှိုင်ပါပြီလို့ ကြိမ်းဝါးတာ .... (မှန်ပါ့)ရှင်းပလဲ....(ရှင်းပါပြီ)။

ဘယ်သူ့အပေါ် ကြိမ်းဝါးလိုက်တာပါလိမ့် .... (တဏှာကို ကြိမ်းဝါးတာပါဘုရား)တဏှာအပေါ် ကြိမ်းဝါးတာ။

တဏှာအပေါ် ကြိမ်းဝါးတာကို ခင်ဗျားတို့က ဘုရားအသက်သွင်းတယ် ထင်နေယင်လဲ ခက်ပါပြီ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘုရားအသက်သွင်းတာလား....၊ တဏှာအပေါ် ကြိမ်းဝါးတာလဲ....(တဏှာအပေါ် ကြိမ်းဝါးတာပါဘုရား)။

ဘုရားအသက်သွင်းလို့ ဘုန်းကြီးတွေက တယ်သွင်းတတ်လိမ့်မလဲ၊ ကိုယ့်အသက်မှ ကိုယ်မပိုင်တဲ့အထဲ၊ ရုပ်ဇာဝိတ နာမ်ဇာဝိတကို သူတို့ဟာ သူတို့မှ မပိုင်တဲ့အထဲ ဘုရားအသက် သွင်းဦးမယ်ဆိုတော့ ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

အေး....ဒါကြောင့် တကာတကာမတွေ တဏှာယောကျ်ား လက်သမားဆိုတဲ့ဥစ္စာ ဒါ အော်တာဘဲ ဘုရားစာ၊ သင်သည် နောက်ကို ခန္ဓာအိမ်ကို ဘယ်တော့မှ မဆောက်ရတော့ဘူး၊ မင်း နဲ့တကွ အပေါင်းအဖေါ်တွေပါ ငါသတ်ပြီးပြီ၊ ဒါကြောင့် မင်းသည်ကားလို့ ဆိုယင်ဖြင့် ငါက ကိလေသမာရ်ကို အောင်ပြီကွ၊ ဒါပြောတာ...(မှန်ပါ့) ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

ကိလေသမာရ်ကို .... (အောင်ပါပြီ) အဲဒီ ကိလေသမာရ်ကို အောင်တယ်ပြောတာ ဘုရားအနေကဇာတင်တယ်ဆိုတာ .... (မှန်ပါ့)တကာကြီးလှိုင်... ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ....ဒါဖြင့် ခင်ဗျားတို့လဲ ဒါကို မကြိမ်းဝါးနိုင်သ၍ကာလ ပတ်လုံး သူ့ကို မနိုင်သေးသ၍ကာလပတ်လုံး သူသည် ခန္ဓာ လုပ်ပေးနေမှာဘဲ...(မှန်ပါ့) ခန္ဓာလုပ်ပေးနေယင်ဖြင့် အိုမင်း, သေမင်းလက်မှာ အကုန် ထိုးအပ်ရမယ်....(မှန်ပါ့) တကာ တကာမတွေ သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် လက်သည်အရင်း မမိသေးဘူးလား.... (မိပါပြီ ဘုရား)ဘယ်သူပါလိမ့်....(တဏှာပါဘုရား) တဏှာဘဲ၊ ရှင်းကြ ရောပေါ့....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီ တဏှာသည်ကားလို့ .... ဆိုယင်လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ အရင်းကျကျ ဇတ်ဝင်းပါဦးကွာ... တဲ့၊ သူဘဲ လက်သည်ဘဲလား၊ ဒီ ပြင်မျှားလဲ မင်းတို့ ရှိသေးသလားဆိုတာလဲ မင်းတို့လျှောက်ပြီး ပဋိလောမ နောက်ဆုတ်တွေးပါဦးတဲ့....(မှန်ပါ့)။

တကာတကာမတွေ့ ဒီတဏှာ ဘယ်ကလာသတုံးလို့ တွေ့ပါဦး....(ဝေဒနာက လာပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် နည်းတော့ ဝေဒနာက လာတယ်၊ သဇောကျပလား.... (ကျပါပြီ)။

ဟုတ်ပါတယ်တဲ့၊ ဒါလဲ အင်မတန် မှန်ပါတယ်တဲ့။

သို့သော်လဲ ဒီသုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေဒနာက လာတယ်ဆိုတာလဲ အတွင်းဝင်သွားတာဘဲ၊ ဒီသုတ်မှာတော့ ဘယ်လိုဟော်လိုက်သတုံးဆိုတော့ သမ္မသနသုတ်မှာ * ကွာတဲ့၊ မင်းတို့ ခင်စရာ မင်စရာက လာတဲ့တဏှာတဲ့၊ ရှင်းပလား (ရှင်းပါပြီ)။

ဘာက လာသတုံး....(ခင်စရာ,မင်စရာက လာပါတယ်ဘုရား) ခင်စရာ မင်စရာ ဝတ္ထုပစ္စည်းတွေက လာတယ်တဲ့၊ သဇောပါပလား....(ပါပါပြီ)။

ဒီတဏှာဟာ ဝမ်းထဲမှာ အလိုလိုရှိနေတာလား....၊ခင်စရာ, မင်စရာရှိမှ ခင်ဆိုတာ ပေါ်လာတာလား....(ခင်စရာ,မင်စရာရှိမှ ပေါ်လာတာပါဘုရား)။

ဒါဖြင့် ဘုရားလက်သည်ရှာတဲ့ ကိုက်ပြီ....(မှန်ပါ့) ခင်စရာ မင်စရာကြောင့် ခင်လုံးတဏှာ လာတာ...(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘာလက်သည်တွေ့ပါလိမ့်....(ခင်စရာ,မင်စရာလက်သည် တွေ့ပါတယ်ဘုရား)။

---

* နိဒါနဝဂ္ဂသံယုတ် ၃၂၉၊ သမ္မသနသုတ်ကိုမျည်ညွှန်းသည်၊

ခင်စရာ,မင်စရာဆိုတော့ ကိုယ်.ခန္ဓာကြီး ကိုယ်လှည့်ပြီးတော့ လဲ မှန်လှည့်ကြည့်ကြည့်၊ အပေါင်းအထုတ်နဲ့ဘဲ ကြည့်ကြည့် ခင်စရာ, မင်စရာဖြစ်လာယင် တဏှာလာတာဘဲ....(မှန်ပါ!) သဘော ကျပလား....(ကျပါပြီ)။

ကိုယ်.သားသမီးတွေ လူလားမြောက်ပြီးသကာလ တွင်တွင် ကျယ်ကျယ်ကလေးနဲ့ နေပြန်လို့ရှိယင်လဲ အမေမိဘက ဘာဖြစ်လာသလဲ....(ခင်စရာ,မင်စရာ ဖြစ်လာပါတယ်ဘုရား)ခင်စရာ,မင်စရာကြောင့် ဘာဖြစ်လာသလဲ....(တဏှာဖြစ်လာပါတယ်ဘုရား) ခင်တဲ့ဘဏှာ ဖြစ်လာတယ်....(မှန်ပါ!)။

သြော်....ဒါဖြင့် တကာတကာမတို့ ဒီတဏှာမှာလဲ အကြောင်း ရှိလေရဲ့.....(မှန်ပါ!) မောင်နိုင်....ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်ကလာပါသိမ့်....(ခင်စရာမင်စရာက လာပါတယ်ဘုရား) ခင်စရာ,မင်စရာက လာတယ်၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါ တကာတကာမတွေကလဲ လောကွတ်ပျူငှါတွေနဲ့.... ကျုပ်က ခင်တတ်,မင်တတ်တယ်နော်...၊မျက်စိမျက်နှာများ မှတ် ထားပါဦးတဲ့၊ တယ်လဲ သေချင်သကိုး၊ ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ဘယ်.နှယ်တုံး ကျုပ်က ခင်တတ်,မင်တတ်တယ်၊ တွေ့လို့ ရှိယင်လဲ လောကွတ်ကယ်လို့.တောင် မအော်က်မေ့.ပါနဲ့.တဲ့.၊ တကယ်သေချင်ပါတယ်ဆိုတာ ပါသေးတယ်-(ပါ-ပါသေးတယ် ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လောကုတ်ကယ်လို့ အောက်မေ့မသွားပါနဲ့၊ တွေ့လို့ပြောတယ်လို့ ဒီလိုမျိုး မအောက်မေ့လိုက်ပါနဲ့တဲ့၊ ဘယ်လောက်ထိ အောင် သေမင်းကြိုက်တယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ) တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့အသုံးအနှုန်းဟာက ခင်ဗျားတို့ ရင်ဝလှံနဲ့ထိုးတာဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား- နောက်တဖန် သေဘို့ ရင်ဝလှံနဲ့ထိုးတာဘဲ၊မောင်နိုင်... (မှန်ပါ့)။

အဲဒါကိုဘဲ လောကကြီးထဲမှာ တကာတကာမတွေက သစ္စာမသိတော့ တယ်အပြောအဆိုက ကောင်းတာကိုး၊ လှမ်းလောက် အောင်ပြောတာဘဲ... တဲ့၊ အင်း....ကိုစောမောင်သွားပြီ ... (သွားပါပြီ)မသွားသေးဘူးလား။

နှုတ်ကတယ်ချိုတာကိုး၊ ပြီတော့လဲ စိတ်ပါလက်ပါကိုမျိုး တောင် ချီးမွမ်းလိုက်သေးတယ်၊ သွားပြီ၊ စိတ်ပါ လက်ပါ ဆိုတော့ သာဆိုးတာပေါ့....(မှန်ပါ့) မဆိုးသေးဘူးလား....(ဆိုး ပါတယ်ဘုရား)။

လောကကြီးမှာ အမေအဖေကလဲ ဒါဘဲသင်တယ်၊ မင်း အပြောအဆိုက သိပ်ညံ့တာကိုး၊ ကိုယ့်ခင်အောင်မှ မပြောတတ် ဘဲကိုး.... (မှန်ပါ)ကိုယ်သေအောင် မပြောတတ်ဘူးဆိုတာနဲ့ကော (တူတူပါဘဲဘုရား)ပေါ်ကြပလား - (ပေါ်ပါပြီ)။

အံမာလေး တကာတကာမတွေ့ တော်ဘော် ဆိုးနေတယ်ဆို တာဖြင့် ရှင်းရှင်းလင်းလင်း သဘောကျဘို့ ကောင်းပါတယ် .... (မှန်ပါ့)သဘောကျကြပလား....(ကျပါပြီ)။

ကိုင်း-ဒါဖြင့် တကာတကာမတို့ ဒီတက္ကာဘယ်ကလာပါလိမ့်မတုံး...(ခင်ဗျာမင်ဗျာက လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျာမင်ဗျာကြောင့် ခင်ဗျားတို့ တက္ကာဖြစ်တယ်၊ တက္ကာကြောင့် ခန္ဓာရတယ်၊ခန္ဓာရလို့ အိုဘေး, သေဘေး, သင့်တယ်၊ပေါ်ပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးကွာတဲ့၊ မင်းတို့အတွက် လောကတ္ထစရိယံ ဆိုပြီးတော့ ငါ ကျွင့်ခဲ့ပါတယ်-တဲ့၊ လောကလူတွေကယ်တင်ချင်လွန်းလို့ နော်....(မှန်ပါ့)။

ကျွင့်လာတော့ ငါအခု မင်းတို့ကိုရှင်းပြပါ့မယ် မင်းတို့ကလဲ သေဆေးကြီးတောင်းတယ်၊ ခင်ဗျာမင်ဗျာကို ခင်လိုက်မင်လိုက်တော့ခင်တဲ့စိတ်ကလေး ဝမ်းထဲရောက်သွားတော့ သေဆေးမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

မင်းတို့ကလဲ သေဆေးကြီး သောက်နေတယ်၊ငါကလဲ ဒီသေဆေး မရှောင်စေချင်တယ်၊သဘောကျပလား....(ကျပါပြီ)။

တကာတကာမတွေ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယံ ဆိုတဲ့အတိုင်း ငါသည် လောကကြီးကို အကုန်ကယ်တင်မယ်လို့ လာတာ၊ မင်းတို့ကလဲ သေတတ်တဲ့ ဆေးချည်းခင်ဗျာမင်ဗျာကို ခင်ပြီးသကာလနေတဲ့ သေဆေးဆိုတဲ့ဘက္ကာကိုဘဲသောက်နေတယ်.... (မှန်ပါ့)။

ဒီတက္ကာသောက်နေသ၍ ကာလပတ်လုံးဖြင့် ဟို ခန္ဓာရပြီး အိုဘေး,နာဘေးကဖြင့် မောင်နိုင် လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

ဒါဖြင့် အဲဒါကလေးတခုတော့ဖြင့် မင်းတို့ကိုကွာ....တဲ့၊ ငါသတိပေးပါရစေဆိုပြီး ဘုရားကသတိပေးရှာတယ်.... (မှန်ပါ့)။

သတိပေးတယ် တကာတကာမတို့ ဒါ တရားသားလို့မှတ်လိုက်စမ်းပါ....(မှန်ပါ့)တရားသားလို့မှတ်လိုက်စမ်းပါတဲ့။

ခင်စရာမင်စရာလို့ မင်းတို့က ထင်တဲ့ဥစ္စာဟူသ၍ဟာ အဆိပ်ထည့်ထားတဲ့ အရက်ပါကွာ....(မှန်ပါ့)။

မောင်နှိုင် ခင်စရာမင်စရာဆိုတာ(အဆိပ်ထည့်ထားတဲ့အရက်) တဏှာတကာမတို့ ဘာတဲ့တုံး.... (အဆိပ်ထည့်ထားတဲ့အရက်ပါဘုရား)။

အဆိပ်ထည့်ထားတဲ့ အရက်ကိုတဲ့ မင်းတို့ကလဲ ဘဝမျှားစွဲသံသရာက ငတ်ပြီးသေလာကြတယ်။

ဘဝမျှားစွဲ သံသရာက ဘာတဲ့.... (ငတ်ပြီးသေကြပါတယ်ဘုရား)။

ငတ်ပုံကလေးတော့ နည်းနည်းရှင်းပြပါရစေနော် - (မှန်ပါ့) ငတ်ပုံကလေးတော့ ရှင်းပြပါရစေ....တဲ့၊ဒီဘဝ သားတွေ သမီးတွေ ခင်လုံးမင်လုံးဝပြီးသေသွားတဲ့ မိဘမျှားတွေဘူးရဲ့လား .... (မတွေ့ဘူးပါဘုရား) ဒါဖြင့် ငတ်သေဘဲ....(မှန်ပါ့) မပြည့်ဘဲနဲ့သေတယ်၊ သဘောကျပလား .. (ကျပါပြီ)။

ညီအကို မောင်နှမတွေကော တကာတကာမတို့ အခင်ဇာတ် သိမ်းပြီးသကာလ သေသွားတာကော.... (မရှိပါ ဘုရား) မရှိဘူး။

ဒါဖြင့် သူလဲ ထည့်လိုက်စမ်း....(ငတ်သေပါဘုရား)ငတ်သေဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ) ကဲ....ဦးဘအုန်းကြီးတို့ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာတကာမတို့ ငတ်သေတဲ့ပုဂ္ဂိုလ်က ဖျစ်ဆိုစုတိကနေ ပဋိသန္ဓေ သွားပြန်တော့ သူအငတ်က အထုံပါလာတယ်... (မှန်ပါ့ဘုရား) အထုံပါလာတော့ နောက်ဘဝခင်စရာမင်စရာတွေပြန်တော့ နင်းသောက်ပစ်လိုက်တယ်...(မှန်ပါ့)။

အဆိပ်ပါတဲ့ အရက်ကို မသောက်ဘူးလား .... (သောက်ပါတယ်ဘုရား) တယ်လဲ ဆိုးဝါးပါကလား .... (ဆိုးပါးပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် မဆင်ခြင်ဘဲနဲ့ သောက်မိပါလို့မ့်မတုံး၊ ဒီခင်စရာ မင်စရာတွေ့ သွားသောက်လို့ရှိယင် တဏှာနဲ့သောက်လိုက်စာကိုး...(မှန်ပါ့)။

တဏှာနဲ့ သောက်လိုက်တော့ ခန္ဓာရမယ်၊ ခန္ဓာရတော့ အိုဘေး, နာဘေး,သေဘေးနဲ့ မောင်နှိုင်... (တွေ့ပါတယ်ဘုရား) မသေရပေဘူးလား....(သေရပါတယ်ဘုရား)။

အဲဒီတော့ မသောက်ဘဲနဲ့ နေရမှာ ဥစ္စာကို၊ သူတို့ကခင်စရာ မင်စရာတည်းဟူသော အဆိပ်နဲ့ ရောထားတဲ့ အရက်ကို သွားသွားသောက်တယ်၊ရှင်းပလား... (ရှင်းပါပြီ)။

သွားသောက်တဲ့အခါကျတော့ ကိုစောမောင် နောက်အိုဘေး သေဘေးက ဘယ့်နှယ်တုံး....(တွေ့မှာပါဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဟာ လေးသခြေ်နဲ့ တကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးလို့ ရတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ မင်းတို့ ကလဲ တသံသရာလုံး ငတ်ပြီးသကာလ လာခဲ့တဲ့အတွက် တွေ့ရသောက်တော့တယ်၊ အခု သားသမီးနဲ့ တွေ့ အခု သားသမီး ခင်တယ်၊ အခု ခန္ဓာနဲ့ တွေ့ယင်....(အခုခင်ပါတယ်ဘုရား) ဘာဖြစ်လို့ ဒါလောက်တောင်အခင်ရဲရပါလိမ့်မတုံး၊ အို....ဘဝမျှားစွာက ငတ်လာတာ....(မှန်ပါ့) ဆာလောင်မွတ်သိပ်လာတယ်၊ ဒီလိုအစာတွေကို စားချင်လာတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) တယ်လဲ ဆိုးပါကလား....(ဆိုးပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

အခု ဒီဘဝတွေ့တာတွေလဲ မဝဘဲနဲ့သေ၊ နောက်ဘဝတွေမှာ တွေ့ကော....(မဝဘဲနဲ့သေပါဘုရား)။

ဒါဖြင့် ဘယ်တော့မျှား အငတ်ပြဿနာ ပြီးခဲ့သတုံး....(မပြီးခဲ့ပါဘုရား)အငတ်ပြဿနာ ဇာတ်သိမ်းခဲ့တယ်လို့ လာရဲ့လား-(မလာပါဘုရား)သေချာကြပလား....(သေချာပါပြီ)။

အဲဒီတော့တွေ့ရခင်တယ်၊အငတ်သမားမို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါ့ကြောင့် ခင်စရာမင်စရာတွေကိုနှင်းသောက်တာကိုး၊ သူတို့ကတော့ မသိရှာဘူး၊ ငါဘုရား သဗ္ဗညုတဉာဏ်နဲ့ကြည့်လိုက်တော့ အဆိပ်နဲ့ ရောထားတဲ့ အရက်တွေဟာ ခင်စရာ မင်စရာဆိုတာ။

ကိုစောမောင် ဘာတဲ့တုံး .... (အဆိပ်နဲ့ ရောထားတဲ့အရက်

ပါဘုရား) အဲဒါ ဘာတွေတုံး .... (ခင်စရာ မင်စရာတွေပါဘုရား)။

အဲဒါ သူက. သွားသွားခင်တော့ သောက်ရာ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) သေဘိုဘဲပြင်တော့... (မှန်ပါ့)။

အဲဒီတော့ ငါဘုရားပွင့်လာတာက မင်းတို့ကိုအသောက်မှားမှာစိုးလို့ပွင့်လာတာ.... (မှန်ပါ့) ဘုရားပွင့်လာတာ ပေါ်ပြီ... (ပေါ်ပါပြီဘုရား)။

တကာတကာ့မတွေက ဘဝမျှားစွာက ငတ်လာတော့ တွေ့ယင် အကုန်သောက်မယ်ဆိုတဲ့ အဓိပ္ပါယ်ကပါတယ် ... (ပါတယ်ဘုရား)။

ဟောဒါ အဆိပ်နဲ့ ရောထားတာက-မသောက်ပါနဲ့ ဆိုဘို့ရာ ငါဘုရားဟာ ပွင့်လာတာ၊ကိုစောမောင် တရားသားပေါ်လာတယ် ....(ပေါ်လာပါတယ် ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တကာကြီးလို့ဉ် ဘယ့်နှယ်တုံး .... (တရားသားပေါ်လာပါတယ်ဘုရား)တရားသား ပေါ်ပြီနော်....(မှန်ပါ့)။

အခုကော မောင်အုန်းဖေ .. သောက်တုန်းဘဲလား- (သောက်တုန်းပါဘုရား)ဟာ....ဂွကျလိုက်တာ.... (မှန်ပါ့)။

အင်မတန် ဆိုးဝါးနေတယ်ဆိုတာ တကာတကာမတွေ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အင်း... နောက်သေထည်ရှာပြန်ပြီ-ဒီအဘိုးကြီးဟာ၊ ဆိုထိုက်မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ဘာလို့တုံး၊ ခင်စရာ,မင်စရာဆိုတဲ့ဥစ္စာက တကာတကာမတို့ အဆိပ်နဲ့ရောထားတဲ့အရက်လို့ ဘုရားက ဟောတယ်....(မှန်ပါ ဘုရား)။

အဲဒါ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးပဲင့်လာတာ- ဟော သံသရာခရီးသည် အငတ်သမား၊ သွားမသောက်နဲ့....၊ သွား သောက်လို့ရှိယင် သေလိမ့်မယ်၊ မသေတောင် မလှုပ ဖြစ် လိမ့်မယ်၊ ဒါ့ကြောင့် မင်းတို့ ရှောင်ကြဆိုတာ ဘုရားကဟော ရှာတယ်၊ တကာတကာမတွေကလဲ ဘုရားကတော့ ဟောတာ မှန်ပါရဲ့၊ ကိုယ်က မနေနိုင်ဘူး (မှန်ပါ))

တကာကြီးလို့ပဲ ဘုရားဟောတာတော့....(မှန်ပါတယ်ဘုရား) အဆိပ်နဲ့ရောသားလို့ မသောက်နဲ့လို့ မခင်နဲ့လို့ ပြောတာ မဟုတ်လား.... (ပြောပါတယ်ဘုရား) ကိုယ်က ဘယ်နှယ်တုံး... (မနေနိုင်ပါဘုရား)။

ဘယ်နှယ်ကြောင့် ကိုယ်က မနေနိုင်ပါလိမ့်မတုံး ဆိုတော့ တသံသရာလုံး ငတ်လာတာဘုရား၊ တွေ့တာနဲ့ သောက်ပါရစေ တော့၊ သကာမှ သရော့ဆိုတော့ သကာမှ ဓသရောနဲ့ချည်း သောက်လာတယ်။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အတိတ်က လဲ ဒီလို သောက်ခဲ့လို့ သခဲ့လှပြီကွာ၊ နောင်လဲ ဒီလိုသောက် ယင်....(သဉီးမှာပါဘဲ) အခုလဲ အသောက် မလျော့သေးယင် (သဉီးမှာပါဘဲဘုရား)။

သဉီးမှာဘဲ ဆိုတာကွာတဲ့၊ မင်းတို့ ဒါ့ကြောင့် ငါ ဘုရား

သခင် ကိုယ်တော်မြတ်ကြီးဟာ ' သတ္ထာဒေဝမနုဿာနံ ' ဆိုတဲ့ အတိုင်း ငါ့ဆေးသမားကြီးပါကွာ....တဲ့၊ ဟောဒါ ရောထား တာ ကောန် ငါသိတယ်...တဲ့။

သား, သမီး အာရုံတွေဟာလေ အဆိပ်နဲ့ ရောထားတာ.... (မှန်ပါ့)။

တကာတကာမတွေက မသိလို့ သူတို့ဘက် လှည့်လိုက်တယ် ဆို ဝမ်းထဲကိုပဲလာတာဘဲ၊ သူတို့ ခင်စိတ်ကလေး လာတယ်ဆို ယင်ဖြင့် ခင်စိတ်နောက်ကနေပြီး စိုးရိမ်စိတ်ကလေးလိုက်လာပြီး ပဲလာတယ်၊ မပူဘူးလား....(ပူပါတယ်ဘုရား) အဆိပ်မှ ဟုတ်ကဲ့ လား... (ဟုတ်ပါတယ်ဘုရား)။

တော်တော်ကြာကျမှလို့ ရှိယင် မျက်စိအောက်က ပျောက် သွားလို့ ရှိယင် ပြာလာတာဘဲ၊ အဆိပ်သင့်နေပြီ....(မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

မျက်စိအောက်က ပျောက်သွားယင် ဘယ်သွားပါလိမ့်... ဆို ပြီးသကာလ ပြာလာတာလဲ ဘာဖြစ်ကြတာလဲ... (အဆိပ်သင့် တာပါဘုရား)။

မသောက်ဘဲနဲ့ ဖြစ်တာလဲဘး၊ သောက်လို့လား... (သောက် လို့ပါဘုရား) ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ တချို့မှာ ကြမ်းခုန် မြေလူး တွေဟာလဲ၊ ဟ....ဘာဖြစ်ကြတာတုံး ... (သောက်လို့ပါဘုရား) သောက်လို့ဖြစ်တာတွေ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီလောက် ခင်ဗျားတို့သည်ကားလို့ဆိုယင် ဘယ်နှယ်ကြောင့် ဒါလောက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သူပဋိညာဉ်လာတာ ဒီအဆိပ်တွေကို တားမြစ်ဘို့ပဋိညာဉ်လာတာ၊ ခင်ဗျားတို့ကလဲ အရဲကိုး,ကိုးပြီးသကာလ သောက်နေတော့ ချက်ခြင်းသောက်သည်နဲ့ တပြိုင်နက်တည်း မောင်နိုင် ဒုက္ခတွေ့တာဘဲ....(မှန်ပါ!) မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

အိမ်ထောင်ရယ်လို့ကျလို့ ဒီလူနဲ့အိမ်ထောင်မကျခင်တုန်းကာဘာမှမဖြစ်ဘူး၊ အိမ်ထောင်ကျမယ်ဆိုလို့ရှိယင် ဒီအချိန်တောင် ပြန်မလာသေးဘူးဆိုတဲ့ ဒီအဓိပ္ပါယ်ဟာ ကိုစောမောင် အိမ်ထောင်မကျခင်က လာတတ်သလား၊ အိမ်ထောင်ကျပြီးမှ လာတတ်သလား....(ကျပြီးမှ လာတတ်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး....သောက်ပြီးလို့ အဆိပ်သင့်တယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ပါလိမ့်.... (သောက်ပြီးလို့ အဆိပ်သင့်ပါတယ်ဘုရား) သောက်ပြီးလို့ အဆိပ်သင့်တယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူပဋိညာဉ်လာတာ အဆိပ်သောက်မှားမှာ စိုးလို့ ငါပဋိညာဉ်ခဲ့တယ်...(မှန်ပါ!) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်အကျိုးငှါပဋိညာဉ်သတုံး _ (အဆိပ်သောက်မှားမှာ စိုးလို့ပါဘုရား) ကဲ....ဒါဖြင့် လောကကြီးအတွက် သူကျင့်လာတယ်ဆိုတာ မှန်ပလား....(မှန်ပါပြီဘုရား)။

ငါသည် ဆေးသမားကြီးပါကွာ....တဲ့၊ အဆိပ်နဲ့ ရောထားယင်လဲ သိပါတယ်၊ ရေကောင်းလဲ ငါသိပါတယ်တဲ့၊ သောက်ချင်လို့ရှိယင် မင်းတို့ ဒီလောက် ဆာလို့ရှိယင် ရေကောင်းသောက်ပါ၊ နွားနို့သောက်ပါ... တဲ့၊ ဒီအဆိပ်နဲ့ ရောထားတဲ့ အရက်ကို မသောက်နဲ့....တဲ့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် မသောက်နဲ့ဆိုသလား- အသောက်မှားတာကိုသာ ကန့်ကွက်သလား.... (အသောက်မှားတာကို ကန့်ကွက်တာပါဘုရား) ဒါဖြင့် ဒီလိုလုပ်ပါ....တဲ့၊ ကိုယ့်ခန္ဓာခင်လို့ရှိယင်လဲ အသောက်မှားတာဘဲ.... (မှန်ပါ့) တပါးသော ခန္ဓာခင်ယင်လဲ (အသောက်မှားတာပါဘုရား)။

အဲဒီဟာကို အဆိပ်နဲ့ရောထားတာ မသောက်ဖြစ်အောင် ဒီလို လုပ်ပါကွာ.. တဲ့၊ မင်းသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ဥာဏ်နဲ့ ဝိပဿနာရှုရတော့မယ် ကိုစောခမောင်.... (မှန်ပါ့)။

ဟောဒီ ခန္ဓာကြီးဟာ မိမိခန္ဓာကြီးဟာ အနိစ္စခန္ဓာကိုယ်, ဒုက္ခခန္ဓာကိုယ်, အနတ္တခန္ဓာကိုယ်, ရောဂခန္ဓာကိုယ် ဟုတ်လား.... ဘေးသင့်တဲ့ ခန္ဓာကိုယ်လို့ ကြပ်ကြပ် ရှုပေးစမ်းပါ ဆိုတော့ သောက်ချင်သေးရဲ့လား....(မသောက်ချင်ပါဘုရား)။

ဒါဖြင့် အဆိပ်မသင့်အောင် ခန္ဓာကိုယ်ကို ဝိပဿနာရှုကြ။

မင်းတို့ သောက်ချင်လို့ရှိယင် ရေကောင်းသောက်ပါ၊ နွားနို့သောက်ပါဘဲ၊ ဒီအဆိပ်နဲ့ရောထားတဲ့ အရက်တော့ မသောက်

လိုက်ပါနဲ့....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဒါဖြင့် မသောက်နဲ့ ဆိုသလား- အသောက်မှားတာကိုသာ ကန့်ကွက်သလား.... (အသောက်မှားတာကို ကန့်ကွက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီလို လုပ်ပါ....တဲ့၊ ကိုယ့်သန္တာန်ခင်လို့ ရှိယင်လဲ အသောက်မှားတာဘဲ...(မှန်ပါ့) တပါးသော ခန္ဓာခင်ယင်လဲ... (အသောက်မှားတာပါဘုရား)။

အဲဒီတော့ အဆိပ်ရောထားတာ မသောက်ဖြစ်အောင် ဒီလို လုပ်ပါကွာ... တဲ့၊ မင်းတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ဥာဏ်နဲ့ ဝိပဿနာရှုရတော့မယ် ကိုစောမောင်,ရေ.... အဆိပ်သောက်မမှားအောင်....(မှန်ပါ့)။

ဟောဒီ ခန္ဓာကြီးဟာ မိမိခန္ဓာကြီးဟာ အနိစ္စခန္ဓာကိုယ်, ဒုက္ခခန္ဓာကိုယ်, အနတ္တခန္ဓာကိုယ်, ရောဂခန္ဓာကိုယ်လို့ ဟုတ်လား၊ ဘေးသင့်တဲ့ခန္ဓာကိုယ်လို့ ကြပ်ကြပ်ရှုပေးစမ်းဆိုတော့ သောက်ဖြစ်သေးရဲ့ လား... (မသောက်ဖြစ်ပါဘုရား)။

ဒီခန္ဓာကြီးဟာ နိစ္စဘဲဆိုယင် သောက်ပြီ၊ သုခဘဲဆိုယင်.... (သောက်ပါပြီဘုရား) အတ္တဘဲဆိုယင်.... (သောက်ပါပြီဘုရား) အရောဂ= အနာမရှိဘူးထင်ယင်ကော.... (သောက်ပါပြီဘုရား) ဘေးမရှိဘူးဆိုယင်ကော....(သောက်ပါပြီဘုရား) ဒါက သောက်ဖြစ်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာမှတပါး မောင်နိုင် ကယ်မည့်သူ မပါတော့ဘူး....(မပါ-ပါဘုရား) ကိုစောမောင် ဒါ... ဝိပဿနာ ဟော

ချင်လို့ သူ့ခမျာ လာရှာတာ.... (မှန်ပါ့) ဒါလောက်ချီးပြီး တရားတွေလာတာ တကာ တကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ... ဒါဖြင့် ဒီခန္ဓာကြီးကိုကွာ.... တဲ့၊ အနိစ္စတော့ ဒုက္ခတော့ အနတ္တတော့ ရောဂတော့ ဘယတောဆိုပြီး ရှုစမ်းပါတဲ့ ဆိုတော့ သောက်ဖြစ်သေးရဲ့လား.... (မသောက်ဖြစ်ပါဘုရား) ကိုစောမောင် အဆိပ်နဲ့ရောသေးရဲ့လား.... (မရောပါဘုရား) တဏှာဝင်နှိုင်သေးရဲ့လား.... (မဝင်နှိုင်ပါဘုရား) ဒါဖြင့် ဥာဏ်နဲ့သောက်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဥာဏ်နဲ့သောက်လိုက်တော့ တဏှာမသေဘူးလား... (သေပါတယ်ဘုရား) တဏှာသေတော့ ခန္ဓာလာသေးရဲ့လား....(မလာပါဘုရား) ခန္ဓာမလာတော့ အိုမင်း,သေမင်းတွေနဲ့ တွေ့သေးရဲ့လား... (မတွေ့ပါဘုရား)။

ဟာ.... ဒါ-ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ အဆိပ်နဲ့ရောတာမသောက်ဘဲနဲ့ ရသက်သက်ရောတာ သောက်လိုက်လို့ (မှန်ပါ့) အမောလဲ ပြေသေးတယ်... (မှန်ပါ့) နှဲးနို့ သောက်လိုက်လို့ အားလဲရှိတယ်၊ အမောလဲပြေတယ်....(မှန်ပါ့)။

တဏှာတကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဩော်.... ဒါဖြင့် ခင်ဗျားတို့အိမ်မှာ ဘာများလုပ်နေကြပါလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် မောင်နှိုင် အဖြေထုတ်ပြီ... (ထုတ်ပါပြီဘုရား) အဆိပ်တွေ့ သောက်နေကြတယ်.... (မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆို်ကြမတုံး.... (အဆိပ်တွေ့ သောက်နေပါတယ် ဘုရား) အဆိပ်တွေသောက်နေတော့ ထိတ်ကနဲ. ပြာကနဲ. မျက်ရည်ပူကလေး ကျသနဲ. မလာဘူးလား.... (လာပါတယ် ဘုရား)။

ဟ.... ဘယ်.နှယ်ကြောင့်တုံး.... (အဆိပ်တွေ့ သောက်လို. ပါ ဘုရား) ဟာ....ဘယ်သူက တိုက်တာတုံးဆိုတော့ ကိုယ်ငတ်လို. ကိုယ်သောက်မိတာ....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဘယ်သူက တိုက်တာတုံး... (ကိုယ်ငတ်လို. ကိုယ်သောက်မိ တာပါဘုရား) ကိုယ်ငတ်လို. ကိုယ်သောက်မိတာဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

အဲ.... ကိုယ်ငတ်လို. ကိုယ်သောက်မိပြီးသကာလ ကိုယ်ဘဲ မျက်ရည်ထွက်တယ် ... (မှန်ပါ့)။

တကာ တကာမတို့ ဘယ်သူက မျက်ရည် ထွက်ပါလိမ့် ... (ကိုယ်ဘဲ ထွက်ရပါတယ်ဘုရား) ကိုယ်ဘဲ မျက်ရည်ထွက်ရတယ် ဆိုတော့ ဒီမျက်ရည်ဟာ ရိုးရိုးမျက်ရည်လား အဆိပ်တွေ့ကြောင့် ဖြစ်ရတဲ့မျက်ရည်လား.... (အဆိပ်တွေ့ကြောင့် ဖြစ်ရတာပါ ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီခန္ဓာကြီးကို ဟော်ဖီ အဆိပ်နဲ့ ရောထားတဲ့ဟာကို မသောက်ဘဲနဲ. ကိုစော မောင် အဆိပ်မပါတဲ့ ရေကို သောက်ဆိုပြီးသစာလ သူ. ဘဲ အာရုံတော့ ပြုံရမှာဘဲ... (မှန်ပါ့) ဒီခန္ဓာကိုဘဲ အနိစ္စ, ဒုက္ခ

အနတ္တနဲ့ အာရုံပြုလဲ ဒါ... သောက်တာဘဲ....(မှန်ပါ့)ဒီခန္ဓာကြီး ကို ခိုင်တယ်,မြဲတယ် အစိုးရတယ်ထင်လဲ သောက်တာဘဲ-(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျေးဇူးပြုဘုရား)။

ဒါဖြင့် အသောက်မှားလို့ ရှိယင် အဆိပ်သင့်တယ်....(မှန်ပါ့) အသောက်မမှားယင်....(မသင့်ပါဘုရား)။

ဒါဖြင့် မသောက်နဲ့ဆိုသလား- သောက်နည်းကို ပြောင်း သောက်လို့ ဆိုသလား.....(သောက်နည်းကို ပြောင်းသောက်လို့ ဆိုပါတယ်ဘုရား)သောက်နည်း ပြောင်းသောက်ပါလို့ ဆိုတာ အဲဒါ လက္ခဏာရေးသုံးပါးဟာ ဒီက ထွက်လာတာ....(မှန်ပါ့) ပေါ်လာပလား.... (ပေါ်လာပါတယ်ဘုရား)။

တကာကြီးလှိုင် လက္ခဏာရေးသုံးပါးဟာ ဒီက ထွက်လာ တယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကား လို့ ဆိုယင်ဖြင့် 'သတ္ထာ ဒေဝမနုဿာနံ'၊ ဒေဝမနုဿာနံ=နတ်-လူတို့၏၊ သတ္ထာ=ဆေးသမား ဆရာကြီးဘဲတဲ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သူမသောက်နဲ့ဆိုတာကို ကျုပ်တို့က မသောက်ဘဲနေလို့ ရှိယင်ဖြင့် ရေငတ်လဲ ပြေပါတယ်....(မှန်ပါ့) အသေလဲ လုတ် ပါတယ်၊ သဘောကျပလား....(ကျေးဇူးပြုဘုရား)။

ရေငတ်လဲ... (ပြေပါတယ်ဘုရား) အသေလဲ.... (လုတ်ပါ တယ်ဘုရား)။

သူက မသောက်နဲ့ဆိုတာကို အဆိပ်နဲ့ရောသားဘာကို သား

ကလေးခင်တဲ့သဘောနဲ့ သောက်လိုက်မယ်....(မှန်ပါ့) တဏှာနဲ့ သောက်လိုက်မယ်ဆိုယင်ဖြင့် နောက်ခန္ဓာ ဘယ်နှယ်နေသတုံး-(ရပါတယ်ဘုရား) ရယင် အိုမင်း-သေမင်း _ (ရပါတယ်) နောက်ထပ် မသေရဘူးလား....(သေရပါတယ်ဘုရား)။

အဲဒါ ဘာနဲ့ရောထားတာ သောက်မိလို့တုံး.... (အဆိပ်နဲ့ ရောထားတာ သောက်မိလို့ပါဘုရား) အဆိပ်နဲ့ ရောထားတဲ့ အရက်ကို သောက်မိတယ်....(မှန်ပါ့)။

ဒါဖြင့် ရေရိုးရိုးကိုသောက်.... (မှန်ပါ့) ရေရိုးရိုးဆိုတော့ တကာတကာမတွေ့က မသိဘဲ နေမှာစိုးတော့ ခန္ဓာကိုယ်ဟာ ခင်ဗျားတို့က မသိလို့သာ သူ့ရဲ့ရိုးရာကို ပြောပါဆိုတော့ ဒီခန္ဓာက အနိစ္စ, ဒုက္ခ, အနတ္တဘဲရှိတယ်၊ ရိုးရာက မဟုတ်ဘူးလား....(မှန်ပါ့)။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရောပြီးသကာလ တခါတည်း ကိုယ့်သားနဲ့ ကိုယ်ခင်ရမယ်ဆိုပြီး ဒီဌိနဲ့ ရောသောက်လိုက်တယ် (မှန်ပါ့) ကိုယ့်အဆိပ်ကို ကိုယ်ရောသောက်ချလိုက်တယ်.... (မှန်ပါ့) ကိုယ့်သမီးမို့ ကိုယ်ခင်ရတယ်ဆိုပြီး ရောသောက်လိုက်တယ်....(မှန်ပါ့)။

ရောသောက်လိုက်တဲ့အခါကျတော့ သားသမီးက ထော်လော်ကန့်လန့်ဖြစ်၍ ဖြစ်စေ, ရောဂါဝေဒနာရ၍ ဖြစ်စေ သွားပြီး သောက်မိတဲ့အတွက် အသေလုပ်တဲ့ပုဂ္ဂိုလ် ဘာဖြစ်သတုံး မေးယူရတယ်၊ မမေးရဘူးလား....(မေးရပါတယ်ဘုရား)မျက်နှာတွေလဲညှိုးလို့ မဖိုးနိုင်,မလိမ်းနိုင် ဘာဖြစ်နေတာတုံးမေးတော့ အဆုံပ

သင့်နေတာ၊ ဘာဖြစ်လို့ တုံး-အသောက်မှားထားလို့....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ 'သတ္ထာ ဒေဝမနုဿာနံ' ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီ) တကယ့် ကျေးဇူးရှင်ဆိုတာ .... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က 'သတ္ထာ ဒေဝမနုဿာနံ' ဆိုပြီး ဘုရားရှေ့မှာ ရှိခိုးသာနေကြတယ်၊ ဒီ ကျေးဇူးရှင်ဆိုတာက မပေါ်လာဘူး.. (မှန်ပါ့)။

ဒါ့ကြောင့် တရားသိမှ ဘုရားသိတယ်ဆိုတာ မပေါ်လာသေးဘူးလား... (ပေါ်လာပါပြီဘုရား) တရားမသိယင်ဖြင့်.... (ဘုရားမသိပါဘုရား) ဘုရားကိုမသိသေးဘူးဆိုတာ တကာ တကာမတွေ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် လက္ခဏာရေးသုံးပါးနဲ့ သောက်ပါ....(မှန်ပါ့ဘုရား) ဒီခန္ဓာဘဲ၊ သဘောကျပလား... (ကျပါပြီ) လက္ခဏာရေးသုံးပါးနဲ့ သောက်တဲ့အခါကျလို့ ရှိယင် တဏှာချုပ်သွားလိမ့်မယ်.... မချုပ်ဘူးလား....(ချုပ်သွားပါတယ်ဘုရား)။

တဏှာချုပ်တော့ကိုခန္ဓာက .. (ချုပ်ပါတယ်)ခန္ဓာချုပ်တော့ အိုဘေး,နာဘေး, သေဘေးက....(ချုပ်ပါတယ်ဘုရား) နိဗ္ဗာန်မှ ရောက်ပါ့မလားလို့ ဆိုစရာလိုသေးသလား....(မလိုပါ)သဘော ပါပလား....(ပါ.ပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့နိဗ္ဗာန်ဟာ ဘယ်မှာရှိသတုံးမေးတော့ တကာတကာမှတွေဘဲ ဒီနေ့ရှင်းပြလိုက်ပါတယ်နော်....၊ နိဗ္ဗာန်

ဘယ်မှာရှိသတုံးဆိုတော့ အဲဒီ ခင်ဗျားတို့ ညာဏ်နဲ့ သောက်နေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တပေါ့ဗျာ...(မှန်ပါ့)။

ညာဏ်နဲ့သောက်နေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ အနိစ္စလဲ ဖြစ်ပျက်ဘဲ့ မောင်နိုင်....(မှန်ပါ့) ဒုက္ခကော.... (ဖြစ်ပျက်ပါ့) အနတ္တကော....(ဖြစ်ပျက်ပါဘုရား)။

အဲဒီ ဖြစ်ပျက်ကို ကြပ်ကြပ်ရှုပေးပါ။ ဝေဒနာကြိုက်-ဝေဒနာရှု၊ စိတ်ကြိုက်ယင် စိတ်ရှု၊ ရုပ်ကြိုက်ယင်ရုပ်ရှု....(မှန်ပါ့)ရှုတော့ ဒီဖြစ်ပျက်တွေကို ရှေးဦးစွာ မြင်နေလိမ့်မယ် ဖျတ်ဖျတ်· ဖျတ်ဖျတ်နဲ့ ကိုစောမောင်.... (မှန်ပါ့) ဖျတ်ဖျတ်· ဖျတ်ဖျတ်နဲ့ မြင်နေလိမ့်မယ်နော်၊ အဲဒါ ညာဏ်နဲ့သောက်နေတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့မြင်နေတာဘာတုံး.... (ညာဏ်နဲ့သောက်နေတာပါ) မရှိဘူး· မရှိဘူးလို့ သောက်နေတာဟာ ဘာနဲ့သောက်နေတာတုံး....(ညာဏ်နဲ့သောက်နေတာပါဘုရား)။

ညာဏ်နဲ့ သောက်တဲ့အခါကျလို့ရှိယင်ဖြင့် အဲဒီမရှိဘူးဆိုတဲ့ တရားကလေးဟာက တကာတကာမတို့"စာသာ တံ စိတ္တံ အပရုပရံ မနသိကရောတော ဥပ္ပါဒဲ အတိက္ကမိတ္ဝာ အနုပ္ပါဒဲ ဩက္ကမတိ"တဲ့၊ ဖြစ်ပျက်တွေမြင်ရင်း- မြင်ရင်းနဲ့၊ ဖြစ်ပျက်တွေရှုရင်း-ရှုရင်း၊ သောက်ရင်း- သောက်ရင်းနဲ့ဘဲ ဖျတ်ဆိုဖြစ်ပျက်မရှိတဲ့ဘက် ကိုယ့်ဉာဏ်ကကူးသွားတယ်....(မှန်ပါ့)။

မောင်နိုင် အရင်တုန်းကတော့ ဖြစ်ပျက်ကို သူသောက်နေတယ်၊ ညာဏ်နဲ့သောက်နေတယ်၊ နောက်ကျတော့ ဖြစ်ပျက်

မရှိတဲ့ဘက် ဒီဉာဏ်ကရောက်သွားတယ်၊ အဲဒီကျတော့ နိဗ္ဗာန်သွားပြီးသောက်တယ်၊ အရင်တုန်းကတော့ ဖြစ်ပျက်သောက်နေတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

နောက်တော့ ဖြစ်ပျက်တွေမရှိတော့ဘူး "အပရာပရံ မနသိကရောတော" ကိုး.. (မှန်ပါ့) အပရာပရံ = အထပ်ထပ်၊ မနသိကရောတော=နှလုံးသွင်းသောပုဂ္ဂိုလ်အား၊ဥပ္ပါဒ = ဖြစ်ပျက်ကို၊ အတိက္ကမိတ္ဝာ = လွန်၍၊ အနုပ္ပါဒ = ဖြစ်ပျက်မရှိတဲ့ဘက်သို့၊ သြက္ကမတိ=ဉာဏ်က ရောက်သွား၏တဲ့၊ ရှုရင်းမတ္တာနဲ့ ဉာဏ်ကရောက်သွားတယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါ နောက်ဆုံးပိတ် အင်မတန်အရေးကြီးတဲ့စကားကို ပြောနေပါတယ်....(မှန်ပါ့) ပဌမဉာဏ်နဲ့ သောက်မယ်၊ ရှင်းပလား.... (ရှင်းပါပြီ)ဉာဏ်နဲ့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာဖြစ်ပျက်ကို သောက်မယ်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ် .... (စိတ်ဖြစ်ပျက်ကို သောက်ရပါမယ်ဘုရား)။

အဲဒီမှာ သောက်ရင်း-သောက်ရင်းနဲ့ ဆိုတော့ တကာတကာမတို့ ဝမ်းထဲမှာ တဏှာကသေနေတော့ တဏှာကသေစပြုပြီး မသေသေးဘူးလား....(သေပါပြီ) ဝိပဿနာဉာဏ်ကိုး၊တဏှာကသေစပြုနေပြီ.. (မှန်ပါ့)။

နောက်တော့ ဒီဖြစ်ပျက်သည်ကားလို့ ဆိုယင်ဖြင့် ရှုရင်းမတ္တာနဲ့ ကိုယ့်ဉာဏ်ကကိုဘဲ ဖြစ်ပျက်ရှိတဲ့ဘက်ကို မလှည့်တော့ဘူး၊ ဖြစ်ပျက်မရှိတဲ့ဘက်ကို ကူးသွားတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီဥာဏ်သည် မောင်နိုင် ဖြစ်ပျက်မရှိတဲ့ဘက်ကူးသွားတယ်ဆိုတော့ နိဗ္ဗာန်ဘက်ကူးသွားတယ်....(မှန်ပါ့)။

ပဌမတော့ ဖြစ်ပျက်ဘက်ဘဲ သူလှည့်နေတယ်၊ နောက်နှလုံးသွင်းဖန်များတော့ ကိုစောမောင် ဘယ်ဘက်လှည့်သတုံး.... (နိဗ္ဗာန်ဘက်လှည့်ပါတယ်) ဖြစ်ပျက်မရှိတဲ့ဘက် လှည့်တယ်၊ သဘောကျပလား....(ကျပါပြီ)။

ဒါ့ကြောင့် "အပရာပရံ မနသိကရောတော ဥပ္ပါဒ် အတိက္ကမိတ္တာ အနုပ္ပါဒ် ဩက္ကမတိ" အဲဒီဘက်ကို သက်ဝင်သွားသတဲ့၊ သဘောကျပလား .. (ကျပါပြီဘုရား)။

အနုပ္ပါဒ် ဩက္ကမတိ = ဖြစ်ပျက်မရှိတဲ့ဘက်ကို ဥာဏ်လှည့်သွားပါတယ်တဲ့ ... " ဧဝံ ဓေါ မဟာရာဇ သမ္မာပဿီ နိဗ္ဗာနံ သစ္ဆိကရောတိ" တဲ့ ... ၊ သဘောကျပလား.... (ကျပါပြီ)သြော်...ဒီလိုလှည့်သွားယင် နိဗ္ဗာန်ရောက်ပြီလို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပဌမဥာဏ်က ဘယ်ဘက်လှည့်နေသတုံး .... (ဖြစ်ပျက်ဘက်လှည့်နေပါတယ်) နောက်ကျမှတော့ ဒီဥာဏ်ဘယ်ဘက်လှည့်သွားသတုံး....(ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ်ဘုရား)။

အဲ....ဒါ နိဗ္ဗာန်လို့ တကာတော် မှတ်လို့ဆိုပြီး မိလိန္ဒဘုရင်ကို ရဟန္တာအရှင်မြတ် ရှင်နာဂသိန်က ဟောတယ် သေသေချာချာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ အရှင်ဘုရားကတော့ ကိုယ်တိုင် တွေ့ဘူးပါ

တယ်၊ တပည့်တော်ကို ပြောစမ်းပါ၊ တပည့်တော် ဒီနိုင္ဘာန်ကို သဘောကျခင်ပါတယ်ဆိုတော့မှ တကာကြီးတဲ့ ပဌမဥာဏ်ဟာ အဆိပ်မပါတဲ့ ဖြစ်ပျက်ကိုဘဲ သောက်နေပါတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နောက်ကျတော့ သောက်ပါမျှားအားကြီးလို့ ဖြစ်ပျက်မက်-ဖြစ်ပျက် မက်နဲ့ သောက်နေတာပေါ့လေ.... (မှန်ပါ့) ကြာတော့ ဒီမက်ဟာ ဝိပဿနာမက်က-နေပြီး ဖျတ်ဆို ပြောင်းသွားပြီး လောကုတ္တရာမက် ဖြစ်သွားတယ်....(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)။

လောကုတ္တရာမက်ဖြစ်သွားတော့ ဥာဏ်က ဖြစ်ပျက်မရှိတဲ့ဘက် လှည့်တယ်၊ ပဌမတော့ ဖြစ်ပျက်ရှိတဲ့ သင်္ခါရဘက်လှည့်နေတယ်....(မှန်ပါ့)။

နောက် ရှုဖန်မျှားတော့ ကိုစောမောင် .... (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်ပါတယ်)အသင်္ခတဘက် လှည့်တယ်....(မှန်ပါ့)။

ပဌမသင်္ခတဘက် လှည့်နေတယ်၊ နောက် ဘယ်ဘက် လှည့်သတုံး....(အသင်္ခတဘက် လှည့်ပါတယ်ဘုရား)။

အသင်္ခတဘက် လှည့်သွားတော့ မဟာရာဇာ= တကာတော် မိလိန္ဒမင်းကြီး....၊ ဧဝံခေါ်=ဤသို့ လှည့်သွားသည်ရှိသော်၊သမ္မာပဿီ=ကောင်းစွာမြင်တဲ့ပုဂ္ဂိုလ် ကျင့်တဲ့ပုဂ္ဂိုလ်သည်၊ နိုင္ဘာနံ= နိုင္ဘာန်ကို၊ သစ္ဆိကရောတိ = မျက်မှောက်ပြု၏၊ သဘောကျမလား.... (ကျပါပြီဘုရား)။

အဆိပ်သောက်မမှားလို့ တကာတကာမတွေ ရေအေး သဘောနဲ့ သူ့လို သောက်ပြီး သွားလို့ရှိယင်ဖြင့် ဒီ့ထက်အေးတဲ့

နိဗ္ဗာန်ကိုလဲ သောက်ရလိမ့်ဦးမယ်...(မှန်ပါ့)သဘောကျပလား-(ကျပါပြီဘုရား)။

ဖြစ်ပျက်ရှုနေကတည်းကလဲ အဆိပ်လုတ်နေပြီ....(မှန်ပါ့) နောက်တော့ ဒီဉာဏ်ဟာ ဖြစ်ပျက်ဆုံးတဲ့ဘက်ကို လှည့်မသွားဘူးလား....(လှည့်သွားပါတယ်)လှည့်သွားတဲ့အခါ ဒီ့ထက်အေးတဲ့ နိဗ္ဗာန်ကြီးနဲ့ မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

အဲဒီကျတော့မှ ရောဂါတွေ အကုန်ရှင်းပြီးသကာလ အိုဘေးနာဘေး,သေဘေးလုတ်တယ်၊ တကာကြီးဆိုပြီး သေသေချာချာဟောတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဝေးသလား-၊နီးသလား....(နီးပါတယ်) ဘယ်နားမှာ ရှိသတုံး- (ခန္ဓာကိုယ်အဆုံးမှာ ရှိပါတယ်)ဖြစ်ပျက်အဆုံးမှာ ရှိတယ်....(မှန်ပါ့)။

တကာတကာမတွေ့ နိဗ္ဗာန်ဘယ်မှာရှိသတုံး--(ဖြစ်ပျက်အဆုံးမှာ ရှိပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဖြစ်ပျက်တွေ့ယင် နိဗ္ဗာန်တွေ့တော့မယ်....(မှန်ပါ့)ဖြစ်ပျက် မတွေ့သေးယင်...(နိဗ္ဗာန်မတွေ့သေးပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဆုတောင်းအလုပ်လား....ဖြစ်ပျက်တွေ့ဘို့အလုပ်လား....(ဖြစ်ပျက်တွေ့ဘို့ အလုပ်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက် တွေ့လို့ရှိယင်ဖြင့် ဖြစ်ပျက်ရှုဖန်များလို့ ဖြစ်ပျက်ဆုံးသွားယင်ဖြင့် ဘာတွေ့မလဲ .... (နိဗ္ဗာန်တွေ့ပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ မြို့ကြီး-ပြကြီးလား၊ ဖြစ်ပျက်ဆုံးတာဘဲလား.... (ဖြစ်ပျက်ဆုံးတာပါဘုရား) အဲ....* ဖြစ်ပျက်ဆုံးတာကို နိဗ္ဗာန်လို့ ခေါ်တယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့.....။

သာဓု....သာဓု....သာဓု

---

* ဖြစ်ပျက်တခါဆုံးလျှင်-သောတာပန်၊နှစ်ခါဆုံးလျှင်-သကဒါဂါမ်၊ သုံးခါဆုံးလျှင်- အနာဂါမ်၊ လေးခါဆုံးဆုံးလျှင် ရဟန္တာ။

ဤတွင် အမှတ်စဉ်(၁၀) ပြီးပါပြီ။

အပ္ခဲ့၏ တည်ရာဌာန၊ အမှတ် ၃၃ - ဆင်းဒွစ်လမ်းဦ
လက်လီထောင်းခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

ရန်ိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတွင် သောစာအုပ်များကို အောက်ဖေါ်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို

(၁) ပညာအလင်းပြ စာအုပ်တိုက်-၁၃၀-ဗိုလ်ချုပ်လမ်း။
(၂) ဗုဒ္ဓဓမ္မလောကဲ စာစောင် - ရွှေတိဂုံဘုရားလမ်း။
(၃) ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ။
(၄) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း။
(၅) တင်ဆွေအေး·စာအုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို။
(၆) သစ်ဘရားသားဆယ်(လ်)ရုံစျေးချိုတော်မန္တလေး။
(၇) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းစျေးချို၊ ၎င်း။
(၈) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို။
(၉) ဦးဘအုန်း-ဒေါက်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို။
(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သီဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို။
(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသံတမြို။
(၁၂) ဦးမောင်ရှန်၊ ၁ - စကာဝလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို။
(၁၃) ဦးတင်အောင် ဒေါခင်ကြည်စျေးအနီးဆင်ဖြူကျွန်း၊
(၁၄) ဦးအုန်းမောင်၊မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၅) ဦးတင်၊ ဇမ္မူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၆) ဦးထွန်းလူ၊ အနော်မဿမ်းဒေါင့်၊ ဖျာပုံမြို။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်

အမှတ် (၁၀၂၇)

ကျေးဇူးတော်ရှင် အင်္ဂ ဗာဝပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

ဓိပသနာဘာဝနာစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမ္မကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေသည်။